ဝင်းဖေ

လွယ်အိတ်

၁+၂+၃

လွယ်အိတ်

ရေဒီယိုအသံလွှင့်ချက်များ ၁+၂+၃၊

ဝင်းဖေ

လွယ်အိတ် ရေဒီယိုအသံလွှင့်ချက်များ ၁+၂+၃၊ ဝင်းဖေ

အတွင်းသရုပ်ဖော်ပုံများ - မုတ်သုန်၊ အောင်ပီကျယ်၊ ကိုကိုနိုင်၊

စာမျက်နှာ ၆၂၈+ မျက်နှာ၊ ၁၄ . ၅ စင်တီ × ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။ ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

၂၀၁၈၊ ဇွန်လ၊ ၃တွဲပေါင်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

၂၀၁၅၊ ၂၀၁၆ စိတ်ကူးချိုချိုစာအုပ်တိုက်၏ ပထမအကြိမ်မှုများ၊

About Us

WHISPER OF WORDS
EBOOKS

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့် ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက်
လုံးဝ (လုံးဝ) အသုံးမပြုပါ။

“စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်”

စာပေထုတ်ဝေသူတို့နှင့် ဆရာ၊ ဆရာမများ အနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Market ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာ ရှိနေပါပြီ။

Digital Product ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ အတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့် ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည် ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများ ဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည် ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

“စာဖတ်သူများသို့ ပန်ကြားချက်”

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ eBook ဖတ်ပြီးလို့ “ကြိုက်နှစ်သက်တယ်” စာရေးသူများအား “အသိမှတ် ပြုသင့်တယ်” လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူ အားပေးကြပါ။

စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ် နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောက အတွက် အနာဂတ် ကလေးငယ်များ အတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (Ebook ရှိလျှင်) Ebook များကို အစိက ဖတ်ကြပါသည်။

ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။

ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူ အားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤ E-Book စာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

About Author

ဝင်းဖေ

ဦးဝင်းဖေသည် မြန်မာနိုင်ငံမှ ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာ၊ ပန်းချီဆရာ တစ်ဦးဖြစ်သည်။ သူနှင့်ခေတ်ပြိုင် ပန်းချီဆရာ သူငယ်ချင်းများမှာ နိုင်ငံကျော် ပန်းချီဆရာများ ဖြစ်ကြသော ပေါ်ဦးသက်၊ ခင်မောင်ရင်တို့ ဖြစ်သည်။

ငယ်ဘဝ

ဦးဝင်းဖေသည် ၁၉၃၆-ခုနှစ်၊ မန္တလေးမြို့၌ မွေးဖွားသည်။ ဖခင်မှာ ရွှေပြည်ဦးဘတင် ဖြစ်သည်။

မိသားစုထုံးတမ်းအရ ငယ်စဉ်ကတည်းက ဂီတနှင့် ပန်းချီ မသင်မဖြစ်သင်ကြားခဲ့ရသည်။ ၁၉၅၁-ခုနှစ်မှ ၁၉၅၉-ခုနှစ်အထိ မန္တလေးတက္ကသိုလ် နှင့် ရန်ကုန်တက္ကသိုလ် တို့တွင် ပညာသင်ကြားခဲ့ပြီး ဘွဲ့မရခဲ့ပါ။ ဒုတိယကမ္ဘာစစ်ပြီးခေတ် မြန်မာခေတ်ပေါ် ပန်းချီ စတင်လိုက်စားသူ (၆)ဦး အနက် တစ်ဦးဖြစ်ခဲ့သည်။ ပန်းချီပြပွဲ များစွာတွင် ပါဝင်ခဲ့သည်။ ၁၉၅၉-ခုနှစ်မှ ၁၉၆၂-ခုနှစ်အထိ မန္တလေးအခြေစိုက်၊ လူထုသတင်းစာနှင့် စာပေတိုက်တွင် လက်သင်နိုင်ငံခြားရေး အယ်ဒီတာ၊ သရုပ်ဖော် ပန်းချီဆရာ၊ ကာတွန်းဆရာအဖြစ် အလုပ်လုပ်ကိုင်ခဲ့သည်။

၁၉၆၂-ခုနှစ်မှ ၁၉၆၄-ခုနှစ်အထိ မြန်မာပြည် မြောက်ပိုင်း ကချင်ပြည်နယ်တွင် ကျောက်စိမ်း သွားတူးခဲ့သေးသည်။ ၁၉၆၄-ခုနှစ်မှ ၁၉၆၆-ခုနှစ်အထိ ရတနာ ကုန်သည် လုပ်ကိုင်သည်။ ၁၉၆၆-ခုနှစ်မှ ၁၉၇၃-ခုနှစ်အထိ မန္တလေးရှိ အနုပညာ ဦးစီးဌာန၊ ပန်တျာနှင့် အကကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၃ - ၁၉၉၄ ဝတ္ထုတို၊ ရုပ်ရှင်ဇာတ်လမ်းနှင့် ဇာတ်ညွှန်းများ ရေးသား၊ ရုပ်ရှင် ဒါရိုက်တာလုပ်၊ နောက်ပိုင်းတွင် ဗီဒီယို ထုတ်လုပ်ရေးပါ လုပ်ကိုင်သည်။ ၁၉၈၀ အကောင်းဆုံး ဒါရိုက်တာအဖြစ် အကယ်ဒမီဆု ရရှိခဲ့သည်။ အခြားသော အကယ်ဒမီ ဆုများကိုလည်း ၎င်းရိုက်ကူးသည့် ရုပ်ရှင်များမှ ဆွတ်ခူးခဲ့သည်။ ပန်းချီလည်း ဆွဲသည်။

၁၉၉၄ - အမေရိကန်အစိုးရ၏ ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်ဖြင့် ယူစီအယ်လ်အေနှင့် ဟောလိဝုဒ်တွင် တစ်လတာ လေ့လာရေး ခရီးထွက်ခဲ့သည်။ နောက်ပိုင်းတွင် အိုင်အိုဝါတက္ကသိုလ်၊ နိုင်ငံတကာ စာရေးဆရာများ အစီအစဉ်သို့ တက်ရောက်ကာ ဂုဏ်ထူးဆောင်ပညာရှင်အဖြစ် ချီးမြှင့်ခြင်း ခံရသည်။

၁၉၉၅ - ၁၉၉၆ အလွတ်တန်း စာရေးဆရာ၊ ပန်းချီဆရာအဖြစ် နယူးယောက်မြို့တွင် ရပ်တည်သည်။

၁၉၉၇ - ၂၀၀၅ လွတ်လပ်သော အာရှအသံ ရေဒီယိုဌာနတွင် အကြီးတန်း အသံလွှင့်သူ၊ အကြီးတန်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ရေဒီယို အစီအစဉ်များနှင့် ဆောင်းပါးများစွာ ရေးသား ထုတ်လွှင့်ခဲ့သည်။

၂၀၀၅ မှ ယနေ့ အထိ - ရေဒီယိုဌာနမှ အနားယူ၊ အချိန်ပြည့် ပန်းချီဆရာ စာရေးဆရာအဖြစ် ရပ်တည်၊ Open Society Institute (OSI) - Burma Project ၏ မြန်မာ့ရုပ်သံမော်ကွန်း အစီအစဉ်များကို မိုးမခ စာနယ်ဇင်းအဖွဲ့နှင့်အတူ ဆောင်ရွက်လျက်ရှိသည်။ မိုးမခ၏ အကြံပေး အမှုဆောင်လူကြီးအဖြစ် ကူညီပေးသည်။ လောလောဆယ် အမေရိကန် ပြည်ထောင်စုတွင် နေထိုင်လျက်ရှိသည်။

အနုပညာဖန်တီးမှုများ

ထင်ရှားသည့် ရုပ်ရှင်လက်ရာများ

နှင်းဆီနီအိပ်မက်

မဟူရာ

ပန်းသီတဲ့ကြိုး

ပန်းစကား

စာအုပ်များ

ဝင်းဖေ၏ ဝတ္ထုတိုများ

လွယ်အိတ် (ရေဒီယိုအသံလွှင့်ချက်များ)

ဝင်းဖေ၏ ရုပ်ရှင်ဝတ္ထုနှင့် ဇာတ်ညွှန်းများ

ဝင်းဖေ၏ ရေဆေးပန်းချီများ

ကာတွန်း

လွန်ခဲ့သော ၅၅ နှစ်က ဝင်းဖေ၏ ကာတွန်းများ

အမှာစာ

၁၉၉၇ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ မြို့တော်ဖြစ်တဲ့ ဝါရှင်တန်ဒီစီမှာ ဘာစသလဲ ဆိုတော့ Radio Free Asia လို့ ခေါ်တဲ့ လွတ်လပ်သော အာရှရေဒီယို မြန်မာပိုင်းအစီအစဉ် ဆိုတာလည်း ထည့်ပြီးတော့ စတင် တည်ထောင်တယ်။ တည်ထောင်တဲ့ အထဲမှာ ဝင်းဖေက တစ်ယောက်အဖြစ် ပါဝင်တယ်။ အဲဒီ ၁၉၉၇ ခုနှစ်က စပြီး တည်ထောင်လိုက်ပြီးတော့ Radio Free Asia Burmese Service ဆိုတဲ့ လွတ်လပ်သော အာရှအသံ မြန်မာပိုင်း အစီအစဉ်မှာ အမှုထမ်းလိုက်တာ ၂၀၀၅ ခုနှစ် ကျတော့မှ အနားယူတယ်။

အဲ့တော့ အဲဒီလို Radio Free Asia ဆိုတဲ့ ရေဒီယိုမှာ အားလုံးပေါင်း ဘယ်လောက်ကြာသလဲဆိုတော့ ၇ နှစ်၊ ၈ နှစ် လောက် ကြာတာပေ့ါလေ။ အဲဒီမှာ ဘာလုပ်တုံးလို့ဆိုတော့ ဝင်းဖေ က Senior Editor အဖြစ် အမှုထမ်းရတယ်။ ဝင်ကတည်းက အဲ့လိုပဲ စပြီး အမှုထမ်းရတယ်။ ဝင်းဖေက သတင်းတွေ လိုက်တာထက် ရေဒီယိုဆောင်းပါးတွေ၊ ပင်တိုင်ဆောင်းပါးတွေနဲ့ ပတ်သက် ပြီးတော့ တာဝန်ယူရတာ များပါတယ်။ ကျန်တာကတော့ သတင်းအစီအစဉ် ဒိုပြင်အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ အယ်ဒီတာ လုပ်ရတယ်။ အဲ့ဒီမှာ ၇ နှစ်၊ ၈ နှစ်လောက်ကြာတယ်။ အဲ့ဒါပြီးတော့ ၂၀၀၅ ခုနှစ်မှာ ဝင်းဖေက အနားယူပါတယ်။

အနားယူပြီးတော့ ခဏနေတဲ့အခါမှာ ဒီဝင်းဖေ အနားယူ မှန်းသိလို့ ဆိုပြီးတော့ အင်္ဂလန်အခြေစိုက်၊ ဗြိတိန်နိုင်ငံအခြေစိုက် BBC အသံလွှင့်ဌာနက မြန်မာပိုင်းဆိုင်ရာဌာနမှူး ဒေါ်တင်ထားဆွေက ဝင်းဖေဆီကို ဆက်သွယ်ပါတယ်။ ဘာဖြစ်လို့တုံးဆိုတော့ ဒေါ်တင်ထားဆွေကလည်း လွတ်လပ်သော အာရှမြန်မာပိုင်း အစီအစဉ် ဒါ အမေရိကားက ရေဒီယိုမှာ သူကလည်း ခဏတာမျှ လာပြီးတော့ တာဝန်ထမ်းဖူးတယ်။ အဲ့တုန်းက ဝင်းဖေနဲ့ တွေ့တယ်။ ရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်တယ်။ ဒါကြောင့် လှမ်းခေါ်တာ။ ခေါ်ပြီးတော့ "ဆရာ အနားယူတယ်လို့ကြားတယ်" "ဟုတ်ပါတယ် ကျွန်တော် ၂၀၀၅ ခုနှစ်မှာ အနားယူပါတယ်" ဆိုတော့ "အဲဒါဆိုရင် ကျွန်မတို့ BBC မှာ ဒီ အပတ်စဉ် ဆောင်းပါးရှင်အဖြစ် လုပ်ပေးပါ" တဲ့ဆိုပြီးတော့ ကျွန်တော့်ကို မေတ္တာရပ်ခံတယ်။ ဒါဟာ ဒေါ်တင်ထားဆွေ ကျွန်တော်ကတော့ မဆွေလို့ တရင်း တနှီး ခေါ်ပါတယ်။ သူက ကျွန်တော့်ကို ကူညီတာ၊ စောင့်ရှောက် တာပါပဲ။

ကျွန်တော်နားပြီဆိုတော့ ကျွန်တော် အပတ်စဉ်ပေ့ါ နေ့စဉ် မဟုတ်သော်လည်းပဲ တစ်ပတ်ကို ဆောင်းပါးတစ်ပုဒ်ကျ အဲ့ဒါ လုပ်ပေးဖို့

ကျွန်တော့်ကို တိုက်တွန်းပါတယ်။ "အဲဒါဆိုရင်တော့ မဆိုးဘူး၊ အဲဒါဆိုရင်တော့ ကျွန်တော်လုပ်ပါ့မယ်" လို့ ကျွန်တော် သူ့ကိုပြောတယ်။ ဘာလုပ်ရမလဲဆိုတော့ ကျွန်တော်တို့နှစ်ယောက် သဘောတူညီလိုက်ကြတဲ့ "တွေးစရာ ပြုံးစရာ ကဏ္ဍ"ဆိုပြီးတော့ အဓိကကတော့ ဘာလုပ်တာတုံးဆိုတော့ မြန်မာပြည်မှာ ရှေးကတည်းက ရှိပြီးသား ပုံပြင်၊ နောက်ပြီး ဝင်းဖေကိုယ်တိုင်ရေးတဲ့ ပုံပြင်၊ နောက်ပြီးတော့ နိုင်ငံတကာ ပုံပြင်များဆိုတဲ့ ကွန်ပျူတာထဲမှာ ရှာရင် ထွက်တဲ့ဟာ၊ အဲဒါလေးတွေကို ဝင်းဖေက ဘာလုပ်ရသလဲ ဆိုတော့ တစ်ကတော့ Satirical လို့ဆိုတဲ့ လှောင်တဲ့ သရော်စာ လှောင်စာလိုဟာမျိုး ဖြစ်အောင် ဝင်းဖေက ရေးရတယ်။ အဲ့ဒါအပြင် နောက်ဟာကတော့ နည်းနည်း ရယ်စရာ၊ မောစရာ၊ ပြုံးစရာ၊ သင်ခန်းစာလေးတွေပါ ထုတ်ပြီးတော့ ခပ်သော့သော့ ခပ်သောသော ကလေး ကျွန်တော်က လုပ်ရတယ်။ အဲဒါက ဘယ် လောက်လောက်လုပ်ရသလဲဆိုတော့ အနည်းဆုံး ၅ မိနစ်၊ အများ ဆုံးကတော့ ၆ မိနစ်ထက်မကျော်ရ၊ အဲ့လိုဘောင် အဲ့လိုဘောင်နဲ့ ဝင်းဖေကရေး၊ အသံသွင်းပြီးတော့ အဲ့ဒါကို ဒီ အမေရိကန် ပြည်ထောင်စုကနေ ဗြိတိန်နိုင်ငံကို ပို့ရတယ်။ ပို့ပြီးတော့ ကျွန်တော်တို့ အဲဒီ အစီအစဉ်လုပ်တယ်။

အဲဒီ အစီအစဉ်လုပ်ပြီးတော့ တစ်နှစ်သာသာလောက် ကြာတယ်လို့ ကျွန်တော်ထင်တယ်။ ၂၀၀၆ ခုလောက်ကျတော့ ကျွန်တော်တို့ ထပ်ပြီးတော့ တစ်ခါပြောင်းတယ်။ ပြောင်းတာက ကျွန်တော့်ဟာကျွန်တော် ပြောင်းတာပါ။ "ကဲ ပုံပြင်တွေ လှှင့်လှှင့် နေတာလည်း တော်တော်ကြာပြီ။ အဲ့တော့ ကျွန်တော် လွတ်လွတ်လပ်လပ် တစ်ခုပြောင်းချင်တယ်၊ ဘာတုံးလို့ဆိုတော့ အဲလိုပဲ အခု ကျွန်တော့် အသက် ၇၀ ကျော်၊ ၈၀ ဘက်ကို သွား နေပြီ။ အဲ့ဒီတော့ ကျွန်တော့် တစ်သက်လုံး တွေ့ခဲ့တဲ့ အဖြစ်အပျက် ကလေးတွေကို ကျွန်တော်က ပြန်ပြောချင်တယ်" ပြန်ပြောချင်တယ် ဆိုတော့ အန်တီဆွေက "ဆရာကောင်းမယ်ထင်ရင် လုပ်လေ" တဲ့။ အဲ့ဒီတော့ "ဘယ်ပုံစံနဲ့လုပ်မလဲ" တဲ့ ဆိုတော့ ကျွန်တော်က ပြောတယ် "မဆွေ .. ကျုပ်က ကျုပ်ဖြတ်သန်းခဲ့ရတဲ့ ဘဝ တစ် လျှောက်လုံးကို အစကနေ အဆုံးပေါ့လေ။ ဝင်းဖေအကြောင်း ဆိုတာမျိုးကြီးတော့ ကျွန်တော်မလုပ်ချင်ဘူး။ ခေါင်းစီးကိုက ခပ် သော့သော့ကလေး လုပ်ချင်တယ်။ အဲ့ဒီလို ကျွန်တော့်အကြောင်း၊ ကျွန်တော့်အတွေ့အကြုံတွေကို တင်ပြတဲ့နေရာမှာ ကျွန်တော်က ဘာလုပ်ချင်တုံးလို့ ဆိုတော့ အဲ့ဒီခေတ်၊ အဲ့ဒီအချိန်၊ အဲ့ဒီကာလ၊ ဒေသ မြန်မာပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးကိစ္စတွေကို ပါသွားအောင် ကျွန်တော်က အဲ့ဒီဆောင်းပါးတွေ ထဲမှာ ကျွန်တော် ထည့်လိုက်ချင်တယ်။ တတ်နိုင်ရင် လေးခုစလုံး ပါမယ်။ အနည်းဆုံးကတော့ တစ်ခုတော့ပါမှာပဲ။ ကျွန်တော် ပြောတဲ့ အထဲမှာ အဲ့ဒီကာလ ဒေသတုန်းက

မြန်မာပြည်ရဲ့ ယဉ်ကျေးမှု ပါကောင်း ပါသွားမယ်။ လူမှုရေးဓလေ့စရိုက် ပါကောင်း ပါသွားမယ်။ ဒါမှမဟုတ် စီးပွားရေးအခြေအနေ ပါကောင်းပါမယ်။ ဒါမှမဟုတ် နိုင်ငံရေး အခြေအနေတွေ ပါသွားမယ်” ဆိုတော့ ဒေါ်တင်ထားဆွေက “ကောင်းတယ် ဆရာ၊ အဲ့လိုလေးကောင်းတယ်” ဆိုတော့ ကျွန်တော်တို့ တစ်ခါ နာမည် ရှာကြပြန်တယ်။ ရှာတော့ ကျွန်တော်ကပဲ ပြောလိုက်တယ်။ “ကျွန်တော် အဲဒီ ဆောင်းပါးတွေကို “ဝင်းဖေလွယ်အိတ်” ဆိုတဲ့ ခေါင်းစီးတပ်ချင်တယ်” ဆိုတော့ ဒေါ်တင်ထားဆွေက ရယ်တယ်။ “ဆရာ အဲ့ဒါရော ရည်ရွယ်ချက် ရှိလား” ဆိုတော့ “ရှိပါတယ်” လို့ လွယ်အိတ်ဆိုတာ လွယ်အိတ် ထဲမှာက တောက်တိုမည်ရ ပစ္စည်းတွေ ထည့်ထားတာထက် အဲ့ဒီ ထဲမှာ ကျွန်တော် သူ့ကို နမူနာလေး ပြောပြတယ်။ မြန်မာစကားမှာ မြန်မာအလေ့အထမှာ “အရှုးလွယ်အိတ်” ဆိုတာ ရှိတယ်။ ဆိုတော့ သူက ပိုရယ်တာ ပေါ့လေ။ အရှုးလွယ်အိတ် ဆိုတာက လူကောင်း လွယ်အိတ်နဲ့ မတူဘူးလို့၊ အရှုးလွယ်အိတ်ဆိုတာ သူက စိတ်မှန်တာမှ မဟုတ်တာ။ လွယ်အိတ်ထဲကို သူက ဟိုဟာဒီဟာ ထိုးထည့်ပေမဲ့ စည်းကမ်းတကျ မရှိဘဲနဲ့ လွယ်အိတ်ထဲ ရောက်နေ တတ်တယ်။ အဲ့တော့ ပြန်ထုတ်ပါဆိုတဲ့ အချိန်မှာ စီကာပတ်ကုံး သူ့ဟာနဲ့သူ ထွက်မလာဘဲနဲ့ ဒီ အပေါ်ယံရှိတဲ့ဟာတွေ အရင် ထွက်ထွက်လာတတ်တယ်။ အဲ့လို ကိစ္စ ရှိတယ်။ ဟုတ်ပြီ အဲ့ဒီ အရှုးလွယ်အိတ် ရှိလို့ ကျွန်တော်က ဝင်းဖေလွယ်အိတ်လို့ လုပ်တဲ့ အခါကျတော့ ဒီအဆိုနှစ်ခုကို ညီမျှခြင်း ချလိုက်ပြီးတော့ ကိန်းတူ နှစ်ခုကို နုတ်လိုက်လို့ရှိရင် ဘာရမလဲ။ ဝင်းဖေလွယ်အိတ်၊ အရှုး လွယ်အိတ်၊ အဲ့တော့ လွယ်အိတ် ကိန်းတူ နှစ်ခုကို နုတ်လိုက်ရင် “ဝင်းဖေ=အရှုး” လို့ ထွက်တယ်။ အဲဒါလေးလည်း သော့တယ်လို့၊ အဲဒီဟာလေးလည်း သော့ပါတယ်လို့ ကျွန်တော်ကပြောတယ်။ ပြောပြီးတော့ နှစ်ယောက်သား ရယ်ရယ်မောမောနဲ့ “ဟုတ်ပြီ ဆရာ၊ အဲ့လိုဆိုရင် ဆရာတွေ့ခဲ့တဲ့ဟာတွေ ဆရာပြောပေါ့။ ပြောတဲ့အခါ ကျရင် အဲဒီထဲမှာ မြန်မာပြည်ရဲ့ ကာလဒေသအလျောက်ရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုတဲ့ကိစ္စတွေ အနည်း ဆုံးပါသွားမယ်။ ဒီပြင်ဟာတွေလည်း ပါသွားနိုင်တယ်ပေါ့လေ” ဟုတ်ပြီ ကျွန်တော် အဲ့ဒီလိုရေးမယ်ဆိုတော့ ကျွန်တော် စပြီးတော့ လွှင့်ပါတယ်။

စလွှင့်တာဟာ ၂၀၀၇၊ ၂၀၀၈ ခုနှစ်လောက် ဖြစ်လိမ့်မယ်။ ၂၀၀၅ မှာ ကျွန်တော်က Radio Free Asia က အနားယူပြီးတော့ ကျွန်တော်က လုပ်တယ်။ လုပ်တော့ကာ တစ်ခါထပ်ပြီးတော့ ပြောရဦးမယ်။ ကျွန်တော်က ၂၀၀၅ ခုနှစ် ကျွန်တော် အနားယူ ကတည်းက BBC နဲ့ သဘောတူပေါ့လေ၊ လစဉ် Columnist လို့ ခေါ်တာပေါ့။ Columnist ဆိုတာက အပတ်စဉ် ကိုယ်ပိုင် ဆောင်းပါးပေါ့လေ အဲ့လိုဟာမျိုးကို ကျွန်တော်ကရေးတော့ ဒီ အကြောင်းကို ဘယ်သူက သိသွားသလဲဆိုတော့ ကျွန်တော် နေနေ တဲ့ အမေရိကန်ပြည်ထောင်စု

ဝါရှင်တန်ဒီစီက VOA (Voice of America) က သိသွားတယ်။ သိသွားတော့ "ဆရာ RFA ကိုနားပြီးတော့ ဒီဗြိတိန်နိုင်ငံက BBC ကိုလုပ်တဲ့အတူ ကျွန်တော်တို့ကိုလည်း အဲ့လိုလုပ်ပေးပါ။ Columnist လုပ်ပြီးတော့ တစ်ပတ် တစ်ကြိမ် လွှင့်ပေးပါ" ဒါနဲ့ ဟာဟုတ်ပြီဆိုပြီးတော့ လုပ်ကြပြန် ရော။ လုပ်ကြပြန်တော့ အဲဒီ အမေရိကန်ပြည်ထောင်စုက Voice of America မှာ ကျွန်တော်က ဘာနဲ့လုပ်ရသလဲဆိုတော့ ဒီ "သက်ကြီးစကား သက်ငယ်ကြား" ပေါ့လေ။ ဝင်းဖေ ကတော့ အသက်ကြီးပြီပေါ့လေ။ အဲ့ဒီတော့ ကျွန်တော်က ၇၀ တော်တော် ကျော်နေပြီ။ ကျော်နေတော့ အသက်ကြီးပြီပေါ့။ အသက်ကြီးတော့ ကျွန်တော်ပြောတာကို ကျွန်တော့်ထက်ငယ်တဲ့လူတွေက နား ထောင်မယ်ဆိုတဲ့ သဘောပေါ့လေ။ ရယ်ရယ်မောမောနဲ့ အဲဒါလုပ်ကြပြန်ရော။ လုပ်ကြပြန်တော့ ကျွန်တော် အဲ့ဒီမှာ လုပ်ပေးနေ တော့ ကြုံလို့ပြောရပါဦးမယ်။ အဲဒါက ကျွန်တော်က အမေရိကန် ပြည်ထောင်စုမှာပဲ လုပ်တယ်။ လုပ်တော့ ကျွန်တော်ကပျင်းတော့ အိမ်က ရေးပို့တာမဟုတ်ဘဲနဲ့ မကြာခဏ အဲဒီ အမေရိကန်အသံ VOA ကို ရုံးကိုသွားသွားပြီး ကျွန်တော်က အသံသွင်းတယ်၊ လုပ်တယ်။ လုပ်တော့ VOA Chief က သူ့နာမည်က ကျွန်တော် တို့ကတော့ တရင်းတနှီး ကိုအောင်နိုင်လို့ခေါ်တယ်။ သူ့နာမည်က သန်းလွင်ထွန်းလို့ထင်တယ်။ ဟုတ်ပါလိမ့်မယ်။ အဲ့ဒီတော့ သူက "ဆရာ ဒီရောက်တဲ့အတူတူ မထူးဘူး၊ Part Time နဲ့လုပ်ပါ" ဆိုလို့ ကျွန်တော်အဲ့ဒီမှာ Part Time လည်း ဝင်လုပ်ရတယ်။ Part Time ဝင်လုပ်တာဆို သူတို့မနိုင်မနင်းဖြစ်နေတဲ့ဟာတွေ ကျွန်တော်က ဝင်ပြီးတော့ ကူရတဲ့သဘောပေါ့။

ကျွန်တော် ရေဒီယိုနယ်ထဲကို သုံးပုံနှစ်ပုံလောက် ပြန် ရောက်သွားပြန်တယ်။ နေ့စဉ် ရုံးတက်တဲ့သဘောလည်း ပြန် ရောက်သွားပြန်တယ်။ ကျွန်တော် အဲ့လိုလုပ်ရတယ်။ အဲ့လိုလုပ် ရင်းနဲ့ BBC ကို ကျွန်တော်က ဝင်းဖေလွယ်အိတ် ဆိုတာတွေကို ဆက်ပြီးတော့ရေးတာ။

ဘယ်လောက်ထိရေးတုံး ဆိုတော့ ၂၀၁၃ ခုနှစ် ရောက် တော့ မြန်မာပြည်ကနိုင်ငံရေးတွေက ပျော့ပျော့ပျောင်းပျောင်း ဖြစ် လာတဲ့အခါ ပြည်ပရောက်မြန်မာများ သူသူငါငါ ပြန်လို့ရတဲ့အချိန် ရောက်လာတော့ ကျွန်တော် ၂၀၁၃ ခုနှစ်မှာ ပြန်တယ်။ ပြန်တော့ ကျွန်တော် မြန်မာနိုင်ငံရောက်လာတယ်။ သို့သော်လည်း VOA အတွက်သော်လည်းကောင်း၊ BBC အတွက်သော်လည်းကောင်း အဲ့လို သတင်းဆောင်းပါးလိုဟာမျိုး၊ နောက်ပြီးတော့ ပုံမှန် အပတ် စဉ်ဆောင်းပါးပေါ့လေ အဲ့ဒါတွေက ကွန်ပျူတာနဲ့ရေးပြီးတော့ ပို့လို့ရတယ်။ ပို့လို့ရတော့ ကျွန်တော် ပို့တုန်းပဲ။ ပို့ပြီးတော့ ၂၀၁၃ ခုမှာလည်း မြန်မာပြည်ရောက်နေပေမဲ့ ကျွန်တော်ပို့တယ်။ နောက် ၂၀၁၄ ရောက်တယ်။

ရောက်တော့ တော်တော့်ကို ကျွန်တော်အသက်ကြီးလာပြီ။ ကျန်းမာရေးလည်း မကောင်းတော့ဘူး။ အဲဒါနဲ့ ဌာနနှစ်ခုလုံးအတွက် ကျွန်တော်က မေတ္တာရပ်ခံတယ်။ ကျွန်တော်က အသက်လည်းကြီးပြီ၊ ကျန်းမာရေးလည်း မကောင်း တော့ဘူး၊ အဲ့တော့ ကျွန်တော် ရပ်တော့မယ်ဆိုပြီးတော့ အစီအစဉ် တစ်ရပ်၊ နှုတ်ဆက်တဲ့အစီအစဉ်တစ်ရပ် လုပ်တယ်။ လုပ်ပြီးတော့ ကျွန်တော် ဌာနနှစ်ခုစလုံးကနေ ကျွန်တော်လွှင့်တယ်။ ကျွန်တော် တော့ အသက်ကြီးလို့၊ ကျန်းမာရေးမကောင်းလို့ ရပ်ပါတော့မယ် ဆိုပြီးတော့ လွှင့်တယ်။ လွှင့်ပြီးတော့ ကျွန်တော် အဲ့ဒီအစီအစဉ် တွေကို ရပ်လိုက်တယ်။ ရပ်ပြီးတော့ ဒီ "ဝင်းဖေလွယ်အိတ်" အစီအစဉ်ရော၊ VOA က "သက်ကြီးစကား သက်ယံကြား" အစီအစဉ်ရော ကျွန်တော် ရပ်ပါတယ်။

ရပ်ပြီးတော့ ကိုယ်က ဒါတွေရပ်သွားပြီဆိုပြီးတော့ ကျွန်တော်က မြန်မာပြည်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်၊ ကျွန်တော် တို့နားမှာရှိတဲ့ Mercury ဆိုတဲ့ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော် သွားတဲ့အခါကျတော့ "ဦးဝင်းဖေ ခင်ဗျားနှုတ်ဆက်ပြီးတော့ ရပ် သွားပြီနော်" "ဟုတ်ကဲ့ ကျွန်တော် နှုတ်ဆက်ပြီးပါပြီ။ ကျွန်တော့် အစီအစဉ်တွေလည်း ရပ်ပါပြီ။ ကျွန်တော်အသက်ကြီးပြီ၊ ကျန်းမာ ရေးလည်း မကောင်းတော့ပါဘူး" ဆိုတော့ "ခင်ဗျား အဲဒါ လွန်ခဲ့တဲ့ တစ်လလောက်က စရပ်တာမလား" "ဟုတ်ပါတယ်" "ဒါနဲ့ မနက်တုန်းက ခင်ဗျားဆောင်းပါး လာသွားတယ်" ဟာ ကျွန်တော်လည်း တော်တော်လန့်သွားတာပေါ့၊ ဘယ့်နှယ် ရပ်ပြီးမှ ဘယ်ကလာတာတုံး။ ဒါနဲ့ ကျွန်တော် အလန့်တကြား ပြန်မေး တယ်။ VOA ကိုး၊ VOA က မြန်မာပြည်မှာ ဌာနရှိနေပြီ။ BBC လည်းအတူတူပဲ၊ မြန်မာပြည်မှာ ဌာနရှိနေပြီ။ ကျွန်တော်လှမ်းမေး တယ်။ ဘယ်လိုဖြစ်တာတုံးဆိုတော့ "ဒီလိုပါ။ ဆရာ့ ရေးပြီးသား ဆောင်းပါးတွေထဲမှာ Ever Green ဆောင်းပါးတွေ ရှိတယ်" တဲ့။ Ever Green ဆိုတာ ဘယ်အချိန်သုံးသုံးရတယ်။ အဲ့လို အကြောင်းအရာတွေ၊ အချိန်နဲ့ ကာလနဲ့မဆိုင်ဘူး၊ ဒေသနဲ့ မဆိုင်ဘူး။ ဘယ်အချိန်ဖြစ်ဖြစ် ပြန်လွှင့်လို့ရနေတယ်။ အဲ့လိုဟာတွေကို VOA ကရော BBC ကရော ပြန်လွှင့်နေတယ်။ အဲဒီအစီအစဉ်တွေ ကို။ ကျွန်တော် ဒါနဲ့ ပြန်ပြောရတယ်။ ဒီလိုပါဗျာဆိုပြီးတော့။ ကျွန်တော့်အနေနဲ့ကတော့ ဝမ်းသာတာပေါ့လေ။ ကိုယ်က သိစေ ချင်လို့ ကိုယ်တွေ့ခဲ့ရတာတွေကို နားထောင်ရတဲ့လူတွေ သိပါစေ တော့ ဆိုတဲ့ စေတနာနဲ့ လုပ်ထားတဲ့ဆောင်းပါးတွေ ဖြစ်နေတဲ့ အတွက် ဘယ်အချိန်ဘယ်အခါ ဘယ်သူ့ကိုပဲ ဘယ်လိုပဲသိအောင် လုပ်လုပ် ကျွန်တော်ကတော့ ဝမ်းသာတာပါပဲ။ အဲ့ဒါကြောင့်မို့ ကျွန်တော့်မှာ အဲ့ဒီလိုပေါ့လေ။ ဟို Radio Columnist အနေနဲ့ ကျွန်တော် ရေးထားတာတွေရှိတယ်။ အဲ့ဒီအထဲက အခုဟာက တော့ ဝင်းဖေလွယ်အိတ် အစီအစဉ်တွေပေါ့ဗျာ။

ဝင်းဖေလွယ်အိတ် အစီအစဉ်က ထုတ်ပြီးသားကိုက စာအုပ် ၁၊ ၂၊ ၃ ဆိုပြီးတော့ ရှိနေပြီ။ ရှိနေပြီးတော့ နောက်ထပ် လည်း ရှိသေးတယ်ဗျ။ ဒါပေမဲ့ ကျွန်တော်က အစုအဆောင်း ညံ့တော့ ဆက်တိုက်ထွက်ဖို့အတွက် မလှော်င့်ရသေးတာ၊ ပြန်ရှာရတာ တို့ ကျွန်တော် အခက်အခဲ ဖြစ်နေတယ်။ ဒါပေမဲ့ ရှာပြီးတော့ ကျွန်တော် စာအုပ်အဖြစ်နဲ့ ပြန်ပြီးတော့ဖြစ်အောင် ကျွန်တော် ကြိုးပမ်းပါဦးမယ်။ လောလောဆယ်ကတော့ ထွက်ပြီးသား ၁၊ ၂၊ ၃ ကိုပေါင်းပြီးတော့ သုံးအုပ်ပေါင်းထုတ်ချင်တယ်လို့ စာပေ ထုတ်ဝေ ရေးပေါ့လေ၊ စိတ်ကူးချိုချို စာပေထုတ်ဝေရေးကနေ ပြီးတော့ ကျွန်တော့်ကို အသိပေးပါတယ်။ ကောင်းပါတယ်။ အဲ့တော့ ဖတ် မယ့်လူရှိတယ်ဆိုလည်း ထုတ်ကြတာပေါ့လို့ ကျွန်တော်ကလည်း သဘောတူညီမှု ပေးလိုက်ပါတယ်။ အဲ့ဒါကြောင့် အဲဒီစာအုပ် အတွက် အမှာစာ ရေးပေးပါတဲ့ဆိုလို့ ကျွန်တော် ကြောင်းကျိုး ကြီးငယ်ကို ပြောပြတာပါ။ ဒီလောက်ပါပဲခင်ဗျ။

ကျွန်တော် ဝင်းဖေပါ။

လွယ်အိတ် (၁)

ထထထ

အခု ကျွန်တော့် အသက် ၇၀ ကျော်၊ ၈၀ ဘက်ကို သွားနေပြီ။ အဲ့ဒီတော့ ကျွန်တော့် တစ်သက်လုံး တွေ့ခဲ့တဲ့ အဖြစ်အပျက် ကလေးတွေကို ကျွန်တော်က ပြန်ပြောချင်တယ်။ ဖြတ်သန်းခဲ့ရတဲ့ ဘဝ တစ်လျှောက်လုံးကို အစကနေ အဆုံးပေါ့လေ။ ဝင်းဖေအကြောင်း ဆိုတာမျိုးကြီးတော့ ကျွန်တော် မလုပ်ချင်ဘူး။ ခေါင်းစီးကိုက ခပ်သော့သော့ကလေး လုပ်ချင်တယ်။ အဲ့ဒီလို ကျွန်တော့် အကြောင်း၊ ကျွန်တော့် အတွေ့အကြုံတွေကို တင်ပြတဲ့နေရာမှာ ကျွန်တော်က ဘာလုပ်ချင်တုံးလို့ ဆိုတော့ အဲ့ဒီခေတ်၊ အဲ့ဒီအချိန်၊ အဲ့ဒီကာလ၊ ဒေသ မြန်မာပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေး ကိစ္စတွေကို ပါသွားအောင် ကျွန်တော်က အဲ့ဒီဆောင်းပါးတွေ ထဲမှာ ကျွန်တော် ထည့်လိုက်ချင်တယ်။ တတ်နိုင်ရင် လေးခုစလုံး ပါမယ်။ အနည်းဆုံးကတော့ တစ်ခုတော့ ပါမှာပဲ။ ကျွန်တော် ပြောတဲ့ အထဲမှာ အဲဒီကာလ ဒေသ တုန်းက မြန်မာပြည်ရဲ့ ယဉ်ကျေးမှု ပါကောင်းပါသွားမယ်။ လူမှုရေး ဓလေ့စရိုက် ပါကောင်း ပါသွားမယ်။ ဒါမှမဟုတ် စီးပွားရေးအခြေအနေ ပါကောင်း ပါမယ်။ ဒါမှမဟုတ် နိုင်ငံရေးအခြေအနေတွေ ပါသွားမယ်။

စာရေးသူ၏ အမှာ

ဗြိတိသျှအသံလွှင့် ကော်ပိုရေးရှင်းက “ဝင်းဖေ လွယ်အိတ်” ရေဒီယိုအသံလွှင့်အစီအစဉ်တွေကို စာအုပ်အဖြစ် ရိုက် နှိပ်တော့မယ်ဆိုတော့ ဝင်းဖေက အမှာစာရေးဖို့ ရှိလာပါတယ်။ မှာစရာက များများစားစား မရှိပါဘူး။ ၂၀၀၅ ခုနှစ်မှာ ဝင်းဖေဟာ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ အခြေ စိုက် လွတ်လပ်တဲ့အာရှအသံ၊ မြန်မာပိုင်းအစီအစဉ်က အနား ယူလိုက်တော့ ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်းက ပြင်ပ ဆောင်းပါးရှင်အဖြစ် ဆက်ပြီးတာဝန်ယူပေးဖို့ ကမ်းလှမ်းပါတယ်။ ဝင်းဖေက လက်ခံလိုက်ပြီး ပထမနှစ်နှစ်လောက် ခေတ်သစ်ပုံတိုပတ်စကလေးတွေကို သရော်စာခပ်ဆန်ဆန် တင်ဆက်ခဲ့ရပါတယ်။ နောက်ပိုင်း ၆ နှစ်လောက် ၂၀၁၄ ခု၊ နိုဝင်ဘာလအထိကတော့ “ဝင်းဖေလွယ်အိတ်” ဆိုတဲ့ အစီ အစဉ်တွေ အပတ်စဉ်ထုတ်လွှင့်ခဲ့ပါတယ်။ ဆန်းဆန်း ပြားပြားတော့ မဟုတ်ပါဘူး။ ဝင်းဖေရဲ့ ဘဝတစ်လျှောက် အကွေ့အကောက်၊ အတက်အဆင်း၊ အတွေ့အကြုံတွေကို ပြန်ပြောင်း ပြောပြရတာတွေပါပဲ။ အကောင်းအဆိုး အမျိုးမျိုး ရောပွမ်းပါဝင်ပါတယ်။ အလုပ် လက်ခံကြစဉ်က အခုလို ဝင်းဖေရဲ့ ဘဝအတွေ့အကြုံတွေကို တင်ပြရာမှာ ကာလ၊ ဒေသအားလျော်စွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခြေအနေတွေကို အလျဉ်းသင့်သလို တတ်နိုင်သမျှ ရောင်ပြန်ဟပ်စေဖို့ ဆွေးနွေးသဘောတူခဲ့ကြပါတယ်။ အဲဒီလို ခေတ်အလိုက် ရောင်ပြန်ဟပ်မှု ကလေးတွေကို စာဖတ်သူတွေ ထိတွေ့ကြရမယ်ဆိုရင် ဝင်းဖေရဲ့ကြိုးပမ်းမှု ထမြောက်တယ်လို့ ဝမ်းသာရမှာပါ။

အခုလို ဝင်းဖေရဲ့ ဘဝခရီးတစ်လျှောက် ဟိုကွေ့ ဟိုတက်နဲ့လျော်၊ ဒီကွေ့ ဒီတက်နဲ့လျော်ဆိုတာလို အမျိုးမျိုး ရုန်းကန် ရှင်သန်ခဲ့ရတာတွေကို ပြန်ပြောင်း ဖောက်သည်ချခွင့် ရအောင် အထောက်အပံ့ပြုကြတဲ့ ဗြိတိသျှအသလွှင့် ကော်ပိုရေးရှင်း၊ အမေရိကန်အသံ ရေဒီယိုနဲ့ လွတ်လပ်တဲ့ အာရှ အသံရေဒီယိုဌာနကြီးတွေကို ဝင်းဖေက အထူးကျေးဇူးတင် ကြောင်းနဲ့ တစ်ခါ စာအုပ်စာပေအဖြစ် ပုံနှိပ်ထုတ်ဝေတဲ့ စိတ်ကူးချိုချို စာပေထုတ်ဝေရေးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အမှာစာ ရေးညွှန်း လိုက်ရပါတယ်ခင်ဗျား။

လေးစားလျက်

ဝင်းဖေ

[၁]

သောတရှင်များခင်ဗျာ ...

B.B.C က ကျွန်တော့်ကို တာဝန်တစ်ခု ထပ်ပေး ပါတယ်။ မြန်မာအနုပညာလောကဝန်းကျင်မှာ ကျွန်တော်ဖြတ်သန်းရင်း တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကလေးတွေနဲ့ အနုပညာသည်တွေ အကြောင်း၊ ဟိုအကြောင်း၊ ဒီအကြောင်းစတာတွေကို 'ဝင်းဖေလွယ်အိတ်' ဆိုတဲ့ခေါင်းစီးနဲ့ တင်ပြပေးပါတဲ့။

မြန်မာစကားမှာ အရှူးလွယ်အိတ် ဆိုတဲ့စကားဟာ ရှိပြီးသားပါ။ အရှူးလွယ်အိတ်ဆိုတာ ဖြုတ်စဖြင်းတောင်း၊ တိုလီမုတ်စ၊ သဗ္ဗရန်ပေါင်းစုံ ထည့်ထားတဲ့လွယ်အိတ်မျိုးကို ဆိုလိုတာပါ။ ကျွန်တော့်ဘဝလွယ်အိတ်ထဲမှာ ပါလာတဲ့ သဗ္ဗရန်ပေါင်းစုံ လွယ်အိတ်ထဲက သင့်နိုးရာရာ၊ ကောင်းနိုးရာရာလေးတွေကို တင်ပြဖို့အခွင့် အရေး ပေးတာပါပဲ။ B.B.C ကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ 'အရှူးလွယ်အိတ်' ဆိုတဲ့ စကားနဲ့ "ဝင်းဖေလွယ်အိတ်" ဆိုတဲ့ စကားကို ညီမျှခြင်းချပြီးတော့ ဘုံကိန်း တွေကို နုတ်လိုက်ရင် ဝင်းဖေ=အရှူး လို့ထွက်နေပါတယ်။ ဒါပေမဲ့ ပုထုဇ္ဇန ဉမ္မတ္တက ဆိုတာနဲ့ကိုက်နေလေတော့ အိုကေပါတယ်။ နောက် လွယ်အိတ်နဲ့ ပတ်သက်လို့ မြန်မာ တွေ ပြောလေ့၊ သုံးလေ့ရှိပြန်တာက ... ဣစ္ဆာသယ လွယ်အိတ် ဆိုတာလေးလည်း ရှိပါတယ်။ အဓိပ္ပာယ်ကတော့ ရှင်းပါတယ် ... လိုတရ လွယ်အိတ် လို့ အဓိပ္ပာယ် ထွက်ပါတယ်။

ကျွန်တော့် လွယ်အိတ်ကတော့ လိုတိုင်းတလို့ မရဘူးပေါ့ခင်ဗျာ။ တကယ်ရမယ် ဆိုရင် ... မြန်မာပြည်အတွက် ဒီမိုကရေစီကို အရင်ဆုံးတလိုက်ရုံပေါ့ဗျာ။ နောက်တစ်ခုကတော့ ... မြန်မာတွေ စုပေါင်း လှုပ်ရှားကြတဲ့နေရာမျိုးတွေမှာ ဇော်ကန့်လန့် တစ်ယောက်လောက် ပါလာရင် ... "ဟေ့လူ၊ ခင်ဗျား ... ရှမ်း လွယ်အိတ် လိုတော့ မလုပ်နဲ့ဗျာ" လို့ ပြောဆို ဟန့်တားတတ်ကြပါတယ်။ ရှမ်း လွယ်အိတ်က ပခုံးမှာ လွယ်ထားရတာ ဆိုတော့ ... ဘေးတိုက် လိုက်လာရတာ မဟုတ်လား။ ပြောလို့သာ ပြောရတာပါ... ဗမာလွယ်အိတ် အပါအဝင် ဘယ်လွယ်အိတ် မဆို ဘေးတိုက်ပဲ လိုက်တာပါပဲ။ သောတရှင်များခင်ဗျား ... ဝင်းဖေလွယ်အိတ် ဆိုတဲ့ ခေါင်းစီးနဲ့အညီ ... အကြောင်းအရာတွေက စီကာပတ်ကုံးတော့ ဖြစ်မှာ မဟုတ်ပါဘူး။ အခုတင်ပြမယ့် ပထမဆုံးအစီအစဉ်မှာ ကျွန်တော့်ဖခင် အကြောင်းနဲ့ စချင်ပါတယ်။ ကျွန်တော့်ဖခင်က ကျွန်တော့်ကို ... မြန်မာမှု၊ မြန်မာ့ ယဉ်ကျေးမှု၊ မြန်မာ့သမိုင်း၊ မြန်မာစာပေ ... ဆိုတာတွေကို

သူတတ်နိုင်သမျှ သင်ပေးခဲ့ပါတယ်။ ပန်းချီနဲ့ ဂီတ ကိုလည်း သင်ပေးခဲ့ပါတယ်။ ဖခင်ကြီးက ကျွန်တော့်အတွက် စေတနာ ဘယ်လောက် ထားထား၊ ကျွန်တော့်မှာရှိတဲ့ ပါရမီလေးနဲ့ တန်တဲ့ အတိုင်းအတာပဲ ရတာပါ။ ကျွန်တော့်ဖခင်ဆိုတာ ... မန္တလေးက ရွှေပြည် ဦးဘတင်ပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်က ကျွန်တော်တို့အိမ်ကို ဗိုလ်မှူးကြီး တစ်ယောက် လာလည်ပါတယ်။ ကျွန်တော့်အဖေက ဧည့်ခံပါတယ်။ ကျွန်တော်ကလည်း ရေနွေးအိုးနဲ့ လက်ဖက်တွေ ဘာတွေ ချပေးနေတုန်း ... ဗိုလ်မှူးကြီးက ... မန္တလေးအနီးက အောင်ပင်လယ်တို့၊ မဟာနန္ဒာတို့၊ ဇောင်းကလော တို့ဆိုတဲ့ တစ်ဖက်ဆည် ကန်ကြီးတွေကို အနော်ရထာမင်း တူးဖော်ခဲ့တာလို့ အမှတ်တမဲ့ ပြောပါတယ်။ ကျွန်တော်ကလည်း ငယ်သေးတော့ ဖျတ်ခနဲ ဝင်ပြောမိပါတယ်။ “မဟုတ်ပါဘူးခင်ဗျာ၊ မင်းရှင်စော တည်တာပါ” လို့။ ဒီတော့ ဗိုလ်မှူးကြီးက .. “ဟာ ... ဟုတ်ရဲ့လား၊ အေးလေ ... ဟုတ်မှာပါပဲ.. မင်းက ဆရာရွှေပြည်ရဲ့သားပဲ ...” အဲလိုပြောပါတယ်။ ဒီတော့ ကျွန်တော့်ဖခင်က ချက်ချင်းပဲ ဝင်ထောက်ပါတယ်။ “ဒီဗဟုသုတကတော့ ကျွန်တော် သင်ပေးတာ မဟုတ်ပါဘူးဗျာ ... ဒီကောင် နန်းတော်ရှေ့ ဆရာတင်ရဲ့ သီချင်းထဲကနေပြီး သိထားတာနေမှာပါ” လို့ပြောပါတယ်။

ဟုတ်ပါတယ်၊ ကျွန်တော်က နန်းတော်ရှေ့ဆရာတင် ရေးတဲ့ အောင်ပင်လယ် သီချင်းကို အဲဒီတုန်းက ဆိုပြခဲ့ရပါတယ်။ ဒီလိုခင်ဗျ... (မင်းရှင်စော မျှောသည့် ဇောင်ဝယ် လေးကန်စလုံးကို သိမ်းကျုံးဆည်တော်မူတယ်× × ×)၂ အဲဒါတွေကို စီခြယ် နန်းတော်ရှေ့က ဆရာတင်ရယ်× × × အဲဒီတုန်းက ကျွန်တော့်အဖေ မသင်ပေမဲ့ ကျွန်တော် မှတ်လိုက်မိတာလေး တစ်ခုရှိပါတယ်။ မန္တလေးက တစ်ဖက်ဆည်ကန်ကြီး လေးကန်ကို မင်းရှင်စော တည်ပါတယ် ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်သိအောင် သူ သင်ထားပါတယ်ဆိုရင် ကော ဘာဖြစ်သေးသလဲ။ ဗိုလ်မှူးကြီးကတောင် ဒါကို လက်ခံ ပြောဆိုနေပြီပဲ ... ကျွန်တော့်အဖေက အဲဒီလို အလွယ်တကူ လက်မခံပါဘူး။ သူ ဂုဏ်ယူရမှာ မဟုတ်တာကို သူ မယူပါဘူး။ အရှိအရှိအတိုင်း ထုတ်ပြောလိုက်တဲ့ ကိစ္စပါပဲ။ လိုရင်းကတော့ ရိုးသားဖို့ပါပဲ။

အဲ ... ကျွန်တော် ... စဉ့်ကူး/ ထုံးကြီးဘက်မှာ ကျောင်းအုပ်သွားလုပ်တော့... ကျွန်တော့်ကို ရွှေပြည် ဦးဘတင်ရဲ့သား ကျောင်းအုပ်ဆရာကြီး ဆိုပြီး အလှူဖိတ်စာ ရေးခိုင်းပါတယ်။ ကျွန်တော် ကလည်း လွယ်လွယ်ကူကူပဲ၊ ပါဠိ၊ ပါဠိသားတွေ ဘာတွေနဲ့ ရေးပေးလိုက်ပါတယ်။ သူတို့က ကျွန်တော်ဟာ ရွှေပြည်ဦးဘတင်ရဲ့သား ပီသပါပေတယ်ဆိုပြီး ချီးမွမ်း ပြောဆိုကြပါတယ်။ ကျွန်တော်က ရှင်းပြလိုက်ရပါတယ်။ ကျွန်တော့်အဖေ သင်ပေးတာ မဟုတ်ပါဘူးလို့။ မြို့မညိန်း

ရေးတဲ့ အလှူ(၁) ဆိုတဲ့သီချင်းကို ဆိုတတ်လို့ ဒီဖိတ်စာကို ရေးနိုင်တာပါလို့။ ဟုတ်ကဲ့ခင်ဗျာ အဲဒါလေးလည်း ဆိုပြမှာပါ။ တစ်ပုဒ်လုံးတော့ မဟုတ်ဘူးပေါ့ခင်ဗျာ။ အလယ်ပိုဒ်၊ ပြန်ဆိုပိုဒ်ကလေးကိုပဲ နားဆင်ကြည့်ကြပါ။ သာမနေယ ပဗ္ဗဇ္ဇ မြှောက် ချီးမြှောက်မည် × × × သားသည်းချာ× × × ရှုမငြီးသမီးရတနာ× × ကန္တဝဇ္ဇန နားသ မင်္ဂလာ × × × သာမနပရိဘောဂ× × × ဒေယျဓမ္မ ဒါတဗ္ဗ လှူကာ× × × အနုဂါမိကာဥစ္စာ× × × နိဗ္ဗာန်ရသည့်ဘဝတိုင်အောင်ပါ"

ကဲ ... အဲဒါသာကြည့်ပါတော့။ တစ်ပုဒ်လုံးဆိုရင် ပါဠိတွေနဲ့ အပြည့်၊ ပြည့်ပြည့် စုံစုံ ဖြစ်သွားတော့တာပေါ့ ခင်ဗျာ။ သောတရှင်များ ခင်ဗျာ .. ဒီလိုပါပဲ ... သီချင်းတွေ တော်တော်များများမှာ လိုရင်လိုသလို ကိုးကားဖို့ အသုံးကျတာလေးတွေပါတတ် ကြောင်း တင်ပြလိုက်ရပါတယ်။

ကျန်းမာ၊ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

[၂]

သောတရှင်များခင်ဗျာ ...

ဝင်းဖေလွယ်အိတ် အစီအစဉ် အမှတ် (၂) ကို တင်ဆက်ပါတော့မယ်။ ပြီးခဲ့တဲ့ အပတ်က ကျွန်တော့်ဖခင်ကြီးဆီက ပညာတွေ သင်ခဲ့ရပါတယ်လို့ အစပျိုးပြီး သူ မသင်တဲ့ ကိစ္စတွေအကြောင်း ရောက်သွားပါတယ်။ ဒီတစ်ပတ်တော့ ကျွန်တော့်ဖခင် ဆီက ပညာရင်နို့ သောက်စို့ခဲ့ရတာတွေကို နည်းနည်းပါးပါး တင်ပြပါ့မယ်။

ကျွန်တော် ငယ်ရွယ်စဉ်ကလေးဘဝ သူငယ်တန်းတောင် မတက်ရခင်သေးခင် ကတည်းက ဖခင်က ကျွန်တော့်ကို မြန်မာ့ရိုးရာ ဂီတနဲ့ ပန်းချီကို စတင် သင်ကြားပေး ပါတယ်။ သူကိုယ်တိုင်ကတော့ မြန်မာ့ရိုးရာ မြန်မာဂီတကို မြန်မာထီးနန်းမှာ အမှုထမ်းခဲ့တဲ့ အဝေးရောက်မင်း ဦးအောင်ကြီး နဲ့ အဆိုတော်ကြီး ဦးထွန်းအိုင် ဆီမှာ သင်ကြားခဲ့တာပါ။ သူက ပတ္တလားလည်း တီးပါတယ်။ အဆိုမှာ ပိုပြီး ကျွမ်းကျင်ပါတယ်။ ကျွန်တော့်အဖေ တတ်ထားတဲ့ ထံတျာ၊ သီတာ၊ သာယာ၊ ထွေတလာ၊ ဝေဘာဂီရိ၊ ဘုံဆောင်မြင့်၊ ဇေယျာမြို့၊ စိမ်းလဲ့လဲ့ညိုပြာနဲ့ သာနိုး ပျော်ဖွယ် (၅) ပုဒ် ပေါင်းလိုက်တော့ကာ ကြိုး (၁၃)ပုဒ် ပတ္တလား ပညာကို ကျွန်တော် တစ်နှစ်လောက် သင်ယူလိုက်တော့ ကုန်ဆုံး သွားပါတယ်။ ရှေ့ဆက်သင်ဖို့ အလင်္ကာကျော်စွာ ဘွဲ့ရ ဆရာဘကလေးကို ငှားရမ်း သင်ကြားရပါတယ်။

အဲဒီ ၁၉၄၆ ခုနှစ် လောက်ဆီကပါပဲ ... ဘိုးလေးဘက အသက် ၇၀ ကျော်နေပါပြီ။ ကျွန်တော့်အထက်က အစ်ကို ကိုဝင်းမောင်နဲ့အတူ သင်ကြရတာပါ။ လေးနှစ်လောက် သင်လိုက်တော့ကာ မဟာဂီတ အခြေခံတွေ ဖြစ်တဲ့ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ လေးထွေ သံကပ်၊ လောကနတ် ... စတာတွေ အပုဒ် ၈၀ လောက် တီးမိခေါက်မိ သွားပြီပေါ့ခင်ဗျ။ ဒီတော့ တိုတိုပဲ ပြောပါမယ် ... ရကန်တို့၊ အဲတို့၊ အိုင်တို့ဆိုတာတွေကို အဆိုသင်တော့မယ်လို့ ကျွန်တော့်ဖခင်ကို ပြောပါတယ်။ ရတု၊ ရကန်၊ အဲ၊ အံ၊ လူးတား ဆိုတာတွေက လင်္ကာဝစန လို့ခေါ်ပါတယ်။ အရပ် သားစကားနဲ့ ရှင်းအောင် ပြောရရင် သံနေသံထားနဲ့ ကဗျာ ဖတ်နည်း Poem Reciting တွေပါပဲ ခင်ဗျာ။ တူရိယာပစ္စည်း အတွဲအဖက်တောင် မလိုပါဘူး၊ ဒီအတိုင်း ရွတ်ရ၊ ဖတ်ရတာမျိုးတွေပါပဲ။ ကျွန်တော်က အတီးရော အဆိုရော ပါတဲ့ သောတာဝစန တွေကို လေးနှစ်လောက် သင်ထားပြီးပြီဆိုတော့

အတီးတောင်မပါတဲ့ လင်္ကာဝစန တွေကို သိပ် အထင်မကြီးဘူးပေါ့ဗျာ။ အဲဒီမှာ ဖခင်ကြီးက ရှင်းပြပါတယ်။ တူရိယာ ပစ္စည်းအတွဲအဖက် မပါတော့တဲ့ အတွက်ကိုပဲတဲ့ ... လင်္ကာဝစနတွေက အသံထိန်းချုပ်မှု၊ သံနေသံထားရင့်ကျက်မှု၊ မင်မောင်း ... စတာတွေ ပိုပြီး အရေးကြီး လာပါတယ်တဲ့။ အဲဒီ လင်္ကာဝစနတွေကို ဆိုဖို့ ကျွန်တော့်အနေနဲ့ နုသေးတယ်၊ စောသေးတယ် ဆိုပြီးတော့ ကျွန်တော့်ကို ဆိုခွင့် မပေးပါဘူး။ အဲဒါကို ကျွန်တော် ငယ်ငယ်က ကောင်းကောင်း နားမလည်ခဲ့ပါဘူး။ နောက် နှစ်နှစ်လောက် ကြာတော့ ကျွန်တော့်ဟာနဲ့ ကျွန်တော် အိမ်နောက်ဖေးမှာ လွတ်လွတ်လပ်လပ် သီချင်းအော်ဆိုနေတာကို ဖခင်ကြီး က အိမ်ရှေ့က လှမ်းခေါ်ပြီးတော့ကာ “မင်း ခုချိန်လောက်ဆို ရကန်ဆိုရင် ရလောက်ပြီကွ” လို့ ပြောပါတယ်။ ပြီးတော့မှ သူကိုယ်တိုင်ပဲ သင်ပေးပါတယ်။ ဒီတစ်ပတ် ကျွန်တော် ရကန် နဲ့ အဲကို နည်းနည်းစီ အမြည်းလောက် ဆိုပြပါမယ်။ မြန်မာ့ ရှေးဟောင်း အမွေ ပစ္စည်းများအဖြစ် တင်ပြလိုက်ပါတယ်။ ရကန်ဦးတိုးရဲ့ သဇင်ပန်း ရကန်ပါ။

စိမ့်ကြီးမြိုင်ကြီးရိပ်ကြီးတောတောင်

နေရောင်မခံ၊ ပန်းပုံပြင်ဆင့်၊ မြေနှင့်ရန်ဘက်၊

ခက်လက်စိမ်းမြ၊ မိုးမခဘူး၊ နွေလသံပေါက်၊

ရင့်ချိန်ရောက်ခါမှ၊ နှင်းသောက်ကယ်ရွှင်ရွှင်၊

ပွင့်ဖူးတွေဆင်ကြွေသည့်နှယ် ...

ဒါက အစပိုဒ်ကလေးပါ။ အဆုံးပိုဒ်ကျတော့ဒီလိုပါ။

ပါရမီဂုဏ်၊ သင့်ယုံဟုတ်ဘူး၊ အဟုတ်ထူးသည့် ... ပန်း

လမ်းချဲ့ချဲ့၊ မချဲ့ချဲ့၊ ဆုတ်ဟဲ့ဘက် ဆိုဆို/မဆိုဆိုဘက်လာလာ

သူမို့ပါလျှင်ဖြင့်၊ ရွှေအာဏာခေါင်၊ သိုင်းပြောင်ပြောင်နှင့်မို့၊

ရှောင်ရမည်ကာ၊ ရှားရမည့်၊ ပန်းပုံများမည်ကာ၊ သဇင်ကို...

လူငယ်များအတွက် လွယ်လွယ်နဲ့ နားပေါက်အောင် ပြောချင်တာကတော့ Spritual Blues တွေကို နားထောင်သလို တေးသွား အကြားဆန်းမှု၊ အသံထိန်းချုပ်မှု စတာတွေကို အရသာခံကြတာပါပဲ။ အခုဆက်ပြီး အဲ တစ်ပုဒ်ရဲ့ အစပိုဒ်ကို မြည်းကြည့် ကြဖို့ပါပဲ။ စာဆိုမယ်ခွေရဲ့ နေနတ်ကမ္ဘာရာဇာချီ တန်ခူးလဘွဲ့ အဲ ဖြစ်ပါတယ်။

နေနတ်ကမ္ဘာရာဇာ၊ အဿဝတီကြယ်နှင့်ငဲ့ညီ၊

စန္ဒီစိတြ၊ တူယှဉ်ကာပြိုင်၊ ပ ကြတယ် လ အတာကိုတည့် လေး။

သီတာငယ်ကမှ ပြန်မွှန်း၊ သပြေမြရည် တစ်သောင်းပြည်ကို၊

အောင်စည်ယွမ်းလို့ရေသွန်းကမှခါချိန်၊ သောက်ရှူးဥပါဒ်ကြယ် နီလာနှင့်၊ ရွှေဇာပေါက်လို

တိမ်ခိုးညိုနှင့်၊ ပြိုမည့်နှယ်ကမှ၊ မှိုန် နဂါးလိမ် လွန်းအိမ်ဖွဲ့ပါလို့၊

မယ့်ဆီကဲမယ်၊ အဲ…အဲ…အဲ။

ဒါကတော့ .. အဲ ရဲ့ အစပိုဒ်ကလေးပေါ့ခင်ဗျာ။ အဆုံးအထိဆိုရင်တော့ သိပ်လေးသွားမှာမို့ ဒီလောက်ပဲ တင်ပြလိုက်ပါတယ်။ မြန်မာ့ရိုးရာ လက်ာဝစန အနုပညာအမွေတွေကို ဆက်လက် ထိန်းသိမ်းကြဖို့ သင့်ကြောင်း တင်ပြလိုက်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ

ဝင်းဖေလွယ်အိတ် အမှတ်စဉ် (၁) မှာကတည်းက မန္တလေးက ဂီတပညာရှင် ဆရာညိန်း အကြောင်းကို တင်ပြ ခဲ့ပါတယ်။ တစ်ဆက်တည်း မြို့မညိန်းရဲ့ ဂီတပညာရှင် အနေအထားကို တတ်နိုင်သမျှ ပေါ်လွင်အောင် ဆက်လက် တင်ပြချင်ပါတယ်။ ဒီတစ် ပတ်တော့ မြို့မညိန်းရဲ့ ဂီတ၊ စာပေ၊ သီချင်းရေးမှုပညာရဲ့ တစ်စိတ်တစ်ပိုင်းကို ထုတ်ဖော် တင်ပြ ချင်ပါတယ်။ သောတရှင်တွေ အလွယ်တကူ နားလည်နိုင်တဲ့ စာသား/ စာပေ အပိုင်းဖြစ်ပါတယ်ခင်ဗျား။

မြို့မ ဆရာညိန်း ... ကျွန်တော်တို့အခေါ် ဦးလေးညိန်းက မန္တလေးသားပီပီ၊ မန္တလေးမြို့ဘွဲ့၊ နန်းမြို့တော် ဆိုတဲ့ သီချင်းကို ရေးသားခဲ့ပါတယ်။ မန္တလေး မြို့တည်၊ နန်းတည် မင်းတုန်းမင်းတရားကြီးဟာ တစ်ချိန်က မန္တလေး တောင်တော်ပေါ်မှာ စန္ဒမုခိ ဆိုတဲ့ ဘီလူးမဘဝနဲ့ ရှိစဉ်ကတဲ့ ... မန္တလေး တောင်တော်ကို ကြွချီလာတဲ့ ဘုရားရှင်ထံမှာ ... မိမိရဲ့ သားမြတ် ကိုဖြတ်ပြီးတော့ ထူးထူးခြားခြား လှူခဲ့ပါတယ် တဲ့။ ပြီးတော့မှ နောင်တစ်ချိန်မှာ ... ဒီတောင်ခြေ မြေပြင်နဲ့မှာ ထီးနန်း တည်ထောင်ပြီး တော့ သာသနာပြု ဘုရင်တစ်ပါး ဖြစ်လာလိမ့်မယ်လို့ ဗျာဒိတ် ခံယူခဲ့ရတဲ့ အကြောင်း သမိုင်း ဒဏ္ဍာရီ ရှိခဲ့ဖူးပါတယ်။ ဒီနေရာမှာ အမျိုးသမီးတို့ရဲ့ အလှရတနာ အစိတ်အပိုင်း တစ်ခုဖြစ်တဲ့ စနေနှစ်ခိုင်ကို အယဉ်အကျေးဆုံး သားမြတ် ဆိုတဲ့ ဝေါဟာရထက် ပိုပြီးတော့ သိမ်မွေ့သွားအောင် မြို့မဆရာညိန်းက ဝတ်ပန်းစုံ ဆိုတဲ့ ဝေါဟာရကို သုံးခဲ့ပါတယ်။ ဒီလိုလေးရှိပါတယ် ... သီချင်းထဲမှာ ...

ရွှေဥဂါက်ကွန်ရက် ဖြန့်ကြက်ခါပင် ရှုတော်မူလိုက်သည်တွင်..

နောင်သောအခါ၌ ရှင်ချစ်သာသနာ အခွန့်ရှည်ဖို့ပင်× × ×

ထွန်းမှာမြင် × × × လဝန်းရည်သို့ စန္ဒမုခိ မန်းတောင်စံ ဗိမာန်ရှင် ဖွံ့ ဖွံ့ကြိုင်လျှမ်း “ဝတ်ပန်းစုံ”ကို ထူးမြတ်ကဲလွန် ရဲအလှူတွင်

အဲဒီလို စပ်ဆိုခဲ့ပါတယ်။ နှစ်လိုဖွယ်အဆင်းရှိတဲ့ စန္ဒမုခိ ဘီလူးမကို လဝန်းရည်သို့ လို့ တင်စားပါတယ်။ ကျုံကျုံလှီလှီ မဟုတ်တဲ့ သားမြတ်နှစ်စုံကို ဖွံ့ဖွံ့ကြိုင် လျှမ်း× × × ဝတ်ပန်းစုံ ကိုလို့ … တင်စားပါတယ်။ စွန့်စွန့်စားစား ထူးခြားတဲ့ အလှူကို ရဲရင့်သော ရဲအလှူတွင် .. လို့ တင်စားသွားပါတယ်။ သမိုင်းဒဏ္ဍာရီလာ အချက်အလက်ကိုလည်း ပါရလေအောင် … ယဉ်ကျေးတဲ့၊ နားဝင်လှတဲ့ အသုံးအနှုန်း လည်း ဖြစ်ရလေအောင် ကြိုးပမ်းချက်၊ စာပေ အနုပညာရပ် တစ်ခုအဖြစ် တွေ့နိုင်ကြပါတယ် ခင်ဗျား။ နောက် သာဓကတစ်ခုကတော့ အပျော့ဆွဲ ဆိုတဲ့ သီချင်းထဲမှာ … အဆိုရှင်မိန်းကလေးက သူ့ချစ်သူဟာတဲ့ … အိညက် အိညက်နဲ့ အပျော့ဆွဲ ဆွဲတတ် လို့ … ပျော့ပျော့နဲ့နံတဲ့ ကြောင်ရဲ့မစင်လိုပါပဲလို့ ပြောချင်တာကို ဒီလို စပ်ဆိုထား ပါတယ်။

လေချိုသွေးကာ× × × အပျော့ဆွဲ ဆွဲတယ်× × ×

အားနာတတ်ရင်× × × အား ပါလိမ့်မယ်× xx

ကြောင်ကို ဝမ်းနုတ်ဆေးကျွေးမိသလို တွေးမိသကို

ပျော့ပျော့လေးနဲ့ နံမယ့် ပုံ ပေါ်တယ် × × ×

အဲဒီလို နားကြားရိုင်းမယ့် ကြောင်မစင်ကို ရှောင်ပြီးတော့ကာ အနိဋ္ဌာရုံကို ခံသာအောင်၊ နားဝင်မရိုင်းအောင် စာပေအနုပညာ သုံးသွားပါတယ်ခင်ဗျား။ ဆရာကြီး မြို့မညိန်းရဲ့ဂုဏ်ပုဒ်ကို ချီးကျူးပြောဆိုရင်းနဲ့ ပညာရှိသတိဖြစ်စဲ ဆိုတာလို ချွတ်ယွင်း ချက်လေးတစ်ခုကိုလည်း တင်ပြချင်ပါတယ်။ စောစောကပြောခဲ့တဲ့ နန်းမြို့တော်သီချင်းထဲမှာပဲ မန္တလေးမြို့ရဲ့တည်နေရာကို ခေတ်မီမီနဲ့ ကမ္ဘာသုံး လတ္တီတွဒ်၊ လောင်ဂျီ တွဒ်တွေနဲ့ဖော်ပြဖို့ ကြိုးပမ်းတဲ့နေရာမှာ..

ရာသီစက်လီ× × × ဒွါရသီ တံခါးအညီ

ကျုံးမြို့ရိုး ပေသုံးဆယ်× × × မြင့်တက် တစ်မျက်နှာ ခြောက်ရာ

တာ အစီအရင်× × × သုဒဿနမြို့ ဝေယံလိုပင်× × ×

တည်တော်မူလေသည် × × × ၁၉ရာစုနှစ်အလယ်ခေတ်တွင်× × ×

မြောက်လတ္တီတွဒ် နှစ်ဆယ့်တစ်၊ ဒဿမ ငါးနဲ့× × ×

အရှေ့ လောင်ဂျီတွဒ် ကမ္ဘာ့ပထဝီ နေဒီဂရီဆိုလျှင်× × × သိရ

ကိုးဆယ့်ခြောက်၊ ဒဿမ ရှစ် တွင်× × × မြို့မအသင်းဖွားမြင်

အဲဒီလို စပ်ဆိုသွားပါတယ်။ လတ္တီတွဒ်တို့၊ လောင်ဂျီတွဒ်တို့မှာ ဒဿမ အသုံးအနှုန်း မရှိပါဘူးခင်ဗျာ။ ဒီဂရီပြီးလို့ ရှိရင် မိနစ်နဲ့ စက္ကန့်တွေပဲ ရှိပါတယ်။ သောတရှင်များခင်ဗျာ ... မြို့မညိန်းရဲ့ အနုစာပေဂုဏ်နဲ့ပတ်သက်လို့ အခု တင်ပြတာ ဟာ နှမ်းတစ်စေ့၊ သဲတစ်ပွင့်မျှသာ ဖြစ်ပါတယ်။ နောက်ကို အလျဉ်းသင့်သလို ဆက် လက်ပြီး တင်ပြပေးပါဦးမယ်။

ဒီမိုကရေစီ မြန်မြန်ရကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ကျွန်တော်က မန္တလေးသား ဆိုတော့ မန္တလေးသားဖြစ်တဲ့ မြို့မညိန်း ကျွန်တော်တို့အခေါ် ဦးလေးညိန်း အကြောင်းကို ပြောမယ်ဆိုရင် ... ပြောမဆုံးပေါင်၊ တောသုံးထောင် ဆိုတာလို အများကြီး ပြောစရာရှိပါတယ်။ ဒါပေမဲ့ သောတရှင်တွေ ငြီးငွေ့မသွားဖို့ကလည်း အရေးကြီးပါတယ်။ ဒီတစ်ပတ်ပဲ ဆက်ပြီးတော့ ပြောပါရစေ။ နောက်တစ်ပတ်တော့ တစ်ခုခု ပြောင်းပြောပါမယ်။

ကျွန်တော်တို့ ဂီတလောကမှာ အချစ်သီချင်းတွေ အများကြီးရှိပါတယ်။ အလွန် လူကြိုက်များတဲ့ အချစ် သီချင်းတွေပါပဲ ခင်ဗျာ။ သီချင်းရေး ဆရာတိုင်းလိုလို အချစ် သီချင်းတွေကို ရေးခဲ့ကြတာပါပဲ။ အချစ်သီချင်း မရေးဖူးတဲ့ သီချင်းရေးဆရာ အလွန် ရှားပါတယ်။ ဦးလေးညိန်းကတော့ ... သက်ဝေတို့ နှစ်ယောက်တည်း နေချင်တယ်တို့၊ ချစ်လွန်းတင် တို့ဆိုတဲ့ အချစ်သီချင်းတွေနဲ့ တံခွန်ထူထားခဲ့ပါတယ်။ ပျို့မှာတမ်းတို့ နတ်သျှင်နောင်တို့ အဲဒီလောက် ကြီးကျယ်တဲ့ အချစ်သီချင်းမျိုးတွေကို ဒုတိယတန်း လောက်မှာပဲ ထားလိုက်ပါ့မယ်။ ဦးလေးညိန်းဟာ သက်ဝေတို့၊ ချစ်လွန်းတင်တို့ကို ဖြတ်ကျော်ပြီးတော့ အချစ်သီချင်း တစ်ပုဒ်ကို စပ်ဆိုခဲ့ပါသေးတယ်။ ဒီလိုပါ .. ဦးလေးညိန်းဘဝမှာ အလွန်ခိုင်ခန့်တဲ့ အချစ်နဲ့ အိမ်ထောင်ရေး ရှိခဲ့ပါတယ်။ ဦးလေးငြိမ်းရဲ့ ရှုမငြီးတဲ့ ချစ်ဇနီးက ... ဒေါ်ဒေါ်သန်း တဲ့။ ဒေါ်သန်းလို့ ခေါ်ပါတယ်။

ဦးလေးညိန်းတို့မှာ သားသမီး တစ်ဒါဇင်နီးပါး ထွန်းကား ခဲ့လောက်အောင် ချောမွေ့ ပြေပြစ်တဲ့ မိသားစုဘဝကို ဖန်တီး နိုင်ခဲ့ကြပါတယ်။ ငွေကြေးအခြေခံပေါ်မှာ တိုင်းတာတာ မဟုတ်ပါဘူးခင်ဗျ။ ပကတိ မိသားစုဘဝ စည်ပင် ချမ်းမြေ့မှုကို ဆိုလိုတာပါ။ ဒါပေမဲ့ ဒေါ်ဒေါ်သန်း အသက်ကလေး အတော်ရလာတော့ မျက်ခမ်းစပ်တဲ့ ပြဿနာ ပေါ်လာပါတယ်။ ဦးလေးညိန်းက သူ့ဇနီးကို အလွန်မြတ်နိုးပါတယ်။ ဒီတော့ သီချင်းရေးဆရာ၊ ဂီတသမားပီပီ သူ့အချစ်၊ သူ့သံယောဇဉ်ကို စာဖွဲ့ပါတော့တယ်။ ဒီ အချစ်သီချင်းလေးကို လူသိနည်းပါတယ်။ ဒါ့ကြောင့်လည်း ပြန်လည် တင်ပြ ပေးလိုက်ပါတယ်။ အစိပ္ပာယ်ကို ကြိုပြီးတော့ ပြောပြထားပါမယ်။

လူတစ်ယောက်ဟာတဲ့ ... ချစ်မိပြီဆိုရင် ... ကိုယ့်ချစ်သူ ပိန်တာ၊ ဝတာ၊

ပုတာ၊ ရှည်တာ၊ မည်းတာ၊ ဖြူတာ ... ဘာမှ မမြင်တော့ဘူးတဲ့။ အရှုးအမူး ချစ်တော့ တာပါပဲတဲ့။ ဆိုကြပါစို့ .. ကိုယ့်ချစ်သူက မျက်ခမ်းစပ်နေလို့ မျက်သားတွေ နီရဲနေရင် တောင်မှ ... အဲဒီလို မျက်သား နီရဲနေတာ ကလေးတွေဟာ ... နှုတ်ခမ်းမှာ သန္တာသွေး လို ရဲနေတာလို သဘောထားပြီးတော့ ကြည်ဖြူမှာပါတဲ့။ နောက် မျက်ခမ်းစပ်နေလို့ ဖြူတ်တွေ၊ ယင်တွေ အုံရင်တောင် ... ဖြူတ်မောင်း၊ ယင်မောင်း လုပ်ပေးရင်းနဲ့ အချစ် တွေ ... ပိုကဲလာဦးမှာပါပဲ ... တဲ့။ နောက် ချစ်သူက ... ကွမ်းဝါးတာ၊ ကွမ်းစားတာ ကြိုက်တတ်ရင် ... စားသာစားပါတဲ့။ ကွမ်းစားလွန်းလို့ သွားတွေ မည်းကုန်ရင်တောင်... ကေသာဆံပင်က ပိတုန်းရောင်လို သဘောထားပြီးတော့ ... ဒီချစ်သူက ရယ်လိုက်၊ ပြုံးလိုက်လို့ သွားမည်းမည်း ကလေးတွေ ပေါ်လာရင်တောင် ဆံကေသာ ပိတုန်းရောင်ကို ချစ်သလို ... သွားကလေးတွေမှာ ပုလဲမစီဘဲ ပိတုန်းစီတယ်လို့ သဘောထားပြီး ချစ်ပါ့မယ်တဲ့။ နောက်ဆုံး ကုန်ကုန်ပြောရရင်တဲ့ ... မိုးမျှော် ဧရာတ်သီးတောင့်ကလေး တွေကို ခွေထိုးပြီးတော့ ခေါင်းမှာ ပန်ဆင်ထားရင်တောင် သူ့စိတ်ထဲမှာတော့ ... ဇွန်ကုံး ကလေးကို ပန်ထားတယ်လို့ မြင်ပြီး ချစ်နေမှာပါ မေရယ်လို့ စပ်ဆိုထားပါတယ်ခင်ဗျား။ ကတ်သီးကတ်သတ် အချစ်သီချင်းလေးပါခင်ဗျ။ အခု တေးသွားကိုပါ သီဆိုတင်ဆက် ပေးမှာ ဖြစ်ပါတယ်။ ဖျော်ဖြေရေး မဟုတ်ပါဘူး။ ဦးလေးညိန်းရဲ့ အနုပညာကို ပေါ်လွင်အောင် ဖော်ပြဖို့ ကြိုးပမ်းတာသာ ဖြစ်ပါတယ်။ တေးသွားထက် စာသားကို ဂရုစိုက် နားဆင်ကြပါခင်ဗျား။

အပြစ်ခြောက်ပါး ကင်းလွတ်တယ်ထင့် × × × ဘယ်သူဘာပြောပြော ချစ်သောသူ × × × မည်းဖြူဆူကျုံ့ နိမ့်မြင့်ကိုပင် မမြင်ပါလေကလား × × × ကျွန်တော်တော့ အလှသားပဲထင် × × × စွဲမိရင် ဒီလိုပဲမြင် × × × မယ့် မျက်ခမ်းစပ်ပါစေနီလွင် × × × ရယ်ရွှင်သဒ္ဒါသွေး × × × နှုတ်ခမ်း၏အသွေးအရောင်လိုပင် × × × ဆွဲကာယူငင် တန်ဆာ ဆင်ပြန်တော့ × × × ဖြူတ်မောင်း၊ ယင်မောင်း ကောင်းမယ် × × × ပစ်ရက်ပေါင် × × × အိုအောင်ပေါင်းချင် × × × ကွမ်းဝါးတာ ကြိုက်တတ်ပါရင် × × × ကြိုက်သလိုသာပင် သုံးဆောင်စေချင် × × × ရယ်ရွှင်ပြုံးသလားဆို × × × သွားကလေးတွေ ညိုညိုနက်ပါစေ × × × ဒန္တာဟာ ကေသီပဲပေါ့ × × × ပုလဲမကုံးပြီ ပိတုန်းစီသလိုပင် × × × ဧရာတ်သီးမိုးမျှော် ခွေထိုးလို့ပန်ဆင် × × × ကျွန်တော့်အမြင်နဲ့တော့ မေရယ် × × × ဇွန်ကုံးကလေးကို ပန်တယ်လို့ပဲထင်။

အဲဒါပါပဲ။ သောတရှင်များခင်ဗျား ... မြို့မညိန်း ... ကျွန်တော်တို့အခေါ် ဦးလေးညိန်းက ချစ်မိ၊ စွဲမိပြီဆိုရင် ... ကိုယ်ထင် ခုတင်ရွှေနန်း၊ ဘာကိုမှ

အပြစ်မမြင် တော့ဘဲ အရာရာမှာ အချစ်တွေပဲ ဝင်နေတတ်လွယ်တဲ့ သဘာဝကို ကွင်းကွင်းကွက် ကွက် ဖော်ကျူးထားတဲ့အကြောင်း ကြိုးစားတင်ပြလိုက်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၅]

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ်တော့ အပြောင်းအလဲလေး ဖြစ်သွားအောင် ဝင်းဖေ လွယ်အိတ်ထဲက ရုပ်ရှင်နဲ့ ပတ်သက် တာလေးတွေကို ဆွဲထုတ်ပြဖို့ စီစဉ်ထားပါတယ်။

အကယ်ဒမီဆုတွေ အများကြီးရထားကြတဲ့ ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခ၊ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေ၊ ရုပ်ရှင် ဇာတ်ညွှန်းတွေ ရေးခဲ့ဖူးတဲ့ စာပေပညာရှင်ကြီး ဦးသိန်းဖေမြင့် တို့အကြောင်း ကျွန်တော်တွေ့ဖူးသလို ပဏာမအားဖြင့် ပြောပြပါမယ်။ ကျွန်တော်ကိုယ်တိုင်မှ တစ်ကားနှစ်ကားပဲ ဒါရိုက်တာလုပ်ပြီး ရိုက်ရသေးတယ်... ဝတ္ထုဇာတ်ညွှန်းကလေး ၃/၄ ပုဒ်ပဲ ရေးရသေးတယ် ... ဆရာကြီး ဦးသုခက ကျွန်တော့်ကို ရုပ်ရှင်ဇာတ်ညွှန်း ရေးပေးဖို့ အလုပ်အပ်ပါတယ်။ အပ်တာမှ ... တစ်ခါတည်းနဲ့ ၃ ပုဒ်တောင် အပ်ပါတယ်။ ဆရာကြီး ဦးသုခဟာ ကိုယ်တိုင်စိတ်ကြိုက် ဝတ္ထုဇာတ်ညွှန်း တွေရေးပြီး ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ကိုယ်တိုင်လည်း သရုပ်ဆောင်တတ်တဲ့ ရှားပါး ရုပ်ရှင်ပညာရှင်ကြီးတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ ... ကျွန်တော် ဆရာကြီး အတွက် ဇာတ်ညွှန်း ရေးမပေးဝံ့ပါဘူးလို့ အနူးအညွတ် တောင်းပန်ရပါတယ်။ ဒါပေမဲ့ ဆရာကြီးက ကျွန်တော့်စကားကို လက်မခံပါဘူး။ သူဟာ အသက်ကြီးပါပြီတဲ့ ... Generation Gap ခေတ်ကာလချင်း၊ မျိုးဆက်ချင်း ကွာဟသွားပါပြီတဲ့ . ခေတ်လူငယ်တွေရဲ့စရိုက်၊ လက္ခဏာတွေကို မသိတော့တဲ့ အတွက် အကျင့်စရိုက်ကအစ...စကားအသုံးအနှုန်းတွေအဆုံး အဆက်ပြတ်နေပါပြီတဲ့။

ဒီတုန်းက ကျွန်တော့်အသက်က ၄၀တောင် မပြည့်သေးပါဘူး။ ကျွန်တော့်ကိုပဲ ဇွတ်အလုပ်အပ်ပါတယ်။ ဆရာကြီး ဦးသုခလိုပညာရှင်ကြီးက ကျွန်တော့်ကိုယုံလို့ တာဝန်ပေးတယ်ဆိုတော့.... ကျွန်တော့်မှာ အကယ်ဒမီဆုတွေ အများကြီး ရတာထက် အများကြီး တန်ဖိုးကြီးတယ်၊ ဂုဏ်သိက္ခာတက်ခဲ့ရပါတယ်။ အဲဒါထက် တန်ဖိုးကြီးတာ ကတော့ ဝတ္ထု ဇာတ်ညွှန်း ရေးကြတဲ့နေရာမှာ ... ကိုယ်သိတဲ့ခေတ်၊ ကိုယ်သိတဲ့ ကာလ၊ ကိုယ်သိတဲ့နေရာ၊ ဒေသ၊ သဘာဝ၊ စရိုက်၊ ဝန်းကျင် ... ကိုသာ ပီပြင်အောင် ရေးနိုင်ကြမှာဖြစ်တယ်၊ ကိုယ်မသိလို့ မကျွမ်းကျင်တာတွေကို ဖော်ကျူးရင် မပီပြင် နိုင်ဘူးဆိုတဲ့ ပညာအသိ၊

ပညာသတိကို သင်ကြား ပေးသွားတာပါပဲ။ အခု လက်တွေ့ ဒီနေ့ခေတ်လူငယ်တွေရဲ့ အကျင့်စရိုက်နဲ့ စကားအသုံးအနှုန်းတွေကို ကျွန်တော် လိုက်မမီတော့ပါဘူး။ ခေတ်ကို မြင်တဲ့၊ ခွဲခြမ်းစိတ်ဖြာနိုင်တဲ့၊ အလွန်တော်တဲ့ ခေတ်လူငယ်၊ ရုပ်ရှင်ပညာရှင်ကလေးတွေ အများကြီး ပေါ်ထွက်နေပါပြီ။ ကျွန်တော် မြန်မာရုပ်ရှင် လောကကို ဝင်လာတဲ့အခါမှာ လက်တွေ့ကျကျ ထိထိရောက်ရောက် စောင်မ ကြည့်ရှု ကူညီခဲ့တဲ့ ကျေးဇူးရှင် ပုဂ္ဂိုလ်တွေထဲမှာ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေဟာ ထိပ်တန်းမှာ ရှိပါတယ်။ ကျွန်တော် အနုပညာ ကျောင်းအုပ် လုပ်နေစဉ် ကတည်းက မင်းသားကြီးနဲ့ ခင်မင်ခဲ့ရတာမို့ ဦးထွန်းဝေက ကျွန်တော့်ကို ဆရာကြီး လို့ခေါ်ဖို့ နှုတ်ကျိုး နေပါတယ်။ ဒါက ဂုဏဝုဍ်၊ ဝယဝုဍ်ဆိုတာတွေနဲ့ မဆိုင်ပါဘူး။ ကျွန်တော်ကတော့ မင်းသားကြီးကို တလေးတစားနဲ့ လေးလေးထွန်းဝေလို့ ခေါ်ပါတယ်။

သဘာဝ အမူအရာ ရှိတယ်လို့ ကျော်ကြားပြီးတော့ကာ သဘာဝမင်းသားကြီးလို့ လူသိများတဲ့ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေက … "ဒီမယ်ဆရာကြီး Acting ဆိုတာ Acting လုပ်နေမှန်း သိနေရင်လည်း မနိပ်ဘူးဗျ၊ သဘာဝအတိုင်း လုပ်လို့ ဆိုပြန်ရင်လည်း လုပ်ကြည့်ပါ။ မရပါဘူး။ Acting လုပ်တာမှန်း မသိအောင်လုပ်တဲ့ Acting မျိုးကမှ တကယ့်အနုပညာပါဗျာ" လို့ အလေးအနက် ပြောဖူးပါတယ်။ အနုပညာဆိုတာ လူက လုပ်တာပါတဲ့။ သဘာဝ အတိုင်း ရှိနေတာတွေကို ရိုက်ပြီးတော့ သူ့ဟာသူ ကြည့်လို့ကောင်းနေတာတွေဟာ တကယ်တော့ မှတ်တမ်းတင် သဘောပါပဲလို့ ရှင်းပြပါတယ်။ ကျွန်တော်နဲ့ ကားတော်တော်များများ ရိုက်ဖြစ်ကြတော့ မင်းသားကြီးဦးထွန်းဝေရဲ့ လက်တွေ့ အနုပညာကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပါတယ်။ လေးလေးထွန်းဝေ ပြောပြတာတွေ အများကြီး ရှိပါသေးတယ်။ နောင်မှ ကြုံသလို တင်ပြပါ့မယ်။

စာပေပညာရှင်ကြီး ဆရာ ဦးသိန်းဖေမြင့်ဟာ . မင်းသားကြီး ဦးထွန်းဝေရဲ့ ဆရာရင်း တစ်ယောက်လည်း ဖြစ်ပါတယ်။ မင်းသားကြီးက တစ်ဆင့် ကျွန်တော် ဆရာဦးသိန်းဖေမြင့်နဲ့ ရင်းနှီးကျွမ်းဝင်ခွင့် ရခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ် မတိုင်ခင်က ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှာ ဆရာဦးသိန်းဖေမြင့် ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးခဲ့တဲ့အကြောင်း ကျွန်တော်သိရတော့ ကျွန်တော်ကလည်း ဆရာကြီးထံမှာ ကျွန်တော့်အတွက် ရုပ်ရှင် ဇာတ်ညွှန်းရေးပေးဖို့ ပူဆာ ဖူးပါတယ်။ ဆရာကြီး "ကိုဝင်းဖေရေ … အရင်က ကျုပ်ဇာတ်ညွှန်း ရေးခဲ့ဖူးတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ခုတော့ မရေးတော့ဘူးဗျာ" လို့ ပြောပါတယ်။ ဘာဖြစ်လို့တုံးဆိုတော့ တဲ့ … ဇာတ်ညွှန်းရေးရင် စာပျက်တယ် လို့ ပြောပါတယ်။ ရုပ်ရှင်ဇာတ်ညွှန်း ဆိုတာ စာမဟုတ်ဘူးတဲ့၊ ရုပ်ရှင်ရိုက်ဖို့ အညွှန်းတွေ ရေးရတာတဲ့၊ ဒါ့ကြောင့် တကယ် စာကောင်းပေကောင်း

ရေးတဲ့အခါမှာ စာပျက်တယ် တဲ့။ ဟာ ဟုတ်ပေသားပဲဆိုပြီး ကျွန်တော်လည်း ချက်ချင်း မှတ်သားထားလိုက်ပါတယ်။ နောက် ကျွန်တော် ကြုံကြိုက်လို့ အိုင်အိုဝါတက္ကသိုလ် International Writing Programme ကို တက်ရောက်ခွင့် ရတဲ့အခါမှာတော့ ကျွန်တော်ရေးခဲ့ဖူးတဲ့ ရုပ်ရှင်ဇာတ်ညွှန်းတွေနဲ့ ပတ်သက်လို့ ဒါတွေဟာလည်း စာပေပါပဲလို့ ဆွေးနွေးသတ်မှတ်ပေးခဲ့ကြပါတယ်။ အရှည်ကိုတော့ နောက်မှ ဆက်လက်ဆွေးနွေးပါ့မယ်။ ဒီတစ်ပတ် ဒီလောက်နဲ့ပဲ နားလိုက်ပါရစေ။

ကျန်းမာချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့ အပတ်က ရုပ်ရှင်ဒါရိုက်တာကြီး ဦးသုခ၊ နောက် သဘာ၀ မင်းသားကြီး ဦးထွန်းဝေ၊ စာရေးဆရာကြီး ဦးသိန်းဖေမြင့်တို့နဲ့ ကျွန်တော် ဆုံစည်းခဲ့ရတာ ကလေးတွေကို ပဏာမ တင်ပြခဲ့ပါတယ်။

ဆရာကြီးဦးသုခနဲ့ တွေ့တိုင်း ကျွန်တော့်ကို အသိပညာ လက်ဆောင် ကလေးတွေ ပေးလေ့ရှိပါတယ်။ ကျွန်တော် အနုပညာ ကျောင်းအုပ် လုပ်နေစဉ်က ဆရာကြီးနဲ့ တစ်ခါဆုံခွင့်ရပါတယ်။ အဲဒီတုန်းက ဆရာက ချစ်မုန်းမာန် ဇာတ်ကားကို ဒုတိယအကြိမ် ပြန်ရိုက်ဖို့အတွက် ဒုတိယအရေးအကြီးဆုံး ဇာတ်ကောင် နေရာမှာပါဖို့ သရုပ် ဆောင်သစ် တစ်ယောက် လိုအပ်နေလို့ အဲဒီစရိုက်မှာကလည်း ပတ္တလား တီးတတ်ဖို့၊ သီချင်းဆိုတတ်ဖို့ ... စတာတွေ .. ဖြစ်နေလို့ ကျွန်တော့်ကို အကူအညီတောင်းတာ ဖြစ်ပါတယ်။ ဒီတုန်းက ဆရာကြီးက သူ ဝင်းလိုက် ရုပ်ရှင်ရုံမှာ ကြုံကြိုက်လို့ ကရာ ကာတူဝါး အိစ်အော့(ဖ်)ဂျာဗား ဆိုတဲ့ကားကို ပါဝင်တဲ့ သရုပ်ဆောင်တွေကို ကြိုက်လို့ ဝင်ကြည့်ခဲ့တဲ့ အကြောင်း ပြောပါတယ်။ ကျွန်တော်ကလည်း အမှတ်တမဲ့ ဖျတ်ခနဲ .. အဲဒီကားဟာ အတော် ညံ့ကြောင်း ပြောလိုက်မိပါတယ်။ ဒီတော့ ဆရာကြီးက ကျွန်တော်ပြောတာ မှန်ကြောင်း၊ ဒါပေမဲ့ သူကတော့ ပညာတွေ ရခဲ့ကြောင်း၊ ပညာသင်တဲ့ နေရာမှာ ဆောင်ရန်၊ ရှောင်ရန် နှစ်မျိုးရှိတဲ့ အကြောင်း၊ သိပ်ကောင်းတဲ့ ရုပ်ရှင်ကားတွေထဲက ဆောင်ရန် ပညာတွေရသလို၊ သိပ်ညံ့တဲ့ ကားတွေကို ကြည့်ရင် ရှောင်ရန် ပညာတွေ ရနိုင်တဲ့အကြောင်း၊ ဥပမာကလေးတွေနဲ့ ရှင်းပြပါတယ်။ သူက အဲဒီ ကရာကတူးဝါး ဇာတ်ကားကို ဒေါသထွက်ရမယ့် အစား ကြံကြံဖန်ဖန် ကျေးဇူးတင်ပြီးတော့ ကုသိုလ်စိတ်တောင် ပွားနေပါတယ်။

ကျွန်တော်ကတော့ အဲဒီကားကိုရိုက်တဲ့ ဒါရိုက်တာကို ဒေါသဖြစ်နေရလို့ ရှောင်ရန် ပညာကို သတိရဖို့ နေနေသာသာ အကုသိုလ် စိတ်တွေတောင် ပွားနေမိပါတယ်။ ဆရာကြီးဦးသုခဟာ အဲဒီလို အကောင်းမြင် ကုသိုလ်စိတ် အခြေခံရှိလို့ ဘာသာရေးကားတွေ ရိုက်ပြီး အောင်မြင်ကျော်ကြား၊ ထူးထူးကဲကဲ ဒါနတွေ ပွားနိုင်တာ ဖြစ်ပါတယ်။ ဒီနောက် ကျွန်တော် ဆောင်ရန် ပညာတွေသာမကဘဲနဲ့ ရှောင်ရန်ပညာတွေကိုပါ ယူတတ်လာပါတယ်။

ရန်သူကိုတောင် ကျေးဇူးတင်တတ် လာပါတယ်။ ကျွန်တော် ငယ်ငယ်ကတည်းက ရုပ်ရှင် သိပ်ကြိုက်ပါတယ်။ ရုပ်ရှင်ပညာကိုလည်း သိပ်အထင်ကြီးပြီးတော့ သိပ်ကြောက်လန့် နေခဲ့ပါတယ်။ ရုပ်ရှင်ဒါရိုက်တာလုပ်ဖို့ ရည်ရွယ်ချက် မရှိခဲ့ပါဘူး။ ဒါပေမဲ့ တစ်နေ့မှာ အလွန်ညံ့ဖျင်းတဲ့ ရုပ်ရှင်ဇာတ်ညွှန်း တစ်ခုကို သွားတွေ့ပါတယ်။ ဒါပေမဲ့ အဲဒီဇာတ်ညွှန်းနဲ့ ရိုက်တဲ့ကားဟာ အလွန် အောင်မြင်ကျော်ကြား ဝင်ငွေများတဲ့အကြောင်း သိရပြန်ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဒီလောက်ကတော့ ငါလည်း ရေးရင် ဒီ့ထက်တောင် ကောင်းဦးမယ်လို့ တွေးမိလာပါတယ်။ အဲဒီ ညံ့ဖျင်းတဲ့ ရုပ်ရှင်ဇာတ်ညွှန်းထဲက ရှောင်ရန် ပညာတွေအများကြီး ရလိုက်ပါတယ်။ ဒါနဲ့ပဲ ရုပ်ရှင်ဇာတ်ညွှန်း စရေးဖြစ်ရာက နောက်တော့ ရုပ်ရှင်ဒါရိုက်တာ ဖြစ်တဲ့အထိ သတ္တိ ရှိသွားပါတော့တယ်။ အဲဒီကျေးဇူးအတွက် ဆရာကြီးဦးသုခကို သွားပြီးပြောပြရင်းနဲ့ ကန်တော့ ဖူးပါတယ်။

နောက်တစ်ခုက မြန်မာပရိသတ်ရဲ့ အကြိုက်ကို ဆရာဦးသုခ အလွန်သိတဲ့အကြောင်း၊ အဲဒီအကြောင်ကို ကိုင်ပြီး ရုပ်ရှင်ကြည့် ပရိသတ်ရဲ့ ခံစားချက်ကို အပိုင်ဖမ်းနိုင်တာ ဖြစ်ကြောင်း ပြောကြရင်း ဆရာကြီးက ... မြန်မာ ဇာတ်ပွဲ သဘင်ကြည့် ပရိသတ်ရဲ့ အထာကို အခြေခံပြီး စဉ်းစားကြံဆခဲ့တာ မှန်ပေမဲ့ မြန်မာဇာတ် ပရိသတ် သိပ်ကြိုက်ခဲ့တဲ့ "ငို"ချင်း ကိစ္စကိုတော့ သူ မယူခဲ့တဲ့ အကြောင်း၊ လူသားဆန်တဲ့ အလွမ်းဇာတ်ခံကို လက်ခံပေမဲ့ ငါးပွက်ရာငါးစာချ၊ ပရိသတ် အကြိုက်ကို ဇာတ်ပညာရှင်တွေက အလွန်အကျွံလိုက်ပြီးတော့ ငိုချင်းချတာတွေကို အလွန်အကျွံ နေရာပေး၊ ပွဲကချိန် သုံးချိုး နှစ်ချိုးလောက်ကို အပူတိုက်အခန်းတွေက နေရာယူ၊ စစ်သူကြီးကလည်း ငို၊ ရှင်ဘုရင် ဆိုတာကြီးတွေက လည်းငို၊ ဘုရားအလောင်းတော် ကလည်းငို ... ဖြစ်ကုန်လို့ အတော် ကျက်သရေမရှိ ဖြစ်ကုန်တယ်လို့ သူ့ရဲ့အမြင်ကို ပြောပြပါတယ်။

သောတရှင်များခင်ဗျာ ... ဆရာကြီးဦးသုခရဲ့ စေတနာကနေ ဝေဒနာ ဖြစ်သွား ခဲ့ရတာကလေးတွေကိုလည်း ကြုံတုန်း ရယ်ပွဲကလေး ဖွဲ့ဖို့ တင်ပြလိုက်ပါရစေ။ တစ်နေ့မှာ ... မန္တလေးမြို့က ထမင်းဆိုင်လုပ်ငန်းနဲ့ အောင်မြင် ကြီးပွားနေတဲ့ လုပ်ငန်းရှင် တစ်ဦးက ဆရာကြီးဦးသုခကို အလွန် ကြည်ညိုရင်းစွဲ ရှိတဲ့အတွက် ဆရာကြီးကို ထမင်း ဖိတ်ကျွေးရင်းနဲ့ မိတ်ဖွဲ့ ဂါရဝပြုပါတယ်။ ထမင်း/ဟင်းတွေက အလွန် အရသာရှိတဲ့အတွက် ဆရာဦးသုခကလည်း နှစ်ထောင်း အားရနဲ့ ချီးကျူးစကား ပြောပါတယ်။ ဒီတော့ ထမင်းဆိုင်ပိုင်ရှင်က သူ့ဆိုင်မှာ ကြော်ငြာအနေနဲ့ ရေးပြီး ကပ်ထားဖို့ စာသားလေးတစ်ခု ဆရာကြီးက ချီးမြှင့်ပေးဖို့ တောင်းခံပါသတဲ့။ ဆရာကြီးကလည်း လောလောဆယ် မြန်မြန် ရှက်ရှက်စားပြီး အရသာရှိလွန်းလို့ သိပ်ကျေနပ်နေတာ မဟုတ်လား ... ဒီတော့ကာ

… ဒီဆိုင်မှာ စားကြည့်၊ အရသာရှိမယ်။ မတန်ရင် ပန်းကန်ကို ရိုက်ခွဲနိုင်တယ် … လို့ ကာရန်ကလေးနဲ့ ရေးပေးလိုက်သတဲ့။ ဆိုင်ရှင်ကလည်း ဆိုင်းဘုတ်ကလေး ရေးပြီး သူ့ဆိုင်မှာ ကပ်ထားသတဲ့။ လောကမှာ လူဆိုး၊ လူရွှတ်၊ လူပေ၊ လူကပ်တွေက ရှိတယ် မဟုတ်လား။ ဘာကြာလိုက်လို့လဲ အဲဒီဆိုင်မှာ မတန်လို့ဆိုပြီး ပန်းကန်ကို ရိုက်ခွဲကြတာတွေရှိလာလို့ ကြော်ငြာ ဆိုင်းဘုတ်လေးကို မြန်မြန် ပြန်ဖြုတ် ထားလိုက်ရပါသတဲ့ခင်ဗျာ။

ကျွန်တော်အခုလို ဖော်ကောင် လုပ်တာကို ဆရာကြီးဦးသုခ သိရင်လည်း ကျွန်တော့်ကို ရယ်ရယ်မောမောနဲ့ ခွင့်လွှတ်မှာပါ။ ဆရာကြီး ကိုယ်တိုင်ကလည်း ဟာသဉာဏ်ကို တမြမြနေအောင် သွေးနေသူ ဖြစ်ပါတယ်ခင်ဗျာ။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေ ပါ။

[၇]

သောတရှင်များခင်ဗျာ

ပြီးခဲ့တဲ့အပတ်က ရုပ်ရှင်သဘာဝမင်းသားကြီး ဦးထွန်းဝေကို ကျွန်တော်က လေးလေးထွန်းဝေလို့ခေါ်ပြီး မင်းသားကြီးကတော့ ကျွန်တော့်ကို ဆရာကြီးလို့ခေါ်တဲ့ အကြောင်း ပြောပြခဲ့ပါတယ်။ ဒါကလည်း ကျွန်တော်ဟာ အနုပညာ ပန်တျာနဲ့အက ကျောင်းမှာ ကျောင်းအုပ်လုပ်ခဲ့တာမို့ လေးလေးအနေနဲ့ ကျွန်တော့်ကို ဆရာကြီးလို့ နှုတ်ကျိုး နေခဲ့တာ ဖြစ်ပါတယ်။ ရုပ်ရှင်မျိုးရိုး အဆက်အစပ် မရှိတဲ့ ကျွန်တော့်ကို ဝါရင့် ရုပ်ရှင်ပညာရှင်ကြီး ဦးထွန်းဝေက ဆရာကြီးလို့ ခေါ်တဲ့အတွက် ရုပ်ရှင်နယ်အတွင်း ကျွန်တော့် စောစောပိုင်းကာလတွေမှာ အတော်ကြီးကို လုံခြုံမှု ရှိခဲ့ပါတယ်။

ဦးထွန်းဝေဟာ တရုတ်-မြန်မာ ကပြားဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့ယဉ်ကျေးမှုနဲ့ တရုတ်ယဉ်ကျေးမှုကို အထူးလေးစား ဦးထိပ်ထားပါတယ်။ တရုတ်စကား ၃/၄ မျိုးကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သလို မြန်မာစကား ကိုလည်း အလေးအနက် ပြောတတ်သူ ဖြစ်ပါတယ်။ မင်းသားကြီး ဦးထွန်းဝေဟာ နောက်ပေါ် ရုပ်ရှင်မင်းသားတွေက စကားပြော အရာမှာ စံထား အတုယူကြရတဲ့ စံပြ အပြောကောင်းသူ ဖြစ်ပါတယ်။ မြန်မာစကားပီပြင်ပြီး စာပေါင်ပဲ့အောင် ပြောနိုင်သူ ဖြစ်ပြီးတော့ကာ ခံစားချက်တွေနဲ့ ကိုက်ညီအောင်လည်း ပြောနိုင်သူဖြစ်ပါတယ်။ ကျွန်တော် မန္တလေးကနေ ဖောင်ဖျက်ပြီးတော့ ရုပ်ရှင်နယ်ထဲဝင်ဖို့ ရန်ကုန်ကိုပြောင်းလာတော့ သူနဲ့တစ်ရပ်တည်းနေဖို့ အိမ်ကအစ စီစဉ်ပေးတာ မင်းသားကြီးပဲ ဖြစ်ပါတယ်။ နောက် ဖုန်းရော၊ ရုံးသုံး ပရိဘောဂတွေပါ အပြည့်အစုံရှိတဲ့ သူ့ရုံးခန်းကို ကျွန်တော့်ရုံးခန်း အဖြစ်သုံးဖို့ အခမဲ့ခွင့်ပြု ကြည့်ရှု စောင့်ရှောက်ခဲ့သူဟာလည်း မင်းသားကြီး ဦးထွန်းဝေပဲ ဖြစ်ပါတယ်။ ကျွန်တော့် ဒုတိယကားဖြစ်တဲ့ မဟူရာကို မင်းသားကြီးပိုင်ကုမ္ပဏီက ထုတ်လုပ်ခွင့်ပြုခဲ့ပါတယ်။ မဟူရာရိုက်လို့ ၃ ရက်မြောက်တဲ့ နေ့မှာပဲ ကတ်တစ်ကတ်ကို ၃ ခါပြန် အစမ်း လုပ်ကြည့်ပြီးတော့မှ တကယ်ရိုက်တော့မယ်လို့ ပြင်ဆင်တဲ့အခါမှ လေးလေးထွန်းဝေက နောက်တစ်ခေါက်ထပ်ပြီးတော့ အစမ်းလေ့ကျင့်ပါရစေလို့ တောင်းဆိုပါတယ်။ သူပြောတဲ့အတိုင်း လုပ်ခွင့် ပေးလိုက်တော့ သူနဲ့အတူ အိုက်တင် လုပ်ကြရတဲ့ အစ်ကိုကြီး ကောလိပ်ဂျင်နေဝင်းနဲ့ ကိုကျော်ဟိန်းတို့လည်း သိသိဘာသာကြီးကို ပိုကောင်းလာတာ တွေ့ရပါတယ်။ အဲဒီညနေက ရိုက်ကူးရေးပြီးတော့ သူ့အိမ်မှာ

ကျွန်တော့်ရဲ့ ပျော့ကွက်ကို ထောက်ပြပါတယ်။ ကျွန်တော်ဟာ အားနာတတ်တယ်တဲ့၊ ပြီးတော့ ရသမျှနဲ့ ရောင့်ရဲတတ်တယ်တဲ့။ ရုပ်ရှင်ရိုက်တဲ့ နေရာမှာ အဲသလို အားနာတတ်ရင်၊ ရသမျှနဲ့ ရောင့်ရဲတတ်ရင် ကိုယ့်အတွက်ရော၊ အများအတွက်ပါ အများကြီး နစ်နာနိုင်တယ်လို့ ရှင်းပြအကြံပေးပါတယ်။ ကျွန်တော့်အတွက်တော့ တစ်သက်လုံး သုံးသွားဖို့ အလွန် တန်ဖိုးကြီးတဲ့ သတိပေး၊ အကြံပြုချက်တစ်ခုကို ရလိုက်တာပါပဲ။

မဟူရာဇာတ်ကား ဇာတ်သိမ်းပိုင်း ရိုက်ရာမှာတော့ ကောလိပ်ဂျင်နေဝင်းက သူ့ကို သေနတ်နဲ့ ၃ ချက် ဆက်တိုက်ပစ် အပြီး၊ သူ့ရင်အုံ ၃ ချက် ပွင့်ထွက်သွားအပြီး ကောလိပ်ဂျင်ကို ရိုက်သတ်အပြီး၊ စကားတောင် မပြောတတ်သေးတဲ့ မြေးကလေးကို သွေးရူးသွေးတန်းနဲ့ မှာကြား ပြောဆိုတဲ့ အခန်းကို ကျွန်တော်က ဘာအစမ်းမှ လေ့ကျင့်မနေတော့ဘဲ တောက်လျှောက် ရိုက်ပါတယ်။ အချိန်က နေဝင်တော့မှာမို့ အချိန်ကို လုလိုက်တာလည်း ဖြစ်ပါတယ်။ လေးလေးရဲ့ပညာကို ယုံလို့လည်း ပါပါတယ်။ အလွန်လည်း အောင်မြင်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီညနေ အိမ်ပြန်ရောက်ကြတော့ လေးလေးက ကျွန်တော့်ကို ဖွင့်ပြီးတော့ ချီးကျူးပါတယ်။ ဒီလိုအခန်းမျိုးမှာ ပျက်ခါမှ ပျက်ကရော ... ဒီလိုကို တောက်လျှောက် လုပ်ခွင့် ပေးသင့်တဲ့အကြောင်း၊ အစမ်းလေ့ကျင့်တာတွေ လုပ်မနေသင့်ကြောင်း၊ လုပ်နေရင် ခံစားချက်တွေ ယိမ်းယိုင်သွားနိုင်ကြောင်း ရှင်းပြရင်းနဲ့ အားပါးတရ ပြောရှာပါတယ်။

ဒါပေမဲ့ အဲဒီအခန်းတွေကို စစ်အစိုးရ ဆင်ဆာက ခွင့်မပြု၊ ဖြတ်တောက်ပစ်ခဲ့ပါတယ်။ အဲဒီ မဟူရာကားထဲမှာပဲ ကျွန်တော်က မြန်မာတွေ လက်ဖက်စားပုံကို ပီပီပြင်ပြင်ပြချင်လို့ လေးလေးကို လက်ဖက်စားခန်း ရိုက်ပါတယ်။ လေးလေးက ပီဘိ ရှေးဗမာကြီးတစ်ယောက် လက်ဖက်စားနေတာလို ပိုင်ပိုင်နိုင်နိုင် လက်ဖက်စားပြ သွားပါတယ်။ လေးလေးဟာ နေရာတကာမှာ မြန်မာအလွန်ဆန်တာ မှန်ပေမဲ့ လက်ဖက်မကြိုက်သူ၊ စားလေ့စားထမရှိသူ၊ စားကျင့် မရှိသူဖြစ်ပါတယ်။ ဒါပေမဲ့ သဏ္ဌာန်လုပ် သရုပ်ဆောင်တဲ့နေရာမှာ အလွန် ပီပြင်လှပါတယ်။ မင်းသားကြီး ဦးထွန်းဝေဟာ အကယ်ဒမီ ဆုများရှင်တစ်ယောက် ဖြစ်ပါတယ်။ သူ့ကို အားကျ၊ စံထားပြီးတော့ ရုပ်ရှင်နယ်မှာ အောင်မြင် လာကြသူတွေလည်း အများကြီးရှိပါတယ်။ လေးလေးရဲ့ ရုပ်ရှင်လုပ်သက်ဟာ ရာစုနှစ် ထက်ဝက်လောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်စိန်ရတု သဘင် ဆင်ယင်ကြတဲ့အခါမှာတော့ စစ်အာဏာရှင်အစိုးရက ဦးဆောင်တာမို့ ရုပ်ရှင်သမိုင်းမှာ ဦးထွန်းဝေကို ချန်လှပ်ထားခဲ့တာကို တွေ့ရပါတယ်။ မြန်မာ ရုပ်ရှင်သက် ၇၅ နှစ်မှာ နှစ်ပေါင်း ၅၀ လောက် လွှမ်းမိုး ထင်ရှားခဲ့တဲ့ ရုပ်ရှင်မင်းသားကြီး တစ်ယောက်အကြောင်း မပါဘဲ မြန်မာရုပ်ရှင်သမိုင်းဟာ

ဘယ်လိုမှ အဂ္ဂါမစုံနိုင်ပါဘူးလို့ ရုပ်ရှင်ပညာသည်တွေနဲ့ လူထုက ကောင်းကောင်းကြီး မှတ်ချက်ပေးခဲ့ကြပါတယ်။

မင်းသားကြီးကို တစ်ချိန်က ရက်ပေါင်း ၅၀၀ တိတိ နိုင်ငံရေးအကျဉ်းသား အဖြစ် ထောင်ချ အပြစ်ပေးခဲ့ ဖူးပါတယ်။ မေးကြည့်တော့ ... သူ့ကို ပေါင်းတလည်မြို့၊ စစ်ခေါင်းဆောင်ကြီး မွေးတဲ့အိမ်နဲ့ ၅ အိမ်ကျော်မှာ မွေးခဲ့လို့ အခုလို ရက်ပေါင်း ၅၀၀ ထောင်ချခံခဲ့ရတာ ဖြစ်တဲ့ အကြောင်း၊ ၁၀ အိမ်ကျော်မှာသာ မွေးရင် ရက်ပေါင်း ၁၀၀၀ ခံရနိုင်ကြောင်း ရယ်ရယ်မောမောနဲ့ ပြောဆိုပါတယ်။ စစ်ခေါင်းဆောင်ကြီးရဲ့ ညှိုးမာန်ဖွဲ့မှု ပါနေကြောင်း သွယ်ဝိုက် ပြောပြသွားတာ ဖြစ်ပါတယ်။ နောက်မှ လေးလေးထွန်းဝေ အကြောင်း ကြုံသလို ပြောပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က မဟူရာဆိုတဲ့ ဇာတ်ကားကို ရိုက်တဲ့အကြောင်း လေးလေး ထွန်းဝေနဲ့ ပတ်သက်ပြီးပြောခဲ့တော့ အစ်ကိုကြီး ကိုနေဝင်းတို့ ကိုကျော်ဟိန်းတို့ အကြောင်းတွေကို သတိရလာပြန်ပါတယ်။ ဒီကနေ့ ခေတ်လူငယ်တွေအတွက် ကောလိပ်ဂျင်နေဝင်း အကြောင်းဆိုတာ သမိုင်းထဲ ရောက်သွားပါပြီ။ ကိုကျော်ဟိန်း ကတော့ သူတို့စာရင်းမှာ အနံကယ်ကြီးပေါ့လေ။ လူတွေက သမိုင်းကိုလည်း စိတ်ဝင်စား တတ်ကြပါတယ်။ ကြုံတုန်းကြိုက်တုန်း အစ်ကိုကြီး ကောလိပ်ဂျင် နေဝင်းရဲ့ အနုပညာ ခံယူချက်အယူအဆကိုလည်း ပြောချင်ပါတယ်။

အစ်ကိုကြီးကိုနေဝင်းနဲ့ ကျွန်တော်နဲ့ကလည်း သံယောဇဉ် အတော်ကြီးခဲ့ကြပါတယ်။ အစ်ကိုကြီးကိုနေဝင်းဟာ ရုပ်ရှင်လောကမှာ လူချစ်လူခင်အများဆုံး မင်းသားကြီး တစ်လက်လည်း ဖြစ်ပါတယ်။ ကောလိပ်ဂျင်နေဝင်းနဲ့အတူ ကျွန်တော် အရက်ကောင်းကောင်း သောက်ဖူးပါတယ်။ အရက်ဆိုတာ ဆိုးဆိုးလည်း သောက်လို့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်က ကောင်းကောင်း သောက်ဖူးတယ်လို့ ခွဲခြားပြီး ပြောတာပါ။ အစ်ကိုကြီးကိုနေဝင်းက အရက်ကို အတော် ကြိုက်ပါတယ်။ ဒါပေမဲ့ အားကစားသမားပီပီ အရက်ကို ကောင်းကောင်း သောက်တတ်ပါတယ်။ အချိန်အဆနဲ့ သောက်ပါတယ်၊ စည်းနဲ့ ကမ်းနဲ့ သောက်တာပါ။ မမုန်းလေနဲ့ပေလီ ဇာတ်ကားရိုက်ဖို့ ပေလီမှာဆုံကြတော့ အစ်ကိုကြီးနဲ့ ကျွန်တော်တို့ ညနေဘက်တွေမှာ အတူသောက်ကြတာပါပဲ။ ဒါပေမဲ့ သူ့ Limit ရောက်လို့ အချိန်တန်လာရင် အစ်ကိုကြီး ကိုနေဝင်းက “ငါတော့ လစ်မစ်ရောက်ပြီ၊ အိပ်တော့မယ် မောင်” ဆိုပြီး ဘယ်လိုမှ တားလို့မရပါဘူး၊ အိပ်ရာဝင်ပါတယ်။ မနက်ကျရင် အစောကြီးနိုးနေပြီး ကမ်းခြေ သဲသောင်တွေပေါ်မှာ လမ်းလျှောက်၊ ဂေါက်သီးရိုက် လုပ်နေပါပြီ။ ဒါ့ကြောင့် အစ်ကိုကြီး ကိုနေဝင်းဟာ အရက်ကို ကောင်းကောင်း သောက်တတ်သူလို့ ကျွန်တော် ပြောတာပါ။ သူ စောစောစီးစီး ကွယ်လွန်တော့ နားမလည်တဲ့သူတွေက အရက်ကြောင့် သေတယ်လို့ ပြောကြပါတယ်။ ကျွန်တော်တို့ကတော့ သူဟာ တခြား အကြောင်းတွေကြောင့် စောစောစီးစီး ကွယ်လွန်ရတယ်လို့ပဲ ယုံပါတယ်။ ကျွန်တော်တို့ သူ့အကြောင်းကို ကောင်းကောင်း သိနေကြတာပဲ။ သူ့အနုပညာနဲ့ ပတ်သက်ပြီး သူက

ဒီလိုပြောဖူးပါတယ်။ "ဒီမယ် ကိုဝင်းဖေ ... အမူအရာ လုပ်ကြတဲ့နေရာမှာ လူအများက ဒီလိုဖြစ်သင့်တယ်လို့ ယူဆကြတဲ့ အမူအရာမျိုးတွေရှိသလို ဒီလိုကော မဖြစ် နိုင်ဘူးလား ဆိုတဲ့ ကွဲပြားတဲ့ အမူအရာတွေလည်း ရှိတယ်ဗျ။ ကျွန်တော်က ဒုတိယ အမျိုးအစား ထဲကလေ..."လို့ ပြောပါတယ်။ ရှင်းအောင်ပြောရရင် ဓမ္မဓိဋ္ဌာန်နဲ့ ပုဂ္ဂလဓိဋ္ဌာန်ကို ပြောတာပါပဲ။ အနုပညာဟာ အဓိကအားဖြင့် ပုဂ္ဂလ ဓိဋ္ဌာန်၊ အတ္တအခြေခံအား များပါတယ်။ ဓမ္မဓိဋ္ဌာန်ကို တတ်နိုင်သမျှ တွန်းလှန်တဲ့ သဘောသဘာဝ ရှိပါတယ်။

ဒါ့ကြောင့် အနုပညာတွေဟာ လောကီကိစ္စတွေ ဖြစ်ပါတယ်။ လောကုတ္တရာ ကိစ္စတွေကတော့ ဓမ္မဓိဋ္ဌာန်ကျဖို့ သိပ်အရေးကြီးပါတယ်။ ဒါ့ကြောင့် အစ်ကိုကြီး ကိုနေဝင်းဟာ ကိုယ်ပိုင်ဟန်ကို သိပ်ကြိုက်ပါတယ်။ ကိုယ်ပိုင်ဟန် ကိုလည်း လုပ်မယူရဘဲ သက်သောင့်သက်သာနဲ့ ရနေနိုင်သူဖြစ်ပါတယ်။ ဘာစရိုက်ကိုရအောင် လုပ်ရမှာမို့၊ ဘာဖြစ်သင့်တဲ့ အတွက်၊ ဘာတွေကို ဘယ်လိုလုပ်လိုက်ရင် ရမယ် ... ဆိုတဲ့ သဘောတရားဟာ အကျိုးတရား၊ အကြောင်းတရားနဲ့ ချဉ်းကပ်တဲ့နည်း ... Intel-lectual Approach... ဖြစ်ပါတယ်။ ဘယ်လိုစရိုက်၊ ဘယ်လို ဇာတ်ကောင်ကို လိုချင်တယ်လို့ သိရတဲ့အချိန်မှာ သူ့အလိုလို အမူအရာတွေ ထွက်လာတာဟာ ခံစားချက် ကနေ ထွက်တဲ့နည်း Intuitionistic Approach ဖြစ်ပါတယ်။ အစ်ကိုကြီး ကိုနေဝင်း ရဲ့ သဘာဝက ဒုတိယနည်းဖြစ်ပါတယ်။

မဟူရာဇာတ်ကားမှာ မင်းသားကြီးဦးထွန်းဝေနဲ့ မင်းသားကြီး ကောလိပ်ဂျင်နေဝင်းတို့ အပြိုင်အဆိုင် သရုပ်ဆောင် ကြရာမှာ လေးလေးထွန်းဝေက ကျိုးကြောင်း ဆင်ခြင်တဲ့နည်း Intelluctual Approach နဲ့ ခံစားချက်အရ ထုတ်တဲ့နည်း Intuative Approach နှစ်ခုစလုံး သုံးခဲ့ပြီးတော့ အစ်ကိုကြီးကိုနေဝင်းကတော့ ခံစားချက်က ထွက်တဲ့နည်း Intuitionistic Approach သက်သက်ကိုသာ သုံးသွားပါတယ်။ မင်းသားကြီး နှစ်ယောက်စလုံးဟာ ပါရမီရှင်တွေ ဖြစ်ကြတဲ့အတွက် တစ်ယောက် နဲ့တစ်ယောက် ရုပ်ရှင်ပညာအရ အနိမ့်အမြင့်မရှိဘဲ ဇာတ်သဘောအရသာ အထက်/အောက် အလှည့်ကျ ကပြသွားကြပါတယ်။ ဒီမင်းသားကြီးနှစ်ယောက် အတွဲကိုပဲ နှင်းဆီနီအိပ်မက်မှာ ပြန်ပြီး ဆုံစည်းစေတဲ့အခါ အပေးအယူ အလွန်မျှတပြီးတော့ အားကောင်းလှတာကို တွေ့ရပါတယ်။ သူတို့နှစ်ယောက်ကိုပဲ မှန်ရင် ဘာဖြစ်မှာလဲ ဆိုတဲ့ ဇာတ်ကားမှာ တွဲပေးခဲ့ပါသေးတယ်။ ဒီတော့လည်း သီးခြားအနုပညာ ပေါင်းစည်းမှု အလှတွေကို တွေ့ရပြန်တာပါပဲ။ ကျွန်တော့်အနေနဲ့ကတော့ မင်းသားကြီး ကတ်ဒေါက်ကလပ်(စ်)နဲ့ ဘတ်လန် ကတ်စတာကို တွဲပြီး ရိုက်နေရတာလိုပါပဲ။ လုပ်ရကိုင်ရတာ အလွန် စေးစေးပိုင်ပိုင်ရှိလှပါတယ်။ ကျွန်တော် ဒါရိုက်တာသက်

နုစဉ်က မင်းသား၊ မင်းသမီးကြီးတွေ ဖြစ်ကြတဲ့ ဦးထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်စံရှားတင် စတဲ့ ဝါရင့် အနုပညာသည်ကြီးတွေနဲ့ ရိုက်ကူးရင်း မုဆိုးစိုင်သင် ... ရုပ်ရှင်ပညာတွေ အများကြီး သင်နိုင်ခဲ့ပါတယ်။ ဆရာကြီးဦးသုခ သင်ပေးခဲ့သလို ရှောင်ရန်၊ ဆောင်ရန် ပညာတွေကို ဝယဝုခိ၊ ဂုဏဝုမိ အခြေအနေ နှစ်ရပ်လုံးကနေပြီးတော့ ဘယ်လိုပညာတွေ ရခဲ့တဲ့အကြောင်း ကြုံသလို၊ အလျဉ်းသင့် သလို ဆက်လက်တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၉]

အသံလွှင့်ဌာနမှ ရယူခဲ့သော အသံဖိုင်များတွင် အမှတ်စဉ် (၉) ပါဝင်ခြင်း မရှိပါ။ အသံလွှင့်ချက် အမှတ်စဉ်ကိုလည်း မပြင်ဆင်လိုပါသဖြင့် အမှတ်စဉ် (၈) မှ (၁၀) သို့ ဆက်လက်ဖတ်ရှုပါရန်။

[၁၀]

သောတရှင်များခင်ဗျာ ...

မြန်မာစစ်အစိုးရရဲ့ ရုပ်ရှင်ဆင်ဆာအကြောင်းကို ပြီးခဲ့တဲ့အပတ်က ပြောလက်စ နဲ့ ငိုအားထက် ရယ်အားသန် ဆိုတာလို ဖြစ်ရပ်လေးတွေကိုလည်း တင်ပြပေးပါရစေ။ မြန်မာရုပ်ရှင်ဇာတ်လမ်းအများစုမှာ တစ်စုံတစ်ခု အထင်မှားစရာ ဖြစ်ကြပြီဆိုရင် သက်ဆိုင်တဲ့သူနဲ့ တော့တော့ဆိုင်ဆိုင် တွေ့ဆုံမေးမြန်းဖို့ ချို့ယွင်းနေတာတို့၊ ရှင်းပြဖို့ ကြိုးစားတာကို လောဘ၊ ဒေါသ၊ မောဟ၊ သောက စတာတွေကြောင့် နားမထောင်ဘဲဖြစ်နေ တာတို့ စတာတွေနဲ့ အထင်တွေဆက်လွဲကြ၊ ငိုကြ၊ ယိုကြ၊ ဒေါသဖြစ်ကြ၊ ရန်ညှိုးဖွဲ့ကြ၊ သတ်ကြ၊ ဖြတ်ကြ၊ နောက်မှ ပြန်ပြီး ပြေလည်သွားကြ၊ ခွင့်လွှတ်ကြ ... ဘာညာ ဒီလိုလုပ်ကြရတာကိုး။ အဲဒါမျိုးတွေ အများကြီးရှိပါတယ်။

ဒါတွေဟာလည်း သဘာဝတရားတွေမို့ ဘာမှ ပြဿနာ မကြီးပါဘူး။ ဒါပေမဲ့ ပြဿနာဖြစ်လာရင်၊ အထင်မြင် မှားစရာရှိလာရင်၊ ရေကုန်ရေခန်း သက်ဆိုင်သူတွေနဲ့ ကြိုးစားတွေ့ဆုံပြီး၊ မေးမြန်းစုံစမ်းတတ်တဲ့ နောက်ပြီးတော့ကာ ... ရှင်းပြသူက ရှင်းပြနေရင်လည်း စိတ်ကိုထိန်းပြီး အစအဆုံး နားထောင်တတ်တဲ့ ... နောက် အထင်မှားတယ် ဆိုတယ်မျိုး မဖြစ်ရအောင် ကြိုးပမ်းတဲ့ မိန်းကလေးတစ်ယောက် အကြောင်းကို ဇာတ်အိမ်ဖွဲ့ပြီးတော့ ဆင်ဆာအဖွဲ့ကို ရိုက်ကူးခွင့် တင်လိုက်တဲ့အခါမှာ ဆင်ဆာအဖွဲ့က အဲဒီဇာတ်လမ်းကို ရိုးလွန်း၊ စင်းလွန်းသည်ဆိုတဲ့ မှတ်ချက်နဲ့ ပယ်ချလိုက်ပါတယ်။

ဘယ်လိုရိုးပြီးတော့ ဘယ်လိုစင်းနေတယ်ဆိုတာကို ရှင်းလင်းပြောပြတာ လုံးဝမရှိပါဘူး။ ဆန်းပြား ရှုပ်ထွေးတဲ့ အတွက် ပယ်ချခံရတာတွေ များလွန်းလို့၊ သိပ်မရှုပ်ထွေးဘဲ လူအများလည်း အကျိုးရှိစေမယ့် ဇာတ်ကို ရိုးလွန်းလို့ ပယ်ပါတယ်ဆိုတော့ ... ကျွန်တော် တို့မှာ ငိုအားထက် ရယ်အားသန် ကြရတော့တာပေါ့ ခင်ဗျာ။ ရှင်းလင်းချက်တွေနဲ့ ပြန်တင်ပေမဲ့ ပယ်မြဲ ပယ်တာပါပဲ။

နောက် ကားတစ်ကားမှာတော့ စစ်အခမ်းအနားနဲ့ အသုဘချတဲ့အခန်း မပီပြင်လို့ အဲဒီအခန်းကို ဖြတ်ရင်ဖြတ်၊ မဖြတ်နိုင်ရင်လည်း ပီပြင်အောင် ပြန်ရိုက်ပါဆိုပြီး ဆင်ဆာက အမိန့်ပေးပါတယ်။ အဲဒီကားမှာ စစ်တပ်အကြောင်း လုံးဝ မပါပါဘူး။ ဒါ့ကြောင့် စစ်အခမ်းအနားနဲ့ အသုဘချတဲ့အခန်းလည်း လုံးဝ

မပါပါဘူးလို့ ပြန်လည် တင်ပြတာပေါ့ခင်ဗျာ။ ပြီးတော့ ကာယကံရှင် ဒါရိုက်တာက ဆင်ဆာလူကြီးမင်းတို့ ဇာတ်ကားချင်းမှားပြီး မှတ်ချက်ပေးပုံရကြောင်း၊ မိမိရဲ့ ကားမှာ စစ်ကိစ္စတွေ ဘာမှ မပါပါကြောင်း ပြန်လည်တင်ပြတော့ နောက် ဒီလိုမဖြစ်စေရပါဆိုတဲ့ ဝန်ခံချက်နဲ့ ပြန်တင်လိုက်ပါလို့ စီရင်ချက်ချလိုက်ပါတယ်။ နောက် ... ဘာကို ဘယ်လို မဖြစ်ရမှာလဲ၊ ဘာမှန်းမသိတဲ့ စီရင်ချက်ကြီး ဖြစ်နေလေတော့ ... ကျွန်တော်တို့မှာ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ကြရပြန်ပါတယ်။ ရုပ်ရှင်ကားချင်း အမှတ်မှားတာဟာ ... ဘာမှ ကြီးကျယ်တဲ့ ပြဿနာ မဟုတ်ပေမဲ့ စစ်ဆင်ဆာရဲ့သဘောက သူတို့ မှားသွားပါတယ်လို့ ပြောရမှာ ... အလွန် ဝန်လေးတတ်ကြပြီးတော့ ... သူတို့အဖွဲ့အစည်းကို ပြန်ပြောတာကိုလည်း မကြိုက်တာပါပဲ။

တစ်ခါမှာတော့ ဒါရိုက်တာတစ်ဦးက ဇာတ်လမ်းထဲမှာပါတဲ့ စစ်အရာရှိ၊ ဗိုလ်မှူးကြီး၊ ဗိုလ်မှူးတွေ၊ ဗိုလ်ကြီး တွေကို ရုပ်ရှင်လူကြမ်းတွေနဲ့ ရိုက်ပါတယ်။ ရုပ်ရှင်ထဲမှာ ဆင်ဆာ အဖြတ်ခံရတော့မယ် ဆိုပြီး ပူပန်နေကြရပါတယ်။ ဒါပေမဲ့ နည်းနည်းလေးမှ အဖြတ်မခံရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဇာတ်လမ်းအရ အဲဒီ စစ်ဝန်ထမ်း အရာရှိတွေ အားလုံး အကျင့်ပျက်တာတော့ တစ်ယောက်မှ မပါကြလို့ပါပဲ။ စစ်ဆင်ဆာက စစ်ဗိုလ်၊ စစ်သား အကျင့်ပျက်တဲ့ အခန်းပါရင် သည်းမခံပါဘူး။ စစ်တပ်ကြီး တစ်ခုလုံးကို နာမည်ပျက်အောင် လုပ်တာပဲလို့ ယူဆကြပါတယ်။ စစ်ဗိုလ်တွေဟာ အကျင့် သီလနဲ့ ပြည့်စုံကြတယ်တဲ့။ စစ်ဗိုလ်တွေထဲမှာ အကျင့်ပျက်တာ မရှိဘူးလို့ ဇွတ် မျက်စိမှိတ်ပြီး ပြောကြပါတယ်။ မြန်မာရုပ်ရှင်တွေထဲမှာ ကျောင်းဆရာတစ်ယောက် အကျင့်ပျက်တာဟာ ... ကျန်တဲ့ ကျောင်းဆရာ အားလုံးနဲ့ မဆိုင်ပါဘူး။ ဒီလိုပဲဆရာဝန် တစ်ယောက် အကျင့်ပျက်တာကိုလည်း ဆရာဝန်အားလုံးကို ဆိုလိုတာ မဟုတ်ဘူး ဆိုတာ လူတိုင်း နားလည်ကြတာပါပဲ။ ဒါပေမဲ့ စစ်ဗိုလ်တစ်ယောက် အကျင့်ပျက်တာ ကိုတော့ မပြသင့်ဘူးတဲ့။ အကျင့်ပျက် စစ်ဗိုလ်ဆိုတာ မရှိဘူးလို့ပဲ စစ်အစိုးရ ဆင်ဆာက ဇွတ်ပြောပါတယ်။

ကျွန်တော် ရုပ်ရှင်နယ်ကို မလာစဉ် မန္တလေးမှာရှိနေစဉ်က အဖြစ်အပျက်ကို သွားပြီးတော့ သတိရမိပါတယ်။ စစ်တပ်၊ စစ်အာဏာ သိမ်းပြီးခါစ မန္တလေးဈေးချိုနဲ့ အရှေ့ဘက်က တိုက်တန်းကြီးအကြား အလွန်အရိပ်အာဝါသ ကောင်းတဲ့ ကုက္ကိုပင်ကြီး တွေကို ခုတ်လှဲပြီးတော့ကာ လမ်းကျယ်အောင် လမ်းချဲ့မယ်လို့ စစ်တပ်အစိုးရက ဆုံးဖြတ် ပါတယ်။ ဒါကို မန္တလေးဈေးချိုသူ၊ ဈေးချိုသားတွေ သိသွားတော့ အဲဒီလို ကုက္ကိုပင်ကြီးတွေကို ခုတ်လှဲ ဖယ်ရှား လိုက်ရင်တော့ ဈေးချိုကြီးတစ်ခုလုံး အကြီးအကျယ် ပူလောင်နေတော့မှာပဲ ဆိုပြီး စစ်တပ်ကို သွားပြီးတော့ ကန့်ကွက် ပြောဆိုကြပါတယ်။ ဒီတုန်းက စစ်တပ်က

တက်စဆိုတော့ သိပ်မကြောက်ကြသေးဘူး ခင်ဗျ။ ဒီတော့ စစ်တပ်က ဒါဆိုရင် ခုတ်ချင်တဲ့လူနဲ့ မခုတ်ချင်တဲ့လူတွေ ဆန္ဒအနည်းအများ ဘယ်လို ရှိတယ်ဆိုတာ ထင်ရှားအောင် တစ်ဈေးလုံး မဲခွဲကြည့် လိုက်ပါတဲ့။ ခွင့်ပေးလိုက်ပါတယ်။ လက်တွေ့ မဲခွဲလိုက်တော့ အဲဒီ သက်တမ်းရာချီနေတဲ့ ကုက္ကိုပင်ကြီးတွေကို မခုတ်ချင်တဲ့ မဲက ၉၀ ရာနှုန်းကျော် ရှိပြီးတော့ ခုတ်ချင်တဲ့သူတွေက ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ ဈေးချိုသူ၊ ဈေးချိုသားတွေက ရင်ကော့ပြီးတော့ မဲစာရင်းကိုလည်း သွားပေးလိုက်ရော စစ်တပ်က ချက်ချင်းပဲ အဲဒီ ကုက္ကိုပင်ကြီးတွေကို ခုတ်ပစ်လိုက်တော့တာပါပဲခင်ဗျာ။

မန္တလေးမြို့သူ၊ မြို့သားတွေဟာ ကြက်သေသေသွားကြတယ်။ မမျှော်လင့်ဘဲ ဘယ်ပြန်ညာပြန် ပါးအရိုက်ခံ လိုက်ရသလို စစ်တပ်ဆိုတာ အတော် ရိုင်းပျကြတာပဲလို့ သိသွားကြပါတယ်။ ဒါဟာ စစ်တပ်အစိုးရက ပြည်သူလူထုကို ငြိမ်ဝပ်ပိပြားနေအောင် ဖိနှိပ်အုပ်ချုပ်တော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အစောဆုံး ပြည်သူလူထုရဲ့အသွန့်ကို စပြီးတော့ ချိုးပြလိုက်တဲ့ သာဓကတစ်ခုပါပဲ။ သူတို့က တစ်သက်လုံး ဒါပဲလုပ်တတ် တာကိုး။ ရုပ်ရှင်စိစစ်ရေး ဆင်ဆာဘုတ်အဖွဲ့က အနိုင်ကျင့်တဲ့ လုပ်ရပ်တွေဟာ ဒီလို ပုတ်ထဲက ထွက်လာတဲ့ ဒီပဲတွေသာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

[၁၁]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့အပတ်က စစ်အစိုးရရဲ့ ရုပ်ရှင်ဆင်ဆာအကြောင်းတွေ ပြောရင်းနဲ့ ဆက်ပြီးတော့ ဒီတစ်ပတ် ရုပ်ရှင်အကယ်ဒမီအကြောင်း တင်ပြချင်ပါတယ်။

ရုပ်ရှင်ပညာ ထူးချွန်ဆုတွေ နှစ်စဉ်ချီးမြှင့်ပေးတာဟာ အလွန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ရုပ်ရှင် ပညာသည်တွေကလည်း ရုပ်ရှင်အကယ်ဒမီဆုကို မြတ်မြတ်နိုးနိုး တန်ဖိုးထား မျှော်လင့်ကြပါတယ်။ ရုပ်ရှင်ပညာ ထူးချွန်ဆုရသူတွေဟာ သူနှစ်နဲ့သူ ထိုက်ထိုက်တန်တန် ကြိုးစား အားထုတ် ရယူကြရတာလည်း မှန်ပါတယ်။ တစ်ခါတလေ အကယ်ဒမီဆုပေးအဖွဲ့နဲ့ အများပြည်သူဆန္ဒ လွဲချော်တာ မျိုးလေးတွေလည်း ရှိခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရုပ်ရှင်အကယ်ဒမီ ဆုပေးပွဲကာလ ရောက်လာပြီဆိုလျှင် ရုပ်ရှင်လောကကြီး တစ်ခုလုံးနဲ့ ရုပ်ရှင်ကြည့် ပရိသတ်တွေဟာ စိတ်ဝင်တစား လှုပ်လှုပ်ရှားရှား တပျော်တပါး ရှိကြတာလည်း မှန်ပါတယ်။ ဆုပေးပွဲ ရောက်ပြီ ဆိုရင်လည်း ပြည်သူချစ်တဲ့ ရုပ်ရှင် အနုပညာသည်တွေ တစ်နေရာတည်းမှာ တစုတဝေးတည်း ဆုံကြမယ်၊ အကောင်းဆုံး အဝတ်အစားတွေနဲ့ အလှဆုံး၊ အမြူးကြွဆုံး မြင်ကြရမယ် မဟုတ်လား။ ဒီသတင်းတွေကိုလည်း ရှိသမျှ မီဒီယာတွေပေါ်မှာ ဖော်ပြကြပြီးတော့ တစ်နိုင်ငံလုံးက စိတ်ဝင်တစား ဒီအကြောင်းတွေကိုပဲ ဆွေးနွေး ပြောဆိုကြမယ် မဟုတ်လား။ အရေးအကြီးဆုံးက ရုပ်ရှင်အကယ်ဒမီ ဆုပေးပွဲကို တစ်နိုင်ငံလုံးက သိပ်ပြီး စိတ်ဝင်စားကြတယ်ဆိုတဲ့ ကိစ္စပါပဲ။ ဒီတော့ စစ်အစိုးရ ဝါဒဖြန့်ချိရေးနဲ့ စည်းရုံးသိမ်းသွင်းရေးက မျက်စိကျလာပြီပေါ့။ ပထမအဆင့် အစိုးရရဲ့ဝါဒ ဖြန့်ချိရေး ပေါ်လစီကားတွေကို နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ ရိုက်ကူး ထုတ်လုပ်ပြသမယ်၊ အဲဒီကားတွေဟာ ရုပ်ရှင်ဖလင်နဲ့ ရိုက်ကူးပြသတာ ဖြစ်မယ်ဆိုရင် ပါဝင်လုပ်ဆောင်ပေးကြတဲ့ အနုပညာသည်တွေကို ရုပ်ရှင်ပညာ ထူးချွန်ဆု အကယ်ဒမီ ပေးလို့ရပြီ၊ သိပ်အရုပ်မဆိုးအောင် အနည်းနဲ့အများ ထိန်းသိမ်းပြီးတော့ ဆုတွေ ပေးပါတော့ တယ်။ ပထမတော့ ထိန်းထိန်းသိမ်းသိမ်းလေး ရှိပါသေးတယ်။ နောက်ပိုင်းကျတော့ ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီကိုပဲ ဝါဒဖြန့်ချိရေး လက်နက်၊ စည်းရုံးသိမ်းသွင်းရေး လက်နက်အဖြစ် ထိထိရောက်ရောက် သုံးလာပါတော့တယ်။ စစ်အစိုးရ ဝါဒဖြန့်ချိရေး ကားတွေကို

ရိုက်မပေးဘဲ ရှောင်နေကြတဲ့ ရုပ်ရှင်အနုပညာသည်တွေကိုတော့ အကယ်ဒမီဆုနဲ့ ဝေးသွားချင်သလားဆိုတဲ့ ခြိမ်းခြောက်မှုမျိုးတွေနဲ့ ထိန်းချုပ်လာပါ တော့တယ်။ အဲဒီလိုနဲ့ ရုပ်ရှင်အနုပညာ ထူးချွန်ဆု ဆိုတာရဲ့ ဂုဏ်သိက္ခာကို ထိပါးလာ ပါတော့တယ်။

ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီရရင်ပဲ ရုပ်ရှင်အနုပညာ တကယ်ထူးချွန်လို့ မဟုတ်ဘဲ အစိုးရကို ဖားလို့၊ စစ်အစိုးရကို ပံ့ပိုးလို့ ဆုရတယ်လို့ မှတ်ချက်ပေးတာတွေ အတော်များလာပါတယ်။ ဒါမှမဟုတ် ဆုရတဲ့သူကို ဝါဒဖြန့်ချိရေးကားနဲ့ ရတာ ဟုတ်/မဟုတ် စိစစ်တန်ဖိုးဖြတ်ကြတဲ့ အဆင့်ကို ရောက်လာပါတယ်။ တချို့ဆိုရင် စစ်အစိုးရ ဝါဒဖြန့်ကားတစ်ကား ထွက်တာနဲ့ အဲဒီကားထဲက ပညာသည်တွေကို ဆုရတော့မှာပဲလို့ တစ် (ပ်) ကြိုပေးကြတော့ တာပါပဲ။ ဝါဒဖြန့်ကားနဲ့ ဆုရကြတဲ့ ပညာသည်တွေကလည်း ကိုယ့်အနုပညာနဲ့ ကိုယ်ဆုနဲ့ ထိုက်တန်အောင် ကြိုးစားထားတာ အမှန်ဖြစ်ပေမဲ့ တကယ်ဆုရတဲ့အခါမှာ ခံတွင်းပျက် နေတတ်ကြပါတယ်။ ဝါဒဖြန့် ကားတွေကို ရှောင်ကြတဲ့ အနုပညာသည်တွေမှာ အကြောင်းအမျိုးမျိုး ရှိပါတယ်။ စစ်အစိုးရရဲ့လုပ်ရပ်ကို မကြိုက်လို့ ရှောင်ကြတာ တွေရှိသလို ပြည်သူလူထုက ဆန့်ကျင်နေတဲ့ စစ်အစိုးရ ဝါဒဖြန့်ချိရေးမှာ ပါဝင်မိရင် ပြည်သူလူထုရဲ့ ငြိုငြင်မှုနဲ့ အမုန်းဒဏ်ကို ကြောက်လို့ ရှောင်ကြတာတွေလည်း ရှိပါတယ်။ အာဏာကို အသုံးပြုပြီးတော့ အကူအညီတောင်းတာကို မနှစ်မြို့လို့ ရှောင်ကြတာရှိသလို အလကားမတ်တင်းနဲ့ လုပ်မပေးနိုင်လို့ ရှောင်ကြတာတွေလည်း ရှိပါတယ်။

တချို့ ပညာသည်တွေ ဆိုရင် ဝါဒဖြန့်ကားထဲမှာကိုပဲ ပြည်သူ့ချဉ်ဖတ်နေရာမှာ တာဝန် ယူမိရာက နောက်ပိုင်း ရုပ်ရှင်လောကတစ်ခုလုံးနဲ့ ပြည်သူလူထုကဝိုင်းပယ်ပြီး သုံးမယ့်သူမရှိလို့ ထမင်းအိုးကွဲရတဲ့ အဖြစ်တွေအထိ ခံကြရရှာပါတယ်။ ဒါဟာ ရုပ်ရှင် အနုပညာနယ်ပယ် တစ်ခုတည်းမှာတင် မဟုတ်ပါဘူး ... တခြား အနုပညာနယ်ပယ် တွေမှာလည်း စစ်အစိုးရရဲ့ လုပ်ဖော်ကိုင်ဖက် ကြံရာပါလိုဖြစ်သွားရင် ဂုဏ်သိက္ခာ ထိပါးကုန်ပါတယ်။ လျှမ်းလျှမ်းတောက် နာမည်ကြီး စာရေးဆရာကြီးတွေတောင် စစ်အစိုးရနဲ့ ပလူးပလဲလုပ်တယ်လို့ ပြည်သူလူထုက မြင်သွားတာနဲ့ သိက္ခာရော၊ ရှင်သန်ရပ်တည်မှုရော ထိုးကျသွားတာ အများကြီးတွေ့နေရပါတယ်။ တကယ့် နာမည်ကြီး ဂီတပညာရှင် အဆိုတော်တွေလည်း အစိုးရပေါ်လစီ သီချင်း ဆိုပေးမိလို့ ပြည်သူလူထုရဲ့ အငြိုအငြင်ခံရပြီး သူ့ကိုယ်ပိုင်ရပ်တည်မှု သိသိသာသာကြီး ယိမ်းယိုင်သွား တာမျိုးတွေလည်း သိမြင်နေကြရတာပါပဲ။

တကယ်ကတော့ နိုင်ငံတော်အစိုးရတစ်ခုမှာ ထိုက်တန်တဲ့သိက္ခာ ရှိနေတာ

မှန်ရင် နိုင်ငံတော်အစိုးရနဲ့ ပတ်သက်တယ်၊ နီးစပ်တယ်ဆိုတဲ့ကိစ္စဟာ ဂုဏ်တက်ကြရ မယ့်ကိစ္စပါ။ နိုင်ငံတော် အစိုးရအဖွဲ့ကချီးမြှင့်တဲ့ ဆုတွေ ဘာတွေ ရကြတယ်ဆိုတာဟာ အလွန်ကျက်သရေ မင်္ဂလာနဲ့ ပြည့်စုံကြရမှာပါ။ မြန်မာစစ်အစိုးရ အာဏာပိုင်များ အနေနဲ့ အလေးအနက်ထားပြီး စဉ်းစားချိန်တန်ပါပြီ။ အလေးအနက် စဉ်းစားနေတာ ပါပဲလို့ ဆိုရင်လည်း စဉ်းစားပုံစဉ်းစားနည်း မှားနေတာတွေ ဖြစ်နိုင်ပါတယ်။ အနုပညာ ထူးချွန်ဆုတွေကိုလည်း စစ်လက်နက် ပစ္စည်းတွေ အဖြစ် သုံးနေရတာ အလွန်စိတ်ပျက် စရာကောင်းမှန်း သိသိကြီးနဲ့ လုပ်နေကြရတယ်လို့ ပြည်သူလူထုက နားလည်နေကြ ပါတယ်။ မြန်မာ အနုပညာသည်တွေရဲ့ လောကမှာ သန့်သန့်ရှင်းရှင်း ကြည်ကြည် လင်လင် လန်းလန်းဆန်းဆန်းနဲ့ ရှင်သန် တိုးတက်ခွင့် ပေးဖို့ အချိန်တန်ပါပြီ။ စစ်အာဏာရှင်များ အနေနဲ့ ပြဿနာ အရင်းအမြစ်တွေကို တကယ်မြင်နိုင်စွမ်းရှိတဲ့ ဥာဏ်အလင်း ပွင့်လာပြီးတော့ အမြန်ဆုံး ပြုပြင်နိုင်ကြပါစေ ...။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်တွေက မြန်မာစစ်အစိုးရရဲ့ ရုပ်ရှင်ဆင်ဆာနဲ့ အကယ်ဒမီဆုပေးတဲ့ ကိစ္စတွေအကြောင်း ကျွန်တော် သိမြင်နားလည်သလို တင်ပြခဲ့ပါတယ်။ မြန်မာ စစ်အစိုးရက ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ရုပ်ရှင်ပညာ ထူးချွန်ဆု အကယ်ဒမီပေးရေး ဘုတ်အဖွဲ့ ဖွဲ့စည်းပုံနဲ့ နိုင်ငံတကာရဲ့ လုပ်နည်းလုပ်ဟန်တွေကို နှိုင်းယှဉ်ကြည့်နိုင်အောင် အကြမ်းဖျဉ်း တင်ပြချင်ပါတယ်။

အနီးကပ်ဆုံး မှန်ကန်မှု၊ တရားမျှတမှုတွေကြောင့် သိက္ခာကြီးပါပေတယ်ဆိုတဲ့ ကမ္ဘာကျော် နိုင်ငံတကာ ရုပ်ရှင်ပညာ ထူးချွန်ဆုပေးရေး အဖွဲ့ကြီးတွေ အများကြီး ရှိပါတယ်။ ပြင်သစ်နိုင်ငံက “ကိန်း” ရုပ်ရှင်ဆုတို့၊ အမေရိကန် ပြည်ထောင်စုက အော်စကာဆုပေးပွဲတို့၊ ရွှေကမ္ဘာလုံး ရုပ်ရှင်ဆုတို့စတာတွေကို ရုပ်ရှင်ပညာသည် ကြီးတွေရဲ့ မဲဆန္ဒနဲ့ပဲ ဆုံးဖြတ်ပါတယ်။ အမေရိကန်ပြည်ထောင်စုက အော်စကာ အကယ်ဒမီဆုပေးပုံ စနစ်မှာ ဆိုရင် သက်ဆိုင်ရာ ရုပ်ရှင် သမဂ္ဂတွေက ပေးတဲ့ ဆန္ဒမဲတွေနဲ့ အဆုံးအဖြတ် လုပ်တာ ဖြစ်ပါတယ်။ အာဏာပိုင်အစိုးရက ဘာမှ ဝင်ပြီး မစွက်ဖက်ပါဘူး။ လုံးလုံး ပါဝင်စွက်ဖက်လို့ မရပါဘူး။ ပါဝင်စွက်ဖက်မယ် ဆိုရင်လည်း ရုပ်ရှင် အနုပညာသည်တွေ ကရော၊ ပြည်သူလူထုကပါ ... သတင်းစာ၊ ရေဒီယို၊ တီဗီအစရှိတဲ့ မီဒီယာတွေနဲ့ တွဲပြီးတော့ ဆန့်ကျင်တိုက်ဖျက်ကြမှာ ဖြစ်ပါတယ်။

အမေရိကန်အစိုးရက အနုပညာလောကကို ပါဝင်စွက်ဖက်ဖို့ ကြိုးစားခဲ့တဲ့ သာဓကအနည်းငယ် ရှိပါတယ်။ ဒါပေမဲ့ ပြည်သူလူထုနဲ့အတူ အနုပညာသည်တွေရဲ့ ဆန့်ကျင်ချေဖျက်မှုကို ခံသွားကြရတာပါပဲ။ ဥပမာလေးတွေ တင်ပြရရင် ကွန်မြူနစ် ဆန့်ကျင်တဲ့ အမေရိကန်အစိုးရက ကွန်မြူနစ်ဆန်တဲ့ အမေရိကန် ရုပ်ရှင်ပညာသည် တွေကို ဟန့်တားကန့်သတ်ဖို့ ကြိုးစားဖူးပါတယ်။ နောက် ဗီယက်နမ်စစ်ကို တိုက်နေရတဲ့ အမေရိကန်အစိုးရက ဗီယက်နမ် စစ်ဆန့်ကျင်ရေး ရုပ်ရှင်ကားတွေရိုက်တဲ့ အမေရိကန် ဒါရိုက်တာတွေကို မနှစ်မြို့ပါဘူး။ ဟန့်တား ပိတ်ပင်လိုပါတယ်။ ဒါပေမဲ့ အဲဒီကားတွေဟာ အနုပညာအရရော၊ ဘဝ အတွေးအမြင်အရပါ တကယ်တမ်း မှန်ကန် ကောင်းမွန်နေကြတဲ့ အတွက် ရုပ်ရှင်ပညာ ထူးချွန်ဆုတွေကိုတောင် ဆွတ်ခူး

နိုင်ခဲ့ကြပါတယ်။ အမေရိကန်အစိုးရလည်း ဘာမှ ဆက်ပြီး စွက်ဖက်ခွင့် မရခဲ့ပါဘူး။ အမေရိကန် အစိုးရအများစုကြီးကတော့ အနုပညာလောကကို တတ်နိုင်သမျှ လွတ်လပ်ခွင့် ပေးရမယ်၊ ဝင်ရောက်စွက်ဖက်တာတွေ မလုပ်ရဘူးဆိုတာကို နားလည်မှု အပြည့်နဲ့ ကျေကျေနပ်နပ် လက်ခံကြတာပါပဲ။ အဲဒီလိုမဟုတ်ရင်လည်း အမေရိကန်ပြည်သူလူထုနဲ့ ထိပ်တိုက်ရင်ဆိုင်ကြရပါလိမ့်မယ်။

အမေရိကန်ပြည်သူလူထုနဲ့ အနုပညာသည်တွေမှာ အစိုးရလုပ်ရပ်ကို မကျေနပ်ရင် ဝေဖန်ဆန့်ကျင်ဖို့ အခွင့်အရေး အပြည့်အဝ ရှိပါတယ်။ အမေရိကန် ပြည်ထောင်စုမှာသာ မဟုတ်ပါဘူး၊ တိုးတက်ယဉ်ကျေးနေတဲ့ ကမ္ဘာ့နိုင်ငံတိုင်းမှာ အားလုံး ဒီအတိုင်း ပါပဲ။ ကမ္ဘာ့နိုင်ငံ အမြောက်အမြားမှာ စစ်မှန်တဲ့ အနုပညာသည်တွေရဲ့ စစ်မှန်တဲ့ အာဘော်တွေကို ဖြတ်တောက်ပစ်တဲ့ အနုပညာ ဆင်ဆာမျိုးတွေ မရှိပါဘူး။ အနုပညာ လုပ်ရပ်တွေကို အမျိုးအစား သတ်မှတ်ခွဲခြားပြီး ပြည်သူလူထုကို အသိပေး၊ သတိပေး တာမျိုးတွေသာ ရှိပါတယ်။ ဥပမာ ရုပ်ရှင်ကား တစ်ကားဟာ သတ်တာ၊ ဖြတ်တာ၊ ရက်စက်ကြမ်းတမ်းတာတွေ များနေရင် ဒီကားကတော့ တင်ပြပုံကြမ်းတယ်လို့ မှတ်ချက်ပဲ ပေးပါတယ်။ ဖြတ်တောက် ဆင်ဆာလုပ်တာ မရှိပါဘူး။ ဖွံ့ဖြိုးတိုးတက် ယဉ်ကျေးပြီး နိုင်ငံတိုင်းမှာ လူလူချင်းစာနာမှုတို့၊ လူ့အခွင့်အရေးတို့ စတာတွေကို ထိပ်တန်းတင်လာ ကြပါတယ်။

အဲဒီနိုင်ငံတွေက အစိုးရတွေဟာ ပြည်သူလူထုက အာဏာအပ်နှင်း တာဝန် ပေးတာကို လေးစားကြတယ်၊ ပြည်သူလူထုကို လေးစားကြတဲ့၊ ပြည်သူတွေရဲ့ အနုပညာ ဖန်တီးခွင့်ကို အလွန်လေးစားကြသူတွေ ဖြစ်ပါတယ်။ အဲဒီအစိုးရမျိုးတွေဟာ သူတို့ အာဏာတည်မြဲရေးအတွက် ပြည်သူတွေရဲ့ အခွင့်အရေးတွေကို ဆင်ဆာ မလုပ်ကြပါဘူး။ အကြံအဖန် မလုပ်ကြပါဘူး။ အနုပညာထူးချွန်ဆုပေးရေး ကိစ္စတွေမှာတော့ အစိုးရပိုင်းတွေက လုံးဝကို မပါကြတော့တာ ပါပဲ။ လိုရင်းကတော့ ဘယ်နိုင်ငံမှာ မဆို ဆင်ဆာတို့၊ ဆုပေးပွဲတို့ဆိုတာတွေကို အာဏာပိုင်တွေကပဲဖြစ်ဖြစ်၊ ဘယ်အဖွဲ့ အစည်း၊ ဘယ်ပုဂ္ဂိုလ်ကပဲ ဖြစ်ဖြစ်၊ အကြံအဖန် ဝင်လုပ်ရင်တော့ ပါဝင်ပတ်သက်တဲ့ တန်ဖိုးအားလုံး သိက္ခာကျ၊ ကျက်သရေမဲ့ ဖြစ်ကုန်မှာပါပဲ။ ဒီထက်ပိုပြီး ကျယ်ကျယ် ပြန့်ပြန့် ပြောကြမယ်ဆိုရင် နေရာမှန်၊ လူမှန်ဆိုတဲ့ သဘောပါပဲ။

စစ်အာဏာယန္တရားဟာ တိုင်းပြည်ကာကွယ်ရေးအတွက်ပဲ နေရာမှန်နိုင်ပါတယ်။ ကျန်တဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ... စတာတွေနဲ့ မကိုက် ညီနိုင်ပါဘူး။ ဒါတွေအတွက် ပြင်ဆင်လေ့ကျင့်ထားတာ

မဟုတ်ပါဘူး။ အလွန် အရေးတကြီး လိုအပ်လာရင် အရေးပေါ် ခဏပဲ တာဝန်ယူနိုင်တာမျိုးပါ။ ရေရှည် တာဝန်ယူနိုင်အောင် စစ်တပ်ကို ပုံစံပြောင်းပြီး လေ့ကျင့်ယူရင် မရနိုင်ဘူးလား ဆိုတဲ့ စိတ်ကူးကတော့ မြန်မာပြည်မှာ နှစ်ပေါင်း (၅၀) လောက် လုပ်ကြည့်တာ ခုထိမအောင်မြင်ပါဘူး။ လက်တွေ့ ပြည်သူလူထု အများစုကြီး မွဲနေတာ အထင်အရှား သက်သေပါပဲ။ လက်ရှိ မြန်မာပြည်အနေအထားကို စစ်အာဏာပိုင်တွေက တိုးတက် နေပါတယ်လို့ ပြောရင် ပြည်သူလူထု အများစုကြီး အခြေခံစားဝတ်နေရေး ခက်ခဲ ကျပ်တည်းနေတာကို မျက်ကွယ်ပြုထားမလားလို့ မေးလိုက်ရုံပါပဲ။

စစ်နဲ့ စစ်အာဏာယန္တရားဟာ အနုပညာနယ်ပယ် အတွက်တင် မဟုတ်ပါဘူး။ ကျန်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး ... ဘာနဲ့မှ အံမဝင်တာ တွေ့ရပါတယ်။ စစ်အုပ်စုအနေနဲ့ တိုင်းပြည်နဲ့ လူမျိုးရဲ့ကောင်းကျိုးကို အမှန်တကယ် ရှေးရှုမယ်ဆိုရင် ... အထိရောက်ဆုံးနဲ့ အမြန်ဆုံး ဆောင်ရွက်ပေးနိုင်တာက စစ်ကိစ္စကလွဲပြီး ကျန်တာတွေကို လက်ရှောင် ပေးလိုက်ရုံပါပဲ။ ချက်ချင်း တိုင်းပြည်ရဲ့ သူရဲကောင်းတွေ ဖြစ်လာနိုင်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၁၃]

သောတရှင်များခင်ဗျာ ...

ဝင်းဖေ လွယ်အိတ်လို့ဆိုတဲ့ ဝင်းဖေ ဘဝထဲမှာ မန္တလေး တက္ကသိုလ်ကျောင်း ထွက်၊ လူထု တိုက်ထွက် ဆိုတဲ့ ... ဝိသေသကလေးတွေက အတော် အရေးကြီးပါတယ်။ မန္တလေးတက္ကသိုလ် ဘဝအစိတ်အပိုင်းတွေလည်း ပြောပြချင် ပါတယ်။ ဒီတစ်ပတ်တော့ မန္တလေးလူထုတိုက်၊ လူထုဦးလေးလှတို့ လူထုဒေါ်ဒေါ်မာ အကြောင်းတွေကို ကျွန်တော် ဖြတ်သန်းခဲ့ရသလို ပြောချင်ပါတယ်။

လူထုဦးလေးလှနဲ့ လူထုဒေါ်ဒေါ်မာ တို့က ကျွန်တော့်ဖခင်ကြီး ရွှေပြည် ဦးဘတင်ရဲ့ တပည့်တွေ ဖြစ်ကြပါတယ်။ ကျွန်တော့်ကျတော့ လူထု ဦးလေးလှနဲ့ လူထုဒေါ်ဒေါ်မာတို့ရဲ့ တပည့် ဖြစ်လာပြန်ပါတယ်။ ၁၉၅၀ခုနှစ် နောက်ပိုင်းတွေနဲ့ ၁၉၆၀ စောစောပိုင်းနှစ်တွေမှာ ကျွန်တော်နဲ့ ပေါ်ဦးသက် တို့ဟာ လူထု သတင်းစာတိုက်၊ လူထုစာပေတိုက်အတွက် သရုပ်ဖော်ပန်းချီဆရာတွေ၊ Illustrator တွေ ဖြစ်လာကြပါတယ်။ ဟုတ်ပါတယ် ... ပေါ်ဦးသက်ဆိုတာ အများသိကြတဲ့ မြန်မာသိ၊ ကမ္ဘာသိပန်းချီဆရာ ပေါ်ဦးသက်ပါပဲ။ နောက်တော့ ပေါ်ဦးသက်အကြောင်း သီးခြား တင်ပြဖို့ ရှိပါတယ်။ ၁၉၆၀/၆၁/၆၂ ပိုင်းတွေမှာပေါ့ ခင်ဗျာ၊ ကျွန်တော်နဲ့ ပေါ်ဦးသက်တို့ဟာ လူထုတိုက်မှာ သရုပ်ဖော်ပန်းချီတွေအပြင် နေ့စဉ် သတင်းစာ ကာတွန်းတွေ ဆွဲကြရတဲ့ သူတွေ ဖြစ်လာကြရပါတယ်။

ပေါ်ဦးသက်က သူတော် ဆိုတဲ့ သူ့ကိုယ်ပိုင် ဇာတ်ကောင်ကို မွေးပြီးတော့ လူထုသတင်းစာ ကျောဖုံးမှာ နေရာယူပါတယ်။ ကျွန်တော်ကတော့ နေ့စဉ် နိုင်ငံရေး ကာတွန်းတွေ ရေးရတာမို့ သတင်းစာ မျက်နှာဖုံးမှာ နေရာယူရပါတယ်။ ကျွန်တော် နိုင်ငံရေး၊ လူမှုရေး ခေတ်ပြောင် ကာတွန်းတွေရေးဖို့ လမ်းညွှန်ချက်နဲ့ပတ်သက်လို့ ဒေါ်ဒေါ်မာက တိုတိုနဲ့ ထိရောက်အောင်၊ တစ်သက်လုံး စွဲသွားအောင် ဆုံးမပါတယ်။ သူပြောပုံက ... ဒီလိုကွ ... ငါ ကောလိပ် ကျောင်းသူ ဘဝက ကာတွန်းဦးဘဂျမ်းနဲ့ ကျောင်းနေဘက်တွေပဲ။ ဒီတုန်းက သူနဲ့ငါနဲ့က နိုင်ငံရေး ယုံကြည်ချက်ချင်း မတူကြဘူးကွ၊ သူက ငါတို့ကို သူတတ်တဲ့ ကာတွန်းပညာနဲ့ သရုပ်ဖော်ပြီး လှောင်ပြောင်တယ်ကွ၊ ဒါပေမဲ့ သူလှောင်ပြောင်ပုံက သိပ်ပြီး ပညာသားပါတယ်။ ငါတို့က အလှောင်ခံရပေမဲ့ ... ဩော် ... တို့ကလည်း တို့ပေပဲ၊ သူ လှောင်မယ်ဆိုလည်း လှောင်စရာပဲ။

ဟုတ်ပေသားပဲ ... လို့ ဝန်ခံကြ၊ လက်ခံကြရတယ်။ ကိုယ်နဲ့ ဆန့်ကျင်ဘက် ဆိုပေမဲ့ ငါ သူ့ ကာတွန်းတွေကို မကြိုက်ဘဲ မနေနိုင်ခဲ့ဘူး။ ဒါဟာ ... သူ့တွေးပုံ၊ ရေးပုံ ပညာပါပြီး တရားမျှတမှု ရှိလို့၊ သိမ်မွေ့မှု ရှိလို့ပါပဲ။ မင်းလည်း ဒီကနေ့ ခေတ်ပြိုင် နိုင်ငံရေးကာတွန်းတွေ ရေးတော့မယ်ဆိုရင် .. ကိုဘဂျမ်းလို အလှောင်ခံ ပုဂ္ဂိုလ်တွေကတောင် ဒေါသဖြစ်ဖို့ ခက်တဲ့၊ လူအားလုံးက လက်ခံနိုင်တဲ့ ပညာအမြင်၊ ဟာသအမြင်မျိုးနဲ့ ရေးနိုင်ရမယ် ... လို့ ဆုံးမပါတယ်။

ကျွန်တော့်တစ်သက်လုံး ဒီ အဆုံးအမကို မမေ့နိုင်တော့ပါဘူး။ ကျွန်တော်တို့ နောက်က တက်လာတဲ့ လူငယ် တွေကိုလည်း ဒေါ်ဒေါ့်အဆုံးအမကို အမြဲ လက်ဆင့်ကမ်း ပေးခဲ့ပါတယ်။ ထားပါတော့ ... ဒါနဲ့ ... ကျွန်တော်နဲ့ ပေါ်ဦးသက်နဲ့ လူထု သတင်းစာမှာ ကာတွန်းတွေ စရေးကြပါတယ်။ ကျွန်တော်တို့က ဒီတုန်းက မြန်မာ ကာတွန်းအများစုနဲ့ မတူတဲ့ ရေးဆွဲနည်းတွေနဲ့ ရေးကြပါတယ်။ အကြောင်းကတော့ အကြိုက်ချင်းမတူကြတာပါပဲ။ ကျွန်တော်တို့အရုပ်တွေက အများပြည်သူ မြင်နေကျ ကာတွန်းတွေနဲ့ မတူပါဘူး။ ဒီအချက်ကို ဒေါ်ဒေါ်ရော၊ ဦးလေးလှရော သိကြပေမဲ့ လုံးဝ မစွက်ဖက်၊ မကန့်ကွက်ပါဘူး။ လွတ်လပ်ခွင့်အပြည့်ပေးထားကြပါတယ်။ ဒါက လူထုသတင်းစာရဲ့ အမာခံမူဝါဒပါပဲ။ လူငယ်တွေကို မြေတောင်မြှောက်ပေးတဲ့ နေရာမှာ အနုပညာအရ လွတ်လပ်ခွင့် အပြည့်ပေးပါတယ်။

ပထမ စပြီးရေးစ တစ်လလောက်အတွင်း ပြဿနာတွေတက်လာပါတယ်။ အများစု နယ်က၊ သတင်းစာ ဖတ်သူတွေက ကျွန်တော်တို့ အရုပ်တွေကို အတော်ကြီးကို မကြိုက်ကြပါဘူး။ ဒီကာတွန်းတွေကို သတင်းစာမှာ ဆက်ထည့် နေမယ်ဆိုရင်... သတင်းစာကို ဖြတ်ပစ်မယ်၊ တခြားသတင်းစာကို ပြောင်းယူတော့မယ်အထိ စာရေး ပြီးတော့ ခြိမ်းခြောက် ပြောဆိုလာကြပါတယ်။ ဒေါ်ဒေါ်က အဲဒီလို မကျေနပ်တဲ့ စာတွေကို ကျွန်တော်နဲ့ ပေါ်ဦးသက်ကို ပြပါတယ်။ သတင်းစာဖတ်သူ တချို့ရဲ့ သဘောထားပဲလို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို ပြောင်းရေးဖို့၊ ပြုပြင်ဖို့ လုံးဝ မပြောပါဘူး။ ကျွန်တော်တို့ကလည်း ပြောင်းရေးချင်စိတ် မရှိပါဘူး။ အဲဒီလို မကျေနပ်တဲ့စာတွေက ဆက်ပြီး လာနေပါတယ်။ ကျွန်တော်တို့ နှစ်ယောက်လည်း မကြာခင် အလုပ်ပြုတ်တော့ မယ်လို့ ထင်လာကြပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ကာတွန်းတွေကို အထူးတလည် ချီးကျူးတဲ့စာတွေလည်း ရောက်လာပါတယ်။ အဲဒီ စာတွေကတော့ မှတ်မိသလောက်ပြောရရင် ... လန်ဒန်က ဦးတက်ထွန်း၊ ဆရာကြီး ဦးခင်မောင်လတ်နဲ့ ဒေါ်ခင်မျိုးချစ်၊ ကြေးမုံအယ်ဒီတာ ဦးဝင်းတင် ...

စသူတွေဖြစ်ပါတယ်။ အဲဒီလို စာတွေကို ဦးလေးလှက ကျွန်တော်တို့ နှစ်ယောက်ကို ခေါ်ပေးပြီးတော့ ဒေါ်ဒေါ့်ဆီ သွားပြခိုင်းပါတယ်။ သိပ်ကြိုက်ပါတယ် ဆိုတဲ့ စာတွေနဲ့၊ သိပ်မုန်းပါတယ်ဆိုတဲ့ စာတွေကို နှိုင်းယှဉ် ချိန်ဆကြည့်ကြပါတယ်။ ပြီးတော့မှ … မကြိုက်တဲ့သူတွေ၊ သတင်းစာ ဖြတ်ခါမှ ဖြတ်ရော … ကျွန်တော်တို့ ကာတွန်းတွေကို ဖြုတ်မပေးနိုင်ဘူး၊ ပြင်မပေးနိုင်ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလို ဆုံးဖြတ်လိုက်တာကို ထောက်ခံတဲ့ အထဲမှာ … ဆရာကြီးရွှေဥဒေါင်းတို့ ဆရာဇဝန တို့လည်း ပါပါတယ်။ ကြေးမုံဦးသောင်း(ဆရာအောင်ဗလ) က ကျွန်တော်တို့ ကာတွန်းတွေကို ရန်ကုန်သတင်းစာ ကာတွန်းတွေနဲ့ အလဲအလှယ်သုံးကြဖို့ စနစ် Syndicate လုပ်ဖို့တောင် အကြံပြုပါသေးတယ်။ အဲဒီစနစ်ကတော့ မလုပ်ဖြစ်ခဲ့ပါဘူး။ ခုချိန်ထိလည်း မလုပ်ဖြစ်ကြသေးပါဘူး။ အလွန် ကျင့်သုံးသင့်တဲ့ စနစ်ပါ။ ဒီကနေ့ခေတ် မဂ္ဂဇင်းပါကာတွန်းတွေကို ဆင်ဒီကိတ်စနစ်နဲ့ သုံးကြရင် ကာတွန်းပညာရှင်တွေ လည်း ပိုပြီးတော့ အကျိုးခံစားကြရမယ်၊ မဂ္ဂဇင်းတွေလည်း အကုန်အကျသက်သာပြီး လက်ရာများများ ဖော်ပြနိုင်ကြမှာ ဖြစ်ပါတယ်။ စာဖတ်ပရိသတ် အတွက်လည်း အများကြီး ဖတ်ခွင့်ရကြမယ်၊ အဘက်ဘက်က အကျိုးများတဲ့စနစ် ဖြစ်ပါတယ်။ ဆက်လက် တင်ပြပါ့မယ်။

ကျန်းမာ၊ ချမ်းသာကြပါစေ… ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့အပတ်က ကျွန်တော်နဲ့ ပေါ်ဦးသက် လူထုသတင်းစာမှာ စပြီး ကာတွန်း ရေးခဲ့ကြတဲ့အကြောင်း၊ ရေးစမှာ အထူးသဖြင့် ... နယ်က သတင်းစာ ပရိသတ် အတော်ကြီးကို မကြိုက်ကြလို့ ပြဿနာကြီးခဲ့ရတဲ့ အကြောင်း တင်ပြခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီအခက်အခဲဟာ နှစ်လလောက်ပဲ ကြာပါတယ်။ မကျေနပ်တဲ့ စာတွေ အလာရပ်သွားပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ပန်းချီခရီးနဲ့ပတ်သက်လို့ အဲဒီလို အခက်အခဲတွေ တွေ့ရတယ်ဆိုတာဟာ အဲဒါ ပထမဆုံး အကြိမ် မဟုတ်ပါဘူး။ ခေတ်ပြိုင်ပန်းချီတွေ အသစ်အသစ် စမ်းသပ်ပန်းချီတွေ စတင်ရေးခဲ့တာဟာ လူထု တိုက်ကို မရောက်ခင်ကတည်းက ဖြစ်ပြီးတော့ကာ မြန်မာပန်းချီလောကမှာ ကျွန်တော် တို့ အဲဒီလို စမ်းသပ်တီထွင်တဲ့အတွက် ကျွန်တော်တို့ နှစ်ယောက်ကို အယူမှားနေတဲ့ တိတ္ထိတွေလို့ အပြောအဆို အဆက်အဆံခံခဲ့ရတာ တွေ့ရှိပြီးသား ဖြစ်ပါတယ်။ ပန်းချီ ဦးအောင်စိုးတို့၊ ပန်းချီ ဦးနန်းဝေ တို့လည်း ဒီလိုပဲ အပြောအဆိုခံခဲ့ကြရတာပါပဲ။ ခေတ်သစ်၊ မြန်မာခေတ်စမ်း လှုပ်ရှားမှုရဲ့ အစောဆုံး ဆရာကြီးဖြစ်တဲ့ ဘဂျမ်းမန်နေဂျာ ဦးခင်မောင် တစ်ယောက်ပဲ အပြောအဆို လွတ်ပါတယ်။ သူဘာ့ကြောင့် လွတ်တယ် ဆိုတာကို နောက်အလျဉ်းသင့်တဲ့အခါ ရှင်းလင်းတင်ပြပါမယ်။ ဒီတစ်ပတ် ကျွန်တော် တွေ့ကြုံခဲ့ရတဲ့ လူထုဒေါ်အမာနဲ့ ဦးလေးလှတို့အကြောင်းပဲ ဆက်လက်တင်ပြပါ့မယ်။

ကျွန်တော်ဟာ မန္တလေးတက္ကသိုလ်မှာ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို ယူခဲ့၊ သင်ခဲ့ဖူးတာကြောင့် ဒေါ်ဒေါ်မာက ကျွန်တော့်ကို ကာတွန်းရေးတာရော၊ ပန်းချီသရုပ်ဖော် တာဝန်အပြင် လူထုသတင်းစာအတွက် အလုပ်သင် နိုင်ငံခြား ရေးရာ အယ်ဒီတာ တာဝန်ကိုပါ ပူးတွဲပေးအပ်ခဲ့ဖူးပါတယ်။ ဒေါ်ဒေါ်က ကျွန်တော့်အဖေ တပည့်ဖြစ်ပြီးတော့ ကျွန်တော်က သူ့တပည့် လာဖြစ်နေလေတော့ ကျွန်တော့်ကို ချစ်တာလည်း ပါပါတယ်။ ဒေါ်ဒေါ်နဲ့ဦးလေးလှတို့က ကျွန်တော်နဲ့ ပေါ်ဦးသက်ကို သိပ်အလိုလိုက်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက် အကြိမ်ကြိမ် နွှဲ့ဆိုးဆိုးတာကို ခွင့်လွှတ် အလိုလိုက်ခဲ့ ကြပါတယ်။ တကယ်ကတော့ ကျွန်တော်တို့

နှစ်ယောက်ကိုသာ မကပါဘူး၊ စာပေ ကဗျာသမားတွေ ဖြစ်ကြတဲ့ ကိုတင်မိုးတို့၊ ကိုကြည်အောင်တို့၊ ကိုစွမ်းရည်တို့ အင်းဝဂုဏ်ရည်ကိုလေး စတဲ့ လူငယ်တွေအားလုံးကိုလည်း အလိုလိုက်တာပါပဲ။ ရည်ရွယ်ချက်ကတော့ ရှင်းပါတယ်။ လူငယ်တွေ စိတ်မငယ်အောင်၊ သတ္တိပိုရှိပြီးတော့ ရဲရဲတင်းတင်း စမ်းသပ် ဖော်ကျူးကြစေချင်တဲ့ သဘော၊ လွတ်လပ်ခွင့် များများရစေချင်တဲ့ သဘောတွေပါပဲ။ ကျွန်တော်တို့ အသက်ကြီးလာတော့ ဒီကျေးဇူးတွေကိုပိုပြီး နားလည် လာပါတယ်။ အကြောက်တရား၊ မလွတ်လပ်မှုတရား၊ သစ်တုံး ကျောက်တုံးကြီးတွေ အောက်မှာ ပိပြားနေတဲ့ မျိုးစေ့သစ်စေ့တွေဟာ အညွန့်အတက်ထွက်၊ အပင်ပေါက်လာဖို့ မဖြစ်နိုင်ပါဘူး ခင်ဗျာ။ ကျွန်တော် နဲ့ဆိုးဆိုးခွင့် ရပုံကလေးတွေ အနက်က နည်းနည်းလောက် နမူနာ တင်ပြချင်ပါတယ်။

၁၉၆၀ ခုနှစ်များ စောစောပိုင်းမှာ ဒေါ်ဒေါ်မာကို ဆိုဗီယက်ယူနီယံက လာရောက် လည်ပတ်ဖို့ ဖိတ်ကြားပါတယ်။ မြန်မာသတင်းစာဆရာ ၃/၄ ယောက်ကို ဖိတ်ကြားရာမှာ ဒေါ်ဒေါ်မာကိုတော့ အဲဒီတုန်းက ဆိုဗီယက်ယူနီယံရဲ့ ခေါင်းဆောင်ကြီး မစ္စတာနီကီတာ ခရုရှက်(ဖ်) ကိုယ်တိုင်က နာမည်တပ်ပြီး ဖိတ်ကြားတာ ဖြစ်ပါတယ်။ လူထုဒေါ်အမာရဲ့ ဆောင်းပါး (၂) ပုဒ်ကို ဆိုဗီယက်ယူနီယံရဲ့ ခေါင်းဆောင်ကြီး နီကီတာ ခရုရှက်(ဖ်)က အလွန်ကြိုက်လို့ ဟောပြောပွဲတွေမှာ ကိုးကား အသုံးပြုဖူးတယ် ဆိုပါတယ်။ ဒေါ်ဒေါ်က ခရီးထွက်ခါနီး ကျွန်တော်တို့ကို ဘာမှာကြမှာလဲ၊ ဘာလိုချင် ကြသလဲလို့ မေးပါတယ်။ ကျွန်တော်က မဆိုင်းမတွဘဲ ဖြေပါတယ်။ ကျွန်တော်တို့ ဆီဆေးရေးရာမှာ လောလောဆယ် အဖြူရောင် သိပ်ရှားနေတဲ့ အကြောင်း၊ ဒါ့ကြောင့် အဖြူရောင်ဆေးတောင့်တွေ မှာလိုက်လိုတဲ့ အကြောင်း ပြောပါတယ်။ ဒါပေမဲ့ ဒေါ်ဒေါ်ရယ် ... ဆိုဗီယက်ရုရှားမှာ အဖြူရောင် ရှိမှာမဟုတ်တဲ့ အကြောင်း၊ ဘာဖြစ် လို့လဲဆိုတော့ ကွန်မြူနစ်နိုင်ငံ (အနီ) နိုင်ငံ ဖြစ်နေတာမို့ အနီရောင်တွေပဲ ရှိမှာဆိုတော့ မမှာတော့ပါဘူးလို့ ပြောလိုက်ပါတယ်။ ဒေါ်ဒေါ်က ကျွန်တော့်ဗိုက်ခေါက်ကို ဆွဲမလိမ် ရုံတမည်ပါပဲ။ ဒီကောင်ဟာလေ .. ဆိုပြီးတော့ ရယ်လိုက်တာ ... ဒါနဲ့ ကျွန်တော်က ဆက်ပြောပါတယ်။ “ဒေါ်ဒေါ် ... ပန်းချီဆေးတွေ ဘာတွေက ဆိုဗီယက်ယူနီယံမှာ ရပါတယ်။ အဲဒီမှာ ပေါမယ့် သိုးမွှေးလက်အိတ် တစ်စုံလောက်ပဲ ဝယ်ခဲ့ပါ ” ... ဆိုတော့ ဒေါ်ဒေါ်က အေးအေး၊ ဟုတ်ပြီ ... အဲဒါ ငါဝယ်ခဲ့မယ် .... တဲ့။ ဒီတော့ ကျွန်တော်က လက်အိတ်လည်း ဘယ်ရော ညာရော သူတို့ဆီမှာ ပြည့်ပြည့်စုံစုံရမယ် မထင်ဘူးခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ... ဆိုဗီယက်ယူနီယံဆိုတာ လက်ဝဲနိုင်ငံမဟုတ်လား၊ ဘယ်ဘက် တွေပဲ ရှိမှာပေါ့၊ ညာဘက်တွေ ဘယ်ရှိမှာလဲ ... လို့ပြောပြန်တော့ “တော်ပြီ၊ တော်ပြီ၊ တော်ပြီ ... မင်း နောက်ထပ် ဘာမှကို မပြောနဲ့တော့၊ ငါ့ဟာငါပဲ

ကြည့်ဝယ်ခဲ့တော့မယ်”တဲ့။ “ဘယ့်နှယ်ကွယ် … ဒီကာတွန်းဆရာတွေက ငါ့တောင် ချမ်းသာမပေးပါ လားလို့ပြောရင်း ရယ်မော နေပါတယ်။ တစ်ဆက်တည်း ဘေးကရပ်ပြီး တအားရယ်နေ တဲ့ ဦးလေးလှကိုလည်း လှမ်းပြီး မျက်စောင်း ထိုးလိုက်ပါသေးတယ်။

ဒေါ်ဒေါ် မော်စကိုပြန်လာတော့ ကျွန်တော်တို့အတွက် ဒီဇိုင်းဆွဲတဲ့သေတ္တာ လေးတွေ တစ်ခုစီ ဝယ်လာ ပေးပါတယ်။ တော်တော်လည်း ကောင်းပါတယ်။ ဒေါ်ဒေါ် မော်စကိုမှာရှိနေတုန်း တရုတ်ပြည်နဲ့ ဆိုဗီယက်ယူနီယံ အကြား သဘောထားကွဲမှုတွေ ပြတ်ပြတ်သားသား၊ အထင်အရှား ဖြစ်လာပါတယ်။ ဆိုဗီယက်ခေါင်းဆောင်ကြီး နီကီတာခရုရှက်(ဖ်) ကိုယ်တိုင်က ဒေါ်ဒေါ်မာကို ခေါ်ပြီး ဂုဏ်ပြုခဲ့တာမှန်ပေမဲ့ ဒေါ်ဒေါ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ရပ်တည်ချက်ကို နှစ်သက်တဲ့အတွက် ဆိုဗီယက်နိုင်ငံက စီစဉ်ထားတဲ့ ကျူးဘားနိုင်ငံ ခရီးစဉ်ကိုလည်း ဖျက်ပြီးတော့ မြန်မာနိုင်ငံကို ချက်ချင်း ပြန်လာပါတယ်။ ဆိုဗီယက်ယူနီယံက အထက်စီးယူပြီးတော့ အနိုင်ကျင့်တယ်လို့ ဒေါ်ဒေါ်က ယုံကြည်ပုံရပါတယ်။ ဒီအတိုင်းပဲ ရပ်တည်ပြီးတော့ ဆိုဗီယက်ခေါင်းဆောင် မစ္စတာခရူးရှက်(ဖ်)ရဲ့လုပ်ရပ်တွေကို ပြတ်ပြတ်သားသား ဝေဖန်ပါတော့တယ်။ ယုံကြည်ချက်နဲ့ ပတ်သက်လာရင် တဒင်္ဂ အပေါ်ယံတန်ဖိုးကို ကျော်ပြီးတော့ ကိုယ် ယုံကြည်သလို ခိုင်ခိုင်မာမာရပ်တည်ခဲ့တဲ့ ဒေါ်ဒေါ်ရဲ့သတ္တိနဲ့ ပြတ်သားမှုကို ကျွန်တော့် တစ်သက်တာအတွက် မှတ်သားအတုယူခဲ့ရပါကြောင်း တင်ပြရင်း ဒီတစ်ပတ် ဒီမျှနဲ့ ရပ်နားထားပါ ရစေ။

ကျန်းမာ ချမ်းသာကြပါစေ… ကျွန်တော် ဝင်းဖေ ပါ။

[၁၅]

သောတရှင်များခင်ဗျာ...

ပြီးခဲ့တဲ့ (၂)ပတ်က လူထုဒေါ်အမာနဲ့ ပတ်သက်ပြီး ကျွန်တော်နဲ့ ပေါ်ဦးသက် ကာတွန်းတွေ၊ ပန်းချီတွေရေးကြတဲ့အကြောင်း စထားမိပါတယ်။ အသေးစိတ်ကလေး တွေ နည်းနည်းဆက်ပြီးတင်ပြပါဦးမယ်။

ကျွန်တော်တို့နှစ်ယောက် လူထုတိုက်ကိုမရောက်ခင် ကာတွန်းတွေ၊ ရုပ်ပြ ဇာတ်လမ်းတွေပါတဲ့ ဂလိ လို့ခေါ်တဲ့ ဟာသအပတ်စဉ် စာစောင်လေးတစ်ခု ထုတ်ဝေခဲ့ ဖူးပါတယ်။ ကျွန်တော်တို့နှစ်ယောက်က အရုပ်တွေ၊ ကာတွန်းတွေ၊ ဒီဇိုင်းတွေ ကိုယ်တိုင်ဆွဲတတ်တာဆိုတော့ ကျွန်တော်တို့စာစောင်မှာ ကြော်ငြာထည့်သူတွေကို ဒီဇိုင်းအလကား ဆွဲပေးတဲ့ နည်းနဲ့ စည်းရုံးတော့ကာ ကြော်ငြာတွေ အများကြီးရပါတယ်။ ကြော်ငြာတွေအများကြီးရရင် စာစောင်ထုတ်ခ အရင်းအနှီး သိပ်သက်သာတယ်ဆိုတာ အများလည်း သိကြပါတယ်။ အဲဒီတော့ကာ အမှတ်စဉ် (၁၆) အထိ ရောက်ပြီးတော့ အလွန်အောင်မြင်ခဲ့ပေမဲ့ အကြွေးတောင်းတဲ့ပညာကို အဓိကအားဖြင့် မတတ်တဲ့အတွက် အမြတ်ငွေတွေ သောင်းနဲ့ချီ ရှိပြီးတော့ အကြွေးတွေဖြစ်နေလို့ ပြုတ်သွားပါတယ်။

အဲဒီလုပ်ငန်းရဲ့ရလဒ်ကတော့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ပန်းချီ၊ ကာတွန်း လက်ရာတွေကို လူတွေ သိသွားကြတဲ့ အတွက် ပေါ်ဦးသက်က လူထုတိုက်ကို ရောက်သွားပါတယ်။ ကျွန်တော်ကတော့ အသစ် စထုတ်တဲ့ ခေတ်ဂျာနယ်ကို ရောက်သွားပါတယ်။ အဲဒီခေတ်ဂျာနယ်ကို ဦးဆောင်ပြီး လုပ်ကိုင်သူတွေကတော့ အခု နာမည်ကြီး စာပေပညာရှင် ဦးသာနိုးတို့၊ ဘကြီးမိုးလို့ လူသိများတဲ့ ဦးမိုးသူ ခေါ် ဦးစိန်မြင့်တို့၊ မန္တလေး၊ အေလမ်းက စာပုံနှိပ်စက်ပိုင်ရှင် ဦးလေးဦးမောင်ကို တို့ဖြစ်ကြပါတယ်။ အဲဒီဂျာနယ်ဟာ အလွန်အောင်မြင်ပေမဲ့ နိုင်ငံရေးပုဒ်မနဲ့ အဖမ်းခံကြရလို့ ခဏနဲ့ ပြုတ်သွားပါတယ်။ အဖမ်းခံကြရတဲ့အထဲမှာ ကံအားလျော်စွာ ကျွန်တော်တော့ မပါပါဘူး။ နောက် ဦးသာနိုးနဲ့ ဦးမိုးသူတို့ လွတ်လာကြတော့ သူတို့က မန်းခေတ် သတင်းစာဆိုပြီး ဆက်လုပ်ကြပါတယ်။ ကျွန်တော့်ကိုကျတော့ လူထုသတင်းစာတိုက် ကပဲ ခေါ်ထားလိုက်ပါတယ်။ ကျွန်တော်နဲ့ ပေါ်ဦးသက်က လူထုသတင်းစာ အတွက် နေ့စဉ် ကာတွန်းတွေ ရေးကြရပါတယ်။ သတင်းစာ အထူးထုတ်တွေနဲ့ ကြားဖြတ် လိုအပ်တဲ့ သရုပ်ဖော်ပုံတွေလည်း ဆွဲကြရပါတယ်။ နောက် လူထုတိုက်က ထုတ်တဲ့

စာအုပ်မျက်နှာဖုံး ဒီဇိုင်းတွေကိုလည်း ဆွဲကြရပါတယ်။

ကျွန်တော်တို့ရှေ့က လူထုတိုက်မှာ ပန်းချီသရုပ်ဖော်ပုံတွေ ရေးဆွဲသွားသူကတော့ ပန်းချီဆရာကြီး ဦးဘရင်ကလေး ဖြစ်ပါတယ်။ ရန်ကုန်က ပန်းချီ အင်မတန် နာမည်ကြီးတဲ့ ကိုညိုဝင်းရဲ့ ဖခင်ဖြစ်ပါတယ်။ ပန်းချီဆရာကြီး ဦးဘရင်ကလေးဟာ သရုပ်ဖော်ပန်းချီတွေကို အလွန် ရဲရဲရင့်ရင့်၊ ခွန်နဲ့အားနဲ့ ဆွဲတတ်သူ ဖြစ်ပါတယ်။ ခေတ်ပြိုင် ကမ္ဘာ့ပန်းချီ လက်ရာတွေနဲ့ အလွန်နီးစပ်သူ ဖြစ်ပါတယ်။ ကျွန်တော်တို့ လူထုတိုက်ကို မရောက်ခင် ကတည်းက ဆရာကြီး ဦးဘရင်ကလေးဟာ ရန်ကုန်ရုပ်ရှင် ရုံဆင်ပိုစတာ ဒီဇိုင်းကြီးတွေ ဆွဲဖို့ အောက်ပြည်အောက်ရွာကို ဆင်းသွားပြီ ဖြစ်ပါတယ်။ လူထုတိုက်က ဆရာကြီးဦးဘရင်ကလေးကို စိတ်ကြိုက် လွတ်လွတ်လပ်လပ် ရေးဆွဲခွင့် ပေးခဲ့သလို ကျွန်တော်နဲ့ ပေါ်ဦးသက်ကိုလည်း လွတ်လပ်ခွင့် အပြည့်ပေးပါတယ်။ ကျွန်တော်တို့ကလည်း ရတဲ့ အခွင့်အရေးကို အပြည့်အဝ အသုံးပြုကြတဲ့အတွက် ကျွန်တော်တို့နှစ်ယောက်ရဲ့ စာအုပ်ဒီဇိုင်းတွေ၊ သရုပ်ဖော်ပုံတွေဟာ သမားရိုးကျ မဟုတ်တဲ့ တသီးတခြား စတိုင်လ်တစ်မျိုးနဲ့ ထွက်လာပါတယ်။ အဲဒီအရှိန်နဲ့ ရန်ကုန်က စာအုပ်မျက်နှာဖုံး တော်တော်များများ ကျွန်တော်တို့ဆီ လာအပ်တာတွေ ရှိလာပါတယ်။

ဦးလေးတို့၊ ဒေါ်ဒေါ်တို့က ကာတွန်းတွေကို သတင်းစာမှာ နေ့စဉ် မဖြစ်မနေ ပါချင်ကြပါတယ်။ နေ့စဉ် နိုင်ငံရေး အခြေအနေတွေဟာ ကာတွန်းဆွဲဖို့ ဖြစ်ပျက်နေတာ မဟုတ်တော့ ရေးစရာမရှိတဲ့ အခါတွေမှာ အတော်ကြီးကို ဦးနှောက်ခြောက်စရာ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ပေါ်ဦးက နေ့စဉ် ကာတွန်းတွေရေးဖို့ ညနေ ၄ နာရီလောက်ကို သတင်းစာတိုက် အရောက်သွားကြရပါတယ်။ တစ်မနက်ခင်းလုံး စဉ်းစားပြီးရထားတဲ့ အိုင်ဒီယာလေးတွေကို စက္ကူကြမ်း ပေါ်မှာ ပုံကြမ်းခြစ်ပြီးတော့ ဒေါ်ဒေါ့်ကို သွားပြကြရ ပါတယ်။ ဒေါ်ဒေါ့်ဆီက ခွင့်ပြုချက် ရပြီဆိုရင် အချောဆွဲ၊ ဘလောက်ဌာနပို့၊ အိမ်ပြန်ရုံပဲ။ အလွန်ကြာလှရင် နာရီဝက်ပါပဲ။ ပိုက်ဆံရှာရတာ တယ်လွယ်တာပဲလို့ အများက ထင်ကြတယ်။ ဒါ အဆင်ပြေတဲ့နေ့ ပြောတာနော်။ အဆင်မပြေတဲ့ နေ့တွေကြုံရင် အိုင်ဒီယာက မရ၊ ရတဲ့ အိုင်ဒီယာကိုလည်း ဒေါ်ဒေါ်က မကြိုက်ဆိုတော့ တစ်ညနေလုံး ချွေးစေးတွေပြန်ပြီး ည ၉ နာရီ ဘလောက်ခန်းပိတ်တဲ့ အထိ အကြီးအကျယ် ဦးနှောက် ခြောက်ကြရပါတယ်။

နေ့ချင်းသတင်း လတ်လတ်ဆတ်ဆတ် ရဖို့ဆိုတာ လေယာဉ်နဲ့လာတဲ့ သတင်းစာရမှ ဖြစ်တာပါ။ လေယာဉ်ပျံ ပျက်ကွက်တဲ့နေ့ ဆိုရင် ကျွန်တော် ဒုက္ခရောက် ပါတော့တယ်။ အဲဒီလို နေ့တစ်နေ့နေ့မှာ ကျွန်တော်လည်း

စိတ်ညစ်ညစ်နဲ့ လူတစ်ယောက်က ကြွက်စုတ်တစ်ကောင်ကို အားရပါးရ ပစ်ကန်နေတဲ့ပုံကို ဆွဲပြီးတော့ကာ လေယာဉ်ပျံ မဆိုက်လို့၊ သတင်းစာ မလာလို့ သတင်းမရှိရတဲ့ အထဲမှာ ဒီကြွက်စုတ်က ရှုပ်နေပြန်ပြီကွာ ဆိုတဲ့စကားကို ထည့်လိုက်ပါတယ်။ ဒါက သတင်းစာမှာ တကယ်သုံးဖို့ မဟုတ်ပါဘူး။ စိတ်ညစ်ညစ်နဲ့ ရေးလိုက်တာပါ။ အဲဒီ Sketch ကို ဒေါ်ဒေါ်က တွေ့တော့ ရယ်လိုက်တာ၊ ဦးလေးလှကိုလည်း သွားပြတယ်။ ပြီးတော့မှ အဲဒီနေ့ အတွက် အဲဒီကာတွန်းကို သတင်းစာမှာ ထည့်သုံးပါတယ်။ ကာတွန်းဆရာ ဒုက္ခ ရောက်တာလည်း လူတွေ သိသင့်တာပဲကွလို့ ပြောပါတယ်။

တစ်ခါကလည်း ကာတွန်းအိုင်ဒီယာ မရလို့ ချွေးစေးတွေပြန်နေလို့ ပန်းချီ ရေးစားရတာ မလွယ်ပါလားဆိုတဲ့ စာသားနဲ့ ပန်းချီဆရာက ပန်းချီကားကို ကိုက်စား နေတဲ့ပုံ၊ သစ်သားပေါင်ကို ကိုက်ရတာမို့ သွားတွေ ကျိုးကုန်တဲ့ပုံကို ရေးမိပါတယ်။ ဒါလည်း ဒေါ်ဒေါ်က တွေ့သွားပြီး သတင်းစာမှာ သုံးတာပါပဲ။ ကာတွန်းဆရာရဲ့ ညည်းချင်းပေါ့ကွာတဲ့။ ကျွန်တော်တို့ လူထုတိုက်မှာ သိပ်ပျော်ခဲ့ကြပါတယ်။ ဒါပေမဲ့ ၁၉၆၂ခု၊ စစ်အစိုးရလည်း တက်ရော ကျွန်တော်တို့ ကာတွန်း ရေးတဲ့သူတွေ အရင်ဆုံး အလုပ်ပြုတ်တော့တာပါပဲ။ သူတို့က ဝေဖန်တာကို သိပ်ကြောက်ကြတယ်လေ။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျား ...

ပြီးခဲ့တဲ့သတင်းပတ်တွေမှာ မန္တလေး လူထုတိုက်နဲ့ ပတ်သက်ခဲ့တာတွေကို တင်ပြခဲ့ပေမဲ့ လူထုဦးလေးလှ အကြောင်း အတော်နည်းနေပါသေးတယ်။ လူထုဦးလေးလှနဲ့ ဒေါ်ဒေါ်မာတို့ရဲ့ ခံယူချက်ပေါ်လစီက တကူးတကန့် ထုတ်ဖော်ကြော်ငြာ ထားတာ မဟုတ်ပေမဲ့ အလွန်သိသာ ထင်ရှားနေပါတယ်။ လူ့ဘဝရှင်သန်နေတုန်း အချိန်ရှိသမျှ ကိုယ့်အကျိုး၊ အများအကျိုး တစ်ခုမဟုတ်တစ်ခု .. တတ်နိုင်သမျှ ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်နေတာဟာ လူ့တန်ဖိုးလို့ ယုံကြည်ကြခြင်းပဲ ဖြစ်ပါတယ်။ ယုံကြည်သလို လက်တွေ့လည်း ကျင့်ကြံရှင်သန်ကြသူတွေ ဖြစ်ပါတယ်။

ဦးလေးလှက စည်းကမ်း ပိုကြီးပါတယ်။ နေ့စဉ် အကွက်စေ့အောင် ရေးဆွဲထားတဲ့ လုပ်ငန်းဇယားနဲ့ လှုပ်ရှား ပါတယ်။ ဦးလေး ငယ်စဉ်ကတည်းက ကျန်းမာရေးနဲ့ အားကစားကို ကိုယ်တိုင်လည်း လိုက်စားလေ့ကျင့်၊ သူများကိုလည်း ရှင်းပြ စည်းရုံး ဆိုတာတွေ အဆက်မပြတ် ကျင့်ကြံလုပ်ဆောင်ခဲ့ပြီးတော့ ... အဲဒီလို လုပ်ဆောင်ရာမှာ စာပေအနုပညာကို အဓိကအားဖြင့် လက်နက်အဖြစ် ... အကောင်းဆုံးနဲ့ အကျယ်ပြန့်ဆုံး အသုံးချသူလည်း ဖြစ်ပါတယ်။ နိုင်ငံရေးစာပေတွေ၊ အနုစာပေတွေ ... စာမျိုးစုံ အောင် ရေးသားထုတ်ဝေခဲ့တဲ့ ဦးလေးလှလည်း ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း စာတွေ အများကြီး ရေးပါတယ်။ သတင်းစာ၊ ဂျာနယ်၊ လုံးချင်းစာအုပ်တွေ မပြတ်ထုတ်နိုင်ဖို့ စာပေထုတ်ဝေရေးတိုက်၊ ပုံနှိပ်တိုက်လုပ်ငန်းကို ထူထောင်တယ်၊ တစ်ချိန်တည်းမှာ ကျန်းမာရေးကို အထူးဂရုစိုက်တယ်၊ ကျန်းမာရေး ဆောင်းပါးတွေ၊ အားကစားဆောင်းပါးတွေ အများကြီး ရေးပြီးတော့ ပြည်သူလူထု အမြောက်အမြားကို အကျိုးပြုခဲ့ ပါတယ်။ ဒီလို အတ္တပရ ညီညီမျှမျှ အကျိုးများအောင် အချိန်ရှိသမျှ လုပ်ဆောင်နေတဲ့ ပုဂ္ဂိုလ်ဆိုပေမဲ့ နိုင်ငံရေး ယုံကြည်ချက် ခြားနားမှုအတွက် ဖမ်းမယ့်၊ ဆီးမယ့်၊ ထောင်ချမယ့် လူတွေကလည်း ရှိနေသေးတာပဲ။ ဒါပေမဲ့ ဦးလေးလှဟာ ရောက်တဲ့အရပ်၊ ရသမျှ အချိန်တိုင်းကို အများအကျိုး၊ ကိုယ့်အကျိုး စီးပွားအောင် လုပ်ဆောင်တတ်တဲ့ အကျင့် ရှိလေတော့ အကျဉ်းထောင်ထဲက အချိန်နဲ့အခြေအနေကိုပဲ အခွင့်ကောင်းတစ်ရပ်အဖြစ် အသုံးချပြီးတော့ ဘဝစာပေ၊ စာအုပ်စာတမ်းတွေရေးဖို့ ကုန်ကြမ်းတွေ အမြောက်အမြား ရအောင် စုဆောင်းနိုင်ခဲ့ပါတော့တယ်။ ဦးလေးလှလို ပုဂ္ဂိုလ်ကို ထောင်ချလိုက်တာဟာ

စူဠလိပ်ကို ရေထဲချလိုက်သလိုပါပဲ။ အကျဉ်းထောင်ထဲက နေပြီးတော့ အလွန်မြင့်မားတဲ့ စာပေဆုတွေကို ရယူနိုင်ခဲ့ပါတယ်။ မီးပုံထဲပစ်ချရင် ခွန်အားနှစ်ဆ တိုးလာတယ်ဆိုတဲ့ ဖီးနစ် ဒဏ္ဍာရီငှက်လိုပါပဲ။

ဦးလေးလှက လူတွေ ကျန်းမာအောင် အစာအာဟာရကို အချိန်မှန် ဘယ်လို စားသင့်တယ်၊ ဘာတွေစားရမယ်၊ ဘယ်လောက်သား စားသင့်တယ် ... စတဲ့ ကိစ္စတွေကို အကျိုးနဲ့အကြောင်းနဲ့ ပြည့်ပြည့်စုံစုံ ဆောင်းပါးတွေ ရေးသားပြီးတော့ မကြာခဏ သတိပေးနှိုးဆော်ပါတယ်။ အများပြည်သူတွေအကြားမှာ ထိရောက်မှုအကျိုးလည်း အတော်ကြီးမားပါတယ်။ ဒါပေမဲ့ အဲဒီဆောင်းပါးတွေကို ဒေါ်ဒေါ်မာကတော့ မျက်စိလျှမ်းသွားလေသလား၊ (ဒါမှမဟုတ်) ရှာဘုရား၊ ရှာသား မကိုးကွယ်ဆိုတာလိုများ ဖြစ်လေသလား ... မပြောတတ်ပါဘူး၊ ဒေါ်ဒေါ်က မန္တလေးသူပီပီ ပုရစ်ကြော် သိပ် ကြိုက်ပါတယ်။ တစ်ခါတစ်ခါစားရင် ... တစ်ထိုင်တည်း အကောင် ၃/၄ ဆယ် စားတတ်ပါတယ်။ အဲဒီလို ဒေါ်ဒေါ်စားတာကို ဦးလေးလှကကြည့်ပြီး ... သိန်းခိုပြည် ဘီလူးဝင်စားတာကျနေတာပဲလို့ ပြောတတ်ပါတယ်။ ဦးလေးလှဟာ ကြမ်းတမ်းတဲ့ စကား၊ သိမ်ဖျင်းတဲ့ စကားတွေကို အလွန်ပြောခဲပါတယ်။ အခုလို သိန်းခိုပြည်ကို ဘီလူးဝင်စားတာ ကျနေတာပဲ ဆိုတာ ... ဒါ သူအကြမ်းဆုံးပြောတဲ့ အသုံးအနှုန်း ဖြစ်ပါတယ်။

ဒေါ်ဒေါ်က တညင်းသီးအုန်းနို့ဆမ်းလည်း သိပ်ကြိုက်တော့ တန်ဆေး၊ လွန်ဘေး မဟုတ်ဘဲ စားပြီဆိုရင် ... အလွန်အကျံ စားတတ်ပါတယ်။ ဦးလေးလှရဲ့ တိုက်တွန်းချက်၊ ဆန္ဒတွေနဲ့မကိုက်ညီဘူးလို့ ဆိုလိုတာပါ။ ဒါပေမဲ့ ပြဿနာက ကျန်းမာရေးစည်းကမ်းတွေနဲ့ အလွန်ညီညွတ်အောင်ကျင့်ကြံနေထိုင်တဲ့ ဦးလေးလှက သက်တမ်း (၇၂) နှစ်သာ နေရပြီး၊ ဒေါ်ဒေါ်မာက အသက်(၉၃) နှစ်ထိ သက်တော်ရှည် ဘွားဘွားကြီးအဖြစ် ရှင်သန်နေထိုင်သွားနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ မျက်စိလည်မသွားဖို့ လိုပါတယ်။ ဦးလေးလှရဲ့ ကျင့်ကြံမှုဟာ မှားနေပြီး၊ ဒေါ်ဒေါ်ရဲ့ စိတ်အလို လိုက်မှုဟာ မှန်တယ်လို့ဆိုလိုတာ မဟုတ်ပါဘူး။ ဦးလေးလှရဲ့အတိတ်၊ ကာမာဝစရ ကုသိုလ်ကံဟာ အသက်ရှည်ရှည် မနေရဖို့ ပါလာပေမဲ့ ပစ္စုပ္ပန်ကံ ထက်သန်လွန်းတဲ့ အတွက် ၇၂နှစ်အထိ ရှင်သန်သွားနိုင်ခြင်း ဖြစ်ပါလိမ့်မယ်။

ဦးလေးလှက အခါအခွင့်သင့်တိုင်း စာပေဟောပြောပွဲတွေ၊ စာတမ်းဖတ်ပွဲ တွေကို မဖြစ်ဖြစ်အောင် လုံးပန်းလေ့ ရှိပါတယ်။ ဒေါ်ဒေါ်ကတော့ ပြောတာဟောတာ သိပ်ဝါသနာမပါပါဘူး။ ပြောခဲပါတယ်။ ဦးလေးလှကတော့ ပြောစရာ၊ ဟောစရာ ရှိရင် ... ဝန်မလေးတတ်ပါဘူး။ ပြောပြီ၊ ဟောပြီဆိုရင်လည်း

စနစ်တကျ ကြိုတင် ပြင်ဆင်မှုရှိပါတယ်။ ကြိုပြီး ရေးသားထားတတ်ပါတယ်။ စင်ပေါ်ရောက်တော့ ရေးသားထားတာကို ဖတ်ပြသွားတာမျိုးတော့ မဟုတ်ပါဘူး။ ရယ်စရာ မောစရာတွေ ညှပ်ညှပ်ပြီးတော့ ပျော်ပျော်ပါးပါး စိတ်ဝင်စားစရာကောင်းအောင် ဟောပြောတတ်သူ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ ပေါ်ဦးသက်က ရုံဖန်ရံခါ ပန်းချီကားတွေရေးပြီး နိုင်ငံခြားသား တွေကို ရောင်းပါတယ်။ အဲဒီလို ကျွန်တော်တို့ ပန်းချီကားတွေ နိုင်ငံခြား ပါသွားတော့ မယ့်ကိစ္စကို ဦးလေးနဲ့ ဒေါ်ဒေါ်တို့က မနှစ်သက်ပါဘူး။ ဒါ့ကြောင့် ဦးလေးနဲ့ ဒေါ်ဒေါ် တို့က တတ်နိုင်သမျှ … သူတို့ကိုယ်တိုင်လည်း ကျွန်တော်တို့ပန်းချီကားတွေ ဝယ်ယူ စုဆောင်း ကြပါတယ်။ ပေါ်ဦးသက်က တစ်သက်လုံး ပန်းချီပဲရေးပေမဲ့ ကျွန်တော်ကတော့ ဂီတလည်း လက်မလွှတ်၊ ကျောင်းဆရာ ကလည်းလုပ်၊ ကုန်သည်လုပ်၊ ရုပ်ရှင်ရိုက်၊ စာရေးဆိုတာလို … ဒေါ်ဒေါ်လိုပဲ စိတ်အလိုလိုက်ပါတယ်။ မောင်ဝင်းဖေရေ … မင့်ဟာမင်း ဘာတွေပဲ လျှောက်လုပ်နေနေ … ပန်းချီလေးတော့ ဆက်ရေးပါကွယ်… လို့ဒေါ်ဒေါ်က လူကြုံရှိတိုင်း မှာတတ်ပါတယ်။ သူကွယ်လွန်ခါနီးအချိန်အထိကျွန်တော့်ကို တတ်နိုင်သမျှ ပန်းချီရေးဖို့ မှာသွားရှာပါတယ်။ ဒေါ်ဒေါ်က ကျွန်တော့် ပန်းချီကားတွေကို အတော်ကြိုက်ပုံရပါတယ်။

ကျန်းမာ၊ ချမ်းသာကြပါစေ… ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ကျွန်တော်တို့ လူထုတိုက်မှာ အလုပ်လုပ်နေခဲ့ကြတာကို တင်ပြရင်း အဲဒီ ကာလတွေက ကာတွန်းရေးဆွဲမှုဆိုင်ရာ လွတ်လပ်ခွင့်အခြေအနေလေးကို တင်ပြချင် စိတ် ပေါ်လာပါတယ်။

ဒီတုန်းက ... တည်မြဲ ဖ-ဆ-ပ-လနဲ့ သန့်ရှင်းဖ-ဆ-ပ-လ ဆိုပြီး ဖ-ဆ-ပ-လ နှစ်ခြမ်းကွဲနေချိန်ဖြစ်ပါတယ်။ သန့်ရှင်း ဖ-ဆ-ပ-လကို ဦးနုနဲ့ သခင်တင်က ဦးဆောင်ပြီးတော့ တည်မြဲ ဖ-ဆ-ပ-လ ကိုတော့ ဦးဗဆွေနဲ့ ဦးကျော်ငြိမ်း တို့က ဦးဆောင်ပါတယ်။ ဒါ့ကြောင့် နုတင်နဲ့ ဆွေငြိမ်း အုပ်စု လို့လည်း ခေါ်ကြပါတယ်။ ကျွန်တော်တို့ ကာတွန်းရေးတဲ့အခါမှာ ကာတွန်းဇာတ် ကောင်တွေရဲ့ ကိုယ်ပေါ်မှာ ဆွေတို့၊ ငြိမ်းတို့၊ နုတို့၊ တင်တို့ ... စသည်ဖြင့် ရေးပြီး ပြောင်လှောင်ရေးသားကြပါတယ်။ အဲဒီခေတ်တွေတုန်းက ဒီလိုလုပ်ပိုင်ခွင့်တွေဟာ သတင်းစာတွေရဲ့ အခြေခံ လုပ်ပိုင်ခွင့်တွေပဲလို့ တစ်နိုင်ငံလုံးက နားလည်လက်ခံကြ တဲ့အတွက် အာဏာပိုင်တွေက အရေးယူတာ၊ ရန်ရှာတာ၊ တားဆီးပိတ်ပင်တာမျိုးတွေ မရှိပါဘူး။ အလွန်လွတ်လပ်ပါတယ်။ ဒါက ... အင်္ဂလိပ်ခေတ်၊ တစ်ပါးကျွန်ဘဝ ကတတည်းက ရှိခဲ့တဲ့အစဉ်အလာ လွတ်လပ်ခွင့်တစ်ခုပါပဲ။ ဒုတိယကမ္ဘာစစ် မဖြစ်ခင် က အလွန်နာမည်ကြီးခဲ့တဲ့ ကာတွန်းဆရာကြီး ဦးဗကလေး (ရွှေတလေး) ရဲ့ သူရိယ မဂ္ဂဇင်းထဲက နာမည်ကျော် ဘကြီးမေတ္တာတုံးရဲ့ အာတာသမုခဋ္ဌိပနီ ကာတွန်း ရုပ်ပြောင်ကွက်တွေမှာလည်း ဗြိတိသျှဘုရင်ခံရဲ့နာမည်ကစလို့ နိုင်ငံ့ ခေါင်းဆောင်တွေကို နာမည်တပ်ပြီး ရေးဆွဲပြောင်လှောင်ခဲ့တာပါပဲ။ ကန့်သတ် ပိတ်ပင် ချုပ်ချယ်တဲ့ ဆင်ဆာတွေ ဘာတွေ မရှိခဲ့ပါဘူး။

နောက် ဒုတိယကမ္ဘာစစ်ကြီးအပြီးကာလနဲ့ မြန်မာ့လွတ်လပ်ရေးခေတ်ဦး ကာလမှာ အလွန်ထင်ရှားလွှမ်းမိုးခဲ့တဲ့ ကာတွန်းဆရာကြီး ဦးဘဂျမ်း ဆိုရင် သူ့ကို ဝင်ငွေခွန်ကောက်လို့ဆိုပြီး ကန့်ကွက်တဲ့အနေနဲ့ နေ့စဉ်သတင်းစာတွေမှာ ကာတွန်း မဆွဲဘဲ သပိတ်မှောက် ဆန္ဒပြခဲ့ပါတယ်။ သတင်းစာဖတ်ပရိသတ်၊ လုပ်သားပြည်သူ တွေအကြားမှာ အုန်းအုန်းကျွက်ကျွက် ဖြစ်သွားပါတယ်။ ဖ-ဆ-ပ-လ အစိုးရက ချက်ချင်း သူ့ကို ကင်းလွတ်ခွင့်ပေးခဲ့ရပါတယ်။ ဆရာကြီးဦးဘဂျမ်းဟာ အာဏာရ ဖ-ဆ-ပ-လ အစိုးရကို နေ့စဉ် ပြောင်လှောင်နေသူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖ-ဆ-ပ-လ

အစိုးရဟာ ကာတွန်းပညာရဲ့ အခွင့်အရေးကို မထိပါးရဲပါဘူး။ ဟီရိုသြတ္တပွဲ၊ အရက်တရား၊ အကြောက်တရား ရှိကြပါသေးတယ်။ အဲဒီလို အခြေခံ ကာတွန်း လွတ်လပ်ခွင့်တွေဟာ ကျွန်တော်တို့ခေတ် ... မ-ဆ-လ စစ်အစိုးရ မတက်ခင် ပ-ထ-စ အစိုးရ လက်ထက်အထိ ရှိနေပါသေးတယ်။

ကျွန်တော့်ဖခင် ရွှေပြည်ဦးဘတင် နဲ့ ဖ-ဆ-ပ-လ ဝန်ကြီးချုပ်ဦးနု တို့ဟာ ပုဂ္ဂိုလ်ချင်း အလွန်ရင်းနှီး ခင်မင် ကြပါတယ်။ ဖခင်ကြီးသွားရာကို တကောက်ကောက် လိုက်ရတဲ့ ကျွန်တော့်ကိုလည်း ကျောင်းသား ငယ်ဘဝ ကတည်းက ဦးနုက ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ လူထု သတင်းစာမှာ ကျွန်တော် ကာတွန်းဆရာ ဖြစ်လာတော့ ဦးနုကို ကျွန်တော်က ပြောင်ပြောင်တင်းတင်းပဲ ဝေဖန်ပြောင်လှောင် ရေးဆွဲရပါတယ်။ ဦးနုရဲ့သားအကြီးနဲ့ ကျွန်တော်က ရင်းနှီးလေတော့ ဦးနုအိမ်ကို ဝင်ထွက်ပြီး စားသောက်ပေမဲ့ ဦးနုက ကျွန်တော့်ကို “မင့်ငါ့ကို လူထု သတင်းစာက နေပြီး ကာတွန်းနဲ့ ဆော်နေတဲ့ကောင်ပဲ ဆိုပြီး တစ်ခွန်း ပြစ်တင် ပြောဆိုတာမျိုး မရှိခဲ့ပါဘူး။ ကျွန်တော့်ဖခင်ကြီး အကြောင်းကိုသာ မေးမယ်၊ တခြား အာလာပသလ္လာပ ပြောမယ်၊ ကျွန်တော့်ကိုတော့ အပြစ်မပြောပါဘူး။ သူ့သားကြီးတောင် ကျွန်တော့်ကို ခင်ခင်မင်မင်ပဲ ပေါင်းနေတာပါပဲ။ ကျွန်တော်ကိုယ်တိုင်က လည်း ဦးနုအိမ်ကို စိတ်ရှင်းရှင်းနဲ့ ဝင်ထွက်ရဲပါတယ်။ ဘာပြဿနာမှ မကြီးခဲ့ပါဘူး။

၁၉၆၂ခုနှစ် စစ်အစိုးရ တက်လာတော့ ဘယ်လိုသဘောထားနဲ့ ဘယ်လိုဆက်ပြီးတော့ အုပ်ချုပ်မယ်မှန်း မသိသေးလေတော့ နိုင်ငံရေးကာတွန်းတွေ မရေးဘဲ သာမန် ရယ်စရာ ကာတွန်းတွေ ရေးပါတယ်။ ဥပမာ ... သတင်းစာပါ နိုင်ငံရေး အခြေအနေတွေကို လုံးဝ မကိုးကားတော့ဘဲနဲ့ ပထမတစ်လမှာ တစ်လလုံး ဗုံနဲ့ ပတ်သက်တဲ့ ကာတွန်းတွေ ရေးပါတယ်။ ဗုံ ပုံ (ဒါမှမဟုတ်) ဗုံ ဆိုတဲ့ စကားလုံး ပါတဲ့ ရယ်စရာ ဟာသကာတွန်းတွေ ရေးပါတယ်။ နောက်လကြတော့ကာ တစ်လလုံး ရေသူမ အရုပ်၊ ဒါမှမဟုတ် ရေသူမ ဆိုတဲ့စာလုံးပါတဲ့ ဟာသတွေနဲ့ ရေးပါတယ်။ ဒါကိုတောင် စစ်တပ်က သူတို့ကို ဘုံဝါဒ နဲ့ ပတ်သက်ပြီး ဝေဖန်တယ်၊ ဒါမှမဟုတ် ရေသူမလို ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်းလို့ ဝေဖန်တာပဲ ... စသည်ဖြင့် မလုံမလဲ၊ မယုံမကြည် ဖြစ်နေကြပါတယ်။ ဥပမာ ... ပင်လယ်ကမ်းခြေတစ်ခုမှာ ခြေထောက် မပါတဲ့ ရေသူမက စက်ဘီးစီးဖို့ကြိုးစားနေပုံကို ရေးပြီးတော့ ဘေးကကြည့်နေတဲ့ တံငါသည်တွေကို ငါ့ဟာငါ ... ဘယ်လိုနင်းနင်း၊ နင်တို့အပူလား ... ဆိုတဲ့အပြောနဲ့ စာတန်းထည့်ပေးလိုက်ပါတယ်။ ဝ မရှိဘဲ ဝိ လုပ်လို့ မရတာကို ဓမ္မဓိဋ္ဌာန်ကျကျ ရေးတဲ့ကာတွန်းပါ။ ဒီကာတွန်းကို စစ်တပ်က သူတို့ကို စောင်းပြောတယ်လို့ထင်ပြီး အယ်ဒီတာချုပ် လူထုဦးလေးလှကိုခေါ်ပြီး သတိပေးပါတယ်။

လူထုသတင်းစာမှာ နေ့စဉ်ပါတဲ့ ကာတွန်းတွေကို မန္တလေးတိုင်း စစ်ဌာနချုပ်က ပုရပိုဒ်ခေါက်လို ချပ်ထူကဒ်တွေနဲ့ ကော်နဲ့ကပ်ပြီးတော့ မျက်စိဒေါက်ထောက် ကြည့်နေကြပါတယ်။ အယ်ဒီတာချုပ် ဦးလေးလှကို စစ်တပ်က နှစ်လအတွင်း ၃/၄ ခါလောက် ခေါ်ပြီး သတိပေးပါတယ်။ နောက်ဆုံး ကာတွန်းတွေဆွဲတဲ့အခါ မှာ ... တဲ့ ... အဓိပ္ပာယ် တစ်မျိုးတည်း ထွက်အောင် ရေးဖို့၊ တစ်မျိုးထက် ပိုမထွက်စေ ရဘူးလို့ မန္တလေးတိုင်းမှူးက ညွှန်ကြား ပါတော့တယ်။ ကျွန်တော်က ဦးလေးလှကို တတ်နိုင်လို့ ဘာပုံမှမပါဘဲ အစက်တစ်စက်ပဲ ရေးပြီး ပြည်သူကိုပြရင်တောင် ပြည်သူတို့ဆီက အမြင်အမျိုးမျိုးနဲ့ အဓိပ္ပာယ်အမျိုးမျိုး ထွက်လာမှာဖြစ်ကြောင်း၊ အကောင်းဆုံး ကတော့ သတင်းစာမှာ ဘာကာတွန်းမှ မထည့်တော့တာသာ အရှင်းဆုံး ဖြစ်ပါလိမ့်မယ်လို့ ပြောလိုက်ပါတယ်။ ဦးလေးလှက သူလည်း ဒီလိုပဲ သဘောပေါက်တဲ့ အကြောင်း ပြောပါတယ်။ အဲဒီနေ့ကစပြီး ကျွန်တော်လည်း အလုပ်ပြုတ်တော့တာပါပဲ။ မြန်မာနိုင်ငံရဲ့ ကာတွန်းဝိဇ္ဇာ ဦးဘဂျမ်းကိုယ်တိုင် အသက်ထင်ရှား ရှိနေသေးရင်လည်း ကျွန်တော့်လိုပဲ အလုပ်ပြုတ်သွားမှာပါပဲ။ စစ်တပ်မှာ အာဏာကို လက်လွှတ်ရမှာ ကြောက်တဲ့ အကြောက်လွန်ရောဂါ ရှိပါတယ်။ အဲဒီရောဂါ နှိပ်စက်နေသလို စစ်တပ်မှာ တခြားဝေဒနာဆိုးတွေလည်း အများကြီးကူးစက် ပြန့်ပွားကုန်ပါတယ်။ စစ်တပ် ကိုယ်တိုင်က ဒီလို အကြောက်လွန် ရောဂါရှိနေတာကို သိပါလျက်နဲ့ မကုစားနိုင်ဘဲ၊ မထွေးနိုင်၊ မမျိုနိုင်ဖြစ်နေကြပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၁၈]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က နိုင်ငံရေးကာတွန်းဆရာပေါက်စကလေး ဝင်းဖေ ... ဘယ်လို ဘယ်လို တားဆီးပိတ်ပင် ခံခဲ့ရတယ်၊ အလုပ်ပြုတ်ခဲ့ရတယ်ဆိုတာကို တင်ပြခဲ့ပါတယ်။ ကျွန်တော့်လို ပါမွှားတောင် ဆင်ဆာဒဏ်ကို အဲဒီလောက် ခံခဲ့ရရင် စာရေးဆရာကြီးပေါင်း အမြောက်အမြား၊ အနုပညာသည်ပေါင်း အမြောက်အမြား ဆင်ဆာဒဏ်တွေကို ဘယ်လောက်များ ခံခဲ့ကြရမလဲ၊ ဘယ်လို အလုပ်ပြုတ်ခဲ့ကြမလဲ၊ ထမင်းအိုးတွေ ဘယ်လောက်များ ကွဲခဲ့ကြမလဲဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။

လူတိုင်းလူတိုင်းမှာ မိမိတို့ခံစားချက်အတိုင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်ရှိတယ်ဆိုတဲ့ တစ်ကမ္ဘာလုံးက လက်ခံထားတဲ့ လူ့အခြေခံအခွင့်အရေးဟာ မြန်မာ စစ်အာဏာပိုင်များ လက်အောက်မှာတော့ ပြောရဲ ပြောကြည့်လေ ဆိုတဲ့ အနေအထားမှာ ရှိပါတယ်။ ပြောရဲလို့ ပြောတဲ့လူတွေလည်း များလှပါပြီ၊ စစ်အာဏာပိုင်တွေမှာလည်း အကုသိုလ်တွေ၊ အပြစ်တွေ ကြီးလှပါပြီ ... နောက်ဆုံးကျတော့ မေတ္တာသုတ်ရွတ်တဲ့ သံဃာတော်တွေကိုတောင် ရိုက်နှက်၊ ပစ်ခတ်၊ သတ်ဖြတ်တဲ့အထိ ကံကြီးထိုက်နေကြ ရှာပါပြီ။ အာဏာနဲ့ လာဘ်လာဘ၊ စည်းစိမ်၊ ဥစ္စာတွေ ဆုံးရှုံးရတော့မှာကို အကြောက် လွန်တဲ့ ရောဂါပါပဲ။ အာဏာအလွဲသုံးစားလုပ်ပြီး ဆင်ဆာလုပ်တာအပြင် အောက်ခြေမှာ အသိဉာဏ်မရှိလို့ ခံကြရတဲ့ ပြဿနာတွေကလည်း တစ်ပုံတစ်ပင်။ ငိုအားထက် ရယ်အားသန်စရာတွေကလည်း အများကြီး ...။

မြန်မာစာပေလောကရဲ့ အဓိပတိ၊ မီးရှူးတန်ဆောင်ကြီးတစ်ဆူဖြစ်တဲ့ စာရေး ဆရာကြီး ရွှေဥဒေါင်း ကွယ်လွန်သွားပြီး မကြာခင်မှာ ဆရာကြီးကတော် ဒေါ်ကြီးစိုးက စာပေထုတ်ဝေရေး မှတ်ပုံတင် လျှောက်ဖို့ ကြိုးစား ရှာပါတယ်။ ဒီတော့ စာပေ ထုတ်ဝေရေး မှတ်ပုံတင်ဌာနက ဆရာကြီးကတော် ဒေါ်ကြီးစိုးကို ဆရာကြီး ရွှေဥဒေါင်းဟာ စာရေးဆရာ တစ်ယောက် ဖြစ်တဲ့ အကြောင်း သက်သေပြရမယ်လို့ တောင်းဆိုပါသတဲ့ ခင်ဗျား။ ရွှေဥဒေါင်းဆိုတာ အလွန်နာမည်ကြီးတဲ့ စာရေးဆရာကြီး ဖြစ်တယ်ဆိုတာ ကိုတောင် မသိတဲ့သူတွေကို စာပေထုတ်ဝေခွင့် မှတ်ပုံတင် ဌာနမှာ တာဝန်ပေးထားမိတဲ့

ပြဿနာပါပဲ။ ဗိုလ်ချုပ်နေဝင်းကို မြန်မာနိုင်ငံရဲ့ စစ်သေနာပတိချုပ်ဖြစ်ကြောင်း သက်သေပြပါလို့ ထောက်ခံစာ သွားတောင်းမနေတာ ကံကောင်းလို့ ပြောရမလို ဖြစ်နေပါတယ်။

နောက်တစ်ခါကတော့ မော်ဘီဆရာသိန်းကြီးရဲ့ စာမူတစ်ခုကို ဆင်ဆာက မကျေနပ်တဲ့အခါမှာ ထုတ်ဝေရေး သွားတင်တဲ့သူကို မော်ဘီဆိုတာ သိပ်မဝေးပါဘူးဗျာ ... ကျုပ်တို့ မေးစရာကလေးရှိလို့ ... အဲဒီ မော်ဘီဆရာသိန်းကြီး ဆိုတဲ့ စာရေး ဆရာကို ခေါ်ခဲ့ပါလို့ ပြောပါသတဲ့ခင်ဗျာ။ မော်ဘီဆရာသိန်းကြီးကိုတောင် မသိတဲ့သူနဲ့ သွားတိုး ပြန်တာပါပဲ။ ပီမိုးနင်းဆိုတာ အားဆေး တစ်မျိုးလို့ ထင်နေတဲ့သူတွေ ရှိနေမယ့်ပုံပါပဲ။

မြန်မာသိ၊ ကမ္ဘာသိ ပန်းချီ ဆရာကြီး ပေါ်ဦးသက်ကိစ္စကျတော့ အထွတ် အထိပ်ကို ရောက်တော့တာပါပဲခင်ဗျာ။ ဆရာပေါ်ဦးသက်ကလည်း စာပေထုတ်ဝေခွင့် လျှောက်တဲ့ ကိစ္စပါပဲ။ ပေါ်ဦးသက်က သူကိုယ်တိုင် လေ့လာ ဆည်းပူးထားတဲ့ ပန်းချီ ပညာတွေကို ရှင်းလင်းချက်၊ သရုပ်ပြပန်းချီပုံတွေနဲ့ သပ်သပ်ရပ်ရပ်၊ ကျကျနန ထုတ်ဝေချင်တာကိုး။ ဒီတော့ ကိုယ်တိုင် စာအုပ်ထုတ်ဝေခွင့် မှတ်ပုံတင် လိုတော့တာပေါ့။ ဒါပေမဲ့ တချို့ အတွေ့အကြုံ ရှိကြတဲ့ မိတ်ဆွေတွေက သွားမလျှောက်လေနဲ့၊ ဒီကိစ္စ တွေက အတော်ကလေးရှုပ်တာ၊ ခင်ဗျားတို့လို ရိုးရိုးအအကြီးတွေနဲ့ မလွယ်ဘူးလို့ ပြောကြတာနဲ့ ပေါ်ဦးသက်လည်း အသာငြိမ်နေခဲ့တာပါပဲ။

ဒါပေမဲ့ စစ်တပ်ထဲမှာလည်း ပေါ်ဦးသက်ကို လေးစားခင်မင်ကြတဲ့ အရာရှိတွေ ကလည်း ရှိနေလေတော့ သူတို့အနေနဲ့ ပေါ်ဦးသက် ထုတ်ဝေချင်တဲ့ ပန်းချီပညာပေး စာအုပ်တွေ ထွက်လာမယ့်ကိစ္စကို သိပ်မျှော်လင့် ကြတယ်မို့လား။ သူတို့က ဝိုင်းပြီး တိုက်တွန်းကြတာပေါ့။ တခြားသူတွေအဖို့ ခက်တယ်ဆိုပေမဲ့ ဆရာပေါ်ဦးသက်လို မြန်မာ့ဂုဏ်ဆောင် အနုပညာသည်တစ်ဦးအနေနဲ့ကတော့ ပြဿနာမရှိပါဘူး .. ဘာ ညာနဲ့ တိုက်တွန်းကြတော့တာပေါ့။ ဒါနဲ့ပဲ ဆရာပေါ်ဦးသက်က သူ့ကိုယ်ပိုင်စာအုပ် ထုတ်ဝေရေးမှတ်ပုံတင်ကို ကိုယ်တိုင်ကိုယ်ကျ သက်ဆိုင်ရာရုံးကို သွားပြီးလျှောက်ပါ တော့တယ်။ ထုံးစံအတိုင်း လိုအပ်တဲ့ ပန်းချီပန်းပု ကောင်စီထောက်ခံစာ ... ဘာညာ တွေ အားလုံးပါတာပေါ့ ။

ဆရာကြီးရွှေဥဒေါင်းကတော်၊ ဒေါ်ကြီးစိုးလိုပါပဲ။ ဒါပေမဲ့ ဆရာကြီး ရွှေဥဒေါင်းတုန်းကလို သူ့ကိုလည်း ပန်းချီဆရာကြီးဖြစ်ကြောင်း သက်သေပြပါတဲ့။ ပေါ်ဦးသက်ကလည်း ဆရာကြီးကတော် ဒေါ်ကြီးစိုးရဲ့ပုံပြင်ကို ကြားဖူး

ထားပြီးသားပါ။ မအံ့သြပါဘူး။ မတုန်လှုပ်ပါဘူး။ သူ ပန်းချီဆရာဖြစ်တဲ့အကြောင်း သက်သေပြ ရမယ်ဆိုရင် ချက်ချင်းပဲ ပြပါမယ်၊ အလွယ်ဆုံးနဲ့ အရှင်းဆုံးက အဲဒီ စာအုပ်ထုတ်ဝေရေး မှတ်ပုံတင်အရာရှိကြီးရဲ့ ပုံတူကို တစ်ထိုင်တည်း ဆွဲပြလိုက်ပါသတဲ့။

ပေါ်ဦးသက်ဆိုတာ သံအမတ်ကြီးတွေရဲ့ပုံက စပြီးတော့ ပုဂ္ဂိုလ်ကြီးပေါင်း အမြောက်အမြားရဲ့ ပုံတူပေါင်း များစွာကို ရေးဆွဲခဲ့တဲ့ နာမည်ကျော်ပုံတူ ပန်းချီဆရာကြီးပေပဲ။ တိုတိုပဲ ပြောကြပါစို့ ... အဲဒီ မှတ်ပုံတင်အရာရှိကြီးရဲ့ ပုံကို ခဲနဲ့တောင် လျှာမနေပါဘူး၊ သူ့အိတ်ထဲမှာ အဆင်သင့်ပါလာတဲ့ ပန်းချီရေးတဲ့ဖောင်တိန်နဲ့ ငါးမိနစ် အတွင်း ပြီးအောင် ဆွဲပြလိုက်ပါသတဲ့။ အတော်ကြီးကို တူလို့ အဲဒီရုံးက ရုံးဝန်ထမ်းတွေတောင် အံ့သြချီးမွမ်းကြသတဲ့။ ဒါပေမဲ့ အရာရှိကြီး ကတော့ ပေါ်ဦးသက်ဆွဲတဲ့ သူ့ပုံတူ ကိုကြည့်ပြီး ဒါလောက်ကတော့ လူတိုင်းဆွဲတတ်တာပေါ့လို့ ပြောပါသတဲ့ဗျာ။ ဇာတ်ပေါင်း လိုက်တော့ ပေါ်ဦးသက် အလွန် စိတ်ဓာတ်ကျသွားပြီးတော့ မှတ်ပုံတင်ခွင့် မလျှောက်တော့ပါဘူးတဲ့ ... အကျိုးကတော့ ပေါ်ဦးသက်ရဲ့ ပန်းချီရေးနည်း စာအုပ်တွေ ထွက်မလာတော့တာပါပဲ။

ပေါ်ဦးသက်ကတော့ ပြောပြပါတယ် သူ တွေ့ခဲ့ရတဲ့ အဲဒီအရာရှိကြီး ဆိုတာဟာ ... တကယ့်ကို ပန်းချီအကြောင်း မသိရှာတာပါတဲ့။ သူ့ပုံ တူတာ မတူတာ ကိုလည်း မသိပါဘူးတဲ့။ ပန်းချီအနုပညာရဲ့ အတိမ်အနက်ကိုလည်း ရိုးရိုး သားသားကို နားမလည်ရှာတာပါတဲ့။ ပန်းချီဆရာ ပေါ်ဦးသက်ကတော့ ရိုးရိုးသားသားပဲ အဲဒီ အရာရှိကြီးကို နားလည် ခွင့်လွှတ် သွားရှာပါတယ်။ ကြားထဲကနေပြီး ဒီပုံပြင်အကြောင်း ကြားကြရတဲ့လူတွေကတော့ ခေတ်နဲ့စနစ်ကို ကျိန်ဆဲ ကြတော့တာပေါ့။ သူတို့မှာလည်း အပြစ်မရှိပါဘူးခင်ဗျာ။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

[၁၉]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ကျွန်တော်နဲ့ ပေါ်ဦးသက်တို့ ပန်းချီရေးကျတဲ့အကြောင်းတွေကို နည်းနည်းပါးပါး တင်ပြခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး မြန်မာပန်းချီလောက ပြန်ပြီး သက်ဝင်လှုပ်ရှားလာတော့ စစ်ကြီးမဖြစ်ခင်ကနဲ့ သိပ်ပြီး ထူးထူးခြားခြား အပြောင်းအလဲ မရှိလှပါဘူး။ ဒုတိယကမ္ဘာစစ်မတိုင်ခင်က မြန်မာပန်းချီတွေဟာ ရှေးမြန်မာ့ ရိုးရာပန်းချီတွေနဲ့ သိသိသာသာ လမ်းခွဲထွက်ခဲ့ပါတယ်။ ရှေးရိုးရာ မြန်မာပန်းချီတွေရဲ့ ထင်ရှားတဲ့ လက္ခဏာတွေကတော့ အဓိကအားဖြင့် ကောက်ကြောင်း တွေကို အားကိုးတယ်၊ တိုင်းရင်းဆေးရောင်တွေက သိပ်အရောင်မစုံဘူး။ သဘာဝကို အတတ်နိုင်ဆုံး တုပရေးဆွဲဖို့ သိပ်မကြိုးစားဘူး။ အနီးအဝေး သဘောတရားတွေ၊ ထုထည်သဘောတရားတွေ မည်ကာမတ္တပဲ ဖော်ကျူးကြတယ်။ ရှေးမြန်မာပန်းချီ အမြောက်အမြားကို ဘုရားပုထိုးတွေက ဂူနံရံတွေမှာ အများဆုံး တွေ့နိုင်တယ်။ နောက် ပုရပိုက်တွေထဲမှာ တွေ့နိုင်တယ်။

လူနေအိမ်တွေ၊ မင်းစိုးရာဇာအိမ်တွေ၊ နန်းတော်တွေမှာ ပန်းချီကားကြီးတွေကို တခမ်းတနား ချိတ်ဆွဲတဲ့ အလေ့အထ အလွန်နည်းပါးခဲ့ပါတယ်။ နောက်ပိုင်းခေတ် ဘုန်းကြီးပျံလောင်တိုက် တွေမှာတော့ စပ်ပန်းချီနဲ့ ရောပြီးတော့ ပန်းချီကားတွေ အများကြီး ရေးဆွဲထည့်သွင်းကြတယ်လို့ ဆိုပါတယ်။ ကောင်းတဲ့လက်ရာတွေကိုတော့ ဘုန်းကြီးပျံနဲ့အတူ မစွန့်ပစ်လိုက်ကြဘဲနဲ့ ဘုန်းကြီးကျောင်းတွေမှာ ထိန်းသိမ်းထားခဲ့ကြပါတယ်။

နောက်တော့ အနောက်တိုင်းနယ်ချဲ့တွေနဲ့အတူ ပထမ အမျိုးအစားကောင်းတဲ့ ရေဆေး တို့၊ မြေဆေးတို့ ဆီဆေး ရောင်စုံတွေ ဝင်လာပါတယ်။ အဲဒီဆေးအရောင်စုံတွေကို သုံးပြီးတော့ကာ ရှေးရိုးရာမြန်မာပန်းချီ ဆရာကြီးတွေက မြန်မာနည်း မြန်မာ့ဟန်နဲ့ ရေးဆွဲကြပါသေးတယ်။ နောက်တော့ အနောက်နိုင်ငံက နယ်ချဲ့အရာရှိဝန်ထမ်းတွေ ထဲမှာပဲ ပန်းချီရေးတတ်တဲ့သူတွေ ပါလာပြီးတော့ ရေးဆွဲကြတာတွေကို မြန်မာတွေ မြင်တော့ အတုမြင်အတတ်သင် ပြောင်းလဲ ရေးဆွဲကြပြန်ပါတယ်။ အထူးသဖြင့် အုပ်ချုပ်သူ အင်္ဂလိပ်တွေကလည်း မြန်မာတွေကို အနောက်တိုင်းက သူတို့ နည်းပညာ တွေကို သင်ပေးကြပါတယ်။

အဓိကအားဖြင့်ကတော့ သဘာဝပုံတူတွေကို ရေးကြတာ ပါပဲ။ တောတောင် ရေမြေ ရှုခင်းပုံတွေ၊ ဘုရားပုထိုးစေတီ အဆောက်အဦတွေ၊ လူပုံ၊ တိရစ္ဆာန်ပုံစတဲ့ ပုံတူတွေကို ကြိုးစားပြီးတော့ ရေးကြတာပါပဲ။ လက်ရာတွေလည်း အတော်ကြီးကို ကောင်းလာလို့ နိုင်ငံခြားသားတွေက အများကြီး စုဆောင်းဝယ်ယူ အားပေးကြပါတယ်။ ချမ်းသာပြည့်စုံတဲ့ မြန်မာထဲက ဝယ်ယူစုဆောင်းတာကတော့ သိပ်နည်းပါတယ်။ ခုခေတ်လည်း မြန်မာတွေဟာ ပန်းချီကားဝယ်ယူ ထိန်းသိမ်း ခံစားတဲ့အလေ့အကျင့် နည်းပါးပါသေးတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက မြန်မာပန်းချီ လက်ရာကောင်းအမြောက်အမြားဟာ နိုင်ငံခြားသားတွေလက်ထဲ ပါသွားတာပါပဲ။ မြန်မာ့ရိုးရာကနေ ပြီးတော့ အနောက်တိုင်းနည်းစနစ်တွေကို ပြောင်းသွားတဲ့နေရာမှာ ပြောင်းလဲတာဟာမှန်ပေမဲ့ ပုံမှန်တိုးတက် သွားတာတော့ မဟုတ်ပါဘူး။ အနောက်တိုင်း နည်းစနစ်တွေကို ပြောင်းလဲလေ့လာကြတဲ့နေရာမှာ အတွေးအခေါ်ကို ရယူတာ အားနည်းပါတယ်။ အနောက်တိုင်းတွေးခေါ်ပုံ၊ တွေးခေါ်နည်းကိုပါ အလေးအနက် ထားခဲ့ရင် မြန်မာပန်းချီဆရာ တွေဟာ မြန်မာ့နည်း၊ မြန်မာ့ဟန် ရိုးရာအနုပညာကို လွယ်လွယ်နဲ့ စွန့်ပစ်ထားခဲ့ကြမယ် မဟုတ်ပါဘူး။ မြန်မာ့နည်း၊ မြန်မာ့ဟန်မှာ အလှ သီးခြားရှိနေပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရတဲ့ ၁၉၄၈ နောက်ပိုင်းလောက်မှာ ပန်းချီအောင်စိုးလို့ အများကသိကြတဲ့ ဦးအောင်စိုးဟာ အိန္ဒိယနိုင်ငံမှာရှိတဲ့ ရာဘင်ဒြာနာ့သ်တဂိုး တည်ထောင်တဲ့ စန္တိနိကေတန် တက္ကသိုလ်ကို သွားပြီးတော့ ပန်းချီပညာသင်ကြားခွင့်ရခဲ့ပါတယ်။ ပြန်လာတဲ့အခါ အိန္ဒိယတက္ကသိုလ်က အိန္ဒိယ ရိုးရာ ပန်းချီကို တန်ဖိုးထား၊ နားလည်လက်ခံပြီးတော့ အတွေးအခေါ်နဲ့ ကိုယ်ပိုင် စေတနာ၊ စိတ်ခံစားမှုတွေကို ထည့်သွင်း ရေးဆွဲတဲ့ နည်းပညာမတွေကို သင်ယူရရှိခဲ့ပါတယ်။ သူ့အယူအဆတွေကို မြန်မာမဂ္ဂဇင်း သရုပ်ဖော်ပုံတွေကို ရေးဆွဲရင်း ဖော်ကျူး တင်ပြနိုင်တဲ့အတွက် မြန်မာခေတ်သစ်ပန်းချီ ကဏ္ဍတစ်ရပ် စတင် ပေါ်ပေါက်လာ ပါတယ်။

ပန်းချီ အောင်စိုးထက် စောပြီးတော့ ကမ္ဘာ့ခေတ်သစ် ပန်းချီအတွေးအခေါ်တွေကို လေ့လာစူးစမ်းခဲ့သူကတော့ မန္တလေးမြို့က၊ ရွှေဘို၊ တန့်ဆည်မြို့သား၊ ဘဏ်မန်နေဂျာ ဦးခင်မောင် ဖြစ်ပါတယ်။ ပန်းချီအောင်စိုးကို အမြော်အမြင် ရှိရှိနဲ့ စန္တိနိကေတန် တက္ကသိုလ်ကို သွားဖို့ အကြံပေးတိုက်တွန်းသူတွေကတော့ မြန်မာ ကဗျာဆရာကြီးများ ဖြစ်ကြတဲ့ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ် တို့ ဖြစ်ပါတယ်။ ဆရာအောင်စိုး လက်ကိုင်ပြုတဲ့ ပန်းချီဝါဒရဲ့ အဓိကထူးခြားမှုကတော့ ပိုမိုလွတ်လပ်ပြီး ရဲရင့်လာခြင်းပဲ ဖြစ်ပါတယ်။

သူ့လိုပဲ လွတ်လပ်မှုကို ရယူလိုသူ နောက်တစ်ယောက်ကတော့ ပန်းချီ နန်းဝေ ဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် သူလည်းပဲ ဆရာဇော်ဂျီနဲ့

ဆရာမင်းသုဝဏ် တို့ရဲ့ တပည့်ရင်းတစ်ယောက် ဖြစ်နေပါတယ်။ ပန်းချီအောင်စိုးဟာ သူ့ရဲ့ အတွေးအမြင် သစ်တွေကို အပျော်တမ်းပန်းချီရေးဆွဲတဲ့ ဘဏ်မန်နေဂျာ ဦးခင်မောင်ထံမှာ ဆက်လက် ဆည်းပူးပါတယ်။ ဆရာဦးခင်မောင်ကတော့ ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကတည်းက အမေရိကန်ပြည်ထောင်စု ဝါရှင်တန် ဖိုင်းအတ် စကူး က စာပေးစာယူသင်တန်းကို မှာယူသင်ကြားခဲ့ပါတယ်။

ပန်းချီအောင်စိုးရဲ့ ပန်းချီဝါဒကို စိတ္တဇပန်းချီလို့ မြန်မာမှုပြု ဘာသာပြန်ခဲ့တဲ့ အတွက် နောက်ဆက်တွဲ ရှုပ်ထွေးမှု အကျိုးဆက်တွေ အများကြီး ဖြစ်ခဲ့ပါတယ်။ ဘာသာပြန်တဲ့လူတွေက အင်္ဂလိပ်လို Abstract Art ဆိုတာကို အခြေခံပြီး ဘာသာပြန် ကြတာပါ။ ဒါပေမဲ့ အများကတော့ Abstract စိတ္တဇ ဆိုတဲ့ စကားကို ကောက်ပြီး တော့ အရူးပန်းချီ လို့ ဘာသာထပ်ပြန်ရာကနေ အကုန်လုံး လျှော်တိ လျှော်ရွပ်တွေ ဖြစ်ကုန်တော့တာပါပဲ။ အခုထက်ထိလည်း အဲဒီပြဿနာဟာ မြန်မာပြည်မှာ ကြီးထွား နေဆဲ ဖြစ်ပါတယ်။ မြန်မာခေတ်သစ်ပန်းချီလှုပ်ရှားမှုမှာ ပထမမျိုးဆက် ဖြစ်တဲ့ ဘဏ် ဦးခင်မောင်၊ ပန်းချီအောင်စိုး၊ ဦးနန်းဝေ တို့ ပြီးတဲ့နောက် ဒုတိယမျိုးဆက်မှာ ပေါ်ဦးသက်၊ ဗိုသုကာ ခင်မောင်ရင်နဲ့ ဝင်းဖေ (ကျွန်တော်ကိုယ်တိုင်) ပါဝင်ပါတယ်။ ကျွန်တော်တို့ကဏ္ဍကို နောက်အပတ်မှာ သီးခြား တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

[၂၀]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က မြန်မာခေတ်သစ်ပန်းချီသမိုင်းရဲ့ ပထမ မျိုးဆက်အကြောင်း အကျဉ်းမျှ တင်ပြခဲ့ပါတယ်။ ဒီတစ်ပတ်တော့ ဒုတိယမျိုးဆက်ဖြစ်တဲ့ ပေါ်ဦးသက်၊ ခင်မောင်ရင် နဲ့ ဝင်းဖေ တို့အကြောင်း တင်ပြမှာပါ။

ပထမမျိုးဆက်နဲ့ တစ်ချိန်တည်းမှာပဲ လွတ်လပ်ပြီး ကျယ်ပြန့်တဲ့ ခေတ်သစ် ပန်းချီကို စမ်းသပ်တဲ့ အထင်ကရ မြန်မာပန်းချီဆရာကြီး နှစ်ဦး ရှိခဲ့ပါသေးတယ်။ ဒါပေမဲ့ အဲဒီပန်းချီဆရာကြီးတွေက ခေတ်သစ်ပန်းချီအယူအဆတွေဟာ နိုင်ငံရေးအရ အရင်းရှင်တွေရဲ့ အနောက်ကမ္ဘာမှာ အခြေခံတယ်၊ ဖောက်ပြန်တဲ့သဘောတွေ ရှိနိုင် တယ်ဆိုပြီး စွန့်လွှတ် ရပ်တန့်သွားခဲ့ကြပါတယ်။ သူတို့နှစ်ဦးအနက်က တစ်ဦးကတော့ အသက်အရွယ်ကြီးလာပြီး ကွယ်လွန်ချိန်နီးတဲ့အခါကျမှ လွတ်လပ်ပြီး ကျယ်ပြန့်တဲ့ အယူအဆတွေနဲ့ စမ်းသပ်ပန်းချီတွေ ပြန်လည်ရေးဆွဲပါတယ်။ ဒါပေမဲ့ အလွန် နောက်ကျသွားပါတယ်။ အဲဒီ ပန်းချီဆရာကြီးနှစ်ဦး နိုင်ငံရေးကြောင့် အနုပညာကို နောက်တန်းပို့ခဲ့တဲ့အတွက် မြန်မာပြည်အတွက် အများကြီး နစ်နာခဲ့ပါတယ်။

ပေါ်ဦးသက်ဟာ ကျွန်တော့်ထက် (၆)လလောက် ငယ်ပါတယ်။ ဒုတိယ ကမ္ဘာစစ်က ကျန်ခဲ့တဲ့ လက်ပစ်ဗုံး အဟောင်းတစ်လုံးကြောင့် ငယ်စဉ်ကလေးဘဝ ကတည်းက ညာလက်လက်တစ်ဖက် ဆုံးရှုံးခဲ့ရပါတယ်။ သူ့ဖခင် ပန်းချီဆရာကြီး ဦးလှကြီး က ဒုက္ခိတဖြစ်သွားရှာတဲ့ သူ့သားကို သိပ်ချစ်တော့ သူ့သားကို အလွန်အကျွံ အလိုလိုက်ပြီးတော့ ကျောင်းတက်ချင်တက်၊ မတက်ချင်နေ ခွင့်ပြုထားခဲ့တာ ကြောင့် ကျောင်းနေ နောက်ကျခဲ့ပါတယ်။ ကျွန်တော်နဲ့ တစ်ကျောင်းတည်း အတူကြီး ကြတာပါ။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ပန်းချီဆေးတွေ သိပ်ရှားပါတယ်။ ဒါပေမဲ့ ကျွန်တော့် ဘကြီးတစ်ယောက်က စိုက်ပျိုးရေးဌာန အရာရှိဟောင်းမို့ စစ်အတွင်းက ထိန်းသိမ်း ထားခဲ့တဲ့ ပန်းချီဆေးပစ္စည်း အကောင်းစားတွေ အများကြီးရှိပါတယ်။ ပန်းချီ သိပ် ဝါသနာပါတဲ့ ကျွန်တော် ရေးဆွဲဖို့ အဲဒီပန်းချီပစ္စည်းတွေကို ပေးပါတယ်။ ကျွန်တော်က ပေါ်ဦးသက်နဲ့ ဝေမျှပြီး ရေးဆွဲခဲ့ပါတယ်။

ကျွန်တော်နဲ့ပေါ်ဦးသက်ဟာ အစိုးရ အထက်တန်းကျောင်း ကျောင်းသား ပန်းချီဝါသနာရှင်လေးတွေ ဆိုပေမဲ့ ပန်းချီရေးဆွဲတဲ့ နှုန်းနဲ့ အဆင့်က မြင့်တဲ့အတွက် ဒီတုန်းက မန္တလေးမြို့မှာ ရှိခဲ့တဲ့ အထက်ဗမာပြည် ပန်းချီကလပ်အသင်းကြီးရဲ့ အသက်အငယ်ဆုံး အဖွဲ့ဝင်ကလေးတွေ ဖြစ်နေကြ ပါပြီ။ အထက်တန်းကျောင်းပညာရေးမှာ ပန်းချီသင်တန်းရှိပေမဲ့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ လေ့လာမှုအဆင့်က ကျောင်းသင် ပန်းချီသင်တန်းနဲ့ မလုံလောက်တော့ ပါဘူး။ ဒါ့ကြောင့် မန္တလေးမြို့က အလွန်အောင်မြင်ထင်ရှားတဲ့ ပန်းချီဆရာကြီး ဦးဘသက် ဆီမှာ တပည့်ခံသင်ကြားခဲ့ရပါတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ အထက်တန်းကျောင်း ပန်းချီ ဆရာကြီးကတော့ ဦးထွန်းညွန့် ဖြစ်ပါတယ်။ နောက်တော့ ပန်းချီပညာ ဝန်ထောက်ကြီး ဖြစ်လာပါတယ်။

ဆရာကြီးဦးဘသက်ရဲ့အကြောင်းကို သီးခြားတင်ပြပါမယ်။ ပန်းချီဆရာကြီး ဦးဘသက်ဟာ သမားရိုးကျ ပန်းချီဆရာကြီးဆိုပေမဲ့ ခေတ်အမြင် အတွေးတွေကို အစဉ်တစိုက် ကြံဆနေသူဖြစ်ပါတယ်။ ပန်းချီဆရာကြီး ဦးခင်မောင်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေလည်းဖြစ်၊ ဆရာလည်း ဖြစ်ပါတယ်။ ကျွန်တော်နဲ့ပေါ်ဦးသက်က ဆရာကြီး ဦးဘသက်ထံမှာ သင်ကြားရင်း အသစ်အဆန်းဖန်တီးတဲ့ လက်စလက်နကလေးတွေ ပြလာကြပါတယ်။ ဒါ့ကြောင့် ဆရာကြီး ဦးဘသက်က ကျွန်တော်တို့နှစ်ယောက်ကို ဘဂျီးဦးခင်မောင်ထံ အပ်လိုက်ပြန်ပါတယ်။ ဆရာဦးခင်မောင်က ခေတ်သစ်ပန်းချီနဲ့ ပတ်သက်တဲ့ ဖတ်စရာ၊ ကြည့်စရာ၊ လေ့လာစရာ စာအုပ်စာတမ်းတွေ အများကြီးပေးပါတယ်။ သူဖတ်ထား၊ လေ့လာထားပြီးသား အမြော်အမြင်များကိုလည်း ရှင်းလင်း သင်ကြားပြသပါတယ်။ ခင်မောင်ရင်ကတော့ ရန်ကုန်စက်မှုတက္ကသိုလ်က ဗိသုကာ ပညာဒီကရီ ရယူသင်ကြားရင်း ဗိသုကာပညာရဲ့ တစ်စိတ်တစ်ဒေသဖြစ်တဲ့ ပန်းချီကိုနက်နက်ရှိုင်းရှိုင်း လေ့လာ သဘောပေါက်လာတာဖြစ်ပါတယ်။ အလွန်ဉာဏ်ကောင်းပြီး၊ စာဖတ်အား၊ လေ့လာအား ကောင်းသူဖြစ်ပါတယ်။ ကျွန်တော်တို့ ၃ ယောက်ထဲမှာ သူအငယ်ဆုံးပါ။

ရန်ကုန်မှာ ကျွန်တော်တို့ ၃ ယောက် ၁၉၆၀ စောစောပိုင်းတွေမှာ ဆုံဖြစ်ကြ တော့ ကမ္ဘာ့ခေတ်သစ်ပန်းချီရဲ့ လွတ်လပ်မှု၊ ကျယ်ပြန့်မှုကို တတ်နိုင်သမျှ အကျယ် ပြန့်ဆုံး စမ်းသပ်ရေးဆွဲဖြစ်ခဲ့ကြပါတယ်။ အသက်တွေကလည်း ငယ်တုန်း၊ နုပျိုတုန်း၊ ခွန်နဲ့အားနဲ့ လုပ်နိုင်ကိုင်နိုင်ရှိကြချိန်မို့ ပန်းချီရေးအားလည်း သိပ်ကောင်းကြပါတယ်။ ပန်းချီကားတွေလည်း အများကြီး ထွက်ပါတယ်။ ဒီတုန်းက စစ်အစိုးရကလည်း တက်ခါစ၊ အများပြည်သူ ကြည့်ရှုနိုင်တဲ့ ပန်းချီပြပွဲလုပ်မယ်ဆိုရင် စိစစ်ရေးကလည်း အလွန်ကျပ်တည်းတဲ့အချိန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပန်းချီကားတွေကို သံရုံးနဲ့

နိုင်ငံခြားသားတွေက အများဆုံး ဝယ်ကြပါတယ်။ အချိန်တို ပြပွဲကလေးတွေကိုလည်း နိုင်ငံခြားသား အိမ်တွေမှာပဲ ခပ်ကျဉ်းကျဉ်းနဲ့ ကျင်းပကြရပါတယ်။

ပေါ်ဦးသက်က ပုံတူပန်းချီတွေလည်း ဆွဲပါတယ်။ ခင်မောင်ရင်ကတော့ အလွတ်လပ်ဆုံးနဲ့ အရဲရင့်ဆုံး စမ်းသပ်ရေးဆွဲခဲ့ပါတယ်။ ကျွန်တော်ကတော့ အဲဒီအချိန်မှာ ကျောက်ကုန်သည် ဘဝတစ်ဖက်နဲ့ ပန်းချီပြပွဲတွေမှာ ဝင်ဝင် ရေးပြီး ပြခဲ့တဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒီအချိန်တွေတုန်းက ကျွန်တော်တို့တစ်တွေရဲ့ အကြီးမားဆုံး ချွတ်ယွင်းချက် ကတော့ ကျွန်တော်တို့ရေးသမျှ ပန်းချီကားတွေကို ဓာတ်ပုံရိုက်၊ မှတ်တမ်းပြုစုတာတို့၊ ဝယ်ယူစုဆောင်းသူတွေရဲ့ စာရင်းမှတ်တမ်း မလုပ်မိတာတို့ ဖြစ်ပါတယ်။ ဒီတုန်းက ကျွန်တော်တို့ ၃ ယောက် စုမိတဲ့နေရာကတော့ A.I လို့ခေါ်တဲ့ Archetects Incoporated ရုံးခန်းမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကို ဗိသုကာတွေ ဖြစ်ကြတဲ့ ဦးတင်ထွန်းတို့၊ ဦးဘိုကြီး တို့၊ ဦးအောင်ကြီးမြင့် တို့က ထူထောင်ထား တာပါ။ ခင်မောင်ရင့် သူငယ်ချင်းတွေပါ။ ဒီတုန်းက ကျွန်တော်တို့ပန်းချီတွေဟာ ဦးအောင်စိုးတို့ ဦးနန်းဝေတို့နဲ့အတူ စိတ္တဇပန်းချီတွေ၊ အရူးပန်းချီတွေ၊ အနုပညာ ဖျက်ဆီးသူတွေဆိုပြီး ပြင်းပြင်း ထန်ထန် တိုက်ခိုက်ဝေဖန်ခံခဲ့ကြရပါတယ်။ ကျွန်တော် တို့ကတော့ အဲဒီလို အတိုက်အခိုက်၊ ဝေဖန်ခံရတာကိုပဲ ပန်းနဲ့ အပေါက်ခံရသလို ပျော်စရာကြီး ဖြစ်ခဲ့ကြရပါတယ်။

ဆက်လက်တင်ပြပါမယ် ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ်တော့ နှစ်သစ်ကူးချိန်နဲ့ ကြုံကြိုက်နေပါတယ်။ ရက်ပိုင်းအတွင်းမှာပဲ ကူးပြောင်းလာတော့မယ့် နှစ်သစ်မင်္ဂလာအခါတော်မှာ သောတရှင်များ စိတ်ရဲ့ ကျန်းမာချမ်းသာခြင်း၊ ကိုယ်ရဲ့ ကျန်းမာချမ်းသာခြင်းအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်လိုက်ပါရစေ။

နှစ်သစ်တို့၊ နှစ်ဦးတို့ ဆိုကတည်းက စာလုံးတွေ၊ အသံတွေမှာ အပေါင်းလက္ခဏာ မင်္ဂလာကျက်သရေနဲ့ ပြည့်စုံနေပြီဖြစ်ပါတယ်။ နှစ်ဟောင်းတို့ နှစ်နှောင်းတို့ဆိုတဲ့ စကားတွေနဲ့ အသံတွေကတော့ အဟောင်း၊ အနှောင်း၊ မကောင်းတဲ့သဘော၊ အနုတ်လက္ခဏာ အရိပ်အရောင် သန်းနေတတ်ပါတယ်။ အဟောင်းတွေ၊ အနှောင်းတွေ အားလုံး မကောင်းတာတော့ မဟုတ်ပါဘူး။ နှောင်းခဲ့ပြီးခဲ့တဲ့ သဘောတွေမို့ အနည်း ဆုံး လွမ်းရိပ်၊ လွမ်းငွေ့တွေ ဝေနေတတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဖြတ်သန်းလာခဲ့တဲ့ နှစ်သစ်ကူးအခါသမယတွေကတော့ ပျော်ရွှင်မြူးထူး တက်ကြွတဲ့ အရိပ်အရောင်တွေနဲ့ပဲ ယှက်သန်းနေတာ များပါတယ်။ တစ်ယောက်နဲ့တစ်ယောက် Happy New year လို့ လုပ်ကြမယ်၊ လူချင်းမတွေ့ရင် ဖုန်းနဲ့လှမ်းပြောကြမယ်၊ စာတွေရေးကြမယ်၊ ခရစ္စမတ် အခါတော်နဲ့ နှစ်သစ်ကူးက ပူးကပ်နေလေတော့ ခရစ္စမတ် အထူးဈေးရောင်း ပွဲကြီးတွေ၊ နှစ်သစ်ကူး အထူးဈေးရောင်းပွဲကြီးတွေမှာ ဈေးတွေ အထူးလျှော့ချကြမယ်၊ လက်ဆောင်ပစ္စည်း အပြန်အလှန်ပေးကြ၊ ပျော်ကြပါးကြဖို့ ဝယ်ကြ၊ ချမ်းကြ၊ သွားကြ၊ လာကြ ... လူတွေလူတွေ ... အဝတ်အစား သစ်သစ်လွင်လွင် အကောင်းစားတွေနဲ့ လှုပ်လှုပ်ရှားရှား ပျော်တပြုံးပြုံး အရှိဆုံး အချိန်တွေပေါ့ ခင်ဗျာ။ ရုပ်ပိုင်းဆိုင်ရာ အရောင် အသွေးတွေ စုံစုံလင်လင်နဲ့ တောက်ပနေသလို စိတ်ပိုင်းဆိုင်ရာ လင်းလက် ပြုံးပြက်မှု တွေလည်း ဖျိုးဖျိုးဖျတ်ဖျတ် အမြင်ရဆုံး အချိန်တွေပါပဲ။

နှစ်သစ်မင်္ဂလာအခါတော် လက်ဆောင်ကတ်တွေ လဲလှယ်ကြမယ်၊ လက်ဆောင် ပစ္စည်းတွေလည်း ပို့ကျမယ်၊ သောက်ကြမယ်၊ စားကြမယ်၊ ကကြမယ်၊ ပျော်ကြ မယ်၊ မြူးကျမယ်၊ ကဲကြမယ်၊ နှစ်ဟောင်းက ကိစ္စတွေကို နှစ်သစ်မှာ လူသစ်စိတ်သစ်နဲ့ ဘယ့်နှယ်ညာ့နှယ် လုပ်ကြမယ် ဘာညာ ဆိုတဲ့ကိစ္စတွေက အပြောအများဆုံး၊ အကြားရ ဆုံး၊ သန္နိဋ္ဌာန်ချသံ၊ ကြုံးဝါးသံ၊ ကြွေးကြော်

အားတင်းသံတွေပါပဲ။ ဟုတ်တာ/မဟုတ်တာ အပထား … အားတွေ၊ မာန်တွေ၊ ဥာန်တွေ နိုးကြားတက်ကြွနေကြတာတော့ အမှန်ပါပဲ။ နောက် နှစ်လယ်ပိုင်း ပြန်ရောက်လာလို့ မီးငေးပြီး ချိတ်အေးသွားတဲ့ သဘောတွေကတော့ တစ်ပိုင်းပေါ့ခင်ဗျာ။

နှစ်သစ်ကူးချိန်နဲ့ တိုက်ရိုက်မပတ်သက်ပေမဲ့ ကျွန်တော်ငယ်ငယ်က အလွန် သဘောကျခဲ့ဖူးတဲ့ မြန်မာကာတွန်း ဂုရုကြီး ဦးဘဂျမ်းရဲ့ ကာတွန်းတစ်ပုံကို သွားပြီး သတိရမိပါတယ်။ ကာတွန်းက အာဇာနည်နေ့ ကာတွန်းပါ။ ကျဆုံးလေပြီးသော အာဇာနည်ကြီးတွေကို အလေးပြုကြရာမှာ ဦးဘဂျမ်းရဲ့ ဇာတ်လိုက်ကျော်ကြီး သခင် ဖျောက်ဆိတ်က အခမ်းအနားမှူး လုပ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြု၊ နောက် … ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးတွေကို အလေးပြုကြပြီးတဲ့အခါမှာ … သခင်ဖျောက်ဆိတ်က နေမြဲလို့ ပြောပါတယ်။ ပြီးတော့ သခင်ဖျောက်ဆိတ်က … နေမြဲဆိုသည်မှာတဲ့ … ဒီအခမ်းအနားပြီးတဲ့ နောက်မှာ … ယခင်က အတိုင်းပဲ ကိုယ့်အချင်းချင်း … ငြင်းမြဲ၊ ခုံမြဲ၊ ရန်ဖြစ်မြဲ၊ ခိုးမြဲ၊ ညစ်မြဲ၊ သတ်ပုတ်ကြမြဲအတိုင်း ဆက်လက်ညစ်ပတ် စုတ်ပဲ့နိုင်ကြပါတယ် ခင်ဗျား .. လို့ကြေညာရင်း ပြက်လုံးကို ပစ်ထည့်လိုက်ပါတယ်။ ထုံးစံအတိုင်း အာဇာနည်နေ့ တက်ရောက်လာကြတဲ့ ပရိသတ်ကြီးတစ်ခုလုံး ပက်လက်လန်ကျသွား တဲ့ပုံနဲ့ပါခင်ဗျား။ နှစ်သစ်ကူး အဓိဋ္ဌာန်သံတွေ၊ ကြွေးကြော်သံတွေနဲ့ ပတ်သက်လို့လည်း ဒီနည်းနှင်နှင်ပါပဲ။ ဒါပေမဲ့ ဆရာကြီးဦးဘဂျမ်းရဲ့ ရည်ရွယ်ချက်ကတော့ အဲဒီလို မဖြစ်စေကြဖို့ သတိပေးတဲ့သဘောဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ အခမ်းအနားတွေမှာ အလေးပြုပြီးလို့ နေမြဲသံ ကြားတိုင်း ဦးဘဂျမ်းရဲ့ဇာတ်လိုက်ကြီး သခင်ဖျောက်ဆိတ်ရဲ့ "နေမြဲ" ဆိုသည်မှာ ရှင်းလင်းချက်ကို ခဏခဏ သတိရ နေမိပါတယ်။ တခြားသူတွေကိုလည်း ဒီကာတွန်းအကြောင်း ပြောပြောပြမိပါတယ်။ နှစ်စဉ် နှစ်သစ်ကူးပြီဟေ့ ဆိုရင် အားလုံးသိကြတဲ့အတိုင်း ကမ္ဘာပေါ်မှာ …တစ်ချိန်တည်း၊ တစ်နာရီတည်း၊ တစ်မိနစ်တည်း နှစ်သစ်ကိုဝင်ကြလို့ ရတာမှ မဟုတ်ဘဲ၊ ကမ္ဘာကြီးဟာ အလုံးကြီး မဟုတ်လား … နောက်ပြီးတော့ကာ သူ့ဝင်ရိုးပေါ်မှာ နှစ်ဆယ့်လေးနာရီ တစ်ပတ်လည်နေတာဆိုတော့ … နေရောင်ကျတဲ့ဘက်က နေ့၊ နေရိပ်ကျတဲ့ဘက်က ည ပိုင်းလေ။ ပထမဆုံး နှစ်သစ်ကို ဝင်တဲ့ နိုင်ငံတွေနဲ့ နောက်ဆုံး ကျတော့မှ နှစ်သစ်ကိုဝင်ရတဲ့ နိုင်ငံတွေအကြား နှစ်ဆယ့်လေးနာရီ ကွာနေတယ်လေ။ အရှေ့ဘက်ကျတဲ့နိုင်ငံတွေက အချိန်စောပြီးတော့ နှစ်သစ်ကို ဝင်ကြရပါတယ်။ ဒါက ပထဝီဘာသာရပ် သဘောအရ International Date Line လို့ခေါ်တဲ့ ၁၈၀ ဒီဂရီ လောင်ဂျီတွဒ် သတ်မှတ်ထားမှုနဲ့ စကားပြောကြရတာလေ။ ဒါ့ကြောင့် အဲဒီ Inter-national Date Line ဖြတ်သွားတဲ့ ပစိဖိတ်ဒေသက ဂျပန်အပါအဝင်

နိုင်ငံတွေက အစောဆုံး နှစ်သစ်ကိုဝင်ကြရတယ်။ အမေရိကန်ပြည်ထောင်စု အနောက်ဘက် ကမ်းခြေဒေသတွေဟာ နောက်အကျဆုံးလောက် နှစ်သစ်ကို ဝင်ကြရတာပေါ့။ နှစ်သစ် ရဲ့ ပထမဆုံးနေ့၊ ၂၄နာရီအတွင်း ကမ္ဘာ့အရှေ့ခြမ်းနိုင်ငံတွေက စပြီးတော့ နှစ်သစ် အဖွင့်ပွဲတော်အခမ်းအနားတွေကို ကျင်းပကြပါတယ်။ တဖြည်းဖြည်း နှစ်သစ်ဝင်ပွဲတော် တွေဟာ အနောက်ဘက် နိုင်ငံတွေဆီကို ရွှေ့လာတယ်၊ ၂၄ နာရီလည်းပြည့်ရော တစ်ကမ္ဘာလုံး နှစ်သစ်ကူးပြီးသား ဖြစ်သွားပါတော့တယ်။

တကယ်တမ်း ပြောကြကြေးဆိုရင် ... ကမ္ဘာ့အနောက်ခြမ်း နိုင်ငံတွေဟာ အရှေ့ခြမ်းက နိုင်ငံတွေထက် အမြဲ တစ်ရက်နောက်ကျနေပါတယ်။ ဒီကနေ့ခေတ် သိပ္ပံပညာ တစ်ဟုန်ထိုး တိုးတက်လာတဲ့ ကျေးဇူးကြောင့် တစ်ကမ္ဘာလုံးက သူ့နာရီနဲ့သူ ကျင်းပကြတဲ့ နှစ်သစ်ကြိုပွဲတော်ကြီးတွေကို တစ်ကမ္ဘာလုံးက သူ့အချိန်နဲ့သူ ကိုက်ပြီး တော့ အရှေ့ကနေပြီးတော့ အနောက်ဘက်ကို အစဉ်လိုက် ရုပ်မြင်သံကြားတွေက တစ်ဆင့် တိုက်ရိုက်ကြည့်ရှုနိုင်ကြပြီ ဖြစ်ပါတယ်။ နိုင်ငံအသီးသီး၊ လူမျိုးအထွေထွေမှာ သူ့ဓလေ့၊ သူ့ထုံးစံနဲ့အညီ နှစ်သစ်ကူးတဲ့ကာလ သတ်မှတ်မှုတွေ ရှိကြပါတယ်။ အချိန်၊ အခါ၊ ရာသီ၊ ရက်၊ လတွေ မတူကြပါဘူး။ ဥပမာ ကျွန်တော်တို့မြန်မာတွေ နှစ်သစ်ကူးတာက မြန်မာလို တန်ခူးလ၊ ခရစ်နှစ် ပြက္ခဒိန်နဲ့ဆိုရင် ဧပြီလထဲမှာပေါ့။

ခရစ်နှစ် နှစ်ဆန်းရက်ဆိုတာကတော့ ... ဇန်နဝါရီလ တစ်ရက်နေ့လေ။ တရုတ် နှစ်သစ်ကူး၊ ကုလားနှစ်သစ်ကူး တွေလည်း ဘယ်ကိုက်ကြပါ့မလဲ။ ဒါပေမဲ့ ဒီခေတ်မှာ တော့ ခရစ်နှစ်ပြက္ခဒိန်ကို အများသုံးတစ်ပိုင်း ဖြစ်လာနေတော့ ခရစ်နှစ်အလိုအရ၊ နှစ်ဆန်းတစ်ရက်၊ ဇန်နဝါရီလ ၁ ရက်နေ့ကိုပဲ တစ်ကမ္ဘာလုံးက စိတ်ဝင်စားကြတာပါပဲ။ ခရစ်နှစ်ပြက္ခဒိန်အရ နှစ်သစ်ပဲဖြစ်ဖြစ်၊ လူမျိုးအလိုက်သတ်မှတ်ကြတဲ့ နှစ်သစ်ပဲဖြစ်ဖြစ် လူအများစုကတော့ နှစ်သစ်ကူးပြောင်းလာတာကို သစ်ပင်ပန်းမန်ကလေးတွေမှာ အသစ်ထွက်လာတဲ့ အစို့၊ အညှောက်၊ ပုရစ်ဖူးလေးတွေကို ကြည့်ရသလိုပဲ ကြည်နူး တက်ကြွတဲ့စိတ်၊ ပျော်ရွှင်အားရတဲ့စိတ်တွေနဲ့ ဝမ်းပန်းတသာ ကြိုဆိုကြတာပါပဲ။ ဒါပေမဲ့ တချို့ကျတော့လည်း နှစ်သစ်ဆိုတာ တကယ်တမ်းကျတော့ အသက်တစ်နှစ် ပိုကြီးလာပြီး သေချိုင်းသွားဖို့ တစ်နှစ် ပိုနီးလာတာကို ပြတာပဲတဲ့။ ပြီးပြတ်ကုန်ဆုံး သွားတာရဲ့ နိမိတ်ပုံပဲတဲ့။ အဆိုးမြင်ဆန်ဆန် တွေးခေါ်ကြပါတယ်။ တချို့ကတော့ နှစ်သစ်ဟာ တစ်နှစ်ပိုပြီး ရင့်ကျက်လာတာ၊ တိုးတက်လာတာကို ပြတာလို့ တွက်ဆကြ ပါတယ်။ ခြားနားတဲ့ အယူအဆတွေကတော့ တွေးခေါ်မြော်မြင်သူတွေရဲ့ ရင့်ကျက်မှုနဲ့ ဥာဏ်ပါရမီပေါ်မှာ တည်တာပါပဲ။ ဘာပဲဖြစ်ဖြစ် ... နှစ်သစ်တိုင်းဟာ လူအများစုကြီး အတွက် ခွန်သစ်၊ အားသစ်၊

သင်္ကေတလို ... စိတ်ဓာတ်အားဆေး တစ်ခွက်လို ... တက်ကြွနိုးကြားလာစေတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါက နှစ်တစ်နှစ်ရဲ့ အစပိုင်း၊ အဦးပိုင်း ဖြစ်နေမှုရဲ့ သဘာဝသတ္တိဖြစ်ပါတယ်။ ဒီလိုသတ္တိမျိုးက နှစ်ရဲ့အလယ်ပိုင်းနဲ့ နှောင်းပိုင်းတွေမှာ မရှိနိုင်ပါဘူး။ ရှိတယ် ဆိုရင်လည်း တခြားသတ္တိတွေကြောင့်ပဲ ဖြစ်နိုင်ပါတယ်။ ကာလ ပယောဂကြောင့်တော့ မဖြစ်နိုင်တော့ပါဘူး။ ဒီလို နှစ်သစ်ပိုင်း တက်ကြွ နိုးကြားလာတဲ့ စိတ်ကို တစ်နှစ်လုံးအတွက် စနစ်တကျ အသုံးချသွားနိုင်ဖို့ အရေးကြီးပါတယ်။

ဒီအစီအစဉ်မှာ မြန်မာကဗျာဆရာကြီးတွေရဲ့ နှစ်သစ်ကြိုကဗျာတွေ တင်ပြနိုင်ဖို့ ရှာဖွေကြည့်မိပါတယ်။ လက်လှမ်းမီသမျှကတော့ မြန်မာနှစ်သစ်ကိုကြိုတဲ့ ကဗျာတွေပဲ ဖြစ်နေကြပါတယ်။ ပိတောက်ပန်းတွေ၊ အတာသင်္ကြန် ရေသဘင်တွေ၊ မိဿရာသီ နက္ခတ်တွေနဲ့ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုအလှတွေကို ဖွဲ့ထားတာ များပါတယ်။ ဒါနဲ့ ဆရာမောင်စွမ်းရည်ကို အကူအညီတောင်းရပါတယ်။ ဆရာ မောင်စွမ်းရည် က နှစ်သစ်၊ နှစ်ဆန်းအတွက်ဆိုတော့ ကဗျာ အသစ်စက်စက်ပဲ ရေးပေးမယ်ဗျာဆိုပြီး ... ချက်ချင်းရေးစပ်ပေးပါတယ်။ ဆရာမောင်စွမ်းရည်ရဲ့ နှစ်သစ်နှစ်ဦးကြို ကဗျာက နှစ်သစ်မင်္ဂလာ အခါတော်အားလုံးနဲ့ ကိုက်နေပြီးတော့ လိုတိုရှင်းနဲ့ ကဗျာအဆင်း လှနေပါတယ်။ နားဆင်ကြည့်ကြပါခင်ဗျား။

နှစ်ဟောင်းလူသား၊ စိတ်ဟောင်းထားရစ် နှစ်သစ်လူသား၊ စိတ်သစ်ဖွားစို့ နှစ်ဟောင်းထဲက လောဘ၊ ဒေါသ၊ မောဟ ပိတ်ဖုံး အမုန်း၊ အညှိုး၊ အဆိုးဟူသမျှ၊ ခဝါချစို့၊ နှစ်သစ်ဆန်းမှာ၊ သစ္စာရေချမ်း မေတ္တာပန်းနဲ့ ငြိမ်းချမ်းဆုကို၊ တို့ပန်ဆင်စို့ တဲ့။

အရေးပေါ် အကူအညီတောင်းတဲ့ ကျွန်တော့်ကို လိုက်လျောပြီးတော့ ချက်ချင်း ကဗျာရေးပေးတဲ့ မောင်စွမ်းရည်ကို ကျေးဇူးတင်ပါတယ်။ နှစ်သစ်နဲ့အတူ မြန်မာနိုင်ငံ ပြည်သူလူထုရဲ့ဆန္ဒ အစစ်အမှန်ဖြစ်တဲ့ မြန်မာပြည်သစ်၊ လွတ်လပ်ရေးအသစ်၊ နိုင်ငံရေးအသစ်၊ စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအသစ်တွေ၊ လုံခြုံ ငြိမ်းအေးရေးအစစ်တွေ အမြန်ဆုံး ဖြစ်တည်ပိုင်ဆိုင်နိုင်ကြပါစေ။

သောတရှင်အပေါင်း ကိုယ်/စိတ် နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

မြန်မာခေတ်သစ်ပန်းချီ ဒုတိယမျိုးဆက်သစ်အကြောင်း အကျဉ်းကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ တတိယမျိုးဆက်ကတော့ ပန်းချီပေါ်သိမ်း၊ အောင်တိတ်၊ ခင်ဝမ်း၊ မောင်ဒီ၊ အောင်မြင့်၊ မသိဂီ၊ ဘိုင်ရွှန် လောရုံ၊ စန်းမြင့် စတဲ့သူတွေ ဖြစ်ကြပါတယ်။ မြန်မာ့ခေတ်သစ်ပန်းချီ တတိယမျိုးဆက်မှာ အတော်လေး အင်အား တောင့်တင်းလာပါတယ်။ ကျွန်တော် ပြည့်စုံအောင် မဖော်ပြနိုင်တော့ပါဘူး။ ဒီကနေ့ ခေတ်ကိုတော့ မြန်မာ့ခေတ်သစ်ပန်းချီ စတုတ္ထမျိုးဆက်လို့ ခေါ်ရပါမယ်။ အတော်ကြီးကို အင်အားတောင့်တင်းသွားပါပြီ။ ဒါပေမဲ့ မလုံလောက်သေးပါဘူး။ မြန်မာနိုင် အဘက်ဘက်က တိုးတက်လာနိုင်ဖို့ အနုပညာ အရည်အသွေးရော၊ အရေအတွက်ပါ အဆင့်မြင့်ရပါမယ်။

မြန်မာပြည်မှာ ဒုတိယကမ္ဘာစစ်ပြီးချိန်ကစလို့ ၁၉၉၀ သာသာလောက်အထိပန်းချီပြပွဲဆိုတာမျိုးတွေ အလွန်ရှားပါးလှပါတယ်။ တစ်နိုင်ငံလုံး ပါဝင်ပြသနိုင်တဲ့ အမျိုးသားပြပွဲကြီးတွေတောင် နှစ်စဉ်မှန်မှန် မကျင်းပနိုင်ခဲ့ကြပါဘူး။ အုပ်စုလိုက် ပြပွဲငယ်ကလေးတွေကလည်း အလွန်နည်းပါးပါတယ်။ ဂယ်လရီ ပြခန်းတွေလည်း သိပ်ရှားပါတယ်။ ရန်ကုန်အမျိုးသားပြတိုက်မှာ ပန်းချီကားတွေ နိုင်ငံပိုင် ဝယ်ယူချိတ်ဆွဲ ပြသထားတာရှိပေမဲ့ အများပြည်သူလူထုနဲ့ အထိအစပ် အတော်ခက်ခဲ နည်းပါးပါတယ်။ အစိုးရများကလည်း နိုင်ငံတော် ပန်းချီပြခန်းကို ပြည်သူလူထု သွားရောက် ကြည့်ချင်စိတ်ပေါ်လာအောင်ဆွဲဆောင်ပညာပေးတာမျိုး အလွန်ရှားပါးပါတယ်။

၁၉၇၀ ဝန်းကျင်လောက်ကျတော့မှ လောကနတ် ပန်းချီပြခန်း ပေါ်လာပါတယ်။ အနုပညာတွေကို အလွန်မြတ်နိုးတတ်တဲ့ ရွှေနေကြီးဦးရဲထွန်း ပိုင်ဆိုင်တဲ့ ပန်းဆိုးတန်းက တိုက်ခန်းနေရာကျယ်ကြီးတစ်ခုကို ရွှေနေကြီး ဦးရဲထွန်း ကိုယ်တိုင်က အနုပညာအားပေးလိုစိတ် အပြည့်စိတ်နဲ့ ခွင့်ပြုကူညီတာကြောင့် ဗိုလ်မှူးကြီး ဟောင်း ဓမ္မိကဘသန်း၊ ပန်းချီ ဘဏ်ဦးခင်မောင်၊ ပေါ်ဦးသက်၊ ဝင်းဖေ၊ ပန်းချီဦးလှရှိန်၊ ပန်းချီဦးစံဝင်း၊ ပန်းချီပေါ်သိမ်း ... စသူတွေပါဝင်ပြီး စတင် ထူထောင်ခဲ့ကြပါတယ်။ ပန်းချီပေါ်သိမ်းက အဲဒီ လောကနတ်ပန်းချီပြခန်းမှာပဲ ညနေ ပန်းချီသင်တန်းကျောင်းတစ်ခု တည်ထောင် သင်ကြားပြသ

အောင်မြင်ခဲ့ပါတယ်။ နောက် ပန်းချီပေါ်သိမ်းကပဲ ဥဒေါင်း Peacock Gallery ကို သီးခြား ထူထောင်ပြီး တော့ သင်တန်းတွေလည်း ဆက်လက်ဖွင့်ပါတယ်။ အဲဒီနောက်မှာတော့ ဗိုလ်ချုပ်ဈေး ထဲမှာ ... ဒီတုန်းက ပန်းချီ/ပန်းပုကောင်စီက ပိုင်တဲ့ အရောင်းပြခန်းကို စတင် ထူထောင်နိုင်ပါတယ်။ ဘာပဲပြောပြော ... ၁၉၉၀နှစ်များထက်တော့ ပန်းချီပြတိုက်၊ ပြခန်းတွေ အလွန်ရှားပါးနေဆဲပဲဖြစ်ပါတယ်။

တစ်ခါက ဂျူဗလီဟောမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီ/ပန်းပု ကောင်စီက ဦးဆောင်ကြီးမှူးပြီးတော့ တစ်နိုင်ငံလုံးက ပန်းချီဆရာတွေ ပါဝင်ပြသတဲ့ တစ်မျိုးသား လုံးအတိုင်းအတာနဲ့ ပန်းချီပြပွဲကြီးတစ်ရပ်ကို ကျင်းပပါတယ်။ အဲဒီပြပွဲကြီးမှာ ပန်းချီ ကား တစ်ထောင်ကျော် ပါဝင်တဲ့အတွက် နိုင်ငံ့ထိပ်တန်း သတင်းစာကြီးတစ်စောင်က အလွန်အားရဖွယ် ပန်းချီကားတစ်ထောင်ကျော် ပါဝင်ပြသကြောင်း ဝမ်းသာအားရ ဂုဏ်ယူရေးသားခဲ့ပါတယ်။ သေသေချာချာ စဉ်းစားတွက်ချက်ကြည့်မယ်ဆိုရင် အဲဒီပြပွဲ ကြီးမှာ ပေးပို့တဲ့ ပန်းချီကားအရေအတွက်က တစ်ထောင်ကျော်ဆိုတော့ ပန်းချီဆရာ တွေက ရှစ်ရာလောက်ရှိပါတယ်။ ဒီတုန်းက မြန်မာပြည်လူဦးရေက သန်းပေါင်း ၄၀ လောက်ရှိပါတယ်။ လူ သန်းပေါင်း၄၀မှာ ပန်းချီဆရာ ရှစ်ရာလောက်ပဲ ရှိတယ် ဆိုတော့ ..... လူပေါင်း ငါးသောင်းမှာမှ ပန်းချီဆရာတစ်ယောက်ပဲ ထွက်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဝမ်းသာရမယ့်ကိစ္စ မဟုတ်ပါဘူး။ ဝမ်းနည်းအားငယ်ဖို့ ကောင်း တဲ့ အခြေအနေဖြစ်ပါတယ်။

ခုခေတ်အထိလည်း မြန်မာနိုင်ငံမှာ အနုပညာစိတ်ဝင်စားသူ၊ လိုက်စားသူအရေအတွက်အများကြီး နည်းနေတုန်းပဲဖြစ်ပါတယ်။ ဒီပြဿနာဟာ ရှုပ်ရှုပ်ထွေးထွေး ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ပညာရေးစနစ် မှားယွင်းကျဉ်းမြောင်း နေသေးတယ်ဆိုတာကို ပြသနေတာပါပဲ။ စိတ်ဓာတ်အကျခံပြီး မရှိတာတွေ၊ မပြည့်စုံ တာတွေကို တွေးမနေဘဲ ရှိတာကလေးကိုပဲပြောရရင်တော့ ... ဘုရားတန် ဘုရားတန်ဆောင်း တွေမှာ ချိတ်ဆွဲပြသထားတဲ့ နိပါတ်တော်ပန်းချီတွေကို ပြည်သူလူထု ဘုရားဖူးတွေက အလွန်နှစ်သက်ကြပါတယ်။ အဲဒီ ဘုရားတန်ဆောင်းတွေဟာ မြန်မာပြည်သူလူထု အတွက် အကောင်းဆုံး ပန်းချီပြတိုက်ကြီးတွေ ဖြစ်ခဲ့ကြပါတယ်။ ဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းထားကြဖို့ ကောင်းပါတယ်။ နိပါတ်တော် ပန်းချီရေးနည်းဆိုတာ သီးခြား မြန်မာပန်းချီတစ်ရပ်ဖြစ်ပါတယ်။ ဗုဒ္ဓဝင်၊ မဟာဝင် ဇာတ်တော်တွေကို အများ ပြည်သူက အလွန်စိတ်ဝင်စားကြပါတယ်။ သိခဲ့ရသလောက် ... အများဆုံး သွပ်ပြား ပေါ်မှာ ခံဆေးသုတ်ပြီး အိမ်သုတ်ဆေး၊ ဆီဆေးတွေနဲ့ ရေးဆွဲကြတာ များပါတယ်။ မန္တလေးက ဆရာကြီး ဦးစောမောင်တို့၊

ဆရာကြီး ဦးစံမြ စတဲ့ ပန်းချီဆရာကြီး တွေဟာ နိုပါတ်ပန်းချီလောကမှာ ထိပ်တန်းဆရာကြီးတွေ ဖြစ်ကြပါတယ်။ နိုပါတ် တော် ပန်းချီတွေအပြင် မြန်မာပြည်သူလူထုဟာ ပန်းချီနဲ့ပတ်သက်လို့ မဂ္ဂဇင်းသရုပ်ဖော် ပုံတွေကတစ်ဆင့် အထိအတွေ့ ပိုများပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြဆိုတာတွေဟာ မြန်မာပြည်အနှံ့ရောက်ရှိတဲ့အတွက် မြန်မာပြည်သူလူထုနဲ့ အများဆုံးထိတွေ့နိုင်ကြတာ ဖြစ်ပါတယ်။

ဒုတိယကတော့ စီးပွားရေး ဆိုင်းဘုတ်ပန်းချီတွေနဲ့ ရုပ်ရှင်ရုံဆင် ပိုစတာပန်းချီ များ ဖြစ်ကြပါတယ်။ စစ်ပြီးခေတ် မြန်မာမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ ရုပ်ပြတွေမှာ နာမည်ကြီးတဲ့ ပန်းချီဆရာကြီးတွေကတော့ … ဦးငွေကိုင်၊ ဦးဘကြည်၊ ဦးကိုလေး၊ ဦးအုံးလွင်၊ ဦးစန်းလွင်၊ ဦးမြတ်ကျော် .. စတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြပါတယ်။ ဆရာကြီးဦးငွေကိုင်၊ ဦးဘကြည်၊ ဦးမြတ်ကျော် … စတဲ့ ဆရာကြီးတွေဟာ စီးပွားရေး သရုပ်ဖော်ပန်းချီတွေအပြင် Fine Art လို့ခေါ်တဲ့ ပန်းချီကားကြီးတွေလည်း ရေးဆွဲကြပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး မြန်မာပန်းချီလောကအခြေအနေ တစေ့တစောင်းကို ရှေ့အပတ်တွေမှာ ဆက်လက်ပြီး တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ… ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ်အပြီး မြန်မာစာပေ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်လောက ပြန်လည်နိုးထလာတာနဲ့အတူ လှပတဲ့အမျိုးသမီးပုံတွေကို အထူးရေးအားကောင်းလှတဲ့ ပန်းချီဆရာ ဦးကိုလေးဟာ အထင်ရှားဆုံး သရုပ်ဖော် ပန်းချီပညာရှင် တစ်ယောက် ဖြစ်ခဲ့ပါတယ်။ အဲဒီခေတ်က ရောင်စုံစာတ်ပုံတွေကလည်း မထွန်းကားသေးပါဘူး။ ရောင်စုံဘလောက် ရိုက်နည်းပညာကလည်း သိပ် ခေတ်မမီသေးတဲ့အတွက် မဂ္ဂဇင်း မျက်နှာဖုံးတွေအဖြစ် အလွန် အသုံးများတဲ့ အမျိုးသမီးအလှတွေကို ပန်းချီဆရာကြီး ဦးကိုလေးက အများဆုံး ရေးဆွဲပေးခဲ့ရတာ ဖြစ်ပါတယ်။ သူ့ခေတ်နဲ့ သူ့အခါ ဆရာ ဦးကိုလေး ရေးဆွဲတဲ့ အမျိုးသမီးတွေရဲ့ အလှရုပ်ရည်မျိုးကို အများပြည်သူက လက်ခံ နှစ်သက်ကြတာလည်း ပါပါတယ်။ အမျိုးသမီးပုံတွေကို ပန်းချီဆရာကြီးတွေအားလုံး ရေးဆွဲကြတာပါပဲ။ ဒါပေမဲ့ ဆရာဦးကိုလေး ရေးဆွဲတဲ့ ရုပ်ရည်အလှမျိုးလောက် မနှစ်သက်ကြပါဘူး။ ဥပမာ ဆရာကြီး ဦးစန်းလွင်ရဲ့ လက်ရာတွေ ဆိုရင် အနုစိတ်ပိုင်းမှာ ဆရာဦးကိုလေးထက် ကြိုးပမ်းအားထုတ်ထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဆရာ ဦးကိုလေးရဲ့ အမျိုးသမီးအလှတွေကိုပဲ ပိုနှစ်သက်ကြပါတယ်။

လေးရောင်ဘလောက်လို့ ခေါ်တဲ့ ရောင်စုံဘလောက်နဲ့ ရိုက်နှိပ်ဖို့ ပန်းချီဆရာ တွေက ဆေးရောင်စုံနဲ့ တန်းပြီး ရေးဆွဲလေ့ မရှိကြပါဘူး။ တစ်ရောင်တည်းနဲ့ပဲ ဆွဲပေးကြရပါတယ်။ အသုံးများတာကတော့ Cepia လို့ခေါ်တဲ့ အညိုရောင်နဲ့ ရေးဆွဲပြီးတော့ ဘလောက်ဆရာတွေအတွက် ဘယ်နေရာမှာ ဘာရောင်ထည့်ချင်တယ်ဆိုတာကို ပန်းချီဆရာတွေက သီးခြားအရောင်တွေ ညွှန်ပြ ပေးကြရပါတယ်။ အဓိကကျတဲ့ အရောင်တွေကို ဘလောက်ဆရာတွေက လက်ခွဲ ဆိုပြီးတော့ သတ်သတ် အရောင်ခွဲပေးကြရပါတယ်။ အတော် လက်ဝင်ပါတယ်။ အဲဒီဆရာကြီး ဦးကိုလေး ခေတ်ဟာ ဆယ်စုနှစ်တစ်ခုစာမက ရှည်ကြာပါတယ်။ အဲဒီခေတ် ၁၉၅၀ ခုနှစ်များ စောစောပိုင်း ကတည်းက ပန်းချီဦးအောင်စိုး အိန္ဒိယနိုင်ငံက ပန်းချီပညာသင်ပြီး ပြန်ရောက်လာ ပါတယ်။ ဆရာအောင်စိုးရဲ့ပန်းချီဟန်က တသီးတခြားနဲ့ သိသိသာသာ ကွဲပြားနေ ပါတယ်။ သူ ပြန်မလာခင်က မဂ္ဂဇင်း သရုပ်ဖော်ပုံတွေဟာ သဘာဝ အချိုးအစားတွေ အတိုင်း သမားရိုးကျ

ဖော်ဆောင်ရေးဆွဲကြတာဖြစ်ပါတယ်။ ဆရာအောင်စိုးကတော့ စိတ်ခံစားမှုကို ပိုပြီး အသားပေးရေးဆွဲတဲ့အတွက် အဲဒီခေတ်က စိတ္တဇပန်းချီ ဆိုပြီး သုံးနှုန်းခေါ်ဝေါ်လိုက်ကြပါတယ်။ စိတ်ခံစားမှု အလေးပေးတာကို စွဲပြီးတော့ ကဗျာ သရုပ်ဖော်တွေမှာ ပိုပြီးအသုံးများပါတယ်။ အဲဒီခေတ်က ပန်းချီဆရာ ဦးအောင်စိုးရဲ့ လူတစ်ယောက်၊ မျောက်တစ်ကောင်၊ တယောတစ်လက် ... သရုပ်ဖော်ပုံဟာ ထင်ထင်ရှားရှား ကျော်ကြားခဲ့ပါတယ်။ ထူးဆန်းလို့ ကြိုက်တဲ့သူတွေရှိသလို နားမလည်လို့ ကြည့်မရသူတွေကလည်း အများကြီးရှိပါတယ်။ ဆရာအောင်စိုးရဲ့ လက်ရာတွေကို ဆရာဒဂုန်တာရာ ကစပြီး သုံးတယ်လို့ အမှတ်အသားများပါတယ်။ အဲဒီအချိန်ကစပြီးတော့ မြန်မာမဂ္ဂဇင်း လောက၊ ကဗျာသရုပ်ဖော်ကဏ္ဍမှာ ဦးအောင်စိုးရဲ့ သရုပ်ဖော်လက်ရာတွေ တစ်စထက်တစ်စ တိုးဝင်များပြားလာပါတယ်။ နောက်ပိုင်း ခေတ်များမှာတော့ ကဗျာကို ဆရာအောင်စိုးမှ သရုပ်မဖော်ရင် အရသာ မပြည့်သလို ဘဲလို့ ပြောကြရတဲ့အထိ ဆရာဦးအောင်စိုး အောင်မြင်ကျော်ကြားလာပါတယ်။

ဦးအောင်စိုး သရုပ်ဖော်ပုံများ စတင်ရေးဆွဲစဉ်က ဝေဖန်တိုက်ခိုက်မှုတွေ အတော်ကြီး ပြင်းထန်ပါတယ်။ သူ့ခေတ်၊ သူ့အခါအရ အလွန်ပြင်းထန်တဲ့ စကားလုံး တွေနဲ့ အတိုက်အခိုက်ခံခဲ့ရပါတယ်။ ဥပမာ ... ပန်းချီဦးအောင်စိုးရဲ့ သရုပ်ဖော်ပုံတွေဟာ အရင်းရှင်နိုင်ငံတွေက ဖောက်ပြန်တဲ့ စိတ္တဇ အရူးပန်းချီစနစ် ဖြစ်တယ်ဆိုတဲ့ စကား အသုံးအနှုန်း မျိုးဟာ အဲဒီခေတ်အခါအနေနဲ့ အလွန်ရင့်သီးပြီး အန္တရာယ်ကြီးလှ ပါတယ်။ ဒါပေမဲ့ ဦးအောင်စိုးရဲ့ ခံစားမှုတွေဟာ စစ်မှန်တဲ့အတွက် ပြင်းထန်တဲ့ ဝေဖန်တိုက်ခိုက်မှုတွေကို မတုန်မလှုပ် ကြံ့ကြံ့ခံနိုင်ခဲ့ပါတယ်။ ဦးအောင်စိုးရဲ့ အနုပညာ ခံယူချက်မှာ ပိုပြီးတော့ လွတ်လပ်ကျယ်ပြန့်တဲ့ တွေးခေါ်မှု၊ ရေးနည်း/ ရေးဟန်တွေ ပါဝင်ပါတယ်။ ဒီကနေ့ခေတ် မြန်မာမဂ္ဂဇင်း သရုပ်ဖော်ပန်းချီလောက ခေတ်မီပြီးတော့ လွတ်လပ်ကျယ်ပြန့်လာမှုမှာ ဆရာဦးအောင်စိုးရဲ့ ဦးဆောင်မှု ကျေးဇူးတွေ အများကြီး သက်ရောက်ပါဝင်ခဲ့ပါတယ်။

သမားရိုးကျ မြန်မာမဂ္ဂဇင်း သရုပ်ဖော်ပန်းချီလောကမှာ ဆရာဦးကိုလေးခေတ် ပြီးတဲ့နောက် ဦးသောင်းဟန် ခေတ် ဖြစ်လာပါတယ်။ အမျိုးသမီးပုံများ ရေးဆွဲတဲ့ နေရာမှာ ဦးသောင်းဟန်ဟာ ဦးကိုလေးထက် ပိုပြီး ခေတ်မီ သွက်လက်လာတဲ့ အတွက် ဖြစ်ပါတယ်။ ဦးသောင်းဟန်ခေတ်ဟာလည်း အတော်ကြာပါတယ်။ သူ့နောက်မှာ တော့ ပန်းချီမောင်ညိုဝင်းတို့၊ ပန်းချီဝသုန်တို့၊ မောင်မောင်သိုက်တို့၊ ဆရာ ကျော်သောင်းတို့၊ ဆရာမျိုးမြင့်တို့ခေတ် ဖြစ်လာပါတယ်။ ဆရာတင်မောင်မျင့် ကလည်း သူ့ဟန်နဲ့သူ ထင်ရှားခဲ့ပါတယ်။ စစ်ပြီးခေတ် မြန်မာကာတွန်းလောကမှာ တော့ ဆရာကြီးဦးဘဂျမ်းက ထိပ်ဆုံးက

ဖြစ်ပါတယ်။ ဒီနောက်မှာတော့ ကာတွန်း ဦးဖေသိန်း၊ ကာတွန်းသန်းကြွယ်၊ ကာတွန်းမောင်စိန်၊ ရုပ်ပြကာတွန်းအောင်ရှိန်၊ ကာတွန်းသော်က၊ ကာတွန်းငွေကြည်၊ ကာတွန်းမောင်ဝဏ္ဏ၊ ကာတွန်းကံချွန်၊ ကာတွန်းမြေဇာ ... စတဲ့ပုဂ္ဂိုလ်တွေ အသီးသီးနေရာယူ ကျော်ကြားအောင်မြင်ခဲ့ကြ ပါတယ်။

ကာတွန်းဆရာကြီးဦးဘဂျမ်း စောစောစီးစီး ကွယ်လွန်ခဲ့တာဟာ မြန်မာနိုင်ငံ အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုကြီး တစ်ရပ် ဖြစ်ပါတယ်။ ရုပ်ပြလောကကို ကာတွန်း ဦးအောင်ရှိန်က အများကြီး ဦးဆောင်ခဲ့ပါတယ်။ နောက်တော့ ဦးသော်က၊ ဦးအောင်အောင်၊ မြတ်ဝင်းထိန်၊ ကိုကိုမောင်၊ ကိုတင်မောင်ဝင်း စတဲ့ ပုဂ္ဂိုလ်တွေလည်း ပေါ်ပေါက် အောင်မြင် ခဲ့ကြပါတယ်။ ရုပ်ရှင်နံရံကပ်ပိုစတာ ဒီဇိုင်း ကဏ္ဍမှာတော့ ... ပထမပိုင်းမှာ ဆရာကြီးဦးဘသစ်က ဦးဆောင်ပါတယ်။ နောက် ဦးအောင်သန်းသစ် ခေတ်၊ နောက် ပန်းချီစိုးမိုး ခေတ်၊ ဒို့အပြင် ဆရာတင်မောင် မျှင့်တို့၊ ဆရာကိုမျိုးမင်းတို့ ဆရာမျိုးမြင့်တို့လည်း အောင်မြင်ကျော်ကြားခဲ့ကြ ပါတယ်။ ရှေ့အပတ်မှာ ပန်းချီဆရာကြီးများနဲ့ သူတို့ရဲ့ထူးခြားတဲ့ အဆိုအမိန့်တွေကို ဆက်လက်တင်ပြပေးဦးမှာ ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီက အနောက်တိုင်းပန်းချီနည်းနဲ့ အလွန်ကျော်ကြား ထင်ရှားခဲ့ကြတဲ့ ဦးဘဥ၊ ဂဏ်တို့၊ ဦးဘဇော်တို့၊ ဆရာဆောင် စတဲ့ပုဂ္ဂိုလ်ကြီးတွေကို ကျွန်တော် မမီလိုက်ပါဘူး။ ဒါပေမဲ့ အဲဒီခေတ်ကတည်းက အောင်မြင် ကျော်ကြားပြီးသူများ ဖြစ်ကြတဲ့ ဆရာဦးငွေကိုင်တို့၊ ဆရာဦးဘကြည်တို့ ဆရာဦးဘရင်ကလေး ... စတဲ့ ပုဂ္ဂိုလ်ကြီးတွေ ကိုတော့ စစ်ပြီးခေတ်မှာ ကျွန်တော် တွေ့ကြုံခွင့်ရခဲ့ပါတယ်။ ဆရာကြီး ဦးဘသက်နဲ့ ဘဂဏ်ဦးခင်မောင်တို့ကတော့ ကျွန်တော့် ဆရာအရင်းများတောင် ဖြစ်ကြတဲ့အတွက် ထူးထူးကဲကဲ ဆည်းကပ်လေ့လာ သင်ကြားခွင့်ရခဲ့ပါတယ်။ နောက် ဆရာကြီးဦးဘဥ၊ ဂဏ်ရဲ့ လက်ရင်း တပည့်တစ်ယောက် ဖြစ်တဲ့ ဦးအောင်ခင်ကိုလည်း နှစ်အတော်များများ၊ မန္တလေးမြို့မှာ အတူနေများ ဖြစ်ကြတဲ့အတွက် ရင်းနှီးသိကျွမ်းပါတယ်။

ကျွန်တော်နဲ့ တွေ့ဆုံဆည်းကပ်ခွင့်ရခဲ့တဲ့ ပန်းချီဆရာကြီးတွေရဲ့ ထူးခြားတဲ့ အဆိုအမိန့်တွေကိုလည်း လက်ဆင့်ကမ်း ခဲ့ချင်ပါတယ်။ ဥပမာ ... ဆရာကြီးဦးငွေကိုင် ဆိုရင် မန္တလေးဘက်လာတိုင်း ကျွန်တော့်ဆရာရင်း ဦးဘသက်နဲ့ အထူး ခင်မင် ရင်းနှီးတဲ့အတွက် ကျွန်တော်နဲ့ပေါ်ဦးသက်တို့က ပြုစုညှော့်ခံရင်း တရင်းတနှီး ဆက်ဆံ ခွင့်ရခဲ့ကြပါတယ်။ ဆရာကြီးဦးငွေကိုင်နဲ့ ကြုံကြိုက်နေတုန်း ဆရာကြီး ကျွန်တော်တို့ကို တတ်နိုင်သမျှ သင်ကြားပေးခဲ့ဖို့ တောင်းခံ ကြည့်မိကြပါတယ်။ ဒါပေမဲ့ ဆရာကြီး ဦးငွေကိုင်က "မင်းတို့ဟာ ကိုဘသက်တပည့်တွေ ဖြစ်နေကြမှတော့ ငါက ဘာမှ ထပ်သင်ပေးနေစရာ မလိုတော့ပါဘူးကွာ" လို့ ပြောပါတယ်။ "မင်းတို့ ဆရာ ကိုဘသက်က ပန်းချီရေးတဲ့နေရာမှာ တယောထိုးသလို ရေးတာကွ" လို့ ပြောသွားခဲ့ပါတယ်။ ကျွန်တော်တို့ဆရာ ဦးဘသက်၊ ကျွန်တော်တို့အခေါ် ဘကြီးသက်က တယောထိုး အလွန်ကောင်းသူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဂီတဝိဇ္ဇာတစ်ဆူ ဖြစ်တဲ့ မြို့မငြိမ်းတောင်မှ ဘကြီးသက် တယောထိုးတာကို မျက်စိမှိတ်ရင်း မှိန်းပြီး နားထောင်ရတဲ့ တယောသမားကြီးတစ်ယောက် ဖြစ်ပါတယ်။ ဂီတနဲ့ပတ်သက်လို့ မြို့မညိန်းရဲ့ ဆရာတစ်ဆူကလည်း ဘကြီးသက်ပဲ ဖြစ်ပါတယ်။

ဆရာကြီး ဦးငွေကိုင်ပြောတဲ့ "မင်းတို့ဆရာ ကိုဘသက်က ပန်းချီကို

တယော ထိုးသလို ရေးတာကွ” ဆိုတဲ့ စကားကို ကျွန်တော်နဲ့ ပေါ်ဦးသက်တို့ဟာ ကလေး ဘွေဖြစ်ကြတဲ့အတွက် ချက်ချင်း နားမလည်ကြပါဘူး။ ဆရာကြီး ဘဏ်ဦးခင်မောင် က ရှင်းပြတော့မှ ဘာကိုဆိုလိုတယ်ဆိုတာကို ပိုပြီးရှင်းသွားပါတယ်။ ဘကြီးသက်ဟာ သူ့ စိတ်လို လက်ရ တယောထိုးပြီ ဆိုရင် မြိန်မာသီချင်းလည်း မဟုတ်၊ တိုင်းတစ်ပါးသံ၊ အနောက်တိုင်းသံမျိုးတွေလည်း မဟုတ်၊ တယောသံ အနိမ့်အမြင့်၊ အတိုးအကျယ်၊ အနှေးအမြန်၊ အနည်းအများတွေကို အမျိုးမျိုး ပြောင်းလဲ စမ်းသပ်ထိုးတာ ဖြစ်တဲ့ အကြောင်း၊ ကြိုတင်ပြင်ဆင်ထားတာတွေလည်း မဟုတ်ကြောင်း ... စသဖြင့် ဆရာ ဦးခင်မောင်က ရှင်းပြပါတယ်။ ဒါ့ကြောင့် ဦးဘသက် ပန်းချီရေးတဲ့အခါမှာလည်း ပုံသေနည်းတွေ မရှိပါဘူးတဲ့။ ဆေးစက်ကျရာ အရုပ်ဆိုတာလို အလွန်သွက်လက် ဖျတ်လတ်ပြီး လွတ်လပ်တယ်လို့ ဆရာဦးခင်မောင်က ရှင်းပြပါတယ်။ ဆရာကြီး ဦးခင်မောင်ဟာ ပန်းချီသီအိုရီနဲ့ ပတ်သက်လို့ ကျွမ်းကျင်ပေမဲ့ လက်တွေ့ရေးဆွဲကြရာမှာ တော့ ဆရာကြီး ဦးဘသက်ကို ဆရာတင်ထားသူ ဖြစ်ပါတယ်။

ဆရာကြီးဦးငွေကိုင်ဟာ အလွန်မာနတရား နည်းပါးသူဖြစ်ပါတယ်။ ဘကြီးသက်နဲ့ ဆရာကြီးဦးငွေကိုင်တို့ အောက်ဒိုး ပန်းချီ ရေးဆွဲဖို့ ထွက်ကြတဲ့အခါမှာ ကျွန်တော် နဲ့ ပေါ်ဦးသက်တို့က လိုက်ပြီးတော့ ကူညီပြုစုကျရပါတယ်။ သူကိုယ်တိုင် ဆရာကြီး တစ်ဆူ ဖြစ်နေပါလျက် တစ်ခါတစ်ရံမှာ ဆရာကြီးဦးငွေကိုင်က ဘကြီးသက် ပန်းချီ ရေးတာကို ဘေးကနေထိုင်ကြည့်ပြီးလေ့လာရင်း သင်ယူတာတွေကို တွေ့ရပါတယ်။ ကျွန်တော်တို့လို လူငယ်တွေရှေ့မှာ သိက္ခာ ထိန်းသိမ်းတာမျိုး လုံးဝ မရှိပါဘူး။ “ငါက မင်းတို့ဆရာဆီက သင်ယူဖို့ မပြောနဲ့၊ ပုသိမ်ရောက်တုန်းက ထီးပန်းရေးတဲ့ ငနဲလေးတွေဆီကတောင် လက်ထပ်သင်ခဲ့တာကွ” လို့ ပြောပါတယ်။ “မင်းတို့လည်း ပညာရဖို့ဆိုရင် မရှက်မကြောက် သင်ကြကွ” လို့ ရိုးရိုးရှင်းရှင်းကြီး ဆုံးမ သွန်သင်ပေးပါတယ်။

ဆရာဦးဘကြည်နဲ့ကတော့ ရန်ကုန်မြို့မှာ ၁၉၅၀ဦး စောစောပိုင်းက တွေ့ပါတယ်။ ကျွန်တော်က အတော်လေး ငယ်သေးတော့ ဆရာကြီးကို တော်တော်လေး ကြောက်ရွံ့ ရှိသေနေပါတယ်။ ဘာမှ မမေးမြန်းဝံ့ပါဘူး။ ဆရာကြီးက ကျွန်တော် နေသာထိုင်သာရှိအောင် အညာဘုရား တန်ဆောင်းတွေမှာရှိတဲ့ နံပါတ်တော် ပန်းချီကားတွေအကြောင်း ပြောပါတယ်။ ဒီတော့မှ ကျွန်တော်လည်း ပြောရဲဆိုရဲ ဖြစ်လာပါတယ်။ နံပါတ်တော် ပန်းချီကားတွေကို ကျွန်တော် ကိုယ်တိုင်ကလည်း အလွန်ကြိုက်တဲ့အတွက် ဖြစ်ပါတယ်။ ဆရာကြီးဦးဘကြည်က သူ့အနေနဲ့ နံပါတ်တော် ပန်းချီကားတွေ

ရေးခွင့် ကြုံမယ်ဆိုရင် သမားရိုးကျမဟုတ်ဘဲ ပြောင်းလဲ ရေးဆွဲ လိုကြောင်း ပြောပါတယ်။ ကျွန်တော်က ကလေးသာသာ အရွယ်မို့ ကျွန်တော် ကြိုက်ရင်းစွဲ နိပါတ်ပန်းချီဟန်တွေကို ပြောင်းလဲပစ်မယ်ဆိုတဲ့ ဆရာကြီးရဲ့စကားကို မနှစ်သက်ပါဘူး။ ဒါပေမဲ့ ဘာမှတော့ ပြန်ပြီး မဝေဖန်ရဲပါဘူး။ နောက် ၃/၄ နှစ် လောက်နေတော့ နိပါတ်တော် ပန်းချီစာအုပ် တစ်အုပ် ဆရာကြီးဦးဘကြည်ရဲ့ ပန်းချီ လက်ရာတွေနဲ့ ထုတ်ဝေလိုက်တာကို တွေ့ရပါတယ်။ ဆရာကြီး ဦးဘကြည်ဟာ သူ့ စကားအတိုင်း နိပါတ်ပန်းချီဟန်သစ်၊ သူ့ကိုယ်ပိုင်ဟန်သစ်နဲ့ ရေးဆွဲပါတယ်။ တစ်နိုင်ငံလုံးက အလွန် ကြိုက်နှစ်သက်ကြပါတယ်။ ခေတ်ပေါ်ပန်းချီဟန်တွေလည်း အများကြီး ပါဝင်ပါတယ်။ ကျွန်တော်လည်း ဘဝင်ကျပြီး ကြိုက်နှစ်သက်တာတွေ အများကြီး တွေ့ရပါတယ်။ ဆရာကြီးဦးဘကြည်ဟာ သမားရိုးကျ ပန်းချီဝါဒီအုပ်စုထဲမှာ ပါဝင်ပါတယ်။ ဒါပေမဲ့ ဆန်းသစ်တဲ့ အတွေးအခေါ်တွေနဲ့ သရုပ်ဖော်ရေးဆွဲလိုတဲ့ဆန္ဒ အတော် ကြီးမားတာကိုလည်း တွေ့ရပါတယ်။ အထူးသဖြင့် ကလေးတွေအတွက် သူရေးဆွဲ သရုပ်ဖော်တဲ့ ရုပ်ပြကာတွန်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ် တွေးခေါ် ဖန်တီးစေချင်တဲ့ စေတနာတွေ အများကြီးပါနေတာကိုတွေ့ကြရပါတယ်။ “ငါကလည်း သိပ်ပြီး သမားရိုးကျကြီး လုပ်နေရမှာကို မကြိုက်ဘူးကွ၊ ဥပမာ... ဟောလီဝုဒ်က အမေရိကန် ကာတွန်းဝိဇ္ဇာကြီး ဝေါ့ဒစ္စနီဆိုရင် ဘယ်မှာ သမားရိုးကျ ဟုတ်လို့လဲ။ ငါက အဲဒါမျိုး ကြိုက်သကွာ” လို့ ပြောဖူးပါတယ်။

ဆရာကြီးဦးဘကြည်ဟာ လွတ်လပ်ခွင့်ကို လွန်လွန်ကဲကဲ မကျင့်သုံးလိုသူသာ ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

[၂၅]

သောတရှင်များခင်ဗျာ ...

မြန်မာခေတ်ပေါ်ပန်းချီ တိုးတက်ဖြစ်ထွန်းမှုနဲ့ ပတ်သက်ပြီးတော့ကာ ပန်းချီ အောင်စိုး အကြောင်းကို တင်ပြခဲ့ရာမှာ တင်ပြမှု လေးထိုင်းသွားမှာကို ငဲ့ပြီးတော့ ခပ်တိုတို တင်ပြခဲ့ပါတယ်။ တင်ပြမှု တိုလွန်းပါတယ်လို့ သောတရှင်တွေထဲက အသံတွေထွက်လာတဲ့အတွက် တိုးဖြည့် တင်ပြလိုက်ရပါတယ်။

မြန်မာ့ခေတ်သစ်ပန်းချီနဲ့ပတ်သက်လို့ ဘဏ်ဦးခင်မောင်နဲ့ ပန်းချီဦးအောင်စိုး တို့ဟာ အဓိကကျတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပေမဲ့ ပန်းချီဦးအောင်စိုးဟာ မဂ္ဂဇင်းလောက ကဗျာသရုပ်ဖော်တွေကို အင်နဲ့အားနဲ့ အများအပြား ရေးဆွဲဖော်ကျူးခွင့်ရတဲ့အတွက် အများပြည်သူအပေါ် လွှမ်းမိုးသက်ရောက်မှု ပိုပြီးတော့ထိရောက် ကြီးမားပါတယ်။ ပန်းချီဦးအောင်စိုးဟာ လက်မှတ်ရေးထိုးရာမှာတောင်မှ ဗထက်ချိုက်ရယ်၊ ဂငယ်၊ ယပင့်၊ လုံးကြီးတင် ... ဗဂျီအောင်စိုး လို့ အသံထွက်အတိုင်း ရေးထိုးပါတယ်။ အဲဒီလုပ်ရပ်က စပြီးတော့ အစဉ်အလာကို ပြောင်းလဲ တွေးခေါ်ကြည့်တော့မယ်၊ လုပ် ကြည့်တော့မယ်၊ စမ်းသပ်ကြည့်တော့မယ်လို့ လိုင်စင်ယူလိုက်သလို ကြေညာချက် ထုတ်လိုက်တာပါပဲ။

ပန်းချီအောင်စိုးရဲ့ မဂ္ဂဇင်းသရုပ်ဖော်ပုံတွေကို အစပိုင်းက စာဖတ်ပရိသတ် အများစုအနေနဲ့ နားမလည်ကြပါဘူး။ ဒါ့ကြောင့် ကြိုက်လည်း မကြိုက်ကြပါဘူး။ ဆန့်ကျင်လှောင်ပြောင်ဝေဖန်တာတွေ အများကြီးရှိခဲ့ပါတယ်။ ဒါပေမဲ့ ပန်းချီအောင်စိုး ဟာ သူ့အနုပညာကို ရိုးရိုးသားသား၊ ရဲရဲရင့်ရင့် ယုံကြည်မှု ရှိတာကတစ်ကြောင်း၊သူ့ကိုအားပေးတဲ့ မဂ္ဂဇင်းတာဝန်ခံတွေရဲ့ ကြံ့ခိုင်တဲ့ထောက်ခံမှုက တစ်ကြောင်း အဓိကအားဖြင့် အခိုင်အမာ ရှိနေလေတော့ကာ နောက်ပိုင်းကျတော့ ပန်းချီအောင်စိုးရဲ့ ပန်းချီအနုပညာတွေဟာ အရှိန်ရလာတဲ့အထိ ရပ်တည်နိုင်ခဲ့ပါတယ်။

ပန်းချီအောင်စိုးဟာ အစဉ်အလာ လုပ်ရိုးလုပ်စဉ်တွေက ခွဲထွက်တင်ပြရာမှာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကလေးတွေကိုတော့ အလျဉ်းသင့်သလို အမြွက်တနိုး ထည့်သွင်းရေးဆွဲတတ်ပါတယ်။ ဒီလုပ်ရပ်ဟာ အလွန်အရေးကြီးပါတယ်။ ကိုက်ညီတဲ့ ဝေါဟာရနဲ့ ပြောရရင် အရိုးကို

အရှက်မဖုံးပါဘူးဆိုတဲ့ သဘောပါပဲ။ ရှေးရိုးစွဲ ဗမာ တွေတောင်မှ ပန်းချီအောင်စိုးကို လွယ်လွယ်နဲ့ မငြိုငြင်ကြပါဘူး။ မဂ္ဂဇင်းသရုပ်ဖော်ပုံ တွေ ရေးဆွဲရာမှာ ပန်းချီအောင်စိုးဟာ စိတ်ခံစားမှုကို ပိုပြီးအခြေခံတဲ့ ကဗျာတွေကို အများဆုံးရေးဆွဲရပါတယ်။ ဦးအောင်စိုး မရှိခင်က ကဗျာသရုပ်ဖော်ပန်းချီတွေဟာ ကဗျာပါအကြောင်းအရာတွေကို သမားရိုးကျအတိုင်း သရုပ်မှန်ဝါဒနဲ့ ဖော်ကျူးရေးဆွဲ ကြတာ များပါတယ်။ ဦးအောင်စိုးကတော့ ကဗျာကိုဖတ်ပြီးတော့ သူကလည်း ပန်းချီနဲ့ ကဗျာရေးပြန်ပါတယ်။ သူ့ပန်းချီက စိတ်ပန်းချီ မဟုတ်လား။ ကဗျာစပ်လို့ ပိုကောင်း တာပေါ့။ ဒီတော့ ကဗျာဖတ်တဲ့ သူမှာ စာကဗျာရော၊ ပန်းချီကဗျာရော နှစ်ခု တစ်ပြိုင် နက်တည်း ခံစားနိုင်ကြပါတယ်။ ဒါ့ကြောင့်လည်း ကဗျာဆိုရင် ဦးအောင်စိုးပန်းချီနဲ့မှ ပိုကောင်းတယ်လို့ လူပြောများလာပါတော့တယ်။ ပန်းချီအောင်စိုးမရှိတဲ့ နောက်မှာ လည်း မြန်မာကဗျာတွေကို သရုပ်ဖော်ရာမှာ ဦးအောင်စိုးလိုပဲ ပန်းချီကဗျာနဲ့ သရုပ်ဖော်လာကြတာ တွေကို အများဆုံးတွေ့ကြရပါတယ်။

ပန်းချီအောင်စိုးရဲ့ ပန်းချီတွေဟာ တစ်နည်းအားဖြင့် ကဗျာတွေပါပဲ။ သမားရိုးကျ သရုပ်ဖော် ပန်းချီအနုပညာ အလှတွေဟာ စကားပြေအနုစာပေ အလှတွေနဲ့ တူပါတယ်။ ခေတ်သစ်ပန်းချီ နည်းပရိယာယ်တွေကတော့ ကဗျာအနုစာပေတွေနဲ့ ပိုတူပါတယ်။ ပန်းချီအောင်စိုးရဲ့ ပန်းချီတွေဟာ ခေတ်သစ်မြန်မာပန်းချီရဲ့ အကိုင်းအခက် တစ်ခုမျှသာဖြစ်ပါတယ်။ ခေတ်သစ်မြန်မာ့ပန်းချီဆိုတာ ဒီလိုဖြစ်ရမယ်လို့ ကိုယ်စားပြုဖို့ ကြိုးစားချက် မဟုတ်ပါဘူး။ ဒါပေမဲ့ အရေးကြီးတာက ဒီလိုပဲ သီးခြား အကိုင်းအခက်တွေ အများကြီး ထွက်လာနိုင်ခွင့် ရှိတယ်ဆိုတာကို ပြသလိုက်တာပါပဲ။ မြန်မာ့ခေတ်သစ်ပန်းချီ နယ်ပယ်ကို ပိုကျယ်လာအောင် ချဲ့ထွင်ပေးလိုက်တာပါပဲ။ မြန်မာ့ခေတ်သစ် ပန်းချီနယ်ကို ပိုပြီးလွတ်လပ်လာအောင် အထောက်အပံ့ပြုခဲ့တာပါပဲ။ ဒီကနေ့ခေတ်သစ် မြန်မာပန်းချီလူငယ်တွေ အမြောက်အမြား လွတ်လွတ်လပ်လပ် တွေးခေါ်လှုပ်ရှားလာကြတာ အထင်အရှားပါပဲ။

ထူးထူးခြားခြား မှတ်မိတာလေးတစ်ခုကို ပြောပြချင်ပါတယ်။ ဦးအောင်စိုး မကွယ်လွန်ခင် ခြောက်နှစ်လောက်က တစ်နေ့ သူ ကျွန်တော်ရှိရာ ရန်ကင်းရပ်ရှင်ကို ရောက်လာပြီးတော့ ... "ဖိုးဝင်းဖေရေ ... တစ်ခါတစ်ခါ ကဗျာသရုပ်ဖော်ပုံတွေ ရေးရင်း ... ကျုပ် စိတ်မသန့်တာလေးတွေရှိတယ် ... တဲ့။ ဒါနဲ့ ကျွန်တော်က ဘယ်လို မသန့်တာလဲလို့မေးတော့ .. "တစ်ခါတလေ ကျုပ်က ကဗျာကို ဖတ်ကို မဖတ်မိဘူးဗျ၊ ဒီအတိုင်း ကျုပ်ဆွဲချင်တာ ဆွဲပြီးတော့ ကဗျာခေါင်းစည်း တပ်ပေးလိုက်တာဗျ" လို့ ပြောပါတယ်။ ဒီတော့ ကျွန်တော်ကလည်း မဆိုင်းမတွ ပါပဲ "ဒီမယ် ကဗျာဆရာကလည်း သူ့ဟာသူ

စာနဲ့ကဗျာစပ်တာပေါ့ဗျာ၊ ခင်ဗျားကလည်း ခင်ဗျားဟာနဲ့ခင်ဗျား ... ပန်းချီနဲ့ ကဗျာစပ်လိုက်တာလေ အကြောင်းအရာ မသက်ဆိုင်ပေမဲ့ ကဗျာနှစ်ပုဒ်လေ၊ သဘာဝချင်းက လိုက်ဖက်နေ တော့ အိုကေပဲ” လို့ပြောလိုက်တော့“ကျုပ်က ကဗျာစပ်တယ် ... ဟုတ်ရဲ့လား ဗျာ” လို့ ပြန်မေးပါတယ်။ ကျွန်တော်ကလည်း ... “ဘာလို့ မဟုတ်ရမှာလဲ၊ ခင်ဗျားမှာ စိတ်နဲ့လက် အလေ့အကျင့် များလွန်းလို့၊ ယုံကြည်မှုခွန်အား ကြီးလွန်းလို့ ဘာမှ အထူးအားထုတ်နေစရာမလိုဘဲ အလိုလို ပန်းချီကဗျာတွေ ထွက်နေပြီဗျ၊ ခင်ဗျား ဟာ ခင်ဗျားသာ မသိရှိရမယ်၊ ကျုပ်တို့ကတော့ ဒီလိုပဲ ခံစားရတယ်။ ကဗျာဆရာကြီး ကိုတင်မိုး ကြည့်ဗျာ .. ဆေးလိပ်လည်းတို နေလည်းညိုပြီ ... ငါ့ကို ပြန်ပို့ကြ ပါလေ ... တဲ့။ သူ့ဟာနဲ့သူ သူငယ်ချင်းအိမ်ကနေ ညနေစောင်းမှာ အိမ်ပြန်ချင်လို့ ပါးစပ်က ရွတ်လိုက်တာလေ။ အလွန်အောင်မြင်တဲ့ ကဗျာဖြစ်သွားတယ် မဟုတ်လား၊ ပညာသည်တွေ ဝါရင့်လာရင် ဒီလိုပဲလေဗျာ”... လို့ ယုံယုံကြည်ကြည်ကြီး ပြောပြ လိုက်ပါတယ်။ ဒါဟာ အမှန်ပါပဲ။ ကျွန်တော် လုပ်ကြံပြောခဲ့တာ တစ်ခုမှ မပါပါဘူး။ ဆရာအောင်စိုးမှာ ပြန်လုံးတောင် မရှိပါဘူး၊ ငြိမ်ပြီးတော့ လက်ခံသွားပါတယ်။ ဦးအောင်စိုးဟာ စိတ်သမားပီပီ အရက်သောက်ရင် သွေးဆိုးပါတယ်။ ဒါပေမဲ့ အရက် မသောက်တဲ့အခါ အလွန် ယဉ်ကျေးသိမ်မွေ့ပြီးတော့ ပျော်ပျော်ရွှင်ရွှင်နေတတ်သူ ဖြစ်တဲ့အတွက် လူချစ်လူခင် အပေါင်းအသင်းကြွယ်ဝသူ ဖြစ်ပါတယ်။ နောင်အခါ အလျဉ်းသင့်သလို ထပ်မံဖော်ပြပေးဖို့ရှိပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျား ...

ပြီးခဲ့တဲ့အပတ်က မြန်မာ့ခေတ်သစ်ပန်းချီလောက ဖြစ်ထွန်းလာမှုမှာ ပန်းချီ ဦးအောင်စိုးရဲ့ကဏ္ဍကို တိုးဖြည့်တင်ပြခဲ့ပါတယ်။ ဦးအောင်စိုးဟာ အိန္ဒိယနိုင်ငံ၊ စန္တိနိကေတန် တက္ကသိုလ်မှာ ပန်းချီပညာကိုသင်ကြားခဲ့ပေမဲ့ ကမ္ဘာ့ခေတ်သစ်ပန်းချီဆိုတာ ဘာလဲ ဆိုတာမျိုးကို ပြောဟောဆွေးနွေးဖို့၊ စာပေရေးသားဖို့ကိုတော့ အတော် ဝန်လေးခဲ့ပုံရပါတယ်။ လက်တွေ့ပိုင်းမှာတော့ အားကောင်းပါတယ်။

၁၉၆၀ ပိုင်းတွေက စလို့ ဦးအောင်စိုး ကွယ်လွန်သွားချိန်အထိ မြန်မာကဗျာလောကရဲ့ ၈၀ ရာခိုင်နှုန်းလောက်ကို ဦးအောင်စိုးက သရုပ်ဖော်ပန်းချီ ရေးဆွဲခဲ့ပါတယ်။ အများဆုံးကတော့ မင်နဲ့ တစ်ရောင်တည်း ရေးဆွဲတာဖြစ်ပြီးတော့ ... တစ်ခါတစ်ရံ နှစ်ရောင် ... ရောင်စုံကတော့ အနည်းအပါးပဲ ရှိပါတယ်။ မဂ္ဂဇင်းတိုက်တွေက ဦးအောင်စိုးရဲ့ပုံတွေဟာ မင်နဲ့ ကောက်ကြောင်းပုံကြမ်းတွေပဲဆိုပြီး အသိမ်းအဆည်း၊ အစုအဆောင်း နည်းပါတယ်။ ဒါ့ကြောင့် အလွန် နှမြောစရာကောင်းတဲ့ ဦးအောင်စိုး လက်ရာပေါင်း ထောင်နဲ့ချီပြီး ဆုံးရှုံးခဲ့ကြရပါတယ်။ ဦးအောင်စိုးရဲ့ရေးဆွဲမှုမှာ အချိန်တို အတွင်း သွက်သွက်လက်လက်ဖော်ကျူးဖို့ သိပ်အရေးကြီးတဲ့အတွက် ပုံအကြီးကြီးတွေ ဆွဲခဲပါတယ်။ ပုံသေးသေးကလေးတွေပဲ အဆွဲများပါတယ်။ ပုံကြီးတာ သေးတာက အရေးမကြီးပါဘူး၊ စိတ်ကူးစိတ်သန်းမှာ အနုပညာဝိညာဉ်၊ လိပ်ပြာပါနေဖို့ အရေးကြီးပါတယ်။ စီးပွားရေးပန်းချီပဲဖြစ်ဖြစ်၊ အလှပန်းချီပဲဖြစ်ဖြစ် ... စိတ်ကူးစိတ်သန်းက အရေးကြီးပါတယ်။ သူ့ပန်းချီလက်ရာတွေရဲ့ အလှက သူ့အနုပညာကို သူ ယုံကြည်မှု ကြီးမားခြင်း၊ ဆုံးဖြတ်ချက်၊ ပြတ်သား၊ ရဲရင့်၊ လတ်ဆတ်နေခြင်း၊ ရိုးသားခြင်း၊ ရေးဆွဲရာမှာ ပိုင်နိုင်ပြီး သံသယကင်းခြင်း ... စတဲ့ ... ခေတ်သစ်အနုပညာအလှတွေ ဖြစ်ပါတယ်။

ပန်းချီဦးအောင်စိုးကို ဆရာကြီး ဘကျော်ဦးခင်မောင်က မကြာခဏ အိမ်တိုင်ရာ ရောက် ခေါ်ပြီးတော့ ဆီဆေးပန်းချီကားတွေ ရေးဆွဲခိုင်းလေ့ရှိပါတယ်။ ကင်းဗတ်(စ) ဖျင်နဲ့ ဆီဆေးတွေကို ဆရာကြီးကပဲ ထုတ်ပေးပါတယ်။ ဆရာကြီး ဦးခင်မောင်ရဲ့ စေတနာက ပန်းချီဦးအောင်စိုးရဲ့ ပန်းချီကားကြီးကြီးတွေ ကျန်ခဲ့စေချင်တာဖြစ်ပါတယ်။ သမားရိုးကျ၊ သဘာဝတူ၊

သရုပ်မှန် ပန်းချီတွေရဲ့အလှများကတော့ သဘာဝအလှနဲ့ နီးစပ်မှုကြီးမားခြင်းဂုဏ်ပင် ဖြစ်ပါတယ်။ ရောင်စုံဓာတ်ပုံ နည်းပညာတွေ သိပ်ပြီး တိုးတက်ဖွံ့ဖြိုးလာတာနဲ့အမျှ သဘာဝ၊ သရုပ်တူ၊ သရုပ်မှန်၊ ပန်းချီလောကမှာ စိန်ခေါ်မှုတွေ ပိုများလာပါတယ်။ ဒါဟာ အလွန်ကောင်းတဲ့အလားအလာ ဖြစ်ပါတယ်။ လူတွေရဲ့ အံ့မခန်းစိတ်ကူးစိတ်သန်းတွေကို ပိုပြီးအသုံးချကြရမယ့် စိန်ခေါ်မှု တွေဖြစ်လာပါတယ်။ ခေတ်သစ် သဘာဝသရုပ်မှန် လွန်ဝါဒီတွေရဲ့လက်ရာတွေက လည်း အရှိန်အဟုန်ကောင်းကောင်းနဲ့ တိုးတက်လာနေပါတယ်။ ကမ္ဘာ့ခေတ်သစ် ပန်းချီအတွေးအခေါ်ဟာ အဓိကအားဖြင့် ဘာတွေလဲဆိုတာကိုတော့ ... ပန်းချီဆရာ ကြီး ဘဂျာဦးခင်မောင်က ရေးသားပြီး မြန်မာပန်းချီလောကသားတွေအတွက် စာကူးစက်နဲ့ ရိုက်နှိပ်ဖြန့်ချိခဲ့ပါတယ်။

မြန်မာပန်းချီလောကမှာ ဦးခင်မောင် နှစ်ယောက်ရှိပါတယ်။ ဘဂျာဦးခင်မောင် အပြင် ပန်းချီ/ပန်းပု ကျောင်းအုပ်ကြီးဟောင်း ဦးခင်မောင်လည်း ရှိပါသေးတယ်။ အရပ်အမောင်းကောင်းတဲ့ ကျောင်းအုပ်ကြီး ဦးခင်မောင် ကတော့ သဘာဝ သရုပ်မှန် ပန်းချီတွေ အရေးများပါတယ်။ ဆရာကြီး ဘဂျာဦးခင်မောင်ကတော့ မြန်မာဘုရား ကျောင်းကန်တွေ၊ ပုဂံ ဘုရားပုထိုးတွေ၊ မြန်မာ့ကျေးလက်ရှုခင်းတွေ၊ ကျေးလက်ဂီတ တွေကို ခေတ်သစ်၊ ခေတ်ဆန်း ရေးနည်းရေးဟန်တွေနဲ့ ရေးဆွဲပါတယ်။ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းတွေရဲ့ အယိုင်တီးဟန်၊ တက်ကြွလှုပ်ရှားဟန်တွေကို စိတ်အတွင်း အသံတွေ ကိုပါ ကြားလာရလေအောင် Visual Language လို့ခေါ်တဲ့ အမြင်အာရုံ ဘာသာ ဗေဒနဲ့ Audio Language လို့ခေါ်တဲ့ အသံ အာရုံဘာသာဗေဒနှစ်ရပ်ကို ပေါင်းစပ်ထင်ဟပ်ရေးဆွဲပါတယ်။ ပန်းချီ ဦးအောင်စိုး အလွန် အားရနှစ်ခြိုက်ခဲ့တဲ့ လက်ရာတွေ ဖြစ်ပါတယ်။

ဘဂျာဦးခင်မောင်နဲ့ ဆရာကြီးဦးဘသက်တို့ဟာ ပန်းချီရော ဂီတကိုပါ တစ်နွယ်ငင်တစ်စင်ပါ နှစ်သက်လေ့လာ လိုက်စားကြသူတွေ ဖြစ်ပါတယ်။ ပန်းချီ ဦးအောင်စိုးကတော့ ဂီတဘက်မှာ အားနည်းသူဖြစ်ပါတယ်။ ပန်းချီအနုပညာ အပြင် ဦးအောင်စိုး ဝါသနာကြီးတာကတော့ ရုပ်ရှင်သရုပ်ဆောင်ပညာ ဖြစ်ပါတယ်။ ပန်းချီ ဦးအောင်စိုးဟာ ရုပ်ရည်အားဖြင့် အလွန်ထူးခြားခန့်ညားတဲ့ ဥပဓိအင်္ဂါလက္ခဏာ ရှိပါတယ်။ အသားဖြူပြီး၊ မျက်လုံး၊ မျက်ခုံး၊ မျက်လုံး၊ မျက်ဖန် အားကောင်းသူ ဖြစ်ပါတယ်။ ယောက်ျားပီသတဲ့ ရုပ်ရည်ရှိပါတယ်။ ဒါပေမဲ့ အသံအားကတော့ သူ့ ရုပ်ရည်နဲ့ မလိုက်မဖက်အောင် စူးပြီးတော့ သေးငယ်ပါတယ်။ ရုပ်ရှင်သရုပ်ဆောင် အနေနဲ့ ဇာတ်ကားအတော်များများမှာ ပါဝင်ခဲ့ဖူးပါတယ်။ ဒါရိုက်တာ ဆရာဦးသုခက ဦးအောင်စိုးကို

ခေါင်းဆောင်မင်းသား တင်ပြီးတော့ မိုးလုံးပတ်လည် ဆိုတဲ့ကားကို ရိုက်ကူးပေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ ရုပ်ရှင်အနုပညာနဲ့ ဖူးစာကံအကြောင်း နည်းခဲ့ပါတယ်။ ဦးအောင်စိုးဟာ ရုပ်ရှင်သရုပ်ဆောင်ပညာကို မြတ်နိုးလွန်းလို့ အလေးစားလွန် ပြီးတော့ ကြိုးစားအားထုတ်မှုပိုကဲနေတဲ့အတွက် အောင်မြင်မှု မရတာဖြစ်ပါတယ်။ ဆရာဦးခင်မောင်က ဦးအောင်စိုး ပါဝင်သရုပ်ဆောင်တဲ့ ရုပ်ရှင်တွေကို မကြည့်ဘဲ လည်း မနေပါဘူး။ ကြည့်ဖြစ်အောင် ကြည့်လေ့ရှိပါတယ်။ ကြည့်ပြီးပြန်ရင်လည်း ဘာမှမဝေဖန်ဘဲ ရယ်နေတတ်ပါတယ်။ ဦးအောင်စိုးဟာ သူ သရုပ်ဆောင်တာနဲ့ ပတ်သက်လို့ ဘယ်သူဝေဖန်တာကိုမှ ဂရုမစိုက်ပေမဲ့ သူ့ဆရာဦးခင်မောင် ပြုံးပြုံးနေတာကိုတော့ ဖြုံပုံရပါတယ်။ “ဒီမှာ ဖိုးဝင်းဖေ ... ကိုယ်တော့ ရုပ်ရှင်ပိုးကို သတ်လိုက်တော့မှ ဖြစ်မယ်ကွာ၊ ဆရာဦးခင်မောင် ပြုံးပြုံးနေတာကို မခံနိုင်တော့ဘူး”လို့ ပြောဖူးပါတယ်။ ဆရာဦးခင်မောင်ဟာ ဦးအောင်စိုး ရုပ်ရှင်ရိုက်တာကို တစ်ခါမှ မတားဆီးခဲ့ဖူးပါဘူး။ ဆရာဦးခင်မောင်ဟာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် တားဆီး ပိတ်ပင်ဖို့ ဝန်လေးသူဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

သီတင်းပတ် အတော်ကြာအောင် ဝင်းဖေလွယ်အိတ်ထဲက ထုတ်ဖြစ်ခဲ့တာဟာ ပန်းချီအကြောင်းတွေ ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ်တော့ ရုပ်ရှင်တွေဘက်ကို ပြန်သွားပါရ စေ။ မြန်မာရုပ်ရှင်တွေကို ဒုတိယကမ္ဘာစစ်အပြီးမှာမှ ကိုးနှစ်သားလောက်ကစပြီးတော့ ဝင်းဖေ ကြည့်ခွင့်ရခဲ့တာပါ။ ဒီတုန်းက အသံတိတ်ရုပ်ရှင်တွေက များပါတယ်။ အသံထွက်က ၁၀ ကားမှာမှ တစ်ကားလောက်ပဲ ပါပါတယ်။ အသံတိတ်ကားတွေကို ပံ့ပိုးပေးဖို့ ဇာတ်ပို့တီးဝိုင်း တစ်ဝိုင်းစီ ရုပ်ရှင်ရုံထဲမှာ ရှိကြရပါတယ်။ ဒီတီးဝိုင်းမှာ စန္ဒရား၊ တယော၊ နှဲ၊ ခြောက်လုံးပတ်၊ ကျား/မ အဆိုတော်တွေလည်း တစ်ယောက်စီ ပါပါတယ်။ အလွမ်း၊ အသော၊ အနု၊ အကြမ်း ... စတဲ့ အကွက်အလိုက် ဆီလျော်တဲ့ တီးကွက်တွေကို ဇာတ်ပို့တီးလုံးအဖြစ် တီးပေးကြရပါတယ်။ ဇာတ်ပို့တေးသွားတွေဟာ များသောအားဖြင့် မြန်မာရှေး သီချင်းကြီး တွေထဲက ထုတ်နုတ်သုံးစွဲတာများပါတယ်။ ခေတ်စမ်း မြန်မာတေးသွားကလေးတွေလည်း သုံးပေမဲ့ နည်းပါတယ်။ ဒါ့ကြောင့် ရုပ်ရှင်ဇာတ်ပို့တီးဝိုင်းတွေဟာ မြန်မာရှေးသီချင်းကြီးတွေကို လေ့လာလိုက်စားကြရ ပါတယ်။ ဇာတ်ကားနဲ့သက်ဆိုင်တဲ့သီချင်း ပါလာရင်လည်း အဲဒီဝိုင်းအဆိုတော်တွေ က ဆိုပေးကြရပါတယ်။

အသံတိတ်ရုပ်ရှင်ကား စကားပြောခန်းတွေမှာ စာထိုးပါတယ်။ စာဖတ်တတ်တဲ့ ကျောင်းသားကလေးတွေဟာ ရုပ်ရှင်ရုံတွေထဲမှာ ဒီတုန်းက အတော်မျက်နှာ ပွင့်ပါတယ်။ စာမဖတ်တတ်တဲ့ လူကြီးတွေ၊ မိန်းမကြီးတွေက အဲဒီလိုကျောင်းသား ကလေးတွေကို မုန့်တွေဘာတွေ ဝယ်ကျွေးပြီးတော့ စကားပြောစာတန်းတွေကို အဖတ် ခိုင်းကြရပါတယ်။ အဲဒီစာတွေကိုလည်း တီးပိုင်းက တတ်နိုင်သလောက် အသံထွက် လိုက်ပြောတတ်ပါသေးတယ်။ ဒါပေမဲ့ ဒါဟာ အမြဲ မဟုတ်ပါဘူး။ တီးဝိုင်းတိုင်းမှာ အဲဒီလောက်အထိ တော်တဲ့သူတွေ သိပ်များများမရှိပါဘူး။ စစ်ပြီးခေတ် မြန်မာရုပ်ရှင် လောက မန္တလေးမှာတော့ အသံတိတ်ကားတွေပြသတဲ့ ဆိုင်းတန်းရုပ်ရှင်ရုံက တီးဝိုင်း ဟာ အတီးရောအဆိုပိုင်းမှာပါ အတော်ကြီးကို ကျော်ကြားပါတယ်။ အေးကြီး တူရိယာပိုင်း လို့ ခေါ်ပါတယ်။ အဲဒီဝိုင်းမှာ စန္ဒရားတီးတဲ့ ဦးအုန်းမောင်ဆိုရင် နောက်ပိုင်း မဟာဂီတ ရှေးရိုးရာသီချင်းကြီး၊ သီချင်းခန့်တွေကို

ကျွမ်းကျင်တဲ့ပညာရှင် ကြီးတစ်ဆူ ဖြစ်လာခဲ့ပါတယ်။ အဲဒီတုန်းက အေးကြီး တူရိယာဝိုင်းက အမျိုးသား အဆိုတော် ဦးထူးရော၊ ဆရာဦးအုန်းမောင်ရော နောက်ပိုင်း မန္တလေးပန်တျာကျောင်း မှာ စန္ဒရားနဲ့ အဆိုကထိကတွေ ဖြစ်လာကြပါတယ်။

ဂီတလုလင်မောင်ကိုကိုတို့၊ နောက် သူ့အစ်ကိုတော်တဲ့ ဘိုကလေးတင့် အောင်တို့၊ အဆိုတော် မာမာအေး အပါအဝင် သူ့မိဘတွေလည်း ရုပ်ရှင်အသံတိတ် ခေတ်က မွေးထုတ်လိုက်တဲ့ ဂီတပညာရှင်တွေ ဖြစ်ပါတယ်။ ဆရာဦးအုန်းမောင်နဲ့ အဆိုဆရာကြီးဦးထူးတို့ဟာ ဆရာကြီးမြန်မာညွှန့် ဦးချစ်မောင်နဲ့ ပတ္တလားဆရာ ဆရာဘလေး တို့ရဲ့ လက်ရင်းတပည့်တွေ ဖြစ်ကြတဲ့အတွက် မြန်မာသီချင်းကြီး ထိန်းသိမ်းစုဆောင်းရေးမှာ အလွန်အားထားရတဲ့ ပညာရှင်တွေ ဖြစ်လာကြပါတယ်။ ဆရာကြီး မြန်မာညွှန့် ဦးချစ်မောင်ဟာ ဆိုင်းဆရာကြီး စိန်ဗေဒါရဲ့ တပည့်ရင်း ဖြစ်ပြီးတော့ကာ ရှေးမဟာဂီတတွေကို သင်ယူတဲ့နေရာမှာ အလွန်စည်းကမ်းတကျ၊ စနစ်တကျ ထိန်းသိမ်းတတ်သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် မဟာဂီတနဲ့ပတ်သက်လို့ အထောက်အထား အကိုးအကားပြုရာမှာ ခိုင်မာစိတ်ချရသူ ပညာရှင်ကြီးတစ်ဆူ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဆရာဦးအုန်းမောင်နဲ့ ဆရာဦးထူးတို့ဟာလည်း မဟာဂီတနယ်မှာ သိက္ခာကြီးသူတွေ ဖြစ်ခဲ့ကြပါတယ်။ ဂီတလုလင် မောင်ကိုကိုလည်း မြန်မာညွှန့် ဦးချစ်မောင်ရဲ့ တပည့်ရင်းတစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ် မဖြစ်ခင်က မြန်မာရုပ်ရှင်လောကမှာ ထူးထူးခြားခြား ခေတ်မီ သူ ရုပ်ရှင်ဒါရိုက်တာကြီးတွေကတော့ အေဝမ်းဦးတင်မောင်တို့၊ ရွှေဒုံးဘီအောင်တို့ ဖြစ်ကြပါတယ်။ ရုပ်ရှင်ပေါ်ဦးစ မြန်မာရုပ်ရှင်တွေဟာ ပြဇာတ်နဲ့ရုပ်ရှင် ရောထွေးနေ ပါတယ်။ အေးဝမ်းဦးတင်မောင်နဲ့ ရွှေဒုံးဘီအောင်၊ ဦးဥ၁ဏ စတဲ့ ဒါရိုက်တာတွေဟာ ရုပ်ရှင်ပီပြင်မှုဘက်ကို စတင် အားထုတ်ကြသူတွေ ဖြစ်ပါတယ်။ စစ်ပြီးခေတ်မှာတော့ တစ်စထက်တစ်စ အသံထွက်ကားတွေ ထုတ်လုပ်တာ များလာပြီးတော့ကာ ၁၉၅၀ နောက်ပိုင်းနှစ်များမှာ အသံတိတ်ရုပ်ရှင်ခေတ် ကုန်ဆုံးသွားပါတော့တယ်။

စစ်ပြီးခေတ် မြန်မာ့ရုပ်ရှင်လောကမှာ အလွန်ထူးခြားတဲ့ စာရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာ နှစ်ဦး ပေါ်ထွန်း လာပါတယ်။ စာရေးဆရာကြီးဦးသာစုနဲ့ ရှုမဝမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးကျော် တို့ ဖြစ်ကြပါတယ်။ ခေတ်ဟောင်း မြန်မာရုပ်ရှင်တွေနဲ့ သိသိသာသာ လိုင်းကွဲထွက်အောင် ရိုက်ကူးနိုင်ကြတဲ့ အလွန်အောင်မြင်ခဲ့ကြတဲ့ ဒါရိုက်တာကြီးတွေ ဖြစ်ပါတယ်။ နာမည်ကြီး မင်းသား/

မင်းသမီးတွေကို မသုံးဘဲ ကိုယ့်အနုပညာကို ကိုယ်ယုံလို့ မင်းသား /မင်းသမီး အသစ်တွေတင်ပြီးတော့ ပရိသတ် အားပေးမှုရအောင် ရိုက်နိုင်စွမ်းရှိကြတဲ့ ရှားပါးပညာရှင်ကြီးတွေ ဖြစ်ကြပါတယ်။ ရှုမဝဦးကျော်က မောင်ယဉ်ထွေး၊ စန်းစန်းအေး၊ ဇော်ဝမ်း၊ ဆွေဇင်ထိုက်၊ လင်းထင် စတဲ့ မျက်နှာသစ်တွေကို ကိုယ်ပိုင်မွေး၊ လေ့ကျင့် သင်တန်းပေးပြီးတော့ အကြီးအကျယ် အောင်မြင်အောင် ရိုက်ကူး ထုတ်လုပ်နိုင်စွမ်း ရှိပါတယ်။ ဆရာကြီး ဦးသာစုကလည်း မင်းသမီးသစ် မြတ်မွန်တို့၊ သူ့သား သုမောင်တို့ကို တင်ပြီးတော့ အလွန်လူကြိုက်များတဲ့ ရုပ်ရှင်ကားတွေ ရိုက်ပြီးတော့ အကယ်ဒမီဆုတွေ ဆွတ်ခူးသွား ပါတယ်။ ပရိသတ် အလွန်ကြိုက်တဲ့ ဉ္စေ့သည်လို ကားမျိုးကို ဆရာကြီးဦးသာစုဟာ သူကိုယ်တိုင်ခေါင်းဆောင် ပါဝင်ပြီးတော့ ရိုက်ကူးခဲ့ပါတယ်။

ဆရာကြီး ဦးသုခ ဟာ အလွန် အောင်မြင်ကျော်ကြားတဲ့ကားတွေကို အများ ဆုံး ရိုက်ကူးခဲ့တာ မှန်ပေမဲ့ ဆရာဦးသာစုနဲ့ ရှုမဝ ဦးကျော်တို့က တစ်မူထူးခြားတဲ့ မြန်မာရုပ်ရှင်တွေကို တင်ပြနိုင်ခဲ့ကြတဲ့ ပညာရှင်ကြီးတွေ ဖြစ်ပါတယ်။ ဆရာဦးသာစုရဲ့ သား ရုပ်ရှင်ဒါရိုက်တာ မောင်ဝဏ္ဏကျပြန်တော့ ဖအေ့သားဆိုပေမဲ့ သူ့အဖေရဲ့ လက်ရာတွေနဲ့မတူ တခြားစီ အလွန်ထူးခြားတဲ့ကားတွေ ရိုက်ကူးတင်ဆက်ပြန်တဲ့ အတွက် အံ့သြကြရပြန်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ခေတ်သစ် မြန်မာရုပ်ရှင်ဒါရိုက်တာတွေထဲက ထူးခြားတဲ့ ဒါရိုက်တာတွေကို ဖော်ပြခဲ့ရာမှာ ဒါရိုက်တာမောင်ဝဏ္ဏကို စတင်ဖော်ပြခဲ့ပါတယ်။ ဖခင်ဖြစ်တဲ့ ဦးသာစုက သူ့နည်းသူ့ဟန်နဲ့ သီးခြားအနုပညာကို ဖန်တီးနိုင်သလို သားဖြစ်တဲ့ မောင်ဝဏ္ဏကလည်း သူ့ဖအေ လက်ရာနဲ့ လုံးဝနီးပါး မတူခြားနားတဲ့ ကိုယ်ပိုင်အနုပညာဟန် ရှိသူ ပါရမီရှင်ဖြစ်ပါတယ်။ မြန်မာရုပ်ရှင်လောကမှာ သူ့ဖခင်လိုပဲ ပထမဆုံးရိုက်တဲ့ ရုပ်ရှင်နဲ့ ရုပ်ရှင်ထူးချွန်ဆု ဆွတ်ခူးနိုင်သူ ဖြစ်ပြီးတော့ အသက် အငယ်ဆုံးနဲ့ ဆုရသူအဖြစ်လည်း စံချိန်တင်ထားသူ ဖြစ်ပါတယ်။ သူ့ဖခင်လိုပဲ ရုပ်ရှင်ကြည့် ပရိသတ်ကရော ရုပ်ရှင်ထူးချွန်ဆုပေးရေး အဖွဲ့ကရော တစ်သဘောတည်း နှစ်သက်မှုနဲ့ ဆုရရှိခဲ့ပါတယ်။

မြန်မာ့ရုပ်ရှင်သမိုင်းမှာ ဆုရသူတွေအနက် တချို့က ပရိသတ်လူထုက နှစ်သက်အားပေးကြပေမဲ့ ဆုပေးအဖွဲ့က မရွေးချယ်တာတွေ ရှိသလို ပရိသတ်က မကြိုက်ပေမဲ့ ဆုပေးအဖွဲ့က ရွေးချယ်ခံရတာတွေလည်း ရှိပါတယ်။ အဲဒီလို ဖြစ်နေပြီ ဆိုရင် ဆုရသူတွေနဲ့ ရုပ်ရှင်ကြည့်ပရိသတ်တွေမှာ ကသိကအောက် ဖြစ်ကြရပါတယ်။ အဆိုးဆုံးကတော့ အာဏာပိုင် အစိုးရက ခေါ်ခိုင်းပြီးတော့ ဆုချီးမြှင့်ခံကြရတဲ့ ပညာသည် တွေဖြစ်ပါတယ်။ အဲဒီပညာသည်တွေအဖို့ မိမိကိုယ်၌က အနုပညာ ပြောင်မြောက်အောင် သရုပ်ဆောင်နိုင်ခဲ့တာတောင် လိပ်ပြာမသန့်နိုင်အောင် ဖြစ်ကြရှာ ပါတယ်။ ဒီ့ထက်ဆိုးတာကတော့ အနုပညာအရ မပြောင်မြောက်ပေမဲ့ အစိုးရပေါ်လစီကားကို ရိုက်ကူးပေးတဲ့အတွက် ဆုရတဲ့ ပညာသည်တွေအဖို့ကတော့ ပရိသတ်ရဲ့ တိုးတိုး တစ်မျိုး၊ ကျယ်ကျယ်တစ်သွယ် ဝေဖန်ခံကြရတော့တာပါပဲ။

ဒီပြဿနာတွေဟာ မရိုးသားမှုတွေကြောင့် ဖြစ်ရတာပါ။ အစိုးရအာဏာပိုင် အဖွဲ့အစည်းတွေဟာ အနုပညာသည် တွေကို ခုတုံးလုပ်ပြီး ဝါဒဖြန့်တာမျိုး မလုပ်သင့် ပါဘူး။ ဒီလို ပြဿနာကို ဖြေရှင်းဖို့ အနုပညာသည် တွေက ပေါ်လစီဝါဒဖြန့်ကားတွေကို ရိုက်မပေးကြရင် ပြီးတာပဲမဟုတ်လားလို့ အလွယ်တကူ တွေးတတ်သူတွေ ရှိပါတယ်။ ဝါဒဖြန့်ချိရေးကားမှာ ပါဝင်ကူညီပေးပါဆိုတဲ့ အာဏာပိုင်တွေရဲ့ မေတ္တာ ရပ်ခံချက်တွေဟာ စစ်မှန်တဲ့ပျားရည်လို ချိုမြနေတာသက်သက် မဟုတ်ပါဘူး။ ကူညီဖို့ ငြင်းဆန်ခဲ့ရင်

အညှိုးထားမယ်၊ တစ်ကွေ့ကျရင် မှတ်လောက်အောင် ဆုံးမမယ်ဆိုတဲ့ အဆိပ်အတောက်တွေ အများကြီးပါဝင်ပါတယ်။ ဆုပေးဒဏ်ပေးစနစ်ပါပဲ။ ဖားတဲ့ကောင် စားရမယ်၊ မဖားတဲ့ကောင်ခံရမယ်ဆိုတဲ့ အလွန်စက်ဆုပ်စရာကောင်းတဲ့၊ သိက္ခာမဲ့တဲ့လုပ်ရပ်တွေ ရှိနေပါတယ်။ ဒီလို အဖြစ်ဆိုး တွေကို ပယ်ဖျက်ရမယ်ဆိုရင် အနုပညာသည်တွေရော၊ အာဏာပိုင်တွေရော၊ ပြည်သူလူထုရော ပါဝင်ကြိုးပမ်းကြရ မှာ ဖြစ်ပါတယ်။ ပထမဆုံးတာဝန်ရှိသူကတော့ အာဏာပိုင်တွေပါပဲ။ သူတို့က အရှက် အကြောက်တရား၊ မျှတမှန်ကန်မှု တရား၊ သီလတရားရှိကြရမှာ ဖြစ်ပါတယ်။ အရှက် မရှိဘဲ ရက်စက်တဲ့အာဏာပိုင်တွေအောက်မှာ အနုပညာသည်တွေရဲ့ သိက္ခာရှိရှိရပ်တည်ဖို့ကတော့ တော်တော်ကြီးကိုခက်ခဲပါတယ်။ ပေါ်လစီကားရိုက်လို့ ရလာမယ့် အကယ်ဒမီဆုကို ဘာပဲဖြစ်ဖြစ်၊ ဆုရတယ်ဆိုရင် ပြီးရောဆိုပြီး ဂုဏ်ယူပျော်ရွှင်နိုင်ကြတဲ့ ပညာသည်တွေကလည်း အများကြီးပါပဲ။

တကယ်တမ်းကျတော့ အနုပညာထူးချွန်ဆု ရဖို့ဆိုတာ ဗေဒင်ယတြာချေပြီး တော့ ရယူဖို့တောင် မသင့်တဲ့ ကိစ္စပါ။ လိပ်ပြာသန့်သန့်၊ သိက္ခာရှိရှိနဲ့ ဆွတ်ခူးနိုင်ဖို့ အရေးကြီးပါတယ်။ ဒါရိုက်တာမောင်ဝဏ္ဏရခဲ့တဲ့ ရုပ်ရှင်ဒါရိုက်တာ ထူးချွန်ဆုဟာ အလွန်သိက္ခာရှိတဲ့ ဆုအမျိုးအစားတွေ ဖြစ်ပါတယ်။ သူဆုရတဲ့အချိန်မှာ ဝင်းဖေက ရုပ်ရှင်ဇာတ်ညွှန်းတွေ စပြီး စမ်းသပ်ရေးသားနေချိန်ဖြစ်ပါတယ်။ မောင်ဝဏ္ဏရဲ့ ဒုတိယ မြောက် ရုပ်ရှင်ကားအတွက် ဝတ္ထုနဲ့ဇာတ်ညွှန်းကို မန္တလေးမှာနေနေတဲ့ ဝင်းဖေဆီကို မောင်ဝဏ္ဏက ကိုယ်တိုင် လာဝယ်ပါတယ်။ ဒီတုန်းက သူ ကားရိုက်မှာကို ငွေထုတ်ပေးမယ့်သူက နာမည်ကြီး ပုဂံ စာပေထုတ်ဝေရေးပိုင်ရှင် ကိုချော ဖြစ်ပါတယ်။ ပုဂံစာအုပ်တိုက်မှာ ဝတ္ထုရေးဆရာတွေ အများကြီးရှိပါလျက် မောင်ဝဏ္ဏကိုယ်တိုင် အောင်မြင်နေတဲ့ နာမည်ကြီး စာရေးဆရာ၊ ဇာတ်ညွှန်းရေး ဆရာတစ်ယောက် ဖြစ်နေ ပါလျက်၊ နောက် သူ့ဖခင်ဦးသာစုကိုယ်တိုင် ရုပ်ရှင် ဝတ္ထု၊ ဇာတ်ညွှန်းတွေ အလွန် ရေးကောင်းသူ နာမည်ကြီးဒါရိုက်တာဖြစ်နေပါလျက် မန္တလေးက ဝင်းဖေဆီကို တကူး တကလာပြီး ဝတ္ထုဇာတ်ညွှန်း ဝယ်တယ် ဆိုတာ ဝင်းဖေရဲ့ကုသိုလ်ကံ ဘယ်လောက် ကြီးတယ်ဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့။ ဝင်းဖေ တစ်သက်မှာ ထူးထူးခြားခြား ဝမ်းမြောက်ဂုဏ်ယူခဲ့တဲ့ အမှတ်တရကိစ္စတွေထဲမှာ တစ်ခုအပါအဝင်ပါပဲ။ ဝင်းဖေဟာ ဘာရုပ်ရှင်မျိုးရိုး၊ ဘာရုပ်ရှင်အဆက်အသွယ်မှ ရေရေရာရာမရှိဘဲ ရုပ်ရှင်နယ်ထဲ ခြေစုံပစ် ဝင်သွားရဲလောက်အောင် သတ္တိတွေ ရရှိခဲ့ပါတယ်။

ဒီတုန်းက မောင်ဝဏ္ဏအတွက် ဝင်းဖေက ဇာခန်းဆီး နောက်ကွယ်မှာ ဆိုတဲ့ ဇာတ်ကား ဖြစ်လာမယ့် ဝတ္ထုဇာတ်ညွှန်းကို ရေးပေးခဲ့ပါတယ်။ အဲဒီရုပ်ရှင်ကားဟာ

လည်း မောင်ဝဏ္ဏရဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါတယ်။ ဝင်းဖေ ရေးပေးတဲ့ ဇာတ်ညွှန်းကို မောင်ဝဏ္ဏက ပြင်ချင်လို့ရှိရင် ဝင်းဖေကို ကြိုတင်အသိပေးပြီး ပြင်ရေး ပါတယ်။ မူရင်းအတိုင်း ရိုက်ကူးတာကတော့ များပါတယ်။ သူကိုယ်တိုင်က ပါရမီ ကြီးသူဖြစ်တဲ့အတွက် ဒီလိုလုပ်ရတဲ့ နေရာမှာ ဘာပြဿနာမှ မကြီးပါဘူး။ ဒီတုန်းက အဲဒီဇာတ်လမ်းမှာ ဝင်းဖေသုံးတဲ့ ဟာသတွေဟာ မြန်မာရုပ်ရှင်လောကမှာ သုံးနေကျတွေ မဟုတ်ပါဘူး။ မောင်ဝဏ္ဏအနေနဲ့ စွန့်စားပြီးရိုက်ရတာပါလို့ သူကိုယ်တိုင်က ဝင်းဖေကို ပြောပြပါတယ်။ ဒါပေမဲ့ ပရိသတ်ရှေ့မှောက် ချပြလိုက်တဲ့အခါမှာ ပရိသတ်က ကောင်းကောင်းကြီးလက်ခံခဲ့တဲ့အတွက် ကိုအောင်ပြည့်ဟာ တစ်ကားတည်းနဲ့ အောင်မြင်သွားပါတယ်။ မောင်ဝဏ္ဏဟာ ဝင်းဖေထက် ၁၀ နှစ် မက ငယ်ပါတယ်။ ဒါပေမဲ့ သူတို့ နှစ်ယောက်ဟာ အလွန်ရင်းနှီးကျွမ်းဝင်ကြတဲ့ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေလို တစ်သက်လုံး ခင်မင်သွားကြပါတယ်။ မြန်မာ့ထိပ်တန်း ဒါရိုက်တာကြီးတွေ ဖြစ်ကြတဲ့ ဆရာဦးသာစုနဲ့ မောင်ဝဏ္ဏတို့ရဲ့ အကြောင်း တွေကို ကိုယ်တိုင် တွေ့သိခဲ့ရလို့ ဆက်ပြီးတော့ တင်ပြပေးဦးမှာပါ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ်တော့ ရုပ်ရှင်ထူးချွန်ဆု၊ အကယ်ဒမီဆုတွေ တော်တော်များများ ရပြီးဖြစ်တဲ့ ဒါရိုက်တာ မောင်တင်ဦးနဲ့ ဝင်းဖေတို့ ဆုံခဲ့ကြပုံကို တင်ပြပါမယ်။ မောင်တင်ဦးတို့ မင်းသား ဇော်ဝမ်းတို့ ညီအစ်ကိုတွေနဲ့ ဝင်းဖေဟာ အသက်ချင်း အတော်ကွာပါတယ်။ မောင်တင်ဦးတို့ ညီအစ်ကိုဟာ ရုပ်ရှင်ကို သိပ်ဝါသနာကြီးကြတဲ့ အတွက် ရွှေမဝဦးလေးကျော်ဆီမှာ ဆည်းကပ်ကျပြီးတော့ ဇော်ဝမ်းက သရုပ်ဆောင် သင်တန်းတက်ပါတယ်။ မောင်တင်ဦးကတော့ ဒါရိုက်တာလုပ်ဖို့ လေ့လာနေချိန်မှာ ဝင်းဖေဟာ မန္တလေး အနုပညာပန်းချီနဲ့အကကျောင်းမှာ ကျောင်းအုပ်တာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါတယ်။ မောင်တင်ဦးတို့ညီအစ်ကိုနဲ့ ဝင်းဖေ အဆက်အစပ် မရှိခဲ့ပါဘူး။ ဒါပေမဲ့ တစ်နေ့မှာ မောင်တင်ဦး ဝင်းဖေဆီရောက်လာပြီးတော့ သူ့ကိုယ် သူ မိတ်ဆက်ပါတယ်။ သူဟာ မန္တလေးမြို့က နာမည်ကြီး နိုင်ငံရေးခေါင်းဆောင် တစ်ယောက်ဖြစ်တဲ့ သခင်သိန်းဖေရဲ့သား ဖြစ်နေပါတယ်။ ဝင်းဖေရဲ့ ဆရာမကြီး ဒေါ်လှလှရဲ့တူလည်း ဖြစ်နေပါတယ်။ မန္တလေးပြည်ထောင်စုနေ့မှာ ကဇာတ်တစ်ခု တင်ချင်လို့ အကူအညီပေးဖို့ လာပြီးတော့ တောင်းခံပါတယ်။ သူလုပ်ချင်တာကို ပြောပြတော့ ... တိုတိုနဲ့လိုရင်းပြောရရင် ... အမေရိကန်ရုပ်ရှင်တွေကို ကြည့်ပြီးတော့ နယူးယော့ခ်က ဘရော့ဒ်ဝေး ကဇာတ်တွေကိုအားကျပြီး အဲဒီလိုလုပ်ချင်တာ ဖြစ်နေတာကို တွေ့ရပါတယ်။

ဘရော့ဒ်ဝေး မော်ဒန်ဘဲလေးတွေလို ကဖို့ဆိုတာက ဂီတကလည်းက Audio Language လို့ခေါ်တဲ့ သောတအာရုံ ဘာသာစကား နဲ့ Choreagraphic Language လို့ခေါ်တဲ့ အကပညာဆိုင်ရာ ဘာသာစကား ဆိုတာတွေ ရှိဖို့လိုပါတယ်။ အကတို့ ဂီတတို့မှာ ပကတိအက Pure formal Dance နဲ့ ပကတိဂီတ Pure Formal Music တို့ဆိုတာတွေရှိသလို သရုပ်ဖော်အက Expressional Dance Form နဲ့ သရုပ်ဖော်ဂီတ Expressional Form of Music ရှိပါတယ်။ ကျွန်တော်တို့ မြန်မာ့အကနဲ့ ဂီတတွေမှာ Language မရှိသလောက် အားနည်းနေတဲ့အတွက် သရုပ်ဖော်အကနဲ့ ဂီတတွေ သိပ်အားနည်းပါတယ်။ လိုရင်း ပြောရရင် မောင်တင်ဦးလိုချင်တဲ့အကူအညီကို ဝင်းဖေ မပေးနိုင်ပါဘူးလို့ ရှင်းပြလိုက် ရပါတယ်။ ဒါပေမဲ့ အဲဒီပြဿနာတွေကိုပြောရင်း ဝင်းဖေက ... ရုပ်ရှင်ကအကြောင်း တွေ

ထည့်ပြောရတာတွေ ရှိသွားပါတယ်။ အဲဒါကြောင့်မို့ နောက်ပိုင်း မောင်တင်ဦးနဲ့ ပြန်ဆုံဖို့ ဖြစ်လာပါတယ်။

ဇော်ဝမ်း သရုပ်ဆောင်သင်တန်း တက်ပြီးချိန်မှာ မောင်တင်ဦးတို့က အရင်း အနှီးထုတ်၊ ဇော်ဝမ်းကို မင်းသားတင်ပြီးတော့ ရှုမဝဦးကျော်က စေလိုရာစေ ဇာတ်ကားကို ရိုက်ကူးပေးပါတယ်။ စေလိုရာစေ ဇာတ်ကားဟာ အလွန်အောင်မြင်တဲ့ကား ဖြစ်ပြီးတော့ ဇော်ဝမ်းဟာ အဲဒီတစ်ကားတည်းနဲ့ တစ်ဟုန်ထိုး ကျော်ကြားသွားခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ မောင်တင်ဦးကလည်း စပြီး ဒါရိုက်တာလုပ်ဖို့ ပြင်ဆင်ပါတော့ တယ်။ လိုရင်းပြောရရင် မောင်တင်ဦး ... ဝင်းဖေကို ဇာတ်ညွှန်းရေးပေးဖို့ အကူအညီ တောင်းပါတော့တယ်။ သူ့ဆရာအရင်း ရှုမဝဦးကျော်ဆီမှာ အကူအညီ မတောင်းရတာ ကတော့ သူ့အကြိုက်နဲ့ သူ့ဆရာအကြိုက် မတူလို့ပါလို့ ပြောပါတယ်။ ဝင်းဖေကလည်း ရှုမဝဦးကျော်ကို လေးစားတန်ဖိုးထားတဲ့သူ ဖြစ်နေတော့ ရှင်းလင်းအောင် တလေး တစား မေးမြန်းရပါတယ်။ မောင်တင်ဦး ဒါရိုက်တာ စလုပ်ချင်ပြီဆိုတာကို သူ့ဆရာ အရင်းဆီမှာ အပြောရခက်နေတာလည်း ပါပါလိမ့်မယ်။

ထားပါတော့ ... ဦးလေးကျော်ကို အသိပေးပြီးတော့ မောင်တင်ဦးအတွက် ဝင်းဖေက နေထွက်သောည ဇာတ်ညွှန်းကို ရေးပေးပါတယ်။ ဝင်းဖေဟာ ပန်းချီ ရေးသူလည်းဖြစ်တဲ့အတွက် နေထွက်သောည ဇာတ်ညွှန်းကို ရေးသားပေးရာမှာ ... ရိုက်ကူးရာမှာရော၊ ကားဆက်ရာမှာရော ကွက်ကွက်ကွင်းကွင်း မြင်သာတဲ့ ပန်းချီပုံကြမ်း အပြည့်အစုံနဲ့ ပြင်ဆင်ပေးလိုက်ပါတယ်။ မောင်တင်ဦးက ပန်းချီအခြေခံ နည်းတော့ ဝင်းဖေပြင်ဆင်ပေးတဲ့ ပုံကြမ်းတွေကိုဖတ်ရာမှာ အခက်အခဲရှိနေပါတယ်။ ဒါ့ကြောင့် ရန်ကုန်မှာရှိနေတဲ့ ဝင်းဖေရဲ့ မိတ်ဆွေသူငယ်ချင်း ပန်းချီ မောင်ညိုဝင်းနဲ့ မောင်တင်ဦးကို မိတ်ဆက်ပေးရပြန်ပါတယ်။ ပန်းချီမောင်ညိုဝင်းကတော့ ဝင်းဖေရဲ့ ပန်းချီပုံကြမ်း တွေကို ကောင်းကောင်း နားလည်ပါတယ်။ ဒါ့ကြောင့် မောင်တင်ဦးက ပန်းချီမောင်ညိုဝင်းကို Art Director အဖြစ် ခန့်ပြီးတော့ ရိုက်ကူးခဲ့ပါတယ်။ မြန်မာ ရုပ်ရှင်လောကမှာ Art Director ဆိုတာ မကြားဖူးသလောက် ရှားပါတယ်။ ကမ္ဘာ့ ရုပ်ရှင်မှာတော့ မပါမဖြစ်တဲ့ အနုပညာသည်တစ်ယောက် ဖြစ်ပါတယ်။ မြန်မာရုပ်ရှင် လောကမှာ ပန်းချီမောင်ညိုဝင်းဟာ ပထမဆုံး Art Director ဖြစ်ပုံရပါတယ်။ မြန်မာ့ရုပ်ရှင်သမိုင်း သုတေသီတို့ ဂရုပြုစရာ ဖြစ်ပါတယ်။

ပင်မဒါရိုက်တာ မောင်တင်ဦးနဲ့ Art Director ပန်းချီမောင်ညိုဝင်းတို့ဟာ အလွန် အတွဲညီခဲ့ပါတယ်။ ဝင်းဖေ ကိုယ်တိုင်ကတော့ မအားလပ်တဲ့အတွက် နေထွက် သောည ရိုက်ကွင်းကို ရံဖန်ရံခါသာ ရောက်နိုင်ပါတယ်။ မောင်တင်ဦးဟာ

ဥာဏ်ကောင်းသူ၊ ထက်မြက်သူဖြစ်ပါတယ်။ နေထွက်သောည တစ်ကားတည်းရိုက်လိုက်ရုံနဲ့ ကင်မရာ အယူအဆပေါင်း များစွာ၊ ကားဆက်ပုံကားဆက်နည်း ပရိယာယ် အမြောက် အမြားကို တတ်မြောက် သွားခဲ့ပါတယ်။ သူ ပထမဆုံး ဒါရိုက်တာလုပ်ရိုက်ကူးတဲ့ နေထွက်သောည ရုပ်ရှင်ကားနဲ့ အကောင်းဆုံး ဒါရိုက်တာဆုနဲ့ အကောင်းဆုံး ကင်မရာဆုကို ဆွတ်ခူးလိုက်နိုင်ပါတယ်။ မောင်တင်ဦးဟာ နေထွက်သောည မရိုက်ကူးခင်က သူကြည့်ရှုခဲ့တဲ့ ရုပ်ရှင်ကားတွေ ကရော၊ သူ့ဆရာရင်း ဦးလေးကျော်ဆီကရော၊ အေဝမ်း ရုပ်ရှင်က ဒါရိုက်တာကြီး ဦးတင်ယုဆီကရော ရုပ်ရှင်ကားဆက်နည်း ပညာတွေကို လေ့လာထားပါတယ်။ ဒါရိုက်တာ မောင်တင်ဦးနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို အလျဉ်းသင့်သလို ဆက်လက်တင်ပြပေးဦးမှာ ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ်လည်း ဒါရိုက်တာမောင်တင်ဦးနဲ့ ဝင်းဖေတို့ မြန်မာ့ရုပ်ရှင်နယ်ကို ဝင်ရောက်ခဲ့ကြပုံကို ဆက်လက် တင်ပြပါမယ်။ ဒါရိုက်တာ မောင်တင်ဦးရဲ့ နေထွက်သော ည ကား ရိုက်ကူးလို့ မပြီးခင်မှာပဲ ဝင်းဖေလည်း အနုပညာနဲ့ ပန်းချီကျောင်းအုပ် ရာထူးက ထွက်ပြီးတော့ကော ရုပ်ရှင်နယ်ကို ဝင်ရောက်ခဲ့ပါတယ်။ ဝင်းဖေဟာ ငယ်စဉ် ကတည်းက ရုပ်ရှင်အမျိုးမျိုးကို ကြိုက်နှစ်သက်ခဲ့သူ ဖြစ်ပါတယ်။ ဝင်းဖေ ငယ်စဉ် ရုပ်ရှင်ရုံက ရုပ်ရှင်ကြည့်ပြီးအိမ်ပြန်လာရင် ဖခင်ဖြစ်သူ ရွှေပြည်ဦးဘတင်က ရုပ်ရှင်ကား ကောင်းရဲ့လားလို့ ဆီးမေးတတ်ပါတယ်။ ဝင်းဖေကလည်း အမြဲတမ်း သိပ် ကောင်းတာပဲချည်း ပြောတတ်ပါတယ်။ ကြာတော့ ဖခင်လုပ်သူက ... ဒီ ဖိုးညိုဆိုတဲ့ အကောင်ဟာ အရုပ်ကလေးတွေ လှုပ်နေရင်ပြီးရော ... ရုပ်ရှင်မှန်သမျှ အကုန်ကြိုက် တော့တာပဲလို့ မှတ်ချက်ချဖူးပါတယ်။

ဝင်းဖေရဲ့ ငယ်စဉ်က ထူးခြားချက်ဟာ ကြည့်လာသမျှ ရုပ်ရှင်ကားတွေကို အိမ်ကလူတွေကိုရော၊ ကျောင်းက သူငယ်ချင်းတွေကိုရော၊ ပြန်ပြန်ပြောတတ်တဲ့ အကျင့်ပဲ ဖြစ်ပါတယ်။ ရုပ်ရှင်တွေကို သိပ်ကြိုက်တဲ့အတွက် ပြန်ပြောတဲ့ အခါမှာ အားပါးတရ စုံစုံစေ့စေ့ ပြောတတ်ပါတယ်။ အထူးခြားဆုံးက နိုင်ငံခြားကားတွေ ကြည့်လာတဲ့အခါမှာ ပြည့်ပြည့်စုံစုံ နားလည်ခဲ့တာ မဟုတ်ပေမဲ့ နားထောင်နေတဲ့ သူတွေ ပိုပြီးတော့ နားလည်အောင် ကိုယ့်စိတ်ကူးနဲ့ကိုယ် ဖြည့်စွက် ပြောတတ်တဲ့အကျင့်ပဲ ဖြစ်ပါတယ်။ အဲဒီအကျင့်ကို ဝင်းဖေရဲ့ဦးလေးတွေက ဒီကောင် လိမ်တတ်တယ်၊ ဖြီးတတ်တယ်၊ ဖြန်းတတ်တယ်လို့ ပြောပါတယ်။ ဝင်းဖေကိုသိပ်ချစ်တဲ့ ဘွားဒွေး ကတော့ ... ဒီကောင်က စိတ်ကူး ကောင်းတယ်၊ ဉာဏ်ကောင်းတယ်လို့ ချီးကျူးပါတယ်။

ဝင်းဖေရဲ့ဖခင်ပိုင်တဲ့ မန္တလေးက တိုက်တစ်လုံးရဲ့အောက်ထပ်ကို အေဝမ်း ရုပ်ရှင်ကုမ္ပဏီရဲ့ အထက်ဗမာပြည် တိုက်ခွဲအဖြစ် ငှားထားပါတယ်။ ဝင်းဖေတို့က ဒုတိယကမ္ဘာစစ်အပြီးမှာ အဲဒီတိုက် အပေါ်ထပ်မှာနေရပါတယ်။ ဒီတော့ မန္တလေးမှာ ရုံတင်ပြသတဲ့ အေဝမ်းရုပ်ရှင်ကား မှန်သမျှကို ဝင်းဖေတို့မိသားစုက အလကား ကြည့်ကြရပါတယ်။ နောက် ဝင်းဖေရဲ့ဦးလေးတစ်ယောက်က စစ်ပြီးခေတ် ဗြိတိသျှ ထောက်ပံ့ရေးစစ်တပ်မှာ အမှုထမ်းတော့ကာ အင်္ဂလိပ်

စကားပြောကားတွေ ပြတဲ့ စစ်တပ်ရုပ်ရှင်ရုံမှာလည်း အလကား ရုပ်ရှင်ကြည့်ခွင့်ရပါတယ်။ ဒီတော့ ဝင်းဖေဟာ မြန်မာကားတွေရော၊ နိုင်ငံခြားကားတွေရော ငယ်ငယ်ကတည်းက အများကြီး ကြည့်ခဲ့ ရပါတယ်။ ဝင်းဖေရဲ့အထက်က အစ်ကို ကိုဝင်းမောင်ဆိုရင် ရုပ်ရှင်ကို သိပ်ကြိုက်တတ်တော့ကာ စစ်သုံးရုပ်ရှင် ကင်မရာကိုပါ ဝယ်ထားပိုင်ဆိုင်သူ ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက ရုပ်ရှင်ဒါရိုက်တာဖြစ်ချင်သူက ဝင်းဖေရဲ့အစ်ကို ကိုဝင်းမောင် ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သူကတော့ တက္ကသိုလ်ကျောင်းသား ဘဝမှာကတည်းက ဒါရိုက်တာဦးသုခနဲ့ ဆရာရွှေဒုံးဘီအောင်ဆီမှာ တပည့်ခံ သင်ကြားလေ့လာတာတွေ ဘာတွေတောင် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူက စကားနည်းပြီးရှက်တတ်တော့ ရုပ်ရှင်နဲ့ သိပ်မကိုက်ပါဘူး။ ဇာတ်လမ်းတွေဘာတွေကို ပြန်ပြောပြတတ်တဲ့ အကျင့်လည်း ဝင်းဖေလို မရှိပါဘူး။ ဒါ့ကြောင့်လည်း ရုပ်ရှင်နယ်ကို ရောက်မလာပါဘူး။

ဝင်းဖေတို့ တက္ကသိုလ်ကျောင်းသားဘဝမှာပဲ မန္တလေးမြို့မှာ မန္တလေးရုပ်ရှင်ကို စတင် ထူထောင်ပါတယ်။ ဝင်းဖေရဲ့ ဦးလေးလို၊ ဘကြီးလို၊ ဘထွေးလို နေသူတွေ က ထူထောင်တာပါ။ ဝင်းဖေရဲ့ဆရာအရင်း ပန်းချီဆရာကြီး ဦးဘသက်တို့၊ ဦးလေးငြိမ်း (မြို့မညိန်း) တို့လည်း ပါပါတယ်။ ဝင်းဖေတို့၊ ပန်းချီပေါ်ဦးသက်တို့လည်း ဝင်ပြီးတော့ တောက်တိုမယ်ရတွေ ကူညီလုပ်ကိုင်ပေးခဲ့ရပါတယ်။ ဒါပေမဲ့ ဒီတုန်းက ဝင်းဖေမှာ ရုပ်ရှင်လောကကိုဝင်ဖို့ စိတ်ကူး မရှိပါဘူး။ ဘာလို့လဲဆိုတော့ ဝင်းဖေက ရုပ်ရှင်ပညာကို သိပ်ပြီး အထင်ကြီးပါတယ်။ အနုပညာမျိုးစုံ၊ နောက်ပြီးတော့ တခြား ပညာတွေလည်း မျိုးစုံပါဝင်နေတဲ့ အနုပညာဟင်းလေးအိုးကြီးလို ကိစ္စမဟုတ်လား။ အဲဒီတော့ ဝင်းဖေက ကြောက်တာပေါ့။ ဒါ့ကြောင့် မန္တလေးရုပ်ရှင် စတင်ထူထောင်ချိန်မှာ ဝင်းဖေဟာ ရုပ်ရှင်နယ်ကိုဝင်ဖို့ လုံးဝ စိတ်ကူး မရှိခဲ့ပါဘူး။ ဒါပေမဲ့ မန္တလေး တက္ကသိုလ်ကိုရောက်တော့ ၁၉၅၁-၅၂ စာသင်နှစ်အတွင်း အမေရိကန်ပြည်ထောင်စုကို သွားပြီးတော့ ရုပ်ရှင်ပညာသင်ဖို့ ပညာတော်သင်အခွင့်အရေးကိုတော့ လျှောက်ခဲ့ဖူး ပါတယ်။ ကျွန်တော့်အစ်ကိုလည်း လျှောက်ပါတယ်။ ရလည်း ရကြပါတယ်။

ဒီတုန်းက မြန်မာပြည်ဟာ စစ်လျော်ကြေးတွေလည်း ရပါတယ်။ နောက် ကိုရီးယားစစ်ကြောင့် ဆန်ဈေးတွေလည်း သိပ်ကောင်းလို့ မြန်မာနိုင်ငံက နိုင်ငံခြားငွေ တွေ ချမ်းသာပါတယ်။ နောက် ဒီတုန်းက မြန်မာငွေကြေးစနစ်ဟာ ဗြိတိသျှ ပေါင်စတာ လင် နယ်ထဲမှာပဲ ရှိနေသေးတဲ့အတွက် မြန်မာငွေ ၁၃ ကျပ် ၅၀ ပြားနဲ့ အချိန်မရွေး ကမ္ဘာသုံးငွေမှာ ပေါင်စတာလင်ကို လဲလှယ်နိုင်ပါတယ်။ ဒီတော့ ချမ်းသာတဲ့ မြန်မာ အစိုးရက နိုင်ငံခြားပညာသင်ဆုတွေ အများကြီး

ချပေးနေချိန် ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုကို သွားပြီးတော့ ရုပ်ရှင်ပညာသင်ခွင့်ရပေမဲ့ အသက်က သိပ်ငယ်နေလို့ နောက်မှသွားတော့မယ်ဆိုပြီး စိတ်ကူးပြောင်းခဲ့ရပါတယ်။ ဒါပေမဲ့ တက္ကသိုလ်လည်း ရောက်နေပြီဆိုတော့ ရုပ်ရှင်နဲ့ ပတ်သက်တဲ့စာတွေလည်း အများကြီး ဖတ်ဖြစ်လာပါတယ်။ မန္တလေးတက္ကသိုလ်ကျောင်းသား သူငယ်ချင်းတွေကြားမှာ ဝင်းဖေဟာ ရုပ်ရှင်နဲ့ပတ်သက်လို့ အာလူးအဖုတ်နိုင်ဆုံး ရုပ်ရှင်ရူးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဒီတုန်းက ရုပ်ရှင်နဲ့ ပတ်သက်တဲ့ စာအုပ်တွေက အမေရိကန်ပြည်ထောင်စုက ဝင်တာ များပါတယ်။ အများဆုံး ဖတ်ဖြစ်၊ ကြည့်ဖြစ်တာတွေ ကတော့ အမေရိကန် ရုပ်ရှင် လစဉ်ထုတ်မဂ္ဂဇင်းတွေ ဖြစ်ပါတယ်။ ဆောင်းပါးအများစုဟာ အများကြိုက် မင်းသား၊ မင်းသမီး အကြောင်းတွေဖြစ်ပေမဲ့ ပညာသားပါတဲ့ ဒါရိုက်တာ လုပ်နည်းတွေ၊ ဇာတ်ညွှန်းရေးနည်းတွေ၊ အနုပညာရေးရာ အတွေးအခေါ်တွေ၊ ရုပ်ရှင်ပညာ သမိုင်းကြောင်းတွေ၊ နောက် တည်းဖြတ်ပညာမျိုးစုံနဲ့ အယူအဆရေးရာတွေလည်း ဖတ်ကြရပါတယ်။ မြန်မာရုပ်ရှင်ပညာသင်လောကမှာတော့ လက်ဝဲယိမ်း ပညာ သည်တွေထဲက တချို့ဟာ ရုပ်ရှင်အနုပညာ အတွေးအခေါ်နဲ့ပတ်သက်လို့ အစဉ် အလာရှိတဲ့ ဆိုဗီယက်ရုရှားက အိုင်ဇင်စတိုင်းတို့ ပူဒေါ့ဖကင်တို့ ဆိုတာတွေကို လေ့လာပြောဆို ဆွေးနွေးနေကြချိန်ဖြစ်ပါတယ်။ နောက်အပတ်မှာ ဆက်လက်ပြီး တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ

ပြီးခဲ့တဲ့အပတ်က စစ်ပြီးခေတ် မြန်မာရုပ်ရှင် လောကမှာ နိုင်ငံတကာ ရုပ်ရှင် လောကကို လှမ်းမျှော် အကဲခတ် လေ့လာမှုနဲ့ပတ်သက်လို့ အစပျိုးထားခဲ့ပါတယ်။ မြန်မာလက်ဝဲယိမ်း ရုပ်ရှင်ပညာရှင်တချို့က ရုရှားရုပ်ရှင် ပညာရှင်ကြီးတွေ ဖြစ်ကြတဲ့ ဒါရိုက်တာကြီး အိုင်ဇင်စတိုင်းနဲ့ ဒါရိုက်တာကြီး ပူဒေါ့ဖကင် ... စသူတွေရဲ့ အယူအဆတွေကို လေ့လာကြပါတယ်။ ပြီးတော့ အောက်တိုဘာတို့၊ ဘက်တယ် ရှစ်ပွန်ချွန်ကင် အစရှိတဲ့ ကမ္ဘာကျော်ကားတွေအကြောင်း တွင်တွင်ကျယ်ကျယ် ပြောကြပါတယ်။ ဒါရိုက်တာကြီး အိုင်ဇင်စတိုင်းနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ အမေရိကန် ရုပ်ရှင်ဖခင်ကြီး ဂျီဒဗယ်ယူဂရစ်(ဖ်) အကြောင်းနဲ့ သူရိုက်တဲ့ ဘတ်သ်အော့ဖ် နေရှင်းနဲ့ အင်တောလားရင့်(စ်)တို့အကြောင်းကို ပြောကြပေမဲ့ နည်းပါတယ်။ ဒါရိုက်တာ အော့စင်ဝဲလ်(စ်) ရဲ့ စီတီဇင်ကိန်း ရုပ်ရှင်ကားအကြောင်းကတော့ အမေရိကန် စာနယ်ဇင်းလောကကြီးကို လက်ဝါးကြီးအုပ်ထားပြီး ထင်ရာစိုင်းနေခဲ့တဲ့ ဒီတုန်းက မီဒီယာ Tycon ကြီးဖြစ်တဲ့ ဝီလျံဟာ့(စ်) အကြောင်းကို ထုတ်ဖော်ရိုက်ကူး ထားတာမို့ မြန်မာလက်ဝဲယိမ်း ရုပ်ရှင်ပညာရှင်တွေလည်း အတော်လေး အသားပေး ပြောဆိုကြတာ တွေ့ရပါတယ်။

စစ်ပြီး ဒီဘက်ခေတ်မှာတော့ ဆိုဗီယက်ရုရှားက ဒါရိုက်တာကြီး ဗွန်ဒါချုတို့ ကိုဇင်ဆော့ဗ်တို့ အကြောင်းလည်း သိပ်စိတ်ဝင်စားကြပါတယ်။ ကရိန်း(စ်)အာ ဖလိုင်းရင်းတို့ ဖော်တီဖတ်(စ်)တို့ ဘဲလက်အော့(ဖ်)သည်ဆိုးဂျားတို့ ဆိုတဲ့ ကားတွေ မြန်မာပြည်မှာပြသပြီးတော့ လူကြိုက်များခဲ့ပါတယ်။ ဆိုရှယ်လစ် သရုပ်မှန် ဝါဒနဲ့ပတ်သက်လို့လည်း အတော်ကြီး အသံကျယ်ခဲ့ပါတယ်။ လူတန်းစားပြဿနာ၊ နိုင်ငံရေးပြဿနာတွေကို ရိုက်ကူးတင်ပြကြဖို့ အတန်အသင့် စိတ်ဝင်စားလာကြပါတယ်။ သမားရိုးကျ မြန်မာရုပ်ရှင်ဇာတ်လမ်းတွေကနေ ခွဲထွက်ဖို့လည်း ကြိုးပမ်းလာ ကြပါတယ်။ မင်းသား၊ ဒါရိုက်တာမြတ်လေးက ပင်လုံထိပ်ထားဦး ဆိုတဲ့ကားကို ရိုက်ပါတယ်။ စာရေးဆရာ ရန်ကုန်ဘဆွေနဲ့ စာရေးဆရာအောင်လင်းတို့က မာန် ဆိုတဲ့ကားကို ရိုက်ကူးပါတယ်။ သူတို့က ရုပ်ရှင် ထုတ်လုပ်ရေးစခန်းကို သုခမ တင်း ကုပ်လို့ အမည်ပေးထားပြီး ရုပ်ရှင်သမားနဲ့ ခွေး မဝင်ရလို့ ရေးထားခဲ့ဖူးကြောင်း လူသိများပါတယ်။ တကယ် ဟုတ်/မဟုတ် မသေချာပါဘူး။ ဝန်ကြီးချုပ်ဦးနုရဲ့ လူထုအောင်သံ ပြဇာတ်ကို

အမေရိကန် ရုပ်ရှင်ပညာသည်တွေနဲ့ ပူးတွဲပြီးတော့က လူထုအောင်သံ ဇာတ်ကားကို ရိုက်ကူးပါတယ်။

နောက်ပိုင်း ၁၉၆၀ခုနှစ် အလယ်ပိုင်းလောက်မှာတော့ ပန်းချီဆရာ ခင်မောင်ရင်က မြန်မာရုပ်ရှင် လမ်းဟောင်း ကနေပြီး အတော်ကြီးကို ခွဲထွက်တဲ့ နှမ လက် လျှော့နေလေတော့ ဆိုတဲ့ ဇာတ်ကားကို ရိုက်ကူးပါတယ်။ ဒါရိုက်တာ၊ ပန်းချီဆရာ ခင်မောင်ရင်အကြောင်းကို သီးခြားတင်ပြပါ့မယ်။ ဒီတုန်းက … အီတလီနဲ့ပြင်သစ် စတဲ့ ဥရောပနိုင်ငံတွေ ဦးဆောင်တဲ့ New Wave လှိုင်းသစ် လို့ခေါ်တဲ့ ရုပ်ရှင် အယူအဆကလည်း အတော်ကလေး အသံ ဆူဆူညံညံ ဖြစ်ခဲ့ဖူးပါတယ်။ အီတာလျံ ဒါရိုက်တာတွေ အတော်ကလေး စန်းထပြီးတော့ မြန်မာနိုင်ငံကိုလည်း အတော်ကလေး ဝင်လာပါတယ်။ ဒါရိုက်တာကြီး ဗစ်တိုရီယိုဒက်(စ)စီးကားတို့ ဖီကွန်တီးတို့ ဖယ်ဒရီကိုဖယ်လီညီတို့ စသူတွေရဲ့ ရုပ်ရှင်တွေ ဝင်လာပါတယ်။ ရုပ်ရှင်ဒါရိုက်တာ ကြီး ဗစ်တိုရီးယိုဒက်(စ)စီးကားရဲ့ ဝီးမင်းတိုင်း(စ်)ဆဲဗင်းကို ဗမာတွေ အတော် ကြိုက်ကြတဲ့အတွက် ဒါရိုက်တာ မင်းသား ဝင်းဦး ကတောင် မြန်မာမှုပြုပြီးတော့ ချစ်သူရွေးမယ်ချစ်ဝဲလည်ကို ရိုက်ကူးပြီးတော့ အလွန်အောင်မြင် လူကြိုက်များခဲ့ ပါတယ်။ ဖီကွန်းတီးရယ်၊ ဖဒီရီကို ဖလီးညီးရယ်၊ ဒက်စီးကားရယ် (၃)ယောက်ပေါင်း ကားတို (၃)ကား ဘိုကေးရှိုးဆဲဗင်တီး တို့နောက် ဒက်စီးကား တစ်ယောက်တည်း ရိုက်ကူးတဲ့ Yesterday, Today & Tomorrow ဇာတ်ကား စတာတွေဟာလည်း နိုင်ငံခြားကားတွေကိုကြည့်တတ်တဲ့ မြန်မာပရိသတ် အတော်ကြီး ကြိုက်ခဲ့ကြပါတယ်။

နိုင်ငံခြားကားတွေထဲမှာ မြန်မာပရိသတ် အကြိုက်များတာကတော့ အိန္ဒိယ ကားတွေ ဖြစ်ပါတယ်။ သီချင်းဆိုခန်းတွေနဲ့ ကကြတဲ့အခန်းတွေကို အထူးကြိုက်ကြတာ ဖြစ်ပါတယ်။ ဘုံဘေ ဘောလီဝုဒ်က ထုတ်လုပ်တဲ့ အိန္ဒိယကား တစ်ရာမှာ ကိုးဆယ့် ငါးကားလောက်က အဲဒီလိုပဲ အဆို/အကတွေ အများကြီးပါတဲ့ အလှ၊ အပ၊ ပသာဒ တွေကို ဦးစားပေးတဲ့ ရုပ်ရှင်ကားတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ အိန္ဒိယအရှေ့ပိုင်း ကိုလ်ကတ္တားကို အခြေခံပြီးရိုက်ကူးတဲ့ ဒါရိုက်တာကြီး ဆာတီယာဂျစ်(တ)ရေး သူတို့အသံထွက်က ရှော်တိုးဂျီးရိုင်းရဲ့ ရုပ်ရှင်ကားတွေကတော့ မြန်မာပြည်ကို အဝင် နည်းပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ရုပ်ရှင်ပွဲတော်တွေမှာတော့ ဆုတွေ ခဏခဏ ရပါတယ်။ ကမ္ဘာပေါ်က ဝါရင့်ရုပ်ရှင် ဝါသနာအိုးတွေကတော့ ဒါရိုက်တာကြီး ရှော်ဒိုးဂျီးရှိုင်း ရိုက်တဲ့ ကားတွေကို သိပ်ကြိုက်ကြပါတယ်။

ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်အနေနဲ့ နိုင်ငံတကာရုပ်ရှင်ဆု

အများဆုံးရသူ ဟာ ဥရောပကလည်း မဟုတ်ပါဘူး၊ အမေရိကန် ဟောလီဝုဒ်ကလည်း မဟုတ်ပါဘူး၊ အိန္ဒိယ ရုပ်ရှင်ဒါရိုက်တာကြီး ရှော်ဒိုးဂျီးရှိုင်း ပဲ ဖြစ်ပါတယ်။ သူ့ထက် ဆုရများသူ ဆိုလို့ ကာတွန်း မဟာဂုရုကြီး ဝေါ့ဒစ္စနေ ပဲရှိပါတယ်။ ဒါပေမဲ့ သူက ကာတွန်းရုပ်ရှင် အတွက်သာဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုဝင်လာတဲ့ ရုပ်ရှင်တွေထဲမှာ ရုပ်ရှင်နဲ့ပတ်သက် လို့ အစဉ်အလာကြီးတဲ့ ဂျပန်ရုပ်ရှင်တွေလည်း ပါပါတယ်။ မြန်မာရုပ်ရှင်ပရိသတ်က တော့ ဂျပန်ရုပ်ရှင်သိုင်းကား၊ ဓားကားတွေကို ကြိုက်ကြတာ များပါတယ်။ ရှေ့အပတ် မှာ ဆက်လက်ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က မြန်မာနိုင်ငံကိုထိုးဖောက်ခဲ့တဲ့ နိုင်ငံခြားရုပ်ရှင် တွေထဲက ထင်ရှားတာတွေတချို့ကို ဖော်ပြပြီး ဖြစ်ပါတယ်။ အမေရိကန်ကားတွေ၊ ရုရှားကားတွေ၊ ဥရောပကားတွေ၊ အိန္ဒိယကားတွေ ဖော်ပြအပြီး ဂျပန် ရုပ်ရှင်ကားတွေကို စတင် ဖော်ပြ ရင်း ခေတ္တရပ်နားခဲ့ရပါတယ်။ ကမ္ဘာကျော် ဂျပန်ဒါရိုက်တာကြီး အာကီရာအရိုဆာ ဝါးတို့ အဆင့်မြင့်ဟာသတွေကိုရိုက်ကူးတဲ့ ဒါရိုက်တာ ယိုးဂျိယာမာဒ နောက် စုံထောက်ကားတွေ၊ သည်းထိတ်ရင်ဖို ကားတွေကို ရိုက်တဲ့ ယာစုဟိုဖူရိုဟာ တို့ရဲ့ ကားတွေကို မြန်မာတွေ အတော်လေး ကြိုက်ခဲ့ကြပါတယ်။ အခုလို မြန်မာပြည်ကို ရောက်ရှိပြသကြတဲ့ ရုပ်ရှင်တွေကို ဖော်ပြနေရတာဟာ မြန်မာရုပ်ရှင်ဝါသနာအိုးတွေကို အနည်းနဲ့အများ လွှမ်းမိုးနိုင်ခြေရှိတာတွေကို သိစေချင်လို့ဖြစ်ပါတယ်။

ဝင်းဖေကိုတော့ ဝင်းဖေ ကြိုက်တဲ့ကားတွေက လွှမ်းမိုးတော့တာပါပဲ။ ဗမာကား တွေလည်း အများကြီးပဲ၊ ဗမာဒါရိုက်တာတွေလည်း အများကြီးပဲ၊ နိုင်ငံခြားကားတွေ လည်း အများကြီးပါပဲ။ ဒါတွေဟာ ဝင်းဖေအတွက် မြင်ဆရာတွေပါပဲ။ ဝင်းဖေမှာ ကန့်ကူလက်လှည့် လက်ထပ်သင်ပေးတဲ့ ရုပ်ရှင်ဆရာရင်း မရှိပါဘူး။ ဒီလိုပဲ မြင်ဆရာ၊ ဖတ်စရာတွေနဲ့ စု၊ တု၊ ပြု လုပ်ခဲ့ရတာပါ။ ဝင်းဖေနဲ့ ပထမဆုံးလက်တွဲဖြစ်တဲ့ ဒါရိုက်တာ မောင်တင်ဦးကတော့ ဘယ်ကားတွေ ဘယ်လိုကြည့်ပြီးတော့ ဘယ်လို စု၊ တု၊ ပြု ခဲ့တယ်ဆိုတာ ဝင်းဖေ မသိပါဘူး။ သူကလည်း ပြောပြခဲ့ပါတယ်။ သူက ပြန်ပြောပြတာမျိုး ဝါသနာ မပါပါဘူး။ ဝင်းဖေ ပြောပြတာတွေကိုတော့ ကြိုက်ပုံရ ပါတယ်။ ဒါကလည်း ဝင်းဖေကို အလုပ်အပ်တာကိုကြည့်ပြီး ပြောရတာပါ။

နေထွက်သောည ပြီးတဲ့နောက် မောင်တင်ဦးအတွက် နောက်ထပ် ရုပ်ရှင် ဝတ္ထု၊ ဇာတ်ညွှန်းတွေ ၃/၄ ခုလောက် ထပ်ပြီး ရေးပေးဖြစ်ပါသေးတယ်။ ဒုတိယ မြောက် ကားဟာ မမုန်းလေနဲ့ ပေလီ ဆိုတဲ့ ဟာသကားဖြစ်ပါတယ်။ မောင်တင်ဦးနဲ့ ဝင်းဖေတို့ဟာ ရုပ်ရှင်လုပ်ငန်းကို ဇောက်ချလုပ်ကျတော့မယ်ဆိုပြီး မန္တလေးကနေ အုံနဲ့ကျင်းနဲ့ ဆင်းလာကြတာပါ။ သူ့တာဝန်နဲ့သူ၊ အလုပ်လုပ်ကြရင်း၊ လေ့လာကြ မယ်၊ သင်ကြားကြမယ်၊ သင်ရင်းနဲ့ အလုပ်လုပ်သွားကြဖို့ ဖြစ်ပါတယ်။ လက်ထောက် ဇာတ်ညွှန်းတို့၊ လက်ထောက်ဒါရိုက်တာလုပ်ဖို့တို့၊ မှတ်တမ်းရေးဖို့၊

မှတ်တမ်းဇာတ်ပုံ ရိုက်ဖို့၊ ရုပ်ရှင်ပိုစတာတွေရေးဆွဲဖို့ကအစ လက်သင်တွေအားလုံး ပါပါတယ်။ လိုအပ် သလို ဇာတ်ပို့၊ သရုပ်ဆောင်တို့ လုပ်ကြဖို့လည်း ပါပါတယ်။ ဒီတော့ အဖွဲ့တော်တော် တောင့်ပါတယ်။ ဒီတစ်ဖွဲ့လုံးရဲ့ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး ကိစ္စတွေ အတွက် အတော်ကြီးကို တာဝန်ကြီးပါတယ်။ ဒါတွေအားလုံးကို မောင်တင်ဦးနဲ့ ဝင်းဖေတို့ ခေါင်းဆောင်ပြီး တာဝန်ယူကြရတာပါ။ ဒီတော့ ထုတ်လုပ်ရေးအပိုင်းက ရုပ်ရှင်ကားတွေ တစ်ကားပြီးတစ်ကား ဆက်ထွက်နေဖို့ သိပ်အရေးကြီးပါတယ်။

"နေထွက်သောည" ပြီးတဲ့နောက် ဇာတ်လမ်းခွင့်ပြုချက် မကျတဲ့အတွက် အတော်လေး ကသီကုန်ပါတယ်။ ဒါ့ကြောင့် "မမုန်းလေနဲ့ပေလီ" ဆိုတဲ့ ဟာသဇာတ် ခပ်ပေါ့ပေါ့လေးကို ၃ ရက်နဲ့ အပြီးရေးပြီးတော့ ရိုက်ကူးခွင့် အမြန်တင်ရပါတယ်။ ရိုက်ကူးခွင့်ကျလာတဲ့အခါမှာ မမျှော်လင့်တဲ့ပြဿနာ ပေါ်လာပါတယ်။ ဒီတုန်းက... "မမုန်းလေနဲ့ပေလီ" ခွင့်ပြုချက်မရခင်ကတည်းက မင်းသားကြီး ဝင်းဦးက "မုန်းပါတယ် မောင့်ကို" ဆိုတဲ့ကားကို ရိုက်ကူးဖို့ ပြင်ဆင်နေပါတယ်။ ဇာတ်ကောင်တွေက... ဝင်းဦး၊ မြင့်မြင့်ခင်၊ ဖိုးပါကြီး၊ ဒေါ်ခင်လေးဆွေ ဘာညာ ဘာညာ ဖြစ်ပါတယ်။ ဝင်းဖေတို့ရိုက်ကြမယ့် "မမုန်းလေနဲ့ပေလီ"ကလည်း ... ဇော်ဝမ်း၊ နွဲ့နွဲ့မူ၊ ကောလိပ်ဂျင် နေဝင်း၊ မြင့်မြင့်ခင်၊ ဖိုးပါကြီး၊ ဒေါ်ခင်လေးဆွေတို့ပဲ ဖြစ်ကြပါတယ်။ ဇာတ်ကား အမည်မှာလည်း မုန်းဆိုတဲ့ စာလုံးပါတာချင်း လာတူနေလို့ မင်းသားကြီးက သူ့ကို သက်သက် လိုက်စိန်ခေါ်တယ်လို့ ထင်သွားပါတယ်။ ဝင်းဖေဟာ မင်းသားကြီးဝင်းဦး နှင့် အတော် ခင်မင်ရင်းနှီးသူဖြစ်တဲ့အတွက် ကိုယ်တိုင်သွားပြီးတော့ တိုက်ဆိုင်မှုသက်သက်သာဖြစ်ပါကြောင်း အတော်ကလေး ရှင်းလိုက်ရပါတယ်။

ဒီနှစ်ကားစလုံး ရိုက်ကူးပြီးစီးသွားတဲ့အခါမှာ နှစ်ကားစလုံး ဝင်ငွေ သိပ်ကောင်းပြီး အထူးအောင်မြင်ကြပါတယ်။ မောင်တင်ဦးဟာ ရုပ်ရှင်ပညာ သက်သက်သာ မဟုတ်ဘဲ ရုပ်ရှင်လုပ်ငန်းရဲ့ စီးပွားရေးပြဿနာတွေကိုပါ စိတ်ဝင်စားသူ ဖြစ်ပါတယ်။ ရုပ်ရှင်ကားတစ်ကားကိုထုတ်လုပ်ဖို့ ဘယ်လောက်ကုန်ကျမလဲ၊ ဘယ်လောက် အမြတ်အစွန်းရှိနိုင်သလဲ၊ ငွေကြေးအရင်းအနှီးကို ဘယ်ကရနိုင်သလဲ၊ ဘယ်လိုရှာရ မှာလဲ၊ ငွေကြေးကျခံမယ့်သူတွေကို ဘယ်လိုပြောမှာလဲ၊ ဘယ်လိုအာမခံချက်တွေ ပေးမလဲ၊ စာနယ်ဇင်းကြော်ငြာတွေကို ဘယ်လိုလုပ်မှာလဲ ... စတာတွေကိုအစ ကြိုတင်၊ ပြင်ဆင်၊ အကွက်ချ လုပ်ကိုင်တတ်သူ ဖြစ်ပါတယ်။

ရုပ်ရှင်အနုပညာမှာ ထုတ်လုပ်ရေးအပိုင်း၊

ငွေရေးကြေးရေးအပိုင်းတွေကိုပါ အခြေခံလောက်တော့ နားလည်သင့်တယ်ဆိုတဲ့ အတိုင်းအတာအထိ ဝင်းဖေက လက်ခံ လို့ရပါတယ်။ ဒါပေမဲ့ အသေးစိတ်တွေအထိ လိုက်သိဖို့ဆိုတဲ့အပိုင်းကိုတော့ ပင်ကိုယ် ဝါသနာ မပါလာတာကတစ်ကြောင်း၊ အနုပညာပိုင်းမှာ အချိန်နဲ့လုပ်အား ခွဲဝေပေးဖို့ အခက်အခဲအများကြီးရှိနေတာက တစ်ကြောင်း ... စတာတွေကြောင့် မောင်တင်ဦးနဲ့ ဝင်းဖေတို့အကြား သဘောထားတွေ ကွဲပြားလာပါတယ်။ နောက်ဆုံး ဝင်းဖေ၊ မောင်တင်ဦး ပူးပေါင်းရုပ်ရှင်ထုတ်လုပ်ရေးရည်မှန်းချက်ကြီး ဝါးအစည်းပြေသလို ပြေသွားခဲ့ရပါတယ်။ မန္တလေးသားနှစ်ယောက်ပေါင်းပြီး စည်းစည်းလုံးလုံးရှိစေချင်တဲ့ မန္တလေးကလူကြီးတွေက ဝင်းဖေနဲ့မောင်တင်ဦးကို ညှိညှိနှိုင်းနှိုင်းဖို့ တိုက်တွန်းဆုံးမခဲ့ကြ ပါသေးတယ်။ ဒါပေမဲ့ နှစ်ယောက်စလုံးရဲ့လွတ်လပ်မှုအတွက် သီးခြားစီနေကြတာက ပိုပြီးသင့်တော်ကြောင်း နှစ်ဦးသဘောတူပဲ ဆုံးဖြတ်နေထိုင်ခဲ့ကြပါတယ်။ ရုပ်ရှင်လောက အတွေ့အကြုံတွေကို ဆက်လက်ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျား ...

ပြီးခဲ့တဲ့အပတ်က ဒါရိုက်တာမောင်တင်ဦးနဲ့ ဝင်းဖေတို့ တွေ့ဆုံခဲ့ကြတာတွေကို အကျဉ်းရုံးတင်ပြခဲ့ပါတယ်။ ရုပ်ရှင်နဲ့ပတ်သက်လို့ ဝင်းဖေအနေနဲ့ မောင်တင်ဦး၊ မောင်ဝဏ္ဏတို့ထက်စောပြီး သိကျွမ်းခဲ့ရသူကတော့ ခင်မောင်ရင် ဖြစ်ပါတယ်။ ခင်မောင်ရင်နဲ့ ဝင်းဖေဟာ ညီအစ်ကိုအရင်းတွေလို ခင်မင်ကြတာမို့ ခင်မောင်ရင် လို့ပဲ သုံးလိုက်ပါတယ်။

သူက ထူးချွန်တဲ့ ဗိသုကာတစ်ယောက်ပါ။ ပန်းချီလည်း ရေးပါတယ်။ ရန်ကုန် စက်မှုတက္ကသိုလ်က ကျောင်းပြီးတဲ့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့ကိုသွားပြီး ဗိသုကာပညာ အင်ဂျင်နီယာအဖြစ် အမှုထမ်းပါတယ်။ သူရေးဆွဲတဲ့ အိမ်ရာဒီဇိုင်းတွေ ဟာ အလွန်အောင်မြင်ပြီး လုပ်ငန်းခွင်မှာ နာမည်ကောင်းရနေချိန်မှာပဲ ခင်မောင်ရင်မှာ ရောဂါတစ်မျိုး ထပြန်ပါတယ်။ ရုပ်ရှင်ရိုက်ချင်တဲ့ရောဂါ ဖြစ်ပါတယ်။ ခင်မောင်ရင်ဟာ နဂိုကတည်းက ရုပ်ရှင်ဝါသနာအိုးတစ်ယောက် ဖြစ်ပါတယ်။ ဒက္ကာမြို့မှာ ဘင်္ဂလီ ဒါရိုက်တာကြီး ရော်ဒိုဂျီးရှိုင်းရဲ့ရုပ်ရှင်တွေကို ကြည့်ခွင့်ရသွားပါတယ်။ ခင်မောင်ရင် ပြန်ပြောပြလို့ သိရတာတွေပါ။ ဒီတုန်းက ကမ္ဘာကျော်စာရေးဆရာကြီး ဒီဘူသိဘူစန် ဘာနာဂျီးရေးတဲ့ ထရှိုင်းလော်ဂျီ၊ အပရာဂျစ်တိုရယ် ပသာပန်ချာလီ ဆိုတာ ရယ် အပူဆန်စာဆိုတာရယ်၊ အပူဆိုတဲ့ လူတစ်ယောက်ရဲ့ဘဝဇာတ်လမ်း ရုပ်ရှင်ကား၃ ကားကို ခင်မောင်ရင် ကြည့်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

အဲဒီ ဘင်္ဂါလီ ရုပ်ရှင်ဒါရိုက်တာကြီး ရော်ဒိုဂျီးရှိုင်း ဟာ ရာဘင်ဒြာနာ့သ် တဂိုး ထူထောင်တဲ့ သျှန္တိနိကေတန် ကျောင်းဆင်း ဖြစ်ပါတယ်။ အလွန်ရိုးသား တည်ငြိမ်တဲ့ အနုပညာခံယူချက်နဲ့ ရုပ်ရှင်ရိုက်ပြီးတော့ ဆက်တိုက် နိုင်ငံတကာအဆင့် အောင်မြင်ကျော်ကြားမှုတွေကို ရရှိသူဖြစ်ပါတယ်။ ဒါရိုက်တာကြီး ရော်ဒိုးဂျီးရှိုင်းရဲ့ ခံယူချက်က အနုပညာတွေဖန်တီးရာမှာ ကိုယ်တကယ် နားလည်၊ သိတာကိုပဲ အရိုးသားဆုံး လုပ်ပါ၊ ဖန်တီးပါတဲ့။ အဲဒီလိုလုပ်ရင် အမှားအယွင်း အလွန်နည်းပါလိမ့် မယ်တဲ့။ အမှားနည်းရင် အလှတရားဆိုတာ အလိုလိုရှိလာတာပါပဲတဲ့။ ချို့ယွင်း ချက် မရှိတဲ့ အလှကို ဆိုလိုတာပါပဲ။ ဒါရိုက်တာကြီး ရော်ဒိုးဂျီးရှိုင်းဟာ ပန်းချီ လည်းရေးပါတယ်။ ဒီတော့ ခင်မောင်ရင်လည်း ရောဂါပိုထတော့တာပေါ့။ မြန်မာပြည် ပြန်ပြီး

ပန်းချီလည်းရေးမယ်၊ ရုပ်ရှင်လည်းရိုက်မယ်ဆိုပြီး ဒက္ကားမှာအောင်မြင်နေတဲ့ ဗိသုကာအလုပ်ကို စွန့်လိုက်ပါတယ်။ အချိန်က ၁၉၆၀ စောစောပိုင်းနှစ်တွေပါ။ ဒီတုန်းက ရန်ကုန်မြို့ကမ်းနားလမ်းနဲ့ ၂၄လမ်းထောင့်မှာ Architects in coporated ဆိုတဲ့ ပုဂ္ဂလိက အင်ဂျင်နီယာရုံးခန်းတစ်ခု ရှိပါတယ်။ ဗိသုကာအင်ဂျင်နီယာတွေ ဖြစ်ကြတဲ့ ဦးဘိုကြီး၊ ဦးတင်ထွန်းနဲ့ ဦးအောင်ကြီးမြင့်တို့ ပိုင်ပါတယ်။ ပန်းချီ ပေါ်ဦးသက်နဲ့ ဝင်းဖေတို့က အဲဒီရုံးခန်းမှာ ဝင်ထွက်ပြီး ပန်းချီကားတွေ ရေးနေကြ ချိန်ဖြစ်ပါတယ်။

ခင်မောင်ရင် ဒက္ကာကပြန်လာတော့ ပေါ်ဦးသက်၊ ဝင်းဖေ၊ ခင်မောင်ရင် ၃ ယောက်ပေါင်းလောင်းကျော် ဆိုတာလို ဖြစ်သွားပါတော့တယ်။ ခင်မောင်ရင်ဟာ ဘင်္ဂါလီဒါရိုက်တာကြီး ရှော်ဒိုးဂျီးရှိုင်းကို ဘယ်လောက်များတောင် အားကျလိုက်ပါ သလဲဆိုတော့ ပိုက်ဆံမရှိဘဲ ရုပ်ရှင် ထရိုက်ပါတော့တယ်။ ရှော်ဒိုဂျီးရှိုင်းကလည်း ပိုက်ဆံမရှိဘဲ ဖြစ်အောင်ရိုက်ခဲ့တာပါပဲတဲ့။ ခင်မောင်ရင်ရဲ့ ပညာ၊ ခင်မောင်ရင်ရဲ့ အရည်အသွေး၊ ဖွဲလုံ့လကို သိပြီးတော့ နားလည်တဲ့ ညွန့်မြိန်မာရုပ်ရှင်ပိုင်ရှင် ဦးနေဝင်းက သူ့ကုမ္ပဏီက ကင်မရာ၊ ကားကူး၊ ကားဆေး၊ ကားဆက် အားလုံး အခမဲ့အကူအညီပေးပါတယ်။ ရုပ်ရှင်ရိုက်ကူးခွင့်တင်ဖို့ ဝင်းဖေရဲ့သူငယ်ချင်း ရုပ်ရှင် ဒါရိုက်တာ တက္ကသိုလ်ကိုကိုလေးက ကုမ္ပဏီကို အခမဲ့ငှားရမ်းပါတယ်။ ရုပ်ရှင် ဝတ္ထုနဲ့ဇာတ်ညွှန်းကို ခင်မောင်ရင်ကိုယ်တိုင် ရေးသားပါတယ်။ ဘင်္ဂါလီဝတ္ထု အပူ ဆန်စာကိုပဲမှီငြမ်းပြီးတော့ ဇာတ်ကားအမည်ကိုတော့ သူငယ်ချင်း မုံရွာသားဇော်မြင့်၊ စာရေးဆရာကြီး ဇော်ဇော်အောင်က နှမလက်ဈေးနေလေတော့လို့ ပေးပါတယ်။ ငွေရေးကြေးရေးကိုတော့ သူငယ်ချင်းတွေအားလုံး ဝိုင်းပြီးတော့ သင့်သလို ပေးကြပါတယ်။ ခင်မောင်ရင်က ပိုက်ဆံမရှိဘဲ ရုပ်ရှင်သာ ထရိုက်တာ၊ ဘယ်သူ့ ဆီကမှ၊ ပိုက်ဆံ တစ်ပြားတစ်ချပ်မှ လက်ဖြန့်ခံ မတောင်းပါဘူး။ ဘေးကနေကြည့်ပြီး မနေနိုင်ကြလို့ ဝိုင်းပေးကြရတာပါ။

ပါဝင် သရုပ်ဆောင်ကြသူတွေကလည်း အားလုံးနီးပါး အသစ်တွေချည်းပါပဲ။ ဆရာမကြီး ဂျာနယ်ကျော် မမလေးရဲ့သားကြီး ကိုသိန်းတန်က မင်းသား၊ မင်းသမီး ကလည်း အသစ်ပဲ ... သိမ်းသိမ်းဦးတဲ့။ အဲဒီအချိန်ကလည်း တွံတေးသိန်းတန်ရဲ့ “နှမလက်ဈေး” သီချင်းကလည်း နာမည်ကြီးနေချိန်ဆိုတော့ တွံတေးသိန်းတန် ကိုယ်တိုင်တောင် လာပြီးစကားပြောပါသေးတယ်။ ခင်မောင်ရင်က နိုင်ငံခြားက ပြန်လာ တာဆိုတော့ ဘယ်သိမှာလဲ၊ အဲဒီသီချင်းနဲ့ သူ့ရုပ်ရှင်နဲ့ ဘာမှမဆိုင်ပါဘူးလို့ ပြောလိုက် ရတာပေ့ါ။ အဲဒီရုပ်ရှင်မှာထည့်တဲ့ ဇာတ်ဝင်သီချင်းတွေကို အဆိုတော် မာမာအေးက အခမဲ့ဆိုပေးရပြန်တာပါပဲ။ ဝင်းဖေလည်း တစ်ပုဒ်ဆိုပေးရပါတယ်။

ဆိုပေးရတာ ကိစ္စမရှိပါဘူး၊ ဒါရိုက်တာရဲ့ ခိုင်းပုံခိုင်းနည်းက သိပ်ကြမ်းပါတယ်။ ရုပ်ရှင်သီချင်း သမိုင်းမှာ တစ်ခါမှ အဲဒီလိုခိုင်းတာ မတွေ့ဖူးပါဘူးလို့ ညွှန့်မြန်မာရုပ်ရှင်က ဝါရင့် အသံဖမ်းအင်ဂျင်နီယာ ဦးဖိုးဗီး ကိုယ်တိုင်က ကြွေးချယူရတဲ့ အဖြစ်ပါ။ နောက်မှ သီးခြားတင်ပြပါဦးမယ်။

အဲဒီ နှမလက်လျှော့နေလေတော့ ဆိုတဲ့ဇာတ်ကားဟာ အချိန်တန်တော့ ရိုက်ကူးပြီးစီးသွားပါတယ်။ သမားရိုးကျ မြန်မာကားတွေနဲ့ အတော်ကြီးကို ကွဲပြား ခြားနားနေပါတယ်။ မြန်မာရုပ်ရှင်ကား အများစုမှာ စကားပြောခန်းတွေဟာ ရာနှုန်း ၆၀ အနည်းဆုံးနဲ့ ၈၀ အများဆုံးလောက် ရှိတတ်ကြပါတယ်။ နှမလက်လျှော့နေလေ တော့ ဇာတ်ကားမှာတော့ စကားပြောခန်းဟာ ၂၀ ရာနှုန်းလောက်ပဲ ရှိပါတယ်။ စကားပြောထက် အရုပ်တွေကိုပြပြီး သရုပ်ဖော်တဲ့နည်း ဖြစ်ပါတယ်။ ပါဝင်တဲ့ ဇာတ်ကောင်တွေရဲ့ အတွင်းစိတ်၊ သဘော၊ မနောတွေကို ပရိသတ်က ပိုပြီး စိတ်ဝင်စား စေတဲ့နည်း ဖြစ်ပါတယ်တဲ့။ အဲဒီဇာတ်ကားနဲ့ ပတ်သက်တဲ့ ထူးခြားချက် အကောင်း ရော၊ အဆိုးပါ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျား ...

ပြီးခဲ့တဲ့အပတ်က မြန်မာရုပ်ရှင်လောကမှာ ထူးထူးခြားခြား ထုတ်လုပ်ခဲ့တဲ့ ဗိသုကာ၊ ပန်းချီဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ခင်မောင်ရင်ရဲ့ နှမလက်လျှော့နေလေတော့ ဇာတ်ကားအကြောင်း တင်ပြခဲ့ပါတယ်။ ဒီဇာတ်ကားကို ခင်မောင်ရင်က ရိုက်ကူးထုတ်လုပ်ခဲ့ရာမှာ ရုပ်ရှင်ဇာတ်ပုံတွေရော၊ ဂီတအသံတွေရော၊ သရုပ်ဆောင်ပုံ အမူအရာတွေရော၊ အများစု မြန်မာရုပ်ရှင်တွေနဲ့မတူ၊ သိသိသာသာ ကွဲကွဲပြားပြား ဖြစ်နေတာကို တွေ့ကြရပါတယ်။ ဇာတ်ညွှန်းရေးသားပုံက အစ မတူပါဘူး။ ခင်မောင်ရင်က တခြားမြန်မာကားတွေနဲ့ မတူအောင် တမင်တကာ ကြိုးစားရိုက်ကူးထားတာ မဟုတ်ပါဘူး။ သူ့ရဲ့ စိတ်ကူးစိတ်သန်းကိုက သူများနဲ့ မတူတာ ဖြစ်ပါတယ်။ မတူတာကိုသာ ပြောလိုရင်း ဖြစ်ပါတယ်။ တခြား မြန်မာကားတွေထက် သာလွန် ကောင်းမွန်တယ်လို့ လုံးဝ မဆိုလိုပါဘူး။

"နှမလက်လျှော့ နေလေတော့" ရုပ်ရှင်ကားကို ရုံတင်တဲ့အခါမှာ ပရိသတ် အများစုက လက်မခံကြပါဘူး။ စီးပွားရေးအရ လုံးဝမအောင်မြင်ပါဘူး။ ဒီလိုဖြစ်ရတဲ့ အတွက် ဒီရုပ်ရှင်ဟာ ညံ့ဖျင်းမှားယွင်းတဲ့ရုပ်ရှင်လို့လည်း ပြောလို့မရပါဘူး။ အနည်း ဆုံး ခင်မောင်ရင်ရဲ့ ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်အနုပညာတွေကို ရဲရဲရင့်ရင့် တင်ပြ ထားတာကို တွေ့မြင်ကြရပါတယ်။ ခင်မောင်ရင်ဟာ ပရိသတ် ဘာကြိုက်တာလဲ၊ ဘယ်လိုဟာတွေကို ကြည့်ချင်တာလဲ ဆိုတာကို မတွေးပါဘူး။ သူ ပြချင်တာကိုပဲ ပရိသတ်ကို ရိုးရိုးသားသား တင်ပြချင်သူ ဖြစ်ပါတယ်။ ခင်မောင်ရင်ဟာ ဂီတကိုလည်း အလွန် နှစ်သက်မြတ်နိုးသူဖြစ်တဲ့အတွက် နှမလက်လျှော့မှာ ပါတဲ့ဂီတတွေဟာ အလွန် ထူးခြားပါတယ်။ ဒါပေမဲ့ ပရိသတ်ကတော့ ကြိုက်ဖို့နေနေသာသာ သတိတောင် မထားမိကြတာက များပါတယ်။ နှမလက်လျှော့ ရုပ်ရှင်ကားဟာ ကောင်းတာ/ မကောင်းတာ အပထား၊ ခင်မောင်ရင်ရဲ့ ကိုယ်ပိုင်အနုပညာဖြစ်တယ်ဆိုတဲ့ သတင်း ထွက်လာတဲ့အတွက် နိုင်ငံခြားသံရုံးတွေက မကြာခဏ အုပ်စုဖွဲ့ပြီးတော့ ငှားကြည့်ခဲ့ကြ ပါတယ်။ ကြိုက်တဲ့သူလည်း အတော်များတယ်လို့ သိရပါတယ်။

အမေရိကန်နိုင်ငံက သချာ်ပါရဂူဘွဲ့ယူပြီး ပြန်လာတဲ့သူတစ်ဦးကဆိုရင် ... နှမလက်လျှော့ ရုပ်ရှင်ကားကို ရုံပေါ်မှာ သွားကြည့်ပြီးတော့ ရုပ်ရှင်နဲ့တူတဲ့

မြန်မာရုပ်ရှင် ဆိုလို့ ဒီတစ်ကားပဲ တွေ့ဖူးတယ်လို့ အလွန်အကျွံထင်ရတဲ့ မှတ်ချက်ပေးဖူးပါတယ်။ သူ့မိတ်ဆွေတွေ၊ သူ့အမျိုးတွေကို တကူးတက ခေါ်ပြပါတယ်။ အဲဒီကားကို မကြိုက် ဘူး ပြောရင်လည်း စိတ်ဆိုးပါတယ်။ အဲဒီပုဂ္ဂိုလ်က တခြားသူမဟုတ်ပါဘူး၊ အမေရိကန် နိုင်ငံက Astronomy ဘာသာရပ်နဲ့ မဟာသိပ္ပံဘွဲ့ယူလာတဲ့ ဆရာဦးဘမင်း ဖြစ်ပါတယ်။ နောက် မန္တလေးတက္ကသိုလ်က သင်္ချာပညာသင်တန်းတွေမှာ သင်ပြရင်း ကျောင်းသားတွေကို နှမလက်သျှောဇာတ်ကားထဲက အနုပညာတွေမှာ သင်္ချာ သဘော တရားတွေ အများကြီးပါတယ်လို့ အားရပါးရ ရှင်းလင်းပြောပြတတ်ပါတယ်။ ရုပ်ရှင်ကားထုပ်ကိုလည်း မကြာခဏငှားပြီး သူ့တပည့် ကျောင်းသားတွေကို ပြလေ့ရှိပါတယ်။ အဲဒီခေတ်က ရုပ်ရှင်ရုံကို ညဘက် နောက်ဆုံးပွဲတွေအပြီးမှာ သီးခြား ငှားပြကြရတာ ဖြစ်ပါတယ်။ အကုန်အကျ အတော်များပါတယ်။ သူ့တပည့်တွေကလည်း သိပ်မကြိုက် ကြတော့ အတော်ကလေး ဒုက္ခရောက်ကြရရှာပါတယ်။ ကြိုက်တဲ့သူ နည်းပါတယ်။ ကြိုက်တဲ့လူတွေ ကျပြန်တော့လည်း သိပ်ကြိုက် ကြပြန်ပါတယ်။ နာမည်ကြီး မြန်မာစာ ဂုဏ်ထူး ဦးသိန်းနိုင် ဆိုရင်လည်း သူ့သင်တန်းက ကျောင်းသားတွေကို မကြာခဏ "နှမလက်သျှော နေလေတော့" ရုပ်ရှင်ကားကို ငှားရမ်းပြသလေ့ရှိပါတယ်။ ဘာပဲ ဖြစ်ဖြစ် နှမလက်သျှော ရုပ်ရှင်ကားတော့ အတော်ထူးခြားတာ အမှန်ပါပဲ။

အနုပညာကို ဖန်တီးတဲ့ နေရာမှာ ရိုးသားရမယ်၊ သတ္တိရှိရမယ်၊ ပြတ်သားရမယ် ... စတဲ့အချက်တွေကို ခင်မောင်ရင်က ယုံကြည်ပါတယ်။ သူ ပန်းချီရေးရင်ပဲဖြစ်ဖြစ်၊ စာရေးရင်ပဲဖြစ်ဖြစ်၊ ရုပ်ရှင်ရိုက်ရင်ပဲဖြစ်ဖြစ်၊ သူယုံကြည်သလို ရိုးရိုးသားသားနဲ့ သတ္တိရှိရှိလုပ်တတ်ပါတယ်။ မြန်မာ့ခေတ်သစ်ပန်းချီ ဒုတိယမျိုး ဆက်မှာ ခင်မောင်ရင်ဟာ ထိပ်တန်းက ပါဝင်ပါတယ်။ နှမလက်သျှောနေလေတော့ ရုပ်ရှင်ကို ရိုက်ကူးအပြီး၊ နှစ်တွေ အတော်ကြာပြီးမှ နောက် ရုပ်ရှင်ကား တစ်ကားကို ရိုက်ကူးပါတယ်။ အဲဒီဇာတ်ကားကတော့ ... ဘမှန်/ဘဇံ အကြောင်း ဆိုတဲ့ ဇာတ်ကား ဖြစ်ပါတယ်။ သူ့အကြိုက်နဲ့ လုံးဝမနီးစပ်တဲ့ ဇာတ်ညွှန်းတစ်ပုဒ်ပါ။ အဲဒီ ဇာတ်ကို ဝင်းဖေက တခြားလူတစ်ယောက်အတွက် ရေးထားပြီးတော့ ခင်မောင်ရင်ကို လည်း ပြဖူးပါတယ်။ သူက ဇာတ်လမ်းအကြမ်းဖျင်းကို သိထားလေတော့ ဒီလို အပေါစားတွေဖတ်ဖို့ အချိန်မရှိဘူးလို့ပြောပြီးတော့ ဖတ်တောင်မကြည့်ပါဘူး။ သူပြော တာလည်း အမှန်ပါပဲ။ ဝင်းဖေကတော့ မိသားစုတာဝန်တွေနဲ့ဆိုတော့ အပ်ထည် တွေလည်း လုပ်ပေးရပါတယ်။ သူကတော့ လူပျိုကြီးဆိုတော့ အနုပညာသီလကို ဝင်းဖေထက် ထိန်းနိုင်ပါတယ်။ ဒါပေမဲ့ နောက်တော့ သူ ဘယ်လို စိတ်ကူးပေါက်လာ သလဲ မပြောတတ်ပါဘူး၊ ဝင်းဖေဆီက

ဖွတ်တောင်းပြီးတော့ ရိုက်ကူးလိုက်တာပါပဲ။ စီးပွားရေးအရ အတော်လေးအောင်မြင်ပေမဲ့ အဲဒီကားဟာ ဘာမှ ထူးထူးခြားခြား မရှိပါဘူး။ ခင်မောင်ရင်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ သူကတော့ ပျော်နေတာပါပဲ။ ပိုက်ဆံရတဲ့ကားလည်း ရိုက်တတ်ပါတယ်လို့ ပြချင်တဲ့ပုံပါပဲ။ ဒါမှ ငွေထုတ်ပြီးတော့ ရုပ်ရှင်ရိုက်လာမယ့်သူတွေ ရှိလာမယ် မဟုတ်လား။

ဝင်းဖေကတော့ သူ့အတွက် စိတ်မကောင်းပါဘူး။ ခင်မောင်ရင်မှာလည်း အားနည်းချက်တွေ ရှိတာပါပဲလို့ သတိရလိုက်ပါတယ်။ နှမလက်လျှော့နေလေတော့... ရုပ်ရှင်ကားကို ခင်မောင်ရင်ရိုက်ကူးခဲ့ရာမှာ ဘယ်လိုခံယူချက်၊ ဘယ်လိုစေတနာတွေနဲ့ ဘယ်လိုနည်းစနစ်တွေကိုသုံးပြီး ရိုက်ကူးထားတယ်ဆိုတာကို သေသေချာချာရှင်းပြ ပြီးမှ ဘယ်လိုကြည့်ရမယ်ဆိုတာကိုသိထားရင် နှမလက်လျှော့နေလေတော့ ရုပ်ရှင်ကို ကြိုက်သွားတတ်ကြပါတယ်။ အဲဒီရှင်းပြပေးရတဲ့အလုပ်ကို ဝင်းဖေ အကြိမ်ကြိမ် တာဝန်ယူခဲ့ရဖူးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရုပ်ရှင်ကားတစ်ကားကို ကြိုတင်ရှင်းပြပြီးမှ ကြိုက်လာလိမ့်မယ် ဆိုတဲ့အဖြစ်ကတော့ သိပ်မနိပ်တာ အမှန်ပါပဲ။ ဒါပေမဲ့ အသစ် အဆန်းတီထွင်ပြီဆိုရင် ဒီလိုပဲ ရှင်းပြကြရတာကတော့ ဓမ္မတာပါပဲ။ ဆက်လက် ဖော်ပြပါမယ် ...။

ကျန်းမာ ချမ်းသာကြပါစေ .. ကျွန်တော် ဝင်းဖေ ပါ။

[၃၅]

သောတရှင်များခင်ဗျား ...

ပြီးခဲ့တဲ့အပတ်က ဒါရိုက်တာ ခင်မောင်ရင်ရဲ့ နှမလက်လျှော့နေလေတော့ ရုပ်ရှင်အကြောင်း ဆက်လက် တင်ပြရင်း အဲဒီရုပ်ရှင်ထဲမှာ ဓာတ်ဝင်သီချင်းတစ်ပုဒ်ကို ဝင်းဖေ ဆိုပေးခဲ့ရတဲ့အကြောင်း ဖော်ပြခဲ့ပါတယ်။ သူငယ်ချင်း ဒါရိုက်တာ ခင်မောင်ရင် က အဲဒီသီချင်းဆိုဖို့ ဝင်းဖေကိုခိုင်းခဲ့ပုံဟာ ထူးထူးခြားခြားဖြစ်နေလို့ အကျယ်တဝင့် ထပ်ပြီး တင်ပြပါမယ်။ ဝင်းဖေဟာ ငယ်စဉ်ကတည်းက ဖခင်ရဲ့ဆန္ဒအတိုင်း မြန်မာ့ ရိုးရာမဟာဂီတတွေကို စနစ်တကျ သင်ယူ ခဲ့ရပါတယ်။ သင်ခဲ့တဲ့ အတိုင်းအတာ အလျောက် တော်တော်တန်တန် စာသားတွေကို လက်တန်း အလိုက် ထည့်ပြီးတော့ ဆိုတတ်ပါတယ်။ ခင်မောင်ရင်တို့ ပေါ်ဦးသက်တို့နဲ့အတူ ပန်းချီရေးရင်း သီချင်းတွေကို လွတ်လွတ်လပ်လပ် ဟစ်အော်သီဆိုကြလေ့ ရှိပါတယ်။ ပေါ်ဦးသက်ဆိုတာကလည်း မန္တလေးမြို့မအသင်းကြီးရဲ့ ထိပ်တန်းဂီတ စာဆိုကြီး မြို့မညိန်းရဲ့ သား/ သမက် မဟုတ်လား။ ဘယ်ခေလိမ့်မှာတုံး။ ပန်းချီရေးရင်း မန္တာလီတို့၊ လူချွန်လူကောင်း တို့၊ နှစ်ပိဿာခွဲတို့ဆိုတဲ့ သီချင်းတွေကို တကြော်ကြော် ဆိုတတ်ပါတယ်။ ပေါ်ဦးက အနောက်တိုင်း တူရိယာဖြစ်တဲ့ ထရမ်းပက်ကိုလည်း ကမ္ဘာ့သင်္ကေတနဲ့ စနစ်တကျ သင်ခဲ့သူဖြစ်ပါတယ်။

ခင်မောင်ရင်က ဘာတူရိယာပစ္စည်းမှ မတီးတတ်၊ မမှုတ်တတ်ပေမဲ့ အနောက်တိုင်း ဂန္ထဝင်ဂီတတွေကို အလွန် ကြိုက်နှစ်သက်ပါတယ်။ သူ့မှာ အဲဒီအနောက်တိုင်း ဂန္ထဝင်ဂီတ ဓာတ်ပြားတွေနဲ့ ဓာတ်စက်မရှိရင် အသက်မရှင် နိုင်သလို မနေတတ် မထိုင်တတ် ဖြစ်ပါတယ်။ မနက်မိုးလင်းတာနဲ့ ခင်မောင်ရင်အိပ်တဲ့ ခြင်ထောင်ထဲက လက်တစ်ဖက်သာ ထွက်လာပြီးတော့ ဓာတ်စက်ခလုတ်ကို ဖွင့်လိုက်တာပါပဲ။ လူကတော့ နောက်တစ်နာရီလောက်နေမှ အိပ်ရာက ထတတ်ပါတယ်။ ညဆိုရင်လည်း ဓာတ်စက်နဲ့ပဲ အိပ်ရာဝင်ပါတယ်။ သူ့ဓာတ်စက်ကို သူများက ပိတ်ပေးရတာ များပါတယ်။ ဗီထိုဗင်တို့ ရက်မန်နီနော့ဖ်တို့ ကြိုက်လှချည်ပေါ့။ သူအကြိုက်ဆုံးကတော့ ယိုဟန်း ဆီဗက်စီယံဘတ်(ခ) ဖြစ်ပါတယ်။ ဂီတနဲ့ပတ်သက်လို့ ယိုဟန်းဆီဗက်စီယံဘတ်(ခ) ဟာ တွေးခေါ်ပညာရှင်ဖြစ်တဲ့အတွက်လို့ သူက ပြောပါတယ်။ ဒီ ၃ယောက်မှာ ဝင်းဖေ ကတော့ ဂီတနဲ့ပတ်သက်ရင် အရူးဆုံးပေါ့။ မြန်မာသီချင်းကြီးတွေနဲ့ ကြီးပြင်းခဲ့ရပေမဲ့ ကောင်းတဲ့ဂီတမှန်ရင် ဝင်းဖေက အကုန်ကြိုက်တဲ့သူပါ။

ပတ္တလားတီးတယ်၊ ကလဲရီ နက်တို့ ကွန်ဆတ်ဖလုတို့လည်း မှုတ်ပါတယ်။ ပါးစပ်ကလည်း အခါမလပ် အော်မြည် နေတတ်ပါတယ်။ ဝင်းဖေတို့နဲ့ မောင်နှမ တွေလိုရင်းနှီးတဲ့ နိုင်ငံကျော်အဆိုတော် မာမာအေးက ဝင်းဖေတို့အုပ်စုကို အတော်ကလေး စိတ်ညစ်ရှာပါတယ်။ ခင်မောင်ရင်က သူ့ နှမလက်လျှော့နေလေတော့ ဓာတ်ကားအတွက် မာမာအေးကို ၂/၃ ပုဒ် ဆိုခိုင်းပါတယ်။ မာမာအေးတို့ ကတော့ မာမာအေး မဟုတ်လား။ ညာဘက်တောင် မသုံးပါဘူး၊ ဘယ်ဘက်ဖနောင့်နဲ့ ပေါက်လိုက်တာပါပဲ။ ဝင်းဖေ အတွက်တော့ မလွယ်ပါဘူး။ ခင်မောင်ရင်က ဝင်းဖေကို ညွန့်မြိန်မှာ ရုပ်ရှင်ခြံကြီးထဲက အသံသွင်းစတူဒီယိုကို လာဖို့ ခေါ်လိုက်ပါတယ်။ ဟိုရောက်တော့ ရုပ်ရှင်ပြစက်နဲ့ ၅ မိနစ်စာလောက်ရှိတဲ့ ကောင်ကလေးနဲ့ ကောင်မလေး မင်္ဂလာဦးည အိပ်ခန်းထဲမှာ နှစ်ယောက်သား ရှိုးတိုး ရှန့်တန့်ဖြစ်နေကျတဲ့အခန်းကို ပြပါတယ်။ ၅ မိနစ်ဆိုတာ တော်တော်ကြာပါတယ်။ အဲဒီ ၅ မိနစ်စာ သီချင်းဆိုပေးရမယ်တဲ့။ သဘောက မြစ်ထဲမှာရှိတဲ့ တံငါလှေပေါ်က တံငါသည်က သီချင်းဆိုတာကို မင်္ဂလာဦးညအခန်းထဲကနေ လှမ်းပြီးတော့ ကြားနေရတဲ့ သဘောတဲ့။ ဘာသီချင်းဆိုရမှာလဲလို့ မေးတော့ .. စာသားတွေကို ထုတ်ပေး ပါတယ်။ စာသားတွေကို ဖတ်ကြည့်လိုက်တော့ မွန်အငြိမ့်သမလေးတစ်ယောက် ဆိုခဲ့တဲ့ ပန်းတွေလေလေ× × × ပန်းလေးတွေနဲ့ဝေ အစချီတဲ့ ရည်းစားမျှော် အငြိမ့်သီချင်းလေး ဖြစ်နေပါတယ်။ သီချင်းစာအုပ် အဟောင်းလေးတစ်ခုထဲက တွေ့လို့ တဲ့။ ကြိုက်လို့ကူးလာတာလို့ ပြောပါတယ်။ အလိုက်က ဘယ်လိုလဲဆိုတော့ မသိဘူးတဲ့။ ကိုယ့်ဟာကိုယ် ဖြစ်အောင်ဆိုတဲ့။ သူရိုက်ထားတဲ့ ၅ မိနစ်ရှိတဲ့ အရုပ်တွေကို ကြည့်ပြီးတော့ ဆိုရမှာတဲ့။ ၅ မိနစ် ပြည့်ခါနီးတော့ ကိုယ့်ဟာကိုယ် သင့်သလို ရပ်လိုက်တဲ့။ ဘာတီးဝိုင်းအကူမှလည်း မပါပါဘူး။ အဲဒီမှာ ဝင်းဖေတို့နဲ့ နဂိုရ်ကတည်း က အလွန်ရင်းနှီးပြီးသားဖြစ်တဲ့ အသံဖမ်းအင်ဂျင်နီယာဦးဖိုးဇီးက ဝင်ပြီးတော့ ခင်မောင်ရင်ကို ပြောပါတော့တယ်။ အလိုက်ကလည်း ဘာမှန်းမသိ၊ ဘာတီးဝိုင်းအကူ မှလည်းမပါဘဲ ဘာမှလုပ်လို့ရမှာမဟုတ်ဘူးလို့ ပြောပါတယ်။ ခင်မောင်ရင်ကလည်း ... ဝင်းဖေ ဆိုတဲ့အကောင်ဟာ ... ဒီလိုပဲ စာသားတွေကို တွေ့ကရာ အလိုက်တွေ လက်တန်းထည့်ပြီးတော့ ဆိုတတ်တဲ့အကြောင်း၊ သူလိုချင်တာက အဲဒီလိုဟာမျိုးပဲ ဖြစ်ကြောင်း ... ဇွတ်ပြောပါတယ်။ ဝင်းဖေက ၅ မိနစ်လောက်ကြာအောင်ဆိုလို့ မရ နိုင်ဘူးလို့ ပြောတော့ ... ခင်မောင်ရင်က ... အချိန်လိုနေရင် ကြားထဲမှာ ပါးစပ်တီးလုံး ထည့်လိုက်ပေါ့တဲ့။ ကဲ .. မလွယ်ဘူးလားဗျာ။ ဝင်းဖေဟာ သူပြောသလို မဖြစ်ဖြစ် အောင် လုပ်ပေးခဲ့ရပါတယ်။ လုပ်မပေးရင်လည်း မပေးပေးအောင် ဇွတ်ပြောနေမယ့် ကောင် မဟုတ်လား။

ဝင်းဖေက ပါးစပ်ထဲရှိတာတွေကို လက်တန်းဆိုတာဆိုတော့ နှစ်ခါ

ပြန်ဆိုပြလို့ ရတာမျိုး မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ရိုက်ထားတဲ့အရုပ်တွေနဲ့ တွဲပြီးတော့ ပြကြည့် လိုက်တော့ လိုက်လျောညီထွေရှိနေတာကို တွေ့ကြရပါတယ်။ အတွေ့အကြုံသိပ်များ တဲ့ ဦးဖိုးဖီးတစ်ယောက်ကတော့ ဒါရိုက်တာခင်မောင်ရင်ရဲ့ မရမက ရက်ရက် စက်စက် ခိုင်းတာကို အကြိမ်ကြိမ် ညြီချနေရှာပါတော့တယ်။ ဝင်းဖေရဲ့ ရုပ်ရှင်ဒါရိုက်တာ သက်တမ်း တစ်လျှောက်လုံး မှာတောင် အဲဒီလောက် မကြိမ်းခဲ့၊ မရမ်းခဲ့ဖူးပါဘူး။ ခင်မောင်ရင်က ဝင်းဖေ ဘာလုပ်နိုင်တယ်ဆိုတာကို ဘယ်အချိန် လောက်က စပြီး မှတ်သားထားသလဲ ... မပြောတတ်ပါဘူး။ သူကိုယ်တိုင် ကြိုတင်ပြီးရေးထားတဲ့ ဇာတ်ညွှန်း မူရင်းမှာ ကတည်းက အဲဒီ မင်္ဂလာဦးညပြကွက်ကလေးမှာ နောက်ခံကို ဝင်းဖေရဲ့သီချင်းဆိုသံထည့်မယ်လို့ ပါပြီးသားပါ။ သူ လက်တန်းလုပ်တာ မဟုတ် ပါဘူး။ ဘာတီးလုံးမှမပါဘဲ ဝင်းဖေ သီချင်းဆိုဆိုနေတာကို ခင်မောင်ရင် အတော် ကြိုက်ခဲ့ပုံရပါတယ်။ ဒါကိုတော့ ဝင်းဖေက ပျော်လည်းပျော်၊ ဂုဏ်လည်းယူတာ အမှန်ပါပဲ။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၃၆]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်တွေက ပန်းချီဆရာ ခင်မောင်ရင်ရဲ့ ရုပ်ရှင်ရိုက်ခဲ့တဲ့ကဏ္ဍကို တင်ပြခဲ့ပါတယ်။ ဒီတစ်ပတ်တော့ ခင်မောင်ရင်၊ ပေါ်ဦးသက်၊ ဝင်းဖေ တို့အတူ ပန်းချီရေးခဲ့ကြတာတွေကို တင်ပြချင်ပါတယ်။ ဒီ ၃ ယောက် တပူးတွဲတွဲနဲ့ ပန်းချီ ရေးခဲ့ကြတဲ့ နှစ်တွေကတော့ ၁၉၆၀ ခုနှစ်ပိုင်းတွေ ဖြစ်ပါတယ်။

၁၉၆၀ပြည့် ပထမပိုင်း .. ၆၁/၆၂တွေမှာ ပန်းချီ ပေါ်ဦးသက်ရော၊ ဝင်းဖေရော မန္တလေး လူထုသတင်းစာတိုက်မှာ လုပ်ကိုင်နေခဲ့ကြပါတယ်။ ၁၉၆၂ ခု မတ်လမှာ စစ်အာဏာသိမ်းပြီး မကြာခင်ပဲ လူထုတိုက်ကို အချုပ်အချယ်တွေ များလာတဲ့ အတွက် ဝင်းဖေတို့လည်း အလုပ်ပြုတ်ကုန်ကြပါတယ်။ ပေါ်ဦးသက်က ဆေးဆိုး၊ ပန်းရိုက် ဒီဇိုင်နာ ဖြစ်သွားပါတယ်။ ဝင်းဖေကတော့ ဇနီးသည်ရဲ့ဖခင် ယောက္ခမကြီးနဲ့နွယ်ပြီး ကျောက်စိမ်းတွင်းထဲ ရောက်သွားပါတယ်။ ကျောက်စိမ်း တူးပါတယ်။ ဘာမှမကြာခင် ကျောက်စိမ်းတွင်းဘက်ကို ကချင်လက်နက်ကိုင်တွေ နယ်ပြောင်းရောက်ရှိ လာပါတယ်။ မကြာခင်မှာပဲ ကျောက်စိမ်းတွင်းကို ပြည်သူပိုင်သိမ်းပါတယ်။ ကျောက်စိမ်းမှော် စတင် ပျက်စီး သွားပါတော့တယ်။ အဲဒီအချိန်တွေမှာ ဝင်းဖေနဲ့ပေါ်ဦးတို့ ပန်းချီကို ဆက်ရေး နေကြပေမဲ့ အရေအတွက် နည်းပါတယ်။ ကျောက်စိမ်းတွင်းအခြေအနေ သိပ်ဆိုးရွားသွားတော့ ဝင်းဖေ မိုးကုတ်ကိုရောက်သွားပါတယ်။ ပတ္တမြား၊ နီလာတွေ အရောင်းအဝယ်လုပ်ရင်း ခရီးတွေ အများကြီး သွားရပါတယ်။ ဒီအချိန်မှာ ပေါ်ဦးက ရန်ကုန်ကိုဆင်းပြီး ပန်းချီ ရေးနေပါပြီ။ ၂၄ လမ်းနဲ့ ကမ်းနားလမ်းထောင့်၊ Architech in Coporated A.I ရုံးခန်းမှာပါ။ ဝင်းဖေက ခရီးသွားဟန်လွဲ ရန်ကုန်ကိုရောက်တိုင်း A.I ကို ဝင်ပြီးတော့ ပန်းချီတွေ ရေးတတ်ပါတယ်။ အဲဒီအချိန်မှာပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့မှာသွားပြီး အလုပ်လုပ် နေတဲ့ ခင်မောင်ရင် ပြန်လာပါတယ်။ ဒီတော့ ၁၉၆၄ ခုနှစ်လောက် ဖြစ်နေပါပြီ။ A.I မှာ ခင်မောင်ရင်၊ ပေါ်ဦးသက်၊ ဝင်းဖေတို့ ခဏခဏ ဆုံကြတဲ့ နှစ်တွေပါပဲ။ အဲဒီခေတ်က ပန်းချီပြပွဲလုပ်ဖို့ စိစစ်ရေးက အတော်ကျပ်ပါတယ်။ လုပ်သားပြည်သူ အများထုကိုပြတာ မဟုတ်ဘဲ Private Show လို ပြရင်တော့ စိစစ်ရေးကို တင်ပြစရာ မလိုပါဘူး။ ဒီတုန်းက ဝင်းဖေတို့ ၃ ယောက် ရေးဆွဲတဲ့ ပန်းချီကားတွေကို နိုင်ငံခြား သံရုံးတွေက အများဆုံး ဝယ်ယူနေကြပါတယ်။ Private ပြပွဲလေးတွေကို သံရုံး ဝန်ထမ်းတစ်ဦးဦးရဲ့ အိမ်မှာ ပြသကြရပါတယ်။

ညနေ ၄ နာရီကနေ ညနေ ၈ နာရီ လောက်အထိ ၄ နာရီပဲ များသောအားဖြင့် ပြကြပါတယ်။

တာဝန်ယူသူက ပြခန်းပြင်ဆင်တာတွေအားလုံး၊ မီးတွေအားလုံး၊ ကျွေးမွေး ဧည့်ခံ အစီအစဉ်အားလုံး တာဝန်ယူကြပါတယ်။ ဝင်းဖေတို့က ပန်းချီကားတွေပဲ စိုက်ပါတယ်။ ရောင်းလို့ရတဲ့ငွေထဲကလည်း စရိတ်နုတ်တာတို့၊ ကော်မရှင် နုတ်တာ မျိုးတွေ မရှိပါဘူး။ ရောင်းတဲ့အခါမှာလည်း တစ်ခါတစ်ခါ ပြထားတဲ့ ကား ၄/၅ ဆယ်ဟာ ကုန်တာပါပဲ။ တစ်ခုတော့ရှိတယ်၊ ကမ္ဘာ့ဈေးကွက်တွေမှာ ရောင်းနေကြ တာနဲ့စာရင်တော့ ဝင်းဖေတို့ရောင်းတဲ့ ဈေးတွေက သိပ်သက်သာနေပါတယ်။ ဒါ့ကြောင့်လည်း သိပ် အရောင်းသွက်တာ ဖြစ်မှာပါ။ များသောအားဖြင့် ပန်းချီကားတွေကို လိုချင် တဲ့သူတွေ စေ့အောင် ရောင်းမပေးနိုင်ကြပါဘူး။ သိပ်ပျော်စရာ ကောင်းပါတယ်။ ပထမ စိတ်ကြိုက်ရွေးချယ်ခွင့်ကို ပြပွဲကို ကမကထ လုပ်ပေးသူ အိမ်ရှင်က ရယူပါတယ်။ သူတို့ကြိုက်တဲ့ ၄/၅ကားကို ရောင်းပြီး အမှတ်အသားကပ်ထားလိုက်တာပါပဲ။

ဝင်းဖေတို့ဆီက မြန်မာငွေ ၆၀၀နဲ့ ဝယ်သွားကြပြီးတော့ ဟောင်ကောင်မှာ ဒေါ်လာ ၆၀၀ နဲ့ ပြန်ရောင်းတာမျိုး တွေလည်း မကြာခဏ ကြားရပါတယ်။ ဝင်းဖေတို့ ကတော့ ကိုယ်ရောင်းတဲ့ အချိန်မှာ ကိုယ်လိုချင်တဲ့ တန်ဖိုးရရင် ကိစ္စက ပြတ်ပါတယ်။ ကိုယ့်ဆီကဝယ်သွားပြီး အပြင်မှာပြန်ရောင်းတော့ မြတ်ကြတယ်လို့ သိရတာကိုလည်း သိပ်ဝမ်းသာ ကြပါတယ်။ ဒီတုန်းက ခင်မောင်ရင်ဟာ ခုလိုပဲ လူပျို၊ လူလွတ်မို့ ပန်းချီရေးပြီးမှ မရောင်းရရင်လည်း နည်းနည်းမှ မှုစရာမလိုတဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပန်းချီရေးတဲ့နေရာမှာ သူ စိတ်ထင်သလို ပြတ်ပြတ်သားသား အလုပ်နိုင်ဆုံး ဖြစ်ပါတယ်။ သူ့မှာ ပူစရာ ပင်စရာ သံယောဇဉ်မရှိလို့ သတ္တိပိုကောင်းတယ်လို့ပဲ ဝင်းဖေက ထင်ခဲ့မိပါတယ်။

အဲဒါ မှားပါတယ်။ နောက် သူရုပ်ရှင်အတွက်ကော၊ တခြားကိစ္စတွေအတွက် ကော ငွေသိပ်လိုတဲ့ အချိန်တွေ ရှိလာတော့လည်း ခင်မောင်ရင်ကတော့ ဈေးကွက် ကိုက်/မကိုက် လုံးဝ မစဉ်းစားဘဲ သူ ကောင်းတယ်ထင်သလို ပြတ်ပြတ်သားသား လုပ်နေတာကို တွေ့ရတာပါပဲ။ ပေါ်ဦးသက်ဟာ ဗီဇအားဖြင့် ပန်းချီရေးတဲ့နေရာမှာ အလွန် ရဲရင့်သူဖြစ်ပါတယ်။ ဒါပေမဲ့ သူ့မိသားစုအတွက် သူ့ဝင်ငွေဟာ အရေးကြီး လာတဲ့အခါမှာတော့ သူ့သွေးဟာ ရဲရဲတောက် မဖြစ်နိုင်ရှာတော့တာကို တွေ့ရပါတယ်။ သူဟာ ဝင်ငွေအတွက် ပန်းချီလုပ်ငန်း တစ်ခုတည်းပဲရှိသူ ဖြစ်ပါတယ်။ နေရာ တော်တော်များများမှာ ပေါ်ဦးဟာ ဈေးကွက်မျက်နှာကို ငဲ့ခဲ့ရတာတွေ ရှိပါတယ်။ ဝင်းဖေ ကတော့ ပထမပိုင်းမှာ ကျောက်ကုန်သည်လုပ်ရင်း အပျင်းပြေ ပန်းချီ ဝင်ဆွဲနေတာ

ဖြစ်လို့ ဘာမှ နောက်လှည့်ကြည့်စရာမလိုဘဲ ထင်ရာ စိုင်းနိုင်ပါတယ်။ အဲဒီနောက်မှာ တော့ ၁၉၆၆ ကစပြီး မန္တလေး အနုပညာပန်တျာနဲ့ အကကျောင်း၊ ကျောင်းအုပ်ဖြစ်သွား တော့ အလုပ်တွေပိပြီး ပန်းချီ အရေးနည်းသွားခဲ့ပါတယ်။

ပန်းချီအောင်စိုးနဲ့ ခင်မောင်ရင်တို့ဟာ ကိုယ်ထင်သလို၊ ကိုယ်ယုံသလို ရဲရဲရင့်ရင့် လုပ်တာချင်း အတော်တူပါတယ်။ ပန်းချီအောင်စိုးဆိုရင် မိသားစုဝင်ငွေကို ပန်းချီလုပ်ငန်းတစ်ခုတည်းက ရအောင်ရှာနေရသူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူယုံသလိုပဲ ဆွဲပါတယ်။ ပန်းချီအောင်စိုးအကြောင်းလည်း ဝင်းဖေ သိသလို တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၃၇]

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ် အကျင့်စရိုက်ချင်း အတော်ကြီးတူကြတဲ့ ပန်းချီအောင်စိုးနဲ့ ခင်မောင်ရင်တို့ရဲ့ ပန်းချီရေးပုံရေးနည်း၊ တွေးပုံတွေးနည်းတွေကို လက်လှမ်းမီသလောက် ခန့်မှန်းတင်ပြပါမယ်။ ဒီ ပန်းချီဆရာနှစ်ဦးကြောင့် မျိုးဆက်သစ် ပန်းချီလူငယ်လေးတွေ အများကြီးပေါ်ထွန်းနေပါပြီ။ နောက်တက်လာမယ့် အသစ်သစ်သော ပန်းချီလူငယ် တွေအတွက် နောက်ခံသမိုင်းကို သိနိုင်ကြဖို့ လက်ဆင့်ကမ်း တင်ပြနေတာပါ။

ပန်းချီခင်မောင်ရင်နဲ့ ပန်းချီအောင်စိုးတို့ဟာ ပန်းချီရေးတဲ့နေရာတွေမှာ သဘာဝကို သဘာဝအတိုင်းတူအောင် မရေးချင်ကြတာချင်း တူပါတယ်။ သဘာဝကို တူအောင် မရေးချင်ကြတာဟာ တူအောင်မရေးနိုင်လို့ နေမှာပေါ့လို့ အလွယ်တကူ ကောက်ချက်ဆွဲလို့ မရပါဘူး။ ခင်မောင်ရင်ရော၊ ပန်းချီအောင်စိုးရော Sketch Draw-ing လို့ခေါ်တဲ့ ကောက်ကြောင်းဆွဲတဲ့နေရာမှာ အတော်ကြီးကို ပိုင်နိုင်သူတွေ ဖြစ်ကြပါတယ်။ သဘာဝအတိုင်း တူအောင်ကို မရေး ချင်ကြတာသာ ဖြစ်ပါတယ်။ ဘာ့ကြောင့် သဘာဝနဲ့တူအောင် မရေးချင်ကြတာလဲလို့ မေးတဲ့အခါမှာတော့ အဲဒီလို ရေးရမှာ ပျင်းလို့၊ ရေးကို မရေးချင်လို့ပါပဲ လို့ လွယ်လွယ်ပဲ ပြောကြပါတယ်။ သဘာဝအတိုင်း တူအောင်ရေးတဲ့ သူတွေကိုရော ဘာပြောမလဲလို့ မေးတဲ့အခါမှာ .. ခင်မောင်ရင်က … သူ့ဟာသူ လုပ်ချင်ရင် လုပ်ပါစေပေါ့၊ ဒါသူ့အခွင့်အရေးပဲ..လို့ပဲ ပေါ့ပေါ့လေးပဲ ဖြေပါတယ်။ ပန်းချီအောင်စိုးကတော့ … သဘာဝအတိုင်း တူအောင်ရေးတဲ့ သူတွေက မတူအောင် မရေးတတ်လို့နေမှာပေါ့ … လို့ ဖြေပါတယ်။ “သဘာဝနဲ့ မတူအောင်ရေးတာ … မလွယ်ဘူးကွ၊ ခက်တယ်” လို့လည်း ပြောပါတယ်။ မတူအောင်ရေးတာပဲ ဘာများ ခက်စရာရှိလို့လဲလို့ … သွားမေးတဲ့ တောင်တွင်းကြီးသား ကိုတင်လှိုင် ဆိုတဲ့သူနဲ့ ပန်းချီအောင်စိုးတို့ စကားများကုန်ကြတာကို တွေ့ဖူးပါတယ်။ အဲဒီရန်ပွဲမှာ ခင်မောင်ရင်ကတော့ တအားရယ်နေပါတယ်။

ပန်းချီအောင်စိုးက မြန်မာ့ရိုးရာနည်း ကနုတ်ပန်းတွေနဲ့ ရေးဆွဲထားတဲ့ ဒသဃီရိ ဘီလူးပုံကို လူ ၃/၄ယောက်ရှေ့ချပြပြီး အဲဒီပုံ လှသလားလို့ မေးပါတယ်။ လှတယ်လို့ ဖြေတဲ့သူတွေရှိသလို၊ ဘီလူးပုံပဲဗျ၊ ဘယ်လိုလုပ် လှရမှာလဲလို့ ဖြေတဲ့

လူလည်း ရှိပါတယ်။ လှတယ်လို့ ဖြေတဲ့သူတွေရော၊ မလှဘူးလို့ ဖြေတဲ့သူတွေရော ... အားလုံး မှန်ပါတယ်လို့ ပန်းချီအောင်စိုးက ပြောပါတယ်။ ပန်းချီအောင်စိုးဟာ မပြိုတ်သားဘူးလို့ ခင်မောင်ရင်က ပြောတော့ ... ခင်မောင်ရင် အဆဲခံရပါတယ်။ ခင်မောင်ရင်မှာ အဲဒီလို ဟာသဉာဏ်လည်း ရှိနေတတ်ပါတယ်။

၁၉၆၀ ခုနှစ်တွေရဲ့ အလယ်ပိုင်းလောက်မှာ ပန်းချီဆရာ ပေါ်ဦးသက်က ဆီဆေးပန်းချီကားတွေအားလုံးကို ဓားနဲ့ရေးပြီးတော့ သူ့ဟာသူ အရှူးအမူး ကြိုက်သွား ဖူးပါတယ်။ ပြီးတော့ သူ့တစ်သက်မှာ ဘယ်တော့မှ စုတ် ပြန်မကိုင်တော့ဘူး၊ တစ်သက်လုံး ဓားနဲ့ပဲရေးတော့မယ်လို့ ကြွေးကြော်ပါတယ်။ ဒီတော့ ပန်းချီအောင်စိုးက ပေါ်ဦးသက်ဟာ ဉာဏ်အလင်း ပေါက်သွားပြီ၊ ပေါ်ဦးသက်ဆိုတာ ဘာကောင်လဲ ဆိုတာကို တွေ့ရှိသွားပြီ၊ ဒါဟာ မဟာတွေ့ရှိချက်ကြီးတစ်ရပ် ပဲလို့လည်း ပြောပါတယ်။ ခင်မောင်ရင်ကတော့ ပန်းချီအောင်စိုးဟာ ပေါ်ဦးသက်ကို အတော်ကြီးကို မျက်စိစပါးမွေးစူးသွားတယ်ထင်တယ်လို့ ချက်ချင်းသိလိုက်ပါတယ်။ ဝင်းဖေကတော့ ပေါ်ဦးသက်က စုတ်တံတွေကို တစ်သက်လုံး မကိုင်တော့ဘူးဆိုပြီး အားလုံး လာရောင်းတာကို မဝယ်ဘူးလို့ ငြင်းလိုက်ပါတယ်။ ပေါ်ဦးသက်ရဲ့ ဆီဆေးကို ဓားနဲ့ ရေးဖို့ ရောဂါဟာ ၆ လ လောက်ပဲ ခံပါတယ်။

ခင်မောင်ရင်ကတော့ ပန်းချီရေးတယ်ဆိုတာ တိကျတဲ့ ကိန်းဂဏန်း တွေမပါတဲ့ သင်္ချာပညာတစ်ရပ်ပဲ ... လို့ မင်သေသေနဲ့ပြောတတ်ပါတယ်။ ပန်းချီ ရေးတာဟာ တစ်ခါတစ်ရံမှာ ရာဇဝတ်မှု ကျူးလွန်လိုက်တာပဲလို့ ဝင်းဖေက ပြောတော့ ... မှန်တိုင်း လျှောက်မပြောရဘူးလို့ ပန်းချီအောင်စိုးက သတိပေးပါတယ်။

ပါရမီရှင် ပန်းချီဆရာကြီးတွေဟာ တစ်နည်းအားဖြင့်တော့ ကျွမ်းကျင်တဲ့ လူလိမ် ကြီးတွေပဲ လို့လည်း ခင်မောင်ရင်က ပြောတတ်ပါတယ်။ ခင်မောင်ရင်ဟာ စိတ်ကို အလွတ်လပ်ဆုံးထားပြီး ပန်းချီရေးတတ်ပေမဲ့ အမှား၊ အမှန်၊ ဖြစ်သင့်၊ မဖြစ်သင့် ဆိုတာတွေကို တွေးနိုင်လောက်အောင် စာဖတ်အား ကျယ်ပြန့်တဲ့သူ ဖြစ်ပါတယ်။

ပန်းချီအောင်စိုးကတော့ ခံစားမှုနဲ့ အများဆုံး ရေးဆွဲသူဖြစ်ပါတယ်။ ပန်းချီ အောင်စိုးဟာ စာပေမဂ္ဂဇင်းမှာ သရုပ်ဖော်ပုံတွေ အများဆုံးရေးဆွဲပြီးတော့ အဓိက ဝင်ငွေရှာရသူ ဖြစ်ပါတယ်။ ကဗျာတွေအတွက် သရုပ်ဖော်ရတာ ပိုများပါတယ်။ အလုပ်အပ်တဲ့သူတွေက ပန်းချီအောင်စိုးကို ဘယ်လိုပုံလေးတွေဖြစ်အောင် ရေးပေးပါလို့ ဘယ်တော့မှ မပြောကြပါဘူး။ ပြောလို့ရမှာလည်း မဟုတ်ပါဘူး။ သူ

ကောင်းတယ် ထင်သလို ရေးဆွဲတာပါပဲ။

ခင်မောင်ရင်ကတော့ ရှင်းပါတယ်။ သူကတော့ အပ်ထည်လက်ခံတာမျိုးမှ မဟုတ်တာ၊ သူဆွဲချင်ရာကို အလွတ်လပ်ဆုံး ရေးဆွဲနေတာပါပဲ။ ခင်မောင်ရင်ဟာ နှစ်ပေါင်းများစွာ၊ ပန်းချီကားပေါင်းများစွာ ရေးဆွဲပါတယ်။ ကြိုက်တဲ့သူရှိလို့ ရောင်းပြန်ရင်လည်း အလွန် လောဘနည်းတတ်ပါတယ်။ ပန်းချီကားဈေးကွက်က ဘယ်လိုရှိနေတယ်၊ ဘာညာဆိုတာမျိုးတွေကို ခင်မောင်ရင်က လုံးဝ စိတ်မဝင်စားပါဘူး။ ခင်မောင်ရင်ရော ပန်းချီအောင်စိုးပါ အရက်ကြိုက်ကြတာချင်းတူပေမဲ့ ခင်မောင်ရင်က ပန်းချီအောင်စိုးကို မမီပါဘူး။ ပန်းချီအောင်စိုးဟာ မမူးရင် အလွန်သဘောကောင်းပြီး တော့ အပြောအဆို၊ ဆက်ဆံမှုကအစ သိမ်မွေ့လှသူဖြစ်ပေမဲ့ မူးလာပြီဆိုရင်တော့ သူများကို ပြဿနာရှာတတ်ပါတယ်။ သွေးဆိုးပါတယ်။ ပန်းချီအောင်စိုး ဘယ်လောက် ပဲမူးမူး၊ ပြဿနာမလုပ်ဘဲ အလွန်ကြောက်ချစ်ရိုသေရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ ဆရာ ကြီး ဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ် နဲ့ မန္တလေးက ပန်းချီဆရာကြီး ဦးခင်မောင် တို့ပဲ ဖြစ်ပါတယ်။ သူ ဘယ်လောက်မူးနေနေ၊ အဲဒီပုဂ္ဂိုလ်ကြီးတွေရှေ့မှာတော့ သိမ်သိမ် မွေ့မွေ့ပဲ နေတတ်ပါတယ်။

သူ သိပ်မချစ်လှပေမဲ့ သူ သိပ်ကြောက်တဲ့သူ တစ်ယောက်လည်း ရှိပါသေးတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ စာရေးဆရာကြီး ရန်ကုန်ဘဆွေ ဖြစ်ပါတယ်။ ရန်ကုန် မြို့လယ်ကောင်က အရက်ဘားတစ်ခုမှာ အရက်မူးပြီး အလွန်အကျွံသွေးဆိုး၊ သောင်း ကျန်းနေလို့၊ ပြောမရ၊ ဆိုမရ၊ ထိန်းမရ၊ သိမ်းမရ ဖြစ်နေတဲ့ ပန်းချီအောင်စိုးကို ဆရာရန်ကုန်ဘဆွေက ခြောက်လုံးပြူးနဲ့ အနီးကပ် တေ့ပြီး ပစ်ထည့်လိုက်ဖူးပါတယ်။

ကျည်ဆန်ဟာ ပန်းချီအောင်စိုးရဲ့ ညာဘက်နားရွက်နားက ကပ်ပွတ်သွားပြီးတော့ သူ့နောက်က သုံးထပ်သား နံရံမှာ အပေါက်ကြီး ဖြစ်သွားပါတယ်။ ပန်းချီအောင်စိုးဟာ ရုတ်တရက် မှင်တက်မိပြီးတော့ သတိမေ့သွားခဲ့ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၃၈]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ပန်းချီဆရာခင်မောင်ရင်နဲ့ ပန်းချီအောင်စိုးတို့ အကြောင်းကို တင်ပြခဲ့ပါတယ်။ သူတို့ နှစ်ယောက်စလုံးဟာ မြန်မာ့ခေတ်သစ်ပန်းချီ ဖြစ်ပေါ် တိုးတက်ရေးသမိုင်းမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင် ဦးဆောင်သူတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုးတက်ဖြစ်ပေါ်ရေးကို မလိုလားသူတွေရဲ့အပြင်းထန်ဆုံးဝေဖန်၊ ပြစ်တင်၊ ဆဲဆိုတာ ကိုလည်း အများဆုံးခံကြရသူတွေ ဖြစ်ပါတယ်။

၁၉၅၀ ခုနှစ်၊ ၁၉၆၀ ခုနှစ်တွေနဲ့ ၁၉၇၀ခုနှစ်တွေဟာ မော်ဒန်ပန်းချီ ရေးဆွဲ သူတွေ အများဆုံး အဆဲခံကြရတဲ့ ခုနှစ်တွေဖြစ်ပါတယ်။ ၁၉၆၆ခုနှစ် မန္တလေး၊ အနုပညာ၊ ပန်တျာနဲ့အကကျောင်းမှာ ဝင်းဖေ ကျောင်းအုပ်ဖြစ်လာတော့ မော်ဒန်အာ့တ် ဆန့်ကျင်ရေး ပန်းချီသမား အတော်များများက မြန်မာ့အနုပညာလောကကို ထိထိရောက်ရောက် ဖျက်ဆီးဖို့ ဝင်းဖေ အခွင့်အရေးရသွားပြီ၊ ရှေ့လျှောက် မြန်မာ့အနုပညာတော့ ကာလနာတိုက်ဖို့ပဲ ရှိတော့တယ် ဆိုပြီး အပြင်းအထန် ဝေဖန်တိုက်ခိုက်ကြပါတယ်။ ဒါပေမဲ့ ဝင်းဖေဟာ ငယ်စဉ်ကတည်းက မြန်မာ့ရိုးရာ မဟာဂီတနဲ့ ကြီးပြင်း လာသူဖြစ်ပြီးတော့ ရိုးရာအနုပညာတွေကို ထိန်းသိမ်းကာကွယ်တဲ့ မြန်မာမှုသုတေသီ ရွှေပြည်ဦးဘတင်ရဲ့သား ဖြစ်နေပြန်တဲ့ အတွက် အနုပညာ ဓမ္မန္တရာယ် အဖြစ် အပြတ်ပြောလို့မရဘဲ ဖြစ်နေခဲ့ကြရပါတယ်။

မော်ဒန်သမားတွေဖြစ်ကြတဲ့ ပေါ်ဦးသက်၊ ခင်မောင်ရင်၊ ဝင်းဖေတို့က အောက်ခြေသိမ်းစည်းရုံးပြီးတော့ မော်ဒန်သမားတွေပဲ ဖြစ်ကြတဲ့ ဆရာကြီးဦးခင်မောင်၊ ဆရာ ဦးအောင်ခင်၊ နောက် သမားရိုးကျ ဆရာကြီးများ ဖြစ်ကြတဲ့ ဆရာကြီးဦးစံဝင်း၊ ဆရာကြီးဦးလှရှိန်၊ ဆရာကြီးရန်ကုန်ဦးခင်မောင် ... စတဲ့သူတွေပါဝင်တဲ့ ပန်းချီပြပွဲကြီး တစ်ခုကို ပြသခဲ့ကြပြီးတော့ တစ်ယောက် တစ်ကားစီ ကိုလည်း လေလံ စနစ်နဲ့ ရောင်းချခဲ့ရာမှာ မော်ဒန်ဆန့်ကျင်သူတွေက ဗိုလ်တထောင် သတင်းစာကနေပြီး ပယ်ပယ် နယ်နယ် တိုက်ခိုက်ဝေဖန်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီတုန်းက ဗိုလ်တထောင် သတင်းစာကြီးရဲ့ ပိုင်ရှင်လည်းဖြစ်၊ အယ်ဒီတာချုပ်လည်းဖြစ်၊ နိုင်ငံကျော်စာရေးဆရာ နာမည်ကြီး၊ နိုင်ငံရေး ခေါင်းဆောင်ကြီး တစ်ယောက်လည်း ဖြစ်ခဲ့တဲ့ ဆရာကြီးဦးသိန်း ဖေမြင့်

ကိုယ်တိုင်က နောက်နေ့ ဗိုလ်တထောင် သတင်းစာမှာ ဆောင်းပါးရေးပြီးတော့ ဝင်းဖေတို့ ခင်မောင်ရင်တို့ ပေါ်ဦးသက်တို့လုပ်ရပ်ဟာ မှန်ကန်တဲ့ အကြောင်း၊ လုပ်သင့် လုပ်အပ်တာတွေကို လုပ်ကျတာ ဖြစ်တဲ့အကြောင်း၊ တိုင်းပြည်အတွက် အများကြီး အကျိုးရှိတဲ့အကြောင်း တခမ်းတနား ဝေဖန်လိုက်တဲ့အတွက် မော်ဒန်သမားတွေ အများကြီး နေသာထိုင်သာ ဖြစ်သွားခဲ့ရပါတယ်။

သဘာဝအတိုင်း ရေးဆွဲကြတဲ့ သမားရိုးကျပန်းချီတွေကို သမားရိုးကျကိုပဲ နှစ်သက်သူတချို့က သရုပ်မှန် ပန်းချီလို့ ပြောင်းပြီး စသုံးလိုက်ပါတယ်။ ဒီတော့ သမားရိုးကျ မဟုတ်တာတွေဟာ အလိုလို သရုပ်မှားတွေ ဖြစ်ကုန်ပါတယ်။ ဒီတုန်းက ဆိုရှယ်လစ် ရီယယ်လစ်ဇင် ဆိုတဲ့ စကားကိုလည်း ဆိုရှယ်လစ် သရုပ်မှန်ဝါဒ ဆိုပြီးတော့ နိုင်ငံရေးနယ်ပယ်ကို ပြည်ပကနေ သွင်းလာနေချိန် ဖြစ်ပါတယ်။ နိုင်ငံရေး ဝါဒတွေထဲမှာ ဆိုရှယ်လစ်နဲ့ ကွန်မြူနစ် ဝါဒတွေဟာ အနုပညာနယ်ပယ်အပေါ်ကို လိုအပ်တာထက် ပိုပြီးတော့ ဝင်ရောက်စွက်ဖက်လိုကြတဲ့အတွက် ဆိုရှယ်လစ်နဲ့ ကွန်မြူနစ်တိုင်းပြည်တွေမှာ အနုပညာလွတ်လပ်ခွင့် ကျဉ်းမြောင်းသွားပြီး၊ အကျိုးယုတ် ဆုံးရှုံးမှုတွေ အများကြီး ရင်ဆိုင်ကြရပါတယ်။ ထင်ရှားတဲ့ ဆုံးရှုံးမှုတွေကတော့ ကွန်မြူနစ်၊ ဆိုရှယ်လစ်နိုင်ငံတွေက ပါရမီရှင် ထူးချွန်တဲ့အနုပညာသည်ကြီးတွေ တိုင်းတစ်ပါးကို ထွက်ပြေးသွားကြခြင်းပဲ ဖြစ်ပါတယ်။

ပန်းချီအောင်စိုးဟာ မြန်မာလက်ဝဲ စာရေးဆရာ အမြောက်အမြားနဲ့ ခင်မင် ရင်းနှီးပါတယ်။ လက်ဝဲနိုင်ငံတွေ ကိုလည်း ရောက်ဖူးပါတယ်။ ဒါပေမဲ့ ဆိုရှယ်လစ် သရုပ်မှန်ဝါဒဆိုတာနဲ့ ပတ်သက်လို့တော့ ယိမ်းယိုင်သွားတာမျိုး မရှိခဲ့ပါဘူး။ ခင်မောင်ရင်ကတော့ အဲဒါမျိုးတွေနဲ့ပတ်သက်ရင် အရှင်းဆုံးနေပါတယ်။ အနုပညာ သည် ပြည်သူ့အတွက် ဖြစ်ရမည် ဆိုတဲ့စကားမျိုးကို ဘာမှဆွေးနွေးနေစရာမလိုဘူး၊ အချိန်ကုန်တယ် လို့ပြောပါတယ်။

ခင်မောင်ရင်နဲ့ ပန်းချီအောင်စိုးဟာ တူတာ နောက်တစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ နှစ်ယောက်စလုံး ရုပ်ရှင်ပညာနဲ့ ပတ်သက်လို့ ရူးမူးကြပါတယ်။ ပန်းချီ အောင်စိုးက သရုပ်ဆောင်လုပ်ဖို့ အလွန်ရူးသွပ်ပြီးတော့ ခင်မောင်ရင်ကတော့ ဒါရိုက်တာရူးဖြစ်ပါတယ်။ ပေါ်ဦးသက်လည်း ရုပ်ရှင်ပိုး ကခဲ့ပါသေးတယ်။ ညာဘက် လက်တစ်ဖက် မရှိတဲ့ ပန်းချီဆရာတစ်ယောက်နဲ့ သူ့ပတ်ဝန်းကျင်က ကလေးတွေ အကြောင်း၊ ကရုဏာရှင် ကျောင်းဆရာမလေး အကြောင်း ... စတဲ့ ရုပ်ရှင်ကားတစ်ကားကို ရိုက်ကူးထုတ်လုပ်ဖို့ ခင်မောင်ရင်နဲ့ ဝင်းဖေက အကြမ်းဖျဉ်းပြင်ဆင်ကြပြီး အမေရိကန် သံအရာရှိ၊

အမျိုးသမီးကြီးတစ်ဦးက အရင်းအနှီးထုတ်ပြီးတော့ ရိုက်ကူး ကြဖို့ ဖြစ်ပါတယ်။ ပေါ်ဦးသက်ကို ဝင်းဖေနဲ့ခင်မောင်ရင်တို့က အမူအရာတွေနဲ့ စကားပြောတွေလေ့ကျင့်ဖို့ အပြင်းအထန်မောင်းကြပါတယ်။ ရုပ်ရှင်ပိုး ထနေတဲ့ ပေါ်ဦးသက်ကလည်း သူ့ရောဂါ အထွတ်အထိတ် ရောက်နေချိန်ဆိုတော့ ဝင်းဖေနဲ့ ခင်မောင်ရင်ရဲ့ အဆူ၊ အပူ၊ အငေါက်၊ အငမ်းခံပြီး သနားစရာ ကောင်းလောက်အောင် အနွံအတာခံ ကြိုးစားရှာပါတယ်။ ဖလင်နဲ့ အစမ်းရိုက်ကူး ကြည့်ကြဖို့ အဆင့်အထိရောက်ခဲ့ရပြီးမှ အစီအစဉ်ပျက်သွားခဲ့ရပါတယ်။

ဝင်းဖေဆီ ဝင်လာတဲ့ ရုပ်ရှင်ပိုးကလည်း အားလုံးသိကြတဲ့အတိုင်း မသေးလှ ပါဘူး။ ပန်းချီတောင် မရေးတော့ဘဲ ရုပ်ရှင်နယ်ထဲ ခြေစုံပစ်ဝင်သွားလို့ ဝင်းဖေရဲ့ ပန်းချီအပေါင်းအသင်းတွေရဲ့ အငြိုအငြင်ကို အများကြီးခံခဲ့ရပါတယ်။ ပန်းချီအောင်စိုး ရဲ့ သရုပ်ဆောင်ပိုးနဲ့ ပတ်သက်လို့ သူ့ရုပ်ခံက အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ နဖူး၊ နက်မှောင်သန်စွမ်းတဲ့ ဆံပင်တွေနဲ့ အသားကဖြူဖြူနဲ့ အလွန်ဥပဓိရုပ်ကောင်းသူဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အသံကတော့ ခန့်ညားပီပြင်လှတဲ့ သူ့ဥပဓိရုပ်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ၊ အသံ သေးသေးညှက်ညှက်ကလေး ဖြစ်နေပါတယ်။ ဒီမှာတင် ပန်းချီအောင်စိုးလည်း ရုပ်ရှင်ပညာမှာ ထင်တိုင်းမပေါက်ဘဲ ဖြစ်ခဲ့ရပါတယ်။ ဒါနဲ့ ဝင်းဖေက သူ့အတွက် အကြံကောင်းတစ်ခု ပေးမိပါတယ်။ ရုပ်ခံနဲ့အမူအရာကို သူကလုပ်ပြီးတော့ အသံကတော့ ဝင်းဖေရဲ့အသံနဲ့ တွဲပြီးတော့ လုပ်ရင် မဖြစ်နိုင်ဘူးလားလို့ အကြံပေးမိပါတယ်။ ဝင်းဖေဟာ ပန်းချီအောင်စိုးရဲ့ ကောင်းကောင်းကြီး ဆဲတာကို ခံခဲ့ရဖူးပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ… ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေလွယ်အိတ် အစီအစဉ်မှာ သုံးလေးပတ် ဆက်ပြီးတော့ မြန်မာခေတ်သစ် ပန်းချီဆရာတွေအကြောင်းကို မှတ်မိသလောက် ကြိုးစားတင်ပြခဲ့ပါတယ်။ အစီအစဉ် ငြီးငွေ့စရာမဖြစ်ရအောင် ဒီတစ်ပတ်တော့ ရုပ်ရှင်ပညာသည်တွေ အကြောင်းကိုပဲ ပြောင်းလဲတင်ပြပါဦးမယ်။ ဝင်းဖေရဲ့ ရုပ်ရှင်သက်တမ်း နှစ်ပေါင်းအစိတ်လောက်မှာ တွေ့ကြုံခဲ့ရတဲ့ ရုပ်ရှင်ပညာသည်တွေရဲ့ အတွေးအခေါ် အယူအဆတွေကို ရောင်ပြန်ဟပ်စေနိုင်တဲ့ သူတို့ရဲ့ အကျင့်စရိုက်လေးတွေကို တင်ပြမှာ ဖြစ်ပါတယ်။

ဝင်းဖေ ရုပ်ရှင်ဇာတ်ညွှန်းတွေ စရေးပြီး မကြာခင်မှာပဲ ထပ်ဆင့်အကယ်ဒမီ ဆုများရှင် ဒေါ်ဝါဝါဝင်းရွှေက ဝင်းဖေကို ဇာတ်ညွှန်းလိုချင်တဲ့အကြောင်း ဆွေးနွေး ပါတယ်။ ဘယ်လိုဇာတ်လမ်းမျိုးကို လိုချင်တာပါလဲမေးတော့ သူ့အနေနဲ့ လွမ်းခန်း တွေကို ပိုပြီး အားသန်ပါတယ်လို့ ပြောပါတယ်။ ဝင်းဖေက မြန်မာရုပ်ရှင်ဇာတ်လမ်း အတော် များများမှာ အထင်လွဲပြီးတော့ ပြဿနာ ဖြစ်နေကြတာတွေကို တွေ့ရတဲ့ အကြောင်း၊ ဒါ့ကြောင့် အထင်လွဲတာမျိုးကို မလိုလားတဲ့ အမျိုးသမီး တစ်ယောက်ဟာ ပြဿနာဖြစ်စရာ အကြောင်းတစ်ခု ပေါ်လာတိုင်း ပေါ်လာတိုင်း အဲဒီအကြောင်းဟာ တကယ် ဟုတ်/မဟုတ်၊ ပွင့်ပွင့်လင်းလင်း၊ ရဲရဲတင်းတင်း မေးမြန်းစုံစမ်းတတ်တဲ့ အကျင့်စရိုက်ကို ဖော်ကျူးတဲ့ဇာတ်မျိုး မကြိုက်ဘူးလားလို့မေးတော့ ချက်ချင်းဆိုသလိုပါပဲ၊ အဲဒီဇာတ်မျိုးလည်း ကောင်းသားပဲဆိုပြီး အလုပ်အပ်တာပါပဲခင်ဗျား။ အဒီဇာတ်လမ်းမျိုးဟာ အကျိုးပြုဇာတ်လမ်းလို့ဆိုရမှာပေါ့။ လူတွေ အချင်းချင်း၊ အလွယ် တကူ အထင်အမြင် မလွဲကြဖို့၊ မလိုလားအပ်တဲ့ပြဿနာတွေ ရှောင်ရှားနိုင်ကြဖို့၊ သင်ခန်းစာပေး ဇာတ်လမ်းမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်ဇာတ်လမ်းစိစစ်ရေးက ရိုးလွန်း စင်းလွန်းသည်ဆိုတဲ့ မှတ်ချက်နဲ့ အပယ်ခံရပါတယ်။ ကိုယ်တွေ့မဟုတ်ရင် ယုံနိုင်စရာတောင် မရှိပါဘူးခင်ဗျာ။

တစ်ခါကတော့ ဝင်းဖေကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်ကူးမယ့် ဇာတ်ကား အတွက် ဒေါ်ဝါဝါဝင်းရွှေကို ကုမ္ပဏီက သွားငှားပါတယ်။ ဒေါ်ဝါဝါဝင်းရွှေက ဇာတ်လမ်းကို သိပြီးမှ အလုပ်လက်ခံပါရစေလို့ မေတ္တာရပ်ခံပါတယ်။ ဒါဟာ သဘာဝ ကျပါတယ် ။ ဘယ်သူပဲဖြစ်ဖြစ် ဖြစ်နိုင်ရင်

ကိုယ်ကောင်းကောင်း လုပ်နိုင်တာ၊ ကိုယ် ကြိုက်တဲ့ဟာ ကိုယ့်အတွက် ကောင်းမယ့်အခန်းလေးတွေ ဖြစ်စေချင်တာပေါ့ခင်ဗျာ။ ဇာတ်လမ်း အကျဉ်းကိုပေးလိုက်ရင် ပြီးတာပါပဲ။ ဒါပေမဲ့ ဝင်းဖေက ဒေါ်ဝိဝိဝင်းရွှေကို ကိုယ်တိုင် ဇာတ်လမ်းပြောပြမယ်လို့ ကုမ္ပဏီကို ပြောလိုက်ပါတယ်။ တွေ့ကြဖို့ ရက်ချိန်း ရတဲ့နေ့မှာ ထုတ်လုပ်သူရယ်၊ ကုမ္ပဏီပိုင်ရှင်ရယ်၊ ရိုက်ကူးရေးမန်နေဂျာရယ်၊ ဝင်းဖေ ရယ် ဒေါ်ဝိဝိဝင်းရွှေရဲ့ အိမ်ကို သွားကြပါတယ်။ ရုပ်ရှင်ဇာတ်လမ်းရော၊ ဇာတ်ညွှန်း ကိုရော ကိုယ်တိုင်ရေးပြီးတော့ ကိုယ်တိုင်ပဲ ဒါရိုက်တာ လုပ်မယ့် ဝင်းဖေက ဇာတ်လမ်းကို ရှင်းပြတော့ မယ်ဆိုတော့ ဝင်းဖေနဲ့ပါလာတဲ့ ပုဂ္ဂိုလ် ၃ ဦးရော၊ ဒေါ်ဝိဝိဝင်းရွှေတို့ ဇနီးမောင်နှံပါ ဇာတ်လမ်းနားထောင်ဖို့ ဧည့်ခန်းထဲမှာ အသေအချာနေရာယူပြီးတော့ အထူးအာရုံစိုက်နေကြပါတယ် ခင်ဗျာ။ ဝင်းဖေက အလေးအနက် စတင်ရှင်းပြပါတယ်။ အဓိကအားဖြင့် အမျိုးသမီးတစ်ယောက်ဟာ သူ့တစ်သက်မှာ အများ ကောင်းကျိုးအတွက် အလွန်ကြီးမားမြင့်မြတ်တဲ့ အနစ်နာခံမှုကြီး ၂ ခု၊ စွန့်စွန့်စားစား ပြုလုပ်သွားပါတယ် .. တဲ့၊ ဒီဇာတ်လမ်းဟာ အနှစ်ချုပ်လိုက်ရင် ဒါပါပဲလို့... ဝင်းဖေ က သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်ပါတယ်။ နောက်ပြီးတော့မှ အဲဒီအမျိုးသမီး အဖြစ် ဒေါ်ဝိဝိဝင်းရွှေက သရုပ်ဆောင်ရမှာပါပဲလို့လည်း ပြောလိုက်ပါတယ်။ ဒေါ်ဝိဝိဝင်းရွှေကလည်း ဘာမှ ထပ်မေးမနေတော့ဘဲ အလုပ်ကို သဘောတူ လက်ခံ လိုက်ပါတော့တယ်ခင်ဗျာ။ ရှည်လျား ပေများတော့မှာပဲလို့ ထင်ရတဲ့ စကားဝိုင်းကြီးလည်း ၃ မိနစ် လောက်တောင် မကြာဘဲနဲ့ အောင်မြင် ပြီးပြတ်သွားပါတယ်။ အားလုံး လည်း ဟင်းခနဲ သက်ပြင်းချလိုက်နိုင်ကြပါတယ် ခင်ဗျာ။ ဒါပေမဲ့ အနှစ်ချုပ်ပြီး ပြောပြတိုင်းလည်း အောင်မြင်တာတော့ မဟုတ်ပါဘူးခင်ဗျာ။ ဥပမာလေး ပြောပါရစေ။ နာမည်ကြီး စာရေးဆရာမ (ဒေါ်) စန္ဒာရဲ့ တိမ်ဖုံးပါလို့ လ,မသာ ဆိုတဲ့ ဝတ္ထုကို ပန်းသီတဲ့ကြိုး ဆိုတဲ့အမည်နဲ့ ရုပ်ရှင်ရိုက်တုန်းက အထက်မြန်မာပြည် တစ်ခုလုံးအတွက် ပြသခွင့်ကို ဝယ်ယူမယ့်ပုဂ္ဂိုလ်က ဇာတ်လမ်းသိချင်ပြန်ပါတယ်လို့ ပြောလာပြန်ပါတယ်။ ဒီတော့ ထုတ်လုပ်သူတွေက ဝင်းဖေကို ဇာတ်လမ်းပြောပြဖို့ အကူအညီတောင်းကြပါတယ်။ ဒီတော့ ဝင်းဖေက ဒီဇာတ်လမ်းမှာ အလွန်မြင့်မားတဲ့ ချောက်ကမ်းပါးထိပ်က လူတစ်ယောက် လိမ့်ကျတော့မယ့်ပုံကို ပထမ အဝေးကပြမှာ ဖြစ်တဲ့ အကြောင်း၊ နောက်တော့ အနီးကပ်ပြပြီးတော့ကာ အဲဒီကျတော့မယ့်သူဟာ အလွန်သနားစရာ၊ ချစ်စရာ ကောင်းတဲ့၊ မွန်မြတ်တဲ့၊ တန်ဖိုးရှိတဲ့၊ စိတ်ရင်းစေတနာမှန်တဲ့ ကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေတဲ့အကြောင်းပြမယ်။ ပြီးတော့မှ အဲဒီ မိန်းကလေး ချောက်ထိပ်က ပြုတ်ကျသွားတာကိုပြဖို့ ဖြစ်တဲ့အကြောင်း၊ ဒီဇာတ်လမ်း ကတော့ အနှစ်ချုပ်လိုက်ရင် ဒါပါပဲလို့ ပြောချလိုက်ပါတယ်။ အထက်ဗမာပြည်ခွင် တစ်ခုလုံးကို ဝယ်မယ့်၊ နဂိုရ်ကအ တော်လေးကို တက်ကြွနေပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ

တစ်ခါတည်းကို ငိုင်ကျသွားပါတော့တယ်။ ပြီးတော့မှ "ကျွန်တော် နည်းနည်းလောက် စဉ်းစားပါရစေဦး" ဆိုပြီးတော့ ထ ထွက်သွားပါတော့တယ်။ အဲဒီကားကို ရိုက်ကူး ထုတ်လုပ်မယ့်သူ နှစ်ယောက်ဟာ ကျွန်တော့်ကို အတော်လေးကို ချိုကျ (ဂျိုကျ) သွားပါတယ်။ ဒါပေမဲ့ ကံအားလျော်စွာ ညနေဘက်ကျတော့ ဝယ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘာစိတ်ကူးပေါက်လာသလဲ၊ မပြောတတ်ပါဘူး ... ပြန်လာပြီးတော့ ... အဲဒီ "ပန်းသီ တဲ့ကြိုး" ဇာတ်ကား၊ အထက်မြန်မာပြည်ဖြန့်ချိခွင့်ကို ဘာမှ ဈေးဆစ်မနေတော့ဘဲ တောင်းတဲ့ဈေးကိုပေးပြီး ဝယ်သွားခဲ့ပါတယ်ခင်ဗျာ။ အဲဒီကား ရုံတင်တော့ လူတွေက ကြိုက်ကြလို့တဲ့ ... အဲဒီလူလည်း အတော်ကလေးကို မြတ်လိုက်ပါတယ်။

တစ်ခါကတော့ ... ဦးသန့်အရေးအခင်း ကာလ၊ တက္ကသိုလ်ကျောင်းသား တွေက ဦးသန့်ရဲ့ ရုပ်ကလပ်ကို တက္ကသိုလ်ကျောင်းဝင်းထဲ ယူသွားတဲ့အချိန်၊ ဝင်းဖေ ကလည်း အဲဒီလိုတက္ကသိုလ်ကျောင်းသားတွေ တက်တက်ကြွကြွနဲ့ လှုပ်ရှားနေတဲ့ တက္ကသိုလ်ကျောင်းဝင်းထဲကို ညတိုင်းရောက်နေကျ ဖြစ်ပါတယ်။ တစ်ညတော့ ညနေ ပိုင်း တက္ကသိုလ်ကျောင်းဝင်းထဲကို သွားတော့မလို့လုပ်နေတုန်း ရုပ်ရှင်ကား ထုတ်လုပ် ချင်တဲ့ သူဌေးနှစ်ယောက် ဝင်းဖေဆီရောက်လာပြီးတော့ကာ ဇာတ်လမ်းရှိသလားလို့ မေးပါတယ်။ သွားစရာရှိလို့၊ နောက်တစ်နေ့မှ လာပါဆိုတာ ပြောလို့မရဘူး ခင်ဗျာ။

ဇာတ်လမ်းရှိရင် ပြောပြပါဆိုလို့ အားနာတာနဲ့ တစ်ပုဒ်ကို ပြောပြမိပါတယ်။ လေရှည် ပြီးတော့ တစ်နာရီသာသာလောက် ကြာသွားပါတယ်။ ဇာတ်ကို ကပျာကယာဖြတ်ပြီး တက္ကသိုလ်ကျောင်းဝင်းထဲ သွားတော့မယ်လို့လည်းလုပ်ရော ဟိုမှာ စစ်တပ်က ကျောင်းသားတွေကို စက်သေနတ်တွေ၊ ဂျီသရီးတွေနဲ့ ပစ်ပြီးတော့ ဖမ်းလား၊ ဆီးလား၊ သတ်လား၊ ဖြတ်လား လုပ်ကုန်ကြပြီလို့ သတင်းကြားရတော့တာပါပဲခင်ဗျာ။ အဲဒီလို ရုပ်ရှင်ဇာတ်လမ်းက ကယ်လို့လည်း သေမယ့်အရေး၊ ထောင်ကျမယ့်အရေးတွေက လွတ်မြောက်ခဲ့ဖူးပါတယ်။ ဆက်လက် တင်ပြပါ့မယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က တင်ပြခဲ့တဲ့ ထပ်ဆင့် အကယ်ဒမီဆုများရှင် ရုပ်ရှင်မင်းသမီးကြီး ဒေါ်ဝါဝါဝင်းရွှေ အကြောင်းကိုပဲ ဆက်လက် တင်ပြချင်ပါတယ်။

ဝင်းဖေ မွှေးအောင်လှတဲ့ပန်း ဆိုတဲ့ ဇာတ်ကားကို ရိုက်ကူးတော့ ဒေါ်ဝါဝါဝင်းရွှေက ခေါင်းဆောင်မင်းသမီးပါ။ ဒေါ်ဝါဝါဝင်းရွှေဟာ ရုပ်ရှင်နယ်ထဲကို ဝင်းဖေထက် အများကြီး စောရောက်နေတဲ့ ဝါရင့်အနုပညာသည်ပါ။ ဇာတ်လမ်း အရ ဒေါ်ဝါဝါဝင်းရွှေဟာ ဆင်းရဲပါတယ်။ အဲဒီဇာတ်ကား ပထမဆုံးစရိုက်တဲ့နေ့၊ ဝင်းဖေနဲ့ ဒေါ်ဝါဝါဝင်းရွှေတို့ မင်းသမီးနဲ့ ဒါရိုက်တာအဖြစ် ပထမဦးဆုံး စတွေ့ကြတဲ့နေ့၊ ဒေါ်ဝါဝါဝင်းရွှေက မိတ်ကပ်နဲ့အဝတ်အစားကို အိမ်ကတည်းက ကြိုတင် ပြင်ဆင်ပြီးတော့ ရိုက်ကွင်းပေါ်ရောက်လာပါတယ်။ ဝင်းဖေက ဒေါ်ဝါဝါဝင်းရွှေ ကြိုတင်ပြင်ဆင် လာတာအားလုံး ကောင်းတဲ့အကြောင်း၊ ဒါပေမဲ့ မျက်တောင် အတုကတော့ နည်းနည်း ရှည်လွန်းနေတဲ့အကြောင်း ပြောပါတယ်။ တာဝန်ရှိတဲ့ မိတ်ကပ်ဆရာက သူတို့မှာရှိတဲ့ မျက်တောင်အတုတွေထဲမှာ ဒါအတိုဆုံးပါပဲလို့ ... ပြောလို့ စကားမှ မဆုံးသေးဘူး၊ ဒေါ်ဝါဝါဝင်းရွှေက မျက်တောင်အတုတွေကို ဆွဲဖြုတ်လိုက်ပါတယ်။ ပြီးတော့မှ သိပ် မရှည်တဲ့ မျက်တောင်တုကို သူကိုယ်တိုင်ရှာပြီးတော့ တပ်စေပါတယ်။ ချက်ချင်း အားလုံးအဆင်ပြေသွားပါတယ်။ နောက်ရက် တွေလည်း အားလုံး အဆင်ပြေသွားပါတယ်။ အဲဒီကားမှာ ဒေါ်ဝါဝါဝင်းရွှေက နောက်ဆုံးမှာ သီလရှင်ဘဝကို ကူးပြောင်း သွားရပါတယ်။ ဝင်းဖေက မင်းသမီးကို အားနာလို့ ရုပ်ရှင်မိတ်ကပ်ပညာကိုပဲ သုံးပြီးတော့ သီလရှင် ခေါင်းတုံးကို ရိုက်ကူးဖို့ စီစဉ်ထားပါတယ်လို့ ဒေါ်ဝါဝါဝင်းရွှေကို ပြောတော့ ဒေါ်ဝါဝါဝင်းရွှေ ... ဇာတ်ကား ပိုပြီးတော့ ပီပြင်အောင် လို့တဲ့၊ သူ့ဆံပင်ကို စွန့်ပါ့မယ်တဲ့။ သူ့ဆံပင်ကို ဖြတ်ပစ်ပါ့မယ်လို့ ပြောပါတယ်။ ဝင်းဖေတို့အားလုံး သိပ်ပျော်သွားပါတယ်။ သီလရှင်ဝတ်တဲ့အခါမှာ ဆံချတာကအစ အလွန်ပီပြင်အောင် ရိုက်နိုင်ခဲ့ကြပါတယ်။

ဒီနေရာမှာ ကြုံလို့ တစ်ခုထည့်ပြောချင်ပါတယ်။ သီလရှင်ဝတ်ဖို့ ဆံချတဲ့ အခန်းကို ရိုက်တဲ့ရိုက်ကွင်းမှာပဲ ဒေါ်ဝါဝါဝင်းရွှေတို့ ဆည်းကပ်တဲ့ ဆရာကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီး ကြွလာပါတယ်။ ကြည့်လိုက်တော့ စာရေးဆရာကြီး မင်းသိန်း ဖြစ်နေပါတယ်။ ဒေါ်ဝါဝါဝင်းရွှေတို့ ဇနီးမောင်နှံက ဝင်းဖေနဲ့မိတ်ဆက်ပေးလို့

ဝင်းဖေကလည်း "ဆရာကြီး နေကောင်းပါရဲ့လား"လို့ နှုတ်ဆက်ပါတယ်။ ဒီတော့ ဆရာကြီးမင်းသိခ်က "ဝင်းဖေအနေနဲ့ သူ့ကို ဆရာကြီးလို့ မခေါ်ပါနဲ့တဲ့။ ခေါ်လို့ မဖြစ်ပါဘူး" လို့ ပြောပါတယ်။ ဒါနဲ့ ဘာပြုလို့ပါလဲလို့မေးတော့ ... သူဟာ တစ်ချိန်က ဝင်းဖေရဲ့ တပည့် ဖြစ်ခဲ့ဖူးပါတယ်တဲ့။ ဝင်းဖေ မန္တလေး လူထုသတင်းစာမှာ ကာတွန်းရေးနေစဉ်က သူက မကွေးမြို့မှာ လက်ဖက်ရည် ဖျော်တဲ့သူပါတဲ့။ မင်းသိခ် မဖြစ်သေးပါဘူး တဲ့။ လူထုသတင်းစာထဲက ဝင်းဖေရဲ့ကာတွန်းတွေကို ကြိုက်လို့ သူလည်း ကာတွန်းတွေ ရေးရေးပြီးတော့ ဝင်းဖေဆီ ၃/ ၄ကြိမ် လောက် ပို့ဖူးပါတယ်တဲ့။ ဝင်းဖေက သူ့ကာတွန်း တွေကို ကျကျနန ပြင်ပေး၊ သင်ပေးပါတယ်တဲ့။ ဒါကြောင့် ဝင်းဖေဟာ သူ့ဆရာပါတဲ့။ ဝင်းဖေလည်း ရုတ်တရက် မမျှော်လင့်ဘဲ ဆရာကြီးမင်းသိခ်ရဲ့ဆရာ ဖြစ်လိုက်ရပါသေး တယ်။ ဟုတ်ပါတယ်၊ ဝင်းဖေနဲ့ ပန်းချီပေါ်ဦးသက်တို့ လူထုတိုက်မှာ ကာတွန်းဆွဲနေ တုန်းက ဝင်းဖေရော၊ ပန်းချီပေါ်ဦးသက်ပါ ပညာသင်ဆုရကြလို့ အမေရိကန်နိုင်ငံမှာ အကောင်းဆုံး၊ ဈေးအကြီးဆုံးဆိုတဲ့ 12 Famous Artist School ဆိုတဲ့ ကျောင်းက စာပေးစာယူသင်တန်းကို တက်နေကြတဲ့အချိန် ဖြစ်ပါတယ်။ ကာတွန်းတွေဆွဲပြီးတော့ တခြားလူတွေက လူထုတိုက်ကို ပို့လာကြရင်လည်း ဝင်းဖေတို့က သူတို့ကိုယ်တိုင် သင်နေတဲ့ သင်တန်းက သင်ခန်းစာတွေကို မှီးပြီးတော့ ပြင်ပေး၊ သင်ပေးခဲ့ကြဖူးတာ အမှန်ပါ။

နောက်တစ်ခါ ဒေါ်ဝါဝါဝင်းရွှေကိုယ်တိုင် ဒါရိုက်တာလုပ်ဖို့ ဝင်းဖေ ဇာတ်ညွှန်း ရေးပေးရဖူးပါတယ်။ ဇာတ်လမ်း ကတော့ ပန်းချီမိုက်မိုက် ရေးတဲ့ ဘဲဥမ ဆိုတဲ့ ရုပ်ပြဇာတ်လမ်းပါ။ ဒါတောင် ရုပ်ရှင်ဆင်ဆာက ဘဲဥမ ဆိုတဲ့ ရုပ်ရှင် အမည်ကို တော့ ခွင့်မပြုနိုင်ဘူး ဆိုလို့ ပြင်ပေးလိုက်ရပါသေးတယ်။ ဘဲဥမ ဆိုတဲ့နာမည်မှာ ဘာများ အန္တရာယ် ရှိနေလို့လဲဗျာ။ ကဲ ထားပါတော့၊ အဲဒီ ဇာတ်ညွှန်းကို ဒေါ်ဝါဝါ ဝင်းရွှေကိုယ်တိုင် ဒါရိုက်တာလုပ်ရိုက်တော့ကာ ဝင်ငွေ သိပ်ကောင်းပြီး၊ အလွန် အောင်မြင်ခဲ့ပါတယ်။ ဒေါ်ဝါဝါဝင်းရွှေက ဝင်းဖေကို မေးပါတယ်။ ဝင်းဖေ ဇာတ်ညွှန်းကို သူ ရိုက်တာ ဘယ်လိုနေပါသလဲတဲ့။ ဝင်းဖေက ပြောလိုက်ပါတယ်။ ဒီကား အခုလို ထူးထူးခြားခြား အောင်မြင်တာဟာ ဇာတ်ညွှန်းကြောင့် ၂၀ % လောက်ပဲရှိပြီး ဒေါ်ဝါဝါဝင်းရွှေရဲ့ ဒါရိုက်တာပညာနဲ့ သရုပ်ဆောင်ပညာတွေက ၈၀% ဖြစ်ကြောင်း အချက်အလက်နဲ့တကွ ပြောလိုက်ပါတယ်။

အဲဒီကားထဲမှာ ဘယ်အခန်းအကြိုက်ဆုံးလဲလို့လည်း ဒေါ်ဝါဝါဝင်းရွှေက ဇွတ်မေးပါတယ်။ အဲဒီဇာတ်လမ်းထဲမှာ ဘဲဥမရဲ့ယောက်ျားက အရက်ကြိုက်တဲ့ အရက်သမား၊ ဘတ်စ်ကားဒရိုင်ဘာ ထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ဒေါ်ဝါဝါဝင်းရွှေ ကတော့ ဆတ်ဆတ်ကြဲ၊ နှုတ်သီးကောင်းလျှာပါး၊ ဈေးသည်မ ဖြစ်ပါတယ်။

ဘဲဥမက သူ့လင် အလစ်မှာ သူ့လင် ချွတ်ပြီးချိတ်ထားတဲ့ အင်္ကျီအိတ်ထဲက ပိုက်ဆံကို တိတ်တဆိတ် နှိုက်ယူတဲ့အခန်းလေးမှာ ဘဲဥမက အသာလေး နှိုက်နေတုန်း သူ့လင်က သူ့နောက်ကနေ ရောက်လာပြီးတော့ကာ ဒန်သတ္တု ထမင်းအိုး ဖုံးကြီးကို ယောက်မနဲ့ တီးတော့မယ့် အခန်းကို အကြိုက်ဆုံးပဲလို့ အမှန်အတိုင်း ပြောလိုက်ပါတယ်။ ဒေါ်ဝါဝါဝင်းရွှေက ရယ်လိုက်တာ။ တခြား အခန်းတွေလည်း ကောင်းပါတယ်။ ဒါပေမဲ့ ဒီအခန်းမျိုးကတော့ တစ်ခါတလေမှ တွေ့ကြရတာ မဟုတ်လား၊ ထွန်းထွန်းနိုင်က ဒန်သတ္တု ထမင်းအိုးဖုံး ကြီးကို ယောက်မနဲ့ တအားတီးလိုက်တဲ့အခါမှာ ဘဲဥမဟာ မြောက်တက် သွားမတတ်၊ လန့်ဖျပ်သွားတာ သိပ်မိပါတယ် ခင်ဗျား။ ဆက်လက်တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့နှစ်ပတ်က အကယ်ဒမီဆုများရှင် ဒေါ်ဝါဝါဝင်းရွှေနဲ့ ဝင်းဖေ ကြုံခဲ့ဆုံခဲ့ရတာတချို့ကို တင်ပြခဲ့ပါတယ်။ ဒီတစ်ပတ်တော့ ကိုကျော်ဟိန်းနဲ့ အတွေ့အကြုံ လေးတွေကို ပြောင်းလဲတင်ပြပါဦးမယ်။

ကျော်ဟိန်းဟာ ဇော်ဝမ်း ထက်စောပြီးတော့ အောင်မြင်ကျော်ကြားလာပါတယ်။ ဒါပေမဲ့ ဇော်ဝမ်း တက်လာပြီး တစ်ဟုန်ထိုး နာမည်ကြီးလာတဲ့အချိန်မှာ ကျော်ဟိန်းရဲ့အရှိန် တုံ့သွားပါတယ်။ ဝင်းဖေက ဇော်ဝမ်းနဲ့ ပိုနီးစပ်သူ ဖြစ်ပါတယ်။ ဇော်ဝမ်း၊ ကျော်ဟိန်း အပြိုင်နာမည်ကြီးနေကြချိန်မှာ ဝင်းဖေတို့က သူတို့နှစ်ယောက်ကို တွဲပြီး ရုပ်ရှင်ကား တစ်ကား ရိုက်ကူးဖို့ကြိုးစားခဲ့ကြပါတယ်။ ဒါရိုက်တာက မောင်တင်ဦးပါ။ ဝင်းဖေက ဇာတ်ညွှန်းကို တာဝန်ယူရပါတယ်။ ကျော်ဟိန်းက အင်တင်တင် ဖြစ်နေလို့ ဝင်းဖေက ကြားဝင်ပြီး ညှိပေးရပါတယ်။ ခေါင်းဆောင်နေရာ နှစ်နေရာ ရှိတဲ့အနက် ဧည့်သည် ကျော်ဟိန်းကို ဦးစားပေးပြီးတော့ ကြိုက်ရာနေရာကို ရွေးခွင့် ပေးလိုက်ပါတယ်။ ဒုတိယကားကျရင်တော့ ဇော်ဝမ်းကို ဦးစားပေးရမယ် ဆိုတဲ့ သဘောတူညီချက်နဲ့ပါ။ ရိုက်လိုက်တော့လည်း အောင်မြင်တာပါပဲ။ ဒါပေမဲ့ ဇော်ဝမ်းဟာ သူ့စိတ်ကြိုက် ရွေးချယ်ရမယ့် အလှည့်ကို မရောက်လိုက်ပါဘူး။ သူ့ခြေလှမ်း တစ်ချက် မှားလိုက်တာကို ပေးဆပ်နေရတာနဲ့ အချိန်တွေအများကြီး ကုန်သွားပါတယ်။

မောင်တင်ဦး ဝင်းဖေဆီလာခါစက တစ်နေ့ သူ့ညီဇော်ဝမ်းကို ခေါ်လာပြီး မိတ်ဆက်ပေးရင်း ... "ဒီကောင် မင်းသား လုပ်မလို့၊ ဖြစ်နိုင်ပါ့မလား" လို့ မေးပါတယ်။ ဝင်းဖေ က မဖြစ်နိုင်ဘူးလို့ ပြောလိုက်ပါတယ်။ နောက် ဇော်ဝမ်း ဟိုးလေးတကျော်နဲ့ တစ်ဟုန်ထိုး အောင်မြင်လာတော့ ... ဝင်းဖေကို ပြုံးစိစိနဲ့ကြည့်ပြီးတော့ .. "တစ်ချိန်က ကျွန်တော့်ကို မင်းသား မဖြစ်နိုင်ဘူးလို့ ပြောခဲ့တာ မှတ်မိသေးသလား" လို့ မေးပါတယ်။ ဝင်းဖေကလည်း အကြာကြီး စဉ်းစား မနေပါဘူး၊ "အေးလေ ... မင်း ဘယ်တော့ မှ မင်းသားမဖြစ်နိုင်ဘူး၊ အခုဖြစ်လာတာက သရုပ်ဆောင်ကွ၊ သရုပ်ဆောင်နဲ့ မင်းသား တူသလိုလိုနဲ့ မတူဘူးဆိုတာ မင်း နားမလည်သေးလို့ပါ" လို့ ပြောလိုက်ပါတယ်။ ခုလောက်ဆို နားလည်လောက်ပါပြီ။

ဝင်းဖေ ဒါရိုက်တာလုပ်ပြီး ကားတွေ ရိုက်တော့မယ်ဆိုတော့ ဇော်ဝမ်းနဲ့ လျှာထားတာတွေ များပါတယ်။ ဒါပေမဲ့ ဇော်ဝမ်း ခြေလှမ်းတစ်ချက်အမှားမှာ သူနဲ့ ရိုက်ရမယ့် ကားတွေအားလုံး ကျော်ဟိန်းနဲ့ ပြောင်းရိုက်ရပါတယ်။ ဥပမာ … မဟူရာ တို့၊ ပန်းစကားတို့ တစ်ခါကတစ်ဘဝတို့ စတဲ့ကားတွေ အများကြီးပါပဲ။ မဟူရာ ရိုက်တော့ ကျော်ဟိန်းက ကောင်းကောင်း သိပါတယ်။ သူ ဇော်ဝမ်းရိုက်ရမယ့်ကားကို ဝင်ရိုက်နေရပြီဆိုတာ …။ ဝင်းဖေက ဇာတ်ညွှန်းကို သရုပ်ဆောင်တွေကို ကြိုပေးထား တတ်ပါတယ်။ ဘယ်လို လှုပ်ရှားကြရမယ်၊ ဘာစကားတွေ ပြောရမယ်ဆိုတာ အတိအကျ ပါပြီးသားပါ။ ဒါပေမဲ့ ပုံသေတော့ မထားပါဘူး။ ရိုက်ကွင်းပေါ်ရောက်မှ နောက်ဆုံး စိတ်ကူး အပြောင်းအလဲ ရှိရင် ရှိသလို ပြင်ပါတယ်။ ဝင်းဖေကိုယ်တိုင် ကိုင်ပြီးရိုက်တဲ့ ဇာတ်ညွှန်းကတော့ သီးခြားရှိပါတယ်။ Type စာလုံး တွေနဲ့အတူ ပန်းချီ ပုံကြမ်းတွေ၊ လက်ရေးနဲ့ မှတ်ချက်တွေ ပါပါတယ်။ ဝင်းဖေက ပန်းချီသမားမို့ ကိုယ် လိုချင်တဲ့ အရုပ်အနေအထား၊ အရုပ်ဖွဲ့စည်းပုံ Compositionကို ကင်မရာမင်း သိအောင်ပြောပြဖို့ ပုံကြမ်းတွေ ဆွဲဆွဲထားတတ် ပါတယ်။ ရိုက်ရင်း ထပ်ထည့်စရာလေး တွေကို မေ့မှာစိုးလို့ လက်ရေးနဲ့ ကောက်မှတ်ထားတဲ့ မှတ်ချက်တွေလည်း အများကြီး ရှိနေတတ်ပါတယ်။

ကျော်ဟိန်းက အဲဒီ ဝင်းဖေရဲ့ မဟူရာ ရိုက်ကွင်းဇာတ်ညွှန်းကို ခဏခဏ ကြည့်ခွင့် တောင်းတတ်ပါတယ်။ သူကလည်း ပန်းချီဝါသနာ ပါပါတယ်။ နောက်ပြီး မကြာခင်မှာ ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ရိုက်ဖို့လည်း စိတ်ကူးထားတဲ့သူ ဖြစ်ပါတယ်။ တစ်ခါမှာတော့ ကျွန်တော့် မှတ်ချက်တစ်ခုကို နားမလည်လို့ဆိုပြီး လာမေးပါတယ်။

မှတ်ချက်က Your hair be my pillow လို့ အင်္ဂလိပ်လို ရေးထားတာပါ။ ဇာတ်လမ်း အရ သတို့သမီးနဲ့သတို့သား မင်္ဂလာဆောင်ပြီး နောက်တစ်နေ့အိပ်ရာက နိုးလာတဲ့ ပြကွက်မှာ မိန်းကလေးရဲ့ဆံပင်တွေကို ယောကျ်ားကလေးက ခေါင်းအုံးပြီး အိပ်နေတာ လေး ဖြစ်ချင်လို့ တကယ်ရိုက်တော့ မေ့မသွားအောင် မှတ်ထားတာပါ။ ကျော်ဟိန်းဟာ ရမ္မက်အာရုံတွေကို အလွန် ထိရှလွယ်သူ ဖြစ်ပါတယ်။ ဒီမှတ်ချက်ကလေးနဲ့ ပတ်သက်လို့ သိသိသာသာ လှုပ်ရှားသွားပါတယ်။ ဒီတုန်းက ကျော်ဟိန်းဟာ အဓိက သရုပ်ဆောင်တွေထဲမှာ ဈေးအကြီးဆုံး ဖြစ်ပါတယ်။ ဒါပေမဲ့ ဝင်းဖေကို မေးပါတယ်။ ဒီ မဟူရာဇာတ်ကားမှာ .. ဦးထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်စံရှားတင်၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ … အားလုံး (၆)ယောက် အပြိုင်အဆိုင် အကောင်အထည်ဖော်ကြရမှာ ဖြစ်နေလို့ ကျော်ဟိန်းအနေနဲ့ ဇာတ်ကားတစ်ကားလုံးရဲ့ ခြောက်ပုံတစ်ပုံသာ တာဝန်ယူရမှာ ဖြစ်နေလို့တဲ့ …

သရုပ်ဆောင်ခကို အများကြီး လျှော့ချလိုက်ပါတယ်။

မဟာရာဇာတ်သိမ်းခန်းမှာ ကင်ဆာရောဂါနဲ့ စောစောသေနှင့်သူ ဒေါ်မြင့်မြင့်ခင် က လွဲပြီးတော့ ... ဦးထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ ဒေါ်စံရှားတင်၊ နွဲ့နွဲ့မူနဲ့ ကျော်ဟိန်း တို့ သေဆုံးကုန်ကြပါတယ်။ ကျော်ဟိန်းဟာ ကောလိပ်ဂျင် နေဝင်းက သေနတ်နဲ့ အပစ်ခံရလို့ သေရမှာ ဖြစ်ပါတယ်။ ကျော်ဟိန်းက သူ သေနတ်မှန်၊ လဲကျ၊ သေဆုံး တာကို အစမ်းလုပ်ပြပါတယ်။ သူ့အမူအရာ ကုန်အောင်ပြမယ်ဆိုရင် အနည်းဆုံး ၁၀ စက္ကန့်လောက် လိုပါမယ်။ ဝင်းဖေက ဒီအခန်းမှာ Flash Cards တွေ၊ လျှပ် တစ်ပြက် ပြကွက်တွေနဲ့ပဲ ပြရမှာမို့ အချိန်မပေးနိုင်တဲ့အကြောင်း၊ ကောလိပ်ဂျင် နေဝင်းက ဒိုင်းခနဲ ပစ်လိုက်တဲ့အခါမှာ ကျော်ဟိန်းကလည်း ဘုတ်ခနဲ လဲကျသေဆုံး ဖို့ပဲ၊ အချိန် တစ်စက္ကန့်ပဲ ပေးနိုင်မယ်လို့ ပြောလိုက်ပါတယ်။ ကွက်တိပါပဲ။ တကယ် ရိုက်ကြတဲ့အခါမှာ ကျော်ဟိန်းဟာ ဖုတ်ခနဲ လဲကျသေဆုံးပေးပါတယ်။

ဆက်လက်တင်ပြပါ့မယ် ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

မဟူရာ ရုပ်ရှင်ကားဟာ ဝင်းဖေရဲ့ ဒုတိယမြောက်ကား ဖြစ်ပါတယ်။ မဟူရာ ရုပ်ရှင်ကားမှာ လူအချင်းချင်း ဆက်ဆံကြတဲ့အခါ သူ့စည်း၊ ကိုယ့်စည်း၊ သူ့တာဝန်၊ ကိုယ့်တာဝန် ... ဆိုတာတွေရှိကြတဲ့အကြောင်း၊ အဲဒီစည်းတွေ၊ တာဝန်တွေကို ကြီးကြီး မားမား ချိုးဖောက်ကျူးလွန်ကြရင် ... ကြီးကြီးကျယ်ကျယ်၊ ဆုံးရှုံးပျက်စီးတတ်တဲ့ အကြောင်း၊ ဇမ္ဗူဓိဌာန်ကျကျ ရေးသားရိုက်ကူးထားတာပါ။ ဒီလို ရည်ရွယ်ချက်နဲ့ ရေးသားရိုက်ကူးမှာကို ဒီတုန်းက ရုပ်ရှင်ဆင်ဆာ အဖွဲ့ဝင် မ-ဆ-လ ပါတီ၊ ဗဟို ကော်မတီဝင်တစ်ဦးက ကောင်းကောင်းသဘောပေါက် နားလည်တဲ့အတွက် ရိုက်ကူး ခွင့် ချပေးရေးမှာ အထူးတလည် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါပေမဲ့ မဟူရာကား ဆင်ဆာမတင်မီ အစမ်းပြသစဉ်မှာ ရုပ်ရှင်ပညာသည် တစ်ယောက်က ကြည့်ခွင့် ရသွားပြီးတော့ ... “ဒီ မဟူရာ ရုပ်ရှင်ကားဟာ မ-ဆ-လ စစ်အစိုးရကို တိုက်ရိုက်ဆန့်ကျင် ရိုက်ကူးထားတာပါ”လို့ ဇမ္ဗူဓိဌာန်ကို ပုဂ္ဂလဓိဌာန် အဖြစ် ကျဉ်းမြောင်းတဲ့အမြင်ကို ပြောင်းပြီးတော့ စွဲချက်တင် တိုင်တန်းပါတော့တယ်။ မ-ဆ-လ စစ်အစိုးရက မဟူရာရုပ်ရှင်ကားကို ပိတ်ပြီးတော့ ရေးသားရိုက်ကူးတဲ့ ဒါရိုက်တာ ဝင်းဖေကို ဖမ်းဆီးအရေးယူဖို့ စီစဉ်ပါတယ်။ ဒီအခြေအနေမှာ နဂိုကတည်းက ရည်ရွယ်ချက် အမှန်ကိုသိလို့ ရိုက်ကူးခွင့်ချပေးရေးမှာ အထူး ကူညီပေးခဲ့တဲ့ မ-ဆ-လ ဗဟို ကော်မတီဝင်၊ ရုပ်ရှင်ဆင်ဆာလူကြီးက ပြတ်ပြတ်သားသား ကြားဝင် ဖြေရှင်းပေးပါတယ်။ နောက်ဆုံးမှာ မဟူရာ ဇာတ်သိမ်းခန်းတစ်ခုလုံးနဲ့ တော်တော် များများကို ဖြတ်တောက်ပြီး ပြန်လည်ပြင်ဆင် ရိုက်ကူးရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပြီးပြေသွားပါတယ်။

မဟူရာဇာတ်ကားမှာ ကြီးမားတဲ့ ပြဿနာတွေကို ဖြစ်စေတဲ့ သစ်စက်သူဌေး ဦးတင်မောင်နေရာမှာ ကောလိပ်ဂျင်နေဝင်းကို တာဝန်ပေးခဲ့တာဟာ ဘာသဘောလဲ လို့လည်းအမေးခံရပါတယ်။ မဟူရာဇာတ်လမ်းအရ ဇမ္ဗူဓိဌာန်နဲ့ ပေးတဲ့ သင်ခန်းစာ ထဲမှာပဲ မ-ဆ-လ စစ်အစိုးရရဲ့ကဏ္ဍက ငြိနေတယ်ဆိုရင် ဘာပြောမလဲလို့လည်း အမေးခံရပါတယ်။ ဒါကိုတော့ ဝင်းဖေလည်း ဘာမှမတတ်နိုင်ပါဘူးလို့ပဲ ဖြေကြား ရပါတယ်။

မဟူရာဇာတ်ကားဟာ ရုံတင်ပြသတဲ့အခါမှာ အောင်မြင်ပါတယ်။ မဟူရာဇာတ်သိမ်းဟာ အားပျော့ ပျက်စီးသွားတာ မှန်ပေမဲ့ ရုပ်ရှင်ကြည့်ပရိသတ် အတော်များများက အကြီးအကျယ် ဆင်ဆာအဖြတ်ခံခဲ့ရတာကို သိနေကြတော့ ကရုဏာသက် ကြိုပုံရပါတယ်။ နောက်တစ်ခုက မဟူရာဇာတ်သိမ်းကို ပရိသတ်က သူတို့ နားစွန် နားဖျား ကြားထားတဲ့ မူရင်းဇာတ်သိမ်းနဲ့ကိုက်ပြီး သူတို့ဟာနဲ့သူတို့ စိတ်ကူးနဲ့ ရုပ်ရှင် ရိုက်ကုန်ကြပါတယ်။ ဒါကတော့ အရှုံးထဲက အမြတ်တစ်ခုပါပဲ။ ဝင်းဖေကိုယ်တိုင် ရိုက်ပြရတာထက် အများကြီး ပိုပြီးတော့ထိရောက်ပါတယ်။ ဒါ့အပြင် မဟူရာ ဇာတ် ကားနဲ့ပတ်သက်လို့ အကောင်းအဆိုးဝေဖန်ချက်တွေလည်း ပုံမှန်အနေအထားထက် အများကြီးပိုများလာပါတယ်။ ဝင်းဖေကိုယ်တိုင်ကတော့ နှစ်အတော်များများ စုံစမ်း ထောက်လှမ်းရေးရဲ့ မျက်စိအောက်မှာ နေနေရပါတော့တယ်။ ၁၀ နှစ်လောက်ကြာ တော့မှ ဝင်းဖေဆိုတဲ့ ဒါရိုက်တာဟာ ... စစ်အစိုးရကို မကြိုက်ရင် မကြိုက်သလို နေရာမရွေး ပြောချ လိုက်တတ်တာ မှန်ပေမဲ့ သူ့မှာ အဖွဲ့အစည်းနဲ့လှုပ်ရှားတာ မဟုတ်ဘူး၊ သူ တစ်ယောက်တည်းပဲဆိုတဲ့ နောက်ဆုံး ကောက်ချက် ထုတ်လိုက်နိုင်တယ်လို့ သိရပါတယ်။ ဟုတ်/မဟုတ်တော့ သေသေချာချာ မသိပါဘူး။ အစိုးရအတွင်း အန္တရာယ်ကောင်ပဲဆိုတဲ့ လူဆိုးစာရင်း၊ နာမည်ပျက်စာရင်းက ပြန်ဖျက် ပေးလိုက်တာတော့ သေချာပါတယ်။ ဘာပြုလို့လဲ ဆိုတော့ ... ၁၉၈၁ ခုနှစ်အတွက် ဝင်းဖေကို ရုပ်ရှင်ထူးချွန်ဆု ပေးလိုက်တဲ့အတွက် ဖြစ်ပါတယ်။ ဝင်းဖေအဖို့ ကတော့ ထောင်က လွတ်လာတာလို ခံစားလိုက်ရပါတယ်။ ရုပ်ရှင်ထူးချွန်ဆုအတွက် ဆုပေးပွဲမှာ ဝင်းဖေကို တာဝန်ရှိတဲ့သူ တစ်ဦးက ဆုရတဲ့အတွက် ပြန်ကြားရေးနဲ့ယဉ်ကျေးမှုဝန်ကြီးကို ကျေးဇူးတင်ကြောင်း အရင်ဆုံးပြောဖို့ သတိလာပေးပါတယ်။ ဒီလိုပြောပေးဖို့ ဝန်ကြီး ကိုယ်တိုင်ကတော့ ပြောမယ် မထင်ပါဘူး။ ကြက်တူရွေးက တော်တော်၊ မယ်ဘော်က ကဲ ဆိုတာလို အောက်ကလူတွေ သည်းတာနေမှာပါလို့ ဝင်းဖေက တွေးပါတယ်။ ဝင်းဖေ စင်ပေါ်က ဆင်းလာတော့ တာဝန်ရှိတဲ့လူတစ်ယောက်က “ဦးဝင်းဖေ ဝန်ကြီးကို ကျေးဇူးတင်ကြောင်းပြောဖို့ မေ့သွားတယ်နော်” လို့ ပြောပါတယ်။ ဝင်းဖေက မေ့သွား တာ မဟုတ်ပါဘူးလို့ ပြန်မပြောလိုက်ပါဘူး။ ဘာပြန်ပြောရမှန်းမသိရင် (ဒါမှမဟုတ်) ပြန်မပြောချင်ရင် လုပ်နေကျအတိုင်း ပြုံးပဲပြုလိုက်ပါတယ်။ မဟူရာဇာတ်ကားရဲ့ မူလ ခေါင်းစီးက အလကားလူ ဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်လမ်း စိစစ်ရေးအဖွဲ့က အဲဒီ နာမည်ကို လက်မခံပါဘူး။ ဘာ့ကြောင့်ဆိုတဲ့ အကြောင်းပြချက် မပါပါဘူး။ ဘာ့ကြောင့်ဆိုတာ ပြန်မေးခွင့် မရှိပါဘူး။ ဥပဒေတော့ ထုတ်မထားပါဘူး။ ဒါပေမဲ့ ပြန် မေးတာကို မကြိုက်ပါဘူး။ အဲဒီလို သူတို့မကြိုက်တာကိုဇွတ်လုပ်ရင် တခြားအခက်အခဲ တွေနဲ့ ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ လူသတ်မှု ကျူးလွန်တဲ့ ရာဇဝတ်တရားခံတောင် ရုံးတော်မှာ ပြန်လည်မေးမြန်းခွင့်၊ အယူခံခွင့်ရှိပါတယ်။ ရုပ်ရှင်ဆင်ဆာ အဖွဲ့က ဘူး

ဆိုလိုက်ရင်တော့ ဖရုံ မသီးတော့ပါဘူး။ အယူခံခွင့် မရှိဘူးလို့ ရုပ်ရှင်နယ်မှာ အလွန် လူပြောများပါတယ်။ အလွန် ဝမ်းနည်းစရာ ကောင်းတဲ့ အချက် ဖြစ်ပါတယ်။ ရုပ်ရှင်နယ်မှာမှ မဟုတ်ပါဘူး၊ စိစစ်ရေးအဖွဲ့ အားလုံးဟာ အနုပညာ ထုတ်လုပ်မှုတွေကြောင့် ပြည်သူလူထုအတွက် အဆိပ်အတောက် အန္တရာယ် မဖြစ်ရအောင် ကာကွယ်မယ် ဆိုတာထက် စစ်အစိုးရဆန့်ကျင်မှုနည်းပါးပြီးတော့ အာဏာတည်မြဲရေးကို ဦးစားပေးတဲ့ စစ်စုံစမ်းထောက်လှမ်းရေးက ဦးစီးကြိုးကိုင်ထားတဲ့ အဖွဲ့တွေ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ကြတဲ့အတွက် ပြည်သူလူထုက ပိုပြီးတော့ ရွံကြောက်ကြီး ကြောက်လာတာ ဖြစ်တာကြောင့် စစ်အစိုးရတည်မြဲရေးကို ပိုပြီးတော့ ထိခိုက် အန္တရာယ် များလာစေပါတယ်။ စုံစမ်းထောက်လှမ်းရေးယန္တရားကို မှန်မှန်ကန်ကန် သုံးနိုင်ကြပါစေ။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

မဟူရာရိုက်ပြီးတော့ ဝင်းဖေ ကျော်ဟိန်းနဲ့ ဆက်ရိုက်ဖြစ်တာက ပန်းစကား ဇာတ်ကားပါ။ ပန်းစကားဆိုတဲ့ ဇာတ်ကားက ကမ္ဘာကျော်ဝတ္ထုတို Flower for Alganan ဖြစ်ပါတယ်။ အမေရိကန် ဟောလိဝုဒ်က ချာလီဆိုပြီး ရုပ်ရှင်ရိုက်ပါတယ်။ ဝင်းဖေက မူရင်းဝတ္ထုကိုလည်း ဖတ်ပါတယ်။ ချာလီကိုလည်း ကြည့်ဖူးပါတယ်။ မြန်မာကားအဖြစ် ရိုက်တော့ ပဒေသာ ရုပ်ရှင်ပိုင်ရှင်ရဲ့သမီး စောမြသန္တာနဲ့ ရိုက် ဖြစ်ပါတယ်။

ပထမ ပဒေသာရုပ်ရှင်က ယုဝတီ ကလောင်ရှင်တစ်ယောက်ရဲ့ ဝတ္ထုတွေကို ရိုက်ချင်တာပါ။ ဒါပေမဲ့ ရိုက်ကူးခွင့် တင်ကြည့်တော့ မအောင်မြင်ပါဘူး။ ဒါနဲ့ Flower for Algananကို ရိုက်မလားဆိုတော့ ... အလွန်ခေတ်မီပြီးတော့ သတ္တိကောင်း တဲ့ စောမြသန္တာရဲ့ အစ်မ ဒေါ်သန်းသန်းဌေး က ဝမ်းသာအားရ စိတ်ပါလက်ပါနဲ့ ရိုက်မယ်၊ ရိုက်မယ်လို့ သဘောတူပါတယ်။ ရိုက်ကူးခွင့်တင်လိုက်တော့လည်း ကျလာပါတယ်။ စလည်းရိုက်ရော ပြဿနာတွေ တက်တော့တာ ပါပဲ။ ဒီတုန်းက ကျော်ဟိန်းဟာ အသတ်၊ အပုတ်၊ အခုန်၊ အပျံတွေ ဖိုက်တင်းတွေနဲ့ နောက် အဝတ်အစား Style, Fancy ခန်းတွေနဲ့ သိပ်နာမည်ကြီးနေတဲ့အချိန် ဖြစ်ပါတယ်။ ပန်းစကားဇာတ်ကားထဲမှာတော့ ကျော်ဟိန်းဟာ ကျပ်မပြည့်တဲ့သူ အဖြစ် သရုပ်ဆောင်ရမှာမို့ အသတ်၊ အပုတ် Fighting လုံးဝ မပါတဲ့အပြင် ကျပ်မပြည့်လို့ ကလေးစိတ် သာသာပဲမို့ သူ့ရဲ့ဘောကြောင်တဲ့ အနေအထားတောင် ရှိပါတယ်။ နောက်ပြီးတော့ အဝတ်အစား၊ Style စတဲ့ Fancy ပါဖို့ဝေးလို့ ကိုယ့်ဘောင်းဘီကိုယ်တောင် မနိုင်သေး တဲ့ကလေးတွေလို ဘောင်းဘီပွပွကြီးကို ကြိုးနဲ့စည်းပြီးတော့ ဝတ်ထားရတာ ဆိုတော့ မလှမပနဲ့ ရုပ်ပျက်ဆင်းပျက် မြင်ကြရမှာ ဖြစ်ပါတယ်။ ကျော်ဟိန်း ပရိသတ်တွေဆီက ကန့်ကွက်တဲ့ စာတွေတောင် လာပါတယ်။ အဆိုးဆုံးကတော့ ရုပ်ရှင်နယ်ထဲမှာကိုပဲ ဝင်းဖေက တစ်ကိုယ်ကောင်းဆန်တယ်၊ ထုတ်လုပ်သူကုမ္ပဏီကို နည်းနည်းမှ မညှာဘူး၊ သူလုပ်ချင်တာကို စွတ်လုပ်တာပဲလို့ ဝေဖန်ကြပါတယ်။ ထုတ်လုပ်သူ အစစ်က ဒေါ်သန်းသန်းဌေးပါ။ သူက သိပ်ကို စိတ်ဓာတ်တက်ကြွနေပါတယ်။ နောက် အရေးကြီးတဲ့ ကာယကံရှင် တစ်ယောက်က ကျော်ဟိန်းပါ။ ဇာတ်လမ်းရွေးမှားသွားရင် တက်နေတဲ့ နာမည်တောင် ကျသွားနိုင်ပါတယ်။ ဒါပေမဲ့ သူကလည်း ဒီကားကိုရိုက်ရမှာ သာမန်ကို

မဟုတ်ပါဘူး။ အလွန်ကို တက်ကြွနေပါတယ်။ သူကိုယ်တိုင် သူ့စရိတ်နဲ့သူ တကယ့်ကျပ်မပြည့်တဲ့သူတွေကို လိုက်ပြီးတော့ လေ့လာမှတ်သား ကြိုးစားနေပါတယ်။

ဝင်းဖေကတော့ ဒီကားရိုက်ဖို့ ဆုံးဖြတ်တဲ့နေရာမှာ အားလုံးအတွက် စဉ်းစား ပြီးတော့မှ ဆုံးဖြတ်ခဲ့တာ သေချာနေတဲ့အတွက် လုံးဝ စိတ်သန့်ပါတယ်။ ကားရိုက် ရာမှာလည်း ထုတ်လုပ်သူတွေရော၊ ကျော်ဟိန်းရော အလွန် စိတ်ပါ၊ လက်ပါ ရှိကြ ပါတယ်။ ကျော်ဟိန်းဟာ ဒီပုတ်ထဲက ဒီပဲဆိုတာမျိုးကနေ ခွဲထွက်ရမယ်ဆိုရင် အလွန် သတ္တိကောင်းသူ၊ အနုပညာသည် ပီသသူတစ်ယောက်ဖြစ်ပါတယ်။ ပန်းစကားဟာ သမားရိုးကျတော့ မဟုတ်တာ သေချာပါတယ်။ ကားရိုက်ကူး ပြီးစီးသွားလို့ ရုံတင်တဲ့ အခါမှာ ထင်ထားတာထက် အများကြီး ပိုအောင်မြင်ပါတယ်။ ကျော်ဟိန်းကိုလည်း ပိုပြီးတော့ ချီးကျူးကြပါတယ်။ အသတ်၊ အပုတ်၊ အထိုး၊ အကြိတ်နဲ့ Style အလှ၊ မင်းသားအပြင် သရုပ်ဆောင်အနုပညာစစ်စစ် သိသိသာသာ ဖြစ်လာပါတယ်။ ထုတ်လုပ်သူတွေလည်း ဝင်ငွေ ကောင်းကောင်း ရကြပါတယ်။

ပန်းစကား ရုံမတင်ခင်ကလေးမှာတင် ညတစ်ည သန်းခေါင်လောက်ကျတော့ ကျော်ဟိန်းက ဝင်းဖေဆီကို ဖုန်းဆက်လာပါတယ်။ “သူ ဆွေးနွေးစရာ အရေး တကြီးရှိနေလို့ ဝင်းဖေဆီ လာခဲ့ပါရစေ” လို့ ဆက်တာပါ။ “ဘာများ ဒီလောက် အရေးကြီးနေလို့လဲ” လို့ ဝင်းဖေကမေးတော့ … “ပန်းစကားကို သူ သေသေချာချာ ကြည့်ပြီး မကျေနပ်တဲ့နေရာ ၄ နေရာတွေ့နေလို့ လာဆွေးနွေးချင်တာပါ”လို့ ပြောပါတယ်။ ၄ နေရာတည်း ဆိုရင်တော့ မလာနဲ့တော့လို့ ဝင်းဖေက ပြောလိုက်ပါတယ်။ ဘာပြုလို့လဲဆိုတော့ … မကျေနပ်စရာတွေက အများကြီးပဲ၊ သေသေချာချာ ပြောနိုင် တာကိုက အပြစ် ၂၀ ကျော်တယ်လို့ ပြောလိုက်ပါတယ်။ ကျော်ဟိန်းလည်း မလာ ဖြစ်တော့ပါဘူး။

နောက်နေ့မှ ပေါက်ချလာတယ်။ ဝင်းဖေက အပြစ် ၂၀ ကျော်ကို ဒေါက်ဒေါက် နဲ့နေအောင် ပြောပြလိုက်ပါတယ်။ ဒါ ဘာမှ မဆန်းပါဘူး။ ဝင်းဖေတို့ ကားတွေ ရိုက်လာတာ အတော်များပါတယ်။ ဒီလိုပဲ အပြစ်အနာအဆာတွေ အများကြီးပါပဲလို့ ပြောလိုက်ပါတယ်။ ကျော်ဟိန်းကိုယ်တိုင်လည်း သိနေတာပါပဲ။ ဝင်းဖေ ပြောပြတဲ့ အပြစ် ၂၀ လောက်ထဲက ၄ ခုလောက်ကိုတော့ ကျော်ဟိန်းက သူ့စရိတ်နဲ့သူ စိုက် ထုတ်ပြီး ပြန်ရိုက်ချင်ပါတယ်လို့ ပြောနေပါသေးတယ်။

ဝင်းဖေ ကတော့ အလုပ်တစ်ခုကို အခြေအနေအရပ်ရပ်နဲ့ကိုက်ညီပြီး လုပ်ပြီးရင် ရောင့်ရဲတတ်ဖို့ လိုတဲ့အကြောင်း၊ သိပ်ချမ်းသာကြလို့ ရုပ်ရှင်ရိုက်နေကြတာ မဟုတ်တဲ့ အကြောင်း၊ စိတ်ထိန်းနိုင်ကြဖို့၊ စိတ်ပြတ်

နိုင်ကြဖို့လိုကြောင်း ရှင်းပြရပါတယ်။ ဒီအကြောင်းတွေကို အချိန်တော်တော်ယူပြီး ဆွေးနွေးကြပါတယ်။ ဒီ အယူအဆဟာ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အလွန်အတားအဆီး ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ အနုပညာနဲ့ပတ်သက်လာရင် အလွန် လောဘကြီးတတ်တဲ့ ကျော်ဟိန်းလို ပညာသည်အဖို့တော့ အများကြီး လိုအပ်ပါတယ်။ ကျော်ဟိန်းဟာ သူ့ရှေ့က ဝါရင့် သရုပ်ဆောင်ကြီးတွေဖြစ်ကြတဲ့ .. ဦးထွန်းဝေနဲ့ ဦးကျော်ဆွေတို့ရဲ့ အားသာချက် တွေကို အတုယူကျင့်သုံးပါတယ်။ အမူအရာ အမြောက်အမြားကတော့ ... အမေရိကန် သရုပ်ဆောင်ပညာရှင်ကြီး ဂျက်နီကို ဆင်ကို အများကြီး အားကျ၊ အတုယူပုံရပါတယ်။ သူ အသက်ကြီးလာတော့ ဂျက်နစ်ကိုဆင်နဲ့ ရုပ်တောင် တော်တော်လေး ဆင်လာသလို ထင်ရပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ..

Fighting နဲ့ Fancy မင်းသား ကျော်ဟိန်းဟာ ဘာ ဖိုက်တင်၊ ဘာ ဖန်စီမှ မပါတဲ့ ပန်းစကားလိုကားမျိုးမှာ တစ်ကားလုံး မလှုပ်မပ၊ ရုပ်ပျက်ဆင်းပျက် လုပ်ရမယ် ဆိုပေမဲ့ အပြောင်းအလဲ ဘဝသရုပ်ဖော်ခွင့်ရမှာကို ယုံယုံကြည်ကြည်နဲ့ လက်ခံရိုက်ကူး ခဲ့တာဟာ ဘာမှမဆန်းတဲ့အကြောင်း နောက်ပိုင်းမှာ ပိုပြီး တွေ့လာရပါတယ်။

ဝင်းဖေ က ကျော်ဟိန်းကို လူဆိုး Valaint ခန်း ရိုက်ဖို့ဆွေးနွေးတော့ ဘာ အခက်အခဲမှမရှိဘဲ သဘောတူညီချက်ရခဲ့ပါတယ်။ သူ့အနေနဲ့ လူဆိုးခန်းကို လက်ခံပြီး ဝင်းဖေနဲ့ ၃ ကား ရိုက်ခဲ့ပါတယ်။ ပထမဆုံးကားက ပျားရည်ဆမ်းတဲ့ ပန်းဓားပါ။ သူလိုချင်တာကို ရဖို့ဆိုရင် ဘယ်နည်းနဲ့ပဲ ရရ၊ တရားတာ၊ မတရားတာ ဘာမှ စဉ်းစားမနေဘဲ မရရအောင် လုပ်ယူတတ်တဲ့သူအဖြစ် ကျော်ဟိန်းက ပီပီပြင်ပြင် သရုပ်ဆောင်ပါတယ်။ သူ တစ်သက်လုံး မတရားလုပ်ခဲ့တာနဲ့ ပတ်သက်လို့ သင်ပုန်း ချေနိုင်တာဆိုလို့ နောက်ဆုံးမှာ သူ့ကိုယ်သူအသေခံလိုက်တဲ့ တစ်ကွက်ပဲ ရှိပါတယ်။ တစ်ဇာတ်လမ်းလုံးမှာ ကျော်ဟိန်းဟာ ကြောင်သူတော်အဖြစ် သရုပ်ဆောင်ရတာပါ။ အခန့်မသင့်ရင် သူ့ အောင်မြင်ကျော်ကြားမှုတွေ အားလုံး ပျက်ပြားသွားနိုင်ပါတယ်။ ဝင်းဖေအနေနဲ့ကတော့ သူများဗိုက်နဲ့ ဓားထိုးခံရတာမျိုး မစွန့်စားပါဘူး။ ကိုယ်လုပ်တာ ကိုယ်ယုံလို့ လုပ်တာပါ။ အဲဒီကားလည်း အောင်မြင်ပါတယ်။ ကျော်ဟိန်းရဲ့ သိက္ခာနဲ့ အောင်မြင်မှုကို ဘာမှ မထိခိုက်ခဲ့ပါဘူး။

နောက်ကားတစ်ကားကတော့ ပိုဆိုးပါတယ်။ ဝင်းဖေရဲ့ မြင်းမိုရ်ထက် မြင့်သောကို ပြန်ရိုက်တဲ့ သူစိမ်း ဆိုတဲ့ကားပါ။ မြင်းမိုရ်ထက်မြင့်သော ဆိုတဲ့ကားမှာ အလွန်ရှုံ့စရာကောင်းတဲ့ လူဆိုးလူညံ့နေရာမှာ မင်းသားကြီး ဦးမြင့်နိုင်က သရုပ်ဆောင် ပြီးတော့ အလွန်လူမုန်းများခဲ့လို့ အလွန်အောင်မြင်တယ်လို့ ဆိုရပါမယ်။ ဘာ ကယ် ကွက်မှ မပါပါဘူး။ ဒါကို ကျော်ဟိန်းလည်း ကြည့်ထားလို့ ကောင်းကောင်း သိပါတယ်။ အဲဒီကားကို သူစိမ်း ဆိုတဲ့အမည်နဲ့ ပြန်ရိုက်တော့မယ်ဆိုတော့ လူဆိုးနေရာကို ကျော်ဟိန်းက သူလုပ်ချင်တယ်ဆိုပြီး စိတ်ပါလက်ပါ ဝင်လုပ်တာပါ။ ဒီတော့ ဝင်းဖေက ကြိုပြီး သတိပေးပါတယ်။ ဒီကားမှာ ပြန်ပြီးကယ်ထားတဲ့ ကယ်ကွက်တွေဘာတွေ ဘာမှမရှိဘူးနော်၊

တစ်ကားလုံး လူညံ့လူဆိုး အဖြစ်နဲ့ပဲ ဇာတ်သိမ်းမှာလို့ ... ကျော်ဟိန်း က ဘာဈေးမှ မဆစ်ပါဘူး။ ဇာတ်ကို သူသိပြီးသားပါတဲ့။ အဲဒီကားရိုက်နေကြရင်း အခန်း ၁၀ ခန်းလောက်မှာ ကျော်ဟိန်းအနေနဲ့ အလွန်မုန်းစရာ ကောင်းလောက်အောင် သရုပ်ဆောင်ပြီးတဲ့နောက် ကျော်ဟိန်းက ... "အစ်ကိုကြီးခင်ဗျာ ... အခုလောက်ဆိုရင် သူ နောင်တရလောက်ပြီထင်တယ်" လို့ စပ်ဖြီးဖြီးနဲ့ ပြောပါသေးတယ်။ ဝင်းဖေ "ဒီဇာတ်လမ်းမှာ ဒီလူဆိုးဟာ ပြန်ပြီး နောင်တရလိုက်ရင် အားလုံးပျက်သွားလိမ့်မယ်၊ ဘာ နောင်တမှ မရနိုင်ဘူး" လို့ ပြောလိုက်ပါတယ်။ ကျော်ဟိန်းက "အိုကေ၊ အိုကေ၊ အိုကေပါတယ်" လို့ ချက်ချင်းပဲ လျှော့သွားပါတယ်။

မူလ မြင်းမိုရ်ထက်မြင့်သောမှာ အလွန် မုန်းစရာ၊ ရွံစရာကောင်းလောက်အောင် သရုပ်ဆောင်ထားတဲ့ မင်းသားကြီး ဦးမြင့်နိုင်ထက် ပိုပြီးတော့ မုန်းစရာ၊ ရွံစရာကောင်းအောင် ကျော်ဟိန်းက ကြိုးစားခဲ့ပါတယ်။ ကြိုးစားတယ် ဆိုတာထက် ပိုပြီး အရသာခံခဲ့တယ်လို့ ပြောချင်ပါတယ်။ အဲဒီလို ဒုတိယအကြိမ် ဝင်းဖေနဲ့ လူဆိုး ကား ရိုက်ပြီးတဲ့နောက် တတိယအကြိမ်အဖြစ် သစ္စာရေအိုင်ကို လက်ခံ ရိုက်ကူးပြန် ပါတယ်။ ဒါလည်း တောက်လျှောက် လူယုတ်မာ တစ်ယောက် အဖြစ် သရုပ်ဆောင်ရ တာပါပဲ။ အဲဒီလို လူဆိုးကားတွေ ၃ ကားတောင် ရိုက်ခဲ့ပေမဲ့ ရုပ်ရှင်နယ်မှာ ကျော်ဟိန်း ကတော့ ကျော်ဟိန်းပါပဲ။

နောက်ပိုင်း ဒါရိုက်တာမီးပွား ဆိုပြီး တထီးတနန်း ဖြစ်လာတော့မယ့် ကိုခင်ဇော်က . "ဆရာကြီး ... ကိုကျော်ကို ဗီလိန်အဖြစ်ရိုက်လို့ အိုကေ သွားပြီ၊ ဆက်ရိုက်ပါ"လို့ပြောပါတယ်။ ဝင်းဖေက "တော်ပါပြီကွာ ... မင်းကြိုက်ရင်မင်းပဲ ဆက်လုပ်ပေ့ါ" လို့ ပြောလိုက်တော့ အကြွေးကို ရိုက်ပါတယ်။ မီးပွား အလွန် အောင်မြင်သွားပါတယ်။ ဝင်းဖေလည်း အလွန် ဝမ်းသာပါတယ်။

မီးပွားဟာ မြန်မာရုပ်ရှင် တိုးတက်မြင့်မားလာရေးအတွက် အလွန်တက်ကြွ ထက်သန်တဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။ ကျော်ဟိန်းကလည်း သရုပ်ဆောင် သက်သက်နဲ့ အားရတင်းတိမ်နိုင်သူ မဟုတ်ပါဘူး။ ရုပ်ရှင် ဇာတ်လမ်းတွေ၊ ဇာတ်ညွှန်း တွေ ကိုယ်တိုင်ရေးပြီးတော့ ကိုယ်တိုင် ဒါရိုက်တာ တက်လုပ်တာ အလွန် အားရ ကျေနပ်စရာတွေ ဖြစ်ပါတယ်။ ဗီဒီယိုခေတ် မရောက်မီကတည်းက ကျော်ဟိန်းက ရုပ်ရှင်ဖလင်နဲ့ သူ့အတွေးအခေါ် သစ်တွေ၊ သူ့ခံစားချက်အသစ်တွေကို စမ်းသပ်တင်ပြ ပါတယ်။ မြန်မာရုပ်ရှင် တိုးတက်ပြောင်းလဲရေးအတွက် အများကြီး အထောက်အကူ ဖြစ်တာတွေပါပဲ။ ဗီဒီယို၊ ဒီဗီဒီခေတ်မှာတော့ ကျော်ဟိန်းအတွက် စမ်းသပ်ရတာ ပိုပြီး အဆင်ပြေလာပုံ ရပါတယ်။ သူ အသစ်အသစ်တွေ တွေးမိ၊ ကြံဆမိလာတော့

အာရုံသစ် ဆိုတဲ့နာမည်နဲ့ သူ့ကြိုးပမ်းချက်တွေ တော်တော်များများ တွေ့ရပါတယ်။ ထောင့်စုံကနေပြီး ထူးခြားဆန်းသစ်တာတွေ အများကြီးတွေ့ရပါတယ်။

ကျော်ဟိန်း မင်းသားအဖြစ် အလုပ်လုပ်နေတုန်း ဒါရိုက်တာ နှစ်မျိုး၊ နှစ်စားပဲ လက်ခံရိုက်ကူးတာကို တွေ့ရပါတယ်။ ပထမတစ်မျိုးက သူ လုံးဝ စိတ်ချယုံကြည်ရတဲ့ ဒါရိုက်တာ၊ နောက်တစ်မျိုးကတော့ သူ့လောက်တောင် မတတ်လေတော့ သူကိုယ် တိုင် ပြတ်ပြတ်သားသားဝင်ပြီး အကြံပေးခွင့်ကို လက်ခံနိုင်တဲ့ ဒါရိုက်တာမျိုးတွေ ဖြစ်ပါတယ်။ သူ့လောက်မတတ်ပေမဲ့ ဘယ်သူအကြံပေးတာမှလည်း လက်မခံဘူး ဆိုတဲ့ ဒါရိုက်တာမျိုးတွေကိုတော့ ကျော်ဟိန်းက သိသိသာသာ ရှောင်ရှားခဲ့တာ တွေ့ရ ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဝင်းဖေနဲ့ ကျော်ဟိန်းအကြောင်း ပြောရင်း ဒါရိုက်တာ မီးပွား အကြောင်းလည်း နည်းနည်း ပြောလိုက်မိလို့ ဝင်းဖေနဲ့ မီးပွားအကြောင်းလည်း ပြော ချင်စိတ် ပေါက်လာပါတယ်။

မီးပွား ဖြစ်လာလတ္တံ့သော မောင်ခင်ဇော် အကြောင်းပြောရတာကတော့... ဟိုးအောက်ခြေက စပြီး အထွတ်အထိပ် ရောက်အောင် တက်ချင်ကြတယ်ဆိုတဲ့ သူတွေ အတွက် စံထားနိုင်တဲ့လူတစ်ယောက်အဖြစ် တင်ပြချင် လို့ပါပဲ။ မီးပွားလိုလူတွေက ရှိတော့ ရှိပါတယ် ... ရှားတယ်ဆိုတဲ့ အထဲကပါ။

မောင်ခင်ဇော်ကို ဟိုစပ်စပ် ဒီစပ်စပ် အလုပ်အကိုင်အမျိုးမျိုး စုံတကာ စေ့နေအောင် လုပ်တတ်တဲ့ လူငယ်တစ်ယောက်အဖြစ် ဝင်းဖေက စပြီးသိခဲ့ပါတယ်။ ဒီတုန်းက ၁၉၇၀ခုနှစ်ပိုင်းတွေ .. ဝင်းဖေက မဟူရာတို့ ပန်းစကားတို့ ရိုက်နေတဲ့အချိန်တွေ မောင်ခင်ဇော်က တခြား အတိုအထွာအလုပ်တွေ လျှောက်လုပ်ရင်း ပန်းချီ သင်ချင်လို့ဆိုပြီး ပန်းချီဆရာ မောင်ညိုဝင်းဆီမှာ ဝင်ထွက်သွားလာ ပညာယူနေတဲ့ အချိန်မှာ ပန်းချီမောင်ညိုဝင်းနဲ့ ဝင်းဖေတို့ ကာတွန်းမြင့်သိန်းတို့ ဆိုတာတွေက ညီအစ်ကိုအရင်းတွေလို ခင်မင်ကြတာပါ။ နောက်ပြီးတော့ ဝင်းဖေကလည်း ပန်းချီရေး တယ်၊ ရုပ်ရှင်ရိုက်တယ်လေ။ ဒီတော့ မောင်ခင်ဇော်က သူ့ဆရာ ကိုညိုဝင်းလိုပဲ ဆရာကြီး လို့ ခေါ်ပြီးတော့ ခင်မင်ပါတယ်။

မောင်ခင်ဇော်ဟာ ဝင်းဖေဆီက ရုပ်ရှင်ဝတ္ထု၊ ဇာတ်ညွှန်းရေးနည်း၊ ဒါရိုက်တာ လုပ်နည်း၊ ပန်းချီရေးနည်း ... အားလုံး သင်ချင်တာပါ။ ဒါပေမဲ့ သူများအတွက် တဝန်တပိုးဖြစ်မှာ အလွန်အားနာတတ်တဲ့ လူငယ်လေးတစ်ယောက် ဖြစ်ပါတယ်။ အရင်က ပြောတာနော် ... အခုတော့ မပြောတတ်ဘူး။ ခုတော့ ဒါရိုက်တာ မီးပွားဆို တာ ပရိသတ်ကပေးတဲ့ ရုပ်ရှင်ထူးချွန်ဆုတွေတစ်ထမ်းကြီးနဲ့ အဓိကရ ဒါရိုက်တာကြီး တစ်ဆူ၊ တစ်မူ၊ တစ်မင်း မဟုတ်လား။ အလွန်ဝမ်းသာ ဂုဏ်ယူစရာပါပဲခင်ဗျာ။ ဟိုတုန်းကတော့ သူက မသိလို့ပါ။ ဝင်းဖေကလည်း ဘယ်သူ့ကိုမဆို ကိုယ့်ရှိတာ ကလေးတွေကို ရှိသလောက် သွေးပြီးတော့ ဖွဲ့ပေးဖို့ အလွန်ဝါသနာပါပါတယ်။

နောက်ပိုင်း မောင်ခင်ဇော်နဲ့ ဝင်းဖေ အတော်ကလေး ရင်းနှီးလာတော့ မောင်ခင်ဇော်က သူ သိချင်တာ ကလေးတွေကို စပြီး မေးရဲလာပါတယ်။ ဝင်းဖေကလည်း... မေးစရာရှိရင်မေးနော်၊ မေးသာမေးလို့ တဖွဖွ ပြောနေရပါတယ်။ အကြောင်းကလည်း ရှိပါတယ်။ ဟိုတစ်ချိန်တုန်းက ဗီဒီယိုခေတ် မရှိသေးပါဘူး။ ဖလင်ခေတ်ပါ။ ဖလင် ခေတ်ဆိုပေမဲ့ ဖလင်က ရွှေထက် ရှားတယ်လေ … တစ်ခါ တစ်ခါ ဖလင်ပြတ်သွားရင် ဝင်းဖေတို့လည်း အလုပ်မရှိ၊ ဝင်ငွေမရှိ ဖြစ်သွားတတ်ပါတယ်။ အဲဒီလိုအချိန်တွေမှာ မောင်ခင်ဇော်က ဝင်းဖေရဲ့ဆရာ ပြန်ဖြစ်သွားတတ်ပါတယ်။ သူက နေရာတကာ နှံ့စပ်တယ် မဟုတ်လား။

“ဆရာကြီး ဖလင် မရှိလည်း ဘာမှမပူနဲ့၊ ရုပ်ပြ ဇာတ်လမ်းတွေအတွက် ဇာတ်ညွှန်းရေးပါ၊ ဆရာကြီးကိုယ်တိုင် ဘာမှလုပ်စရာမလိုပါဘူး၊ ကျွန်တော် လိုက်ရောင်းပေးမယ်” ဆိုပြီး ဝင်ကယ်တတ်ပါတယ်။ တစ်ဖက်က ရုပ်ပြ ထုတ်လုပ်တဲ့ သူ့ မိတ်ဆွေတွေဆီမှာကျတော့ … “ဒီမယ် ကိုယ့်လူတို့ … ရုပ်ရှင်ဒါရိုက်တာ ဦးဝင်းဖေ ဆီက ဇာတ်ညွှန်း ကိုယ်ရအောင် တောင်းပေးမယ်၊ ကိုရင်တို့ ဈေးကတော့ ပိုပေးရမယ် နော်” လို့ တန်ဖိုးကိုမြှင့်ပြီး ပြောတတ်ပါတယ်။ ဒီဘက်မှာ ဖလင်ပြတ်သွားလို့ အလုပ် မရှိတာကို ထည့်မပြောဘူးပေ့ါဗျာ။ အဲဒီလို .. အဲဒီလို … အဲဒီလိုအချိန်မျိုးမှာတော့… မောင်ခင်ဇော်က ဝင်းဖေရဲ့ဆရာကြီးပေ့ါခင်ဗျာ။ ဝင်းဖေ ရုပ်ပြဇာတ်လမ်း/ဇာတ်ညွှန်း တွေလည်း ရေးစားခဲ့ဖူးတာကို လူတွေ သိပ်မသိကြဘူးခင်ဗျ။

ဝင်းဖေ မွေးအောင်လုတဲ့ပန်း ရိုက်တော့ ဝင်းဖေရဲ့ လက်တွေ့ရိုက်ကွင်းမှာ အနီးကပ်လေ့လာရင်း မောင်ခင်ဇော်က ဇာတ်ဝင် ဆင်းရဲသားရုပ်ကွက် အတွင်းခန်းအဆင်အပြင်တွေကို သူကိုယ်တိုင် တာဝန်ယူ ဖန်တီး ပေးပါတယ်။ အလွန် ကောင်းပါတယ်။ မောင်ခင်ဇော်ဟာ စာဖတ်အားကောင်းပြီးတော့ နှလုံးသားနဲ့ ခံစားချက်အား လည်း ပြင်းထန်သူ ဖြစ်ပါတယ်။ ပန်းချီလည်း ဝါသနာပါလေတော့ ဇာတ်ဝင်ခန်း ခံစားချက်တွေကို အကောင်းဆုံး အထောက်အကူ ပြုနိုင်တဲ့ ဓာတ်ပုံ၊ ဒီဇိုင်းဖွဲ့စည်းမှု အလွန်အားကောင်းသူလည်းဖြစ်ပါတယ်။ ဒီလိုလူမျိုးက ရုပ်ရှင် အနုပညာနဲ့ ပုံပြော ဆရာ ဒါရိုက်တာအဖြစ် ပီပီပြင်ပြင် အောင်မြင်လာတာဟာ မဆန်းပါဘူး။

ဝင်းဖေရဲ့စိတ်ကို ဆွပြီးတော့ ဆန့်ကျင်ဘက် မေးခွန်းတွေလည်း မေးတတ် ပါတယ်။ ဝင်းဖေက မောင်ခင်ဇော် တစ်ယောက် အဲဒီလို ဆန့်ကျင်ဘက် မေးခွန်းတွေနဲ့ နှိုက်တဲ့နည်းကို ဘယ်သူ့ဆီက တတ်လာတယ်ဆိုတာ သိနေပါတယ်။ ဒါရိုက်တာ မောင်တင်ဦးဆီမှာ ယူဖို့သင့်တဲ့ပညာနဲ့ ယူဖို့မသင့်တဲ့ပညာဆိုပြီး ၂

မျိုးရှိတဲ့အကြောင်း ဝင်းဖေက မောင်ခင်ဇော်ကို အတန်တန် မှာကြားထားပါတယ်။ မောင်ခင်ဇော်က မောင်တင်ဦးဆီက ပညာနှစ်မျိုးစလုံးကို သင်ယူလေသလား၊ ဒါမှမဟုတ် မယူဘဲနဲ့ပဲ ရသွားလေသလား ဆိုတာတော့ မပြောတတ်ပါဘူး။

ဒါရိုက်တာကြီး မီးပွား ဖြစ်လာမယ့် မောင်ခင်ဇော်ဟာ ဘာကိုမဆို စပ်စပ်စုစု ရှိတတ်ပါတယ်။ ဘာအကြောင်းကို မဆို စိတ်ဝင်စားပါတယ်။ စာပေပေါင်း သောင်း ခြောက်ထောင်အနက်က စာကောင်း၊ ဝတ္ထုကောင်းတွေကို ရွေးဖတ်တတ်ပါတယ်။ ဒ့ါကြောင့် Jack of all trade, master of none ဘာမှ မတတ်ပေမဲ့ အားလုံးကို တော့ စိတ်ဝင်စားတယ် ဆိုတာလို မောင်ခင်ဇော်ကလည်း နှံ့စပ်တဲ့အတွက် ဒါရိုက်တာ ကောင်းတစ်ယောက် ဖြစ်လာတာပါပဲ။

ဝင်းဖေ သိခဲ့တဲ့ မောင်ခင်ဇော်ဟာ လူကောင်ထွားကျိုင်းသလောက် အနီးကပ် ကြည့်ရင် ကျန်းမာရေး မကောင်းရှာပါဘူး။ အတော်ကလေး ချူချူချာချာ နိုင်ပါတယ်။ အဲဒါထက် အရေးကြီးတာက သူ့အနုပညာအနေနဲ့ မြင့်မားထွားကျိုင်းတာတော့ မှန်ပါတယ်၊ ဒီကြားထဲမှာ အနုပညာကျန်းမာရေးလည်း တောင့်တင်းကြံ့ခိုင်နေဖို့လိုပါတယ်။ အနုပညာပိုင်းမှာ အားထုတ်သုံးစွဲတဲ့ ဆင်ခြင်တုံတရားတွေ၊ အပြိန်ပြိန်အလှန်လှန် ကျိုးကြောင်းဆင်ခြင်မှုတွေကို ကိုယ့်ကျန်းမာရေး၊ အနုပညာကျန်းမာရေးအတွက်ပါ အသုံးချလိုက်ရင် ပြီးတာပါပဲ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျား ...

ပြီးခဲ့တဲ့အပတ်က ရုပ်ရှင်ဒါရိုက်တာ မီးပွားအကြောင်းကို တစေ့တစောင်းကို တင်ပြရင်း မီးပွားရဲ့ အဓိကဆရာ တစ်ယောက်ဖြစ်တဲ့ ပန်းချီမောင်ညို(ဝင်း အကြောင်းကို ဆက်လက်ပြီး တင်ပြလိုက်ချင်ပါတယ်။

ပန်းချီမောင်ညို(ဝင်းဟာ မြန်မာပန်းချီလောကမှာ သူကိုယ်တိုင်လည်း ထူးထူး ခြားခြား စွမ်းပကား ကြီးမားသူ ဖြစ်သလို မြန်မာပြည်ပန်းချီလောကမှာ နေလို လလို တတ်ကျွမ်းကျော်ကြားခဲ့တဲ့ ပန်းချီဆရာကြီး ဦးဘရင်ကလေးရဲ့ သားကြီးလည်း ဖြစ်ပါတယ်။ ပန်းချီဆရာကြီး ဦးဘရင်လေးဟာ အလင်း၊ အမှောင် ဆေးရောင်စုံ ခြယ်သရာမှာ ယုံကြည်မှုအပြည့်နဲ့ အလွန် ရဲရဲရင့်ရင့်၊ အင်အားကောင်းကောင်း၊ စုတ်ချက်ကြီးကြီး၊ ရေးချက်ကြမ်းကြမ်း၊ ရေးနှုန်း သွက်သွက် တင်ပြတတ်သူ ရှားရှားပါးပါး ပန်းချီ အနုပညာရှင်ကြီး တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာကြီး ဦးဘရင်ကလေး ဟာ ပန်းချီကားကြီးတွေရေးဆွဲဖို့ထက် မဂ္ဂဇင်းသရုပ်ဖော်ပန်းချီ၊ ရုပ်ရှင်ရုံဆင် ပန်းချီ ပိုစတာကြီးတွေ ရေးဖို့ကို ပိုပြီးတော့ စိတ်အား ထက်သန်ပါတယ်။ ဒါကလည်း သဘာဝ ကျပါတယ်။ ဆရာကြီးက ကြီးကြီးမားမား၊ ကျယ်ကျယ်ပြန့်ပြန့်၊ လွတ်လွတ်လပ်လပ်၊ အားရှိပါးရှိ ရေးချင်တာ မဟုတ်လား။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ /၆၀ လောက်က ရုပ်ရှင်ရုံဆင် ပိုစတာကြီးတွေဟာပြသမယ့် ရုပ်ရှင်ရုံလောက်မက ရောမ ပိုစတာကြီးတွေ ဖြစ်ပါတယ်။ အမြင့်က ၃ ထပ်တိုက်လောက် ရှိပြီးတော့ကာ အလျား ပေ ၁၀၀/၂၀၀ လောက် ရှိတတ်ကြပါတယ်။ ဒီတုန်းက တစ်နှစ်တစ်နှစ်မှာ ရုပ်ရှင်ကားပေါင်း ၁၀၀ နီးပါး ထုတ်လုပ် ရုံတင်ပြသကြတာဆိုတော့ ရုပ်ရှင်ရုံဆင် ပန်းချီလုပ်ငန်းဟာလည်း အလွန်ကြီးမား ကျယ်ပြန့်ခဲ့ပါတယ်။ ဒီတော့ ဆရာဦးဘရင်လေးလို စုတ်ချက် အကြီးကြီးကို ပိုင်နိုင်သူ တွေအတွက်ကတော့ သိပ်ကို အံဝင်ခွင်ကျ ဖြစ်နေတော့တာပေါ့။ ရုပ်ရှင်ရုံဆင် ပိုစတာ ကြီးတွေဟာ တကယ်တော့ စီးပွားရေးပန်းချီပါပဲ။ ဒါပေမဲ့ ဆရာကြီး ဦးဘရင်လေးရဲ့ ရုံဆင်ပိုစတာကြီးတွေကို ပန်းချီဆရာတွေ၊ ပန်းချီဝါသနာပါသူ၊ ပန်းချီချစ်မြတ်နိုးသူ အများစုကတော့ တကယ့် ပန်းချီအနုပညာရုပ်ကြီးတွေလို ရင်သပ်ရှုမော တအံ့တသြ စောင့်မျှော်ကြည့်ရှုကြရတာပါ။

ဆရာကြီး ဦးဘရင်လေးရဲ့သား ပန်းချီမောင်ညိုဝင်း လက်ထက်ကျတော့လည်း သူ့ဖခင်ရဲ့ခြေရာကို အပြည့်အဝ နင်းနိုင်ပါတယ်။ ပန်းချီမောင်ညိုဝင်းရဲ့ မဂ္ဂဇင်း သရုပ်ဖော်ပုံတွေနဲ့ ရုပ်ရှင်ရုံဆင် ပန်းချီလက်ရာတွေကို စီးပွားရေးပန်းချီလက်ရာတွေ အနေနဲ့ မကြည့်ကြဘဲ ပီဘိ အနုပန်းချီလက်ရာတွေအဖြစ် ပန်းချီချစ်သူတွေက စောင့်ပြီးတော့ ကြည့်ကြ ရတာပါ။ တစ်ခုတော့ရှိတယ် … ပန်းချီမောင်ညိုဝင်းဟာ အချိန်ယူပြီး လုပ်တတ်တယ်၊ စိတ်ပါလို့စျာန်ဝင်ရင် လက်ရာ အလွန် ပြောင်မြောက်သလောက်၊ စိတ်မပါလို့ စျာန်မဝင်ပြန်ရင်လည်း ရေးကိုမရေးဘဲ အလုပ်ကို တမေ့တမော ပစ်ထား တတ်ပါတယ်။

ပန်းချီမောင်ညိုဝင်းမှာ အလွန်ထူးဆန်းတဲ့ စရိုက်လက္ခဏာတွေ ရှိပါတယ်။ ပန်းချီမောင်ညိုဝင်းဟာ အနုပညာ ပါရမီ အလွန်ကြီးမားတဲ့သူဖြစ်ပေမဲ့ သူ့ဘဝ အချိန် ပိုင်း တော်တော်များများမှာ ပန်းချီကလွဲပြီး ကျန်တဲ့ အိမ်မှုတာဝန် တွေကို အလွန်ကျေပွန် သူ၊ အလွန် အလုပ်ကြိုးစားသူ ဖြစ်နေပြန်ပါတယ်။ သူ့အိမ် သူ့ခြံဝင်းထဲမှာ မြေတူး၊ မြေဆွ၊ သစ်ပင်စိုက်၊ လက်သမားအလုပ်တွေလည်းလုပ် စသဖြင့် သူနဲ့ တိုက်ရိုက် မသက်ဆိုင်တဲ့အလုပ်တွေကို လုပ်နေတတ် ပါတယ်။ သူ့အတွက် အဓိကကျတဲ့ ပန်းချီ အလုပ်တွေကိုတော့ နေ့ရွှေ့၊ ညရွှေ့ ရွှေ့နေတတ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ သူ့ အနုပညာ၊ သူ့ပန်းချီလက်ရာတွေကို ကြည့်ချင်၊ မြင်ချင်ကြတဲ့ သူ့အပေါင်းအသင်း တွေမှာ အားမလို အားမရ ဖြစ်ကြရပါတယ်။

ဒါပေမဲ့ ပန်းချီနဲ့ ပတ်သက်လို့ပဲ သူ သိပ်ပြီးတော့ ဝီရိယကောင်းတဲ့ နေရာတစ်ခုရှိပါတယ်။ အဲဒါကလည်း သူ့ရဲ့ တကယ့်ကို ထူးခြားတဲ့ အကျင့်စရိုက်တစ်ခု ဖြစ်ပါတယ်။ အထူးသဖြင့် အောင်မြင်ကျော်ကြားတဲ့ အနုပညာသည်ကြီးတွေ ကွယ်လွန်သွား ခဲ့ရင် ပန်းချီမောင်ညိုဝင်းက အဲဒီ အနုပညာသည်ကြီးတွေရဲ့ ပုံတူပန်းချီကို အသုဘ အခမ်းအနားအမီ အလျင်အမြန် အခမဲ့ကုသိုလ်ဖြစ် ရေးဆွဲပေးတတ်ပါတယ်။ အဲဒီလို နေရာမှာတော့ ဘယ်တော့မှ ပျက်ကွက်တယ်လို့ မကြားဖူးပါဘူး။ ဒီလို ထူးခြားတဲ့ ကုသိုလ်မျိုးက အလွန်ရှားပါးလှပါတယ်။

ပန်းချီမောင်ညိုဝင်းဟာ ပုံတူပန်းချီရေးဆွဲတဲ့နေရာမှာ တသီးတခြား ရှားရှား ပါးပါး ထူးချွန်သူဖြစ်ပါတယ်။ ဓာတ်ပုံတွေကနေတစ်ဆင့် ရေးဆွဲတာများပေမဲ့ သဘာဝ အတိုင်း ကြည့်ပြီး ဆွဲရတဲ့နေရာတွေမှာလည်း အဆွဲခံပုဂ္ဂိုလ်ရဲ့ ထူးခြားတဲ့ စရိုက် လက္ခဏာကို ဖမ်းယူတဲ့နေရာမှာ အလွန်ကျွမ်းကျင်သူ ဖြစ်ပါတယ်။ ဓာတ်ပုံကိုကြည့်ပြီး ပုံတူဆွဲတယ် ဆိုပေမဲ့ ပန်းချီမောင်ညိုဝင်းဟာ ဓာတ်ပုံအတိုင်း တစ်ထေရာတည်း ဆွဲတာ မဟုတ်ဘဲ

စုတ်ချက်အားကောင်းကောင်း၊ ကိုယ်ပိုင်ဖွဲ့စည်းပုံ သီးခြား ... စတာတွေနဲ့ ရေးဆွဲတာမို့ အနုပညာမြောက်လှပါတယ်။ သူပုံတူရေးတဲ့နေရာမှာ တူလွန်းအားကြီးလို့ ဝင်းဖေက ပန်းချီမောင်ညိုဝင်းရဲ့အားနည်းချက်ဟာ လူတွေကို မတူအောင် မဆွဲတတ်တာပဲလို့ ဟာသ လုပ်ယူရတဲ့အထိဖြစ်ပါတယ်။

ပန်းချီမောင်ညိုဝင်းကို ခင်မင်တဲ့ မိတ်ဆွေ သူငယ်ချင်းတွေက စီးပွားရေးပန်းချီ မဟုတ်တဲ့ အနုပန်းချီ ကားကြီးတွေ များများရေးဖို့ တိုက်တွန်းကြပါတယ်။ မောင်ညိုဝင်း က သဘောတူလက်ခံပေမဲ့ လက်တွေ့ကျတော့ နေ့ရွှေ၊ ညရွှေနဲ့ ထုံးစံအတိုင်း အီလေး ဆွဲနေတာ များပါတယ်။ နှစ်ပေါင်းများစွာ မောင်ညိုဝင်း အနုပန်းချီတွေ မဆွဲဖြစ်တဲ့ အတွက် မြန်မာနိုင်ငံအနေနဲ့ အများကြီး နစ်နာပါတယ်။ ပန်းချီမောင်ညိုဝင်း ကုသိုလ်ပြု ရေးဆွဲပေးထားတဲ့ ကွယ်လွန်သူ နာမည်ကြီး အနုပညာရှင်၊ အတတ်ပညာရှင်ကြီးတွေရဲ့ ပုံတူပန်းချီကားတွေကို တသီးတသန့် စုဆောင်း ပြီးတော့ ပုံတူပန်းချီကျမ်းတစ်စောင် ပုံနှိပ်ထုတ်ဝေမယ်ဆိုရင် အနာဂတ်လူငယ်တွေအတွက် အများကြီး ကျေးဇူးကြီးမား နိုင်ပါတယ်။

ပန်းချီမောင်ညိုဝင်းဟာ အဖေ့သားပီပီ အနုပညာစိတ် ကြီးမားထက်သန်သူ၊ ပါရမီအခြေခံ ရင့်ကျက်သူ၊ အနုပညာအလှ တန်ဖိုးအနေနဲ့ ရိုးသားခြင်း၊ ရဲရင့် ပြတ် သားခြင်း၊ ကျယ်ပြန့်နက်ရှိုင်းခြင်း၊ လေးနက်ခိုင်ခန့်ခြင်း စတာတွေကို မြတ်နိုးသူ တစ်ယောက် ဖြစ်ပါတယ်။ ပန်းချီမောင်ညိုဝင်းနဲ့ အရင်းနှီးဆုံး သူ့သူငယ်ချင်းတွေကသူ့ကို ဗိုလ်ညို လို့ ခေါ်ကြပါတယ်။ ဝင်းဖေရဲ့ငယ်နာမည်ကလည်း မောင်ညို ဖြစ်ပါတယ်။ ဝင်းဖေကလည်း ပန်းချီရေးတာဆိုတော့ ညီအစ်ကိုအရင်းတွေလို ခင်မင်ကြပါတယ်။ နောက်မှ ဆက်လက်ဖော်ပြပါဦးမယ် ...။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ်ကြီးပြီးသွားတော့ ၁၉၄၅ခုနှစ် မှာ ဝင်းဖေ အသက်က ၉နှစ်ပဲ ရှိပါသေးတယ်။ ဝင်းဖေရဲ့ မိဘတွေဟာ စစ်ကိုင်းတောင်ရိုးမှာ စစ်ပြေးနေကြရာက မန္တလေးမြို့ကို ပြန်လာခဲ့ကြပါတယ်။ ဝင်းဖေကလည်း စာတွေ လျှောက်ဖတ်ခါစ၊ စစ်ကြီးမဖြစ်ခင်က မဂ္ဂဇင်းဟောင်းတွေ ပြန်တွေ့ကြ၊ ပြုကြ၊ ဖတ်ကြတော့ ... ဆရာကြီး ရွှေဥဒေါင်းရဲ့ စုံထောက် မောင်စံရှားဝတ္ထုတွေနဲ့ တွေ့တော့တာကိုး ... နောက် တခြား မြန်မာမှုပြုထားတဲ့ ဘာသာပြန် စာအုပ်တွေလည်း ဖတ်ရတာပါပဲ။ ဆရာကြီးရွှေဥဒေါင်း ရဲ့ စာတွေကို စွဲသွားတော့တာပါပဲ။

ဒီတုန်းက မန္တလေးမြို့၊ စားတန်းအရပ်မှာရှိတဲ့ ဝင်းဖေတို့အဖေရဲ့တိုက် အောက် ထပ်ကို မြန်မာအဆွေ၊ အေဝမ်းကုမ္ပဏီရဲ့ မန္တလေးတိုက်ခွဲအဖြစ် ငှားရမ်းထားပါတယ်။ ဝင်းဖေတို့က အပေါ်ထပ်မှာ နေပါတယ်။ မြန်မာအဆွေ၊ အေဝမ်းကထုတ်တဲ့ ဒဂုန် မဂ္ဂဇင်းမှာ ဆရာကြီး ရွှေဥဒေါင်းက Simom Tampler ရဲ့ Saint ကို မြန်မာမှုပြုထားတဲ့ သူတော်စိန် ဝတ္ထုတွေ လစဉ်ရေးပါတယ်။ အဲဒီဝတ္ထု စာမူတွေကို ဝင်းဖေတို့ တိုက် အောက်က မြန်မာအဆွေ တိုက်ခွဲက တစ်ဆင့် ပို့ပါတယ်။ ဒီမှာတင် ဝင်းဖေက ဆရာကြီး ရွှေဥဒေါင်းရဲ့စာမူတွေကို ပုံမနှိပ်ရသေးခင် သူများထက်စောပြီးတော့ ဦးအောင်လို့ ဖတ်ခွင့်ရနေပါတော့တယ်။ ရှင်းအောင်ပြောရရင် ခိုးခိုးဖတ်ရတာပါ။ ဝင်းဖေက ဒီတုန်းက ကလေး မဟုတ်လား။ မြန်မာစာပေလောကရဲ့ အဓိက ဂုရုကြီးတစ်ဆူရဲ့စာမူကို ဦးဦးဖျားဖျား ဖတ်ခွင့်ရနေခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို အလွန်ကြီးမြတ်တဲ့ စာပေ ပညာရှင်ကြီးတစ်ဆူနဲ့ နောင်အခါမှာ အလွန် ◌နီးကပ်ကပ် ဆက်ဆံခွင့် ရလာလိမ့်မယ် လို့ ဒီတုန်းက လုံးဝ မတွေးမိသေးပါဘူး။

နောက် ဝင်းဖေ အသက် ၂၀ကျော်လောက်မှာ လူထုသတင်းစာမှာ အလုပ် ဝင်တော့ ဆရာကြီး ရွှေဥဒေါင်းကလည်း လူထုသတင်းစာမှာ အယ်ဒီတာချုပ်ပါ။ ဝင်းဖေတို့အားလုံးက ဆရာကြီးကို ... လူထုဦးလေးလှ၊ လူထုဒေါ်အမာတို့ ခေါ်သလို ဦးလေးသိန်း လို့ပဲ ခေါ်ကြပါတယ်။ ပန်းချီဆရာ ဖြစ်ကြတဲ့ ဝင်းဖေနဲ့ ပေါ်ဦးသက် တို့ဟာ အယ်ဒီတာချုပ် ဆရာကြီးရွှေဥဒေါင်းရဲ့ပုံတူကို သတင်းစာမှာ မကြာခဏ ဖော်ပြဖို့ ဆွဲကြရပါတယ်။ ဒီလိုဆွဲကြရတဲ့အခါ သူ့မှာ သိသာထင်ရှားတဲ့

အရစ်ကြီး ၃ ခု ရှိပါတယ်။ အဲဒီအရစ်ကြီးတွေဟာ နှာခေါင်းထိပ်၊ နဖူးအလယ်မှာ အင်္ဂလိပ် စာလုံး V ပုံလို ချိုင့်နေပါတယ်။ ဝင်းဖေတို့ကလည်း အဲဒီအရစ်ကြီးတွေကို ထည့်ထည့် ဆွဲကြရပါတယ်။ ဆရာကြီး ရွှေဥဒေါင်း ကလည်း အဲဒီ V ပုံ အရစ်ကြီး ၃ ခုဟာ အောင်မြင်မှုလက္ခဏာ Sign of Victory ဆိုပြီး သိပ်ဂုဏ်ယူတာဆိုတော့ ဝင်းဖေတို့ နှစ်ယောက်ကို အလွန်ချစ်ပါတယ်။

ဒီလိုအခြေအနေရှိတဲ့ ကြားထဲမှာ ဒေါ်အမာရဲ့မောင် ဦးမောင်လေး ဆိုတာက မန္တလေးအရှေ့မြောက်ဘက်က ပုသိမ်ကလေးမှာ လူငယ်ကြက်ခြံဆိုတာကို ထူထောင် ထားလေတော့ ယမကာ အလွန်နှစ်သက်တဲ့ ဆရာကြီးရွှေဥဒေါင်း (ဦးလေးသိန်း)ကို အဲဒီ ကြက်ခြံမှာ ကြက်သားကြော်ကောင်းကောင်း၊ အရက်နဲ့ ဖိတ်ဖိတ်ပြီး ဧည့်ခံတတ် ပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးသက်ကိုလည်း သူတို့နှစ်ယောက်စလုံးကချစ်တော့ အဲဒီပွဲကို ခေါ်ခေါ်သွားပါတယ်။ အလွန်ကြီးကျယ်တဲ့ ဆရာကြီးနဲ့အတူ ၄ ယောက်တည်း အလွန်သာယာတဲ့ခြံထဲမှာ အရက်သောက်ခွင့်တွေရခဲ့တာကို ထူးကဲတဲ့ အခွင့်အလမ်း ကြီးတစ်ရပ်အဖြစ် တွေးမိတိုင်း ကြက်သီးထအောင် ဂုဏ်ယူမိပါတယ်။ ဦးလေးသိန်း ကတော့ အလွန်တိကျပြတ်သားတဲ့ စည်းကမ်းနဲ့ သောက်တတ်သူ ဖြစ်ပါတယ်။

ဝင်းဖေနဲ့ပေါ်ဦးသက်တို့ အဲဒီလို အရက်သောက်သောက်နေကြတာကို လူထု ဦးလေးလှနဲ့ လူထုဒေါ်အမာတို့က လုံးဝ မနှစ်သက်ပါဘူး။ ဒါပေမဲ့ ဆရာကြီး ရွှေဥဒေါင်းက ပါနေလေတော့ ဝင်းဖေတို့ကိုပဲ ကျိတ်ဆူပါတယ်။ နောက် နှစ်အတန် ကြာပြန်တော့ ဝင်းဖေက ကျောက်စိမ်းတွင်းမှာသွားပြီး အလုပ်လုပ်ပါတယ်။ တစ်ခါဆရာကြီးရွှေဥဒေါင်းဟာ ကျောက်စိမ်းတွင်း ဒေသမှာရှိတဲ့ ဝေခါးရွာကထွက်တဲ့ ကချင် ဝေခါးအရက်ကို သိပ်ကြိုက်သူ ဖြစ်နေပြန်ပါတယ်။ ဘယ်တုန်းက ဘယ်လို သောက်ဖူး ပြီးတော့ ဘယ်လိုဘယ်လိုကြိုက်နေတယ်ဆိုတာတော့ မသိပါဘူး။ ဒါနဲ့ ဦးလေးသိန်း က ဝင်းဖေ မန္တလေး ပြန်လာတိုင်း ကြုံသလို ကချင်ဝေခါးအရက် ဝယ်ဝယ်လာခဲ့ဖို့ အကူအညီတောင်းပါတယ်။ ဒါ အလွန်ကြီးကျယ်တဲ့ ကြုံတောင့်ကြုံခဲ အခွင့်အရေး ကြီးပါပဲ။ ဆရာကြီးရွှေဥဒေါင်းလို စာပေအနုပညာရှင်ကြီးတစ်ဆူကို သူ အင်မတန် နှစ်သက်တဲ့ ယမကာအဝယ်တော်အဖြစ် အမှုထမ်းဆောင်ခွင့်ရခဲ့တာ နည်းတဲ့ ကုသိုလ်ကံလားဗျာ။

ဒီတုန်းက ဝင်းဖေ ကျောက်စိမ်းတွင်းကနေ မန္တလေးပြန်လာတိုင်း ၄ ဂါလံဝင် ဂျာရီကန် ဓာတ်ဆီပုံးနဲ့ ဝေခါးအရက် တစ်ပုံးတစ်ပုံး ဝယ်ဝယ်လာတတ်ပါတယ်။ လမ်းမှာ တွေ့ကရာ ကချင်အရက်ကို

ကောက်ဝယ်လာပြီး သွားပေးမယ်လို့ မကြံလေနဲ့ ... ဆရာကြီးဟာ ယမကာနဲ့ပတ်သက်ရင် အလွန်အာရုံပါးသူဖြစ်ပါတယ်။ ဝင်းဖေ ဝယ်လာတိုင်း ချက်ချင်း မြည်းကြည့်ပြီးတော့ ... အစစ် ဟုတ်/မဟုတ် စစ်ဆေးပြီး၊ ဟုတ်တယ်ဆိုတာလည်း သိရော တစ်ခါတည်း ပြုံးပြုံးကြီး ဖြစ်သွားတတ်တာကို ဝင်းဖေ ဒီကနေ့အထိ မြင်ယောင်နေပါသေးတယ်။

ဝင်းဖေက ဆရာကြီးကို အမြဲတမ်း ကန်တော့တာဆိုတော့ ပိုက်ဆံ မယူပါဘူး။ ဆရာကြီးကလည်း နိုင်ငံခြားသား တွေဆီက၊ ဟိုကဒီက သူ လက်ဆောင်ရထားတဲ့ တန်ဖိုးကြီးတဲ့ နိုင်ငံခြားအရက်တွေ ဝင်းဖေကို ဖွတ်ပေးလေ့ရှိပါတယ်။ ဝင်းဖေက ယူဖို့ဖွတ်ငြင်းတဲ့အခါ အဲဒီလိုဆိုရင် နောက်မမှာတော့ဘူးကွာ ဆိုလို့ ကြောက်ကြောက်နဲ့ ယူရပါတယ်။ အဲဒီလို ဆရာကြီးစွန့်တဲ့ အရက်ကို သောက်ခွင့်ရတာကိုလည်း သတိရတိုင်း ဂုဏ်ယူမိပါတယ်။ ဒါပေမဲ့ ကျောက်စိမ်းတွင်းကို စစ်အစိုးရက ပြည်သူပိုင်သိမ်း လိုက်တာရယ်၊ အဲဒီနယ်ထဲကို ပြည်တွင်းစစ် ကူးစက်လာတာရယ်ကြောင့် ကျောက်စိမ်း မှော်ပျက်သွားလို့ ဆရာကြီးကို ယမကာဆက်သရတဲ့ အခွင့်အလမ်းကြီးဟာလည်း ခဏနဲ့ပဲ ပိတ်သွားပါတော့တယ်။ နောက်မှာ ဆက်လက်ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဝင်းဖေ ရှေးဘဝကုသိုလ်ကံ အလွန်ကောင်းခဲ့တဲ့အတွက် ဆရာကြီးရွှေဥဒေါင်းနဲ့ နီးနီးစပ်စပ် ကြုံခွင့်၊ ဆုံခွင့်ရတာတွေကို ပြောပြခဲ့ပါတယ်။ ဆရာကြီးနဲ့တွေ့တုန်း ထူးထူးခြားခြား မှတ်သားခဲ့ရတာကလေးတွေကို မှတ်မိသလောက် ဖော်ပြချင်ပါသေးတယ်။

လူထုဒေါ်အမာရဲ့မောင်၊ ရွှေနေကြီးဦးမောင်လေးရဲ့အစီအစဉ်နဲ့ ဦးမောင်လေး ပိုင်တဲ့ ပုသိမ်ကလေးက ကြက်ခြံထဲမှာ ဆရာကြီးနဲ့အတူ ယမကာမှီဝဲခွင့် ရခဲ့ကြစဉ်က ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ဟာ ယမကာအရှိန်လေး ရှိတာတောင် ဆရာကြီးကိုရှိန်ပြီး စကားဝိုင်းထဲ မဝင်ရဲဘဲနေကြတာကို ဆရာကြီး မကြိုက်ပါဘူး။ ဒီတော့ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ သိပ်စိတ်ဝင်စားနေကြတဲ့ မော်ဒန်ပန်းချီအကြောင်းတွေကို လျှောက်မေး ပါတယ်။ ဒီတော့ ဝင်းဖေ တို့ကလည်း ပျော်ပြီးတော့ ကိုယ်သိသလို လျှောက်ဖြေကြ၊ ပြောကြနဲ့ စကားပြောရဲလာကြပါတယ်။ အတော်ကလေး အရှိန်ရလာပြီဆိုတော့မှ ဆရာကြီးက ... “ငါက မင်းတို့ဆွဲနေကြတဲ့ မော်ဒန်ပန်းချီတွေကို ကြိုက်တာ မဟုတ်ဘူးကွ၊ အဲဒီအကြောင်းတွေကိုလည်း သိပ် သိချင်လှတာ မဟုတ်ပါ ဘူး”လို့လည်း ပြောပါတယ်။ ဒီတော့ ဆရာကြီးဟာ ဝင်းဖေတို့ အနေအထိုင်ကျပ်နေ တာကို ချောင်သွားအောင်၊ စကားဝိုင်းထဲ ဝင်နိုင်အောင် တမင် ဖန်တီးပေးတယ်ဆိုတာ သိလိုက် ရပါတယ်။ ဆရာကြီးက “အေး မော်ဒန်ပန်းချီတွေကို ငါ မကြိုက်ဘူးလို့ ပြောတာနော်၊ မကောင်းဘူး၊ မှားတယ်၊ ဘာညာ ငါ ပြောတာမဟုတ် ဘူးနော်” လို့လည်း ပြောပါသေးတယ်။

ဆရာကြီးက စကားပြောတဲ့နေရာမှာ တတ်နိုင်သမျှ အဓိပ္ပာယ်ကို တိတိကျကျ ထွက်အောင် သတိထား ပြောတာဟာ အလွန်ထူးခြားသိသာပါတယ်။ ရွှေနေ ဦးမောင်ကလေးနဲ့ ဆရာကြီးတို့နှစ်ယောက် အများဆုံး ပြောနေကြတာတွေကတော့ အင်္ဂလိပ်လူမျိုးတွေရဲ့ စရိုက်၊ အနေအထိုင်၊ အပြောအဆိုတွေနဲ့ပတ်သက်လို့ အကောင်း အဆိုးတွေဖြစ်ပါတယ်။ ဦးမောင်လေးရော၊ ဆရာကြီးရွှေဥဒေါင်းရော အင်္ဂလိပ်စာပေ အလေ့အလာများသူတွေ ဖြစ်ကြပါတယ်။ အင်္ဂလိပ်တွေရဲ့ စရိုက်လက္ခဏာကို ထင်ရှား ပေါ်လွင်စေတဲ့ ပုံပြင်ကလေးတစ်ခုကို ဆရာကြီးက ပြောပြပါတယ်။

တစ်နေ့ လန်ဒန်မြို့က လမ်းဘေး ပလက်ဖောင်း တစ်ခုပေါ်မှာ လူတစ်ယောက် ဟာ ခြေနင်းကြိုးပြုတ်နေလို့ ကုန်းပြီးတော့ ပြန်ချည်နေတုန်း တခြားတစ်ယောက် နောက်က ရောက်လာပြီးတော့ ဖင်ကို အားရပါးရ ပိတ်ကန် လိုက်ပါသတဲ့ခင်ဗျာ။ ရှေ့ကို မှောက်လျက်ကျသွားပြီးတော့ အတော်လေး အထိနာသွားတဲ့လူက သိပ်စိတ်ဆိုး ဒေါသထွက်နေတော့ကာ ကန်တဲ့သူက ချက်ချင်း အနူးအညွတ် အပြင်းအထန် တောင်းပန်ပါသတဲ့။ သူဟာ အမှတ်တမဲ့ သူ့သူငယ်ချင်း ဂျွန်မှတ်လို့ ကန်မိတာပါ လို့ပြောသတဲ့။ ဒီတော့ အကန်ခံရတဲ့သူက …"ခင်ဗျား သူငယ်ချင်း ဂျွန် ဖြစ်တော့ရော ဒီလောက်တောင် ရက်ရက်စက်စက် ကန်ရသလား" လို့ ပြောပါသတဲ့။ ကန်တဲ့သူ က "နေပါဦး … ကျုပ်သူငယ်ချင်းကို ကျုပ်ဘယ်လိုကန်ကန်၊ ဒါ ခင်ဗျားကိစ္စ မဟုတ်ပါဘူး" လို့ ပြန်ပြောသတဲ့။ ဒီတော့ အကန်ခံရတဲ့သူကလည်း … ဟာ ဟုတ်ပေသားပဲ … ဒါ ခင်ဗျား ကိုယ်ပိုင်ကိစ္စပဲ။ ကျွန်တော် မှားသွားပါတယ်" လို့ ပြန်တောင်းပန်သတဲ့ဗျာ။ အဲဒါ အင်္ဂလိပ်တွေရဲ့စရိုက်ပဲလို့ ဆရာကြီးကပြောရင်း … အလွန်ထိရောက်တဲ့ ဝတ္ထုတိုလေး တစ်ပုဒ်လည်း ဖြစ်ပေတယ်လို့ မှတ်ချက်ပေးပါတယ်။

ဆရာကြီးက သူ မော်ဒန်ပန်းချီတွေအကြောင်းကို သိချင်လို့ မော်ဒန်ပန်းချီ ဆိုတာ ဘာလဲ ဆိုတဲ့ စာအုပ် တစ်အုပ်ကို ဖတ်ကြည့်ပေမဲ့ ဘာမှနားမလည်ဘဲ ပိုပြီးတော့တောင် ရှုပ်ကုန်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်ပြီး ၂နှစ် လောက် နေမှ သတိပြန်ရတယ်တဲ့။ မော်ဒန်ပန်းချီ အကြောင်း ဆိုတာကြီးကို စာအုပ် တစ်အုပ် တည်းဖတ်လို့ ဘယ်နားလည်ပါ့မလဲလို့ ပြောပါတယ်။ ဒါပေမဲ့ တရုတ်တွေရဲ့ ဘူးသီး ငါးပေါင်းကြော်လို ခန်းဂျီး စာလုံးတွေကို ကြည့်ပြီးတော့ တရုတ်တွေဟာ မော်ဒန်ပန်းချီရဲ့သဘောတရားကို အနောက်နိုင်ငံများထက် နှစ်ပေါင်းထောင်ချီ ပိုစောပြီးတော့ တွေ့ခဲ့ပုံရတယ်လို့ သူ တွေးမိတဲ့အကြောင်း ပြောပါတယ်။ ဒီအကြောင်းတွေကို မြန်မာ့ ခေတ်သစ်ပန်းချီ သမိုင်းရဲ့ ပထမ မျိုးဆက်ဖြစ်တဲ့ ပန်းချီဆရာကြီး ဦးခင်မောင်ကို ပြန်မေးတော့ … သူကိုယ်တိုင်လည်း အဲဒီလိုပဲ တွေးမိထားတဲ့အကြောင်း၊ တရုတ် လက်ရေးစာလုံးတွေဟာ မော်ဒန်ပန်းချီမှာ အလွန်အရေးကြီးတဲ့ Symbolism လို့ခေါ်တဲ့ နိမိတ်ပုံဆောင် သဘောတရား၊ Expressionism လို့ခေါ်တဲ့ ခံစားချက်နဲ့ အထူး ပြု စေစားချက် စတာမျိုးတွေ ပါနေတာကို တွေ့ရတဲ့အကြောင်း ရှင်းပြပါတယ်။

နောက် ဆရာကြီး ရွှေဥဒေါင်းဟာ အင်္ဂလိပ်စာကျွမ်းကျင်သူဖြစ်တဲ့အတွက် မော်ဒန်ပန်းချီထဲက Abstract ဆိုတဲ့ စကားဝေါဟာရကို Abstract Noun စိတ္တဇနာမ် ကလာတဲ့ စိတ္တဇဆိုတဲ့ အဓိပ္ပာယ်အပြင် တခြားအဓိပ္ပာယ်တစ်ခုဖြစ်တဲ့ ခွဲထုတ်ခြင်း၊ သီးခြားပြုခြင်း ဆိုတဲ့ အဓိပ္ပာယ်နဲ့လည်း စဉ်းစားကြည့်မိတဲ့အကြောင်း

ပြောပါတယ်။ မှန်ပါတယ်ခင်ဗျာ ... မော်ဒန်ပန်းချီထဲက Cubicism ဆိုကြပါစို့ ... အမြင်အာရုံ၊ ရှုခင်း၊ မြင်ကွင်းတွေထဲက ထုထည်သဘော၊ အမို့၊ အမောက်၊ အချိုင့်၊ အဝှမ်းသဘော၊ ဂဲဩမေတြီသဘော၊ အလှတွေကို သီးခြားနှစ်သက်ကျေနပ် လို့ အဲဒီလက္ခဏာတွေကိုပဲ အလေးထားပြီး ရေးဆွဲတဲ့စနစ်ကို Cubicism လို့ခေါ်ပါတယ်။ ဆရာကြီးပြောသလို Abstract ဆိုတဲ့ ဝေါဟာရရဲ့ တခြားအဓိပ္ပာယ်နဲ့ တွက်ရင်လည်း အခုလို ကိုက်ညီနေတဲ့အကြောင်းကို ဝင်းဖေတို့က ပြန်ပြီးဆွေးနွေးတော့ ဆရာကြီးက အလွန် နှစ်ထောင်းအားရဖြစ်ပြီးတော့ ဝင်းဖေတို့ကို ကျေးဇူးတင်ကြောင်း လည်း ချက်ချင်းပြောပါတယ်။

ဆရာကြီး ရွှေဥဒေါင်းဟာ အရက်သောက်ရင်းပေမဲ့ ဘာသာရေးအကြောင်း တွေကိုလည်း ပြောကြားတတ် ပါတယ်။ မြန်မာအများစုဟာ ရိုးရာအစဉ်အလာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေကျလို့ ကံကောင်းတာရှိသလို ကံဆိုးတာလည်း ရှိတတ်တဲ့ အကြောင်း၊ အစဉ်အလာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေကြလို့ ဗုဒ္ဓတရားတော်တွေနဲ့ ပတ်သက်လို့ ကိုယ်တိုင် ကြိုးပမ်း၊ စဉ်းစား တွက်ဆကြည့်ဖို့ ပျက်ကွက်နေတတ်ကြ ကြောင်း၊ ဗုဒ္ဓဘာသာတိုင်း ကိုယ်တိုင် ကြံဆ၊ အားထုတ်မှု အရေးကြီးကြောင်း ... စတာတွေကို ဆွေးနွေးတတ်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ

ဒီတစ်ပတ် ဝင်းဖေလွယ်အိတ်ကဏ္ဍမှာ ဝင်းဖေ ဖြတ်သန်းခဲ့ရတဲ့ ရုပ်ရှင်အနုပညာရှင်ကြီးတွေရဲ့ အကျင့်၊ စရိုက်၊ လက္ခဏာတွေကို တင်ပြချင်ပါတယ်။ အကောင်း၊ အဆိုး၊ ရောပြွမ်းပါရှိနေတဲ့အတွက် ကာယကံရှင်တွေရဲ့ သိက္ခာကို ငဲ့ပြီးတော့ နာမည်တွေ မဖော်ပြဘဲ တင်ပြမှာ ဖြစ်ပါတယ်။

သက်ရှိသတ္တဝါတိုင်းမှာ ကိုယ်ပိုင် အကျင့်၊ စရိုက်၊ လက္ခဏာတွေ ရှိကြပါတယ်။ ဒါပေမဲ့ လူတွေရဲ့ အကျင့်၊ စရိုက်၊ လက္ခဏာတွေကတော့ တိရစ္ဆာန်တွေထက် အများကြီးပိုပြီး စိတ်ဝင်စားစရာ ကောင်းတတ်ပါတယ်။ ဒါ့ထက် အနုပညာရှင် တွေရဲ့ အကျင့်စရိုက်တွေက ပိုပြီးတော့ သီးခြား သိချင်စရာ ဖြစ်နေတတ်ပါတယ်။ ရုပ်ရှင်ထူးချွန်ဆု အများဆုံး ဆွတ်ခူး ရရှိထားတဲ့ ရုပ်ရှင်ဒါရိုက်တာကြီး တစ်ဦးဆိုရင် ရုပ်ရှင်နဲ့ပတ်သက်လို့ ဘက်ပေါင်းစုံက ပြည့်စုံသလို ဖြစ်နေပေမဲ့ ရုပ်ရှင်မှာ အလွန် အရေးကြီးတဲ့ ကင်မရာအယူအဆမှာ ကင်မရာ အတတ်ပညာရှင်က အကောင်းဆုံး ဖြစ်အောင် ကြိုးစားနေရင် သည်းခံစောင့်ဆိုင်းဖို့ စိတ်မရှည်ဘဲ .. ငါ ဇာတ်လမ်းကို မိအောင် ရိုက်နေတာကွ၊ ကင်မရာဓာတ်ပုံ အကယ်ဒမီ ချိန်နေတာ မဟုတ် ဘူးလို့ ပြောတတ်ပါတယ်။ ဒါ့ကြောင့် ဒီဆရာကြီးရဲ့ရုပ်ရှင်တွေမှာ ကင်မရာ အယူအဆ မညံ့ပေမဲ့ ထူးထူးခြားခြား မရှိတတ်ပါဘူး။

စာပေလောကမှာ နေလိုလလို ထင်ရှားအောင်မြင်ခဲ့တဲ့ စာပေ အနုပညာရှင်ကြီး တစ်ဦး ရုပ်ရှင်ဒါရိုက်တာအဖြစ် စီစဉ်ညွှန်ကြားရာမှာ မကြာခဏဆိုသလို သရုပ်ဆောင်တွေ အမူအရာလုပ်တာကို မကြည့်ဘဲ မျက်စိမှိတ်ထားပြီးတော့ နားပဲ စွင့်နေတတ်ပါတယ်။ အဲဒီလိုနဲ့ အမူအရာတွေ မှန်/မမှန်ကို အကဲဖြတ်လေ့ ရှိပါတယ်။ စကားပြော လေသံ သဘာဝကျပြီး မှန်ကန်နေရင် အမူအရာလည်း မှန်ကန်တော့တာပဲလို့ အဲဒီဆရာကြီးက ယုံကြည်တဲ့အကြောင်း ထုတ်ဖော် ပြောကြားတတ်ပါတယ်။ သရုပ်မှန်ဝါဒကို အလွန်နှစ်သက်တဲ့ ဒါရိုက်တာကြီး တစ်ယောက်ကတော့ ရုပ်ရှင်သရုပ်ဆောင် အနုပညာမှာ ဘယ်လိုဖြစ်သင့်တယ်၊ ဘာ့ကြောင့်ဖြစ်သင့်တယ်ဆိုပြီး စဉ်းစား၊ တွက်ချက်၊ သရုပ်ဆောင်တာ လုံးဝ အဓိပ္ပာယ်မရှိတဲ့အကြောင်း၊ သရုပ်ဆောင်ရာမှာ ဇာတ်လမ်းအရ ခံစားချက်ကို ကာယကံရှင်ကိုယ်တိုင်

ထိမိအောင် ခံစားနိုင်ရင် ခံစားနိုင်သလောက် ပီပြင်မှာပဲ၊ ခံစားချက်အားနည်းတဲ့သူ သရုပ်ဆောင်လုပ်လို့ မရဘူးလို့ အပြတ်ပြော တတ်ပါတယ်။

ရုပ်ရှင်ထူးချွန်ဆုတွေ အများကြီး ဆွတ်ခူးရရှိထားတဲ့ မင်းသားကြီးတစ်ယောက် ကတော့ ... ရုပ်ရှင်သရုပ်ဆောင် ပညာ ဆိုတာ ... သဘာဝအတိုင်း လုပ်လို့လည်း မရဘူး၊ ဇွတ်လုပ်ယူလို့လည်း မရဘူး၊ အဲဒီနှစ်ခုကြားက အလွန် သိမ်မွေ့တဲ့ အဆင့် တစ်ရပ် ဖြစ်တယ်လို့ ပြောပါတယ်။ ခံစားချက် သက်သက်ပဲ ရှိပြီးတော့ ဆင်ခြင်ကြံဆ နိုင်တဲ့ ဉာဏ်မရှိရင် သူ့ပညာမျိုးဟာ လုံခြုံမှုမရှိနိုင်ဘူး၊ ကောင်းချင်ရင် စွတ်ကောင်းနေ တတ်ပြီး၊ လွဲပြီဆိုရင်လည်း ကိုယ့်အမှား ကိုယ်မသိလို့ မပြင်နိုင်ဘူး၊ မကယ်နိုင်ဘူးလို့ ပြောပါတယ်။

ဝင်ငွေကောင်းပြီး သိက္ခာရှိတဲ့ ရုပ်ရှင်ကားကြီးတွေနဲ့ အောင်မြင်တဲ့ ရုပ်ရှင် ဒါရိုက်တာကြီးတစ်ယောက်ကတော့ ... သူ့ဇာတ်ညွှန်းထဲမှာပါတဲ့အတိုင်း လိုအပ်တဲ့ ဇာတ်ဝင်ပစ္စည်းတွေကို တိတိကျကျပေးမှ ကြိုက်ပါတယ်။ ဥပမာ ... ထမင်းစားခန်း ရိုက်ကူးရာမှာ ဟင်းခွက် ၆ မျိုးပါမယ်၊ အဓိကဟင်းက ငါးမြင်းသားဟင်းလို့ ဆိုထား ပေမဲ့ ဇာတ်လမ်းအရ ဘာဟင်းပဲဖြစ်ဖြစ် တင့်တင့်တယ်တယ် ပြင်ဆင်ထားနိုင်ရင် ပြီးတာပဲဖြစ်နေလို့ ကြက်သားဟင်းနဲ့ လုပ်မပေးလေနဲ့၊ အဲဒီ ဒါရိုက်တာကြီးက စိတ်ဆိုး သွားပြီးတော့ ... “မင်းတို့က ဒါရိုက်တာလား၊ ငါက ဒါရိုက်တာလား၊ မင်းတို့ ရိုက် တတ်ရင် မင်းတို့ဟာနဲ့မင်းတို့ ရိုက်ကြ” ဘာညာစတဲ့ မလိုလားအပ်တဲ့ ခွန်းကြီး၊ ခွန်းငယ်တွေအထိ ဖြစ်ကုန်တတ်ပါတယ်။

အဲဒီလို သူ အပြောကောင်းလို့ ထုတ်လုပ်သူတစ်ယောက်ဟာ မခံချင်တာနဲ့ ကိုယ်တိုင်တက်ပြီးတော့ ဒါရိုက်တာ လုပ်လိုက်တာ အလွန်အောင်မြင် ကျော်ကြားတဲ့ ဟာသရုပ်ရှင် ဒါရိုက်တာကြီး တစ်ယောက် ပေါ်ထွန်းလာခဲ့ဖူးပါတယ်။ အလွန် အောင်မြင်ပြီး လူကြိုက်များခဲ့ပေမဲ့ ရုပ်ရှင် ထူးချွန်ဆုတစ်ခုမှ မရခဲ့ဖူးတဲ့ ဝါရင့် ရုပ်ရှင်မင်းသား ကြီးတစ်ယောက်က သူနဲ့အတူယှဉ်ပြီး လူကြမ်းလုပ်ရတဲ့ သရုပ်ဆောင်သစ် တစ်ယောက်ကို မင်းကလူကြမ်းပဲ၊ ငါက မင်းသားပဲ ... ဆိုတဲ့ နှိမ့်ချပြောဆိုမှုမျိုး ရှိခဲ့ဖူးပါတယ်။ အဲဒီလို နှိမ့်ချအပြောခံရတဲ့ ပုဂ္ဂိုလ်ဟာ တကယ်တော့ ရုပ်ရှင်စက်မှုပညာ လက်သင် တစ်ယောက်သာ ဖြစ်ပါတယ်။ အခြေအနေအရ လူကြမ်းလုပ်မယ့်သူ မရှိလို့ မစားလောက် သုညထိုး၊ ခေတ္တဝင်ပြီး ကူညီသူသာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ကို နှိမ့်ချပြောဆို တာကို မခံချင်တဲ့အတွက် သရုပ်ဆောင်ပညာဘက်မှာ ဆက်လက် ကြိုးစားလိုက်တာ အချိန်တိုကလေးအတွင်းမှာပဲ ရုပ်ရှင်သရုပ်ဆောင် ထူးချွန်ဆုတွေ အများကြီးရတဲ့ အလွန် အောင်မြင် ကျော်ကြားတဲ့ သရုပ်ဆောင် ပညာရှင်ကြီး တစ်ဆူ

ဖြစ်လာခဲ့ရပါတယ်။

မြန်မာရုပ်ရှင်လောကမှာ ဆန်းပြားတာတစ်ခု ရှိပါတယ်။ ရုပ်ရှင်ဇာတ်လမ်းများအရ လူဆိုး၊ လူကြမ်းတွေအဖြစ် သရုပ်ဆောင်ကြရတဲ့ သရုပ်ဆောင်တွေဟာ အပြင်လောက တကယ့်ဘဝတွေမှာ လူသူတော်ကောင်းတွေ ဖြစ်နေကြတာ အတော် များများရှိပါတယ်။ ဥပမာ နာမည်ကြီး လူကြမ်းမင်းသားကြီး အံ့ကျော် ဆိုရင် တစ်သက်လုံး အရက် မသောက်တတ်သူ ဖြစ်ပြီးတော့ ဘာသာရေး ကိုင်းရှိုင်းသူ တစ်ယောက်လည်း ဖြစ်ပါတယ်။ နောက် နာမည်ကြီး သရုပ်ဆောင် ဋ္ဌေးဝင်း ဆိုရင်လည်း အစောကြီး အရက်ဖြတ်လိုက်ပြီးတော့ ဘာသာရေး အထူး ကိုင်းရှိုင်းပြီးတော့ကာ အကျင့်သီလနဲ့နေသူ တစ်ယောက် ဖြစ်ပါတယ်။ အလားတူ ရုပ်ရှင်သရုပ်ဆောင် လူကြမ်းအများစုဟာ အပြင်လောကမှာ လူသူတော်ကောင်းတွေပဲ များပါတယ်။

နာမည်ကြီး လူကြမ်းမင်းသားကြီး တစ်ယောက်ကတော့ ရုပ်ရှင်ဒါရိုက်တာလည်း လုပ်ပါတယ်။ သူကလည်း တစ်မျိုး ထူးခြားပါတယ်။ အရက်သေစာ မူးယစ် ဆေးဝါး အားလုံးကင်းရှင်းပြီး ဘာသာရေး အကျင့်သီလတွေကို ကြိုးကြိုးစားစား လေ့ကျင့်နေသူ ဖြစ်ပေမဲ့ ရုပ်ရှင်ဒါရိုက်တာ လုပ်ပြီဆိုရင် အလွန်စိတ်တိုတတ်၊ ဒေါသ ကြီးတတ်သူ ဖြစ်ပြီးတော့ နှုတ်ကလည်း ကြမ်းတမ်းလာပြီးတော့ကာ အဆဲအဆိုများသူ ဖြစ်ပါတယ်။ ရင်းနှီးတဲ့မိတ်ဆွေတွေက သတိပေးကြပေမဲ့ အကြိမ်ကြိမ် သတိလက်လွတ် ဖြစ်သွားပြီး မှားမြဲမှားနေတတ်ပါတယ်။ အလားတူပဲ အခု ကွယ်လွန်သွားပြီ ဖြစ်တဲ့ ဟာသသရုပ်ဆောင်ကြီး တစ်ယောက်ဟာလည်း သူ ဒါရိုက်တာလုပ်တဲ့အချိန်မှာ ပျော်ပျော်ပါးပါး လုပ်ကိုင်ကြရလိမ့်မယ်လို့ ထင်ရပေမဲ့ အလွန်အဆဲသန်သူ ဖြစ်နေပြန်ပါတယ်။ ဆက်လက်ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

မြန်မာရုပ်ရှင်မှာပဲဖြစ်ဖြစ်၊ ကမ္ဘာ့ရုပ်ရှင်မှာပဲဖြစ်ဖြစ် အကျိုးအမြတ်ခံစားခွင့် အများဆုံးရကြသူတွေကတော့ ထုတ်လုပ်ဖြန့်ချိသူတွေနဲ့ ရုပ်ရှင်ကြည့်ပရိသတ်ရဲ့ အသည်းကျော်တွေဖြစ်လာကြတဲ့ ရုပ်ရှင်အနုပညာသည်တွေပဲ ဖြစ်ကြပါတယ်။ ဒီနေရာမှာ မြန်မာတွေက ရုပ်ရှင်ကား ရိုက်ကူးထုတ်လုပ်ဖို့ ငွေကြေးစိုက်ထုတ်သူကို ထုတ်လုပ်သူ Producer လို့ခေါ်ဝေါ်သုံးစွဲကြပါတယ်။

ကမ္ဘာ့ရုပ်ရှင် ဈေးကွက်ကြီးတစ်ခုလုံးရဲ့ ၉၀ ရာခိုင်နှုန်းလောက်ကို လက်ဝါးကြီးအုပ် လွှမ်းမိုးထားတဲ့ အမေရိကန် ဟောလီဝုဒ်ရုပ်ရှင်လောကမှာတော့ Producer လို့ခေါ်တဲ့ ထုတ်လုပ်သူဆိုတာ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးထုတ်လုပ်ဖို့ စီမံခန့်ခွဲသူကို ခေါ်တာပါ။ အရင်းအနှီး ပိုက်ဆံထုတ်သူကို Financer ငွေထုတ်သူ သူဌေးလို့ပဲ ခေါ်ပါတယ်။ များသောအားဖြင့် ရုပ်ရှင်ကုမ္ပဏီကြီးတွေ ဖြစ်ပါတယ်။

ဟောလီဝုဒ်ရုပ်ရှင်လောကက ထုတ်လုပ်သူဆိုတဲ့ Producer တွေဟာ တစ်ခါ တလေ ရုပ်ရှင် ဒါရိုက်တာကြီးများ ထက်တောင် ပညာအရာမှာ အရေးပါ အရာရောက် သူတွေ၊ ထက်မြက်သူတွေ ဖြစ်နေတတ်ကြပါတယ်။ သူတို့က ဘယ်ဝတ္ထုကို ဘယ်ဒါရိုက်တာနဲ့၊ ဘယ်သရုပ်ဆောင်တွေကို သုံးပြီးတော့ ဘယ်လိုဘယ်လို ရိုက်လိုက်ရင် ဘယ်လောက် အထိ အောင်မြင်နိုင်တဲ့ရုပ်ရှင်ကားတစ်ကား ဖြစ်လာနိုင်တယ်ဆိုတာကို ထိုးထွင်းသိမြင်နိုင်တဲ့သူတွေ ဖြစ်ကြပါတယ်။ အဲဒီလို အကျိုးဖြစ်ထွန်းလာနိုင်တာတွေကိုလည်း ငွေကြေး ရင်းနှီးမြှုပ်နှံ နိုင်သူတွေကို ရှာဖွေ၊ တွေ့ဆုံ၊ ရှင်းပြ၊ ဆွေးနွေး၊ စည်းရုံး နိုင်သူတွေလည်း ဖြစ်ကြပါတယ်။

တစ်ခါတလေ သူတို့ကိုယ်တိုင်ပဲ အလွန်အောင်မြင်တဲ့ ဒါရိုက်တာတွေ တက် လုပ်တတ်ကြပါသေးတယ်။ တစ်နည်းအားဖြင့် သူတို့ကိုယ်တိုင် ပညာနဲ့စီမံခန့်ခွဲနိုင်မှု နှစ်ရပ်စလုံး ကျွမ်းကျင်တဲ့ အနုပညာသည်တွေ ဖြစ်ကြတယ်လို့ ပြောချင်တာပါ။ မြန်မာတွေ နားလည်တဲ့ ထုတ်လုပ်သူ ဆိုတာနဲ့ ကမ္ဘာ့ရုပ်ရှင် လောကက ထုတ်လုပ်သူ ဆိုတာ အဓိပ္ပာယ်ချင်း အတော်လေး ကွာခြားနေပါတယ်။

ထားပါတော့ ... ဝင်းဖေ လောလောဆယ် အဓိကထားပြီးပြောချင်တာက.. ... ရုပ်ရှင်အနုပညာသည်တွေ အကြောင်းပါ။ ရုပ်ရှင်အနုပညာသည် အပါအဝင် အနုပညာသည်လောကမှာ ကိုယ်ရွှေထီးဆောင်းနေရတဲ့အချိန်မှာ ကြိုကြိုတင်တင် စုစုဆောင်းဆောင်းနဲ့ စီမံချက်ချပြီး ထိန်းသိမ်းနိုင်တဲ့သူ အလွန်ရှားပါးပါတယ်။ အများစု ကတော့ ကိုယ်ငယ်ရွယ်နုပျိုတုန်း၊ သန်တုန်းမြန်တုန်း၊ ချမ်းချမ်းသာသာ၊ ပြည့်ပြည့်စုံစုံ၊ နေနိုင်ကြပြီးတော့ ကိုယ်နာမည်တစ်လုံး ကျဆုံး၊ ရှုံးနိမ့်သွားတဲ့အခါမှာ ဆင်းဆင်းရဲရဲနဲ့ ဘဝနိဂုံးချုပ်ကြရတာများပါတယ်။

အနုပညာလောကမှာ ပညာဥာဏ်၊ ဆင်ခြင်တုံတရားကို အရင်းအနှီးပြုသူ၊ နောက်ပြီးတော့ကာ ... အင်အားကောင်းတဲ့ အာရုံခံစားမှုကို အရင်းအနှီးပြုတဲ့ ပညာ သည် ဆိုပြီးတော့ အဓိကအားဖြင့် နှစ်မျိုးနှစ်စား ရှိပါတယ်။ နှစ်ခုစလုံး မျှပြီးရှိတဲ့ ပညာသည်တွေလည်း ရှိတော့ရှိပါတယ်။ ဒါပေမဲ့ နည်းပါတယ်။ အဓိက အနုပညာ သည် နှစ်မျိုးမှာ ခံစားချက်ကိုအရင်းခံတဲ့ ပညာသည်တွေက များပါတယ်။ ဒါ့ကြောင့် လည်း အနုပညာလောကမှာ ဆင်ခြင်တွေးတောအား နည်းနေတတ်ပါတယ်။ ဒါ့ကြောင့်လည်း ဘဝလုံခြုံမှုအတွက် ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှု ဆိုတာ မျိုးတွေ အားနည်းနေတတ်ပါတယ်။ ဒါပေမဲ့ ခေတ်သစ်ပညာရေးစနစ်တွေမှာ အနုပညာသည်ကို စနစ်တကျ သင်တန်းတွေနဲ့ မွေးထုတ်တာ အင်နဲ့အားနဲ့ ဖွံ့ဖြိုး တိုးတက်လာနေပါတယ်။ ဒါကလည်း အနုပညာထုတ်လုပ်မှု အတိုင်းအတာ အများ ကြီး လိုအပ်လာနေလို့ ဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်မြင့် ပညာရေးတက္ကသိုလ်ကြီးတွေမှာ အနုပညာသင်တန်းတွေ အများကြီး ထည့်သွင်း စီစဉ်ပေးလာနိုင်တာ တွေ့ရပါတယ်။ ဒီလို စနစ်တကျ သင်တန်း ကြီးတွေ ရှိလာတဲ့အတွက် အနုပညာလောကမှာ ဆင်ခြင်တုံတရားအခြေခံ ဥာဏ်စောင့်ကို ပိုပြီးတော့ သင်ကြားတပ်ဆင်ပေးနိုင်ဖို့ အခွင့်အလမ်းတွေ တိုးများလာပါတယ်။ အနာဂတ် အနုပညာနယ်ပယ်မှာ ခံစားချက်အနုပညာနဲ့ ချိန်ခွင်လျှာကို ညှိပေးနိုင်မယ့် အကြောင်းတရား၊ အကျိုးတရား ဆင်ခြင်တွက်ဆမှုတွေ တိုးမြင့်လာတော့မှာ ဖြစ် ပါတယ်။

မြန်မာရုပ်ရှင်လောကမှာ မင်းသားကြီး ဦးထွန်းဝေ ဆိုရင် ... အများ မြင်သိနေကြတဲ့အတိုင်း သူ့ အနုပညာ ဖော်ဆောင်ရာမှာ အသိဥာဏ် ဆင်ခြင်တုံတရားနဲ့ ခံစားချက်ခွန်အားတွေကို မျှမျှတတ အသုံးချသွားသူ ပညာရှင်ကြီး တစ်ဦး ဖြစ်ပါတယ်။ ဒါ့ကြောင့် အနုပညာ ခိုင်ခန့်အောင်မြင်ရုံသာမက ဘဝလုံခြုံအောင်မြင်မှုကိုပါ ညီညွတ် မျှတစေသူ ဖြစ်လာပါတယ်။ မြန်မာရုပ်ရှင်လောကမှာ မင်းသားကြီး ဦးထွန်းဝေလို စံပြပညာရှင် ရှားပါးပါတယ်။

မင်းသားကြီးဟာ မြန်မာရုပ်ရှင်လောကမှာ နှစ်ပေါင်း ၅၀ လောက် နေလို လလို ပြည်သူပရိသတ် လက်ခံအားပေးတဲ့ အဓိကရ ရုပ်ရှင် အနုပညာသည်ကြီးတစ်ယောက် ဖြစ်ခဲ့ပေမဲ့ မြန်မာရုပ်ရှင် အနှစ် ၇၅ နှစ်ပြည့် စိန်ရတု သဘင်ကျင်းပတဲ့အခါမှာ စစ်အစိုးရရဲ့ အငြိုးအငြင်၊ အာဃာတထားမှုကြောင့် သူ့ကဏ္ဍ တစ်ခုလုံးကို ထိမ်ချန်ဖုံးကွယ်ထားခဲ့ပါတယ်။ မြန်မာရုပ်ရှင် ချစ်သူတွေက တကယ့် အဓိကရ မြန်မာ့ရုပ်ရှင်သက်တမ်း ၇၅ နှစ်မြောက် သတိတရရှိနေကြချိန်မှာ သူတို့ချစ်တဲ့ အဓိကရ ရုပ်ရှင် ပညာသည်ကြီး တစ်ယောက် မြင်ကွင်းက ပျောက်နေတဲ့အတွက် မေ့ပျောက်ထားလိုက်ဖို့ နေနေသာသာ မင်းသားကြီး ဦးထွန်းဝေကဏ္ဍကို ဘယ်ကောင် တွေက ချန်ခဲ့တာလဲလို့ ဒေါသထွက်ကြပါတယ်။ မစ္ဆရိယ စိတ်ထားသူတွေ ပိုပြီးတော့ ဆုံးရှုံးနစ်နာရပါတယ်။

စာပေအနုပညာရှင်တွေထဲမှာလည်း မင်းသားကြီး ဦးထွန်းဝေလို ဥာဏ်နဲ့ အာရုံခံစားမှု မျှတသူအဖြစ် စာပေအနုပညာရှင်ကြီး ဆရာမြသန်းတင့်ကို အများက အသိအမှတ်ပြုကြပါတယ်။ ဒီလိုအနုပညာရှင်ကြီးတွေဟာ မြန်မာ့ အနုပညာလောက မှာ အလားတူ ရှိကြပေမဲ့ ရှားပါးပါတယ်။ မြန်မာတွေဟာ ကမ္ဘာ့အပူပိုင်းဒေသသား တွေပီပီ ဘာကိုပဲဖြစ်ဖြစ် ရေရှည်ထိန်းသိမ်းထားနိုင်ဖို့ အကျင့်စရိုက်နဲ့ ပတ်သက်လို့ အားနည်းတယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်မှုတွေ တိုးများလာပြီလို့တော့ ဆိုနိုင်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ်တော့ ဝင်းဖေ ရုပ်ရှင်ဒါရိုက်တာ ဖြစ်လာရပုံကို တင်ပြချင်ပါတယ်။ ဝင်းဖေ ငယ်စဉ်က ရုပ်ရှင်ကို သိပ်ကြိုက်ခဲ့တာမှန်ပေမဲ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်ချင် တာတို့၊ ရုပ်ရှင်ဒါရိုက်တာဖြစ်ချင်တာတို့ လုံးဝလုံးဝ မရှိခဲ့ပါဘူး။ ဘာလို့တုံးဆိုတော့... သိပ်ရှင်းပါတယ် ... ဝင်းဖေက ငယ်ငယ်ကတည်းက ကိုယ့်ရုပ်ကို မှန်ထဲမှာ သေသေ ချာချာကြည့်ပြီး အတော်မကျေနပ်သူ ဖြစ်ပါတယ်။ သရုပ်ဆောင်နိုင်လိမ့်မယ်လို့လည်း နည်းနည်းကလေးမှ အယုံအကြည် မရှိပါဘူး။ နောက် ရုပ်ရှင်ဒါရိုက်တာဖြစ်ဖို့ကျပြန် တော့လည်း ဝင်းဖေက ငယ်ငယ်ကတည်းက ရုပ်ရှင်ပညာဆိုတာ သိပ်ကြီးကျယ် ရှုပ်ထွေးတဲ့ပညာကြီး၊ မင်းနဲ့ဘာဆိုင်လို့တုံး ဆိုပြီးတော့ အနားတောင် မကပ်ရဲသူ၊ အလွန်ကြောက်သူ ဖြစ်ပါတယ်။ နောက်ပိုင်း မနေနိုင်လို့ ဒါရိုက်တာ လုပ်မယ့်သာ လုပ်ခဲ့တာ ... ခုထိလည်း ရုပ်ရှင်ပညာဆိုတာကြီးဟာ အလွန်ကြီးကျယ် ရှုပ်ထွေးတယ် လို့ ယုံကြည်နေတုန်း၊ သိနေတုန်းပါပဲ။ ခုလည်း ကြောက်နေတုန်းပါပဲ။

ဒါပေမဲ့ ဝင်းဖေ ဘဝမှာ ဒါရိုက်တာဖြစ်လာဖို့ နိမိတ်ပြတာကတော့ တော်တော် ကလေးစောပါတယ်။ မှတ်မှတ်ရရ ... ၁၉၄၈ခုနှစ်၊ ဝင်းဖေမှ ၇တန်းပဲ ရှိသေးတယ်... မန္တလေးက အစိုးရအထက်တန်းကျောင်းမှာ တက်နေတုန်း ကျောင်းအုပ်ကြီးက မစ္စတာ ဖိလစ်လက်ထက်၊ တန်ဆောင်တိုင်လား သီတင်းကျွတ်လား ... မသေချာတော့ပါဘူး။ ကျောင်းကပွဲလုပ်ကျမယ်၊ ပြဇာတ်ကကြမယ်၊ လုပ်ပါလေရော။ ဝင်းဖေက ဆယ့်သုံးနှစ်ပဲရှိသေးတော့ ဝင်းဖေနဲ့ ဘာမှမဆိုင်ပါဘူး။ ၈တန်း၊ ၉တန်း၊ ၁၀တန်းက ကျောင်းသား ကြီးတွေ ပါဝင်ကပြကြရမှာလေ။ ဒီတုန်းက ၁၀ တန်းကို မက်ထရီကူလေးရှင်း တက္ကသိုလ်ဝင်တန်းလို့ ခေါ်ပါတယ်။ နောက် ဝင်းဖေတို့ ၉ တန်းရောက်တဲ့နှစ်ကျတော့ Metrexculation က ၉ တန်း လုပ်လိုက်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစ ပညာရေး နောက်ကျနေတာနဲ့ပတ်သက်လို့ ပြန်ပြီးမီလာအောင် မြေကြောရှုံ့တဲ့သဘော နေမှာပေါ့ နော်။ ဝင်းဖေတို့ကတော့ တစ်တန်း လျှော့တက်ခဲ့ရတာ အမှန်ပါပဲ။ နောက်အတော်ကြီး ကြာတော့မှ ၁၀ တန်းကို ပြန်ပြောင်းလိုက်တာပါ။

ထားပါတော့ ... ဝင်းဖေတို့ကျောင်းမှာ ပြဇာတ်ကကြမယ်ဆိုတော့ ကျောင်းသားကြီးတွေက ဘာဇာတ်ကရရင် ကောင်းမယ်ဆိုတာ ဝိုင်းပြီးတော့ တင်ပြကြရပါတယ်။ ဖြစ်ချင်တော့ သူတို့တင်ပြတဲ့ ဇာတ်တွေအားလုံးကို ဆရာတွေအားလုံးက မကြိုက်ကြဘူး ဖြစ်နေပါတယ်။ ဒါနဲ့ ဝင်းဖေက ရှုမဝမဂ္ဂဇင်းထဲမှာ သူဖတ်ဖူးထားတဲ့ မြန်မာစာပါမောက္ခ ဦးတိုးအောင် (စာရေးဆရာကုသ) ရေးတဲ့ "မုန့်လုံး" ဟာသ ပြဇာတ်ကို ကရရင် မကောင်းဘူးလားလို့ တင်ပြလိုက်ပါတယ်။ ဝင်းဖေက အဲဒီတုန်းက ငယ်ပေမဲ့ တစ်ကျောင်းလုံးမှာ တစ်ယောက်တည်းသော ပတ္တလား တီးတတ်တဲ့သူ ဖြစ်တဲ့ အတွက် ... နည်းနည်းတော့ လူရာဝင်ပါတယ်။ အဲဒီ မုန့်လုံးစက္ကူကပ် ဟာသပြဇာတ်ကို ဆရာကြီးကုသ ရေးထားတာ သိပ်ကောင်းတယ် မဟုတ်လား။ တစ်ခါတည်း တညီတညွတ်တည်း ဆရာတွေက သိပ်ကြိုက်သွားကြပါလေရော။ ဒါနဲ့ ပြဇာတ် စတိုက်လိုက်ကြတာ ပြဿနာက တွေ့ပြန်ပါလေရော။

အဲဒီပြဇာတ်မှာ အရေးအကြီးဆုံး ဇာတ်ကောင်တစ်ယောက်က စက်စက်ယိုပင်တိုင်စံမင်းသမီးရဲ့ ခမည်းတော် ဘုရင်ကြီးရဲ့အမိန့်စာကို ပြည်သူတွေအကြားအများ သိအောင် ခန့်ခန့်ညားညားဖတ်ရမယ့် ဝန်ကြီးနေရာဖြစ်နေပါတယ်။ နောက်ပိုင်းမှာ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ဖြစ်လာမယ့် ကိုကံထူးကြီးက ဝန်ကြီးနေရာကိုယူပြီး အမိန့်တော်ကို ဖတ်ပါတယ်။ ဇာတ်သံမပေါက်၊ ဌာန်ကရိုဏ်းမကျ ဖြစ်နေပါတော့ တယ်။ ဆရာတွေကလည်း ဘယ်လိုဆိုတာ ဖတ်မပြနိုင်ကြပါဘူး။ ဒီမှာတင် ရှေး သီချင်းကြီးသီချင်းခန့်တွေသင်ဖူးထားတဲ့ ဝင်းဖေက နမူနာဖတ်ပြရတော့တာကိုး။ အားလုံးကြိုက်သွားကြပါတယ်။ ဒါပေမဲ့ ကိုကံထူး ဖတ်ကြည့်တော့ မရပြန်ပါဘူး။ နောက် ဒီပြင်လူတွေလည်း ကြိုးစားကြည့်ကြတယ်။ မရကြပါဘူး။ ဒါနဲ့ဆရာတွေ က ... "ဒီပြဇာတ်ဟာ ဟာသပြဇာတ်ပဲကွ၊ ဒီတော့ ဒီချာတိတ် ဂျပု ဝင်းဖေပဲ သူနဲ့မတော်တဲ့ အဝတ်အစားဖားဖားကြီးတွေဝတ်ပြီးတော့ ဝန်ကြီးလုပ်လိုက်ရင် ပိုပြီး ရယ်စရာကောင်းမယ်။ ဝင်းဖေပဲ ဝန်ကြီးလုပ်စေ ... ဖြစ်သွားရော။

နောက်တစ်ခါ ဒီအပြင် ခုနှစ်ပြည်ထောင်မင်းသားတွေ နေရာမှာလည်း ဇာတ်စာတွေကို ဝင်းဖေကပဲ သံနေသံထားနဲ့ ဖတ်ပြပေးနေရလေတော့ ရှုပ်တယ်ကွာ ... ဝင်းဖေပဲ ဒါရိုက်တာလုပ်တော့ ... ဖြစ်သွားတော့တာပေါ့။ ဒီတုန်းက ဝင်းဖေ အသက် ၁၃ နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာ ဝင်းဖေဟာ ဒါရိုက်တာ ပိုး ဝင်မသွားပါဘူး။ ဒီတုန်းက ကျောင်းပြဇာတ်ကလေးဟာ ကျောင်းပြဇာတ်ပါပဲ။ သိပ်ကောင်းလှတာတော့ မဟုတ်ပါဘူး။ ဘာပဲပြောပြော ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်... တဝါးဝါးတော့ ရယ်နေကြရတာပါပဲ။

တကယ်တမ်းကျတော့ ရုပ်ရှင်ပိုး၊ ကင်မရာပိုးနဲ့ ဒါရိုက်တာပိုးက ဝင်းဖေရဲ့ အထက်က ဝင်းဖေရဲ့အစ်ကို ဝင်းမောင်မှာ အသေအချာ ရှိနေတာပါ။ သူက ရုပ်ရှင်ကင်မရာဆိုရင် ဒုတိယကမ္ဘာစစ်အတွင်းက စစ်သတင်းထောက်တွေ သုံးတဲ့ ရုပ်ရှင်ကင်မရာတောင် ဝယ်ထားပါတယ်။ နောက်ပြီးတော့ကာ ဒါရိုက်တာလုပ်ဖို့ ဆရာကြီး ဦးသုခတို့၊ ဆရာကြီး ရွှေဒုံးဘီအောင်တို့ဆီကို ချဉ်းကပ်သင်ယူဖို့ ကြိုးစားတာတွေ ဘာတွေကို စနစ်တကျလုပ်တာပါ။ ဒါပေမဲ့ ဝင်းဖေရဲ့ အစ်ကိုက ရှက်တတ်ပြီးတော့ စကားကလည်း နည်းပါတယ်။ ရုပ်ရှင်ဒါရိုက်တာလုပ်မယ့်သူဟာ စကားနည်းပြီး ရှက်တတ် နေလို့ကတော့ ဘယ်ဖြစ်မှာလဲ။ ဝင်းဖေက အဲဒါတွေတော့ ရှိတယ်။ စကား လည်း များတယ်။ အာကလည်း ကျယ်တယ်။ အရှက်အကြောက်လည်း သိပ်မရှိဘူး။ ဝင်းဖေက သဘာဝအတိုင်း သူ့အစ်ကိုကို လွှတ်အထင်ကြီးပါတယ်။ သူ့အစ်ကို လုပ်တာတွေ အားလုံးနီးပါးကို အားကျလို့ အကုန်လိုက်လုပ်တတ်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင် ဒါရိုက်တာလုပ်ဖို့ကိစ္စကိုတော့ ဝင်းဖေ အတော်ကလေးလန့်နေတဲ့အတွက် နည်းနည်းမှကို အားမကျခဲ့ရိုး အမှန်ပါ။

အေဝမ်းရုပ်ရှင် ကုမ္ပဏီကြီးရဲ့ အထက်မြန်မာပြည် တိုက်ခွဲ အဖြစ် ဝင်းဖေတို့ တိုက်အောက်ထပ်ကို ငှားထားတာပါ။ အေဝမ်းက ရုပ်ရှင်အဖွဲ့ မန္တလေးလာရင် ဝင်းဖေ တို့တိုက်အောက်ထပ်ကို ရောက်ကြရတာပါပဲ။ ဝင်းဖေ ဘာအခွင့်အရေးမှ မရှာခဲ့ပါဘူး။ နောက်ပိုင်း ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာကို ဆက်လက် ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

[၅၂]

သောတရှင်များခင်ဗျာ ...

၁၉၅၁ ခု၊ ဝင်းဖေ တက္ကသိုလ် စ ရောက်ပြီး ၂ နှစ်ကြာတော့ .. မန္တလေးမြို့မှာ “မန္တလေးရုပ်ရှင်ကုမ္ပဏီ” စ ထူထောင်ပါတယ်။ ကင်မရာတွေ၊ ကားကူး/ ကားဆေး စက်တွေ၊ ကားဆက်တဲ့စက်တွေ၊ အသံဖမ်းစက်တွေ အားလုံး အသစ်စက်စက်တွေ ချည်းဝယ်ပြီးတော့ ပီပီပြင်ပြင်လုပ်ကိုင်ကြပါတယ်။ မန္တလေးရုပ်ရှင်ခြံနေရာက ရွှေတ ချောင်း အနောက်ဘက်၊ နှင်းဆီခြံအရပ်က ဝင်းဖေတို့ဆော့နေကျ၊ ကစားနေကျ ... ရေကျော်ဦးအေးမောင်၊ ဒေါ်လှမေ တို့ရဲ့ ခြံကြီးထဲမှာပါ။ စတူဒီယိုကြီးနှစ်လုံး အပါအဝင်၊ ကားကူး/ကားဆေးဌာန၊ အသံဖမ်းဌာနနဲ့ ကားဆက်ဌာနတွေအားလုံး အပြည့်အစုံနဲ့ ရွက်ကုန်ဖွင့်တော့တာပါပဲ။ မန္တလေး မျက်နှာဖုံးကုန်သည်ကြီးတွေ၊ ငွေကြေးချမ်းသာသူတွေ အပိုလုပ်ငန်း အဖြစ် အပျော်လုပ်ကြတာပါ။ ဓာတ်ပုံပညာ၊ ဂီတအနုပညာ ... စတာတွေနဲ့ ပါရမီကြီးသူဆိုပြီးတော့ အလွန် ကျော်ကြားတဲ့ ဓားတန်း ဦးသန့်၊ နောက် သူ့ရောင်းရင်းမိတ်ဆွေကြီး မြို့မညိန်း၊ မန္တလေး ဝင်းလိုက် ရုပ်ရှင်ရုံနဲ့ ရန်ကုန်က ဂလုပ် ရုပ်ရှင်ရုံတွေကိုပိုင်တဲ့ ဦးကျော်မင်း၊ ဦးကျော်ဝင်း၊ ဦးစိန်ဝင်း စတဲ့ ညီအစ်ကို ၃ ယောက်၊ သူတို့တွေက လုပ်ငန်းကို ဦးဆောင်ကြပါတယ်။ လူကြီးတွေအားလုံးလိုလိုဟာ ဝင်းဖေရဲ့ ဦးကြီး၊ ဘကြီးတွေလိုပါပဲ။

အဲဒီအချိန်မှာ ဝင်းဖေနဲ့ ပန်းချီပေါ်ဦးသက် ဖြစ်လာလတ္တံ့သော ပေါ်ဦးတို့ဟာ မန္တလေးက နာမည်ကြီး ပန်းချီဆရာကြီး ဦးဘသက် ထံမှာ ပန်းချီပညာ သင်ကြား နေကြချိန် ဖြစ်ပါတယ်။ ပန်းချီဆရာကြီး ဦးဘသက်ဟာလည်း မန္တလေး မြို့မဂီတ အသင်းဝင် ဆရာကြီးတစ်ဆူဖြစ်တဲ့အတွက် မန္တလေးရုပ်ရှင်ထူထောင်ရာမှာ အနုပညာ ပိုင်းက ဝင်ပြီးတော့ ကူညီရပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးတို့လည်း ဆရာကြီး ဦးဘသက် တို့ မြို့မဦးလေးညိန်းတို့နဲ့အတူ မန္တလေးရုပ်ရှင်ခြံထဲကို ရောက်ကျရပါတယ်။ အဓိက အားဖြင့်တော့ ဆရာကြီးဦးဘသက်ကို ကူကြရတာပါ။ ဒါပေမဲ့ ဝင်းဖေဟာ ဒီတုန်းက ပန်းချီနဲ့ပတ်သက်အပိုင်းမှာပဲ ကိုယ့်ဆရာကြီး ဦးဘသက်ကို ကူညီရင်း လုပ်ကိုင်ပေး တာပဲ ရှိပါတယ်။ ရုပ်ရှင်လုပ်ငန်းနဲ့ပတ်သက်လို့ လုံးဝ ချဉ်းကပ်မှု မရှိခဲ့ပါဘူး။ စပ်စုတဲ့သဘောတောင် မရှိခဲ့ပါဘူး။ ရုပ်ရှင်ကို အထင်ကြီးပြီး လေးစားလွန်းလို့ ဖြစ်ပါတယ်။

မြို့မက ဂီတ အစီအစဉ်တွေကို ရုပ်ရှင်မှတ်တမ်းတင် ကားတိုကလေးတွေရိုက်ဖို့ စပြီးတော့ ပြင်ဆင် စမ်းသပ်ကြပါတယ်။ မြို့မငြိမ်းရဲ့ ရွှေအိုးစည်တို့၊ အိမ်သူပီပီတို့ စတဲ့ သီချင်းတွေကို ဂီတအထူးဖွဲ့စည်းမှုတွေနဲ့ စတင်ရိုက်ကူးပါတယ်။ နောက် ဝေဿန္တရာဇာတ်တော်ကြီးလာ ပန်းမြိုင်လယ်အလိုက် ပန်းမှုန်ကြွယ် ယိုးဒယား သီချင်းကြီးကိုလည်း တေးသရုပ်ဖော်ရိုက်ကူးဖို့ ပြင်ဆင်ကြပါတယ်။ ရုပ်ရှင်ဇာတ်လမ်း ထုတ်လုပ်မှုအနေနဲ့ကတော့ ရုပ်ရှင်ဒါရိုက်တာ ဆရာကြီးဦးသုခနဲ့ ဘဝသံသရာ ဇာတ်ကားကြီးကို စတင်ရိုက်ကူးပါတယ်။ ဒီတုန်းက ဝင်းဖေနဲ့ တစ်ရပ်တည်းနေ၊ ဝင်းဖေရဲ့ အစ်ကိုရင်းတစ်ယောက်လိုဖြစ်တဲ့ မြို့မဦးလေးညိန်းရဲ့ လက်ဝဲရံ မြို့မကိုပေါ် က ဓားတန်း ဦးသန့်ရဲ့ သွန်သင်လေ့ကျင့်ပေးမှုနဲ့အညီ ကင်မရာ၊ ကားကူး၊ ကား ဆေး၊ ကားဆက်ပညာတွေကို အလျင်အမြန် လေ့လာ သင်ကြား တတ်မြောက်လာပါတယ်။ နောက် မကြာခင်မှာပဲ ကင်မရာ အကယ်ဒမီဆိုကို ရရှိပါတယ်။ ဒီတုန်းက ကင်မရာ အကယ်ဒမီဦးထွန်းလှိုင်ဟာလည်း လူငယ် ရုပ်ရှင်ပညာသည်လေး တစ်ယောက်အနေနဲ့ မန္တလေးရုပ်ရှင်မှာ လာရောက် အမှုထမ်းနေချိန်ဖြစ်ပါတယ်။

မန္တလေးရုပ်ရှင်ကုမ္ပဏီမှာ ဆရာကြီး ဦးသုခအပြင် နောက် ဒါရိုက်တာ မျိုးအောင်၊ နောက် မန္တလေး ဝင်းလိုက် ရုပ်ရှင်ရုံပိုင်ရှင် ဦးကျော်ဝင်းက ဒါရိုက်တာ အောင်ဝင်းအဖြစ် မြို့မအဆိုတော် ဒါရိုက်တာမြင့် စသူတွေက ကားကောင်း၊ ကားသန့်တွေ ဆက်တိုက် ရိုက်ကူးထုတ်လုပ်ကြပါတယ်။ ဝင်းဖေတို့က မန္တလေးသား လူငယ်တွေပီပီ မကြာခဏ ပါဝင်ကူညီကြရပါတယ်။ ဒါပေမဲ့ ဝင်းဖေမှာ ဒါရိုက်တာပိုးရော၊ တခြား ရုပ်ရှင်ပိုးရော မဝင်ခဲ့ပါဘူး။ တစ်နည်းအားဖြင့် ဝင်းဖေအတွက် နစ်နာတာပါပဲ။ တစ်နည်းအားဖြင့်ကတော့လည်း ကောင်းတာပါပဲ။ ဝင်းဖေ အနုပညာ ကျောင်းအုပ်ဖြစ်တော့ အသက် ၃၁ နှစ်ပဲ ရှိပါသေးတယ်။ ရုပ်ရှင်ဒါရိုက်တာ စလုပ် တော့ အသက် ၃၈ နှစ်တောင် ဖြစ်နေပါပြီ။ ဒါပေမဲ့ လိုအပ်တဲ့ ရင့်ကျက်မှုနဲ့ပတ်သက် လို့ကတော့ စောတောင် နေသေးတယ်လို့ ပြောရပါမယ်။

ဝင်းဖေ ရုပ်ရှင် ဝတ္ထုတွေရေးဖို့၊ ဇာတ်ညွှန်းတွေ ရေးဖို့၊ ဒါရိုက်တာလုပ်ဖို့ စပြီး စိတ်ဝင်စားလာတာက ပန်းချီရေးဖော်ရေးဖက် ခင်မောင်ရင် ရုပ်ရှင် စရိုက်တာ၊ မန္တလေးတက္ကသိုလ်မှာတုန်းက ကိုယ့်ညီကလေးလိုနေခဲ့တဲ့ တက္ကသိုလ် ကိုကိုလေး ရုပ်ရှင် စရိုက်တာ၊ နောက် သူငယ်ချင်း မိုးသူ ရုပ်ရှင် စရိုက်တာ .. စတာတွေကြောင့် ဖြစ်ပါတယ်။ သူတို့ကို ဝင်ပြီးတော့ကူညီရင်း၊ ဝင်ပြီးတော့စွက်ဖက်ရင်း ကိုယ်တိုင် ဝင်လုပ်ချင်စိတ် ပေါက်လာတာ အရင်းခံပါပဲ။ လက်တွေ့ တကယ်ရုပ်ရှင်နယ်ထဲ ရောက်ဖို့ကတော့ ရုပ်ရှင်ဒါရိုက်တာ

မောင်တင်ဦးက အလုပ်တွေအပ်တာ၊ ရုပ်ရှင် ဒါရိုက်တာ မောင်ဝဏ္ဏက အလုပ်တွေအပ်တာ .. စတာတွေက အဓိကကျလာ ပါတယ်။

ဝင်းဖေ ရုပ်ရှင်နယ်ကို မဝင်ခင် ရုပ်ရှင်နယ်မှာ အတော်ကြီးကို အောင်မြင်ပြီးဖြစ်နေတဲ့ မင်းသားကြီး ကိုဝင်းဦးနဲ့ ဝင်းဖေတို့ ဂီတနဲ့ပတ်သက်ပြီး အတော်လေး ခင်မင်ကြပါတယ်။ ဒါပေမဲ့ ကိုဝင်းဦးနဲ့ ဝင်းဖေ ... ရုပ်ရှင်အကြောင်း အလွန် ပြောခဲ ပါတယ်။ ကိုဝင်းဦး မန္တလေးရောက်ရင် ဝင်းဖေရဲ့အနုပညာကျောင်းကို ဝင်ဝင်လာတတ် ပါတယ်။ သီချင်းတွေ ဆိုတတ်ပါတယ်။ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေကလည်း ဝင်းဖေကျောင်းကို ဝင်ဝင်လာတတ်တာပါပဲ။ ဝင်းဖေ အနုပညာကျောင်းကအနားယူပြီး၊ ရန်ကုန်ဆင်း၊ ရုပ်ရှင်နယ်ထဲဝင်တော့ မင်းသားကြီး ဦးထွန်းဝေက အဓိက ကူညီ စောင့်ရှောက်ပေးပါတယ်။

ရုပ်ရှင်နယ်ထဲကို ကိုဝင်းဦးဆီကနေတစ်ဆင့် မသွားဖြစ်တော့ ... ကိုဝင်းဦးက စိတ်ဆိုးပါတယ်။ မင်းသားကြီး ကိုဝင်းဦးဟာ ကိုယ်တိုင်ဝတ္ထုရေး၊ ကိုယ်တိုင် ဇာတ် ညွှန်းခွဲ၊ ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ကိုယ်တိုင် မင်းသားလုပ် ဆိုတာမျိုးဆိုတော့ ကိုဝင်းဦးဆီမှာ ဝင်းဖေအတွက် နေရာမရှိပါဘူး။ ဒီလိုရှင်းပြတာတောင် မင်းသားကြီးက သိပ်မကျေနပ်ပါဘူး။ နောက် သူကိုယ်တိုင် မင်းသားလုပ်ပြီး၊ ဘာသာပြန် ထုတ်လုပ် ချင်တဲ့ စာရေးဆရာကြီး အော်စကာဝိုင်းဒ်ရဲ့ Portrait of Dorien grey ကို ဝင်းဖေဒါရိုက်တာလုပ်ဖို့ အလုပ်အပ်ပါတယ်။ ဒါပေမဲ့ သူ ကိုယ်တိုင်ကလည်း ဒါရိုက်တာ တစ်ယောက် ဖြစ်နေတဲ့အတွက် ဝင်းဖေက လက်မခံပါဘူး။ အဲဒီကားထဲမှာပါတဲ့ ပန်းချီနဲ့ပတ်သက်တာတွေအားလုံးကို ဝင်းဖေက တာဝန်ယူပေးဖို့ပဲ လက်ခံလိုက် ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အဲဒီကား အကောင်အထည် မပေါ်ခဲ့တော့ ပါဘူး။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ

ရုပ်ရှင်နယ်ကို ဝင်းဖေ ဝင်ရောက်လာပြီးတော့ ပထမဆုံး ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့တဲ့ ဇာတ်ကားကတော့ မပြုံသည့်မိုး ဖြစ်ပါတယ်။ ဒီကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးခွင့်ရဖို့အတွက် ဇာတ်လမ်းခွင့်ပြုချက်ရဖို့ ဝင်းဖေ အနုပညာကျောင်းအုပ် ဘဝက မထွက်ခင်ကတည်းက ကြိုးပမ်းခဲ့ရပါတယ်။ ဒီတုန်းက ဒီဇာတ်ကားနာမည် မဟုတ်ပါဘူး။ အဲဒီ မူလဇာတ်ကားနာမည်ကိုတော့ မေ့သွားပါပြီ။ ဇာတ်လမ်းက သိမ်မွေ့တဲ့ လူမှုရေး၊ အိမ်ထောင်ရေးဇာတ်သာ ဖြစ်ပါတယ်။ ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်ကိုမှ ထိပါးစရာမရှိပါဘူး။ ရိုင်းပျကြမ်းတမ်းတဲ့ ပြကွက်တွေလည်း ပါဖို့ အကြောင်းမရှိပါဘူး။ ဒါပေမဲ့ ရုပ်ရှင်စိစစ်ရေးအဖွဲ့က ဘာအကြောင်းမှ ရေရေရာရာ မပြောဘဲ ရိုက်ကူးခွင့် ပယ်ချခဲ့ပါတယ်။

အလွန်ထူးဆန်းတဲ့အချက်တစ်ချက်ကို ဒီနေရာမှာ တင်ပြချင်ပါတယ်။ အဲဒီလို စိစစ်ရေးအဖွဲ့က ရိုက်ကူးခွင့် ပယ်ချလိုက်တဲ့အကြောင်းကို ရုပ်ရှင်နယ်က အတော် ကျယ်ကျယ်ပြန့်ပြန့် ကိုးကွယ်တဲ့ ဘုန်းတော်ကြီးတစ်ပါးက သိရှိသွားပါတယ်။ အဲဒီ ဘုန်းတော်ကြီးက ဝင်းဖေကို ... အဲဒီဇာတ်ကို တကယ်ရိုက်ချင်ရင် ဇာတ်ကားနာမည်ကို ပြောင်းပြီးတော့သာ ပြန်တင်လိုက်ပါ၊ ရိုက်ကူးခွင့် ပြန်ကျလာပါလိမ့်မယ်လို့ အတတ်ဟောပါတယ်။

ပုံမှန်အားဖြင့်ကတော့ မူရင်းဇာတ်လမ်း၊ ဇာတ်ကွက်နဲ့ အတော်အသင့် အရေး အသားတွေပါ ပြန်ပြင်ပြီးတော့ ကြိုးပမ်းကြရပါတယ်။ ဒါကို ပြောပြပေမဲ့ အဲဒီဘုန်းတော်ကြီးကတော့ ... “အဲဒါတွေ လုပ်စရာ မလိုဘူး၊ ဇာတ်ကား နာမည်သာ ပြောင်းလိုက်ပါ၊ မယုံမရှိနဲ့၊ ရိုက်ကူးခွင့်ကျလာပါလိမ့်မယ်” လို့ အခိုင်အမာ ပြောခဲ့ပါတယ်။ ဝင်းဖေကလည်း မူလဇာတ်ကားနာမည်အစား မပြုံသည့်မိုး လို့ ပြောင်းပြီး တော့ ... ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်အမည်အားလုံး ဘာမှ မပြောင်းလဲဘဲ ပြန်တင်လိုက်တဲ့အခါမှာ တစ်ခါတည်း ဘာမှတ်ချက်မှမပါဘဲ ရိုက်ကူးခွင့် ကျလာပါတယ်။ အခုမှ အမှုဟောင်းကို ပြန်ဖွင့်ပြီး အရေးယူချင်တယ်ဆိုရင်လည်း အဲဒီတုန်းက စိစစ်ရေးအဖွဲ့ဝင်တွေကိုသာ အရေးယူဖို့ ရှိပါတယ်။

ဒီတုန်းက ရုပ်ရှင်ရိုက်ကူးခွင့် ကျလာပြီးတော့ ကိုယ်တိုင်ထုတ်လုပ်ဖို့ ငွေကြေး မပြည့်စုံရင် အထက်ဗမာပြည်၊ အောက်ဗမာပြည် ရုံတင်ပြသခွင့်တွေကို ကြိုတင် ရောင်းပြီးတော့ အရင်းအနှီးလုပ်လို့ရပါတယ်။ လုပ်ငန်းစတင်ဖို့ အခြေခံ အရင်းအနှီး ကိုတော့ ဝင်းဖေရဲ့ သူငယ်ချင်း ဒေါက်တာကိုကိုကြီး ဆိုသူက စိုက်ထုတ်ပေးပါတယ်။ ဒီတုန်းက ထူးထူးခြားခြား ရုပ်ရှင်နယ်မှာ ဖလင်ရိုင်း ၉ လ တိတိ ပြတ်လပ် သွားတာနဲ့ ကြုံခဲ့ရပါတယ်။ နောက် ဝင်းဖေကို ဇာတ်ညွှန်းပဲ ရေးစေချင်တယ်၊ ဒါရိုက်တာ ဝင်မလုပ်စေချင်သူတွေက ကားထွက် နှောင့်နှေးကြန့်ကြာအောင် အတား အဆီးတွေ လုပ်ခဲ့ကြပါတယ်။ ဒါ့ကြောင့် အဲဒီ မပြုံသည့်မိုး ဇာတ်ကားထုတ်လုပ်ရေး ဟာ ၂ နှစ်လောက် ကြာခဲ့ရပါတယ်။ အဲဒီ ၂ နှစ်အတွင်း ဝင်းဖေဟာ ဇာတ်ညွှန်းတွေ ရေးပြီးတော့ ရှင်သန်ခဲ့ရပါတယ်။

ဘာရုပ်ရှင်မျိုးရိုးမှ မရှိဘဲ ရုပ်ရှင်နယ်မှာ ခြေချဖို့ဆိုတာ သိပ်မလွယ်ပါဘူး။ သရုပ်ဆောင်ပညာသည်တွေကအစ စက်မှုပညာသည်တွေ၊ ထောက်ပံ့အကူပညာ သည်တွေအဆုံး အားလုံးက ဝင်းဖေ လိုချင်တာကို ယုံယုံကြည်ကြည်နဲ့ လိုက်နာ ဆောင်ရွက်ပေးဖို့ ဝင်.ဖေအနေနဲ့ ကြိုတင်ပြင်ဆင်မှု အများကြီးလုပ်ပြီးတော့ ခင်းကျင်း ပြထားရပါတယ်။ ကိုယ်ရိုက်မယ့် ဇာတ်ညွှန်းကြီးတစ်ခုလုံးကို တစ်ကတ်ချင်း၊ ဘယ်လို ဖြစ်ချင်တယ်ဆိုတာကို ပန်းချီပုံကြမ်းတွေပါ ဆွဲပြထားပါတယ်။ ဝင်းဖေက ပန်းချီ ရေးတဲ့လူဆိုတော့ သိပ်တော့ အပင်ပန်းမကြီးပါဘူး။ အဓိက အမျိုးသမီး သရုပ်ဆောင် တွေက ခင်သန်းနုနဲ့ ဘေဘီနွဲ့ပါ။ ကား စရိုက်တော့ မခင်သန်းနုတို့ ဒေါ်ဘေဘီနွဲ့ တို့ကအစ ပညာသည် အားလုံးက ဝင်းဖေကို သံသယ အများကြီးရှိကြပါတယ်။ ဒါ သဘာဝကျပါတယ်။ ဝင်းဖေက မျှော်လင့်ထားပြီးသားပါ။ ဒါပေမဲ့ ဝင်းဖေက ကိုယ် လိုချင်တာကို ဘာ့ကြောင့် အဲဒီလို လိုချင်တယ်ဆိုတာ လုံလောက်တဲ့ရှင်းလင်းချက်တွေ ဘုန်းတော်ကြီးကတော့ ... “အဲဒါတွေ လုပ်စရာ မလိုဘူး၊ ဇာတ်ကားနာမည်သာ ပြောင်းလိုက်ပါ၊ မယုံမရှိနဲ့၊ ရိုက်ကူးခွင့် ကျလာပါလိမ့်မယ်” လို့ အခိုင်အမာ ပြောခဲ့ပါတယ်။ ဝင်းဖေကလည်း မူလဇာတ်ကားနာမည်အစား မပြုံသည့်မိုးလို့ ပြောင်းပြီး တော့ ... ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်အမည်အားလုံး ဘာမှ မပြောင်းလဲဘဲ ပြန်တင်လိုက်တဲ့အခါမှာ တစ်ခါတည်း ဘာမှတ်ချက်မှမပါဘဲ ရိုက်ကူးခွင့် ကျလာပါတယ်။ အခုမှ အမှုဟောင်းကို ပြန်ဖွင့်ပြီး အရေးယူချင်တယ် ဆိုရင်လည်း အဲဒီတုန်းက စိစစ်ရေးအဖွဲ့ဝင်တွေကိုသာ အရေးယူဖို့ရှိပါတယ်။

အဓိကကတော့ ခေါင်းဆောင် သရုပ်ဆောင်တွေနဲ့ ကင်မရာမင်း ပါပဲ။ သူတို့ကို ကားစရိုက်ပြီး ၂ ရက်လောက် အထိ တစ်ကဒ်ချင်း ရှင်းပြပြီး ရိုက်နေရပါတယ်။ အဲဒီ ၂ ရက်က ကျော်လာတော့ အားလုံး အတော်ကြီးကို ယုံယုံကြည်ကြည် ဖြစ်သွား ကြပါတယ်။ ဝင်းဖေ လိုချင်တာတွေ

တော်တော်များများကလည်း သမားရိုးကျ လုပ်နေ ကျတွေ မဟုတ်ပါဘူး။ ဝင်းဖေက ကိုယ်နဲ့အတူ လုပ်ဖော်ကိုင်ဖက်အားလုံးကို လွတ်လွတ်လပ်လပ် အကြံပေး ဝေဖန်ခွင့်ပေးထားပါတယ်။ ဘယ်သူ့ဆီကပဲ ဖြစ်ဖြစ်၊ ကောင်းတဲ့ အကြံဉာဏ်ဆိုရင် ရယူပါတယ်။ လက်မခံနိုင်တဲ့ဟာ ဆိုရင်လည်း ဘာ့ကြောင့် လက်မခံနိုင်ဘူး ဆိုတာကို ပြန်ပြီး အလေးအနက်ရှင်းပြပြီးတော့မှ ပယ်ချပါတယ်။ အဓိက အကျဆုံးကတော့ ဝင်းဖေက ရုပ်ရှင်ရိုက်ကွင်းမှာ အားလုံး တတ်နိုင်သမျှ စိတ်ချမ်းသာအောင် ထားပြီးတော့ ပျော်ပျော်ပါးပါး အလုပ် လုပ်ပါတယ်။ အလွမ်းခန်း ရိုက်မှာမို့ အားလုံးကို ထိုင်းမှိုင်းညှိုးချုံးသွားအောင် ဆူထားမယ်၊ ကြိမ်းမောင်းထားမယ်၊ ဟောက်ထားမယ် ဆိုတာမျိုးတွေကို ဝင်းဖေက မယုံကြည်ပါဘူး။ တစ်ခုတော့ ရှိပါတယ်။ လွမ်းခန်းကို သက်ဆိုင်တဲ့ သရုပ်ဆောင် ပညာသည်က ခံစားချက်မွေးနေတဲ့ အချိန်တွေမှာတော့ အားလုံးကို မဆူညံကြဖို့၊ အနှောင့်အယှက် မပေးကြဖို့ ထိန်းသိမ်း ပေးပါတယ်။

ဝင်းဖေအနေနဲ့ မြန်မာနဲ့ နိုင်ငံတကာ ကားကောင်းတွေကို အလေးအနက် ထားပြီး ကြည့်ခဲ့တဲ့ အတွေ့အကြုံတွေ၊ နောက် သီအိုရီစာအုပ်တွေကို လက်လှမ်းမီ သလောက် ဖတ်ခဲ့ဖူးတာတွေ၊ သူငယ်ချင်းတွေနဲ့ ဆွေးနွေး၊ ငြင်းခုံ၊ အာလူးဖုတ်ခဲ့ဖူး တာတွေ၊ ကိုယ်တိုင် Audio/ Visual Art တွေဖြစ်တဲ့ ပန်းချီတို့၊ ဂီတတို့၊ နောက် ဇာတ်လမ်းပြောပြတဲ့ Story Telling တို့ဆိုတာတွေကို ဝါသနာကြီးခဲ့လေတော့ လက်တွေ့ လုပ်ကိုင်ရာမှာ အများကြီး အထောက်အကူ ဖြစ်ပါတယ်။ နောက်ပြီးတော့ကာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာ၊ ပန်တျာနဲ့ အကကျောင်းအုပ် လုပ်ခဲ့တယ်ဆိုတဲ့ ကိစ္စကလည်း ရုပ်ရှင်နယ်ကိုဝင်တဲ့အခါမှာ ဝင်းဖေကို သူစိမ်းသက်သက် မဟုတ်တော့ သလို အထင်ရောက်စေပါတယ်။ ဝင်းဖေမှာ ကိုယ်တိုင် သရုပ်ဆောင်လုပ်ချင်တဲ့ရောဂါ မရှိတာတစ်ခုပဲ ချွတ်ယွင်းပါတယ်။ ဝင်းဖေရဲ့ ရုပ်ရှင်သက်တမ်း အတွေ့အကြုံတွေကို ဆက်လက်ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

မြန်မာရုပ်ရှင်ပေါ်စ ကတည်းက စပြီးတော့ ဒုတိယ ကမ္ဘာစစ်အပြီး နှစ်အတန် ကြာတဲ့အထိ ထင်ရှားတဲ့ မြန်မာအနုပညာ အားနည်းချက်ကတော့ ... စကားပြော ခန်းတွေမှာ သဘာဝအတိုင်းမဟုတ်ဘဲ စကားလုံးတွေကို ခပ်လေးလေးနဲ့ဆွဲ၊ အပိုဒ်တွေ များများဆွဲပြီး ပြောနေကြခြင်း ဖြစ်ပါတယ်။ အကြောင်းကတော့ အသံဖမ်းစက်တွေရဲ့ အားနည်းချက်၊ ရုပ်ရှင်ပြစက်တွေက အသံပြန်ထုတ်တဲ့ စက်တွေရဲ့ အားနည်းချက်တွေကြောင့် သက်သက်ညှာပြီးတော့ တမင်လုပ်ပြောနေကြရာက အကျင့်ဆိုးတွေ ဖြစ်သွားရတာပါပဲ။

အဲဒီခေတ်က အဲဒီလိုမှ ဆွဲမပြောရင် ရုံတင်ပြသတဲ့အခါမှာ ပြတ်ပြတ်သားသား ပီပီသသကြားနိုင်ဖို့ ခက်ပါလိမ့်မယ်။ သိပ္ပံပညာ ချို့တဲ့နေသေးလို့ ဖြစ်ရတဲ့ ကိစ္စတွေ ပါ။ နောက်တစ်ချက်ကတော့ ရုပ်ရှင်နဲ့ပြဇာတ် ကွဲကွဲပြားပြား မဖြစ်သေးတဲ့ကိစ္စလည်း ပါပါတယ်။ အရှေ့တိုင်းမှာ အလွန်အင်အားကြီးတဲ့ အိန္ဒိယရုပ်ရှင်ကားတွေရဲ့ လွှမ်းမိုးမှု လည်း ပါပါတယ်။ ပြဇာတ်နဲ့ရုပ်ရှင် မကွဲပြားတဲ့အတွက် ကင်မရာအယူအဆ၊ ပြကွက် မြင်ကွင်းလည်း မြင်ကွင်းခပ်ကျယ်ကျယ်တွေပဲ အပြများပါတယ်။ မြင်ကွင်း ခပ်ကျဉ်း ကျဉ်း၊ ခပ်ကျပ်ကျပ်တွေ၊ အနီးကပ်တွေပြဖို့ ဝန်လေးကြပါတယ်။ ကြောက်နေကြပါတယ်။ ရုပ်ရှင်ပေါ်ခါစကဆိုရင် ဇာတ်ကောင်တွေကို ပြတဲ့နေရာမှာ အင်္ဂါစုံအောင် မြင်ကွင်းအပြည့် ရိုက်ပြကြရပါတယ်။ ကိုယ်တစ်ပိုင်းဖြတ်ပြတာတို့၊ ခြေဖြတ်ပြတာ၊ လက်ဖြတ်ပြတာတို့ လုပ်လို့မရပါဘူး။ ဒါမျိုးတွေက ရုပ်ရှင်ခေတ်ကို ရှေ့ဆောင်နေတဲ့ အနောက်ကမ္ဘာ ရုပ်ရှင်လောကမှာကိုပဲ ကနဦးက ဒီအတိုင်းဖြစ်ခဲ့တာပါ။

ဒါပေမဲ့ အနောက်နိုင်ငံတွေမှာတော့ တိုးတက်ပြောင်းလဲမှုက မြန်ပါတယ်။ အရှေ့တိုင်းမှာကတော့ နှေးကွေး ပါတယ်။ ဝင်းဖေတို့ ရုပ်ရှင်နယ်ထဲ ဝင်တဲ့အချိန်အထိရုပ်ရှင်နဲ့ပြဇာတ် အယူအဆဟာ သိပ်မကွဲပြားလှသေးပါဘူး။ ဒါကြောင့်မို့ Play-back လို့ ဆိုတဲ့ မင်းသား၊ မင်းသမီး သီချင်းဆိုခန်းတွေ အများကြီး ထည့်လေ့ရှိပါသေး တယ်။ ချစ်သူတွေအကြား ချစ်စကား၊ ကြိုက်စကား ပြောရမယ့်နေရာတွေမှာ အပြန် အလှန် သီချင်းဆိုကြတဲ့ အခန်းတွေကို ပရိသတ်ကလည်း သိပ်ကြိုက်ပါတယ်။ ရုပ်ရှင် ကားတစ်ကားမှာ အဲဒီလို Playback

သီချင်းဆိုခန်း ၁၀ ပုဒ်လောက်အထိ ထည့်ကြရတဲ့ ခေတ်တွေ ရှိခဲ့ဖူးပါတယ်။ ဒါဟာ ပြဇာတ်နဲ့ရုပ်ရှင် မကွဲပြားသေးတဲ့ အထင်ရှားဆုံး သက်သေတွေ ဖြစ်ပါတယ်။

ဝင်းဖေ စရိုက်တော့ သရုပ်ဆောင်အများစုဟာ သဘာဝအတိုင်း လူလို မပြော ကြသေးပါဘူး။ အကျင့်ပါနေတာက တစ်ကြောင်း၊ စက်မှုပိုင်းကို ငဲ့ဖို့ သတိထားနေရ တာက တစ်ကြောင်းကြောင့် ဖြစ်ပါတယ်။ အစပိုင်းမှာတော့ ဝင်းဖေလည်း ဘာမှ မတတ်နိုင်ပါဘူး။ ဒါပေမဲ့ ဝင်းဖေက Playback တွေကို တတ်နိုင်သမျှ လျှော့ချ ပစ်ပါတယ်။ ပြကွက်အကျယ်တွေကိုလည်း မလိုအပ်ရင် မလိုအပ်သလို လျှော့ချပစ်ပါတယ်။ ဇာတ်လမ်း ဇာတ်ကွက်တွေက အစ အပြောင်းအလဲတွေအများကြီး လုပ်ကြရပါတယ်။ ရုပ်ရှင်ကင်မရာမှာ အဝေးက မြင်ကွင်းကို အနီးကပ်လာအောင် ဆွဲယူလို့ရတဲ့ မှန်ဘီလူးကို Tele Lence လို့ ခေါ်ပါတယ်။ ရှေးက ရုပ်ရှင်ကြည့်ပရိသတ်တွေအဖို့ အဲဒီလို အဝေးက လူတစ်ယောက် လမ်းလျှောက်နေတာကို Tele lence နဲ့ ဆွဲပြီးရိုက်ရင်း သူ လမ်းလျှောက်သွားတာကို လိုက်ရိုက်ပြမယ်ဆိုရင် ရုပ်ရှင်ပိတ်ကားပေါ်မှာ ပြန်ပြတဲ့ အခါ ခေါင်းမူးကြတယ်လို့ ဆိုပါတယ်။ လက်တွေ့ပြကြည့်ပြီး တကယ်ပဲ မူးကြလို့ ဒီမှတ်ချက် ထွက်လာပုံရပါတယ်။ ဒါ့ကြောင့် Tele Lence နဲ့ လူတွေ အလှုပ်မရိုက် သင့်တဲ့ အကြောင်း၊ မရိုက်ရဆိုတဲ့ ဥပဒေတစ်ခု ရှေးက ရှိခဲ့ပါတယ်။ မြန်မာရုပ်ရှင် လောကမှာ အဲဒီဥပဒေကြီးဟာ အကြီးအကျယ် တွင်ကျယ်ခဲ့ပါတယ်။

ဒါပေမဲ့ အနောက်နိုင်ငံတွေက ရုပ်ရှင်ကြည့်ပရိသတ်တွေအဖို့ ရုပ်ရှင်ကား အမြောက်အမြားကို ကြည့်ပါ များလာတဲ့အခါမှာ အဲဒီလို TeleLence တွေနဲ့ အလှုပ် ရိုက်တာကို ကြည့်တတ်လာပါတယ်။ ခေါင်းမမူးကြရုံသာမကဘဲ အဲဒီလို ရိုက်ပြတာက ပိုပြီး စိတ်လှုပ်ရှားစရာ၊ စိတ်ဝင်စားစရာ ကောင်းတယ်ဆိုပြီးတော့ ခေတ်စား လာပါတယ်။ ဒါပေမဲ့ မြန်မာရုပ်ရှင်လောကမှာတော့ အဲဒီလို အလားတူ မရိုက်သင့်ဘူး ဆိုပြီး တားမြစ်ထားတဲ့ ရိုက်နည်းတွေဟာ ပုံသေလို စောင့်စည်း ရှောင်ရှားနေကြတုန်းပဲ ဖြစ်ပါတယ်။ နောက်ပိုင်း အနောက်တိုင်းရုပ်ရှင်ကားတွေမှာ စက်မှု တိုးတက် လာတာနဲ့ အညီ၊ ပရိသတ်တွေရဲ့အရည်အသွေးတက်လာတာနဲ့အညီ၊ အရင်က ရှောင်ဖို့ တားမြစ် ပိတ်ပင်ထားတဲ့ ဥပဒေတွေကို ချိုးဖျက်ရုပ်သိမ်းပြီးတော့ ရိုက်ကြရတဲ့ရိုက်ချက်တွေ အများကြီး တွေ့လာရပါတယ်။ အဲဒီတုန်းက မြန်မာ လူငယ်/လူသစ် ရုပ်ရှင်ပညာ သည်တွေဟာလည်း အဲဒီ အနောက်နိုင်ငံတွေက လုပ်ရပ်တွေကို သတိပြုမိကြပြီးတော့ ပြုပြင်ပြောင်းလဲဖို့ သတ္တိနဲ့ စိတ်ကူးဉာဏ်အသစ်တွေ စမ်းသပ် လုပ်ဆောင်ခဲ့ကြပါတယ်။

ဗမာရုပ်ရှင်ကြည့် ပရိသတ်ရဲ့အကြိုက် သဘောမနောကို

ဘယ်လိုကိုင်တွယ်၊ ဘယ်လိုဖမ်းရတယ် ဆိုတာမျိုးတွေနဲ့ ပတ်သက်လို့ကတော့ ဝါရင့် မြန်မာဒါရိုက်တာ ကြီးတွေဆီက အများဆုံး လေ့လာသင်ယူကြရပြီး တင်ပြပုံနည်းအသစ်တွေနဲ့ စက်မှု ပညာခန်း အသစ်အဆန်းတွေကိုတော့ ကမ္ဘာ့ရုပ်ရှင်တွေက လေ့လာစမ်းသပ်ကြရပါတယ်။ ဝင်းဖေတို့ ရုပ်ရှင်နယ်ကို ဝင်တဲ့အချိန်မှာ အကြီးဆုံး အတားအဆီး အခက်အခဲ ကတော့ ... ဖလင်ရှားပါးတာနဲ့ ပြင်းပြင်းထန်ထန် စိစစ်ပယ်ချတာတွေလုပ်တဲ့ ရုပ်ရှင် ဇာတ်လမ်း စိစစ်ရေးအဖွဲ့ပါပဲ။ ရုပ်ရှင်ရိုက်စက်အများစုဟာ ဝင်းဖေတို့ထက် အသက် အများကြီး ကြီးတာ များပါတယ်။ မှန်ဘီလူးတွေက အိုလှ၊ ဟောင်းလှပါပြီ။ မှုန်ဝါး လှပါပြီ။ မြန်မာ့ရုပ်ရှင် ပေါ်စခေတ်ဦးဆီက ဇာတ်ကားစမပြမီမှာ “တုန်ခြင်း မှုန်ခြင်း သည်းခံပါ” လို့ ကြိုပြီး စာတန်း ထိုးကြရပါတယ်။ ဝင်းဖေတို့ခေတ်ကျတော့လည်း အဲဒီစာတန်း မထိုးပေမဲ့ အဲဒီလိုပါပဲ။

မြန်မာရုပ်ရှင်ကြည့် ပရိသတ်ဟာ အလွန်ကျေးဇူးတင်စရာ ကောင်းလှသလို စိတ်တိုဖို့လည်း ကောင်းပါတယ်။ မြန်မာရုပ်ရှင်ရဲ့ အပြစ်အနာဆာပေါင်း သောင်းခြောက်ထောင်ကို မြန်မာရုပ်ရှင်ကြည့်ပရိသတ်က အလွန်အကျွံ သည်းခံ ခွင့်လွှတ်ပြီး တော့ အားပေးကြည့်ရှုကြပါတယ်။ ဝေဖန်တာ၊ အပြစ်ပြောတာ အတော်ကြီးကို ရှားပါတယ်။ အဲဒါဟာ စိတ်တိုဖို့အကောင်းဆုံးပါပဲ။ မြန်မာရုပ်ရှင်တိုးတက်မှု အလွန် နှေးကွေးရတဲ့ အကြောင်းအရင်းထဲမှာ အဲဒီအချက်ဟာ ထိပ်တန်းက ပါပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

[၅၅]

သောတရှင်များခင်ဗျာ

လောကမှာ တချို့တကယ့်အဖြစ်မှန်တွေဟာ စိတ်ကူးယဉ်ကိစ္စတွေထက် ယုတ္တိအားနည်းနေပေမဲ့ တကယ် ဖြစ်လာတတ်ပါတယ်။ ဝင်းဖေ မပြုံသည့်မိုး ရုပ်ရှင်ကားကို စတင်ရိုက်ကူးဖို့ အကြောင်းဖန်လာပုံကို တင်ပြချင်ပါတယ်။ ဝင်းဖေမှာ မူလက “မပြုံသည့်မိုး” ရုပ်ရှင်ကားကို မိမိရဲ့ ပထမဦးဆုံးလက်ရာအဖြစ် ရိုက်ကူးထုတ်လုပ်ဖို့ လုံးဝ စိတ်မကူးခဲ့ပါဘူး။ မကြံစည်ခဲ့ပါဘူး။

ဖြစ်ပုံက ဒီလိုပါ ... ဝင်းဖေ အနုပညာကျောင်းအုပ် လုပ်နေစဉ်မှာပဲ ဝင်းဖေနဲ့ ညီအစ်ကိုမကက ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်း ဒေါက်တာကိုကိုကြီး ဟန်ဂေရီနိုင်ငံ ကနေပြီး စိတ်ပညာပါရဂူဘွဲ့ယူပြီးတော့ ပြန်လာပါတယ်။ ဥရောပမှာ သူ ၃/၄နှစ် နေခဲ့ရတုန်း သူကြည့်ခဲ့ရတဲ့ ရုပ်ရှင်ကားကောင်းတွေအကြောင်း ပြန်ပြောပါတယ်။ ဝင်းဖေကလည်း ရုပ်ရှင် အကြောင်းတွေပြန်ပြီး ဆွေးနွေးရင်း ရုပ်ရှင် ဇာတ်လမ်းတစ်ခု တည်ဆောက်တာနဲ့ ပတ်သက်လို့ “မပြုံသည့်မိုး” ဖြစ်လာမယ့် ဇာတ်လမ်းကို လက်တန်းဥပမာအဖြစ် ပြောပြဆွေးနွေးပါတယ်။ အဲဒီဇာတ်လမ်းကို သူငယ်ချင်း ဒေါက်တာကိုကိုကြီးက သိပ်ကြိုက်သွားပြီးတော့ ဝင်းဖေအနေနဲ့ သတ္တိရှိရင် ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်ကူးမယ် ဆိုရင် စပြီးတော့ မတည်ဖို့ အရင်းအနှီးငွေကို သူက စိုက်ထုတ်မယ်လို့ပြောပါတယ်။

သတ္တိရှိရင်လို့ ပြောရတာက ... ဝင်းဖေက အဲဒီလို ဒါရိုက်တာ ထလုပ်မယ်ဆိုရင် ... အနုပညာ ကျောင်းအုပ် အလုပ်က ထွက်ရမှာဖြစ်ပါတယ်။ ဒေါက်တာကိုကိုကြီး ကိုယ်တိုင်ကလည်း သူ စီးနေကျကားကိုရောင်းပြီး ဝင်းဖေကို ပေးလိုက်ရမှာဖြစ်ပါတယ်။ ဝင်းဖေရော ကိုကိုကြီးရော သတ္တိရှိခဲ့ကြပါတယ်။ စကားဝိုင်းမှာ အပျင်းပြေ လျှောက်ပြောကြရာက နေပြီးတော့ ထရိုက်ဖြစ်ကြပါတယ်။ တစ်ခုတော့ ရှိတယ် ... အဲဒီအချိန်မှာ ဝင်းဖေဟာ ... ဒါရိုက်တာ မောင်တင်ဦးအတွက် နေထွက်သောည၊ ဒါရိုက်တာကြီး ဦးတင်ယုအတွက် မေတ္တာဘုံသို့နှစ်ခေါက်၊ ဒါရိုက်တာ မောင်မိုး သူ အတွက် မှုန်နံ့သာ ချယ်ကာသပါလို့၊ ဒါရိုက်တာ တက္ကသိုလ်ကိုကိုလေး အတွက် အရိပ်နဲ့ ဒါရိုက်တာ မောင်ဝဏ္ဏအတွက် ဇာခန်းဆီးနောက်ကွယ်မှာ... စတဲ့ ဝတ္ထုဇာတ်ညွှန်းတွေ ရေးပြီးနေပါပြီ။

ဝင်းဖေ ကျောင်းအုပ်အလုပ်က ထွက်ဖို့ဆိုတာကတော့ ... ထွက်ချင်တဲ့ တခြား အကြောင်းတွေလည်း ရှိပါတယ်။ ဒေါက်တာ ကိုကိုကြီးကတော့ သူစီးနေတဲ့ ကားကို ရောင်းပြီး ဝင်းဖေကို ပေးလိုက်ရတာပါ။ ဘာပဲပြောပြော ... ဝင်းဖေတို့ လုပ်ဖြစ်ခဲ့ကြ ပါတယ်။ သာမည စကားဝိုင်းတစ်ခုက ဥပမာ စကားလေးကနေပြီးတော့ သိသာ ခြားနားတဲ့ ဘဝ၊ အကွေ့အချိုး၊ ကြီးကြီးမားမားတစ်ခုကို ပြဋ္ဌာန်းမယ့် အကျိုးဆက် ဖြစ်လာပုံဟာ ပြန်တွေးကြည့်တော့မှ အံ့သြစရာ ကောင်းပါတယ်။ 'မပြုံသည့်မိုး' ဇာတ်ကားပြီးသွားတော့ ရုံတင်တဲ့အခါမှာ ဝင်ငွေ သိပ်မကောင်းလှပေမဲ့ အဆိုးကြီး လည်း မဟုတ်ပါဘူး။ ဒီတုန်းက လူကြိုက်များကျော်ကြားနေတဲ့ ခင်သန်းနုနဲ့ ဇော်ဝမ်းတို့ကြောင့် ဖြစ်ပုံရပါတယ်။ ဘာပဲဖြစ်ဖြစ် ... ဘာ ရုပ်ရှင်မျိုးရိုးမှ မရှိတဲ့ ဝင်းဖေကို ... ရုပ်ရှင်လောကက ဆေးဖော်ကြောဖက်အဖြစ် စပြီးတော့ လက်ခံလိုက် ပါတယ်။

"မပြုံသည့်မိုး"ပြီးတော့ ဝင်းဖေရဲ့ ဒုတိယကားအဖြစ် မဟူရာကို ဆက်လက် ရိုက်ကူးပါတယ်။ ဒီကားရဲ့ မူလဇာတ်ကားအမည်က "အလကားလူ"ဖြစ်ပါတယ်။ အဲဒီဇာတ်လမ်းထဲက ကိုတင်မောင်လိုလူဟာ အလကားလူပဲ ဆိုတဲ့ အဓိပ္ပာယ်နဲ့ အမည်ပေးခဲ့တာပါ။ ရုပ်ရှင်စိစစ်ရေးက လူဆိုတာ အလကားလူ မရှိဘူးတဲ့ ... လူ ဆိုတာ တန်ဖိုးရှိတာပဲ ... ဘာညာနဲ့ အမည်ကို ခွင့်မပြုပါဘူး။ တခြားအမည်တွေ ပြောင်းပြီးတင်ပေမဲ့ အကြောင်းအမျိုးမျိုးနဲ့ ပယ်ချခဲ့ပါတယ်။ ဘာမှန်းမသိတဲ့ ဝိုးတိုး ဝါးတားအမည် မဟူရာ လို့ ပေးလိုက်တော့မှ ရိုက်ကူးခွင့် ချပေးပါတယ်။

မဟူရာဇာတ်ကားဟာ ဝင်းဖေကို ဒုက္ခတွေ၊ ပြဿနာတွေ အများကြီးပေးသလို ကောင်းကျိုးတွေလည်း အများကြီး ပေးပါတယ်။ မဟူရာဇာတ်ကားဟာ စစ်တပ်ကို သွယ်ဝိုက်ပြီး ဝေဖန် တိုက်ခိုက်ပါတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ စစ်အစိုးရက ဇာတ်ကား ရုံတင်ပြသခွင့်ကို ပိတ်ပြီးတော့ ရိုက်ကူးတဲ့ဒါရိုက်တာဝင်းဖေကို ဖမ်းပြီးထောင်ချမယ်လို့ ဖြစ်လာပါတယ်။ နောက်မှ ပေအတော်များများ ဖြတ်တောက်ပြီးတော့ ဆင်ဆာက ညွှန်ကြားတဲ့အတိုင်း ဇာတ်သိမ်းခန်းကို ရိုက်ပေးရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ပြီးပြတ် သွားပါတယ်။ ဝင်းဖေလည်း နာမည်ပျက်စာရင်း မင်နီ အတို့ ခံရပါတော့တယ်။ ၈ နှစ် လောက် သံသယနဲ့ ထောက်လှမ်းရေးရဲ့ စောင့်ကြည့်တာ ခံခဲ့ရပါတယ်။ နောက်တော့ ဝင်းဖေဟာ စစ်အစိုးရကို မကျေနပ်ရင်မကျေနပ်သလို ကာလဒေသမရွေး ဝေဖန် ပြောဆိုတတ်ပေမဲ့ သူ့မှာ နောက်ခံ အဖွဲ့အစည်း မရှိဘူး၊ သူက တစ်ယောက်တည်းပဲဆိုတဲ့ မှတ်ချက်နဲ့ သံသယပျယ်သွားလို့ "နှင်းဆီနီ" ဇာတ်ကားနဲ့ ရုပ်ရှင်ထူးချွန်ဆု ရခဲ့ပါတယ်။

မဟူရာကြောင့် ကောင်းတဲ့ အပိုင်းတွေကလည်း အတော်များပါတယ်။ မဟူရာ ဇာတ်ကား အကြမ်းဖျဉ်း ဆက်ပြီးသွားတော့ကာ နာမည်ကြီး ဒါရိုက်တာ ဦးထွန်းမြင့် ထွန်းရဲ့ ပြိစက်အခန်းမှာ အစမ်းပြသကြည့်ပါတယ်။ ဒီကား ရိုက်ပုံ/ ရိုက်နည်းကို ကြိုက်လို့ဆိုပြီး ဦးထွန်းမြင့်ထွန်းက ဝင်းဖေကို ဒါရိုက်တာအနေနဲ့ ကားတစ်ကား ရိုက်ပေးဖို့ အလုပ်အပ်ပါတယ်။ နောက် နာမည်ရဒါရိုက်တာ ပန်းချီစိုးမိုးကလည်း အဲဒီ မဟူရာကိုပဲ ကြိုက်လို့ဆိုပြီး ဝင်းဖေကို ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ် အလုပ်ပေးပြန်ပါတယ်။ ဒါရိုက်တာအချင်းချင်း ဒါရိုက်တာအဖြစ် ပြန်ပြီး အငှားခံရတဲ့ ကိစ္စဟာ ဝင်းဖေကို အလွန်အားတက်စေပါတယ်။

မဟူရာကား ရုံတင်တော့ ဝင်ငွေလည်း အတော်ကောင်းပါတယ်။ လူတွေက လည်း ကြိုက်ကြပါတယ်။ ဝင်းဖေရဲ့ ကိုယ်ပိုင်ဇာတ်နဲ့ မဟုတ်တဲ့အတွက် ဝင်းဖေက အတော် စိတ်မချမ်းမသာ ဖြစ်ရပါတယ်။ ဒါပေမဲ့ မဟူရာကားကို ဆင်ဆာက အကြီး အကျယ် ဖြတ်သတဲ့ဆိုတဲ့သတင်းဟာ စိတ်ဝင်စားစရာကောင်းနေတော့ အဖြတ်ခံရတဲ့ ဇာတ်သိမ်းခန်းကို လူအများစုက မကြည့်ရဘဲ သိနေကြပါတယ်။ တကယ်ရုံပေါ်မှာ ကြည့်ကြတဲ့အခါမှာ ကြားဖူးထားတဲ့ ဇာတ်သိမ်းခန်းနဲ့ အစားထိုးပြီး ခံစားကြပါတယ်။ ဝင်းဖေ တကယ်ရိုက်တာထက်တောင် ကောင်းမှာ သေချာတယ်ဆိုပြီး ဝင်းဖေ ကျေနပ် သွားမိပါတယ်။ ဆက်လက်တင်ပြပါမယ် ...။

ကျန်းမာ ချမ်းသာကြပါစေ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေရိုက်တဲ့ မဟူရာဇာတ်ကား ရုံတင်တဲ့အချိန်မှာ မမျှော်လင့်တဲ့ပြဿနာ တစ်ခု ပေါ်ပါတယ်။ ကား ရုံတင်နေတုန်း တစ်နေ့ ... ဝင်းဖေက မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတာကိုစောင့်ရင်း ကိုယ်သွားနေကျမဟုတ်တဲ့ ရပ်ကွက်ထဲက ကိုယ်ထိုင်နေကျ မဟုတ်တဲ့ လက်ဖက်ရည်ဆိုင်တစ်ခုမှာ ထိုင်နေမိပါတယ်။ အဲဒီတော့ကာ အဲဒီပတ်ဝန်း ကျင်မှာ ဝင်းဖေကိုသိတဲ့လူ မရှိပါဘူး။ အဲဒီအချိန်မှာ လက်ဖက်ရည်ဆိုင်ကိုလာတဲ့ လူတွေအချင်းချင်း မဟူရာဇာတ်ကား ကောင်းတဲ့အကြောင်း၊ ကြိုက်တဲ့အကြောင်း ပြောနေကြပါတယ်။ ဝင်းဖေလည်း သဘောကျ၊ ကြည်နူးပြီးတော့ အရသာခံ နားထောင် နေတုန်း လူတစ်ယောက်က ထပြောပါတယ်။ အဲဒီ "မဟူရာ"ဇာတ်ကားကို ရိုက်တဲ့ ဒါရိုက်တာကို သူ ကောင်းကောင်း သိတဲ့အကြောင်း၊ သူတို့ တောင်ဥက္ကလာက ဖြစ်တဲ့ အကြောင်း၊ အသားမည်းမည်း၊ အရုပ်ဆိုးဆိုး၊ အရက်သောက်တတ်တယ်၊ သေသွားပြီ၊ ခုတော့ မရှိတော့ပါဘူး ... ဒီကားကို သူ မသေခင် ရိုက်သွားတာ ဖြစ်မယ်လို့ အပိုင် ပြောနေပါတယ်။

ဟုတ်ပါတယ် .. ရုပ်ရှင်နယ်ကို ဝင်းဖေ မဝင်ခင် နာမည်ကြီးဒါရိုက်တာ တက္ကသိုလ်ဝင်းဖေ ဆိုတာ ရှိခဲ့ဖူးပါတယ်။ သူက အကယ်ဒမီဆုရ၊ အောင်မြင်တဲ့ ဒါရိုက်တာကြီးတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်နယ်ကို ဝင်းဖေ မရောက်ခင်ကတည်းက အဲဒီ ဒါရိုက်တာကြီး တက္ကသိုလ်ဝင်းဖေ ကွယ်လွန်သွားပြီး ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်းဖေနဲ့ ရိုးရိုးဝင်းဖေကို တစ်ယောက်တည်းလို့ အောက်မေ့ပြီး ပြောနေကြ တာဖြစ်ပါတယ်။ ဝင်းဖေအနေနဲ့ ဝင်ပြီး ရှင်းပြမနေတော့ဘဲ သူတို့ ဆက်ပြောနေကြ တာကို နားထောင်နေလိုက်ပါတယ်။ ရယ်စရာလည်းကောင်း၊ ဝမ်းနည်းစရာလည်း ကောင်း၊ လွမ်းစရာလိုလိုလည်း ခံစားမိပါတယ်။ အဲဒီလို လွဲမှားမှုဟာ နေရာတော်တော် များများမှာ ရှိနေခဲ့ပြီးတော့ နောက်မှ တဖြည်းဖြည်း ပျောက်သွားပါတယ်။ ဝင်းဖေ ကတော့ ဖြေရှင်းဖို့ တစ်ခါမှ မကြိုးစားခဲ့ပါဘူး။

"မဟူရာ" နဲ့ပတ်သက်လို့ သတင်းထောက်ဟောင်းကြီး တစ်ယောက်က ဝင်းဖေကို အင်တာဗျူးရင်း ရှေ့က တက္ကသိုလ်ဆိုတဲ့ စကားလုံးကို ဘာဖြစ်လို့ ဖြုတ်ပစ် လိုက်တာလဲ မေးလို့ အကြောင်းစုံကို ရှင်းပြရပြန်ပါတယ်။ မိမိက

ရိုးရိုးဝင်းဖေပါလို့ ပြောတော့ကာ တက္ကသိုလ်ကို မရောက်ဘူးလို့လားလို့ မေးနေပြန်ပါသေးတယ်။ ရောက်ဖူးပါတယ် ပြောတော့ ... ဒါဆိုရင် "တက္ကသိုလ် ဝင်းဖေပဲ လုပ်သင့်တဲ့အကြောင်း၊ အရင်ရှိနှင့်ပြီးသား တက္ကသိုလ်ဒါရိုက်တာကလည်း ကွယ်လွန်သွားပြီဖြစ်လို့ ကိုယ်က တက္ကသိုလ်ဝင်းဖေ လုပ်ရင်လည်း ပြဿနာမရှိတော့တဲ့အကြောင်း ပြောနေပြန်ပါတယ်။ သူကိုယ်တိုင်ရဲ့ ကလောင်အမည်ကလည်း ရှေ့က တက္ကသိုလ် ပါပါတယ်။

နောက် ပြဿနာတစ်ခုက ဆရာကြီး ကာတွန်းဦးဟိန်စွန်း ဖြစ်ပါတယ်။ ဦးဟိန်စွန်းက ဝင်းဖေ လူထုသတင်းစာ နေ့စဉ်ကာတွန်းတွေ ရေးနေကတည်းက ဝင်းဖေကို သံယောဇဉ်ကြီးသူ၊ ချစ်သူလည်း ဖြစ်ပါတယ်။ ဝင်းဖေ ရုပ်ရှင်တွေရိုက်တော့ 'မပြုံသည့်မိုး'ရော၊ 'မဟူရာ'ရော အားရပါးရကြည့်ပြီး ကြိုက်လည်း ကြိုက်တော့ကာ ဝင်းဖေကို လာတွေ့ပြီးတော့ကာ ဒါရိုက်တာ ကာတွန်းဝင်းဖေလို့ တပ်ရမယ်လို့ တိုက်တွန်းပါတော့တယ်။ ဝင်းဖေကို ပြောလို့ မရတော့ ရုပ်ရှင် ကောင်စီလူကြီးတွေ ကိုတောင် သွားပြီးတော့ ... "ဝင်းဖေကို ရအောင်ပြောပေးကြဖို့" ပြောခိုင်းပါတယ်။ ဝင်းဖေ ပန်းချီကျောင်းအုပ်လုပ်စဉ်က ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ဓာတ်မင်းသားကြီး တစ်ယောက်ကတော့ ဝင်းဖေကို ပန်းချီဝင်းဖေလို့ လုပ်စေချင်ပါသတဲ့ခင်ဗျား။

အနုပညာနယ်မှာ ဝင်းဖေတွေကလည်း တော်တော်များပါတယ်။ နာမည်ကြီး ရုပ်ရှင်ဒါရိုက်တာ တက္ကသိုလ် ဝင်းဖေတဲ့၊ နာမည်ကြီး စာတ်ပုံဆရာကြီး ရန်ကုန် ဝင်းဖေတဲ့၊ စာပေနယ်မှာ အင်္ဂလိပ်လိုရော၊ မြန်မာလိုရော ဘာသာပြန်တွေ၊ စာပေ၊ အနုပညာ၊ ဝေဖန်ရေးတွေရော ရေးနေတဲ့ ဝါရင့်အတွင်းဝန်ဟောင်းကြီး ရစ်ချက်ဝင်းဖေတဲ့၊ အထူးသဖြင့် မြန်မာကဗျာတွေကို အင်္ဂလိပ်လို ဘာသာပြန်တဲ့အခါမှာ ဝင်းဖေလို့ပဲ သုံးပါတယ်။ နောက် အစိုးရဝန်ထမ်း အရာရှိကြီးဖြစ်သွားတဲ့ ကာတွန်း မြင်းခြံဝင်းဖေတဲ့။ ကဗျာဆရာ မုံရွာဝင်းဖေတဲ့။ ကဗျာဆရာကြီး မောင်စွမ်းရည် ရဲ့ အမည်အရင်းကလည်း ဝင်းဖေ ပါပဲ။

ဝင်းဖေနဲ့ပေါ်ဦးတို့ဟာ မန္တလေးက ပန်းချီဆရာကြီး ဦးဘသက်ရဲ့ တပည့် အရင်းတွေဖြစ်ကြလို့ ဝင်းဖေသက်နဲ့ ပေါ်ဦးသက်ဆိုပြီး လုပ်ခဲ့ကြပါသေးတယ်။ နောက်တော့မှ ဆရာကြီး ဦးဘသက်ဆီမှာ တစ်ရက်၊ တစ်မနက် ဆိုတာလို လာ ဆည်းကပ်ပြီးတော့မှ "သက်" ဆိုတဲ့ စကားလုံးကိုယူပြီး ... စောလွင်သက်တို့၊ စောမောင်သက်တို့၊ စိန်ဦးသက်တို့ အေးဆွေသက်တို့၊ လှမောင်သက်တို့ ဆိုပြီး တော့ "သက်"တွေ သိပ်ဖောင်းပွလာတာနဲ့ ဝင်းဖေလည်း ဝင်းဖေသက် ဆက်မလုပ် တော့ဘဲ ရိုးရိုးဝင်းဖေ ပြန်လုပ်လိုက်ရပါတယ်။

“မဟူရာ'ရုပ်ရှင်ကား ပြီးတော့ တစ်နှစ်လောက် အတောအတွင်း မဟူရာ ဝင်းဖေ ဆိုပြီး ဖြစ်လိုက်ပါသေးတယ်။ ‘မဟူရာ” ဇာတ်ကားဟာ နိုင်ဝင်းဆွေရဲ့ ‘မဟူရာမေတ္တာ”ကို ပြန်ရိုက်တာဆိုပြီး ရမ်းတုတ်တဲ့သူတွေလည်း ရှိပါသေးတယ်။ ‘မဟူရာ” ဆိုတဲ့ အမည်ဟာ ဇာတ်လမ်းထဲက ပေးချင်၊ ပြောချင်တဲ့ အယူအဆနဲ့ ဘာမှမဆိုင်တဲ့အမည်ကို ပေးလိုက်ရတဲ့အတွက် “မဟူရာ” ကားကို ကြည့်ကြတဲ့သူ တချို့က ရာဂရမ္မက်နဲ့ ပတ်သက်လို့ မဟူရာလို အမှောင်ထဲကို ကျရောက်သွားတာကို ဖော်ကျူးပါတယ်ဆိုပြီး ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်နေသူတွေလည်း အများကြီး ရှိကြောင်း သိရပါတယ်။ အမှန်ကတော့ အသက်သခင်ကျေးဇူးရှင် ကောလိပ်ဂျင် နေဝင်းနဲ့ ကျေးဇူးစား မင်းသားကြီး ဦးထွန်းဝေတို့ အကြောင်းပဲ ဖြစ်ပါတယ်။ အသက် သခင်ကျေးဇူးရှင် ကောလိပ်ဂျင်နေဝင်းက … ကျေးဇူးစား ဦးထွန်းဝေကို ကျေးဇူး ဆပ်ခိုင်းပါတယ်။ ဦးထွန်းဝေက ကျေကျေနပ်နပ်ကြီး ဝမ်းပန်းတသာပဲ ကျေးဇူးဆပ်ပါတယ်။ ဒါပေမဲ့ ကျေဇူးဆပ်ခိုင်းတဲ့ ကိစ္စက တစ်ခါနဲ့လည်းမပြီး၊ နှစ်ခါ နဲ့လည်းမပြီး၊ တစ်ဆင့်နဲ့လည်းမပြီး၊ နှစ်ဆင့်နဲ့လည်းမပြီး … ထပ်ပြန်တလဲလဲ ကျေးဇူးတွေ ဆပ်နေရ ပါတယ်။ နောက်ဆုံး လူမှုရေးအရ အလွန်မဖြစ်နိုင်လွန်းမက၊ မဖြစ်နိုင်တော့တဲ့ အတိုင်း အတာနဲ့ ကျေးဇူးဆပ်ခိုင်းတဲ့အခါမှာ အားလုံးအတွက် နေဝင်မှောင်ကျသွားရတဲ့ ဇာတ်ပါ။

‘မပြုံသည့်မိုး’ဟာ အငြိမ်တင်ပြချက်/ Static Presentation ဖြစ်ပြီးတော့ … ‘မဟူရာ’ ကတော့ အလှုပ်တင်ပြချက်/ Dynamic Presentation ဖြစ်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေ ပါ။

[၅၇]

သောတရှင်များခင်ဗျာ

ဝင်းဖေ ငယ်ငယ် သိတတ်စအရွယ်ကတည်းက ရုပ်ရှင်ကို အလွန်အမင်း ကြိုက်နှစ်သက်ခဲ့ပါတယ်။ ဝင်းဖေတို့ ငယ်ငယ် အညာဒေသ မန္တလေးမှာ ရုပ်ရှင်ကို ဓာတ်ရှင်လို့ ခေါ်ပါတယ်။ ရန်ကုန်နဲ့ အောက်ပြည်၊ အောက်ရွာမှာတော့ ဘိုင်စကုပ် လို့ ခေါ်ကြပါတယ်။ ဝင်းဖေ အလွန်ကြိုက်တဲ့ ရုပ်ရှင်ဆိုတာကြီးကို ဝင်းဖေ ကိုယ်တိုင် ဝတ္ထု၊ ဇာတ်ညွှန်းတွေရေးပြီးတော့ ကိုယ်တိုင် ဒါရိုက်တာလုပ်ရပြီဆိုတဲ့အခါမှာ အတော် ကလေး သွေးလန့်နေတာရှိပေမဲ့ ဝင်းဖေဟာ အလွန်ပျော်ရွှင် အားတက်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်နေရာမှာမဆို အကောင်း၊ အဆိုးဆိုတာ ဒွန်တွဲပြီး ရှိနေတတ်တာပါပဲ။ ဝင်းဖေဟာ ကိုယ်တိုင်ရုပ်ရှင်ဒါရိုက်တာလုပ်တဲ့အတွက် ဆုံးရှုံးရတဲ့အပိုင်းကလည်း အတော်ကြီး ကြီးမားပြင်းထန်ပါတယ်။

ဝင်းဖေ ဒါရိုက်တာ မလုပ်ခင်က ပြည်တွင်း/ပြည်ပက ရုပ်ရှင်ကားကောင်းတွေကို ကြည့်ရင်း ရုပ်ရှင်အနုပညာရဲ့ အရသာကို တစိမ့်စိမ့် ခံစားရပါတယ်။ ကြည့်ပြီးပြန် တော့လည်း တမြုံ့မြုံ့ပြန်တွေးရင်းနဲ့ အရသာ ခံတတ်ပြန်ပါတယ်။ ဒါပေမဲ့ ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရုပ်ရှင်ရိုက်လာလို့ အတွေ့အကြုံကလေး အတော်အသင့် ရလာ တာနဲ့အတူ ကိုယ်တိုင် တခြားဒါရိုက်တာတွေရဲ့ ရုပ်ရှင်ကားတွေကိုကြည့်ပြီး အရသာ ခံတဲ့အပိုင်းမှာ အရသာပျက်လာတာကို ကြုံရပါတော့တယ်။

ကိုယ်ကအောက်ခြေလွတ်ပြီး ဘဝင်မြင့်သွားတာမျိုး မဟုတ်ပါဘူး။ ကိုယ်က ရုပ်ရှင် နည်းပညာပိုင်းကို လေ့လာပြီးတော့ ကိုယ်တိုင် လုပ်ကိုင်နေတာဆိုတော့ တခြားပညာရှင်တွေရိုက်တဲ့ ရုပ်ရှင်ကားတွေကိုလည်း ရုပ်ရှင် နည်းပညာ၊ အတတ်ပညာပိုင်း ကနေပြီးတော့ ခွဲခြမ်းစိတ်ဖြာတဲ့ အလုပ်တွေ၊ သူ့အလိုလို လုပ်မိလျက်သား ဖြစ်ကုန်ပါ တော့တယ်။ အဲဒီမှာ အရသာတွေ ပျက်ကုန်တော့တာပါပဲ။ ဒါဆိုရင်လည်း ဘာခက် လို့တုံး ... အရသာ မပျက်ရလေအောင် ... အဲဒီ ခွဲခြမ်းစိတ်ဖြာတဲ့အလုပ်ကို မလုပ်ဘဲ နေလိုက်ပေါ့လို့ တွေးပြီးတော့ အကြိမ်ကြိမ် ကြိုးစားကြည့်ဖူးပါတယ်။ ကိုယ်တိုင် လုပ်သက်ရင့်လာလေ၊ မလွယ်လေပါပဲ။

ပိတ်ကားပေါ်မှာ ဇာတ်ဆောင်အမျိုးသမီးနဲ့ အမျိုးသား ချစ်သူနှစ်ယောက်တို့ဟာ သင်္ဂီရ ရသ အသည်းနှလုံး စကား၊ အနုအရွလေးတွေပြောရင်း လွမ်းနေကြပြီ... ဝင်းဖေက အဲဒီအခန်းကို ကြည့်ရင်းနဲ့ ... ဓာတ်ပုံ၊ အလင်းအမှောင်ပေးပုံကို သုံးသပ်ရင်း ရုပ်ရှင်မြင်ကွင်းထဲမှာ မပါတဲ့ မီးထိုး၊ မှန်ထိုးသမားတွေရဲ့ အနေအထားကို မြင်ယောင် နေပါတယ်။ ကင်မရာနှစ်လုံးနဲ့ တစ်ပြိုင်တည်း ရိုက်ထားတာကိုလည်း သိနေပါတယ်။ မိတ်ကပ် အမှား/အမှန်ကိုလည်း တွေးနေမိပြန်ပါတယ်။ အများကြီးပါပဲ။ ဘယ်ကလာ ပြီးတော့ သင်္ဂီရ ရသတွေဘာတွေ ခံစားနိုင်တော့မှာလဲ။ ရုပ်ရှင်ရုံထဲမှာ ဝင်းဖေဘေးက ထိုင်နေတဲ့ အဒေါ်ကြီးက လက်ကိုင်ပဝါလေးနဲ့ မျက်ရည်သုတ်ရင်း အလွမ်းခန်းကို အရသာခံနေတာကို ကြည့်ရင်းနဲ့ ဝင်းဖေ အားကျမိပါတယ်။

ဝင်းဖေကိုယ်တိုင် ဒါရိုက်တာလုပ်စက ရုပ်ရှင် ၁၀ ကားကြည့်ရင် ၅ ကားလောက်ကို အရသာပျက်လာပါတယ်။ အဲဒီကားတွေ ညံ့လို့မဟုတ်ပါဘူး။ ဝင်းဖေရဲ့ အာရုံတွေလွဲမှားနေလို့ ဖြစ်ပါတယ်။ ကျန်တဲ့ ၅ ကားကိုတော့ အရသာ မပျက်ပါဘူး။ ဘာပြုလို့လဲဆိုတော့ အဲဒီကားတွေက အနုပညာခွန်အားကြီးလွန်းလို့၊ ဝင်းဖေရဲ့စိတ်ကို ဖမ်းစားနိုင်လို့၊ ဝင်းဖေမှာ ... အတတ်ပညာ၊ နည်းပညာတွေနဲ့ ခွဲခြမ်းစိတ်ဖြာ၊ ဝေဖန်၊ ပိုင်းခြားတာတွေ၊ ဘာတွေလုပ်ဖို့ သတိတောင် မရလိုက်လို့ ဖြစ်ပါတယ်။ နောက် ဝင်းဖေ အတွေ့အကြုံ အတော်ကလေးများလာတော့ ဝင်းဖေ ရုပ်ရှင်ကြည့်ရင် ၁၀ ကားမှာ ၁ ကားလောက်ပဲ အရသာခံလို့ ရပါတော့တယ်။ အခြေအနေက သိပ်ဆိုး လာပါတယ်။ ဘာနဲ့တူသလဲ ဆိုတော့ကာ ... ပန်းသီးတစ်လုံးဟာ ဘယ်လိုဖြစ်လာ တာလဲ၊ ဘာဓာတ်တွေပါဝင်သလဲ၊ အကျိုးအာနိသင်တွေက ဘာတွေလဲ၊ ဘေးထွက် ဆိုးကျိုးတွေက ဘာတွေလဲ ... စတာတွေကို စဉ်းစားပြီးတော့ ပန်းသီးစားနေတဲ့လူလို ဖြစ်သွားပါတယ်။ ဘယ်ကလာပြီးတော့ စင်ကြယ်တဲ့ ပန်းသီးအရသာသန့်သန့် ကလေးကို ရနိုင်တော့မှာလဲ။

နောက်ပိုင်းကျတော့ ရုပ်ရှင်ကား ၁၀၀ မှာ ၁ ကားလောက်ပဲ ကြည့်လို့ရပါတော့တယ်။ အဲဒီလို ကားမျိုးကတော့ သိပ်ကောင်းလွန်းအားကြီးလို့ ဝင်းဖေရဲ့ ရောဂါ ဆိုးကို ကျော်လွှားနိုင်တာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီရောဂါဆိုးဟာ အခု အတန်အသင့် သက်သာစ ပြုလာပါတယ်။ ဒါကတော့ အသက်အရွယ်အလိုက် ရလာတဲ့ အသိတရား၊ သတိတရား တစ်ခုကြောင့်ပါ။ ဆန်းဆန်းပြားပြားတော့ မဟုတ်ပါဘူး။ အိပ်ချိန်မှာ အိပ်ဖို့ကိစ္စကလွဲပြီး ဘာမှမလုပ်နဲ့၊ ဘာမှမစဉ်းစားနဲ့တဲ့။ စားချိန်ကြပြန်ရင်လည်း ကောင်းကောင်းမွန်မွန် မှန်ကန်အောင် စားတာကလွဲလို့ ဘာမှ တခြားအာရုံ မပျံ့ လေနဲ့တဲ့။ ကုန်ကုန်ပြောရင် အစာစားခြင်းရဲ့ အကျိုးအာနိသင်ကိုတောင်မှ မတွေး လေနဲ့တဲ့။ သွားတဲ့အခါမှာလည်း

ဒီအတိုင်းပါပဲ … အာရုံကို လိုရင်းအတိုင်း တည်ငြိမ်၊ တည့်မတ်နေအောင်ထားဖို့ ဘာသာရေး အဆုံးအမပါပဲ။ နားထောင်ဖို့၊ ပြောဖို့၊ သိဖို့ လွယ်သလောက် လက်တွေ့လုပ်ကြည့်တဲ့ အခါမှာ အတော်ကြီးကို ခက်ခဲတာတွေ့ရ ပါတယ်။ ဒါပေမဲ့ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတာလို နည်းနည်းချင်းကျင့်လာ လိုက်တာ အခုဆိုရင် … ရုပ်ရှင်ကား ကောင်းကောင်း ၁၀ ကားလောက်ကြည့်ရင်… ၅ ကားလောက် အတော်လေးကို ပြန်ပြီး ခံစားလို့ရလာပြီ ဖြစ်ပါတယ်။

ဝင်းဖေဟာ ရုပ်ရှင်မှာလိုပဲ … ပန်းချီကားတွေကို ခံစားတဲ့နေရာ၊ စာပေ အနုပညာတွေကို ခံစားတဲ့နေရာ၊ ဂီတအနုပညာတွေ ခံစားတဲ့နေရာတွေမှာပါ အလားတူ အရသာတွေပျက်ကုန်တာတွေ ရှိပါတယ်။ ဘာပြုလို့လဲဆိုတော့ … ရှင်းပါတယ် .. ကိုယ်က ပန်းချီလည်း ထဲထဲဝင်ဝင် ရေးမိပေတာကိုး။ စာပေတချို့လည်း ဝင်ရေးမိပြန်တယ်။ ဂီတဆိုရင်လည်း ငယ်ငယ်ကတည်းက သင်ကြား လေ့လာခဲ့ဖူး တယ်။ အတတ်ပညာ၊ နည်းပညာအကြောင်းတွေကို စဉ်းစားဖူးတယ်။ ကျိုးကြောင်း၊ ဆင်ခြင်တာတွေဘာတွေ သွားလုပ်မိတာကိုး။ ဒီတော့ ဖန်ဆင်းရှင်ရဲ့အရသာကို ခံစား နိုင်ဖို့၊ တခြားသူတွေရဲ့ အနုပညာကို စားသုံးဖို့ကျတော့ ဆုံးရှုံးနစ်နာရတော့တာပေါ့။ အဲဒီတော့ ဝင်းဖေအတွက် … ရုပ်ရှင်ကားတွေအတွက်သာ အရသာမပျက်အောင် ကြိုးစားနေရတာ မဟုတ်ပါဘူး … တခြား အနုပညာတွေကိုလည်း ခံစားမှုအရသာ မပျက်ရလေအောင်၊ မဆုံးရှုံးရလေအောင် ကြိုးစားရပါတော့တယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ။ ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ် မဖြစ်ခင် ဝင်းဖေတို့ ကလေးဘဝတုန်းက မြန်မာရုပ်ရှင်လောကမှာ ရုပ်ရှင် ဒါရိုက်တာကြီးတွေဟာ အမေရိကန်ရုပ်ရှင်လောက ဟောလီဝုဒ်က လေအတိုင်း King of the Set ရုပ်ရှင်ရိုက်ကွင်း တစ်ခုလုံးရဲ့ ဘုရင်တွေအဖြစ် အပြည့် အဝ ကျင့်သုံးနိုင်ခဲ့ကြတယ်လို့ အဆိုရှိပါတယ်။ အများနဲ့ လုပ်ကြကိုင်ကြရတဲ့ နေရာ တွေမှာ အာဏာပိုင်အကြီးအကဲ၊ ဘုရင်ဆိုတာမျိုးတွေက ရှိကြစမြဲပါပဲ။ အဲဒီလို ဘုရင် ဖြစ်ကြတဲ့နေရာမှာ အမျိုးမျိုး ရှိပါတယ်။ တချို့က ဘုရင်မဖြစ်သင့်ဘဲ ဖြစ်နေကြတာပါ။ အဓိပ္ပာယ်ကတော့ ဘုရင်အရည်အသွေးမရှိဘဲနဲ့ ဘုရင်ဖြစ်နေကြတဲ့ ဘုရင်မျိုးကို ဆိုလိုပါတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ ဘုရင်လုပ်ဖို့ ဘုရင်တို့ တတ်အပ်တဲ့ ပညာအရည်အသွေး ပြည့်ဝလို့ ဘုရင်ဖြစ်လာရတာက အကောင်းဆုံးပါပဲ။

ရှေးခေတ် မြန်မာရုပ်ရှင်လောကမှာ အဓိက သရုပ်ဆောင်မင်းသား/ မင်းသမီး တွေဟာ ထုတ်လုပ်ရေး ကုမ္ပဏီတွေမှာ လခစား လုပ်ကြရတယ်လို့ ဆိုပါတယ်။ ဒါရိုက်တာဆိုတဲ့ လူတွေကလည်း ဒီလိုပဲနဲ့ တူပါတယ်။ ရုပ်ရှင် ထုတ်လုပ်ရေး ပိုင်ရှင် ကိုယ်တိုင်က ဒါရိုက်တာ တက်လုပ်တာမျိုးလည်း ရှိနိုင်ပါတယ်။ ဥပမာ ... ဒါရိုက်တာ ကြီး ဦးညီပု၊ နောက် ... အေဝမ်း ဦးတင်မောင်တို့ ဆိုတာတွေပေါ့။ လခစား ဒါရိုက်တာတွေဆိုရင်လည်း ရှေးတုန်းကတော့ သရုပ်ဆောင် မင်းသား/မင်းသမီးတွေထက် လခပိုပြီး ရကြလိမ့်မယ်လို့ ထင်ပါတယ်။ ဒီတော့ ဒါရိုက်တာတွေဟာ ရှေးခေတ် တုန်းကKing of the Set ရုပ်ရှင်ရိုက်ကွင်းတွေမှာ ဩဇာပိုကြီးတာ သဘာဝကျပါတယ်။

ဒုတိယကမ္ဘာစစ် ပြီးခါစအထိ ဒါရိုက်တာကြီးတွေဟာ အဲဒီလိုပဲ ရှိနေတုန်းပါပဲ။ နောက်တော့ သရုပ်ဆောင် တွေဟာ လခစားပုံစံကနေပြီး ပုတ်ပြတ်စားတွေအဖြစ် စတင် ပြောင်းလဲလာပါတယ်။ အရင်က ရုပ်ရှင်ကြည့် ပရိသတ်တွေဟာ မင်းသားရော၊ မင်းသမီးရော၊ ဒါရိုက်တာရော ဦးစားပေးပြီး ရွေးချယ် ကြည့်ရှုကြရာကနေပြီးတော့ ခေါင်းဆောင် မင်းသား၊ မင်းသမီးတွေကို ဦးစားပေးရွေးချယ်တဲ့ အနေအထားကို ပြောင်းလဲလာပါတယ်။ ဒီတော့ ဈေးခေါ်၊ လက်ဖွဲ့ပိုကောင်းတဲ့ ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေရဲ့အခန်းကဏ္ဍက

ပိုတက်လာပါတယ်။ အကျိုးခံစားခွင့်၊ အခကြေးငွေတွေ ကလည်း လူကြိုက်များတဲ့ နာမည်ကြီး မင်းသား၊ မင်းသမီးတွေက ဒါရိုက်တာထက် ပိုပြီးတော့ ရလာကြပါတယ်။ ရုပ်ရှင်ကား တစ်ကားလုံးကို ခြုံငုံပြီး စီမံခန့်ခွဲရတဲ့ ဒါရိုက်တာတွေရဲ့ အခန်းကဏ္ဍ ကျဆင်းစ ပြုလာပါတယ်။

ဒီဘက် နောက်ပိုင်း ခေတ်တွေမှာတော့ ရုပ်ရှင်ဒါရိုက်တာ အများစုကြီးဟာ နာမည်ကြီး မင်းသား၊ မင်းသမီးတွေလောက် အကျိုး မခံစားရတော့ပါဘူး။ ဝင်းဖေ ဒါရိုက်တာလုပ်တဲ့နေရာမှာ များသောအားဖြင့် ဝတ္ထုရော၊ ဇာတ်ညွှန်းရော ကိုယ်တိုင် ရေးပြီး ရိုက်ကူးလေ့ရှိပါတယ်။ သူများဝတ္ထုကို ရိုက်ရင်တောင် ဇာတ်ညွှန်းကို ကိုယ်တိုင် ရေးပါတယ်။ ဒါ့ကြောင့် ဝင်းဖေကိုယ်တိုင် ရိုက်မယ့်ဇာတ်လမ်းကို ဝင်းဖေက အလွန် ကျေညက်နေတတ်ပါတယ်။ အဲဒါကြောင့် ရိုက်ကူးကြပြီဆိုရင် ... ဝင်းဖေက စိတ် အဝင်စားဆုံး လူတစ်ယောက် ဖြစ်နေပါတယ်။ ရိုက်ကွင်းကို အစောဆုံး သွားချင်တဲ့သူ ဖြစ်နေပါတယ်။ မြန်မာရုပ်ရှင်ရိုက်ကွင်းတွေကို ရိုက်ကူးရေးစက်အဖွဲ့တွေဟာ အရင်ဆုံး ရောက်ကြရပါတယ်။ ပြီးတော့မှ တခြားလူတွေ ... အဲဒါပြီးတော့မှ ခေါင်းဆောင် မင်းသားနဲ့ မင်းသမီးတွေနဲ့ ဒါရိုက်တာတွေဟာ နောက်ဆုံးမှရောက်လာသူတွေ ဖြစ်ပါတယ်။

ဝင်းဖေ ကတော့ ရုပ်ရှင်ရိုက်ကွင်းကို စက်အဖွဲ့ထက်တောင် စောပြီးတော့ ရောက်ချင်သူ၊ ရောက်အောင်သွားသူ ဖြစ်ပါတယ်။ ဒါဟာ ဇာတ်ကို ကြိုပြီး ကျေညက်နေတဲ့ အတွက် ကြိုပြီးပြင်ဆင်ချင်တဲ့စိတ် လောနေတာကြောင့် ဖြစ်ပါတယ်။ အစောကြီး ကတည်းက ကြိုတင်ပြီးတော့ ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေနေရာမှာ လူစားထိုး နေခိုင်းပြီးတော့ မီးထိုးမှန်ထိုး ကိစ္စတွေ၊ ကင်မရာ လှုပ်ရှားမှုတွေကို ရှာဖွေပြင်ဆင်ထားလိုက်ပါတယ်။ မင်းသား၊ မင်းသမီးတွေ ရောက်လာတဲ့အခါမှာ ချက်ချင်းဆိုတာလို စတင် ရိုက်ကူးနိုင်တာ များပါတယ်။ ဝင်းဖေဟာ ဒီလို လုပ်တတ်တယ် ဆိုတာကို သရုပ်ဆောင်တွေ အားလုံး သိသွားကြလို့ ဝင်းဖေရဲ့ ရိုက်ကွင်းတွေမှာ သရုပ်ဆောင်က အစ တာဝန်ရှိတဲ့သူအားလုံး အချိန်နောက်ကျတဲ့ ပြဿနာမျိုး အလွန်ရှားပါးပါတယ်။ စရိုက်ကြပြီ ဆိုရင်လည်း ရှေ့ကတ် တစ်ကတ် ရိုက်နေတုန်း အဲဒါပြီးရင်ရိုက်မယ့် နောက်တစ်ကတ်အတွက် ဝင်းဖေက ဆုံးဖြတ် ရွေးချယ်ထားပြီးသား ဖြစ်နေတတ်ပါတယ်။ ရှေ့တစ်ကတ်ပြီးတာနဲ့ နောက်တစ်ကတ်အတွက် ပြင်ဆင်မှုကို ချက်ချင်း ပြောဆိုနိုင်ပါတယ်။ ဒါဟာ ဇာတ်ညွှန်းအပေါ် ကျေညက်ထားမှုကြောင့် ဖြစ်ပါတယ်။ ဒီလိုဖြစ်နေတဲ့အတွက် ရိုက်ကူးရေးတွေမှာ ပါဝင်ရတဲ့သူ အားလုံး ဝိုးတိုးဝါးတား စိတ်တွေ နည်းသွားပြီးတော့ ခေါင်းဆောင် ညွှန်ကြားနေတဲ့ ဒါရိုက်တာကို စိတ်ချယုံကြည် လာပါတယ်။ လုပ်ငန်းခွင်မှာ

စိတ်လက်ပေါ့ပါးပြီး ပျော်ပျော်ရွှင်ရွှင် ရှိနေတတ်ကြ ပါတယ်။

ရုပ်ရှင်ရိုက်ကွင်းမှာ အဖုအထစ်ရှိလို့ စိတ်မအီမလည် ဖြစ်နေကြပြီဆိုရင် ဝင်းဖေက ရိုက်ကွင်းကို ရပ်ပစ် လိုက်ပြီးတော့ အစားအသောက် အစီအစဉ် တစ်ခုခု လုပ်ပစ်လိုက်တတ်ပါတယ်။ ရိုက်ကွင်းမှာ ပျော်ပျော်ရွှင်ရွှင် မရှိကြရင် ဝင်းဖေကားမရိုက် တတ်ပါဘူး။ နောက် ရိုက်ကြပြီဆိုရင်လည်း စိတ်ပါလက်ပါ၊ ယုံယုံကြည်ကြည်၊ ပျော်ပျော်ပါးပါး လုပ်ကြပါတယ်။ ကြိမ်ဖန်များစွာ ဝင်းဖေရဲ့ ရုပ်ရှင်ရိုက်ကွင်းတွေဟာ ပျော်ပွဲစား ထွက်လာကြတာနဲ့ ပိုတူပါတယ်။ ဝင်းဖေရဲ့ အားနည်းချက်ကတော့ ကိုယ်တိုင် သရုပ်ဆောင် မပြတတ်တာပဲ ဖြစ်ပါတယ်။ တချို့ သရုပ်ဆောင်တွေက ဒါရိုက်တာတွေ ကိုယ်တိုင် အမူအရာ လုပ်တတ်လိမ့်မယ်လို့ ထင်နေကြပါတယ်။ လုပ်နိုင်တဲ့ ဒါရိုက်တာတွေလည်း ရှိပါတယ်။ ဥပမာ .. ဆရာကြီး ဦးသုခ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘဲဥတစ်လုံး ပုပ်နေသလား၊ ကောင်းနေသလား ဆိုတာသိဖို့ ကိုယ် ကိုယ်တိုင် ဘဲတစ်ကောင်ဖြစ်နေဖို့ မလိုပါဘူးဆိုတာလိုပါပဲ။ ဒါရိုက်တာကောင်း တစ်ယောက်ဖြစ်ဖို့ ကိုယ်ကိုယ်တိုင် သရုပ်ဆောင်တတ်ဖို့ မလိုပါဘူး။ လုပ်တတ်ရင် တော့ ပိုကောင်းမယ်ထင်ပါတယ်။

ဒါရိုက်တာ တစ်ယောက်အနေနဲ့ ဝတ္ထုဇာတ်ညွှန်းကို သိပ်ကျေညက်နေရင် ဖြစ်တတ်တဲ့ အန္တရာယ်တွေကတော့ ... လောဘ ပိုကြီးတတ်ပါတယ်။ လုပ်တဲ့ကိုင်တဲ့ နေရာမှာ စိတ်ကလောနေပြီး ပျာယာခတ်တတ်ပါတယ်။ လုပ်ဖော်ကိုင်ဖက် တွေကို ထမင်းမေ့၊ ဟင်းမေ့ ခိုင်းတတ်ပါတယ်။ အဲဒီ အန္တရာယ်ကလေးတွေကို သတိထားပြီး ရှောင်လိုက်နိုင်မယ်ဆိုရင် ... ဝတ္ထုဇာတ်ညွှန်းကို ကျေညက်နေအောင်လုပ်ပြီး ရုပ်ရှင် ရိုက်ကူးခြင်းရဲ့ အကျိုးဟာ အလွန်ကြီးမားပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

မြန်မာရပ်ရှင်လောကမှာ ဒါရိုက်တာအဖြစ် စီးပွားဖြစ်လုပ်စားမယ်ဆိုရင် ... ဒါရိုက်တာပညာ တစ်ခုတည်းကို အာရုံစိုက်နေလို့ မဖြစ်ပါဘူး။ တခြား အာရုံစိုက်ရမယ့် ကိစ္စတွေ အများကြီးရှိပါသေးတယ်။ အရေးအကြီးဆုံး အချက် (၂) ချက်ကတော့... မြန်မာ့ရုပ်ရှင်ဈေးကွက်အကြောင်း မျက်ခြည်မပြတ်သိနေဖို့နဲ့ စာနယ်ဇင်းလောကနဲ့ တရင်းတနှီး ကျွမ်းဝင်လိမ္မာဖို့လည်း လိုအပ်ပါတယ်။ ဝင်းဖေမှာ အဲဒီ့အရည်အသွေး ၂ ရပ်စလုံး မရှိပါဘူး။ ချို့တဲ့ပါတယ်။ ဒါ့ကြောင့် ရုပ်ရှင်နဲ့ပတ်သက်လို့ စီးပွားလည်း မဖြစ်ပါဘူး။ တခြား မစားလောက်သုညထိုး ကိစ္စတွေလုပ်ပြီးတော့ ရပ်တည်ခဲ့ရ ပါတယ်။

မြန်မာ့ရုပ်ရှင် ဈေးကွက်အကြောင်း သိဖို့ဆိုတာ ... ဘယ်လိုဇာတ်မျိုးကို ဘယ်မင်းသား၊ ဘယ်မင်းသမီးနဲ့ ရိုက်လိုက်ရင် ... အထက်ဗမာပြည် ဈေးကွက်အတွက် ဘယ်လောက်ရနိုင်တယ်၊ အောက်ဗမာပြည် ဈေးကွက် အတွက် ဘယ်မျှရနိုင်တယ် ... ဆိုတာတွေကို သိနေရပါမယ်။ အဲဒီလိုအကြောင်းတွေကိုလည်း ကိုယ်တိုင် မစားရ ဝခမန်း ရှင်းလင်းပြောပြနိုင်ရပါမယ်။ လိုအပ်လို့ရှိရင် သက်ဆိုင်ရာရုပ်ရှင်ဈေးကွက် နယ်ပယ်တွေမှာ ကိုယ်တိုင် ရောင်းပေးနိုင်စွမ်း ရှိရပါမယ်။ မင်းသမီး၊ မင်းသားတွေရဲ့ ကျော်ကြား၊ အောင်မြင်မှုဆိုတာတွေကလည်း အမြဲ ပြောင်းလဲနေတတ်တာမို့ ဈေးကွက်ကလည်း ပုံသေမဟုတ်ဘဲ အမြဲပြောင်းလဲနေပါတယ်။ ကိုယ်က ဈေးကွက်အခြေအနေ တွေကို အမြဲတမ်း စိတ်ဝင်တစား စောင့်ကြည့်၊ မှတ်သား၊ တွက်ချက်နေရပါတယ်။ အဲဒီလို လုပ်နေရပြီဆိုကတည်းက ရုပ်ရှင်အနုပညာမှာ ရုပ်ရှင်ဒါရိုက်တာတစ်ယောက် ဟာ ဘယ်လိုလုပ်ပြီးတော့ အချိန်ပြည့် စိတ်ဝင်စားမှုရှိနိုင်တော့မှာပါလဲ။

နောက် စာနယ်ဇင်းလောကနဲ့ ကျွမ်းဝင်လိမ္မာနေဖို့ဆိုတာကလည်း အတော် မလွယ်တဲ့ကိစ္စပါပဲ။ အဓိကကတော့ ကိုယ်လုပ်တဲ့အလုပ်၊ ကိုယ်ရိုက်တဲ့ကား သိပ်ကောင်းတဲ့အကြောင်း ပြောရမယ့် ကိစ္စဆိုတော့ မလွယ်ပါဘူး။ ကိုယ့်ဂုဏ်ကိုယ်ဖော်၊ မသူတော်ဆိုတဲ့ စကားက ရှိနေတယ်မဟုတ်လား။ နောက် စာနယ်ဇင်းတွေရဲ့ သဘောက ... ရုပ်ရှင်ဒါရိုက်တာကိုယ်တိုင်ရဲ့ သဘောကို မေးမြန်းတတ်ပါတယ်။ ဝင်းဖေက ရုပ်ရှင်ကားတစ်ကား ရိုက်တော့မယ်ဆိုရင်

မရိုက်ခင်မှာ သိပ်စိတ်ဝင်စားနေပြီးတော့ ရိုက်ပြီးသွားတဲ့အခါမှာ စိတ်ကုန်ခန်းသွားတတ်ပါတယ်။ အရှင်းဆုံးပြောရရင် ... ကားတစ်ကားကို မရိုက်ခင်မှာ သိပ်ကြိုက်နေပြီး အားလုံး ရိုက်ပြီးသွားတဲ့အခါမှာ မကြိုက်တော့တာများပါတယ်။ စရိုက်ကတည်းက ကိုယ့်ချို့ယွင်းချက်၊ တခြား အားနည်းချက်တွေကြောင့် ကိုယ့်စိတ်ကြိုက်ရဲ့ တစ်ဝက်လောက်ရရင်ကိုပဲ လက်ခမောင်း ခတ်ပြီးတော့ အောင်မြင်လှပြီလို့ ဝမ်းသာနေရပါတယ်။

များသော အားဖြင့်ကတော့ ကိုယ်မှန်းတာရဲ့ သုံးပုံတစ်ပုံလောက်ပဲ ရပြီးတော့ စာမေးပွဲကျနေတာများပါတယ်။ မကျေမနပ်ဖြစ်ရတာ များပါတယ်။ အဓိက အကြောင်းရင်းကတော့ ... ကိုယ်က နိုင်ငံတကာနဲ့ ပြည်တွင်းက အကောင်းဆုံး စံတွေကို ပေတံလိုထားပြီးတော့ တိုင်းတာတတ်တဲ့ အကျင့်ဖြစ်နေလို့ပါပဲ။ ဒါပေမဲ့ အမြဲတမ်း မကျေမနပ်ဖြစ်နေတာတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံသားတစ်ဦးပီပီ ကိုယ့်ကိုယ်ကိုယ် ရောင့်ရဲနိုင်အောင် ကောင်းကောင်းဖျောင်းဖျ နှစ်သိမ့်တတ်ပါတယ်။ ဝင်းဖေအတွက်က ရိုက်ပြီးသား ကားတွေထဲမှာ အကြိုက်ဆုံးကား ဆိုတာမျိုး မရှိပါဘူး။ ရိုက်ပြီးသားကားတွေထက်၊ ရိုက်မလို့ ပြင်ဆင်နေတဲ့နောက် ရိုက်မယ့်ကားကို အကြိုက် ဆုံး ဖြစ်နေတတ်ပါတယ်။

သီချင်းတစ်ပုဒ်ကို ဆိုတော့မယ်၊ တီးတော့မယ်ဆိုရင်လည်း ကောင်းကောင်း မတီးတတ်သေးခင် လေ့ကျင့်နေတဲ့ အချိန်၊ ကောင်းကောင်း မကျွမ်းကျင်သေးခင်မှာ သိပ်ကြိုက်နေတတ်ပါတယ်။ ကျွမ်းကျင် တတ်မြောက်သွားတဲ့ အခါမှာ အဲဒီသီချင်းကို သိပ်မကြိုက်တော့ပါဘူး။ ဒါဟာ ဝင်းဖေရဲ့ သဘာဝဖြစ်ပါတယ်။ အနုပညာနဲ့ပတ်သက်လို့ မရပ်မနား ဆက်ပြီး လုပ်နေရမယ့် သောက်လေသောက်လေ ဝတ်မပြေ သဘာဝဖြစ်ပါတယ်။ တစ်မျိုးကြည့်ပြန်ရင်လည်း ကောင်းပါတယ်။ အမြဲတမ်း တိုးတက်နေနိုင်တဲ့ သဘာဝအခြေအနေ ဖြစ်ပါတယ်။ အဲဒီတော့ စာနယ်ဇင်း မီဒီယာ တွေကို ဝင်းဖေက ဘယ်လိုပြောရမှာလဲ ... ဆိုလိုတာက ကြော်ငြာကိစ္စမှာ ကျော် အောင် ညာရမယ့်ကိစ္စကို မကျွမ်းကျင်တာ၊ မလုပ်ချင်တာ ဖြစ်ပါတယ်။ ဝင်းဖေ ဘယ်လိုလုပ် ကြီးပွားတော့မှာလဲ။

ရုပ်ရှင် အနုပညာပိုင်းမှာရော၊ ရုပ်ရှင် စီးပွားဖြစ်ကိစ္စတွေမှာရော ကျွမ်းကျင် လိမ္မာတဲ့ ရုပ်ရှင်ဒါရိုက်တာတွေ မြန်မာရုပ်ရှင်လောကမှာ များများစားစား မဟုတ် တောင် နည်းနည်းတော့ရှိပါတယ်။ သူတို့ကို ဝင်းဖေ အားမကျပေမဲ့ ချီးကျူးပါတယ်။ အားမကျတာက ကိုယ်ကိုယ်တိုင် မလုပ်တတ်လို့ ဖြစ်ပါတယ်။ အဲဒီလိုထဲမှာ စာနယ်ဇင်း ဆရာတစ်ဦးက အနုပညာသည်တွေဟာ အမှန်တရားကို

ရှာဖွေနေသူတွေဖြစ်တယ် ဆိုပြီးတော့ကာ အဲဒီခေါင်းစီးအောက်ကနေပြီး ဝင်းဖေနဲ့ ဆွေးနွေးချင်တာမျိုးလည်း ကြုံခဲ့ရဖူးပါတယ်။

ဝင်းဖေဟာ အမှန်တရားကို ရှာဖွေနေသူ မဟုတ်ပါဘူးလို့ ချက်ချင်း သေသေ ချာချာ တိတိကျကျဖြေတာတောင် အဲဒီဆရာက … ကိုယ့်ဟာကိုယ်တော့ ဘယ်သိပါ မလဲဗျာ … လူထုက ဘေးကနေပြီးကြည့်နေတာဆိုတော့ ကောင်းကောင်းသိပါတယ်။ ဆရာတို့ အနုပညာသည်တွေဟာ အမှန်တရားကို ရှာဖွေနေသူတွေပါပဲ .. လို့ ဇွတ် ပြောနေပါတယ်။ အမှန်တရားကို ရှာဖွေနေတဲ့ အနုပညာသည်တွေ ရှိကောင်းရှိနိုင် ပါတယ်။ ဒါပေမဲ့ ဝင်းဖေကတော့ အနုပညာကို ဝါသနာပါလို့ လုပ်ကိုင်နေရာမှာ အမှန်တရားကို ရှာဖွေနေတာတော့ မဟုတ်တာ သေချာပါကြောင်း ပြောပေမဲ့ အဲဒီ ဆရာက လက်မခံဘဲ ခေါင်းမာနေပါတယ်။ ဝင်းဖေဟာ မကြွားတတ်ဘူးလို့လည်း ပြောနေပြန်ပါတယ်။ သူနဲ့ လုပ်ရမယ့်အင်တာဗျူးကို ဘယ်လိုလုပ်ပြီး အဆုံးသတ်ရ မယ်ဆိုတာ မသိတော့ပါဘူး။ ဝင်းဖေဟာ အမှန်တရားကို ရှာဖွေနေပါတယ်ဆိုတဲ့ အချက်ကို မထည့်ဖို့ ဝင်းဖေက အဲဒီဆရာကြီးကို မနည်း တောင်းပန်ရပါတယ်။

ဝင်းဖေမှာ စာနယ်ဇင်းဘက်ကမိတ်ဆွေတွေ အများကြီးရှိနေလို့ စာနယ်ဇင်းနဲ့ ဝင်းဖေ အတော်ကြီးကို ပြေလည် ပါတယ်။ ဒါပေမဲ့ ဝင်းဖေရိုက်တဲ့ကားတွေနဲ့ ပတ်သက် လို့ ကြော်ငြာကောင်းကောင်းဖြစ်အောင် ပြောဖို့ဆိုဖို့ ကိစ္စတွေမှာတော့ ဝင်းဖေမှာ အလိုက်သင့်ပြောဖို့ အလွန်ခက်ခဲပါတယ်။ အနုပညာလောကနဲ့ အမှန်တရားကိစ္စ၊ အကျင့်စာရိတ္တကိစ္စတွေဟာ မြန်မာအနုပညာလောကမှာ အုတ်အရောရော၊ ကျောက်အရောရောဖြစ်နေပါတယ်။ ဆက်လက်ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ

ပြီးခဲ့တဲ့အပတ်က အနုပညာနဲ့ အမှန်တရား၊ အကျင့်စာရိတ္တပိုင်း အကြောင်း တွေ ပြောရင်း စကားစ ဖြတ်ခဲ့ပါတယ်။ ဝင်းဖေဟာ စာနယ်ဇင်းသမားတစ်ယောက်နဲ့ တွေ့ရင်း အဲဒီပုဂ္ဂိုလ်က ဝင်းဖေဟာ အနုပညာသမားဖြစ်တဲ့ အတွက် အမှန်တရားကို ရှာဖွေနေသူ ဖြစ်ရမယ်လို့ ပြောရင်း အဲဒီ ခေါင်းစီးအောက်ကနေပြီး အင်တာဗျူးလုပ်ဖို့ ကြိုးစားတဲ့အတွက် အခက်ကြုံခဲ့ရဖူးတဲ့ အကြောင်း ပြောခဲ့ပါတယ်။

ဝင်းဖေဟာ အနုပညာတွေကို အလွန် ကြိုက်နှစ်သက်တဲ့အတွက် အနုပညာ သည်တွေကိုလည်း လေးစား တန်ဖိုးထားပါတယ်။ အနုပညာသည်တွေဟာ အမှန် တရားကို ရှာဖွေနေသူတွေ ဖြစ်တယ်ဆိုတာနဲ့ ပတ်သက်လို့ တကယ် ရာနှုန်းပြည့် မှန်ရင် ... ဝင်းဖေဟာ အလွန်ဝမ်းသာပြီး ထိပ်ဆုံးကနေ ထောက်ခံမယ့်သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဝင်းဖေ သိသလောက် အနုပညာတစ်ရပ် ဖန်တီးတဲ့နေရာမှာ ... ကိုယ် ခံစားရတဲ့ အတိုင်း၊ ကိုယ်သိတဲ့အတိုင်း ဖော်ကျူးပါ ... ခြောက်လို့လည်း မကြောက်ပါနဲ့၊ မြှောက် လို့လည်း မမြှောက်ပါနဲ့၊ ဒါမှသာလျှင် မိမိရဲ့ စစ်မှန်တဲ့ခံစားချက်ကို ဖော်ကျူးရာ ရောက်ပါလိမ့်မယ် ... လို့ တိုက်တွန်းအကြံပြုတာသာ တွေ့ဖူးပါတယ်။ အဲဒီစကားက တော့ Art for Art Sake ဆိုတဲ့ ကမ္ဘာကျော်စကားပါ။ အကျင့်စာရိတ္တတို့ သီလတို့နဲ့ မပတ်သက်ပါဘူး။ မိမိရဲ့ခံစားချက် မှန်ကန်ရေးသာ ဖြစ်ပါတယ်။ အဲဒီလို ဖော်ကျူးချက်ဟာ ကောင်းချင်လည်း ကောင်းမယ်၊ ဆိုးချင်လည်း ဆိုးမယ် ... ဘာမှ မသေချာ ပါဘူး။ အများကောင်းကျိုး၊ ကိုယ့်ကောင်းကျိုး ဖြစ်ချင်လည်းဖြစ်မယ်၊ ဖြစ်ချင်မှလည်း ဖြစ်မယ် ... ဘာမှ အာမခံချက် မရှိပါဘူး။ အနုပညာသည်အနေနဲ့ အာမခံစရာလည်း မလိုပါဘူး။

ဝင်းဖေရဲ့ အပေါင်းအသင်း ပန်းချီဆရာတစ်ယောက်ဟာ အနောက်တိုင်းက သတင်းစာတစ်ခုမှာ ပါလာတဲ့ သတင်းတစ်ခုအရ ပစ္စည်းခိုးတဲ့ ပန်းချီဆရာတစ်ယောက် အကြောင်းကို သိရတော့ ... အဲဒီပန်းချီဆရာဟာ အနုပညာသည်အစစ် မဟုတ်နိုင်ဘူး လို့ ပြောပါတော့တယ်။ ဘာကြောင့်လဲဆိုတော့ အနုပညာသည်အစစ်ဟာ သူများ ပစ္စည်းကို ဘယ်တော့မှမခိုးဘူးလို့ ဇွတ်ပြောပါတော့တယ်။ ပြင်သစ်ပန်းချီဆရာကြီး

ပေါလ်ဂိုဂန်းကို တစ်ကမ္ဘာလုံးက အလွန်ပါရမီကြီးမားတဲ့ ပန်းချီအနုပညာရှင်ကြီး ဖြစ်တယ်လို့ အသိအမှတ်ပြုခဲ့ကြပါတယ်။ ဒါပေမဲ့ သူ့ဘဝမှာ သူ မဟုတ်တာတွေ လုပ်ခဲ့တာ အတော်များနေလို့ ပေါလ်ဂိုဂန်းဟာ ပန်းချီအနုပညာမှာ တစ်ဖက်ကမ်းခတ် သလောက်၊ ဒုစရိုက်အကုသိုလ်လုပ်ရာမှာလည်း အဓိပတိတစ်ဆူ ဖြစ်ပါပေတယ်လို့ သူ့အတ္ထုပ္ပတ္တိ Gold of the Body ရေးသားတဲ့ ချားလ်(စ်)ဂေါ်ဟမ်က အထင်အရှား ကောက်ချက်ဆွဲထားပါတယ်။

အနုပညာသည်ဖြစ်ဖို့ သမာဓိအား ကောင်းဖို့လိုတာ မှန်ပေမဲ့ အကျင့် သီလ စာရိတ္တလည်း ကြီးမားဖို့တော့ မလိုပါဘူး။ အနုပညာသည်တွေ အကျင့် ပျက်ခွင့်ရှိတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဘာနဲ့ တူနေသလဲဆိုတော့ ... မိန်းကလေး တစ်ယောက်ကို အမှန်တကယ် စွဲစွဲလမ်းလမ်းချစ်နေမိတဲ့ လူတစ်ယောက်ကို ဒီလူက တော့ အမှန်တရားကို ရှာဖွေနေတဲ့သူပေပဲလို့ ပြောသလို ဖြစ်နေပါတယ်။ အနုပညာ သည်တွေဟာ အနုပညာကို ချစ်ကြိုက်စွဲလမ်းနေကြလို့ မရရအောင် ကြိုးပမ်းနေကြ တာသာ ဖြစ်ပါတယ်။ လောကသစ္စာဆိုတာတွေနဲ့ ဘာမှမဆိုင်ပါဘူး။ ဝင်းဖေ ဖတ်ဖူး တဲ့ကဗျာတချို့မှာ ... ကဗျာဆရာတွေဟာ အမှန်တရားကို ရှာဖွေနေသူတွေဖြစ်တယ် ဆိုတဲ့ ရေးသားချက်တွေ တော်တော်များများ တွေ့ဖူးပါတယ်။ ဒါဟာ ကဗျာ အနုပညာအပေါ်မှာ သဒ္ဓါလွန်ကဲမှုကလာတဲ့ ကြွေးကြော်မှုများ ဖြစ်နိုင်သလို၊ ကဗျာ ဆရာကိုယ်တိုင် ကိုယ်ကျင့်သီလစင်ကြယ်မှုနဲ့ ကဗျာဝိဉာဉ်တို့ ခုတ်အရောရော၊ ကျောက်အရောရော ဖြစ်နေပုံရပါတယ်။

အနုပညာသည်တွေဟာ မတရားတာကို မကြိုက်ကြဘူး၊ တရားတဲ့ဘက်က ရပ်တည်ကြတယ်ဆိုတဲ့ အဆိုအမိန့်မျိုးတွေလည်း အတော်များပါတယ်။ အနုပညာ သည် အများစုမှာ အဲဒီလို စိတ်ထားတွေ ရှိနေနိုင်ပါတယ်။ ဒါပေမဲ့ ဒါဟာ အနုပညာ သည်တိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်တော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာတင် ထင်ရှားတဲ့ အနုပညာရှင်ကြီးတွေရဲ့ဘဝတွေဟာ သူတော်စင်ကြီးတွေရဲ့ ဘဝတွေလို မဟုတ်ကြပါဘူး။ သာမန်တွေပါပဲ။ သာမန်ထက် ပိုဆိုးတာတွေတောင် ရှိပါသေး တယ်။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ အနုပညာသည် မစစ်လို့ဘဲလို့ ကောက်ချက်ဆွဲလို့ မဖြစ် ပါဘူး။ အနုပညာသည်တွေဟာ အမှန်တရားကို ရှာဖွေနေသူတွေ ဖြစ်တယ်ဆိုတဲ့ ကောက်ချက်မျိုး ကမ္ဘာမှာလည်း ရှိဟန်မတူပါဘူး။

နိုင်ငံရေးအရ ... လက်ဝဲနိုင်ငံရေးအားသန်သူတွေက ဆိုရှယ်လစ်သရုပ်မှန်ဝါဒ သာလျှင် စစ်မှန်တဲ့ အနုပညာဖြစ်တယ် ... ဆိုတဲ့ အသံတစ်ခုကို မြှင့်တင်ဖူးပါတယ်။ ဘာဖြစ်လို့တုံးဆိုတော့ ... ကမ္ဘာပေါ်မှာ အမှန်ဆုံးသစ္စာတရားဟာ ဆိုရှယ်လစ် သစ္စာတရား ဖြစ်လို့ပါပဲလို့ သူတို့က

စာဒကတက်ပါတယ်။ အနုပညာလက်ရာ မြောက်နေရင် ဘယ်သရုပ်မှန်ဝါဒပဲ ဖြစ်ဖြစ်၊ ကောင်းနေမှာပါပဲ။ ဆိုရှယ်လစ် မှ၊ မလစ်မှုရယ်လို့ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဆိုရှယ်လစ်သရုပ်မှန်ဝါဒ ဆိုတဲ့ အသံဟာလည်း ကမ္ဘာ့အနုပညာလောက ကောင်းကင်မှာ ရေရှည်မတည်တံ့နိုင်ခဲ့ပါဘူး။

ဒီနေရာမှာ သရုပ်မှန်ဆိုတာနဲ့ အမှန်တရားဆိုတာကို ရောထွေးကုန်တာလည်း ဖြစ်နိုင်ကြောင်း တွေ့ရပြန်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခု တင်ပြခဲ့တာတွေ အားလုံးဟာ ဝင်းဖေရဲ့ သုံးသပ်ချက်တွေသာ ဖြစ်ပါတယ်။ မလိုလားအပ်ဘဲ စိတ်ခွန်အားတွေ၊ အချိန်တွေ မကုန်ကြရလေအောင် ဝိုင်းဝန်းပါဝင် ဆွေးနွေးကြဖို့ ပန်ကြားလိုက်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင် စာဖတ်ပရိသတ်များ ခင်ဗျာ

ကျွန်တော် ဝင်းဖေရဲ့ လွယ်အိတ် ဆောင်းပါးတွေရဲ့

မူလ မူရင်း ရည်ရွယ်ချက်ဟာ ၅မိနစ် ၆မိနစ်စာ အပျင်းပြေ နားဆင်ကြဘို့သာ ဖြစ်ပါတယ်။

ဒီစကားပြော ဆောင်းပါးတွေကို စာအုပ်အဖြစ် ရိုက်နှိပ် ထုတ်ဝေတဲ့ အခါမှာ၊ မူရင်း သဘာဝ မပျက်စီးစေဘို့ အသံဖိုင်ပါ ပူးတွဲ ထည့်နိုင်မှ ဖြစ်မယ်ဆိုတာ သဘောပေါက် မိကြတဲ့အတွက်၊ မူရင်း အသံဖိုင်တွေကို ထည့်ပေးရတာ ဖြစ်ပါတယ်။

တနည်းအားဖြင့် စာမဖတ်ခြင် ကြရင်လဲ အသံချည့် နားထောင်လို့ ရနိုင်ကြပါတယ်။

အားလုံးကျန်းမာ ချမ်းသာ ကြပါစေ…

ကျွန်တော် ဝင်းဖေ ပါ။

လွယ်အိတ် (၂)

ထထထ

သောတရှင်များခင်ဗျာ ...

ဝင်းဖေ အသက် ၇ နှစ်၊ ၈ နှစ် လောက်မှာ ဒုတိယကမ္ဘာစစ်မီးကြီးဟာ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာပြီးတော့ စတင် တောက်လောင်ပါတော့တယ်။ လူ့သမိုင်းမှာ ကမ္ဘာစစ်ဆိုတာ နှစ်ခါပဲ ဖြစ်ခဲ့ ဖူးပါသေးတယ်။ စစ်မီးလို့ဆိုတဲ့ အတိုင်း အလွန် ပူလောင်ပြင်းထန်ပါတယ်။ ဝင်းဖေကလေးဘဝနဲ့ တွေ့ကြုံဖြတ်သန်းခဲ့ရတာတွေကို မှတ်မိသလိုတင်ပြပါမယ်။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံ ထဲကို ဝင်လာတဲ့အခါမှာ ဂျပန်စစ်တပ်တွေက မြန်မာနိုင်ငံကို ဝင်လာကြတာဖြစ်ပြီးတော့ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကနေ ဆုတ်ခွာထွက်ပြေးကြရတာ ဖြစ်ပါတယ်။ ဒီတုန်းက ဝင်းဖေတို့က မန္တလေးမြို့မှာပါ။ ပထမ ဂျပန်တွေက မြန်မာနိုင်ငံအောက်ပိုင်းမှာ ဗုံးတွေစကြဲတယ်ဆိုတဲ့သတင်းတွေ မန္တလေးကို ရောက်လာပါတယ်။ မန္တလေးမှာ ချက်ချင်းကြောက်လန့်တကြား ဖြစ်ကုန်ကြပါတယ်။ ဂျပန်စစ်တပ်တွေ ဝင်လာရင် အဓိကကျတဲ့မြို့ကြီးတွေကို သိမ်းပိုက်ပြီးတော့ နေရာယူကြမှာပဲ။ ဒီတော့ စစ်အန္တရာယ် ကလွတ်အောင် မြို့ကြီးတွေကနေ တောပိုင်း ကျေးလက်တွေကို တိမ်းရှောင်ထွက်ပြေး ကြရမယ်လို့ စဉ်းစားတွက်ချက်ကြပါတယ်။ လူတွေဟာ ပတ္တူအုံကို တုတ်နဲ့ထိုးလိုက် တာလို ဆောက်တည်ရာမရ၊ ဗျာယာခတ်ကုန်ကြပါတယ်။ အလုပ်အကိုင်၊ အိုးအိမ်၊ ခြံမြေတွေကို ပစ်ပြီးတော့ကာ နီးစပ်ရာ ဆွေမျိုး၊ အပေါင်းအသင်း၊ အဆက်အစပ်ရှိတဲ့ ခြေဦးတည့်ရာကို ပြေးကြရတာပါ။ ဝင်းဖေတို့မိသားစုကြီးကလည်း အလွန်ကြီးမားပါတယ်။ ဝင်းဖေတို့ အဘွားနဲ့အမေတို့ ဦးစီးပြီးလုပ်တဲ့ လုပ်ငန်းက အဆင်သင့်ချုပ်ပြီး အဝတ်အထည်မျိုးစုံ ဖောက်သည်ဈေးနဲ့ဖြန့်ချိတဲ့ မန္တလေးမှာအကြီးဆုံး လက်ကားအထည်ဆိုင်ကြီး ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ အားလုံးကို ရုတ်တရက်ရပ်ဆိုင်းပြီးတော့ သိမ်းဆည်း၊ ထုပ်ပိုး၊ သယ်ဆောင်၊ ရွှေ့ပြောင်း၊ ထွက်ပြေးကြရတဲ့ အလုပ်ဟာ အလွန် ရှုပ်ထွေးများပြားပါတယ်။ ဒီတုန်းက မိခင်လုပ်သူ ဒေါ်အုန်းသင်က အထည်သည်၊ ဈေးသည်ဖြစ်ပြီးတော့ ဖခင်လုပ်သူ ရွှေပြည်ဦးဘတင်က နိုင်ငံရေးသမား၊ မင်းတိုင်ပင် အမတ်ဖြစ်ပါတယ်။ ဝင်းဖေတို့မိသားစုကြီးရဲ့ အရင်းအချာတွေချည်းတွက်ရင်ကိုပဲ လူပေါင်း ၃/၄၀ လောက်ရှိပါတယ်။ ဒါတောင် မိခင်ဘက်ကအမျိုးတွေပဲ များပါတယ်။ ဖခင်ဘက်က အမျိုးတွေက သီးခြားထွက်ပြေးကြပါတယ်။ ဝင်းဖေတို့မိသားစု ကြီးဟာ

မန္တလေးမြို့ရဲ့ အနောက်မြောက်ယွန်းယွန်း၊ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ မင်းကွန်းကို ပြေးကြရတာပါ။ ဒီလိုပဲ အရပ်ရှစ်မျက်နှာကို ထွက်ခွာတိမ်းရှောင်ကြရာမှာ မန္တလေးက မိသားစု အမြောက်အမြား ဧရာဝတီမြစ်ကြီးကို ဖြတ်ကူး ပြီးတော့ မင်းဝံတောင်ရိုးရဲ့ တစ်စိတ်တစ်ဒေသဖြစ်တဲ့ စစ်ကိုင်းတောင်ရိုးရဲ့ မင်းကွန်းကို ပြေးကြရပါတယ်။ မြစ်ထဲမှာရှိတဲ့ လှေတွေ၊ သမ္ဗန် တွေ၊ ငှက်တွေ၊ ကုန်တင်လှေကြီးတွေ အားလုံး အလောသုံးဆယ် မဖြစ်ဖြစ်တဲ့နည်းနဲ့ ငှားပြီးတော့ မြစ်ကို ဖြတ်ကူး ပြေးလွှား ကြရတာပါ။ ဝင်းဖေတို့က ကုန်တင်လှေကြီး နှစ်စင်းငှားလို့ ရပါတယ်။ မိသားစုပစ္စည်း အမြောက်အများကို ပထမမြစ်ဆိပ်ကိုရောက်အောင် လှည်းတွေငှားပြီးတော့ အခေါက် ခေါက် အခါခါ သယ်ပို့ကြရပါတယ်။ မန္တလေးမှာရှိတဲ့ ကုန်တင်ယာဉ်တွေ၊ လှည်းတွေ အားလုံးမအားမလပ် ဖြစ်ကုန်ကြတာကြောင့်မို့ ရအောင်ငှားဖို့ အလွန်ခက်ခက်ခဲခဲ လုပ်ကြရတာပါ။ ဝင်းဖေ မှတ်မိသလောက် မန္တလေး အနောက်ဘက် သမင်ခြံ၊ ပေါက်ဝဲ တို့ နန်းတော်ကျွန်းတို့နားဆီက သဲသောင်ခုံကြီးတွေပေါ်ကို ပစ္စည်းတွေပို့ကြရတာပါ။ ကိုယ်လိုသူလို မိသားစုပစ္စည်းတွေ အများကြီးဆိုတော့ကာ သဲသောင်ခုံတွေမှာ ပစ္စည်း ပစ္စယအမျိုးမျိုး အများကြီး စုပုံနေတာပါ။ တာဝန်ရှိတဲ့လူကြီးတွေ အလွန်ပင်ပင်ပန်းပန်း အလုပ်ရှုပ်၊ ပျာယာခတ်၊ စိတ်မောလူမော ဖြစ်နေကြချိန်မှာ ဝင်းဖေတို့လိုကလေးတွေက ဘာသိမှာလဲ။ ပစ္စည်းပုံတွေကြားမှာ ပြေးလွှားခုန်ပေါက် ကစားနေကြတာပါပဲ။ လူကြီး တွေက စိတ်မောလူမောနဲ့ အအော်၊ အငေါက်၊ အရိုက်၊ အနှက်၊ ထိပ်ပုတ်၊ ခေါင်းခေါက်ခံကြရတာကို နားမလည်နိုင်အောင် ဖြစ်ကြရပါတယ်။ သဲသောင်ခုံကြီး တွေပေါ်မှာ လူတွေ၊ စစ်ပြေးဒုက္ခသည်တွေကအများကြီး၊ ပစ္စည်းပစ္စယတွေက တောင်လိုပုံနေ၊ လူတွေက ဆောက်တည်ရာမရ ပျာယာခတ်နေကြချိန်မှာ မြို့အတွင်း ပိုင်းကို ဂျပန်တွေက ဗုံးတွေကြဲနေပါပြီ။ မြို့တွင်း ဘက်က မီးခိုးလုံးမည်းမည်းကြီးတွေ တက်တက်လာတာကို မြင်ရလေ၊ သဲသောင်ခုံပေါ်ကလူတွေက ပျာယာခတ်လေ၊ တောင်ပြေးမြောက်ပြေးနဲ့ ... အနောက်ဘက် တောင်ရိုးတွေ ၊ ဘုရားတွေ၊ ပုထိုးတွေ ရှိတဲ့ဆီ ရောက်ချင်ဇောကြီးလေ ဖြစ်နေကြပါတော့တယ်။ စစ်ကိုင်းတောင်ရိုးကြီးတစ်ခု လုံးနဲ့၊ မင်းကွန်းတောင်ရိုးတွေပေါ်မှာ ဘုရားကျောင်းကန်တွေ၊ ဇရပ်ကြီးတွေ၊ စောင်းတန်းတွေ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းတွေ၊ ဓမ္မာရုံကြီးတွေ၊ တန်ဆောင်းကြီး တွေ အများကြီးရှိပါတယ်။ မန္တလေး မြို့သူမြို့သားတွေနဲ့ မြန်မာတစ်နိုင်ငံလုံးက လှူထား ကြတာတွေပါပဲ။ အခုလို ကမ္ဘာစစ်မီးကြီး တောက်လောင်လာလို့ လူတွေအားလုံး ထိတ်လန့်တကြား၊ ကြောက်ကြောက်လန့်လန့်ဖြစ်ကုန်ကြလို့ ဘုရားရိပ်၊ ကျောင်းရိပ်၊ သာသနာအရိပ်ကို ခိုလှုံပါရစေလို့ ဆိုလာကြတဲ့အခါမှာ ဘုန်းတော်ကြီးတွေ၊ သီလရှင် တွေက ဝမ်းပန်းတသာ ကြိုဆိုထွေးပိုက် လက်ခံကြပါတယ်။

ဝင်းဖေတို့မိသားစုကြီး တစ်ခုလုံးက မင်းကွန်းက ဂူကလေးချောင်ဆိုတာကို ရောက်သွား ကြပါတယ်။ အဲဒီ ချောင်ကို ရန်ကုန်မြို့က အဆင့်အတော့်ကိုမြင့်တဲ့ အစိုးရအရာရှိကြီးတစ်ယောက်နဲ့ မိသားစုကြီးလည်း ရောက်နေပြီးတော့ကာ တစ်ချောင်လုံး မြို့သူမြို့သား စစ်ပြေး ဒုက္ခသည်တွေနဲ့ ပြည့်ကျပ်နေပါတော့တယ်။

စစ်ရေးစစ်ရာ မရှိ၊ စစ်မက် အေးချမ်းနေတဲ့ အချိန်မှာ ဘာသာရေး၊ သာသနာ ရေး ကိစ္စတွေနဲ့ ရဟန်း၊ သံဃာ၊ သီလရှင်တွေ အေးအေးချမ်းချမ်း၊ ငြိမ်ငြိမ်သက်သက် ရှိနေခဲ့တဲ့ မင်းဝံတောင်ရိုးကြီးတစ်ခုလုံး စစ်ပြေးဒုက္ခသည်တွေ သိန်းချီရောက်လာပြီး တော့ စားဝတ်နေရေးလှုပ်ရှားကြရတာတွေနဲ့ ရှုပ်ထွေး၊ ဆူညံနေပါတော့တယ်။ ဂျပန် စစ်တပ်တွေ ဝင်မလာခင် ဂျပန်လေတပ်က မန္တလေးမြို့ကြီးကို နေ့ရောညပါဗုံးတွေ ကြဲချတိုက်ခိုက်ပါတယ်။ ညညမှာ မန္တလေးတစ်မြို့လုံး မီးတွေ ဟုန်းဟုန်းတောက် လောင်နေတာကို မင်းဝံတောင်ရိုးပေါ်ကနေ မန္တလေးသူ၊ မန္တလေးသားတွေက လှမ်းမျှော်ကြည့်ရှုကြရင်း … ဘယ်အရပ်တွေ၊ ဘယ်ကျောင်းတွေ၊ ဘယ်ဆေးရုံတွေ၊ ဘယ် ဈေးကြီးတွေ … မီးထဲပါကုန်ပြီ .. စသည်ဖြင့် ခန့်မှန်းတွေးဆရင်း … ရင်ကွဲပက်လက်၊ ဝမ်းနည်းကြေကွဲကြရပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေတို့မိသားစု မင်းကွန်း ဂူကလေးချောင်မှာ ရောက်ရှိချိန် ဂျပန်တွေက မြို့ကြီးတွေကို ဗုံးကြဲတိုက်ခိုက်အပြီး ဂျပန် စစ်တပ်တွေဟာ မြန်မာနိုင်ငံတောင်ပိုင်းက စပြီးတော့ မြန်မာပြည်ထဲ စတင် ဝင်ရောက်လာချိန် လက်ကျန် အင်္ဂလိပ်တွေနဲ့ အင်္ဂလိပ် အစိုးရဝန်ထမ်း၊ ကုလားတွေ၊ မြန်မာတွေ၊ မြန်မာပြည် မြောက်ပိုင်းက တစ်ဆင့် အိန္ဒိယ ပြည်ထဲကို ကုန်းလမ်းခရီးနဲ့ ဝင်ရောက် တိမ်းရှောင်ကြဖို့ အလျင်အမြန် ဒရောသောပါး ကြိုးပမ်းကြပါတော့တယ်။ ဒီအကြောင်းအရာတွေကတော့ ဝင်းဖေ မျက်လုံးနဲ့ မြင်ရတာ တွေ မဟုတ်ပါဘူး။ လူကြီးတွေ ပြောကြဆိုကြတာတွေကို ကြားနေလို့သိရတာပါ။ ဂျပန်တပ်တွေ မရောက်ခင် အင်္ဂလိပ်တပ်တွေ ဆုတ်ခွာထွက်ပြေးနေချိန် တာဝန်ခံ ထိန်းသိမ်းအုပ်ချုပ်မယ့် မင်းအစိုးရ မရှိချိန်မှာ တချို့ ဆင်းရဲနွမ်းပါးတဲ့ တောရွာတွေက ဆိုးသွမ်းတဲ့ တောကြောင်တွေ လက်ခမောင်း ခတ်ကြပါတော့တယ်။ ဓားတွေ၊ လှံတွေ ရရာလက်နက်တွေကို ဆွဲကိုင်ကြပြီးတော့ အုပ်စုလိုက် အုပ်စုလိုက် စစ်ပြေးဒုက္ခသည် တွေကို ဓားပြတိုက်လုယူတာတွေ ရှိလာပါတယ်။ စစ်ပြေး ဒုက္ခသည်တွေမှာ နွားရာဝဲစွဲ လဲရာသူခိုးထောင်းဆိုတာလို ခိုကိုးရာမဲ့ ဖြစ်ကြရပါတယ်။ မင်းဝံတောင်ရိုး တစ်လျှောက် လုံး စစ်ကိုင်းဘက်မှာ လူသူ ထူထပ် တောင့်တင်းပါတယ်။ ဝင်းဖေတို့ ခိုအောင်းရာ မင်းကွန်းဘက်မှာတော့ ဘုန်းကြီးကျောင်း ချောင်တွေမှာ လူတွေ ပြည့်ကျပ်နေပေမဲ့ ချောင်တစ်ခုနဲ့တစ်ခု အလှမ်းဝေးပြီးတော့ အနေကျဲတဲ့အတွက် အလွန်အတင့်ရဲတဲ့ တောကောင်တွေ အုပ်စုလိုက် ဓားပြဝင်တိုက်တာတွေကို ကြုံကြရပါတယ်။ ဝင်းဖေတို့ နေတဲ့ ဂူကလေးချောင်ကို ညဘက်မှာ လာစီးကြပါတယ်။ ကျေးလက်ဘက်က ဆိုးသွမ်းတဲ့ ခေတ်ပျက်တောကြောင်တွေဟာ ရာနဲ့ချီတဲ့ အုပ်စုလိုက် သောင်းကျန်းကြတာ ဖြစ်ပါတယ်။ သူတို့တစ်ယောက်တစ်လက် ကိုင်ဆောင်လာကြတဲ့ မီးအိမ်တွေ၊ မီးတုတ်တွေ အမြောက်အမြားဟာ ညအမှောင်ထဲမှာ တလက်လက်၊ တလှုပ်လှုပ်နဲ့ တောင်ကုန်းတွေကို ကျော်တက်ပြီးတော့ ဝင်းဖေတို့ ဂူလေးချောင်ရှိရာကို တရွေ့ရွေ့ ချဉ်းကပ်လာနေ တာကို ဝင်းဖေတို့ ကလေးတစ်သိုက်လည်း မြင်နေကြရပါတယ်။ ဝင်းဖေတို့ချောင်က ယောကျ်ားသားတွေဟာ ရှေ့ထွက်ပြီး အကာအကွယ်ပေးကြဖို့ ပြင်ဆင်ကြပေမဲ့ အမျိုး သမီးတွေကတော့ သိပ်ကြောက်လန့်တကြား ဖြစ်နေကြပြီးတော့ ကျိတ်ငိုတဲ့သူတွေ လည်း

အများကြီးရှိပါတယ်။ ဒါပေမဲ့ ဝင်းဖေတို့ချောင်မှာက ကိုယ်ပိုင်ကိုင်ဆောင်ထား တဲ့ သေနတ်တွေ အတော်များများ ရှိနေပါတယ်။ လက်နက်ကိုင် ရန်သူအန္တရာယ်ရှိလာရင် ဘယ်လိုဘယ်လို စုပေါင်းကာကွယ်ကြမယ် ဆိုတာမျိုးတွေကိုလည်း ကြိုတင်ပြင်ဆင် လေ့ကျင့်ထားကြပြီး ဖြစ်ပါတယ်။ ရန်ကုန်က ပြေးလာကြတဲ့ မြန်မာအရာရှိကြီး တွေရဲ့သားတွေထဲမှာ စစ်မှုထမ်းတွေ ပါလာကြလို့ လက်နက်ကိုင်တွယ် အသုံးပြုပုံက အစ ကျွမ်းကျင်ကြပါတယ်။ တိုက်ရေး၊ ခိုက်ရေး၊ ကာကွယ်ရေးတွေလည်း ကောင်း ကောင်း စီမံနိုင်ကြပါတယ်။ ဓားပြတွေ ဝင်းဖေတို့ချောင်နဲ့ တစ်ခေါ်လောက်ကို ရောက် လာကြချိန်မှာ အသံအားအလွန်ကောင်းတဲ့ ဝင်းဖေရဲ့ဖခင်က ဓားပြတွေကို ဆက် မတက်ခဲ့ကြဖို့ ဟစ်အော်သတိပေးပါတယ်။ ဆက်ပြီး တက်လာခဲ့ကြရင် တားဆီး ပစ်ခတ်ဖို့ စက်သေနတ်ကအစ လက်နက်တွေ အပြည့်အစုံရှိတဲ့အကြောင်း၊ သေနတ်နဲ့ စက်သေနတ်ပါ အပါအဝင် အစမ်းပစ်ဖောက် ပြသပြီးတော့ သတိပေးတာဖြစ်ပါတယ်။ တောင်ကုန်းကိုကျော်ပြီး တက်လာနေကြတဲ့ မီးအိမ်၊ မီးတုတ်တွေဟာ ခဏရပ်တန့် ငြိမ်သက်သွားကြပါတယ်။

တစ်အောင့်လောက်ကြာတော့ တဖြည်းဖြည်း နောက်ဆုတ် ထွက်ခွာသွားကြ ပါတော့တယ်။ ဝင်းဖေတို့ချောင်လို သေနတ်တွေ၊ စက်သေနတ်တွေ၊ အကာအကွယ် အစီအစဉ်တွေ မရှိရှာကြတဲ့ တခြားနေရာတွေကို စီးနင်း၊ ဝင်ရောက်၊ လုယက်ကြမှာ သေချာပါတယ်။ ဒီတုန်းက မင်းဝံတောင်ရိုးကြီး တစ်ခုလုံးမှာရှိတဲ့ ဒုက္ခသည်တွေ အားလုံးရေချိုးဖို့ ဧရာဝတီမြစ်အထိ ဆင်းကြရတာဖြစ်ပြီးတော့ သုံးရေကိုတော့ မိုးတွင်း မှာ မိုးရေတွေကို ရေကန်တွေနဲ့ လှောင်ထားပြီး သုံးစွဲကြရတာ ဖြစ်ပါတယ်။ စစ်ပြေးဒုက္ခသည်တွေနဲ့ လူဦးရေက သိပ်များလာတဲ့အခါမှာတော့ သောက်သုံးရေ ပြဿနာက အစ အိမ်သာ၊ အညစ်ကြေး၊ အခင်းကြီး၊ အခင်းငယ်အဆုံး ပြဿနာတွေ သိပ်ကြီးလာ ပါတယ်။ မင်းကွန်းဘက်မှာ လူနေကျဲပြီး လူဦးရေနည်းတဲ့အတွက် ခိုးသားဓားပြရန် အန္တရာယ်ကလည်း ပိုကြီးနေပါတယ်။ အရေးထဲ အရာပေါ်ဆိုတာလို ဘုန်းကြီးကျောင်း သောက်သုံးရေကန်ထဲကို ဝင်းဖေတို့ မိသားစုထဲက ကလေးတစ်ယောက်ကျပြီးတော့ အသက်ဆုံးရှုံးသွားပြန်တာကြောင့် ဝင်းဖေတို့မိသားစုမှာ စိတ်ဓာတ်ကျစရာတွေ ဖြစ်လာ ပြန်ပါတယ်။ ဒါ့ကြောင့် ဝင်းဖေတို့မိသားစုဟာ ဘာလုပ်ချင်ချင် အလွန်ခက်ခဲတဲ့ ကမ္ဘာစစ်ကြီးအတွင်းမှာပဲ ခါးစည်းပြီးတော့ မင်းကွန်းကနေ စစ်ကိုင်းဘက် ပြောင်းကြရ ပြန်ပါတယ်။ အဲဒီလိုအချိန်မှာပဲ ဂျပန်စစ်တပ်တွေ မန္တလေးကို ဝင်လာကြပါတော့ တယ်။ ပထမပိုင်း စစ်ပြေးဒုက္ခသည်တွေပဲရှိပြီးတော့ ဘာသာရေး၊ ကျောင်း၊ ကန်၊ ဘုရားနေရာတွေပဲဖြစ်တဲ့ မင်းဝံတောင်ရိုးကို ဂျပန်စစ်တပ်က မလာပါဘူး။ စစ်ပြေး ဒုက္ခသည်တွေနဲ့ဝေးတဲ့ စစ်ကိုင်းတောင်ရဲ့

တောင်ဘက်အစွန်းမှာရှိတဲ့ မရှိခဏာသချိုင်း နားမှာ သပ်သပ် ဂျပန်တပ်တွေ တပ်စွဲထားလိုက်ကြပါတယ်။ မြန်မာနိုင်ငံမှာသုံးဖို့ ကြိုတင်ပြီး အကျအနပြင်ဆင်ပြီး ယူလာကြတဲ့ ဂျပန်ငွေစက္ကူတွေ စတင်ပြီး ဖြန့်ဖြူးပါတယ်။ မြန်မာအများစု လက်ထဲမှာရှိနေတဲ့ အင်္ဂလိပ်ငွေစက္ကူတွေနဲ့ လဲပေးတာမျိုး မဟုတ်ပါဘူး။ မြန်မာဒုက္ခသည်တွေက မရှိ၊ ရှိတာလေးတွေကို ထုခွဲရောင်းချပြီးတော့ ဂျပန်ငွေစက္ကူတွေ ရလာအောင် လုပ်ကြရတာဖြစ်လို့ အလွန်ဒုက္ခရောက်ကြရပါတယ်။ အလုပ်အကိုင်ကလည်း အလွန်ရှားပါးတဲ့အချိန် ဖြစ်ပါတယ်။ အရောင်း အဝယ်တွေ လည်း ရပ်ဆိုင်းနေပါတယ်။ အစားအသောက်အတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ကအစ ... ဘယ်မှာဝယ်ရမှန်း မသိ၊ ဘာနဲ့ဝယ်ရမှန်း မသိဖြစ်ပြီးတော့ လူတွေအားလုံး စိတ်သောက အလွန်များကြရပါတယ်။

အဲဒါတွေကတော့ ကမ္ဘာစစ်ကြီးရဲ့ အနိဋ္ဌာရုံတွေပါပဲ။ ပြည်တွင်းစစ်ထက် အများကြီး ဆိုးရွားပါတယ်။ မြန်မာတွေဟာ နယ်ချဲ့အင်္ဂလိပ်နဲ့ ဂျပန်ဖက်ဆစ်တွေ တိုက်ခိုက်ကြတဲ့အကြားမှာ ဘာမဆိုင်၊ ညာမဆိုင် မြေဇာပင်သက်သက် ဖြစ်ကြရတာ ပါ။ အဲဒီအချိန်က မြန်မာတွေဟာ .. အင်္ဂလိပ်ပြေးရင် ဂျပန်တွေ ရောက်လာပြီးတော့ လွတ်လပ်ရေးပေးတော့မှာပဲဆိုတဲ့ အတွေးကလေးတွေနဲ့ ကောက်ရိုးမျှင်တွေကို အားကိုးမိတဲ့ ရေနစ်သူတွေလို အခြေအနေဖြစ်နေပါတယ်။ ဆက်ပြီး တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ...

ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံမှာ အင်္ဂလိပ်အပြေး၊ ဂျပန် မဝင်ခင် မင်းမဲ့တိုင်းပြည်လိုဖြစ်ပြီးတော့ သူခိုး၊ ဓားပြ တော်တော်ကလေး ထူပြောခဲ့ပါတယ်။ ဒါကလည်း တော မီးလောင်၊ တောကြောင် လက်ခမောင်း ခတ် ဆိုတာမျိုးလို ဖြစ်တာပါပဲ။ ဒါကို ကိုရွှေဂျပန်တွေကသိတော့ ဒီအခြေ အနေကို အမြန်ဆုံးထိန်းချုပ်နိုင်အောင် လုပ်ပုံလုပ်နည်းကတော့ ဖက်ဆစ်တို့ရဲ့ မူလလက်ဟောင်းနည်းကြီးပါပဲ ခင်ဗျာ။ သူခိုး၊ ဓားပြတွေကို ဖမ်းမိပြီဆိုတာနဲ့ အများပြည်သူတွေရှေ့မှာတင် ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက် သတ်ဖြတ်ပြတဲ့နည်းပါပဲ။ မြင်ရကြားရတဲ့သူမှန်သမျှ တစ်ခါတည်း ကြောက်လန့်ပြီး တုတ်တုတ်မျှမလှုပ်ရဲတော့အောင် လုပ်ပြတဲ့နည်းပါပဲ။ လူတွေကို အင်နဲ့အားနဲ့လက်နက်နဲ့ဖိပြီးတော့ ကြောက်လန့် ငြိမ်ဝပ်ပိပြားသွားအောင် လုပ်တာ ပါပဲ။ ထကြွသောင်းကျန်းနေတဲ့ သူခိုးဓားပြတွေလည်း ငြိမ်သွားစေရမယ်၊ ဂျပန်တွေ ကိုလည်း မြန်မာတွေက ကြောက်သွားစေရမယ်ဆိုတဲ့ တစ်ချက်ခုတ်၊ သုံးလေးချက် ပြတ်အောင်လုပ်တဲ့နည်းပါပဲ။ ဝင်းဖေတို့ငယ်ငယ်က မျက်မြင်ကိုယ်တွေ့တွေကတော့ ဂျပန်စစ်သားတွေက သူခိုးတစ်ယောက်ကို တစ်နေကုန် နေပူလှမ်းထားလိုက်တာ ဖြစ်ပါတယ်။ သံဆူးကြိုးက သံချွန်တွေဟာ သူခိုးရဲ့ အသားတွေထဲကို နစ်ဝင်နေတာကြောင့် သွေးတွေကလည်း မြင်မကောင်းအောင် ထွက်နေပါတယ်။ ညနေဘက်ကျတော့ သေနတ်နဲ့ ပစ်သတ်လိုက်တာပါပဲ။ နောက်တစ်ခါကတော့ ရွှေသွားလှမောင် ဆိုတဲ့ ဓားပြဗိုလ်ကို စစ်ကိုင်းတောင်၊ ခေမေသက ချောင်က မြစ်ဘက်အဆင်း၊ သရက်ပင်ဆိပ် မှာ လက်ပြန်ကြိုးတုပ်ပြီး ဘက်နက်နဲ့ မသေမချင်းထိုးသတ်တဲ့ မြင်ကွင်းပါပဲ။ ဝင်းဖေ က ကလေးဆိုတော့ ကြောက်လို့ အစအဆုံးတော့ မကြည့်ရဲပါဘူး။ ရွှေသွားလှမောင် ဆိုတာက ဘက်နက်နဲ့ထိုးပေမဲ့ ချက်ချင်း သေမသွားပါဘူး။ လေး၊ ငါး၊ ဆယ်ချက် ထိုးတာကို သေမသွားဘဲ ရွှေသွားကလေးတွေပေါ်အောင် ပြုံးပြုံးပြနေလို့ နောက်ဆုံးမှာ လက်ပြန်ကြိုးတုပ်လျက်နဲ့ ဂုံနီအိတ်ထဲထည့်ပိတ်ပြီးတော့ ဧရာဝတီမြစ်ထဲ ခဲဆွဲပြီး ပစ်ချလိုက်ရပါတယ်။ အဲဒီလိုမြင်ကွင်းတွေ တော်တော်များများ ဝင်းဖေ မြင်ဖူးပါတယ်။ အချိန်တိုလေးအတွင်းမှာ ဒီလိုအများကြီး ရက်ရက်စက်စက် လုပ်ပြလိုက်ပါတယ်။ လူတွေဟာ ဂျပန်စစ်တပ်ကို အချိန်တိုအတွင်းမှာပဲ အတော်ကြီးကို ကြောက်သွားကြပါတယ်။ သူခိုး၊ ဓားပြပြဿနာကတော့

ဂျပန်ခေတ်မှာ အတော်ကြီးကို ကြက်ပျောက် ငှက်ပျောက် ပျောက်သွားပါတော့တယ်။ နောက်တစ်ဆင့် ဂျပန်စစ်တပ်က အမြန်ဆုံး လုပ်ဆောင်တာက လူငယ်တွေကို ဂျပန်စာသင်ပေးတာ ဖြစ်ပါတယ်။ ဂျပန်စစ်တပ်နဲ့ အတူ ရောက်လေရာ အရပ်ရပ်မှာ ဂျပန်စာသင်ပေးဖို့ ဂျပန်ကျောင်းဆရာတွေ ပါလာ ပါတယ်။ ဒါပေမဲ့ မလုံလောက်ပါဘူး။ ဒါ့ကြောင့် ဂျပန်စစ်သားတွေထဲကလည်း ဆရာလုပ်ပြီးတော့ စာသင်ပေးကြပါတယ်။ ကျောင်းဆရာအစစ်တွေက ယဉ်ကျေး သိမ်မွေ့ကြပေမဲ့ စစ်သားတွေက ဝင်ပြီး ကျောင်းဆရာ လုပ်တဲ့သူတွေကတော့ အတော် ကြီးကိုရိုင်းစိုင်းတာ တွေ့ကြရပါတယ်။ ဝင်းဖေတို့လည်း ဂျပန်စာသင်ကြရပါတယ်။ ဂျပန်စကားရဲ့သဒ္ဒါက မြန်မာစကားရဲ့ သဒ္ဒါနဲ့ တူနေတာရယ်၊ ဂျပန်စကားအသံထွက် တွေက တရုတ်စကားလောက် မခက်တဲ့အတွက် ဂျပန်စကားကို ထမင်းစားရေသောက် ပြောနိုင်ဖို့၊ နားလည်နိုင်ဖို့ကို ၆ လ လောက်နဲ့ တတ်မြောက် လာနိုင်ကြပါတယ်။ ယဉ်ကျေးပါတယ်ဆိုတဲ့ ဂျပန်ကျောင်းဆရာတွေတောင် ဂျပန်စာသင်တန်းတွေမှာ သင်တန်းသား အားလုံး သီဆိုကြရတဲ့ ဂျပန်အမျိုးသားသီချင်းကို ဆိုနေတုန်း ရယ်တာ မောတာတွေ့ရင် အတန်းထဲက ဆွဲထုတ်ပြီး ပါးရိုက်တတ်ပါတယ်။ ဂျပန်စစ်စုံစမ်း ထောက်လှမ်းရေး ကင်ပေတိုင်ဟာ ကမ္ဘာကျော် ဂျာမန်အက်(စ်)အက်(စ်) များလို၊ ရုရှားက ဂေဂျီဘီ တွေလို ရက်စက်တဲ့နေရာမှာ အလွန်နာမည်ကြီးပါတယ်။ ဂျပန်ခေတ် မှာ အခြေခံလူသုံးကုန်တွေ အားလုံး ရှားပါးပါတယ်။ အဝတ်အထည်တွေ ရှားပါးလို့ ယားနာတွေ၊ ဝဲတွေ ပေါက်ကြပါတယ်။ ကိုယ်သန်းတွေလည်း တွယ်ကြတယ်။ ဆေးဝါးကလည်း ရှားပါးလေတော့ လူတွေမှာ အတော်ကြီးကို ဒုက္ခရောက်ကြရပါတယ်။ အသေအပျောက်လည်း များပါတယ်။ ဖျားပြီ၊ နာပြီဆိုရင် ဆေးဝါး မလုံ လောက်ပါဘူး။ လူအများစုမှာ အလုပ်အကိုင် မရှိကြပါဘူး။ ဂျပန်စစ်တပ်တွေမှာ လည်း သူတို့စီမံကိန်းနဲ့သူတို့ စစ်ရိက္ခာ ထုတ်လုပ်ထားရာမှာ စစ်က ထင်တာထက် အများကြီး ပိုပြီးကြာနေလို့ ရိက္ခာမလုံလောက်တာတွေ ဖြစ်လာပါတယ်။ မြန်မာ လယ်သမား၊ ယာသမားတွေဆီက စိုက်ပျိုးလို့ ထွက်တဲ့ သီးနှံတွေကို ဂျပန်စစ်တပ်က အများဆုံး သိမ်းယူနေတတ်တာမို့ အများပြည်သူစားဖို့၊ သုံးဖို့ ရှားပါးပါတယ်။ ဂျပန် ခေတ်အတွင်း လူအများစုဟာ အာဟာရချို့တဲ့မှုတွေ ကြီးမားပါတယ်။ မြန်မာစာသင် ကျောင်းတွေ၊ တက္ကသိုလ်၊ ကောလိပ်တွေလည်း ပုံမှန် ပြန်ဖွင့်ဖို့ အခက်အခဲအများကြီး ရှိခဲ့ပါတယ်။ ဝင်းဖေတို့ဆိုရင် မသင်မနေရ၊ ဂျပန်စာ သင်တန်းကလွဲပြီး စစ်ကာလ ၃ နှစ်အတွင်း ဘာပုံမှန်ကျောင်းမျှ မတက်ခဲ့ရပါဘူး။ လူကြီးတွေလည်း ဘာအလုပ်မှ ကောင်းကောင်း မရှိကြလေတော့ ဘုရားစာတွေဖြစ်တဲ့ ပရိတ်ကြီးတို့၊ ပဋ္ဌာန်းတို့၊ ပဋိစ္စသမုပ္ပါဒ် တို့ဆိုတာတွေကို အလွတ်ကျက်မှတ်ကုန်ကြပါတယ်။ ဝင်းဖေတို့ ကလေး တွေကိုလည်း ဦးပဉ္ဇင်းတွေက စာသင်ပေးကြပါတယ်။ ဝင်းဖေဟာ

ဒုတိယကမ္ဘာစစ် ကြီးအတွင်း၊ သုံးနှစ်သုံးမိုး ဘုန်းကြီးကျောင်းသားကောင်းကောင်းဖြစ်ခဲ့ရတာ အမြတ် ပါပဲ။ ဝင်းဖေက ကလေးဆိုတော့ ဂျပန်ခေတ်က ဂျပန် စစ်သားတွေသင်ပေးတဲ့ ဂျပန် သီချင်းတွေ အများကြီးဆိုနိုင်ပါတယ်။ ဂျပန်စစ်သားတွေက ဘယ်လောက်ပဲဒေါသ ကြီးကြီး၊ ဘယ်လောက်ပဲရိုင်းရိုင်း သီချင်းဆိုတာကိုတော့ ကြိုက်ကြပါတယ်။ နောက် ကလေးတွေကိုလည်း ချစ်တတ်ကြပါတယ်။ ဝင်းဖေရတဲ့ ဂျပန်သီချင်း အမြောက် အမြားထဲမှာ စင်ကာပူခံတပ် တိုက်ပွဲအကြောင်း သီချင်းလည်း ပါပါတယ်။ အင်္ဂလိပ် တွေရဲ့ စင်ကာပူခံတပ်ကို ဂျပန်တွေက နိုင်အောင် တိုက်လိုက် နိုင်ပေမဲ့ သူတို့ဘက်ကလည်း အကျအဆုံး အတော်များပါတယ်။ ဒီတော့ စင်ကာပူတိုက်ပွဲအကြောင်း သီချင်း ဆိုပြီရင် ဂျပန်စစ်သားမှန်သမျှ မတ်တတ်ရပ်ပြီးတော့ အလေးပြုနားထောင်ကြပါတယ်။ ပြီးတော့မှ မျက်ရည်ကျပြီးတော့ ငိုကြပါတယ်။ ပြီးတော့ ဝင်းဖေကို မုန့်တွေဘာတွေလည်း ပေးတတ်ကျွေးတတ်ကြပါတယ်။ ဂျပန်သီချင်းတွေဆိုရင်း ဝင်းဖေ ငယ်ငယ်က သူများအသက်ကို ကယ်နိုင်ခဲ့ဖူးပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၆၄]

သောတရှင်များ ခင်ဗျာ

ဝင်းဖေဟာ ဂျပန်သီချင်းတွေ ဆိုတတ်တဲ့အတွက် ဂျပန် စစ်သားတွေက မုန့်တွေဘာတွေ ကျွေးတတ်ကြတယ်ဆို တာကို အရင်တစ်ပတ်က ပြောပြခဲ့ပြီး ဖြစ်ပါတယ်။ ဂျပန်စစ်တပ်က သိပ် ချမ်းသာတာ မဟုတ်တော့ ပြောင်းဖူး မုန့်ကလေးတွေနဲ့ သကြားခဲကလေးတွေသာ ဖြစ်ပါတယ်။ ဂျပန်တွေရောက်လာပြီး ဒုတိယနှစ်လောက်မှာ ဝင်းဖေတို့ နေတဲ့ မြန်အောင်ချောင်ရဲ့ အောက်နားက ဘိုကလေးချောင်မှာ ဂျပန်ဆေးရုံတစ်ခု ရှိလာပါတယ်။ အဲဒီမှာ ဂျပန်ဆရာဝန်တွေလည်း ရောက်လာပါတယ်။ ဝင်းဖေက ကလေးဆိုတော့ ဂျပန်စကားကို ပြောရာမှာ နည်းနည်းပဲ တတ်တာ ဆိုပေမဲ့ ပြောရဲဆိုရဲ ရှိပါတယ်။ သီချင်းတွေကလည်း ဆိုတတ်နေတော့ ဂျပန် ဆရာဝန်တွေက ဝင်းဖေကို ချစ်ကြပါတယ်။ ဂျပန်ဆေးရုံမှာ ဆေးတွေရှိပေမဲ့ သူတို့မှာလည်း သိပ်မလုံလောက်လို့ အရေးကြီးတဲ့ ဆေးတွေဆိုရင် စစ်ဗိုလ်တွေအတွက် ချန်ထားပြီးတော့ စစ်သားတွေ အတွက်တောင် မသုံးတော့ပါဘူး။ မြန်မာ လူနာတွေ အတွက်တော့ ဝေးရောပေါ့။ အဲဒီအချိန်မှာပဲ ဝင်းဖေတို့ချောင်က လူကြီး သုံးလေးယောက်လောက် အတော်ကြီး နေမကောင်း ဖြစ်ကြပါတယ်။ ဘာရောဂါလဲ ဆိုတာကိုတော့ မမှတ်မိတော့ပါဘူး။ ဝင်းဖေတို့ချောင်မှာလည်း မြန်မာ ဆရာဝန်ကြီး တစ်ယောက် ရှိပါတယ်။ ဦးအုန်းညွန့်တဲ့။ သူက ဝင်းဖေကို အကူအညီတောင်းပါတယ်။ မြန်မာတွေ ဖျားနေတာကို ကုပေးဖို့ ဂျပန်ဆရာဝန်တွေဆီက ထိုးဆေးတွေ တောင်းပေးဖို့ပါ။ ဝင်းဖေ ကလည်း ဂျပန်ဆရာဝန်တွေကို သီချင်းတွေ သွားဆိုပြ ပါတယ်။ သူတို့က မုန့်တွေပေး ကြတဲ့အခါမှာ မုန့်မစားချင်တဲ့ အကြောင်း၊ ဝင်းဖေရဲ့ဦးလေးတွေ ဖျားနေကြလို့ ထိုးဆေး တွေလိုနေကြောင်း ပြောပြပြီးတော့ ဇွတ်ပူဆာပါတယ်။ သူတို့က မြန်မာဆရာဝန် ဦးအုန်းညွန့် ရှိတာကိုလည်း သိကြပါတယ်။ ဂျပန် ဆရာဝန်တွေဟာ ချီတုံချတုံနဲ့ အတော်ကြီး စဉ်းစားပြီးတော့မှ ဝင်းဖေကို ထိုးဆေး တစ်ကဒ် စွန့်စွန့်စားစားနဲ့ လက်သိပ် ထိုးပြီး ပေးလိုက်ကြပါတယ်။ ပြီးတော့ ဘယ်သူ့ကိုမှ မပြောဖို့ အတန်တန် မှာလိုက်ကြ ပါတယ်။ အဲဒီ ထိုးဆေး တစ်ကဒ် ကျေးဇူးနဲ့ ဦးလေးကြီး သုံးလေးယောက်ရဲ့ အသက်ကို ကယ်နိုင်လိုက်တယ်လို့ ပြောကြပါတယ်။ ဂျပန်စစ်သားတွေဟာ စစ်တိုက်ရင် သိပ်သတ္တိရှိတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ ဂျပန်ဆရာဝန် တွေကတော့ ဗုံးဆန်မှန်မှာ ကြောက်လွန်းလို့တဲ့ ... ဂူထဲမှာပဲ အနေများလို့ မျက်စိတွေတောင်

နာနေကြရှာပါတယ်။ ပထမပိုင်းမှာ ဂျပန်စစ်တပ်တွေဟာ မြန်မာအရပ်သားတွေနေတဲ့ နေရာတွေမှာ မနေကြဘဲ သီးခြားနေရာတွေမှာ တပ်စွဲကြပါတယ်။ နောက်တော့ အင်္ဂလိပ် လေယာဉ်တွေက ဗုံးလာလာကြဲတာ များလာပြီးတော့ ဗုံးဒဏ်ကို မခံနိုင်တော့လို့ အရပ်သားတွေရဲ့ကြားမှာ လာပြီးတော့ နေကြပါတယ်။ အင်္ဂလိပ်တွေကလည်း လိုက်ပြီးတော့ ဗုံးကြဲ ကြဲပါတယ်။ အရပ်သားတွေနေတဲ့ ဘုရား၊ ကျောင်းကန်တွေ အများရှိတဲ့ စစ်ကိုင်းတောင်ပေါ်ကို ဗုံးတွေ ကြဲပါတော့တယ်။ စစ်တိုက်ကြပြီ ဆိုရင် ဘာမှည့ာရ ကောင်းမှန်း မသိကြတော့ ပါဘူး။ စစ်ကိုင်းတောင်ရိုးပေါ်မှာ နေကြတဲ့ အရပ်သား စစ်ပြေးတွေလည်း ဘုန်းတော် ကြီးတွေရဲ့ ခွင့်ပြုချက်ယူပြီးတော့ ဗုံးဒဏ်က လွတ်နိုင်အောင် တောင်နံရံတွေမှာ ဂူတွေ တူးကြ၊ ဖောက်ကြရပါတော့တယ်။ ဝင်းဖေတို့မိသားစုလည်း ဂူကြီးတစ်ခု တူးကြပါတယ်။ ပြီးတော့မှအထဲမှာ စားစရာတွေ၊ ရေတွေ၊ ဖယောင်းတိုင်တွေ ထည့်ထားကြပါတယ်။ အဲဒီလိုလုပ်ကြပြီးလို့ သိပ်မကြာခင်မှာပဲ ဗုံးကြဲ လေယာဉ်တွေ လာပါတယ်။ ဝင်းဖေတို့ မိသားစုတစ်ခုလုံး အဲဒီဗုံးခိုဂူကြီးထဲ ဝင်ပုန်းကြပါတယ်။ ဗုံးတစ်လုံးက ဝင်းဖေတို့ ဂူပေါ်မှာ တည့်တည့်ကျပြီးတော့ ဂူပေါက် ပိတ်သွားပါတယ်။ ဂူထဲမှာ ဖုန်တွေလုံး သွားပါတယ်။ မှောင်မည်းနေတဲ့ ဂူထဲမှာ အားလုံးတော့ မွန်းကျပ်ပြီး သေကုန် တော့မှာပဲ ဆိုပြီးတော့ ဝင်းဖေရဲ့အမေနဲ့ အဒေါ်တွေ ငိုကုန်ကြပါတယ်။ ဝင်းဖေရဲ့ ဖခင်ကြီးနဲ့ ဦးလေးတွေကတော့ စိတ်ငြိမ်ငြိမ်ထားပြီးတော့ ဖယောင်းတိုင်ကိုထွန်းပြီး ပိတ်သွားတဲ့ ဂူပေါက်ကို ပြန်တူးပြီးတော့ ဖွင့်ကြဖို့ ကြိုးစားကြပါတယ်။ ကံအားလျော်စွာ အသက်ရှူစရာ လေကုန် မသွားခင် ဂူပေါက် ပြန်ပွင့် သွားပါတယ်။ ကံကောင်းလို့ တစ်မျိုးလုံး ပြုတ်တော့မလို ဖြစ်ရာက သီသီကလေး လွတ်ခဲ့ကြရတာပါ။ နောက်ပိုင်း ရောက်လာတော့ ဂျပန်တွေ စစ်ရှုံးနိမ့်စပြုလာပါတယ်။ တချို့ ဂျပန်ဗိုလ်မှူးကြီးတွေ မြန်မာပြည်က ပြန်ပြီး ထွက်ခွာကြဖို့ စီစဉ်ကြပါတယ်။ အဲဒီလိုပြန်မယ့် စာရင်းထဲမှာ ဝင်းဖေကို သိပ်ချစ်တဲ့ ဂျပန်ဗိုလ်မှူးကြီးတစ်ယောက်လည်း ပါပါတယ်။ သူက ဝင်းဖေ မိဘတွေကို လိမ်ပြီးတော့ ဝင်းဖေကို သူနဲ့တစ်ပါတည်း ဂျပန်ကိုခေါ်သွားဖို့ လျှို့ဝှက်စီစဉ် ပါတယ်။ ကံအားလျော်စွာပဲ ဝင်းဖေရဲ့ဖခင်ကြီးက ဒီသတင်းကို ကြိုပြီးရခဲ့ပါတယ်။ တစ်နေ့ကျတော့ ဝင်းဖေတို့ချောင်ကို အဲဒီဗိုလ်မှူးကြီး ကိုယ်တိုင် ရောက်လာပါတယ်။ သူတို့စစ်ကိုင်းမြို့ရဲ့ တောင်ဘက်နားမှာရှိတဲ့ တံတားဦးကို မော်တော်နဲ့ သွားပြီးတော့ ခေါက်ဆွဲ သွားစားကြမှာမို့ ဝင်းဖေကိုခဏ သူတို့နဲ့ထည့်လိုက်ဖို့ တောင်းပါတယ်။ အရင်ကလည်း အဲဒီလိုပဲ ခေါ်ဖူးပါတယ်။ ဖခင်ကြီးက သူတို့ လိမ်ညာပြီး ခေါ်သွားကြမှာကို ကြိုသိနေလို့ ဝင်းဖေတို့နေတဲ့ အိမ်ရဲ့ ထပ်ခိုးပေါ်မှာ ဝင်းဖေကိုဖွက်ထားပြီး၊ ဝင်းဖေ မရှိကြောင်း၊ စစ်ကိုင်းမြို့ထဲကို သွားနေကြောင်း ပြောလိုက်ပါတယ်။ ဝင်းဖေက ဘာမှ ကြိုသိထားတာ မဟုတ်တော့ တံတားဦးက ခေါက်ဆွဲ စားချင်တာနဲ့ ကျွန်တော် ဒီမှာပါ ခင်ဗျာလို့အော်ပြီး

ပြေးဆင်း သွားလိုက်ချင်ပါတယ်။ ဒါပေမဲ့ ဝင်းဖေရဲ့ ဦးလေး တစ်ယောက်က ဝင်းဖေရဲ့ပါးစပ်ကိုပိတ်ပြီး ဖမ်းချုပ်ထားလို့ ဘာမှ မလှုပ်လိုက်နိုင်ပါဘူး။ မလိမ့်တပတ်နဲ့ လာခေါ်ဖို့ကြိုးစားတဲ့ ဗိုလ်မှူးကြီးလည်း လက်လျှော့ပြီးတော့ ပြန်သွား ပါတယ်။ အဲဒီနေ့ကပဲ အောက်ပြည်အောက်ရွာကို မော်တော်နဲ့စုန်ဆင်းပါတယ်။ အဲဒီနေ့ ညနေဘက်မှာပဲ တံတားဦးအောက်ဘက် ကျောက်တစ်လုံးနားမှာ အဲဒီ ဗိုလ်မှူးကြီးတို့ရဲ့မော်တော်ကို ကိုယ်ထည်နှစ်ခုပါတဲ့ အမေရိကန် တိုက်လေယာဉ်နှစ်စင်းက လိုက်ပြီးတော့ စက်သေနတ်နဲ့ပစ်တာ အဲဒီမော်တော်လည်း မီးလောင်သွားပါတယ်။ အဲဒီဂျပန်ဗိုလ်မှူးကြီးလည်း စက်သေနတ် မှန်ပြီး ဆုံးရှာတယ်လို့ ကြားသိရပါတော့ တယ်။ ဝင်းဖေကို ဉပါယ်တံမျဉ်နဲ့ လာခေါ်သွားမှာကို သတင်းကြို မရလိုက်ဘဲ ဝင်းဖေ သာပါသွားခဲ့ရင် မတွေးဝံ့စရာပါပဲ။ ဝင်းဖေကို သေဘေးက နောက်တစ်ကြိမ် ကံဖယ် သွားပြန်တာ ဖြစ်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံကို ဂျပန်တွေ အုပ်စိုးထားကြတဲ့ကာလတွေမှာ မြန်မာ အများစုဟာ စစ်ဘေး၊ စစ်ဒဏ်၊ အန္တရာယ်ကို ကြောက်လန့်နေကြရတာရယ်၊ နောက် စားဝတ်နေရေး၊ ပူပန်သောကဗျာ ပါဒစတာတွေနဲ့ ဖိစီးခံနေ ကြရတာမို့ ဂျပန်တွေအကြောင်း အသေးစိတ် သိပ်မသိကြပေမဲ့ မြန်မာပညာတတ်၊ နိုင်ငံရေး စိတ်ဓာတ် ရှိသူတွေကတော့ ဂျပန်တွေရဲ့ဇာတိရုပ်ကို အချိန်တိုအတွင်း သိလာ မြင်လာကြတာပါပဲ။ စစ်ဝါဒီ၊ ဖက်ဆစ်၊ နယ်ချဲ့ဂျပန်တွေဟာ ကြာရှည် မင်းသားခေါင်း ဆောင်းထားနိုင်ကြတာ မဟုတ်ပါဘူး။ မင်းသားခေါင်း ပြုတ်ကျပြီးတော့ အောက်ခံ ဘီလူးခေါင်းက အထင်းသား ပေါ်လာတာပါပဲ။ ဂျပန်ခေတ်မှာ ချွေးတပ်ဆွဲတယ်ဆိုတဲ့ ကိစ္စဟာ ပြည်သူတွေ အကြား အလွန်အထိတ်တလန့် ဖြစ်ခဲ့ကြရပါတယ်။ ဂျပန်တွေ စစ်ချီရာ စစ်လမ်းကြောင်းတွေမှာ စစ်ကူလီပေါ်တာတွေ အဖြစ်ရော၊ စစ်လမ်းကြောင်း အသစ်တွေဖောက်ဖို့ လမ်းကူလီတွေလုပ်ဖို့ရော ချွေးတပ်ဆိုပြီး အရပ်သားတွေ အမြောက်အမြားကို အဓမ္မဖမ်းဆီး စေခိုင်းခဲ့ပါတယ်။ မြို့၊ ရွာ၊ ကျေးလက်၊ ရပ်ကွက် တွေအလိုက် အချိုးကျ ချွေးတပ် အတွက် ခွဲတမ်းနဲ့ပေးကြရတာတွေလည်း ရှိပါတယ်။

လမ်းတွေဖောက်၊ တံတားတွေ ဆောက်ဖို့အတွက် လူတွေကို အဓမ္မစေခိုင်းတဲ့ကိစ္စတွေမှာ အသေခံ၊ အပင်ပန်းခံ မလိုက်နိုင်၊ မလုပ်နိုင်တဲ့လူတွေက လိုက်နိုင်တဲ့သူတွေကို မရှိမဲ့ ရှိမဲ့ ကလေးတွေထဲက ရှာကြံပိုက်ဆံပေးပြီးတော့ လူစားထိုး ထည့်ပေးကြရပါတယ်။ ဒီတုန်းက ကမ္ဘာစစ်ကြီးဖြစ်နေတာဆိုတော့ မတရား လုပ်အားခိုင်းစေမှုနဲ့ပတ်သက်လို့ ကမ္ဘာကတင်ပြစရာလည်း ဘာမှတတ်နိုင်တာ မဟုတ်ပါဘူး။ မြန်မာ ယိုးဒယားနယ်စပ်ကို ဖြတ်ကူးပြီးတော့ ဖောက်လုပ်တဲ့ စစ်သုံးမီးရထားလမ်းဆိုရင် မြန်မာပြည်သူ ချွေးတပ် သားတွေ သိန်းချီပြီး သေကျေပျက်စီးကြရတာမို့ သေမင်းတမန်ရထားလမ်းလို့တောင် ကမ္ဘာကျော်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးတော့ Bridge of the river Kwai ကွေးမြစ်ပေါ်က တံတား ဆိုတဲ့ ခေါင်းစီးနဲ့ ကမ္ဘာကျော်ရုပ်ရှင်ကားကြီး တစ်ကား တောင် ရိုက်ကူးထုတ်လုပ်ခဲ့ပါတယ်။ စစ်နယ်မြေတွေမှာ မိန်းကလေးတွေ

အစော်ကားခံကြရတာနဲ့ အဓမ္မလုပ်အား ခိုင်းစေခံရတာတွေဟာ မြန်မာ နိုင်ငံသားတွေ အတွက် သမိုင်းသင်ခန်းစာတွေ ရခဲ့ပြီးသားပါ။ မြန်မာစစ်ဝါဒီများလက်ထက် ပြည်သူ့လုပ်အား အဓမ္မ ခိုင်းစေတာတွေ ခံကြရတော့ ဂျပန့်ခေတ်က ရွေးတပ်ဆွဲခံကြရတာဟာ ကိုယ်နဲ့ သွေးမတော် မျိုးမစပ်တဲ့သူတွေက ရက်စက်ကြတာမို့ ခံသာသေးတယ်လို့ ပြန်တွေးပြီး တော့ ဝမ်းနည်းပက်လက် ဖြစ်ကြရပါတယ်။ ကိုယ့်သွေး၊ ကိုယ့်သား၊ ကိုယ့်လူမျိုး အချင်းချင်း ရက်ရက်စက်စက်လုပ်တာကို ခံကြရတော့ကာ ကမ္ဘာ့လူ့ဘုံအလယ်မှာ သိက္ခာကျ၊ အရှက် ရတာကလည်း တစ်မျိုးပိုပြီးတော့ အခံရခက်ကြရပါတယ်။ စစ်ဝါဒီ ဂျပန်တွေအနေနဲ့ သူတို့ရောက်လေရာ တိုင်းပြည် တွေမှာ ငွေစက္ကူသစ်တွေ ရိုက်နှိပ် ထုတ်ဝေပါတယ်။ အမှတ်တမဲ့ဆိုရင် ဒီလုပ်ရပ်ဟာ သာမန် လုပ်ရိုးလုပ်စဉ်၊ ဖြစ်ရိုး ဖြစ်စဉ်လို့ ထင်ရပါတယ်။ ဒါပေမဲ့ စစ်နိုင်တဲ့ဂျပန်တွေက ရောက်ရာတိုင်းပြည်တွေမှာ အဲဒီစည်းမရှိ ကမ်းမရှိ၊ ဘာအာမခံမှုမရှိတဲ့ ငွေစက္ကူတွေကို အများကြီးထုတ်ပြီး ဒေသခံ ပြည်သူတွေဆီက ရွှေတွေ၊ ငွေတွေ၊ ရတနာ ပစ္စည်းတွေကို ရနိုင်သမျှ ဝယ်ယူပြီးတော့ ဂျပန်နိုင်ငံကို ပြန်ပို့ကြပါတယ်။ ဒါဟာ ဂျပန်တွေအနေနဲ့ နောက်ဆုံးစစ်ကြီး ဆုံးရှုံးသွား သည့်တိုင်အောင် ကြီးမားတဲ့အမြတ်အစွန်းအနေနဲ့ ကျန်ရှိနေမှာဖြစ်ပါတယ်။ နောက်ဆုံး ဘုရားပုထိုးတွေက ဌာပနာပစ္စည်းတွေတောင် လစ်ရင်လစ်သလို ဖောက်ယူပြီးတော့ ဂျပန်ပြည်ကို ပြန်ပို့ကြတာတွေ ရှိခဲ့ပါတယ်။ ဂျပန်ခေတ် တစ်ခုလုံး မြန်မာတွေရဲ့ ရတနာပစ္စည်းတွေ ဘယ်ရွေ့ဘယ်မျှလောက်အထိ ဂျပန်ငွေစက္ကူအပေါ်စားတွေနဲ့ လဲလှယ်ပြီးတော့ ထာဝရဆုံးရှုံးသွားခဲ့ကြရတယ်ဆိုတာ ဘယ်သူမှခန့်မှန်းလို့ မရပါဘူး။

ဒါဟာ တကယ်တော့ မြန်မာပြည်သူတွေ ဓားပြ အတိုက်ခံလိုက်ကြရတာပါပဲ။ မြန်မာ စစ်ဝါဒီတွေ လက်ထက် မတိုင်ခင်က မြန်မာငွေကြေးဟာ ကမ္ဘာ့ ငွေကြေးလောကမှာ ခိုင်မာတဲ့ အင်္ဂလိပ် စတာလင်ပေါင်စနစ်နယ်ပယ်နဲ့ ချိတ်ဆက် ထားတဲ့အတွက် အာမခံ ရှိတဲ့ ငွေကြေးတွေ ဖြစ်ပါတယ်။ မြန်မာစစ်ဝါဒီတွေ လက်ထက်ကျတော့ အင်္ဂလိပ် စတာလင် ပေါင်ငွေကြေးစနစ်နဲ့ ချိတ်ဆက်ထားတာကို ဖျက်သိမ်းလိုက်ပါတယ်။ ငွေစက္ကူတွေကို တိုင်းပြည်ရဲ့ ထုတ်ကုန်စွမ်းအားထက် အများကြီး အများကြီးကွာဟတဲ့ အချိုးအစားအရေအတွက်နဲ့ အတောမသတ်နိုင်အောင် ရိုက်နှိပ် ထုတ်ဝေနေပါတော့ တယ်။ မြန်မာစစ်ဝါဒီတွေ ထုတ်ဝေနေတဲ့ ပိုက်ဆံတွေဟာ ဂျပန့်ခေတ်က ဂျပန်ငွေတွေ ကျနေတာပဲလို့ ကမ္ဘာစစ်ကြီးကို သိမီလိုက်ကြတဲ့ မြန်မာတွေက နှိုင်းခိုင်းပြောဆိုကြ ပါတယ်။ ဒါဟာလည်း ဂျပန်ခေတ်က ဓားပြ တိုက်လုယူ ခံလိုက်ရတာမျိုး မြန်မာပြည်သူတွေ လုယက်ခံနေကြရတာပါပဲ။ ဒါကလည်း ကိုယ့်လူမျိုး အချင်းချင်းအပေါ် သွေးစုပ်

ရက်စက်ကျတာပဲ ဖြစ်နေလေတော့ ဂျပန့်ခေတ်ကထက် ပိုပြီးတော့ အခံရခက်နေကြရ ပြန်တာပါပဲ။ ဒီလို ခါးသီးတဲ့ အတွေ့အကြုံတွေကိုလည်း မြန်မာပြည်သူလူထုဟာ သမိုင်းသင်ခန်းစာတွေအနေနဲ့ တွေ့ကြုံခဲ့ဖူးပြီး ဖြစ်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းတုန်းက ဒီဂျပန်တွေ တန်ဖိုးမဲ့ စက္ကူစုတ်ငွေကြေးနဲ့ မြန်မာ့သွေးတွေကို စုပ်ယူ ဝါးမျိုခဲ့တဲ့ကိစ္စ၊ ချွေးတပ်ဆွဲပြီး လုပ်အားခားပြတိုက်၊ အဓမ္မ အနိုင်ကျင့်ခဲ့တဲ့ကိစ္စတွေကို ဝင်းဖေက ကလေးအနေနဲ့ များများကြားပြီးတော့ နည်းနည်းပဲ မြင်ခဲ့ဖူးတာပါ။ ဝင်းဖေ အသက်အရွယ်ကြီးလာပြီးတော့ မြန်မာစစ်ဝါဒီတွေ လက်ထက် ရောက်လာတော့မှ အလားတူဖြစ်ရပ်တွေ ကြုံရပြန်တော့ သိမီလိုက်ကြတဲ့ လူကြီးတွေနဲ့အတူ ပြန်ပြီးတော့ စဉ်းစားသုံးသပ်နိုင်တာဖြစ်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

စစ်ဝါဒီနယ်ချဲ့ ဖက်ဆစ် ဂျပန်ခေတ် မြန်မာနိုင်ငံမှာ ဂျပန်တွေ အနေနဲ့ ဇာတိရုပ်ကို ကြာရှည် ဖုံးဖိမထားနိုင်တဲ့ အကြောင်း ပြီးခဲ့တဲ့ အပတ်က တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ ခေတ်အဆက်ဆက် အုပ်ချုပ်ရေး စနစ်အမျိုးမျိုးမှာ သာပေါင်း ညာစား ကပ်ဖားရပ်ဖားတွေကတော့ အများအပြားရှိစမြဲပါပဲ။ ဂျပန့်ခေတ်မှာ ပိုပြီးတောင် များလေမလားလို့ ဝင်းဖေကြီးလာတော့ တွေးမိပါတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ လူမုန်းများတဲ့ အာဏာရှင်အုပ်ချုပ်သူတွေမှာ ကပ်ဖားရပ်ဖား အလိုတော်ရိတွေပဲ ဝန်းရံ နေတတ်ကြတာ မဟုတ်လား။ အာဏာရှင်တွေကလည်း တပည့်များများ မွေးနိုင်ဖို့ ဆိုတာ ပေးကမ်းစွန့်ကြဲ အမဲသားကျွေးပြီး သရဲမွေးကြရတာမျိုးလေ။ အုပ်ချုပ်ရေး အခြေအနေတစ်ရပ် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အဆက်အဆံလုပ်ကြ၊ ပတ်သက်ကြရတဲ့ လူတွေကတော့ အများကြီး ရှိတတ်တာမျိုးပါပဲ။ ဥပမာ ... ကုန်သည် တွေ ဆိုကြပါစို့ ... ဂျပန်စစ်တပ်ကို လိုအပ်တဲ့ပစ္စည်းတွေ ပေးသွင်းကြရတဲ့ ဆပ္ပလိုင်းကန်ထရိုက်တာတွေ ရှိလာကြရပါတယ်။ နောက် ဂျပန်စကားသင်ကြပြီးတော့ ဂျပန် စကားပြန် လုပ်ကြရတာတွေက စလို့ ဂျပန်အုပ်ချုပ်မှုအောက်မှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ဝန်ထမ်းတွေ အများကြီးရှိလာကြရပါတယ်။ ဒါပေမဲ့ အလိုတော်ရိတို့၊ ကပ်ဖားတို့ဆိုတာတွေကတော့ သီးခြား တစ်ပိုင်းပါ။ လိုအပ်တာထက် အများကြီး မျက်နှာလိုအားရ လုပ်ကြသူတွေကိုပြောတာပါ။ သူတို့ရဲ့ အတောမသတ်နိုင်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကြောင့် သခင်အားရ ကျွန်ပါးဝလုပ်ကြရင်း ကိုယ့်အမျိုးအချင်းချင်း လည်မျိုတက်နင်းကြတဲ့ လူတန်းစားမျိုးတွေကို ဆိုလိုတာပါ။ ဂျပန်စကားပြန်လုပ်ရင်း ... အထူးသဖြင့် ဂျပန်စစ်စုံစမ်းထောက်လှမ်းရေး ကင်ပေတိုင် စကားပြန်လုပ်ရင်း အမျိုးသားသစ္စာဖောက်တွေဖြစ်ကုန်ကြတာ အများကြီးရှိခဲ့ပါတယ်။ ဂျပန်တွေက သူတို့ကို မာစတာလို့ခေါ်မှ ကြိုက်တော်မူကြပါတယ်။ ဂျပန့်ခေတ်မှာ မြန်မာတွေက ဂျပန်တွေကို ရာထူးကြီးကြီးငယ်ငယ် မာစတာလို့ ခေါ်ကြရပါတယ်။ အရှင်သခင်လို့ ခေါ်ကြရတာပါပဲ။ ဂျပန်ကင်ပေတိုင်ဆိုတာကတော့ လူတွေကို အကြောက်တရား သက်သက်နဲ့ အုပ်ချုပ်တာပါပဲ။ လူတွေကိုဖမ်းပြီး ရေနွေးပူနဲ့ လောင်း မယ်၊ လက်သည်းခွံတွေကို ခွာပစ်မယ်ဆိုတဲ့ ညှဉ်းပန်းနှိပ်စက်မှုမျိုးတွေက ထမင်းစား၊ ရေသောက် အနည်းဆုံး အသေးဆုံးနည်းတွေ ဖြစ်ပါတယ်။ ဂျပန်ကင်ပေတိုင်

စကား ပြန် လုပ်ကြတဲ့ မြန်မာတိုင်း အလိုတော်ရိတွေဖြစ်သွားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အများစုကတော့ ဂျပန်မာစတာတွေကို မျက်နှာလိုအားရလုပ်မှ ရာထူးမြဲမှာမို့ အတော် မျက်နှာပြောင်ကြပါတယ်။ ဂျပန်ခေတ်အတွင်း မြန်မာအမျိုးသမီးတွေ အစော်ကားခံကြ ရတာတွေအများကြီးရှိခဲ့ပါတယ်။ ဒါပေမဲ့ ဂျပန်ကတော် ဖြစ်ချင်လို့ ဆတ်စလူးခတ်ကြ တဲ့ အမျိုးပျက်ဗမာမတွေလည်း တွေ့ကြရပါတယ်။ ဒါ့ကြောင့်လည်း ... စိန်ကြည်နော်× × × စိန်ကြည် × × × လင်ယူပက်စက်သည် × × × မာစတာကတိုကျိုပြန် × × × ဗိုက်တစ်လုံးနဲ့ကျန် ဆိုတဲ့သီချင်း ဂျပန့်ခေတ်မှာ ရေပန်းစားခဲ့တာဖြစ်ပါတယ်။ ဂျပန် ယဉ်ကျေးမှုဟာ မြန်မာယဉ်ကျေးမှုထက် မြင့်တာတွေလည်း ရှိနိုင်ပါတယ်။ နိမ့်တဲ့နေရာ တွေလည်း ရှိနိုင်ပါတယ်။ ယဉ်ကျေးမှု အလေ့အကျင့်ချင်း မတူကြတာကတော့ အများ ကြီးပါပဲ။ ဂျပန်စစ်သားတွေဟာ မြန်မာမြို့ရွာ၊ ရပ်ကွက်တွေထဲက အများသုံးရေတွင်း၊ ရေကန်၊ မြစ်ဆိပ်၊ မြစ်ကမ်းနား တွေမှာ ကိုယ်တုံးလုံးချွတ်ပြီးတော့ ရေချိုးတတ်ကြ ပါတယ်။ ဝတ်ပြန်ရင်လည်း လန်ကွတ်တီလို့ခေါ်တဲ့ ဘောင်းဘီတို မဟုတ်တဲ့ ရှေ့ နောက် တစ်ထွာလောက်တွဲလောင်းချထားတဲ့ အဝတ်စကလေးနှစ်စသာ ဖုံးထားတဲ့ အရှက်မလုံတဲ့ အောက်ခံ အဝတ်စလေး လောက်နဲ့သာ နေတတ်ကြပါတယ်။ မြန်မာ အမျိုးသမီးတွေ ထွက်ပြေးကြရပါတယ်။ အဲဒီလို ပြေးကြတာကို ဘာလုပ်ကြတာလဲလို့ ခေါ်မေးပြီးတော့ ခိုးရား၊ ဘတ်ကဲရိုးလို့ ဆဲပြီးတော့ ပါးရိုက်ခံကြရတာတွေလည်း ခဏခဏပါပဲ။ ဂျပန်တွေဟာ သူတို့ စိတ်ဆိုးပြီဆိုရင် ပါးကို ဘယ်ပြန်ညာပြန်ရိုက်တာ တော်တော်အလေ့ပါတယ်။ တစ်ခါမှာတော့ အမေရိကန် တိုက်လေယာဉ်တစ်စင်း ဂျပန်လေယာဉ်ပစ်အမြောက်မှန်လို့ ပျက်ကျရာမှာ အမေရိကန် ပိုင်းလော့ကို ဖမ်းမိလာ ပါတယ်။ အဲဒီ အမေရိကန်ပိုင်းလော့ကြီးဟာ အရပ်က ၆ ပေခွဲလောက် မြင့်ပါတယ်။ အရပ် ၅ ပေလောက်ပဲရှိတဲ့ ဂျပန်ကင်ပေတိုင် ဗိုလ်မှူးရှေ့ကိုရောက်လာတော့ ဂျပန်ဂျပု ဗိုလ်မှူးက ခွေးခြေထိုင်ခုံလေး တစ်ခုပေါ်က တစ်ဆင့်တက်ပြီးတော့ အမေရိကန် ပိုင်းလော့ရဲ့ပါးကိုရိုက်တာ တွေ့ခဲ့ကြရဖူးပါတယ်။ ဂျပန်စကားတတ်တဲ့ မြန်မာ ကျောင်းဆရာတစ်ယောက်နဲ့ ဂျပန်ဗိုလ်တစ်ယောက် တွေ့ကြတဲ့အခါမှာလည်း မြန်မာ ကျောင်းဆရာက ပါးရိုက်တယ်ဆိုတဲ့ ကိစ္စကို မြန်မာ့ယဉ်ကျေးမှုမှာတော့ အဓိကအားဖြင့် မိန်းမတွေကသာ လုပ်လေ့လုပ်ထရှိပြီးတော့ ယောကျ်ားတွေ စိတ်ဆိုးရင် လက်သီးနဲ့ပဲ ထထိုးတတ်ကြပါတယ်လို့ ရှင်းပြပါသတဲ့။ ကံကောင်းပေလို့ ... အဲဒီဂျပန်ဟာ သဘောကောင်းတဲ့ မြို့သားဂျပန်ဖြစ်နေလို့ မြန်မာကျောင်းဆရာပြောတာကို ရယ်ရယ်မောမောပဲ နားထောင် သွားပါသတဲ့ ခင်ဗျာ။ ဂျပန်တွေဟာ စိတ်မထင်ရင် မထင်သလို ပါးရိုက်တတ် ကြပေမဲ့ ဗမာတစ်ယောက်ကို မတရား ပါးရိုက်နေတဲ့ ဂျပန်ဆာဂျင် တစ်ယောက်ကို ဂျပန်ကျောင်းဆရာ တစ်ယောက်က ခေါ်ပြီးတော့ ပါးရိုက်ဆုံးမတာလည်း

ရှားရှားပါးပါး ဝင်းဖေငယ်ငယ်က တွေ့ခဲ့ရဖူးပါတယ်။ ဂျပန်ခေတ်မှာ အာဏာရှင် ဂျပန်ဖက်ဆစ်တွေကို မျက်နှာလိုအားရ၊ ကပ်ဖားရပ်ဖားလုပ်ခဲ့တဲ့ လူတွေရှိသလို၊ ဂျပန်တွေပေးတဲ့ အတုအယောင် လွတ်လပ်ရေးဆိုတာကို ချက်ချင်း သဘောပေါက်ပြီးတော့ကာ ဂျပန်ဖက်ဆစ် တွေကို မြန်မာ့မြေပေါ်က မောင်းထုတ်ဖို့ ကြိုးပမ်းခဲ့ကြတဲ့ တိုးတက်တဲ့ မြန်မာတွေလည်း အများအပြား ရှိခဲ့ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယ ကမ္ဘာစစ်ကြီး အ တွင်းမှာတော့ ဝင်းဖေက ကလေး မို့ ဘာမှ သိပ်ပြီးတွေးတတ်ခဲ့တာ မဟုတ်ပါဘူး။ တွေ့ခဲ့ရတာတွေနဲ့ ပတ်သက်လို့ ကြီးလာတော့မှ သိလာတာတွေ အများကြီးရှိပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းမှာ ... နောက်ပိုင်း ပြည်တွင်းစစ်လို မဟုတ်တာက ... ဗုံးကြဲတိုက်ခိုက်ကြတဲ့ ကိစ္စပါပဲ။ ပြည်တွင်းစစ်မှာ ဗုံးကြဲ တိုက်ခိုက်တာမျိုးက မရှိသလောက် ရှားပါတယ်။ လက်ပစ်ဗုံးနဲ့ ထုတာတို့၊ မော်တာနဲ့ ထုတာတို့၊ အမြောက်နဲ့ ထုတာတို့တော့ ရှိတာပေါ့။ ဒါပေမဲ့ အဲဒီလိုမျိုး ကိစ္စတွေကလည်း ရှားပါတယ်။ ဒီတော့ ပြည်တွင်းစစ်ကြောင့် ဗုံးခိုကျင်းတွေဘာတွေ တူးကြရတာ သိပ်မရှိပါဘူး။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကတော့ မဟာမိတ်အုပ်စုလို့ ခေါ်တဲ့ အင်္ဂလိပ်၊ အမေရိကန်တွေ ဘက်ကရော၊ ဖက်ဆစ်ဂျပန်တွေဘက်ကရော ဗုံးကြဲ လေယာဉ်ပျံကြီးတွေနဲ့ ဗုံးတွေ ကြဲပြီးတော့ တိုက်ခိုက်ကြတာ မဟုတ်လား။ စစ်ကြီး စဖြစ်ပြီဆိုကတည်းက ဗုံးခိုကျင်းတွေဆိုတာ တူးကြရပါတယ်။ ဗုံးခိုကျင်းဆိုတာ များသောအားဖြင့်ကတော့ မြေကြီးထဲကို အနက်ပေ အနည်းဆုံး ၈ ပေလောက်အထိတူးကြရတယ်၊ ဝင်ပေါက် (ဒါမှမဟုတ်) ထွက်ပေါက် ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် ၂ ပေါက် ထားကြရပါတယ်။ အဲဒီအပေါက် နှစ်ပေါက်က ၈ ပေ လောက်စီရှည်မယ်၊ ဗျက်ကတော့ ၄၊ ၅ပေလောက်ပေါ့ခင်ဗျာ။ ပြီးတော့ကာ တစ်ဆစ်ချိုးကွေ့ပြီးတော့ ဆက်တူးမယ်။ အဲဒီအပိုင်းကတော့ လူတွေ ဗုံးခိုကြရမယ့် နေရာတွေပါပဲ။ ကြိုက်သလို ရှည်၊ ကြိုက်သလောက် ကျယ်လို့လည်း ဖြစ်ပါတယ်။ ဝင်ပေါက်၊ ထွက်ပေါက်တွေက နေပြီးတော့ တစ်ဆစ်ချိုးကွေ့ပြီးတော့ တူးရတာကတော့ ဗုံးဆန်တို့ဘာတို့ အဲဒီ အပေါက်တွေက မတော်တဆ တည့်တည့်ဝင်လာသည့်တိုင်အောင် လူတွေကို မမှန်အောင် ကွေ့ချိုးထားတာပါ။ ဗုံးကျင်းဆိုတာတွေကို တတ်နိုင်တဲ့သူတွေက တတ်နိုင်သလို တူးထားကြတာပါပဲ။ မတတ်နိုင်တဲ့ သူတွေကလည်း ဗုံးကြဲလေယာဉ်တွေ လာပြီ ဆိုရင် ကြောက်တော့ကာ တွေ့ရာဗုံးကျင်းတွေထဲ ပြေးဝင်ကြတာပါပဲ။ ဗုံးကျင်းရှင် တွေကလည်း ပြုပြုငြင်ငြင် မလုပ်ကြပါဘူး။ စစ်ပြေးဒုက္ခသည်တွေရဲ့ ရပ်ကွက်တွေမှာ ဗုံးကြဲလေယာဉ် သံချောင်းဆိုတာတွေ ရှိပါတယ်။ အချိန်မီ ပြေးကြ၊ တိမ်းကြ၊ ရှောင်ကြ၊ ပုန်းအောင်းကြဖို့ သတိပေး သံချောင်း ခေါက်တာပါပဲ။ ဗုံးကြဲလေယာဉ်ကြီးတွေ မလာခင် ၃/၄ နာရီလောက် ကြိုပြီးတော့ ကင်းထောက် လေယာဉ်ဆိုတာ တစ်စင်း လာတတ် ပါတယ်။

အဲဒီကင်းထောက်လေယာဉ်က ကောင်းကင်မှာ လေယာဉ်ပစ်အမြောက်တွေ လက်လှမ်း မမီနိုင်လောက်တဲ့ အလွန်မြင့်တဲ့ နေရာကနေပြီးတော့ ပျံသန်းပြီးတော့ကာ မြေပြင်ပေါ်မှာရှိတဲ့ ဗုံးကြဲတိုက်ခိုက်ရမယ့် နေရာတွေကို ဓာတ်ပုံရိုက်၊ မှတ်သား၊ ရယူ သွားတယ်လို့ ဆိုပါတယ်။ အဲဒီ ကင်းထောက်လေယာဉ်တွေ ပြန်သွားပြီးတော့ သိပ် မကြာခင်၊ (ဒါမှမဟုတ်) နောက်တစ်နေ့ ဗုံးကြဲလေယာဉ်တွေ လာတတ်တာပါပဲ။ စစ်အတွင်း ဗုံးကြဲလေယာဉ်တွေ လာပြီဆိုရင် အစင်းနှစ်ဆယ်၊ အစိတ်၊ သုံးဆယ်ဆိုတာလို လာတတ်ကြပါတယ်။ အဝေးကြီးကတည်းက တဝုန်းဝုန်းနဲ့ အလွန်ကြောက်စရာ ကောင်းတဲ့ အသံကြီးတွေကို စပြီးကြားရတာပါ။ အဲဒီအချိန်မှာပဲ ဗုံးကြဲလေယာဉ် သတိပေးတဲ့ သံချောင်းသံတွေ ငရဲပွက်သလို ကြားကြရတော့တာပါပဲ။ သွားလာလှုပ်ရှား နေတဲ့သူတွေလည်း သူ့အလုပ်၊ ကိုယ့်အလုပ် ပစ်ပြီးတော့ နီးရာဗုံးခိုကျင်းတွေထဲကို ဒိုင်ဗင်ထိုးဝင်ကြရတော့တာပါပဲ။ တစ်ခါတလေ ဗုံးခိုကျင်းတွေထဲမှာ မြွေတွေ ဘာတွေ ရောက်နေတတ်ပါတယ်။ အဲဒီမြွေတွေလည်း လူတွေတက်နင်းလို့ သေတာများတာ ပါပဲ။ တစ်ခါတလေ မြွေကိုက်ခံရလို့ ဗုံးကြောက်ရတာက တစ်မျိုး၊ မြွေကိုက်ခံရတဲ့ သူကိုကယ်ဖို့၊ ကုဖို့ လုပ်ကြရတာက တစ်မျိုး အားလုံး အလုပ်တွေ ရှုပ်ကုန်ကြရပါတယ်။ တစ်ခါတလေလည်း မိုးတွေရွာပြီးတော့ ဗုံးခိုကျင်းတွေထဲမှာ ရေတွေဝင်နေလို့ ဗုံးကြဲ လေယာဉ်တွေ လာတဲ့အခါမှာ လူတွေအားလုံး ရေတွေ၊ ဗွက်တွေ၊ ရွှံ့တွေနဲ့ ဒုက္ခ ရောက်ကုန်ကြလို့ ငိုအားထက် ရယ်အားသန်ကြရတာတွေလည်း အများကြီးပါပဲ။

အလွန်ကံဆိုးကြတဲ့အခါမှာ ဗုံးက ဗုံးခိုကျင်း အပေါ်တည့်တည့် တိုက်ရိုက်ကျတာတွေလည်း ရှိပါတယ်။ အဲဒီလို တိုက်ရိုက် ဗုံးကျပြီဆိုရင်တော့ လူတွေ အများကြီး အစအန တောင် ရှာလို့မရတော့လောက်အောင် ကာလနာ တိုက်တော့တာပါပဲ။ ဝင်းဖေတို့ ငယ်ငယ်က ပထမတော့ ဗုံးကြဲ လေယာဉ်ပျံကြီးတွေလာရင် သိပ်ကြောက်ကြပါတယ်။ နောက်တော့လည်း တဖြည်းဖြည်းနဲ့ ရိုးလာပါတယ်။ တစ်ခါတလေ ဗုံးကျင်းထဲ ပြေးဝင်ကြရမယ့်အစား မြေကြီးပေါ်မှာ ပက်လက်လှန်ပြီးတော့ မိုးပေါ်က ဗုံးကြဲ လေယာဉ်ပျံကြီးတွေကို ကြည့်ကြပါတယ်။ အမေရိကန်တွေရဲ့ ဘီ ၂၉ ရောမ ဗုံးကြဲ လေယာဉ် မည်းမည်းကြီးတွေဟာ တဝုန်းဝုန်း ဆူညံနေတဲ့ အသံကြီးတွေနဲ့ အလွန် ကြောက်စရာ ကောင်းလှပါတယ်။ ငါးမကြီးတွေက ဥတွေချသလို ဗုံးတွေကို ကြဲချကြ ပါတယ်။ အဲဒီဗုံးတွေဟာ ဝင်းဖေတို့ ပက်လက်လှန်ပြီး ကြည့်နေကြတဲ့ အပေါ်တည့်တည့်မှာ ကြဲချတာဆိုရင် ဝင်းဖေတို့အပေါ်ကို မကျတော့တာ သေချာပါတယ်။ လေယာဉ်ပျံသန်းလာတဲ့ အရှိန်နဲ့ ဆိုတော့ စပြီး ဖြုတ်ချတဲ့ နေရာက ရှေ့မိုင်ဝက်လောက် မှာ သွားကျတတ်ပါတယ်။ ဒါကိုသိနေတော့ ဝင်းဖေတို့လည်း ကြည့်ရဲကြပါတယ်။ ဗုံးတစ်ခါတစ်ခါ ကြဲချပြီဆိုရင်

အဆောက်အဦတွေ ပျက်၊ မီးတွေလောင်၊ လူတွေသေ ဆိုတာမျိုးတွေဖြစ်၊ အော်ကြ၊ ငိုကြ၊ ယိုကြ၊ ပြေးကြ၊ လွှားကြနဲ့ ကမ္ဘာပျက်သလို ဖြစ်တော့တာပါပဲ။ အဲဒီလိုထဲမှာ သစ်ပင်ကြီးတွေ အတော်များများလည်း ဗုံးဆန်မှန်လို့ ကျိုးကုန်မယ်၊ ပြတ်ထွက်ကုန်မယ်ဆိုရင် ဗုံးအန္တရာယ်က လွတ်တဲ့ လူတွေက လျင်ရင် လျင်သလို ထင်းပြေး ခုတ်ကြတော့တာပါပဲ။ စစ်အတွင်းမှာ ထင်းအလွန်ရှားပါတယ်။ ပိုက်ဆံရှိလို့လည်း ထင်းရောင်းမယ့်သူ မရှိပါဘူး။ ထင်းလိုလို့ ဆိုပြီး တွေ့ကရာ သစ်ပင်ကို ခုတ်ကြလွန်းလို့ လုံး၀ ထင်းမခုတ်ရဆိုတဲ့ အမိန့်တွေ ထုတ်ထားပါတယ်။ ဒါပေမဲ့ ဗုံးကျလို့ ဗုံးဒဏ်ကြောင့် ပြတ်ထွက်တဲ့ သစ်ပင်၊ လဲကျတဲ့ သစ်ပင်တွေကိုတော့ ဦးရာ လူစနစ်နဲ့ ထင်းအဖြစ် ယူနိုင်ကြတယ်လို့ ခွင့်ပြုထားပါတယ်။ ဒီတော့လည်း ဗုံးတစ်ခါ တစ်ခါ ကြဲပြီးရင် အန္တရာယ်ကင်းသူတွေက ထင်း ထွက်ရှာတတ်ကြပါတယ်။ ငိုအားထက် ရယ်အားသန်စရာတွေကတော့ ကမ္ဘာစစ်ကြီးအတွင်းမှာလည်း အများကြီးပါပဲ။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၊ ဂျပန်ခေတ်၊ မြန်မာနိုင်ငံထဲမှာ သုံးစွဲဖို့ ဂျပန်ငွေစက္ကူတွေ ရိုက်နှိပ် ထုတ်ဝေတဲ့အကြောင်း အတော်အသင့်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီငွေတွေဟာ ပုံနှိပ်ထားတဲ့ စက္ကူတွေသာ ဖြစ်တဲ့ အကြောင်း၊ ဘာအာမခံမှ မရှိတဲ့ အကြောင်း ပြောခဲ့ပြီး ဖြစ်ပါတယ်။ ပြီးတော့ ကမ္ဘာစစ်ကြီးအတွင်းမှာ မဟုတ်လား ... ဘယ်သူနိုင်လို့ ဘယ်သူရှုံးမယ်ဆိုတာကလည်း ဘာမှမသေချာပါဘူး။ တည်ငြိမ်မှု ဆိုတာ ဘယ်ဘက်ကမှ မရှိလေတော့ ငွေကြေးတန်ဖိုး ဖောင်းပွမှုဆိုတာကတော့ ဒီကနေ့ ရွှေမြန်မာတွေ မျက်ဝါးထင်ထင် တွေ့နေကြရသလိုပါပဲ။ အဲဒါတွေကြောင့်မို့ ဂျပန်ငွေစက္ကူထုတ်ပြီး ဘာကြာလိုက်လို့လဲ ... တန်ဖိုးက နေ့ချင်းညချင်း ကျကျသွားလိုက် တာ လက်ဖက်ရည် တစ်ခွက် တစ်မတ် ကနေပြီးတော့ နှစ်ရာ/သုံးရာတွေ ဖြစ်ကုန်တော့ တာပါပဲ။ ခေါက်ဆွဲကြော်တစ်ပွဲ သုံးထောင်၊ မုန့်တီတစ်ပွဲ နှစ်ထောင်၊ အကြော်တစ်ခု နှစ်ရာ ... ခေါက်ရာပါတဲ့ ပိုက်ဆံ လုံးဝလက်မခံ၊ ပိုက်ဆံကို အသစ်ကျပ်ချွတ် အုပ်လိုက် က ဖြုတ်ပေးမှရမယ် ... အဲဒါကြောင့်မို့ ဂျပန်ခေတ်မှာ အလွန်ခေတ်စားခဲ့တဲ့ စကား တစ်ခုရှိပါတယ်။ ထောင်မလဲ၊ သဲကော် ... တဲ့။ ငွေစက္ကူကို ထောင်လိုက်ရင် လဲမသွား စေရဘူး။ တောင့်ပြီး ထောင်နေရမယ်။ နောက်ပြီးတော့ အဲဒီငွေစက္ကူနဲ့ထိုးပြီးတော့ သဲကိုကော်လိုက်ရင် သဲဟာ ပါလာရမယ်။ အဲဒီလောက် ငွေစက္ကူ အသစ်စက်စက်ဆိုမှ ရောင်းရေးဝယ်တာမှာ လက်ခံနိုင်မယ်ဆိုတဲ့ သဘောပါပဲ။ ဂျပန်ငွေစက္ကူတွေဟာ ဘာတန်ဖိုးမှ မရှိလေတော့ကာ နည်းနည်းကလေး နွမ်းတာ မပြောနဲ့ ... သွားခေါက်လိုက် လို့ ခေါက်ရိုးပါလာရင်ကို လက်မခံကြတော့ပါဘူး။ တန်ဖိုး မရှိတော့ပါဘူး။ ပဲပြုတ်သည် ကတောင် မယူတော့ပါဘူး။ ရွှေဘိုဘက်မှာ ဓားပြတိုက်တော့ အိမ်ရှင်တွေက ဂျပန်ငွေစက္ကူတွေ ဂုံနီအိတ်နဲ့ ၅ လုံးလောက် ထုတ်ပေးလိုက်ပါတယ်၊ ဓားပြတွေက အဲဒီအိတ်တွေကို ထမ်းပြေးဖို့ ကြိုးစားနေရလို့ လူတွေက လိုက်ဖမ်းကြတာ မိသွားတယ်လို့ ဝင်းဖေတို့ ငယ်ငယ်က ကြားလိုက်ရပါတယ်။ ဂျပန်တော်လှန်ရေး နားနီးတော့ မြန်မာပြည်သူတွေက တော်လှန်ရေးသမားတွေ အတွက် အလှူငွေထည့်ကြတာလည်း ဂုံနီအိတ်တွေနဲ့ပဲ ပေးလိုက်ကြရတာပဲတဲ့။ မြန်မာပြည်မှာ ဘာပဲဖြစ်ဖြစ်၊ အတော်လေး ပေါတောတော ပဲတဲတဲနိုင်လာရင် ... စစ်ပြီးကာစက ဂျပန် ငွေစက္ကူတွေ ကျနေတာပဲလို့ ပြောကြပါတယ်။ ဒီကနေ့ခေတ် မြန်မာ ငွေစက္ကူတွေ ကိုလည်း ကမ္ဘာစစ်ကို

မီလိုက်ကြတဲ့သူတွေကတော့ ... ဘာထူးလဲကွာ ... ဂျပန်ငွေစက္ကူတွေပါပဲ ... လို့ ပြောနေကြတာပါပဲ။ ထားလိုက်ပါတော့။ ဂျပန့်ခေတ် ရောဂါဘယတွေအကြောင်း လည်း ပြောချင်ပါသေးတယ်။

အများဆုံးကတော့ အာဟာရဓာတ် မပြည့်ဝတဲ့၊ ထမင်းငတ်တဲ့ ရောဂါဟာ ထိပ်မှာ ရှိပါတယ်။ ထမင်းရည်တို့၊ ဆန်ပြုတ်တို့ပဲ သောက်နေကြရတာ များပါတယ်။ နောက်သန့်ရှင်းရေးအတွက် ဆပ်ပြာကစပြီး အားလုံး ပြတ်လပ်ရှားပါးကုန်တဲ့အတွက် ဝဲတွေ၊ ယားနာတွေ၊ ညှင်းတွေ၊ တင်းတိပ်တွေဆိုတာ လူတိုင်းလောက်မှာ ဖြစ်နေ ကြတာပါပဲ။ ဆေးဝါးတွေကလည်း မပြည့်စုံလေတော့ ငှက်ဖျားရောဂါတို့၊ ဝမ်းရောဂါတို့၊ ပုလိပ်ရောဂါတို့စတဲ့ ဒီကူးစက်ရောဂါတွေလည်း သိပ်ဖြစ်ကြပါတယ်။ စစ်ဘေး စစ်ဒဏ်ကြောင့် သေကျေ ဆုံးရှုံးကြရတာရယ်၊ ရောဂါဘယတွေကြောင့် သေကုန်ကြရ တာတွေရယ် ... ကမ္ဘာစစ်ကြီးအတွင်းမှာ အသေအပျောက် သိပ်များပါတယ်။ ဂျပန်တွေ စစ်ကြီးဖြစ်စက ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ အရှေ့အာရှနဲ့ အရှေ့တောင်အာရှကို သိမ်းပိုက်လိုက် တာလိုပါပဲ။ စစ်ရေးအရ ချည့်နဲ့လာပြီဆိုတော့လည်း ချက်ချင်းဆိုသလို စစ်ဦးကစပြီး တော့ ပြိုကျတော့တာပါပဲ။ ၁၉၄၅ ခုနှစ်မှာ စစ်ကြီးက ပြီးသွားပါတယ်။ ဝင်းဖေဟာ ဒီတော့ ၁၀နှစ်သားလောက် ဖြစ်နေပါပြီ။ ဝင်းဖေတို့ မန္တလေးမြို့ကြီးမှာ မြန်မာမင်းများ ထီးနန်းကစလို့ တစ်မြို့လုံးလောက် စစ်ဘေးစစ်ဒဏ်သင့်ပြီးတော့ မီးလောင်ပြာကျ ပြိုလဲကုန်ပြီ ဖြစ်ပါတယ်။ မန္တလေးက ရပ်ကွက်နေရာ အမြောက်အမြားမှာ ဗုံးကျင်းတွေ ဟာ နှုတ်ခမ်းချင်းဆက်နေပါတယ်။ ပြိုကျသွားတဲ့ တိုက်ပျက်ကြီးတွေက အုတ်ပုံကြီး တွေကို ရှင်းပစ်ဖို့ကိုက အတော်ကြီးလေးတဲ့ လုပ်ငန်းကြီးတွေ ဖြစ်နေပါတယ်။ ဂျပန် စစ်သားတွေဟာလည်း အခုတော့ ထောင်နဲ့သောင်းနဲ့ချီပြီးတော့ စစ်သုံ့ပန်းတွေ ဖြစ်ကုန် ကြပါပြီ။ အမေရိကန်နဲ့ အင်္ဂလိပ်စစ်တပ်က အဲဒီဂျပန်စစ်သားအကျဉ်းသားတွေကိုပဲ မန္တလေးမြို့ပျက်ကြီးထဲက ဗုံးဒဏ်သင့် အုတ်ပုံကြီးတွေကို ဖယ်ရှားပစ်ဖို့ ခိုင်းစေပါတော့ တယ်။ နံနက်တိုင်း ဂျပန်စစ်သုံ့ပန်းတွေကို စစ်ကားကြီးတွေနဲ့ တင်လာကြပါတယ်။ စစ်ဒဏ်သင့် တိုက်ပျက်ကြီးတွေရှိတဲ့နေရာမှာ တစ်နေကုန်တစ်နေခန်း တိုက်ပျက်ကြီး တွေက အုတ်ပုံတွေကို သယ်ပြီးတော့၊ ဗုံးကျင်းတွေမြေဖို့၊ ဗုံးဒဏ်ကြောင့် ပြတ်တောက်၊ ပေါက်ပျက်၊ ပိတ်ဆို့နေတဲ့ မြောင်းတွေကို ဖောက်ချ၊ ရေဆိုးတွေကိုရှင်းကြ ... စတဲ့ စစ်ဒဏ်သင့် မန္တလေးမြို့ပျက်ကြီးကို ရှင်းလင်းကြပါတော့တယ်။

မြန်မာပြည်သူတွေကို ထင်သလို ပါးရိုက်၊ နားရိုက်နဲ့ အမျိုးမျိုးစော်ကားခဲ့တဲ့ ဂျပန်တွေဟာ ဘာကြောလိုက်လို့လဲ ... နေ့ချင်းညချင်း မျက်နှာငယ်လေးတွေနဲ့ စစ် အကျဉ်းသား၊ စစ်သုံ့ပန်းတွေ ဖြစ်ကုန်ကြပြန်တယ်။

မကြာသေးခင်ကလေးကမှ မြန်မာ ပြည်သူတွေဟာ ဂျပန်တော်လှန်ရေးကို အပြည့်အဝထောက်ခံခဲ့ကြပြီးတော့ ဂျပန်မှန်ရင် အကုန်သာ ချေမှုန်းကြပေရော့ ... ဘာညာနဲ့အားတက်သရော တိုက်တွန်းခဲ့ကြပါသေး တယ်။ ခု ရုတ်တရက် စစ်ကြီးပြီးသွားလို့ ဂျပန်တွေစစ်သုံ့ပန်းဖြစ်ပြီး မျက်နှာငယ် ကလေးတွေနဲ့ စားရမဲ့ သောက်ရမဲ့လေးလည်း ဖြစ်ကုန်ရော ကြည့်ပြီးတော့ သနား ကုန်ကြပြန်ပါတယ်။

ဝင်းဖေတို့ကလေးတွေ အပါအဝင် မြန်မာတော်တော်များများဟာ ဂျပန် စစ်သုံ့ပန်းတွေကို ကျွေးကြမွေးကြ၊ ပေးကြကမ်းကြ .. အနည်းဆုံး အမောပြေ ရေတိုက် ကြနဲ့ ဖြစ်ကုန်ကြပါတယ်။ မြန်မာပြည်မှာ ဂျပန်တော်လှန်ရေးကြီး တစ်ရပ်၊ သမိုင်းတွင် လောက်အောင် အကြီးအကျယ်တိုက်ခိုက်ခဲ့တာမှန်ပေမဲ့ ဂျပန်လူမျိုးတွေက အဲဒီလုပ်ရပ် ကြီးကို စိတ်မနာနိုင်ဘဲ မြန်မာလူမျိုးတွေဟာ ... စေတနာ၊ မေတ္တာ၊ သဒ္ဓါတရား၊ အကြင်နာတရား ကြီးမားကြပါပေတယ်၊ ဂျပန်စစ်သား အမြောက်အမြားရဲ့ အသက်ကို လည်း အကာအကွယ်ပေးခဲ့ကြပါပေတယ် ... ဆိုပြီးတော့ ... ဒီကနေ့အထိ မမေ့နိုင် အောင် ထူးထူးခြားခြား ကျေးဇူးတင်နေကြပါတယ်ခင်ဗျား။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဂျပန်စစ်သုံ့ပန်းတွေ အကြောင်းကို အကျဉ်းချုံးပြီးတော့ ဖော်ပြခဲ့ ပါတယ်။ ဝင်းဖေငယ်ငယ်က တွေ့ခဲ့ကြုံခဲ့ရပြီး တော့ အတော်အသင့်မှတ်မိနေတဲ့ အသေးစိတ် ကလေးတွေကို ထပ်ပြီးတော့ တင်ပြပါဦးမယ်။ မြန်မာပြည်ကို ဂျပန်တွေ ဝင်လာစက ဂျပန်တွေဟာ မြန်မာတွေကို မိုက်မိုက်ရိုင်းရိုင်း ညှဉ်းပန်းနှိပ်စက် အနိုင်ကျင့်ခဲ့တာ အမှန်ပါပဲ။ မြန်မာတွေကလည်း ဂျပန်တွေကို အမုန်းကြီးမုန်း၊ အနာကြီးနာခဲ့ကြတာ ကလည်း အမှန်ပါပဲ။ ဒါပေမဲ့ ဂျပန်တွေ စစ်ရှုံးသွားကြပြီးတော့ စစ်သုံ့ပန်းတွေဖြစ်သွား လို့ စားရမဲ့ သောက်ရမဲ့ဖြစ်သွားကြတဲ့အခါမှာတော့ မြန်မာတွေဟာ ဂျပန်မုန်းတီးစိတ်တွေ ချက်ချင်းဆိုတာလို ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီးတော့ သနားကြင်နာ တတ်တဲ့ စိတ်တွေနဲ့ပေးကြ၊ ကမ်းကြ၊ ကျွေးကြ၊ မွေးကြ၊ ကူကြ၊ ကယ်ကြနဲ့ အံ့သြစရာ ကောင်းလောက်အောင် ကြီးမားတဲ့ ကရုဏာတရားတွေရှိတာကို တွေ့ကြရပြန် ပါတယ်။ အဲဒီလို ကရုဏာစိတ်တွေဟာ စစ်ကြီးမပြီးခင် ဂျပန်တွေ အရေးနိမ့်တဲ့အချိန် ကတည်းက စပြီးတော့ တွေ့ကြရပါတယ်။ စစ်ပြီး ဂျပန် အမြောက်အမြားကို မြန်မာ တောသူတောင်သားတွေက အန္တရာယ်ကလွတ်အောင် ဖုံးထား၊ ဖွက်ထား (ဝှက်ထား)၊ ကျွေးမွေးထားပြီးတော့ အကာအကွယ်ပေးခဲ့ကြပါတယ်။ မြန်မာတွေဟာ ဂျပန်တွေကိုမှ မဟုတ်ပါဘူး ... ဘယ်သူ့ကိုမဆို ဒုက္ခရောက်နေရင် ကူညီချင်၊ ကယ်တင်ချင်တဲ့ ကရုဏာစိတ်ကြီးမားတာ အမှန်ပါပဲ။ ဒီစိတ်ဟာ မွန်မြတ်တဲ့ စိတ်ထားတစ်မျိုး ဖြစ်ပါတယ်။ ဒီလိုမွန်မြတ်တဲ့ ကရုဏာစိတ်မျိုး မြန်မာတွေမှာ ထူးထူးခြားခြားရှိနေတာကို မြန်မာအချင်းချင်းက သိပ်ပြီးတော့ သတိထားမိကြပုံ မရပါဘူး။ ဂျပန်တွေကတော့ မြန်မာတွေရဲ့ကြီးမားလှတဲ့ ကရုဏာတရားကို အလွန်အမင်း၊ တအံ့တသြဖြစ်ခဲ့ကြတာ ကတော့ အမှန်ပါပဲ။ ဒုတိယကမ္ဘာစစ်ကြီးပြီးသွားလို့ နှစ်တွေ အတော်ကြာလာတဲ့ ဒီနေ့အထိ မြန်မာစစ်မြေပြင်က ပြန်လာတဲ့ စစ်သားစစ်ဗိုလ်တွေဟာ မြန်မာတွေရဲ့ ကရုဏာတရားကို အောက်မေ့တသဖြစ်ကြရင်း ကျေးဇူးတင်မဆုံး ဖြစ်ကြတုန်း ရှိပါတယ်။ ဂျပန်ရောက်မြန်မာတွေကို မြန်မာစစ်မြေပြင်က ပြန်လာတဲ့ ဂျပန်စစ်သားဟောင်း ကြီးတွေက ဘယ်သူဘယ်ဝါဆိုတာ ဘာမှမသိပေမဲ့ မြန်မာပြည်က ဆိုတာနဲ့တင် ညှော်ခံကျွေးမွေးတာတွေ၊ လက်ဆောင်ပစ္စည်းတွေ၊ ငွေကြေးတွေနဲ့ ကျေးဇူးဆပ်ကြတဲ့ လုပ်ရပ်တွေ အများကြီးရှိခဲ့၊ ရှိနေဆဲလည်း

ဖြစ်ပါတယ်။

ဝင်းဖေကိုယ်တိုင် ၁၉၉၁ ခုနှစ်က ဂျပန်ဖောင်ဒေးရှင်းရဲ့ ရုပ်ရှင်ပညာသည် ဧည့်သည်အဖြစ် ဂျပန်နိုင်ငံကို ရောက်ရှိစဉ် ကျိုတိုမြို့မှာ လုပ်ငန်းရှင်ကြီးတွေ ဖြစ်နေကြပြီ ဖြစ်တဲ့ မြန်မာစစ်မြေပြင်ပြန် ဂျပန်စစ်သားဟောင်းကြီး နှစ်ဦးက ကျွေးမွေးပြု ဧည့်ခံတာကို ကြုံခဲ့ရဖူးပါတယ်။ သူတို့နှစ်ယောက်စလုံးက ဝင်းဖေကို ဘယ်သူဘယ်ဝါမှန်းသိတာ မဟုတ်ပါဘူး။ မြန်မာပြည်က ဧည့်သည်ဆိုတဲ့ သိမှုတစ်ခုတည်းနဲ့တင် ဧည့်ခံကျွေးမွေးပြု ကြတာ ဖြစ်ပါတယ်။ တော်တော်အဆင့်မြင့်တဲ့ စားသောက်ဆိုင်ကြီးတစ်ခုမှာ ဧည့်ခံတာ ဖြစ်ပါတယ်။ ဝင်းဖေ မြန်မာပြည်ကို ပြန်ရင် ကြိုက်နှစ်သက်ရာ ပစ္စည်းများကိုလည်း ဝယ်ယူသွားဖို့ ပိုက်ဆံ တော်တော်များများကိုလည်း ဇွတ်ပေးကြပါတယ်။ ဘယ်လိုမှ ငြင်းလို့မရပါဘူး။ သူတို့ဟာ စစ်ကြီးအပြီးမှာ စစ်သုံ့ပန်းတွေအဖြစ်နဲ့ မန္တလေးမြို့မှာ လအတော်ကြာ နေခဲ့ကြရတဲ့ အကြောင်း၊ သူတို့နေခဲ့ရတဲ့ သုံ့ပန်းစခန်းအမှတ်ကို ပြောပြပါတယ်။ ဝင်းဖေက မသိပါဘူး။ ဒါပေမဲ့ ဝင်းဖေကလည်း စစ်ကြီးပြီးစ ကလေး အရွယ်၊ ၁၀ နှစ်သား အရွယ်လောက် မန္တလေးမြို့ နာရီစင်ကြီးအနားက ဗုံးကျင်းကြီး တွေကို ရှင်းလင်းကြရတဲ့ ဂျပန်စစ်သုံ့ပန်းတွေကို ဆေးလိပ်ဝယ်ပေးတာတို့၊ ရေပုလင်း ဖြည့်ပေးတာတို့၊ မုန့်ဝယ်ပေးတာတို့ ... နောက် ဂျပန်စစ်သုံ့ပန်းတွေ သူတို့စခန်းမှာရရာ၊ တွေ့ရာပစ္စည်းတွေနဲ့ အရုပ်အမျိုးမျိုး လုပ်ပြီးတော့ ယူလာကြတာတွေကို ရောင်းပေးခဲ့ရ တာတို့ဆိုတာတွေကို ပြောပြတော့ကာ အဲဒီဂျပန်ကြီး နှစ်ယောက်လည်း မျက်ရည်တောင် ကျကုန်ကြပါတယ်။ သူတို့အနေနဲ့ မန္တလေးက ဗုံးကျင်းကြီးတွေကို မြေဖို့တာတို့၊ တိုက်ပျက် အုတ်ပုံကြီးတွေကို ရှင်းပေးခဲ့ရတာတွေ လုပ်ခဲ့ရတဲ့အကြောင်း၊ ဝင်းဖေ ပြောသလိုပဲ မြန်မာကလေးတွေ၊ လူကြီးတွေက သူတို့ကို ပေးကြ၊ ကမ်းကြ၊ ကူညီကြတဲ့ အကြောင်း၊ အတော်ကြီးကို တိုက်ဆိုင်နေတာတွေကို အပြန်အလှန် ပြောမိကြပါတယ်။ အဲဒီစစ်ပြန်ကြီး နှစ်ယောက်စလုံးကလည်း ဒီတုန်းက သူတို့အကျဉ်းစခန်းထဲက ရတတ် သမျှ ပစ္စည်းအတိုအထွာကလေးတွေ၊ ရောင်စုံစက္ကူတွေကိုသုံးပြီးတော့ ... လှေပုံ၊ အိမ်ပုံ၊ တိရစ္ဆာန်ပုံ အရုပ်ကလေးတွေ လုပ်ပြီးတော့ ရောင်းခဲ့ကြဖူးတာလည်း သွားပြီးတော့ တိုက်ဆိုင်နေပါတယ်။ ဒီတုန်းက ဝင်းဖေတို့ကလေးတွေက အများကြီး မဟုတ်လား။ အဲဒီဂျပန်ကြီးနှစ်ယောက်ဟာ ဝင်းဖေနဲ့တွေ့ခဲ့ကြတာလည်း ဖြစ်နိုင်ပါတယ်။ ဝင်းဖေ ကလေးဘဝတုန်းက အဖြစ်အပျက်တွေ မဟုတ်လား ... ပီပီပြင်ပြင်တော့ ဘယ် မှတ်မိပါ့မလဲ။ နောက်တစ်ခါ ဟိုး ၆၀ ခုနှစ်တွေ လောက်တုန်းက ဂျပန်နိုင်ငံ အိုဆာကာ မြို့ကြီးမှာ နိုင်ငံတကာကုန်စည်ပြပွဲကြီး လုပ်ပါတယ်။ မြန်မာပြည် ကလည်း ပါဝင် ပြသမယ်ဆိုတော့ ဂျပန်စစ်ပြန်ကြီးတစ်ဦးက မြန်မာတွေကို ကျေးဇူးတုံ့ပြန်ချင်တဲ့ အတွက်တဲ့ ... မြန်မာပြခန်းမှာ အခမဲ့လုပ်အားပေးဖို့ ၃

လလောက်ကြပြီးတော့ စာရင်း သွင်းခဲ့ပါသတဲ့ဗျား။

ဒါပေမဲ့ တကယ်တမ်းပြပွဲတွေ မဖွင့်ခင် တစ်ပတ်လောက်မှာ အဲဒီ ဂျပန်ကြီး အပြင်းဖျားပြီး ဆုံးပါး သွားရှာပါသတဲ့ ခင်ဗျား။ ပြပွဲဖွင့်တော့ အဲဒီစစ်ပြိန်ကြီးရဲ့ မိသားစု ဟာ ကွယ်လွန်သွားသူက အလေးအနက် မှာကြားထားခဲ့တဲ့ ဆန္ဒအရ ကွယ်လွန်သူရဲ့ ဓာတ်ပုံကို မိသားစုအားလုံး ကိုင်ဆောင်ပြီးတော့ မြန်မာပြခန်းကို လှည့်ပတ် ပြသခဲ့ကြ ရပါသတဲ့။ ဒီအကြောင်းတွေကို ဒီတုန်းက အခမ်းအနားပြင်ဆင်မွမ်းမံမှု ဒီဇိုင်းအားလုံးကို တာဝန်ယူ ဆောင်ရွက်ခဲ့ရတဲ့ မြန်မာ့ရိုးရာဒီဇိုင်းပညာရှင် ဦးအေးမြင့်က ပြောပြတာ ဖြစ်ပါတယ်။ မြန်မာတွေဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား တွေကို မြတ်နိုး၊ တန်ဖိုးထား၊ ကျင့်ကြံ၊ အားထုတ်ကြတာကြောင့် နှစ်လိုဖွယ်၊ အလွန် ဖော်ရွေတတ်တဲ့ လူမျိုးတွေအဖြစ် နိုင်ငံတကာက သတိပြုမိကြတာ၊ နောက် ချီးမွမ်း ထောမနာပြုကြရတာဟာ အလွန်သဘာဝကျပြီးတော့ မြန်မာတွေအဖို့ အထူး ဂုဏ်ယူ စရာ ကောင်းလှပါတယ်ခင်ဗျာ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့ သီတင်းပတ်က ဂျပန်စစ်သုံ့ပန်းတွေ အကြောင်းပြောရင်းနဲ့ မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင် ဦးအေးမြင့် အကြောင်း နည်းနည်းထည့်ပြီးတော့ ကိုးကားပြောမိလို့ ကြုံတုန်း ဒီပညာရှင်ကြီးအကြောင်း ဝင်းဖေ သိသလို တင်ပြချင်ပါတယ်။

ဦးအေးမြင့်နဲ့ ဝင်းဖေတို့ဟာ မန္တလေးမြို့က နာမည်ကြီး ပြည်ကြီးကျက်သရေ၊ ဓားတန်းရုပ်ဇာတ်တွေ ဖြစ်ကြပါတယ်။ ဝင်းဖေရဲ့ ပန်းချီပညာနဲ့ပတ်သက်တဲ့ ဆရာ ရင်းတွေက ဦးထွန်းညွန့်၊ ဦးဘသက်၊ ဦးခင်မောင် (ဘဏ်)၊ တို့ဖြစ်ကြပြီးတော့ ဦးအေးမြင့်ရဲ့ ဆရာများကတော့ ဦးကြွယ်လေးနဲ့ ဦးခင်မောင်(ဘဏ်)တို့ ဖြစ်နေပြန်ပါတယ်။ ဝင်းဖေနဲ့ ဆရာဦးအေးမြင့်တို့ဟာ တစ်ရပ်တည်းသား၊ တစ်ဆရာ တည်းပေါက်၊ ပန်းချီညီအစ်ကိုများ ဖြစ်ကြပါတယ်။ လက်တွေ့ မှာလည်း ဆရာဦးအေး မြင့်ဟာ ဝင်းဖေရဲ့ အစ်ကိုအရင်းတစ်ယောက်လိုပါပဲ။ မြန်မာခေတ်ပေါ်ပန်းချီကို ဦးဆောင်တဲ့ ဘဏ်ဦးခင်မောင်ဟာ ပန်းချီပညာမှာ အဓိကပင်မ အခြေခံတစ်ရပ်ဖြစ်တဲ့ ဒီဇိုင်းပညာကို အလေးအနက်ထား သင်ကြားသူ ဆရာကြီးတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ထင်ပါတယ် .. ဆရာဦးအေးမြင့်ဟာ ဒီဇိုင်းပညာမှာ ထူးချွန် အားကောင်း သူ ဖြစ်ပါတယ်။ တစ်ခါ ဒီဇိုင်းပညာရိုးရိုး မဟုတ်ပြန်ဘဲ မြန်မာ့ရိုးရာဒီဇိုင်းကို အထူးပြု လေ့လာဆည်းပူးသူ ရှားပါးပညာရှင်လည်း ဖြစ်လာပြန်ပါတယ်။ ဘယ်နိုင်ငံမှာပဲ ဖြစ်ဖြစ်၊ ခေတ်ပေါ်ရေစီးကြောင်းနဲ့ လိုက်ပါလိုသူတွေသာ များပါတယ်။ ခေတ်ဟောင်း၊ ခေတ်လွန်ကပညာရပ်တွေကို လေ့လာလိုက်စားတဲ့သူက အလွန် ရှားပါးနေတတ်ပါတယ်။ မြန်မာနိုင်ငံမှာ ပိုရှားပါတယ်။ ဝင်းဖေရဲ့ဖခင်လုပ်သူက မြန်မာ့ရှေးဟောင်း ပညာရပ်တွေ၊ မြန်မာစာပေ၊ မြန်မာသမိုင်း၊ မြန်မာ အနုပညာတွေကို လေ့လာလိုက်စား သူတေသန ပွားပါတယ်။ ဝင်းဖေက ပါရမီမရင့်ကျက်တဲ့အတွက် ဖအေ့ခြေရာကို မနင်းနိုင်ပါဘူး။

ဦးအေးမြင့်ဟာ မြန်မာ့ရိုးရာ ဒီဇိုင်းတွေကို အထူးပြုလေ့လာဖို့ ဆုံးဖြတ် လုပ်ဆောင်လာတဲ့အခါမှာ ဝင်းဖေက ကိုယ်ကိုယ်တိုင် တန်ဖိုးထားပေမဲ့ ကိုယ်တိုင် မလုပ်နိုင်တဲ့အတွက် ဦးအေးမြင့်ကို အလွန်အားကျ၊ လေးစား၊ ရိုသေခဲ့ပါတယ်။

ဦးအေးမြင့်ဟာ မြန်မာကျောင်းကန်ဘုရားတွေ၊ ပေ၊ ပုရပိုက်တွေ အမြောက်အမြားက နေပြီးတော့ နှစ်ရှည်လများ၊ ကျားကုတ်ကျားခဲ လေ့လာ၊ ကူးယူ၊ စုဆောင်းရပါတယ်။ စုဆောင်းရရှိထားတဲ့ ဒီဇိုင်းတွေ အထောက်အထားတွေကိုလည်း ကာလဒေသအလိုက် အုပ်စုခွဲပြီးတော့ သမိုင်းခေတ်အလိုက် ပိုင်းခြား၊ သတ်မှတ်၊ စိတ်ဖြာရပါတယ်။ အလွန် ရှုပ်ထွေးများပြားပြီး ခက်ခဲနက်နဲတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေမှာတော့ ရှေး ခေတ်ကာလအသီးသီးအလိုက် ... အသုံးအဆောင်၊ အဝတ် အစား၊ အဆောက်အဦ၊ အနုပညာရပ်စတာတွေကို အင်နဲ့အားနဲ့ စနစ်တကျ လုပ်ဆောင် နိုင်ကြပြီ ဖြစ်ပါတယ်။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စတာတွေမှာ ဘာတည်ငြိမ်မှုမှ မရှိသေးတဲ့ မြန်မာနိုင်ငံမှာတော့ ဦးအေးမြင့်လို တစ်သက်လုံးအနစ်နာခံပြီး သုတေသန ပြု၊ လေ့လာ၊ ဆည်းပူး၊ စုဆောင်းဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။ ဦးအေးမြင့်လို မြန်မာမှု၊ မြန်မာ့ရိုးရာ ဒီဇိုင်းတွေကို မြတ်နိုးတန်ဖိုးထားပြီး စုဆောင်းကျမ်းပြုနိုင်သူ တွေဟာ ဝင်းဖေ မှတ်မိသလောက် မြန်မာပြည်မှာ လက်ဆယ်ချောင်း မပြည့်ပါဘူး။ ဝင်းဖေ မသိ၊ မမြင်နိုင်သူတွေ ရှိမယ်ဆိုရင်လည်း အနည်းစုပဲ ဖြစ်မှာပါပဲ။ သမိုင်း ပညာရှင်တိုင်းလိုလိုက မြန်မာ့ရိုးရာ ဒီဇိုင်းတွေရဲ့ တန်ဖိုးကို သိကြပေမဲ့ ပန်းချီအခြေခံ မရှိရင် လေ့လာလိုက်စားတဲ့နေရာမှာ အားနည်း သွားပါတယ်။ လွတ်လပ်ရေးမရခင် အင်္ဂလိပ်ခေတ်က ကျောက်စာဌာနမှာ တာဝန်ထမ်းဆောင်ကြတဲ့ သမိုင်းပညာရှင်တွေက ရှေးရိုးရာ မြန်မာဒီဇိုင်းတွေကို တစ်စိတ်တစ်ပိုင်း စုဆောင်းမှတ်သားထားခဲ့ကြတာတွေ ရှိပါတယ်။ ဥပမာ .. လူအမည် ဦးထွန်းလှိုင်၊ နောက်တော့ ရဟန်းဝတ်သွားပြီးတော့ ရွှေကိုင်းသား အမည်နဲ့ စာတွေလည်းရေးတဲ့ ဆရာတော် ဦးသောဘိတလည်း ကိုယ်တိုင် ပန်းချီလက်ကလည်းကောင်းလေတော့ အစုအဆောင်း အတော်ကြီးမား ပါတယ်။

ဝင်းဖေရဲ့ဖခင်ကြီး ရွှေပြည်ဦးဘတင် ကိုယ်တိုင်လည်း ပန်းချီအခြေခံမှာ ကောင်းတဲ့အတွက် အများကြီး စုဆောင်းထားပါတယ်။ သမိုင်းဆရာကြီး ဦးသန်းထွန်း (ဒေါက်တာသန်းထွန်း) ဟာလည်း ဒီဇိုင်းတွေနဲ့ ပတ်သက်လို့ အထူး တန်ဖိုး ထားတတ်လေတော့ ပန်းချီပညာကို ကြိုးစားပြီး လေ့ကျင့်လုံးပန်းခဲ့ပါတယ်။ ဒီလို ရှေးဒီဇိုင်းတွေကို အထူးစိတ်ဝင်စားကြတဲ့နေရာမှာ ကိုယ်တိုင် ပန်းချီပညာအခြေခံ အနည်းဆုံး တတ်ကျွမ်းပါမှလည်း အရာရောက်ပါတယ်။ မြန်မာတက္ကသိုလ်၊ ကောလိပ်တွေမှာ မြန်မာသမိုင်း လေ့လာသင်ကြားမှုအတိုင်းအတာ တိုးတက်ကြီးမား လာတာမှန်ပေမဲ့ မြန်မာ့ရိုးရာ ဒီဇိုင်းသမိုင်းလို ဘာသာရပ်ကတော့ မြန်မာဇိသုကာ အင်ဂျင်နီယာ သင်တန်းတွေမှာတောင် ခိုင်ခိုင်လုံလုံကျမ်းတွေ မရှိသေးပါဘူး။ ခုခါမှာ တော့ မြန်မာ့ရိုးရာဒီဇိုင်းပညာရှင် ဦးအေးမြင့်ရဲ့ ရိုးရာဒီဇိုင်းကျမ်းကို ကျမ်းကိုးအဖြစ် အသုံးပြုလောက်ပြီလို့ မျှော်လင့်ရပါတယ်။

ရိုးရာပညာတွေကို ပြန်လည်အသုံးချတဲ့ နေရာတွေက သူ့သဘာဝအလျောက် နည်းပါးကျဉ်းမြောင်းပါတယ်။ ဒါ့ကြောင့် ဒီလို ပညာရှင်တွေမှာ အကျိုးခံစားခွင့်ပါးလှပါတယ်။ ဒါ့ကြောင့် ဘယ်ရှေးရိုးရာပညာတွေ ကိုမဆို အကျိုးခံစားပိုင်ခွင့် ခေါင်းပါးတာကိုသိလျက်နဲ့ လေ့လာ စုဆောင်းထိန်းသိမ်း ကြတဲ့သူတွေကို ကျန်ပြည်သူတွေက ဝိုင်းဝန်းအားပေးကူညီကြဖို့ အရေးကြီးလှပါတယ်။ မြန်မာပြည်တနံတလျားမှာ ရှေးနန်းတော်ဟောင်းတွေ၊ အဆောက်အဦဟောင်း တွေ ပြန်လည်တည်ဆောက်ကျတော့ မြန်မာ့ရိုးရာဒီဇိုင်းပညာရှင် ဦးအေးမြင့်က အတွင်းပိုင်း၊ အသေးစိတ်၊ တန်ဆာဆင်မှုတွေကို တာဝန်ယူရပါတော့တယ်။ အလွန် ဝမ်းသာအားရဖွယ်ပါပဲ။ မြန်မာ့ရိုးရာ ဒီဇိုင်းပညာဆိုရာမှာ နယ်ပယ်ဟာ အလွန် ကျယ်ဝန်းတာကို တွေ့ရပါတယ်။ ဆရာဦးအေးမြင့် အထူးပြုလေ့လာတဲ့နယ်ထက် ကျယ်ဝန်းတဲ့ တခြား မြန်မာ့ရိုးရာဒီဇိုင်းတွေလည်း ကြံဆဖော်ထုတ်ကြဖို့ အများအပြား ကျန်ရှိပါသေးတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့ သီတင်းပတ်က မြန်မာ့ရိုးရာ ဒီဇိုင်း ဦးအေးမြင့်နဲ့ ပတ်သက်ပြီးတော့ ပိုပြီး ကျယ်ဝန်း တဲ့ ရိုးရာ ဒီဇိုင်းနယ်ပယ်တွေ အ ကြောင်းကို ဆက်လက်တင်ပြဖို့ စကားပျိုးထားခဲ့ပါတယ်။ ဆရာ ကြီး ဦးအေးမြင့်က မြန်မာ အဆောက် အဦတွေမှာ တန်ဆာဆင်တဲ့ ဒီဇိုင်း တွေ၊ ကနုတ်ပန်း အဖွဲ့အနွဲ့တွေ၊ ဘုရားကျောင်းကန်တွေမှာရှိတဲ့ ခြင်္သေ့တွေ၊ နဂါးတွေ၊ ဂဠုန်တွေ၊ မိကျောင်းတွေ၊ နတ်ဘီလူးတွေ၊ ကိန္နရီ/ကိန္နရာ ရုပ်တွေ .. စသဖြင့် သဗ္ဗရန်ပေါင်းစုံ လက်လှမ်းမီရာအားလုံးကို သိမ်းကျုံးမှတ်တမ်း တင်ရတာ ဖြစ်ပါတယ်။ စုမိသမျှဒီဇိုင်းတွေရဲ့ နောက်ခံ အကြောင်းအရာတွေကို သမိုင်း ဆရာကြီးတွေဖြစ်ကြတဲ့ ... ရွှေပြည်ဦးဘတင်တို့၊ ဆရာကြီး ပါမောက္ခဦးသန်းထွန်း (ဒေါက်တာသန်းထွန်း)တို့၊ ဆရာတော် ဦးသောဘိတတို့၊ ဆရာကြီး ဦးမောင်မောင်တင်တို့ စတာတွေကို ဆွေးနွေး မေးမြန်းမှုတွေလည်း ပြုရပါသေးတယ်။ ဝင်းဖေနဲ့ ပန်းချီပေါ်ဦးသက်တို့ကတော့ ဆရာဦးအေးမြင့်ရဲ့လုပ်ရပ်တွေကို ဘေးက နေကြည့်ပြီးတော့ အလွန်အားကျဂုဏ်ယူကြပါတယ်။ ဆရာဦးအေးမြင့်က စစ်ကိုင်းချောင်မှာ သီတင်းသုံးနေတဲ့ ဆရာတော် ဦးသောဘိတ (စာရေးဆရာ ရွှေကိုင်းသား) ဆီမှာ ညဥ့်အိပ်ညဥ့်နေ ရှေးရိုးရာ မြန်မာဒီဇိုင်းပုံတွေ သွားကူးပြီဆိုရင် .. ဝင်းဖေနဲ့ ပေါ်ဦးသက်တို့က ဆရာတော်ကို လှူဖို့၊ ကပ်ဖို့ ... ဝက်အူချောင်းတို့၊ ငါးရံ့ခြောက်တို့ စတဲ့ အခြောက်အခြမ်းတွေဝယ်ပြီးတော့ လိုက်သွားတတ်ကြပါတယ်။ ပုံတွေကို ရေစိမ် စက္ကူနဲ့ကပ်ပြီး ကူးယူကြတဲ့အခါမှာ ဝိုင်းကူကြတာ အလွန် ပျော်စရာကောင်းလှပါတယ်။ မနက်မနက်ကျတော့ ဆွမ်းထချက်ပြီး ဆရာတော်ကို ကပ်ကြပါတယ်။ ဆရာတော် ဦးသောဘိတ ဆိုတာကလည်း လူထုသတင်းစာတိုက်နဲ့ အလွန်တရင်းတနှီး ရှိပြီးတော့ မြန်မာမှု သမိုင်းရေးရာ၊ သုတေသနစာပေတွေ ရေးသားပြီး ကျမ်းပြုထုတ်ဝေ နေသူ လူထုစာပေအုပ်စုဝင်တစ်ဦးပဲ ဖြစ်ပါတယ်။ ဝင်းဖေ၊ ပေါ်ဦးသက် နောက်ပြီးတော့ ရွှေချည်ထိုးနဲ့ ပန်းချီစိန်မြင့်၊ နောက် တပ္ပဝတီဝင်းမောင် စတဲ့ လူငယ်တွေက မြန်မာ့ရိုးရာဒီဇိုင်းဦးအေးမြင့်ကို ရှေးရိုးရာ ဒီဇိုင်းဘဏ်တိုက်ကြီးလို သဘောထားပြီးတော့ လိုအပ်တော့မှ လိုအပ်သလို ဦးအေးမြင့်ထံက အကိုးအကားတွေ ထုတ်ယူအသုံးပြုကြရ တာ ဖြစ်ပါတယ်။

မြန်မာပြည်တစ်လွှားမှာ ရှေးက နန်းတော်ကြီးတွေ ပြန်လည်တည်ဆောက်

တော့ တပ္ပဝတီ ဦးဝင်းမောင်က အဆောက်အဦဒီဇိုင်းတွေကို အထောက်အထား၊ အကိုးအကား၊ ပြည့်စုံညီညွတ်အောင် တတ်နိုင်သမျှ စုဆောင်း ပြင်ဆင်ပြီး ခေတ်သစ် အင်ဂျင်နီယာတွေနဲ့ ပူးတွဲတည်ဆောက်ကြတာ ဖြစ်ပါတယ်။ အသေးစိတ်၊ အမွမ်းအမံ၊ အမွမ်းအပြောက်တွေကို မြန်မာ့ ရိုးရာဒီဇိုင်းပညာရှင်ကြီး ဦးအေးမြင့်က တာဝန်ယူတာ ဖြစ်ပါတယ်။ တပ္ပဝတီ ဦးဝင်းမောင်ဟာလည်း မန္တလေးတက္ကသိုလ်မှာ ဓာတုဗေဒ အဓိကနဲ့ ဘွဲ့ယူခဲ့တာဖြစ်ပေမဲ့ ဘမျိုးဘိုးတူဆိုတာလို ဝါရင့်မြန်မာပန်းပုဆရာကြီး ဦးကျော်ငြိမ်းရဲ့ သားကြီးပီပီ ပန်းပုပညာရော၊ ပန်းချီပညာရော ထူးထူးချွန်ချွန် လိုက်စားသူ၊ မြန်မာ့ရိုးရာ၊ မြန်မာမှုတွေကို အလွန် တန်ဖိုးထားသူရှားပါးတဲ့ မြန်မာ သုတေသီတစ်ယောက် ဖြစ်ပါတယ်။

ဒါ့ကြောင့် တပ္ပဝတီ ဦးဝင်းမောင်တို့၊ ဆရာဦးအေးမြင့်တို့ ဦးဆောင်ရေးဆွဲ အတည်ပြုပြီးတော့ ပြန်လည် တည်ဆောက်တဲ့ ရှေးနန်းတော်ကြီးတွေဟာ နဂိုမူရင်း ဒီဇိုင်းတွေနဲ့အများကြီး နီးစပ်ပီပြင်မှာသေချာလှပါတယ်။ မန္တလေး မြေနန်းတော်ကြီးကို ပြန်လည်မတည်ဆောက်ခင် မ-ဆ-လ စစ်အစိုးရလက်ထက်က မြေနန်းပြာသာဒ် တော်ကြီးရဲ့ မြောက်ဘက်က မှန်နန်းဆောင်ကို ပြန်လည်တည်ဆောက်ခဲ့ပါသေးတယ်။ အဲဒီမှန်နန်းတော် ဒီဇိုင်းကို မြန်မာ့ရိုးရာနဲ့ ပတ်သက်လို့ ဘာမှနားမလည်တဲ့ စစ်တပ် အင်ဂျင်နီယာ ဗိုလ်မှူးတစ်ဦးက ဦးဆောင်ပြီးတော့ ဆောက်လုပ်တဲ့ အတွက် မန္တလေးမှန်နန်းဆောင်နဲ့မတူဘဲ တရုတ်ဘုံကျောင်းနဲ့တူတယ်ဆိုပြီးတော့ကာ တာဝန်ပေးခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ကစပြီး တွေ့တိုင်း ဆဲဆို ဒေါသထွက်နေရပါတယ်။ အားလုံးစိတ်ပျက်ပြီးတော့ နောက်ဆုံးမှာ ဖြိုချ ပစ်လိုက်ကြရပါတယ်။ ဒါလည်း မဆိုင်တဲ့လူက မဆိုင်တဲ့နေရာ ဝင်ပြီးလုပ်တော့ ဘယ်လို မရှုမလှ ဇာတ်သိမ်းနဲ့ အဆုံးသတ်ကြ ရတယ်ဆိုတာကို ပြဆိုတဲ့ သမိုင်းကြောင်းပါပဲခင်ဗျာ။ ဒီကနေ့ခေတ် သိပ္ပံပညာ တိုးတက်မှုတွေ အကြီးအကျယ် ပြောင်းလဲတိုးတက်လာလေတော့ ပညာရေးနည်းစနစ် သစ်တွေမှာ သင်ကြားရေး အထောက်အကူ ပစ္စည်းတွေ အဖြစ် အလွန်ထိရောက်တာသွား တဲ့ ရုပ်မြင်/ ရုပ်ရှင် သရုပ်ပြသင်ကြားမှုတွေ အများကြီးသုံးနိုင်လာတော့မှာ ဖြစ်ပါတယ်။ လူ့သမိုင်းတွေကအစ အားလုံးကို အလွယ်တကူ မြင်လွယ်၊ သိလွယ်၊ သဘောပေါက်၊ မှတ်မိလွယ်ဖြစ်အောင် ဇာတ်လမ်း/ ဇာတ်ကွက်တွေနဲ့ ရိုက်ကူးပြသ သင်ကြားမှု တွေ စနေပါပြီ။ ရှေးခေတ်အခါသမယက လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အုပ်ချုပ်/ စီမံခန့်ခွဲကြပုံ စတာတွေကို ဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ ထုတ်လုပ်ပြသ နိုင်ကြဖို့ ... ဒီတုန်းက စားမှု၊ နေမှု၊ အဝတ်အစား၊ အိမ်၊ အဆောက်အဦ၊ အသုံး အဆောင်၊ ဒီဇိုင်းတွေကို နီးနိုင်သမျှနီးစပ်အောင် ရှာဖွေ၊ ကြံဆ၊ ထုတ်လုပ်၊ စုဆောင်း ထားနိုင်ကြဖို့ အလွန်လိုအပ်နေပါပြီ။ ဥပမာ မြန်မာနိုင်ငံရဲ့ ပျူခေတ်၊ ပုဂံခေတ်၊

ညောင်ရမ်း၊ ပင်းယ၊ အင်း၀၊ တောင်ငူ၊ ပဲခူး၊ ရတနာပုံ ... စတဲ့ ခေတ်တွေ၊ စနစ်တွေ၊ သနစ်တွေကို လေ့လာကြဖို့၊ သင်ခန်းစာယူကြဖို့၊ သမိုင်းဇာတ်လမ်းတွေ ရိုက်ပြ ကြရတော့မယ်ဆိုရင် ... အဲဒီခေတ်တွေက အခြေအနေ ဒီဇိုင်းတွေကို အနီးကပ်ဆုံး ပီပြင်ဖို့ သိပ်အရေးကြီးလာပါပြီ။ မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင် ဦးအေးမြင့်တို့လိုပုဂ္ဂိုလ်တွေ အများကြီး လိုလာပါပြီပေါ့။ ကမ္ဘာ့သမိုင်းထဲက ကျောက်ခေတ်အခြေအနေတွေ၊ ရေခဲခေတ် အခြေအနေတွေ၊ ရောမခေတ် အခြေအနေ၊ ခရစ်တော်မပေါ်ခင် နှစ်ပေါင်း ထောင်ကျော်က အီဂျစ်သမိုင်းတွေ၊ အာရှအလယ်ပိုင်းက မွန်ဂိုသမိုင်း ... စတာ စတာတွေ အများကြီးပါပဲ။ အလွန်နီးစပ်ပီပြင်တဲ့ ပတ်ဝန်းကျင်ဒီဇိုင်းတွေနဲ့ ရုပ်ရှင်တွေရိုက်ပြီး တော့ ပြသကြတဲ့အခါမှာ ကျောင်းသူကျောင်းသားတွေဟာ အလွန် လျင်လျင်မြန်မြန် တတ်မြောက်၊ နားလည်၊ လေ့လာ၊ မှတ်သားနိုင်ကြတာတွေကို တွေ့ကြရပါတယ်။ အလွန်ထိရောက်တဲ့ သင်ကြားရေးစနစ်တွေ ဖြစ်လာပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

ဝင်းဖေငယ်စဉ်က ဝင်းဖေ တို့အိမ်ကို ဧည့်သည်တစ်ဦး ရောက်လာပြီးတော့ ဝင်းဖေရဲ့ဖခင်ကြီး ရွှေပြည်ဦးဘတင်ဆီမှာ ရှေးမြန်မာ ရိုးရာနဲ့ ပတ်သက်တဲ့ အကြောင်း အရာတစ်ခုကို လာရောက်မေးမြန်း ပါတယ်။ သူသိချင်တာက ရိုးရိုးလေးပါ။ ရှေးခေတ် မြန်မာမင်းတွေလက်ထက်က ပြည့်တန်ဆာတွေရှိခဲ့ရာမှာ တရားဝင် ခွင့်ပြုမှု ရှိ/မရှိ ဆိုတာကို သိချင်ပါတယ်တဲ့။ ဒီတော့ ဝင်းဖေရဲ့ဖခင်ကြီးက မဆိုင်းမတွပါပဲ ... အနီးကပ်ဆုံး ကုန်းဘောင်ရတနာပုံ ခေတ် ပြည့်တန်ဆာလုပ်ငန်း အခြေအနေကို ရှင်းပြပါတယ်။

ပြည့်တန်ဆာလုပ်ငန်းလုပ်တဲ့ အိမ်မှန်ရင် ... ဘယ်လိုထားရှိရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေ ဖြစ်ပါတယ်။ အိမ်ရဲ့မျက်နှာစာ မြင်သာတဲ့ရှေ့ပိုင်းမှာပဲ အဖြူနဲ့အနီရောင်အစင်းကြီးတွေပါတဲ့ တင်းတိမ် (လိုက်ကာ)ကို အထင်အရှား ချိတ်ဆွဲကာရံထားရပါမယ်တဲ့။ အနီနဲ့အဖြူ အစင်းကြီးတွေဆိုတာတွေက... ထင်ရှားသိသာအောင် ဗျက် ၁ ပေစီလောက် အနည်းဆုံးဖြစ်ရပါမယ်တဲ့။

အိမ်ရှေ့မှာ ကွပ်ပျစ် ခုတင်ထုတ်ထားပြီးတော့ ... ပြည့်တန်ဆာများ အလှပြင်ပစ္စည်းတွေ ဖြစ်တဲ့ ... ဘီးတို့၊ မှန်တို့၊ သနပ်ခါးကျောက်ပျဉ်တို့ဆိုတာ တွေလည်း အဲဒီကွပ်ပျစ်ပေါ်မှာပဲ ထားကြရမယ်တဲ့။ အဲဒီအပြင်မှာပဲ အဲဒီ ပြည့်တန်ဆာတွေဟာ ... သူတို့အလှကို ပြင်ဆင်ဖြီးလိမ်းကြရမယ်လို့ ဆိုပါတယ်။ နောက် ... မြင်းချည်တိုင်တွေ ရှိရမယ်။ ဒါကတော့ ဧည့်သည်တွေအတွက် ပေါ့ခင်ဗျာ။ နောက် အရေးအကြီးဆုံးအချက်တစ်ချက်က ... ပြည့်တန်ဆာအိမ် မှန်လျှင် ဂဠုန်နှိ လက်သည်းပင်တွေ စိုက်ထားရမယ်တဲ့။ မရှိမနေရ၊ ရှိကို ရှိရမယ် လို့ဆိုပါတယ်။ ဒါကတော့ ကျန်းမာရေးအတွက် အဓိကပါတဲ့။ ဂဠုန်နှိ လက်သည်းရွက်တွေကို ရေနဲ့ပြုတ် ကြော်ပြီးတော့ ဖန်ရည်အဖြစ်သုံးပြီးတော့ ဆေးကြောဖို့ ဖြစ်ပါတယ်။ ကာလသားရောဂါ ကာကွယ်ဖို့ ဖြစ်ပါတယ်။ ဥရောပနိုင်ငံတွေက လိုင်စင်ရ ပြည့်တန်ဆာ တွေလည်း အချိန်မှန် ဆေးစစ်ဆေးမှုနဲ့၊ ဆေးထောက်ခံစာတွေ ရှိနေဖို့ အရေးကြီး ပါတယ်။ ရတနာပုံခေတ်မှာ တရားဝင် လိုင်စင်ဆိုတာမျိုး မဟုတ်ပေမဲ့ ခုနကပြောခဲ့တဲ့ ညွှန်ကြားချက်တွေနဲ့ ညီညွှတ်အောင် လုပ်ဆောင်ကြမယ်ဆိုလို့ ရှိရင် တရားဝင် ခွင့်ပြုမိန့်လိုပါပဲတဲ့။ ဒါမှ ပတ်ဝန်းကျင်က သာမန် အရပ်သားအိမ်တွေနဲ့

ကွဲကွဲပြားပြား ဖြစ်အောင် သိသာထင်ရှားစေမှာ ဖြစ်ပါတယ်တဲ့။ ညွှန်ကြားထားတာတွေနဲ့ ညီ/မညီ စစ်ဆေးမှုတွေလည်း ရှိပါတယ်တဲ့။ နိုင်ငံတကာမြို့ကြီးပြကြီးတွေမှာ ပြည့်တန်ဆာ ရပ်ကွက် Red Light Area ဆိုတာမျိုးတွေရှိသလို၊ ရတနာပုံ မန္တလေးခေတ်က မန္တလေး အနောက်တောင် ရပ်ကွက်တွေဖြစ်တဲ့ … ချွန်းတောင်ဝင်းတို့၊ ခြိသေ့ဦးတို့ ဆိုတဲ့ နေရာတွေဟာ ရတနာပုံခေတ် Red Light Area တွေ ဖြစ်ပါသတဲ့ခင်ဗျာ။ ဖခင်ကြီးက သမိုင်းကော်မရှင်နာအနေနဲ့ ဒီအကြောင်းတွေကို ဝန်ကြီးဌာနတင်ရတော့… ဝင်းဖေက … ရတနာပုံခေတ် ပြည့်တန်ဆာ အိမ်ပုံဒီဇိုင်းတွေကို ဆွဲပေးခဲ့ရတာကိုလည်း မှတ်မိနေပါသေးတယ်။

နောက်တစ်ခု … ရှေးရိုးရာ ဒီဇိုင်းနဲ့ပတ်သက်လို့ ဖခင်ကြီးရှိစဉ်က အရေးကြီး တာလေးတစ်ခု အမှတ်ရ လာပြန်ပါတယ်။ အဲဒါကတော့ … မြန်မာ တော်ဝင်အမျိုးသမီး တွေ၊ နောက်အမှုထမ်း၊ အရာထမ်း၊ ကတော်မယားတွေနဲ့ သမီးပျိုတွေအတွက် ဆံပင် ထုံးဖွဲ့မှု၊ ဆံထုံး (၆၄) မျိုး ဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ ဖခင်ကြီးက ပြောဖူးပါတယ်… ပရပိုက်တွေမှာပါတဲ့ အဲဒီ ဒီဇိုင်းတွေကိုကြည့်ရင် … အမျိုးသမီးတွေရဲ့ ဆံပင်ရှည်တွေကို … လလယ်ရုံတို့၊ ဇင်ယော်(စင်ရော်)တောင်လို့ ဆိုတဲ့ ဒီဇိုင်းတွေအတိုင်း ဖြစ်အောင် ထုံးဖွဲ့ဖို့ အလွန့်အလွန် ခက်ခဲမှာဖြစ်တဲ့အကြောင်း၊ ဆံပင်တွေရဲ့ အတွင်းပိုင်းက နေပြီးတော့ အမာခံသွပ်နန်းကြိုးလို ကွေးနိုင်ကောက်နိုင်တာတွေ ခုခံထည့်ပေးဖို့တောင် လိုမှာဖြစ်တဲ့ အကြောင်း၊ နောက်ဆံပင်တွေကို ဖယောင်းလို ပစ္စည်းအမြောက်အမြား သုံးပြီးတော့ ပုံစံသွင်းကြရဦး မှာလည်း ဖြစ်တဲ့အကြောင်း၊ ဒါတွေဟာ ဘယ်နည်းနဲ့မျှ ဆံပင်တွေကို ထုံးဖွဲ့တာဖြစ်နိုင်ပုံ မရတဲ့အကြောင်း ဖခင်ကြီးက သူ့ခန့်မှန်းကြံဆထား တာတွေလည်း ပြောပြပါတယ်။

ရှေးမြန်မာ အမျိုးသမီးတွေအနေနဲ့ အခမ်းအနားတွေကျရင် … ခေါင်းအထက်၊ ဆံပင်ကိုအုပ်ပြီး ဆောင်းကြရတဲ့ … စည်းပုံလို ခုံးပုံဆိုတာ ရှိတဲ့အကြောင်း၊ အဲဒီခုံးပုံ ရဲ့ အထက်ပိုင်း ရှည်မျောမျော ကန်တော့ပုံတက်သွားပြီး ထိပ်မှာ သရက်သီးသဏ္ဌာန် ပစ္စည်းတစ်ခုလည်းပါတဲ့အကြောင်း၊ အဲဒီ ကန်တော့ပုံလိုပစ္စည်းရဲ့ မျက်နှာစာမှာ မဟုတ်ဘဲ ကျောဘက်၊ သရက်သီးလိုသဏ္ဌာန်ရဲ့ အောက်မှာ အဲဒီထုံးဖွဲ့မှု ၆၄ မျိုးဆိုတာကို တွေ့ရတဲ့အကြောင်း၊ တကယ့် ဆံပင်အစစ်တွေ မဟုတ်တဲ့အကြောင်း၊ လက်သန်းရဲ့ လေးပုံတစ်ပုံလောက်သာ လုံးပတ်ရှိတဲ့ အဝတ်အနက်နဲ့လုပ်ထားတဲ့ ဖော့လုံးရှည် ကလေးတွေသာ ဖြစ်နိုင်ကြောင်း၊ ဒီသဏ္ဌာန်တွေအရ ရာထူးအဆင့်ကို ဖော်ပြနိုင်ပုံရ ကြောင်း … စတာတွေ ဖြစ်ပါတယ်။ ဒီအယူအဆတွေကို လေ့လာ၊ စူးစမ်း၊ အတည်ပြု နိုင်ဖို့ သိပ်မခက်ခဲပါဘူးတဲ့။ နံရံဆေးရေးပန်းချီတွေနဲ့၊

ပုရပိုက်ပန်းချီတွေမှာ အဲဒီ ဆင်ယင်ထုံးဖွဲ့မှု ဒီဇိုင်း ၆၄ မျိုးကို ... လူပုံ၊ အမျိုးသမီးပုံတွေမှာ ထုံးဖွဲ့ရေးဆွဲထားတာ မတွေ့ရပါဘူးတဲ့။ ဝင်းဖေကိုယ်တိုင် ဖခင်ကြီးပြလို့ ကြည့်ဖူးတဲ့ ဆင်ယင်ထုံးဖွဲ့မှု ၆၄ မျိုးပါ ပုရပိုက်မူထဲမှာလည်း အမျိုးသမီးတွေရဲ့ ဦးခေါင်းပေါ်မှာ ဆံပင်တွေကို ထုံးဖွဲ့ထားပုံတွေ မဟုတ်ပါဘူး။ အတွန့်အခေါက်တွေပါတဲ့ ဒီဇိုင်းပုံတွေ သက်သက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ရွှေကိုင်းသားအမည်ခံ ဆရာတော် ဦးသောဘိတ အပါအဝင် သမိုင်းသုတေသီတွေက ပုရပိုက်ပါ ပုံသဏ္ဌာန်တွေကို ဆံပင်ထုံးဖွဲ့မှုဆိုပြီးတော့ ဖော်ပြ လိုက်ကြလေတော့ကာ မဂ္ဂဇင်းသရုပ်ဖော် ပန်းချီဆရာ တွေကလည်း အဲဒါတွေကို ကိုးကားပြီးတော့ ... အလွန်ဆန်းပြားပြီးတော့ တကယ်လုပ်ဖို့ အလွန်ခက်ခဲတဲ့ ဒီဇိုင်းနဲ့ ရှေးနန်းတွင်းသူတွေရဲ့ ပုံတွေကို ရေးဆွဲကြပါတယ်။ နောက်ရုပ်ရှင် တချို့မှာလည်း ခက်ခက်ခဲခဲထုံးဖွဲ့ပြီး ရိုက်ကူး ပြသကြတာကို တွေ့ဖူးပါတယ်။ နောက် ဖက်ရှင်အလှပြ တွေမှာလည်း မရမက၊ ခက်ခက်ခဲခဲလုပ်ပြီးတော့ ပြသကြတာကို တွေ့ကြရပါတယ်။

ရတနာပုံခေတ်လွန်၊ ဘုရားတန်ဆောင်း၊ ဗုဒ္ဓဝင်ပန်းချီဆရာကြီးတွေ ဖြစ်ကြတဲ့ .. ဦးစောမောင်တို့၊ ဦးချစ်မြတို့၊ ဦးစံသင်းတို့ရဲ့ လက်ရာတွေမှာလည်း အဲဒီဆံပင်ထုံးဖွဲ့ပုံ ၆၄ မျိုးဆိုတာတွေကို မတွေ့ကြရပါဘူး။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ ငယ်စဉ်က ဝင်းဖေတို့ဖခင်ကြီး ရွှေပြည်ဦးဘတင်ထံကို မန္တလေးက၊ နာမည်ကြီး ရုပ်ကွက်တစ်ခုက ဘုရားဂေါပကအဖွဲ့ဝင် လူကြီး တချို့ ရောက်ရှိလာကြပါတယ်။ ကိစ္စက ရှင်းပါတယ်။ ကျွန်တော့်ဖခင်ကြီးအနေနဲ့ သူတို့ ဘုရား သမိုင်းကို ရေးပေးဖို့ လာပြီး မေတ္တာရပ်ခံ အကူအညီ လာတောင်းကြတာဖြစ်ပါတယ်။ ဖခင်ကြီးကလည်း အဲဒီဘုရားရဲ့သမိုင်းကို သူကောင်းကောင်း သိထားတဲ့အကြောင်း၊ ဒါ့ကြောင့် ဘုရားသမိုင်းကိုရေးပေးဖို့ ဘာမှ တာဝန် မကြီးပါကြောင်း စသဖြင့် ဝမ်းသာအားရပြန်ပြီးတော့ ပြောပါတယ်။ အဲဒီအချိန် မှာ အဲဒီဘုရားဂေါပက လူကြီးတွေအနေနဲ့ အားရဝမ်းသာ ဖြစ်သွားကြလိမ့်မယ်လို့ ဝင်းဖေက ထင်လိုက်မိပေမဲ့ မှားသွားပါတယ်။ အဲဒီ ဂေါပကလူကြီးတွေက ဖခင်ကြီးကို အားနာပါးနာနဲ့ ... သူတို့ဘုရားကို ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် သက်တော်ထင်ရှား ရှိစဉ် ဒေသစာရီကြွချီခဲ့တဲ့ ခရီးအကြားမှာ တစ်စုံတစ်ခုသောအကြောင်းကို အထိမ်း အမှတ်ပြုပြီးတော့ ...... ဘာညာစသဖြင့် ... ဘုရားဖူး လာသူတွေ သဒ္ဓါတရားပိုမိုထက်သန် လာအောင် ရေးသားပေးဖို့ ရှေ့မျက်နှာနောက်ထားပြီး ပြောကြရှာပါတော့တယ်။ ဝင်းဖေရဲ့ ဖခင်ကြီးလည်း ... သူ့အနေနဲ့ အဲဒီဘုရားရဲ့သမိုင်းကို ဂဃနဏ သိထားတာကြောင့် ဗုဒ္ဓဘုရားရှင်တော် ရှိကတည်းက သမိုင်းကို စရေးပေးဖို့ဆိုတာ မဖြစ်နိုင်ကြောင်း ရှင်းပြပါတယ်။ ဂေါပကလူကြီးတွေ အတော်လေး မျက်စိ မျက်နှာပျက် ကုန်ကြပါတယ်။ သူတို့က ဘုရားသမိုင်းအနေနဲ့ ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကတည်းက မဟုတ်တောင်မှ အလောင်းစည်သူမင်းကြီး ဖောင်တော်နဲ့ တိုင်းခန်းလှည့်လည်လာစဉ်က ကုသိုလ်တော် တစ်ခု အနေနဲ့ရော မဖြစ်နိုင်ဖူးလားလို့ ဈေးဆစ်ကြပြန်ပါတယ်။ ဝင်းဖေရဲ့ ဖခင်ကြီးလည်း အတော့်ကို အကျပ်ရိုက်လာပါတယ်။

ဖခင်ကြီးက ဘုရားသမိုင်းဟာ အဲဒီဘုရားဝိုင်းထဲမှာပဲ ကျောက်စာဂူနဲ့တကွ ရှိနေတာဖြစ်တဲ့အကြောင်း၊ မန္တလေး ရတနာပုံမြို့ကြီး မတည်ခင်ကလေးကမှ အထင်ကရ မင်းသားတစ်ပါးက တည်ထားခဲ့တာ ဖြစ်တဲ့အကြောင်း၊ ဒီအကြောင်းကို သိတဲ့ လူပုဂ္ဂိုလ်တွေနဲ့ သမိုင်းပညာရှင်တွေလည်း အများကြီးရှိနေတဲ့ အကြောင်း၊ ဒီဘုရား သမိုင်းကို ဒီကျောက်စာမှာ ရေးထိုးထားတဲ့ အတိုင်းက လွဲပြီး ဘယ်လိုမှပြောင်းပစ်လို့ မဖြစ်နိုင်ကြောင်း အပြတ် ပြောလိုက် ရပါတော့တယ်။

သက်ဆိုင်ရာ ဂေါပကလူကြီးတွေရဲ့ သိက္ခာကိုငဲ့ပြီးတော့ အဲဒီဘုရားနဲ့တကွ ရပ်ကွက်ကိုရော အတိအကျ မဖော်ပြဘဲ ချန်ထားခဲ့ပါတယ်။

ဝင်းဖေ ဆိုလိုတာက ... အထိကရ ဒေသတွေရဲ့ သမိုင်းတွေကို ပြုစုကြရာမှာ အလားတူ အဂတိမျိုးတွေ သမိုင်းစဉ် တစ်လျှောက်လုံး ဘယ်လောက်ထိများ အလွဲလွဲ အမှားမှားတွေ ဖြစ်ခဲ့မလဲဆိုတာ တွေးကြည့်ကြဖို့ပါ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ... သဒ္ဓါလွန်တာရယ်၊ အသိဉာဏ်ပညာ မပြည့်စုံတာရယ် ပေါင်းပြီးတော့ အကြောင်း အရာ တွေကို လူတွေက ပြင်ကြ၊ ဖြည့်ကြ၊ လုပ်တတ်ကြတာကို ပြောချင်တာပါ ။ အလားတူပါပဲ ... မုန်းတီးမှု၊ မလိုလားမှုအား ကြီးမားတာရယ်၊ အသိဉာဏ်ချို့တဲ့ တာရယ် ပေါင်းပြန်ရင်လည်း ... ဒီလိုပဲ ... အဂတိတွေ ပါကုန်တတ်ကြတာပါပဲ။ ဒါတွေကတော့ ခြောက်ပစ်ကင်းသဲလဲစင် မဟုတ်ကြတဲ့လူတွေရဲ့ မတည်ငြိမ်၊ မမှန် ကန်မှုတွေဖြစ်လို့ သိပ်ဆန်းဆန်းပြားပြားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အတိတ်သမိုင်း ကြောင်းတွေကို သင်ကြားပို့ချတဲ့နေရာတွေနဲ့ အများပြည်သူတွေကို ပညာဗဟုသုတ ဖြစ်စေဖို့ ရည်ရွယ်ပြီးတော့ ဖြန့်ဖြူးကြတဲ့ သတင်းမီဒီယာတွေမှာ ယုတ္တိခိုင်လုံ တောင့် တင်းတဲ့ သမိုင်းကြောင်းတွေနဲ့ ပုံပြင်ဒဏ္ဍာရီဆန်တဲ့ အကြောင်းအရာတွေ ရောထွေး ယှက်တင်ဖြစ်မနေစေဖို့တော့ အထူးဂရုပြုကြဖို့သင့်ပါတယ်။ ဒီလိုခွဲခွဲခြားခြား တင်ပြ နိုင်ဖို့ဆိုတာ အလွန်သိမ်မွေ့ခက်ခဲတဲ့ ပြဿနာဖြစ်ပါတယ်။ တင်ပြဖို့တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင် အသိဉာဏ်ပြည့်စုံဖို့ လိုအပ်သလို .. မီဒီယာနဲ့ထိတွေ့ကြရမယ့် လူတွေအတွက် စိတ်အနှောင့်အယှက် မဖြစ်ကြရလေအောင် ... ဆင်ဆင်ခြင်ခြင် တင်ပြနိုင်ဖို့လည်း အရေးကြီးလှပါတယ်။

မြန်မာရာဇဝင်မှာ ထင်ရှားပြီးတော့ အလွန်လူကြိုက်များခဲ့တဲ့ ပုဂံခေတ်က အနန္တသူရိယ အမတ်ကြီးရဲ့ သံဝေဂကဗျာကြီးကိစ္စမှာဆိုရင် ... သမိုင်းကြောင်း အမှန်နဲ့ ပုံပြင်ဒဏ္ဍာရီဆန်မှုကိုခွဲခြားဖို့ အတော်ကြီး အချိန်ယူခဲ့ကြရပါတယ်။ သမိုင်း ပညာရှင်တွေက အနန္တသူရိယအမတ်ကြီးရဲ့ သံဝေဂ ကဗျာဆိုတာထဲမှာပါတဲ့ မြန်မာစာ အရေးအသား၊ အသုံးအနှုန်းတွေကို၊ ဝေဖန်၊ ခွဲခြားသုံးသပ်ပြီးတော့ ... ဒီကဗျာ အရေးအသားဟာ ပုဂံခေတ်အရေးအသား မဟုတ်နိုင်ပါဘူးလို့ ပြတ်ပြတ်သားသား သက်သေပြခဲ့ကြပါတယ်။ ဒါတောင် ဒီကိစ္စမှာက သံဝေဂကဗျာပါ အကြောင်းအရာကို သံဝေဂ ယူလိုက်ကြတဲ့ နေရာဆိုတော့ ဘာအန္တရာယ်မှရှိတာ မဟုတ်ပါဘူး။ ခေတ် အခါ နဲ့ အရေးအသား၊ မကိုက်ညီတာကိုကြည့်ပြီး ဒါဟာ ထိုးဇာတ်ပုံပြင်များ ဖြစ်နေ မလားဆိုတဲ့ သံသယကိစ္စလောက်ပဲ ဖြစ်ပါတယ်။

ဝင်းဖေတို့ငယ်ငယ်က မန္တလေးသားပီပီ မန္တလေးတောင်ပေါ်ကို ခဏခဏ

ရောက်ကြပြီးတော့ ကျန်စစ်သားက စစ်ကိုင်းကနေပြီးတော့ မန္တလေးတောင်ပေါ်ကို ခုန်ကူးလိုက်တဲ့အခါမှာ ထင်ကျန်ရစ်ခဲ့တယ်ဆိုတဲ့ ကျန်စစ်သားခြေရာတို့၊ လှံစိုက်မိတဲ့ လှံရာတို့ဆိုတာတွေကို ကြည့်ပြီးတော့ သဘောကျ၊ နှစ်ခြိုက်၊ ဂုဏ်ယူမိကြပါတယ်။ ဝင်းဖေတို့ခေတ် နောက်ပိုင်းကလေးတွေကျတော့ .. ဒီကျန်စစ်သားခြေရာနဲ့ လှံရာကိစ္စတွေကို သိပ်စိတ်မဝင်စားကြတဲ့အပြင် ... ဒါတွေက မန္တလေးတောင်ကို ဘုရားဖူးလာကြတဲ့လူတွေ စိတ်ဝင်စားအောင် သက်သက်မဲ့လုပ်ထားတာတွေပါ ဆိုတာကို အလွယ်တကူပဲ စဉ်းစားနိုင်လာကြတယ်လို့ သိရပါတယ်။ ဒါတွေကတော့ ကောင်းတဲ့အလားအလာတွေပါပဲ။ နောက်ပိုင်း ရောက်လာလေ စဉ်းစားဆင်ခြင်တဲ့ ဉာဏ်ကို ပိုပြီးသုံးတတ်လာကြတယ်ဆိုတဲ့ သဘောပါပဲ။ မြန်မာပြည်တနံတလျားမှာ သမိုင်းဝင်နေရာဒေသတွေ၊ ဘာသာရေးအဆောက်အဦတွေ၊ တိုင်းရင်းသားရိုးရာ အထိကရဒေသတွေ ... စသဖြင့် မီဒီယာတွေကတစ်ဆင့် တင်ပြစရာတွေ အများကြီး ရှိပါတယ်။ အဲဒီလိုကိစ္စတွေမှာ ပုံပြင်၊ ဒဏ္ဍာရီသဘောတွေနဲ့ တကယ့်သမိုင်းကြောင်း ကိစ္စတွေကို ခွဲခွဲခြားခြားတင်ပြပေးနိုင်ကြဖို့ အလွန်အရေးကြီးပါတယ်။ ခေတ်လူငယ် တွေအနေနဲ့ ပိုင်းခြား ဝေဖန်နိုင်တဲ့ အစွမ်းအစတွေ အလွန်ဖွံ့ဖြိုးတိုးတက်လာနေကြပြီ ဆိုတာကိုလည်း မမေ့ကြဖို့ လိုအပ်လာပြီ ဖြစ်တဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

သတင်းမီဒီယာတွေ၊ ဂျာနယ်၊မဂ္ဂဇင်းတွေမှာ အင်တာဗျူးလို့ခေါ်တဲ့ လူတွေ့မေးမြန်းတင်ပြတာတွေ အတော်ကြီးကို လှိုင်ဘောလည်လာ တာကို တွေ့ရပါတယ်။ အများဆုံးက တော့ ရုပ်ရှင်နယ်၊ ဂီတ အနုပညာနယ်ပယ်၊ ကဗျာစာပေနယ် ... စတာတွေဖြစ်ပြီးတော့ ပန်းချီ၊ ပန်းပု သုခုမနယ်ပယ်၊ ဆေးပညာ၊ စိုက်ပျိုးရေးနဲ့ အခြား အတတ်ပညာ နယ်ပယ် တွေ အလွန်စုံလင်လှပါတယ်။ အထူးသဖြင့် အနုပညာနယ်ပယ်တွေမှာ မြေစမ်း ခရမ်း ပျိုးစ အလွန်နုနယ်သေးတဲ့ လူငယ်ပိုင်းတွေကို မေးမြန်းတဲ့အခါတွေမှာ လူငယ် တော်တော်များများက သူတို့ကိုယ်သူတို့ ... အနုပညာရှင်၊ အနုပညာသည်တွေအဖြစ် ပြောဆို၊ သုံးနှုန်း၊ ဖြေကြားသွားကြတာကို တွေ့ရပါတယ်။ တချို့မိန်းကလေးတွေဆိုရင် ရုပ်ရည်ကလေးတွေ ချောမောလှပကြလို့ ပြက္ခဒိန်အတွက် ဓာတ်ပုံအရိုက်ခံရတာကိုပဲ သူတို့ရဲ့အနုပညာလုပ်ရပ်အဖြစ် ပြောဆိုဖြေကြားသွားတာကို တွေ့ရပါတယ်။ ဒီဖြစ်ရပ် တွေဟာ သိပ်ပြီး ကြီးကျယ်တဲ့ပြဿနာတွေတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီကနေ့ လူငယ်တွေ ကိုယ်ပြောတဲ့စကားရဲ့အဓိပ္ပာယ်ကို ကိုယ်ကိုယ်တိုင်နားမလည်ဘဲ ပြောနေ သလို ဖြစ်နေတာကိုတွေ့ရတဲ့အပြင်၊ လူယဉ်ကျေးတွေမှာ ထားသင့်၊ ထားအပ်တဲ့ ... အပြောအဆိုထိန်းသိမ်းမှု၊ ခြိုးခြံမှု၊ နှိမ့်ချတတ်မှုဆိုတာတွေကို မသိကြတော့သလို ဖြစ်နေတာကတော့ အန္တရာယ်ရှိတယ်လို့ ဆိုချင်တာပါ။ သီချင်းကလေးတစ်ပုဒ်၊ နှစ်ပုဒ် ဆိုဖူးရုံ၊ ကဗျာကလေးတစ်ပုဒ်၊ နှစ်ပုဒ်စပ်ဖူးသေးရုံ၊ စာကလေးတစ်ပုဒ်စ၊ နှစ်ပုဒ်စ ရေးဖူးရုံနဲ့ ကိုယ့်ကိုယ်ကိုယ် အနုပညာရှင်၊ အနုပညာသည်အဖြစ် ခံယူပြောဆိုလိုက်ဖို့ ဆိုတာ စောလွန်းနေပါသေးတယ်။ ဝင်းဖေတွေ့ခဲ့၊ ကြုံခဲ့ဖူးတာကလေးတွေနဲ့ ချိန်ထိုးပြီး တော့ ပြောကြည့်ချင်ပါတယ်။

မြန်မာပန်းချီလောကမှာ ... အထူးသဖြင့် ... မြန်မာ ခေတ်ပေါ်ပန်းချီလောကမှာ စတင် အုတ်မြစ်ချသူ တစ်ယောက်လို့ ထင်ရှားတဲ့ ပန်းချီဆရာကြီး ဦးခင်မောင် (ဘဏ်) ဆိုရင် ... ဒုတိယကမ္ဘာစစ်မတိုင်မီကတည်းက ပန်းချီပညာကို ထဲထဲဝင်ဝင် လေ့လာလိုက်စားခဲ့တဲ့ အထင်ကရ ပန်းချီပညာရှင်ကြီးတစ်ယောက် ဖြစ်ပါတယ်။ ခေတ်ပြိုင်ပန်းချီ တွေးခေါ်မြော်မြင်မှုတွေနဲ့ပတ်သက်လို့လည်း နက်နက်နဲနဲ လေ့လာ လိုက်စားခဲ့ပြီး ပန်းချီပညာ လေ့လာသူအချင်းချင်းကို မျှဝေဖြန့်ချီပြီး ဦးဆောင်နေသူ

ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ စာနယ်ဇင်းလောကက သူ့ကိုလာပြီး တော့ အင်တာဗျူးလုပ်တဲ့အခါမှာတော့ ... သူ့ကိုပန်းချီအနုပညာရှင်၊ ပန်းချီဆရာ စတဲ့အသုံးအနှုန်းတွေနဲ့ မရေးသားဖို့ မေတ္တာရပ်ခံပါတယ်။ ပန်းချီဝါသနာရှင်လို့ပဲ သုံးပေးပါတဲ့။ အနူးအညွတ် တောင်းပန်ရှာပါတယ်။ ဘာပြုလို့လဲဆိုတော့တဲ့ သူဟာ အပျော်တမ်း ပန်းချီဝါသနာရှင်တစ်ယောက်သာ ဖြစ်ပါတယ်တဲ့။ သူဟာ အချိန်ပြည့် ပန်းချီပညာနဲ့ အသက်မွေးဝမ်းကျောင်းနေတဲ့သူ မဟုတ်ပါဘူး ... တဲ့။ အဲဒီလို အလေးအနက် မေတ္တာရပ်ခံရှာပါတယ်။ ပန်းချီဆရာကြီး ဦးခင်မောင် (ဘဏ်)ကို မြန်မာပန်းချီလောကတစ်ခုလုံးက ဆရာကြီးတစ်ဆူ အဖြစ် သိနေကြပြီးဖြစ်ပေမဲ့ ဆရာကြီးရဲ့ ကိုယ့်ကိုယ်ကိုယ်ချိုးနှိမ်ပြီး၊ ထိန်းသိမ်းဖို့ ကြိုးပမ်းတာကို တွေ့ရပါတယ်။

ဒီလိုပဲ ရုပ်ရှင်လောကမှာလည်း အကယ်ဒမီဆုများရှင် ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေဟာလည်း သူ့ကိုယ်သူ အနုပညာရှင် တစ်ယောက်အဖြစ် ပြောခဲဆိုခဲလှ ပါတယ်။ အများက သတ်မှတ်သုံးနှုန်း ပြောဆိုတာကိုတော့ မကန့်ကွက်ပါဘူး။ အကြောင်းအရင်းကို မေးကြည့်တော့လည်း သူလုပ်ခဲ့သမျှ သရုပ်ဆောင်အနုပညာကို အထွတ်အထိပ်ရောက်ပြီလို့ အားရတင်းတိမ်ခြင်း မရှိသေးလို့ပါပဲလို့ ရိုးရိုးပဲ ဖြေပါတယ်။ ကိုယ်ရောက်နေတဲ့အဆင့်ကို သတ်မှတ်အတည်ပြုပေးဖို့ဆိုတာ .. ကိုယ့်ဟာကိုယ်လုပ်လို့ရတဲ့အရာ မဟုတ်ပါဘူးတဲ့။ အများက အသိအမှတ်ပြုဖို့ပဲ ဖြစ်ပါတယ်တဲ့။

ဝင်းဖေတို့ မန္တလေးမှာ လူတစ်ယောက် စာပေပညာရှင်အဖွဲ့အစည်း ဝင်ဖို့၊ လျှောက်လွှာတင်ဖို့ ပြင်ဆင်ပါတယ်။ ဒီတော့ သူ့ကို အလွန်ရင်းနှီးခင်မင်တဲ့ စာရေး ဆရာကြီး မြမျိုးလွင်က ... အဲဒီအဖွဲ့ကိုဝင်ဖို့ဆိုတာ ကိုယ်က ကဗျာဆရာဖြစ်ဖို့ လိုအပ်တယ်ကွ ... လို့ပြောပါတယ်။ ဒီတော့ ဟိုလူက ... ကျွန်တော် ကဗျာတွေ ရေးလာတာ အပုဒ်ပေါင်းရာနဲ့ချီနေပါပြီ ဆရာကြီးရယ် ... ဆရာကြီးကိုလည်း ကျွန်တော် အမြဲပြနေခဲ့တာပဲလို့ပြောတော့ ... ဆရာကြီးမြမျိုးလွင်က ကဗျာဆရာ ဖြစ်ဖို့ဆိုတာ အရေအတွက်နဲ့မဆိုင်ဘူးကွ၊ မင်းရေးခဲ့တာတွေဟာ ရာကျော်ပေမဲ့ ကဗျာမှမဖြစ်သေးတာပဲ ... လို့ ပြောချလိုက်တာကို ကြုံခဲ့၊ ကြားခဲ့ရဖူးပါတယ်။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ဆရာကြီးမြမျိုးလွင်က သူ့ရဲ့ တကယ့်ဖြစ်ရပ်ကလေးနဲ့ တောင် ဥပမာပေးပြီး ရယ်ရယ်မောမောနဲ့ ပြောပြရှာပါတယ်။

အဲဒါကတော့ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က မြန်မာနိုင်ငံကို သိပ္ပံဇာတ်လမ်း စာပေဆရာကြီး အိတ်(ချ်) ဂျီ၊ ဝဲလ်(စ်) လာတုန်းက မြန်မာစာရေးဆရာကြီးတွေနဲ့ တွေ့ကြတော့ကာ ဆရာကြီး အိတ်(ချ်)၊ ဂျီ၊ ဝဲလ်(စ်)က ဆရာကြီးမြမျိုးလွင်ကို မေး

သတဲ့။ ဝတ္ထု ဘယ်နှပုဒ်ရေးပြီးပါပြီလဲ … ဆိုတော့ … ဆရာကြီး မြမျိုးလွင်က အပုဒ်နှစ်ရာကျော် ရေးပြီးပါပြီလို့ ဖြေလိုက်သတဲ့ဗျာ။ ဒီတော့ ကမ္ဘာကျော် ဆရာကြီးက ဟာ ဟုတ်ရဲ့လားဗျာ … ကောင်းလိုက်တာ၊ ကျုပ်တော့ ခုမှ ဝတ္ထု (၆)ပုဒ် ပဲ ရေးရပါသေးတယ်လို့ … ပြန်ပြောသတဲ့ဗျာ။ ဆရာကြီးမြမျိုးလွင်က ရယ်ရယ်မောမာ နဲ့ပဲ ဆက်ပြီး ရှင်းပြပါတယ်။ အိတ်(ချ်)၊ ဂျီ၊ ဝဲလ်(စ်) ရေးတဲ့ ဝတ္ထု (၆) အုပ်ဆိုတာ ကမ္ဘာကျော်လက္ခာ .. ငါ့ဝတ္ထုတွေက ဗမာကျော်လောက်ပဲကွ၊ သူတို့က ကမ္ဘာကျော် ဆိုတော့ … တစ်အုပ်ဆိုတစ်အုပ် ပိုက်ဆံတွေကလည်း အများကြီးရတာကွ၊ ငါက ဗမာကျော်လောက်ပဲဆိုတော့ ရတဲ့စာမူခနဲ့ မစားလောက်ဘူးကွ၊ ဒီလိုပဲ ရာချီပြီး ရေးရ တော့တာပဲ၊ ရာနဲ့ချီပြီး ဝတ္ထုရေးတိုင်းလည်း စာကောင်း ပေကောင်းဖြစ်တာ မဟုတ်ဘူး ကွလို့ ရယ်ရယ်မောမောနဲ့ ပြောဆိုပါတယ်။ စာပေပညာရှင် အဖွဲ့ဝင်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ် ကတော့ ဆရာကြီး ရယ်စရာပြောတယ် အောက်မေ့လို့လား မပြောတတ်ပါဘူး၊ ဖွတ် လျှောက်လွှာတင်လိုက်ပြီးတော့ စာပေပညာရှင် အဖွဲ့ဝင်ဖြစ်သွားတာပါပဲခင်ဗျာ။ဆက် လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေကို ရုပ်ရှင်အနုပညာသည် အဖြစ်ပဲ မြင်ကြ၊ သိကြတာ များပါတယ်။ ရုပ်ရှင်ရိုက်ကွင်းပြင်ပမှာ မင်းသားကြီးဦးထွန်းဝေ တစ်យောက် ဘယ်လိုနေထိုင်လှုပ်ရှားတယ်ဆိုတာကိုတော့ သက်ဆိုင်တဲ့သူတွေလောက်ကပဲ သိကြ တာများပါတယ်။

မင်းသားကြီး ဦးထွန်းဝေ ... (ဝင်းဖေတို့အခေါ် လေးလေးထွန်းဝေ) ဟာ သူ့ရှင်သန်လှုပ်ရှားနေရတဲ့ လူမှုဝန်းကျင်ကို အလွန်စိတ်ဝင်စားသူ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ရုပ်ရှင်သရုပ်ဆောင် အနုပညာနဲ့ပတ်သက်လာရင် လေးလေးထွန်းဝေ ဟာ ဇာတ်ကောင်နေရာမရွေး၊ သဏ္ဌာန်လုပ်၊ သရုပ်ဆိုတာလို သဘာဝ မင်းသားကြီး အဖြစ် တောက်လျှောက် အောင်မြင်ကျော်ကြားနေခဲ့တာ ဖြစ်ပါတယ်။ လေးလေး ထွန်းဝေဟာ စာပေအနုပညာရှင်တွေနဲ့လည်း ထဲထဲဝင်ဝင် ရင်းရင်းနှီးနှီး ရှိပါတယ်။ ပန်းချီဆရာ၊ ပန်းပုဆရာ အနုပညာသည်တွေနဲ့လည်း လက်ပွန်းတတီး ရှိပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ဆိုရင် မြန်မာ့အမျိုးသားစာပေဂုရုကြီး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ ကိုယ်ရေးအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရင်း တရုတ်ပြည် ခရီးကို လိုက်ပါခဲ့သူဖြစ်ပါတယ်။ အဲဒီလိုလုပ်ရပ်တွေကြောင့် လေးလေးထွန်းဝေကို မြန်မာနိုင်ငံရေး ခေါင်းဆောင်ပိုင်းကလည်း လေးစားခင်မင်ကြပါတယ်။ လေးလေး ထွန်းဝေကိုယ်တိုင်က ရုပ်ရှင်နယ်ကို မဝင်ရောက်ခင် မန္တလေးမှာ သတင်းသမားလုပ်ခဲ့ လေတော့ စာနယ်ဇင်းက ဂျာနယ်လစ်တွေနဲ့လည်း မိတ်ဆွေရောင်းရင်း အပေါင်းအသင်းများ ဖြစ်ပါတယ်။ အထူးခြားဆုံးကတော့ လေးလေးထွန်းဝေဟာ မြန်မာတရုတ် ကပြားပီပီ၊ မြန်မာသွေး ၅၀၊ တရုတ်သွေး ၅၀ ဖြစ်နေတဲ့အတွက် မြန်မာဓလေ့ထုံးတမ်း၊ စာပေယဉ်ကျေးမှုတွေကို တလေးတစား တန်ဖိုးထားမြတ်နိုးသလို၊ တရုတ်စာပေနဲ့ ယဉ်ကျေးမှု၊ ပညာ၊ အမွေအနှစ်တွေကိုလည်း လုံးဝမျက်ခြည်ပြတ်မခံသူ ဖြစ်ပါတယ်။ တရုတ်စကား သုံး/လေးမျိုးကို အဆင့်မြင့်မြင့်၊ ပြောနိုင်၊ ရေးနိုင်၊ ဖတ်နိုင်သလို မြန်မာစာပေမှာလည်း စာဖတ်အားကောင်းသူ၊ နှံ့စပ်သူ ဖြစ်နေပြန်ပါတယ်။ တရုတ်သွေး ပါသူပီပီ ကမ္ဘာကျော် တရုတ်ထိပ်တန်းအစားအစာ အနုပညာနဲ့ပတ်သက်လို့ ရန်ကုန်၊ မန္တလေး တရုတ်စားသောက်ဆိုင် လောကမှာ လေးလေးထွန်းဝေဟာ လုပ်ငန်းပိုင်ရှင် တွေ ကိုယ်တိုင်က တလေးတစား

အကြံဉာဏ် ဝေဖန်မှုတောင်းခံရတဲ့ ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်နေပြန်ပါတယ်။ တခမ်းတနားနဲ့ တရုတ်စားသောက်ဆိုင်တစ်ဆိုင် အသစ်ဖွင့်တော့မယ် ဆိုရင် စမဖွင့်ခင်မှာ လေးလေးထွန်းဝေကို တကူးတက ဖိတ်ကြား ပြီးတော့ သူတို့ဆိုင်ကဟင်းလျာတွေကို မြည်းစမ်းကြည့်ဖို့၊ ဝေဖန်အကြံဉာဏ်ပေးဖို့ ဖိတ်ခေါ်တတ်ကြပါတယ်။ အဲလိုကိစ္စတွေရှိလာပြီဆိုရင် ဝင်းဖေတို့ကို လေးလေး ထွန်းဝေက တစ်ပါတည်း ခေါ်သွားလေ့ရှိပါတယ်။ လေးလေးထွန်းဝေဟာ မြန်မာ တွေရဲ့အကြိုက်ကိုရော၊ တရုတ်တွေရဲ့ အကြိုက်ကိုရော ကောင်းကောင်းသိသူ၊ နှံ့စပ် ကျွမ်းကျင်သူအဖြစ် တရုတ်စားသောက်ဆိုင်လောကက နားလည်ထားကြလေတော့ လေးလေးထွန်းဝေရဲ့ သုံးသပ်ဝေဖန်ချက်တွေ၊ အကြံဉာဏ်ပေးချက်တွေကို တလေး တစား မှတ်သားနာယူ လုပ်ဆောင်ကြပါတယ်။ လေးလေးထွန်းဝေကလည်း ဆိုင်သစ် တွေက ဖိတ်ကြားချေခံပြီး အကြံဉာဏ်တောင်းကြတဲ့အခါတွေမှာ မည်ကာမတ္တ၊ ကောင်းတယ်/မကောင်းဘူး ပြောရုံမဟုတ်ဘဲ လိုအပ်ရင် လိုအပ်သလို စားဖိုဆောင်ထဲ အထိ ဝင်သွားပြီးတော့ စားဖိုမှူးနဲ့ တိုက်ရိုက် ထိထိရောက်ရောက် စိတ်ပါလက်ပါ ဆွေးနွေးပြောဆိုတတ်ပါတယ်။ လေးလေးထွန်းဝေဟာ တရုတ်အခြေခံချက်နည်း၊ ပြုတ်နည်းပညာတွေကို ဆည်းပူးလေ့လာထားသူ ဖြစ်ပါတယ်။ ဆင်ဖြူတော်မှီပြီး ကြံစုပ်ဖို့လိုက်သွားကြတဲ့ ဝင်းဖေတို့လည်း အလကား မနေကြရပါဘူး။ အဲဒီအသစ်ဖွင့်တဲ့ တရုတ်ဆိုင်က တရုတ်ဟင်းလျာတွေဟာ မြန်မာပါးစပ်နဲ့ လျှာရင်း မြိုက်/မ မြိုက် ဝေဖန်ချက်ပေးကြရပါတယ်။

လေးလေးထွန်းဝေနဲ့လိုက်ပါ များလာတော့ ... ဝင်းဖေတို့တောင် စားသောက်မှု အနုပညာရဲ့ အခြေခံခွဲခြမ်း စိတ်ဖြာ နည်းတွေကို တစ်စတစ်စနဲ့ ရင်းနှီးကျွမ်းကျင်လာ ကြပါတယ်။ လေးလေးထွန်းဝေဟာ မြန်မာအစားအစာတွေကို အရသာခံ စားတော့ မယ် ဆိုပြန်ရင်လည်း ကျကျနန ပြင်ဆင်စားသောက်လေ့ရှိပါတယ်။ တစ်ခါက သမိုင်း ဆရာကြီးတွေဖြစ်ကြတဲ့ ဒေါက်တာသန်းထွန်းတို့၊ ဆရာကြီးဦးမောင်မောင်တင်တို့၊ မြန်မာ့ရိုးရာဒီဇိုင်းပညာရှင် ဦးအေးမြင့်တို့ မြန်မာ့ယဉ်ကျေးမှုအနုပညာနဲ့ သမိုင်း သုတေသီ တပ္ပဝတီ ဦးဝင်းမောင် တို့ပန်းချီနဲ့ မြန်မာ့ရွှေချည်ထိုး ပညာရှင် ဦးစိန်မြင့် တို့ဆိုတာတွေကို လေးလေးက သူ့အိမ်မှာ ကောက်ညှင်းပေါင်းစားဖို့ ဖိတ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေ အားလုံးဟာ လေးလေးထွန်းဝေနဲ့ ဆွေမျိုးသားချင်းတွေလို ဆက်ဆံကြတဲ့ လူရင်းတွေ ဖြစ်ပါတယ်။ လေးလေးထွန်းဝေရဲ့ ခြံထဲမှာ သင်ဖြူးကြီးတွေခင်းပြီးတော့ စားပွဲဝိုင်းချထားပါတယ်။ ကောက်ညှင်းပေါင်း ပူပူနွေးနွေး နဲ့အတူ ပန်းကန်ပက်ပက်နဲ့ နှမ်းဆီစစ်စစ် ထည့်ထားတယ်။ နောက် ပန်းကန်ပက်တစ်ချပ်နဲ့ နှမ်းထောင်းနိုင်းချင်း၊ နောက် ပုစွန်ကြော်တွေ၊

ဘူးသီးကြော်တွေ၊ ကြက်သွန်ကြော် ပူပူနွေးနွေးတွေ အကျအနန ပြင်ဆင်ကျွေးမွေးပါတယ်။ ကြိုက်သလို စားသုံးကြဖို့ ဖြစ်လေတော့ အများစုက ပုစွန် ကြော်တို့၊ ဘူးသီးကြော်တို့၊ ကြက်သွန်ကြော်တို့နဲ့ ကောက်ညှင်းပေါင်းကို စားကြတာ များပါတယ်။ လေးလေးထွန်းဝေ ကိုယ်တိုင်ကတော့ ကောက်ညှင်းပေါင်း ပူပူနွေးနွေး လက်တစ်ဆုပ်စာ လောက်ကို ယူပြီးတော့ နှမ်းဆီနည်းနည်းနဲ့ သူ့လက်ထဲမှာ ဆုပ်ဆုပ်ပြီး နယ်ပါတယ်။ အတော်ကလေး နယ်သား ရလာတော့ အရွယ်တော် ကန်စွန်းဥလေး လို ကောက်ညှင်း အတောင့်ကလေး ရလာပါတယ်။ ဒီတော့မှ အဲဒီ ဆီပါတဲ့ ကောက်ညှင်းတောင့်ကလေးကို နှမ်းထောင်း ပန်းကန်ပက်ကလေးထဲမှာ လှိမ့်လိုက်ပါတယ်။ ပြီးတော့မှ အရသာခံပြီး စားတော့တာကိုး။ လေးလေးဟာ ကောက်ညှင်းပေါင်းစားမယ့် ကိစ္စကို အဲဒီလို စိတ်ပါလက်ပါ ကျကျနန ပြင်ဆင်စားတာကို အားလုံးသတိပြုမိသွားကြ လေတော့ အားလုံး အဲဒီလိုပဲ လိုက်လုပ်ပြီးတော့ စားကုန်ကြပါတယ်။ နောက်မှ ကျန်တဲ့ အကြော်တွေနဲ့ တွဲကြပါတယ်။ ကောက်ညှင်းပေါင်းစားတာများ ဘာဆန်းလို့ တုန်းဆိုပေမဲ့ လေးလေး လုပ်ပုံကိုင်ပုံဟာ သူကိုယ်တိုင်က ရုပ်ရှင်မင်းသားကြီး တစ်ယောက်လည်းဖြစ်၊ စိတ်ပါလက်ပါ လုပ်နေပြန်တာလည်း ဖြစ်လေတော့ ကျန်တဲ့ လူတွေလည်း အားကျပြီး လိုက်လုပ်ချင်ကြတာကို ကြည့်ပြီး ဝင်းဖေ ဝမ်းသာအားရ ကြည်ကြည်နူးနူး ဖြစ်ခဲ့ရဖူးပါတယ်။ ဆက်လက်တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

မန္တလေးမြို့က မြို့မ အပျော်တမ်း ဂီတအဖွဲ့ကြီး ၇၅ နှစ် သက်တမ်းက အများကြီးကျော်လာခဲ့ပြီးတော့ နှစ် ၁၀၀ နားကို ချဉ်းကပ်လာနေတော့ မိတ်ဆွေတချို့က မန္တလေးသား ဝင်းဖေကို လာမေးကြပါတယ်။

မြန်မာပြည်မှာရှိတဲ့ အပျော်တမ်း ဂီတအသင်းတွေထဲမှာ မန္တလေး မြို့မအဖွဲ့ကြီးရဲ့ သက်တမ်းက ရှည်လှချည်လားတဲ့။ ဘာပြုလို့ ဒီလောက်တောင် သက်တော်ရှည် အပျော်တမ်း ဂီတအဖွဲ့ကြီး ဖြစ်နေရတာလဲတဲ့။ လူတွေ မေးမယ်ဆိုလည်း မေးစရာပါပဲ။ မန္တလေးမြို့မ အပျော်တမ်းဂီတအဖွဲ့ကြီးဆိုတာက သက်တမ်းရှည်ကြာရုံတင် ဘယ်ကမှာလဲ ထင်ရှားကျော်ကြားမှုကလည်း ကြီးမားနေပေတာကိုး။ လူတွေမေးကြတဲ့ မေးခွန်း ကိုဖြေဖို့ ဘာမှ ခက်ခက်ခဲခဲ မရှိပါဘူး။ အကျိုးအကြောင်းတွေက အထင်အရှား ရှိနေ တာပါပဲ။

မန္တလေး မြို့မ အပျော်တမ်းဂီတအဖွဲ့ စတင်ပေါ်ပေါက်လာပုံကတော့ ဘာမှ မဆန်းပါဘူး။ မြန်မာပြည်မှာရှိတဲ့ မြို့ရွာ ရပ်ကွက်တွေမှာ ပေါ်ပေါက်နေကြ ရပ်ကွက်တွင်း ဗုဒ္ဓဝေယျာဝစ္စအသင်းဖွဲ့ကြရင်းနဲ့ အတီး၊ အမှုတ်၊ အက၊ အခုန်လေးတွေလည်း ပျော်ရပါးရအောင် ထည့်တတ်၊ ဖွဲ့တတ်ကြတဲ့ထုံးစံ သူလိုကိုယ်လိုထဲကပါပဲ။ ဒါပေမဲ့ မန္တလေးမြို့မ အပျော်တမ်း ဂီတအဖွဲ့ရယ်လို့ ဖြစ်လာမယ့် မူလ ဝေယျာဝစ္စအသင်းကလေး ထဲမှာ စပြီး ပါဝင်ဦးဆောင်တဲ့ သူတွေထဲမှာတော့ ကံအားလျော်စွာ အလွန်ထူးခြားတဲ့ ပါရမီရှင် အဓိကအားဖြင့် (၃) ယောက်တောင် ပါလာခဲ့လို့ ဖြစ်ပါတယ်။

ပထမပုဂ္ဂိုလ်က နောင်အခါ နိုင်ငံကျော် ပန်းချီဆရာကြီး ဖြစ်လာတဲ့ ဦးဘသက် ပါ။ သူဟာ အလွန် တယောထိုး ကောင်းသူဖြစ်ပါတယ်။ နောက် နှစ်ယောက်ကတော့… မြို့မညိန်းနဲ့ စားတန်းဦးသန့်တို့ ဖြစ်ကြပါတယ်။ ဒီသုံးယောက်ထဲမှာ ဦးဘသက် က အသက် အကြီးဆုံးဖြစ်ပါတယ်။ ဒါ့ကြောင့်ပဲ ဦးဘသက်ရဲ့ အလွန်အရေးကြီးတဲ့ အကျင့်စရိုက်တွေဟာ ကျန်နှစ်ယောက် ဖြစ်ကြတဲ့ မြို့မညိန်းနဲ့ စားတန်းဦးသန့်တို့ အပေါ်မှာ အနည်းနဲ့အများ လွှမ်းမိုးမှုရှိခဲ့တယ်လို့ ရှေးခေတ်ကို မီလိုက်တဲ့ လူကြီးတွေက ပြောပြခဲ့ပါတယ်။

ဦးဘာသက်ရဲ့ ထူးခြားချက်တွေကတော့ … သူချဉ်းကပ်ခဲ့သမျှ ပညာတွေမှာ ထူးထူးကဲကဲ၊ ထိုးထွင်းသိမြင်၊ တတ်မြောက် တတ်တဲ့ ကိစ္စပါပဲ။ သူ ငယ်စဉ်က ချဉ်းကပ် ခဲ့တဲ့ ပန်းထိမ်ပညာတို့၊ ကျောက်စိမ်း ပန်းပုပညာတို့၊ တယောပညာ စတာတွေမှာ ထူးကဲတဲ့ ထိုးထွင်း ပေါက်မြောက်မှုတွေက … အချိန်တိုတွေအတွင်းမှာ အထင်အရှား ပြသခဲ့တယ်လို့ ဆိုပါတယ်။ ဝင်းဖေဟာ ဦးဘာသက်ထံမှာ ပန်းချီပညာ သင်ဖူးပါတယ်။ ဒါကြောင့် တခြားပညာတွေကို မျက်မြင် မတွေ့ခဲ့ရဖူးပေမဲ့ ဦးဘာသက် တယောထိုးတာ ကိုတော့ အကြိမ်ပေါင်း များများ နားထောင်ပြီးတော့ တအံ့တသြ ဖြစ်ခဲ့ရဖူးပါတယ်။ ဒါတောင်မှ ဦးဘာသက်ဆီကို မြို့မညိန်းကိုယ်တိုင် တယောအသစ် မြည်းကြည့်ပေးဖို့၊ Bridge တပ်ပေးဖို့ လာပေးတဲ့အခါတွေမှာ တယောထိုးပြတဲ့ ကိစ္စတွေက များပါတယ်။ ဝင်းဖေ ကိုယ်တိုင် ငယ်စဉ်ကတည်းက ပတ္တလား တီးတဲ့သူ ဖြစ်တဲ့အတွက် ဂီတနဲ့ နားမဝေးလှပါဘူး။ ပန်းချီဆရာကြီး ဦးဘာသက်ဟာ တယောကို မေးပေါ်တင်ပြီးတော့ Bow ကို ကိုင်လိုက်ပြီဆိုရင် … တယောဟာ သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုလို ဖြစ်သွား တော့တာပါပဲ။ မြန်မာသံလည်း မဟုတ်၊ အနောက်တိုင်းက ဘိုသံတွေလည်း မဟုတ်တဲ့ တယောသံတွေကို ရဲရဲရင့်ရင့်နဲ့ နိုင်နိုင်နင်းနင်း ထိုးပါတော့တယ်။ သူထိုးတဲ့ တေးသွားတွေဟာ … နောက်တစ်ခါ ပြန်ထိုးပြစမ်းပါဆိုရင် … မဖြစ်နိုင်တော့တဲ့ တေးသွားတွေပါ။ အသံအတိုးအကျယ်၊ အနိမ့်အမြင့်၊ အတိုအရှည်၊ အမာအပျော့၊ အပူအအေး၊ အများအနည်း … ဆိုတာမျိုးတွေကို ထိုးတာပါပဲ။ မြန်မာသံတွေလည်း အများကြီး ထိုးပါတယ်။ မြို့မညိန်းလို ဂီတဂုရု တစ်ယောက်ကတောင်မှ လုံးဝငြိမ်သက်၊ မျက်စိမှိတ်၊ နားစွင့်ပြီးတော့ အလေးအနက် ခံစားနားထောင်နေတာကို ဝင်းဖေတို့ တအံ့တသြ တွေ့ခဲ့ကြရဖူးပါတယ်။

ဦးဘာသက်နဲ့ မြို့မညိန်းတို့ဟာ သူငယ်ချင်းလည်း သူငယ်ချင်း၊ ဆရာတပည့် တွေလည်း ဖြစ်ခဲ့ကြပါတယ်လို့ သူနေထိုင် ကျက်စားတဲ့ မန္တလေး တရုတ်တန်း ရှေ့တော် ပြေးဝင်းသား လူကြီးသူမတွေက ဝင်းဖေတို့၊ ပေါ်ဦးသက်တို့ကို ပြောပြခဲ့ကြပါတယ်။ ပန်းချီဆရာကြီး ဦးဘာသက်ဟာ သူချဉ်းကပ်ခဲ့သမျှ ပညာအားလုံးကို သူ့နည်းနဲ့သူ ကမ္ဘာကြည့်ကြည့်ပြီးတော့ နိုင်ငံတကာ အမြင် ရှိခဲ့တယ်လို့ ဝင်းဖေက ပြောချင်ပါတယ်။ ဦးဘာသက်ဆီက ရဲရင့်မှုတွေ၊ ပြတ်သားမှုတွေ၊ ထိုးထွင်းမှုတွေ၊ ကိုယ်ပိုင် ယုံကြည်မှုတွေ၊ ရိုးသားမှုတွေကို သူနဲ့ လုပ်ဖော်ကိုင်ဖက်တွေ အများကြီး ဓာတ်ကူး ရရှိခဲ့ကြလိမ့်မယ်လို့ ယူဆရပါတယ်။ ဒါကလည်း ဓားတန်းဦးသန့်နဲ့ မြို့မညိန်းတို့ရဲ့ ကိုယ်ခံပါရမီတွေက ထူးချွန်ကြလွန်းလို့ဆိုတာလည်း မေ့ထားလို့မဖြစ်ပါဘူး။ ဒါပေမဲ့ ဦးဘာသက်ဟာ မြို့မ အသင်းကြီးနဲ့အတူ ဂီတလောကမှာ ကြာရှည် မရပ်တည်ဘဲ ပန်းချီ ပညာကို ဖောက်ချလုပ်ရင်း ခွဲခွာသွားခဲ့ပါတယ်။ ဒီလိုပဲ

သူဝင်ပြီးတော့ စမ်းသပ်ကြည့်တဲ့ အခါမှာ ထူးထူးခြားခြား ထွင်းဖောက် ကျွမ်းကျင်ခဲ့တဲ့ ကျောက်စိမ်းပန်းပုနဲ့ ပန်းထိမ် ပညာ စတာတွေကိုလည်း စွန့်ပစ်ထားခဲ့တာပါပဲ။ ပန်းချီလောကမှာ ဆေးစက်ကျရာ အရုပ်ဆိုတဲ့ စကားဟာ ဦးဘသက်လို ပန်းချီ ဆရာမျိုးတွေ အတွက် လူတွေက ရေးထားခဲ့ တာဖြစ်လိမ့်မယ်လို့ ယူဆရပါတယ်။ ပန်းချီရေးတဲ့ နေရာမှာ သူတယောထိုးတာထက် တောင် ပိုင်နိုင် ရဲရင့်ပြီးတော့ ထင်သလို စိတ်သွားတိုင်း ကိုယ်ပါနိုင်တာတွေကို ဝင်းဖေ တို့ မြင်တွေ့ခဲ့ကြရဖူးပါတယ်။

ဒါတောင် ဒုတိယကမ္ဘာစစ်ကြီးအပြီး ဝင်းဖေတို့ ဆည်းကပ်ခွင့် ရတဲ့အချိန်မှာ ဦးဘသက်ဟာ ဘဝ အထုအထောင်း ဒဏ်ရာဒဏ်ချက်တွေကြောင့် စိတ်ဓာတ်ကျဆင်း နေချိန် ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ သူ တစ်သက်လုံး စုဆောင်း သိမ်း ဆည်းထားခဲ့တဲ့ ထောင်နဲ့ချီတဲ့ ပန်းချီမူရင်း လေ့လာချက် ပုံကြမ်း Original study Sketch references တွေ ဗုံးဒဏ်ကြောင့် ပျက်စီး ဆုံးရှုံးခဲ့ရပြီးတော့ သူအလွန်မြတ်နိုးတဲ့ ချစ်သူဇနီးဟာလည်း စစ်ကြီး အတွင်းမှာပဲ အသက်ဆုံးရှုံးခဲ့ရရှာတယ်လို့ ဆိုပါတယ်။ ပန်းချီဆရာကြီး ဦးဘသက်ဟာ လောကကို အလွန် အကောင်းမြင်တတ်သူ ဖြစ်တဲ့အတွက် သူ့ဘဝမှာ ဘာမှမဖြစ်ခဲ့သလို ပျော်ပျော်ပါးပါးပဲနေတာကို ဝင်းဖေတို့ တွေ့ကြရပါတယ်။ သူ့ရဲ့ကြီးမားတဲ့ ဆုံးရှုံးမှုတွေအကြောင်းကို ဝင်းဖေတို့၊ ပေါ်ဦးသက် တို့က သီးခြား လေ့လာ သိရှိခဲ့ကြရတာ ဖြစ်ပါတယ်။ မြို့မ အပျော်တမ်း ဂီတအသင်းကြီး ထူးထူးခြားခြား ရပ်တည်နိုင်ခဲ့တဲ့ အကြောင်းကို ရှေ့အပတ်မှာ ဆက်လက်တင်ပြ ပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က မန္တလေး မြို့မ အပျော်တမ်း တူရိယာအသင်းကြီး စတင်တည်ထောင်ချိန် မှာ အလွန်ထူးခြားတဲ့ ပါရမီရှင် သုံးယောက် တိုက်တိုက် ဆိုင်ဆိုင် ကံကောင်းထောက်မပြီး ပေါ်ပေါက်ခဲ့တဲ့ အကြောင်း ပဏာမအကျဉ်းချုံးပြီး ပြောခဲ့ပြီးပါပြီ။ အဲဒီ သုံးယောက်ထဲမှာမှ အသက်အကြီးဆုံးနဲ့ အလွတ်လပ်ဆုံး အယူအဆတွေကို လွှမ်းမိုးမှု ပြုနိုင်ခဲ့တာဟာ တယော ပညာမှာ ထူးထူးခြားခြား တသီးတသန့် ထူးချွန်တဲ့ ဦးဘသက်၊ နောင်အခါမှာ ပန်းချီဆရာကြီး ဦးဘသက်အဖြစ် အောင်မြင်ကျော်ကြားလာမယ့် ဦးဘသက် ဖြစ်ခဲ့တဲ့အကြောင်းလည်း အကျဉ်းချုံးပြီး တင်ပြခဲ့ပါတယ်။ နောင်အခါမှာ မြို့မ အပျော်တမ်းဂီတအသင်းကြီးရဲ့ ထူးခြားတဲ့ဂုဏ်ရည်နဲ့ပတ်သက်လို့ မြို့မညိန်းနဲ့ ဓားတန်းဦးသန့်တို့က ထင်ရှား ကျော်ကြားခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေအားလုံးဟာ အလွန် အနေအထိုင်သိပ်သည်းကြပါတယ်။ သူတို့ရဲ့ ပညာပါရမီ ထူးချွန်ထက်မြက်မှု တွေကြောင့်သာ ထင်ရှားကျော်ကြား လာခဲ့သူတွေ ဖြစ်ပါတယ်။

မန္တလေး မြို့မအဖွဲ့ကြီး စပြီးတော့ သန္ဓေတည်ရာ မန္တလေးမြို့၊ တရုတ်တန်း ရပ်ကွက်၊ ရှေ့တော်ပြေးဝင်းက လူကြီးသူမတွေ ပြောခဲ့ကြတာကို ဝင်းဖေတို့ကြားသိ ခဲ့ရပြီးတော့ ဦးဘသက်ရဲ့ရောင်းရင်းမိတ်ဆွေကြီး၊ ပန်းချီဆရာကြီး ဦးခင်မောင် (ဘဏ်) ကလည်း ပြောဆိုခဲ့ဖူးပါတယ်။ ဒီထူးကဲပါရမီရှင် သုံးယောက်စလုံးမှာ တူညီနေတဲ့အချက်က ... အရာရာကို ကမ္ဘာကြည့် ကြည့်တတ်၊ မြင်တတ်ကြ တာပဲဖြစ်တယ် ... လို့ ဆရာကြီးမြို့မညိန်းရဲ့စကားကိုပဲ ငှားပြီးတော့သုံးမှ အံဝင် ခွင်ကျ ကွက်တိဖြစ်ပါလိမ့်မယ်။ ကမ္ဘာကြည့် ကြည့်တတ်ဖို့ဆိုတာ ဒီတုန်းက လွန်လွန် ကဲကဲ လွတ်လပ်တဲ့ တွေးခေါ်ကြံဆရဲတဲ့ သတ္တိထူးရှိဖို့လိုအပ်ပါတယ်။ မန္တလေးမြို့မှာ ရပ်ကွက်၊ မြို့နယ်၊ ဝေယျာဝစ္စ အသင်းတွေ၊ ဂီတအပျော်တမ်းအဖွဲ့လေးတွေ အများကြီး ပေါ်ခဲ့၊ ပေါ်ဆဲ၊ ပေါ်လတ္တံ့ဆိုသလိုပါပဲ ... ဒါပေမဲ့ ဒုတိယ ကမ္ဘာစစ် မဖြစ်မီ မန္တလေး မှာ ကြုံတောင့်ကြုံခဲ ဖြစ်တောင့်ဖြစ်ခဲဆိုတာလို ပါရမီရှင်ကြီး သုံးယောက်တောင် ထွန်းပေါက်ခဲ့ရတာပါ။

မန္တလေးမြို့မ အပျော်တမ်း ဂီတအဖွဲ့ကြီးဟာ ... အပျော်တမ်းလို့သာ အမည် တပ်ထားပေမဲ့ တကယ့် ကြေးစား ဂီတဝိုင်းကြီးတွေ အားလုံးထက် နှစ်စဉ်

အငှားလိုက် ပွဲစဉ်များများ သာလွန်တာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ လိုက်ရတဲ့ ပွဲတွေကလည်း အထင်ကရ ပွဲကြီးပွဲကောင်းတွေ များလှပါတယ်။ နိုင်ငံတော်က အကြိမ်ပေါင်းများစွာ မြို့မအသင်းကြီးကို ဖိတ်ခေါ်ပြီးတော့ မင်္ဂလာ ယူခဲ့ရတဲ့ အသင်းကြီးပါ။

စားတန်းဦးသန့်နဲ့ မြို့မညိန်းတို့ဟာ မြန်မာ့ရိုးရာ ဂန္ထဝင်ဂီတတွေကို မြတ်နိုး လွန်းလို့ မြို့မအသင်းကြီးရဲ့ အခြေခံဖွဲ့စည်းပုံစည်းမျဉ်းထဲမှာ မြန်မာ့ရိုးရာဂီတတွေကို ထိန်းသိမ်းဖို့၊ အကောင်းဆုံးတင်ဆက်မှုတွေနဲ့ ဆက်လက် ဖော်ထုတ် မြှင့်တင်ဖို့ ဦးတည် ချက်ပန်းတိုင်အဖြစ် အလေးအနက် သတ်မှတ် ထည့်သွင်းရေးဆွဲခဲ့ကြပါတယ်။ တကယ်လည်း အသင်းကြီးရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ မြန်မာ့ရိုးရာဂီတတွေကို အမြောက်အမြား တင်ဆက် ထိန်းသိမ်းခဲ့ကြပါတယ်။

စားတန်းဦးသန့်နဲ့ မြို့မညိန်းတို့ဟာ ကမ္ဘာ့ဂီတကိုလည်း အလေးအနက် ချဉ်းကပ်လေ့လာခဲ့ကြပါတယ်။ အဲဒီအချိန်က မြန်မာတွေ အနောက်နိုင်ငံသားတွေရဲ့ လက်အောက်မှာ ကျွန်ဖြစ်နေကြရချိန်မို့ အနောက်တိုင်း ဆန့်ကျင်ရေးစိတ်ဓာတ်တွေ တဖွားဖွား ပေါ်ပေါက်နေကြလေတော့ မြို့မအသင်းကြီးရဲ့ ခေါင်းဆောင်တွေအနေနဲ့ ကျယ်ပြန့်တဲ့ကမ္ဘာ့အမြင်၊ ပညာအမြင်သာ မရှိခဲ့ကြရင် အနောက်တိုင်း ဂန္ထဝင်ဂီတတွေ ကိုလေ့လာဖို့ စိတ်ကူးဖို့တောင် မလွယ်ပါဘူး။ အဲဒီခေတ်မှာပဲ အင်္ဂလန်က ဘင်သံကို ကြိုက်ခဲ့ကြတဲ့သူတွေလည်း အများကြီးရှိခဲ့ပါတယ်။ ဒါပေမဲ့ မြို့မအသင်း ခေါင်းဆောင်တွေ လေ့လာနှစ်သက်ခဲ့ကြတဲ့ ကမ္ဘာ့ဂီတကတော့ ကမ္ဘာ့ဂန္ထဝင်ကီစ္စပါ။ ကမ္ဘာ့ဂီတရဲ့ ဂီတ ဆေးစပ်ခွက်မှာ အရောင်အသွေး၊ အနုအရင့်၊ အပူအအေး၊ အနီးအဝေး၊ အနု အကြမ်း၊ အနိမ့်အမြင့်စုံလင်လှတဲ့ ပညာ သဘောကို စောကြော သုံးသပ်မိကြတာ ဖြစ်ပါတယ်။ မန္တလေးမြို့ကို ရောက်လာတတ်သမျှ ကမ္ဘာ့ဂန္ထဝင် ဂီတ ဓာတ်ပြားတွေကို မည်ကာမတ္တ လေ့လာနားထောင်ကြတာမဟုတ်ဘဲ ကမ္ဘာ့ဂီတသင်္ကေတ၊ ကမ္ဘာ့ဂီတ စာပေကိုပါ လေ့လာပြီး အလေးအနက် ခွဲခြမ်းစိတ်ဖြာ ကြည့်ခဲ့ကြတာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မန္တလေးမြို့မှာ နိုင်ငံတကာသုံး ဂီတသင်္ကေတစာပေ အများကြီး ထွန်းကားခဲ့ပါတယ်။

ကမ္ဘာ့ဂီတနည်းပညာကိုသုံးပြီး မြန်မာ့ရိုးရာသံစဉ်တွေကို ဖွဲ့နွဲ့ တင်ဆက်ကြည့် ဖို့၊ တိုးမြှင့်ဖို့ ကြိုးပမ်းခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာဂီတတွေကို မြေမြှုပ် ဖျောက် ဖျက်ပစ်ဖို့ မဟုတ်ပါဘူး။ စားတန်းဦးသန့်နဲ့ မြို့မညိန်းတို့ဟာ ကမ္ဘာ့ဂီတတွေကို ထွင်းဖောက်လေ့လာနေကြတဲ့ တစ်ချိန်တည်းမှာပဲ မြန်မာ့ဂီတကို မြန်မာ့ ဆိုင်းပညာ

လောကရဲ့ နေလိုလလို ဖခင်ကြီးတစ်ဆူဖြစ်တဲ့ စိန်ဗေဒါကြီးနဲ့ မြန်မာ့စောင်းပညာရဲ့ ထိပ်တန်းဂုရုကြီး တစ်ဆူဖြစ်တဲ့ ဒေဝဣန္ဒြာ မောင်မောင်ကြီးရဲ့လက်ရင်းတပည့်ရင်း စောင်းဆရာကြီး မောင်မောင်လတ်တို့ထံမှာ ထဲထဲဝင်ဝင် ပြင်းပြင်းထန်ထန် လေ့လာ သင်ကြားခဲ့ကြပါတယ်။ မြို့မညိန်းရေးစပ်တဲ့ တေးသီချင်းအမြောက်အမြားမှာ မြန်မာ့ ရိုးရာ မဟာဂီတက ဆင်းသက်တဲ့ ဂန္ထဝင် တေးသွားတွေ ပါသလို၊ မြို့မညိန်းကိုယ်တိုင် တီထွင်ရေးဖွဲ့တဲ့ သံစဉ်အသစ်တွေဟာလည်း မြန်မာ့ရိုးရာ၊ မြန်မာတို့အကြိုက်၊ မြန်မာ တွေ ခံတွင်းတွေ့ခဲ့ကြတဲ့ တေးသွားတွေပဲ ဖြစ်ပါတယ်။

မြို့မညိန်းဟာ အနောက်တိုင်းဆန်တဲ့ တေးသွားအသစ်တွေကိုလည်း ဖန်တီး ရေးဖွဲ့ပါတယ်။ မြန်မာဆန်တဲ့ မြန်မာကြိုက် တေးသွား အသစ်တွေပါပဲ။ မြို့မညိန်းဟာ အဓိကအားဖြင့် သီချင်းများရေးစပ်မှုကို အားသန်တဲ့အတွက် မြန်မာစာပေနဲ့ ကဗျာကိုလည်း အလေးအနက်ထားသူ ဖြစ်ပါတယ်။

ဓားတန်းဦးသန့်ကတော့ မြန်မာ့ဂီတ အခြေခံစည်းကမ်း သဘာဝတွေနဲ့ ကမ္ဘာ့ ဂီတ အခြေခံစည်းမျဉ်းတွေ၊ တေးဂီတ သံစုံတီးဝိုင်းဖွဲ့စည်းပုံတွေကို စနစ်တကျ လေ့လာ ကျွမ်းကျင်လာသူ ဖြစ်ပါတယ်။ မြန်မာ့စည်းဝါးနဲ့ ဖက်သံ/ စွက်သံတွေကို နားလည် သဘောပေါက်နိုင်ဖို့အတွက် မြန်မာ့ဆိုင်းဝိုင်းနဲ့ ပတ်မချောင်ကို သူနေတဲ့တိုက်ပေါ်မှာ တင်ပြီးတော့ စိန်ဗေဒါကြီးနဲ့ စနစ်တကျသင်ယူသူဖြစ်ပါတယ်။ မြို့မညိန်း ရေးစပ်သမျှ သီချင်းတွေကို သံစုံဂီတဖွဲ့စည်းမှုတွေမှာ ဓားတန်းဦးသန့်ဟာ တာဝန်အများစုကို ဖြည့်ဆည်းထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း မြို့မက တင်ဆက်တဲ့ တေးတွေဟာ တစ်မူထူးခြား ပေါ်လွင်နေကြတာ ဖြစ်ပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

[၃၈]

သောတရှင်များခင်ဗျာ ...

မန္တလေးမြို့မ အပျော်တမ်း ဂီတအသင်းကြီး သက်တော်ရှည် ကျော်ကြား အောင်မြင်နေရခြင်းအကြောင်းကို အကျဉ်းချုံးပြီးတော့ တင်ပြနေတဲ့တိုင်အောင် မပြည့်စုံ နိုင်သေးဘဲဖြစ်နေလို့ ဆက်လက်ပြီးတော့ တင်ပြရပါဦးမယ်။

ရပ်ကွက် ဝေယျာဝစ္စ အသင်းကလေးဆိုပေမဲ့ ကိုယ့်ရပ်ကွက်က ကျော်ပြီးတော့ နာမည်ထွက်၊ လူကြိုက်များလာတဲ့အခါမှာ အသင်းအမည်ကို မြို့မလို့ ပေးခဲ့ကြပြန် ပါတယ်။ မြို့မအသင်းရဲ့ အရည်အသွေးကြောင့် အောင်မြင်လာတာပါသလို၊ စကား နောက် တရားပါဆိုတာလို မြို့ကလည်း မခဲ့ကြပါတယ်။ ဒီတော့ မြို့က၊ ဒေသက ချစ်လို့၊ မြှောက်စားလို့ တောက်ကြွားလာတယ်လို့ ထင်စရာရှိပါတယ်။ ဒီလိုသက်သက် တော့လည်း မဟုတ်ပါဘူး။ မြို့မအသင်းက ... အထူးသဖြင့် မြို့မညိန်းရေးစပ်တဲ့ သီချင်းတွေဟာ တစ်နိုင်ငံလုံးက ကြိုက်နှစ်သက်နိုင်တဲ့ အရည်အသွေးတွေရှိလို့ ခေတ်ပြားသီချင်းတွေ ဖြစ်လာပါတယ်။

မြန်မာနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ ရန်ကုန်ကို ပေါက်ရောက်ဖို့ဆိုတာ ရှေးတုန်းက တော့ ဆက်သွယ်ရေးတွေကလည်း နှေးကွေး ကျဉ်းမြောင်းနေလေသေးတော့ အတော် ကြီးကို ခဲယဉ်းပါတယ်။ မြို့မ မကျော်ကြားခင်ကတည်းက ခေတ်ပြားသီချင်းတွေနဲ့ ကျော်ကြားပေါက်ရောက်ပြီးဖြစ်ကြတဲ့ ... အေဝမ်းဆရာညွှာတို့၊ နန်းတော်ရှေ့ဆရာတင်တို့ဆိုတာတွေတောင် မြို့မကို အလေးထားကြရပါတယ်။

နန်းတော်ရှေ့ကြီးတောင်မှ× × × မြို့မရဲ့နာမည်ကို× × × ခိုးခိုးနမ်း× × × နန်းတော်ရှေ့ကြီးတောင်မှ× × × မြို့မရဲ့နာမည်ကို× × × ခိုးခိုး ... အဲဒီလိုဆိုပြီးတော့ ကာ နန်းတော်ရှေ့ဆရာတင် ကိုယ်တိုင်က သီချင်းထဲမှာ ထည့်ပြီး စပ်ဆိုခဲ့ပါတယ်။ နန်းတော်ရှေ့ဆရာတင်ဆိုတာက သီချင်းရေးဆရာလောကမှာ တစ်ထီးတစ်နန်း ဟည်းဟည်းထအောင် ကျော်ကြားအောင်မြင်ခဲ့တဲ့၊ အခုလည်း ဆက်ပြီးတော့ အောင် မြင်မှုတံခွန်ကို တလွင့်လွင့် တလူလူထူထားတုန်း ပညာရှင်ကြီးတစ်ဆူ မဟုတ်ပါလား။ ဒီပညာရှင်ကြီးတောင် မြို့မနာမည်ရိပ်ကို ခိုရပါတယ်လို့ ... စာထဲထည့်ရေးပြီးတော့

အနု မောနောပြုရတယ်ဆိုတော့ မြို့မရဲ့အောင်မြင်မှု ကျက်သရေကလည်း အတော် အရှိန်ကြီးခဲ့ပေတာပဲ။

မြို့မညိန်းရဲ့သီချင်းတွေက အကြောင်းအရာအရရော၊ သီချင်းစာသားတွေရဲ့ စာပေတန်ဖိုးအရရော၊ ဂီတအဖွဲ့အနွဲ့ အနေနဲ့ရော ... ဘက်စုံအများနဲ့မတူ တစ်မူ ထူးထူးခြားခြားတွေဖြစ်ပြီးတော့ ကျော်ကြား အောင်မြင်လာတာကို တွေ့ကြရပါတယ်။

မြို့မညိန်းတို့အုပ်စုဟာ ဟာသဥာဏ်တွေကလည်း အလွန်ရွှင်ခဲ့ကြပါတယ်။ လေချိုသွေးတို့၊ မန်ဒါလီတို့၊ နှစ်ပိဿခွဲတို့ ... နောက် သိကြားမင်းတို့ သားမက်/ယောက္ခမအကြောင်း ... သခွပ်ပန်းတို့ ဆိုတာတွေဟာ ဟာသဥာဏ်ကွန့်မြူးတာကို ပြသတဲ့ ဂီတအနုပညာတွေ ဖြစ်ပါတယ်။ ဒီတုန်းက ကာလသားလောကမှာတော့ တဝါးဝါး တဟားဟားဖြစ်ခဲ့ကြရတဲ့ ဟာသတွေပေါ့ခင်ဗျာ။ မြို့မမှာ ဒီလို အရည် အသွေးတွေ ထွက်လာတာဟာ ပင်ကို ပါရမီထူးခြားတာအပြင်၊ ကမ္ဘာ့အမြင်နဲ့ ကမ္ဘာ ကြည့် ကြည့်တတ်ကြတဲ့အတွက် ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ မြို့မရဲ့ အောင်မြင်ထင်ရှားမှုဟာ မန္တလေးမြို့ရဲ့နယ်ပယ်ကို အများကြီးကျော်လွန်ပြီးတော့ တစ်နိုင်ငံလုံး အတိုင်းအတာ အထိ ပေါက်ရောက်သွားတာပါပဲ။

ဝင်းဖေ နိုင်ငံတော် အနုပညာ၊ ပန်းချီနဲ့ အကကျောင်း မှာ ကျောင်းအုပ်လုပ်နေစဉ် ၁၉၆၀ ခုနှစ်တွေတုန်းက .. ဥရောပတို့၊ အမေရိကန်တို့၊ ဆိုဗီယက်ပြည်ထောင်စုတို့က ဂီတပညာရှင်ကြီးတွေ မြန်မာနိုင်ငံကို နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်နဲ့ မကြာခဏ လာကြပါတယ်။ အမေရိကန်က စန္ဒရားပါရဂူတွေ ဖြစ်ကြတဲ့ ... မစ္စက်ဝီလျံဆင်တို့၊ ဂျဲနက်ဟိန်းလ်တို့၊ ဂျာမနီက ဂီတပါမောက္ခတွေ ဖြစ်ကြတဲ့ ... ပရော်ဖက်ဆာကွဲလားတို့၊ ပရော်ဖက်ဆာ ရက်ဗလင်းတို့ဆိုတာတွေဟာ... ဒီတုန်းက ယဉ်ကျေးမှုဝန်ကြီးဌာနမှာ အထူးအကြံပေး ဂီတပညာရှင်ကြီး မြန်မာ့အသံ ဦးခင်ဇော်ကတစ်ဆင့် မြန်မာ့ရိုးရာဂီတတွေအကြောင်းကို ဆွေးနွေးမေးမြန်းချင်ကြ တော့ ... ဆရာဦးခင်ဇော်ကလည်း အဲဒီဧည့်သည်တော်ကြီးတွေကို မန္တလေးက မြို့မ ဓားတန်းဦးသန့်ဆီကို ခေါ်ခေါ်လာပါတယ်။ ဝင်းဖေနဲ့ ဆရာကြီးဦးခင်ဇော်တို့က ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွဲ့စည်းပြီး တာဝန်ပေးထားတဲ့ မြန်မာ့ရိုးရာဂီတ ထိန်းသိမ်း ပြုစုရေးကော်မတီမှာ အတွင်းရေးမှူးနဲ့ ဥက္ကဋ္ဌဖြစ်ကြလေတော့ ... ဦးခင်ဇော်နဲ့ နိုင်ငံခြား ပါမောက္ခတွေ ဓားတန်းဦးသန့်နဲ့ တွေ့ပေးဖို့ကိစ္စတွေမှာ အစီအစဉ်လုပ်ပေး၊ လိုက်ပို့ပေး၊ စီစဉ်ပေးရတဲ့ Laison Officer အဖြစ် ဝင်းဖေက

ဆောင်ရွက်ရပါတယ်။

အဲဒီ နိုင်ငံခြားပညာရှင်တွေနဲ့ ဓားတန်းဦးသန့်တို့၊ ဦးခင်ဇော်တို့ မြန်မာ့ရိုးရာ ဂီတအကြောင်းကို ကမ္ဘာ့ဂီတပညာနဲ့ ခွဲခြမ်းစိတ်ဖြာ ဆွေးနွေးကြတာတွေကို ဝင်းဖေ ကိုယ်တိုင်ကိုယ်ကျ အများကြီး တွေ့မြင်လေ့လာခဲ့ရဖူးပါတယ်။ ဆရာကြီး မြန်မာ့အသံ ဦးခင်ဇော်ဟာ သူကိုယ်တိုင် ကမ္ဘာ့ဂီတနဲ့ မြန်မာ့ဂီတမှာ နက်နက်ရှိုင်းရှိုင်း လေ့လာ လိုက်စားထားသူ ဖြစ်တဲ့အတွက် နိုင်ငံခြားကလာတဲ့ ဂီတပညာရှင်တွေကို သူကိုယ်တိုင် ဆွေးနွေးရင်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ မန္တလေးက ဓားတန်းဦးသန့်တို့၊ မြို့မညိန်းတို့ ကမ္ဘာ့ဂီတ၊ မြန်မာ့ဂီတ ညှိနှိုင်းလေ့လာမှု အတိုင်းအတာကို ကောင်းကောင်းကြီး သိနေ သူဖြစ်တဲ့အတွက် ဓားတန်းဦးသန့်ဆီကို တကူးတက ခေါ်ခေါ်လာတာ ဖြစ်ပါတယ်။ အဲဒီအချိန်ပိုင်းတွေမှာတော့ မြို့မညိန်းက မရှိရှာတော့ပါဘူး။ ၁၉၅၀ ခု အလယ်ပိုင်း လောက်ကတည်းက ကွယ်လွန်သွားပြီး ဖြစ်ပါတယ်။ အဲဒါကိုလည်း ဆရာကြီး ဦးခင်ဇော်က တတမ်းတတ၊ ခဏခဏ ပြောရှာပါတယ်။

ဆရာကြီး ဦးခင်ဇော် ကိုယ်တိုင်လည်း မြို့မညိန်းတို့၊ ဓားတန်းဦးသန့်တို့ကို အလွန်လေးစား၊ တန်ဖိုးထားသူ ဖြစ်ပါတယ်။ မြို့မအသင်းကြီးကို ဦးဆောင်ခဲ့ကြသူ တွေရဲ့အကြောင်းကို ပြောစရာတွေက အများကြီးရှိပါတယ်။ မြို့မအသင်းကြီးရဲ့ သက်တမ်းတစ်လျှောက်မှာ ... ဦးဘသက်တို့၊ ဓားတန်းဦးသန့်တို့၊ မြို့မညိန်းတို့အပြင် ဦးရင်လေးတို့၊ အဲ ... ခေါင်းဖြူကြီး ဂစ်တာဘသိန်းတို့၊ ကိုဘိုခင်တို့၊ ကိုပေါတို့ စတဲ့ ... ထူးချွန်တဲ့ပညာရှင်တွေ အများကြီးလည်း ပေါ်ထွန်းခဲ့ပါသေးတယ်။ ဆရာကြီး ဦးဘသိန်း ဆိုရင်လည်း မြန်မာနိုင်ငံမှာ တစ်ယောက်ဆို ဆိုလောက်အောင် ထွန်း ပေါက် အောင်မြင်ခဲ့တာပါပဲ။ မန္တလေး မြို့မ အပျော်တမ်းဂီတအသင်းကြီး ဘာကြောင့် များ ဒီလောက်တောင် သက်တော်ရှည်အသင်းကြီးဖြစ်နေရတာလဲဆိုတာနဲ့ ပတ်သက်လို့ ပြောမဆုံးပေါင်၊ တောသုံးတောင်ဆိုတာလိုပြောရင် ပြောသလောက် ပေရှည်နေ တော့မှာ ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၇၉]

သောတရှင်များခင်ဗျာ ...

မန္တလေးက သက်တော်ရှည် မြို့မ အပျော်တမ်း ဂီတအသင်းကြီး ရဲ့ နဂိုမူလ အုတ်မြစ်ချခဲ့ကြတဲ့ ပါရမီ ရှင်ကြီးတွေအကြောင်းကို အကျဉ်းချုံး ပြီးတော့ တင်ပြတာတောင် အတော် ကလေး များသွားပြီးတော့ မြို့မ အသင်းကြီးကို အစဉ်အဆက် လက်ဆင့်ကမ်း ထမ်းပိုးသယ်ဆောင်ခဲ့ကြတဲ့ အသင်း သူ/ အသင်းသားတွေနဲ့ မြို့မအသင်းကြီးကို တစ်ချိန်လုံး မထားခဲ့ကြတဲ့ မန္တလေး မြို့သူ/ မြို့သားတွေအကြောင်းကို ဆက်လက်တင်ပြပေးဖို့ ကျန်ရှိနေပါတယ်။

အုတ်မြစ်ချခဲ့ကြတဲ့ လူကြီးတွေရဲ့ အဓိပ္ပာယ်လေးနက်တဲ့၊ ဦးတည် ရည်ရွယ်ချက် ကြီးမြတ်တဲ့၊ ဆုံးဖြတ်ချက်၊ လမ်းစဉ်ကောင်း၊ စံနမူနာကောင်းတွေကြောင့်လည်း မျိုးဆက်သစ်တွေအတွက် ဆက်ပြီးတော့ သယ်ဆောင် ထမ်းပိုးကြရာမှာ တက်တက် ကြွကြွ၊ ယုံယုံကြည်ကြည် ရှိခဲ့ကြတာဖြစ်ပါတယ်။ အစဉ်တစိုက် အားပေးချီးမြှောက် ကြရတဲ့ မန္တလေး မြို့မိ/ မြို့ဖများအနေနဲ့လည်း စိတ်ချမ်းချမ်းသာသာ ဂုဏ်ယူဝင့်ကြွား ပြီးတော့ ကျက်သရေအပေါင်းကို ဆောင်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ မန္တလေး မြို့မအသင်းကြီးဟာ မန္တလေးမြို့ရဲ့ ကျက်သရေဆောင် အသင်းကြီးအဖြစ် ရပ်တည်နေခဲ့သလို မန္တလေးတစ်မြို့လုံးကလည်း မြို့မအသင်းကြီးအတွက် အမြဲဂုဏ်ယူမဆုံး ရှိခဲ့ကြပါတယ်။ မြို့မ အဖွဲ့ဝင် အပျော်တမ်း အနုပညာရှင်တွေဟာလည်း သူတို့ကိုယ်တိုင် မြို့ကျက်သရေရှင်များ ဖြစ်နေကြရသလို၊ မြို့မအသင်းကြီးရဲ့ ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။

မန္တလေး မြို့မအသင်းကြီးကို လေးစားမြတ်နိုး အားကျလာကြတဲ့အတွက် မိတ္ထီလာမြို့မတို့၊ မြင်းခြံမြို့မ၊ ပျော်ဘွယ်မြို့မ၊ မိုးကုတ်မြို့မ အစရှိသဖြင့် မြို့မအသင်းခွဲတွေလည်း အများကြီး ပေါ်ထွန်းခဲ့ပါတယ်။ မန္တလေးမြို့မ အသင်းကြီးရဲ့ ပညာရည်နို့ကို သောက်စို့ကြတာတွေပါပဲ။ ဗဟိုမြို့မအသင်းကြီးက တေးသီချင်း၊ တေးသွားတွေကိုပဲ တီးမှုတ်ကြပါတယ်။ ရွာစားကြီး စိန်ဗေဒါတို့၊ လေဘာတီ မမြိရင်တို့ ဆိုတာတွေဟာ အနုပညာအောင်မြင်မှု ကြီးမား ကျယ်ပြန့်လွန်းလို့ သူတို့မပါရင် အလှူ မဖြစ်သလောက်ပါပဲလို့ ပြောကြရသလိုပါပဲ .. မန္တလေးမြို့မှာ ... မြို့မ မပါရင် မကျေနပ်နိုင်ကြတဲ့ အလှူ၊ မင်္ဂလာဆောင်၊

ကာယကံရှင်တွေဟာ မြို့မအသင်း အားလပ် တဲ့အချိန်ကိုစောင့်ပြီးတော့ သူတို့ရဲ့ အခမ်းအနားများအတွက် ရက်သတ်မှတ်ကြတာတွေ အများကြီးရှိခဲ့ပါတယ်။ ဒါတွေဟာ မူလမြို့မအသင်း စတင် တည်ထောင်ကတည်းက ပညာတန်ဖိုးထားမှု၊ ရည်ရွယ်ချက် မှန်ကန်သန့်စင်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ သိက္ခာ ထိန်းသိမ်းမှု၊ စည်းကမ်း ထိန်းသိမ်းမှု၊ ကြိုးစားအားထုတ်မှု ... စတဲ့ ... လိုရင်းပြောရ ရင် .. သီလ၊ သမာဓိ၊ ပညာအဘက်ဘက်က ထိန်းသိမ်း ကျင့်ကြံနိုင်မှုတွေကြောင့် အခုလို အောင်မြင်ကျော်ကြားမှုနဲ့အတူ အသင်းရပ်တည်မှု ခိုင်ခန့် ရှည်ကြာ နိုင်ခဲ့ကြကာ ဖြစ်ပါတယ်။

အထူး သတိချပ်မိတာ တစ်ခုကတော့ ... မန္တလေး မြို့မအသင်းကြီးဟာ နိုင်ငံရေးနဲ့ပတ်သက်ပြီး သိသိသာသာ တစ်ဖက်စောင်းနင်း၊ ဘက်လိုက်မှု မရှိခဲ့ကြတာ ပါပဲ။ မြို့မအသင်းကြီးမှာ နိုင်ငံ့အရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံကျော် သီချင်းတွေ ရှိခဲ့ပါတယ်။ ဥပမာ ... လူချွန်လူကောင်းတို့၊ ငြိမ်းချမ်းရေးတို့ဆိုတဲ့ သီချင်းမျိုး တွေ ဖြစ်ပါတယ်။

လူချွန်လူကောင်း သီချင်းက ဆရာကြီး မြို့မညိမ်းကို ဖ-ဆ-ပ-လ အစိုးရက ဝန်ကြီးချုပ်ဦးနုရဲ့ ပြည်တော်သာ စီမံကိန်း အတွက် ရေးပေးဖို့ မေတ္တာရပ်ခံလို့ ရေးရတာပါ။ ဒါပေမဲ့ မြို့မညိမ်းဟာ .. အသင်းသိက္ခာ၊ သူ့သိက္ခာကိုထိန်းပြီး အများအကျိုးပြု၊ တတ်နိုင်သမျှ ဓမ္မဓိဋ္ဌာန်ကျတဲ့ အနေအထားကနေပြီးတော့ ရေးသားစပ်ဆို နိုင်ခဲ့လို့ တစ်နိုင်ငံလုံး အတွက် နေရာမရွေး၊ အချိန်မရွေး၊ အယူဝါဒမရွေး စိတ်သန့်သန့်၊ သိက္ခာရှိရှိနဲ့ ဆိုနိုင်၊ တီးနိုင် ဖျော်ဖြေနိုင်ကြတာ ဖြစ်ပါတယ်။

ဒီသီချင်းဟာ ပြည်တော်သာ စီမံကိန်း အတွက် ရေးတာဆိုပေမဲ့ ပြည်တော်သာဆိုတဲ့ စကားလုံးတစ်လုံးမှ မထည့်ဘဲ ရေးသားစပ်ဆိုထားပါတယ်။ ဒါ့ကြောင့်လည်း ပြည်တော်သာခေတ်မှာသာ ကျန်နေရစ်ခဲ့တာ မဟုတ်ဘဲ ဆက်လက်ပြီးတော့ အစွန့်ရှည်ကြာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအကြောင်းတွေကို ဂီတစာဆိုကြီး ဘိုကလေး (ဦး) တင့်အောင်ကလည်း ပြန်လည် သုံးသပ် ဝေဖန်ပြီးတော့ မှတ်တမ်းတင် ရေးသားခဲ့ဖူးပါတယ်။ နိုင်ငံအကျိုးပြုသီချင်းတွေ အများကြီးရှိပေမဲ့ ကာလဒေသ မရွေး အသုံးတည့်ပြီး၊ လူကြိုက်များ ကျော်ကြားတဲ့ သီချင်းတွေက ရှားပါးပါတယ်။ လူချွန်လူကောင်းလို သိက္ခာရှိရှိနဲ့ အနုပညာမြောက်တဲ့ နောက်ထပ် နိုင်ငံအကျိုးပြု သီချင်းတစ်ပုဒ်ကတော့ ... ကဗျာဆရာ နောင်ရဲ့စာသားကို စန္ဒရားလှထွဋ် တေးသံ သွင်းထားတယ်ဆိုတဲ့ တိမ်တမန် ဖြစ်ပါတယ်။ ဒီသီချင်းတွေ ကတော့ တေးသွား အရရော၊ စာသားအရရော ... သိမ်သိမ်မွေ့မွေ့၊ သိက္ခာရှိရှိနဲ့

နိုင်ငံအကျိုးပြုလည်းဖြစ်၊ အနုပညာလည်း မြောက်ကြပါပေတယ်လို့ ပြည်သူလူထုအများက အသိအမှတ်ပြုကြ ပါတယ်။

မြို့မအသင်းကြီးက နိုင်ငံရေးအပြင် အားကစားနဲ့ပတ်သက်တဲ့ သီချင်းတွေလည်း ... သိကၡာနဲ့ မှင်နဲ့ မောင်းနဲ့ ရေးဖွဲ့တတ်ပါတယ်။ ခေါမပြည်လို့ အစချီတဲ့ အိုလံပစ်သီချင်းတို့၊ ဗလမောင်/ဗလမယ် ရွေးပွဲတွေအတွက် ရည်ရွယ်ပြီး ရေးခဲ့တဲ့ ယဉ်တစ်ကိုယ်မယ် ... စတဲ့ တေးတွေ ဖြစ်ပါတယ်။ လိုရင်းကိုချုပ်ပြောရရင် ... မြို့မ အပျော်တမ်း ဂီတအနုပညာ အသင်းကြီးအနေနဲ့ ပြည့်စုံ၊ ကျင့်ကြံရမယ့် လောကီဆိုင်ရာ သီလ၊ သမာဓိ၊ ပညာတွေကို ချမှတ်ဦးဆောင်မှုပေးနိုင်ခဲ့တဲ့ ထူးချွန်ပါရမီရှင် ခေါင်းဆောင်ကောင်းတွေနဲ့ အစဉ်အဆက်၊ အသင်းဝင်၊ အသင်းသား နောက်လိုက် ကောင်းတွေရဲ့ အစဉ်အလာကောင်း ထိန်းသိမ်းနိုင်မှု၊ မန္တလေး မြို့သူမြို့သားတွေနဲ့ တစ်နိုင်ငံလုံးက တေးချစ်သူတွေရဲ့ အနုမောဒနာပြု ချီးမြှောက်အားပေးမှုကြောင့် မြို့မ အသင်းကြီး အခုလို သက်တော်ရှည် အောင်မြင်နေရတာ ဖြစ်ပါတယ်။ အနုပညာနဲ့ ပတ်သက်တဲ့ ဒီအစဉ်အလာကောင်းတွေဟာ တခြားအဖွဲ့အစည်းတွေ အနေနဲ့လည်း အတုယူ၊ စံပြုကျင့်သုံးရမယ့် ရေရှည်တည်တံ့ ခိုင်မြဲအောင်မြင်ရေး နည်းလမ်းကောင်း တွေပဲ ဖြစ်ပါတယ်။ မြို့မရဲ့ နောက်မျိုးဆက်သစ်တွေကလည်း ရိုးရာကို မပယ်သလို၊ ခေတ်စနစ်ကို မျက်ခြည်မပြတ်တဲ့ မြို့မရဲ့ အစဉ်အလာကောင်းတွေကို ဆက်ပြီးတော့ ထိန်းသိမ်း ကျင့်သုံးသွားကြမှာပဲလို့ ယုံကြည်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ..

မန္တလေး မြို့မ အပျော်တမ်း ဂီတအသင်းကြီး ဘာကြောင့် အောင်မြင်ကျော်ကြားခဲ့ရတာလဲ၊ ဘာကြောင့် ကြာရှည် တည်တံ့ခိုင်မြဲ နေတာလဲ ဆိုတာတွေကို အကျဉ်းချုံးပြီး တင်ပြခဲ့ပြီးပါပြီ။ မန္တလေး မြို့မအသင်းကြီးရဲ့ ရည်ရွယ်ချက် တွေ ဘယ်အတိုင်းအတာအထိ အောင်မြင်ခဲ့ပါသလဲ၊ အဓိကအားဖြင့် ဘာတွေ မအောင်မြင်ခဲ့ဘူးလဲ ဆိုတာကို ဝင်းဖေက မန္တလေးသား၊ ဂီတချစ်သူ၊ မြို့မချစ်သူ တစ်ယောက် အနေနဲ့ ကြိုးစားပြီး တင်ပြပါဦးမယ်။

မန္တလေး မြို့မအသင်းကြီးအနေနဲ့ ခေတ်အလိုက်သီချင်းတွေ ရေးစပ်တင်ဆက်တဲ့ နေရာမှာ ရာခိုင်နှုန်း အများဆုံး အောင်မြင်ခဲ့တယ်လို့ ဆိုရပါမယ်။ တစ်နိုင်ငံလုံး အတိုင်း အတာနဲ့ ဓာတ်ပြားသီချင်းတွေ အများအပြား ထုတ်လုပ်နိုင်ခဲ့တဲ့ နေရာမှာ မြို့မညိမ်း ရေးစပ်တဲ့ သီချင်းတွေက ရာခိုင်နှုန်း အများဆုံး ဖြစ်ပါတယ်။ နန်းတော်ရှေ့ဆရာတင်က သူ့ကိုယ်သူ မြို့မရဲ့အရိပ်ကို ခိုလှုံပါတယ်ဆိုပေမဲ့ သူ့ဂုဏ်၊ သူ့ဒြပ်နဲ့ သီးခြား ရပ်တည်သူ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး၊ မြို့မ အသင်းဝင်ဖြစ်လာတဲ့ တေးရေးစာဆိုကြီး ဦးဘသိန်းကလည်း နိုင်ငံကျော်တေးသီချင်းတွေ အများကြီးရေးစပ်ပြီးတော့ လူကြိုက်များ ထင်ရှားကျော်ကြား အောင်မြင်ခဲ့ပါတယ်။ မြန်မာ့ခေတ်ပေါ် တေးဂီတလောကမှာ ဆရာကြီး ဦးဘသိန်းရဲ့ ကဏ္ဍဟာလည်း သီးခြား ခမ်းနားကြီးကျယ်လှပါတယ်။

ဦးဘသိန်းဟာ ပထမ ... ဂီတာ ဘသိန်းအဖြစ် သူ့ဟာသူ သီးခြား ရပ်တည် ပါတယ်။ နောက် ဒုတိယ ကမ္ဘာစစ် အပြီး မြန်မာပြည်တွင်းစစ် စတင်ချိန်လောက်မှာ မြို့မညိမ်းတို့၊ ဓားတန်းဦးသန့်တို့နဲ့ တွေ့ပြီးတော့ မြို့မအဖွဲ့ဝင် ဖြစ်လာပါတယ်။ မြို့မညိမ်း ကွယ်လွန်ပြီးချိန်မှာ မြို့မအသင်းကို ဦးဆောင်ခဲ့ပါသေးတယ်။ နောက်တော့ သိင်္ဂီတ အသင်းတို့၊ သီရိမွန်ဂီတ အသင်းတို့ဆိုတာတွေ ခွဲပြီးတော့ ထူထောင်ပါတယ်။ အောင်မြင်တာပါပဲ။ ဒါပေမဲ့ မြို့မလောက်တော့ အချိန်အဝါ မကြီးခဲ့ပါဘူး။ မန္တလေး မြို့မအသင်းကြီးရဲ့ အရေးကြီးဆုံးနဲ့ အဓိကအကျဆုံး ရည်ရွယ်ချက် ပန်းတိုင်ကတော့ မြန်မာ့ရိုးရာနဲ့ မြန်မာ့ခေတ်ပေါ်တေးသွားတွေကို ကမ္ဘာ့စံချိန်မီ သံစုံတီးဝိုင်းကြီးနဲ့ ပြည့်ပြည့်စုံစုံ ခမ်းခမ်းနားနား တင်ဆက်နိုင်ရေးဖြစ်ပါတယ်။ သံစုံတီးဝိုင်းကြီး မဟုတ်ပါဘူး

ဆိုရင်လည်း ပိုပြီးတော့ ခေတ်မီ၊ တိုးတက်၊ ကျယ်ပြန့်တဲ့ ဝိုင်းဖွဲ့တင်ဆက်မှုတွေနဲ့ တိုးမြှင့်ထိန်းသိမ်းဖို့ ဖြစ်ပါတယ်။ ဒီအပိုင်းမှာတော့ ရာခိုင်နှုန်း အားဖြင့် ၂၀/၃၀ လောက်ပဲ ခရီးပေါက်သေးတယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

မြန်မာသံစုံတီးဝိုင်း ကမ္ဘာ့အဆင့်မီ ဖွဲ့နွဲ့ဖော်ဆောင်နိုင်ဖို့ အခြေခံ လေ့လာပြင်ဆင်မှုတွေကို အတော်ကြီးကို ပြည့်စုံအောင် လုပ်ပြီးခဲ့ကြတယ်လို့ ယူဆရပါတယ်။ ဂီတရဲ့အခြေခံများဖြစ်ကြတဲ့ စည်းဝါးနဲ့ဖက်သံ၊ စွက်သံတွေကိစ္စကို မြန်မာ့ဆိုင်းက ပတ်မချောင် စည်းချက်တွေကို အခြေခံပြီး လေ့လာခဲ့ကြပါတယ်။ ဂီတအခြေခံ ဖက်သံ၊ စွက်သံများ အပိုင်းမှာ မြန်မာဂီတ တူရိယာပစ္စည်းတွေရဲ့ သဘာဝအလျောက် အားနည်းချက် ရှိပါတယ်။ မြန်မာတူရိယာ ပစ္စည်းတွေ ဖြစ်ကြတဲ့ ဥပမာ ... ပတ္တလားတို့၊ ဆိုင်းတို့၊ မောင်းဆိုင်းတို့၊ ကြေးနောင်ဝိုင်းတို့မှာ မတူတဲ့ အသံနှစ်ခုကိုသာ တစ်ပြိုင်တည်း ထည့်ပြီး၊ စွက်ပြီး တီးခတ်လို့ရပါတယ်။

စောင်း တူရိယာမှာ မတူတဲ့အသံ တစ်ပြိုင်နက်တည်း နှစ်သံထက်ပိုပြီး တီးနိုင်တယ်လို့ ဆိုပေမဲ့ မြန်မာတွေက တီးခဲပါတယ်။ ပင်မအသံ တစ်သံကို ပိုတောက်ပ လာအောင်၊ ပိုပေါ်လာအောင်၊ မှိန်သွားအောင်၊ မှိုင်းသွားအောင် ... မတူတဲ့ အသံတွေ ဖက်လို့ စွက်လို့ ရပါတယ်။ အရောင်မှာ အနုအရင့် အင်အားရှိသလိုမျိုးတွေ ဖြစ်ပါတယ်။

အဲဒီလို မြန်မာသံတွေမှာ အားနည်းနေတာကို ဘယ်လိုနည်းတွေနဲ့ အားဖြည့်ယူမယ် ဆိုတာမျိုးတွေကို ဓားတန်း ဦးသန့်နဲ့ မြို့မညိန်းတို့က ရှာဖွေ၊ လေ့လာ ပြင်ဆင်ထားကြပြီးသား ဖြစ်ပါတယ်။ အဲဒီ အခြေခံ ပြင်ဆင်မှုတွေကို သုံးပြီးတော့ ဝန်ကြီးချုပ်ဦးနုရဲ့ ရန်ကုန်မြို့တော် ပြည်တော်သာ စီမံကိန်းညီလာခံမှာ မြို့မအသင်းကြီးက မြန်မာ့ရိုးရာ ကြိုးသီချင်း၊ စံရာတောင်ကျွန်းကို မြို့မှောင်ဝေကင်း အစချီ စာသားနဲ့ သံစုံ တီးဝိုင်း ဖွဲ့စည်းမှုနမူနာကို တင်ပြခဲ့ပါတယ်။ နောက်မှ ဒီကနေ့ ခေတ်စားနေတဲ့ သကြၤန် သီချင်းအဖြစ် စာသားပြင်လိုက်ပြန်တာပါ။

ဒါပေမဲ့ ဒီကနေ့ သကြၤန်သီချင်း ... မြို့မှောင်ဝေကင်းကို ဝိုင်းဖွဲ့တီးမှုတ်ကြရာမှာတော့ မြို့မညိန်းရှိစဉ် ပြည်တော်သာစီမံကိန်း ညီလာခံတုန်းက ဝိုင်းဖွဲ့နည်း အပြည့်အစုံမျိုး မဟုတ်တော့ပါဘူး။ ဓားတန်းဦးသန့်နဲ့ မြို့မညိန်းတို့ လိုလား ကြံစည်ခဲ့ ကြတဲ့ ကမ္ဘာ့အဆင့်မီ သံစုံတီးဝိုင်း ဖွဲ့နွဲ့ဖော်ကျူးနိုင်ဖို့ဆိုတာ အပျော်တမ်းအဆင့်နဲ့ မဖြစ်နိုင်ပါဘူး။ အလွန် အရည်အသွေးပြည့်မီတဲ့ ဂီတပညာရှင်တွေ အများကြီးလိုပါတယ်။ အပျော်တမ်းဝါသနာရှင်တွေရဲ့ အားလပ်တဲ့ အခါမှ အချိန်ပေးနိုင်တာမျိုး လောက်နဲ့ မဖြစ်နိုင်ပါဘူး။ အချိန်ပြည့်

ကြိုးကြိုးစားစား၊ အလေးအနက် လေ့ကျင့်ကြ ရမှာ ဖြစ်ပါတယ်။

ဟိုခေတ်က ပြည်ထဲရေးဝန်ကြီး၊ မန္တလေးသား၊ ဗိုလ်ခင်မောင်ကလေး က ... ဓားတန်းဦးသန့်ကို သံစုံတီးဝိုင်းကြီး ပီပီပြင်ပြင် ဖြစ်လာနိုင်ဖို့ ငွေဘယ်လောက် ကုန်ရင် ဖြစ်နိုင်မလဲလို့ မေးတဲ့အခါမှာ ... အဲဒီတုန်းက အလွန်ကျစ်လျစ်တဲ့ ငွေတန်ဖိုးနဲ့ကိုပဲ တစ်လတစ်လအတွက် စရိတ် သုံးသိန်းလောက်လိုမယ်လို့ ပြန်ဖြေတာ ဝင်းဖေတို့ ကြားလိုက် ရဖူးပါတယ်။ ဒါဖြစ်ရင် ... ဒါလောက်ခက်ခဲပြီးတော့ မဖြစ်နိုင်တာကြီးကို ခင်ဗျားတို့ ဘာလို့ ဆက်လုပ်နေကြတာလဲလို့ ဗိုလ်ခင်မောင်ကလေးက မေးတော့... ဓားတန်းဦးသန့်က စနစ်တကျ တီးဝိုင်းဖွဲ့မှု၊ စီမံမှုအတတ်ပညာ Art of Music Arrangement ဆိုတာ သံစုံတီးဝိုင်းကြီးမှ မဟုတ်ပါဘူး၊ ဝိုင်းငယ်ကလေးတွေမှာလည်း ရှိလာသင့်တယ်၊ လေ့လာ သင့်တယ်၊ ဒါ့ကြောင့် ဆက်လုပ်နေကြတာပါပဲလို့ ဖြေပါတယ်။

ရှာစားကြီး စိန်ဗေဒါကြီးဟာ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ တစ်ဝိုင်းလုံးကို စနစ်တကျ ဖွဲ့စည်းတဲ့ Art of Music Arrangemmentကို အလွန်တော်လို့ နိုင်ငံကျော် ဖြစ်ခဲ့တာလို့ ဆိုပါတယ်။ မြို့မညိန်းတို့၊ ဓားတန်းဦးသန့်တို့ ခေတ်တုန်းက ဝိုင်းဖွဲ့မှုအတွက်၊ မတူညီတဲ့ တူရိယာပစ္စည်းတွေအတွက်၊ ဘယ်သူက ဘယ်လိုတီးမှုတ်ရမယ် ဆိုတာမျိုး တွေကို အချိန်တွေ အများကြီး အကုန်ခံပြီး ပြင်ဆင်၊ ရေးသား၊ ပြီးစီးနေပေမဲ့ တီးမှုတ်မယ့် လူတွေက အပျော်တမ်းတွေ ဆိုတော့ မအားလပ်ကြလို့၊ မရှိလို့၊ မလာလို့ ဘာမှ ထိရောက်အောင် မစမ်းသပ်နိုင်ကြပါဘူး။ ဒီကနေ့က ကိုယ့်ဟာကိုယ် ထပ်ပြန် တလဲလဲ အသံသွင်းယူနိုင်တဲ့ စနစ်တွေ၊ Synthe-sizer လို့ ခေါ်တဲ့ ကြိုက်တဲ့ ပစ္စည်း အသံတွေကို Key Board နဲ့ ကိုယ့်ဟာကိုယ်တီးယူလို့ရတဲ့ ခေတ်မီနည်းပညာတွေ တိုးတက်လာတော့ ... မြို့မညိန်းတို့၊ ဓားတန်းဦးသန့်တို့ကို လူငယ် တွေက ပြန်ပြီးတော့ လွမ်းနေမိကြပါတယ်။ ဒီကနေ့လူငယ်တွေလည်း Music Arrangement ပညာကို အများကြီး လေ့လာ လိုက်စားလာကြပြီလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ စု၊ တု၊ ပြု ဆိုတဲ့ ကိစ္စမှာ တုတဲ့ အပိုင်းမှာပဲ များနေသေးတာတွေကို တွေ့ရပါတယ်။ ကိုယ်ပိုင် ပြုစု၊ တီထွင်၊ ဖန်တီးမှုတွေ များများလုပ်လာနိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

မှတ်ချက်။ ။ (မူရင်းစာတ်ပြားတွင် အမှတ် ၈၁ မှ ၉၉ အထိ မပါရှိပါသဖြင့် မူရင်းအတိုင်း ဆက်လက်ဖော်ပြအပ်ပါသည်။)

သောတရှင်များခင်ဗျာ ...

မြန်မာနိုင်ငံမှာ မြန်မာ့ဂီတဟာ ကျေးလက်ရော၊ မဟာဂီတပါ အားနည်းယိမ်းယိုင်နေတဲ့ အနေအထားမှာ ရှိပါတယ်။ ဒါဟာ အဆန်း မဟုတ်ပါဘူး ... နိုင်ငံတိုင်းမှာလည်း ရိုးရာ ရှေးခေတ်အနုပညာတွေဟာ ခေတ်ပေါ်အနုပညာ တွေနဲ့ ယှဉ်လိုက်ရင် ... အများစုအကြိုက်မှာ ရှေးအနုပညာတွေက အားနည်းနေတတ်တာ ချည်းပါပဲ။

အလွန်တိုးတက်ပြီးတော့ ချမ်းသာကြွယ်ဝကြလို့ အထိန်းအသိမ်း၊ အစည်းအရုံးကောင်းတဲ့ တိုင်းကြီး ပြည်ကြီး တွေမှာတောင် ရှေးနဲ့ခေတ်ယှဉ်လိုက်ရင် ခေတ်သစ်၊ ခေတ်ပေါ်တွေက လူကြိုက်များ ထွန်းကားနေပြီးတော့ ရှေးဂန္ထဝင် တွေဟာ ယိမ်းယိုင် လျော့ပါးလာနေတာချည်းပါပဲ။ ဒါသဘာဝဓမ္မ ပါပဲ။ ဒါပေမဲ့ သမိုင်းအဆက်ဆက် ဖူးပွင့်ဝေဆာခဲ့တဲ့ အနုပညာအလှတွေရဲ့ တန်ဖိုး တွေကို တာဝန်သိတဲ့ လူယဉ်ကျေးတွေကတော့ တတ်နိုင်သမျှ ထိန်းသိမ်းကြတာပါပဲ။ မြန်မာနိုင်ငံမှာ ခုလည်း ဆက်ပြီး ထိန်းနေကြတဲ့လူတွေ ရှိပါတယ်။ ခေတ်ပေါ် အနုပညာတွေကို အများက ကြိုက်ကြတယ်ဆိုတာ ... အနုပညာအသစ်တွေရဲ့ ပင်ကိုယ် အလှတွေ ပါနိုင်သလို ... ခေတ်သဘော၊ ပင်မရေစီး သဘောတွေလည်း အများကြီး ပါပါတယ်။ မြန်မာ့ရိုးရာဂီတတွေနဲ့ပတ်သက်လို့ အဆို၊ အတီး အဓိက အပိုင်းကြီး နှစ်ပိုင်းရှိရာမှာ အတီးပိုင်းက ဆိုင်းပညာ၊ ပတ္တလား၊ စောင်း၊ နှဲ၊ ပုလွေ ... စသဖြင့် တူရိယာပစ္စည်းတွေ ရှိကြတဲ့အနက် စောင်းပညာမှာ လေ့လာလိုက်စားမှုအား အနည်းဆုံး အနေအထားကို ရောက်နေပါတယ်။ မဟာဂီတပညာရှင်တွေ၊ စောင်းပညာရှင်တွေက ကြိုးစားပြီးတော့ ထိန်းသိမ်းနေကြပါတယ်။ ဒါပေမဲ့ တကယ့် အကျော်အမော် စောင်းပညာရှင် တွေက လက်ချိုးရေလို့ရတဲ့ အခြေအနေဖြစ်နေတဲ့အတွက် လူဦးရေ သန်းပေါင်း ၅၀ ကျော်ရှိတဲ့ မြန်မာနိုင်ငံအဖို့ အလွန် အားငယ်စရာကောင်းပါတယ်။

စောင်းပညာအကြောင်းပြောရင်းနဲ့ ... ရှမ်းပြည်၊ အင်းလေး ဇာတိဖြစ်တဲ့ စောင်းဆရာကြီး ဦးမြင့်မောင် အကြောင်းကို သတိရမိပါတယ်။ ဆရာ ဦးမြင့်မောင်ဟာ တပည့်တပန်းပေါများပြီးတော့ ... အပေါင်းအသင်း၊ အခြွေအရံလည်း အားကောင်းသူဖြစ်နေတဲ့အတွက် သူ့အကြောင်းကို

ဝင်းဖေထက်သိသူတွေလည်း အများ ကြီးရှိမှာပါ။ ဒါပေမဲ့ ဝင်းဖေရဲ့အမြင်က သီးခြားဖြစ်နေနိုင်တာကြောင့် တင်ပြလိုက် ပါတယ်။

မြန်မာ့စောင်း အကျော်အမော်တွေထဲမှာ ဦးမြင့်မောင်ဟာ မြန်မာ့ရိုးရာဂီတ အတွက် သီးခြား တန်ဖိုးကြီးသူ တစ်ဦး ဖြစ်ပါတယ်။ ဝင်းဖေ အနုပညာ ပန်းတျာနဲ့ အကကျောင်း (မန္တလေး) မှာ ကျောင်းအုပ်လုပ်နေစဉ်က ဦးမြင့်မောင်ဟာ မန္တလေး ကျောင်းက ကျောင်းဆရာဖြစ်တဲ့အတွက် ဝင်းဖေနဲ့ ညီအစ်ကိုမကခင်မင်ရင်းနှီးခဲ့ကြ ပါတယ်။ ဆရာဦးမြင့်မောင်ဟာ ဘယ်လိုထူးခြားတာပါလဲ ...

ပထမ ထူးခြားချက်တွေကတော့ .. ဂီတပါရမီအခံ အလွန်ကြီးမားနေမှု၊ ဝါသနာအလွန်ကြီးမားမှု၊ လုံ့လဝီရိယ အလွန်ကြီးမားပြီးတော့ အလွန်အမင်း ကြိုးစား အားထုတ်မှု ... စတာတွေ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ မြန်မာ့ရိုးရာ မဟာဂီတပညာ လေ့လာလိုက်စားဖို့ အတွက် ရေခံမြေခံ အကောင်းဆုံး ဖြစ်တဲ့ မန္တလေးမှာလာရောက် ပညာသင်ကြားခွင့် ရလိုက်ခြင်းပဲ ဖြစ်ပါတယ်။ မန္တလေး အနုပညာ၊ ပန်းတျာနဲ့ အကကျောင်းက စောင်း ဒေါ်မေရဲ့ တပည့်အရင်းဖြစ်ပါတယ်။ စောင်းဒေါ်မေ ဆိုတာဟာ စောင်းပညာကို စောင်းဆရာကြီး ဒေဝဣန္ဒြာ မောင်မောင်ကြီးရဲ့ တပည့်အရင်း၊ ဝက်မစွပ်မျိုးဆက်၊ ရွှေနေကြီး ဦးခင်မောင်ဒွေး ထံက သင်ယူရရှိလိုက်သူဖြစ်ပါတယ်။ စောင်းဆရာ ကြီး ဒေဝဣန္ဒြာမောင်မောင်ကြီးဆိုတာ ... မြန်မာ့မဟာဂီတကို ပထမဦးဆုံး စနစ်တကျ ခွဲခြမ်းစိတ်ဖြာထွင်းဖောက်သိမြင်ခဲ့တဲ့သူ၊ စည်းဝါးသံကျတွေကို တိတိကျကျ စနစ်ချပေးနိုင်သူ၊ တေးသွားတွေကို လုံးကောက်မဟုတ်ဘဲ မြန်မာ့ဓလေ့အကွက်၊ အလက်နဲ့တီးခတ်မှု၊ ခြေခြေမြစ်မြစ် အုတ်မြစ်ချပေးသူ ... ထူးကဲချားပါး ပညာရှင် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါတယ်။ မြန်မာ့ဂီတပညာမှာ အလွန် ပါရမီကြီးပါပေတယ်ဆိုတဲ့ ဆိုင်းဆရာစိန်ဗေဒါကြီးရဲ့ ဆရာအရင်းလည်း ဖြစ်ပါတယ်။ အဲဒီလို မန္တလေးရတနာပုံ ထီးနန်းထွက် မဟာဂီတအမွေကို တိတိပပပေးနိုင်ကြတဲ့ ဆရာကြီးတွေရဲ့ပညာတွေကို တလေးတစား စည်းကမ်းကြီးကြီးနဲ့ ထိန်းသိမ်းထားနိုင်သူက စောင်းဆရာမကြီး ဒေါ်မေ ဖြစ်ပါတယ်။

စောင်းဦးမြင့်မောင်ဟာ အဲဒီလို ခိုင်ခန့်တဲ့ မြန်မာ့ထီးနန်းသုံး မဟာဂီတ မူရင်း တွေကို စောင်းဆရာမကြီး ဒေါ်မေသာမက အလင်္ကာကျော်စွာ ပတ္တလားဆရာ ဘကလေး၊ အလင်္ကာကျော်စွာ မြန်မာညွှန့်ဦးချစ်မောင် ... စသူတွေဆီက အနီးကပ် သင်ယူခွင့်ရခဲ့တဲ့ ကြီးမားတဲ့ ကံထူးရှင်လည်း ဖြစ်ပါတယ်။

တစ်ခါရေးမူတွေကို စည်းကမ်းကြီးကြီးနဲ့ ထိန်းသိမ်းဖြန့်ဝေနေတဲ့ ပတ္တလားဆရာဘကလေးနဲ့ မြန်မာညွန့် ဦးချစ်မောင်တို့ရဲ့ တပည့်အရင်း စန္ဒရားဦးအုန်းမောင် ဟာလည်း မန္တလေး ပန်တျာ မှာ ဆရာတစ်ဆူ ဖြစ်နေပြန်ပြီးတော့ ဒီပညာရှင်ကြီးကျတော့လည်း အရိုးကို အရှက် မဖုံးစေဘဲ ဆန်းကြယ်ပြီးတော့ လှပကြွယ်ဝတဲ့ တီးကွက်တွေကို တီထွင်ဖန်တီးနိုင်သူဖြစ် နေပြန်ပါတယ်။

ဒီလို အလွန်ကောင်းတဲ့ မြန်မာ့ မဟာဂီတ ရေခံမြေခံ ဝန်းကျင်ကောင်းကြီး ကိုရလိုက်လေတော့ ... စောင်းဦးမြင့်မောင်ဟာ စောင်းပညာသာ မကဘဲနဲ့ စန္ဒရားရော၊ ပတ္တလားရော လေ့လာတတ်မြောက် ပိုင်နိုင်သူဖြစ်ပါတယ်။ မယ်ဒိုလင်တို့၊ တယောတို့၊ ဟာဝေယံဂီတာတို့ကိုလည်း တီးနိုင်ပါတယ်။ အဆိုပညာကိုလည်း ပိုင်နိုင်ပါတယ်။ လေမှုတ်ကိရိယာဖြစ်တဲ့ နှဲတို့ ပုလွေတို့ကို မလေ့လာပေမဲ့ တယောပညာကိုလည်း မန္တလေး ပန်တျာ တယောဆရာကြီး ဦးချစ်ထွေးရဲ့တပည့်ပီပီ အတော်ကြီးကို ထဲထဲ ဝင်ဝင် တတ်မြောက်ပြန်လေတော့ ... နှဲ ချော တယော ဆိုတဲ့ စကားအတိုင်း ဦးမြင့် မောင်ဟာ လေမှုတ်တူရိယာအမြင်နဲ့လည်း ဂီတကို သဘောပေါက်နေပြန်တယ်။ ဆိုလို တာက မြန်မာ့ဂီတကို ချဉ်းကပ်လေ့လာရာမှာ အမြင်စုံ၊ ထောင့်စုံလိုက်ပုံကို ပြောချင် တာပါ။ နောက်တစ်ချက် ကံကောင်းနေပြန်တာက မန္တလေး ပန်တျာကျောင်းမှာ ကမ္ဘာ့ သင်္ကေတပညာကို အလေးအနက် တန်ဖိုးထားပြီးတော့ ဖိဖိစီးစီးသင်ကြားပေးနေခြင်းပဲ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာဂီတတွေကို လေ့လာရာမှာရော၊ ထိန်းသိမ်းရာမှာရော ကမ္ဘာ့ ဂီတသင်္ကေတဟာ အလွန် အထောက်အကူပြုလိမ့်မယ်၊ ဒါ့ကြောင့် သင်ရိုးညွှန်းတမ်းမှာ ထည့်သင့်တယ်လို့ မူလအကြံပေး၊ တင်ပြမှုကို မန္တလေးအနုပညာ၊ ပန်တျာနဲ့ အက ကျောင်းက မြန်မာအစိုးရ ၊ ယဉ်ကျေးမှုဝန်ကြီးဌာနကို အလေးအနက် တင်ပြရယူထား တာ ဖြစ်ပါတယ်။ မန္တလေး ပန်တျာ၊ ကမ္ဘာ့ဂီတသင်္ကေတ ကထိကဆရာဟာ နိုင်ငံကျော် ဂီတပညာရှင်ကြီး မြို့မညိန်းရဲ့ ငယ်သူငယ်ချင်းဖြစ်တဲ့ ဆရာဦးကျော်ဒင် ဖြစ်ပါတယ်။ ဦးကျော်ဒင်ဟာလည်း ကမ္ဘာ့ဂီတကို သင်ကြားပေးတဲ့နေရာမှာ သူကိုယ်တိုင် ခြေခြေ မြစ်မြစ် တတ်မြောက်သလို၊ တပည့်တွေကိုလည်း ဖိဖိစီးစီး၊ မတတ်တတ်အောင် သင်ကြားပေးနိုင်သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် စောင်းဦးမြင့်မောင်ဟာ ကမ္ဘာ့ဂီတ၊ သင်္ကေတပညာကိုလည်း ကျကျနနတတ်မြောက်သူ ဖြစ်နေပြန်ပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ...

စောင်း ဦးမြင့်မောင် အကြောင်း ပဏာမကို ပြီးခဲ့တဲ့ အပတ်က တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဦးမြင့်မောင်ရဲ့ အနုပညာသင်ယူမှု နဲ့ပတ်သက်လို့ ရေခံမြေခံ၊ ကန့်ကူ လက်လှည့်၊ ဆရာရင်း/ သမားရင်း၊ အင်အား အလွန်တောင့်တင်းခိုင်ခံ့ ခဲ့ပုံတွေကို အကျဉ်းချုံး ပြီးတော့ တင်ပြခဲ့တာဖြစ်ပါတယ်။

အဲဒီလို ဆရာသမားအရင်းတွေထဲမှာ အရေးကြီးပုဂ္ဂိုလ်တွေ ပြီးခဲ့တဲ့အပတ်က စာရင်းမှာ ကျန်ခဲ့တာ ရှိပါသေးတယ်။ ထိပ်တန်းစာရင်းမှာ ပါခဲ့ရမှာက စောင်း ဦးမြင့်မောင် မန္တလေး အနုပညာ၊ ပန်းချီနဲ့ အကကျောင်းမှာ တက်ရောက် ပညာသင်ကြား နေချိန် ၁၉၅၀ ပြည့်နှစ် အစောပိုင်းနဲ့ အလယ်ပိုင်းကာလတွေမှာ စီမံအုပ်ချုပ်ခဲ့တဲ့ ကျောင်းအုပ်ဆရာကြီး ဦးစိန်ညွန့်နဲ့ ဒီတုန်းက ဆိုင်းသင်တန်း ကထိက ရွာစားကြီး စိန်လှမောင်တို့ ဖြစ်ကြပါတယ်။ မန္တလေးအနုပညာ၊ ပန်းချီနဲ့ အကကျောင်းရဲ့ ပထမဆုံး ကျောင်းအုပ်ကြီး ဦးစိန်ညွန့်ဟာ ဒုတိယကမ္ဘာစစ်မဖြစ်ခင် အင်္ဂလိပ်အစိုးရ လက်အောက်၊ မန္တလေး စိုက်ပျိုးရေးဌာန ရုံးအုပ်ကြီး ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာ စာပေကျွမ်းကျင်ပြီးတော့ မြန်မာ့ရိုးရာ မဟာဂီတကို အလွန် မြတ်နိုးတန်ဖိုးထားသူ၊ ကိုယ်တိုင်လည်း စောင်းနဲ့စန္ဒရားကို သင်ယူသူ၊ ပန်းချီအနုပညာကိုလည်း လိုက်စားသူ၊ အနုပညာဝါသနာရှင်ကြီးတစ်ယောက် ဖြစ်ပါတယ်။ ဒီလို ရေခံမြေခံကြောင့် ကျောင်း အုပ်ကြီးဟောင်း ဦးစိန်ညွန့်ရဲ့ အနုပညာအယူအဆတွေဟာ အမျိုးသား အနုပညာဝါဒီ ဖြစ်ပေမဲ့ မျက်ကန်းအမျိုးသားရေးမဟုတ်ဘဲ ... ကမ္ဘာ့အမြင်ရှိသူ၊ အနုပညာအမြင် ကျယ်ပြန့်သူဖြစ်ခဲ့ပါတယ်။ ဝင်းဖေတို့ကတော့ ... ဦးလေးကတစ်ဆင့် အခေါ်တော်သူ ရဲ့ ခင်ပွန်းဖြစ်လာပြန်တဲ့အတွက် ဦးစိန်ညွန့်ကို ဘကြီးညွန့်လို့ ခေါ်ကြရပါတယ်။

လိုရင်းကိုပြောရရင် ... ဦးစိန်ညွန့်ဟာ အလွန်ခေတ်မီသူ၊ မြို့မညိန်းရဲ့ စကားနဲ့ ပြောရရင် ... မြန်မာ့အနုပညာကို ကမ္ဘာကြည့် ကြည့်နိုင်သူ၊ ကမ္ဘာကြည့် ကြည့်သူ တစ်ယောက် ဖြစ်ပါတယ်။ ဒီတော့ ဦးစိန်ညွန့်အုပ်ချုပ်တဲ့ အနုပညာကျောင်းက ကျောင်းသူ/သားတွေမှာ လွတ်လပ်ကျယ်ပြန့်တဲ့အမြင်ရှိဖို့ ရေခံမြေခံကောင်း ရှိနေကြ ပါတယ်။ ဦးစိန်ညွန့်ရဲ့ ကျယ်ပြန့်တဲ့

ကမ္ဘာ့အမြင်တွေကြောင့်လည်း မြန်မာအကပညာ မှာ စနစ်တကျနဲ့အခြေခံ ကျလှတဲ့ ကဗျာလွတ် ကကွက်တွေဆိုတာကို ... အမျိုးသား အကပညာ ကထိက ရွှေဒေါင်းညို၊ အမျိုးသမီး အကပညာ ကထိက (ဒေါ်) ဩဘာ သောင်းတို့နဲ့အတူ တီထွင်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

အခြေခံအတွေးအခေါ်က ဦးစိန်ညွန့်ကိုယ်တိုင် အိန္ဒိယ ရှေးဟောင်း အကကျမ်း ကြီးတွေဖြစ်ကြတဲ့ ... ဘာရတ၊ နတ်တိယာတို့၊ ကသတ်(ခ)တို့၊ ကသာကလာတို့၊ မဏိပူရိ ... တို့ဆိုတဲ့ကျမ်းတွေကို ဖတ်ပြီးတော့ လူသားတွေရဲ့ကခြင်း အနုပညာရဲ့ အဓိပ္ပာယ်က စပြီးတော့ ဆက်လက်ဖော်ကျူးနိုင်ကြဖို့ စနစ်ချပြီးတော့ မြန်မာ့ရိုးရာ အကအခြေခံတွေကိုတော့ ... ဆရာကြီး ရွှေဒေါင်းညိုနဲ့ ဆရာမကြီး ဒေါ်ဩဘာသောင်း တို့က ပြုစုခဲ့ကြတာ ဖြစ်ပါတယ်။

ရှေးမြန်မာ့ရိုးရာ အကသင်ကြားမှုမှာ သမားဇဉ် မရှိဘူးဆိုပြီးတော့ ... မလုပ်ရဲ၊ မကိုင်ရဲ မရှိကြရလေအောင် ကျောင်းအုပ်ဆရာကြီး ဦးစိန်ညွန့်က ပညာရှင်တွေကို ပြောဆိုစည်းရုံးနိုင်ခဲ့ပါတယ်။ ဦးစိန်ညွန့်ဟာ အိန္ဒိယအကကျမ်းတွေရဲ့ စနစ်ကိုသာ ဖတ်ကြားနည်းယူခဲ့ခြင်းဖြစ်ပြီးတော့ ကကွက်တွေကတော့ မြန်မာ့ မူရင်းရိုးရာအကတွေ ဖြစ်ပါတယ်တဲ့။ မြန်မာ့ဂီတသံ မူရင်းတွေဟာ မဟာဂီတလောကမှာ သံရိုးလို့ ခေါ်ကြတဲ့ ကြိုး တို့၊ ဘွဲ့တို့၊ သီချင်းခံတို့ဖြစ်ကြသလို ... မြန်မာအကတွေမှာ မူရင်းကကွက်တွေဟာ နတ်ကတော်တွေကတဲ့ နတ်ကတွေမှာ တွေ့ရတယ်လို့ ဦးစိန်ညွန့်ဦးဆောင်တဲ့ မန္တလေး အက ကထိကတွေဖြစ်ကြတဲ့ ... ဆရာကြီးရွှေဒေါင်းညိုနဲ့ ဆရာမကြီး ဒေါ်ဩဘာ သောင်းတို့က မိန့်ကြားခဲ့ကြဖူးပါတယ်။ ဒါကလည်း ရှေးက နတ်ကတော်များရဲ့အကကို ဆိုလိုတာပါ။ နောက် ဒီဘက်ခေတ် နတ်ကတော်များရဲ့ အကတွေကတော့ စုံနေ တာပါပဲ။ အကုန်လုံးရောကုန်ပါပြီ။ အိန္ဒိယ အကအငွေ့အသက်နဲ့ပတ်သက်လို့ မြန်မာကကွက်တွေမှာ မဏိပူရိအကတချို့ကို တွေ့ရတယ်လို့တော့ ဆရာကြီးများက ပြောကြားခဲ့ပါတယ်။ မျက်ကန်း အမျိုးသားစိတ်နဲ့သာဆိုရင် မြန်မာ့ရိုးရာ မဟာဂီတ လောကက လက်ခံနိုင်စရာမရှိတဲ့ ကမ္ဘာ့ဂီတ သင်္ကေတစနစ်ကို ကျောင်းအုပ်ကြီး ဦးစိန်ညွန့်ကြောင့် မန္တလေး အနုပညာကျောင်းက တွင်တွင်ကျယ်ကျယ် သင်ကြား အသုံးချနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ မန္တလေး အနုပညာ၊ ပန်းတျာနဲ့ အကကျောင်းမှာသင်ဖို့ မဟာဂီတ တေးသွားတွေကို ကမ္ဘာ့ဂီတသင်္ကေတ ကထိက ဦးကျော်ဒင်က စတင် ရေးသားပါတယ်။ ဒီသင်္ကေတတွေကို မြို့မညိမ်းတို့၊ ဓားတန်းဦးသန့်တို့က ပထမ စစ်ဆေး အတည်ပြု ပေးခဲ့ကြပြီးတော့ မှန်ကန်တဲ့ မြန်မာ့တီးလုံး တီးကွက်သံတွေ ထွက်/မထွက်၊ နိုင်ငံတကာဂီတ သင်္ကေတကို

တတ်ကျွမ်းတဲ့ ခရစ်ယာန် သာသနာပြုကျောင်း က သီလရှင် ဂီတပညာရှင်များနဲ့ ဖတ်ကြားစေပြီးတော့ စစ်ဆေးပါတယ်။ နောက် မန္တလေးတက္ကသိုလ်ကို ရောက်ရှိလာတဲ့ အမေရိကန် စန္ဒရားပညာရှင် မစ္စဝီလျံဆမ်နဲ့ စစ်ဆေးအတည်ပြုပါတယ်။ ဘယ်လောက်အတိုင်းအတာအထိ လုပ်လိုက်သလဲ ဆိုတော့ ... နောင်အခါမှာ အမေရိကန်စန္ဒရားဆရာမကြီး မစ္စဝီလျံဆမ်ဟာ အမေရိကန် ပြည်ထောင်စုမှာ မြန်မာ့ရိုးရာဂီတနဲ့ပတ်သက်လို့ ကျွမ်းကျင်ပညာရှင်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ မန္တလေးအနုပညာကျောင်းမှာ ခံယူနိုင်စွမ်းရှိလို့ကတော့ ရယူစရာ အခွင့်အလမ်းတွေ အလွန်ကောင်းခဲ့ပါတယ်။

ဦးမြင့်မောင်ဟာ အဲဒီလို အခွင့်အလမ်းကောင်းတွေကို အများကြီးရခဲ့သူ ဖြစ်ပါတယ်။ စောင်းနဲ့ ဆိုင်းပညာရှင် ရွာစားကြီး စိန်လှမောင် ဆိုပြန်ရင်လည်း စိန်ဗေဒါကြီးရဲ့ လက်ရင်းသားတပည့် တစ်ဦးဖြစ်တဲ့အတွက် ဦးမြင့်မောင်အတွက် ပညာရင်နို့ သောက်စို့လို့မကုန် ဖြစ်ရပြန်ပါတယ်။ ဦးမြင့်မောင်ဟာ အနုပညာ၃၇ဇ အလွန် ထက်မြက်ပြီးတော့ လုံ့လဝီရိယကြီးသူ၊ ပညာလောဘလည်း ကြီးသူဖြစ်တဲ့အတွက် မဟာဂီတနဲ့ပတ်သက်လို့ အများကြီး စုမိဆောင်းမိရှိလိုက်သူ ဖြစ်ပါတယ်။ မြန်မာ့ စောင်းပညာမှာသာ ... အထူးသဖြင့် အထင်အရှားရှိတဲ့ မြန်မာ့တေးသံဖွဲ့နွဲ့မှု၊ အုပ်စု ဖွဲ့တဲ့စနစ် ... ညှင်းလုံးတို့၊ အောက်ပြန်တို့၊ ပုလဲတို့၊ ဒူရက ဒွေးတို့ ခြောက်သွယ်ညွှန့် စတဲ့ သံစဉ်အမျိုးအစား ခွဲခြားမှုစနစ်ကြောင့်လည်း ဦးမြင့်မောင်ဟာ မြန်မာ့ဂီတကို တခြားတူရိယာပညာရှင်တွေထက် ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာ မဟာဂီတလောကမှာ စာသားသာရှိပြီးတော့ တေးသွား အလိုက်မသိကြဘဲဖြစ်နေတဲ့ သီချင်းပေါင်းများစွာကို စောင်းဦးမြင့်မောင်က တေးသွား အလိုက်တွေ ဖော်ထုတ်ပြီးတော့ ကမ္ဘာ့သင်္ကေတနဲ့ ရေးသားမှတ်တမ်းတင်ထားခဲ့ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့ သီတင်းနှစ်ပတ် က မြန်မာ့စောင်းပညာရှင် အင်းလေး ဦးမြင့်မောင်ရဲ့အကြောင်း ပဏ္ဏာမလေးတွေ ပျိုးထားခဲ့ပြီး ဖြစ်ပါတယ်။ ဦးမြင့်မောင်ဟာ မန္တလေး၊ အနုပညာပန်တျာနဲ့ အကကျောင်းမှာ မြန်မာ့မဟာဂီတကို စောင်းပညာအဓိကနဲ့ အားပါးတရ သင်ကြားခွင့် ရခဲ့ပုံကလေးတွေကို အကျဉ်းချုံးပြီးတော့ တင်ပြထားတာပါ။ ဒါပေမဲ့ ဒီပညာကို ရေရှည် မပျောက်မပျက်ရအောင် ထိန်းသိမ်းဖို့ သိပ်အရေးကြီးပါတယ်။ ဦးမြင့်မောင် ဟာ မန္တလေး ပန်တျာကျောင်းက အထူးသဖြင့် သင်ကြားပေးလိုက်တဲ့ ကမ္ဘာသုံး ဂီတ သင်္ကေတပညာကို အထူးတလေးတစား သင်ယူခဲ့သူဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ထည့်ပြောခဲ့စရာလေးတွေ ရှိပါတယ်။ မန္တလေး ပန်တျာကျောင်းမှာ နိုင်ငံတကာသုံး ဂီတသင်္ကေတကို တန်ဖိုးထား သင်ကြားခဲ့တယ် ဆိုပေမဲ့ တချို့ ကျောင်းသားတွေက မသင်မနေရ ဆိုလို့မည်ကာမတ္တ သင်ယူကြတာတွေ၊ စာမေးပွဲအောင်ရုံ သင်ယူကြတာ တွေလည်း ရှိပါတယ်။ တချို့ဆရာတွေ ထဲမှာလည်း ကမ္ဘာ့ဂီတသင်္ကေတရဲ့ တန်ဖိုး ကောင်းကောင်း မသိသူ၊ မလေးစားသူတွေလည်း ရှိပါတယ်။ ဒါ့ကြောင့် အတန်းသား တွေကို ဂီတသင်္ကေတလေ့လာဖို့ အပြည့် အားမပေးတာတွေလည်း ရှိခဲ့ပါတယ်။ ဦးမြင့်မောင် ကျောင်းသား ဘဝတုန်းကလည်း ကမ္ဘာ့ဂီတသင်္ကေတကို ကြိုးစားရယူဖို့ ဆုံးမတဲ့ ဆရာတွေရှိသလို ... မတတ်လည်း ဘာမှ အရေးမကြီးပါဘူးကွာ ... လို့ ပြောခဲ့တဲ့ ဆရာတွေလည်း ရှိခဲ့တာပါပဲ။ ဒါပေမဲ့ ဦးမြင့်မောင်ကတော့ သူငယ်စဉ်ကတည်းက ကမ္ဘာ့ဂီတ သင်္ကေတပညာကို တစ်ဖက်ကမ်း ခပ်မျှတတ်အောင် ကြိုးစား၊ လေ့ကျင့်၊ အသုံးချခဲ့သူ၊ အမြော်အမြင်ကြီးသူ ဖြစ်ပါတယ်။

ကမ္ဘာ့ဂီတ သင်္ကေတနဲ့ ရှုပ်ထွေးများပြားလှတဲ့ မြန်မာတီးလုံး၊ တီးကွက်တွေကို ရေးချရာမှာ ရိုးရိုးစာရေးသလို ဒေါက်ဒေါက် ဒေါက်ဒေါက် နေအောင် ရေးနိုင်သူ၊ ဖတ်နိုင်သူ ဖြစ်ပါတယ်။ သူသိသမျှ၊ ရသမျှ၊ သင်ထား သမျှ၊ စုထားသမျှ၊ ဂီတတွေ အားလုံးကို ကမ္ဘာ့ဂီတသင်္ကေတနဲ့ ရေးမှတ်ထိန်းသိမ်းထားပါတယ်။ သူ့တပည့်တွေ အားလုံးကိုလည်း ဂီတသင်္ကေတနဲ့ပဲ သင်ပေးတာပါပဲ။

မြန်မာပြည်မှာ ဝါရင့်၊ ကြေးစား ဂီတပညာရှင်ကြီးတွေ အမြောက်အမြားလည်း ဂီတသင်္ကေတကို သုံးကြတာပါပဲ။ ကျွမ်းကျင် ကြတာပါပဲ။ ဒါပေမဲ့ တရုပ်နုတ်(စ်)လို့ ခေါ်ကြတဲ့ ဂဏန်းတွေနဲ့ ရေးတဲ့ ဆေးမြီးတို ဂီတသင်္ကေတသာ ဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာ့ခေတ်ပေါ်ဂီတတွေကို မြန်မာမှုပြုပြီး ကော်ပီဂီတလောကကြီး တစ်ခုလုံးရဲ့ ၉၉ ရာနှုန်းဟာလည်း ဒီနံပါတ်၊ ဂဏန်းနုတ်(စ်) တွေပဲ သုံးကြပါတယ်။ ကမ္ဘာသုံးတော့ မဟုတ်ဘူးပေါ့။ စောင်း ဦးမြင့်မောင်လည်း နံပါတ်နုတ်(စ်)တွေကိုတော့ မလိုလည်း/လိုလည်း သုံးလို့ရအောင် တတ်တော့ထားပါတယ်။ ဒါပေမဲ့ သူအများဆုံး သုံးတာကတော့ International Pucca Notes လို့ခေါ်တဲ့ ကမ္ဘာသုံး ဂီတသင်္ကေတ ဖြစ်ပါတယ်။ သူ့ရည်ရွယ်ချက်က ရှင်းပါတယ်။ အချိန်မရွေး သူ့အနေနဲ့ မြန်မာ့ရိုးရာ ဂီတကို ကမ္ဘာကို တင်ပြခွင့် ရအောင် ကြိုးစားမှာဆိုတော့ သူ့အနေနဲ့ ကမ္ဘာ့ဂီတသင်္ကေတကို တတ်ကို တတ်ထားရမှုဖြစ်မယ် ဆိုတာပါပဲ။ တကယ့်လက်တွေ့ ဘဝမှာလည်း သူဟာ နိုင်ငံတကာက ဖိတ်ကြားတာကို အများဆုံးရရှိခဲ့တဲ့ မြန်မာ့ရိုးရာ အနုပညာရှင် တစ်ယောက်ပါ။ သူရောက်သမျှ နိုင်ငံတွေက ဂီတပညာရှင်တွေရဲ့မေးခွန်းတွေကို ကမ္ဘာ့ဂီတသင်္ကေတနဲ့ပဲ ဖြေရှင်းလိုက်တော့ အမြန်ဆုံးနဲ့ အထိရောက်ဆုံး နားလည် နိုင်ကြ တာပေါ့ ။

ဦးမြင့်မောင်ဟာ မြန်မာ့စောင်းပညာကို အတတ်နိုင်ဆုံး ရိုးရာမူရင်းအတိုင်း ထိန်းသိမ်းထားပါတယ်။ ဥပမာလေး တစ်ခု စပြောရရင် ... စောင်းကြိုးညှိတာဟာ စောင်းတီးတာထက်တောင် ခက်ပါတယ်။ စောင်းကြိုးကို တင်းဖို့၊ လျှော့ချဖို့ မယ်ဒိုလင် တို့၊ ဂီတာတို့မှာလို လွယ်လွယ်ကူကူနဲ့ အသံညှိနိုင်တဲ့ ခလုတ်တို့၊ ဒလက်ကလေးမျိုး တွေ မရှိပါဘူး။ ဘွဲ့ကြိုးလို့ခေါ်တဲ့ ကြိုးသီးခြားနဲ့ ရစ်ပတ်တုပ်နှောင်ပြီးတော့ ဆွဲတင်း ရတာမျိုးပါ။ အသံကိုလည်း လိုသလို ညှိရဦးမယ်၊ ဘွဲ့ကြိုးကလည်း သပ်သပ်ရပ်ရပ်နဲ့ ညီရဦးမယ်၊ စောင်းလက်ရုံးမှာ တည့်လည်း တည့်နေရဦးမယ်၊ ခိုင်လည်း ခိုင်ရဦးမယ် ဆိုတော့ စဉ်းစားသာ ကြည့်ကြပါတော့။ စောင်းဦးမြင့်မောင် စောင်းကြိုး ညှိပြီဆိုရင် တော့ ခုနကပြောတဲ့ ခက်ခက်ခဲခဲ ကိစ္စတွေ ဘာမှမရှိသလိုပါပဲ။ စိတ်ရှုပ်စရာ ခက်ခဲ နေတာ မဟုတ်တဲ့အပြင်၊ သူစောင်းကြိုး ညှိတာကို ကြည့်ရတာကိုက ပျော်စရာကောင်း ပါတယ်၊ စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူကတော့ သိပ်ပိုင်တာကိုး။ ပြီးတော့ နိုင်ငံတကာသုံး သံစဉ်မှာ F လို့ခေါ်တဲ့၊ မြန်မာလိုအသံကတော့ ငါးပေါက်သံကို ဦးမြင့်မောင်က အချိန်မရွေး ပါးစပ်က အသံထွက်လို့ ရပါတယ်။ ဒါက အတော့်ကို ရှားပါးတဲ့ ဂီတပါရမီ တစ်ခုပါပဲ။ အင်္ဂလိပ်လိုကတော့ Dead Pitch ရတယ်လို့ ပြောကြတာပါပဲ။ အဲဒီလို ငါးပေါက်ကို ရထားတော့ ငါးပေါက်နဲ့ နှိုင်းပြီး ကျန်တာတွေ အားလုံး ပြီးသွားတော့တာပေါ့။ ဦးမြင့်မောင် စောင်းကြိုး ညှိပြီဆိုရင် ဘေးကနေပြီး စန္ဒရားတို့၊ နှဲတို့၊ ပုလွေတို့ကနေပြီးတော့ အသံပြပေးစရာ

မလိုပါဘူး။ သူ့ဟာနဲ့သူ ဘာမှ မကြာလိုက်ဘူး၊ ပြီးသွားတာပါပဲ။ ပြီးပြီဆို ပြန်ရင်လည်း ကမ္ဘာသုံးစကေးနဲ့ ကိုက်ကြည့်လိုက်၊ ကွက်တိပါပဲ။ စောင်းတီးကြတဲ့ သူတွေကို ကြည့်ရင် များသောအားဖြင့် စောင်းတူရိယာဟာ နုနုနယ်နယ်လေးဆိုတော့ ညင်ညင်သာသာ သတိနဲ့ထိုင်၊ သတိနဲ့ ကိုင်၊ သတိနဲ့ နုနုရွရွကလေး တီးကြရတာ များပါတယ်။

စောင်းဦးမြင့်မောင်တို့ ကျတော့ ... စောင်းနဲ့ သူနဲ့ ဘယ်လောက်အထိများ တရင်းတနှီးရှိခဲ့သလဲ မပြောတတ်ဘူး ... စောင်းကို ကိုင်လိုက်ပုံကိုက အလွန်ပိုင်ပိုင် နိုင်နိုင်၊ ရဲရဲတင်းတင်းရှိလှပါတယ်။ စောင်းကြိုးကို ထိတို့ပြီဆိုရင်လည်း အလွန် ပီပီပြင်ပြင်၊ ယုံယုံကြည်ကြည်ကြီး ရှိနေတတ်ပါတယ်။ ဂီတဝါသနာ အလွန်ကြီးတဲ့ ဗိုလ်မှူးကြီးတစ်ယောက်ကတော့ ... စောင်းဦးမြင့်မောင် စောင်းတီးတာကို ကြည့်ပြီး တော့ ... ကိုမြင့်မောင်တို့များ စောင်းကိုတီးနေတာ ဘရင်းဂန်းကိုင်ပြီး ပစ်နေတဲ့အတိုင်း ပါပဲလို့ ... စစ်သားပီပီ ဦးမြင့်မောင်ရဲ့ ကျွမ်းကျင်ရဲရင့်တာကို အားရပါးရ ချီးကျူး ပြောဆိုတတ်ပါတယ်။ နိုင်ငံခြားပွဲတွေမှာ ဦးမြင့်မောင် စောင်းတီးတာကို နိုင်ငံခြား ပညာရှင်တွေနဲ့ ဂီတချစ်သူတွေက နားဆင်ကြတဲ့အခါမှာလည်း တူရိယာပစ္စည်း ကိုင်တွယ်လိုက်ပုံကအစ ပိုင်ပိုင်နိုင်နိုင် တရင်းတနှီး ရှိလှတဲ့ ပညာရဲရင့်ပွဲလယ်တင့်ဆိုတဲ့ တင့်တယ်လှပနေမှုတွေမှာ အခြေခံပြီးတော့ ရသမျိုးစုံကို တွေ့ထိ ခံစားကြရပါတယ် ဆိုတဲ့ ဝေဖန်ချက်ပဲ အများဆုံးတွေ့ကြရပါတယ်။ ဆက်လက်တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

စောင်းပညာရှင် အင်းလေး ဦးမြင့်မောင် အကြောင်းကိုပဲ ဆက်ရပါဦးမယ်။ မြန်မာ့ရိုးရာ မဟာဂီတလောကမှာ အဓိက အုပ်စုနှစ်စု ရှိခဲ့ပါတယ်။ တစ်အုပ်စုက မြန်မာ့နောက်ဆုံး ထီးနန်းရှိခဲ့တဲ့ မန္တလေး အခြေခံပညာရှင်တွေရဲ့ အုပ်စုဖြစ်ပါတယ်။ ဒီအုပ်စုရဲ့ အဓိကအာရုံဟာ သူတို့အမွေခံ ထိန်းသိမ်းထားတဲ့ မြန်မာ့ရိုးရာ မဟာဂီတ အနုပညာကို မူရင်းအတိုင်း တတ်နိုင်သမျှ ထိန်းသိမ်းထားကြဖို့ ဖြစ်ပါတယ်။ အရေးကြီး ဆုံးက အသံနဲ့စည်းဝါးတွေ ဖြစ်ပါတယ်။ အရပ်သုံးကတော့ သံကျစည်းဝါးလို့ တိုတိုပဲ ပြောကြပါတယ်။ နောက်တစ်ခုကတော့ တီးကွက်တွေ ဖြစ်ပါတယ်။ အဓိက အားဖြင့် တေးသွားတွေကို လုံးကောက်မတီးဘဲ (ဒါမှမဟုတ်) သံစဉ်လုံးကောက် ကျောရိုးကိုပတ်ပြီး တန်ဆာဆင်တဲ့၊ အသံအရေအတွက်ပွားထားတဲ့ တီးကွက်တွေ မသုံးဘဲ ... သံရိုး သံရိုးအလိုက်၊ သံဆန်း သံဆန်းအလိုက် ... သံစဉ်အတွင်း အများဆုံးကဲတဲ့ အသံတွေကိုယူပြီးတော့ စည်း/ဝါး သဘောနဲ့ဖွဲ့တဲ့ တီးကွက်တွေ ဖြစ်ပါတယ်။ များသောအားဖြင့် ကွက်ကျဲတွေ ဖြစ်ပါတယ်။ ဒီတီးကွက်တွေရဲ့ အားသာချက်က ခန့်ညားပါတယ်။ အဆင့်မြင့် အဆိုပညာရှင်တွေကိုဆိုရင် တီးကွက်အနေနဲ့ အပို့ကောင်း၊ အပေးအယူကောင်းတွေ ဖြစ်ပါတယ်။ နိုင်ငံတကာ ဂီတဝေါဟာရနဲ့ ပြောရရင် ... Syncopation နဲ့ Counter Point တွေ ဖြစ်ပါတယ်။

ကမ္ဘာ့ဂီတဖွဲ့စည်းမှုတွေမှာ အလွန်အဆင့်မြင့်တဲ့ အခြေခံသတ္တိတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မန္တလေးမှု အတိုင်း သင်ကြားလေ့လာရင် အပေါ်ယံအားဖြင့် အနုပညာမှာ အလွန်အရေးကြီးတဲ့ လွတ်လပ်ခွင့်ကို ကန့်သတ်ခံနေရသလို ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ရေရှည်မှာကျတော့ မြန်မာ့ရိုးရာဂီတရဲ့သဘာဝကို ရေသောက်မြစ်ကစပြီး နားလည် သဘောပေါက်သွားပြီးတော့ အသစ်တီထွင်မှုတွေလုပ်တော့မယ်၊ လွတ်လပ် ခွင့်တွေကို ယူတော့မယ်ဆိုရင်လည်း နက်နဲကျယ်ပြန့်တဲ့ အခြေခံရှိနေတတ်ပါတယ်။ ဥပမာ အကောင်းဆုံးပေးရရင် ... မြို့မညိန်းရဲ့ မြန်မာ့ရိုးရာဂီတအပေါ် သဘော ပေါက်နေပုံမျိုး၊ မြန်မာ့ဂီတအခြေခံအပေါ် တီထွင်ပြန်တော့လည်း အရိုးကို အရွက်မဖုံး စေဘဲ ခန့်ခန့်ညားညား၊ ကျယ်ကျယ်ပြန့်ပြန့် ရှိနေတာတွေကို တွေ့ရပါတယ်။

မန္တလေးကို ဗဟိုမပြုတဲ့ မြန်မာ့ရိုးရာ အနုပညာရှင် အုပ်စုမှာလည်း အားသာချက်တွေ အများကြီးရှိပါတယ်။ ပင်ကိုယ်သဘာဝအရ ဒေသအပေါ် အခြေခံပြီးတော့ တာဝန်ရှိမှု၊ အသိကန့်သတ်ချက် လျော့နည်းပါတယ်။ ပိုပြီးတော့ လွတ်လပ်ပေါ့ပါးနေ ပါတယ်။ ဒါဟာ အနုပညာဖန်တီးရာမှာ အလွန်အရေးကြီးတဲ့ လွတ်လပ်ခွင့်မျိုး ဖြစ်ပါတယ်။ ဒါ့ကြောင့် အခြေခံဥပမာတစ်ခုကိုပြောရရင် ... ရှေးမူတွေအတွက် သံရိုးတွေ ဖြစ်တဲ့ ... ကြိုးတို့၊ ဘွဲ့တို့၊ သီချင်းခံတို့မှာ အဓိကအားဖြင့် ... အကျဲ၊ အခန့်ပဲ တီးကြရမယ် ဆိုတာမျိုးကို သတိမူလေ့မရှိဘဲ ကွက်စိပ်တွေ ပြွတ်ခဲနေအောင် တီးတတ်ပါတယ်။ သံဆန်းပိုင်းကိုတော့ မပြောနဲ့တော့ ... အကွက်အလက်တွေဟာ အဓိကအားဖြင့် သိပ်စိပ်ပါတယ်။ သိပ်များလှပါတယ်။ ကြားရတဲ့သူတွေလည်း သိပ် ကြိုက်ကြပါတယ်။ ဖွဲ့ပုံဖွဲ့နည်းက နိုင်ငံတကာ ဂီတဝေါဟာရနဲ့ ပြောရမယ်ဆိုရင်... Ornamentation လုပ်တာပါပဲ။ မြန်မာလိုဆိုတော့ ... မူလတေးသွားကို တန်ဆာဆင် ဖွဲ့နွဲ့တာပါပဲ။

ဒုတိယကမ္ဘာစစ်အပြီး အကွက်များများနဲ့ ဝေနေအောင်ဖွဲ့နွဲ့တဲ့ မြန်မာ့ရိုးရာ မဟာဂီတအုပ်စုကို ဦးဆောင်သူကတော့ ... အဓိကအားဖြင့် စောင်းဆရာကြီး ဦးဘသန်းဖြစ်ပါတယ်။ စောင်းဆရာကြီး ဦးဘသန်းဟာလည်း စောင်းတင် မကပါ ဘူး၊ ပတ္တလားရော၊ စန္ဒရားရော ကျွမ်းကျင်တဲ့ တကယ့်ထိပ်တန်းဂုရုကြီးတစ်ပါး ဖြစ်ပါတယ်။ လက်ကလည်း အလွန်ရတဲ့အတွက် ရှေးရိုးအကွက်ကျဲတွေနဲ့ ကန့်သတ်မှုကို ဖယ်ရှားပေမဲ့ ဒီဆရာကြီးများဟာလည်း သံကျစည်းဝါးကိုတော့ အထူးဂရုစိုက် ထိန်းသိမ်းပေးကြတဲ့ ပညာရှင်ကြီးတွေဖြစ်ပါတယ်။

အဓိကအားဖြင့် မန္တလေးအခြေခံအုပ်စုကို မြန်မာညွန့်ဦးချစ်မောင်နဲ့ ဇနီး အမေဦးတို့က ဦးဆောင်ပြီးတော့ မန္တလေးပြင်ပအုပ်စုကို စောင်းဦးဘသန်းနဲ့ ဒေါ်စောမြဲအေးကြည်တို့က ဦးဆောင်ပါတယ်။ စောင်းဦးမြင့်မောင်ရဲ့ ထူးခြားချက် ကတော့ ဒီအုပ်စုနှစ်ခုစလုံးကို ချဉ်းကပ်ပြီးတော့ အနုပညာ သဘာဝ နှစ်ရပ်စလုံးကို နက်နက်နဲနဲ တန်ဖိုးထားလေ့လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အဓိက အုပ်စုကြီးနှစ်ခုစလုံးရဲ့ အရိပ်ကို ခိုတော့မယ်ဆိုတဲ့ကိစ္စဟာ အကြားလွယ်သလောက် လက်တွေ့ကျင့်သုံးဖို့ အလွန်ခက်ခဲပါတယ်။ မဟာဂီတလောကမှာ အစွဲအလမ်း အလွန်ကြီးကြပါတယ်။ ကိုယ့်နယ်နဲ့ကိုယ်၊ ကိုယ့်မူနဲ့ကိုယ် တသီးတခြားနေတတ်ကြပါတယ်။ ရောထွေးယှက် တင် လုပ်ခဲလှပါတယ်။ စောင်းဦးမြင့်မောင်ဟာ အခြေခံအားဖြင့် မန္တလေးအုပ်စုကနေ ပေါက်ဖွားလာသူ ပညာရှင် ဖြစ်တဲ့အတွက် မန္တလေး ပြင်ပအုပ်စုက ပညာနယ်ပယ်ကို သွားရောက်လေ့လာတော့မယ်၊ ရယူတော့မယ်ဆိုတဲ့အချိန်မှာ အတိုက်အခံ ဆန့်ကျင်မှု တွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရတာပါ။ ဒါပေမဲ့ စောင်းဦးမြင့်မောင်ဟာ လွတ်လပ် ကျယ်ပြန့်တဲ့ အနုပညာစိတ်၊

ကမ္ဘာ့အနုပညာစိတ်ထားနိုင်ဖို့ အစောကြီး နိုးနိုးကြားကြား ရှိခဲ့သူ ဖြစ်ပါတယ်။ ဒါတွေကြောင့် စောင်းဦးမြင့်မောင်ထံမှာ ပညာသွားသင်ကြရင် စောင်းပညာ သက်သက်မဟုတ်ဘဲ အနုပညာအတွေးအခေါ်၊ ခံယူချက် ကျယ်ပြန့် လွတ်လပ်ဖို့ကိုပါ သင်ကြားပေးလေ့ရှိပါတယ်။

လက်တွေ့အကျဆုံးကတော့ စောင်းဦးမြင့်မောင်ဟာ သူ အလွန်ကျွမ်းကျင်တဲ့ နိုင်ငံတကာ ဂီတသင်္ကေတပညာနဲ့ မြန်မာ့ရိုးရာ မဟာဂီတအနုပညာနယ်ပယ်ရဲ့ အဓိက ဂိုဏ်းနှစ်ဂိုဏ်းစလုံးက ပညာတွေကို ထိထိရောက်ရောက် ရေးမှတ်ထိန်းသိမ်းထားခဲ့ နိုင်ခြင်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့ဂီတ မှတ်စု/ မှတ်ရာတွေ အများကြီးကို သပ်သပ်ရပ်ရပ် စာအုပ်ထူ၊ အခိုင်အခန့်ကြီးတွေနဲ့ တစ်ပုံတစ်ပင် စုဆောင်းထားရှိခဲ့တာကို ဝင်းဖေ အကြိမ်ကြိမ် တွေ့ဖူးပါတယ်။ ဒီကနေ့ခေတ် သိပ္ပံနည်းပညာတွေနဲ့ မိတ္တူကော်ပီတွေ များများပွားပြီးတော့ မပျက်စီး၊ မပျောက်ပျက်ရအောင် ထိန်းသိမ်းပြီး ဖြစ်လိမ့်မည်လို့ ယုံကြည်ပါတယ်။ ဝင်းဖေ မှတ်မိသလောက် သူ့မှာကမ္ဘာ့ဂီတသင်္ကေတနဲ့ ရေးမှတ် ထားတဲ့ ဂီတတွေချည်းသက်သက် မဟုတ်ဘဲ သူဖတ်မှတ်နာကြားထားတဲ့၊ တွေးခေါ် စဉ်းစားထားတဲ့၊ ဆွေးနွေးကြံဆထားတဲ့ အနုပညာအယူအဆတွေလည်း အများကြီး စာနဲ့ ရေးသားထိန်းသိမ်းထားတာတွေ ရှိပါတယ်။ မျိုးဆက်သစ်တို့အတွက် တန်ဖိုး မဖြတ်နိုင်တဲ့ အမွေအနှစ်တွေပါပဲ။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာဂီတပညာရှင်ကြီးတွေ အကြောင်း တစေ့တစောင်းကတစ်ဆင့် ဂီတအကြောင်း၊ မြန်မာ့ရိုးရာဂီတ အကြောင်း စတာတွေ ဝင်းဖေ လွယ်အိတ်ထဲမှာ ပါတတ်သမျှကို စိတ်လိုလက်ရ တင်ပြနေမိတာ ရက်သတ္တ လေး/ငါး ပတ် ရှိသွားတော့ လေးလှအီလှပြီလို့ ထင်မိပါတယ်။ အမှားအယွင်း လေးတွေလည်း ပါနိုင် တာ သေချာပါတယ်။ ပြင်ဆင် တည့်မတ်ပေး ကြတာကလေးတွေကို မျှော်လင့်နေပါတယ်။ ဥပမာ ... စောင်းဦးမြင့်မောင်အကြောင်း ပြောပြနေရင်းနဲ့ ... စောင်းပညာဝါသနာရှင် မန္တလေးမြို့က ဝတ်လုံတော်ရရှေ့နေကြီး ဦးခင်မောင်ဒွေးကို ဝက်မစွတ်မျိုးရိုးအဖြစ် ပြောမိသွားပါတယ်။ အမှန်ကတော့ ရွှေပြည်မင်းကြီးရဲ့ မျိုးဆက်များလို့သိရပါတယ်။ ဒါပေမဲ့ နောက်ကျတော့ ထားဝယ် ဦးသန်းဆွေက ဦးခင်မောင်ဒွေးဟာ ဝက်မစွတ်မျိုးရိုးလည်း ဖြစ်နိုင်ပါတယ်လို့ ကူညီ ပြောဆိုပေးတာလည်း ရှိပါတယ်။ ကျေးဇူးအထူးတင်ရှိပါတယ်။ စောင်းဦးမြင့်မောင် အကြောင်းကလည်း နောက်မှ ဆက်တင်ပြပါဦးမယ်။

ဝင်းဖေဟာ ပန်းချီရေးရင် အခုန်ကြမ်းတတ်ပါတယ်။ ဥပမာ အနီရဲရဲကနေပြီး အစိမ်းရောင်ကို ခုန်ကူးတာမျိုး ... အဝါကနေပြီး အပြာကိုခုန်ကူးတာမျိုးတွေ ဖြစ်တတ် ပါတယ်။ ရုပ်ရှင်ရိုက်ရင်လည်း အငြိမ်တွေပြနေရာကနေ ရုတ်တရက် သိပ်လှုပ်တာ တွေကို ခုန်ကူးတတ်ပါတယ်။ High Contrast လို့ခေါ်တဲ့ ဆန့်ကျင်ဘက်တွေကို ပြတဲ့နေရာမှာ အကူးကြမ်းတာမျိုးကို ပြောတာပါပဲ။ အခုလည်း ဂီတအနုပညာ အကြောင်းတွေကို ပြောနေရာက ဝင်းဖေနဲ့ တစ္ဆေအကြောင်းကို ပြောင်းပြီးတော့ ပြောပြလို စိတ်ဖြစ်လာပါတယ်။

လူ့သမိုင်းစကတည်းက လူတွေကြားထဲမှာ တစ္ဆေတွေဟာ ပုံစံအမျိုးမျိုးနဲ့ ရှိနေခဲ့တာပါ။ တကယ်ရှိတယ်ဆိုပြီး ပြောကြတာတွေရှိသလို၊ ပုံပြင်တွေလည်း ရှိပါတယ်။ လူတွေရဲ့စိတ်ကူးတွေထဲမှာလည်း တစ္ဆေတွေဟာ အများကြီး လှုပ်ရှား ခြောက်လှန့်နေကြဆဲပဲ ဖြစ်ပါတယ်။

ဝင်းဖေနဲ့တစ္ဆေ အကြောင်းတွေဟာ တစ္ဆေ ကြောက်တတ်တဲ့သူတွေ အတွက် အနည်းနဲ့အများ အကျိုး ရှိနိုင်ပါတယ်။

မကြောက်တတ်သူတွေအတွက်ကတော့ ရယ်စရာကောင်းလိမ့်မယ်လို့ ထင်ပါတယ်။ ကြောက်တတ်တဲ့ သူတွေဟာ တစ္ဆေနဲ့ တွေ့ဖို့အကြောင်း ပိုများတယ်လို့ အတော်ကလေး အပြောများပါတယ်။ ဝင်းဖေဟာ ငယ်ငယ်ကတည်းက တစ္ဆေ အလွန်ကြောက်တတ်ပါတယ်။ ခုလည်း ကြောက်တတ် တုန်းပါပဲ။ ဒါပေမဲ့ တစ်သက်လုံး တစ္ဆေကို မတွေ့ဖူးပါဘူး။ တစ္ဆေလည်း အခြောက် မခံရဖူးပါဘူး။ တစ္ဆေခြောက်သလိုဖြစ်တာ တစ်သက်မှာ သုံး/ လေးခါလောက် ကြုံခဲ့ ဖူးပေမဲ့ တစ္ဆေခြောက်တာမဟုတ်ဘူး ... ဘယ်လိုဘယ်လိုဖြစ်တာဆိုတာမျိုးကို ချက်ချင်း လို စဉ်းစားမိပြီးတော့ ... တကယ်လည်း ... ချက်ချင်း တကယ့်ဖြစ်ရပ်အကြောင်း ကိုတွေ့ရလို့ ... ကြောက်လိုက်ရတဲ့ အဆင့်အထိကို မရောက်လိုက်ရပါဘူး။ ဥပမာတစ်ခုကို ပြောပြပါမယ်။

ဝင်းဖေ ... ဘောက်ထော်မှာ နေတုန်းက ... ည ၁၂ နာရီလောက် လူခြေတိတ် တဲ့ အချိန်ကျတော့မှ တစ်ယောက်တည်း အိမ်ပြန်လာပါတယ်။ ခြံဝင်းထဲဝင်ပြီးရင် ဝင်းဖေတို့နေတဲ့ ပျဉ်ထောင်အိမ်ကြီးဆီကို ရောက်ဖို့ သရက်ပင်ကြီး တစ်ပင်အောက်က ဖြတ်ပြီး ဝင်ရပါတယ်။ အဲဒီညက လေကလည်း ငြိမ်နေပါတယ်။ တစ်ရပ်ကွက်လုံး လည်း အသံတိတ်နေပါတယ်။ ဝင်းဖေ ... သရက်ပင်ကြီးအောက်က ဖြတ်တော့ ... ဝင်းဖေကို သဲနဲ့အပက်ခံလိုက်ရသလို ... ဝင်းဖေ ကိုယ်ပေါ်ကို သိသိသာသာကြီး သဲတွေ ကျလာပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ တစ္ဆေ အလွန်ကြောက်တတ်တဲ့ ဝင်းဖေရဲ့ ခေါင်းထဲမှာ ချက်ချင်းဝင်လာတာက ... သရက်ပေါ်က ကိုင်းတွေမှာ ခြံအိမ်တွေ ရှိနေပြီ ထင်တယ် ... ခြံအိမ် ပြိုကျလာတာပဲလို့ ချက်ချင်းသိလိုက်ပါတယ်။ ညကြီးဆိုတော့ သေသေချာချာတော့ မကြည့်နိုင်သေးပါဘူး၊ အိမ်ထဲဝင်ပြီး ဘယ်သူ့မှလည်း ပြောမနေ တော့ပါဘူး .. အိပ်လိုက်တာပါပဲ။ မနက်ကျတော့ ညကအဖြစ်အပျက်ကို သတိရလို့ သရက်ပင်ကို သွားကြည့်တယ် ... ဟုတ်နေတာပဲ။ သရက်ကိုင်းတွေမှာ ခြံအုံတွေ ရှိနေတယ်၊ ပြီးတော့ ပဲ့ကျထားတဲ့ အရာကြီးလည်း တွေ့ရပါတယ်။ နောက်တစ်ခါ မှာတော့ မန္တလေး ပန်းတျာကျောင်းမှာ ... ဝင်းဖေက တစ်ခန်း၊ ဝင်းဖေရဲ့တပည့် ကပ်လျက်အခန်းမှာ အိပ်ပျော်နေကြပြီ ... ည ၂ ချက်တီးလောက် အားလုံးတိတ်ဆိတ် နေတဲ့အချိန်မှာ ဒိုင်းဒိုင်းဒိုင်းဒိုင်းနဲ့ နေအောင် နံရံကိုရိုက်တဲ့ အသံကို အကျယ်ကြီးကြားရ လို့ ဝင်းဖေ နိုးလာပါတယ်။ တစ်ဘက်အခန်းက တပည့် မောင်အောင်ဝင်းလည်း နိုးလာပုံရပါတယ်။ “ဘယ်သူလဲ ...” လို့ အော်ပြီး မေးသံကြားရတယ်။ အဲဒီအချိန်မှာပဲ ဒိုင်းဒိုင်းဒိုင်းဒိုင်းနဲ့ နံရံကို ပြင်းပြင်းထန်ထန်ရိုက်တဲ့ အသံကြီးက အထင်အရှား ပေါ်လာ ပြန်ပါတယ်။ ဒီတစ်ခါတော့ နှစ်ယောက်စလုံး ကောင်းကောင်းကြီးကို နိုးနေကြပြီ ဆိုတော့ အသံကျယ်ကျယ်ကြီးက သိပ်ကို ထင်ရှားပါတယ်။ တပည့် မောင်အောင်ဝင်း ကလည်း ထပ်ပြီး အော်မေးပြန်ပါတယ်။ “ဘယ်သူလဲ ... ဘယ်သူလဲ” ပေါ့။

သူ့အသံ ကြည့်ရတာ … နည်းနည်း ကြောက်နေတဲ့ပုံပဲ။ ပြီးတော့ ဝင်းဖေကိုလည်း လှမ်းမေး တယ်။ "ဆရာကြီး … ဘယ်သူလဲ မသိဘူး" .. တဲ့။ အဲဒီအချိန်မှာပဲ … အဲဒီ … ဒုံးဒုံးဒုံးဒုံး အသံကြီးက ထွက်လာပြန်ပါတယ်။ ဒီတစ်ခါလည်း တစ္ဆေ သိပ်ကြောက် တတ်တဲ့ ဝင်းဖေရဲ့ခေါင်းထဲကို ကြောက်ရမဲ့အစား အတွေးက ဝင်လာပြန်တယ်။ ဒါနဲ့ တပည့်မောင်အောင်ဝင်းကို လှမ်းပြောလိုက်တယ်။ "ဟေ့ကောင် .. ဘာမှ မဟုတ်ဘူးကွ၊ အိမ်မြှောင် မေးရိုက်တာနေလိမ့်မယ်၊ နံရံက သုံးထပ်သား ဖြစ်နေတော့ ဗုံလိုဖြစ်ပြီး တအားမြည်နေတာကွ"… လို့ပြောရင်း … ဆရာတပည့်နှစ်ယောက် မီးဖွင့်ပြီး ကြည့်ကြ ပါတယ်။ အမှန်ပါပဲ … အိမ်မြှောင်တစ်ကောင်က အတော်ကြီးတဲ့ ပိုးဖလံတစ်ကောင်ကို သူ့ပါးစပ်ထဲမှာ မိထားပါတယ်။ ပိုးဖလံက မသေသေးလေတော့ မေးရိုက်ပြီး သတ်နေ ပုံရပါတယ်။ လူခြောက်တတ်နေတဲ့ည … နှစ်ချက်လောက်လည်း ဖြစ်ပြန်၊ သုံးထပ်သား နံရံပေါ်မှာဆိုတော့ … ဗုံလိုဖြစ်ပြီးတော့ ဝင်းဖေ ချက်ချင်းစဉ်းစားမိသလို အတိအကျ ပါပဲ။ ထွက်လာတဲ့ အသံက … လူတစ်ယောက် လက်ဝါးနဲ့ခပ်ပြင်းပြင်း ရိုက်ပုတ်နေ သလိုကိုဖြစ်နေတာကို တွေ့ကြရပါတယ်။ ဒီတော့မှ ဝင်းဖေရဲ့တပည့် မောင်အောင်ဝင်း လည်း အကြောက်ပြေသွားရှာပါတယ်။ ဝင်းဖေကတော့ ဒါလောက်တောင် ကြောက် စရာကောင်းတဲ့ကိစ္စ၊ တစ္ဆေခြောက်ပြီလို့ ထင်စရာကိစ္စကြီးကို … အဖြေကို ချက်ချင်း စဉ်းစားမိသွားလို့ ခဏလေးတောင် မကြောက်လိုက်ရပါဘူး။ ဝင်းဖေက အိမ်မြှောင်တွေ မေးရိုက်တယ်ဆိုတာကို ကြားဖူးရုံပဲ ရှိပါတယ်။ တစ်ခါမှ တကယ်မမြင်ဖူးပါဘူး။ အဲဒါကို ဘယ်လို ဘယ်လို ခေါင်းထဲ ချက်ချင်းရောက်လာသလဲ မသိပါဘူး။ ဝင်းဖေနဲ့ တစ္ဆေကိစ္စ တကယ့်ဖြစ်ရပ်မှန်တွေကို ဆက်ပြီး တင်ပြပါ့မယ်။ ရှေ့မှာပြောခဲ့သလို ပါပဲ … တစ္ဆေကြောက်တတ်တဲ့ သူတွေအတွက် အနည်းနဲ့အများ အကျိုးရှိမယ်ထင် လို့ … ဒါတွေကို ပြောပြနေရတာပါ။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်ကစပြီး ဝင်းဖေနဲ့တစ္ဆေအကြောင်း တင်ပြမိပါတယ်။ တစ္ဆေကြောက်တတ်တဲ့သူတွေကို တစ္ဆေက ပိုပြီး ခြောက်တတ်တယ်ဆိုတာ ဝင်းဖေအတွက်တော့ မမှန်ဘဲဖြစ်နေတဲ့ အကြောင်းတွေပါပဲ။ တစ္ဆေကြောက်တတ်တဲ့သူတွေအဖို့ သိပ်သေချာတာတစ်ခုကတော့ ... ကိုယ့်ကြောက်စိတ်နဲ့ကိုယ်၊ ကိုယ့်ဟာကိုယ် ဖန်ဆင်း တဲ့ တစ္ဆေတွေက ခြောက်လှန့်နေတာတွေပါပဲ။ ဝင်းဖေလည်း တစ်ယောက်တည်း ကြောက်စရာကောင်းတဲ့ အခြေအနေတစ်ရပ်ထဲကို ရောက်နေပြီဆိုရင် ... ဝင်းဖေက တော့ ကိုယ့်ဟာကိုယ် တွေးပြီးတော့ ကိုယ့်ဟာကိုယ်မွေးတဲ့ တစ္ဆေကို ကြောက်နေတော့ တာပါပဲ။ အဲဒီလိုသာ ကြောက်တတ်တာ ... တစ္ဆေပုံပြင်တွေ၊ တစ္ဆေဝတ္ထုတွေ၊ တစ္ဆေရုပ်ရှင်တွေ ကျပြန်တော့လည်း သိပ်ကြိုက်၊ သိပ်ဖတ်၊ သိပ်ကြည့်ချင်ပါတယ်။ ဒါဟာ အလွန်ဆန်းကြယ်တဲ့ စိတ်သဘာဝတစ်ခုပါပဲ။ ဒါပေမဲ့ ဝင်းဖေ အသက်ကြီးလာတော့ အဲဒီလို မဟုတ်ပြန်တော့ပါဘူး။ တစ္ဆေဝတ္ထုတွေ၊ တစ္ဆေရုပ်ရှင်တွေကို ဖတ်လည်း မဖတ်ချင်၊ ကြည့်လည်း မကြည့်ချင်၊ သိလည်း မသိချင်တော့ပါဘူး။ ကြောက်လှလို့ တော့ မဟုတ်ပါဘူး။ သိကို မသိချင်၊ ကြည့်ကို မကြည့်ချင်တော့တာပါ။ ဘာပဲပြောပြော ကြောက်တတ်တဲ့သူတွေကို တစ္ဆေပိုခြောက်တတ်တဲ့ ... တစ္ဆေနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ဖို့အကြောင်း ပိုများတယ် ဆိုတဲ့သီအိုရီကတော့ ဝင်းဖေအတွက်တော့ မမှန်ပါဘူး။ ဝင်းဖေ ဒီကနေ့အထိ တစ္ဆေအခြောက် မခံရသေးပါဘူး။ တစ္ဆေခြောက်တာကို မသိလိုက်တာလည်း ဖြစ်နိုင်ပါတယ်။ အဲဒီလိုဆိုရင်တော့ ... ခြောက်တဲ့တစ္ဆေတွေဟာ တော်တော် အူကြောင်ကြောင် ဖြစ်သွားနိုင်ပါတယ်။ ဒါပေမဲ့ ဒီအကြောင်းတွေကို လျှောက်ပြောမိတဲ့အတွက် ... တစ္ဆေတွေက ငြိုဟ်ကျပြီး တကူးတကများ လာခြောက် လေမလားလို့ တွေးပြီးတော့ ကြောက်မိပါသေးတယ်။

အများနဲ့အတူ တစ္ဆေ အခြောက်ခံရတာမျိုးလည်း မရှိပါဘူး။ တစ္ဆေအတော် ခြောက်တယ်လို့ နာမည်ကြီးတဲ့ ... အိမ်တွေ၊ ဘုရားကျောင်းကန်ဇရပ်တွေ၊ ဆေးရုံတွေကို ရောက်ဖူးပါတယ်။ ကြုံပြီး ကြောက်နေတာပဲ ရှိတယ်၊ အခြောက် မခံခဲ့ရဖူးပါဘူး။ နောက်တစ်ခုက လူတွေမှာ ကျန်းမာရေးမကောင်းလို့ စိတ်ရောကိုယ်ပါ အားအင်ချည့်နဲ့ နေတဲ့ ... အထူးသဖြင့်

စိတ်အားငယ်နေတဲ့အချိန်တွေမှာ ပိုပြီးတော့ ကြောက်တတ်လာ ကြတယ် ... ဆိုတဲ့ စကားဟာလည်း ဝင်းဖေရဲ့ အတွေ့အကြုံတစ်ခု အရတော့ မမှန်ကန် တာကို တွေ့ခဲ့ဖူးပါတယ်။

ဒီလိုပါ ... ဥပမာလေးတစ်ခု ပြောပါရစေ။ တစ်ခါက ... ဝင်းဖေဟာ ရန်ကုန်မြို့၊ မြေနီကုန်းအနီး၊ မြေနုလမ်းမှာရှိတဲ့ ခြံဝင်းနဲ့ တိုက်ပုလေးတစ်ခုမှာ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ရောက်နေပါတယ်။ အဲဒီနေ့ မနက်ကတည်းက ဝင်းဖေ ဖျားနေခဲ့တာ ညနေဘက်ရောက်တော့ အဖျားအတော်ကြီးကို တက်လာပါတယ်။ တုပ်ကွေး ဆိုတော့ တစ်ကိုယ်လုံးကိုက်ခဲ၊ ညောင်းညာနေပြီး အားလည်း သိပ်ယုတ်နေပါတယ်။ အပေါင်းအသင်းတွေက တိုက်ပုလေး အောက်ထပ်မှာ အရက်သောက်ရင်း ဖဲရိုက်နေကြ ပါတယ်။ စကားတွေကလည်း သိပ်ပြောကြပါတယ်။ တဝါးဝါး တဟားဟားနဲ့ ဆူညံ နေပါတယ်။ ခါတိုင်းလည်း ဒီလိုပါပဲ။ ဒါပေမဲ့ ဝင်းဖေက အတော်ကြီးကို ဖျားနေတာ ဆိုတော့ ခါတိုင်းထက် ပိုပြီး ဆူညံနေသလိုပါပဲ။ ဒါနဲ့ သူတို့နဲ့ဝေးရာကို သွားနေရပါတယ်။ တိုက်ပုလေးရဲ့ အပေါ်ထပ်ကို တက်ပြီးတော့ လဲလျောင်းနေရပါတယ်။ အိပ်လို့လည်း မပျော်ပါဘူး။ အရေးအကြီးဆုံးကတော့ တတ်နိုင်သမျှ မလှုပ်ချင်တာပါပဲ။ အဲ ... ဝင်းဖေအိပ်နေတဲ့ အခန်းက တစ်ချိန်က အဲဒီတိုက်ပိုင်ရှင်ဟောင်းရဲ့ သားက သူ့မိန်းမကို အထင်လွဲပြီး ဓားနဲ့ ထိုးသတ်တယ်၊ ပြီးတော့မှ သူ့ကိုယ်သူလည်း သတ်သေလိုက်တဲ့ အခန်းပါပဲ။

ဝင်းဖေ အရင်က ဒီအခန်းကို ဘယ်တော့မှ မတက်ပါဘူး။ ဒီတစ်ခါကျတော့မှ ဘာသံမှမကြားချင်၊ ဘာအနှောင့်အယှက်မှ မခံနိုင်လို့ ဒီအခန်းကိုတက်လာပြီး အိပ်နေလိုက်တာပါ။ အကြောင်းသိ သူငယ်ချင်းတွေက တအံ့တသြနဲ့ ဇွတ်တားကြပါသေး တယ်။ အဲဒီတုန်းကတော့ ဝင်းဖေအနေနဲ့ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ငြိမ်နေ လိုက်ချင်တဲ့ စိတ်ပဲရှိပါတယ်။ ကြောက်ဖို့စိတ်တွေဟာ ဘယ်ရောက်ကုန်မှန်း မသိပါဘူး။ လူသတ်မှုဖြစ်ခဲ့တယ်ဆိုတဲ့ ရေချိုးခန်း၊ ပြီးတော့မှ သူ့ကိုယ်သူ သတ်သေခဲ့တယ် ဆိုတဲ့ ရေချိုးခန်းတံခါးကြီးကလည်း ဖွင့်ထားပါတယ်။ စပ်ဖြဲဖြဲ၊ ဖြူကျဲကျဲ မီးလုံးကို လည်း ဖွင့်ထားလို့ လင်းနေပါတယ်။

တစ္ဆေ သိပ်ကြောက်တတ်ပြီးတော့ အဖျားကြီးနေလို့ စိတ်ရောကိုယ်ပါ အားနည်းချည့်နဲ့ပြီး တစ်ကိုယ်လုံး ကိုက်ခဲနေတဲ့ ဝင်းဖေက အဲဒီရေချိုးခန်းတံခါးဝကို စိုက်ကြည့်နေမိပါတယ်။ အဲဒီအချိန်မှာ လုံးဝကြောက်စိတ် မရှိပါဘူး။ တစ္ဆေတွေ ထွက်လာချင်လည်း လာစမ်းပါ စေ ... ဘယ်လိုပုံကြီးနဲ့ပဲဖြစ်ဖြစ်၊ လာချင်သလိုလာ... ဝင်းဖေအနေနဲ့ ... ဘာမှမလှုပ်ရရင်

တော်ပြီ … ခြောက်ချင်သလောက် ခြောက်လိုက် စမ်း … ဆိုတဲ့ စိတ်ပဲရှိပါတယ်။ ဘာတစ္ဆေမှ ထွက်မလာပါဘူး။ အောက်က သူငယ်ချင်း ငမူးတွေက ဝင်းဖေ တစ္ဆေသိပ်ကြောက်တတ်တာကို သိနေကြတော့ ခဏခဏ တက်တက် ကြည့်ကြပါတယ်။ ဝင်းဖေက အိပ်လည်းမပျော်၊ ကြောက်နေတာလည်း မဟုတ်တော့ အတော် အံ့ဩ ကြပါတယ်။ နောက်ညပိုင်း (၉) နာရီလောက်ကျတော့… ဆာလာကြပြီ၊ မြေနီကုန်း လေဟာပြင်ဈေးကို သွားစားကြမယ်ဆိုပြီး ဝင်းဖေကို ကြိုးစား လိုက်ခဲ့ဖို့ တက်ခေါ်ကြပါတယ်။ ဝင်းဖေကလည်း လုံးဝမလှုပ်ချင်လို့ … မလိုက်တော့ ပါဘူး၊ သူတို့ပဲ သွားကြပါလို့ ဇွတ်ပြောပါတယ်။ သူတို့ကလည်း ဝင်းဖေအတွက် စိုးရိမ်လို့၊ ဝင်းဖေကိုစောင့်ဖို့ တစ်ယောက်ထားခဲ့မယ် … ပြောကြပါတယ်။ ဝင်းဖေကလည်း မလိုကြောင်း၊ အားလုံးသာ သွားကြပါ … လုံးဝကို ကြောက်စိတ် မရှိပါကြောင်း ပြောပြီးတော့ ဇွတ်ကို ငြင်းလိုက်ပါတယ်။

ငမူးတွေလည်း ဆူညံပြီး အကုန်ပဲ ထွက်သွားကြတယ်။ ထူးခြားတာက ငမူး တွေရဲ့ အသံတွေသာ ဝေးပြီး ပျောက်သွားတယ် .. ဝင်းဖေမှာ ကြောက်စိတ် လုံးဝ ဝင်မလာပါဘူး။ မလှုပ်မယှက်နေရဖို့ပဲ အရေးကြီးပါတယ်။ ထွက်သွားတဲ့ ငမူးတွေလည်း ကြာကြာ မနေကြရှာပါဘူး … မြန်မြန်ပြန်လာကြပါတယ်။ အောက်ထပ်က တံခါးကို ဖွင့်ပြီးကတည်းက ဝင်းဖေကို တကျော်ကျော် အော်ခေါ်ရင်း ပြေးတက်လာကြပါတယ်။ ဝင်းဖေ မသေသေးတာကို တွေ့ရမှ ဟင်းချနိုင်ကြပါတယ်။

ဝင်းဖေက ကောက်ချက်တစ်ခုကို ဆွဲလိုက်ပါတယ်။ စိတ်ရောကိုယ်ပါ အားနည်း၊ ချည့်နဲ့နေချိန်မှာ တစ္ဆေ ပိုကြောက်စေနိုင်တယ်ဆိုတာ .. ဒီပြင်လူတွေအတွက်တော့ မပြောတတ်ပါဘူး၊ ဝင်းဖေအတွက်တော့ မမှန်ပြန်ဘူး ဆိုတာပါပဲ။ ကြောက်ဖို့ စိတ် ထက် ပိုပြီးတော့ကြီးတဲ့ တခြားစိတ်တစ်ခုရှိနေပြန်ရင်လည်း … ကြောက်စိတ်ဆိုတာ လွင့်ထက်သွားတတ်တာပါပဲ။

အဲဒီအဖြစ်အပျက်ကို ပြန်တွေးမိတဲ့အခါမှာတော့ ကြောက်မိပြန်ပါတယ်။ ဝင်းဖေကတော့ ခုထိလည်း တစ္ဆေကတော့ ကြောက်တုန်းပါပဲ။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေရဲ့ လွယ်အိတ်ထဲမှာ ဝင်းဖေရဲ့ ကိုယ်တွေ့တစ္ဆေတော့ မပါပါဘူး။ ဒါပေမဲ့ တစ္ဆေနဲ့ နွယ်တဲ့ ကိစ္စလေးတွေ တချို့ကို တင်ပြခဲ့ပါတယ်။ ဒီတစ်ပတ်တော့ ဝင်းဖေရဲ့လွယ်အိတ်ထဲက စုန်းပူး၊ နတ်ပူး ကိစ္စကလေး တွေ၊ ပယောဂနဲ့ ဗိန္ဓော ကိစ္စလေးတွေကို တင်ပြပါဦးမယ်။ ဟိုး ... ၁၉၆၀ စောစောပိုင်း နှစ်တွေတုန်းက ဝင်းဖေတို့မိသားစုအတွက် ကလေးထိန်း လာလုပ်ပေးတဲ့ ကျည်းတောဘက်က ကလေးမလေးတစ်ယောက် ရှိပါတယ်။ နာမည်က မဝင်းလို့ပဲ ပြောကြပါစို့။ သူ့နာမည်အရင်းတော့ မဟုတ်ပါဘူး။ အလွန် သဘောကောင်းပါတယ်။ အလုပ်တာဝန်ပိုင်းကျတော့လည်း သိပ်ကျေပါတယ်။ ဒါ့ကြောင့်မို့ ဝင်းဖေတို့အိမ်မှာ မဝင်းဟာ မိသားစုဝင်တစ်ယောက်လိုပါပဲ။ ဒါပေမဲ့ တစ်နေ့ကျတော့ ... ရုတ်တရက် စုန်းပူးသလိုလို၊ နတ်ပူးသလိုလို ဖြစ်လာပါတော့တယ်။ သူ့ပင်ကိုယ် မဟုတ်တော့ဘဲ အသံက တစ်မျိုး ပြောင်းသွားပြီးတော့ သူပြောနေတဲ့ စကားတွေအရ ... သူဟာ သူမဟုတ်တော့သလိုပါပဲ။ သူတို့ရွာက စုန်းတစ်ယောက်လို့ ဆိုပါတယ်။ ဝင်းဖေတို့ ဇနီးမောင်နှံကို ပုံမှန်အားဖြင့် အလွန်ရိုသေနေရာကနေ ကြိမ်းလား မောင်းလားတွေ လျှောက်ပြော နေတတ်ပါတယ်။ အဲဒီအချိန်မှာ ထိန်းလို့၊ သိမ်းလို့ သိပ်ခက်ပါတယ်။ ပုံမှန်အနေနဲ့ ဘာမှမေးလို့ပြောလို့ မရတော့ပါဘူး။ ဒါနဲ့ ဝင်းဖေတို့နဲ့ သိပ်ခင်တဲ့ ဆရာဝန်ကြီးတစ်ယောက်က လာပြီးတော့ စစ်ဆေးကြည့်ရှုပါတယ်။ အစစ်အဆေးခံဖို့ကိုပဲ အတော်ကြီးကို ချုပ်နှောင်ကြရပါတယ်။ ကောင်းကောင်း မစား၊ ကောင်းကောင်း မအိပ်တဲ့ကြားက ခွန်အား သိပ်သန်နေတာကို တွေ့ရပါတယ်။ ဆရာဝန် ကြီးကတော့ စစ်ဆေးကြည့်ပြီးတော့ ဒါ .. ဟစ်စတြီးရီးယား (Hiys teria) ပဲလို့ ပြောပါတယ်။ အမျိုးသမီးလေးတွေ အပျိုဖော်ဝင်တဲ့ အချိန်မှာ သွေးသား မမှန်ရာကနေ ဖြစ်တာလို့ ပြောပါတယ်။ ကုသဖို့ သူ တာဝန်ယူနိုင်ပါတယ်လို့ပြောပါတယ်။

ဒါပေမဲ့ ဒီအချိန်မှာပဲ ဝင်းဖေတို့ အကြောင်းကြားထားလို့ ကျည်းတောဘက်က သူ့အမျိုးတွေ လိုက်လာကြပါတယ်။ ချက်ချင်းပဲ တောကို ပြန်ခေါ်သွားကြတော့မယ်၊ ဒါဟာ ပယောဂ အစစ်ပဲလို့ ပြောကြပါတယ်။ မဝင်းဆိုတာ ဝင်းဖေတို့ မိသားစုဝင်လို ဖြစ်နေပြီဆိုတော့ ... ပြန်ခေါ်ချင်လည်း ခေါ်ပါ ... ဒါပေမဲ့ ပျောက်အောင် ကုသပေးလိုက် ပါရစေ ... ပြီးမှ ပြန်ခေါ်သွားပါလို့ ပြောပါတယ်။ ပြဿနာက သူတို့က ပယောဂလို့ ပြောနေကြပြီးတော့ ဝင်းဖေတို့က

မီးယပ်ရောဂါလို့ ယုံကြည်နေကြခြင်းပါပဲ။ အဲဒီ အချိန်မှာ ကံကောင်းချင်တော့ … မန္တလေး ရွှေပြည်ရပ်၊ မင်းတဲ၊ အီကင်းမှာ ဘုန်းတော်ကြီးတစ်ပါး ရှိပါတယ်။ ဗိန္ဒောရော၊ ပယောဂရော နိုင်နင်းတယ်လို့ ဆိုပါတယ်။ မဝင်းရဲ့ ရောဂါဟာ ဗိန္ဒောလား၊ ပယောဂလားဆိုတာကို ဘုန်းတော်ကြီးနဲ့ ပြသဆုံးဖြတ်ကြဖို့ သဘောတူကြပါတယ်။

ဘုန်းတော်ကြီးက သေသေချာချာ စစ်ဆေးကြည့်ပြီးတော့မှ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပါတယ်။ မဝင်းရဲ့ရောဂါဟာ … ဗိန္ဒောကိစ္စပါပဲတဲ့။ မီးယပ်ရောဂါ ပါတဲ့။ သူ့ကိုအပ်ရင် သူပျောက်အောင် ကုသပေးပါမယ်တဲ့။ ဒါပေမဲ့ ကျည်းတောက မဝင်းအမျိုးတွေကတော့ ပယောဂလို့ပဲ အစွဲကြီးနေကြပြီးတော့ မဝင်းကို ဇွတ်ရွာပြန်ခေါ် သွားကြပါတယ်။ ဘုန်းတော်ကြီးကတော့ မီးယပ်ရောဂါကို ပယောဂနဲ့ကုနေရင် ရောဂါ တခြား ဆေးတခြားဖြစ်နေပြီး အချိန်တွေ ကြာသွားရင် ကလေးမကလေးဟာ တစ်သက်လုံး ကုလို့မရတော့တဲ့ စိတ်ဝေဒနာသည် ဖြစ်သွားတော့မှာပဲလို့ မိန့်တော်မူပါတယ်။ မဝင်းရဲ့အမျိုးတွေက ဒေါ်သတကြီးများတောင် ဖြစ်နေကြပြီမို့ ဝင်းဖေတို့မိသားစုလည်း ဒီအတိုင်း သူတို့ဆန္ဒကို လိုက်လျောလိုက်ကြရပါတယ်။ ပယောဂဆိုတဲ့ကိစ္စဟာ … တကယ် အခိုင်အမာ ရှိ/မရှိ … ဝင်းဖေလည်း ဒီအချိန်အထိ သေသေချာချာ မသိပါဘူး။ မန္တလေး ဆေးတက္ကသိုလ်ကြီး စဖွင့်ပြီး ၅ နှစ်လောက်ကြာတော့ … အဲဒီဆေးကျောင်းနားမှာ … နောက်နောင် … ပယောဂပညာမှာ အလွန်နာမည်ကြီးလာမယ့် ဆရာရှိန်းက ဆေးကု နေခဲ့ပါတယ်။ မန္တလေး ဆေးကျောင်းသားတွေက ပယောဂကုတာကို လုံးဝ အထင်မကြီးကြပါဘူးတဲ့။ ဒါပေမဲ့ သိချင်တဲ့ စိတ်၊ စပ်စုတဲ့စိတ်နဲ့ သွားသွားကြည့်ကြသတဲ့။ အဲဒီမှာ အလွန်ထူးဆန်းတဲ့ ပရလောကရဲ့ ဖြစ်ရပ်တွေကို ခဏခဏ တွေ့ကြ၊ မြင်ကြရပါသတဲ့ဗျာ။

ဥပမာ … ပုဏ္ဏက ဝင်တဲ့သူဆိုရင် … ဖျာပေါ်မှာ ဒူးတုပ်ပြီး ထိုင်နေရာကနေ ထခုန်လိုက်တာ အထက်ကို ၈ ပေ လောက်တောင် မြောက်ဘက်သွားပါသတဲ့။ တစ်ခါတည်း မဟုတ်ဘူး … အကြိမ်ကြိမ် မြောက်တက်သွားတာပါတဲ့။ နောက် အပင်းသွင်းခံရတဲ့သူကို ဆေးတိုက်ပြီးတော့ အန်ထုတ်စေတဲ့အခါမှာ … အလွန် ထူးဆန်းတဲ့ ဘလိတ်ဓားတွေ၊ ချွန်ထက်တဲ့အပ်တွေ၊ ဆံပင်တွေ၊ ဘီးကျိုးတွေ အများကြီး ထွက်လာတာကို တွေ့ကြရပါသတဲ့ဗျာ။ ကိုယ်တိုင် တွေ့ခဲ့ကြရတာတွေကို ပြောပြတဲ့ ဆေးကျောင်းသားတွေထဲမှာ ဝင်းဖေရဲ့မိတ်ဆွေတွေ ပါပါတယ်။ ဝင်းဖေ ကိုယ်တိုင် သွားကြည့်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ တစ်ခါမှ အထမမြောက်ခဲ့ပါဘူး။ သိနေရတာကတော့ .. အလွန်ထူးဆန်းတဲ့ ဝေဒနာသည်

ကုသတဲ့နည်းတွေ၊ ပျောက်ကင်း ချမ်းသာရာ ရသွားတာတွေကတော့ အများကြီး တွေ့ကြရသတဲ့ဗျာ။ ဒါပေမဲ့ ဆေးကျောင်းသားတွေကတော့ ... ဒါတွေဟာ မျက်လှည့်ပြတာလို ကိစ္စတွေပဲလို့ ပြောကြရင်း ... ကွယ်ရာမှ ဟားတောင်နေကြပါသတဲ့ဗျာ။

ဒါပေမဲ့ ... အဲဒီလို အံ့ဖွယ်သရဲကိစ္စတွေကို ခဏခဏမြင်ကြ၊ တွေ့ကြရတော့... ဆေးကျောင်းသားတွေ မဟုတ်လား ... ဘာတွေလဲ၊ ဘာ့ကြောင့်လဲ ဆိုတာတွေကို စပ်စုကြတော့တာပေါ့။ ပယောဂဆရာကြီး ဆရာရှိန်းဆီက ပညာသင်တဲ့ ဆေး ကျောင်းသားတွေ အတော်တောင်များလာတယ်လို့ ဆိုပါတယ်။

ဒါ့ကြောင့် မန္တလေးဆေးကျောင်းရဲ့ ထူးခြားချက်တစ်ခုက ... မန္တလေး ဆေးကျောင်းသားတချို့ဟာ ... ဆေးပညာလည်း တတ်ကြတယ် ... ပယောဂလည်း ကုတတ်ကြတယ်လို့ သိရပါတယ်။ မန္တလေးဆေးကျောင်းက ဆရာဝန်လေးတွေ နယ်ဘက်၊ တောဘက်ရောက်သွားကြတော့ ... ဝင်းဖေ စောစောကပြောခဲ့တဲ့ ရွှေပြည်ရပ်က ဘုန်းတော်ကြီးလိုပါပဲ ... အနောက်တိုင်း ဆေးနဲ့လည်း ရောဂါ ရှာဖွေကြတယ်၊ ပယောဂနဲ့လည်း ရောဂါ ရှာဖွေပြီး လိုအပ်သလို ကုသပေးနေကြတယ်လို့ သိရပါတယ်။ ဒီလို သဘောတရားတွေဟာ ... ဒို့အပြင်နိုင်ငံတွေမှာရော ရှိလေသလားတော့ မပြောတတ် ပါဘူး ... ဥပမာ အာဖရိကားတို့၊ အနောက်အိန္ဒိယ ကျွန်းစုတို့ဆိုတာတွေမှာလည်း ပယောဂ သဘောတရားတွေရှိတာပဲ မဟုတ်လား။ အဲဒီဒေသတွေက ခေတ်သစ် ဆေး ကျောင်းသားတွေရော ပရလောက အကြောင်းတွေ စိတ်ဝင်စားကြတာပဲလား ...။

မန္တလေး ဆေးကျောင်းနားက ဆရာကြီးရှိန်းကတော့ ... နောက် ရန်ကုန်ကို ပြောင်းသွားလို့ မန္တလေး ဆေးကျောင်းက ဆေးသိပ္ပံရော၊ ပယောဂရော ကုတတ်တဲ့ ဆရာဝန်လေးတွေ ဆက်ပြီး မထွက်တော့ဘူးလို့ သိရပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

အဓိကအားဖြင့် သိပ္ပံ နည်းပညာတွေ အကြီးအကျယ် ပြောင်းလဲတိုးတက်လာလို့ ကမ္ဘာ ကြီးဟာ အရင်ကလောက် မကျယ်ပြန့်တော့ဘဲ ကျုံ့လိုက်၊ ကျဉ်းလိုက်လာတယ်တဲ့။ အဲဒါ ကြောင့် Globalization ဆိုတဲ့ ကိစ္စကြီးဟာ သိပ်မြန်ဆန်လာပါတယ်တဲ့။ တိုင်းပြည် အသီးသီးက လူမျိုးအထွေထွေရဲ့ ... အထူးသဖြင့် ... ထုံးတမ်း ဓလေ့တွေ၊ ယဉ်ကျေးမှု တွေ ရင်ဆိုင်ထိပ်တိုက်အရှိန်ပြင်းပြင်းနဲ့ ဝင်ဆောင့်ကုန်ကြပါတယ်တဲ့။ အရှေ့ကမ္ဘာက ယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေနဲ့ အနောက်ကမ္ဘာက ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း တွေ ထိပ်တိုက် ဝင်ဆောင့်ကုန်ပါတယ်။ ဒီအကြောင်းတွေက ခုတစ်လော ... စာတွေ ပေတွေထဲမှာ ပုံစံအမျိုးမျိုးနဲ့ ဖတ်နေရ၊ သိနေရတာတွေပါ။ ဒီလို သိလာရတော့ ... ဝင်းဖေ ငယ်ငယ်က ပစ္စည်းကလေးတွေ တချို့ ... ဝင်းဖေလွယ်အိတ်ထဲက ထုတ်ကြည့် မိပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ ... ဝင်းဖေ အသက်က ၉ နှစ်သား၊ ၁၀ နှစ်သားလောက် ဖြစ်နေပါပြီ။ စစ်ပြေးကြတဲ့ စစ်ကိုင်းတောင်ကနေ မန္တလေးမြို့ကို ပြန်လာ ကြတော့ ... ကံကောင်းထောက်မလို့ ဗုံးမထိ၊ မီးမလောင်ဘဲကျန်နေတဲ့ ဓားတန်းရပ်က ဖခင်ကြီးရဲ့တိုက်က မီးလောင်ပြင်တွေကြားထဲမှာ ... မန္တလေးက နာရီစင်ကြီးနဲ့မတူ ထီးထီးကြီးပေါ့ ခင်ဗျာ။ စစ်ကျန်မီးလောင်ပြင်၊ တိုက်ပြို၊ တိုက်ပျက်တွေကို ယာယီ ရှင်းကြလင်းကြပြီးတော့ ... တစ်ဖက်ရပ်တဲတွေ ထိုးကြ၊ နေထိုင်ကြ၊ ဆိုင်ကလေးတွေ ဖွင့်ကြ၊ စစ်လက်ကျန်ပစ္စည်းတွေ ရောင်းကြ၊ ဝယ်ကြ၊ ပြေးကြ၊ လွှားကြနဲ့ ... မန္တလေး မြို့ပျက်ကြီးဟာ ပြန်ပြီး လှုပ်ရှားလာပါတယ်။ လက်ဖက်ရည်ဆိုင်၊ ကာဖီဆိုင်ကလေး တွေလည်း ဟိုအနား တစ်ဆိုင်၊ ဒီအနားတစ်ဆိုင် ဆိုတာလို ပေါ်ပေါက်လာပါတယ်။ ဒီတုန်းက ဗမာတွေက လက်ဖက်ရည်ဆိုင် မဖွင့်တတ်ကြသေးပါဘူး။ ကာကာကုလား တွေနဲ့ ဘင်္ဂါလီကုလားတွေက ဖွင့်တာပါ။ နံပြား/မလိုင်တို့၊ ဆိတ်ရိုး/ စွပ်ပြုတ်တို့၊ ရှရဝါနဲ့ နံပြားတို့ဆိုတာတွေ ရောင်းကြပါတယ်။ စစ်လက်ကျန် ရေဒီယိုတွေကလည်း စစ်သုံးတွေမို့ အတော်အားကောင်းပါတယ်။ ဓာတ်စက် အကြွင်းအကျန်တွေလည်း လက်ဖက်ရည်ဆိုင်တွေမှာ ဖွင့်ကြပါတယ်။

ဝင်းဖေတို့မိသားစုမှာ ဝင်းဖေက ကလေးဆိုတော့ မနက်မနက် ...

အဲဒီကာကာ ဆိုင်၊ ဘင်္ဂါလီဆိုင်တွေမှာ လက်ဖက်ရည်တို့၊ နံပြားတို့သွားဝယ်ရင်း ရေဒီယိုကလာတဲ့ ကုလားသီချင်းတွေကို နားထောင်ရပါတယ်။ မြန်မာတွေ တီးကြ၊ မှုတ်ကြ၊ ဆိုကြတော့ မယ်ဆိုရင် ... တူရိယာပစ္စည်းတွေကို အသံစမ်းရင်း လက်မွှေးကြပါတယ်။ လက်ပူလာ အောင် လုပ်ကြပါတယ်။ အဆိုသမားတွေကတော့ တကူးတက အသံမွှေးတာမျိုး မရှိပါဘူး။ ကုလားရိုးရာသီချင်းတွေ ... အထူးသဖြင့် Raga ရာရဂါလို့ခေါ်တဲ့ သူတို့ ရိုးရာသီချင်းတွေဆိုတဲ့နေရာမှာတော့ ... မဆိုခင် အတော်ကြာအောင် ... အဆိုသမားက သူ့အသံကို ... ပူလာအောင်၊ အရှိန်ရလာအောင် နွှေးပါတယ်။ အသံ ... အဆွဲ၊ အငင်၊ အနိမ့်၊ အမြင့်၊ အတင်၊ အချတွေ အမျိုးမျိုးကို ဆိုကြည့်ပါတယ်။ စာသားတွေ မဟုတ်ပါဘူး ... အိုတို့၊ အာတို့ဆိုတဲ့ အသံတွေပါပဲ။ အဲဒါမျိုးတွေကို ဝင်းဖေက ရပ်ပြီး တမေ့တမော နားထောင်နေတတ်ပါတယ်။

မနက်စောစောစီးစီး လက်ဖက်ရည်တို့၊ ကော်ဖီတို့သောက်ဖို့ စောင့်နေကြတဲ့ အိမ်ကလူကြီးတွေက ဝင်းဖေ ပေါ်မလာတာနဲ့ လိုက်လာပြီးခေါ်ရတာ အကြိမ်ကြိမ်ပါပဲ။ အကြိမ်ကြိမ် နားရင်းအုပ်ခံရပါတယ်။ ခေါင်းလည်း အခေါက်ခံရပါတယ်။ တကယ်တမ်းက ... ဖခင်ကြီးက ... ဝင်းဖေတို့ကို ... အိမ်မှာ မသင်မနေရ၊ နေ့ရောညပါ သင်ပေးနေတာက ... မြန်မာ့ရိုးရာ မဟာဂီတတွေပါ။ စနေနေ့တွေမှာဆိုရင် ပတ္တလား ဆရာဘကလေးကို အိမ်မှာ ပင့်ပြီးတော့ ဝင်းဖေတို့ညီအစ်ကိုကို တကူးတက သင်ပေး နေတာပါ။ ဒီကြားထဲကနေပြီး ... ဝင်းဖေက ... ကာကာ လက်ဖက်ရည်ဆိုင်က ကုလား သီချင်းတွေကိုလည်း နားထောင်လို့ ကောင်းနေပြန်ပါတယ်။ နောက်ဝင်းဖေတို့ဦးလေး... ဦးဘရီက အမေရိကန်စစ်တပ်ထဲမှာ အလုပ်ဝင်လုပ်ပြန်တော့ ... အမေရိကန်စစ်သား တွေအတွက် ဖျော်ဖြေရေး၊ အထူးရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ခွင့် လက်မှတ်က ရလာပြန် ပါတယ်။ ဒီတော့လည်း ဝင်းဖေတို့က ... ဦးလေးကြီးဦးဘရီနဲ့ အမေရိကန်ရုပ်ရှင်တွေ သွားကြည့်ရင်း ... ဒီတုန်းက အမေရိကန် တေးပဒေသာ ရုပ်ရှင်ကားတွေကိုလည်း ကြိုက် ပြန်ပါလေရော။ ဒီတုန်းက ဖျော်ဖြေရေးအတွက်က သိပ်အရေးကြီးနေတာ မဟုတ်လား။

အဆိုပဒေသာ၊ အတီးပဒေသာ၊ အက ပဒေသာတွေ အများကြီးလာပါတယ်။ တကယ့် အကျော်အမော်တွေပါပဲ။ လူဝီအမ်းစထရောင်းတို့၊ ဂလန်မီလားတို့၊ ကလယ်ရီနက်မှာဆိုရင် ... ဘင်နီဂွဒ်မင်းတို့၊ ထရမ်းပက်မှာဆိုရင် ... ဟယ်ရီဂျိမ်း(စ်) တို့၊ အဆိုဘက်ကဆိုရင်... Blues တွေဆိုတဲ့ ... မဟေလီရာ့ ဂျက်ဆင်တို့၊ အယ်လာ ဖစ်(ချ်)ဂျရယ်တို့၊ အဲဒီခေတ်ကဆို PoP တွေမှာဆိုရင် ... ဘင်၊ ခရော့(စ်)ဘီတို့၊

ဒင်း(န်)မာတင်တို့၊ ဖရန့်စီနားထြားတို့၊ အကမှာကျတော့ ... ဖရက်(ဒ်)အက်(စ်)တားရားတို့၊ ဂျင်း(န်)ကယ်လီတို့ ... အများကြီးပါပဲ။ ဝင်းဖေ မှတ်မိသလောက်ထဲက ... နည်းနည်း ... ခပ်တိုတိုနဲ့ ပြောပြရတာပါ။

စစ်ပြီးစမှာ ... အခု ... သီရိလက်ာလို့ခေါ်တဲ့ သီဟိုဠ်နိုင်ငံ၊ ရေဒီယိုက သိပ်နာမည်ကြီးပါတယ်။ Radio Salon တဲ့။ အမေရိကန်က... Jazz တို့ ... Blues တို့ ... နောက် Western Classic လို့ခေါ်တဲ့ အနောက်တိုင်း မဟာဂီတတွေလည်း လာပါတယ်။ အိမ်မှာလည်း ... စစ်ပြီးခေတ် ရှားရှားပါးပါး စပြီးဝင်လာတဲ့ တယ်လီဖွန်းကမ်း ဆိုတဲ့ ဂျာမနီ ရေဒီယိုကြီးကလည်း ရှိနေတော့ ဝင်းဖေက တိတ်တိတ်ကလေး ... ဖခင်ကြီး မသိအောင်၊ ခက်ခက်ခဲခဲနဲ့ ခိုးခိုး နားထောင်ပါတယ်။ ခက်တာက ... ဝင်းဖေက ကုလားသီချင်းတွေရော၊ အမေရိကားက Jazz တွေ၊ Blues တွေရော ... Classic တွေရော ... ကိုယ်လက်တွေ့ အကြီးအကျယ်သင်နေရတဲ့ ... မြန်မာ့ရိုးရာ မဟာဂီတကိုရော ... အားလုံးကို ကြိုက်နေမိခြင်းပါပဲ။

ဆိုလိုတာက အဲဒီခေတ်က ... အမေရိကန်ဂီတတွေ၊ အနုပညာတွေ၊ နောက်အိန္ဒိယ အနုပညာဂီတတွေနဲ့ ... မြန်မာ့ရိုးရာမဟာဂီတတွေဟာ ... နုနယ်သေးတဲ့ ဝင်းဖေရဲ့ခေါင်းထဲမှာ ရင်ဆိုင် ဝင်ဆောင့်မိကြတာတွေပါပဲ။ ဝင်းဖေ ငယ်ငယ် ကတည်းက Cultural Clashes ဆိုတဲ့ ယဉ်ကျေးမှုအချင်းချင်း ထိပ်တိုက် ဝင်ဆောင့်တာတွေ ကိုကြုံခဲ့ရပါတယ်။

ဝင်းဖေက Blues တွေ၊ Jazz တွေကို ကြိုက်လွန်းလို့ ရေဒီယိုကို တိတ်တိတ် ခိုးခိုးနားထောင်နေရတာကို ဖခင်ကြီး သိသွားတော့ မျက်ရည်တောင် လည်ရှာပါတယ်။ "ဖိုးညို ... မင်းဒါတွေကို ဒီလောက်တောင်ကြိုက်သလား ..." တဲ့။ ပြီးတော့မှ ဝင်းဖေ ကိုလည်း ကြည်ကြည်ဖြူဖြူနဲ့ နားထောင်ခွင့် ပေးလိုက်ပါတယ်။ ဒါပေမဲ့ ဖခင်ကြီးက အချိန်ယူပြီးတော့ ဝင်းဖေကြိုက်တဲ့ နိုင်ငံခြားဂီတတွေကို တားဖို့၊ ဆီးဖို့ မလိုသလို... ကိုယ့်ဂီတ၊ ကိုယ့်အနုပညာ၊ ကိုယ့်ယဉ်ကျေးမှုကိုလည်း တန်ဖိုးထားတတ်လာအောင် တဖြည်းဖြည်းနဲ့ အချိန်မှီ လေ့ကျင့် သင်ကြားပေးခဲ့ပါတယ်။ ဖခင်ကြီးရဲ့ကျေးဇူး အလွန် ကြီးပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။ ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဝင်းဖေ ကြုံခဲ့ဖူးတဲ့ မတူခြားနားတဲ့ ယဉ်ကျေးမှုချင်း ထိပ်တိုက် တွေ့တဲ့ ကိစ္စကလေးကို ပြန်ပြောင်းတင်ပြခဲ့ပါတယ်။ အဓိကပြဿနာက ဝင်းဖေ ငယ်ဘဝ မှာ ဖခင်ဖြစ်သူက အလေးအနက် တန်ဖိုးထား ပြီး လေ့ကျင့်သင်ကြားပေးနေတာက မြန်မာ့ ရိုးရာ မဟာဂီတ၊ ဝင်းဖေက တစ်ချိန်တည်း မှာ ကုလားသီချင်းတွေရော၊ အမေရိကန်ဂီတ တွေဖြစ်တဲ့ Jazz တို့ Blues တို့ ဆိုတာတွေ ကိုရော အတော်ကလေး နှစ်သက်နေမိတဲ့ ကိစ္စပါပဲ။ ဘယ်လောက်အထိ နှစ်သက်မိတာလဲဆိုတော့ ... ပတ္တလားတီးနေတာနဲ့ တစ်ချိန်တည်းမှာ ... ကလဲရီနက်တို့၊ ထရမ်းပက်တို့၊ ဆက်ဆိုဖုန်းတို့ဆိုတာတွေကို တိတ်တိတ်ခိုးပြီးတော့ သင်တာမျိုးတွေ အထိ ဖြစ်လာပါတယ်။

Blues တွေကိုလည်း အိမ်မှာမဟုတ်ပေမဲ့ အပြင် ... ဖခင်ကြီးကွယ်ရာမှာ ဆိုပါတယ်။ ဝင်းဖေရဲ့ ဖခင်ကြီးကတော့ မြန်မာ့အသံမှ မြန်မာ့အသံ၊ အမျိုးသား စိတ်ဓာတ်ပြင်းထန်ပါတယ်။ ဒီတော့ ဝင်းဖေမှာ အထိတ်တလန့်နဲ့ နေနေရပါတယ်။ ဒါပေမဲ့ ဖခင်ကြီးသိသွားတော့ ... ဝင်းဖေရဲ့ တခြားနိုင်ငံက ဂီတတွေကို နှစ်သက်တာ၊ ခံစား နားထောင်တာနဲ့ ပတ်သက်လို့ မတားမြစ်ပါဘူး။ ဆူဆူပူပူလည်း မလုပ်ပါဘူး။ ဒါပေမဲ့ သူ့မှာ စိတ်သောက ရောက်နေတာကတော့ သေချာပါတယ်။

ဝင်းဖေကို နိုင်ငံခြားက ဂီတတွေကို နားထောင်ခွင့်၊ ခံစားခွင့်ကို ကြည်ကြည် ဖြူဖြူ ပေးခဲ့ပေမဲ့ ဝင်းဖေကို စက်ရှင် တရားသူကြီးဟောင်း ဦးဘသော် ဆိုတဲ့ ပုဂ္ဂိုလ်ကြီး ဆီကို ခေါ်သွားပါတယ်။ စက်ရှင်မင်းကြီး ဦးဘသော်ဟာ ဘိလပ်ပြန် ဥပဒေပါရဂူ ကြီးတစ်ဦးဖြစ်ပါတယ်။ ဝင်းဖေရဲ့ဖခင်ကြီး ရွှေပြည်ဦးဘတင်လိုပဲ မြန်မာ့ရိုးရာ မဟာ ဂီတကို အလွန် မြတ်နိုးတန်ဖိုးထားသူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ဘိလပ်မှာတုန်းက အပိုဘာသာအဖြစ် Musicology ဂီတ ဘာသာဗေဒကို သင်ယူခဲ့ဖူးသူ ဖြစ်ပါတယ်။ Musicology က ... ကမ္ဘာပေါ်က ဘယ်ဂီတကိုမဆို ခွဲခြမ်းစိတ်ဖြာပြီး ဝေဖန်ပိုင်းခြား နိုင်စွမ်း ရှိစေပါတယ်။

ဒီတော့ စက်ရှင်မင်းကြီး ဦးဘသော်ရဲ့ ဂီတနဲ့ပတ်သက်တဲ့ အမျိုးသားရေး

စိတ်ဓာတ်က ... မျက်ကန်း မျိုးချစ် စိတ်ဓာတ်မျိုး မဟုတ်ပါဘူး။ ဒါ့ကြောင့်လည်း ဝင်းဖေရဲ့ဖခင်ကြီးက ဝင်းဖေကို စက်ရှင်မင်းကြီး ဦးဘသော်ထံ ပို့တာဖြစ်ပါတယ်။ မင်းကြီးဦးဘသော်က ဝင်းဖေကို Musicology ရဲ့ အခြေခံတွေကိုရှင်းပြပြီးတော့... ဘယ်ဂီတကိုမဆို ... ခွဲခြမ်းစိတ်ဖြာတတ်အောင် လမ်းစဖော်ပေးပါတယ်။ နောင်အခါ မှာ ဝင်းဖေဟာ အလွန်ကုသိုလ်ထူးစွာနဲ့ K လို့လည်း ခေါ်တဲ့ မြန်မာ့အသံ ဦးခင်ဇော်နဲ့ လည်း ကြုံခွင့်ရခဲ့ပြန်ပါတယ်။ မြန်မာ့အသံ ဦးခင်ဇော်ကတော့ ကမ္ဘာ့ဂီတရော၊ မြန်မာ့ ဂီတရော ... ခြေခြေမြစ်မြစ်သာရှိမယ်ဆိုရင် အားလုံးကို ခွဲခြမ်းစိတ်ဖြာပြီး ပညာအမြင်နဲ့ ခံစားနိုင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဆူ ဖြစ်ပါတယ်။ ဝင်းဖေရဲ့ ငယ်ရွယ်နုနယ်နေသေးတဲ့ ဦးနှောက်ကို ချုပ်ချယ်ထားရာလည်း မကျရအောင် ... အရမ်းကာရော လွှတ်လပ်ခွင့် ပေးလိုက်တာမျိုးလည်း မဖြစ်ရအောင် ... ဝင်းဖေ ဖခင်ကြီးရဲ့ ကြိုးပမ်းချက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ကမ္ဘာ့ဂီတတွေကိုလည်း လွပ်လွပ်လတ်လတ်ခံစားခွင့် ရှိကြရ လေအောင် ... နောက် ကိုယ့်လူမျိုးရဲ့ ကိုယ်ပိုင်ဂီတတွေရဲ့ တန်ဖိုးတွေကိုလည်း စနစ်တကျ ခွဲခြမ်းစိတ်ဖြာပြီး သိနိုင်ကြရလေအောင် Musicology အခြေခံတွေ သင်ကြားနိုင်ခွင့်များများရနိုင်ဖို့ အထူးလိုအပ်နေပြီ ဖြစ်ပါတယ်။ မျိုးချစ်စိတ်ရှိရင် ကိုယ့်အမျိုးသားဂီတကို ဘာပဲဖြစ်နေနေ ... တန်ဖိုးထားကြရမယ်လို့ ... တုံးတိကြီး ပြောနေ၊ စည်းရုံးနေလို့ မရပါဘူး။ ဘာကိုပဲဖြစ်ဖြစ် ... ကြိုက်သည်ပဲဖြစ်စေ၊ မကြိုက် သည်ပဲဖြစ်စေ ... အကျိုးနဲ့အကြောင်းနဲ့ .. ခွဲခြမ်းစိတ်ဖြာပြီး သိပြီးမှ ဆုံးဖြတ်နိုင်ကြရင် အကောင်းဆုံးပါပဲ။

မြန်မာနိုင်ငံသား၊ ဇီဝဗေဒ ပါရဂူကြီးတစ်ဦးက ... အင်္ဂလန်မှာ ပညာသင်ကြားရင်း စန္ဒရားပညာကိုပါ လေ့လာပြီးတော့ အတော်ကလေး ... ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့ပါတယ်။ မြန်မာပြည်ပြန်ရောက်တော့ မြန်မာ့ဂီတကို မနှစ်သက်ပါဘူး။ လုံးဝနီးပါး မတို့မထိနေပါတယ်။ ဒါပေမဲ့ ဝင်းဖေ မန္တလေး အနုပညာ ပန်တျာနဲ့အက ကျောင်းအုပ်ကြီးလုပ်နေစဉ်က ညနေဘက် အချိန်ပို ပန်းချီသင်တန်း လာတက်ပါတယ်။ ဝင်းဖေနဲ့တွေ့ကြတော့ ... မြန်မာဂီတတွေကို သူ့အထင်မကြီးတဲ့အကြောင်း ရိုးရိုး သားသားပဲ ပြောပါတယ်။ ဒါနဲ့ ဝင်းဖေက ... “ခင်ဗျားလည်း အင်တာနေရှယ်နယ် နုတ်(စ်)နဲ့ မြူးဇစ်ကိုလော်ဂျီကို လေ့လာခဲ့ဖူးတာပဲ၊ မြန်မာ့ဂီတရဲ့ အားသာချက်၊ အားနည်းချက်တွေကို လေ့လာကြည့်ပါလား၊ လိုအပ်တဲ့ကိစ္စတွေကို ကူညီပေးပါမယ်” ... လို့ ကမ်းလှမ်းလိုက်ပါတယ်။ သူက အစကတည်းက သုတေသီမို့ ချက်ချင်းထလုပ် တော့တာပါပဲ။

မြန်မာ့ဂီတမှာ ဂီတုအခြေခံသတ္တိတွေနဲ့ပတ်သက်လို့ အဓိက အချက်ကြီး ၅ ချက်အနက်က ... Harmony စွက်သံ/ဖက်သံ ပိုင်းတစ်ခုပဲ အားနည်းနေပြီးတော့ Melody လို့ခေါ်တဲ့ တေးသွားပိုင်း၊ Rhythm လို့ခေါ်တဲ့ စည်း/ ဝါးပိုင်းနဲ့ Counter Point တို့၊ Syncopation တို့ဆိုတာတွေ ရှိနေတာကို အလွယ်တကူနဲ့ သွားတွေ့ပါ တော့တယ်။ မြန်မာ့တေးသွားအခြေခံတွေကို ဖွဲ့နွဲ့တဲ့၊ တန်ဆာဆင်တဲ့ Ornamen-tation ပိုင်းမှာလည်း တခမ်းတနားရှိနေတာကို သွားတွေ့ပြန်ပါတယ်။ နောက် ဂျက်(ဇ်) တွေမှာ ဖော်ချင်းသောချင်းသုံးတဲ့ Improvisation ဆိုတာတွေလည်း မြန်မာ့ဂီတမှာ ပေါပေါများများပဲ တွေ့နေပြန်ပါတယ်။

တစ်ခုပဲရှိပါတယ် ... မြန်မာသံစဉ်က အကြမ်းဖျဉ်းအားဖြင့် Apporoximataly Iso Heptatoic ဖြစ်ပါတယ်။ အသံတစ်စုံမှာ (၁၂) သံရှိတဲ့ Chromatic မဟုတ်ပါ ဘူး။ Diatonic လည်း မဟုတ်ပါဘူး။ Diatonic နဲ့ နီးစပ်ပါတယ်။ ဒါပေမဲ့ ဒီခေတ် မှာတော့ မြန်မာသံစဉ်က Diatonic ကိုပဲ ယူလိုက်ပါပြီ။

ဒီအချက်အလက်တွေဟာ ကမ္ဘာ့အမြင်နဲ့ကြည့်ရင် မပြည့်စုံတာမှန်ပေမဲ့ အလွန် အဆင့်မြင့်ပါတယ်။ အဲဒီမှာ ဗိဝဇေဒပါရဂူကြီးအတွက် မြန်မာ့ဂီတဟာ သူ ထင်သလောက် အားနည်းနေတာမဟုတ်ဘူး၊ မြန်မာ့ဂီတမှာ သီးခြားအလှတရားတွေ ရှိနေ တယ်ဆိုတာ၊ ဂုဏ်သတ္တိတွေရှိနေတယ်ဆိုတာ သူသိသွားပါတယ်။ ဒါ့ကြောင့် မြန်မာ့ စောင်းဂီတကို သင်ကြားပြီး ကျမ်းပြုစုတဲ့အဆင့်အထိတောင် ရောက်သွားခဲ့ဖူးပါတယ်။ ပန်းချီသင်ဖို့ကိစ္စကိုတောင် မေ့သွားပါတော့တယ်။

ဝင်းဖေရဲ့ မျှော်လင့်ချက်က အဲဒီပါရဂူကြီးအနေနဲ့ မြန်မာ့ဂီတကို မနှစ်သက် ရာမှာ အကြောင်းအကျိုးလေး ခိုင်ခိုင်လုံလုံနဲ့ ဖြစ်စေချင်တာလောက်သာ ရှိပါတယ်။ မမြင်ဘူး မှုးမြစ်ထင်၊ ရမ်းသန်းပြီး မုန်းနေတာမျိုး မဖြစ်စေချင်တာလောက်သာ ဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံခြားဂီတတွေဘက်ကို အယိမ်းအယိုင်လွန်ကဲနေတဲ့ အခြေအနေမှာ တတ်နိုင်သမျှ၊ ထိန်းနိုင်သိမ်းနိုင်လောက်တဲ့ အချက်တစ်ချက်ကို စဉ်းစားနိုင်ကြဖို့ တင်ပြလိုက်ရတာ ဖြစ်ပါတယ်။ ဆက်လက်တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ .. ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာအကတွေ ဘာ့ကြောင့်ခေတ်နဲ့အတူ ပြောင်း လိုက်လာဖို့ အားနည်းနေရတာ လဲ ... ပေါ့ပေါ့ပါးပါးနဲ့ စဉ်းစား ကြည့်ချင်စရာ ကောင်းတယ်လို့ ဝင်းဖေ ထင်မိပါတယ်။ ရိုးရိုး ကလေး တွေးကြည့်မိပါတယ်... ပြင်သစ် ယောက်ျားပျိုကလေး တစ်ယောက်နဲ့ မိန်းမပျိုလေးတစ်ယောက်တို့ ... တစ်ယောက်ကို တစ်ယောက်ချစ်လို့ ပျော်ပျော်ပါးပါး ကခုန်ကြတာကို ဝင်းဖေ ကြည့်ဖူးပါတယ်။ ခေတ်က ဒီကနေ့ခေတ်ပါ။ အဝတ်အစားတွေကို ကြည့်လိုက်တာနဲ့ ... ဒီကနေ့ခေတ် ကလေးတွေဆိုတာ သိသာပါတယ်။ သူတို့ ဘယ်လိုကနေကြတယ်ဆိုတာကို မပြောနိုင်ပေမဲ့ ... တစ်ယောက်ကို တစ်ယောက် ချစ်ကြလို့၊ ပျော်လွန်းလို့ ကနေကြတယ်ဆိုတာကတော့ ပေါ်လွင်နေ ပါတယ်။ ချစ်မေတ္တာကို ဖော်ကျူးတဲ့ အကပါပဲ။ ဒီလိုပဲ ... ဂျပန်စုံတွဲ အကတို့၊ တရုတ် စုံတွဲအကတို့၊ ကုလားစုံတွဲ၊ စပိန်စုံတွဲအကဆိုတာတွေကို မြင်ဖူးပါတယ်။ ဒီကနေ့ခေတ် အဝတ်အစားတွေနဲ့၊ ဒီကနေ့ အချစ် ဘွဲ့အက ကလေးတွေပါပဲ။ ချစ်သူစုံတွဲအကတွေ ဆိုတော့ ... မြန်မာလို ပြောမယ်ဆိုရင် ... နှစ်ပါးသွား အကပါပဲ။ နှစ်ပါးခွင်လို့လည်း ပြောကြပါတယ်။

ဒါပေမဲ့ ... မြန်မာနှစ်ပါးသွား အကတွေက ... ရှေးခေတ် ... နည်းနည်း တိကျအောင်ပြောရရင် ... ကုန်းဘောင်ခေတ်က ... ဘုရင့်သားတော်/သမီးတော် တွေလိုမျိုး ဖြစ်ပါတယ်။ သိပ်တိတိကျကျကြီးလည်း မဟုတ်ပါဘူး။ ထွင်ထားတာတွေ လည်း များပါတယ်။ နှစ်ပါးဆိုတဲ့ အသုံးအနှုန်းကိုကြည့်ရင် သိသာပါတယ်။ နှစ်ယောက်လို့ မသုံးပါဘူး။ မင်းသမီးလေးနဲ့ မင်းသားလေး နှစ်ပါးချစ်ရည်မျှပြီးတော့ ချစ်မဝနိုင်ကြလို့ ကခုန်ပျော်မြူး နေကြတယ်ဆိုတဲ့ သဘောပါပဲ။ ပညာသားပါတဲ့ နှစ်ပါးသွားအကတွေဆိုရင် အလွန်ကျက်သရေလည်း ရှိပါတယ်။ အနုပညာလည်း မြောက်လှပါပေတယ်လို့ ပြောရမှာပါပဲ။ ဒါပေမဲ့ ... ဘာ့ကြောင့် ... သာမန် အရပ်သူ/အရပ်သား၊ ချစ်သူစုံတွဲကလေးတွေ၊ ကျောင်းသူ/ ကျောင်းသား ဆယ်ကျော်သက် ကလေးတွေ၊ အပျိုကြီး/လူပျိုကြီး စုံတွဲအကတွေ မရှိရတာလဲ၊ နည်းနည်းနောနော ပျောက်နေတာ မဟုတ်ရပါဘူး။ အဲဒီလို ခေတ်နဲ့အညီ နှစ်ပါးသွားအကတွေက သိသိသာသာကြီးကို ပျောက်နေပါတယ်။ ဒါနဲ့ ဝင်းဖေက အခွင့်အရေးရလို့ ကြုံကြိုက်တိုင်း လူတွေကို မေးတတ်ပါတယ်။ “မြန်မာတွေအနေနဲ့ ကတယ်ဆိုတာ... ဘာလုပ်တာလဲ”... လို့။ ဒီတော့လည်း

အဖြေတွေက မြန်ပါတယ်။

ကတယ်ဆိုတာ … ဆိုင်းချက်၊ စည်းချက်နဲ့ညီအောင် … ခြေလှုပ်၊ လက်လှုပ် လုပ်တာပေါ့ဗျာ … တဲ့။ တချို့ကြတော့လည်း … ဘယ်ခြေ၊ ညာလက်၊ ညာခြေ ဘယ်လက်၊ ခြေကလေး ခွင်ပြီးတော့ … ခါးကလေးညွတ်၊ ရင်ကလေး ချီပြီးတော့ ကတာပေါ့ဗျာ … စသည်ဖြင့် ဝေနေအောင် ဖြေတတ်ကြပါတယ်။ သဘင်သည်တွေနဲ့ တွေ့တဲ့ အခါမှာလည်း … နှစ်ပါးသွားအကတွေပဲ ရှိတယ် … သာမန်အရပ်သား ချစ်သူ နှစ်ယောက် အကရယ်လို့ … ဘာလို့ ရှားပါးနေရတာလဲ … လို့ မေးမိပါတယ်။ သူတို့ဖြေတာကို ကြားရတော့ … ဟုတ်သလိုလိုတော့ အရှိသား။

သာမန် ဇာတ်ကြည့် ပရိသတ်က သူလို ငါလို … လူတွေ ချစ်တာ၊ ကြိုက်တာထက် … မင်း/မင်းသမီးလေးတွေ ချစ်ကြ/ ကြိုက်ကြတာကို ကြည့်ချင်ကြတာတဲ့။ ဂကပြီဆိုမှတော့ ရိုးရိုးအဝတ်အစားနဲ့ ဘယ်နိုင်ပါ့မလဲ၊ ထိုင်မသိမ်းနဲ့ ထဘီဆိုရင်လည်း … ထဘီနားနဲ့ ဘာနဲ့ဖြစ်ရမှာပေါ့။ မင်းသားဆိုရင်လည်း … ပုဆိုးတောင်ရှည်နဲ့ ခေါင်းပေါင်းကလည်း ကြော့နေရမှာပေါ့။ ဒီလိုမှ မဝတ်စားရင် ဘယ်လိုလုပ်ပြီး အက က လှလာတော့မှာလဲ … တဲ့ဗျား။ အဖြေတော့ အဖြေပါပဲ။ အလေးအနက်တော့ သိပ်မရှိလှဘူးပေါ့ဗျာ။ ကတဲ့နေရာမှာ အဝတ်အစားက အတော်နေရာဝင်ယူနေ ပါတယ်။ လူမှာ အဝတ်၊ တောင်းမှာအကွပ် … ဆိုတဲ့စကားတော့ ရှိပါတယ်။ အကမှာ အဝတ် … လို့ ရှိ/ မရှိတော့ မသိပါဘူး။

ဝင်းဖေကတော့ … ဒီအတိုင်းဆိုရင်တော့ … အကရဲ့နယ်ပယ်ဟာ အတော်လေးကို ကျဉ်းနေတယ်လို့ ခံစားရတယ်ဗျာ။ ကတယ်ဆိုတာ … ဒီအတိုင်း၊ မြင်နေကြရတဲ့ အတိုင်းပြောရရင် … လူမှာရှိတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို လှုပ်ရှားပြီးတော့ ဖော်ကျူးတဲ့ အနုပညာတစ်ခုဆိုတာ ထင်ရှားနေပါတယ်။ လူတိုင်းလူတိုင်း အနည်းနဲ့ အများ ကချင်ကြတာပါပဲ။ သင်္ကြန်ပွဲတွေမှာ … ဒီလိုပဲ … ဘယ်တုန်းကမှ မကရတဲ့ လူတွေဟာ ကကြတာပါပဲ။ စနစ်တကျ ကတတ်ကြလို့ရယ် မဟုတ်ပါဘူး။ ခြေလှုပ်၊ လက်လှုပ်၊ ခေါင်းလှုပ်၊ ခါးလှုပ်ဆိုတာလို လုပ်ကြတာပါပဲ။ မြန်မာအက အခြေခံတွေ ပါပဲလို့ နာမည်ကြီးလှတဲ့ ကဗျာလွတ်အကတွေလည်း … လူ့ခန္ဓာကိုယ် အစိတ်အပိုင်း တွေကို လှုပ်ရှားပြီး သရုပ်ဖော်ကြတာပါပဲ။ အဝတ်အစား အဓိကလား၊ ကိုယ်အင်္ဂါ လှုပ်ရှားမှု အနုပညာအလှက အဓိကလား ဆိုတာ စဉ်းစားကြဖို့ ကောင်းပါပြီ။

ကမ္ဘာပေါ်မှာ လူတစ်ကိုယ်လုံးမှာ အရှက်လုံရုံလောက်ပဲ ဖုံးထားပြီးတော့

ကပြ ကြတဲ့ အကတွေလည်း မြန်မာတွေ မြင်ဖူးကြပြီးဖြစ်မှာပါပဲ။ အဖော်၊ အချွတ်ကိုပြတာ မဟုတ်ဘဲ ကကွက်တွေကိုပြသွားတဲ့ အကတွေ အများကြီးရှိပါတယ်။ လူတွေရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို လှုပ်ရှားပြီးမှ ဖော်ထုတ်ကြရတဲ့ အနုပညာမှာ ... ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို အများကြီးဖုံးအုပ်ထားရတဲ့ မင်းသား/မင်းသမီး ဝတ်စုံ ကလည်း စဉ်းစားစရာပါပဲ။ ဝင်းဖေ ထင်တာကတော့ ... မြန်မာအကမှာ ... အက ဝတ်စုံ ... မင်းသားဝတ်စုံ၊ မင်းသမီးဝတ်စုံဆိုတဲ့ အစွဲအလမ်း ကြီးလွန်းနေတယ်လို့ ထင်ပါတယ်။ လယ်သမားအက၊ အလုပ်သမားအက စတာတွေ ထွင်ပြီးကကြပေမဲ့ ရေရှည်မခံပါဘူး။ မကြာခဏ ကမ္ဘာမှာတော့ ... အက အနုပညာကို Choreography ... လို့ခေါ်တဲ့ လူ့ခန္ဓာ ကိုယ်အစိတ်အပိုင်းတွေကို လှုပ်ရှားတဲ့ ဘာသာဗေဒရဲ့ အကိုင်းအခက်တစ်ခုအဖြစ် ထည့်ထားလိုက်တာကို တွေ့ရပါတယ်။ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို လှုပ်ရှားတိုင်း အကအနုပညာ မဖြစ်နိုင်ဘူးဆိုတာကို သိနေကြလို့ပါပဲ။ ဒါပေမဲ့ ကမ္ဘာ့အကတွေ မှာ အကအနုပညာနဲ့ ပတ်သက်ပြီးတော့ အဝတ်အစားဆိုတာကို ... လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေရဲ့နောက်မှာပဲ ထားပါတယ်။ အဝတ်အစားတွေက အက အနုပညာ မှာ မရှိမဖြစ် မဟုတ်တာ သေချာပါတယ်။ အဝတ်အစားတွေက ပသာဒအကူအညီတွေ ပါပဲ။ လိုပါတယ် ... အဓိကတော့ မဟုတ်ပါဘူး။ အက အနုပညာဆိုတာကို လွတ်လွတ်လပ်လပ်၊ ကျယ်ကျယ်ပြန့်ပြန့်၊ အလေးအနက် တွေးဆကြမယ်ဆိုရင် ... မြန်မာသဘင်လောကမှာ နှစ်ပါးခွင်အပြင် ... နှစ်ယောက်ခွင်တွေ၊ နှစ်ဦးတွေလည်း လှုလှုပပ ပေါ်လာမှာပါပဲ။ တခြားက ကွက်တွေလည်း အများကြီး ပေါ်လာနိုင်တာ ပါပဲ။ မြန်မာအကတွေမှာ သရုပ်ဖော်အကထက် အလှကတာတွေက များလွန်းအားကြီး နေပါတယ်။ ဒီအချက်ကလည်း ... မြန်မာအကဟာ ... အကနယ်ကို စုံအောင်မသုံးဘူး လို့ ပြောနိုင်တာပါပဲ။ မင်းသားကနဲ့ ဘီလူးကဆိုရင် ... ဘီလူးက,က သရုပ်ဖော်ဘက်ကို ပိုပြီး အားများပါတယ်။ ဒါဟာ ... နုတာနဲ့ ကြမ်းတာရဲ့ ဆန့်ကျင်ဘက်တွေပါပဲ။

ဘီလူးမှာ မာကျောတဲ့ မျဉ်းဖြောင့်တွေ အသုံးများပြီးတော့ ... မင်းသားက မှာတော့ ... ပျော့ပျောင်း၊ နူးညံ့တဲ့ မျဉ်းကွေးတွေ များပါတယ်။ မျဉ်းဖြောင့်ဟာ ပူတယ်၊ မြန်တယ်၊ ပေါ့တယ်၊ လင်းတယ်၊ အရောင်တွေ တောက်တယ် ... စသဖြင့်... ရှိပြီးတော့ကာ ... မျဉ်းကွေးတွေကတော့ ... အေးတယ်၊ နှေးတယ်၊ အရောင်တွေ ငြိမ်တယ် ... မျဉ်းကွေးတွေကို မြန်မြန်ကရင် ... မျဉ်းကွေးတွေထဲကို မျဉ်းဖြောင့် ထည့်လိုက်သလိုပါပဲ။ အကတွေကို အပူ၊ အအေး၊ အနှေး၊ အမြန်၊ အလေး၊ အပေါ့၊ အကျဉ်း၊ အကျယ်တွေနဲ့ စဉ်းစားပြီးတော့ အသစ်အသစ်တွေ တီထွင်ကြမယ်ဆိုရင်... အကတွေဟာ စကားပိုပြောနိုင်တဲ့ အလှတွေ

ဖြစ်လာနိုင်မှာပါ။ စည်းသစ်၊ အသံသစ်၊ တေးသွားအသစ်တွေကို တောင်းလာမယ် ထင်ပါတယ်။ ပွဲကြည့်ပရိသတ်ကလည်း အမြင်သစ်တွေကို တောင်းလာမှာပါပဲ။ မြန်မာ့သဘင်သည် တွေလည်း သဘင်အနုစ် တွေကို ပိုပြီးတော့ တင်ဆက်နိုင်ကြမှာပါ။ အဟောင်းတွေလည်း ထိန်းသိမ်းထားနိုင် ကြမှာပါ။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့ အပတ်က ဝင်းဖေလွှယ်အိတ်မှာ မြန်မာ အက အနုပညာအကြောင်း၊ နှစ်ပါးသွားအကြောင်း တွေးမိသလို ပြောမိပါတယ်။ ဝင်းဖေဟာ သဘင်သည် မဟုတ်ပါ ဘူး။ အကပညာသည်လည်း မဟုတ်ပါဘူး။ အကပညာအပါအဝင်ဖြစ်တဲ့ အနုပညာတွေကိုတော့ ကြိုက်နှစ်သက် တဲ့သူ ဖြစ်ပါတယ်။ မြန်မာ့အနုပညာနယ်နဲ့ ကမ္ဘာ့အနုပညာနယ်မှာ ငုံကြ၊ ဖူးကြ၊ ပွင့်ကြ၊ သီးကြ၊ မှည့်ကြ၊ ချိုမြိန်ကြတာတွေကို ယှဉ်ပြီးတော့ ကြည့်မိတာပါ။ ဝင်းဖေလွှယ်အိတ်ထဲမှာ ပါလာတတ်သမျှလေးတွေကို ထုတ်ကြည့်မိတာပါ။

ဒီကနေ့လည်း ... မေးခွန်းလေးတစ်ခု၊ မေးကြည့်၊ ဖြေကြည့်ချင်ပါတယ်။ မြန်မာဂီတတွေ ... သရုပ်ဖော်ဂီတ အဖြစ် ဘယ်အခြေအနေမှာရှိပါသလဲ ...။ အနုပညာ တွေမှာ အနုပညာသက်သက်နဲ့ သရုပ်ဖော်အနုပညာဆိုပြီးတော့ သိသိသာသာ၊ ကွဲကွဲ ပြားပြား ... နှစ်မျိုး၊ နှစ်စားရှိနေတာကတော့ သေချာပါတယ်။ ဂီတအနုပညာကိုပဲဆိုကြပါစို့။

သာယာနာပျော်ဖွယ်ဖြစ်အောင်၊ စိတ်ဝင်စားစရာဖြစ်အောင်၊ ဆွဲဆောင်မှုရှိအောင်၊ တေးသွားဖွဲ့ကြတာမျိုး၊ စည်းဝါး ဖွဲ့ကြတာမျိုး ဆိုတာတွေရှိပါတယ်။ ပျော်ဖို့၊ ဆွေးဖို့၊ ကြောက်လန့်ဖို့၊ သည်းထိတ်ရင်ဖိုဖြစ်ဖို့ ... စတာတွေကို ရည်ရွယ်ပြီးတော့ ဖွဲ့နွဲ့တာမျိုး မဟုတ်တဲ့ ဂီတတွေဟာ ... ဂီတသက်သက်၊ ဂီတအလှသက်သက် အတွက် ဖွဲ့နွဲ့တာဖြစ်ပါလိမ့်မယ်။ တစ်စုံတစ်ရာ ခံစားချက်တိတိကျကျကို သရုပ်ဖော် တာ မဟုတ်ကြပါဘူး။ အဲဒီလို ဂီတအလှတွေထဲမှာ ... လွမ်းစရာလိုလို၊ ပျော်စရာလိုလို၊ အားတက်စရာလိုလို ... စတဲ့ ... လိုလိုကလေးတွေတော့ ပါနိုင်ပါတယ်။ ဒါပေမဲ့... သက်သက်ရည်ရွယ်ပြီးတော့ ဖွဲ့ထားတာ မဟုတ်တဲ့အတွက် ... ပီပီပြင်ပြင်တော့ရှိမှာ မဟုတ်ပါဘူး။ ဝင်းဖေ သတိထားမိသလောက်ကတော့ ... မြန်မာ့ဂီတလောကမှာ ခံစားချက်နဲ့ပတ်သက်လို့ ဖော်ကျူးချင်ရင် ... စာသားကို အားကိုးတတ်တာတွေ... တွေ့ရပါတယ်။ အများစုကို ပြောတာပါ။ လွမ်းပိုအောင် စီမံဖန်တော့တယ် ... ဆိုတဲ့ စာသားကို ဖွဲ့ထားတဲ့တေးသွားကိုပဲ အလွမ်း သရုပ်ဖော်တေးသွားအဖြစ် သုံးတတ်ကြပါတယ်။

ဒီလိုပါပဲ … မျောက်မင်းအူသံ သီချင်းတေးသွားကိုလည်း … မျောက်ငိုတဲ့ အသံ၊ နောက် အသုဘဆိုင်းမှာသုံးခဲ့တဲ့ ဗျိုင်းတောင်ကိုစွဲပြီး တောအလွမ်းခန်းတွေမှာ သရုပ်ဖော်ဂီတအဖြစ် သုံးကြပြန်ပါတယ်။ စာပေ အနုပညာဆိုတာ သီးခြားကြီးကျယ် တာ မှန်ပေမဲ့ ကန့်သတ်ချက် ရှိပါတယ်။

ဥပမာ … မြန်မာစာပေ အနုပညာဟာ မြန်မာစာပေ နားလည်သူတွေအတွက် သာ အထိရောက်ဆုံး ဖြစ်ပါတယ်။ ဒီစာပေကို မတတ်တဲ့သူတွေအတွက် ဘာထိရောက်မှုမှ ရှိတော့မှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် … ကမ္ဘာသုံးဂီတစစ်စစ်ဟာ စာသားကို အားကိုးလို့ မဖြစ်ပါဘူး။ ဝင်းဖေ အသက်ကလေးရလာတော့ … ခေတ် အခေါ်အဝေါ်နဲ့ဆိုရင် … ရှေးဘဲကြီးလို့ ခေါ်ရမှာပေါ့။ ဒီတော့ရှေးက ကိစ္စတွေက လည်း ဝင်းဖေလွယ်အိတ်ထဲမှာ တော်တော်များများ ရှိနေပါတယ်။ မြန်မာဂီတနယ်မှာ အတော်ကြီးကို အသုံးများခဲ့ဖူးတဲ့ … မြမြမောင်းမောင်း … ဆိုတဲ့ သီချင်းထဲက. ညှိုးညှိုးငယ်ငယ်၊ သေများ သေချင်ဖွယ်၊ ဖုန်းကြွယ်ကြွယ်၊ ဖန်ပဲအား ဆိုတဲ့အပိုဒ် တေးသွားကိုဆိုရင် … စာသားကြောင့်မို့ ရှေးမြန်မာသရုပ်ဖော် ဂီတဆ ကြီးတွေက … အလွမ်းခံစားချက်ကို ပို့ပေးဖို့အတွက် သိပ်ကြိုက်ကြပါတယ်။

အဲဒီတေးသွားက အကွက်အလက် များများထည့်ပြီးတော့ ဖွဲ့ဖို့တီးဖို့ သိပ်ကောင်းနေပြန် တော့ တီးကွက် တွေကလည်း သိပ်စိပ်၊ သိပ်မြန်ပါတယ်။ အသံတွေ သိပ်များ၊ သိပ်မြန်နေပြီးတော့ သိပ်လှုပ်နေရင် … အလွမ်းကို အားဖြည့်ပံ့ပိုးပေးနိုင်တဲ့ … မှောင် တာတို့၊ နှေးတာတို့၊ လေးတာတို့၊ အေးတာတို့ … ဆိုတာတွေ လွင့်ပျောက်ကုန်ပါတယ်။ ရုပ်ရှင်အလွမ်းခန်းမှာ အဲဒီ ညှိုးညှိုးငယ်ငယ်× × သေများ သေချင်ဖွယ် … တေးသွားနဲ့ ပို့ပေးပြီဆိုရင် ဒီစာသားကို ပရိသတ်က ရင်းနှီးပြီးသားဖြစ်နေလေတော့ သိပ်လွမ်းကြတာပေါ့။ ဒါပေမဲ့ နိုင်ငံခြားသားကို ပြကြည့်လိုက်ရင်တော့ အလွမ်းခန်းမှာ ဗိန်းမောင်းတိုက်ပေးနေသလို ခံစားကြရတော့တာပေါ့။ ဒါဟာ အသံ ဘာသာဗေဒ စကား Audio Language အရ မှားနေလို့ပဲ ဖြစ်ပါတယ်။ ဒီကနေ့ခေတ် ရောက်လာ တော့ အထူးသဖြင့် … ဗီဒီယို/ရုပ်ရှင်တွေမှာ မြန်မာလို သိပ်မပို့ကြတော့ဘဲ နိုင်ငံခြားကား၊ အနောက်တိုင်း ရုပ်ရှင်ဇာတ်ပို့ တီးလုံးတွေကို အသုံးများလာပါတယ်။ အနောက်တိုင်းကလည်း သူတို့ ဇာတ်ပို့တီးလုံးတွေကို စပါယ်ရှယ် ရေးဖွဲ့ကြတာ ဆိုတော့ သီးခြား စီဒီဓာတ်ပြားတွေ ထုတ်ကြတယ်လေ။ ဒီတော့ ဇာတ်ကားထဲက ဂီတကို သုံးမယ်ဆိုရင်တောင် စကားသံတွေဘာတွေနဲ့ ထပ်နေဦးမယ် … စီဒီတွေကို ဝယ်လိုက်တော့ … တီးလုံးတွေက ဖောချင်းသောချင်း ရတော့တာပေါ့။ နောက်ခံ ဇာတ်ပို့တီးလုံးတွေက ကိုယ်ပိုင်မြန်မာဟန်တွေတော့ မဟုတ်တော့ဘူးပေါ့ဗျာ။ ဒါပေမဲ့ ဇာတ်ပို့တီးလုံးတွေကတော့ အတော်လေးကို

ပီလာပါတယ်။ အမှန်ကတော့ ခိုးသုံးကြရ တာပါပဲ။ ကောင်းတော့ မကောင်းပါဘူး။ ဒါပေမဲ့ ကမ္ဘာသုံးတွေဟာ Audio Lan-guage အသံဘာသာဗေဒကို ပီပီပြင်ပြင် သုံးထားကြတာတွေဆိုတော့ ... နား/မျက်စိတော့ ကျယ်လာ၊ ပွင့်လာကြတာတော့ အမြတ်ပါပဲ။ စု၊ တု၊ ပြု၊ လေ့လာမှု အစဉ်ထဲမှာ ပါပါတယ်။ တချို့က နားလည်လို့မဟုတ်ဘဲ ပုံတူကူးချတဲ့ သဘောပါပဲ။ အနည်းစုက တော့ ကမ္ဘာသုံး အသံဗေဒသဘော စိတ်ဝင်စားလာကြပုံရပါတယ်။ မြန်မာ့ဟန်တွေနဲ့ တွဲဖက်၊ စမ်းသပ်လာတာတွေလည်း တွေ့ရပါတယ်။ ဒါဟာ သိပ်ပြီး ခက်ခဲနက်နဲတဲ့ ရှုပ်ရှုပ်ထွေးထွေးတွေလည်း မဟုတ်ပါဘူး။ Audio Language လို့ခေါ်တဲ့ အသံဘာသာဗေဒကို လေ့လာလိုက်ရမှာပါ။

အသံဗေဒဟာ အနုပညာ မဟုတ်ပါဘူး။ ဘာသာဗေဒ သက်သက်သာ ဖြစ်ပါတယ်။ လူတိုင်း ချဉ်းကပ်သင်ယူနိုင်ကြပါတယ်။ စာရေး/စာဖတ် တတ်ပြီးတော့မှ စာပေအနုပညာကို ဖန်တီးကြရသလိုပါပဲ၊ အသံဘာသာဗေဒတတ်ရင် သရုပ်ဖော်ဂီတတွေကို ဖန်တီးလို့ရပါပြီ။ အသံတွေရဲ့ ... အနိမ့်၊ အမြင့်၊ အတို၊ အရှည်၊ အတိုး၊ အကျယ်၊ အနှေး၊ အမြန်၊ အနည်း၊ အများ ... ဆိုတာတွေရဲ့ သတ္တိတွေကို ခွဲခွဲခြားခြား သိသွားဖို့ပါပဲ။ ပြတ်ပြတ်သားသားသိသွားရင် ပီပြင်တဲ့သရုပ်ဖော်ဂီတတွေ ဖြစ်လာမှာ ပါပဲ။ အနုပညာကတော့ ဖန်တီးသူတစ်ယောက်ချင်းရဲ့ ပါရမီနဲ့ပဲဆိုင်ပါတယ်။ အနုပညာဆိုတာ သင်ယူလို့ရတတ်တာမျိုးမှ မဟုတ်တာ။ အနုပညာ ဖန်တီးတဲ့နေရာမှာ သုံးလို့ရတဲ့ ... နည်းတွေ၊ အချက်အလက်တွေ၊ သတ္တိတွေ ကိုပဲ သိအောင်သင်လို့ရပါတယ်။

မြန်မာတွေ ကိုယ်ပိုင်သရုပ်ဖော်ဂီတတွေ များများ ဖန်တီးနိုင်ကြပါစေ ဗျား။

ကျွန်တော် ဝင်းဖေပါ။

[၁၁၁]

သောတရှင်များ ခင်ဗျာ

ပြီးခဲ့တဲ့ သီတင်းပတ်တုန်းက မြန်မာ့ဂီတမှာ သရုပ်ဖော်ဂီတတွေ ဘယ်လို အနေအထားမှာ ရှိသလဲဆိုတာကို ကိုယ့်ဟာကိုယ် မေးခွန်းထုတ်ပြီးတော့၊ ကိုယ့်ဟာ ကိုယ် ဖြေစမ်းကြည့်ရင်းနဲ့ မြန်မာရုပ်ရှင်တွေမှာ သုံးတဲ့ ဇာတ်ပို့ဂီတတွေ၊ သရုပ်ဖော် ဂီတတွေအကြောင်းကို ရောက်သွားခဲ့ပါတယ်။

ဝင်းဖေ အများဆုံး ကြည့်ခွင့်၊ လေ့လာခွင့်ရတဲ့ မြန်မာရုပ်ရှင်ကားတွေကတော့ ဗီဒီယိုတွေပါ။ ဖလင်နဲ့ရိုက်တဲ့ ရုပ်ရှင်ကားတွေကို ကားကြီးလို့ခေါ်ပြီးတော့ ဗီဒီယိုကား တွေကိုတော့ ကားသေးလို့ မခေါ်ကြပေမဲ့ အတော်လေး အထင်သေး၊ အမြင်သေး ရှိကြတာကို သတိထားမိပါတယ်။

ဗီဒီယိုဟာ ရုပ်ရှင် သိပ္ပံနည်းပညာသစ်တစ်ခု ဖြစ်ပါတယ်။ ဖလင်နဲ့ရိုက်ရတဲ့ ရုပ်ရှင်ကို မမီသေးတဲ့ အရည်အသွေးတွေ ရှိနေပေမဲ့ ဖလင်ရုပ်ရှင်ထက် အများကြီးပိုတဲ့ အားသာချက်ရှိတာတွေကိုလည်း တွေ့ကြရပါတယ်။ ဥပမာ ... ဗီဒီယိုမှာက စရိတ် အလွန်သက်သာပါတယ်။ တိတ်ပြားကြီးတွေနဲ့ ရိုက်ရတဲ့ Analog ခေတ်ကတောင် Film ထက် စရိတ် အများကြီးသက်သာပါတယ်။ ခု Digital ခေတ်ရောက်လာတော့ အဆများစွာ ပိုပြီးတော့ သက်သာ သွားပြန်ပါတယ်။ ဗီဒီယိုမှာက အခြေခံ အထူးပြုလုပ် ချက်ဆိုတာတွေ အများကြီး အလွယ်တကူလုပ်လို့ ရပါတယ်။ ဥပမာ ... မှိန်ပျောက်တို့၊ ပုံရောတို့၊ အနှေးအမြန်ဆိုတာမျိုးတွေကို ဖလင်မှာလို တကူးတက အချိန်တွေ၊ ငွေတွေ၊ အများကြီးသုံးပြီးတော့ လုပ်နေရတာ မဟုတ်ဘဲ ခလုတ်ကလေးနှိပ်လိုက်ရုံနဲ့ အများကြီး လုပ်နိုင်ကြတာပါ။ Digital Video ရဲ့ အားသာချက်တွေကို ပြောရမယ်ဆိုရင်တော့ ပြီးတော့မှာ မဟုတ်ပါဘူး။

ဒီတော့ ... ဒီကနေ့ မြန်မာရုပ်ရှင် ဗီဒီယိုလောကမှာ ကင်မရာကို ဘယ်လို ထောင်နေကြသလဲဆိုတဲ့ မေးခွန်းလေးကို စဉ်းစားကြည့်ချင်ပါတယ်။ ဝင်းဖေက ဖလင်ခေတ်က ရုပ်ရှင်တွေကို အသံတိတ်ကစပြီး မီပါတယ်။ ရှေးတုန်းက ကင်မရာကြီး တွေက အတော်ကြီးပြီးတော့ကာ တော်တော်လည်း လေးပါတယ်။ ဒါကြောင့်မို့ မြန်မာ ရုပ်ရှင်တွေမှာ ကင်မရာအယူအဆနဲ့ပတ်သက်လို့ သိပ်ပြီး မချဲ့နိုင်ခဲ့ကြပါဘူး။ ဇာတ် ကောင်တွေရဲ့ အသးစိတ်၊ အနီးကပ်တွေလည်း

ရိုက်ခဲပါတယ်။ မြင်ကွင်းတွေက ခပ်ကျယ်ကျယ်တွေပဲ များပါတယ်။ ရုပ်ရှင်ပေါ်စ ဆိုတော့ ဇာတ်ကောင်တွေကို ပြတဲ့ အခါမှာ တစ်ကိုယ်လုံး ပြည့်ပြည့်စုံစုံ မြင်ရတာကိုပဲ ပရိသတ်က ကြိုက်ပါတယ်။ Trolley တွန်းလှည်းပေါ်မှာ ကင်မရာကိုတင်ပြီး အလှုပ် ရိုက်တာမျိုးလည်း တော်တော် မြင်ရခဲပါတယ်။ Crane နဲ့ အလှုပ် ရိုက်တာမျိုးလည်း ရှိတော့ ရှိပေမဲ့ Trolley ရိုက်ချက် ထက်တောင်မှ ရှားပါသေးတယ်။ ဒီဘက်ခေတ်ကျတော့လည်း ရုပ်ရှင်ကင်မရာကြီး တွေရဲ့ လှုပ်ရှားမှုက နည်းနည်းပဲ ပိုပြီးတော့ တိုးတက်လာပါတယ်။ လုပ်ရကိုင်ရတာ မလွယ်တော့၊ ရသလောက်နဲ့ပဲ ရောင့်ရဲနေကြတဲ့ သဘောပါပဲ။

မြန်မာ့ရုပ်ရှင် ကင်မရာအယူအဆတွေ သိသိသာသာ ပြောင်းလဲတိုးတက်လာ စေတာကတော့ ... ဗီဒီယိုခေတ်ကြောင့်ပါပဲ။ ဗီဒီယိုကင်မရာတွေက ပေါ့ပေါ့ပါးပါး လည်း ရှိပါတယ်။ Tri-Pod လို့ခေါ်တဲ့ သုံးချောင်းထောက်ပေါ်မှာ ကင်မရာကို ထိုင်မထားဘဲနဲ့ လက်နဲ့အလွတ်ကိုင်ပြီးတော့ ရိုက်ရင်တောင်မှ ကင်မရာကိုယ်ထည်မှာ Stabilizer လို့ခေါ်တဲ့ ကင်မရာ ငြိမ်အောင်ထိန်းတဲ့ ကိရိယာတပ်ထားပါတယ်။ အဲဒီလို လုပ်လို့ကိုင်လို့ လွယ်ကူပေါ့ပါးလာတဲ့အတွက် မြန်မာဒါရိုက်တာတွေ၊ ကင်မရာမင်း တွေက နိုင်ငံခြားကားတွေထဲက ရိုက်ပုံရိုက်နည်းတွေ၊ မြင်ကွင်း အကျဉ်း/အကျယ်၊ အဖြတ်/အတောက်တွေ၊ အထက်စီး/ အောက်ပင့် ရိုက်ချက်တွေ၊ Trolley ရိုက်ချက် တွေ၊ Zoom ရိုက်ချက်တွေ၊ လက်နဲ့ကိုင်ပြီးတော့ လွတ်လွတ်လပ်လပ် လှုပ်ရှား ရိုက်ချက်တွေ ... အမျိုးမျိုး တွေ့မြင်လာရပြီ ဖြစ်ပါတယ်။

ဖလင်ရုပ်ရှင်ခေတ်ထက် အဆပေါင်းများစွာ တိုးတက်ပြောင်းလဲသွားပြီလို့ ပြောနိုင်ပါတယ်။ နိုင်ငံခြား ကားတွေထဲက ရိုက်ချက်တွေကို အတုယူပြီးတော့ ရိုက်ကြ တဲ့နေရာမှာ ... ဒါလည်း ... စု၊ တု၊ ပြုသဘောပါပဲ။ ဒါပေမဲ့ ကင်မရာ လုပ်ကွက်၊ နည်းပညာတွေပဲ တက်လာပြီးတော့ Visual Language လို့ခေါ်တဲ့ အမြင်ဘာသာ ဗေဒနဲ့ တိတိပပတွက်ချက် ဆန်းသစ်တာမျိုးတွေကတော့ ရှားနေပါသေးတယ်။

ရုပ်ရှင်မှာ သုံးတဲ့ အရုပ်တွေကို ကင်မရာနဲ့ ရိုက်တဲ့အခါမှာ အခြေခံအားဖြင့် ကတော့ .. အရုပ်တိုင်း အရုပ်တိုင်းကို ကင်မရာမင်းက အကြောင်းမဲ့ သူရိုက်ချင်သလို ရိုက်လို့မဖြစ်ပါဘူး။ အရုပ်တစ်ရုပ်ကို ဘယ်လိုရိုက်ရမယ်ဆိုတာ သက်ဆိုင်ရာ ဇာတ်ဝင်ခန်းရဲ့ အပူ၊ အအေး၊ ဇာတ်ကောင်ရဲ့အပူ၊ အအေးအလိုက် ရိုက်ပေးကြရတာ ဖြစ်ပါတယ်။ Visual Language အမြင်ဘာသာဗေဒနဲ့သာ ရိုက်ရမယ်ဆိုရင် ... ဘယ်လိုရိုက်ပေးရမယ်ဆိုတာကို ... ဇာတ်ဝင်ခန်းနဲ့ ဇာတ်ကောင်တွေက

ပြဋ္ဌာန်းတာပါ။ ဒီအခန်းကို အငြိမ်ရိုက်ပေးပါ၊ အလှုပ်ရိုက်ပေးပါဆိုတာမျိုးတွေကို ဇာတ်ဝင်ခန်းရယ်၊ ဇာတ်လမ်း အသွား/ အလာတွေက ပြဋ္ဌာန်းတာပါ။

အမြင်ဘာသာဗေဒကိုသာ နားလည်ပြီးတော့ သုံးမယ်ဆိုရင် ကင်မရာ အယူ အဆတွေက ပိုလွယ်လာပြီးတော့ ထိရောက်မှုလည်း ပိုကြီးလာမှာ သေချာပါတယ်။ အဓိပ္ပာယ်ကို ထိရောက်အောင်ပြနိုင်တဲ့ ရိုက်ချက်တွေကို ရနိုင်ဖို့ နည်းလမ်း (၂) ခုပဲ ရှိပါတယ်။

တစ်ခုကတော့ ... အမြင်ဘာသာဗေဒနဲ့ ကျိုး/ကြောင်း ဆင်ခြင်တဲ့ နည်းပဲဖြစ်ပါတယ်။ နောက်တစ်နည်း ကတော့ ... ခံစားချက်၊ ပါရမီ၊ အဆုံး အဖြတ် ဖြစ်ပါတယ်။ ဒါကတော့ ပါရမီရှင်တွေရဲ့ကိစ္စပါ။ ဒီလို ပါရမီရှင်တွေအတွက် ကတော့ ... ဘယ်လိုလုပ်ရမယ်ဆိုတာ ခံစားချက်က ပြဋ္ဌာန်းပေးပါတယ်။ ဒါဟာ သင်ယူလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ အမြင်ဘာသာဗေဒကတော့ သင်ယူလို့ရပါတယ်။ အနုပညာမဟုတ်ပါဘူး။ ဘာသာစကားတစ်ရပ်သာ ဖြစ်ပါတယ်။ မြန်မာရုပ်ရှင်ပညာ သည် အများစုကြီးက ကောင်းတယ်ထင်လို့ ဒီကနေ့ စု၊ တု၊ ပြု လုပ်နေကြတဲ့ နိုင်ငံခြား ရုပ်ရှင်တွေထဲက ဇာတ်ပုံအယူအဆ ၉၀ ရာနှုန်းရဲ့ ပုံအကြီး/အသေး၊ အဖြတ်/အတောက်၊ အနိမ့်/အမြင့်၊ အနီး/အဝေး၊ အနှေး/အမြန်၊ အလှုပ်/အငြိမ် .. စတဲ့ လုပ်ရပ်တွေအားလုံးဟာ Visual Language ဆိုတဲ့ အမြင်ဘာသာဗေဒနဲ့ ကိုက်ညီနေ တယ်ဆိုတာကို ထိတွေ့လုပ်ကိုင်ရင်း သတိထားမိလာကြတော့မှာ ဖြစ်ပါတယ်။ သဘောပေါက်ပြီး သူတွေလည်း ရှိနေပါပြီ။ မြန်မာပြည်မှာ အနုပညာနဲ့ပတ်သက်တဲ့ Visual, Audio, & Choreograph Language အမြင်ဘာသာဗေဒ၊ အသံဘာသာဗေဒ၊ ကိုယ်ခန္ဓာအစိတ်အပိုင်း လှုပ်ရှားမှုဆိုင်ရာဘာသာဗေဒ တွေကို လေ့လာ သင်ကြားနေလောက်ပြီလို့ ယုံကြည်ရပါတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ ကင်မရာ အယူအဆတွေ တိကျမှန်ကန်ပြီးတော့ ကမ္ဘာ့ရုပ်ရှင် အရည်အသွေးတွေ ထွက်လာချိန် နီးကပ်လာပါပြီ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၁၂]

သောတရှင်များခင်ဗျာ ...

ဝင်းဖေဟာ မြန်မာရုပ်ရှင်တွေကို ကောင်းတာရော ဆိုးတာရော အားလုံးကို လက်လှမ်း မီသလောက် ကြည့်ပါတယ်။ မကြည့်ဘဲ မနေနိုင်ပါဘူး။ မြန်မာအနုပညာသည်တွေဟာ အားလုံး ဝင်းဖေရဲ့ အမျိုးတွေလိုပါပဲ။ ကမ္ဘာ့ရုပ်ရှင်တွေကို တော့ ကား ၁၀၀ မှာ ၂ ကား ၃ ကားပဲ ကြည့်ပါ တော့တယ်။ မြန်မာရုပ်ရှင်တွေဆိုပေမဲ့ ဗီဒီယို ရုပ်ရှင်တွေပဲ များပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်က အမြင်ဘာသာဗေဒ၊ အကြား၊ အသံ ဘာသာဗေဒနဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေကို လှုပ်ရှားတဲ့ Choreograph Lan-guage အကြောင်းတွေကို မေးမိပြောမိပါတယ်။ ဒီတစ်ပတ်တော့ မြန်မာရုပ်ရှင်လောက အတွက် အရေးကြီးတဲ့ ထောင့်တစ်ခုကို ဆွေးနွေးကြည့်ချင်ပါတယ်။

မင်းသားကြီး ဦးထွန်းဝေက ဝင်းဖေကို ပြောဖူးပါတယ်။ "လူတွေက ကျွန်တော့် ရုပ်ရှင်သရုပ်ဆောင်မှု အနုပညာနဲ့ပတ်သက်လို့ အမူအရာပိုင်းနဲ့ စကားအပြောအဆို၊ လေယူ၊ လေသိမ်းတွေကို သိပ်ပြောကြတယ်ဗျ။ အဲဒါကို ကျွန်တော် နည်းနည်းတော့ စိတ်မကောင်းမိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်တော် အတော်ကလေး ဂရုတစိုက်နဲ့ ကြိုးစားထားတဲ့ အပိုင်းတစ်ခုရှိနေလို့ပါ။ အဲဒါ ဘာလဲလို့ဆိုတော့ အဝတ်အစားပိုင်း ပါ။ မြန်မာရုပ်ရှင်မှာ ရုပ်ရှင်ထုတ်လုပ်သူတွေ၊ ဒါရိုက်တာတွေက အဝတ်အစားကို သိပ်ဂရုစိုက်နိုင်ကြတာ မဟုတ်ပါဘူး။ ဇာတ်ညွှန်းပေးပြီးတော့ ဖတ်ခိုင်းပြီးတော့ ရှင်းပြ ပါတယ်။ ရေးထားတာမရှိရင်လည်း ပါးစပ်နဲ့ပဲပြောပြပြီးတော့ ... အဝတ်အစား ဘယ်လို ဖြစ်သင့်တယ်ဆိုတာ ရှင်းပြတယ်၊ ဒီလောက်ပဲရှိတာပါပဲ။ ကျန်တာက သရုပ်ဆောင်တွေက ကိုယ့်ဟာကိုယ် ကြည့်လုပ်ကြရတာ မဟုတ်လား။ ဒီပြင်လူတွေ တော့ မပြောတတ်ဘူး ... ကျွန်တော်ကတော့ တော်တော်ကလေးကို ဂရုတစိုက်နဲ့ စိတ်ဝင်စားပြီး ကိုယ်ဝတ်သင့်တဲ့ အဝတ်အစားကို ဇာတ်နဲ့ အံဝင်ခွင်ကျဖြစ်အောင် ကြိုးစားပါတယ်ဗျာ။ တစ်ခုတော့ရှိတယ် ... ကျွန်တော်က စတိုင်ကျဖို့ဆိုတာကိုတော့ သိပ်ရှေ့တန်း မတင်တတ်ဘူးဗျ။ ပြီးတော့ ကျွန်တော်ကလည်း Fancy တွေ ဘာတွေမှ သိပ်ရိုက်ရတာမှ မဟုတ်ဘဲ၊ ဒရာမာတွေ ရိုက်ရတာ များတယ်"

ဟုတ်ပါတယ် .. လေးလေးထွန်းဝေဟာ ဓာတ်ပုံဝါသနာကလည်းကြီးတော့...

ရှေးဓာတ်ပုံအဟောင်းတွေ တစ်နေရာရာမှာ တွေ့ရင်တွေ့သလို တောင်းတတ်၊ စုတတ် ပါတယ်။ ရှေးဟောင်းဓာတ်ပုံတွေကို ကြိုက်လို့စုတာအပြင်၊ အဝတ်အစားတွေ၊ ပတ်ဝန်းကျင် အဆောက်အဦ အပြင်အဆင်တွေကအစ ကာလ၊ ဒေသအားလျော်စွာ ရှိနေတဲ့ ဒီဇိုင်းတွေကို စိတ်ဝင်စားတာလည်း ပါပါတယ်။ ရုပ်ရှင်ပညာနဲ့ပတ်သက်လို့ လေးလေးထွန်းဝေ ဝါသနာကြီးတာ အဓိကအားဖြင့် နှစ်နေရာ ရှိပါတယ်။ သရုပ်ဆောင် အနုပညာနဲ့ ဓာတ်ပုံအနုပညာပါ။ ဒါပေမဲ့ ဒါရိုက်တာအပိုင်း၊ တည်းဖြတ်တဲ့ အပိုင်းတွေကိုလည်း အလေးအနက် တွေးတတ်ပါတယ်။ ဒါပေမဲ့ လုပ်ငန်းခွင်တွေမှာ သူနဲ့မဆိုင်တဲ့ အပိုင်းတွေမှာ ဝင်ပြီးတော့ မစွက်ဖက်တတ်ပါဘူး။ ဝင်းဖေ ပြောချင်တာ ကတော့ ... မြန်မာရုပ်ရှင်မှာ ဇာတ်လမ်းအရ ကာလဒေသအားလျော်စွာ အနီးစပ်ဆုံး အဝတ်အစားတွေ ဖြစ်နိုင်ဖို့၊ အနီးစပ်ဆုံး အဆောက်အဦ အတွင်း/အပြင် ဒီဇိုင်းတွေ မှန်ကန်ဖို့၊ သီးခြားပညာရှင်တွေ၊ ဝန်ဆောင်သူတွေ ရှိသင့်ပါပြီ။ နိုင်ငံတကာမှာဆိုရင် အဝတ်အစားနဲ့ ပတ်သက်တဲ့ ဒါရိုက်တာဆု၊ အခမ်းအနားအပြင်အဆင်ဆု စတာတွေကို အသားပေး ချီးမြှင့်ပေးနေတာ ကြာပါပြီ။ ဒီပညာရှင်တွေကလည်း မည်ကာမတ္တတွေ မဟုတ်ကြပါဘူး။ တကယ့် သမိုင်းပညာရှင်တွေ၊ သုတေသီတွေ ဖြစ်ကြပါတယ်။

ဒီကနေ့ မြန်မာရုပ်ရှင်ကားတွေမှာ ... ဥပမာ ... ရဲမြည့်နွှန့်နဲ့အဖွဲ့ဆိုပါစို့ ... ရဲအဝတ်အစားတွေနဲ့ပတ်သက်လာရင် ... ဗြိတိသျှခေတ်ကရော၊ ဖဆပလခေတ်ရော၊ ဒီကနေ့ခေတ်ရော ... အားလုံးကို လက်နက်တွေနဲ့တကွ တာဝန်ယူပေးနေတယ်လို့ သိရပါတယ်။ ဒီလိုပါပဲ .... အမျိုးသမီးဇာတ်ပို့တွေနဲ့ပတ်သက်လို့လည်း “မထားနဲ့အဖွဲ့” ဆိုတာမျိုးတွေ ရှိလာပါတယ်။ ဒီတော့ ... အလွန်အရေးကြီးတဲ့ Costume အဝတ်အစားနဲ့ပတ်သက်လို့ အထူးကျွမ်းကျင်သူ၊ သုတေသီ၊ ပညာရှင်တွေ ပေါ်ပေါက်သင့်ပါပြီ။ ခေတ်အလိုက်၊ ဒေသအလိုက် ဓာတ်ပုံအဟောင်းတွေကို စုဆောင်းလေ့လာပြီး တော့ ... အခိုင်အမာ အထောက်အထားတွေ၊ ဒါရိုက်တာတွေ အားထား ယုံကြည်နိုင် လောက်အောင် ထူထောင်နိုင်ကြမယ်ဆိုရင် ... ရုပ်ရှင်အနုပညာတန်ဖိုးတွေလည်း အဲဒီထောင့်ကနေပြီး သိသိသာသာတက်လာဖို့ရှိပါတယ်။

ကမ္ဘာ့ရုပ်ရှင်တွေ ထုတ်လုပ်တဲ့ ဟောလိဝုဒ်မှာတောင်မှ Romeo & Juliet ချင်း မတူတာကိုတွေ့ကြရပါတယ်။ အဝတ်အစားနဲ့ပတ်သက်လို့ အဆောက်အဦ ဆက်တင်ဝန်းကျင်နဲ့ပတ်သက်လို့ အလွန်ကျွမ်းကျင်တဲ့ တကယ့် သုတေသီပညာရှင် တွေနဲ့ ရိုက်တဲ့ Romeo & Juliet ကားဟာ ပထမ မည်ကာမတ္တရိုက်ထားတဲ့ကားနဲ့ ကွာချင်တိုင်း ကွာသွားတာကို တွေ့ကြရပါတယ်။ အလားတူပဲ မိတ်ကပ်မှာလည်း

ကာလဒေသနဲ့အညီ ဆံပင်ထုံးဖွဲ့ပုံကအစ ဓာတ်ပုံအထောက်အထားတွေနဲ့လုပ်နိုင်ရင် မြင်ကွင်းဖမ်းစားနိုင်မှု ဆွဲဆောင်နိုင်မှုချင်း မတူပါဘူး။ ခုလည်း မြန်မာရုပ်ရှင်တွေကို အလွယ်တကူ အတော်အသင့်လောက်ပဲ စဉ်းစားပြီးတော့ ရိုက်နေကြတာ ... ဒီအတိုင်း လည်း ဖြစ်နေသားပဲ ... လို့ ဆက်ပြီး ပြောနေကြဖို့ မသင့်တော်ပါဘူး။ ပြဇာတ်၊ ရုပ်ရှင်ပညာလောကမှာ ပညာရှင်တွေ တိုးချဲ့မြှင့်တင်ကြဖို့သင့်ပါပြီ။

ပထမ အလေးအနက် လေ့လာပြင်ဆင်တဲ့ သုတေသီပညာရှင်တွေ ရှိလာဖို့ လိုပါတယ်။ နောက် အဲဒီလိုပညာရှင်တွေကို တန်ရာတန်ကြေးပေးပြီးတော့ နေရာပေး မြှင့်တင်ပေးကြဖို့ လိုပါတယ်။ ဟောလိဝုဒ်က ဇာတ်ကောင်ဗုံးရမ်းတဲ့ စာချုပ်တွေမှာ ဇာတ်ကောင်တွေဟာ ကိုယ့်အဝတ်အစားနဲ့ကိုယ် ဝတ်ပြီးတော့ ရိုက်ကူးခွင့် မရှိပါဘူး။ ရုပ်ရှင်ကားထုတ်လုပ်ရေးက အဝတ်အစား တာဝန်ခံကပေးတဲ့ အဝတ်အစားနဲ့ပဲ ရိုက်ပါ မယ်လို့ ကြိုတင်ပြီးတော့ လက်မှတ်ရေးထိုးကြရပါတယ်။ ဒီကနေ့ခေတ် ကိုယ်ပိုင် လုပ်ငန်းအမျိုးမျိုးကို စွန့်ဦးလုပ်ငန်းရှင်တွေအနေနဲ့ ရှာကြံလုပ်ဆောင်နေကြရာမှာ မြန်မာ့ ရုပ်ရှင်လုပ်ငန်းအတွက် အရေးကြီးတဲ့ကွက်လပ်ကို ဖြည့်ဖို့အနေနဲ့ ဝန်ဆောင်မှု လုပ်ငန်း သစ်အဖြစ် ထူထောင်သူတွေ ပေါ်လာပါစေလို့ ဆုတောင်းလိုက်ရပါတယ်ခင်ဗျာ။

ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

လွန်ခဲ့တဲ့ ၁၆ နှစ်လောက်က လူငယ်တွေရဲ့ ညီလာခံတစ်ခုမှာ ဝင်းဖေကို ဟောပြောဖို့ ဖိတ်ပါတယ်။ ဟောပြောပွဲပြီးလို့ အမေးအဖြေခန်းကိုရောက်တဲ့အခါမှာ လူငယ်တစ်ယောက်က ... အားနာနာနဲ့ ပွင့်ပွင့်လင်းလင်း မေးပါရစေလို့ ခွင့်တောင်း ပါတယ်။ ဝင်းဖေကလည်း လူငယ်တွေကို ရဲရဲတင်းတင်း အလွန်ရှိစေချင်တဲ့သူဆိုတော့ မေးပါ၊ မေးပါ၊ ဘာမှ အားမနာပါနဲ့လို့ ... ခွင့်ပေးလိုက်ပါတယ်။ သူ့မေးခွန်းက... သူ မြန်မာရုပ်ရှင်ကားတွေကို မကြိုက်တဲ့အကြောင်း၊ မြန်မာရုပ်ရှင်တွေ ဘာ့ကြောင့် အားနည်းချက်တွေ များနေရတာလဲတဲ့။

ဝင်းဖေက ချက်ချင်းပဲ ဝမ်းပန်းတသာနဲ့ ... ဒီလိုမေးတဲ့အတွက် အလွန် ကျေးဇူးတင်ပါကြောင်း၊ အလွန်မေးသင့်တဲ့၊ အလွန်အရေးကြီးတဲ့မေးခွန်း ဖြစ်ပါကြောင်း ... ပဏာမပြောပြရပါတယ်။ မေးတဲ့သူက ညှာညှာတာတာနဲ့ မြန်မာရုပ်ရှင် တွေမှာ ဘာ့ကြောင့် အားနည်းချက်တွေ များနေရတာလဲတဲ့။ သူတကယ်ပြောချင်တာ က ... မြန်မာရုပ်ရှင်တွေ ဘာ့ကြောင့် ဒီလောက်တောင်ညံ့ကြတာလဲလို့ မေးချင်တာပါ။ ဝင်းဖေကလည်း မြန်မာပါတယ် .. မြန်မာရုပ်ရှင် ပညာသည်တွေ ညံ့လို့ မြန်မာရုပ်ရှင် တွေ ညံ့ရတာပါပဲ ... လို့ ဖြေလိုက်ပါတယ်။ ဒီတော့ လူငယ်လေးက ... ကျွန်တော် အဲဒီလိုဆိုလိုတာ မဟုတ်ပါဘူး ... လို့ အားနာပါးနာနဲ့ ပြောရှာပါတယ်။ ဝင်းဖေက လည်း သူပြောတာကို လက်မခံပါဘူး။ "ဘယ်သူမပြု၊ မိမိမှုပါ၊ တရားခံရှာတဲ့နေရာမှာ ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး ရှာဖို့လိုပါတယ်" လို့ ပြောလိုက်တာပါပဲ။ ဒီတော့ တခြား လူငယ်တစ်ယောက်က ... "မြန်မာနိုင်ငံဟာ ဒီလောက်တောင် မွဲနေမှတော့ ... ရုပ်ရှင် တွေကလည်း ဘယ်လိုလုပ်ပြီး ကောင်းနိုင်တော့မှာလဲ" လို့ သူလည်း အားနာပါးနာနဲ့ ဝင်ပြီးတော့ ဖြေပေးရှာပြန်ပါတယ်။ ဒါကိုလည်း ဝင်းဖေကတော့ လက်မခံနိုင်ပါဘူး။ အာဖရိကတိုက်က ဆွာဟီလီ လူမျိုးစုကလေးဟာ မြန်မာနိုင်ငံထက် ဆင်းရဲတဲ့ အကြောင်း၊ ဒါပေမဲ့ ဆွာဟီလီယန် ဒါရိုက်တာတစ်ယောက်ဟာ မြန်မာကင်မရာတွေ ထက်ညံ့တဲ့ ကင်မရာ အစုတ်ကလေးနဲ့ မြန်မာတွေသုံးတဲ့ ရိုက်ကူးစရိတ်ထက် ထက်ဝက် လောက်ပဲ ရှိတဲ့ငွေကို သုံးပြီးတော့ ကမ္ဘာ့ဈေးကွက် အထိ ပေါက်အောင် ရိုက်ပြနိုင်ခဲ့တယ် လို့ ဖြေလိုက်ပါတယ်။ တစ်ခုတော့ ရှိပါတယ် ... တကယ့် ရုပ်ရှင်ပညာရှင်တွေကပဲ

ကြိုက်ကြတဲ့ ကားမျိုးပါ၊ အများကြိုက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့အရင်းအနှီးက သိပ်နည်းနေတော့ ရိုက်တဲ့သူ အနေနဲ့ စီးပွားရေးလည်းအောင်မြင်သွားတာပါပဲ … လို့ ဝင်းဖေက ပြောလိုက်ပါတယ်။ ဒီတော့ အခမ်းအနားမှာ လူကြီးလုပ်တဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦးကလည်း အားနားပါးနာနဲ့ ဝင်ကြိုးစားရှာပြန်ပါတယ်။

"ဒါပေမဲ့ ဆရာရယ် … တဲ့၊ အဲဒီ ဆတ္တာဟီလီယန်း ဒါရိုက်တာမျိုးဆိုတာက တစ်သန်းမှ တစ်ယောက်၊ တစ်ကုဋေမှ တစ်ယောက်ဆိုတာလို နေမှာပါ၊ အဲဒီနိုင်ငံမှာ သူတစ်ယောက်ပဲ ထွက်တာ မဟုတ်လား …" လို့ပြောပါတယ်။ ဘာပဲပြောပြော … လူ လေး/ငါးသိန်းပဲရှိတဲ့ အဲဒီဆတ္တာဟီလီလူမျိုးစုမှာ ကမ္ဘာ့အဆင့်ရှိတဲ့ ရုပ်ရှင်ကား တစ်ကားရိုက်နိုင်တဲ့ ဒါရိုက်တာတစ်ယောက် ထွက်ပြီးတော့ကာ … သန်းပေါင်း ၄၀/၅၀ လောက်ရှိတဲ့ မြန်မာနိုင်ငံမှာ တစ်ယောက်မှ မထွက်တာကတော့ … မြန်မာတွေ ညံ့လို့ပါပဲ" .. လို့ ဝင်းဖေကလည်း ဖွတ်မှိတ်ပြီး ပြောပါတယ်။ အဲဒီမှာ တစ်ယောက် တစ်ပေါက် ဝင်ပြောကြပါတော့တယ်။

လူလတ်ပိုင်းထဲက တစ်ယောက်က မြန်မာ့ရုပ်ရှင် ဈေးကွက်ဟာ အလွန် သေးငယ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုက နည်းတော့ မြန်မာ့ရုပ်ရှင်ဟာ ဘယ်လိုလုပ် ကောင်းနိုင်တော့မှာလဲလို့ ပြောပါတယ်။ နောက်လူငယ်တစ်ယောက်ကတော့ အုပ်ချုပ်တဲ့ အစိုးရက ဆင်ဆာဘုတ် ဖွဲ့ပြီးတော့ ချုပ်ချယ်ထားတာ သိပ်များနေတော့ လွတ်လပ်မှုမှ မရှိတာ … လွတ်လပ်မှု မရှိရင် ဘယ်အနုပညာမှ မဖွံ့ဖြိုးနိုင်ဘူးလို့ ရုပ်ရှင်ပညာသည် တွေဘက်က ကာကွယ်ပြောပါတယ်။ ဒီတော့ နောက်တစ်ယောက်က … ရုပ်ရှင်ဟာ စက်မှုအကူအညီ အများကြီးယူရတဲ့ အနုပညာဖြစ်တဲ့ အကြောင်း၊ အစိုးရက လိုအပ်တဲ့ စက်ကိရိယာတွေ၊ ကင်မရာတွေ၊ မှန်ဘီလူးတွေ၊ တည်းဖြတ်အကူစက်တွေ၊ ကူး/ ဆေး စက်တွေ … ယုတ်စွအဆုံး … ဖလင်တွေတောင် လောက်ငအောင် တင်သွင်းခွင့် မပေးတာ … မြန်မာ့ရုပ်ရှင် အခုလောက် အသက်ရှင်နေတာကိုတောင် ချီးကျူးကြရမယ်လို့ ပြောနေပြန်ပါတယ်။ တကယ်တမ်း ဒီပြဿနာကို အဓိက ဖြေရမယ့် သူက ဝင်းဖေပါ။ တစ်ယောက်ပြီးတစ်ယောက် သူ့အမြင် ကိုယ့်အမြင်တွေ အလုအယက် ပြောနေကြတော့ ဝင်းဖေတောင် ဝင်ပြောဖို့ ခက်နေပါတော့တယ်။ တစ်ယောက်ကတော့ အားလုံး ခဏငြိမ်ပေးကြဖို့၊ ဒီပြဿနာကို ဦးဝင်းဖေက ဖြေရမှာပါလို့ သတိပေးပါတယ်။ ဝင်းဖေကတော့ အဲဒီ တောင်းဆိုချက်ကို လွယ်လွယ်နဲ့ လက်မခံပါဘူး။ "အများပါဝင် ပြီးတော့ သဘောထား ထင်မြင်ချက်တွေ ဝိုင်းပြီးတော့ ပေးကြတာဟာ အလွန် အောင်မြင်တဲ့ ဆွေးနွေးပွဲရဲ့လက္ခဏာပဲ မဟုတ်ပါလား ခင်ဗျာ" လို့ … ပြောလိုက်ပါတယ်။ ဒါပေမဲ့

ဝင်းဖေက တစ်ခုတော့ သတိပေးလိုက်ပါတယ်။ ပြောသွားကြတဲ့ အချက်အလက်တွေဟာ ... မြန်မာရုပ်ရှင်တွေ ညံ့ဖျင်းရခြင်းရဲ့ အကြောင်းအရင်း အမှန်တွေပဲ ဖြစ်ပါကြောင်း၊ ဒါပေမဲ့ ခုဝေဖန်ပြောဆိုကြတဲ့ အထဲမှာ ... ရုပ်ရှင်ပညာသည်တွေ ဖြစ်ကြတဲ့ ... ဒါရိုက်တာတို့၊ ရုပ်ရှင်ဝတ္ထုရေးဆရာတို့၊ ဇာတ်ညွှန်းရေးဆရာတို့၊ အဓိက ဇာတ်ဆောင်တွေ၊ ဇာတ်ပို့တွေ၊ ကင်မရာမင်းတွေ၊ မီးထိုးမှန်ထိုးတွေ၊ မိတ်ကပ် ပညာသည်တွေရဲ့ ညံ့ဖျင်းမှုတွေကြောင့်ရော မဖြစ်နိုင်ဘူးလားလို့ မေးလိုက်ပါတယ်။ ဒီတော့မှ ... ဘယ်မင်းသား၊ ဘယ်မင်းသမီး၊ ဘယ်ဇာတ်ပို့တို့ရဲ့ ဘယ်လိုညံ့တာ၊ ဘာညာဆိုတာတွေ ထွက်လာပြန်ပါတယ်။ ကင်မရာနဲ့ အသံဖမ်းတဲ့ အပိုင်းက ညံ့ဖျင်း တာတွေလည်း ပါလာပါတယ်။ ဝတ္ထုဇာတ်ညွှန်းတွေ မနိပ်တာတွေလည်း မလွတ်တော့ ပါဘူး။ ဒါပေမဲ့ မြန်မာရုပ်ရှင် ဒါရိုက်တာတွေကိုတော့ ဝေဖန်မယ့်သူ မရှိဘဲ ဖြစ်နေပါတယ်။ ဒါကတော့ ရှင်းပါတယ် ... ဝင်းဖေက ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်လေ။ ဒီတော့မှ ဝင်းဖေက ပြောခွင့် ရပါတော့တယ်။

မြန်မာရုပ်ရှင်တွေ ဘာ့ကြောင့် ဒီလောက်တောင် ညံ့ဖျင်းနေကြတာလဲဆိုတဲ့ အကြောင်းတွေကို ပြောသွားကြတာ အကုန်လုံး မှန်ကန်ပါကြောင်း၊ အဲဒီအထဲမှာ အရေးအကြီးဆုံးတစ်ခုကတော့ ... အခုလောလောဆယ် ဝင်းဖေကို အားနာပြီး မဝေဖန်ဘဲ နေကြသလို မလုပ်ကြဖို့လိုတဲ့ အကြောင်း၊ မြန်မာပရိသတ်ဟာ အလွန် သဘော ကောင်းကြောင်း၊ မြန်မာရုပ်ရှင်ကို အလွန် သည်းခံနိုင်ကြရှာ ကြောင်း၊ မဆိုးပါဘူးဆိုပြီး လွယ်လွယ်နဲ့ ခွင့်လွှတ်ပြီးတော့ ကြည့်ရှု အားပေးနေကြကြောင်း၊ စေတနာမှန်မှန်နဲ့ ပြင်းပြင်းထန်ထန် ဝေဖန်ကြဖို့လိုကြောင်း၊ ဒါဟာလည်း မြန်မာရုပ်ရှင်တွေ မတိုးတက် ရခြင်းရဲ့ ကြီးစွာသော အကြောင်းအရင်းကြီး တစ်ရပ် ဖြစ်ပါကြောင်း ... ပြောပြီးတော့ ရယ်ရယ်မောမောနဲ့ ကိုယ့်ပေါင်ကိုယ် လှန်ထောင်းခဲ့ရကြောင်းပါခင်ဗျား ...။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က မြန်မာ ရုပ်ရှင်တွေ ဘာကြောင့်ညံ့ကြရ တာလဲ ... ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဝင်းဖေ ကြုံခဲ့ဖူးတာတွေ အများကြီးထဲက လက်တစ်ဆစ်စာလောက်ကို ပြောပြမိပါတယ်။ မေးဖူးကြတာတွေကတော့ အများကြီးပါ။ မြန်မာရုပ်ရှင်မှာ ကောင်းတဲ့အပိုင်းတွေက အများကြီးရှိပါတယ်။ ဒါနဲ့ကြုံတုန်း မြန်မာရုပ်ရှင် စီးပွားရေး အကြောင်းကလေးကိုလည်း ထောက်မိ သလောက် ဆက်ပြောပါရစေ။

လိုတိုရှင်းကို ပဏာမပြောလိုက်ရင်တော့ ... ငါးပွက်ရာငါးစာချ ဆိုတဲ့ စီးပွားရေးစကားနဲ့ ရာနှုန်း ၉၀ လောက်ကိုက်ညီပါတယ်။ အလွန်ရှင်းပါတယ်။ အလွမ်း ကားတွေ ... ပိုက်ဆံရသတဲ့ဆိုရင် ... အလွမ်းကားတွေ သူ့ထက်ငါ တန်းစီပြီး ရိုက်ကြတော့တာပါပဲ။ ရယ်စရာဟာသကားတွေ လူကြိုက်များသတဲ့ဆိုပြန်ရင်လည်း... ဟာသပြီး ဟာသလုပ်ကြပြန်ရော။ ဒီလိုနဲ့ ဖိုက်တင်ဆို ဖိုက်တင်တွေ၊ ဖန်စီဆိုလည်း ဖန်စီတွေ .... ငါးပွက်ရာ လိုက်ပြီးတော့ ငါးစာချကြပါတယ်။ ဒီစီးပွားရေးကြောင့်လည်း မြန်မာရုပ်ရှင်တွေ ညံ့ကုန်ရတာတွေ ပါပါတယ်။

မြန်မာရုပ်ရှင် ပညာသည်တွေတိုင်း၊ မြန်မာရုပ်ရှင် စီးပွားရေးသမားတိုင်း အားလုံး ဒီလိုပဲ လုပ်နေကြတယ်လို့ ပြောတာတော့ မဟုတ်ပါဘူး။ ဒီပုတ်ထဲက ဒီပဲမဟုတ်တဲ့သူ တွေလည်း ရှိတော့ရှိပါတယ်။ ဒါပေမဲ့ ရှားပါတယ်။ ဒါပေမဲ့ ငါးပွက်ရာ ငါးစာချ ဆိုတဲ့ အကျင့်စရိုက်ဟာ ကမ္ဘာ့လူသားအများစုရဲ့ အကျင့်စရိုက်ပါ။ မြန်မာရုပ်ရှင် လောကမှာမှ ကွက်ပြီးတော့ ညံ့နေတာတော့ မဟုတ်ပါဘူး။ ကမ္ဘာမှာလည်း အများစု ကြီးကတော့ ဒီလိုပါပဲ။

ငါးပွက်ရာ ငါးစာချတယ် ဆိုတာကို အလွယ်ဆုံး အဓိပ္ပာယ် ဖွင့်ရရင်တော့ အများလုပ်သလို လိုက်လုပ်တဲ့ အကျင့်ပါပဲ။ သူများရသတဲ့၊ ပွသတဲ့ဆိုရင် အဲဒီနည်း အတိုင်း လိုက်လုပ်ချင်ကြတာပါပဲ။ လူတစ်ရာမှာ ကိုးဆယ့် ကိုးယောက်ဟာ ဒီလိုလူတွေ ပါပဲ။ ကိုယ်ပိုင်အတွေးအခေါ်ရှိကြဖို့ဆိုတာ လွယ်မှမလွယ်တာဘဲ။ ကျောင်းတွေမှာ အဲဒီလိုမဖြစ်အောင်၊ ဘယ်လိုဘယ်လို ကိုယ်ပိုင်အတွေးအခေါ်ရှိအောင် လုပ်ရမှာလဲ ဆိုတာကို သင်ပေးနေတာပါပဲ။

ပညာသင်တယ်ဆိုတာရဲ့ အဓိပ္ပာယ်ထဲမှာ အရေးကြီးဆုံး အချက်တစ်ချက်ပါပဲ။ ဒါပေမဲ့ သင်ပေးတိုင်း တတ်တာမှ မဟုတ်တာ။ ရုပ်ကွက် ထဲမှာ မုန့်ဟင်းခါးတစ်ဆိုင်ဖွင့်လိုက်လို့ အောင်မြင်ကြီးပွား လူကြိုက်များလာသတဲ့ ဆိုရင် … မုန့်ဟင်းခါးဆိုင်ကလေးတွေ မှိုလိုပေါက်လာပါတော့တယ်။ ကမ္ဘာအနှံ့မှာ လည်း ဒီလိုပါပဲ။ ဒါပေမဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေမှာတော့ ငါးပွက်ရာ ငါးစာချတဲ့ ရာနှုန်းနည်းလာတာပေါ့လေ။ ကိုယ့်စိတ်ကူးနဲ့ကိုယ်လုပ်တဲ့ အရည်အချင်း ရှိတဲ့ သူတွေ ရာနှုန်းပိုများလာတာပေါ့။ အမေရိကန်ရုပ်ရှင်ဈေးကွက် ဟောလိဝုဒ်ဟာ ကမ္ဘာ့ ဈေးကွက်ကြီးပါပဲ။ အဲဒီ ဟောလိဝုဒ်မှာလည်း ငါးပွက်ရာ ငါးစာချတဲ့ကိစ္စက မကင်း ပါဘူး။ ဒါပေမဲ့ ရာခိုင်နှုန်းကျတော့ လျော့နေတာပေါ့လေ။ အမေရိကန် နွားကျောင်းသား ကောင်းဘွိုင်တွေ သေနတ်နဲ့နှစ်ယောက်ချင်းယှဉ်ပြီးတော့ မျက်နှာချင်းဆိုင် ပစ်ကြတဲ့ Duel gun draw, Duel gun fight တွေ ခေတ်စားတုန်းကဆိုရင် West-erm ဆိုတဲ့ ကောင်းဘွိုင်ဇာတ်ကားတွေ အများကြီးရိုက်ကြတာပါပဲ။ နောက် တေးသံစုံ အက၊ အလှကားတွေ ခေတ်စားပြန်တယ်ဆိုတော့လည်း Musical ကားတွေ အများကြီး သူ့ထက်ငါ တခမ်းတနား ရိုက်ကြပြန်တာပါပဲ။ သူတို့လည်း ငါးပွက်ရာ ငါးစာချကြ တာပါပဲ။ ဒါပေမဲ့ ဟောလိဝုဒ်ဆိုတာက ကမ္ဘာ့ဈေးကွက်ကြီးမဟုတ်လား … အရင်း တစ်ကျပ်ပေါ်မှာ အမြတ် တစ်ရာဆိုလည်းဟုတ်တယ်၊ တစ်ထောင်ဆိုလည်းဟုတ်တယ် ဆိုတော့ အရင်းအနှီးကလည်း ပိုထုတ်ကြတယ်လေ။ ငွေကို ရေလိုသုံးကြတယ်လေ။ ငွေကို လေလိုသုံးကြတယ်လေ။ ဒီတော့ ကောင်းပေ့ဆိုတဲ့ စက်ကိရိယာတွေကို သုံးတယ်၊ တော်ပေ့ဆိုတဲ့ ပညာသည်တွေကို ငှားတယ်။ ဟောလိဝုဒ်မှာ ကမ္ဘာ့ အတော်ဆုံးဆိုတဲ့ ပညာသည်တွေ သွားစုတယ်လေ။ မကောင်း ခံနိုင်ရိုးလား။ ဟောလိဝုဒ်က အညံ့ဆုံးဆိုတဲ့ကားတောင်မှ ဆင်ပိန် ကျွဲဝလောက်တော့ ကျန်သေးတာပဲ။ ဘာပဲ ပြောပြော … ဟောလိဝုဒ်မှာလည်း ငါးပွက်ရာ ငါးစာချလို့ ပျက်စီးရတဲ့ဒဏ်ကိုတော့ ခံကြရတာပါပဲ။

မြန်မာပြည်မှာကတော့ ငါးပွက်ရာ ငါးစာချတဲ့ အတိုင်းအတာက တစ်ဆိတ်တော့ လွန်လွန်းတယ်လို့ ထင်မိပါတယ်။ ဥပမာတစ်ခု ပြောကြည့်ပါရစေ … မြန်မာ ရုပ်ရှင်ဇာတ်လမ်းတွေမှာ ရာနှုန်း ၈၀ လောက်ဟာ ဆယ်ကျော်သက် ကလေးတွေရဲ့ အကြောင်း ဇာတ်လမ်းတွေပဲ ဖြစ်နေပါတယ်။ အဲဒီလို ငယ်ငယ်ရွယ်ရွယ်၊ နုနုပျိုပျို ကလေးတွေနဲ့ရိုက်မှပဲ ပိုက်ဆံရတယ်၊ အောင်မြင်တယ်ဆိုတာလို ဖြစ်နေလေတော့ မြန်မာရုပ်ရှင် ဝတ္ထုဇာတ်လမ်းတွေရဲ့ ဘောင်ဟာ အတော်ကြီးကို ကျဉ်းမြောင်းသွားပါ တော့တယ်။ အဲဒီလိုမဟုတ်ဘဲ … ဇာတ်လမ်းကောင်းကောင်း၊ တင်ပြပုံ ကောင်းကောင်း ရိုက်ပြနိုင်လို့ အောင်မြင်သွားတဲ့ သာဓကတွေရှိပေမဲ့ အများစုက အားကျခဲပါတယ်။ အတော်ကလေးကို ငယ်ရွယ်နုပျိုကြတဲ့

ဆယ်ကျော်သက်ကလေးတွေနဲ့ ရိုက်တာပဲ ဝင်ငွေစိတ်ချရတယ်ဆိုတဲ့စိတ်တွေ လိုအပ်တာထက် အများကြီးပိုပြီးတော့ ဝင်နေကြပါတယ်။ ဒါလည်း မြန်မာရုပ်ရှင် ကျဉ်းမြောင်းအားနည်းနေစရာ အကြောင်းတစ်ရပ်ပါပဲ။ ကမ္ဘာ့ရုပ်ရှင်ဈေးကွက်ကြီးမှာ အဲဒီလို ဆယ်ကျော်သက်ရောဂါ အဲဒီလောက်အထိပြင်းပြင်းထန်ထန် မတွေ့ရပါဘူး။ တကယ် ပရိသတ် စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်း/ဇာတ်ကွက်တွေဟာ အသက်အရွယ် ကြီး/ ငယ်မရွေး၊ ဒေသမရွေး၊ ခေတ် ကာလမရွေး ရှိနေကြတာပါပဲ။

ရုပ်ရှင်ကြည့် ပရိသတ်ကို လေးစားသော အားဖြင့် အပြောင်းအလဲတွေနဲ့ အသက်အရွယ် ကြီး/ ငယ် မရွေး၊ ဒေသခေတ်ကာလ မရွေး၊ စုံစုံလင်လင် ကျယ်ကျယ်ပြန့်ပြန့် ရိုက်ကူးပြသကြဖို့ ကောင်းပါတယ်။ တစ်ခါလာလည်း မဲပြာပုဆိုး ဆိုတာမျိုးဟာလည်း မြန်မာရုပ်ရှင်တွေမှာ အတော်ကလေး များနေပါတယ်။ မြန်မာရုပ်ရှင် စီးပွားရေးနယ်မှာ ငါးပွက်ရာ ငါးစာချ မူဝါဒနဲ့အတူ မဲပြာပုဆိုးတွေ၊ ဆူလွှယ် နပ်လွှယ်လုပ်မှုတွေ ကပ်ပါ လာပါတယ်။ အဲဒီနောက်မှာ ကတော့ အရည်အသွေးညံ့ဖျင်းမှုဟာ မလွဲမသွေ လိုက်လာ ပြန်တော့တာပါပဲ။ မြန်မာရုပ်ရှင်တွေ အဆင့်မြင့်မားလာဖို့ ဆိုရင် အရေးအကြီးဆုံးက... တိုင်းပြည်ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဆိုတာတွေ ပထမ တည်ငြိမ်လာဖို့လိုပါတယ်။ နောက်တိုးတက်ဖွံ့ဖြိုးလာဖို့၊ ချမ်းသာကြွယ်ဝလာဖို့ လိုပါတယ်။ လွတ်လပ်ကျယ်ပြန့်လာဖို့ လိုပါတယ်။ အဲဒီအခါမျိုးကျတော့မှ ရုပ်ရှင် အနုပညာအပါအဝင် အနုပညာတွေအားလုံး ကြာရှည်ခိုင်ခံ့ တည်တံ့နိုင်မယ့် အရည် အသွေး မြင့်တက်မှုတွေ ရရှိလာနိုင်ကြမှာ ဖြစ်ပါတယ်။ လောလောဆယ်တော့ မြန်မာ နိုင်ငံမှာ အနုပညာတွေ တိုးတက် ဖွံ့ဖြိုးလာနိုင်ဖို့ ဇောက်ထိုးမိုးမျှော်အခြေအနေမှာ ရှိနေလို့ ဖြစ်ပါတယ်။ အမြန်ဆုံး ပြန်လည် တည့်မတ်နိုင်ကြပါစေ။

ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာပြည်ကို ဗီဒီယို နည်းပညာဝင်လာတာ ဝင်းဖေ မှတ်မိသလောက်ကတော့ အလွန် နှေးကွေးပြီး၊ အလွန်နောက်ကျပါတယ်။ ၁၉၆၀ နောက်ပိုင်းနှစ် တွေလောက်မှာ ရှားရှားပါးပါး အဖြူအမည်း ဗီဒီယိုစက်၊ ပြစက် ကလေးတွေ အစိုးရဝန်ကြီးတွေဆီကို စပြီးတော့ ဝင်လာပါတယ်။ ဗိုလ်ချုပ်နေဝင်း ပြီးရင် ကုန်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်တင်ဖေက အစောဆုံး ကိုင်တွယ်သူ ဖြစ်ပါ လိမ့်မယ်။ ပြည်သူလူထုအရပ်သားတွေ လက်ထဲမှာ မတွေ့ကြရပါဘူး။ အဖြူအမည်း ဗီဒီယိုစက်ကို အရပ်သားထဲက ပထမဆုံး ကိုင်နိုင်တဲ့အထဲမှာ မင်းသားကြီး ဝင်းဦး ပါပါတယ်။ ဝင်းဖေက သုတေသီ မဟုတ်တော့ အတိအကျတော့ မသိပါဘူး။ ဒါပေမဲ့ စစ်အစိုးရကြောင့် ပြင်ပနိုင်ငံတွေနဲ့ အဆက်အဆံကျဲမှု၊ ဟိုပိတ်ဒီပိတ်၊ ကာဆီး၊ တားမြစ် ကန့်သတ်မှုတွေကြောင့် နှေးကွေးနောက်ကျနေတာ ဖြစ်ပါတယ်။ စီးပွားရေးတို့၊ ကျန်းမာရေးတို့၊ ပညာရေးတို့၊ လူမှုရေးတို့ အားလုံးဒီလိုပါပဲ။ ဆေးရောင်စုံ ဗီဒီယိုဝင်လာတာလည်း အလွန်နောက်ကျ နှေးကွေးတာပါပဲ။ အုပ်ချုပ်တဲ့ စစ်အစိုးရအနေနဲ့ အခြေခံတွေးခေါ်မှုနဲ့ စီမံခန့်ခွဲမှု အမှားတွေ အမြောက်အမြား ဆက်တိုက်ကျင့်သုံးလာတဲ့ နိုင်ငံမှာ ဒီအကျိုးဆက်တွေဟာ မဆန်းပါဘူး။ ထားပါတော့ ... ဝင်းဖေက အဓိက ပြောချင်တာက ... ဗီဒီယိုနည်းပညာဝင်လာလို့ မြန်မာ့ရုပ်ရှင်လောက ဘာတွေ တိုးတက်လာသလဲဆိုတာကို တွေးမိလို့ပါ။

တချို့ကတော့ ဗီဒီယိုဆိုတာ ရုပ်ရှင် မဟုတ်ဘူးတဲ့။ ရုပ်ရှင်ဆိုတာ ဖလင်နဲ့ ရိုက်မှရုပ်ရှင်တဲ့။ နည်းပညာမတူတာကို ခွဲပြီးတော့ ပြောနေကြတာပါ။ တစ်ခါက ဒါရိုက်တာကြီး ရွှေဒုံးဘီအောင်က ... ခပ်သောသောနဲ့ ပြောဖူးပါတယ်။ “အရုပ် ကလေးတွေ ရှင်နေတာဟာ ရုပ်ရှင်ပါပဲ” ... တဲ့။ ရှင်းနေတာပါပဲ။ အနားမှာရှိတဲ့ သူ့တပည့်တစ်ယောက်က ... အသံကလေးတွေရော ဆရာကြီး ... လို့မေးတော့ ဆရာကြီး ရွှေဒုံးဘီအောင်က ... နင့်အမေလင် ရုပ်ရှင်စပေါ်စက အသံတိတ်ကွ၊ အသံမပါသေးဘူး ... လို့ ပြောပါတယ်။ ဘာပဲပြောပြော ... ဗီဒီယိုတို့၊ တီဗီတို့မှာ လည်း အရုပ်ကလေးတွေ ရှင်နေလေတော့ ရုပ်ရှင်ပါပဲခင်ဗျာ။ အဲ ... အသံကလေးတွေ လည်း ရှင်ပါတယ်။

ပထမဆုံးအချက်က ဖလင်နဲ့ ရုပ်ရှင်ရိုက်တာထက် ဗီဒီယိုနဲ့

ရုပ်ရှင်ရိုက်ရတာ စရိတ် အများကြီးအများကြီး ပိုပြီးတော့သက်သာပါတယ်။ အထူးသဖြင့် မြန်မာပြည်မှာ ဖလင် သိပ်ရှားပါတယ်။ အလွန် ဈေးကြီးပါတယ်။ ဖလင်နဲ့ရိုက်ရင် တစ်စက္ကန့်မှာ တစ်ပေခွဲကုန်ပါတယ်။ များသောအားဖြင့် ပေ ၄၀၀ လိပ်တွေ သုံးကြပါတယ်။ ထောင် လိပ်လည်း ရှိတော့ ရှိပါတယ်။ ဖလင် ပေ ၄၀၀ လိပ် တစ်လိပ်ကို ၄ မိနစ်ကျော်ကျော် ၅ မိနစ် နီးပါးလောက်ပဲ ရိုက်လို့ရပါတယ်။ တစ်လိပ်ကုန်ရင် ဖလင် ထပ်ဖြည့်ရပါတယ်။ အချိန်ကြာကြာ ဆက်တိုက်ရိုက်ဖို့ ဖလင်နဲ့ဆိုရင် ခက်ပါတယ်။ ဗီဒီယိုကတော့ ရိုက်ပါလေ့။ အရင်တုန်းက Analog ခေတ်ကတောင် တိတ်ခွေတစ်ခွေကို တစ်နာရီ လောက် ရိုက်ရတယ်။ အခု Digital ခေတ်မှာတော့ ပြောမနေနဲ့တော့။ ဆက်တိုက် ၂ နာရီ၊ ၃ နာရီ ရိုက်မလား၊ အိုကေပဲ ... Digital Tape ပဲ သုံးတယ်ထားဦး ရုပ်ရှင်ကားကြီးတစ်ကားရိုက်ဖို့ ဖလင်ဖိုးထက် စရိတ်က အဆပေါင်းတစ်ထောင် လောက် သက်သာပါတယ်။ ဖလင်ဖိုးတစ်ပြားမှ မကုန်တော့သလိုပါပဲ။ ဒီနေရာမှာတင် ရိုက်ပေ အများကြီးဖြုန်းနိုင်တဲ့အတွက် ရုပ်ရှင်ရိုက်ချက်တွေ ပိုကောင်းလာဖို့ အခွင့်အရေးက သိပ်ကြီးသွားပါပြီ။ ဖလင်သမားတွေပြောနိုင်တာက အရုပ်ကြည်လင်ပြတ်သားပုံချင်း Resolution ကွာတယ်ဆိုတဲ့အချက် တစ်ခုပါပဲ။ ဒါလည်း မြန်မာပြည် မှာတော့ ရုပ်ရှင်ရိုက်စက်တွေ၊ ကူးဆေးစက်တွေဟာ အသစ်တွေ မဝယ်နိုင်လို့ မှန်ဘီလူးတွေကအစ သိပ်ညံ့တဲ့အတွက် ... ဗီဒီယို အရုပ်တွေက ဖလင်ထက်ပိုတောင် ကောင်းနေပါသေးတယ်။ ဗီဒီယိုကင်မရာတွေက အလယ်အလတ် အမျိုးအစားတွေ ဆိုရင် တန်ဖိုးက လက်လှမ်းမီကြပါတယ်။ များများဝယ်ပြီး များများသုံးနိုင်ကြပါတယ်။ ရိုက်ကွင်းတွေမှာ တစ်ပြိုက်နက်တည်း စက် ၂ လုံး/ ၃ လုံး ရိုက်နိုင်ကြပါတယ်။ ဖလင်မှာဆို အဲဒီလိုရိုက်ရင် ဖလင်ဖိုးနဲ့တင် မွဲသွားနိုင်ပါတယ်။

ဗီဒီယိုရိုက်စက်တွေက ပေါ့ပေါ့ပါးပါးတွေဆိုတော့ .... လှုပ်လို့ရှားလို့ သိပ်လွယ်ပါတယ်။ ဖလင်ကင်မရာတွေမှာ မလုပ်နိုင်တာတွေ အများကြီးကို လုပ်နိုင်လာကြပါတယ်။ ဗီဒီယိုရိုက်စက်တွေမှာက အထူးပြုလုပ်ချက်တွေကို ခလုတ်နှိပ်လိုက်ရုံနဲ့ ဖလင်မှာ အိပ်မက်တောင် မမက်နိုင်တာတွေကို အလွယ်တကူ လုပ်နိုင်ကြပါတယ်။ ဖလင်မှာဆိုရင် ရိုက်ပြီးရင် နဂ္ဂတစ်ဆေးဦး၊ ပေါ့စတစ်ကူးဦး ဆိုတာတွေကို အချိန် လည်း ယူရတယ်၊ စရိတ်လည်း အများကြီး ကုန်ပါတယ်။ ပြီးမှ ရိုက်ထားတဲ့အရုပ်တွေ ကောင်းသလား/ ဆိုးသလား ကြည့်လို့ရတာပါ။ ဗီဒီယိုမှာကတော့ ခုရိုက်၊ ခုကြည့်၊ မကြိုက်သေးရင် ချက်ချင်းပြန်ရိုက် အလွယ်ကလေးပဲ။ ဇာတ်ကောင်တွေရဲ့ အမူအရာ၊ အလှုပ်အရှား၊ ဇာတ်ပုံအယူအဆ၊ အလင်းအမှောင်၊ အဖြတ်အတောက် ... အများကြီး စိတ်ကြိုက်ချက်ချင်းလုပ်လို့ ရနိုင်ပါတယ်။ ဖလင်နဲ့ရိုက်ကူးရတာထက် အဆပေါင်း များစွာ ပိုပြီးတော့ လွယ်ကူပေါ့ပါးပါတယ်။ အရေးအကြီးဆုံးကတော့ ... ရုပ်ရှင်

အနုပညာဖန်တီးရာမှာ စက်မှုနည်းပညာရဲ့ အချုပ်အချယ်၊ ငွေကြေးစရိတ်ကုန်ကျမှုရဲ့ အကန့်အသတ်တွေ အများကြီး ပေါ့ပါးလွတ်လပ်သွားတဲ့ အချက်ပါပဲ။

ပင်ရင်း အဓိကရုပ်ရှင်အနုပညာဖြစ်တဲ့ ... ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သရုပ်ဆောင် အမူအရာ၊ အပြောအဆို ... စတာတွေမှာ ... ဖလင်နဲ့ရိုက်ကြရတာထက် အများကြီးအများကြီး ပိုပြီးတော့ အာရုံစိုက်နိုင်လာကြပါတယ်။ ဗီဒီယိုရုပ်ရှင် နည်းပညာမှာ အထူးပြုလုပ်ချက် အသစ်အသစ် တီထွင်မှုတွေဟာ ရက်ပိုင်း လပိုင်းအတွင်း မှာကိုပဲ အမျိုးမျိုး ပြောင်းလဲ တိုးတက်နေပါတယ်။ စောင့်ကြည့်လေ့လာနေတဲ့သူတွေ လိုက်မမီနိုင်လောက်အောင် မြန်ဆန်လွန်းနေတယ်လို့တောင် ပြောရမလို ဖြစ်နေပါတယ်။ ဒါ့ကြောင့် မြန်မာဗီဒီယိုရုပ်ရှင်လောကမှာ တိုးတက်မှုတွေ အများကြီး တွေ့လာ ရပါတယ်။ ဒါပေမဲ့ အစစအရာရာ အခွင့်သာလာတဲ့တိုင်အောင် ဆူလွယ်နပ်လွယ်တွေ ဆက်ပြီး ထပ်နေကြတာတွေကလည်း အများကြီးအများကြီး တွေ့နေရပါတယ်။

ဒီချွတ်ယွင်းချက်တွေကို သက်သာလာစေနိုင်တာကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ... မှန်ကန်၊ တည်ငြိမ်၊ ခိုင်ခံ့လာဖို့ လိုပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာ့ရုပ်ရှင်မှာရော ကမ္ဘာ့ရုပ်ရှင် မှာပါ ဈေးကွက်အတွက် ထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီးတော့ အလေ့အကျင့် လုပ်ရိုး လုပ်စဉ် အလွန်နည်းပါးတဲ့ ကိစ္စတစ်ခုရှိပါတယ်။ အဲဒါကတော့ ... သရုပ်ဆောင်သစ် တွေနဲ့ ရိုက်ကူးထုတ်လုပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ သရုပ်ဆောင်သစ်တွေကတော့ တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါ်လာနေကြ တာပါပဲ။ အသစ်တွေကို အဟောင်းတွေနဲ့ ညှပ်ညှပ်တင်ရင်းနဲ့ တစ်ယောက်ပြီး တစ် ယောက် မွေးယူရတဲ့သဘောပါ။

ဒါပေမဲ့ လူသိပြီးသား ဇာတ်ကောင်နဲ့ကို မရိုက်ချင်တာ၊ မျက်နှာသစ်နဲ့ကို ရိုက်ပြီး ဇာတ်ကို လတ်လတ်ဆတ်ဆတ်ရှိစေချင်လို့ ရိုက်တာကတော့ အတော်ကြီးကို ရှားပါတယ်။ မြန်မာရုပ်ရှင်မှာ လူသိများတာကတော့ ... ဒါရိုက်တာ ရှုမဝဦးကျော် တို့၊ ဒါရိုက်တာ ဆရာကြီး ဦးသာစု တို့ဖြစ်ကြပါတယ်။ ရှုမဝ ဦးကျော်ဆိုရင် ဇာတ်ကောင်အသစ်တွေ မွေးတာကို အလွန် နှစ်သက်ပုံရပါတယ်။ ရှုမဝ ရုပ်ရှင် သင်တန်းဆိုတာကိုက မြန်မာရုပ်ရှင် သမိုင်းဝင်ပါပဲ။ ရှုမဝ စမ်းစမ်းအေးတို့ မောင် ယဉ်ထွေးတို့ကစပြီးတော့ ဇော်ဝမ်း၊ စိန်မြင့်၊ လင်းထင်၊ ဆွေဇင်ထိုက်၊ ခင်သန်းနွယ် ... စသည်ဖြင့် ဇာတ်ပို့၊ ဇာတ်ရန်တွေ ဇာတ်ဆောင်အသစ်တွေလည်း အများကြီး မွေးထုတ်နိုင်ခဲ့ပါတယ်။ ဆရာဦးသာစု ကျပြန်တော့လည်း ... ပထမဦးဆုံး က မင်းသမီးမြတ်မွန်ကို မွေးထုတ်လိုက်တယ်။ နောက်သားတွေ ဖြစ်ကြတဲ့ သုမောင်တို့၊ ရှုပတို့ ... အထူးခြားဆုံးကတော့ သူ့ဟာ သူ့အစိက ဇာတ်ကောင်လုပ်ပြီး တော့ ... ညွှေ့သည်ဇာတ်ကားကို ရိုက်ကူးလိုက်ခြင်းပါပဲ။ အောင်မြင်လိုက်တာမှ ဝက်ဝက်ကွဲပါပဲခင်ဗျာ။ ဘယ်တော့ပြပြ၊ ဘယ်ခေတ်မှာ ပြန်ပြပြ လူကြိုက်များနေ တာပါပဲ။

လူကြိုက်များပြီးသား သရုပ်ဆောင်တွေနဲ့ရိုက်မှ ကြိုက်တာ မဟုတ်ပါဘူး။ ဇာတ်လမ်းကောင်းရင်၊ တင်ပြပုံကောင်းရင်၊ ပရိသတ်ခိုက်အောင်ပြနိုင်ရင် အောင်မြင် တာပါပဲဆိုတာကို သက်သေပြတဲ့ ရှားရှားပါးပါး အောင်မြင်မှုတွေပါပဲ။ အသစ်တွေ ထုတ်တာတော့ ဟုတ်ပါပြီ .... လူတွေက လက်မခံရင်၊ မအောင်မြင်ရင်တော့ အလကား ပါပဲ။ ရှုမဝဦးကျော်တို့၊ ဆရာဦးသာစုတို့ကတော့ အသစ်တွေ သုံးတဲ့နေရာမှာ ပြတ်ပြတ် သားသား ရှိကြပါပေတယ်။

အောင်မြင်မှုတွေကလည်း ကြီးမားကြပါပေတယ်။ တတ် နိုင်သမျှ သေချာပေါက် အမြတ်အစွန်းရှိဖို့ စီးပွားဖြစ် ရိုက်ကူးထုတ်လုပ်ကြတဲ့ ရုပ်ရှင် ကား အားလုံးနီးပါးလောက်မှာ ... နာမည်ရပြီးသား၊ လူကြိုက်များ၊ ကျော်ကြားပြီး သား၊ အတွေ့အကြုံများပြီးသား သရုပ်ဆောင်ပညာသည်တွေကို သုံးပြီးတော့ ရိုက်ကူး လေ့ရှိကြပါတယ်။ ဒီလုပ်ထုံးလုပ်နည်းဟာ အလွန် သဘာဝကျပါတယ်။ လုပ်ငန်း အောင်မြင်ဖို့အတွက်လည်း အလွန်စိတ်ချရတဲ့ နည်းဖြစ်ပါတယ်။ ပရိသတ်က လက်ခံ ပြီးသား၊ ကြိုက်ပြီးသား ပညာသည်တွေဖြစ်နေတဲ့အတွက် ပရိသတ်ရဲ့မေတ္တာ၊ ပရိသတ် ရဲ့ ယုံကြည်မှုကို ရပြီးသား ဖြစ်နေပါတယ်။ လုပ်ငန်းအတွေ့အကြုံ ရှိပြီးသားတွေမို့ လုပ်ငန်းခွင်မှာ မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေ မရှိနိုင်တော့ပါဘူး။ အောင် မြင်တဲ့အခါမှာလည်း ထူးပြီးတော့ အံ့သြချီးကျူးနေစရာလည်း မရှိပါဘူး။ ရုပ်ရှင် စီးပွားရေးနယ်မှာ စကားပုံရိုင်းရိုင်းနဲ့ ပြောနေကြတာကတော့ မျောက်ပြပြီးဆန်တောင်း တဲ့ နည်းတဲ့လဗျာ။ နာမည်ကြီး သရုပ်ဆောင် အနုပညာသည်တွေလည်း မျောက်တွေ ဖြစ်ကုန်ကြတော့တာပါပဲ။ ဒီဝေဖန်ချက်ကတော့ ရိုင်းစိုင်းတာ သက်သက်ပါပဲ။

အဲ .. ဒီလိုလုပ်ကြတဲ့သူတွေမှာ အပြစ် မရှိပါဘူး။ ဝါရင့်ပညာသည်တွေကို သုံးချင်တာအပြစ်မှ မဟုတ်ဘဲ။ ဇာတ်ကောင်သစ်၊ မျက်နှာသစ်တွေအကြောင်း ပြော နေတုန်း ... အိန္ဒိယနိုင်ငံက ကမ္ဘာကျော် ဘင်္ဂါလီ ဒါရိုက်တာကြီး အင်္ဂလိပ်လိုထွက်ရင် ဆာတီရာဂျစ်ရေးကို သတိရမိပါတယ်။ သူတို့ဒေသ အသံထွက်နဲ့ကတော့ ရှော်ဒူးဂျီရှိုင်းလို့ အသံထွက်ပါတယ်။ ဒီဒါရိုက်တာကြီးဟာ ၁၉၅၀ ခုနှစ်တွေမှာ ရုပ်ရှင်စရိုက်ပြီး ကမ္ဘာကျော်သွားလိုက်တာ နှစ်ပေါင်း ၄၀/၅၀ နီးပါး တောက်လျှောက် အောင်မြင်ကျော်ကြားခဲ့ပါတယ်။ ဂျပန်နိုင်ငံက ကမ္ဘာကျော်ရုပ်ရှင်ဂုရုကြီးတစ်ဆူဖြစ်တဲ့ အာကီရာကူရိုဆားဝါး ကိုယ်တိုင်က ဆော်ဒူးဂျီရှိုင်းကို ရုပ်ရှင်ပဂေးကြီးတစ်ဆူပါပဲ လို့ တရိုတသေ တလေးတစားနဲ့ သုံးနှုန်းခေါ်ဝေါ်လောက်အောင် ရှော်ဒူးဂျီရှိုင်းက ကြီးကျယ်ခဲ့ပါတယ်။

ကမ္ဘာ့ရုပ်ရှင်လောကမှာ နိုင်ငံတကာဆုတွေ အများဆုံးကို နှစ်ရှည်လများ ဆက်တိုက်ရရှိနေတာဟာ ဉရောပတိုက်သားတွေလည်း မဟုတ်ပါဘူး၊ ရုရှားတွေလည်း မဟုတ်ပါဘူး၊ ဂျပန်တွေလည်း မဟုတ်ပါဘူး၊ တရုတ်တွေလည်း မဟုတ်ပါဘူး ... ဒီအိန္ဒိယနိုင်ငံက ဒီ ရှော်ဒူးဂျီရှိုင်းဆိုတဲ့ ဒါရိုက်တာကြီးဖြစ်ပါတယ်။ အမေရိကားက ကာတွန်းဝိဇ္ဇာကြီး ဝေါ့ဒစ္စနီကလွဲရင် ဒီဘင်္ဂါလီဒါရိုက်တာကြီး ရှော်ဒူဂျီရှိုင်းဟာ နိုင်ငံတကာ ရုပ်ရှင်ဆုတွေကို အများဆုံးရရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပါတယ် ခင်ဗျား။ အာရှတိုက်သားတွေ အလွန်ဂုဏ်ယူကြဖို့ကောင်းပါတယ်။ ကမ္ဘာ့ရုပ်ရှင် ပညာသည်ဆုနဲ့ပတ်သက်လို့ သိက္ခာအကြီးဆုံးလို့ဆိုတဲ့ ကန်းရုပ်ရှင်ပွဲတော် အပါ အဝင် တစ်ကမ္ဘာလုံးက

ရုပ်ရှင်ပွဲတော်ပေါင်း မြောက်မြားစွာမှာ ဆုပေါင်းမြောက်မြားစွာ ရခဲ့ပါတယ်။ ဟောလိဝုဒ်က ကမ္ဘာ့ရုပ်ရှင်ပညာဆုမှာ အမြင့်မားဆုံး ဆုတစ်ဆုဖြစ်တဲ့ တစ်သက်တာ ရုပ်ရှင်ပညာထူးချွန်ဆုကိုလည်း ရှော်ဒူဂျီရှိုင်းပဲ ရခဲ့တာပါပဲ။ အိန္ဒိယရုပ်ရှင်လောကမှာတင် ဆုပေါင်း ၃၂ ဆု ရပါတယ်။ အိန္ဒိယအစိုးရက ရှော်ဒူဂျီရှိုင်းကို အရပ်သားများအနေနဲ့ အမြင့်မားဆုံး အနုပညာဆုဖြစ်တဲ့ ဘရပ် ရတ္တနာ ဆုကို ချီးမြှင့်ခဲ့ပါတယ်။ နှစ်ပေါင်း ၃၀ လောက် ကမ္ဘာ့အကောင်းဆုံး ဒါရိုက်တာများ ၁၀ ဦး စာရင်းမှာ ဒါရိုက်တာကြီးရှော်ဒူဂျီရှိုင်းဟာ ထိပ်တန်းမှာ အမြဲ ပါဝင်ခဲ့ပါတယ်။

တစ်ခုတော့ ရှိပါတယ် … ဒါရိုက်တာကြီး ရှော်ဒူဂျီရှိုင်းရဲ့ ရုပ်ရှင်ကားတွေဟာ အိန္ဒိယရုပ်ရှင်ဈေးကွက်မှာ မအောင်မြင်ပါဘူး။ ကမ္ဘာ့ရုပ်ရှင်ဈေးကွက်မှာလည်း မအောင်မြင်ပါဘူး။ ဒါပေမဲ့ ကမ္ဘာ့ရုပ်ရှင်ဈေးကွက် အဆင့်မြင့်ရုပ်ရှင်ဝါသနာရှင်များ၊ ရုပ်ရှင်ပညာရှင်များ၊ ပညာသည်များ ဈေးကွက်မှာတော့ အထူးအောင်မြင်တာတွေ ဖြစ်ပါတယ်။ သူ့ရဲ့အရင်းအနှီးက နည်းလေတော့ အဲဒီလိုပညာရှင်များ ဈေးကွက်နဲ့ တင်ကို သူက အများကြီး အမြတ်အစွန်းတွေ ရပါတယ်။

ဒီဒါရိုက်တာကြီးရဲ့ ထူးခြားချက်ပေါင်းများစွာထဲမှာ ဇာတ်ကောင်သစ်၊ မျက်နှာ သစ်၊ သရုပ်ဆောင်သစ်များနဲ့ ရိုက်ကူးခြင်းပဲ ဖြစ်ပါတယ်။ ကမ္ဘာကျော် ဘင်္ဂါလီ စာရေးဆရာကြီး ဘီဘူးသီးဘူး ဆန် ဗာနာဂျီးရဲ့ ဝတ္ထုကို အပူရာဂျစ်တို၊ ပသာ ပန်ချားလီနဲ့ အပူဆန်းစားဆိုပြီးတော့ Trilogy ရုပ်ရှင် ၃ ကား ရိုက်ကူးထုတ်လုပ် ရာမှာ ဇာတ်ကောင်တွေအားလုံး မျက်နှာသစ်တွေ၊ သရုပ်ဆောင်သစ်တွေသာ ဖြစ်ကြ ပါတယ်။ သရုပ်ဆောင်ပညာ ကျွမ်းကျင်ပြီးသား ပညာသည်တွေကို သရုပ်ဆောင်မှု လွန်ကဲမသွားအောင် ထိန်းချုပ်ပေးရတာဟာ သရုပ်ဆောင်သစ်တွေကို မိမိလိုသလို ရအောင် လေ့ကျင့် သင်ကြား ပေးရတာထက်ခက်တယ်လို့ ရှော်ဒူဂျီရှိုင်းက ယုံကြည် နေပုံရတယ်လို့ ဝေဖန်ရေးဆရာတစ်ယောက်က မှန်းဆကြည့်ဖူးပါတယ်။

မြန်မာ ရုပ်ရှင် လောကမှာလည်း မျက်နှာသစ်များနဲ့ ရိုက်ကူးလိုကြတဲ့ ရုပ်ရှင် ဒါရိုက်တာတွေလည်း များများ ပေါ်ပေါက်နိုင်ကြပါစေဗျား။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

[၁၁၇]

သောတရှင်များခင်ဗျား ...

ရုပ်ရှင်စျေးကွက် အကြောင်း အရုပ်သားတွေး တွေးရင်း၊ ပြောရင်း မြန်မာ အနုပညာပစ္စည်းတွေရဲ့ ဈေးကွက် သမိုင်းကို မမိမကမ်းနဲ့ ဆင်ခေါင်းခွေးချီသလို တွေးမိပြန်ပါတယ်။ အများကြီး လိုနေမှာတွေ၊ မှားသွားတာတွေကတော့ သူ့ သဘာဝအတိုင်း ရှိမှာပါပဲ။ တွေးစရာရှိတာကိုတော့ တွေးကြည့်သင့်တယ်၊ မေးစရာ ရှိတာကိုတော့ မေးကြည့်သင့်တယ်လို့ ထင်ပါတယ်။ အပိုင်သိတဲ့လူတွေ ပြင်ပေးလိမ့် မပေါ့။ ဖြည့်စရာရှိတာတွေ ဖြည့်ပေးကြလိမ့်မပေါ့။

မြန်မာအနုပညာတွေ ... ကွက်ပြောရလို့ရှိရင် ... ထင်သာမြင်သာ လွယ်ကူတဲ့ ပန်းပုနဲ့ ပန်းချီအကြောင်းကိုပဲ စဉ်းစား ကြည့်ကြရအောင်ပါ။ သမိုင်း အထောက်အထား တွေအရ ... မြန်မာ ပန်းချီနဲ့ ပန်းပုတွေကို ဘယ်လိုနေရာတွေမှာ တွေ့ကြရပါသလဲ။ ထင်ရှားတာကတော့ ... ဘာသာရေး အဆောက်အဦတွေမှာ များတာပါပဲ။ ဘုရား၊ ပုထိုးတွေ၊ ဘုန်းတော်ကြီးကျောင်းတွေမှာ ... ပန်းပုတွေ၊ နံရံဆေးရေးပန်းချီတွေ အများကြီးတွေ့ကြပါတယ်။ နောက်တစ်ခု ... သတိထားမိစရာ ကောင်းတာက ဘုရား ပုထိုး အမြောက်အမြားကို အုတ်နဲ့၊ အင်္ဂတေနဲ့ အခိုင်အခံ့ ဆောက်ထားတာတွေ ရှိပေမဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ လူနေအိမ်တွေ၊ နန်းတော်တွေကို အုတ်နဲ့ အင်္ဂတေနဲ့ ဆောက်တာ သိပ်နည်းနေတဲ့ ကိစ္စပါပဲ။ ရာသီဥတုဒဏ်ကို တာရှည်ခံနိုင်တဲ့၊ ခိုင်ခံ့တဲ့၊ ထုထည်ကြီးမားတဲ့၊ အသုံးဝင်မှုလည်း အများကြီးတာသွားတဲ့ ... အုတ်၊ အင်္ဂတေ အဆောက်အဦတွေကို နန်းတော်ကြီးတွေ၊ လူနေအိမ်တွေအဖြစ် ဘာ့ကြောင့်မဆောက်ခဲ့ ကြတာလဲ ... မဆောက်တတ်လို့ မဟုတ်တာတော့ သေချာပါတယ်။ ဘုရားပုထိုးတွေကို အံ့ခမန်းဆောက်ခဲ့ကြတာ အများကြီး တွေ့နေရတာပါပဲ။ ကာလအရပြောရမယ် ဆိုရင် ... အဆင့်မြင့် ဗိသုကာပညာ၊ အဆင့်မြင့် အင်ဂျင်နီယာ ဆောက်လုပ်မှု ပညာတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာ့ကြောင့် နန်းတော်ကြီးတွေ၊ လူနေအိမ်ခြေတွေကို ကြာရှည် မခံတဲ့ ... သစ်တွေဝါးတွေနဲ့ ဆောက်ခဲ့ကြတာလဲ။ ဘုန်းတော်ကြီးကျောင်းတွေကို တောင် သစ်တွေဝါးတွေနဲ့ ဆောက်ခဲ့ကြပါတယ်။ အုတ်/ အင်္ဂတေနဲ့ ဆောက်တဲ့ ဘုန်းတော်ကြီးကျောင်းဆိုလို့ ... ဝင်းဖေရဲ့ဆီးစေ့လောက်ရှိတဲ့ အတွေ့အကြုံနဲ့ပြောရရင်... အင်းဝက နန်းမတော်မယ်နု အုတ်ကျောင်းကြီးပဲ ရှိပါတယ်။

အုတ်/အင်္ဂတေ အတတ်ပညာမှာ အလွန်ခေတ်စား ထွန်းကားခဲ့တဲ့ ပုဂံခေတ်မှာ အုတ်/အင်္ဂတေနဲ့ ဆောက်တဲ့ ဘုန်းတော်ကြီး ကျောင်းတွေ ဘာ့ကြောင့် ရှားပါးနေခဲ့ရ တာလဲ ...။ ဒီအချက်နဲ့ပတ်သက်လို့ လူသိအများဆုံးကတော့ ... မြန်မာပြည်မှာ ဗုဒ္ဓဘာသာ ထွန်းကားခဲ့ပြီး ဘာသာရေးအရ ... လောကီ၊ လောကုတ္တရာ ခွဲခြား တန်ဖိုး ဖြတ်ကြရာမှာ ... သမုဒယသံယောဇဉ် မထားအပ်၊ မပွားအပ်တဲ့ လောကီကိစ္စတွေကို ကြာရှည်တည်တံ့ ခိုင်ခံ့အောင် မလုပ်အပ်ဘူးလို့ ...ခံယူခဲ့ကြပုံရတယ်လို့ သုံးသပ်ကြပါတယ်တဲ့။

ဒါ့ကြောင့် ... လောကီရေးရာတွေ အတွက်သာ ဖြစ်တဲ့ ... နန်းတော်တို့၊ လူနေ အိမ်တွေဆိုတာတွေကို ... အုတ်/အင်္ဂတေနဲ့ မဆောက်ရ၊ သစ်တွေ/ဝါး တွေနဲ့သာ ဆောက်သင့်တယ်၊ ဆောက်ကြရမယ်လို့ ... ခံယူခဲ့ကြပုံရတယ် ... ဆိုတဲ့ အတွေးအမြင် ပါပဲ။ မာန်မာန၊ အတ္တ အလွန်ကြီးတတ်ကြတဲ့ ဘုရင်တွေနဲ့တကွ၊ အုပ်ချုပ်ရေး လူတန်းစားတွေ ကိုယ်တိုင်တောင်မှ ... တင်းတင်းကျပ်ကျပ်၊ ခိုင်ခိုင်မာမာ လိုက်နာ ခဲ့ကြပုံရပါတယ်။ ဒါပေမဲ့ ... ဘာသာရေးထဲမှာပါတဲ့ ဘုန်းတော်ကြီးကျောင်းတွေကို ဘာ့ကြောင့် အုတ်/အင်္ဂတေနဲ့ မဆောက်ခဲ့ကြတာလဲ ... ဆိုတာကိုလည်း တွေးစရာ ဖြစ်ပြန်ပါတယ်။ ဒါတော့ ... ဘုန်းတော်ကြီးကျောင်း တွေဟာလည်း ဘုန်းတော်ကြီးတွေ သီတင်းသုံးနေထိုင်ဖို့သာ အဓိကကျတယ်၊ ကြည်ညိုကိုးကွယ်ဖို့မှ မလိုဘဲဆိုပြီးတော့ ကြာရှည် ထိန်းသိမ်းသင့်တဲ့ စာရင်းမှာမပါဘဲ ဖြစ်နေပုံရပါတယ်။

မြန်မာ့သမိုင်းတွေမှာ ပန်းချီ/ပန်းပုတွေကို ဝယ်ကြ၊ ခြမ်းကြတဲ့ အနုပညာ ဈေးကွက်အကြောင်း မတွေ့ရသလောက် ရှားပါးပါတယ်။ မြန်မာ့သမိုင်းထဲက ပန်းပု လက်ရာတွေဟာ ဘုရားပုထိုးတွေ၊ ဘုန်းကြီးကျောင်းတွေမှာပဲ တွေ့ရတာ များပါတယ်။ ကျန်ကောင်းကျန်ရာ ရှေးမြန်မာ အိမ်ကြီး/ အိမ်ကောင်းတွေမှာ ပန်းပုလက်ရာတွေ တွေ့ရတတ်ပေမဲ့ အဆောက်အဦကို အလှတန်ဆာဆင်တဲ့ ကနုတ်ပန်းမျိုးတွေပဲ ဖြစ်ပါတယ်။ ရှေးမြန်မာ ပန်းပုတွေနဲ့ ပန်းချီအများစုဟာ ဘာသာရေးနဲ့ ပတ်သက်တာ တွေပဲ များပါတယ်။ ပေတွေ၊ ပုရပိုက်တွေမှာတော့ ... နန်းတော်ကိစ္စတွေ၊ စစ်ရေးစစ်ရာကိစ္စ တွေ၊ အဆင်တန်ဆာကိစ္စတွေ၊ ဆင်ကျမ်း၊ မြင်းကျမ်း စတာတွေ ... အဓိကအားဖြင့်... သရုပ်ဖော်ပန်းချီတွေ များပါတယ်။ ပန်းချီ/ပန်းပုသက်သက်၊ အနုပညာသည် တွေရဲ့ စိတ်လိုလက်ရထုဆစ်ရေးခြယ်တဲ့ကိစ္စ တော်တော်ရှားပါးပုံရပါတယ်။

ဒီတော့ ရှေးမြန်မာ ပန်းချီ/ပန်းပု ဈေးကွက်ဟာ အပ်ထည်တွေကို လုပ်ပေးရတဲ့ ဈေးကွက်ဖြစ်ပုံရပါတယ်။ အနုပညာသည် တွေရဲ့ သူတို့စိတ်နဲ့ သူတို့ဖန်တီးချက်တွေ ဟာ မရှိနိုင်ဘူးလို့ ပြောလို့တော့ မရပါဘူး။ ရှိမှာ

သေချာပါတယ်။ ဒါပေမဲ့ ... ရှေးမြန်မာ အနုပညာဈေးကွက်ကတော့ ...ဘုရင်တို့၊ မှူးကြီးမတ်ရာတို့၊ သူဌေးသူကြွယ်တွေရဲ့ အပ်ထည်တွေကို လုပ်ပေးကြရတဲ့အစဉ်အလာနဲ့ ဝန်းကျင်က အကြီးအကျယ် လွှမ်းမိုး တွင်ကျယ်ခဲ့ပုံ ရပါတယ်။ အနောက်နိုင်ငံ ဥရောပအနုပညာလောကမှာလည်း မင်းစိုး ရာဇာနဲ့ သူဌေးသူကြွယ် တွေရဲ့ အပ်ထည်တွေကို လုပ်ပေးကြရတဲ့ခေတ်ဟာ အတော်ကြီး ကြီးမားခဲ့ပါတယ်။ ဒါပေမဲ့ ဥရောပမှာတော့ ပန်းချီပန်းပု ဈေးကွက် သက်သက်ကို သိသိသာသာ ထွန်းကားခဲ့ပါတယ်။ ဒီကနေ့ခေတ်ကျတော့ အနောက်နိုင်ငံတွေမှာက အနုပညာ ဈေးကွက်ဟာ ဒေါ်လာသန်းပေါင်း ထောင်ချီသောင်းချီပြီးတော့ ရင်းနှီး မြှုပ်နှံကြတဲ့ တကယ့်ပီဘိ စီးပွားရေး ဈေးကွက်ကြီးတွေ ဖြစ်နေပါပြီ။

မြန်မာ အနုပညာလောကရဲ့ စီးပွားရေး သဘာဝဟာ အများကြီး ခေတ်နောက် ကျပြီးတော့ ကျန်ခဲ့သလိုဖြစ်နေတယ်လို့ ပြောရမလို ဖြစ်နေပါတယ်။ ဒါဟာ မြန်မာ နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်နောက်ကျနေမှုရဲ့ တိုက်ရိုက်အကျိုးဆက်ပါပဲ။ ဒီဘက်ခေတ် ရောက်လာတဲ့အခါမှာ မြန်မာပန်းချီလောကမှာ ဈေးကွက်သဘာဝ ပြောင်းလဲ လှုပ်ရှားစပြုလာပါတယ်။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေး မတည်ငြိမ်တဲ့အတွက် မြန်မာ့စီးပွားရေး မရေမရာဖြစ်နေတုန်းမို့ မြန်မာ့အနုပညာ ဈေးကွက်တွေလည်း ဆက်ပြီးတော့ကာ ဝိုးတိုးဝါးတားတွေ ဖြစ်နေဦးမှာပါပဲ။ ခေတ်သစ် မြန်မာပန်းချီကား တွေအတွက် ဈေးကွက်ကတော့ မြန်မာနိုင်ငံကို အင်္ဂလိပ်တွေအုပ်စိုးတဲ့ခေတ်မှာ စတင်ခဲ့ ပါတယ်။ အနောက်တိုင်း ပန်းချီရေးနည်းရေးဟန်တွေနဲ့အတူ မြန်မာ့ပန်းချီကား ဈေးကွက် ပီပီပြင်ပြင်ပေါ်လာခဲ့ပါတယ်။ နောက်မြန်မာတွေ လွတ်လပ်ရေးရလာတဲ့ အခါမှာ ရှေးမြန်မာခေတ်များကနီးပါး ပန်းချီဈေးကွက် ပြန်လည်ခြောက်ခန်းသွားတာကို တွေ့ရပြန်ပါတယ်။ မြန်မာပန်းချီပန်းပုအတွက် ပြည်တွင်းဈေးကွက်ဟာ မရှိဘူးလို့ ပြောရလောက်အောင်ကို အားနည်းချည့်နဲ့ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်ခင်က မြန်မာပန်းချီကားများအတွက် ဆန်းပြားတဲ့ ပြခန်း သဘာဝတစ်ခုကို ဆက်လက်တင်ပြ ပေးဦးမှာပါ ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေရဲ့ ဆီးစေ့ လောက်ပဲရှိတဲ့ အတွေ့အကြုံ အရ မြန်မာ့သမိုင်း ရှေးဘုရင်တွေ လက်ထက်မှာ ပန်းပု/ပန်းချီပြပွဲတွေ ပြသခဲ့တယ် ဆို တဲ့ ကိစ္စကို မကြားဖူးခဲ့ပါဘူး။ ဂီတပွဲသဘင်တွေ၊ ပြဇာတ် တွေ၊ အမြင့်ပွဲသဘင်တွေ၊ အနိမ့်ပွဲသဘင်တွေ ... စတာ ဆိုတာမျိုးတွေ ... ရေခင်းတော်ဆိုတာတွေ၊ မြင်းခင်း၊ ဆင်ခင်းဆိုတာမျိုးတွေ ကြားဖူး ပါတယ်။ ပန်းချီပြပွဲ သဘင်ဆိုတာမျိုး မကြားဖူးခဲ့ပါဘူး။ ပေတွေ၊ ပုရပိုက်တွေ၊ ဘုရား နံရံဆေးရေးပန်းချီ တွေမှာလည်း ပန်းချီပြပွဲကျင်းပနေပုံ ... စတာမျိုးတွေကို မတွေ့ဖူးပါဘူး။ မြန်မာ့ သမိုင်းရဲ့ နောက်ဆုံး ကုန်းဘောင်မင်းဆက်၊ ရတနာပုံခေတ်ကျတော့မှ ... ပန်းချီဆရာ ချုံတို့၊ ပန်းချီဆရာပုံတို့၊ ဆရာဦးကြာညွန့် ဆိုတာတွေ ကြားဖူးလာပါတယ်။ နောက်လက်ကျန်ပုံတွေလည်း မြင်ဖူးလာပါတယ်။ သုံးစွဲတဲ့ ပန်းချီဆေး အမျိုးအစား ကလည်း တိုးတက် ပြည့်စုံလာတာ မျိုးတွေကို တွေ့လာရပါတယ်။ ဒါပေမဲ့ ပန်းချီပြပွဲ တွေ ဘာတွေရှိခဲ့တဲ့ သဘောတော့ မတွေ့ရပါဘူး။ ပန်းချီဈေးကွက် ထင်ထင်ရှားရှား ရှိခဲ့တဲ့ လက္ခဏာတွေကို မတွေ့ရပါဘူး။ အင်္ဂလိပ်တွေ ဝင်ရောက်လာပြီးတဲ့နောက် မှာတော့ ... ဥရောပတိုက်သားတွေ အနေနဲ့ကတော့ ... ပန်းချီကားကို အရသာခံတဲ့ ဓလေ့၊ ဝယ်ယူထိန်းသိမ်းစုဆောင်းတဲ့ဓလေ့က ရှိခဲ့ကြတယ်ဆိုတော့ ... မြန်မာ ပန်းချီ ဆရာကြီးတွေရဲ့ ပန်းချီကားတွေကို ဝယ်ယူစုဆောင်းတာမျိုးတွေကတော့ ရှိလာပုံ ရပါတယ်။ အနောက်နိုင်ငံက ပန်းချီစုဆောင်းမှုတွေထဲမှာ မြန်မာပန်းချီကားတွေ အတော်ကလေး တွေ့ရပါတယ်။ ဆရာချုံတို့၊ ဆရာပုံတို့ရဲ့ လက်ရာတွေကို ပြပွဲလုပ် တယ်၊ ဘာတယ်ဆိုတာမျိုးတွေလည်း မတွေ့ခဲ့ပါဘူး။ ဒါပေမဲ့ ရတနာပုံခေတ် ဘုန်းကြီး ပျံတွေမှာ ... နောက်ဆုံး ဘုန်းတော်ကြီး ရုပ်ကလာပ်ကို မီးသဂြိုဟ်တော့မယ့် လောင် တိုက်ပြာသာဒ် မဏ္ဍပ်ထဲရဲ့အောက်ခြေမှာပတ်လည်မှာတော့ ပန်းချီကားတွေ ရေးဆွဲ ပြီးတော့ လှအောင်တန်ဆာဆင်ရင်း ပန်းချီပြပွဲလိုမျိုး အများကဝိုင်းပြီး အရသာခံ ကြည့်ကြတဲ့ ဓလေ့ရှိခဲ့ဖူးတာကို ပထမကြားဖူးပါတယ်။ နောက်တော့ ဝင်းဖေ ကိုယ်တိုင် လည်း နှစ်ခါသုံးခါလောက် ကြုံဖူးကြည့်ခဲ့ရဖူးပါတယ်။

ဝင်းဖေ တွေ့ခဲ့ရတာတော့ မန္တလေးမြို့ရဲ့ အနောက်ဘက်၊ ရောဝတီမြစ်ရဲ့ အနောက်ဘက် မင်းဝံတောင်ရိုးရဲ့ အနောက်ဘက် ရွာကြီးတွေမှာပါပဲ။

အသေအချာ တော့ မမှတ်မိတော့ပါဘူး။ ဘုန်းကြီးပျံလောင်တိုက် ပြာသာဒ်အောက်ခြေ လေးထောင့် ပတ်လည် ... အတိုင်းအတာအားဖြင့် ... ပေတစ်ရာပတ်လည်လောက်ရှိမယ် ထင်ပါတယ်။ အမြင့်ပေ ကတော့ .... အဲဒီအောက်ခြေအဆင့်မှာ ၁၀ ပေလောက်ရှိပါတယ်။ အဲဒီက အထက်ကို သုံးဆင့်လောက် တဖြည်းဖြည်း အဖျားရှူးပြီး တက်သွားပါတယ်။ ထားပါတော့ .. အဲဒီကနေပြီးတော့ကာ ... ဇလားပုံတက်လိုက်၊ ပြိန်ကျဉ်းလိုက်၊ ပြိန်ပြီးကားလိုက်နဲ့ ... ဟိုးအမြင့်ဆုံး ပြာသာဒ်အောက်မှာမှ ပျံတော်မူတဲ့ ဘုန်းတော်ကြီး ရဲ့ ရုပ်အလောင်းထည့်ထားတဲ့ ခေါင်းကိုတင်ဖို့ အဆင့်ရှိပါတယ်။ အကြမ်းဖျင်းသဘောကတော့ အဲဒီလိုပါပဲ။ ပန်းချီကားတွေကို ချိတ်ဆွဲပြီး တန်ဆာဆင်ပြသတဲ့နေရာမှာ... အဲဒီအောက်ဆုံးအဆင့် ပေတစ်ရာ ပတ်လည် နေရာတွေမှာပါ။ ပန်းချီကား အရွယ်တူ၊ ဆိုဒ်တူတွေပဲ ရေးဆွဲ၊ ချိတ်ဆွဲကြတာတွေ့ခဲ့ဖူးသလို အရွယ်အစား မတူတာတွေကို ချိတ်တာလည်း တွေ့ခဲ့ဖူးပါတယ်။

ပန်းချီကားတွေက ... ဝင်းဖေ ကြုံခဲ့ဖူးတာတွေမှာတော့ ... ရှုမျှော်ခင်းပုံတွေ ဆွဲတာ တော်တော်နည်းပါတယ်။ ရုပ်ထဲရွာထဲက ရယ်စရာအဖြစ်အပျက်တွေကို သရုပ်ဖော်ရေးဆွဲကြတာတွေ များပါတယ်။ ဥပမာ ... လူတစ်ယောက်ကို ခွေးလိုက် ကိုက်လို့ ပုံပျက်ပန်းပျက်နဲ့ ပြေးနေပုံနဲ့ ... မိန်းကလေးတွေက ကြည့်ပြီး ပြုံးနေကြပုံ၊ နောက်ချောင်းထဲမှာ ရေချိုးနေတဲ့ အပျိုကလေးတွေကို သစ်ပင်ပေါ်ကတက်ပြီး ချောင်းကြည့်နေတဲ့ လူပျိုကလေးတွေပုံ၊ နောက် ... လူပျိုကလေးက အပျိုကလေးကို စာပေးလို့ အပျိုကလေးက မျက်စောင်းထိုးရင်း ညိုမြလုပ်နေပုံ ... စတာတွေ ဖြစ်ပါတယ်။ ရန်ကုန် တန်ဆောင်တိုင် မီးထွန်းပွဲ၊ ကာတွန်းပြပွဲ ထည့်တဲ့ သဘောနဲ့တူပါတယ်။ ဘုန်းကြီးပျံကို လာကြတဲ့ ပရိသတ်အနေနဲ့ ... အဲဒီလောင်တိုက် ပြာသာဒ်ကြီးရဲ့ အောက်ခြေကိုပတ်ပြီး လျှောက်ကြရင်းနဲ့ ပန်းချီကားတွေကို ကြည့်ပြီး တဝါးဝါး ရယ်ကြတာ ပါပဲ။ နောက်ပျံလွန်တော်မူတဲ့ ဘုန်းတော်ကြီးရဲ့ ငယ်စဉ်က အဖြစ်အပျက်လေးတွေကို သရုပ်ဖော် ထားတာမျိုးကလေးတွေလည်း ပါတတ်ပါတယ်။ လက်ရာ အများစုကတော့ အရပ်ထဲက ဝါသနာရှင်တွေရဲ့ လက်ရာတွေ ဖြစ်ပုံရပါတယ်။ သိပ်မကောင်းလှပါဘူး။ လက်ရာကောင်းတဲ့ ပန်းချီဆရာတွေကို သွားအပ်၊ ဆွဲခိုင်းပြီးတော့ ချိတ်ဆွဲ ပြသတာတွေလည်း ပါပုံရပါတယ်။ အဲဒီလိုပုံတွေက သိသိသာသာ ပိုကောင်းနေတာကို တွေ့ရပါတယ်။ အဲဒီလို ပုံကောင်းတွေကတော့ လောင်တိုက်ကို မီးမသင့်ဂြိုဟ်ခင် ဖြုတ်ထားလိုက်ကြပြီးတော့ ဘုန်းကြီးကျောင်းတွေမှာ သိမ်းထားလိုက်ကြတာပဲလို့ သိရပါတယ်။ ဒါကြောင့် ဘုန်းတော်ကြီးကျောင်းတွေမှာ ပန်းချီကားတွေ သိမ်းသိမ်းထားတာတွေကို မကြာခဏ တွေ့ကြရပါတယ်။ ဝင်းဖေ တွေ့ဖူးသလောက်ကတော့ ... ဒီလို ပန်းချီပြပွဲ ကလေးတွေဟာ

မြန်မာတွေရဲ့ပန်းချီပြပွဲ စစ်စစ်တွေပါပဲ။ နိုင်ငံခြားက အတုယူပြီး လုပ်ကြတာ မဟုတ်ပါဘူး။ တစ်ခုတော့ ရှိတယ် ... အဲဒီလိုဘုန်းကြီးပျံပွဲတွေမှာ အရပ်ထဲက အပျော်တမ်း ရေးဆွဲကြတဲ့ ပန်းချီကား အမြောက်အမြားကတော့ ... လောင်တိုက်ကြီးကို မီးရှို့သင်္ဂြိုဟ်တဲ့အထဲ တစ်ခါတည်းပါသွားပြီးတော့ ... မီးလောင် ပျောက်ပျက်သွားတော့တာပါပဲ။ အလွန်နှမြောစရာ ကောင်းလှပါတယ်။ ခုခေတ် ပန်းချီပြပွဲ ဆိုတာ တွေကတော့ ... အနောက်တိုင်းကလုပ်တဲ့ ပန်းချီပြပွဲတွေကိုပဲ အတုယူပြီးတော့ လုပ်ကြ တာပါ။ ပန်းချီရောင်းပွဲလည်း ဖြစ်ပါတယ်။ ၁၉၅၀ နောက်ပိုင်းတွေမှာ ဘုန်းကြီးပျံ ပန်းချီပြပွဲမျိုးတွေ ဆိတ်သုဉ်း ပျောက်ကွယ်သွားပါတယ်။

ဝင်းဖေက ပန်းချီ သံယောဇဉ် ကြီးလေတော့ .. ဘုန်းကြီးပျံရှိသတဲ့ ဆိုရင် ... လောင်တိုက် ပန်းချီပြပွဲများ ကြည့်ရလေမလား ဆိုပြီး သွားသွားကြည့်မိပါတယ်။ နောက်ပိုင်းမှာ မတွေ့ရတော့ပါဘူး။ ပျံလွန်တော်မူတဲ့ ဘုန်းတော်ကြီး အလောင်းကို တင်ပြီးတော့ ဘုန်းကြီးပျံပွဲခင်းကို ပတ်၊ အတီးအမှုတ်၊ အကအခုန်တွေနဲ့ ပူဇော်ကြရတဲ့ ရောမ ဘီးတပ် ကျားရုပ်ကြီးတွေ၊ နဂါးရုပ်ကြီးတွေ၊ ဒုံးပျံရုပ်တွေ ဘာညာ ဆိုတာမျိုးတွေသာ... ဒေသအလိုက်၊ ရွာကြီးတွေ အလိုက်၊ မြို့နယ် အလိုက် လုပ်လာကြတာတွေ ပိုများလာပါတယ်။ ဘုန်းကြီးပျံ ပန်းချီပြပွဲ လုပ်တဲ့ ချစ်စရာ ဓလေ့ကလေးတစ်ခု ပျောက်ကွယ်သွား ပြီ ဖြစ်ပါတယ်။ အလွမ်းပြေ တင်ပြလိုက်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဘုန်းကြီးပျံတွေမှာတွေ့ရတတ်တဲ့ မြန်မာစစ်စစ် ပန်းချီပြပွဲလေးတွေအကြောင်းကို ပြောရင်း ဘုန်းတော်ကြီး ရုပ်ကလာပ်တော်ကိုးကွယ်ကြတဲ့ ဒေသ၊ မြို့ရွာအလိုက် ဘုန်းကြီးပျံရက်တွေအတွင်း ဘုန်းကြီးပျံကျင်းပတဲ့ ကွင်းကြီးထဲမှာ ရောမ အလှပြဘီးတပ်ယာဉ်ကြီးတွေနဲ့တင်ပြီးတော့ တရွေ့ရွေ့ပတ်ပြီး တော့ကာ အတီးအမှုတ်၊ အကအခုန်တွေနဲ့ ပူဇော်ကြတဲ့အကြောင်းကို နည်းနည်း ထည့်ပြောခဲ့မိပါတယ်။ ဒီတစ်ပတ်အဲဒီလိုပူဇော်ကြတဲ့အထဲက လုပ်ပုံလုပ်နည်းလေး တစ်ခုကို ပြောပြဖို့ကြိုးစားကြည့်ချင်ပါတယ်။

လူသေတဲ့အခါ တချို့ဒေသတွေမှာ သုသာန်ကို အသုဘပို့ကြရင်း ခေါင်းကစား ကြတယ်ဆိုတာမျိုး၊ ဘုန်းတော်ကြီး ရုပ်ကလာပ်ထည့်ထားတဲ့ခေါင်းတလားကိုလည်း လှည့်ပတ်အပူဇော်ခံရင်း ... အတီးအမှုတ်၊ အကအခုန်တွေနဲ့ ဘဝနတ်ထံကို ပို့တတ် ကြပါတယ်။ ဘုန်းကြီးသေတော့ ရှာကြေ ... ဆိုတဲ့စကား ပေါ်လာရလောက် အောင် ... ဘုန်းကြီးပျံတွေကို မြန်မာတွေက အိတ်သွန်ဖာမှောက် ငွေကုန်ကြေးကျ ခံပြီးတော့ နောက်ဆုံးခရီးကို အားရပါးရ ကျင်းပဆင်နွဲတတ်ကြပါတယ်။

စပါးစိုက်ပျိုးတဲ့ဒေသက ဘုန်းတော်ကြီးတစ်ပါး ... စပါးစတင်စိုက်ပျိုးချိန်မှာ ပျံတော်မူတယ်ဆိုရင် ... လယ်သမားတွေ ငွေမပေါ်သေးတဲ့ အချိန်မို့ ဘုန်းတော်ကြီးရဲ့ ရုပ်ကလာပ်ကို မပုပ်မသိုးအောင် အစီအမံတွေလုပ်ပြီး စပါးပေါ်တဲ့အချိန်အထိ တစ်ခါတလေ ၆ လလောက် မသင်္ဂြိုဟ်သေးဘဲ ထိန်းထားတတ်ကြပါတယ်။ ဥပမာ ရွာကြီး ၅ ရွာက ကိုးကွယ်တဲ့ ဘုန်းတော်ကြီးဆိုရင် ... ဘုန်းကြီးပျံကွင်းထဲမှာ သက်ဆိုင်ရာ ရွာကြီးတွေက သီးခြား နိဗ္ဗာန် ကျောင်းဇရပ် မဏ္ဍပ်တွေနဲ့ ကွင်းပတ် လှည့်လည်ပူဇော်ဖို့ အစီအစဉ်သီးခြားတွေ အပြိုင်အဆိုင် လုပ်တတ်ကြပါတယ်။

ခု ကြိုးစားပြီးပြောပြမယ့် ကွင်းပတ် လှည့်လည်ရေးအစီအစဉ်က ဘီးတပ်ယာဉ် မပါပါဘူး။ မြေပြင်ပေါ်မှာ ဝါးဘိုးဝါးကြီးတွေကို ဘူးစင်တွေမှာ ကွက်ကြားရက်ချ သလို ချပြီးတော့ ခင်းရပါတယ်။ လေးထောင့်ကွက် တစ်ကွက်မှာ

သုံးပေ ပတ်လည်လောက် ကျယ်ပါတယ်။ ဝါးဘိုးဝါးကြီးတွေရဲ့အလျားကို လိုသလို ဆက်ထားကြပါတယ်။ အဲဒီလို ဝါးကို လေးထောင့်ကွက်တွေနဲ့ ရက်ထားသလို အခင်းကြီးအလယ်မှာမှ မဏ္ဍပ်သွယ်သွယ်မြင့်မြင့်၊ ရှည်မျောမျောကို ပေါ့ပါးတဲ့ ပစ္စည်းတွေနဲ့ ဆောက်ပြီးတော့ တင်ထားပါတယ်။ အဲဒီ ပြာသာဒ် အလယ်လောက်မှာမှ အလောင်းတလားကို တင်ပြီး တော့ ခိုင်ခံ့အောင် ထိန်းရပါတယ်။ အဲဒီပြာသာဒ် မြင့်မြင့် ရှည်ရှည်မျောမျောကိုလည်း ထိပ်ဖျားကနေ စတီးလ် ကြိုးသေးတွေ ဖြန့်ချပြီးတော့ လေးဖက်လေးတန်မှာ အောက်ခြေ ဝါးကြမ်းခင်းနဲ့ ချည်တုပ်ပြီးတော့ ကြိုးသိုင်း ထိန်းချုပ်ထားပါတယ်။ အဲဒီအလယ်က ပြာသာဒ်နေရာအပြင်မှာ ဝါးဘိုးဝါးအကွက်ပေါင်း ၈၀ လောက်ကျန်ပါတယ်။ အဲဒီ အကွက် အပေါက်တစ်ခုစီမှာ ... သန်သန်မာမာ ယောကျ်ားကြီးတွေ တစ်ယောက်စီ ဝင်လိုက်ကြပါတယ်။ သူတို့က အင်္ကျီလက်စက ပန်းရောင်၊ ဒူးဆစ်လောက်ရှိတဲ့ ဘောင်းဘီတိုအစိမ်းတွေပေါ်မှာ ပန်းဆီရောင်လုံကွင်းတွေကို ခါးတောင်းကျိုက်ထား ကြပါတယ်။ ခါးပတ်တွေနဲ့ ခိုင်အောင်ပတ်ထားကြပါတယ်။ အဲဒီလူတိုင်းမှာ နှစ်ပေ လောက်ရှိတဲ့ တုတ်တိုကလေးတွေ တစ်ချောင်းစီ ခါးမှာ ထိုးထားကြပါတယ်။ အဲဒီ လူတွေ နေရာယူပြီးတဲ့အချိန်မှာ သူတို့ရဲ့ ရှေ့နဲ့နောက်မှာ စည်တိုသမား ဆယ့်နှစ် ယောက်စီနဲ့ မောင်းဆိုင်း၊ ကြေးဝိုင်းနဲ့ နှဲသမားတွေ ပါပါတယ်။ အဲဒီလို လူအင်အား တစ်ရာကျော်နဲ့ ပြင်ဆင်နေကြတဲ့ အချိန်မှာကတည်းက ... ဘုန်းကြီးပျံလာ ပရိသတ် တွေက ... ဘေးက ဝိုင်းအုံကြည့်နေကြလို့ ... ကြိမ်ကိုင် ဦးပဥ္စင်းတွေက ရှေ့မတိုးကြဖို့ ကြိမ်တဝင့်ဝင့်နဲ့ ထိန်းပေးနေကြရပါပြီ။ အားလုံးနေရာ အသီးသီးယူလို့ ပြီးပြီဆိုတော့မှ ဘေးကနေပြီး တစ်ယောက်တစ်ပေါက် ဆူညံနေကြတဲ့လူတွေကို အသံသြဇာ အလွန် ကောင်းတဲ့ လူကြီးတစ်ယောက်က အားလုံးငြိမ်ကြဖို့ အော်ပြောလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ စည်တွေကလည်း တစ်ညီတည်း ... “ဗလုံး” ဆိုပြီး တီးလိုက် ပါတယ်။ ဆူညံနေတဲ့ အသံတွေဟာ ရုတ်တရက် မီးကို ရေနဲ့ဖျန်းလိုက်သလို ငြိမ်ကျ သွားပါတယ်။ မငြိမ်ဘူးဆိုရင်လည်း ဦးပဥ္စင်းတွေရဲ့ ကြိမ်စာမိတော့မှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဝါးဘိုးဝါးကွက်လပ်တွေမှာ ရပ်နေကြတဲ့ မဏ္ဍပ်ထမ်းအဖွဲ့ကြီးက တစ်ညီ တည်း ... တစ် လို့ အော်လိုက်ကြပြီးတော့ မတ်တတ်ကနေ ခါးကုန်းလိုက်ကြပါတယ်။ သူတို့ရှေ့မှာရှိတဲ့ ဝါးဘိုးတန်းကိုလည်း အဆင်သင့်ကိုင်ထားလိုက်ကြပါပြီ။ အဲဒီအချိန် မှာပဲ ... နှစ် လို့ အော်လိုက်တဲ့ အသံကြီးနဲ့အတူ ဝါးဘိုးဝါး လေးထောင့်ကွက်ကြမ်း ခင်းကြီး ဖြောင်းခနဲ နေအောင် တညီတည်း မတင်ပြီးတော့ မြှောက်လိုက်ကြပါတယ်။ အားကောင်းမောင်းသန် ယောကျ်ားကြီးတွေ ၈၀ လောက် တစ်ပြိုင်နက်တည်း မ,တင် လိုက်တဲ့အတွက် ရှည်မျောမျော ခပ်နွဲ့နွဲ့ မဏ္ဍပ်ကြီးဟာ မြောက်တက်သွားပါတယ်။ သန်မာတဲ့ လက်မောင်းကြီးတွေကို မြှောက်မထားဆဲမှာပဲ ဘေးက ရွှေပွဲလာ ပရိသတ် ကြီးတွေက လက်ခုပ်သြဘာ ပေးကြ၊ လက်ခေါက်မှုတ်ကြနဲ့ ဆူညံသွားပါတယ်။

ဒီမှာတင် ... စည်တိုတွေက တစ်ပြိုင်တည်း ... ပရှန်းကနဲနေအောင် တစ်ချက် တီးလိုက်ကြပြန်ပါတယ်။ ဆူညံသံတွေလည်း ငြိမ်သွားပြန်ပါတယ်။ ဒီအချိန်မှာ ... မဏ္ဍပ်ထမ်းအဖွဲ့ကြီးက ... သုံး ... လို့ ... တစ်ပြိုင်နက်တည်း အော်လိုက်ကြရင်းနဲ့... ဝါးဘိုးဝါးတန်းကို သူတို့ပခုံးပေါ် တင်လိုက်ကြပါတယ်။ ဝါးဘိုးဝါး ကြမ်းခင်းအခံ မဏ္ဍပ်ကြီးဟာ လူ ၈၀ ရဲ့ ပခုံးတွေပေါ် ရောက်သွားပါပြီ။ အဲဒီအချိန်မှာ မဏ္ဍပ်ထမ်း အဖွဲ့သားတွေက ... လေး ... လို့ တစ်ပြိုင်နက် အော်လိုက်ကြပြီးတော့ ... သူတို့ခါးမှာ ထိုးထားတဲ့ တုတ်တိုတွေကိုထုတ်ပြီးတော့ မြှောက်လိုက်ကြပါတယ်။ အဲဒီအချိန်မှာ... စည်တိုတွေက တစ်ပြိုင်နက်တည်း ... ပရှန်းဆို တီး၊ မဏ္ဍပ်ထမ်းတွေက သူတို့ရဲ့ တုတ်တိုတွေနဲ့ သူတို့ထမ်းထားတဲ့ ဝါးဘိုးကို ရိုက်လိုက်တော့ကာ ... ပရှန်း ... ဖြောင်း ပရှန်းဖြောင်း၊ ပရှန်းဖြောင်း၊ ပရှန်းဖြောင်း ... ဆိုပြီးတော့ ... အလွန် ကြက်သီး ထစရာ စည်းချက်တွေ ဟိန်းပြီးတော့ ထွက်လာပါတော့တယ်။ စည်းချက်၊ ဝါးချက်၊ ၈ ချက်အပြီးမှာ မဏ္ဍပ်ထမ်းအဖွဲ့ လူပေါင်း ၈၀ ... တစ်ချက်စည်းနဲ့ အလွန်လိုက်တဲ့... လေပြည်ဆော်သွင်း မြူးချို ယိုးဒယားသီချင်းကို သံပြိုင်ဆိုကြပါတယ်။ လူ ၈၀ ရဲ့ သံပြိုင်သီဆိုသံကြီးရယ်၊ စည်တို ၂၄လုံးရဲ့ စည်သံတွေရယ်၊ လူ ၈၀ က ဝါးဘိုးဝါးကို တုတ်နဲ့ရိုက်လို့ ထွက်လာတဲ့ဝါးချက်ရယ် ... နှဲတွေ၊ မောင်းတွေ၊ ကြေးဝိုင်းသံတွေပါ စည်ညံလာတဲ့ အခါမှာ မဏ္ဍပ်ထမ်းတွေကလည်း ... စပြီးတော့ ရွေ့လျား လျှောက်လှမ်း ကြပါတော့တယ်။

ဒီအဖွဲ့ကြီး လှည့်ပတ်သွားမယ့် လမ်းကြောင်းကို ကြိမ်ကိုင်ဦးပဉ္စင်းတွေက တရှမ်းရှမ်းရိုက်ရင်း လမ်းရှင်း ပေးကြပါတယ်။ ရှေ့က ကြိုပြီး ပိတ်နေကြတဲ့ လူတွေ ဟာ ... လမ်းကြောင်းပိတ်ထားဖို့ မရည်ရွယ်ပါဘူး၊ ပျော်ပျော်ပါးပါး ဦးပဉ္စင်းတွေရဲ့ ကြိမ်ချက်ကို ရှောင်ရှားရင်း တဝါးဝါး တဟားဟား ... ရယ်ကြ၊ မောကြလုပ်ကြတာ ဖြစ်ပါတယ်။ အညာနေ ပူပူပြင်းပြင်း ဟင်းလင်းပြင်ထဲမှာ ဖုန်တွေ တထောင်းထောင်း၊ ချွေးသံတွေတရွှဲရွှဲနဲ့ ဘုန်းကြီးပျံပွဲ ဆင်နွှဲကြပုံ အစိတ်အပိုင်းလေးတစ်ခု ဖြစ်ပါတယ် ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ လွယ်အိတ်ထဲက ဘုန်းကြီးပျံနဲ့ ပတ်သက်တဲ့ ကိစ္စကလေးတွေ ဆွဲဆွဲထုတ်ပြ နေမိချိန်မှာပဲ ... ဝင်းဖေ သွားခဲ့ဖူးကဲ့ ဘုန်းကြီး ပျံပွဲ တစ်ခုက ... တံတားဦး/အင်းဝနားက ဘလဲ့ဘရွာကို ဖြတ်သွားရတာ ဖြစ်နေပြန်လို့ ထူးခြားတဲ့ အဖြစ်အပျက်တစ်ခုကို သတိရမိပြန် ပါတယ်။

ဝင်းဖေတို့ငယ်ငယ်က ခြေတို့လက်တို့ ကျိုးရင် ဘလဲ့ဘဆရာနဲ့ ကုရမယ်ဆိုပြီးတော့ ဘလဲ့ဘ ဆရာဆီ ခေါ်သွားတော့တာ ပါပဲ။ ခုခေတ်တော့ အရိုးကျိုးတယ်ဆိုရင် ... ဆေးရုံ၊ အရိုးအထူးကုဌာနကို ပြေးကြရ တော့တာပါပဲ။

ဘလဲ့ဘ ဆိုတဲ့ စကားကို သိမှသိကြသေးရဲ့လားလည်း မပြောတတ်တော့ ပါဘူး။ အညာက ကျေးလက်တောရွာ တွေမှာတော့ ခုချိန်ထိ ဘလဲ့ဘဆိုတဲ့ ဝေါဟာရ ရှိနေလောက်သေးတယ်လို့ ထင်ပါတယ်။ ဝင်းဖေ ငယ်ငယ်က ဘလဲ့ဘ ဆိုတာ အရိုး ကျိုးတာ၊ ကြေတာ၊ အကြောမျက်တာ၊ အကြောတင်တာ၊ အဆုံးလွဲတာ ... ဘာညာဆိုတာ တွေကိုကုတဲ့ မြန်မာ့ရိုးရာဆေးပညာလို့ ထင်ခဲ့တာပါပဲ။ ဒါပေမဲ့ အညာမှာကတော့... မူလက အရိုး/အကြောဆိုင်ရာ မြန်မာ့ဆေးပညာက သီးခြားရှိခဲ့တာပါတဲ့။ နောက်တော့ ... အဲဒီ ... တံတားဦး/ အင်းဝ အရှေ့ဘက်နားဆီက ... ဘလဲ့ဘဆိုတဲ့ ရွာက အရိုးအကြောကုပညာမှာ သိပ်ပြီးတော့ ထူးချွန်နာမည်ရလာကြလို့ ... တဲ့၊ ပညာသည် တွေလည်း အများကြီးထွက်လာလို့တဲ့ ... အရိုး/အကြောကုပညာကို ဘလဲ့ဘ ပညာရယ်လို့ လူသိများ ထင်ရှားသွားတာ ဖြစ်တဲ့အကြောင်း ... အဲဒီ ဘလဲ့ဘ ရွာကပဲ ပြောပြ လိုက်ပါတယ်။ ၁၉၅၀ ဝန်းကျင် ဝင်းဖေ ရောက်သွားဖူးတဲ့အချိန်အထိ ... ဘလဲ့ဘ ရွာက အရိုး/အကြောကုပညာသည်တွေ အမြောက်အမြားထွက်နေပြီးတော့ ရပ်တကာ ရွာတကာမှာ ဆေးကုသ ပေးနေကြတယ်လို့ သိရပါတယ်။ တစ်ခါ ... အရိုး/ အကြော ကုပညာကို မူလကတည်းက ... ဘလဲ့ဘပညာလို့ ခေါ်ပြီးတော့ ... အဲဒီတံတားဦး အရှေ့ဘက်က ရွာကလေးက အရိုးကု ဘလဲ့ဘ ပညာမှာ ထူးချွန်ကြလွန်းလို့ ရွာ နာမည်ပါ ဘလဲ့ဘလို့ ဖြစ်သွားလေသလားဆိုတာလည်း စဉ်းစားစရာပါပဲ။ ဝင်းဖေ ကတော့ သုတေသီပညာသည်မှ မဟုတ်တာ ... အရေပ်သားတွေ တွေးပြီးတော့ အရပ် သားလိုပဲ မှတ်ထားလိုက်တာပါပဲ။

ထူးခြားတာကလေး ပြောချင်တယ်ဆိုတာက … ဝင်းဖေ မန္တလေးတက္ကသိုလ် မှာ ကျောင်းတက်နေတုန်းက ဝင်းဖေရဲ့ သူငယ်ချင်း ကိုတင်မောင်ရီဆိုတာ နိုင်ငံခြား ပညာတော်သင် သွားခါနီးမှာ ကားတိုက်ခံရလို့ ဘယ်ဘက်ပခုံးမှာ Collar Bone လို့ခေါ်တဲ့ ညှပ်ရိုးကျိုးသွားပါတယ်။ ကိုတင်မောင်ရီရဲ့မိဘတွေက ခေတ်ပညာတတ်၊ ဘွဲ့ရ၊ အရာရှိကြီးတွေပါ။ ကိုတင်မောင်ရီကို မန္တလေးဆေးရုံကြီးက အရိုးကုပါရဂူတွေနဲ့ ချက်ချင်းကုကြပါတယ်။ ညှပ်ရိုးကျိုးသွားတဲ့ ကိစ္စကလည်း ပါရဂူကြီးတွေပြောတဲ့ အချိန်အတိုင်း ပြန်ဆက်ပြီးတော့ ကောင်းသွားတာပါပဲ။ ဒါပေမဲ့ ပြဿနာက ကိုတင် မောင်ရီရဲ့ ဦးခေါင်းဟာ ညာဘက်ကို လှည့်လို့ မရတော့ပါဘူး။ ညာဘက်ကို ကြည့်ချင် ရင် … သူ့တစ်ကိုယ်လုံးကို လှည့်မှ ရပါတော့တယ်။ အရိုးကု ဆရာဝန်ကြီးတွေကို ပြန်ပြကြည့်တော့ ဘယ်ဘက်က ညှပ်ရိုးကို ပြန်ဆက်အောင် ကုကြရာမှာ အကြောတွေ တစ်စုံတစ်ရာ ဆိုင်းသွားပြီးတော့ ညာဘက်လှည့်လို့ မရတော့တာဘဲ ဆိုပြီးတော့ … အကြောပြင်ဆေးတွေ ဘာတွေနဲ့ကုပါသေးတယ် … ဒါပေမဲ့ ဘယ်လိုမှထူးခြားမလာ တော့ဘဲ လက်လျှော့လိုက်ကြရပါတော့တယ်။

ကိုတင်မောင်ရီရော သူ့မိဘတွေပါ ဆရာဝန်ကြီးတွေရဲ့စကားကို လက်ခံလိုက် ကြပြီးတော့ … ညာဘက် လှည့်မရတော့တဲ့ … အုံးလွဲသလိုဖြစ်နေတဲ့ ကိစ္စကြီးကို ဒီအတိုင်းပဲ ထားလိုက်ကြပါတယ်။ ဒါပေမဲ့ ကိုတင်မောင်ရီရဲ့ အဒေါ်တစ်ယောက် ကတော့ … ဘလဲ့ဘနဲ့ ပြကြည့်ချင်သေးတယ်လို့ ဖြစ်လာပါတယ်။ ဒါပေမဲ့ အဲဒီအဒေါ် က ကိုတင်မောင်ရီရဲ့ မိဘများကို ကြောက်ရတော့ .. ဝင်းဖေအကူအညီနဲ့ မန္တလေး ချမ်းမြသာစည်ဘက်က နာမည်ကြီး ဘလဲ့ဘ ဆရာတစ်ယောက်ဆီကို သွားပြကြပါတယ်။ ဘလဲ့ဘ ဆရာက အသေအချာလေ့လာပြီးတော့ … ဒီကိစ္စဟာ အသေးအမွှား ပါပဲ၊ လွယ်ပါတယ် … လို့ ပြောပါတယ်။ ဘယ်ဘက်လက်ဖျံကနေပြီး “လေ” ထုတ်လိုက်ရင် ကောင်းသွားမှာပါပဲလို့ ပြောပါတယ်။ ကိုတင်မောင်ရီနဲ့ သူ့ဒေါ်လေးက . ခဏပဲ ချီတုံချတုံစဉ်းစားပြီး ဘလဲ့ဘ ဆရာ ပြောသလိုလုပ်ဖို့ သဘောတူလိုက်ကြ ပါတယ်။

ဘလဲ့ဘ ဆရာက သူ့တပည့်တစ်ယောက်ကို သမန်းမြက်တွေ သွားခူးခိုင်း လိုက်ပါတယ်။ နောက် ကိုတင်မောင်ရီရဲ့ ဘယ်ဘက်လက်ဖျံကို ရေစင်စင် ဆေးပြီးတော့ စားပွဲပေါ်မှာတင်၊ အဲဒီလက်ဖျံပေါ်ကို သူ့တပည့်ယူလာတဲ့ သမန်းမြက်ရှည်တွေကို ကန့်လန့်ဖြတ် အလျားလိုက် အလောတော်အနေအထားနဲ့ တင်လိုက် ပါတယ်။ အဲဒီမြက်ပေါ်မှာ ဖြူစင်တဲ့ အဝတ်စတစ်ခုကို တင်လိုက်ပြီးတော့ … အဲဒီအဝတ်အပေါ် ကိုဘလဲ့ဘ ဆရာကြီးက သူ့ဘယ်ဘက်လက်နဲ့ဖိထားပြီး သမန်းမြက်စည်းရဲ့တစ်ဖက်စကို သူ့ညာဘက်လက်နဲ့ မိမိရရဆုပ်ပြီးတော့ ဖျတ်ခနဲ ဆွဲလိုက်ပါတယ်။

ကိုတင်မောင်ရီလည်း တွန့်ကနဲတော့ ဖြစ်သွားပါတယ်။ အဝတ်စကို ဖယ်လိုက်တော့ ... လက်ဖျံက အရေပြားကို သမန်းမြက်တွေက ရှသွားလို့ အစင်းအစင်းတွေနဲ့ သွေးတွေ စို့ထွက်လာ ပါတယ်။ ဒီတော့မှ ဖန်ပုလင်းနဲ့ ထည့်ထားတဲ့ မြင်းချေးရောင် ဆေးအနှစ်တွေကို ရှရာ တွေပေါ်မှာ တင်ပြီးတော့ ပတ်တီး စည်းပေးလိုက်ပါတယ်။ နောက်တစ်နေ့ သွားပြကြ တော့ ပတ်တီး ဖြည်လိုက်တဲ့အခါမှာ ... မန်းတွေ၊ ပြည်တွေနဲ့အနာတွေ ဖြစ်နေပါပြီ။ ဘလဲ့ဘ ဆရာကတော့ ပွထနေတဲ့ အနာကိုကြည့်ပြီး ကျေနပ်နေပါတယ်။ အဲဒီအနာ တွေကို ဆေးကြောပြီးတော့ ... နောက် ... အနာပျောက်တဲ့ဆေး ထည့်ပေးပြီးတော့ ပြန်လွှတ်လိုက်ပါတယ်။ အိမ်မှာ ကိုယ့်ဟာကိုယ် ဆေးထည့်ဖို့ ဆေးအပိုလည်း ပေးလိုက်ပါတယ်။ နောက်ထပ် ၃ ရက်ပဲ ဆက်ပြီး ဆေးလိမ်းပေးဖို့ ဖြစ်ပါတယ်။ အိမ်မှာ ဆရာပြောသလို ဆေးလိမ်းတော့ အနာတွေက တစ်ရက်ပြီးတစ်ရက် သိသိသာသာ ပျောက်သွားပါတယ်။ ၃ ရက် ဆေးလိမ်းပြီးတော့ ၄ ရက်မြောက် မနက် ... ကိုတင်မောင်ရီ အိပ်ရာကနိုးတော့ .. သူ့ခေါင်းဟာ ညာဘက်ကို နဂိုပကတိအတိုင်း ကောင်းကောင်းကြီး လှည့်နိုင်နေတာကို တွေ့ရပါတော့တယ်။ ဒီတော့မှ အားလုံး တအံ့ တသြ ဝမ်းပန်းတသာနဲ့ ဘလဲ့ဘ ဆရာကြီးဆီကို ပြေးကြပါတယ်။ ကုသရတာ သိပ် လွယ်ကူလှတဲ့အတွက်တဲ့ ... ဆေးဖိုးဝါးခကို နည်းနည်းကလေးပဲ ... ငွေ ၅၀ ကောင်း ပါတယ်။ အဲဒီအချိန်ကငွေဟာ အတော်တန်ဖိုး ရှိပါတယ်။ ကိုတင်မောင်ရီတို့ တူဝရီးက ငွေ ၅၀၀ ကို မနည်း တောင်းတောင်းပန်ပန်နဲ့ ကန်တော့ခဲ့ရပါတယ်။

ဒီလို ဘလဲ့ဘနဲ့ တိုးတိုးတိတ်တိတ် ကျိတ်ပြီးတော့ ကုခဲ့ရတဲ့အကြောင်းကို နောက်ဆုံးကျတော့မှ ကိုတင်မောင်ရီရဲ့ မိဘတွေကို အသိပေးရပါတယ်။ ဖုံးဖုံးဖိဖိ လုပ်နိုင်အောင် ကူညီခဲ့ရတဲ့ ဝင်းဖေလည်း အဲဒီတော့မှ ဟင်းချနိုင်ပါတော့တယ်။ ဒီကုထုံးကြီး တစ်ခုလုံးကို ကိုတင်မောင်ရီရဲ့မိဘတွေက မန္တလေးဆေးရုံကြီးက အရိုးဟု ဆရာဝန်ကြီးတွေကို သွားပြီးတော့ တင်ပြကြပါတယ်။ ဆရာဝန်ကြီးတွေက ဘလဲ့ဘ ဆရာကြီးကို သွားရောက် တွေ့ဆုံကြပြီး ဆွေးနွေးမေးမြန်းကြပါတယ်။ အနောက်တိုင်း ခေတ်သစ်ဆေးပညာနဲ့ မြန်မာ့ရိုးရာဆေးပညာတို့ ပူးပေါင်းပြီးတော့ တစ်စုံတစ်ရာ တိုးတက်မှုရှိလာလိမ့်မယ်လို့ ဆရာဝန်ကြီးတွေက ယုံကြည်ကြပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာဆေးနည်းတွေအကြောင်း ပြောပြောနေတာဟာ ဝင်းဖေကိုယ်တိုင်တွေ့ခဲ့ကြုံခဲ့ဖူးတာတွေကို ပြောတာပါ။ ဆေးမြီးတိုစာအုပ်တွေထဲက မဟုတ်ပါဘူး။ ဆရာသာဂဒိုးရဲ့ ဆေးမြီးတိုတွေကိုလည်း လူတွေ တော်တော် စိတ်ဝင်စားကြတယ်လို့ သိရပါတယ်။ ရောဂါနဲ့ ဆေးနဲ့တွေ့သွားလို့ အကျိုးရှိသွားတဲ့လူတွေလည်း အများကြီးရှိတယ်လို့ သိရပါတယ်။

ဝင်းဖေလည်း ဖခင်ကြီးအိပ်မက်ရတဲ့ နှင်းခူနာပျောက်ဆေးကို သောတရှင်တွေက တောင်းဆိုကြလို့ ဆေးနည်းကိုပါ အသေးစိတ် ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ ဖခင်ကြီးတုန်းကလို အကျိုးသက်ရောက်မှု ရှိ/မရှိ၊ ရောဂါပျောက်၏/မပျောက်၏... ရလဒ်ကလေးတွေကို တောင်းမထားလိုက်မိပါဘူး။ ဒီတစ်ပတ်လည်း ကိုယ်တွေ့ကိစ္စ လေးတစ်ခုအကြောင်းပဲ ပြောပါရစေ။

၁၉၆၀ ခုနှစ်တွေ ကုန်ခါနီးလောက်တုန်းက ဝင်းဖေက မန္တလေးအနုပညာ၊ ပန်းချီနဲ့အက ကျောင်းမှာ ကျောင်းအုပ်လုပ်နေတုန်းက ... ဝင်းဖေတို့ရဲ့သား အငယ်ဆုံးကလေး မောင်ရေအေးဟာ အသက် (၅) နှစ်လောက်ပဲ ရှိပါသေးတယ်။ သူ့မျက်နှာမှာ ရေယုန်လို အရေပြား အနာစက်ကလေးတွေ ပေါက်ပါတယ်။ အမှတ်တမဲ့ပဲ ... လက်လှမ်းမီတဲ့ အရေပြားရောဂါ ဆေးကလေးတွေနဲ့ ကိုယ့်ဟာကိုယ် ကုကြည့်ပါတယ်။ မပျောက်ပါဘူး။ ဒီတော့လည်း ဝင်းဖေက မစိုးရိမ်ပါဘူး။ ဝင်းဖေမှာ မန္တလေး ဆေးကျောင်းက မိတ်ဆွေတွေ အများကြီးရှိပါတယ်။ ဆရာဝန်ပေါက်စ ကလေးတွေကစလို့ ... ပါမောက္ခကြီးတွေအထိ ရင်းရင်းနှီးနှီး သိကျွမ်းတာတွေပါ။ ပထမကလေးကို ဆရာဝန်ငယ်တွေက ကုကြပါတယ်။ ဒါလေးများဆိုတဲ့ သဘောနဲ့ပေါ့ ... မပျောက်ပါဘူး။ ဒီတော့ သူတို့ဆရာကြီးတွေဆီ အပ်ကြ ရတော့တာပေါ့။ ဒီတုန်းက ဆရာမကြီး တစ်ယောက်ဆိုရင် အမေရိကန် နိုင်ငံက ပညာသင်ပြီး ပြန်လာခါစ၊ အရေပြားရောဂါနဲ့ ပတ်သက်လို့ကလည်း နောက်ဆုံးပေါ်ဆေးတွေတောင် ပါလာတာကိုး။ ဆရာမကြီးလည်း ကလေးရဲ့ အရေပြားပေါ်မှာရှိတဲ့ အနာစက်လေးတွေကို နှိပ်စက်တဲ့ ပိုးတွေဘာတွေကို စနစ်တကျ ရှာဖွေလေ့လာပြီးတော့ ... သောက်ဆေး၊ ထိုးဆေး၊ လိမ်းဆေးတွေ နဲ့ လက်ကုန်ကုပေးတာပါပဲ။ ပထမတော့ သက်သာလာ သလိုလို ရှိပေမဲ့

ရေရှည်မှာကျတော့ မပျောက်ပါဘူး။ ဆရာဝန်ကြီးတွေ လက်ပြောင်းပြီး ကြိုးစားကုကြည့်ကြပေမဲ့ မပျောက်ပါဘူး။ ဒါနဲ့ ဝင်းဖေက မြန်မာ့ရိုးရာ ဗိန္ဓောဆရာတွေနဲ့ ကြိုးစားဖို့ လုပ်ရပြန်တာပေါ့။

ဝင်းဖေရဲ့ဖခင်ကြီးဟာ ရှေးဟောင်း မြန်မာစာပေတွေကို ထဲထဲဝင်ဝင် လေ့လာရာမှာ တချို့ကိစ္စတွေဟာ မြန်မာဆေးကျမ်းကိုသိမှ နားလည်နိုင်မယ့် ကိစ္စတွေဖြစ်နေလို့ မြန်မာဆေးကျမ်းတွေကိုပါ လေ့လာရင်းနဲ့ လက်တွေ့ မဟုတ်ပေမဲ့ စာတွေ့အရကတော့ ဆေးဆရာတစ်ယောက်လောက် တတ်ကျွမ်းလာပါတယ်။ အဲဒါကြောင့် သူ့မှာ မြန်မာ့ ရိုးရာ ဗိန္ဓောဆရာမိတ်ဆွေတွေ အများကြီးရှိပါတယ်။ ဝင်းဖေလည်း ဖခင်ကြီးကြောင့် မြန်မာဗိန္ဓောဆရာ တော်တော် များများကို သိကျွမ်းပါတယ်။ ဝင်းဖေ သားကလေးရဲ့ အနာစက်ကိုကုပေးဖို့ … မန္တလေး၊ မြောက်ပြင်၊ မေယဃီရိက ထိတ်ထိတ်ကြဲ ဆရာဆယ် နဲ့ ကုပါတယ်။ မပျောက်ပါဘူး။ အနောက်တိုင်း ဆေးတွေထက်တော့ နည်းနည်းချုပ် သလိုတော့ ရှိလာပါတယ်။ ဒါပေမဲ့ မပျောက်ပါဘူး။ ဒီလိုနဲ့ ၃ လလောက် ဖြစ်လာ ပါတယ်။ ကြာရင် ကလေးရဲ့ ပါးကလေးဟာ ပေါက်သွားမလားတောင် ထင်ရပါတယ်။ ဒါပေမဲ့ ရောဂါပျောက်အောင် ဘာဆက်လုပ်ရမှန်းမသိတော့ … ကလေးကို ၃ ရက် တစ်ခါ၊ ၄ ရက်တစ်ခါဆိုတာလို မြန်မာတိုင်းရင်းဆေးဆရာကြီး ဆရာဆယ် ဆီကိုပဲ ပို့ပြီးတော့ ဆေးလိမ်း ကုသနေရပါတယ်။

တစ်နေ့တော့ သားကလေးကို ဆရာဆယ်ဆီ ဘတ်(စ်)ကားနဲ့ အသွားလမ်းမှာ အဒေါ်ကြီး တစ်ယောက်နဲ့ တွေ့တယ်။ သူက ကလေးရဲ့ပါးပေါ်က အနာစက်တွေကို မြင်ပြီးတော့ အကျိုးအကြောင်းလည်း သိရော … ဘတ်(စ်)ကားပေါ်က ဆင်းခဲ့ကြပြီးတော့ မနီးမဝေးမှာ ရှိတဲ့ နဂါးစက်ရွက် ဆိုတာတွေကို ခူးပေးလိုက်ပါတယ်။ နဂါးစက်ရွက်ဆိုတာ ဂမုန်းမျိုးစေ့ တစ်ခုပဲလို့ ဆိုပါတယ်။ အကိုင်းအခက် မရှိ၊ မြေကြီးက တိုက်ရိုက်ထွက်တဲ့ ရွက်ရှည်မျိုး၊ ဗျက်က … ငယ်ရင် ၁ လက်မ၊ ကြီးရင် ၁ လက်မခွဲလောက် ရှိပါတယ်။ အရှည်က တစ်ပေ/တစ်ပေခွဲလောက်ရှိတတ်တယ်။ အရောင်က အစိမ်းက တစ်ဖက်၊ မရန်းရောင်က တစ်ဖက် အလွန် သိသာထင်ရှား ပါတယ်။ အဲဒီ နဂါးရွက်စက်ဆိုတာကို … ကောင်းကောင်းခြေ၊ အရည်ညှစ်ပြီးတော့ အနာပေါ်လိမ်းပေးရုံပါပဲ။ မပူဘူး၊ မစပ်ဘူး၊ စေးစေးကပ်ကပ် ဖြစ်နေတာ မျိုးလည်း မရှိဘူး … အေးအေးလေးပဲတဲ့။ တစ်နေ့ကို ၃ ကြိမ်လောက် လိမ်းပေးရတယ်။ ၂ ရက်ပဲ လိမ်းလိုက်ရတယ်၊ သိသိသာသာ ချုပ်ကျသွားပြီးတော့ ၃ ရက်နေတော့ အားလုံး ပျောက်သွားတယ်။ သိပ်ကို အံ့ဩစရာကောင်းပါတယ်။ ၅ ရက်လောက်နေတော့ နဂို ပကတိ အသားအရောင်အတိုင်းပဲ၊ ဘယ်တုန်းကမှ

ဘာမှမဖြစ်ခဲ့သလိုပါပဲ။

ဒါနဲ့ကလေးကို ကုပေးခဲ့ကြတဲ့ ဆရာဝန်ကြီးတွေရော၊ ဗိန္ဓောဆရာ ဆရာဆယ် ကိုရော အဖြစ်အပျက် အားလုံးကို ပြောပြပါတယ်။ ဆရာဆယ်ရဲ့ မှတ်ချက်ကတော့… မြန်မာဆေးကျမ်းမှာ နဂါးစက်ရွက်ရဲ့အာနိသင် ဘယ်လိုရှိတယ်ဆိုတာ ပါတယ် ဆိုတဲ့ အကြောင်း၊ ဒါပေမဲ့ မိမိက နဂါးစက်ရွက်ထက် ပိုပြီးတော့ အာနိသင်ကြီးတဲ့ ဆေးတွေကို စေတနာအလျောက် ရွေးပြီး သုံးနေခဲ့မိတဲ့အကြောင်း၊ အနာနဲ့ဆေးနဲ့ မတည့်ဘဲ ဖြစ်နေပုံ ရကြောင်း၊ နဂါးစက်ရွက်နဲ့ကျတော့ … တန်ဆေး/လွန်ဘေးဆိုတာမျိုး … အနာနဲ့ ဆေး … အံကိုက်ဖြစ်သွားပုံရကြောင်း ပြောပါတယ်။ အနောက်တိုင်း ဆေးပညာ ဆရာဝန်ကြီးတွေကတော့ … နဂါးစက်ရွက်ကို ဓာတ်ခွဲပြီးတော့ သေသေချာချာ လေ့လာမယ်လို့ ပြောကြပါတယ်။

ဝိုင်းပြီး ကုခဲ့တဲ့အထဲမှာ စောစောပိုင်းကပါတဲ့ ဆေးကျောင်းက ဆင်းစ ဆရာဝန် လေးတစ်ယောက်ကတော့ .. ဘာမှလေ့လာနေစရာ မလိုပါဘူး၊ သစ်ရွက်တိုင်းမှာ ပိုးသေစေနိုင်တဲ့ ကလိုရိုဖီးလ်တွေပါတာပဲ၊ ဒါလည်း ဒီလောက်တော့ အစွမ်းမထက် နိုင်ပါဘူး၊ အရင်သုံးခဲ့တဲ့ဆေးတွေ အချိန်ရလာတဲ့အခါမှာ ပျောက်သွားတာဖြစ်ပါ လိမ့်မယ်လို့ ပေါ့ပေါ့တန်တန်ပဲ ပြောပါတယ်။ သစ်ရွက်တိုင်းမှာ ကလိုရိုလ်ဖီးလ် ပါတာချင်းတူပေမဲ့ တခြားသဘာဝတွေ မတူ၊ ကွဲပြားနေတာတာတွေကို မေ့ထားကြလို့ မဖြစ်ဘူး၊ ဒါ့ကြောင့်လည်း အာနိသင်တွေ ကွဲပြားနေကြတာပဲ .. လို့ ဝင်းဖေက ပြောကြည့်ပါသေးတယ်။ ဒါပေမဲ့ ဝင်းဖေ စကားဟာ အရာမရောက်တော့ပါဘူး။ ဆရာကြီးတွေနဲ့ ဆရာကလေး … ဒီနေရာမှာ ကွာနေပါတယ်။ နောက်တော့ .. အဲဒီနဂါးစက်ရွက်ကို ပြုတ်ပြီး အရည်ကိုသောက်ရင် တော်တော်တန်တန် တီဘီရောဂါ တောင်မှ သက်သာပျောက်ကင်းစေနိုင်တယ်လို့ သိရပြန်ပါတယ်။ နောက်ထပ် ရောဂါ ဘယ်နှမျိုးလောက် ပျောက်ကင်းစေဦးမလဲတော့ မသိပါဘူး။ အရေပြားမှာဖြစ်တဲ့ အနာစက်လေးတွေကို အရည်ညှစ်ပြီး လိမ်းရာမှာတော့ မပူ၊ မစပ်ဘဲ အေးအေးလေးမို့ ဘေးထွက်အန္တရာယ်လည်း အတော်နည်းပုံရပါတယ်။ အဲဒီနဂါးစက်ရွက်ဆိုတာ . ရန်ကုန်/မန္တလေးလို နေရာတွေမှာတော့ စိုက်ပျိုးထားလို့ အတော်လွယ်ပါတယ်။ လိုအပ် သလိုသုံး၊ သူတစ်ပါးကိုလည်း လိုအပ်သလို အကူအညီပေးနိုင်ကြပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

[၁၂၂]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဆေး မြီးတိုလို့ပဲဆိုကြပါစို့ ... နဂါး စက်ရွက်ဆိုတာနဲ့ ... အရေပြား ပေါ်မှာ ပေါက်နေတဲ့ အနာစက် လေးတွေကို ကုသပျောက်ကင်း ခဲ့တဲ့ ကိုယ်တွေ့အဖြစ်အပျက် ကလေးကို တင်ပြခဲ့ပါတယ်။ ဆေးမြီးတို ဆိုတာ ဘယ်လိုဆေးနည်းတွေကိုခေါ်တယ်ဆိုတာ .. ဝင်းဖေ သေသေ ချာချာ မသိတာကိုလည်း ရုတ်တရက် သတိရမိပါတယ်။ ပုံမှန်ဆေးနည်းတွေ မဟုတ်တာကတော့ သေချာပါတယ်။ ဝင်းဖေလည်း ... ဆေးမြီးတိုဆိုတဲ့ ဝေါဟာရကို အသုံးပြုပြီးတော့ စကားလုံးအသုံးအနှုန်းကို ပြန်ပြီးတော့ စဉ်းစားမိပါတယ်။ ဥပမာ... ရေယုန်လို အရေပြားရောဂါမျိုးကို တချို့က သွားတိုက်ဆေးနဲ့ လိမ်းပြီးတော့ ကုကြတာ မျိုးတွေ ရှိပါတယ်။ သွားတိုက်ဆေးဆိုပေမဲ့ သွားတိုက်ဆေးတိုင်းတော့ မရဘူးတဲ့။ ပက်ဆိုးဒင့်ဆိုတဲ့ သွားတိုက်ဆေးနဲ့မှ ရတာတဲ့။ ဘာရယ်လို့မဟုတ်ပေမဲ့ သွားတိုက်ဆေး မှာ ... ပါးစပ်ထဲက သွားကြို့သွားကြားက ပိုးတွေကို သတ်ဖို့ဆေး၊ သတ္တိထူးတစ်ခုတော့ ရှိပါလိမ့်မယ်။ ဒါမှမဟုတ် .. ယုံကြည်မှုနဲ့ကုတဲ့ သဘောလားတော့ မပြောတတ် ပါဘူး။ ဝင်းဖေတော့ မစူးစမ်းဖူးပါဘူး။ အဲဒီလိုနည်းတွေကိုလည်း ဆေးမြီးတိုလို့ ပြောပုံရပါတယ်။ နောက်အဓိပ္ပာယ်တစ်ခုကတော့ ... ဖြတ်လမ်းလိုက်တဲ့သဘော ကိုလည်း စဉ်းစား မိပါတယ်။ ရောဂါကုတဲ့နေရာတင် မဟုတ်ပါဘူး ... ဘယ်နေရာ မှာပဲဖြစ်ဖြစ် ... ဖြစ်ကတတ်ဆန်း၊ အလွယ်လမ်း၊ ဖြတ်လမ်းကို လိုက်ကြပြီဆိုရင်... ဆေးမြီးတိုဆိုတဲ့ ဝေါဟာရကို သုံးတတ်ကြပြန်ပါတယ်။ ဆေးမြီးတိုဆိုတာ အလေး အနက်ကြီးတော့ မဟုတ်လှဘူးပေါ့။ ဒါပေမဲ့ လက်တွေ့အကျိုး ခံစားရဖူးတာလေး တွေတော့ အသိပေးသင့်တယ်လို့ ထင်မိပါတယ်။ ဒီတစ်ပတ် ဝင်းဖေ ကိုယ်တွေ့တင်ပြချင်တာက သွေးစုနာပျောက်တဲ့ ဆေးမြီးတိုလေးတစ်ခုပါ။

ကမ္ဘာပေါ်မှာတော့ မပြောတတ်ဘူး ... မြန်မာနိုင်ငံမှာတော့ သွေးစုနာ ဆိုတာ တော်တော်ကလေးကို အတွေ့ရများပါတယ်။ ဝင်းဖေ သိတဲ့ သွေးစုနာ၊ အများသိကြတဲ့ သွေးစုနာဆိုတာက ... သူဖြစ်လာတော့မယ်ဆိုရင် ... အနာပေါက်လာမယ့်နေရာမှာ အသားက အကျိတ်အခဲလေးတစ်ခု စပြီး ဖြစ်လာပြီးတော့ အရေပြားပေါ်မှာ နီရဲတက် လာပါတယ်။ အဲဒီအခြေအနေနဲ့ တစ်ရက်နှစ်ရက်ကြာတတ်ပါတယ်။ နောက်ဖူး ကြွတက်လာတာနဲ့အမျှ နာလာပါတယ်။ ဒီအပိုင်းမှာလည်း နှစ်ရက်လောက် ကြာတတ် ပြန်ပါတယ်။

ပထမတော့ လက်နဲ့နှိပ်ကြည့်မှ နာပါတယ်။ နောက်ပိုရင့်လာတဲ့အခါ အနာကလည်း စူတက်လာတာနဲ့အမျှ ဘာနဲ့မှမထိဘဲနဲ့ကို ကိုက်လာနာလာပါတယ်။ ဒါ့ကြောင့်မို့ ဘာနဲ့မှလည်းအထိ မခံနိုင်တော့ပါဘူး။ ဒီအတိုင်းပဲ နာနေပြီးတော့ တစ်ခုခု နဲ့ထိလို့ကတော့ သိပ်နာပါတယ်။ ပုံမှန်အားဖြင့် များသောအားဖြင့် ... အနာကပ်တဲ့ ဖယောင်းချက်တို့၊ ငန်းဆေးတို့ ဘာတို့နဲ့လိမ်းပြီး ကုသကြတာပါပဲ။ များသောအားဖြင့် ကတော့ နှစ်ရက်သုံးရက်လောက် စောင့်ရတတ်ပါတယ်။ အနာက နီရဲတက်လာပြီး ပြည်တည် လာပါတယ်။ ပြည်တည်တဲ့အပိုင်း ပြည့်စုံလာပြီဆိုတော့မှ ပြည်တွေကို ညှစ်ထုတ်ပစ်ကြရပါတယ်။ အဲဒီအဆင့် ... ပြည်ကုန်အောင် ညှစ်ထုတ်ရတဲ့ အဆင့်မှာ အလွန်နာပါတယ်။ အမြစ်ပါထွက်သွားအောင် ညှစ်တယ်လို့ဆိုပါတယ်။ အသားကုန် နာပါတယ်။ အဲဒီအပိုင်းပြီးသွားရင်တော့ အနာသက်သာသွားပါတယ်။ ဒါပေမဲ့ အနာ လုံးဝ ပြန်ပျောက်သွားဖို့ကတော့ နှစ်ရက်/သုံးရက်လောက် စောင့်ရတတ်ပြန်ပါတယ်။ ဒါ့ကြောင့် သွေးစုနာ တစ်ခါပေါက်ပြီ ဆိုရင် ... အနည်းဆုံး ခုနစ်ရက်၊ အများဆုံး ဆယ်ရက်လောက်အထိ စိတ်ညစ်ကြရပါတယ်။

ဝင်းဖေကိုယ်တိုင်လည်း ... အညာသားပီပီ ငယ်စဉ်ကစပြီး အတော်ကလေး ကြီးလာတဲ့အထိ ... တစ်နှစ်မှာ သွေးစုနာ တစ်လုံး/နှစ်လုံးတော့ ပေါက်တတ်ပါတယ်။ ကိုယ့်ဟာကိုယ်လည်း ကုပါတယ်။ ဆရာဝန်နဲ့လည်း ကုပါတယ်။ ခံရတဲ့အပိုင်းက တော့ နည်းနည်းပဲကွာပါတယ်။ မြန်မာ့ရိုးရာဆေးတွေလည်း ဘာမှ သိပ်မကွာလှပါ ဘူး။ တချို့ကျတော့လည်း ... ကြီးပြီး ခွဲပစ်လိုက်ကြရတယ်လို့ ပြောပါတယ်။ ဝင်းဖေ အသက်နှစ်ဆယ်လောက်ကျမှ ... ဆေးမြီးတိုတစ်ခုကို ဆရာဝန်တစ်ယောက်ကပဲ ပြောပြလို့သိရပါတယ်။ သွေးစုနာပေါက်လာပြန်လို့ သူ့ကိုကုခိုင်းတာပါ။ သူက ဘာမှ မကုဘဲ၊ ဆေးနည်းကိုပဲ ပေးသွားတာပါ။ ဝင်းဖေရဲ့သွေးစုနာက စလုံးရေ စပဲရှိပါသေး တယ်။ အဲဒီသူငယ်ချင်း ဆရာဝန်က ကွမ်းယာဆိုင်က မဖောက်ထုံး သွားတောင်းခိုင်း ပါတယ်။ နောက် ဝင်းဖေအိမ်မှာ အဆင်သင့်ရှိတဲ့ ... ပရုပ်ဆီရယ်၊ ဆားနည်းနည်း ရယ် ထည့်ပြီးတော့ သမ လိုက်ပါတယ်။ ပြီးတော့မှ ... တင်ပါးပေါ်မှာ စပေါက်နေတဲ့ သွေးစုနာပေါ်ကို လိမ်းပေးပါတယ်။ သူငယ်ချင်း ဆရာဝန် သေသေချာချာမှာသွား တာက ... ဆားထည့်ဖို့ ဘယ်တော့မှ မမေ့ပါနဲ့ ... ဆားထည့် ဖို့မေ့သွားရင်... မပျောက်တဲ့အပြင် ပိုတောင်ဆိုးနိုင်ပါတယ် တဲ့။

အဲဒီတုန်းက ဝင်းဖေ ညနေဘက်မှာ အဲဒီဆေးမြီးတိုကို လိမ်းလိုက်တာ နောက် နေ့ မနက်မိုးလင်းတော့ ..... အနာက ပိုပြီးဖောင်းလာ၊ နီလာရမယ့်အစား သိသိသာသာ ကြီးကို ဖျင်းသွားပါတယ်။ ဒါနဲ့ အားတက်လာပြီးတော့ အဲဒီမနက် မဖောက်ထုံး (ကွမ်းထဲထည့်စားတဲ့ ထုံးနဲ့) ပရုပ်ဆီနဲ့ဆားနဲ့ ထပ်ပြီးတော့

လိမ်းလိုက်တာ ဆက်တိုက် သက်သာသွားပြီးတော့ .. နောက်နေ့မနက်လည်းရောက်ရော လုံးဝပျောက်ကင်းသွား ပါတယ်။ သွေးစုနာပေါက်ခါစ နုနေသေးတဲ့အချိန်မို့ အခုလို အလွယ်တကူ ပျောက်သွားတာဖြစ်မယ်လို့ ဝင်းဖေက ဆေးကို အထင်သေးမိပါသေးတယ်။ ဒါပေမဲ့ ၃/၄ ရက်နေတော့ ... ဝင်းဖေရဲ့မိတ်ဆွေတစ်ယောက် သွေးစုနာပေါက်နေတာ ၃/၄ ရက်တောင်ရှိပြီကြားလို့ ... ချက်ချင်းပဲ အဲဒီဆေးမြီးတိုကို သွားပေးလိုက်ပါတယ်။ သူက လည်း မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ လိမ်းလိုက်တာ ... သူလည်းပဲ ... နှစ်ရက်နဲ့အနာက ဖျင်းကျသွားပြီးတော့ ပျောက်သွားပါတယ်။ ဒါနဲ့ ... ဘယ်သူ သွေးစုနာပေါက်သလဲ ဆိုတာကို တကူးတကန့်စုံစမ်းပြီး ... ဝင်းဖေတို့ရထားတဲ့ ဆေးမြီးတိုကို စမ်းသပ်ကြပါတယ်။ တစ်နှစ်လောက် အတောအတွင်း ... လူပေါင်း နှစ်ဆယ်လောက်ရှိလိမ့်မယ်၊ အားလုံးပျောက်တယ်။ ထူးခြားတာက ပြည်တည်တဲ့အပိုင်းကို မရောက်ရတော့တဲ့ အချက်ပါပဲ။ တစ်ခုတော့ရှိတယ် ... ပြည်တည်ပြီးသား သွေးစုနာတွေကိုတော့ ... ဝင်းဖေတို့မကြုံလို့ မစမ်းခဲ့ရပါဘူး။ နောက်တစ်ခု ကောင်းပြန်တာက ... ဆေးကြောင့် အနာဖျင်းသွားတဲ့အခါမှာ ... အရေပြားပေါ်မှာ ... ညိုတာတို့၊ မည်းတာတို့ ကျန်ခဲ့တာမျိုးလည်း မရှိပါဘူး။ နောက်တစ်ခုကတော့ ... ဝင်းဖေရဲ့အတွေ့အကြုံအရ... အဲဒီကတည်းက စပြီးတော့ ဝင်းဖေမှာ ... သွေးစုနာ မပေါက်တော့တာပါပဲ။ ဆေးမြီးတို ကောင်းရထားလို့ ... လာစမ်းဟဲ့ ... သွေးစုနာ ... ဆိုပြီးစောင့်နေခဲ့ပေမဲ့ ... သူက ဒီကနေ့အထိ ပြန်ကို ပေါ်မလာတော့ပါဘူး။ ဝင်းဖေအသက်ရလာလို့ ... တစ်ကိုယ်ရည် ကျန်းမာရေးပိုကောင်းလာလို့ ... သွေးစုနာက မပေါက်တော့တာလားတော့ မပြောတတ်တော့ပါဘူး။ သွေးစုနာ အလွန်ပေါက်တတ်တဲ့ ဝင်းဖေရဲ့သူငယ်ချင်းလည်း ဝင်းဖေလိုပါပဲ ... နောက်ထက် သွေးစုနာ မပေါက်တော့တာကို တွေ့ကြရပါတယ်။ သွေးစုနာပေါက်တတ်သူများ စမ်းသပ်ကြည့်နိုင်ကြပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယ ကမ္ဘာစစ် ပြီးခါစ ... ၁၉၄၆ ခုနှစ်၊ ၁၉၅၄ လောက်အကြား ... မန္တလေး မြို့မှာ ဂီတနဲ့ ပိုက်ဆံ တောင်း စား ရရှာတဲ့ အဘိုးအိုကြီး တစ်ယောက် ရှိခဲ့ဖူးပါတယ်။ ဂီတ နဲ့ ပိုက်ဆံတောင်းတဲ့သူတွေ က မြန်မာပြည်မှာ အများကြီး ရှိပါတယ်။ ဒါပေမဲ့ အခု ဝင်းဖေ ပြောပြမယ့် ... ဘိုးကျန်က အလွန်ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါတယ်။ ဘိုးကျန်ရဲ့တူရိယာပစ္စည်းတွေက တယော၊ ပုလွေ၊ စည်းနဲ့ဝါးတို့ ဖြစ်ကြပါတယ်။ ဂီတနဲ့ ပိုက်ဆံတောင်းတဲ့ မြန်မာတွေထဲမှာ တယောနဲ့ တောင်းစားသူတွေ ရှိပေမဲ့ ရှားပါတယ်။ တယောပစ္စည်းဟာ တန်ဖိုးကြီးပါတယ်။ ဆင်းရဲသားတွေ သိပ် မတတ်နိုင်ရှာကြပါဘူး။ တယောနဲ့ရှိရင်တောင်မှ ဟွန်းတယော ဆိုတဲ့ ပစ္စည်းလောက်ပဲ တွေ့ရတတ်ပါတယ်။

ဟွန်းတယော ဆိုတာက မြန်မာပြည်မှာပဲ ရှိပုံရပါတယ်။ ကမ္ဘာပေါ်က တခြား နေရာတွေမှာ ဝင်းဖေတော့ မမြင်ဖူးပါဘူး။ တယော တူရိယာပစ္စည်းရဲ့ အသံအိုး ကိုယ်ထည်နေရာမှာ အသံကို ကျယ်လာစေဖို့ ဟွန်းတပ်ထားလိုက်တာပဲ ဖြစ်ပါတယ်။ အသံထွက် ရိုင်းပါတယ်။ မရှိသုံး ပစ္စည်းမျိုးသာ ဖြစ်ပါတယ်။ တယောဆိုတဲ့ ဝေါဟာရဟာ မြန်မာဝေါဟာရပဲ ဖြစ်ပုံရပါတယ်။ အမှတ်တမဲ့ဆိုရင် ... မြန်မာတွေမှာ ... တယောဆိုတဲ့ ... ကြိုးတပ်ပစ္စည်းတစ်မျိုး ... ရှေးကတည်းက ရှိခဲ့တယ်လို့ ယူဆစရာ ဖြစ်နေပါတယ်။ တယောဆိုတဲ့ ဝေါဟာရလိုပဲ စန္ဒရားဆိုတဲ့ ဝေါဟာရလည်း မြန်မာမှာ ရှိပါတယ်။ ဒါပေမဲ့ စန္ဒရားဆိုတဲ့ပစ္စည်းဟာ မြန်မာမင်း နေပြည်တော်ဖြစ်တဲ့ အညာဒေသကို ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်းကြီး လက်ထက်ကျတော့မှ အနောက်နိုင်ငံက ပီယာနိုဆိုတဲ့ ကြိုးတပ် တူရိယာ ပစ္စည်းကို လက်ဆောင်ပေးလို့ စမ်းပြီး တီးရာက စန္ဒရားလို့ ဖြစ်လာတယ်လို့ ဝင်းဖေ ငယ်ငယ်က ကြားဖူး မှတ်ဖူးပါတယ်။ ဖခင်ကြီး ဖြစ်တဲ့ ရွှေပြည်ဦးဘတင်နဲ့တော့ မေးမြန်း အတည်ပြုတာမျိုး မလုပ်မိပါဘူး။

ရှေးက မြန်မာ့ရိုးရာ တူရိယာပစ္စည်းတစ်ခုမှာ ဝါးဆန်တွေနဲ့ တလား ပုံသဏ္ဌာန် အသံအိုးစနစ်ကို သုံးထားလို့ ဝါးပတ္တလားလို့ ရှေးပြီးတော့ ပတ္တယားလို့ အသံထွက်ပါတယ်။ အနောက်နိုင်ငံက လက်ဆောင်ပေးလို့ စမ်းပြီးတီးရတဲ့ တလားလို ပစ္စည်းကိုပဲ စမ်းတလား စန္ဒရားလို့ အမည်တွင်ခဲ့တယ်လို့ ဆိုပါတယ်။

ရှေးမြန်မာဝေါဟာရထဲမှာ သူနဲ့ ခပ်ဆင်ဆင်အသံထွက်တူတာတွေကတော့ ... စန္ဒရားယှက် ဆိုတဲ့စကားရယ်၊ စန္ဒရားမြား ဆိုတာတွေရယ်ရှိပါတယ်။ စန္ဒရားယှက် ဆိုတာက မြင်းစီးနည်း တစ်မျိုးသာ ဖြစ်ပါတယ်။ စန္ဒရားမြားဆိုတာကတော့ အဆင့်မြင့် အသုဘတွေမှာသုံးတဲ့ အဆောင်အယောင် တစ်မျိုးသာ ဖြစ်ပါတယ်။ စန္ဒရားမြားကြိုး ဆိုတာ အသုဘယာဉ်ကိုဆွဲတဲ့ ကြိုးအရှည်ကြီးကို ခေါ်တာပါ။ မျှားသောအားဖြင့် ပိတ်ဖြူစကို လုပ်ထားတဲ့ စတိကြိုးတွေ ဖြစ်ပါတယ်။

တယော ဆိုတဲ့ ဝေါဟာရကလည်း ... စန္ဒရားလိုပဲ နောက်မှပေါ်လာတဲ့ မြန်မာစကားလုံးအသစ် ဖြစ်ပုံရပါတယ်။ ပညာရှင် သုတေသီများကိစ္စသာ ဖြစ်ပါတယ်။ ရှေးဟောင်း ဆေးရေးပန်းချီတွေ၊ ပန်းပုတွေ၊ ပေ ပုရပိုက်တွေမှာ တယော ပစ္စည်းကို မတွေ့ကြ ရပါဘူး။ ပျူခေတ်ကဆိုပြီး တူးဖော်ရရှိထားတဲ့ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် ဆိုတဲ့ အခြေခံပြု တူရိယာပစ္စည်း (၅) မျိုးထဲမှာလည်း ကြိုးတပ် ပစ္စည်းတစ်မျိုးဖြစ်တဲ့ တယော မပါပါဘူး။ ရှေးစာပေအရေး၊ အသား၊ အဖွဲ့၊ အနွဲ့တွေထဲမှာလည်း ... စောင်းညှင်းပတ်သာ တူရိယာ ဆိုတာတွေထဲမှာ တယောကို မတွေ့ရပြန်ပါဘူး။ နိုင်ငံခြားနဲ့ ကူးလူးဆက်ဆံမှု အများဆုံးဖြစ်လာတဲ့ ကုန်းဘောင် ခေတ်နောက်ပိုင်း စာပေတွေမှာတောင် တယောကို မတွေ့ရပါဘူး။ တယောဆိုတာ အနောက်တိုင်းက အင်္ဂလိပ်လို Violin လို့ခေါ်တဲ့ ပစ္စည်းကို ပြောတာပါပဲ။ အနောက်တိုင်းက တယောဟာလည်း အရွယ်အစား လိုက်ပြီးတော့ အသံထွက်သတ္တိတွေ ကွဲပြား သွားသလို၊ အခေါ်အဝေါ်တွေလည်း ပြောင်းသွားပါတယ်။ ဗိုင်အိုလင် Violin တဲ့... နောက် .. သူ့ထက် နည်းနည်းပိုကြီးတဲ့ တယောကိုတော့ ... ဗီအိုလာ Viola တဲ့။ နောက်တစ်ခါ ထပ်ပြီး ကြီးလာတဲ့တယောကျတော့ ... မေးတင်ပြီးထိုးရတဲ့တယော မဟုတ်တော့ဘူး၊ တယောခေါင်းကို ကြမ်းပြင်ပေါ်စိုက်ထောင်ပြီး ထိုးရတာဖြစ်ပြီး တော့ ... အဲဒါကိုတော့ ... ချယ်လို Cello လို့ ခေါ်ပါတယ်။ အဲဒီထက်ကြီးတဲ့ တယောကြီးကိုတော့ ... ဘေ့(စ်) Bass လို့ခေါ်ပါတယ်။ သူ့ကိုလည်း ချယ်လိုထိုး သလို ကြမ်းပြင်မှာ ဖောက်ထိုး စိုက်ထောင်ပြီးတော့ ထိုးရတာပါပဲ။

ဝင်းဖေက တမျှော်တခေါ်ကြီး ရှင်းပြနေရတာ ... ဝင်းဖေ အဓိကပြောချင်တဲ့ မန္တလေးက ဘိုးကျန်ရဲ့ထူးခြားမှုကို ပေါ်လွင်စေချင်လို့ ဖြစ်ပါတယ်။ ပထမ ထူးခြားချက်က ဘိုးကျန်ထိုးတဲ့ တယောအမျိုးအစား ဖြစ်ပါတယ်။ မြန်မာ ဆင်းရဲသား တယောသမားတွေ အသုံးများတဲ့ ဟွန်းတယော မဟုတ်ပါဘူး။ နောက် ... မေးမှာ တင်ထိုးရတဲ့ ... ဗိုင်အိုလင်တို့၊ ဗီအိုလာတို့လို တယောမျိုးလည်း မဟုတ်ပါဘူး။ မြန်မာတယော လောကမှာ အလွန်အသုံးနည်းတဲ့ ချယ်လိုအမျိုးအစား ... ကြမ်းပြင်မှာ ဖောက်ထိုး ထောင်ထားပြီးတော့ ထိုးရတဲ့ တယောအမျိုးအစား ဖြစ်ပါတယ်။ ဒီ့ထက် ထူးခြားတာက ... အဲဒီချယ်လို လို

တယောကို ... မြန်မာသရိုးပညာနဲ့ လုပ်ထားတဲ့၊ မြန်မာဟန်အပြည့်ပါတဲ့ ... ချယ်လိုတယော ဖြစ်နေခြင်းပါပဲ။ သောတရှင်တွေ မျက်စိထဲမှာ စိတ်ကူးနဲ့ မြင်ကြည့်ရင် မြင်ကွင်းကိုက အလွန်ဆန်းနေပါလိမ့်မယ်။ အနောက်တိုင်း ချယ်လိုကို ထိုးကြတဲ့အခါမှာ ... ထိုးသူက ကုလားထိုင်နဲ့ ထိုင်ပြီးတော့ ထိုးပါတယ်။ ဘိုးကျန်ထိုးတဲ့ ချယ်လို လို ... မြန်မာ သရိုးကိုင်တယောကတော့ အရွယ်အားဖြင့်ကလည်း အနောက်တိုင်း ချယ်လိုထက် တစ်ဝက်လောက်ပဲ ရှိပါတယ်။ ဘိုးကျန်ခများမှာလည်း ... လမ်းဘေးမှာ ပိုက်ဆံတောင်းရရှာသူ၊ မရှိဆင်းရဲသား ဆိုတော့ ... မြေကြီးပေါ်မှာပဲ ဆောင့်ကြောင့်ထိုင်ပြီးတော့ ထိုးရရှာတာပါ။

နောက်တစ်ခုထူးခြားတာက ... ဆို၊ တီးပြီးတော့ တောင်းရမ်းစားသောက်ကြတဲ့ သူတွေမှာ ... စည်းတွေ၊ ဝါးတွေ၊ အဆိုတွေပါလာရင် ... စည်း/ဝါးတီးပေးမယ့် သူတွေပါရပါတယ်။ ဘိုးကျန်မှာတော့ အဲဒီလို မဟုတ်ပါဘူး။ သူဆောင့်ကြောင့်ထိုင် နေတဲ့ အနေအထားမှာ .. ဝါးလက်ခုပ်လို့ ဝါးခြမ်းကို ညှပ်ဖြစ်အောင်လုပ်ထားတဲ့ ပစ္စည်းကလေး နှစ်ခုပါပါတယ်။ ညှပ်တစ်ခုထိပ်မှာ ကွင်းသေးသေးလေး တစ်ခု တပ်ထားပြီးတော့ ... နောက် ညှပ်တစ်ခုတိပ်မှာတော့ ... ကျောက်သဘော၊ ဝါးသဘော... အသံထွက်အောင် စီမံထားပါတယ်။ အဲဒီဝါးညှပ်ကလေးနှစ်ခုကို ... သူ့ခြေနှစ်ချောင်းနဲ့ ကတ်သီးကတ်သတ် စည်း/ဝါးဖြစ်အောင် တီးနိုင်ပါတယ်။ ဘယ်လက်နဲ့ ညာလက်ကို သုံးပြီးတော့ ချယ်လို လို တယောကို တိုးပါတယ်။ ပြီးတော့မှ သူကိုယ်တိုင် သီချင်းဆိုပါတယ်။ တယောသံ၊ အဆိုသံနဲ့ စည်းသံ၊ ဝါးသံ .. အားလုံး အသံ ၄ သံကို သူ တစ်ယောက်တည်းနဲ့ ဖန်တီးတာပါပဲ။ အလွန့်အလွန်ထူးခြားတဲ့ ပညာရှင်ကြီးပါ။ မြင်ကွင်းက အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

ဝင်းဖေ ငယ်ငယ်က ... ခဏခဏ ဘိုးကျန်နားမှာ ... တမေ့တမြော ရပ်ပြီး၊ ထိုင်ပြီး တအံ့တသြ နားထောင်ပါတယ်။ ကြည့်ပါတယ်။ မိခင်ဖြစ်သူဆီက ပိုက်ဆံသွားတောင်းပြီးတော့ ဘိုးကျန်ကို အကြိမ်ကြိမ်ပေးခဲ့ဖူးပါတယ်။ ဆက်လက်ဖော်ပြပါမည်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၂၄]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က အနောက်တိုင်းသုံး ချယ်လို တယော လို မြန်မာသရိုးနဲ့ လုပ်တယ်လို့ ထင်ရတဲ့ တယောကိုထိုးပြီးတော့ သီချင်းဆိုရင်း ပိုက်ဆံတောင်းရှာတဲ့ ဘိုးကျန် ဆိုတဲ့ အဘိုးကြီး အကြောင်းကို အစပျိုး တင်ပြထားပါတယ်။ ဝင်းဖေ တွေ့နေကြရတဲ့အချိန်မှာ ဘိုးကျန်ရဲ့ အသက်က ၇၀ ကျော် ၈၀ နီးပါးရှိနေလောက်ပြီလို့ ဝင်းဖေ မှန်းဆကြည့်မိပါတယ်။

ဘိုးကျန်ကို ဝင်းဖေငယ်ငယ်က မြင်နေတာကကိုပဲ ၄/၅/၆ နှစ်လောက် ကြာပါတယ်။ မန္တလေးက ဘိုးကျန်ကို သိမီလိုက်တဲ့သူတွေ အတော်များများ ရှိနေနိုင်ပါတယ်။ ဝင်းဖေ သိသလောက်ကတော့ ဘိုးကျန်ဟာ ရှေးသီချင်းတွေကိုပဲ ဆိုတာ/တီးတာပါပဲ။ ဘိုးကျန်ဟာ အသက်အရွယ်တော်တော်ကြီးနေပြီဖြစ်လို့ သူ့ရဲ့ သီချင်း ဆိုသံဟာ သိပ်တိုးနေပါတယ်။ အဆွဲအငင်တွေလည်း သိပ်လုပ်နိုင်တော့တာ မဟုတ် ပါဘူး။ နောက်တစ်ခုက ... သူထိုးနေတဲ့တယောက သရိုးနဲ့လုပ်ထားတာလို့ ထင်ရ ပြီး ... အသံအိုးစနစ် အတော်လေးညံ့ဖျင်းပုံရပါတယ်။ ဒါ့အပြင် သူ့တယောမှာ တပ်ထားတဲ့ ကြိုးတွေဟာလည်း ဘိုးကျန်ရဲ့ လက်ဖြစ်ကြိုးတွေပဲ ဖြစ်ပုံရပါတယ်။ ဒီတော့ တယောသံကလည်း သိပ်တော့ မထွက်လှပါဘူး။ သူ့တယောသံနဲ့ သီချင်း ဆိုသံကို ကြားရဖို့ ကလေးအရွယ်မို့ အလွန်နားပါးနေသေးတဲ့ ဝင်းဖေ ငယ်စဉ်က တောင်မှ နှစ်ပေလောက်ကပ်ပြီးတော့ မနည်းနားထောင်ယူရပါတယ်။ သီချင်းတွေက... ယမုံနာတို့၊ သောင်းသောင်းညံတို့ ဆိုတာမျိုးတွေပါပဲ။ ညာခြေထောက်နဲ့တီးတဲ့ လင်းကွင်းသေးသေးကလေးနဲ့ လုပ်ထားတဲ့ စည်းရယ်၊ ဘယ်ခြေထောက်နဲ့တီးတဲ့... ဝါး၊ ဗျောက်တွေကလည်း သူ့အဆိုသံ တိုးတိုးကလေးနဲ့ညီအောင် ... ခပ်တိုးတိုး ညက်ညက်ကလေးတွေပဲ တီးတာ များပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံမှာ ဇော် သီချင်းမျိုးတွေ ပါလာတတ်ပြီးတော့ ... သူ့ဘယ်ခြေ၊ ညာခြေတွေနဲ့ စည်းကစားတတ် ပါတယ်။ နောက် ခုပ်စည်းတွေကိုလည်း ကစားပြီး တီးတတ်ပါတယ်။ များသော အားဖြင့်ကတော့ တယောနဲ့ဆိုတီးတီးတာဆိုတော့ ... သူ့အသံရော၊ တယောသံကရော သိပ်တိုးနေတယ် ... ဒီတော့ စည်းဝါးကလည်း ညက်ညက်ကလေး တီးတတ်ပါတယ်။ ဒါပေမဲ့ ဘိုးကျန်က ပလွေလည်း မှုတ်တတ်တယ်။ ပလွေကို ပါးစပ်နဲ့လည်း မှုတ်တယ်၊ နှာခေါင်းနဲ့လည်း မှုတ်ပါတယ်။ အဲဒါလည်း ထူးခြားချက်ပါပဲ။ ပလွေကို နှာခေါင်းနဲ့ မှုတ်တဲ့သူ

သိပ်ရှားပါတယ်။

ဘိုးကျန်ရဲ့ ဘယ်ဘက်နှာခေါင်းပေါက်က ... ဘယ်တုန်းက၊ ဘာ့ကြောင့်မှန်း တော့မသိဘူး ... ပဲ့နေပါတယ်။ နှာခေါင်းပေါက်က ဟောင်းလောင်းကလေး ဖြစ်နေပါတယ်။ အဲဒီ ဘယ်ဘက်နှာခေါင်းပေါက်နဲ့ ဘိုးကျန်က သူ့ပလွေကို မှုတ်လေ့ရှိပါတယ်။ ပလွေမှုတ်ပြီဆိုရင်တော့ ... အသံက တော်တော်ကျယ်လာပါတယ်။ မှုတ်တာ ကလည်း ရှေးသံဆန်းတွေ များပါတယ်။ မြိုင်ထတို့၊ ရှစ်ဆယ်ပေါ် တေးထပ်တို့နဲ့ ဇာတ်သဘင်သုံး သံဆန်းလေးတွေ ဖြစ်တတ်ပါတယ်။ ဒီအခါမျိုးမှာ ခြေထောက်နဲ့တီးရတဲ့ စည်း/ဝါးကလည်း အတော်လေးကိုကစားပြီးတော့ တီးတာကို တွေ့ရပါတယ်။ လက်နှစ်ဖက်နဲ့တီးရင်တောင် အတော်ကလေးခက်ခဲတဲ့ စည်းအဆော့ ကလေးတွေကို ဘိုးကျန်က ခြေဖဝါးလေးတွေကို မြှောက်လိုက်/ချလိုက်နဲ့ ပြုံးရင်း/ရယ်ရင်း တီးတတ်ပါတယ်။

ဘိုးကျန်က မျက်စိကလည်းမြင်ရှာတော့တာ မဟုတ်ပါဘူး။ အဲဒီလို ကလေး ပလွေနဲ့ မြူးမြူးကြွကြွလေးတွေဆိုရင် ... အသံက သိသိသာသာထွက်လာတော့ ... လူတွေလည်း သတိထားမိပြီးတော့ ဝိုင်းအုံလာတတ်ပါတယ်။ ပြီးတော့ ဘိုးကျန်က ပလွေကို နှာခေါင်းနဲ့ မှုတ်နေတာကို ကြည့်ပြီးတော့ ဆို/မှုတ်လုပ်ပြဖို့ ပွဲတောင်းကြပါတယ်။ ဒီတော့ ဘိုးကျန်က ဟက်ဟက်ပက်ပက် ရယ်တတ်ပါတယ်။ ပါးစပ်ကသာ အားနေတာ ... တဲ့၊ အားနေလို့ဆိုပြီးတော့ သီချင်းဆိုလို့တော့ မရပါဘူး၊ ပလွေမှုတ်ဖို့ လည်း လေကိုထုတ်၊ သီချင်းဆိုဖို့လည်း လေကိုထုတ်ရမယ်ဆိုရင် .. သေရုံရှိတော့တာ ပေါ့ကွာ ... ပြောပြီး ရယ်ရှာပါတယ်။ ဘိုးကျန် ပလွေမှုတ်ရင် ... အသံ ကျယ်လာ ထွက်လာတော့ လူတွေလည်း ဝိုင်းဝိုင်းလာတတ်ပါတယ်။ ပိုက်ဆံတွေလည်း ပိုရ တတ်ပါတယ်။ တစ်ခါကတော့ မိုးကုတ်က အတော်အသင့်ချမ်းသာပြီးတော့ ဂီတကို အတော်လေးဝါသနာပါတဲ့ ကျောက်ကုန်သည်တစ်ယောက်က ... ဘိုးကျန်ကို တစ် သက်လုံးကျွေးထားပြီး စောင့်ရှောက်ပါ့မယ်ဆိုပြီး ခေါ်သွားပါတယ်။ ကြားရတဲ့သူတွေ အားလုံး ဝမ်းသာကြပါတယ်။ ဒါပေမဲ့ တစ်လတောင် မကြာလိုက်ပါဘူး၊ ဘိုးကျန်.. မန္တလေးက လမ်းဘေးတွေကို ပြန်ရောက်လာပါတယ်။ မိုးကုတ်မှာ မပျော်ပါဘူးတဲ့။

ဝင်းဖေ ငယ်ငယ်က သိတာကတော့ ... ဘိုးကျန်မှာ မြေးတွေ ရှိပါတယ်။ မိန်းကလေးတွေချည်းပဲလို့ သိရတယ်။ တောင်းရမ်းစားသောက်တာကို မလုပ်ချင်ကြလို့ ... အုတ်သယ်၊ သဲသယ်နဲ့ ပန်းရန်အဖွဲ့မှာ အလုပ်လုပ်ကြတာတွေတဲ့။ ပညာမတတ် ကြရှာပါဘူး။ ဘိုးကျန်ကလည်း သူ့ကိုယ်သူ သူတောင်းစားလို့ မယူဆဘူးတဲ့။ သူက သူတတ်တဲ့ပညာနဲ့ ဆိုတီးနေတာပဲ၊ စေတနာရှိတဲ့သူတွေက

ပေးသွား၊ လှူသွားကြတာ ကိုစားတာပဲလို့ ... ရိုးရိုးကြီးပဲ ပြောတတ်ပါတယ်တဲ့။ သူ့မြေး ပန်းရန်သမတွေ ရှာတဲ့ ငွေနဲ့ ... သူ့ကို ကောင်းကောင်း ကျွေးမွေးပြုစုနိုင်ပါတယ်တဲ့။ ဘိုးကျန်ကိုက လမ်းဘေးကို မထွက်ရရင် မနေနိုင်တာလို့လည်း ပြောကြပါတယ်။ မျက်စိမမြင်တဲ့ သူတို့အဘိုးကို သူ့မြေးမ၊ ပန်းရန်သမလေးတွေက ဘိုးကျန် သွားချင်တဲ့ နေရာကို ထမင်းချိုင့်ပါ ထည့်ပြီးတော့ တွန်းလှည်းနဲ့ တွန်းပြီးတော့ ပို့ထားခဲ့ကြရတာတဲ့။ နောက်မှ လာကြိုပေးကြရ တာတဲ့။ သူတို့နေတာက မန္တလေး၊ အာဋ္ဌဝီ၊ စီလမ်းကနေ ... တည့်တည့် အနောက်ကို ဆင်းသွားရင် ... သင်္ချိုင်းတော် တံတားဆိုတာ ရှိပါတယ်။ အဲဒီအနားက ကျူးကျော် ရပ်ကွက်မှာလို့ ပြောပါတယ်။ ၁၉၅၆/၅၇ လောက်မှာ ဘိုးကျန် ကွယ်လွန် သွားရှာတယ်လို့ ထင်ပါတယ်။ အဲဒီတုန်းက မန္တလေး၊ အနုပညာ၊ ပန်တျာနဲ့ အက ကျောင်းအုပ်ကြီး ဦးစိန်ညွန့်က ဘိုးကျန်ရဲ့ သရိုးတယောကြီးကို အစိုးရ၊ မြန်မာ အနုပညာပြတိုက်အတွက် အစိုးရကိုယ်စားဝယ်ယူတယ်လို့ ... ဝင်းဖေ မှတ်မိနေပါတယ်။ ၁၉၅၀ စောစောပိုင်း၊ မန္တလေး၊ ဓာတ်ပုံဆရာများအသင်းက ဘိုးကျန်ကို ဓာတ်ပုံရိုက်ကြပြီးတော့ ပြိုင်ပွဲ၊ ပြပွဲတွေ လုပ်ခဲ့တယ်လို့လည်း မှတ်မိနေပါတယ်။

မန္တလေးက ရုပ်ရှင်ပိုစတာ ပန်းချီဆရာကြီး ဦးဘကျင်ကလည်း ဘိုးကျန်ရဲ့ ပုံတူ ပန်းချီကားကြီး တစ်ကား ရေးပြီးတော့ ပြပွဲတွေမှာ တင်ပြီးတော့ ပြခဲ့တာလည်း ဝင်းဖေ မှတ်မိနေပါတယ်။ ဒါ့ကြောင့် ဘိုးကျန်ရဲ့ မှတ်တမ်း/ မှတ်ရာ ဓာတ်ပုံတွေကတော့ တော်တော်များများ ကျန်ခဲ့နိုင်တယ်လို့ ထင်ပါတယ်။ မန္တလေး ပန်တျာ ကျောင်းအုပ်ကြီး ဦးစိန်ညွန့်က အလွန် စေ့စပ်သေချာပြီးတော့ ခေတ်မီတဲ့ ပညာတတ် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်တဲ့အတွက် ... ဘိုးကျန်ရဲ့ သရိုးတယောကြီးကိုဝယ်စဉ်က... မြန်မာနိုင်ငံ အနုပညာပြတိုက်အတွက် ဒီပစ္စည်းရဲ့သမိုင်းကို တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံ ရေးသားတင်ပြလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒီပစ္စည်းဟာလည်း မြန်မာ အနုပညာ ပြတိုက်မှာ ကောင်းကောင်းမွန်မွန် ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဝင်းဖေကတော့ ... ဘိုးကျန်ဟာ အနောက်နိုင်ငံက ချယ်လိုလို့ခေါ်တဲ့ တယောကို ကြည့်ပြီးတော့ သူ့ဟာသူ စိတ်ကူးနဲ့အလားတူတစ်ခု ... သူလုပ်တတ်သလို လုပ် ပြီးတော့ ... သူ့ဟာသူလေ့လာပြီး တီးနေခဲ့တယ်လို့ပဲ ထင်မြင်မိပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျား ...

ဒီတစ်ပတ်တော့ အင်္ဂလိပ် ပီယာနို Piano လို့ခေါ်တဲ့ စန္ဒရား နဲ့ မြန်မာ့ဂီတအကြောင်း တင်ပြ ချင်ပါတယ်။ ကမ္ဘာပေါ်က လူ သားတွေ တီထွင်ခဲ့ကြတဲ့ ဂီတ တူရိယာပစ္စည်းပေါင်း အမြောက် အမြားရှိခဲ့တဲ့အထဲမှာ စန္ဒရား တူရိယာဟာ အလွန် ကြွယ်ဝပြည့်စုံတဲ့၊ ခမ်းနားတင့်တယ်တဲ့ ထိပ်တန်းတူရိယာပစ္စည်းတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို စန္ဒရားဆိုတဲ့ တူရိယာပစ္စည်းရောက်လာတာ နှစ်ပေါင်း ၂၀၀ တောင် မပြည့်တတ်သေး ပါဘူး။ မြန်မာတွေအားလုံး စန္ဒရားနဲ့ အကျွမ်းတဝင်၊ သိရှိ၊ နှစ်သက်၊ ရင်းနှီး၊ လက်ပွန်း တတီးရှိနေကြပါပြီ။ အနောက်နိုင်ငံကတေးသွားတွေကို မြန်မာတွေနှစ်သက်ကြလို့ လိုက်ဆို၊ လိုက်တီးကြတဲ့ကိစ္စတွေကို ဝင်းဖေ ဘာမှမပြောလိုပေမဲ့ ... မြန်မာ့ရိုးရာ၊ မြန်မာ့ရှေးဟောင်း၊ မြန်မာ့ခေတ်သစ် ... မြန်မာသံတွေကို စန္ဒရားနဲ့ တီးကြတာတွေနဲ့ ပတ်သက်လို့တော့ ဝင်းဖေ ကြားဖူးတာတွေ၊ ပြောဆိုငြင်းခုံဖူးတာတွေ၊ စဉ်းစားဖူးတာ တွေကို ပြောပြချင်ပါတယ်။

မြန်မာရှေးသီချင်းတွေ၊ မဟာဂီတတွေ အမြောက်အမြားကို စန္ဒရားတူရိယာနဲ့ တီးခဲ့ကြပြီးတော့ မြန်မာတွေ အလွန်နှစ်ထောင်းအားရ၊ ကြိုက်နှစ်သက်ခဲ့ကြပါတယ်။ ကျေနပ်၊ အားရ၊ ဝမ်းမြောက်ဂုဏ်ယူခဲ့ကြပါတယ်။ ယခုအထိလည်း မြန်မာများက မြန်မာ့စန္ဒရားလက်ကွက်များ၊ မြန်မာ့စန္ဒရား တေးသွားများကို ကြိုက်နှစ်သက်ကြဆဲပဲ ရှိနေပါတယ်။ ဒါပေမဲ့ စန္ဒရားဆိုတဲ့ ဂီတတူရိယာ ပစ္စည်းရဲ့သဘာဝကို ပြန်လည် သုံးသပ်ဖို့ အချိန်တန်လာတာ အတော်ကြာပြီဖြစ်ပါတယ်။

စန္ဒရားကို လူ့ရဲ့လက်တစ်စုံက လက်ချောင်းဆယ်ချောင်းနဲ့ တီးနိုင်ပါတယ်။ ဒါ့ကြောင့်တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မတူတဲ့အသံ (၁၀) သံကို တီးလိုက်နိုင်ပါတယ်။ မူလမြန်မာသံစဉ်၊ သံစုံအော့တစ် Octave တစ်တွဲမှာမတူတဲ့ အသံ (၇) သံသာ ရှိပါတယ်။ စန္ဒရားမှာကတော့ အနောက်ကမ္ဘာသုံး သံစဉ်/သံစုံ Oc-tave တစ်တွဲမှာ မတူတဲ့အသံ (၁၁) သံ ရှိပါတယ်။ မြန်မာထက် ကြားသံ ၅ သံ ပိုပါတယ်။ ခုခေတ်မှာတော့ အဲဒီကြားသံဆိုတာတွေကို မြန်မာတွေလည်း လိုရင် လိုသလို သုံးနေကြပါပြီ။ မြန်မာ့တူရိယာပစ္စည်းတွေဖြစ်ကြတဲ့ ပတ္တလားတို့၊ ဆိုင်းတို့၊ ကြေးဝိုင်းတို့၊ မောင်းဆိုင်းတို့မှာ လက်နှစ်ဖက်နဲ့၊

လက်ခတ်နှစ်ခုနဲ့တီးခတ်ရပြီး တစ်ချိန် မှာ တစ်ပြိုင်တည်း မတူတဲ့အသံနှစ်သံသာ ထွက်နိုင်ပါတယ်။ စောင်းတုရိယာမှာ မတူတဲ့ အသံနှစ်သံထက် ပိုပြီးတော့ထွက်အောင် တီးနိုင်တာတောင်မှ ... မြန်မာစောင်း တီးကွက် ၉၅% မှာ နှစ်သံတွဲများသာ အသုံးများပါတယ်။ ကမ္ဘာ့ဂီတပညာရှင်ကြီး တစ်ဦးက အခုလို တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း နှစ်သံသာတီးတဲ့ မြန်မာတီးကွက် တွေနဲ့ဖွဲ့တဲ့ မြန်မာဂီတဟာ မြန်မာတွေရဲ့ဗီဇပဲ၊ မြန်မာသဘာဝပဲ၊ မြန်မာကြိုက်ပဲ၊ မြန်မာတို့ရဲ့ ဂီတ မူလဘူတပဲ လို့ပြောပါတယ်။ အမှတ်တမဲ့ဆိုရင် လက်ခံလိုက်ရမလို ဖြစ်နေပါတယ်။ ဒါပေမဲ့ အရှိ အရှိအတိုင်း ကျေနပ်လက်ခံလိုက်ပေါ့လို့ အလွယ်ပြော လိုက်သလို ဖြစ်နေပါတယ်။ တိုးတက်ပြောင်းလဲ ဖွံ့ဖြိုးမှုအတွက် အတားအဆီးဖြစ်နိုင်တဲ့ သဘောထားမျိုး ဖြစ်ပါတယ်။ ပြောလိုရင်းကို ပြန်ကောက်ပါမယ်။

မြန်မာ စန္ဒရားဆရာတွေက မြန်မာတီးလုံးတီးကွက်တွေကို စန္ဒရားပေါ်မှာ လက်ချောင်း ၁၀ ချောင်းနီးပါးကို သုံးပြီး တီးကြတဲ့အခါမှာ အလွန် မြိုင်ဆိုင်ကြွယ်ဝ နေတာကိုတွေ့ကြရပါတယ်။ မြန်မာတွေလည်း အလွန် နှစ်သက်ကြပါတယ်။ အားလုံး ဝမ်းသာ ဂုဏ်ယူစရာချည်းပါပဲ။ ဒါပေမဲ့ လေယာဉ်ပျံတစ်စီးကို ကောင်းကင်မှာ ပျံသန်း ဖို့ မောင်းနှင်ကြရမယ့်အစား မြေပြင်ကားလမ်းပေါ်မှာ အမြန်မောင်းပြီးတော့... “ဟာ... တယ်မြန်ပါကလား” ဆိုပြီးတော့ ကျေနပ်အားရနေကြတာနဲ့ တူနေပါတယ်လို့ .. မန္တလေးမြို့က ဂီတနဲ့ပတ်သက်လို့ သုတေသီပညာရှင်ကြီးတစ်ဦးဖြစ်တဲ့ ဓားတန်း ဦးသန့်က ပြောပါတယ်။ “လေယာဉ်ပျံဆိုတာ မိုးပေါ်မှာ ပျံသွားဖို့လုပ်ထားတာ”တဲ့၊ “မြေပြင်ပေါ်မှာတင် ဘယ်လောက်ပဲ မြန်အောင် ပြေးနိုင်ပေမဲ့ ကျေနပ်အားရနေစရာ မဟုတ်ဘူး” တဲ့၊ ဆလွန်းကားကြီးတစ်စီးပေါ်မှာ တက်ထိုင်၊ ဆိုဖာကြီးတွေနဲ့ နေလို့ကောင်းလိုက်တာ ... ဆိုပြီးတော့ ... မှန်တံခါး ပိတ်လိုက်/ ဖွင့်လိုက်လုပ်၊ နေလည်းလုံတယ်၊ လေလည်းလုံတယ်၊ မိုးလည်းလုံတယ်၊ ရေဒီယိုလည်း ဖွင့်လို့ရတယ်၊ စီဒီကို လည်း ဖွင့်လို့ရတယ်၊ ပူရင် လေအေးစက်ဖွင့်နိုင်တယ်၊ အေးရင် အနွေးဓာတ်ဖွင့်လို့ ရတယ် ... ဘာညာ ဆိုပြီး .... ကျေနပ်နေလို့ မဖြစ်ပါဘူးတဲ့။ ကားကိုမောင်းပြီးတော့ ကိုယ်လိုရာခရီးကို သွားကြရမှာက အဓိကဖြစ်ပါတယ် ... တဲ့။ ကားစီးကြရာမှာ ... ကားမှာပါတဲ့ လုပ်နိုင်ခွင့်၊ ခံစားပိုင်ခွင့်တွေ အားလုံးကို အသုံးချရမှာဖြစ်သလို ... စန္ဒရားမှာရှိတဲ့ လုပ်နိုင်ခွင့်တွေအားလုံးကို အသုံးချကြရမှာ ဖြစ်ပါတယ်တဲ့။ စန္ဒရားမှာ လက်ချောင်း ၁၀ ချောင်းနဲ့ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ... မတူတဲ့အသံ (၁၀)သံကို တီးနိုင်ပါတယ်တဲ့။ ဒါ့ကြောင့် အနောက်တိုင်းကတော့ ... တေးသွား Melody ... နောက် ... ဖက်သံ/ စွက်သံ Harmony နဲ့ စည်းဝါး Rhythm ဆိုတဲ့ ဂီတအခြေခံ အရည်အသွေး ၃ မျိုးစလုံးကို တစ်ပြိုင်တည်းပါအောင် တီးလေ့ရှိပါတယ်။ အဲဒီ အခွင့်အရေးကို

စန္ဒရားတူရိယာ တစ်ခုတည်းမှာသာရအောင် တီးနိုင်ကြပါတယ်။ နောက် ? Electronic Multiple Syncthesizer... Key Board ဆိုတာပေါ်လာလို့ တီးသူတစ်ယောက်တည်းနဲ့ အများကြီးတီးလို့ရပါတယ်။ ဒါက နည်းပညာတိုးတက်မှု ကြောင့်သာ ဖြစ်ပါတယ်။ သမားရိုးကျ ဂီတတူရိယာတွေထဲမှာတော့ ပီယာနိုလို့ခေါ်တဲ့ စန္ဒရားပဲ ရှိပါတယ်။ သူမပေါ်ခင်က Hapsi Chord လို့ခေါ်တဲ့ အသံကြိုးကို ရိုက် မောင်းနဲ့ ရိုက်တာမဟုတ်ဘဲ စောင်းတီးသလို ကိရိယာလေးတွေနဲ့ ခတ်တီးရတဲ့ ပစ္စည်း ပေါ်ခဲ့ဖူးပါသေးတယ်။

ဝင်းဖေ ဆိုလိုရင်းက ... စန္ဒရားပေါ်မှာ မြန်မာသံတွေကို စန္ဒရားကပေးထားတဲ့ ကြီးမားပြည့်စုံတဲ့ အခွင့်အရေးတွေကို သုံးပြီးတော့ မြန်မာစန္ဒရား တီးကွက်တွေ များများ စားစားပေါ်ပေါက်လာသင့်ပြီ ... လို့ဆိုလိုတာ ဖြစ်ပါတယ်။ ဓားတန်းဦးသန့်က ဝေဖန် ချက်ပေးခဲ့ရာမှာ ... အပြောသက်သက် မဟုတ်ပါဘူး၊ မြန်မာတေးသွားတွေ ... ဥပမာ ချစ်သမျှကိုပတ်ပျိုး၊ စိန်ဗေဒါကြီးရဲ့ပတ်စမ်းနဲ့ မြို့မညိန်းရဲ့ 'အိမ်ဈေး တန်း" သီချင်း ... စတာတွေကို မြန်မာစန္ဒရားတီးကွက် နမူနာတွေ ... ကမ္ဘာသုံး ဂီတသင်္ကေတနဲ့ ရေးဖွဲ့ပြခဲ့ပါတယ်။ ဒီကနေ့အထိ သက်ရှိထင်ရှားရှိနေသေးတဲ့ မန္တလေးက စန္ဒရားကို သိမ်းမောင်က တီးပြနိုင်ပါသေးတယ်။ အဲဒီ မြန်မာစန္ဒရား တီးကွက်တွေမှာ လေယာဉ်ပျံကို မိုးပေါ်ပျံနေတာကို တွေ့နိုင်ပါတယ်။ ဂျက်လောက်၊ ရှော့ကက်လောက် မဟုတ်တောင် မိုးပေါ်ကိုတော့ ပျံနေပါပြီ။ မြေကြီးပေါ်မှာတင်ပြေး နေတာ မဟုတ်တော့ပါဘူး။ ပတ္တလားတီးကွက်၊ စောင်းတီးကွက်၊ မယ်ဒိုလင်တီးကွက် ဆိုတာမျိုးတွေရှိသလို မြန်မာစန္ဒရားတီးကွက်တွေလည်း ရှိသင့်ပါကြောင်း တင်ပြလိုက် ရပါတယ်ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၂၆]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့ အပတ်က မြန်မာတွေဟာ ... ပတ္တလား လက်ကွက်၊ စောင်း လက်ကွက်၊ မယ်ဒိုလင် လက် ကွက်၊ မြန်မာသံတေးသွား တွေကို စန္ဒရားပေါ်မှာ တီးကြပြီးတော့ ... လက်ကွက် ပိုများ၊ ပိုမြန်တာကို အလွန်ကျေနပ်အားရပြီးတော့တင်းတိမ်ရောင့်ရဲသလို ဖြစ်နေကြတာကို ဝင်းဖေ ကြားဖူး၊ တွေ့ဖူး၊ ပြောဖူး၊ ဆိုဖူး၊ ဆွေးနွေးငြင်းခုံဖူးသလို တင်ပြခဲ့ပါတယ်။ အခြေခံကတော့ ... မန္တလေး၊ မြို့မ ဂီတအသင်းကြီးရဲ့ မူလ တည်ထောင်သူ နာယက တစ်ဦးဖြစ်တဲ့ ဓားတန်းဦးသန့်ရဲ့ သုံးသပ်ပြောဆိုမှုအပေါ်မှာ အစိက မူတည်ပါတယ်။

ဓားတန်းဦးသန့်ဟာ ဆိုင်းဆရာကြီး စိန်ဗေဒါထံမှာ မြန်မာ့ဂီတအစစ်တွေကို တလေးတစားနဲ့ ဆိုင်းဝိုင်းကြီးကိုပါ သူနေတဲ့ တိုက်ပေါ်တင်ပြီးတော့ သင်ကြား လေ့လာခဲ့သူ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ကမ္ဘာ့ဂီတကိုလည်း မြို့မညိန်းနဲ့အတူ နိုင်ငံတကာသုံး ဂီတသင်္ကေတနဲ့ ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့သူ ဖြစ်ပါတယ်။ ပီယာနိုဆိုတဲ့ နိုင်ငံတကာ စန္ဒရားတူရိယာဟာ လုပ်နိုင်ခြေစွမ်းရည်အားဖြင့် ... ပတ္တလားတို့၊ ဆိုင်းတို့၊ စောင်းတို့၊ မယ်ဒိုလင်တို့ ... စတာတွေအပါအဝင် ... ကမ္ဘာ့ဂီတ တူရိယာအားလုံးထက် အများကြီး သာလွန်ကောင်းမွန်တဲ့ တူရိယာပစ္စည်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ တေးဂီတတေးသွားတွေကို စန္ဒရားနဲ့တီးတဲ့အခါမှာ ... ပတ္တလားလက်ကွက်၊ စောင်း တီးကွက်၊ မယ်ဒိုလင် တီးကွက်မျိုးတွေလို မဟုတ်ဘဲ မြန်မာ့စန္ဒရားတီးကွက် သီးသန့် ထွက်သင့်တယ်လို့ ဓားတန်းဦးသန့်က အခိုင်အမာ ပြောရုံသာမကဘဲ ထင်ရှားတဲ့ မြန်မာ့ဂန္ထဝင် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ ချစ်သမျှကို ပတ်ပျိုးလတ်ကို ကမ္ဘာ့ သင်္ကေတ နည်းပညာနဲ့ စန္ဒရားတီးကွက် ရေးထုတ်ပြသခဲ့ပါတယ်။ အလားတူ စိန်ဗေဒါကြီး ပတ်စမ်းနဲ့ မြို့မညိန်းရဲ့ အိမ်သူပီပီ အစချီ အိမ်ဈေးတန်းသီချင်း စတာတွေရဲ့ စန္ဒရားတီးကွက်တွေကိုလည်း ရေးသားပြုစုခဲ့ပါတယ်။ ဒီသီချင်းတွေကို ကမ္ဘာသုံး စန္ဒရားတီးနည်းနဲ့မှသာ တီးလို့ရနိုင်မှာ ဖြစ်ပါတယ်။

ဓားတန်းဦးသန့်က သူ စမ်းသပ်ရေးသားထားတဲ့ ဗမာသံ စန္ဒရားတီးကွက်တွေကို သူ့သားကြီး ဝေါလ်တာသန့် (ခေါ်) ကိုကိုကြီးနဲ့ မြို့မအသင်းဝင် စန္ဒရား သိမ်းမောင်တို့ကို တီးစေခဲ့ပါတယ်။ အထက်မြန်မာနိုင်ငံ

ရေစကြိုဇာတိဖြစ်တဲ့ စန္ဒရား သိမ်းမောင်ဟာ မန္တလေးအနုပညာ၊ ပန်တျာနဲ့ အကကျောင်းက ပတ္တလားနဲ့ စန္ဒရား သင်တန်းတွေကို အောင်မြင်ခဲ့သူဖြစ်ပြီးတော့ကာ ကမ္ဘာသုံး စန္ဒရားတီးနည်းကိုတော့.. မန္တလေးတက္ကသိုလ်ရောက် အမေရိကန်စန္ဒရား ဆရာမကြီး မစ္စစ်ဝီလျံဆမ်ထံက အနောက်တိုင်း ဂန္ထဝင်ဂီတနည်းပညာနဲ့ သင်ကြားခဲ့သူဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်ထဲမှာ အဲဒီ ဓာတန်းဦးသန့်ရဲ့ မြန်မာစန္ဒရား တီးကွက်တွေ အကြောင်းဟာ ဝန်ကြီးချုပ်ဦးနု နားကို ပေါက်သွားပါတယ်။

ဝန်ကြီးချုပ်က အဲဒီ မြန်မာ စန္ဒရားတီးကွက်တွေကို နားထောင်ချင်ပါတယ်တဲ့။ ဘာ့ကြောင့်၊ ဘယ်လို လုပ်ထားတယ် ဆိုတာ ကိုလည်း သိချင်ပါတယ်တဲ့။ ဓာတန်း ဦးသန့် (ဝင်းဖေတို့အခေါ် ဦးလေးသန့်)နဲ့ မြို့မညိန်း (ဝင်းဖေတို့အခေါ် ဦးလေးညိန်း) က မကြာခဏ ရှင်းရှင်းပြတာကို ဝင်းဖေက အကြိမ်ကြိမ် နားထောင်ခွင့်ရထားသူ ဖြစ်ပါတယ်။ စန္ဒရားသိမ်းမောင်က ကောင်းကောင်း တီးပြနိုင်သူဖြစ်သလို၊ ဝင်းဖေက လည်း ကောင်းကောင်း ရှင်းပြနိုင်သူ ဖြစ်နေပါတယ်။ ဝင်းဖေရဲ့ ဖခင်ကြီး ရွှေပြည် ဦးဘတင်ဟာ ဝန်ကြီးချုပ်ဦးနုနဲ့ အလွန်ရင်းနှီးမှုရှိခဲ့တဲ့အတွက် ဝန်ကြီးချုပ်က ဝင်းဖေကိုလည်း ကောင်းကောင်း သိနေပါတယ်။ ဒါနဲ့ပဲ ကုက္ကိုင်းလမ်းက ဝန်ကြီးချုပ် နေအိမ်မှာ ဝန်ကြီးချုပ်နဲ့အဖွဲ့ကို စန္ဒရားသိမ်းမောင်က တီးပြပြီးတော့ ဝင်းဖေက သိသလောက်ရှင်းပြဖို့ အစီအစဉ်လေးတစ်ခု လုပ်ဖြစ်ခဲ့ကြပါတယ်။

ဝန်ကြီးချုပ်ရဲ့မိသားစု၊ မိတ်ဆွေတချို့၊ နောက် အတွင်းဝန်အချို့နဲ့ ဝန်ကြီး တစ်ယောက်နှစ်ယောက် စသည်ဖြင့် အားလုံး လူပရိသတ် ၄၀ လောက်ရှိလိမ့်မယ်လို့ မှတ်မိပါတယ်။ ဧည့်ခန်းကျယ်ကြီးတစ်ခုထဲမှာ တစ်ပေလောက်မြင့်ပြီးတော့ ခြောက်ပေ/ ဆယ်ပေ လောက်ရှိမယ့် စင်မြင့်လေးတစ်ခုပေါ်မှာ စန္ဒရားတစ်လုံးနဲ့ တီးသူက တီး၊ ရှင်းသူက ရှင်းပြဖို့ စီစဉ်ထားပါတယ်။ အစီအစဉ် မစခင် အစားအသောက်တချို့၊ ရေနွေးကြမ်း၊ ကော်ဖီအပြင် ဘီယာတို့လို အရက်ပြင်း နည်းနည်းပါပုံရပါတယ်။ ဝင်းဖေ အသေအချာ မမှတ်မိတော့ပါဘူး။ အစီအစဉ်စဖို့ ဝင်းဖေနဲ့ ကိုသိမ်းမောင်တို့ စင်မြင့်ပေါ်ရောက်သွားတဲ့တိုင်အောင် စားသောက် နေကြတဲ့ သူတွေရဲ့ အသံတွေ မငြိမ်နိုင်ဘဲ ဆူညံဆူညံ ဖြစ်နေသေးတာကို ဝင်းဖေ သတိပြုမိပါတယ်။ အခမ်းအနားက ဧည့်ခန်းအတွင်းမှာသာ လုပ်နေတာမို့ အသံချဲ့စက် မပါပါဘူး။ လိုလည်း မလိုပါဘူး။ ဒါပေမဲ့ ဧည့်သည်တွေရဲ့ စားရင်းသောက်ရင်း စကားပြော နေကြသံတွေကြောင့် ဝင်းဖေ စပြီးတော့ စကားပြောဖို့ ခက်နေပါတယ်။ တစ်စုံတစ်ယောက်က အခမ်းအနား စတင် နေပြီမို့ ငြိမ်သက်ကြဖို့ ပြောပေးလိမ့်မယ်လို့ ဝင်းဖေ မျှော်လင့်နေပါတယ်။ ဒီအခြေအနေ

ကိုရှေ့တန်းမှာထိုင်နေတဲ့ ဝန်ကြီးချုပ်က သိသွားပါတယ်။ နေရာကနေ ထရပ်လိုက်ပြီး တော့ .. သူ့ပရိသတ်ဘက်ကို လှည့်လိုက်ပါတယ်။ ဝန်ကြီးချုပ်အနေနဲ့ သူ့လူတွေကို အတော်စိတ်ဆိုးသွားလို့ အားလုံးငြိမ်ကြဖို့၊ သိတတ်ကြဖို့၊ ယဉ်ကျေးမှုရှိကြဖို့ ပြောတော့မယ်လို့ ဝင်းဖေ ထင်လိုက်ပါတယ်။ ပရိသတ်အားလုံးကလည်း ဝင်းဖေလိုပဲ ထင်လိုက်ကြပုံရပါတယ်။ ရုတ်တရက် အားလုံးငြိမ်ကျသွားပါတယ်။ ဆူပူကြိမ်းမောင်း တာကိုပဲ ခံကြရမှာလား၊ စည်းကမ်းမရှိမှု၊ မယဉ်ကျေးမှုတွေအတွက် သာသာနဲ့နာနာ အနှက်ခံကြရတော့မလား ... တစ်ခုခုတော့ ခံကြရတော့မယ့် အခြေအနေမျိုး ဖြစ်ပါတယ်။

ဒါပေမဲ့ ... ဝန်ကြီးချုပ်က ဘာမှမပြောဘဲ ခဏကြည့်နေပါတယ်။ စက္ကန့် ၂၀ လောက်တောင်ကြာမယ် ထင်ပါတယ်။ ပြီးတော့မှ အိမ်ကဝန်ထမ်းတွေကို အစားအသောက် ပန်းကန်တွေ အားလုံးသိမ်းခိုင်းပါတယ်။ ဘီယာနဲ့ အရက်စတာတွေလည်း သိမ်းခိုင်းပါတယ်။ နောက်ဆုံး ရေနွေးကြမ်းအိုးတွေ၊ ပန်းကန်တွေပါ အားလုံး သိမ်းခိုင်း လိုက်ပါတယ်။ သိမ်းတဲ့ဆည်းတဲ့ အလုပ်တွေ အားလုံးပြီးတဲ့အထိ ဝန်ကြီးချုပ်က ရပ်ကြည့်နေပါတယ်။ အသံတွေအားလုံး ဘိသိသာသာကြီး ငြိမ်ကျသွားပါတယ်။ အစားအသောက် ပစ္စည်းတွေ အားလုံးသိမ်းပြီးတဲ့ အခါကျတော့မှ ... ဝန်ကြီးချုပ်က ဝင်းဖေတို့ဘက်ကိုလှည့်ပြီး ... "ကဲ ... မောင်ဝင်းဖေနဲ့ မောင်သိမ်းမောင်တို့ စလို့ ရပါပြီ" လို့ ပြောလိုက်ပါတယ်။

အဲဒီအချိန်ကစပြီး ဝင်းဖေတို့အစီအစဉ်လေးဟာ အလွန်ချောမွေ့ ပြေပြစ်သွားပါ တော့တယ်။ ပရိသတ်အားလုံးဟာလည်း စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ... စန္ဒရားကိုသိမ်းမောင် တီးပြသမျှနဲ့ ဝင်းဖေ ရှင်းပြသမျှတွေကို ငြိမ်ငြိမ်သက်သက်နဲ့ အာရုံစူးစိုက် နားထောင်ကြတာကို တွေ့ရပါတယ်။ ဝန်ကြီးချုပ်ဦးနုရဲ့ အပြုအမူကို ဝင်းဖေ တစ်သက်မှာ မမေ့နိုင်လောက်အောင် မှတ်သားထားလိုက်မိပါတယ်။ ဆူပူ ကြိမ်းမောင်းစရာမလိုဘဲ အားလုံး ဂုဏ်သိက္ခာရှိရှိနဲ့ လိုအပ်တဲ့အနေအထားကို ရောက် သွားအောင် လုပ်ဆောင်သွားလိုက်ပုံဟာ အလွန်သိမ်မွေ့၊ ယဉ်ကျေးလှပါတယ်။ နိုင်ငံ့ ခေါင်းဆောင်ကောင်း တစ်ယောက်ရဲ့ တဒင်္ဂ အပြုအမူကို မှတ်မိသလို တင်ပြလိုက် ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၂၇]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ အသေးအမွှား ထင်ရပေမဲ့ အလွန်ထူးခြားသိမ်မွေ့တဲ့ အပြုအမူစရိုက်တစ်ခုကို အလျဉ်းသင့်လို့ တင်ပြခဲ့ပါတယ်။ ဒီတစ်ပတ် မြန်မာ့ဂီတ စန္ဒရားလက်ကွက်ကိုစ ရှင်းလင်းတင်ပြခဲ့ပုံလေးကို အကျဉ်းချုံး တင်ပြပါမယ်။

ပထမ မြန်မာဂီတ စန္ဒရားတီးကွက်တွေ ဘာ့ကြောင့်သီးခြားပေါ်ထွန်းလာသင့် တယ်ဆိုတာကို ရှင်းပြရပါတယ်။ အနောက်တိုင်းက ဂီတပစ္စည်း စန္ဒရားတီးပုံတီးနည်း သဘာဝကို ဥပမာ နမူနာအဖြစ် သဘောပေါက်လာကြစေဖို့ စန္ဒရား ကိုသိမ်းမောင်က ကမ္ဘာကျော် ဂျာမန်ဂီတပညာရှင်ကြီး ဗေသိုဗန်ရဲ့ ပသက်တစ်ဆိုတဲ့ ဂီတကို တီးပြရ ပါတယ်။ ဝင်းဖေက စန္ဒရားပေါ်မှာ လက်ဆယ်ချောင်းစလုံး သူ့နေရာနဲ့သူ သုံးပြီးတော့... တီးကွက်/ တီးလက် ဝေဝေဆာဆာဖြစ်အောင် .. သူ့နေရာနဲ့သူ ဂီတအနုပညာ ဖွဲ့နွဲ့ယူပုံ အကြမ်းဖျင်းကို ရှင်းပြရပါတယ်။ အဲဒီနောက်မှာ မြန်မာပတ္တလား တီးကွက်တစ်ခုကို စန္ဒရားပေါ်မှာ တီးပြရပြန်ပါတယ်။

စန္ဒရားဖြစ်တဲ့အတွက် လက် ၁၀ ချောင်းစလုံး ပြည့်အောင် မသုံးသေးတဲ့တိုင် အောင် ပတ္တလားတီးကွက်ကိုပဲ ပိုမြန်၊ ပိုများလာတာကိုလည်း တီးပြရပြန်ပါတယ်။ ဒီနေရာမှာ လေယာဉ်ပျံကို ကားလမ်းပေါ်မှာ အမြန်မောင်းတဲ့အတွက် ကားတွေထက် ပိုမြန်တာမှန်ပေမဲ့ ကောင်းကင်ပေါ်တက်ပျံတာ မဟုတ်သေးတဲ့အကြောင်းကို ရှင်းပြရ ပါတယ်။ ပြီးတော့မှ ဓားတန်းဦးသန့်ရဲ့ မြန်မာ စန္ဒရားတီးကွက် စမ်းသပ်ချက်တွေကို တီးပြပြီးတော့ လက်နှစ်ဖက်စလုံးမှာရှိတဲ့ လက် ၁၀ ချောင်းကို သုံးပြီးတော့ မြန်မာ တေးသွားနဲ့အတူ ... မြန်မာ စွက်သံ/ဖက်သံတွေ၊ ပိုးသံတွေ ... နောက် ... မြန်မာပတ်မချောင်က စည်းဝါးတွေကို တစ်ပြိုင်တည်း ထည့်သွင်းသုံးနိုင်ပုံ၊ သုံးထားပုံတွေကို တီးပြ ရှင်းပြကြရပါတယ်။

ဥပမာ ... သောင်းလုံး မြေလျှံချီ ... လေးကင်း ကိုတီးတဲ့အခါမှာ ညာဘက် လက်ချောင်းတွေက လေးကင်းတေးသွားကို တီးပြီးတော့ ... ဘယ် ဘက်လက်နဲ့ လေးကင်း စည်း/ဝါးနဲ့အတူ ... ဖက်သံ/စွက်သံ တွေကို ပတ်မချောင်က

ဟန်ကိုအခြေခံပြီးတော့ ထည့်သွင်းဖွဲ့နွဲ့ထားတဲ့အကြောင်း ရှင်းပြရပါတယ်။ ဝန်ကြီးချုပ်နဲ့အတူ ယဉ်ကျေးမှု ဝန်ကြီးက မြန်မာ့ သ စန္ဒရား တီးကွက်တွေ သီးခြားဖော်ထုတ်ရေးကို သဘောတူကြပေမဲ့ မကြာခင်မှာပဲ စစ်တပ်က အာဏာသိမ်းသွားခဲ့ပါတယ်။

အဲဒီ ဓားတန်း ဦးသန့်ရဲ့ အတွေးအခေါ် အမွေတွေကို ထိန်းသိမ်းထားရသူအဖြစ် ... စန္ဒရားသိမ်းမောင်ကို လူအများက သိနေကြသလို၊ မန္တလေးသား စာရေးဆရာ မောင်သာရကလည်း ကောင်းကောင်းသိပါတယ်။ တစ်ခါမှာတော့ ရုပ်ရှင်ဒါရိုက်တာ ထလုပ်ပြီးတော့ အလွန်အောင်မြင်သွားတဲ့ ... ရှုမဝမဂ္ဂဇင်း တိုက်ပိုင်/အယ်ဒီတာချုပ် ... ရှုမဝဦးကျော်က ... ဆရာမောင်သာရကို ဇာတ်ညွှန်းတစ်ပုဒ် ရေးပေးဖို့ ကြိုတင်သတ်မှတ်ချက်နဲ့ အပ်ပါတယ်။ သိပ်များများစားစား၊ ကျပ်ကျပ်တည်းတည်းကြီး မဟုတ်ပါဘူး။ ရှုမဝရုပ်ရှင်ရဲ့ စင်တင် မင်းသား/မင်းသမီးတွေ ဖြစ်ကြတဲ့ ... မောင်ယဉ်ထွေးနဲ့ မစမ်းစမ်းအေးတို့က အဓိကဇာတ်ကောင်တွေ ဖြစ်ရမယ် ဆိုတဲ့အချက်လောက်ပဲ ပါပါတယ်။ စာရေးဆရာကြီး မောင်သာရအတွက် ဘာမှအပန်းကြီးစရာ ပြဿနာမဟုတ်ပါဘူး။ ဒါပေမဲ့ စာရေးဆရာတို့ သဘာဝအတိုင်း မောင်သာရမှာ ဘေးထွက်ကုန်ကြမ်းရသွားပါသတဲ့ခင်ဗျာ။

ဇာတ်လမ်းတစ်ခုမှာ .. ဘယ်သူနဲ့ဘယ်သူ့ကို ... နောက်ဆုံး ညားသွားအောင် ရေးပါဆိုတိုင်း လွယ်လွယ်နဲ့ လုပ်ယူလို့ရနိုင်ပါသလား ... ဆိုတဲ့ မေးခွန်းတစ်ခု ထွက်လာပါသတဲ့။ ဒါနဲ့ပဲ ရှုမဝဦးကျော်အတွက် ရုပ်ရှင်ဝတ္ထု တစ်ပုဒ်ရေးဖြစ်တာ၊ မရေးဖြစ်တာတော့ မသိပါဘူး .. ရွှေစော်နံ ပြန်လိုက်ဦး. ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ထွက်လာပါတယ်။ မောင်သာရက ... ဥပမာ ... တစ်နိုင်ငံလုံးက သိကြတဲ့ အဆိုကျော် မာမာအေးကို မန္တလေးက စန္ဒရားသိမ်းမောင်နဲ့ နီးစပ်သွားအောင် ဇာတ်လမ်း ဆင်ရမယ်ဆိုကြပါစို့ .. ဆိုပြီးတော့ ... ရွှေစော်နံ ပြန်လိုက်ဦး ဝတ္ထုကို ရေးလိုက် ပါတယ်။

မြန်မာစာပေလောကမှာနေလိုလလို မောင်သာရပဲ ... ဒီဝတ္ထုကို မ-ဆ-လ စစ်အစိုးရလက်ထက် ... ၁၉၆၀ ခုနှစ်တွေ ကုန်ခါနီးလောက်မှာ ... ဒီတုန်းက ပြန်ကြား ရေး၊ ယဉ်ကျေးမှုနဲ့ သာသနာရေးဝန်ကြီးက ဖတ်ပြန်ပါလေရော။ ဖတ်လိုက်တော့... ဝန်ကြီးက ... “နေစမ်းပါဦး ... နိုင်ငံကျော် အဆိုတော် မာမာအေးကတော့ ဟုတ်ပါပြီ၊ ဒါက တစ်နိုင်ငံလုံးသိနေတာပဲ ... ဒါ ပေမဲ့ မန္တလေးက စန္ဒရားသိမ်းမောင်ဆိုတာကရော တကယ့် အပြင်ဂီတလောကမှာ တကယ်ရှိတဲ့လူပဲလား .. ” ဘာညာနဲ့မေးပါလေရော။ ဒီတော့ ဝင်းဖေကလည်း ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်က အနုပညာ၊ ပန်းချာနဲ့ အကကျောင်းမှာ

ကျောင်းအုပ်လုပ်နေတုန်းဆိုတော့ ဖြေရပြန်တာပေါ့။ စန္ဒရား သိမ်းမောင်ဆိုတာ မန္တလေးမှာ တကယ်ရှိပါတယ်၊ ဘာတွေ တတ်ပြီးတော့ ... ဘာတွေ ဘာတွေကြောင့် လူတွေက ပိုသိကြပါတယ် ... စသဖြင့် ရှင်းပြီးတော့ နောက်ဆုံး ... ဝန်ကြီးက တွေ့ချင်ပြန်ပါတယ် ... ဆိုလို့ ဝင်းဖေက စီစဉ်ပေးရပြန်ပါတယ်။ ဒီတစ်ခါ တော့ ဝင်းဖေက အလုပ်တွေရှုပ်ပြီးတော့ မအားလပ်လို့ စန္ဒရားသိမ်းမောင်ဆီမှာရှိတဲ့ ဓားတန်း ဦးလေးသန့်ရဲ့ မြန်မာစန္ဒရားတီးကွက်တွေအကြောင်းကို လိုက်ပြီးတော့ ရှင်းပြခွင့် မရလိုက်တော့ပါဘူး။

ဒီတုန်းက ယဉ်ကျေးမှုဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးကြီးတစ်ဦးဖြစ်တဲ့ ဦးသန်းထွဋ် (စာရေးဆရာကြီး ဦးတိုက်စိုး) က စန္ဒရားသိမ်းမောင်ကို ယဉ်ကျေးမှု ဝန်ကြီးနဲ့ တွေ့ပေးပါတယ်။ ဒီတုန်းက ယဉ်ကျေးမှုဝန်ကြီးဟာ ... သူကိုယ်တိုင် ပန်းချီလည်း ရေးပါတယ်၊ စန္ဒရားလည်း တီးပါတယ်။ စန္ဒရားသိမ်းမောင်နဲ့ တွေ့ကြ တော့ ... မြန်မာ့ရိုးရာ ဂန္ထဝင်ရှေးသီချင်းလောကမှာ အလွန်ထင်ရှားတဲ့ တေးအမျိုးအစား တစ်ခုဖြစ်တဲ့ ... လှိုင်ထိပ်ခေါင်တင်ရဲ့ ဘောလယ်တစ်ပုဒ်ကို တီးပြခိုင်းပါသတဲ့။ ဒီတော့ ဝင်းဖေတို့ စန္ဒရားဆရာသိမ်းမောင်က ... သူဟာ စန္ဒရားတီးပြနိုင်ပါကြောင်း၊ ဘောလယ်က စန္ဒရားပညာ မဟုတ်ကြောင်း ပြန်ဖြေပါသတဲ့။ သိမ်းမောင်ဟာ စန္ဒရား သာ တီးတတ်ပြီးတော့ ပြေလည်အောင် ပြောတတ်ဆိုတတ်သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ အနောက်တိုင်း စန္ဒရားလက်သံ ဗာကျူယိုဆို တချို့နဲ့ သူ့ဆရာ ဓားတန်းဦးသန့်ရဲ့ မြန်မာတေးသံ စန္ဒရားတီးကွက်တွေကို တီးပြခဲ့ရတယ်လို့သိပါတယ်။ ဝန်ကြီးနဲ့တွေ့ဆုံကြရမှာ အဓိကအားဖြင့် ပြေလည်မှုမရှိဘူးလို့လည်း သိရပါတယ်။ ဒါပေမဲ့ စန္ဒရားသိမ်းမောင်ကို နောက်နေ့က စပြီးတော့ .. ရန်ကုန် ပန်တျာနဲ့ အကကျောင်းမှာ စန္ဒရားဆရာ ခန့်လိုက်ပါတယ်။ မြန်မာတေးသွား စန္ဒရားတီးကွက် တွေကို ထုတ်လုပ်နိုင်ကြဖို့ စန္ဒရားကို ကမ္ဘာသုံးနည်းနဲ့ အလေးအနက် ခွဲခြမ်းစိတ်ဖြာပြီး တော့ ကျွမ်းကျင်နားလည်သဘောပေါက်ဖို့လိုသလို မြန်မာ့ဂီတသဘောကိုလည်း အလေးအနက် ခွဲခြမ်းစိတ်ဖြာပြီးတော့ နားလည်သဘောပေါက်ဖို့တော့ လိုအပ်ပါတယ်။ မြန်မာတွေ မြန်မာဂီတကို ကမ္ဘာကြည့် ကြည့်ပြီးတော့ ကမ္ဘာသိ သိလာတဲ့တစ်ချိန်မှာ မြန်မာတေးသွား စန္ဒရားတီးကွက် စစ်စစ်တွေပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာသံ စန္ဒရားလက်ကွက်တွေ သီးခြားပေါ်ထွက်လာရေးနဲ့ ပတ်သက်ပြီးတော့ နောက်ခံ အကြောင်းတရား တချို့ကို လည်း တင်ပြချင်ပါတယ်။ မြန်မာ့အနုပညာ၊ ပန်းချီနဲ့အကကျောင်းက ဒုတိယကမ္ဘာစစ် မဖြစ်မီက ရန်ကုန်မြို့မှာသာ ရှိပါတယ်။ မန္တလေး အနုပညာ၊ ပန်းချီနဲ့အကကျောင်းကို ဒုတိယကမ္ဘာစစ်အပြီး၊ လွတ်လပ်ရေး ရအပြီး ၁၉၅၀ ခုကျော်မှ စတင်ဖွင့်လှစ်ပါတယ်။ ယခင်က ရန်ကုန်ဂီတကျောင်းမှာ ကမ္ဘာ့ဂီတ သင်္ကေတ သင်တန်း ရှိ၊ မရှိ ဝင်းဖေ မသိပါဘူး။ မန္တလေး၊ အနုပညာ၊ ပန်းချီနဲ့ အကကျောင်းမှာတော့ စဖွင့်ကတည်းက ကမ္ဘာသုံး သင်္ကေတစနစ်ကို စတင်သင်ကြားခဲ့ပါတယ်။ ဒါက မန္တလေးမြို့ရဲ့ ကျက်သရေ ဆောင် မြို့မအပျော်တမ်း ဂီတအဖွဲ့ကြီးရဲ့ ကျေးဇူးဖြစ်ပါတယ်။

မန္တလေး မြို့မအသင်းကြီးဟာ မြန်မာ့ဂီတ၊ ကမ္ဘာ့ဂီတကို အလေးအနက် ထွင်းထွင်းဖောက်ဖောက် ခွဲခြမ်း စိတ်ဖြာသိရှိ နားလည်ပြီးတော့ ဆက်လက် ဖန်တီးနိုင် ကြဖို့ဆိုရင် ... ကမ္ဘာသုံး ဂီတသင်္ကေတကို လေ့လာဖို့ မရှိမဖြစ် လိုအပ်တယ်လို့ ခံယူယုံကြည်တဲ့ အသင်းကြီးဖြစ်ပါတယ်။ မန္တလေး မြို့မအသင်းကြီးရဲ့ ထိပ်တန်း ပညာရှင်ကြီး တစ်ဆူ ဖြစ်တဲ့ မြို့မညိန်းဟာ မြန်မာရေးသီချင်းများ မူမှန်ဖြစ်ရေးအဖွဲ့မှာ မန္တလေးမြို့ကို ကိုယ်စားပြုပြီးတော့ ... ရွှေပြည် ဦးဘတင်၊ အလင်္ကာကျော်စွာ ဆရာဘကလေးတို့နဲ့အတူ အဖွဲ့ဝင် ၃ ဦးအနက် တစ်ဦးဖြစ်ပါတယ်။

မြန်မာ့ မဟာဂီတ မူမှန်ပြုရေးဆိုတာ အဓိကအားဖြင့် ... စာသား၊ တေးသွား၊ သံကျနဲ့ စည်းဝါးတွေကို မူမှန် ပြုကြဖို့ ဖြစ်ပါတယ်။ မြို့မ အပျော်တမ်း တူရိယာ အသင်းကြီးရဲ့ ဩဇာကြောင့် မန္တလေး မြို့သူ/မြို့သားတွေဟာလည်း ကမ္ဘာ့ဂီတ သင်္ကေတကို ရင်းနှီးကျွမ်းဝင်နေကြပါတယ်။ မန္တလေး အနုပညာပန်းချီကျောင်းမှာ ပထမဆုံး ဂီတသင်္ကေတ ကထိက ဆရာကတော့ ဆရာဦးကျော်ဒင် ဖြစ်ပါတယ်။ မြို့မဆရာညိန်းရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်ပါတယ်။ အမရပူရက နှဲဆရာကြီး ဆရာထပ်ရဲ့သား ဖြစ်ပါတယ်။ ပန်းချီကျောင်းမှာ သင်ကြားမယ့် မြန်မာ ရှေးသီချင်းတွေကို ကမ္ဘာသုံးဂီတသင်္ကေတနဲ့ စပြီးတော့ ရေးသားပြုစုရပါတယ်။ ဂီတ

ကျောင်းသားတွေကိုလည်း အခြေခံကမ္ဘာသုံး ဂီတပညာ အလေးအနက် သင်ကြားပေး ရပါတယ်။ ပထမပိုင်းမှာ ရှေးရိုးမြန်မာဂီတ ပညာရှင်တချို့ရဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်မှုနဲ့ ရင်ဆိုင်ကြရပါတယ်။ ခေတ်ပညာတတ်ပြီးတော့ ကမ္ဘာ့အမြင်ရှိတဲ့ ပထမဆုံး မန္တလေး ပန်တျာကျောင်းအုပ်ကြီး ဦးစိန်ညွန့်ရဲ့ မမှိတ်မသုန်ဦးဆောင်မှုကြောင့် တည်မြဲအောင်မြင်ခဲ့ပါတယ်။ မန္တလေး ပန်တျာကျောင်းက ကမ္ဘာသုံး ဂီတသင်္ကေတ တတ်ကျွမ်းတဲ့ ပညာရှင်တွေ အများကြီးထွက်ပါတယ်။

ဆရာဦးကျော်ဒင် ရေးသားပြုစုတဲ့ မြန်မာရှေးသီချင်းတွေ မြန်မာသံ ထွက်/မထွက် မြို့မအသင်းကြီးအနေနဲ့ ကူညီနိုင်ပေမဲ့ မြန်မာသီချင်းကို အဆက်အစပ် လုံးဝ မရှိတဲ့ နိုင်ငံခြားက ဂီတပညာရှင်တွေနဲ့ စစ်ဆေး အတည်ပြုလို့ ရပါတယ်။ ဒါ့ကြောင့် ပထမဦးစွာ မန္တလေး ခရစ်ယာန်သာသနာ ပြုကျောင်းတွေမှာ ပညာသင်ကြားပေးနေ ကြတဲ့ ဥရောပ ခရစ်ယာန် ဘုန်းတော်ကြီးတွေ၊ သီလရှင်တွေထဲက ဂီတသင်္ကေတ တတ်ကျွမ်းသူတွေနဲ့ ဖတ်ကြားစေပြီးတော့ အတည်ပြုကြပါတယ်။ ၁၉၅၀ ခု အလယ် နှစ်တွေလောက်မှာ မန္တလေးတက္ကသိုလ်၊ ရူပဗေဒဌာနအတွက် ဒေါက်တာ ဝီလီယံဆမ် ဆိုတဲ့ အမေရိကန်ပါမောက္ခတစ်ယောက် ရောက်ရှိလာပါတယ်။ အတူပါလာတဲ့ သူ့ဇနီး မစ္စ ဝီလီယံဆမ်က စန္ဒရား ဆရာမကြီး တစ်ဦး ဖြစ်ပါတယ်။ ဓားတန်းဦးသန့်ရဲ့ဗမာသံ စန္ဒရားတီးကွက်စစ်စစ်များ ပေါ်ထွက်ရေး ကြိုးပမ်းချက်ကို စိတ်ဝင်စားတဲ့ အတွက် စန္ဒရားသိမ်းမောင် ဖြစ်လာမယ့် ပန်တျာကျောင်းဆင်း မောင်သိမ်းမောင်ကို အနောက်တိုင်း ဂန္ထဝင်ဂီတတွေကတစ်ဆင့် ကမ္ဘာသုံး စန္ဒရားတီးနည်းကို မစ္စဝီလီယံဆမ် က သင်ကြားလေ့ကျင့် ပေးခဲ့ပါတယ်။ အနောက်တိုင်း စန္ဒရားတီးကွက်တွေကို ဂီတ သင်္ကေတနဲ့ ရေးသားရာမှာ ညာဘက်လက်အတွက် Treble clef ဆိုတာနဲ့ ရေးသားပြီးတော့ ... ဘယ်ဘက်လက်အတွက် Bass clef ဆိုတာနဲ့ ရေးပါတယ်။ မြန်မာသံ ပတ္တလားလက်ကွက်၊ စောင်းလက်ကွက်၊ ဆိုင်းလက်ကွက် ... စတာတွေကို ဦးကျော်ဒင်တို့ရေးသားရာမှာ ... ညာဘက်နဲ့ ဘယ်ဘက်လက်တွေအတွက် အနောက်တိုင်း မူအတိုင်း Treble clef နဲ့ Bass clef ကိုသုံးပြီး ရေးကြပါတယ်။ ဒီအရေး အသားကို အမေရိကန်စန္ဒရားဆရာမကြီး မစ္စဝီလီယံဆမ် မြင်တွေ့ရတဲ့အခါမှာ မြန်မာ တေးသွားတွေမှာ အသံတွေ သုံးတာ ... အရေအတွက်အားဖြင့်ရော၊ အနိမ့်အမြင့်အား ဖြင့်ရော နည်းနေတဲ့အတွက် Bass clef သုံးဖို့တောင် မလိုပါဘူးဆိုပြီးတော့ Treble clef တစ်ခုတည်းနဲ့ ရေးပြပါတယ်။ ဘယ်လက်/ညာလက် သုံးဖို့ကိစ္စကို သီးခြား သင်္ကေတနဲ့ ပြပါတယ်။ မြန်မာပတ္တလားမှာရော၊ စောင်းမှာရော၊ ဆိုင်းမှာရော ... တခြား ... ကြေးတို့၊ မောင်းတို့မှာရော သံစဉ်အုပ်စုက ၃ စု စီသာရှိပါတယ်။ စန္ဒရားမှာ သံစဉ်အုပ်စု ... ၇ စု/၈ စုအထိ ရှိပါတယ်။အလွန်ကျယ်ပြန့်ပါတယ်။

ဒါပေမဲ့ စားတန်းဦးသန့်ရဲ့ မြန်မာသံတေးသွား စန္ဒရားတီးကွက်တွေကတော့… clef တစ်ခုတည်းနဲ့ ရေးလို့ မရပါဘူး။ နှစ်ခုနဲ့ကို ရေးမှဖြစ်မယ်လို့ မစ္စဝီလီယံဆမ်က ပြောပါတယ်။ စန္ဒရားတီးကွက်တွေအဖြစ် ပြည့်ပြည့်ဝဝ ဖွဲ့နွဲ့ထားတဲ့ Treble clef ရော Bass clef ရော သုံးပြီးတော့ ရေးရတော့တာဖြစ်ပါတယ်။ အမေရိကန် စန္ဒရား ဆရာမကြီး မစ္စဝီလီယံဆမ်ဟာ စားတန်းဦးသန့်ရဲ့ မြန်မာတေးသွားတွေနဲ့ ပတ်သက်ပြီး တော့ တိုးဖြည့်စဉ်းစားစိတ်ကူးပုံကို သဘောကျသွားပြီးတော့ သူကိုယ်တိုင်လည်း မြန်မာ့စောင်းပညာကို စောင်းဆရာမကြီးဒေါ်မေနဲ့ … နောက် … စောင်းဆရာ ဦးမြင့်မောင်တို့ထံက သင်ကြားလေ့လာပါတော့တယ်။ စားတန်းဦးသန့်နဲ့ မစ္စဝီလီယံဆမ် တို့ဟာလည်း အလွန်ရင်းနှီးခင်မင်ကြပါတယ်။ ဒီတုန်းက မြန်မာတေးသွား စန္ဒရား တီးကွက်တွေ ဘာ့ကြောင့်များများစားစား ထပ်ပြီးတော့ ထွက်မလာရတာလဲ … လို့ ဝင်းဖေက ဦးလေးသန့်ကို မေးခဲ့ဖူးပါတယ်။ ဒီတုန်းက ဦးလေးသန့်က မြန်မာသံတွေ အတွက် စွက်သံ/ဖက်သံစနစ် သီးခြားဖန်တီးဖို့ လိုနေသေးတယ် … လို့ ပြောပါတယ်။ ဒါကတော့ ပညာရှင် သုတေသီတွေအတွက် ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မန္တလေးမြို့မ အပျော်တမ်း တူရိယာ အသင်းကြီးရဲ့ အစိက ပင်မ ရည်မှန်းချက် တစ်ခုဟာ ... မြန်မာ့ရိုးရာ တေးသွားတွေ၊ မြန်မာ့ ဂန္ထဝင်တေး သွားတွေ၊ မြန်မာ့ ကျေးလက်တေးသံတွေ၊ မြန်မာ့တိုင်းရင်းသား တေးသံတွေ/ တေးသီချင်းတွေကို ဆင်ဖိုနီသြော်ခက်စထြာ Symphony Orchestra ... လို့ခေါ်တဲ့ သံစုံတီးဝိုင်းကြီးနဲ့ ဖွဲ့နွဲ့ပြီးတော့ ကမ္ဘာ့အဆင့်မီ ခြယ်မှုန်းဖို့ ဖြစ်ပါတယ်။

ဒီနေရာမှာ အသံစုံတော့ ... ဆိုတာ တစ်ချက်၊ နောက် ... တီးဝိုင်းကြီး တစ်ချက်၊ ကမ္ဘာ့အဆင့်မီဆိုတာ တစ်ချက် ... အသေးစိတ်ပြန်ပြီးတော့ သုံးသပ်စရာ ၃ ချက် ရှိပါတယ်။ ပထမ သံစုံဆိုတာ ဘာကိုပြောတာပါလဲ ... မြန်မာ့ဆိုင်းဝိုင်းကြီးမှာ အသံတွေစုံပါသလား ... မြန်မာ့ဂီတလောကမှာ အပြောများလှတဲ့ ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ် ... ဆိုတဲ့ အဆိုမှာကော အသံစုံပါသလား၊ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း တွေမှာရော အသံတွေ စုံပါသလား ... အဖြေတွေပေးနေစရာ မလိုပါဘူး။ ကမ္ဘာသုံး သံစုံတီးဝိုင်းကြီးတွေမှာ ဘာသံတွေပါနေပါသလဲ ... ဘာသံတွေကို သုံးထားပါသလဲ.. လူအများသိဖို့ အကြမ်းဖျင်း ဖော်ပြချက်တော့ ရှိပါတယ်။

ဥပမာ ... Strings Instrument... တဲ့။ မြန်မာလိုဆိုတော့ကာ ကြိုးတပ် တူရိယာတွေပေါ့ခင်ဗျာ။ ထိပ်ဆုံးက တယောတွေပါမယ်။ တယောတွေဆိုရာမှာ အခြေခံအားဖြင့် ၄ မျိုး ရှိပါတယ်။ Violin ဆိုတာ အများသိကြတဲ့ တယောပါပဲ။ နောက် ... Viola ဆိုတဲ့ ရိုးရိုးတယောထက် နည်းနည်းပိုကြီးသလို အသံလည်း ပိုကြီးပါတယ်။ နောက် chello... ဆိုတဲ့ ကြမ်းပေါ်မှာ ထောင်ပြီးတော့ ထိုးရတဲ့ တယောပါ။ ထွက်တဲ့အသံတွေက သိသိသာသာ ပိုပြီးတော့ ကြီးလာပါတယ်။ နောက် Double Bass တဲ့။ လူတစ်ရပ်လောက်ရှိတဲ့ တယောကြီးပါ။ အဲဒီတယော ၄ လက်က သံစဉ်အုပ်စုတွေကို ကြီးစဉ်ငယ်လိုက်စီလိုက်လို့ရှိရင် ... စန္ဒရားမှာပါတဲ့ သံစဉ်အုပ်စု ၇ ခုနဲ့ သွားညီလောက်အောင် အသံအနိမ့်အမြင့် ကျယ်ပြန့်ပါတယ်။ အဲဒီလောက် အသံအရည်အသွေးအားဖြင့် ကြွယ်ဝတဲ့ တယောတွေကို အလက်ပေါင်း ၂ ဒါဇင်လောက် အဲဒီ ဆင်ဖိုနီဝိုင်းကြီးတွေမှာ သုံးပါတယ်။

ဒီလိုပါပဲ ... Wings Instrument ဆိုတဲ့ လေမှုတ်တူရိယာတွေထဲက ဆက်

ဆိုဖုန်း Saxophone အုပ်စုမှာလည်း ကြီးစဉ်ငယ်လိုက်ပြောရရင် Soprano Sax, ဆိုပရာနိုဆက်၊ အော်လ်တိုဆက် Alto Sax, တင်နာဆက် Tenor Sax ဘယ်ရီတုန်းဆက် Baritone Saxophone လေးမျိုးကိုစဉ်လိုက်ရင် ... စန္ဒရားတစ်လျှားစာလောက် ရှိပြန်တာပါပဲတဲ့။ ဆက်ဆိုဖုန်းတွေဟာ လျှာခင်တပ်ပြီး မှုတ်ရတဲ့ လေမှုတ်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ Single Reed လျှာခင်တစ်ခုတည်း ပါပါတယ်။ လေမှုတ်တူရိယာတွေထဲမှာ ကလဲရီနက် clarinet ဆိုတာလည်း လျှာခင်တစ်ခုတပ်ကိရိယာပါပဲ။ ဆက်ဆိုဖုန်းတွေထက် အသံကျစ်ပါတယ်။ ကလဲရီနက်တွေမှာတော့... E နဲ့ B' ဆိုပြီး နှစ်မျိုးပဲရှိပါတယ်။ Double Reed အထက်အောက် လျှာခင်နှစ်ခုတပ် လေမှုတ်တူရိယာတွေလည်း ရှိပါတယ်။ မြန်မာနှဲတွေနဲ့ ခပ်ဆင်ဆင်တူပါတယ်။ အိုဘိုး Oboe ဆိုတာရယ်၊ ဘက်ဆူး(န်) Bassoon၊ ဖရန့်(ချ်)ဟွန်း French Hom ဆိုတာရယ် ဖြစ်ပါတယ်။ ဒီကိရိယာတွေမှာလည်း ကြီးစဉ်ငယ်လိုက်လုပ်ထားတာ မရှိပါဘူး။ နောက်လေမှုတ်အုပ်စုတစ်ခုကတော့ ပလွေအုပ်စုဖြစ်ပါတယ်။ concert flute... လို့ခေါ်တဲ့ ပလွေအရှည်နဲ့ ပစ်ကိုလို Piccolo လို့ခေါ်တဲ့ ပလွေတိုလေးတွေ ဖြစ်ပါတယ်။

နောက် လေမှုတ်အုပ်စုကတော့ မြန်မာတွေအဖို့ အတော်ဆန်းပြားပါတယ်။ Brass အုပ်စုလို့ခေါ်ပါတယ်။ မြန်မာတွေက ခရုသင်းတို့ ကျွဲချိုတို့ကိုမှုတ်တဲ့အခါမှာ လေကိုညှစ်ပြီးတော့ ဖိသွင်းမှုတ်ရသလိုမှုတ်တဲ့ ပစ္စည်းမျိုးတွေဖြစ်ပါတယ်။ မြန်မာ တေ အသိများတာက Trumpet တို့ cornet တို့ဖြစ်ပါတယ်။ Trumbome ထရမ်း ဘုမ်း ... ဆိုတာလည်း ရှိပါတယ်။ လေပြွန်အတို/အရှည် အပြောင်းအလဲအတွက်... လေပြွန် Slide စနစ်ကိုသုံးတဲ့အတွက် ... မြို့မညိန်းကတော့ ... လေတယောလို့ ခေါ်ပါတယ်။ နောက် ဒီလေမှုတ်အမျိုးအစားထဲကပဲ အသံခပ်ကြီးကြီးတွေ ရအောင် မှုတ်နိုင်တဲ့ circular bass တို့ ကျူဗာ Tuba တို့ဆိုတာတွေလည်း ရှိပါတယ်။

ပြီးတော့မှ Strings လို့ခေါ်တဲ့ ကြိုးတပ်တူရိယာအုပ်စုကို ပြန်လာပါရစေ။ ရှေ့မှာ တယောတွေအကြောင်းကို ပြောပြီးပါပြီ။ အနောက်တိုင်းသုံး စောင်း Harp ဟာလည်း ကြိုးတပ်တူရိယာပဲ ဖြစ်ပါတယ်။ ပြီးတော့မှ Piano ပီယာနိုပေ့ါခင်ဗျာ။ ရုံဖန်ရုံခါ Harpsichord ဆိုတာကိုလည်း သံစုံတီးဝိုင်းကြီးတွေမှာ သုံးတတ်ပါတယ်။ နောက်ဂစ်တာတွေလည်း အမျိုးမျိုး သုံးတတ်ပါတယ်။ နောက် သားရေကိုကျက်ပြီးတီးရတဲ့ ဗုံတွေလည်း အမျိုးမျိုး သုံးပါတယ်။ ဗုံတွေကို သံစဉ်တွေရအောင်ညှိပြီး တီးတာကတော့ ကမ္ဘာမှာ မြန်မာဆိုင်းဝိုင်းကြီး တစ်ခုပဲ ရှိတယ်လို့ ထင်ပါတယ်။ ကမ္ဘာ့သံစုံတီးဝိုင်းကြီးတွေမှာတော့ သားရေနဲ့ ကျက်ထားတဲ့ဗုံတွေကို စည်း/ဝါးအုပ်စု Percussion အုပ်စုမှာ အများအပြား ထည့်သုံး ပါတယ်။ Bass Drum, Snare Drum, Tom Tom... နောက်

အသံကြီးကြီးတွေကိုရဖို့ သားရေမျက်နှာပြင် ကြီးကြီးကျယ်ကျယ်နဲ့ အသံအိုးဖင်အလုံးနဲ့ တင်ပနီ Timpani ဆိုတဲ့ ဗုံကြီးတွေလည်း သုံးပါတယ်။ လင်းကွင်းတွေလည်း အမျိုးမျိုးသုံးပါတယ်။ တောက်တောက် မြည်အောင်တီးရတဲ့ ပစ္စည်းကလေးတွေ၊ နောက်ပြီးတော့ကာ cas-tanet လို့ခေါ်တဲ့ စပိန်လူမျိုးတွေ အသုံးများတဲ့ ... ကလက်ကလက်လို့ မြည်တဲ့ ... လက်နဲ့ညှစ်ပြီးတော့ တီးရတဲ့ ပစ္စည်းလေးကိုလည်း Rhythm စည်းဝါးအုပ်စုမှာ သုံးတတ်ပါသေးတယ်။

ဝင်းဖေက ယေဘုယျလောက်ပဲ ပြောပြနိုင်ပါတယ်။ ဒါလောက်ဆိုရင် ကမ္ဘာ့ သံစုံတီးဝိုင်း ဆင်ဖိုနီ Symphony Orchestra ကြီးတွေမှာ အသံအရောင်တွေ ဘယ်လောက်တောင် စုံလင်မယ်ဆိုတာ မှန်းနိုင်လောက်ပြီလို့ ထင်ပါတယ်။ ဒါ့ကြောင့် လည်း သံစုံတီးဝိုင်းကြီးတွေမှာ ဂီတပညာရှင်ပေါင်း ၁၀၀ ဝန်းကျင်ပါဝင် တီးမှုတ်ကြ တာဖြစ်ပါတယ်။ တချို့ဝိုင်းတွေမှာ ၁၀၀ ကျော်ပါတယ်။ တချို့ဝိုင်းကြီးတွေကတော့ ၁၀၀ နီးပါးရှိကြပါတယ်။ ဒါလောက် များပြားစုံလင်တဲ့ သံစုံတီးဝိုင်းကြီးနဲ့ ... အသံ အနိမ့်အမြင့်၊ အတိုးအကျယ်၊ အနည်းအများ၊ အတိုအရှည်၊ အနုအရင့် စုံလင်အောင် သုံးပြီးတော့ကာ ... Melody တေးသွား၊ Rhythm စည်းဝါး၊ Harmony ဖက်သံ/ စွက်သံ ... နောက် counter part တေးသွားပြိုင်/တေးပြိုင်၊ နောက် ... Syn-copation... စည်းဝါး/ တန်ပို ကစားမှုတွေကို ပြည့်ပြည့်ဝဝသုံးပြီးတော့ ဖွဲ့နွဲ့တာ မျိုးကို ကမ္ဘာ့အဆင့်အဖွဲ့အနွဲ့လို့ခေါ်ကြတာပါပဲ။

ဒါလောက်ဆိုရင် မန္တလေး မြို့မအပျော်တမ်း တူရိယာအသင်းကြီးက မြို့မညိန်း နဲ့ ဓားတန်းဦးသန့်တို့ရဲ့ “စတနာ၊ ဆန္ဒကို အနည်းငယ်လောက်တော့ ရိပ်စားနိုင် လောက်ပြီလို့ ထင်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၃၀]

သောတရှင်များခင်ဗျာ ...

ဂီတ အပါအဝင် အနုပညာရပ်တွေမှာ ကမ္ဘာ့ အဆင့်မီဆိုတဲ့ စကားစုနဲ့ ပတ်သက်လို့ အကြမ်းဖျင်း ၂ ပိုင်း ရှိပါတယ်။ ပထမ အပိုင်းက အခြေခံ ပစ္စည်း ပစ္စယပိုင်း ဖြစ်ပြီးတော့ ... ဒုတိယပိုင်းကတော့ အနုပညာပိုင်း ဖြစ်ပါတယ်။ ပစ္စည်းပစ္စယပိုင်းဆိုတာ ... အနုပညာ ဖန်တီးရာမှာ အသုံးပြုတဲ့ ပစ္စည်းတွေအပိုင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပစ္စည်းပစ္စယပိုင်း ဟာ အနုပညာ မဟုတ်သေးပါဘူး။

ဒါပေမဲ့ ပစ္စည်း/ ပစ္စယ စုံလင်ကောင်းမွန်ပါမှ အနုပညာအရည်အသွေး ပိုပြီး တော့ ပြည့်ဝလာနိုင်တယ်လို့ ... ကမ္ဘာကျော် တရုတ်စာပေ အဆိုအမိန့် တစ်ခုတောင် ရှိပါတယ်။ ပစ္စည်း/ပစ္စယဆိုရာမှာ ဥပမာ ... ဂီတအနုပညာပိုင်းမှာဆိုပါစို့ ... ပထမ အဓိကပစ္စည်း/ပစ္စယ ဟာ အသံ (သို့မဟုတ်) အသံများ ဖြစ်ပါတယ်။ ပြီးတော့မှ အဲဒီအသံကို ထွက်အောင်လုပ်တဲ့ ဂီတ တူရိယာပစ္စည်းတွေ ဖြစ်ပါတယ်။

ဒီနေမှာ တူရိယာပစ္စည်းချင်း အဆင့်ကွာသွားပုံကို သိသာအောင်လို့ ဆွေးနွေးချင် ပါတယ်။

ဥပမာ ... မြန်မာပလွေတို့၊ နှဲတို့မှာ … လေပေါက်/လက်ပေါက် (၈) ပေါက် ပါပါတယ်။ အထက်မှာ လက်ပေါက် (၇) ပေါက်နဲ့ အောက်မှာ လက်ပေါက် (၁) ပေါက်ပါပါတယ်။ သံစဉ်အားဖြင့် တိတိပပ (၇) သံ ထွက်အောင် မှုတ်နိုင်ပါတယ်။ လက်ပေါက် ကွက်ကြားနည်းနဲ့သော်လည်းကောင်း (ဒါမှမဟုတ်) မှုတ်ရာမှာ လေအား အနည်းအများ လိုက်ပြီးတော့ ... ကြားသံတွေဖြစ်တဲ့ Sharp တို့ Flap တို့ အတော်အသင့်မှုတ်ရင် ရပါတယ်။ ဒါပေမဲ့ တိတိပပတော့ မရနိုင်ပါဘူး။ ခပ်မြန်မြန် မှုတ်ဖို့ လိုလာရင်လည်း ကြားသံတွေကို ရဖို့ မလွယ်တော့ပါဘူး။

ဒါပေမဲ့ အနောက်တိုင်းသုံး concert flute လို့ခေါ်တဲ့ အဆင့်မြင့် ပလွေတွေ ကိုကော့ နောက်ပိုင်းမှာ ရှေးသုံး မူလသံ (၇) သံနဲ့ ကြားသံ .. Sharp/ Flat အသံတွေကို ဟိတိပပရအောင် ခလုတ်အပိုတွေ အများကြီးတပ်ပြီးတော့ တီထွင် လိုက်ပါတယ်။ Boemh System၊ ဘိုအင်းစနစ်လို့ ခေါ်ပါတယ်။

စပြီးတီထွင်သူရဲ့ အမည်က သီအိုဒိုဘိုရင်း/ Theodo Boemh ဖြစ်ပါတယ်။ အဲဒီအနောက်တိုင်းသုံး con-cert flute နဲ့ မြန်မာတို့ရိုးရာပလွေဆိုရင် ... တူရိယာပစ္စည်း အရည်အသွေး သဘောအရ ... concert flute က ပိုမိုကောင်းမွန် အဆင့်မြင့်တယ်လို့ အခိုင်အမာ ပြောနိုင်ပါတယ်။ concert flute နဲ့ မြန်မာသံစဉ်အားလုံးကို မှုတ်နိုင်ပါတယ်။ ဒါပေမဲ့ concert flute နဲ့မှုတ်လို့ရတဲ့ ကြားသံ အမြောက်အမြားပါတဲ့ တေးသွားတွေကို မြန်မာ ပလွေနဲ့ မှုတ်လို့ မရနိုင်ပါဘူး။ ဒီလို ကွာခြားနေတဲ့အတွက် ... မြန်မာပလွေနဲ့ မှုတ်တဲ့ မြန်မာတေးသံတွေဟာ အဆင့်နိမ့်တယ်လို့ လုံးဝ ပြောလို့မရပါဘူး။ concert flute က စွမ်းဆောင်နိုင်မှု ပိုများတယ်လို့ပဲ ပြောနိုင်တာပါ။ မြန်မာပလွေတေးသွားများမှာ အနိမ့်ဆုံး နွားကျောင်းသားတွေ မှုတ်တတ်တဲ့ ပလွေတေးသွားတွေမှာတောင် ကမ္ဘာ့ ဂီတအခြေခံအဆင့်ကို ကောင်းကောင်းမီတယ်လို့ အခိုင်အမာ ပြောနိုင်ပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ ... မြန်မာ့ရိုးရာပလွေမှာ ... အခြေခံ အသံ (၇) သံ သံစဉ် ၂ တွဲ ပြည့်ပြည့်ဝဝ ပါပါတယ်။ မြန်မာတေးသွားတွေမှာ ... အတို/အရှည်၊ အနည်း/အများ၊ အစိပ်/အကျဲ၊ အဖြတ်/အတောက် ... အရည်အသွေးတွေ အတော်ကြီး စုံလင်အောင် ပါဝင်ပါတယ်။ အပြောင်းအလဲတွေလည်း အများကြီးရှိပါတယ်။ ခွန်းထောက်လို တေးသွား တွေကို စည်းတွဲ့နဲ့ လွတ်လွတ်လပ်လပ် မှုတ်တာတွေ ရှိသလို ... ဗုံထောက်လို၊ အိုးစည်လို၊ ဒိုးပတ်လို တေးသွား တွေလည်း ရှိပါတယ်။

ကမ္ဘာပေါ်က တချို့နိုင်ငံတွေမှာ အပြောင်းအလဲ အလွန်နည်းတဲ့ ဂီတတွေလည်း ရှိပါတယ်။ ဥပမာ ... ဖားတွေ အော်သလိုမျိုး ... အုံးအင်၊ အုံးအင်၊ အုံးအင်ကနေ မတက်တော့တာမျိုးတွေ ဖြစ်ပါတယ်။ အဲဒီလိုဂီတတွေကတော့ ဖွဲ့စည်းပုံ အားနည်း လွန်းတယ်လို့ပြောကြရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ... အသံတွေ စုံတိုင်း၊ အသံတွေ များတိုင်း၊ အပြောင်းအလဲ များတိုင်းလည်း ကောင်းတာတော့ မဟုတ်ပါဘူး။ ဥပမာ... စန္ဒရားမှာရှိတဲ့ အခြေခံအသံတွေရော၊ ကြားသံတွေရော .. အထက်ကအောက်၊ အောက် ကအထက် ... လျှောက်တီးနေရင် ... စန္ဒရားပေါ် ကြွက်လျှောက် ပြေးနေတာလားလို့ ဩဘာပေးခံရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဂီတ အနုပညာ ဖန်တီးမှုအတွက် တူရိယာပစ္စည်းတွေ ထုတ်လုပ်မှု မှာ ... စက်မှုနိုင်ငံကြီးတွေကမူရင်း တူရိယာ ပစ္စည်းတွေကို သိပ္ပံနည်းပညာ အကူအညီ နဲ့ ... ပိုပိုပြီးကောင်းလာအောင် အဆင့်မြှင့်နိုင်ခဲ့ကြတာဟာ ပေါ်လွင် လာပါတယ်။ ဒါဟာလည်း ကမ္ဘာ့အဆင့် တိုးတက်သွားတာပဲ ဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ တခြား တူရိယာ ပစ္စည်းတွေကိုလည်း• စက်မှုနိုင်ငံကြီးတွေက

ပိုပိုပြီးကောင်းလာအောင်လို့ တီထွင် ထုတ်လုပ်လာကြပါတယ်။

ဒါပေမဲ့ ... ပစ္စည်းကောင်းရုံနဲ့ အနုပညာပြောင်မြောက်လာလိမ့်မယ်လို့တော့ မပြောနိုင်ပါဘူး။ စက်မှု နိုင်ငံကြီးတွေက စက်မှုသိပ္ပံတွေ အသုံးချပြီးတော့ အသံအမျိုး ပေါင်း အမြောက်အမြားကို ဂီတအနုပညာ ဖန်တီး ဖွဲ့စည်းရာမှာ အသုံးချနိုင်ကြဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ အဲဒီလိုအသံအမျိုးအစားတွေ များပြားလာတဲ့အတွက် အဲဒီ အသံတွေကို အသုံးပြုနေရာချထားရာမှာ ပြဿနာတွေ ပိုများလာပါတယ်။ ပိုရှုပ်ထွေးလာပါတယ်။ အသံတွေ ပွစိတက်ကုန်ပါတယ်။ အဲဒီပြဿနာကို ဖြေရှင်းဖို့ ကြိုးစားကြရင်းနဲ့ အသံအမျိုးမျိုးကို သူ့နေရာနဲ့သူ၊ သူ့အချိန်နဲ့ သူနေရာချထားတဲ့ Art of Arranging ဆိုတဲ့ ဂီတ အနုပညာရပ်တစ်ခု သီးခြားထွန်းကားလာပါတယ်။ ဒါဟာလည်း သိသာထင်ရှားတဲ့ ကမ္ဘာ့ဂီတတိုးတက်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဆက်လက်ဆွေးနွေးပါမယ် ...။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က အနုပညာကို ဖန်တီးရာမှာ သုံးရတဲ့ ပစ္စည်းတွေ ကွာခြားနိုင်ပုံ၊ ပိုပြီး တော့ စွမ်းအား မြင့်လာအောင် သိပ္ပံနည်းပညာနဲ့ တိုးမြှင့်နိုင်ကြတာတွေအတွက် ဥပမာအချို့ တင်ပြခဲ့ပါတယ်။

ကမ္ဘာ့အဆင့် မီရေး အတွက် အနုပညာမဟုတ်သေးတဲ့ အနုပညာပစ္စည်းပစ္စယကိစ္စက လိုအပ်ပေမဲ့ သိပ်ပြီးအဓိက မကျပါဘူး။ အနုပညာတွေအနေနဲ့ ကမ္ဘာ့အဆင့်မီရေးဆိုတာကတော့ အရေးကြီးပါတယ်။ ဒါပေမဲ့ အနုပညာပြဿနာဖြစ်တဲ့အတွက် အလွန် ရှုပ်ထွေးနိုင်ပါတယ်။ ဥပမာ ကမ္ဘာပေါ်မှာရှိတဲ့ ဒေသအသီးသီး၊ လူမျိုး အထွေထွေရဲ့ ရိုးရာ အနုပညာတွေကို ကမ္ဘာ့အဆင့်ဆိုတဲ့ ပေတံနဲ့တိုင်းမယ်ဆိုရင် အလွန်ရှုပ်ထွေးသွားနိုင် ပါတယ်။ သူ့ရိုးရာ၊ ကိုယ့်ရိုးရာမတူ ခြားနားနေကြတာဟာ တန်ဖိုးထား ထိန်းသိမ်း ကြရမယ့်ကိစ္စဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိသတ္တဝါတွေမှာ ဘယ်လောက်ပဲ သေးမွှားပြီး မထင် မရှားဖြစ်နေပါစေ ... တိမ်ကော ပပျောက် မသွားအောင် ထိန်းသိမ်းကြရသလိုပါပဲ။ တစ်ခုတော့ရှိပါတယ် ... လူ့လောကကြီးကို ဒုက္ခကြီးကြီးမားမား ပေးနိုင်တဲ့ မလေးရီးယား ငှက်ဖျားပိုးလိုမျိုး၊ ပုလိပ်ပိုးလိုမျိုး သတ္တဝါတွေကိုတော့ ... မျိုးတုံးပျောက်ကွယ် သွားအောင် လုပ်နိုင်ဖို့ ကြိုးစားနေကြပါတယ်။ ဒါပေမဲ့ လူတွေကိုကိုက်ရင် အဆိပ်သင့် စေတတ်တဲ့ မြွေတွေကိုတောင် လူတွေက မျိုးတုံးပျောက်ကွယ်သွားမှာ စိုးရိမ်ကြပြီး တော့ ထိန်းသိမ်းကြပါတယ်။ ကျားတွေ၊ ခြင်္သေ့တွေကိုလည်း အလားတူ ကာကွယ်ပေးကြပါတယ်။ အရေအတွက်နည်းနေရင်တောင် များလာအောင် ကြိုးစားမွေးမြူကြ ပါတယ်။ ကမ္ဘာပေါ်က လူသားတွေရဲ့ ရိုးရာ၊ ယဉ်ကျေးမှု ၊ အနုပညာတွေကိုလည်း... ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ... ဆက်လက်ပြီး ရှင်သန်နေအောင် ထိန်းသိမ်းထား လိုကြပါတယ်။ ပျောက်ကွယ်မသွားအောင် ကာကွယ်ပေးလိုကြပါတယ်။ ဒီခံယူချက်၊ ဒီအတွေးအခေါ်ဟာ အဆင့်မြင့်တဲ့ ကမ္ဘာ့အတွေးအခေါ်ဖြစ်ပါတယ်။

မြန်မာတွေမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာတွေကို မလွဲမသွေ

ထိန်းသိမ်း ကာကွယ်ထားကြဖို့ တာဝန် ရှိပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် ခံယူချက်အပိုင်း မှာ ကမ္ဘာ့အဆင့်မီ ဖြစ်လာပါတယ်။ ကိုယ့်အနုပညာတွေကို ကမ္ဘာကိုပြန့်အောင် ဖြန့်ကြရပါမယ်။ ကမ္ဘာအရပ်ရပ်က အနုပညာတွေကိုလည်း အနည်းဆုံးမြည်းကြည့်၊ ခံစား ကြည့်ကြရပါမယ်။ ဒါဟာ ကမ္ဘာဆန်လာမှု ပထမ အခြေခံအဆင့်ပါ။ ဒီ့ထက် တက်ဖို့ဆိုရင် အနုပညာဆိုတာ ဘာလဲ ဆိုတာကို ဓမ္မဓိဌာန်ကျကျ သိရှိနားလည်ကြ ရပါမယ်။ ကမ္ဘာ့အနုပညာ သမိုင်းအကျဉ်းကိုလည်း နားလည်ကြရပါမယ်။ ဒါမှသာ ကမ္ဘာ့အနုပညာတွေကို အမှန်တကယ် ခံစားသုံးဆောင်နိုင်ကြမှာဖြစ်သလို ... ကိုယ့် ကိုယ်ပိုင်အနုပညာနဲ့ သမိုင်းရဲ့တန်ဖိုးအမှန်တွေကိုလည်း သိနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါမှသာ ကမ္ဘာ့အဆင့်မီ အတွေးအခေါ်တွေနဲ့ နီးစပ်လာမှာ ဖြစ်ပါတယ်။

အနုပညာနဲ့ပတ်သက်လာရင် အတွေးအခေါ်နဲ့ခံစားချက်တွေဟာ ထိပ်တန်း မှာ ရှိပါတယ်။ အတွေးအခေါ် ကျယ်ပြန့်လွတ်လပ်ခြင်း၊ နက်ရှိုင်းစူးရှခြင်း၊ ခံစားချက် ထက်မြက်ခြင်း၊ စူးရောက်ထိတွေ့ခြင်း ... စတာတွေဟာ ကမ္ဘာ့အဆင့်မီခြင်း၊ မမီခြင်း ကိုပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။ ဒီကနေ့မြန်မာပြည်မှာ နိုင်ငံခြားက သီချင်းတွေ အမြောက် အမြားကို ကြိုက်နှစ်သက်ကြတဲ့အတွက် ... ပထမ မူရင်းတေးသွားတွေမှာ မြန်မာ စာသားတွေ ထည့်ပြီးတော့ သီဆို တီးမှုတ်ကြပါတယ်။ နောက် တစ်ဆင့်တက်ပြီးတော့ ကာ အနောက်တိုင်း တေးသွားမျိုးလို ကိုယ်တိုင် တေးသွားရှာပြီးတော့ စာသားထည့် သီဆိုကြ ပါတယ်။ အုမ်းကျွမ်း Own Tune ကိုယ်တိုင်ရေး တေးများလို့ခေါ်ပါတယ်။ ပညာများစုဆောင်းလေ့လာရေး ... စု၊ တု၊ ပြု ဖြစ်စဉ် ၃ ရပ်မှာ ... ကိုယ်ကြိုက်တာ တွေကို စုခြင်းနဲ့ တုပ၊ ပြုလုပ်၊ ကြိုးစားကြည့်ခြင်းဆိုတဲ့ အဆင့်ကို ရောက်လာတာ ဖြစ်ပါတယ်။ ဒီအဆင့်ကကျော်ရင် တုပတာကို ကျော်လာပြီးတော့ ကိုယ်တိုင်ပြုလုပ်၊ ဖန်တီးနိုင်တဲ့အဆင့်ကို သွားကြရမှာ ဖြစ်ပါတယ်။ တခြားယဉ်ကျေးမှုတွေက ထုတ်လုပ် တဲ့ အနုပညာတွေကို မျှဝေခံစားတာဟာ လူသားအားလုံးရဲ့ အခြေခံအခွင့်အရေးပဲ ဖြစ်ပါတယ်။ ခံစားရုံသာမကဘဲ၊ ကိုယ်တိုင်လည်း တုပပြုလုပ်ကြည့်တာဟာလည်း လူတွေရဲ့ ပညာစုဆောင်း တိုးတက်မှု သဘာဝ အစဉ်အလာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်တိုင် တသီးတခြား ပြုလုပ်ဖန်တီးတဲ့အဆင့်ကို ဆက်လက်တက်လှမ်းဖို့ကတော့ အနုပညာ ဆိုတာ ဘာလဲဆိုတာကို ကမ္ဘာသိသိဖို့၊ ခွဲခြမ်းစိတ်ဖြာပြီးသိဖို့၊ ကျေကျေ ညက်ညက်သိဖို့၊ နက်ရှိုင်းတဲ့ ကိုယ်ပိုင်ခံစားချက်ရှိဖို့ ... စတာတွေရှိမှ ဖြစ်နိုင်မှာပါ။ ဒီကနေ့ ခေတ်ပေါ်ဂီတမှာ စု၊ တု၊ အဆင့်ကိုကျော်ပြီးတော့ ကိုယ်တိုင် ပြုလုပ် ဖန်တီးတဲ့အဆင့်ကို ခြေလှမ်းဝင်စပြုလာပြီလို့ ပြောနိုင်တဲ့ လက်စလက်နတွေကို တွေ့နေ ရပြီ ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်မီ မြန်မာ့အနုပညာများ တိုးတက်ပွားစီးလာပါ စေ ...

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်တွေက အနုပညာနဲ့ ပတ်သက်ပြီးတော့ ကမ္ဘာ့အဆင့်မီရေး အခြေခံအချက် အချို့ကို တတ်နိုင်သမျှ ပေါ့ပေါ့ပါးပါး၊ လွတ်လွတ် လပ်လပ် ဆွေးနွေးကြည့်ပါတယ်။ ဝင်းဖေ လွယ်အိတ်ထဲမှာ ပါလာသမျှနဲ့ စပ်ဟပ်ပြီး ဆွေး နွေးရတဲ့အတွက် ယေဘူယျမျှသာ ဖြစ်ပါတယ်။

၁၉၆၈ ခုနှစ်ဆီက ... ဝင်းဖေ ... အနုပညာ၊ ပန်းတျာနဲ့အက ကျောင်းအုပ်ကြီးအဖြစ် မန္တလေးမှာ တာဝန် ထမ်းဆောင်နေစဉ် ပညာရေးဝန်ကြီးဌာနက တက္ကသိုလ်များ အပါ အဝင် ကျောင်းတွေအားလုံးမှာ ဘက်စုံဖွံ့ဖြိုးရေး ပညာပေးဖို့ ရောဂါထပြန်ပါတယ်။ ဒီဆန္ဒကို အကောင်အထည်ဖော်ဖို့ ပညာရှင်များ၊ ပစ္စည်းပစ္စယများ ပြည့်ပြည့်စုံစုံ မရှိဘဲ ထုံးစံအတိုင်း ဇွတ်လုပ်ခြင်း ဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်က ဝင်းဖေရဲ့ ဆရာရင်း တစ်ယောက်ဖြစ်တဲ့ ပါမောက္ခကြီး တစ်ယောက် ဝင်းဖေဆီရောက်လာပြီးတော့ ... ဘက်စုံ ပညာရေးစီမံကိန်းအတွက် ကူညီဖို့ ဂီတတူရိယာ သင်တန်းတွေပေးဖို့ ဆရာတွေ လာတောင်းပါတယ်။ ဆေးတက္ကသိုလ်ကလည်း အလားတူ အကူအညီ လာတောင်း ပါတယ်။ သချာတာက ဂီတဆရာ အလုံအလောက် မရနိုင်ပါဘူး။ မည်ကာမတ္တကို မလွယ်ပါဘူး။ တစ်ခါ ဂီတသင်တန်းတွေ ဖွင့်မယ် ဆိုပြန်ရင်လည်း ... တူရိယာပစ္စည်း တွေ ထုထောင်ဖို့ဆိုတာကလည်း မလွယ်ပါဘူး။ ဒါ့ကြောင့် ဝင်းဖေက ဖြစ်နိုင်ခြေ အရှိဆုံး အကြံဉာဏ်ပေးရပါတယ်။ ဂီတအနုပညာကို ခံစားနည်း သင်ကြားပေးဖို့ ဖြစ်ပါတယ်။

ဝင်းဖေရဲ့ ဆရာရင်း ပါမောက္ခကြီးကိုယ်တိုင်က တယောသမားကြီး တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ဝင်းဖေရဲ့ အကြံဉာဏ်ကို ချက်ချင်းပဲ ပယ်ချလိုက်ပါတယ်။ ဂီတအနုပညာကို ခံစားနည်းဆိုတာ သီချင်း နားထောင်နည်းပဲ မဟုတ်လားတဲ့။ ဒီခေတ်က လူတိုင်းလူတိုင်း သီချင်းတွေကို နားထောင်တတ်ကြတဲ့အကြောင်း၊ ပွဲတွေ လမ်းတွေ၊ ဂီတသဘင်တွေလည်း အလွန်ပေါများတဲ့အကြောင်း၊ ရေဒီယိုအစီအစဉ်တွေ၊ ကက်ဆက် အသံလွှင့်ခွေတွေက အလွန်များတဲ့ အကြောင်း၊ နေရာမရွေး၊ အချိန်မရွေး ဂီတသံတွေက မကြားချင်မှအဆုံး ကြားနေကြရတာဖြစ်ကြောင်း ပြောပြပြီးတော့

ဝင်းဖေရဲ့အကြံပြုချက်ကို ပြတ်ပြတ်သားသား ပယ်ချပါတယ်။

ဒါ့ကြောင့် ဝင်းဖေက ... How to appreciate Music... ဂီတကို နားထောင် နည်းဆိုတာ ဘာဖြစ်လို့ တကူးတက သင်ကြားဖို့ လိုအပ်တယ်ဆိုတာကို ရှင်းပြရပါ တော့တယ်။ (၁) အချက်က ဂီတကိုနားထောင်နည်း သင်တန်း ... ပစ္စည်းပစ္စယာတွေ သိပ်မလိုပါဘူး။ နောက်တစ်ချက်က ... သင်တန်းသား အများစုကြီးကို တစ်ပြိုင်နက် တည်းနဲ့ သင်ပေးနိုင်ပါတယ်။ နောက် ... နားအာရုံ၊ အကြားအာရုံကောင်းတဲ့ လူတိုင်း ဟာ အသံတွေကို ကြားကြရတာပါပဲ။ ဂီတသံတွေကိုလည်း နားထောင်ကြတာပါပဲ။ ဒါပေမဲ့ လူတွေနားပါလို့ နားထောင်ကြတဲ့နေရာမှာ ဘယ်နှနည်းရှိပါသလဲ၊ တစ် ယောက်နဲ့တစ်ယောက် နားထောင်ကြပုံချင်း တူပါသလား၊ အနိမ့်ဆုံး/အညံ့ဆုံး နားထောင်နည်းကတော့ ... နားပါလို့သာ ကြားလိုက်ရတယ် ... ဆိုတဲ့ နားထောင် နည်းပါပဲ။ သိသာအောင် ခပ်ရိုင်းရိုင်းပြောရရင် ... လှည်းဝင်ရိုးမှာဆီ မရှိလို့ တကျွီကျွီ မြည်နေတဲ့အသံနဲ့ အနုပညာတစ်ရပ်ဖြစ်တဲ့ နှဲမှုတ်သံကိုတောင် ခွဲခြားပြီးတော့ မသိကြ ပါဘူး။ နားပါလို့သာ ကြားလိုက်ရတယ်ဆိုတဲ့အဆင့်က အဲဒီလောက် နိမ့်ပါတယ်။ လောကမှာ အဲဒီလိုလူတွေ တကယ်ရှိတာပါ။ ကျွဲပါးစောင်းတီး ... ဆိုတာ အဲဒီလိုလူမျိုး တွေအတွက် အကောင်းဆုံး စကားပုံပါပဲ။

ဒုတိယ နားထောင်နည်းကတော့ နည်းနည်း မြင့်လာပါတယ်။ ဆီမရှိလို့ လှည်းဝင်ရိုးက အသံနဲ့ လူတွေရဲ့ အနုပညာ ပစ္စည်းဖြစ်တဲ့ နှဲမှုတ်သံကိုတော့ ခွဲခြားပြီး တော့ သိတတ်ကြပါတယ်။ တူရိယာပစ္စည်းအသံနဲ့ တခြား ပတ်ဝန်းကျင်က အသံကို ခွဲခြားပြီးသိနိုင်တဲ့ နားထောင်နည်းမျိုးပါ။ ဒီလိုလူတွေလည်း အများကြီး ရှိနိုင်ပါတယ်။

တတိယ အဆင့် နားထောင်နည်းကတော့ ... အတော်ကလေး မြင့်လာပါတယ်။ တေးဂီတတစ်ခုကို ကြားလိုက်ရင် ... ပျော်စရာဂီတဆိုရင် လိုက်ပြီးတော့ ပျော်တတ်ပါတယ်။ လွမ်းစရာဆိုလည်း လွမ်း၊ ဆွေးစရာဆိုလည်း ဆွေး ... ဂီတ အနုပညာကပေးတဲ့ဝေဒနာကို ခံစားနိုင်လောက်တဲ့ နားထောင်နည်းဖြစ်ပါတယ်။ ဒါက ခံစားချက် ပါလာပြီ ဖြစ်တဲ့အတွက် ... အတော်ကလေးမြင့်တဲ့ နားထောင်နည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအဆင့်ကလူတွေဟာ ဂီတကပေးတဲ့ ဝေဒနာအတိုင်း ခံစားတတ်ကြ ပေမဲ့ ... ဂီတအနုပညာက ဘယ်လိုဘယ်လိုပေးလို့ ... ဘာ့ကြောင့်၊ ဘယ်လိုခံစားကြ ရတာလဲ ... ဆိုတဲ့ အကြောင်းအရင်းကိုတော့ မသိကြရပါဘူး။ ဒီလိုခံစားချက်နဲ့ နားထောင်နိုင်သူတွေက ဒီခေတ်မှာ ပါမောက္ခကြီး ပြောသလို အတော်များနေပါပြီ။ သူတို့က နားထောင်မယ်၊ ခံစားမယ် ... ဒါဟာ နည်းတဲ့အဆင့်တော့ မဟုတ်ပါဘူး။

ဒါပေမဲ့ ဝင်းဖေပြောတဲ့ ဂီတနားထောင်နည်းက စတုတ္ထနည်းပါ။

ဒါကတော့ ... Analytical Listening of Music ဂီတကို ခွဲခြမ်းစိတ်ဖြာပြီးတော့ နားထောင်နည်း/ခံစားနည်း ဖြစ်ပါတယ်။ ဒီပညာဟာ အခြေခံပါ အနုပညာ မဟုတ်သေးပါဘူး။ ဒါ့ကြောင့် လူတိုင်းကို သင်ကြားပေးလို့ ရပါတယ်။ ဒီ့ထက်မြင့်လာရင်တော့ နားထောင်တဲ့ အနုပညာနယ်ထဲကို ရောက်သွားပါတယ်။

ဒီစတုတ္ထနည်းမှာ ကျတော့ ... ဝေဒနာပေးတဲ့ ဂီတတွေဟာ ... ဘာတွေကြောင့် အဲဒီလိုဝေဒနာတွေကို ပေးနိုင်တာလဲ ဆိုတာကို ခွဲခြမ်းစိတ်ဖြာနိုင်တဲ့နည်း၊ နားထောင်တဲ့ နည်းဖြစ်ပါတယ်။ ဒီနည်းကတော့ တကူးတက သင်ကြားပေးမှ ထိထိရောက်ရောက် တတ်သိလာနိုင်ပါတယ်။ အလွမ်းဂီတ၊ အပျော်ဂီတ၊ အဆွေးဂီတ၊ တက်ကြွတဲ့ဂီတ တွေမှာ ဘာ့ကြောင့် ဒီလိုအစွမ်းသတ္တိတွေရှိရတာလဲဆိုတာ အကြောင်းတရားတွေ အခိုင်အမာ ရှိပါတယ်။ ဂီတတစ်ခုကို နားထောင်ရင်း ... နှေးသလား၊ မြန်သလား၊ တိုးသလား၊ ကျယ်သလား၊ နည်းသလား၊ များသလား၊ နိမ့်သလား၊ မြင့်သလား ဆိုတာမျိုးတွေကို ခွဲခြားနားထောင်တတ်ကြရပါမယ်။ ကြားနေရတဲ့အသံတွေဟာ ... နှဲသံလား၊ ပလွေသံလား၊ ကြေးသံလား၊ မောင်းသံလား၊ ပတ္တလားသံလား၊ စောင်းသံလား စသဖြင့် ခွဲခြားနားထောင်တတ်အောင် လေ့ကျင့် ပေးရပါတယ်။ သင်ခန်းစာတွေကတော့ အများကြီးရှိပါတယ်။

မြန်မာနိုင်ငံမှာ အဲဒီစတုတ္ထ နားထောင်နည်းနဲ့ ခွဲခြားနားထောင်တတ်တဲ့ ဂီတ ဝါသနာရှင် အလွန် နည်းနေပါသေးတယ်။ အဲဒီလို ခွဲခြမ်းစိတ်ဖြာ နားထောင်တတ်တဲ့ သူတွေများလာပါမှ ဂီတဝေဖန်ရေးတွေလည်း တိကျ ထိရောက်လာပြီးတော့ ဂီတ အနုပညာတွေလည်း သိသိသာသာ တိုးတက်လာနိုင်မှာဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဂီတကို အထိရောက်ဆုံး ခဲ့ခြိမ်းစိတ်ဖြာပြီး တော့နားထောင်နည်းအကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဘယ် အနုပညာကိုမဆို စနစ်တကျ အကျိုးနဲ့ အကြောင်းနဲ့ အာရုံသိ ခံစားနည်း တွေ ရှိပါတယ်။ အနုပညာတွေရဲ့ အရသာကို ပြည့်ပြည့်ဝဝ ခံစားလို ကြတယ်ဆိုရင် ... သင်ကြားလေ့ကျင့်ကြရမှာပါပဲ။ တိုးတက်တဲ့ ကမ္ဘာ့ရှေ့တန်းရောက် နိုင်ငံကြီးတွေမှာ How to appriciate Arts... အနုပညာကို ခံစားနည်း သင်တန်း တွေရှိပါတယ်။ လူကြီး/လူငယ်မရွေး ... အချိန်အားရင် အားသလို တက်ရောက် သင်ကြားရယူကြပါတယ်။ အကျိုးကတော့ ... မြင်းစီးလို့မှ အထီးမှန်း အမမှန်းမသိ.. ဆိုတာမျိုးမဖြစ်ရအောင်၊ သူများယောင်လို့သာ ယောင်လိုက်ရတယ်၊ အမောင် တောင်မှန်း မြောက်မှန်းမသိဆိုတာမျိုးတွေ မဖြစ်ရအောင် ကြိုးစားကြရပါတယ်။

မြန်မာပြည်မှာ အနုပညာများကို ခံစားနည်းသင်တန်းဆိုတာမျိုး မကြားဖူးခဲ့ပါဘူး။ မမြင်ဖူးခဲ့ပါဘူး။ ခြွင်းချက်ပြောရလို့ရှိရင် ... ပညာရေးဝန်ကြီးဌာနက ဘက်စုံ ပညာရေးဆိုတာမျိုးကို ခဏကလေး အစ္စးထခဲ့တဲ့ အချိန်တုန်းက ဝင်းဖေကိုယ်တိုင် ခဏပါဝင်ခဲ့ရပါတယ်။ ဒါကတော့ ရှိခဲ့ဖူးတယ်လို့ မဆိုနိုင်ပါဘူး။ ယဉ်ကျေးမှု တက္ကသိုလ် ပေါ်ပေါက်လာတဲ့အချိန်မှာရော အနုဆုပညာများကို ခံစားနည်းသင်တန်း တွေ ရှိလာပြီလား ... မပြောတတ်ပါဘူး။ မြန်မာတွေဟာ ပန်းချီပြခန်းတွေဘာတွေကို သွားကြည့်ကြပြီး ... အထူးသဖြင့် ... ခေတ်သစ်ပန်းချီ Modern နောက်ပြီးတော့ ကာ ခေတ်သစ်လွန်ပန်းချီ Post Modern တွေကို နားမလည်နိုင်ကြဘဲ ဘာတွေမှန်းလဲ မသိဘူးလို့ပြောကြတာ အလွန်များပါတယ်။ ပန်းချီအနုပညာ ခံစားနည်းကိုတတ်ထားမယ်ဆိုရင် ... ဘာတွေလုပ်ထားတာလဲဆိုတာ ဘာ့ အတွက်၊ ဘာ့ကြောင့်လုပ်ကြတယ်ဆိုတာတွေကို သိနေကြမှာပါပဲ။ ကြိုက်တာ၊ မကြိုက်တာကတော့ သီးခြားပြဿနာပါ။ သူ့ဟာသူ ဘာကြီးဖြစ်နေနေ ... ကိုယ်ကြိုက်ချင်မှ ကြိုက်မှာပေါ့။ ဒါဟာ တစ်ဦးချင်းစီရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေ ဖြစ်ပါတယ်။ နိုင်ငံတကာဂီတတွေကို နားထောင်ကြပြီဆိုရင်လည်း ... ဒီလိုပါပဲ။ တချို့က Rap တွေ၊ Hip Hop တွေကို ဘာတွေမှန်းလဲ မသိဘူးဆိုပြီး စိတ်အနှောင့်အယှက်ဖြစ်ကြရပါတယ်။ ဂီတ အနုပညာခံစားနည်းသင်တန်းကိုသာ တက်ထားမယ်ဆိုရင် ... Rap သီချင်းတွေဟာ ဂီတအခြေခံသတ္တိတွေနဲ့ပတ်သက်လို့ ... ဘယ်အခြေခံတွေကို

အခါက ထားပြီး ဘာအကျိုးကိုလိုလို့၊ ဘာကိုအရသာခံပြီး .. ဆိုနေကြတယ်၊ တီးနေကြတယ် ဆိုတာ သိသွားမှာပါပဲ။ ကြိုက်တာ မကြိုက်တာကတော့ ... တစ်ကိုစ္စပေါ့ဗျာ။

အက အနုပညာမှာဆိုရင်လည်း ... တချို့မြန်မာတွေဆိုရင် ... မြန်မာ အကက လွဲပြီး နိုင်ငံခြားအကတွေကို မျက်စိမွေးစူးကြပါတယ်။ ဘာတွေလဲကွာ ... ကော့ကော် ကန်ကားတွေပဲ ... ဒါလား အက ... ဘာညာနဲ့ စိတ်အနှောင့်အယှက်တောင် ဖြစ်ကြရ ပါတယ်။ ဒါဟာ ကျယ်ကျယ်ပြန့်ပြန့်၊ မကြည့်တတ်၊ မမြင်တတ်လို့ တွေ့ကြရတဲ့ ဒုက္ခတွေပါပဲ။ အနုပညာတွေကို ခံစားနည်းဆိုတာ ... ဥပမာ ဂီတအနုပညာ ခံစားနည်းကို သင်လိုက်ရင် ... တစ်နွယ်ငင် တစ်စင်ပါဆိုတာလို ပန်းချီရော၊ ပန်းပုရော၊ အကရော၊ ရုပ်ရှင်/ပြဇာတ် တွေရော၊ စာပေ အနုပညာတွေကိုရော ... အခြေခံတွေကို သဘော ပေါက် နားလည်သွားနိုင်ပါတယ်။ အနုပညာများကို စနစ်တကျ ခံစားနည်းကို လေ့လာ သင်ကြားခြင်းဟာ ... ကမ္ဘာ့အကျင့်၊ ကမ္ဘာ့အဆင့်ကို လှမ်းတက်ခြင်း တစ်စိတ် တစ်ပိုင်းလည်း ဖြစ်ပါတယ်။

ခံစားချက်ဝေဒနာကို ပေးစွမ်းနိုင်တဲ့ ဂီတတွေဟာ အကြမ်းဖျင်းအားဖြင့် (၃) မျိုးရှိပါတယ်။ ပထမတစ်မျိုးက ... လူမျိုးအသီးသီး၊ ဒေသအသီးသီးမှာ ရိုးရာ အတီး/အဆိုများတဲ့ အလွမ်းသီချင်း၊ အပျော်သီချင်း၊ အခန့်သီချင်း စတာမျိုးတွေ ရှိတတ်ကြပါတယ်။ အဲဒီဂီတတွေကို ဒေသခံတွေက မကြာခဏ ကြားနေကြရပြီး တော့ ... ကြားရဖန်များတော့ကာ ... သူတို့မှာ အလိုလို ခံစားချက်တွေ ဝင်လာတာမျိုး ဖြစ်ပါတယ်။ အကြိမ်ကြိမ်၊ အခါခါ လေ့ကျင့်ပုံသွင်းထားလို့ အလိုလိုဖြစ်ပေါ်လာတဲ့ ခံစားမှုမျိုး ဖြစ်ပါတယ်။

ဥပမာ ... ဝင်းဖေတို့ငယ်စဉ်ကဆိုရင် ... မြန်မာရုပ်ရှင်တွေမှာ နောက်ခံ တီးလုံးတွေက မြန်မာ ရှေးသီချင်း တွေထဲက လူသိများပြီးသား ... လွမ်းစရာစာသားနဲ့ အပိုဒ်တွေ၊ ထိုးခန်းကြိတ်ခန်း လာတော့မယ် ဆိုရင်လည်း ..... သောင်းလုံးမြေလျှံချီ ... လေးခင်းနဲ့ပျိုးပြီးတော့ ... တကယ်လည်း ထိုးကြရော ... ဗိန်းဗောင်း တိုက်ပေးလိုက်တာမျိုးတွေ ဖြစ်ပါတယ်။ ဒါတွေဟာ ..... ဓမ္မဓိဋ္ဌာန်ကျတဲ့ တကယ့် ကမ္ဘာသုံး ဂီတဘာသာဗေဒအရ ခံစားမှု ဝေဒနာတွေကို ဖြစ်စေတဲ့ သဘောမျိုးတော့ မဟုတ်ပါဘူး။ ဂီတဘာသာဗေဒနဲ့ ကိုက်ညီတာကလေးတွေ ပါကောင်းလည်း ပါနိုင်ပါတယ်။ ဒါပေမဲ့ သိရှိနားလည်ပြီးတော့ ရည်ရွယ်ချက်နဲ့ ဖန်တီးထားတဲ့ အဖွဲ့အနွဲ့တွေ မဟုတ်ပါဘူး။ ဒီခံစားချက်ဟာ မြန်မာတွေ အတွက်သာ အားလုံးကောင်းတတ်ပါတယ်။ တခြားလူမျိုးတွေအတွက် ဇာတ်ပိုဂီတအဖြစ် ထိရောက်မှုရှိမှာ မဟုတ်ပါဘူး။ ဒါမျိုးတွေက ဒေသအသီးသီး၊

လူမျိုးအသီးသီးမှာ ရှိကြပါတယ်။ ပုံစံသွင်းထားလို့ ခံစားကြရတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ခံစားကြရခြင်းရဲ့ အကြောင်းတရားတစ်ရပ်တော့ ဖြစ်နေပါတယ်။

နောက်တစ်မျိုးကတော့ ဂီတဘာသာဗေဒအရ တေးသွားက တစ်စုံတစ်ခုသော ခံစားမှုဝေဒနာကို မဖော်ကျူး နိုင်ပေမဲ့ သီချင်းစာသားအရ ခံစားချက်ထည့်ထားပြီးတော့ လွမ်းကြ၊ ဆွေးကြရတာမျိုး ဖြစ်ပါတယ်။ ခပ်သွက်သွက် တေးသွားပေမဲ့ အလွမ်း စာသားတွေထည့်ပြီးတော့ ခံစားစေတာမျိုးဖြစ်ပါတယ်။ ခုခေတ် Pop တေးရေးဆရာ တွေ အများအပြား အသုံးပြုတဲ့နည်းပါပဲ။ ဒါလည်း ကန့်သတ်ချက်တော့ ရှိပါတယ်။ တကယ့် အခြေခံကျတဲ့ ဂီတဘာသာ ဗေဒကို သုံးမထားတဲ့အတွက် ဖြစ်ပါတယ်။ တကယ့် ခံစားချက်ဝေဒနာကို ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လူသားကို မဆို ခံစားမှုဝေဒနာ ပေးနိုင်တဲ့ ဂီတအမျိုးအစားကတော့ … ဂီတဘာသာဗေဒကို သုံးပြီးတော့ ရေးစပ်ထား တဲ့ ဂီတအမျိုးအစား ဖြစ်ပါတယ်။

အဲဒီလို ဂီတက ကန့်သတ်ချက်ရှိတဲ့ ဒေသဆိုင်ရာ၊ လူမျိုးဆိုင်ရာ ဘာသာ စကားကို မသုံးဘဲ ထားတတ်ပါတယ်။ စာသားကို အားမကိုးတဲ့ ဂီတတွေ ဖြစ်ပါတယ်။ ဆက်လက်ပြီး အနုပညာနဲ့ပတ်သက်တဲ့ အာရုံ ဘာသာဗေဒတွေကို ဆွေးနွေးပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

ပြီးခဲ့အပတ်က အာရုံ (၅) ပါး နဲ့ ပတ်သက်တဲ့ ဘာသာစကား အကြောင်း ဝင်းဖေ သိသလို ဆက်လက် တင်ပြပါ့မယ်လို့ စကား လက်ကျန်ရှိခဲ့ပါတယ်။ အာရုံ (၅) ပါးစလုံး အတွက် ဘာသာစကားတွေ အားလုံးကို ဝင်းဖေ ထိတွေ့ခဲ့ခြင်း မဟုတ်ပါဘူး။ ဝင်းဖေ ထိတွေ့ခဲ့ဖူးတာက Language of Vision လို့ခေါ်တဲ့ Visual Language စက္ခု အာရုံအမြင် ခံစားမှု ဘာသာစကားကိုပဲ တွေ့ဖူး၊ ဖတ်ခဲ့ဖူးတာပါ။ အဲဒီကျမ်းကို ဂျာမနီနိုင်ငံက စတားလစ်ဘောဟော့(စ်) လို့ခေါ်တဲ့ အနုပညာနဲ့ ဗိသုကာကျောင်းကို စတင် တည်ထောင်ခဲ့တဲ့ ဝေါလ်တာ ဂရိုပီးယား(စ်)ရပ်(စ်) ရဲ့ အုပ်စုဝင်တစ်ဦး ဖြစ်တဲ့ ယွန်အီဒင် က ရေးသားပြုစုတဲ့အထဲမှာ ပါဝင်တာကို ဖတ်ရှုလေ့လာခဲ့ရတာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ် မဖြစ်ခင် ... နာဇီ ဟစ်တလာ လက်ထက် မှာကတည်းက ဘော့ဟော့(စ်) အုပ်စုရဲ့အများစုက အမေရိကန် ပြည်ထောင်စုကို ပြောင်းရွှေ့တိမ်းရှောင်သွားကြပါတယ်။

ယိုဟန်(စ်)အစ်တယ်(န်) ရဲ့ Language of Vision ကို ဝင်းဖေတို့ ဖတ်ခွင့် ရကြတာကတော့ ၁၉၅၀ နောက်ပိုင်းနှစ်များ ဖြစ်နေပါပြီ။ စာအုပ်ကို မန္တလေးမြို့က U.S.I.S လို့ခေါ်တဲ့ အမေရိကန် ပြန်ကြားရေးဌာန စာကြည့်တိုက်က ငှားပြီးတော့ ဖတ်ကြရတာပါ။ ဝင်းဖေ ပြောခဲ့သလိုပါပဲ ... အာရုံ ဘာသာစကားတွေအကြောင်း...... တစ်နွယ်ငင်တစ်စင်ပါဆိုတာလို ... စက္ခုအာရုံဘာသာစကားကို လေ့လာမိတဲ့အတွက် တခြားအာရုံတွေအတွက်လည်း အခြေခံတွေကို အကြမ်းဖျင်းအားဖြင့် သဘောပေါက် လာနိုင်ပါတယ်။

အာရုံ ဘာသာစကားတွေဟာ အနုပညာ မဟုတ်ပါဘူး။ ဒါပေမဲ့ Universal ဖြစ်ပါတယ်။ ကမ္ဘာ့လူသားအားလုံး အတွက် မှန်ကန်ပါတယ်။ နားလည် သဘော ပေါက်နိုင်ပါတယ်။ စာပေ ဘာသာစကားတွေဟာ ကမ္ဘာသုံး မဟုတ်ပါဘူး။ သက် ဆိုင်ရာ သင်ကြား လေ့လာထားသူတွေ အတွက်သာ ဆက်သွယ်နားလည်နိုင်ပါတယ်။ အာရုံဘာသာစကားတွေ ကတော့ ယူနီဗာဆယ် ဖြစ်ပါတယ်။ လူတိုင်းအတွက် မှန်ကန်ကြပါတယ်။ ဒါပေမဲ့ စာပေ ဘာသာ စကားတွေက အသေးစိတ်တွေအထိ ဖော်ကျူး ရေးသား ပြောဆိုနိုင်ပါတယ်။ အာရုံ ဘာသာ စကားတွေကတော့ ... ယေဘုယျ သဘောတွေကိုသာ အဓိက အားကောင်းပါတယ်။ ဥပမာ ... မောင်ဘမှာ ပန်းကလေး တစ်ပွင့်ကို

သူ့ချစ်သူကိုပေးလိုတဲ့ ဆန္ဒရှိနေပါတယ် … လို့ … စာပေ ဘာသာစကား က တိကျအောင် ရေးသားပြောဆိုနိုင်ပေမဲ့ အာရုံဘာသာစကား စစ်စစ်တွေမှာ အဲဒီလို အတိအကျတွေကို ရေးသားပြောဆိုနိုင်ခြင်း မရှိပါဘူး။

ဥပမာ … အမြင်အာရုံ ဘာသာစကားမှာ … အလင်းရောင်၊ အသွေးအရောင်၊ အဖြူအမည်း၊ မျဉ်းကြောင်း … စတာတွေကို အခြေခံ အက္ခရာတွေအဖြစ် ပါဝင်ပါတယ်။ ဥပမာ … အဖြူအမည်း၊ အနုအရင့်မှာ မူလသတ္တိတွေ ရှိပါတယ်။

အဖြူမှာ … လေးခြင်း၊ ပူခြင်း၊ ပေါ့ပါးခြင်း၊ ကျယ်ပြန့်ခြင်း၊ မြန်ဆန်ခြင်း၊ ရဲရင့်ခြင်း … စတဲ့ အဓိပ္ပာယ်တွေ အများကြီးရှိသလို .. အမည်းရောင်၊ အနက်ရောင် မှာတော့ … မှောင်ခြင်း၊ အေးခြင်း၊ လေးလံခြင်း၊ ကျဉ်းမြောင်းခြင်း၊ နှေးလေးခြင်း၊ ကြောက်လန့်ခြင်း … စတဲ့ အဖြူရဲ့ဆန့်ကျင်ဘက် အဓိပ္ပာယ်တွေ ဆောင်ပါတယ်။ ဒါတွေဟာ ကမ္ဘာပေါ်မှာ ရှိသမျှ လူသားအားလုံးအတွက် မှန်ကန်ပါတယ်။ ဘယ်သူ ကမှ သတ်မှတ်ထားတာ မဟုတ်ပါဘူး။ သဘာဝအတိုင်း ဖြစ်ပေါ်၊ နားလည်နေတဲ့ ခံစားချက်တွေ ဖြစ်ပါတယ်။

အမြင်အာရုံ အခြေခံအက္ခရာအနေနဲ့ အဖြူအမည်းရှိသလို၊ အရောင်မျိုးစုံ လည်း ရှိနေပြန်ပါတယ်။ အနီ၊ အပြာ၊ အဝါ၊ အစိမ်း၊ အညို၊ လိမ္မော်ရောင် အစရှိသည် ဖြင့် အများကြီးရှိပါတယ်။ အနီရောင်နဲ့ အဝါရောင်တွေဟာ အဖြူအုပ်စုဝင်သတ္တိတွေ ရှိပါတယ်။ အပြာ၊ အစိမ်း၊ အညိုရောင်တွေဟာ အမည်းရောင်၊ အနက်ရောင် အုပ်စုဝင် တွေ ဖြစ်ကြပြီးတော့ အမည်းရောင်မှာရှိတဲ့ အခြေခံသတ္တိတွေ ရှိကြပါတယ်။ အဲဒီလိုပဲ အမြင်အာရုံ အခြေခံအက္ခရာတွေထဲမှာ မျဉ်းကြောင်းတွေလည်း ပါပါတယ်။

မျဉ်းကြောင်းအဖြောင့် .. မျဉ်းဖြောင့်တွေဟာ အဖြူရောင်အုပ်စုမှာ ပါပြီးတော့ အဖြူရောင်နဲ့ … အနီ၊ အဝါ အုပ်စု … အလင်းအုပ်စုမှာရှိတဲ့ သတ္တိတွေ ရှိကြတယ်။ အလားတူပဲ … မျဉ်းကွေး/ မျဉ်းကောက်တွေဟာ … အနက်ရောင်၊ အမည်းရောင် အုပ်စုတွေမှာရှိတဲ့ သတ္တိတွေ၊ အဓိပ္ပာယ်တွေ ရှိကြပါတယ်။

မြန်မာစာပေ ဘာသာဗေဒမှာ ကကြီးနဲ့ နငယ်ကို ပေါင်းပြီးတော့ … ကကြီးကို နငယ်နဲ့သတ်လိုက်ရင် … ကလည်းမဟုတ်၊ နလည်း မဟုတ်တော့ဘဲနဲ့ “ကန်” ဖြစ် သွားပါတယ်။ အမြင်အာရုံ အက္ခရာတွေမှာ … အဝါရောင်နဲ့ မျဉ်းကွေးကို ရေးဆွဲလိုက် ရင် … အဝါရောင်ရဲ့သတ္တိ … ပူ/ပေါ့/မြန် … စတာတွေလည်း မဟုတ်၊ မျဉ်းကောက်ရဲ့ သတ္တိဖြစ်တဲ့ … အေး/ လေး/ နှေးလည်း

မဟုတ်ဘဲကြားက သတ္တိတစ်ခု ထွက်လာပါတယ်။ သတ္တိ တစ်ဝက်စီပါပြီးတော့ .. ကပြားသတ္တိဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ ဒါတွေကိုတွေးကြည့်ရင် ရယ်စရာကောင်းပါတယ်။ ဒါပေမဲ့ လူမျိုးတစ်မျိုးစီရဲ့စာပေ၊ ဘာသာစကားတွေဟာလည်း တွေးကြည့်ရင် … ရယ်စရာ၊ ပျော်စရာ၊ အံ့သြဖွယ်ကောင်းအောင် စရာကောင်းတာပါပဲ။

မြန်မာစာပေမှာ ဗျည်း ၃၃ လုံးရှိသလို အမြင်အာရုံရဲ့ အခြေခံအက္ခရာတွေ အဖြစ်နဲ့ အလင်း၊ အမှောင်၊ အဖြူ/ အမည်း၊ အဖြူ /အမည်း မဟုတ်တဲ့ အရောင်စုံတွေ၊ မျဉ်းကြောင်းတွေ၊ သဏ္ဌာန်တွေ၊ ပုံသဏ္ဌာန်တွေ၊ အနု/ အကြမ်းတွေ၊ ထောင့်တွေ၊ တူရှုအားပြုမှုတွေ၊ အချိုးအစားတွေ … စသဖြင့် အများကြီးရှိပါတယ်။ မျဉ်းကွေး/ မျဉ်းကောက်တွေ ဆိုရာမှာလည်း … လှိုင်းတွန့် တွေလို ပျော့ပျော့ပျောင်းပျောင်းနဲ့ ကွေးကောက်တာလား၊ မျဉ်းကောက်အတိုတွေပါတဲ့ ချွန်ထက်မာကျောတဲ့ မျဉ်းကောက်တွေလားဆိုတာ … အများကြီးကွာခြားတဲ့ အဓိပ္ပာယ် တွေကို ဆောင်ပါတယ်။

အနီရောင်မှာဆိုရင်လည်း အဝါနှောတဲ့ နီ/ ဝါရောင်၊ အပြာနှောတဲ့ ခရမ်းရောင် ဘက်ယိမ်းတဲ့ အနီရင့်ရောင် … ဗာမီလီယံ အနီရောင်လို … အပြာလည်း မသန်း၊ အဝါလည်း မသန်းတဲ့ အနီစစ်စစ်လို အနီလား၊ နောက် အနီရောင်ဟာ နုတာလား၊ ရင့်တာလား ဆိုတာ အပေါ်မှာ အဓိပ္ပာယ်တွေ ကွာခြားသွားပြန်ပါတယ်။ အဲဒီလို အခြေခံ ခံစားချက် အမျိုးမျိုးကို … အနည်း၊ အများ၊ အချိုး၊ အစား၊ အမျိုးမျိုး ပေါင်းစပ်ပြီး တော့ … ရှုပ်ထွေး၊ ဆူညံ၊ မြန်ဆန် တာတွေကို ဖော်ကျူးပြောဆိုနိုင်သလို … ရှင်းလင်း၊ အေးငြိမ်း၊ တည်ငြိမ်၊ ရိုးရှင်းဆိုတာတွေလည်း ဖော်ကျူးပြောဆိုနိုင်ပါတယ်။

အာရုံဘာသာဗေဒမှာ အခြေခံအက္ခရာတွေ … ဗျည်းတွေ သရတွေနဲ့ ပေါင်းစပ် ပြီးတော့ … အဓိပ္ပာယ်မျိုးစုံ ဖော်ကျူးနိုင်မှုမှာ အကန့်အသတ်မရှိ၊ ကျယ်ပြန့်နိုင်ပါတယ်။ ဒါပေမဲ့ စာပေဘာသာဗေဒမှာလို … ဝင်းဖေ စောစောပိုင်းက ပြောခဲ့သလို အသေးစိတ် တွေ ဖော်ကျူးပြောဆိုနိုင်မှာ မဟုတ်ပါဘူး။

ဒီလိုပါပဲ … အခြားအာရုံတွေ ဖြစ်ကြတဲ့ … အကြားအာရုံ၊ အထိအတွေ့အာရုံ၊ အရသာတို့ အနံ့တို့ ဆိုတာတွေမှာလည်း Universal ဖြစ်တဲ့ အဓိပ္ပာယ်စကားတွေ အမျိုးမျိုးထုတ်နိုင်၊ ထွက်နိုင်၊ ဖန်တီးနိုင်ကြမှာ ဖြစ်ပါတယ်။ အာရုံတွေရဲ့ ဘာသာ စကားတွေကို စိတ်ဝင်စားခြင်းအားဖြင့် … လောကီ/ လောကုတ္တရာ နှစ်ပါးစလုံးအတွက် အကျိုးများ နိုင်ပါတယ်။ အာရုံဘာသာစကားတွေကို လေ့လာသင်ကြားကြမယ် နောင်အနုပညာခံစားနည်း

အခြေခံ ပညာတွေကိုလည်း လူတိုင်း စိတ်ဝင်စားကြမယ် ဆိုရင် ... နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ ကျန်းမာရေးတွေမှာ ခွဲခြမ်းစိတ်ဖြာ နားလည် သဘောပေါက်မှုတွေ တိုးများလာမှာ ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ရက်သတ္တ ၃/၄ ပတ်လောက် ဝင်းဖေလွယ်အိတ်ထဲက အနုပညာနဲ့ ပတ်သက် တာတွေ ဆက်တိုက် ဆွဲထုတ် မိပါတယ်။ တစ်ခါတလေ သဗ္ဗရန် ပေါင်းစုံပါတဲ့ လွယ်အိတ်ဆိုပေမဲ့ ဆွဲဆွဲထုတ်မိတဲ့အခါမှာ ... နို့ဆီဘူးပြီးတော့ နို့ဆီခွက်၊ နောက် နို့ဆီဘူးစက္ကူပတ်၊ နောက် နို့ဆီဘူးခွံနဲ့လုပ်ထားတဲ့ ရေနံဆီမီးခွက်ပေါင်း ... ဘာညာ ဆိုပြီးတော့ နို့ဆီဘူးနဲ့ ပတ်သက်တာတွေချည်းပဲ ဆက်တိုက် ထွက်ထွက်လာတတ်တဲ့ သဘောပါပဲ။

ဒီတစ်ပတ်တော့ ပြက္ခဒိန်အဟောင်း တစ်ခု ထွက်လာပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ ကျော်လောက်က ဝင်းဖေရဲ့ ပျော်စရာ အဖြစ်ဆန်းကလေးတစ်ခုပါ။ အဲဒီတုန်းက ဝင်းဖေရဲ့အသက် ၂၃ နှစ်လောက်ရှိပါပြီ။ ရောဝတီ မြစ်ရိုးပေါ်က ရွာမကျ/မြို့မကျ၊ ရွာတန်းရှည်ကြီးတစ်ခုက အထက်တန်းကျောင်းဖြစ်လာဖို့ ကြိုးစားနေကြတဲ့ အစိုးရ အလယ်တန်းကျောင်း၊ ပူးတွဲ အထက်တန်းကျောင်းမှာ ဝင်းဖေက ကျောင်းအုပ် လုပ်ရပါတယ်။ ဝင်းဖေရဲ့တာဝန်အစစ်က ၁၀ တန်းအထိ စာကောင်းကောင်းတတ်ခဲ့တဲ့ ဝင်းဖေအနေနဲ့ အဲဒီကျောင်းကလေးက ၁၀ တန်း အောင်စာရင်း ကောင်းအောင်လို့ လုပ်ပေးဖို့ပါပဲ။ တကယ်ကျောင်းကို အုပ်ချုပ်ကြတာကတော့ ရွာခံ ဝါရင့်ဆရာကြီးတွေပါ။ ရွာခံ ဆရာကြီးတွေမှာ ပညာရေး အခြေခံလက်မှတ်တွေ မရှိကြလို့ ဝင်းဖေက ကျောင်းအုပ် ဝင်လုပ်ပေးရတာပါ။

ဝင်းဖေရဲ့နောက်တာဝန်တစ်ခုက ကျောင်းဆရာ/ဆရာမတွေအတွက် တစ်လ တစ်ခါ မန္တလေးတက်ပြီးတော့ လစာတွေ ထုတ်ပေးရတဲ့ အရာရှိ Disbussing officer... လည်း ဖြစ်ပါတယ်။ အဲဒီခေတ်က ရှားရှားပါးပါး ဒီမိုကရေစီ ခေတ်၊ ဖဆပလ အစိုးရ လက်ထက်ပါ။ အဲဒီ ရွာတန်းရှည်ကြီးကို အုပ်ချုပ်နေကြတာက ... ရွာသူကြီး ရယ်၊ ရွာဘုန်းကြီးကျောင်းက ဆရာတော်ဘုရားရယ်၊ ရွာအရှေ့ဘက်မှာ တပ်ချထားတဲ့ စစ်ရဲတပ်က ဗိုလ်မှူးရယ်၊ ကျောင်းအုပ်ကြီး ဝင်းဖေရယ် ဖြစ်ပါတယ်။

ဝင်းဖေတို့ပူးတွဲ အထက်တန်းကျောင်းမှာ ဝင်းဖေဟာ ကျောင်းအုပ်ဆိုပေမဲ့ အသက်ကတော့ အငယ်ဆုံး ဖြစ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် ... ကျေးလက်

တောရွာတွေ ရဲ့ ... အလွန် ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှုက ကျောင်းအုပ်ကြီး ဆိုတာနဲ့ တရိုတသေ၊ တလေးတစားရှိကြတာပါပဲ။ ဝင်းဖေရဲ့အဓိကတာဝန်ဖြစ်တဲ့ ၁၀ တန်းဖြေမယ့် ကျောင်း သား/ကျောင်းသူတွေက ၁၅ ယောက်ပဲ ရှိပါတယ်။ အလွန်ကြိုးစားကြတဲ့ ကလေးတွေ ပါ။ ဝင်းဖေက အဲဒီကျောင်းသားတွေကို အလွန်ကြိုးကြိုးစားစား စာသင်ပေးခဲ့ပါတယ်။ တော်တော်လည်း ပြိုင်းပြိုင်းထန်ထန် မောင်းပါတယ်။ အဲဒီမှာ ပတ်ဝန်းကျင်ရွာကလေး တွေက ... အလယ်တန်းနဲ့ မူလတန်း ကျောင်းဆရာ/ဆရာမတွေ လောကကို ဝင်းဖေရဲ့ အသင်အပြနဲ့ ပတ်သက်တဲ့ ကောင်းသတင်းတွေ ပြန့်သွားပါတယ်။ အဲဒီ ဆရာ/ဆရာမ တွေထဲမှာလည်း ၁၀ တန်း ဖြေချင်ကြတဲ့သူတွေ ပါပါတယ်။ အဲဒီမူလတန်း ဆရာ/ဆရာမလေးတွေက ဝင်းဖေဆီကို သူတို့ကိုလည်း တတ်နိုင်သမျှ အကူအညီပေးဖို့ ချဉ်းကပ်ကြပါတယ်။ ဝင်းဖေက သူတို့အားလုံးကို ဝမ်းသာအားရ ကြိုဆိုပါတယ်။ ဒါပေမဲ့ ၁၀ တန်း စာမေးပွဲဝင်တဲ့အခါမှာ ဝင်းဖေတို့ ကျောင်းကနေပြီး စာရင်းသွင်းခိုင်း ပါတယ်။ အဲဒီတုန်းက စာမေးပွဲဝင်တဲ့ ဥပဒေတွေက သိပ်ပြီးတော့ မတင်းကျပ်သေး ပါဘူး။ အဲဒီလို စာမေးပွဲဝင်မယ့်သူတွေက သူတို့ကိုယ်တိုင် ဆရာ/ဆရာမတွေ ဖြစ်နေ ကြတဲ့အတွက် စာသင်ရတာ သိပ်ပြီးလွယ်ပါတယ်။ သိပ်လည်း ထိရောက်ပါတယ်။ အဲဒါကြောင့်မို့ ... ဝင်းဖေတို့ တွဲဖက် အထက်တန်း ကျောင်းကလေးရဲ့ ၁၀ တန်း အောင်ချက်ကလည်း အလွန်ကောင်းခဲ့ပါတယ်။

အဲဒီရွာကလေးမှာ ရွာခံလုပ်ငန်းတွေကို လုပ်ပြီးတော့ ကြီးပွားချမ်းသာနေတဲ့ တရုတ်မိသားစုတစ်စု ရှိပါတယ်။ အဲဒီရွာမှာ အခြေချနေကြတာ အတော်လေးကြာပြီမို့ ရွာသူ/ရွာသား မြန်မာတွေနဲ့ အဲဒီမိသားစုဟာ တစ်သားတည်း ကျနေပါပြီ။ အဲဒီမိသားစု က ကလေးတွေဟာလည်း ဝင်းဖေ ကျောင်းမှာ တက်နေကြပါတယ်။ ဒါနဲ့တစ်နေ့... ကျောင်းအုပ်ကြီး ဝင်းဖေဟာ ရွာလယ်လမ်းမကြီးအတိုင်း စီးကရက်ခဲပြီး လမ်းလျှောက်လာတုန်း အဲဒီတရုတ်မိသားစု အိမ်ရှေ့ရောက်တော့ ကိုကျင်ရွှေ ... ဆိုတဲ့ အိမ်ရှင်တွေ့ရဲ့ သားကြီးက ... ဝင်းဖေကို ... အိမ်ထဲကထွက်လာပြီးတော့ ... သူတို့ အိမ်ကို ခဏဝင်ဖို့ ဖိတ်မန္တက ပြုပါတော့တယ်။ ဝင်းဖေလည်း ရွက်လှပန်းအိုးအလုံး ၂၀ လောက်နဲ့ လှပနေတဲ့ အိမ်ရှေ့ ကွက်လပ်ကလေးကို ဖြတ်ပြီးတော့ အိမ်ရှေ့ဧည့်ခန်းထဲကို ဝင်ခဲ့ပါတယ်။ ဧည့်ခန်းမှာလည်းထိုင်မိတော့ ကိုကျင်ရွှေရဲ့ မိဘတွေလည်း ထွက်လာပြီး ဝင်းဖေကို နှုတ်ဆက် ဧည့်ခံကြပါတယ်။ ကိုကျင်ရွှေကိုယ်တိုင်ကတော့ ကော်ဖီဖျော်ဖို့ နောက်ဖေးကို ဝင်သွားပါတယ်။ ဝင်းဖေလည်း လက်ထဲမှာ သောက်လက်စ စီးကရက်က တိုနေပြီမို့ အိမ်ရှေ့က အိမ့်ပြင်ကို လက်နဲ့တောက်ပြီးတော့ လှမ်းပစ်လိုက်ပါတယ်။ မီးရှိနေသေးတဲ့ စီးကရက်တိုဟာ မြေကွက်လပ် ထဲကို ရောက်မသွားဘဲ ရွက်လှပင် တစ်ခုရဲ့ အရွက်တွေပေါ်မှာ သွားတင်နေပါတယ်။ အရောင်စုံ အလွန်လှပနေတဲ့ ရွက်လှ ပင်

အရွက်တွေပေါ်ကို မီးရှိနေသေးတဲ့ စီးကရက်တို သွားတင်နေတဲ့ကိစ္စကို ဝင်းဖေ ဘယ်ကြည့်နေနိုင်မှာလဲ ... ချက်ချင်းပဲ အပြင်ထွက်ပြီးတော့ စီးကရက်ကိုယူပြီးတော့ ပစ်လိုက်ပါတယ်။

ဒါပေမဲ့ ... ဝင်းဖေ ဘာသွားတွေ့သလဲဆိုတော့ ... စီးကရက်တို သွားတင်နေ တဲ့ ... အစိမ်းနုနဲ့ အဝါနု ကွက်ကျားရောင်ရှိတဲ့ ရွက်လှရွက်ရှည်မှာ ထူးထူးခြားခြား ဘေးကိုထွက်နေတဲ့ ... အတက်လို အရွက်ပွားလေးတစ်ခု ပါနေတာကို သွားတွေ့ပါတယ်။ ဒါနဲ့ဝင်းဖေလည်း အံ့ဩဝမ်းသာနေတုန်း အိမ်ရှင်တရုတ်ကြီးလင်မယားလည်း ထွက်လာပြီးတော့ ကြည့်ကြပါတယ်။

ရွက်လှရွက်က အတက်လို ထွက်ပြီးတော့ ပွားနေတာလည်း တွေ့ရော ... သံသေးသံကြောင်နဲ့ အော်ပြီးတော့ ဝမ်းသာအားရ ဖြစ်ကုန်ကြပါတယ်။ တရုတ် အယူအဆအရ ... အဲဒီလို ရွက်လှရွက်ကနေပြီးတော့ ... အတက်ထွက်သလို ရွက်ပွား ထွက်တယ်ဆိုရင် ... အလွန်မင်္ဂလာရှိပြီး၊ အလွန် လာဘ်ကောင်းတယ်လို့ ဆိုပါတယ်။ စီးပွားဥစ္စာ ချက်ချင်း အလွန်တိုးတက်သွား တတ်ပါသတဲ့ခင်ဗျာ။

ပြီးတော့မှ ... ဒီလောက် မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ လာဘ်ထူးလာဘ်မြတ်ကို စပြီး တွေ့တဲ့သူကလည်း ဝင်းဖေ ဖြစ်နေပြန်ပါတယ်။ အဲဒီမှာ ဘာပြောကောင်းမလဲ... တရုတ်မိသားစုတစ်ခုလုံး ဝင်းဖေကို.. ဝိုင်းပြီးတော့ ဆူညံနေအောင် ကျေးဇူးတင်စကား ပြောကြပါတော့တယ်။ အဲဒီညနေမှာပဲ တော်တော်ကြီးကို ခမ်းနားတဲ့ တရုတ် ညစာ စားပွဲတစ်ခု စီစဉ်ပြီးတော့ ဝင်းဖေကို ဂုဏ်ပြုကြပါတယ်။ တရုတ်ထုံးစံအတိုင်း ထမင်းပွဲမှာ အရက်တွေလည်း သောက်ကြရပါတယ်။ ထမင်းပွဲပြီးလို့ အိမ်ပြန်တဲ့အခါမှာလည်း အဲဒီခေတ်က အတော်လေးများတယ်လို့ ပြောရမယ့် ကျပ်ငွေ ၂၀၀ ကို မင်္ဂလာအိတ်အနီနဲ့ ထည့်ပြီးတော့ ကျောင်းအုပ်ကြီး ဝင်းဖေကို လက်ဆောင်ပေးကြပါတယ်။ အဲဒီ ရွက်လှပင်အိုး ဟာလည်း ချက်ချင်း ရာထူးတက်သွားပြီးတော့ သစ်သားစင်မြင့်ကလေး ဖြစ်သွားပါတယ်။ ညနေတိုင်း အိမ်ထဲကို ပြန်သွင်းပြီးတော့ ထိန်းသိမ်းစောင့်ရှောက် ကြရတဲ့အဆင့်ကို ရောက်သွားပါတယ်။

အဲဒီ ရွက်လှပင်ကြောင့် ချက်ချင်း စီးပွားတက်/မတက်တော့ ပြောနိုင်ဖို့ အလွန် ခက်ပါတယ်။ ဘာဖြစ်လို့တုန်း ဆိုတော့ ... အဲဒီတရုတ်မိသားစုဟာ တရိပ်ရိပ်နဲ့ စီးပွားတက်နေတာ ၃/၄ နှစ်တောင် ရှိနေပါပြီတဲ့။ တရုတ်ကြီး တွေကတော့ ဒီရွက်လှပင်ရဲ့အရှိန်နဲ့ လာဘ်ကောင်းနေတာကြာပြီ ဖြစ်မှာပေါ့ ဆိုပြီးတော့ ဇွတ်ကျေနပ်နေကြ ပါတယ်။ ဝင်းဖေကလည်း အူကြောင်ကြောင်နဲ့ အဲဒီမိသားစုရဲ့ ကျေးဇူးရှင် ဖြစ်ခဲ့ရဖူး ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာကျောင်းသား လူငယ်လေး ၃ ယောက်က ပန်းချီပြတိုက်ကြီး တစ်ခုကို သွား ကြည့်ကြမှာမို့ ပန်းချီရေးတဲ့ ဝင်းဖေကို အတူ လိုက်ခဲ့ပြီး မေးစရာရှိရင် မေးနိုင်ဖို့ အကူအညီ တောင်းကြပါတယ်။ ဝင်းဖေကလည်း ကိုယ်တိုင် ပန်းချီဝါသနာပါနေလို့ ပန်းချီရေးနေတာ မှန်ပေမဲ့ ပန်းချီပညာအကြောင်း၊ သမိုင်းကြောင်းတွေရဲ့ အသေးစိတ် တွေကိုတော့ မသိပါဘူး။ ယေဘုယျလောက်ဆိုရင်တော့ ... သိရင် သိသလောက် ရှင်းပြပါမယ်ဆိုပြီးတော့ သူတို့နဲ့ ပြတိုက်ကို လိုက်သွားပါတယ်။

ပြတိုက်ကြီးမှာ ကမ္ဘာကျော်ပန်းချီဆရာကြီး ပီကာဆိုရဲ့ ပန်းချီကား ၂၅ ကားကို အထူးပွဲအဖြစ် ပြသတဲ့ အစီအစဉ်က ရှိနေပါတယ်။ စပိန်ပန်းချီဆရာကြီး ပီကာဆိုဟာ သိပ်နာမည်ကြီးတာကိုတော့ ကျောင်းသား လူငယ်ကလေးတွေက ကောင်းကောင်းကြီး သိနေကြပါတယ်။ ပီကာဆိုရဲ့ ပန်းချီကားတွေကို ကြည့်ကြဖို့ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြပါတယ်။ တကယ်တမ်း ပီကာဆိုရဲ့ပန်းချီကားတွေကို မြင်ကြရတဲ့အခါမှာ ကျောင်းသား ၃ယောက် အနက် ၂ ယောက်က ဘာမှ နားမလည်တဲ့ အတွက် မကြိုက်ဘူးလို့ ပြောကြပါတယ်။ ကျန်တစ်ယောက် ကတော့ သူလည်း မကြိုက်တဲ့ အကြောင်း... ဒါပေမဲ့ ပန်းချီဆရာကြီး ပီကာဆိုရဲ့ အနုပညာလက်ရာတွေဟာ ကမ္ဘာကျော်၊ အထင်ကရ၊ နာမည်ကြီး၊ လူသိများလှတာတွေမို့ အလှတရားတစ်ခုမဟုတ် တစ်ခုရှိနေလိမ့်မယ်လို့ ယုံကြည်တဲ့ အကြောင်း၊ သူနားမလည်လို့၊ မသိလို့သာဖြစ်ရမယ် ... ပီကာဆိုရဲ့ ပန်းချီ လက်ရာတွေရဲ့ အလှဟာ ဘာတွေလဲ .. လို့ ဝင်းဖေကို မေးခွန်းထုတ်ပါတော့တယ်။

အမေးရှိလာလေတော့ ဝင်းဖေကလည်း ... ပီကာဆိုရဲ့ အနုပညာအလှ၊ အနုပညာတန်ဖိုးတွေက ဘာတွေလဲ ဆိုတာကို ... လက်လှမ်းမီသလောက် ရှင်းပြလိုက် ပါတယ်။ သူတို့ ၃ ယောက်စလုံးဟာ ဝင်းဖေ ရှင်းပြတဲ့အတွက် အတော် ကလေးတော့ ကျေနပ်သွားကြပုံရပါတယ်။ ဒါပေမဲ့ ပီကာဆိုရဲ့ လက်ရာတွေကို ကြိုက်လှတယ်ရယ် လို့တော့ မဟုတ်ပါဘူး ... လို့ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပဲ ပြောကြပါတယ်။ ဒါဟာ ဒီကလေးတွေရဲ့ လှပတဲ့ အရည်အသွေး တစ်ခုပါပဲ။ ကမ္ဘာကျော်တွေပါဆိုပေမဲ့ ကိုယ် ကြိုက်ချင်မှ

ကြိုက်မှာပေါ့ဆိုတဲ့ ကိစ္စဟာ လူတစ်ဦးစီရဲ့ ကိုယ်ပိုင် အခွင့်အရေး တွေသာ ဖြစ်ပါတယ်။ ပီကာဆို ဘာ့ကြောင့် ကမ္ဘာကျော် အနုပညာရှင်ကြီး အဖြစ် အောင်မြင် ကျော်ကြားခဲ့ရတယ်ဆိုတဲ့ အကြောင်း အလျှဉ်းသင့်တဲ့ တစ်ချိန်ချိန်ကျရင်... ဝင်းဖေက ပြန်ပြီးတော့ တင်ပြပါဦးမယ်။ ဘာလို့လဲဆိုတော့ ... ပီကာဆိုဟာ ငြိမ်းချမ်းရေး ချိုးငှက်ဒီဇိုင်းကို စတင်တီထွင်ရေးဆွဲသူအဖြစ် ... ဒီကျောင်းသား ၃ ယောက် သိသွားကြတဲ့အတွက် ... ဝင်းဖေ သိသလောက် ဆက်ပြီး ပြောပြခဲ့ရတဲ့အကြောင်းကို တင်ပြချင်ပါတယ်။

သူတို့ ၃ ယောက်က ပြောပြကြပါတယ်။ ပီကာဆိုဟာ လက်ဝဲသမား ပန်းချီဆရာကြီး ဖြစ်တယ်ဆိုတဲ့အကြောင်း၊ ကွန်မြူနစ်စစ်စစ် အနုပညာရှင်ကြီးဖြစ်ခဲ့လို့လည်း ... "ဂွာရာနီကာ"လို စစ်ဆန့်ကျင်ရေး ကမ္ဘာကျော်ပန်းချီကားကြီးကို ရေးဆွဲခဲ့တဲ့အကြောင်း၊ နောက် ကွန်မြူနစ်တွေအတွက် နိုင်ငံတကာ ငြိမ်းချမ်းရေးသင်္ကေတအဖြစ်လည်း ... ကမ္ဘာကျော် ငြိမ်းချမ်းရေးချိုးရုပ်ကို ရေးဆွဲပေးခဲ့တဲ့အကြောင်း၊ ဒါတွေကို နားလည်လို့ရကြောင်း၊ ဒါပေမဲ့ ကွန်မြူနစ်တွေက သိသိသာသာကြီး လက်မခံခဲ့ကြတဲ့ Abstract... လို့ခေါ်တဲ့ စိတ္တဇပန်းချီဆရာကြီး တစ်ယောက် ဘာ့ကြောင့် ဖြစ်နေရတာလဲ၊ ဘာ့ကြောင့် လူအများစု နားမလည်တဲ့ Abstract ပန်းချီတွေကို ရေးရတာလဲ၊ လက်ဝဲဝါဒီ ကွန်မြူနစ်တွေရဲ့ အနုပညာအပေါ် မြင်တဲ့ Art for People sake အနုပညာသည် ပြည်သူ့အတွက်သာ ဖြစ်ရမယ် ဆိုတဲ့ အယူအဆကို ပန်းချီဆရာကြီး ပီကာဆိုက လက်မခံနိုင်ဘူးလား ... စတဲ့ မေးခွန်း အများကြီးထွက်လာပါတယ်။

ဟုတ်ပါတယ် ... ပန်းချီဆရာကြီး ပီကာဆိုဟာ ငြိမ်းချမ်းရေးသင်္ကေတ၊ သံလွင်ကိုင်းကို ချီလာတဲ့ ချိုးငှက်ကို Lithograp နည်းနဲ့ ရေးဆွဲခဲ့တယ် ဆိုတာလည်း အမှန်ပါပဲ။ ၁၉၄၉ ခုနှစ်က ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့မှာကျင်းပတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ကရက်မှာ ညီလာခံကြီးကို ဂုဏ်ဆောင်တဲ့ အမှတ်တံဆိပ်အဖြစ် ရွေးချယ်ခံခဲ့ရတာကလည်း အမှန်ပါပဲ။ တစ်ကမ္ဘာလုံးက ... အထူးသဖြင့် လက်ဝဲဝါဒီ တွေက တစ်ခဲနက် ကြိုဆိုခဲ့ကြတာလည်း အမှန်ပါပဲ။ လက်ဝဲယိမ်း အနုပညာရှင်ကြီး ပီကာဆို ကိုယ်တိုင်လည်း ဝမ်းမြောက်ဝမ်းသာနဲ့ ဂုဏ်ယူမဆုံးဖြစ်မှာ သေချာပါတယ်။ ဒီတုန်းက ဝင်းဖေ အသက် ၁၄ နှစ်လောက်ပဲ ရှိပါသေးတယ်။ အဲဒီ ပဲရစ်ငြိမ်းချမ်းရေး ကွန်ကရက်က စပြီးတော့ ကွန်မြူနစ်တွေရဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုတိုင်းမှာ... ပီကာဆိုရဲ့ချိုးရုပ်တွေ လှိုင်ဘောလည်နေပါတော့တယ်။

၁၉၅၀၊ ကမ္ဘာ့ငြိမ်းချမ်း ရေးညီလာခံမှာ ပီကာဆိုကိုယ်တိုင်က ... သူ့အဖေက သူ့ကို ချိုးရုပ်ရေးဖို့ တိုက်တွန်း ခဲ့ဖူးတဲ့ အကြောင်း၊ သူကိုယ်တိုင်ကလည်း

သေခြင်းနဲ့ ရှင်ခြင်းမှာ ရှင်ခြင်းကိုသာ လိုလားသလို၊ စစ်နဲ့ငြိမ်းချမ်းရေးမှာ ငြိမ်းချမ်းရေးကို လိုလားပါကြောင်း ... သမိုင်းဝင်စကားကို ပြောကြားခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်၊ ဘာလင် ငြိမ်းချမ်းရေး ညီလာခံက စပြီးတော့ ပီကာဆိုရဲ့ ငြိမ်းချမ်းရေးချိုးရုပ်ဟာ ကမ္ဘာ့ ငြိမ်းချမ်း ရေးအလံပေါ် အခိုင်အမာ ရောက်ရှိသွားပါတော့တယ်။ ဒါက ကမ္ဘာ့လက်ဝဲသမားတွေ က ပီကာဆိုကို နွေးထွေးနေကြတဲ့အပိုင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ... ၁၉၅၀ ခုနှစ်များရဲ့ နောက်ပိုင်းမှာလို့ ဝင်းဖေ မှတ်မိပါတယ် .. ပီကာဆိုက ဆိုဗီယက်ရုရှားက အဓိပတိ၊ ကွန်မြူနစ် ခေါင်းဆောင်ကြီး ဂျိုးဇက်စတာလင်ရဲ့ ပုံတူကို ရေးဆွဲလိုက်ပြန်ပါတယ်။ ဒီတစ်ခါတော့ ကမ္ဘာ့ကွန်မြူနစ်တွေ အတော်ကြီးကို မကျေမနပ် ဖြစ်ကုန်ကြပါတယ်။

ရုရှား ကွန်မြူနစ်ခေါင်းဆောင်ကြီး ဂျိုးဇက်စတာလင်ရဲ့ ဥပတိရုပ်က အလွန် ကြံ့ခိုင်ပြီးတော့ ထုထည် ကြီးမား ပါတယ်။ ဆံပင်တွေကလည်း များများထူထူ၊ မျက်ခုံး မွေးကောင်းကောင်း၊ နှုတ်ခမ်းမွေးကြီးတွေကလည်း အလွန်ခန့်ညားပါတယ်။ ပန်းချီ ဆရာကြီး ပီကာဆို ရေးဆွဲလိုက်တဲ့ ခေါင်းဆောင်ကြီး ဂျိုးဇက်စတာလင်ရဲ့ပုံက စတာလင်နဲ့ တူနေပေမဲ့ ခပ်ပိန်ပိန်၊ ခပ်ချောင်ချောင် ဖြစ်နေပါတယ်။ သိသာထင်ရှားအောင်၊ မျက်စိထဲမှာ မြင်သာလာအောင် ပြောရရင် ဘိန်းစားရုပ် ပေါက်နေပါတယ်။ မြန်မာသတင်းစာ တစ်စောင်မှာ အဲဒီပုံကို ဖော်ပြပေးထားတဲ့အတွက် ဝင်းဖေ မြင်လိုက်ရဖူး ပါတယ်။ အဲဒီပုံနဲ့ပတ်သက်လို့ ကွန်မြူနစ်တွေက အတော်ကြီးကို မကျေမနပ်ဖြစ်ကြတဲ့ အတွက် ပီကာဆိုက ဖြေရှင်းတဲ့အခါမှာ ပိုဆိုးကုန်ပါတယ်။ ပီကာဆိုက သူဟာ ခေါင်းဆောင်ကြီး စတာလင်ရဲ့လုပ်ရပ်တွေနဲ့အညီ ပုံရိပ်ကို သူ့အာရုံမှာ မြင်ရတဲ့အတိုင်း ရေးဆွဲလိုက်တာပါလို့ ရှင်းပြတဲ့အတွက် ... စတာလင်ရဲ့ပုံရိပ်ဟာ ပီကာဆိုရဲ့အာရုံမှာ ခန့်ခန့်ညားညား မဟုတ်ဘူးလို့ အဓိပ္ပာယ်ထွက်နေပါတော့တယ်။ အဲဒီမှာ ကွန်မြူနစ် တွေက ပီကာဆိုကို ကွန်မြူနစ် ပါတီက ထုတ်ပစ်ဖို့ တောင်းဆိုကြပါတယ်။

ဒီနေရာမှာ ... ပီကာဆိုဟာ ... သူယုံကြည်တာကို ယုံကြည်သလို ရေးဆွဲတယ်၊ ယုံကြည်သလို ပြောဆိုတယ် ဆိုတာ ပေါ်လွင်လာပါတယ်။ ပီကာဆိုရဲ့ ဒီလုပ်ရပ်နှစ်ခု ဟာ ကျောင်းသား ၃ ယောက် သိလိုကြတဲ့ အဖြေကို ပေးနိုင်တယ်လို့ ဝင်းဖေက အဖြေ ပေးလိုက်ပါတယ်။ ပီကာဆိုဟာ ... အနုပညာသည် အနုပညာအတွက်ဖြစ်ရမယ် ဆိုတာကို ယုံသလား၊ အနုပညာသည် ပြည်သူ့အတွက်ဖြစ်ရမည် ဆိုတာကို ယုံသလား ဆိုတဲ့ မေးခွန်းကိုလည်း ဒီဖြစ်ရပ်က အဖြေပေးထားပါတယ်။ ဆက်လက်တင်ပြ ပါမယ်...။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၃၇]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ကမ္ဘာကျော်ပန်းချီဆရာကြီး ပီကာဆိုနဲ့ ငြိမ်းချမ်းရေး ချိုးငှက် အကြောင်း ... နောက် ပီကာဆိုရေးဆွဲတဲ့ ကွန်မြူနစ် ခေါင်းဆောင်ကြီး ဂျိုးဇက် စတာလင်ရဲ့ ပုံတူပန်းချီကားအကြောင်းတွေကို ပြောဖြစ်ပါတယ်။

Art's for Art sake အနုပညာဟာအနုပညာအတွက် ... ဆိုတဲ့ စကားဟာ လက်ဝဲဝါဒီတွေ ခေတ်မထမီ ကတည်းက ပေါ်ပေါက်နေခဲ့တဲ့စကား ဖြစ်ပါတယ်။ အနုပညာကို ... ပိုက်ဆံ၊ ငွေကြေးချမ်းသာသူတွေ၊ နောက် တော်ဝင် မင်းစိုးရာဇာတွေက ... ငွေအား၊ အာဏာအင်အားတွေကို သုံးပြီ" တော့ ဖျက်ဆီးမှာကို ကာကွယ်ဖို့၊ အနုပညာသမားတွေ ဘက်က မားမားမတ် မတ်ရပ်တဲ့ စကားဖြစ်ပါတယ်။ အနုပညာသမားတွေကို ရိုးသားစင်ကြယ်ကြ စေဖို့၊ အဂတိ မလိုက်မိကြစေဖို့၊ သစ္စာမဖောက်ကြစေဖို့သတိပေးတဲ့ စကား ပါ။ ပီကာဆိုဟာ ... လက်ဝဲယိမ်းတဲ့ ပန်းချီဆရာကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ Art's for Art sake... ဆိုတဲ့စကားကို နှစ်သက်ပြီးတော့... Art's for the Peoplesake... အနုပညာသည် ပြည်သူ့အတွက် ... ဆိုတဲ့စကားကို နှစ်သက်ပုံ မပေါ်ပါဘူး။ သူ နှစ်သက်တဲ့ နိုင်ငံရေးအုပ်စုက သူ့အနုပညာကို နှစ်သက်ခြင်း မရှိတဲ့အခါမှာ ယိမ်းယိုင်သွားခြင်း မရှိဘဲနဲ့၊ သူ ယုံကြည်ရာကို ယုံကြည်သလို အခိုင်အမာ ပြောခဲ့သူ လည်း ဖြစ်ပါတယ်။

ပီကာဆိုလိုပဲ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို ... အလွန်ထူးချွန် ထင်ရှားခဲ့ တဲ့ တခြားပန်းချီဆရာ၊ ဗိသုကာ၊ ပါမောက္ခ တစ်ယောက်လည်း ရှိခဲ့ဖူးပါတယ်။ သူက တော့ ရုရှားနိုင်ငံက အနုပညာရှင် အယ်(လ်)လီစစ္စကီး ဖြစ်ပါတယ်။ သူလည်း ပီကာဆိုလိုပဲ ခေတ်သစ်ပန်းချီအမြင်ရှိတဲ့ Abstract (မြင်မာလက်ဝဲဝါဒီတွေရဲ့ အခေါ်အရ) စိတ္တဇ ပန်းချီဆရာကြီး တစ်ယောက် ဖြစ်ပါတယ်။ ရုရှားနိုင်ငံက ပန်းချီကျော်ကြီး မာ့(ခ်)ရှာဂေါလိုပဲ ဗစ္စတက်ဇာတိ ဖြစ်ပြီးတော့ ၁၈၉၀ မှာ မွေးဖွား ပါတယ်။ ဒမ်းစတာ့ချ်ကျောင်းမှာ ဗိသုကာပညာကို သင်ကြားခဲ့ပြီး ၁၉၁၉ ခုမှာတော့ ဗစ္စတက် အနုပညာကျောင်းမှာ ပါမောက္ခဖြစ်လာပါတယ်။ အဲဒီမှာ ကမ္ဘာ့ထိပ်တန်း အနုပညာရှင်ကြီးတွေဖြစ်ကြတဲ့ ... မာ့ချာဂေါတို့၊ ကာစီးမီးယား မီလီး ဗစ်(ချ်) တို့နဲ့ အလုပ်လုပ်ခဲ့ပါတယ်။ ၁၉၂၁ ခုနှစ်မှာ မော်စကို အနုပညာအကယ်ဒမီမှာ ပါမောက္ခ လုပ်ပါတယ်။ ဂျာမနီ၊

နယ်သာလန်နဲ့ ဆွစ်ဇာလန်နိုင်ငံတွေမှာလည်း အလုပ်လုပ်ခဲ့ပါတယ်။ ၁၉၂၅ ခုနှစ်မှာ မော်စကိုကို ပြန်ပြီးတော့ ရုရှား ပြည်သူ့ တော်လှန်ရေးကြီးအပြီး .. နာမည်ကျော် ... ဂဘုတ မာ့ကွ . ဗိသုကာကျောင်းမှာ ပါမောက္ခ လုပ်ပါတယ်။ ၁၉၂၆ နဲ့ ၁၉၃၄ နှစ်များအကြား ဥရောပတစ်လွှားက ကုန်စည် ပြပွဲကြီးတွေမှာ ဆိုဗီယက် ရုရှားနိုင်ငံတော်အတွက် အလွန်ဂုဏ်ယူစရာ အောင်မြင် ကျော်ကြား လူကြိုက်များလှတဲ့ နိုင်ငံတကာ ကုန်စည်ပြခန်း ခေတ်သစ် ဒီဇိုင်းတွေကို ဖန်တီးပေးခဲ့ပါတယ်။ နောက်ပြီးတော့ အလွန်ခေတ်မီတဲ့ ဗိသုကာဒီဇိုင်းတွေလည်း ဆိုဗီယက် နိုင်ငံတော်အတွက် ရေးဆွဲပေးခဲ့ပါတယ်။

ကလေးများအတွက် ... အနီဝိုင်း၊ လေးထောင့် အနက်နဲ့ အဖြူ တြိဂံတို့ ဇာတ်ဆောင်အဖြစ် ပါဝင်တဲ့ အလွန် ခေတ်ရှေ့ပြေးတဲ့ ရုပ်ပြပုံပြင် စာအုပ်ကို ထုတ်ဝေ ပါတယ်။ ခေတ်လွန် အနုပညာလောကကို ကိုင်လှုပ်နိုင်တဲ့ အလွန် ဆန်းကြယ်တဲ့ စိတ်ကူးစိတ်သန်းတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ရုရှားကွန်မြူနစ်ပါတီက အလစ်စ္စစကီးရဲ့ Abstract/ စိတ္တဇ ပန်းချီတွေကို မနှစ်သက်ပါဘူး။ အများပြည်သူလူထုရဲ့ အသိဉာဏ် နဲ့ မနီးစပ်ဘူးလို့ သုံးသပ် ပါတယ်။

Socialist Realism လို့ ခေါ်တဲ့ ဆိုရှယ်လစ် သရုပ်မှန်ဝါဒသည်သာလျှင် အနုပဋိလောမ ရုပ်ဝါဒ/ ကွန်မြူနစ်ဝါဒနဲ့ ကိုက်ညီတယ်လို့ ဟစ်ကြွေးကြပါတယ်။ အယ်(လ်)စစ္စကီးကလည်း ... လက်ဝဲ/ကွန်မြူနစ်ဝါဒကို အလွန်ယုံကြည် လေးစားတဲ့ ကွန်မြူနစ်ပါတီဝင်တစ်ယောက် ဖြစ်နေပါတယ်။ ဒါ့ကြောင့်မို့ ကွန်မြူနစ်ပါတီရဲ့ စကားကိုလိုက်နာဖို့ ဆုံးဖြတ် လိုက်ပါတယ်။ သူအလွန်အမင်း ယုံကြည်ပြီးတော့ လက်တွေ့ဖန်တီးခဲ့တဲ့ အလွန်အောင်မြင်တဲ့ ခေတ်သစ် ဒီဇိုင်းတွေ၊ ခေတ်သစ်ပန်းချီတွေ၊ ခေတ်လွန်ဒီဇိုင်းတွေ၊ ဗိသုကာ အယူအဆတွေကို စွန့်ပစ်ခဲ့ပါတယ်။

ကွန်မြူနစ်ပါတီက နှစ်သက်ပြီး သတ်မှတ်တဲ့ Socialist Realism ဆိုရှယ်လစ် သရုပ်မှန်ဝါဒနဲ့ ကွန်မြူနစ်ပါတီအတွက် ဝါဒဖြန့်ချိရေး ပိုစတာတွေကို ရေးဆွဲပါတယ်။ ဒုတိယကမ္ဘာစစ်အတွက် ရုရှားနိုင်ငံက သံချပ်ကာကားတွေ တိုးပြီးတော့ ထုတ်လုပ် ကြဖို့ တိုက်တွန်းတဲ့ ပိုစတာ၊ Make more Tanks ဆိုတဲ့ ပိုစတာဟာ ... အယ်လ်လီ စစ္စကီးရဲ့ ဆိုရှယ်လစ်သရုပ်မှန်ဝါဒနဲ့ရေးဆွဲတဲ့ နောက်ဆုံးလက်ရာဖြစ်ပြီးတော့ အနုပညာအနေနဲ့ ဘာထိရောက်မှုမှမရှိတဲ့၊ ဘာထူးခြားမှု၊ ဘာတွန်းအားမှ မပေးနိုင်တဲ့ ပိုစတာတစ်ခုမျှသာ ဖြစ်ခဲ့ပါတယ်။

အယ်လ်လစ်စစ္စကီး စိတ်ကြိုက်ဖန်တီးထုတ်လုပ်ခဲ့တဲ့ ... ပန်းချီတွေ၊ ဒီဇိုင်း တွေ၊ ဗိသုကာလက်ရာတွေကို အလွန်နှစ်သက် လေးစားတန်ဖိုးထားခဲ့ကြတဲ့ ကမ္ဘာ့

အနုပညာခံစားသူများအနေနဲ့ အလွန် စိတ်ပျက် ဝမ်းနည်း ပက်လက် ဖြစ်ခဲ့ကြရပါတယ်။ ၁၉၄၁ ခုနှစ်မှာ အယ်(လ်)လီစ့်ကီးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်သွားပါတယ်။ အနုပညာရှင်ကြီး အယ်(လ်)လီစစ့်ကီး ဟာ သူအလွန်ယုံကြည်တဲ့ နိုင်ငံရေး ပါတီအတွက် ... သူအလွန်ယုံကြည်မြတ်နိုးတဲ့ သူ့အနုပညာကို သစ္စာဖောက်ခဲ့ တယ် ... လို့ ကမ္ဘာ့အနုပညာရှင်ကြီးတွေ တချို့က မချိတင်ကဲ ဝေဖန်ခဲ့ကြပါတယ်။

အနုပညာ ဖန်တီးမှုလွတ်လပ်ခွင့်နဲ့ ပတ်သက်လို့ စွက်ဖက်၊ ကန့်သတ်လိုကြတဲ့ ကိစ္စမှာ ... ဟစ်တလာ ခေါင်းဆောင်တဲ့ နာဇီတွေနဲ့ ဂျိုးဇက်စတာလင် ခေါင်းဆောင်တဲ့ ဆိုဗီယက်ကွန်မြူနစ်ပါတီတို့ သွားပြီးတော့ တူညီနေတာကို တွေ့ကြရပါတယ်။ လူ တစ်ဦးစီရဲ့ လွတ်လွတ်လပ်လပ်တွေးခေါ်၊ ထုတ်ဖော် တင်ပြခွင့်ကို ပိတ်ပင် တားဆီး တာပဲ ဖြစ်ပါတယ်။ ဆိုဗီယက် ကွန်မြူနစ်အုပ်စုနဲ့ ဂျာမနီနာဇီတွေရဲ့ အုပ်ချုပ်မှုအောက် မှာ လွတ်လပ်မှု ဆုံးရှုံးမှာကို ကြောက်တဲ့အတွက် ဇာတိမြေ၊ အမိနိုင်ငံ၊ အဘနိုင်ငံတွေကို စွန့်ပြီးတော့ ထွက်ခွာသွားကြရတဲ့ အနုပညာသည်တွေ၊ တွေးခေါ်ပညာရှင်တွေ၊ သိပ္ပံနဲ့ ဝိဇ္ဇာပညာရှင်တွေ သမိုင်းမှာ အများကြီးရှိခဲ့ပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၃၈]

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့နှစ်ပတ်က ကမ္ဘာ ကျော်ထိပ်တန်း အနုပညာရှင်ကြီး တွေဖြစ်ကြတဲ့ ပီကာဆို နဲ့ အယ်(လ်)လီစစ္စကီးတို့ အကြောင်း၊ အနုပညာကိစ္စမှာ နိုင်ငံရေး ဝင်ပြီးတော့ စွက်ဖက်တဲ့ကိစ္စ ... သဘာဝ နှစ်မျိုးကို တင်ပြခဲ့ပါတယ်။

ပီကာဆိုရဲ့ပြဿနာမှာ ... နိုင်ငံရေးကို အနုပညာက အလျှော့မပေး၊ အစွက်အဖက်မခံခဲ့တဲ့အတွက် ပီကာဆိုရဲ့ အနုပညာ အမြောက်အမြား ကမ္ဘာ့အနုပညာအမွေ အနှစ်အဖြစ် ပိုမိုထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။

အယ်လ်လီစစ္စကီး ကိစ္စမှာတော့ .. အယ်လ်လီစစ္စကီးရဲ့ အဆုံးအဖြတ်ဟာ သူ့ ကိုယ်ပိုင်အခွင့်အရေးသာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အနုပညာတွေ အမြောက်အမြား ထွက်ရှိမလာတော့တဲ့အတွက် ကမ္ဘာက အများကြီး ဆုံးရှုံးနစ်နာရပါတယ်။

မြန်မာ့အဓိကရ ဂီတ အနုပညာရှင်ကြီးတစ်ဆူဖြစ်တဲ့ မြို့မညိန်းမှာ ဘာနိုင်ငံရေး ခံယူချက်ရှိပါသလဲဆိုတဲ့ မေးခွန်းတွေလည်း ရှိခဲ့ဖူးပါတယ်။ ရှိနေဆဲလည်း ဖြစ်ပါတယ်။ ဝင်းဖေတွေ့ရသလောက်၊ မှတ်မိသလောက်ကတော့ ... မြို့မညိန်း (ဦးလေးညိန်း) ဟာ ... အချစ်အကြောင်းတွေ၊ လောကရဲ့အလှတရားအကြောင်းတွေ၊ ဘာသာရေး အကြောင်းအရာတွေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ရိုးရာ၊ မြန်မာ့ယဉ်ကျေးမှု/လူမှုရေး၊ ဟာသတွေ၊ အငြိမ့်သီချင်းတွေ၊ ပြဇာတ်နဲ့ ရုပ်ရှင်ဇာတ်ဝင်သီချင်းတွေ စသဖြင့် အမြောက်အမြား ရေးခဲ့တဲ့နေရာမှာ နိုင်ငံရေးသီချင်းက အတော်ကြီးကို အထင်အရှား ရှားပါးနေတာကို တွေ့ရပါတယ်။ ငြိမ်းချမ်းရေး သီချင်းနဲ့ လူချွန်လူကောင်း သီချင်း နှစ်ပုဒ်ပဲ ... အလွန်ထူးခြား ကောင်းမွန်တဲ့ မြန်မာ့နိုင်ငံရေး သီချင်းတွေ အဖြစ် တွေ့ကြ ရပါတယ်။

"လူချွန်လူကောင်း" သီချင်းဟာ ဖ ဆ ပ လ အစိုးရခေတ်၊ ဝန်ကြီးချုပ် ဦးနုရဲ့ ပြည်တော်သာ စီမံကိန်းအတွက် ဝါဒဖြန့်ချိရေးသီချင်းအဖြစ် မန္တလေးသား ပြည်ထဲရေး ဝန်ကြီး ဗိုလ်ခင်မောင်ကလေးကတစ်ဆင့် သီချင်းရေးပေးဖို့ အကူအညီတောင်းတဲ့ အတွက် ဦးလေးညိန်းက ရေးပေးတာဖြစ်ပါတယ်။

ပြည်တော်သာ စီမံကိန်းအရ... လူတစ်ကိုယ်၊ တိုက်တစ်လုံး၊ ကားတစ်စီး၊ တစ်လ လစာ ၈၀၀ ရရှိစေရမယ်ဆိုတာ မျိုးတွေ ပါပါတယ်။ ဒါပေမဲ့ ဦးလေးညိုန်းက "လူချွန်လူကောင်း"သီချင်းကို ရေးစပ်ရာ မှာ ပြည်တော်သာစီမံကိန်း ဝါဒဖြန့်ချိရေးကို အတုံးလိုက်အတစ်လိုက် မရေးရုံသာမက ဘဲ ပြည်တော်သာဆိုတဲ့ စကားလုံးကိုတောင် မသုံးဘဲ တိုင်းပြည်ရဲ့ အဖိုးတန် သား ကောင်း၊ သမီးကောင်း လူချွန်လူကောင်းတွေကို မြို့မဂီတ အဖွဲ့သားတွေက တလေး တစား ဂုဏ်ပြုချီးကျူးလိုက်ပါကြောင်း စတာမျိုးကိုပဲ ရေးစပ်ထားပါတယ်။ စာသား တွေက အလွန် ဣန္ဒြေသိက္ခာကြီးပြီးတော့ တည်ငြိမ်ခန့်ညားပါတယ်။

'ငြိမ်းချမ်းရေးသီချင်း" ကိုလည်း .. အဲဒီခေတ်က လက်ဝဲယိမ်းနိုင်ငံရေးသမား တွေက ... လက်ဝဲနိုင်ငံတကာ မဟာဗျူဟာအရ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုတွေ လုပ်ရင်း ဦးလေးညိုန်းကို သီချင်းစပ်ပေးဖို့ အကူအညီ တောင်းကြပါတယ်။ ဒါပေမဲ့ ဦးလေးညိုန်းကလည်း ... လက်ဝဲနိုင်ငံရေးအုပ်စုက ထိပ်တန်းတင်စေချင်တဲ့ အာရှ၊ အာဖရိက၊ လက်တင် အမေရိက စည်းလုံးညီညွတ်ရေးတွေ၊ နယ်ချဲ့ဆန့်ကျင်ရေးတွေ၊ အရင်းရှင်စနစ် ဆန့်ကျင်ရေး ... စတာတွေကို စိုးစဉ်းမျှမထည့်ဘဲ ပကတိ ငြိမ်းချမ်းရေး သီချင်းသန့်သန့်ကို ရေးစပ်ပေးခဲ့ပါတယ်။

ဒါတွေကြောင့်လည်း မြို့မညိုန်းရဲ့ နိုင်ငံရေးသီချင်း ၂ ပုဒ်ဟာ ဘယ် နိုင်ငံရေး ဂိုဏ်းဂဏစွဲမှ မရှိဘဲနဲ့ ရေရှည် တည်တံ့ပါတယ်။ ဦးလေးညိုန်းဟာ လက်ဝဲ/ လက်ယာ ဘာနိုင်ငံရေးရဲ့ အရိပ်ကိုမှ အလွှမ်းမိုးခံချင်ပုံ မရပါဘူး။ မန္တလေးက လက်ဝဲယိမ်း အုပ်စုတစ်စုက မြို့မညိုန်း ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ရတာနဲ့ပတ်သက်လို့ အရင်းရှင် စနစ်က သတ်တာလို့ ကောက်ချက်ဆွဲကြပါတယ်။ အဲဒီသုံးသပ်ချက်ကို ဦးလေးညိုန်းရဲ့ အရင်းနှီးဆုံး မိတ်ဆွေကြီးဖြစ်တဲ့ ဂီတပညာရှင်ကြီး ဓားတန်းဦးသန့်က ကြားရတဲ့ အခါမှာ ... ပြုံးပါတယ်။ "နိုင်ငံရေးနဲ့ပတ်သက်လို့ ကိုညိုန်းက လစ်ဗရယ် Liberal ပဲကွ" လို့ ပြောပါတယ်။ ဒီတော့ ... လက်ဝဲယိမ်းပုဂ္ဂိုလ်တစ်ယောက်က ... "ဒါဖြင့် မြို့မညိုန်းဟာ အချောင်သမား ဖြစ်သွားမှာပေါ့ဗျာ" လို့ပြောပါတယ်။ ဒီတော့ကာ ဓားတန်းဦးလေးသန့်က ... "ကျုပ်ပြောတဲ့ လစ်ဗရယ်ဆိုတဲ့စကားဟာ အင်္ဂလိပ်အဘိဓာန်ထဲမှာပါတဲ့ လစ်ဗရယ်ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်အစစ်ကို ပြောတာပါဗျာ။ လက်ဝဲနိုင်ငံရေးသမားတွေ အဓိပ္ပာယ်ပြင်ထားတဲ့ "အချောင်သမား" လို့ ပြောတာ မဟုတ်ပါဘူး" လို့ ရှင်းပြတာကို ဝင်းဖေ ကြားဖူး ပါတယ်။

"လစ်ဗရယ်" ဆိုတဲ့ ပုဂ္ဂိုလ်တွေက ဘာလွှမ်းမိုးမှုကိုမှ လက်မခံဘဲ လွတ်လွတ် လပ်လပ် တွေးချင်၊ ပြောချင်၊ ဆိုချင်၊ ထုတ်ဖော်ချင်တဲ့သူတွေလို့

ဆိုပါတယ်။ လက်ဝဲ နိုင်ငံရေးသမားတွေထဲက အတော်သည်းတဲ့သူတွေက နိုင်ငံရေးခံယူချက် သတ်သတ် မှတ်မှတ် မရှိတဲ့သူတွေကို ... မရေရာသူတွေ၊ မပြတ်သားသူတွေ၊ အချောင် သမားတွေလို့ ယုံကြည်ခံယူကြတဲ့အတွက် ... လစ်ဗရယ်ဆိုတဲ့ စကားလုံးကို "အချောင်သမား" လို့ အဓိပ္ပာယ်ပြောင်းပြီးတော့ ... နားလည်၊ ပြောဆို၊ သုံးနှုန်းကုန် ကြတာဖြစ်ပါတယ်။

မြို့မညိန်းဟာ ... အနုပညာ၊ ယဉ်ကျေးမှု၊ လူသားဝါဒ၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ လောကဓာတ် သိပ္ပံ/ ဝိဇ္ဇာ ... စသဖြင့် ပညာရပ်တွေအားလုံးကို အလေးအနက်ထားပြီး လေးစားသူဖြစ်ပါတယ်။ ဘာသာရပ်စုံ စပ်ဆိုထားတဲ့ သူ့သီချင်း စာသားတွေကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားစေပါတယ်။ သူဟာ ... ဂိုဏ်းဂဏ မစွက်တဲ့ နိုင်ငံရေးသမားလို့ပဲ ပြောရပါမယ်။ နိုင်ငံအကျိုးပြုသီချင်းတွေ ရေးစပ်တဲ့ အနုပညာရှင်ဖြစ်တဲ့အတွက် ... နိုင်ငံရေးစိတ်ဓာတ်ရှိသူ၊ နိုင်ငံ့သားကောင်းတစ်ယောက် ဖြစ်နေတာကတော့ သေချာပါတယ်။ အရေးအကြီးဆုံးကတော့ ... မြို့မညိန်းဟာ လည်း သူ့အနုပညာကိုဖန်တီးရာမှာ ... အနုပညာသည် အနုပညာအတွက်... Art's for Artsake ဆိုတဲ့စကားနဲ့အညီ ကျင့်သုံးတယ်ဆိုတာ ထင်ရှားပါတယ်။

ဝန်ကြီးချုပ် ဦးနုရဲ့ ပြည်တော်သာ စီမံကိန်းအတွက် ကူညီရမယ်ဆိုပေမဲ့ သူ ယုံကြည်တဲ့ အနုပညာသိက္ခာကို ထိန်းသိမ်းထားပါတယ်။ လက်ဝဲယိမ်း မိတ်ဆွေတွေ ကိုကူညီရာမှာလည်း ... လက်ဝဲယိမ်းဝါဒဖြန့်စကားတွေကို ရှောင်ရှားပြီးတော့ အနုပညာရဲ့ သိက္ခာကို ထိန်းသိမ်းကာကွယ်သွားပါတယ်။ မြို့မညိန်းတို့ ငယ်ရွယ်စဉ်၊ ဒုတိယကမ္ဘာစစ် မဖြစ်ခင် စစ်ကြိုခေတ်မှာ မြို့မညိန်းတို့က အနောက်တိုင်းဂီတ ဖွဲ့စည်းမှု၊ အနောက်တိုင်း ဂီတသင်္ကေတစနစ်၊ အနောက်တိုင်း ဂီတအခြေခံတွေကို သဘောကျနှစ်ခြိုက်လေ့လာပြီးတော့ မြန်မာဂီတအတွက် တိုးတက်ရာတိုးတက်ကြောင်း အသုံးချဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမဲ့ မြို့မညိန်းတို့အုပ်စုဟာ ဗိုလ်ရူးတွေ မဖြစ်ခဲ့ကြပါဘူး။ နယ်ချဲ့အစိုးရ ဘုန်းတော်ဘွဲ့ တွေကိုလည်း မရေးခဲ့ပါဘူး။ နယ်ချဲ့အစိုးရနဲ့လည်း ပလူးပလဲ မရှိခဲ့ပါဘူး။ အနောက်တိုင်းဂီတရဲ့ ပညာအခြေခံကိုဘာ အလေးအနက် လေ့လာလိုက်စားပြီးတော့ မြန်မာ့ဂီတအတွက် တိုးတက်ရာတိုးတက်ကြောင်း အသုံးပြုခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ အမျိုးသား ဝံသာနုစိတ်ဓာတ် လှုံ့ဆော် စည်းရုံး နေကြချိန်မှာ ... အင်္ဂလိပ်အစိုးရကို ဆန္ဒပြ ကန့်ကွက်တဲ့ မန္တလေး အိမ်တော်ရာဈေး သီချင်းကိုစပ်ဆိုပြီးတော့ အားပေးထောက်ခံခဲ့ပေမဲ့ တိုင်းပြည်အတွက် အသုံးကျမယ့် အနောက်တိုင်းဂီတ အခြေခံစည်းမျဉ်းတွေကို လေ့လာဖို့ ဆုံးဖြတ်တဲ့ စိတ်ဓာတ်ဟာ... မျက်ကန်း အမျိုးသားနိုင်ငံရေး ခံယူချက်မရှိဘူးဆိုတာကို ပြသပါတယ်။ တိုင်းပြည် ခေတ်မီတိုးတက်ရေးအတွက်

အနောက်တိုင်းက ဦးဆောင်နေတဲ့သိပ္ပံပညာကို လေ့လာရမယ်ဆိုတဲ့ သဘောပါပဲ။ ဒါ့ကြောင့် နိုင်ငံရေးခံယူချက်အရ ... မြို့မညိန်းဟာ လစ်ဗရယ် တစ်ယောက်ဖြစ်တယ်လို့ ဓားတန်းဦးလေးသန့်ကပြောခြင်း ဖြစ်မှာပါ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က မြို့မ ညိန်း (ဦးလေးညိန်း) နဲ့ ပတ် သက်ပြီးတော့ နိုင်ငံရေးခံယူချက်ကို ဘယ်နိုင်ငံရေးဝါဒ၊ ဘယ် နိုင်ငံရေးအုပ်စုရဲ့ အလွှမ်းမိုးမှ မခံလိုတဲ့၊ လွတ်လွတ်လပ်လပ် နေလိုသူ လစ်ဗရယ်အဖြစ် ဝင်းဖေ အမြင်ကို ဆွေးနွေးတင်ပြ ခဲ့ပါတယ်။

ဦးလေးညိန်းဟာ ... မြို့မညိန်းရယ်လို့ အထင်ကရ၊ တိုင်းသိပြည်သိ၊ ပညာရှင်၊ သားကောင်းတစ်ယောက် ဖြစ်လာဖို့ .. ဘာအခြေခံတွေ၊ ဘယ်လို ပတ်ဝန်းကျင်တွေ၊ ဘယ်လို အပေါင်းအသင်းတွေ၊ ဘယ်လိုပုဂ္ဂိုလ်တွေကို တွေ့ကြုံဖြတ်သန်းခဲ့ရသလဲ ဆိုတာလည်း စိတ်ဝင်စားဖို့၊ လေ့လာသုံးသပ်ကြည့်ဖို့ ကောင်းပါတယ်။

ပထမ အရေးအကြီးဆုံးအချက်ကတော့ ... ဦးလေးညိန်းမှာ ပါလာတဲ့ အနုပညာပါရမီပါပဲ။ အလွန်ထူးကဲတဲ့ ပါရမီရှင်တစ်ယောက်ဖြစ်တယ်ဆိုတာ အလွန် ထင်ရှားပါတယ်။ သူ့ကို အစောဆုံး ပညာသင်ပေးခဲ့ရတဲ့၊ ကိုယ်တိုင်လည်း အလွန် ထူးခြားတဲ့ ပါရမီရှင်တစ်ယောက်ဖြစ်တဲ့ ပန်းချီဆရာကြီး ဦးဘသက်ရဲ့မှတ်ချက် ကတော့ ... ဦးလေးညိန်းဟာ ပညာသင်တဲ့နေရာမှာ လွန်လွန်ကဲကဲ အတတ်မြန်တဲ့ သူတစ်ယောက်လို့ ဆိုပါတယ်။ နောက်တစ်ချက်ကတော့ ဇဗ္ဗူကျွန်းလုံးဆိုတဲ့ ရှေးမြန်မာ့ရိုးရာ မဟာဂီတသီချင်းခံ အမျိုးအစားတစ်ပုဒ်ကို နေ့ဝက်နဲ့ အဆိုရော၊ အတီးပါ တတ်မြောက်အောင် သင်ယူနိုင်ခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ဇဗ္ဗူကျွန်းလုံး သီချင်းခန့်ကို မဟာဂီတပညာ လိုက်စားတဲ့အထဲမှာ အလွန်မြန်ပါပေတယ်ဆိုတဲ့... မန္တလေးပန်တျာကျောင်းက သင်တန်းကထိက ဆရာဦးအုန်းမောင်တောင် အဆို မပါဘဲ ပတ္တလားကွက် အတီးသက်သက်ကို တစ်နေကုန်သင်ယူရပါတယ်။ ဝင်းဖေ ငယ်စဉ်က အလက်ာကျော်စွာ ဆရာဘကလေးနဲ့ သင်ယူနေတုန်း ဆရာ ဦးအုန်း မောင်က ဝင်းဖေတို့အိမ်မှာ သီချင်းလာတက်တာမို့ ဝင်းဖေ ကိုယ်တွေ့ဖြစ်ပါတယ်။ ဆရာဦးအုန်းမောင်ဟာလည်း သီချင်းတက်တဲ့နေရာမှာ အလွန်မြန်တဲ့ ပုဂ္ဂိုလ်ထူး တစ်ယောက် ဖြစ်ပါတယ်။ ဦးလေးညိန်းက ဆရာဦးအုန်းမောင် ထက်နှစ်ဆလောက် ပိုပြီး မြန်နေပြန်ပါတယ်။ ဒီလိုဖြစ်ရတာဟာ ဦးလေးညိန်းရဲ့ ကမ္ဘာ့ဂီတသင်္ကေတ လေ့လာမှု အကူအညီလည်း တစ်ကြောင်းပါပုံရပါတယ်။

ကမ္ဘာ့ဂီတ သင်္ကေတပညာဟာ ဂီတသံစဉ်တွေ၊ တီးကွက်တွေ၊ တီးလက်တွေကို မှတ်သားတဲ့အခါ၊ လေ့လာတဲ့အခါမှာ အလွန် အထောက်အကူ ကြီးမားပါတယ်။ ဥပမာ ... ပစ္စည်းအမျိုးအစားတွေ၊ ငွေစာရင်းအင်းတွေကို မှတ်ဉာဏ်နဲ့မှတ်မဲ့အစား၊ စာနဲ့ရေး၊ ဂဏန်းတွေနဲ့မှတ်၊ စာရင်းနဲ့မှတ်ရင် ... ပိုပြီးတော့ သေချာပြီးတော့၊ ပိုပြီးတော့ တိကျ၊ ပိုပြီးတော့ များများမှတ်နိုင်၊ သားနိုင်တဲ့ သဘောပါပဲ။

ဦးလေးညိန်းရဲ့ ကြီးမားတဲ့ ဂီတပါရမီဉာဏ်၊ မှတ်ဉာဏ်၊ နဂို ဗီဇဉာဏ်ကို အကြမ်းဖျင်းအားဖြင့် တင်ပြနေတဲ့ သဘောပါ။ အဲဒီလို ထူးခြားတဲ့ပါရမီရှင် ဦးလေး ညိန်းဟာ ဘယ်လိုပတ်ဝန်းကျင်တွေကို ဖြတ်သန်းခဲ့ရပါသလဲ။

(၁) အချက်က မြန်မာ့ရိုးရာ မဟာဂီတနဲ့ပတ်သက်လို့ ... ဦးလေးညိန်းဟာ မန္တလေးမြို့မှာမွေး၊ မန္တလေးမြို့မှာ နေထိုင်ကြီးပြင်းခဲ့ရခြင်းပါပဲ။ ကုန်းဘောင်ဆက် နောက်ဆုံးအခါသမယတွေဖြစ်တဲ့ မန္တလေးခေတ်မှာ မြန်မာပြည်အရပ်ရပ်က ထိပ်တန်း အနုပညာရှင်၊ အတတ်ပညာရှင်တွေဟာ သဘာဝအတိုင်း မန္တလေး နေပြည်တော်မှာ စုရုံးကြရပါတယ်။ သီပေါမင်း ပါတော်မူပြီးတဲ့ နောက်မှာလည်း မြန်မာပညာရှိ၊ မင်းမှုထမ်းအမြောက်အမြား မန္တလေးမှာပဲ ကျန်ခဲ့ပါတယ်။ ဦးလေးညိန်းတို့ လူငယ် ဘဝ၊ နှစ်ဆယ်ရာစု စောစောပိုင်းနှစ်တွေမှာ မြန်မာ့ရိုးရာ မဟာဂီတနဲ့ပတ်သက်ပြီးတော့ အကြီးဆုံး၊ အခိုင်ခန့်ဆုံး အသင်းကြီးရယ် ... နောက်လေ့လာလိုက်စားသူ အမြောက် အမြားဟာ ဦးလေးညိန်းရဲ့ပတ်ဝန်းကျင် မန္တလေးမြို့မှာ ရှိခဲ့ပါတယ်။ ဣန္ဒာဒေဝ မောင်မောင်ကြီး၊ ဣန္ဒာဒေဝ မောင်မောင်လတ်၊ အဝေးရောက်မင်း ဦးအောင်ကြီး၊ အညံ့ လူဖြူ ဦးတုတ်၊ ဦးထွန်းအိုင်၊ ရွာစားကြီး စိန်ဗေဒါ ... စသူတွေဟာ ဦးလေးညိန်းရဲ့ ငယ်ဘဝကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာတွေ ဖြစ်ကြပါတယ်။

ကမ္ဘာ့ဂီတနဲ့ပတ်သက်လို့ ... အနောက်တိုင်း ဂန္ထဝင်ဂီတတွေကို ဓာတ်ပြား တွေ နဲ့ အသံသွင်းပြီး လှိုင်လှိုင်ကြီးဖြန့်ချိရောင်းချတဲ့ အလွန်ခေတ်စားတဲ့အချိန်လည်း ဖြစ်နေ ပြန်ပါတယ်။ အနောက်တိုင်းရဲ့ ဂီတသစ်တွေဖြစ်တဲ့ Blues နဲ့ Jazz ဂီတတွေဟာ လည်း အလွန် အားကောင်းကောင်းနဲ့ ကမ္ဘာကို ပျံ့လွင့်နေတဲ့ အချိန်လည်း ဖြစ်ပါတယ်။ အဲဒီလို အမျိုးသားဂီတနဲ့ ကမ္ဘာ့ဂီတတွေကြားမှာ ကြီးပြင်းလာခဲ့ချိန် ... ဦးလေးညိန်း ရဲ့ ဆရာအရင်းက ပန်းချီဆရာကြီး ဦးဘသက် ဖြစ်ပြီးတော့ ... အရင်းနှီးဆုံးသူငယ်ချင်း တွေက ဓားတန်းဦးသန့်တို့ ၊ ဦးအေးကျော်တို့ ဆိုတာတွေ ဖြစ်နေပြန်ပါတယ်။ ဦးဘသက်၊ ဦးသန့်၊ ဦးအေးကျော် စတဲ့ ပုဂ္ဂိုလ်တွေဟာ .. အဲဒီခေတ်က ခေတ်အမီဆုံး၊ လွတ်လပ်တဲ့ အတွေးအခေါ် ရှိတဲ့သူတွေ

ဖြစ်ကြပါတယ်။ အနုပညာနဲ့ပတ်သက်ပြီး အမြင်ကျယ်သူတွေ၊ စူးစမ်းလေ့လာချင်သူတွေ၊ နယ်မြေချဲ့ထွင်ချင်သူတွေ ဖြစ်ကြ ပါတယ်။

အဲဒီခေတ်က မြန်မာတွေ ကျွန်ဖြစ်စဆိုတော့ကာ အမျိုးသားစိတ်ဓာတ်ဟာ လိုအပ်တာထက် ပိုပြီးတော့ ထက်သန် ကြပါတယ်၊ တိုင်းတစ်ပါး အနုပညာတွေကို လက်ခံနိုင်ဖို့ အလွန်ခက်ခဲကြပါတယ်။ နိုင်ငံရေးအရကလည်း ဝံသာနု ရက္ခိတတရား တွေ လှိုင်လှိုင်ဟောပြော စည်းရုံးနေချိန်ဖြစ်ပါတယ်။ ဒီလိုကာလထဲမှာ ဦးလေးညိန်း တို့ အုပ်စု ... မြန်မာ့ရိုးရာ မဟာဂီတကိုရော၊ ကမ္ဘာ့ဂီတ/ အနောက်တိုင်းဂီတတွေကိုပါ စိတ်ဝင်စားကြသူတွေဖြစ်တဲ့အတွက် တစ်ဖက်စောင်းနင်း မဟုတ်ဘဲ မျှမျှတတရှိတဲ့၊ တွေးခေါ်မှုရှိသူတွေလို့ ဆိုရပါမယ်။ ဒါ့ကြောင့်လည်း ဦးလေးညိန်းဦးဆောင်တဲ့ မန္တလေးမြို့မဂီတတွေဟာ မြန်မာ့ဂီတ၊ ကမ္ဘာ့ဂီတ နှစ်ကဏ္ဍပါဝင်တဲ့ ခေတ်မီ ဂီတတွေ ဖြစ်ခဲ့ပါတယ်။

အဓိကအားဖြင့်ကတော့ ဦးလေးညိန်းတို့က ... ကမ္ဘာ့ဂီတ သင်္ကေတစနစ်၊ ကမ္ဘာ့ဂီတ ခွဲခြမ်းလေ့လာမှုစနစ်၊ ကမ္ဘာ့ဂီတ ဖွဲ့စည်းတည်ဆောက်မှု စတဲ့ နည်းပညာတွေကို မြန်မာဂီတအနုပညာမှာ လက်နက်ပစ္စည်း၊ စူး၊ ဆောက်တွေအဖြစ် အသုံးချဖို့ လေ့လာသင်ယူခဲ့ကြတာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ဂီတကို မြန်မာ့ဂီတထက် ကျော်လွန်ပြီး တော့ ကြိုက်နှစ်သက်သွားကြတဲ့ အမေကျော် ဒွေးတော်လွမ်းတဲ့သဘော မဟုတ်ပါဘူး။ ဒီလို မြန်မာ့ရေးရာနဲ့ ကမ္ဘာ့ရေးရာ မျှတစဉ်းစားလက်ခံတဲ့ အမူအကျင့်ဟာ အားလုံးက လေးစားတန်ဖိုးထားကြရတဲ့ အကျိုးရလဒ်ကို ဖြစ်ပေါ်စေခဲ့တာပါပဲ။ ကာလကြာရှည် အောင် အလေးအမြတ် တန်ဖိုးထားကြရတဲ့ ... ဦးလေးညိန်း ... မြို့မညိန်းရဲ့ ဂီတ အနုပညာတွေဟာ ... မြေ၊ ရေ၊ လေ၊ နေ ... ညီညွတ်မျှတတဲ့ စိုက်ခင်းမှာ စိုက်ပျိုး အောင်မြင်ခဲ့ရတဲ့ အသီးအပွင့်တွေ ဖြစ်ပါတယ်။

ဦးလေးညိန်း အသေစောလို့ လွတ်သွားခဲ့ရတဲ့ အလွန်ကြီးမားတဲ့ နည်းပညာ အခွင့်အရေးကြီးတွေကတော့ ... Song Mixing Technology လို့ခေါ်တဲ့ အသံများ ပေါင်းစည်းမှု နည်းပညာ၊ Multiple Song Recording အထပ်ထပ်အခါခါ မတူတဲ့ အသံတွေကို တစ်ခုချင်း သီးခြားသွင်းယူပေါင်းစပ်နိုင်မှုနည်းပညာ၊ Synthesizer လို့ ခေါ်တဲ့ အသံအမျိုးစုံကိုအတုလုပ်ပြီးတော့ ... စန္ဒရား၊ ကီးဘုတ်လိုပစ္စည်းနဲ့ ... အသံ ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ၊ အမျိုးပေါင်းများစွာ တီးမှုတ်၊ ဖမ်းယူ၊ ပေါင်းစည်း နိုင်မှု နည်းပညာ ... စတာတွေပဲ ဖြစ်ပါတယ်။ ဦးလေးညိန်းဟာ ... သူကိုယ်တိုင် Composer တေးသွားဖန်ဆင်းသူ၊ နောက် ... Arranger အသံတွေကို နေသား တကျ စီစဉ်နေရာချထား ဆောက်လုပ်နိုင်သူ၊ Player

ကိုယ်တိုင်တီးမှုတ်နိုင် သူ ဖြစ်တဲ့အတွက် ဒီကနေ့ နည်းပညာတွေနဲ့သာ တွေ့ရမယ်ဆိုရင် ... မြင်းကို ချိုရော၊ ဒုံးပျံရော၊ ကွန်ပျူတာရော၊ အနုမြူစွမ်းအားရော တပ်ပေးလိုက်တာလို ဖြစ်သွား နိုင်တယ်လို့ လွမ်းမောမှန်းဆမိပါတယ် ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေတို့ငယ်ငယ် ကောလိပ်ကျောင်း ရောက်စလောက်က မန္တလေး၊ တရုတ်တန်း၊ လမ်း ၈၀ နဲ့ ၂၈ လမ်းထောင့်က တရုတ် လက်ဖက်ရည်ဆိုင်မှာ ... ပန်းချီဆရာကြီး ဦးဘသက်ရယ်၊ မြို့မညိန်း(ဦးလေးညိန်း)ရယ်၊ ပေါ်ဦးသက်ရယ်၊ ဦးလေးညိန်းရဲ့သား အကြီး ဆုံးသား ကိုမောင်မောင်ရယ် မုန့်စား၊ လက်ဖက်ရည် သောက်နေကြတုန်း တစ်ဖက်စားပွဲက ဘာသာရေးသမား ဖြစ်ဟန်တူတဲ့ ဦးကြီး တစ်ယောက် ဝင်းဖေတို့ ဝိုင်းကို ကူးလာပြီးတော့ ဦးလေးညိန်းကို ဝမ်းသာအားရ နှုတ်ဆက်ပါတယ်။ သီချင်းရေးဆရာ မြို့မညိန်းမှန်း သိရလို့ လာပြီးတော့ နှုတ်ဆက်တဲ့ အကြောင်းပြောရင်းနဲ့ .. ဦးလေးညိန်းရေးတဲ့ ပါရမီတော်နဲ့ အတ္တာဟိ အတ္တနောနာထော သီချင်း ၂ ပုဒ်ကို အလွန်ကြိုက်တဲ့ အကြောင်း၊ အဲဒီလို ဘာသာရေးသီချင်းတွေကို ချည်းပဲရေးရင် ... အကောင်းဆုံး၊ အအောင်မြင်ဆုံး ဖြစ်မှာဖြစ်ကြောင်း အားရပါးရ ပြောနေပါတယ်။ ဦးလေးညိန်းကတော့ သူ့ထုံးစံအတိုင်း ဘာမှ ပျာယီးပျာယာ ပြန်မဖြေဘဲ ပြုံးနေပါတယ်။

ခဏနေတော့ အဲဒီဦးကြီးနဲ့ အတူလာကြတဲ့လူတွေက လာပြီးတော့ ခေါ်သွားကြလို့ အဲဒီ ဦးကြီးနဲ့အဖွဲ့လည်း လက်ဖက်ရည်ဆိုင်က နေပြီးတော့ ထွက်ခွာ သွားကြပါတယ်။ ဒီတော့မှ ဦးလေးညိန်းက ဘကြီးသက်ကို ... ဘကြီးသက်ရဲ့ မန္တလေး ကျုံးပုံ ပန်းချီကားတွေကို အလွန်ကြိုက်တဲ့ အကြောင်း၊ ဘကြီးသက်အနေနဲ့ မန္တလေး ကျုံးပုံတွေချည်းပဲ ဆွဲရင် ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံးနဲ့ အကောင်းဆုံး ဖြစ်မှာပဲလို့ ပြုံးစစနဲ့ ပြောပါတယ်။ ဘကြီးသက်ကလည်း ဦးလေးညိန်းလိုပါပဲ၊ ဘာမှမပြောဘဲ ရယ်နေပါတယ်။ ဝင်းဖေ ငယ်ငယ် ဒုတိယကမ္ဘာစစ်ပြီးစ၊ ဝင်းဖေတို့ မိခင်ရဲ့ အထည်ဆိုင်နားက စစ်ပြီးခေတ် ယာယီဆိုင်ခန်းတစ်ခုမှာ ပန်းချီဆရာကြီး တစ်ယောက် ရှိပါတယ်။ ခေတ်ကာလအလျောက် စီးပွားရေးဆိုင်းဘုတ်တွေကို ရေးနေရပေမဲ့ သူ့ဟာသူ ဝါသနာ အလျောက် ရေးဆွဲပြီးတော့ နံရံမှာချိတ်ထားတဲ့ ပန်းချီလက်ရာတွေက သိပ်ကောင်းပါတယ်။ ဝင်းဖေ ငယ်ငယ်က သိပ်ကြိုက်တာကို ပြောတာပါ။ ကျားသစ်ကြီး ပုံလည်း ပါတယ်။ အိန္ဒိယက ဗာရာဏသီမြို့ ရှုခင်းပုံလည်း ပါတယ်။ လက်ဖွေ့သမားနှစ်ယောက် သဲကြီးမဲကြီး သတ်ပုတ်နေကြပုံလည်း ပါတယ်။ ရှေးက မီးရထားစက်ခေါင်း အဟောင်းကြီးတွေလည်း ပါပါတယ်။ ဝင်းဖေ အားရင် အားသလို သွားကြည့်ပါတယ်။ ဒါပေမဲ့ နောက်တော့ အဲဒီပန်းချီဆရာကြီးဟာ

ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံကိုတက်ဖို့ အရွေးခံရတာနဲ့ နိုင်ငံခြားကို သွားရပါတယ်။ အဲဒီက ပြန်လာပြီးတော့ မကြာခင်မှာပဲ ပန်းချီ ဝါသနာကြီးတဲ့ ဝင်းဖေကို လေးလေးနက်နက်နဲ့ အကြံပေး ဆုံးမပါတယ်။

ဝင်းဖေ အနေနဲ့တတ်နိုင်သမျှ လယ်သမားနဲ့ အလုပ်သမားတွေရဲ့ဘဝကို ဖော်ကျူးတဲ့ပုံတွေပဲ ရေးဆွဲပါတဲ့။ အဲဒီလို ကိုယ်တတ်တဲ့ပညာနဲ့ လယ်သမားတွေနဲ့ အလုပ်သမားတွေကို ကျေးဇူးဆပ်ရမယ်၊ ဂုဏ်ပြုရမယ်လို့ ပြောပါတယ်။ အဲဒီလို ပြောဆို အကြံပေးဆုံးမနေတဲ့အချိန်မှာ ... အဲဒီဆရာကြီး ရေးဆွဲခဲ့တဲ့ ရှေးက မီးရထား ခေါင်းတွဲအဟောင်းကြီးတွေပုံနဲ့ စက်ခေါင်း နံပါတ် စာလုံးကြီးတွေ ဆေးကွာ နေတာတွေ၊ သံချေးရောင်တွေကို ဝင်းဖေက မြင်ယောင်လွမ်းဆွတ်နေပါတယ်။

ပေါ်ဦးသက်ငယ်စဉ်က ဆီဆေးပန်းချီကားတွေရေးရင်း တစ်ချိန်မှာ စုတ်တံကို မသုံးတော့ဘဲနဲ့ ပန်းချီရေးတဲ့သံလျက်ဓားနဲ့ ပန်းချီကားကို ရေးကြည့်ပါတယ်။ အဲဒီ ပန်းချီကားတွေ သူ့ဟာသူ သိပ်ကြိုက်သွားပြီးတော့ တစ်သက်လုံး သံလျက်ဓားနဲ့ပဲ ရေးတော့မယ်လို့ ဆုံးဖြတ်ကြုံးဝါးလိုက်ပါတယ်။ သူ့ဆီမှာရှိတဲ့ ဆီဆေးရေးတဲ့ စုတ်တံ တွေ အားလုံးကိုလည်း ဈေးပေါပေါနဲ့ ရောင်းပစ် လိုက်ပါတယ်။ ဒါပေမဲ့ ... ၆ လပဲ ခံပါတယ်၊ သူရောင်းထားတဲ့ စုတ်တံတွေကို ဈေးကြီးကြီးနဲ့ အမြတ်ပေးပြီးတော့ ပြန်ဝယ် ရပါတယ်။

၁၉၅၀ ခုနှစ်နောက်ပိုင်းမှာ ဆိုဗီယက် ရုရှားခေါင်းဆောင်တဲ့ ကမ္ဘာ့ ဆိုရှယ်လစ် လူငယ်များရဲ့ ညီလာခံကြီး တစ်ရပ် ခေါ်ယူပါတယ်။ ဒီတုန်းက ကွန်မြူနစ်နိုင်ငံ တစ်နိုင်ငံ ဖြစ်နေတဲ့ ချက်ကိုစလိုဗေးကီးယားနိုင်ငံက လူငယ်တွေက ဂျက်ဇ်ဂီတဟာ ... အမေရိကန် ဆင်းရဲသား လူမည်းများရဲ့ ... တမ်းချင်း၊ ဆွေးချင်း၊ ညည်းချင်းတွေ ဖြစ်တယ်၊ Blues တွေက ... မြစ်ဖျားခံပြီး ပေါက်ဖွားလာတာမို့ လူမွဲ၊ ဆင်းရဲသား၊ ပြည်သူ့ဂီတ အစစ်အမှန်ဖြစ်ကြောင်းနဲ့ အနောက်တိုင်း ဂန္ထဝင် ဂီတတွေဟာ ... ဥရောပမင်းစိုးရာဇာ တွေ၊ မှူးကြီးမတ်ကြီးတွေ၊ မြို့စားကြီးတွေ၊ သူဌေးသူကြွယ်တွေက မြှောက်စားလို့ တောက်ကြွားလာရတဲ့ ဂီတအနုပညာ ဖြစ်တဲ့ အတွက် ပေါက်ဖွားရာဇာတိ မမှန်ဘူးလို့ သုံးသပ်ပြီးတော့ ညီလာခံမှာတင်ဖို့ ပြင်ဆင်ပါတယ်။

ဒီတုန်းက ဆိုဗီယက်အာဏာပိုင်တွေက အလွန်တန်ခိုးထွား လွှမ်းမိုးထားနိုင် တာကြောင့် ချက်ကိုစလိုဗေးကီးယား ဆိုရှယ်လစ်လူငယ်တွေ တင်ပြမယ့် အစီအစဉ်ကို ဗီတိုအာဏာသုံးပြီးတော့ ကန့်ကွက်၊ ပယ်ချ၊ ဖယ်ရှားလိုက်ပါတယ်။ တရုတ်နဲ့ အရှေ့ အာရှပန်းချီလောကမှာ ... မြင်း ပန်းချီဆရာ၊ ငှက်ပန်းချီဆရာ၊

တောတောင်ပန်းချီ ဆရာ ... စသဖြင့် သီးသန့် အကြောင်းအရာ တစ်ခုခုကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီးတော့ ပါရဂူမြောက် ထွန်းပေါက်အောင်လုပ်တဲ့ သဘာဝတစ်မျိုး၊ အလေ့အထတစ်မျိုးလည်း အထင်အရှားရှိပါတယ်။ ရိုးရာအနုပညာ အယူအဆတစ်မျိုး ဖြစ်ပုံရပါတယ်။ မင်းမိန့် သြဇာတို့၊ နိုင်ငံရေးအမိန့်သြဇာတို့ ပါပုံမရပါဘူး။

ဝင်းဖေက အနုပညာများ ဖန်တီးမှုနဲ့ လွတ်လပ်မှု ဆက်စပ်ပုံတွေကို ဆွေးနွေး တင်ပြလိုတာ ဖြစ်ပါတယ်။

ကျန်းမာချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

လွယ်အိတ် (၃)

သောတရှင်များခင်ဗျာ ...

ဝင်းဖေ ငယ်ငယ်က ကျောင်းအလွန် ပျော်တတ်သလောက် အဆော့လည်း သိပ်သန်ပါတယ်။ အပေါင်းအသင်း သူငယ်ချင်းလည်း သိပ်မက်တတ်ပါတယ်။ ငယ်ငယ်ကတည်းက ပန်းချီရေးပြီးတော့ ပတ္တလားတီး၊ သီချင်းတွေ ဆိုတတ်တော့ အပေါင်းအသင်းကလည်း စုံပါတယ်။ ရပ်ကွက်ထဲက လူကြီးတွေ၊ ကျောင်းက ဆရာ၊ ဆရာမတွေအတွက် ဝင်းဖေဟာ ဖင်ပေါ့လေလေတော့ အလွန်ခိုင်းလို့ကောင်းပါတယ်။ ကျောင်းပျော်ပြီးတော့ ... စာသင်ရာမှာစိတ်ဝင်စားသလောက် .. ခဏခဏလည်း ရန်ဖြစ်၊ ထိုးကြိတ်၊ သတ်ပုတ်တတ်ပါတယ်။ ဝင်းဖေမှာ ဒဏ်ရာတစ်ခုမဟုတ်၊ တစ်ခု ရှိနေတတ်ပါတယ်။ ဝင်းဖေတို့ ငယ်ငယ်က တံတောင်ဆစ်တွေ၊ ဒူးတွေ၊ ညို့သကျည်း တွေ ... ပွန်းတာ၊ ပဲ့တာတွေလောက်ကတော့ ထမင်းစား၊ ရေသောက်ဆိုတာလိုပါပဲ။ တွေ့ကရာဖုန်နဲ့ ကောက်သိပ်လိုက်တာပါပဲ။ ဒီခေတ်လို မေးခိုင်ပိုးတို့ ဘာတို့ဆိုတာ တွေ သိပ်မကြားရပါဘူး။

ဝင်းဖေတို့ ငယ်ငယ်ခေတ်က မန္တလေးမှာ ... Boxing လို့ခေါ်တဲ့ အနောက်တိုင်း လက်ဝှေ့ဟာ အလွန်လူကြိုက်များပါတယ်။ မန္တလေး အမျိုးသားကျောင်းနဲ့ ကျား ဘငြိမ်းရဲ့ Boxing Club တွေက မြန်မာနိုင်ငံ ချန်ပီယံလက်ဝှေ့သမားတွေ အများကြီး ထွက်ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရဲ့ ဘောက်ဆင်လောကကို မန္တလေးကအများကြီး လွှမ်းမိုးထားခဲ့ဖူးပါတယ်။ အဲဒီတော့ မန္တလေးသား၊ ကျောင်းသားလူငယ် အမြောက်အမြား ဘောက်ဆင်ရူးကြပါတယ်။ ပန်းချီရေး၊ သီချင်းဆိုနေတဲ့ ဝင်းဖေဟာ လည်း သူနဲ့ ဘာမှမဆိုင်တဲ့ ဘောက်ဆင်ကို ဝင်ထိုးပါတယ်။ အနုပညာတွေ ဝါသနာ ပါတယ်ဆိုပေမဲ့ ရန်ဖြစ်တာကြဲတော့လည်း သန်ပြန်တယ်ဆိုတော့ ... ဘောက်ဆင်ထိုးဖို့ ကြိုးစားတာလည်း သိပ်တော့ မဆန်းပါဘူး။ ဝင်းဖေ ဟာ ကျားဘငြိမ်းရဲ့ တပည့်အရင်း ကြီးတစ်ယောက်ပါ။ ဒါပေမဲ့ ဝင်းဖေဟာ အားကစားအားလုံးမှာလိုပဲ ဘောက်ဆင် မှာလည်း ပါရမီနည်းပါတယ်။ ညံ့ဖျင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ... မြို့နယ် လက်ဝှေ့ ပြိုင်ပွဲမှာ တက်ထိုးဖို့ စာရင်းသွင်းခဲ့ပါတယ်။ ဖခင်လုပ်သူက ဘာမှမပြောပေမဲ့ မိခင် လုပ်သူက ချုံးပွဲချပြီး ငိုပါတယ်။ ဒါ့ကြောင့် ဝင်းဖေ ဘောက်ဆင်ပြိုင်ပွဲဝင်ဖို့ လက်လျှော့ လိုက်ရပါတယ်။ မိခင်က ကယ်လိုက်တာပါပဲ။ အဲသလိုမဟုတ်လို့ ထိုးဖြစ်မယ်ဆိုရင် ဝင်းဖေဟာ စင်ပေါ်မှာ နောက်ကောက် Knock Out

ကျပြီးတော့ အရှက်တကွဲ အကျိုးနည်းဖြစ်သွားနိုင်ပါတယ်။ ဝင်းဖေရဲ့ပါရမီက အတော်နည်းပါတယ်။ ဒါပေမဲ့ အပြင်မှာ ရန်ဖြစ်ထိုးကြိတ်တဲ့ကိစ္စကတော့ သတ္တမတန်းရောက်တဲ့အထိ မကြာခဏ ဖြစ်နေတုန်းပါပဲ။ ဝင်းဖေဟာ ဒီလိုပဲ ... ထစ်ခနဲဆိုရင် ထိုးကြိတ်တဲ့ကိစ္စတွေကို တစ်သက်လုံး လုပ်သွားတော့မှာပဲလို့ အများကမြင်နေကြသလို ဝင်းဖေကိုယ်တိုင်လည်း ယုံကြည်နေပါတယ်။ ဒါပေမဲ့ ခုနှစ်တန်းအောင်လို့ ရှစ်တန်းကို တက်ကြရတော့တဲ့ အခါမှာ ပြဿနာအကြီးကြီးတစ်ခုနဲ့ ကြုံရပါတော့တယ်။

ဝင်းဖေတို့ခေတ်က ... မန္တလေး၊ အမှတ်(၁)၊ အစိုးရအထက်တန်းကျောင်းမှာ ကျောင်းသားတစ်ယောက်ချင်းစီအတွက် တစ်ယောက်သုံး စားပွဲခုံနဲ့ ကုလားထိုင်ကို ကိုယ့်စရိတ်နဲ့ကိုယ် ... ကျောင်းကချပေးတဲ့ ဒီဇိုင်းအတိုင်း လုပ်ကြရပါတယ်။ အဲဒီစနစ်ကို ခြောက်တန်းကတည်းက စပါတယ်။ တစ်နှစ် တစ်နှစ်ကုန်လို့ အတန်းတက်၊ အခန်းပြောင်းကြပြီဆိုရင် ... ကိုယ့်ခုံနဲ့ကိုယ်၊ ကုလားထိုင်ကိုယ်ပါ မပြီးတော့ ပြောင်းသွားကြရပါတယ်။ ဝင်းဖေရဲ့စားပွဲခုံမှာ မင်နဲ့ရေးထားတဲ့အရုပ်တွေ အများကြီး ရှိပါတယ်။ အလွန် သိသာပါတယ်။ ဒီ့အပြင်အမှတ်အသား ထားစရာ မလိုပါဘူး။ အရုပ် တွေ အများကြီးပါတဲ့ စားပွဲခုံဟာ ဝင်းဖေရဲ့ခုံဆိုတာ ထင်ရှားပါတယ်။ ဒါပေမဲ့ ဝင်းဖေ ခုနှစ်တန်းအောင်တော့ ... ကျောင်းပြန်အဖွင့် အတန်းပြောင်း၊ အခန်း ပြောင်းရတော့မယ် ဆိုတော့ ... အရုပ်တွေရေးထားတဲ့ ဝင်းဖေရဲ့စားပွဲခုံကို မတွေ့ရတော့ပါဘူး။ ဒါပေမဲ့ ဝင်းဖေ ရေးထားတဲ့ အရုပ်တွေကို တစ်ခုမကျန်၊ ကော်ပတ်နဲ့တိုက်ပြီးတော့ ဖျက်ထားတဲ့ လတ်လတ်ဆတ်ဆတ် ကော်ပတ်စားရာတွေနဲ့ စားပွဲခုံကိုတော့ တွေ့ရပါတယ်။ ရုပ်ပုံ တွေ မရှိတော့ပေမဲ့ ဒီခုံဟာ ဝင်းဖေခုံပဲဆိုတာ အလွန်ထင်ရှားနေပါတယ်။

ဒါပေမဲ့ အဲဒီခုံကို ကျောင်းသားကြီးတစ်ယောက်ဖြစ်တဲ့ ဘခိုင် ဆိုတဲ့ ကျောင်းသားက သူ့ခုံပါလို့ ခိုင်ခိုင်မာမာ ပြောနေပါတယ်။ အရုပ်တွေ မပါတဲ့အတွက် ဝင်းဖေရဲ့ ခုံမဟုတ်တာ သေချာတယ်လို့လည်း အပိုင်ပြောနေပါတယ်။ ဒါနဲ့ တိုတိုပဲ ပြောကြရရင် ... အဲဒီ ဘခိုင်ဆိုတဲ့ ကျောင်းသားကြီးနဲ့ ဝင်းဖေတို့ ခုံကို သူ့ဘက် ကိုယ့်ဘက်ပါအောင် ဆွဲယူလုယက်ကြရတဲ့ အခြေအနေကို ရောက်သွားပါတယ်။ ဖြစ်နေကြတာက ... အဓိက ကျောင်းဆောင်ကြီးရဲ့ ဒုတိယထပ်၊ လှေကားထိပ်နား မှာပါ။ ပြဿနာက ... ဝင်းဖေဟာ ... အဲဒီတုန်းက ၁၃နှစ်သား၊ အကောင်ငယ်ကလေး သာ ဖြစ်ပြီးတော့ ... ဘခိုင်က ၁၇ နှစ်သား၊ ဗလတောင့်သူ ဖြစ်ပါတယ်။ စားပွဲခုံကို သူ့ဘက်ကိုယ့်ဘက် အပြိုင်အဆိုင်ဆွဲကြရာမှာ အားချင်းကမမျှတော့ ခုံဟာ ဘခိုင် ဘက်ကို ပါပါသွားပြီးတော့ .. ဝမ်းပန်းတနည်း ဒေါသတကြီး မရမက ပြန်ဆွဲလုနေတဲ့

ဝင်းဖေဟာ ... ဘခိုင် ဆွဲနေရာကို တဖြည်းဖြည်းချင်း တရွတ်တိုက် ပါနေတာကြောင့် ဝင်းဖေမှာ မျက်ရည်တွေနဲ့ ဖြစ်နေပါပြီ။

ဒီပွဲမှာ ... ဝင်းဖေ အနိုင်ရဖို့ ဘာအကြောင်းမှ မရှိတော့ပါဘူး။ ဘခိုင် ဆွဲရာကို ဆယ့်ငါးပေလောက် ပါသွားနေပါပြီ။ ပြိုင်ဆွဲနေလို့ကတော့ ဘယ်လိုမှ မနိုင်နိုင်တော့ ပါဘူး။ ဒီအချိန်မှာ ဝင်းဖေရဲ့ခေါင်းထဲကို အကြံတစ်ခု ဖျတ်ခနဲဝင်လာပါတယ်။ အဲဒီအကြံက ... ဆွဲလို့မရရင်၊ တွန်းပစ်လိုက်ပေါ့ ... ဆိုတဲ့ စိတ်ကူးပါ။ ဝမ်းပန်း တနည်း ဖြစ်နေတဲ့ ဝင်းဖေလည်း ချက်ချင်းပဲ ဆွဲနေရာက တွန်းပစ်လိုက်ပါတယ်။ ကံဆိုးချင်တော့ အဲဒီအချိန်မှာ ဘခိုင်ဟာ ... လှေကားထိပ်ကို ကျောပေးလျက် ဖြစ်နေ တဲ့အတွက် ဝင်းဖေ တွန်းလိုက်တဲ့အခါမှာ ... စားပွဲရော လူရော လှေကားထိပ်ကနေ အရှိန်ပြင်းပြင်းနဲ့ အောက်ကို တလိမ့်ခေါက်ကွေး ထိုးကျသွားပါတယ်။ ဘခိုင် တစ်ကိုယ်လုံး ပွန်းပဲ့စုတ်ပြတ်ကုန်ပါတယ်။ သွေးခြင်းခြင်း နီပြီးတော့ နံရိုးတစ်ချောင်းလည်း ကျိုးသွားပါတယ်။ ဝင်းဖေလည်း အကြီးအကျယ် အဆော်ခံရပါတယ်။ တစ်ကျောင်း လုံးလည်း အုတ်အော်သောင်းတင်း ဖြစ်ကုန်ပါတယ်။

ရလဒ်ကတော့ အဲဒီအချိန်ကစပြီး ဝင်းဖေဟာ ... ဒီအသက်အရွယ်အထိ သတ်ပုတ်ရန်ဖြစ်တဲ့ အလုပ် အမြစ်ပြတ် သွားပါတယ်။ ဘခိုင်ကိုလည်း ဆေးရုံတင်ပြီး တော့ အတော်ကုယူရပါတယ်။ ဒါပေမဲ့ ဘခိုင်ဟာ နောက်ပိုင်း ... ဝင်းဖေကို အမြဲစောင့်ရှောက် အကာအကွယ်ပေးသူ ကျောင်းသားကြီးမိတ်ဆွေ ဖြစ်သွားပါတော့တယ်။ အလွန်အံ့ဩဖို့ကောင်းပါတယ်။ တစ်သက်စာ ကြီးမားတဲ့ ဘဝအပြောင်းအလဲတစ်ခု အဖြစ် တင်ပြလိုက်တာပါ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၄၂]

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ်တော့ ဝင်းဖေတို့ ငယ်ငယ်က မန္တလေးနဲ့ ဝင်းဖေ ဖြတ်သန်းခဲ့ရတဲ့ မန္တလေးအကြောင်းလေးတွေကို ပြောပြချင်ပါတယ်။ မန္တလေးမြို့ကို အင်္ဂလိပ်သိမ်းပြီး တော့ နှစ်ပေါင်း ၅၀ လောက်နေမှ ဝင်းဖေကို မွေးတာပါ။ ဒုတိယကမ္ဘာစစ်ဖြစ်တော့ ဝင်းဖေက ၇ နှစ်သားတောင် ဖြစ်နေပါပြီ။ ဝင်းဖေတို့ရဲ့ဖခင်ကြီးဟာ နိုင်ငံရေးသမား ဆိုတော့ ဝင်းဖေတို့ကြားဖူးနေတဲ့ မန္တလေးအကြောင်းလေးတွေလည်း ရှိပါတယ်။ ဝင်းဖေကိုယ်တိုင်လည်း ဖခင်ကြီးကခေါ်ခေါ်သွားလို့ မန္တလေးနန်းတော်ကြီးထဲကို သုံးလေးခါလောက် ရောက်ပြီးတော့ ဆော့ဖူးပါတယ်။ ကစားဖူးပါတယ်။ မန္တလေး နန်းတော်ကြီးရဲ့ ... လွှတ်တော်၊ ရုံးတော်နဲ့ အခြားအဆောင်တွေ အမြောက်အမြား ကျန်နေသေးတဲ့ ... ကျုံးမြို့ရိုးကြီးထဲမှာ အင်္ဂလိပ်စစ်တပ်တွေရှိနေတာ ... နောင် အဲဒီကျုံးမြို့ရိုးကြီးထဲမှာပဲ ... အင်္ဂလိပ်တွေက အလွန်ကြီးတဲ့ မန္တလေးထောင်ကြီးကို ဆောက်ထားတာ ... ကျုံးမြို့ရိုးတွေကိုဖြတ်ပြီးတော့ ... မတ္တရာ-မန္တလေး မီးရထား လမ်းဖောက်ဖို့ ... မာနင်းကြီး ... ဆိုတဲ့ ကုလားသူဌေးကြီးကို လိုင်စင်ပေးလိုက် တာ ... စတာတွေကို ဖခင်ကြီးနဲ့ မန္တလေး နိုင်ငံရေးသမားကြီးတွေက အလွန် မကျေ မနပ်နဲ့ ပြောကြပါတယ်။ ဝင်းဖေက ငယ်ပေမဲ့ ခဏခဏကြားနေရပါတယ်။ ဒီလုပ်ရပ် တွေဟာ အင်္ဂလိပ်တွေက နောက်ဆုံး မြန်မာမင်းဆက်ရဲ့မြို့တော်ကို သက်သက်မဲ့ပျက်စီးအောင် ဖျက်ဆီးနေကြတာ ဖြစ်တယ်လို့ ဝေဖန်ပြီးတော့ ဒေါသဖြစ်ကြပါတယ်။ မန္တလေးအရှေ့ဘက်က အလွန်ကြီးမားကျယ်ပြန့်တဲ့ ... အောင်ပင်လယ်တို့၊

မဟာနန္ဒာတို့၊ ဇောင်းကလောတို့ ဆိုတဲ့ တစ်ဖက်ဆည်ကန်ကြီးတွေကို အင်္ဂလိပ် တွေက လယ်မြေတွေအဖြစ် ပြောင်းပစ်လိုက်တာဟာလည်း မန္တလေး ရတနာပုံနေပြည် တော်ကြီးရဲ့ ရာသီဥတု၊ မိုးလေဝသကို ဖောက်ပြန်ပျက်စီးအောင် လုပ်ကြံ ဖျက်ဆီးကြ တာပဲလို့ ... ဖခင်ကြီးနဲ့အပေါင်းအသင်းတွေက အလွန် မကျေမနပ်ဖြစ်နေကြပါတယ်။ မတ္တရာဘက်က လာပြီးတော့ မန္တလေးအနောက်ပြင်ကို ဖြတ်စီးပြီးတော့ တကာသေး အင်းကတစ်ဆင့် ဧရာဝတီမြစ်ကြီးထဲအထိ ပေါက်တဲ့ ရွှေတချောင်း မြောင်း ဆိုတာ ဟာ ကုန်တင်လှေတွေ ဥဒဟိုသွားနိုင်တဲ့ မြစ်ငယ်လေးတစ်ခုလိုပါပဲ။ ဒါပေမဲ့ ဒီ ရွှေတချောင်းကိုလည်း အင်္ဂလိပ်တွေက ကျဉ်းပစ်လိုက်ပြီးတော့

ရေဆိုးမြောင်းအဖြစ် ပြောင်းပစ်ခဲ့တာပါပဲ။ ဒီရွှေတချောင်းနဲ့ ရောဝတီမြစ်ကြီးရဲ့ကြားမှာကိုပဲ သင်္ဂါဇ ချောင်းကြီး ရှိပါသေးတယ်။ အဲဒီ သင်္ဂါဇချောင်းကြီးလည်း အင်္ဂလိပ်လက်ထက်မှာ ဗေဒါတွေပြည့်ကျပ်ပြီး မကောရုံတစ်မယ် အခြေအနေဖြစ်သွားပါတယ်။ မန္တလေး အရှေ့ပြင် အောင်ပင်လယ်ကန်ကြီး မရောက်ခင်မှာကိုပဲ ရတနာနဒီ ဆိုတာ ရှိပါသေး တယ်။ ဒါကိုလည်း အင်္ဂလိပ်တွေက ရေစစ်ကန် ဆိုတာအဖြစ် ပြောင်းပစ်လိုက်ပြန် တော့ သေးမွှားယုတ်လျော့သွားပြန်တာပေါ့။ ဒါတွေဟာ ဝင်းဖေငယ်ငယ်က လူကြီး တွေ ပြောဖန်များတော့ ဝင်းဖေခေါင်းထဲ သံမှိုနှက်သလို စူးနစ်ဝင်ရောက်နေတဲ့ အကြောင်းအရာတွေပါပဲ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတော့ ကျုံးမြို့ကြီးအတွင်းမှာရှိတဲ့ မြေနန်း ပြာသာဒ်ကြီးရော လွှတ်တော်၊ ရုံးတော်၊ အဆောက်အဦးတွေ အပါအဝင် တခြား အဆောက်တွေပါ ဗုံးဒဏ်ကြောင့် မီးလောင်ပြာကျကုန်ကြပြီ ဖြစ်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကို နိုင်လိုက်တဲ့ ... အင်္ဂလိပ် ဂေါ်ရာ စစ်တပ်တွေ၊ အမေရိကန်စစ်တပ်တွေ၊ ပန်ချာပီစစ်တပ်တွေ၊ ဂေါ်ရခါးတပ်တွေဟာ မန္တလေးနန်းတော်ရာမြေ၊ ကျုံးမြို့ရိုးအတွင်း မှာ နေရာယူထားကြပြန်ပါတယ်။ ဒီတော့လည်း ဖခင်ကြီးနဲ့ မန္တလေးက မျိုးချစ်နိုင်ငံရေး သမားကြီးတွေက ဆက်ပြီးတော့ မကျေမနပ်ဖြစ်ကြပြန်ပါတယ်။ ဝင်းဖေအနေနဲ့ အသက်ကလေး ပိုကြီးလာတော့ လူကြီးတွေရဲ့ မကျေနပ်တဲ့အသံတွေကို ပိုပြီးတော့ ကြားနေရပြန်တာပေါ့။ နောက်တော့ ၁၉၄၈ ခုနှစ်မှာ မြန်မာပြည်ကြီး လွတ်လပ်ရေး ပြန်ရပါတယ်။ ချက်ချင်းဆိုသလို ပြည်တွင်းစစ်ကဖြစ်ပြီးတော့ မြန်မာအစိုးရစစ်တပ်တွေ ဟာလည်း နန်းမြို့ရိုး၊ ကျုံးမြို့ရိုးကြီးထဲမှာပဲ နေနေကြပြန်ပါတယ်။ မန္တလေးမြို့ကြီးကို ရောင်စုံသူပုန်တွေ သိမ်းထားတဲ့အချိန် ၁၉၄၉ က ဆိုရင် ... ကရင်တွေက ကျုံးမြို့ရိုးထဲမှာ ဝင်ပြီးတော့ နေရာယူလိုက်ပြီး ... အလံနီတို့၊ ကွန်မြူနစ်တို့၊ ရဲဘော်ဖြူတို့ ဆိုတာတွေက ... လူနေ ရပ်ကွက်တွေထဲမှာ ဖြစ်နေပါတယ်။ နောက်တော့ ရန်ကုန်အစိုးရကို သစ္စာခံတဲ့တပ်တွေက ... လားရှိုးဘက်က မန္တလေးကိုဆင်းလာပြီး တိုက်လိုက်ခိုက်လိုက်ကြတာ မန္တလေး ထီးနန်းမြေဟာ စစ်တလင်းပြင် ဖြစ်ရပြန်ပါတယ်။ ဒီနောက်မှာ ရောင်စုံသူပုန်တွေ အင်အားကျဆင်း သွားပေမဲ့ .. ဗမာ့တပ်မတော် ဆိုတာကလည်း မန္တလေးကျုံးမြို့ရိုးအတွင်းမှာပဲ စစ်တပ် နယ်မြေအဖြစ် အခိုင်အမာ ဆက်ပြီးနေကြပြန်ပါတယ်။ မန္တလေးမြို့က မျိုးချစ် နိုင်ငံရေး ခေါင်းဆောင်တွေက ဗမာ့တပ်မတော်ဆိုတာကြီးကို နန်းမြို့ရိုးအတွင်းမှာ မနေသင့်တော့ တဲ့အကြောင်း၊ စစ်နယ်မြေကို သီးခြားသတ်မှတ်သင့်ကြောင်း၊ စစ်တပ်ဆိုပြီး မန္တလေး မြို့သူ၊ မြို့သားတွေရဲ့ အလယ်မှာ လာနေတာဟာ မြို့သူ၊ မြို့သားတွေကို အကာ အကွယ် ပေးရမယ့်အစား ... မြို့သူ၊ မြို့သားတွေရဲ့ အကာအကွယ်နောက်မှာ ပုန်းနေ သလို

ဖြစ်မနေပေဘူးလား ... ဆိုတာမျိုးအထိ ပြောကြပါတယ်။ ဒါပေမဲ့ ဗမာ့တပ်မတော်ဟာ ဒီကနေ့ခေတ်အထိ မန္တလေး ကျုံး၊ မြို့ရိုးထဲမှာပဲ စစ်ဌာနချုပ်လုပ်ပြီး တော့ နေမြဲ၊ နေဆဲပဲ ဖြစ်ပါတယ်။

မန္တလေး နိုင်ငံရေး ခေါင်းဆောင်တွေကတော့ ... မန္တလေး နန်းမြို့ရိုးအတွင်းမှာ.. ပြတိုက်ကြီးတွေ၊ ဥယျာဉ်တွေ၊ တက္ကသိုလ်ကျောင်းတွေပဲ ရှိစေချင်ကြတာပါ။ မန္တလေး ထောင်ကြီးကိုလည်း အဲဒီအထဲမှာ မရှိစေချင်ကြပါဘူး။ မီးရထားလမ်းလည်း မရှိစေ ချင်ပါဘူး။ စစ်တပ်လည်း လုံးဝ မရှိစေချင်ပါဘူး။ အခုထောင်ကြီးတော့ နန်းတွင်းမှာ မရှိတော့ပါဘူး။ မန္တလေး မြေနန်းပြာသာဒ်နဲ့ တခြားနန်းမြင့်တွေ ဘာတွေတော့ ပြန်ဆောက်ထားပါပြီ။ ဒါပေမဲ့ စစ်တပ်ကတော့ မန္တလေးနန်းတွင်းမှာပဲ အခြေခိုင်ခိုင်နဲ့ ဆက်ရှိနေပါတယ်။ ဘယ်တော့များမှ နေရာမှန်ကိုပြောင်းပေးကြမယ် မပြောတတ် ပါဘူး။ မန္တလေးနန်းတွင်းမှာ စစ်တပ်တွေ မရှိသင့်တော့တာကတော့ ကြာမြင့်လှပြီဖြစ်ပါတယ်။ စစ်တပ်ဟာ စစ်တပ်နေရာကို ပြန်ရမှာပါ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ..

မန္တလေးမြို့မှာ တစ်ချိန်က ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့ အဆင်းရော၊ ရနံ့ရော သင်းပျံ့လှပ မည့် ယဉ်ကျေးမှု ပန်းတစ်ပွင့် ပွင့် လာဖို့ ဖူးငုံခဲ့ဖူးပါတယ်။ အချိန် အားဖြင့်က ၁၉၅၀ ခုနှစ် စောစော ပိုင်းနှစ်များက ဖြစ်ပါတယ်။ ပတ်သက်မှုက မန္တလေး သင်္ကြန်ကာလ ဖြစ်ပါတယ်။

အမျိုးသမီးရေပက်အသင်းတချို့ ပါဝင်ပြီးတော့ ရေပက်ကစားကြပေမဲ့ အသင်းကြီး အတော်များများက ညအချိန်အခါကို အဓိကထားပြီးတော့ စောင့်ကြပါတယ်။ အမျိုးသား ရေပက်ခံအလှပြယာဉ်တွေကလည်း နေ့ပိုင်းမှာ မထွက်ကြသလောက် ဖြစ်လာပါတယ်။ ညနေ ၅ နာရီ နောက်ပိုင်း မန္တလေးမှာ ဘာဥပဒေနဲ့မှ ထုတ်ပြန် တားမြစ်စရာမလိုဘဲ ကလေးရော လူကြီးတွေပါ လုံးဝ ရေမပက်ကြတော့တာပါပဲ။ မန္တလေးသင်္ကြန်ဟာ ညဘက်ကို အဓိကအားဖြင့် ပြောင်းသွားပါတယ်။

ညဘက်မှာ အမျိုးသမီး ရေပက်အသင်းတွေရော၊ အမျိုးသား ရေပက်ခံ အသင်း တွေရော မီးရောင်စုံတွေနဲ့ တီးကြ၊ မှုတ်ကြ၊ ဆိုကြ၊ ကကြပါတယ်။ အဓိကအားဖြင့် အများပြည်သူတွေပါဝင်တဲ့ စုပေါင်းဂီတနဲ့ အကပွဲတော်ကြီး အသွင်တွေ ဆောင်လာ ပါတယ်။ ခုခေတ်လို အန္တရာယ်များတာကို ကာကွယ်ဖို့ စင်ကြီးတွေ သီးခြားထိုးပြီးတော့ သံဆူးကြိုးတွေနဲ့ အကာအကွယ် လုပ်ကြရလောက်အောင် မန္တလေးသင်္ကြန်မှာ မရိုင်းပျ ကြပါဘူး၊ မရမ်းကားကြပါဘူး။ အလွန် ယဉ်ကျေးကြပါသေးတယ်။ သိမ်မွေ့ပြီးတော့ သိက္ခာရှိကြပါတယ်။ ထိန်းသိမ်း ကြပါတယ်။ အဲသလို ပြည်သူ့ဂီတနဲ့ အကပွဲတော်ကြီး သဏ္ဌာန်ဖြစ်လာတဲ့ အတိုင်းအတာ၊ အရှိန်အဟုန် ကြီးမားတဲ့အတွက်လည်း ဒီကောင်း သတင်းရနံ့တွေဟာ မြန်မာပြည်တစ်နံတစ်လျားကို မွှေးထုံပျံ့နှံ့သွားပါတယ်။ မြန်မာပြည်အရပ်ရပ်က တတ်နိုင်သူတွေဟာ မန္တလေးသင်္ကြန်ကို လာကြည့်ကြပါတယ်။ တချို့ကလည်း ပါဝင်ဆင်နွှဲကြပါတယ်။ မြန်မာပြည်အရပ်ရပ်က အမျိုးသမီး အလှပဂေးလေးတွေ အများအပြား မန္တလေးကို ရောက်လာတတ်ကြပါတယ်။ တစ်ချိန် တည်းမှာပဲ မြန်မာပြည်အရပ်ရပ်က ထိပ်သီး ဂီတပညာရှင်အများအပြားဟာလည်း မန္တလေး သင်္ကြန်ညတွေမှာ လာပြီးတော့ ပညာစွမ်းပြကြပါတယ်။

မန္တလေးသင်္ကြန်ကို Burmese National Music & Dancing Festival မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားဂီတနဲ့ အကပွဲတော်ကြီး ပါပဲလို့ မကြေညာဘဲ အလိုလို လူသိများ ထင်ရှားလာနေပါတယ်။ ဒီလို ဖြစ်ပေါ်တိုးတက်လာဖို့အတွက် အကြောင်းအရင်း တစ်ခုကတော့ ... မန္တလေး မြို့သူ မြို့သား တွေရဲ့ ယဉ်ကျေး သိမ်မွေ့မှု၊ အနုပညာ မြတ်နိုးတန်ဖိုးထားတတ်ကြမှုဟာ အခြေခံပါပဲ။ နောက် အရေးကြီးတဲ့ အချက်က မန္တလေးသင်္ကြန်ကြီးတစ်ခုလုံးရဲ့ အခြေခံဂီတနဲ့ စည်းဝါးတွေကို ညီညွတ်မျှတနေအောင် ညှိပေး၊ ပြဌာန်းပေးနိုင်မှုပါပဲ။ ဒီအပိုင်းမှာတော့ မန္တလေး မြို့မဂီတအဖွဲ့ကြီး ရဲ့ ခေါင်းဆောင် မြို့မညိန်းဟာ အဓိကဖန်ဆင်းရှင် ဖြစ်လာပါတယ်။ သင်္ကြန်အချိန်အခါနီးကပ်လာပြီဆိုရင် မန္တလေး အမျိုးသမီးရေပက်အသင်းတွေရဲ့ ၈၀ ရာနှုန်း လောက်က သူတို့ချစ်တဲ့ မန္တလေးသား ဂီတစာဆိုကြီး မြို့မညိန်း၊ သူတို့ရဲ့ ဦးလေး ညိန်းကို သီချင်းစပ်ပေးဖို့ ပူဆာကြပါတော့တယ်။ ဒါဟာ မန္တလေးတစ်မြို့လုံးရဲ့ အခြေခံဂီတကို ညှိပေးနိုင်တဲ့ အခွင့်ထူးကြီး ပေါ်ပေါက်လာတဲ့ သဘောပါပဲ။ ဦးလေး ညိန်းဟာ ဒီအခြေအနေကို ကောင်းကောင်းကြီး သဘောပေါက်နားလည်သူ ဖြစ်ပါတယ်။ ဦးလေးညိန်းက သင်္ကြန်နဲ့လိုက်ဖက်တဲ့၊ အများပြည်သူနဲ့လိုက်ဖက်တဲ့၊ သိပ် မခက်ခဲဘဲ လှပမြူးကြွနေစေတဲ့၊ သင်္ကြန်သီချင်း တေးသွား ၃ မျိုး လောက်ကို နှစ်စဉ် ရေးထုတ်လိုက်ပြီးတော့ အမျိုးသမီးရေပက်အသင်း တစ်သင်းစီအတွက် သီးခြား စာသားတွေ ရေးပေးလိုက်ပါတယ်။ နောက် အရေးအကြီးဆုံး အချက်တစ်ချက်က သင်္ကြန်ပွဲကြီးတစ်ခုလုံးကို အခြေခံအားဖြင့် လွှမ်းမိုးထားနိုင်မည့် ကကြိုးအတွက် စည်းဝါးဒိုးဆစ် ဖြစ်ပါတယ်။ ဒီကနေ့အထိ နှစ်ပေါင်း ၅၀ကျော် မမေ့နိုင်ကြသေးတဲ့ မန္တလေး စည်တို ၃ ချက်နဲ့ စည်းကို လူထုအကြားစွဲသွားအောင် ဖန်ဆင်း ပုံလောင်း ပေးခဲ့သူဟာ မြို့မ ဦးလေးညိန်းပဲဖြစ်ပါတယ်။ မြန်မာ ကကွက်အမျိုးမျိုးအတွက် ဒိုးဆစ်အမျိုးမျိုး ရှိပါတယ်။ ဒါပေမဲ့ အဲဒီလို ရှုပ်ထွေးတဲ့ဒိုးဆစ်တွေကို ယူလို့ မဖြစ် ပါဘူး။ ရိုးရိုး အရပ်သားထုကြီးတစ်ရပ်လုံး ပါဝင်သီဆိုတီးမှုတ်ကခုန်ကြမည့် ဂီတနဲ့ စည်းဝါးကို သတ်မှတ်ဖို့ဆိုတာ Mass Perticipation လူထုကြီးတစ်ရပ်လုံး ပါဝင်နိုင်မှု ဖြစ်နိုင်ခြေကိုတွက်ပြီးတော့ သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ မြို့မ ဦးလေးညိန်းရဲ့ ပါရမီဉာဏ်က စကားပြောသွားတာတာပါပဲ။ ဦးလေးညိန်းရဲ့ အများအတွက် လူထုဂီတဖန်တီးရာမှာ အခြေခံစည်းဝါးနဲ့ ရိုးရိုးစင်းစင်း လွယ်ကူပြီး တော့ လှပတဲ့ဂီတသံစဉ်တွေ ဖြစ်ရုံသာမက ဒီသံစဉ်တွေဟာ ရိုးရာမြန်မာ့သံစဉ်နဲ့ ခေတ်မီတဲ့သံစဉ်အသစ်တွေကို တွဲဖက်ဖန်တီးထားတာတွေ ဖြစ်နေပါတယ်။ အဲဒီလို သင့်မြတ်လျော်ကန်တဲ့ အနုပညာအခြေခံ အချက်အလက်တွေနဲ့ ညီညွတ်လို့လည်း မန္တလေးသင်္ကြန်ပွဲတော်ကြီးတစ်ခုလုံးရဲ့ အခြေခံ စည်းဝါးနဲ့ သံစဉ်လှိုင်းတွေဟာ မန္တလေး သင်္ကြန်ဆိုခြင်းရဲ့ အဓိကလက္ခဏာကို ပြဌာန်းပေးနိုင်တာဖြစ်ပါတယ်။

မြို့လုံးကျွတ် အနုပညာညီညွတ်မှုကို ဖြစ်စေပါတယ်။ ဒီအချက်တွေရဲ့

ကြီးမား တဲ့ ဆွဲဆောင်မှု၊ သိက္ခာကြောင့်လည်း မန္တလေးသင်္ကြန်ညတွေဟာ မြန်မာ့ အမျိုးသား ဂီတနဲ့ အက၊ အလှ၊ ယဉ်ကျေးမှုပွဲတော်သဏ္ဍာန်ကို ပီပီပြင်ပြင် ဦးတည် ပွင့်ဖူးလာစေ တာ ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်အစိုးရတက်ပြီးတော့ ပြည်သူပိုင်စီးပွားရေးစနစ်ကြောင့် ပြည်သူများ ဆင်းရဲမွဲတေသွားပြီးတော့ အစိုးရကိုယ်တိုင်လည်း မချမ်းသာတဲ့ အခြေ အနေဖြစ်သွားချိန်မှာ မန္တလေး ယဉ်ကျေးမှုအဖူးအငုံဟာ ပြည့်ပြည့်စုံစုံ ပွင့်ကားမလာနိုင် တော့ဘဲ အခုအခါမှာဆိုရင် မန္တလေးအရက်နဲ့ဘီယာ သင်္ကြန်ပွဲတော်ကြီးအဖြစ် လျှောကျ ပျက်စီးနေပြီဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးခဲ့ရတဲ့အလှအပတွေကို ပြန်ပြီးတော့ ထိန်းသိမ်းထူထောင်မယ်ဆိုရင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတည်ငြိမ်မှုတွေ၊ ညီညွတ် မျှတမှုတွေ၊ တိုးတက်ဖွံ့ဖြိုးမှုတွေ ပြန်လည်ရရှိအောင် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့မေလအတွင်းမှာ ဝင်းဖေ လွယ်အိတ်ထဲက အတော်လေးတဲ့ အနုပညာ ပစ္စည်းကလေးတွေ ဆွဲထုတ်ခဲ့မိပါတယ်။ ဒီဘက်လမှာတော့ ဝင်းဖေ လွယ်အိတ်ထဲက ပေါ့ပေါ့ပါးပါးကလေးတွေကို ရှာပြီးတော့ ထုတ်ဖို့ သတိထားရပြန်ပါတယ်။ ဝင်းဖေ ရုပ်ရှင်နယ်မှာရှိစဉ်က ကလေးတွေတချို့ကို ပြန်ပြီးတော့ သတိရမိပါတယ်။

တောစပ်လေးတစ်ခုမှာ မြွေတစ်ကောင်ပါတဲ့ ဇာတ်ဝင်ခန်းတစ်ခုကို ရိုက်ကြတုန်းကပါ။ ရှုတင် မန်နေဂျာလို့ခေါ်တဲ့ ရိုက်ကွင်းစီစဉ်သူက မြွေအလမ္ဗာယ်ဆရာ တစ်ယောက်နဲ့ သူ့ရဲ့ မြွေတစ်ကောင်ကို ငှားရမ်းလာပါတယ်။ အဲဒီမြွေဆရာက ရုပ်ရှင် ကားတွေမှာရိုက်နေကြ လူပါပဲ။ မြွေက တော်တော်လေး ကြီးတယ်ခင်ဗျ။ ၈ ပေလောက် ရှိပါတယ်။ ငန်းမြွေ အနက်တစ်ကောင်ပါပဲ။ ဝင်းဖေက အဲဒီမြွေပါတဲ့ ဇာတ်ဝင်ခန်း ကဒ်သုံးလေးကဒ်လောက်ကို ဇာတ်ဆောင်နဲ့တွဲပြီးတော့ ရိုက်လိုက်တာ ပြီးသွားလို့ ထမင်းစားဖို့ တစ်နာရီလောက် နားကြပါတယ်။ မြွေဆရာလည်း ထမင်းစားလို့ ပြီးရော... သူ့ကို အိမ်ပြန်ပို့ဖို့လည်းလုပ်ရော ... သူ့မြွေဟာ ပခြုပ်ထဲမှာ မရှိတော့ဘဲ ပျောက်နေပါ တော့တယ်။ ပခြုပ်အဖုံးကို ပိတ်တာ မသေချာလို့ ဖြစ်ရတာပါပဲ။ ပတ်ဝန်းကျင်မှာ အားလုံးဝိုင်းပြီးတော့ ရှာပေးကြပါတယ်။ ဒါပေမဲ့ မတွေ့ရတော့ပါဘူး။ အဲဒီမှာ မြွေဆရာလည်း ထိုင်ပြီးတော့ ချုံးပွဲချ ငိုပါတော့တယ်။

မြွေဆရာတွေဟာ သူတို့မြွေတွေကို သံယောဇဉ် သိပ်ကြီးကြတာကိုး။ ဒါနဲ့ ရုပ်ရှင်ထုတ်လုပ်သူက ပိုက်ဆံထပ်ပေးပြီးတော့ မငိုဖို့ ချော့မော့ရှာပါတယ်။ ဒါပေမဲ့မြွေဆရာက အငိုလည်း မတိတ်ဘူးခင်ဗျ။ နောက် ဆက်ပြီးတော့လည်း ရှာနေပါတယ်။ ဒီတော့မှ သိကြရတယ်။ မြွေဆရာက ရုပ်ရှင်ရိုက်တဲ့အခါမှာ အန္တရာယ်ကင်းအောင် ဆိုပြီးတော့ သူ့မြွေရဲ့ပါးစပ်ကို ပိတ်ပြီးတော့ မြင်းမြီးနဲ့ ချုပ်ထားတာတဲ့။ ဒီမြွေဟာ တောထဲကို သူ့ဟာနဲ့သူ လွတ်သွားတာဆိုပေမဲ့ ပါးစပ်ကိုပိတ်ပြီးတော့ ချုပ်ထားတာ ဆိုတော့ ... နောက်ဆုံး အစာငတ်ပြီး သေရှာ ရတော့မှာပဲလို့ မြွေဆရာက ငိုကြီးချက်မနဲ့ ပြောပါတယ်ခင်ဗျား။ ဒီတော့ ဝင်းဖေတို့ အားလုံးလည်း အတော်ကြီးကို စိတ်ထိခိုက်ကြ ရပါတယ်။ တစ်နေကုန် မြွေဆရာက သူ့မြွေကို လိုက်ရှာပေမဲ့ မတွေ့ရတော့ပါဘူး။ ညနေဘက် ရုပ်ရှင်ရိုက်တာ ပြီးလို့

ပြန်ကြဖို့ ကားလမ်းပေါ် ပြန်တက်ကြတော့မှ ကားလမ်းကိုဖြတ်ဖို့ ကြိုးစားနေတဲ့ မြွေကို ပြန်တွေ့ရပါတယ်။ မြွေဆရာလည်း ကားပေါ်က တရကြမ်းခုန်ဆင်းပြီးတော့ မြွေကိုပြန်ဖမ်းပါတယ်။ မြွေကလည်း သူ့မြွေအမှန်ပါပဲ။ ချက်ချင်းပါပဲ ပါးစပ်ကို ချုပ်ထားတဲ့ မြင်းမြီးတွေကို ဖြတ်ပစ်လိုက်ပါတယ်။ ဝင်းဖေတို့ အားလုံးလည်း ရယ်ရယ်မောမောနဲ့ happy ending ပေါ့ခင်ဗျာ။ ဇာတ်သိမ်း ကောင်း သွားပါတော့တယ်။

တစ်ခါကတော့ သရုပ်ဆောင် ကျော်ဟိန်းနဲ့ ကားရိုက်နေပါတယ်။ ညနေပိုင်း ရောက်နေပါပြီ။ ဇာတ်က ကျော်ဟိန်းက သူ့အမေအိမ် ပြန်လာပြီးတော့ မအေ ခူးခပ်ကျွေးတဲ့ ထမင်းကို စားမလို့လုပ်နေတုန်း … ပထွေးလုပ်တဲ့သူ ပြန်လာလို့ စကားများ ရန်ဖြစ်ကြတဲ့ အခန်းဖြစ်ပါတယ်။ ကျော်ဟိန်းဟာ သရုပ်ဆောင်ရာမှာ ကြိုးကြိုးစားစား လုပ်လိုတဲ့လူ၊ တကယ်လည်း ကြိုးစားတဲ့သူ ဖြစ်ပါတယ်။ စိတ်ကို တတ်နိုင်သမျှသွင်းပြီးတော့ ခံစားချက်နဲ့သရုပ်ဆောင်ဖို့ အလွန်ဝါသနာကြီးသူ ဖြစ်ပါတယ်။ ကြိုပြီး ဇာတ်တိုက်ထားတဲ့အထဲမှာ မပါပေမဲ့ တကယ်ရိုက်တဲ့အခါမှာ စိတ် ခံစားချက်အလိုက် အပိုတွေ ထည့်လုပ်သွားတတ် ပါတယ်။ ရိုက်ရမယ့် အချိန်မှာ ဇာတ်ဝင်ပစ္စည်းအနေနဲ့ ဆင်းရဲသား ထမင်းပွဲလေးတစ်ခု လိုပါတယ်။ ရုပ်ရှင် ထမင်းချိန် ကလည်း လွန်သွားပြီဆိုတော့ ထမင်းသည်ကလည်း ပြန်သွားပါပြီ။ ဘာမှမရှိတော့ ပါဘူး။ အနည်းဆုံး လိုအပ်တာက ထမင်းပန်းကန်နဲ့ ထမင်းနည်းနည်း၊ နောက် ဟင်း တစ်ခွက်ရရင်ကို ဖြစ်ပါပြီ။ ဒီတော့ ရိုက်ကွင်းစီစဉ်တဲ့ ရှုတင်မန်နေဂျာက အနီးအနားက အိမ်တစ်အိမ်မှာ ရသလောက် သွားပြီးတော့ အကူအညီ တောင်း ပါတယ်။ ထမင်း နည်းနည်းနဲ့ ဟင်းအနှစ် နည်းနည်း၊ အကြွင်းအကျန်၊ အကတ် အသတ်ကလေးတွေ ရခဲ့ပါတယ်။ ဒီတော့ ပတ်ဝန်းကျင်မှာရှိတဲ့ တွေ့ကရာ သစ်ရွက်တွေကို ခူးပြီးတော့ ဖြတ်တောက်၊ ခြေမွပြီးတော့ ပန်းကန်လုံးတစ်ခုထဲမှာ ထည့်၊ တောင်းလာတဲ့ ဟင်းအနှစ်လေး ကတ်ကတ်သတ်သတ်ကိုထည့်၊ ရိုးရိုး ရေအေးတစ်ခွက်လောင်းထည့်၊ ဇွန်းနဲ့ မွှေလိုက်တော့ကာ ဆီရောင်၊ ပျားရောင်၊ ငရုတ်ရောင်၊ ခရမ်းချဉ်သီးရောင်လေးတွေ ဝေ့နေတဲ့ ချဉ်ရည်ဟင်းလိုလို ဘာလိုလို ဖြစ်လာပါတယ်။ ဒီထမင်းပွဲလေးမှာ ကျော်ဟိန်းက ထမင်းစားဖို့လည်း မပါပါဘူး။ ချဉ်ရည်သောက်ဖို့လည်း မပါပါဘူး။ ထမင်း စားမလို့ ထိုင်လိုက်တုန်း ပထွေးက ဝင်လာလို့ စကားများကြပြီးတော့ ဒေါသဖြစ်ပြီး တော့ ထမင်းပွဲကို လှန်ပစ်လိုက်ဖို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ တကယ်စပြီး ရိုက်ကြတော့ကာ … ကျော်ဟိန်းက ထမင်းပွဲကို ဝင်ထိုင် ပြီး ချဉ်ရည်ကို ကောက်သောက်လိုက်ပါတယ်။ အဲဒါမှ ဒုက္ခပဲ။ ထမင်းပွဲကို ဖြစ်က တတ်ဆန်း တွေ့ကရာသစ်ရွက်တွေနဲ့ အမြင်လှရုံ လုပ်ထားကြတာကို

ကျော်ဟိန်းက ဘယ်သိမှာလဲ။ သူ့လည်း ကြိုပြောမထားမိကြဘူးလေ။ ချဉ်ရည်ကို သောက်ဖို့လည်း ဇာတ်တိုက်တုန်းက ပါမှ မပါတာဘဲ။ ကျော်ဟိန်းဟာ ချဉ်ရည်ကို သောက်လိုက်ပြီး အတော့်ကို အူကြောင်ကြောင်ကြီး ဖြစ်သွားပါတယ်။ ဒါပေမဲ့ ကင်မရာက လည်နေပြီ၊ ဖလင်တွေ ကုန်နေပြီဆိုတော့ ကျော်ဟိန်းဟာ အမူအရာကို ထိန်းပြီးတော့ ဟင်းရည် တွေကို မျိုချလိုက်ပါတယ်။ အဲဒီအချိန်မှာ ပထွေးလုပ်သူက ဝင်လာတော့ အိုက်တင် အပြည့်နဲ့ စကားတွေကလည်း များနေရပါသေးတယ်။ ပြီးတော့မှ ဒေါသနဲ့ထမင်းပွဲကို လှန်ပစ်လိုက်ပါတယ်။ အဲဒီကဒ်လည်းပြီးရော ကျော်ဟိန်းလည်း ထိုးပြီးတော့ အန်တော့ တာပါပဲ။ ကံကောင်းလို့ပါလား၊ အဆိပ် အတောက်ဖြစ်မည့် သစ်ရွက်တွေဆိုရင် မခက်ပါလား။ ကျော်ဟိန်းက ဒေါသ မဖြစ်ဘဲ ရယ်ရယ်မောမော၊ ဆဲဆဲဆိုဆိုနဲ့ ပြီးသွားလို့ တော်ပါသေးရဲ့။

မင်းသားကြီး ကျော်ဆွေဟာလည်း ဇာတ်ဝင်ခန်းတစ်ခုမှာ နွားနို့အစစ်မရှိလို့ ထမင်းရည်တွေကို အိုက်တင်နဲ့သောက်ပြီးတော့ ကားရိုက်ခဲ့ရဖူးပါတယ်။ ထမင်းရည် က အသင့်ပြင်ထားတာ ကြာသွားလို့ သိုးတောင်နေပါပြီတဲ့။ ဒါပေမဲ့ မင်းသားကြီး ကျော်ဆွေကတော့ နွားနို့အဖြစ် လှလှပပ သောက်ပြသွားရှာပါတယ်ခင်ဗျား။ တစ်ခု တော့ရှိတယ် … ရိုက်ကွင်းစီစဉ်တဲ့ ရှုတင်မန်နေဂျာတော့ ထွက်ပြေးရပါတယ်ခင်ဗျား။ ဝင်းဖေ ကြုံခဲ့ရတဲ့ ရုပ်ရှင်ထဲက အဖြစ်အပျက်လေးတွေပါ။ ဆက်လက်တင်ပြပါ့မယ်။ ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒီတစ်ပတ်တော့ ဝင်းဖေ မန္တလေးတက္ကသိုလ်မှာ ရှိတုန်းက ကိစ္စလေး တချို့ကို ပြန်ပြီးတော့ သတိရပြန်ပါတယ်။ တခြားမဟုတ်ပါဘူး၊ စာသင်တာနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ဆရာတွေအကြောင်း ပါ။ ၁၉၅၀ စောစောပိုင်း နှစ်တွေတုန်းက မန္တလေးတက္ကသိုလ်မှာ ဘာသာရပ်ဆိုင်ရာ မြန်မာဆရာတွေ အလုံအလောက် မရနိုင်သေးပါဘူး။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစမို့ မြန်မာ တက္ကသိုလ်ဆရာတွေ ရှားပါးနေပါသေးတယ်။ ဝင်းဖေ တို့အတွက် ရူပဗေဒဌာနဆိုရင် ဌာနမှူးက စပြီးတော့ အိန္ဒိယက ဆရာတွေကို ငှားရမ်း ထားရတာပါ။ ဝင်းဖေတို့ ဥပစာ ရူပဗေဒသင်တန်းတွေကို အိန္ဒိယက ရူပဗေဒကထိက ဆွာမိနာသန်ဆိုတာက တာဝန်ယူသင်ကြားပါတယ်။ မြန်မာစကား လုံးဝ မတတ်ပါဘူး။ အလွန် သပ်သပ်ရပ်ရပ်၊ ခံ့ခံ့ညားညား၊ ဝတ်စားဆင်ယင်တတ်သူဖြစ်ပါတယ်။

သူပို့ချတဲ့ သင်တန်းတွေမှာ ၃ ရက် တစ်ခါ ၄ ရက်တစ်ခါ ဆိုတာလို သင်တန်းတစ်ခု လုံးရဲ့ စိတ်ဝင်စားမှုအာရုံကို စုစည်းဆွဲဆောင်ပြီးမှ သင်ကြားလေ့ရှိပါတယ်။ ဆွဲဆောင်ပုံ နည်းစနစ်တွေက ကျောင်းသူ၊ ကျောင်းသားတွေ တစ်သက်စာ မမေ့နိုင်စရာတွေပါပဲ။

ဥပမာ ... ရူပဗေဒ Lecture ရှိတဲ့ တစ်ရက်မှာ ဆရာဆွာမိနာသန်က အချိန် နည်းနည်းနောက်ကျနေပါတယ်။ ဒါကိုက စိတ်ဝင်စားစရာ ထူးခြားချက်တစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဆွာမိဟာ အလွန် စည်းကမ်းကြီးသူ၊ အချိန်တိကျသူ ဖြစ်ပါတယ်။ နံနက် ၉ နာရီ ကလပ်(စ်) ဆိုလို့ရှိရင် အတန်းထဲကို စောပြီးတော့လည်း မဝင်ပါဘူး။ နောက်ကျတာလည်း မရှိပါဘူး။ ၉ နာရီ ဒေါင်ဆိုတာနဲ့ Lecture စင်မြင့် ပေါ်တက်လာပြီး အတန်းကို နှုတ်ဆက်တော့တာပါပဲ။ ပြီးတော့ ဥရောပဝတ်စုံ Suit နဲ့ Necktie နဲ့ အပြည့်အစုံ သပ်သပ်ရပ်ရပ် အမြဲဝတ်ပါတယ်။ အလွန်ပူတဲ့ မန္တလေး နွေမှာတောင်မှ ချည်ထည် Tropical Suit အပါးနဲ့ Necktie ကတော့ ဝတ်တာပါပဲ။ ဒီကနေ့ အတန်းဝင် နောက်ကျတယ်ဆိုတာတောင် ၁ မိနစ်ပါပဲ။ ဒါပေမဲ့ Suit နဲ့ မဟုတ်ပြန်ပါဘူး။ ရှပ်အင်္ကျီအဖြူ လက်ရှည်နဲ့၊ ဘောင်းဘီနက်ပြာနဲ့ လက်ချာစင်မြင့် ကလေးပေါ်ကို ခပ်သွက်သွက်တက်လာပါတယ်။ စင်မြင့်ပေါ်ရောက်လို့ ကျောင်းသား တွေဘက်

လှည့်လိုက်တဲ့အခါမှာ တစ်တန်းလုံး ဟာခနဲ အာမေဋိတ်သံကြီး သိသိ သာသာ ထွက်သွားပါတယ်။ ဆရာဆွာမိမှာ ခါတိုင်းလို Suitဝတ်စုံနဲ့ မဟုတ်ရှံမကဘဲ ဝတ်လာတဲ့ ရှပ်အကျႌအဖြူရဲ့ အိတ်ထောင်မှာလည်း မင်စွန်းနေတဲ့ အကွက်ကြီးက သိသိသာသာ ၄ လက်မ ပတ်လည်လောက် ရှိပါတယ်။ ကျောင်းသားတွေရဲ့ အာမေဋိတ်သံကြောင့်မို့ ဆရာဆွာမိက အားရပါးရ ပြုံးလိုက်ရင်း မင်စွန်းနေတဲ့ သူ့အကျႌ အိတ်ထောင်ကို ငုံ့ကြည့်ပါတယ်။ ပြီးတော့မှ ကျောင်းသားတွေကို သူ ဒီအကျႌကို သေသေချာချာ ရွေးပြီးတော့ဝတ်လာတာ ဖြစ်တဲ့အကြောင်း၊ ပြီးခဲ့တဲ့ နှစ်တုန်းက ခရီးတစ်ခုအတွက် သူ လေယာဉ်ပျံစီးရတဲ့အကြောင်း၊ အကျႌအိတ်မှာ အမှတ်တမဲ့ ဖောင်တိန်ကို ချိတ်ထားမိတဲ့ အကြောင်း၊ ကောင်းကင်ယံ ပေ ၃ သောင်းကျော်မှာ လေဖိအား၏ လျော့ကျသွားတဲ့အတွက် ဖောင်တိန်အတွင်းက မင်တွေ လျှံထွက်လာပြီး တော့ အကျႌကို စွန်းကုန်တဲ့ အကြောင်း၊ ဒါပေမဲ့ လေဖိအားပြောင်းလဲမှုနဲ့ပတ်သက်ပြီး စာသင်တဲ့အခါမှာ နမူနာ ပြသရှင်းလင်းဖို့ အသုံးကျတယ်ဆိုပြီးတော့ ဒီအကျႌကို သူ သိမ်းထားခဲ့တဲ့အကြောင်း ရယ်ရယ် မောမောနဲ့ အရွှန်းဖောက်ပြီးတော့ ပြောပြပါတယ်။ တစ်တန်းလုံးလည်း ရယ်မော ကြရပါတယ်။ အဲဒီချိန်ကြတော့မှ ဆရာဆွာမိက ရူပဗေဒထဲက ဖိနှိပ်အား အကြောင်းကို စိတ်ပါလက်ပါ သင်ကြားပေးပါတော့တယ်။ ဝင်းဖေ တစ်သက်မှာ အဲဒီအတန်းကို မမေ့နိုင်တော့ပါဘူး။

နောက် ရူပဗေဒ လက်ချာတစ်ခုမှာတော့ ဆရာဆွာမိဟာ လက်ချာ စင်မြင့်ပေါ် မှာရှိတဲ့ အမြင့်တူတဲ့ စားပွဲနှစ်ခုကို လက်မဝက်သာသာလောက် နေရာချန်ပြီး ခွဲထား လိုက်ပါတယ်။ နောက် လက်နှိပ်စက်သုံး ဖူးလ်စကက်ပေပါလို့ ခေါ်တဲ့ စက္ကူတစ်ရွက်ကို အဲဒီ လက်မဝက် သာသာလောက် ဟနေတဲ့ စားပွဲနှစ်ခုရဲ့အကြား တင်ပြီးတော့ တံတားခင်းသလို ခင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ တစ်တန်းလုံးကလည်း အလွန် စိတ်ဝင်တစားနဲ့ စောင့်ပြီးတော့ ကြည့်နေကြရပါတယ်။ အဲဒီ စက္ကူတံတားပေါ်ကို မြေဖြူဖျက်တဲ့ Duster ကို တင်လိုက်ပါတယ်။ စက္ကူတံတားဟာ အဲဒီ Duster အလေးချိန်ကို မခံနိုင်တဲ့အတွက် Duster ဟာ စက္ကူနဲ့အတူ ကြမ်းပေါ်ကို ဒိုင်းခနဲ ကျသွားပါတယ်။ တစ်တန်းလုံးလည်း ထိတ်ခနဲ ဖြစ်သွားကြပါတယ်။ ဆရာဆွာမိက တစ်တန်းလုံးကို ပြုံးပြီးတော့ ကြည့် ပါတယ်။ ပခုံးလည်း တွန့်ပြပါတယ်။ ပြီးတော့မှ ကြမ်းပေါ်က စက္ကူနဲ့ဒတ်စတာကို ပြန်ကောက်ပါတယ်။ ဖူးလ်စကက်ပေပါ စက္ကူကို ခပ်ရွရွ လုံးချေလိုက်ပါတယ်။ ပြီးတော့မှ အဲဒီ ခပ်ပွပွလုံးချေထားတဲ့ စက္ကူလုံးကို ဟနေတဲ့ စက္ကူနှစ်ခုအကြားမှာ တံတားလို ပြန်တင်ပြီးတော့ ပြန်ခင်းလိုက်ပါတယ်။ ပြီးတော့မှ အဲဒီ စက္ကူလုံး တံတားပေါ်မှာ Dusterကို တင်လိုက်ပါတယ်။ ဒီတစ်ခါတော့ စက္ကူက Duster ရဲ့အလေးချိန်ကို ကောင်းကောင်းထမ်းထားနိုင်တာကို တွေ့ကြရပါ တော့တယ်။ တစ်တန်းလုံးဟာ

လက်ခုပ်တီးရင်း ပျော်ရွှင်တက်ကြွသွားပါတော့တယ်။ ဒီတော့မှ ဆရာဆွာမိက ရူပဗေဒဆိုင်ရာ စွမ်းအားတွေအကြောင်းကို အားရပါးရ ရှင်းပြ သင်ကြား ပါတော့တယ်။ အဲဒီနေ့ကိုလည်း ဝင်းဖေတို့ တစ်သက်လုံး မမေ့နိုင် အောင် မှတ်မိနေကြပါတော့တယ်။

စေတနာထားတဲ့ ဆရာတွေရဲ့ ကိုယ်ပိုင်တီထွင်ထားတဲ့ အကူသင်ကြားနည်း စနစ် လေးတွေဖြစ်ပါတယ်။ ဆက်လက် တင်ပြပါ့မယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၄၆]

သောတရှင်များခင်ဗျာ ...

ဝင်းဖေ ရုပ်ရှင်တွေရိုက်ကူးခဲ့စဉ်က ပြေပြေပြစ်ချောမွေ့တာတွေရှိသလို အခက် အခဲ အဖုအထစ်တွေလည်း အမြောက်အမြားတွေ့ခဲ့ရပါတယ်။ အဲဒီလို မကျေနပ်စရာ အခက်အခဲပေါင်းများစွာကို ဝင်းဖေ က မေ့ပစ်နိုင်ပါတယ်။ ဒါပေမဲ့ တချို့ကိစ္စလေး တွေကို မေ့ပစ်လိုက်ပေမဲ့ ပြန်ပြန်ပေါ်လာတတ်ပါတယ်။

ဥပမာ ... တစ်ချိန်က ဝင်းဖေ ... ကျော်ဟိန်းနဲ့ ပန်းစကားဆိုတဲ့ ဇာတ်ကား တစ်ကား ရိုက်ဖူးပါတယ်။ ဇာတ်လမ်းက Flowers of Alganan ဆိုတဲ့ ကမ္ဘာကျော် ပြင်သစ်ဝတ္ထုတိုလေးတစ်ပုဒ်ကို ဆီလျော်အောင် ဝင်းဖေပဲ ဇာတ်ညွှန်းရေးပြီးတော့ ရိုက်တာပါ။ ဟောလီဝုဒ်ကလည်း Charlie ဆိုပြီးတော့ ရိုက်ဖူးပါတယ်။ အဓိက သရုပ်ဆောင် ကလစ်(ဖ်) ရော်ဘင်ဆင် ... အော်စကာဆုရတဲ့ကားဖြစ်ပါတယ်။ ထားပါတော့ ... အဲဒီ ပန်းစကား ဆိုတဲ့ကားကို ၁၉၇၆ ခုနှစ်လောက်မှာ ရိုက်ကူးပါတယ်။ ကားပြီးသွားတော့ ထုံးစံအတိုင်း ထုတ်လုပ်သူကုမ္ပဏီပိုင်ရှင်နဲ့ လုပ်ဖော် ကိုင်ဖက်တွေကို ပထမ အစမ်းပြသကြည့်ကြပါတယ်။ ရွှေတောင်ကြားထဲက ရုပ်ရှင် မြှင့်တင်ရေးစက်နဲ့ ပြကြတယ်လို့ မှတ်မိပါတယ်။ ညနေ ၇ နာရီက စပြလိုက်တာ ၉ နာရီလောက်မှာ ပြီးသွားပါတယ်။ အဲဒီညက သန်းခေါင်ကျော် ၁၂ နာရီခွဲလောက် မှာ ဝင်းဖေဆီကို မင်းသားကျော်ဟိန်း ဖုန်းဆက်ပါတယ်။ ဝင်းဖေဆီကို လာချင်လို့ပါတဲ့။ ဒီတုန်းက ဝင်းဖေရော ကျော်ဟိန်းရော ဘောက်ထော် ပြည်သာယာမှာ နေကြ ပါတယ်။ အိမ်ချင်းကလည်း ခဲနှစ်ပစ်စာလောက်ပဲ ဝေးပါတယ်။ ဘောက်ထော် မာလာမြိုင်လမ်းပေါ်မှာပါ။ ဝင်းဖေက ... အချိန် သိပ်နောက်ကျနေပြီ ... ဘာကိစ္စ အရေးကြီးလို့လဲ .. လို့ မေးလိုက်တော့ ... ပန်းစကား အစမ်းပြကြရာမှာ ချွတ်ယွင်း ချက်ကလေးတွေ တွေ့ရလို့ ဆွေးနွေးချင်လို့ပါတဲ့။ ဒါနဲ့ ... ချွတ်ယွင်းချက် ဘယ်နှချက်တွေ့သလဲ ... လို့ ဝင်းဖေ က ပြန်မေးတော့ ... ကျော်ဟိန်းက ... သိပ် မများပါဘူး၊ ၄ ချက်တွေ့တယ်လို့ ပြောပါတယ်။ ဒါနဲ့ ဝင်းဖေက ... ၄ ချက်တည်း ဆိုရင်တော့ မလာနဲ့တော့၊ ဝင်းဖေက ၂၄ ချက် တွေ့ထားတယ်လို့ ပြောလိုက်ပါတယ်။ ၂၄ ချက်တောင် ရှိသလားဗျာလို့ ကျော်ဟိန်းက မေးရင်းနဲ့ မယုံမကြည် ဖြစ်နေပါသေး တယ်။ နောက်တစ်နေ့ကျတော့ ဝင်းဖေနဲ့ ကျော်ဟိန်းတို့ တွေ့ကြပါတယ်။ ဝင်းဖေ တွေ့ထားတဲ့ ချွတ်ယွင်းချက် ၂၄ ချက်ကို ကျော်ဟိန်းသိရတော့ သူ တအံ့တသြနဲ့ ယုံကြည်သွားပါတယ်။ သူပြောတဲ့ ၄ ချက်ကလည်း အဲဒီ ၂၄ ချက်ထဲမှာ

ပါနေပါတယ်။ အဲဒီ ၂၄ ချက်ထဲက ချွတ်ယွင်းချက်တစ်ခုကိုတော့ ပြန်ရိုက်ကြရအောင်လို့ ဝင်းဖေကို ကျော်ဟိန်းက ပြင်းပြင်းထန်ထန် နားပူနားဆာ လုပ်ပါတော့တယ်။ ကုန်ကျ မည့်စရိတ်တွေကို သူ ထက်ဝက်ခံပါ့မယ်လို့လည်း ပြောပါတယ်။ ဝင်းဖေက ပြန်ရိုက်ဖို့ အခက်အခဲတွေ အများကြီးရှိတဲ့အကြောင်း ရှင်းပြပြီးတော့ ဒီချွတ်ယွင်းချက်ကို ရုပ်ရှင် ကြည့် ပရိသတ်တွေ အများစုကြီးက သိကိုသိလိုက်မှာ မဟုတ်ပါဘူးလို့ ကြံ့ကြံ့ဖန်ဖန် နှစ်သိမ့်လိုက်ရပါတယ်။

အဲဒီဇာတ်လမ်းထဲမှာ ကျော်ဟိန်းက ဦးနှောက် ကျပ်မပြည့်သူဖြစ်ပါတယ်။ အသက် ၂၀ ကျော်နေပေမဲ့ လေးငါးခြောက်နှစ်အရွယ် ကလေးတစ်ယောက်လောက်ပဲ ဉာဏ်ရည်၊ ဉာဏ်သွေး ရှိပါတယ်။ မင်းသမီး စောမြသန္တာက ကျော်ဟိန်းကို တခြား ကလေးတွေနဲ့အတူ စာသင်ပေးရတဲ့ ဆရာမ ပါ။ နောက် စိတ်ဝေဒနာကု ဆရာဝန်ကြီး တွေနဲ့ ခွဲစိတ်ကု ဆရာဝန်ကြီးတွေက ကျော်ဟိန်းကို စမ်းသပ်ပြီးတော့ ခွဲစိတ်ကုသကြ ပါတယ်။ ကျော်ဟိန်းဟာ တဖြည်းဖြည်း ဉာဏ်ရည်ဉာဏ်သွေးတွေ ပုံမှန်ကောင်းလာရုံ သာမကဘဲ ပိုပြီးတော့ ထက်မြက်လာပါတယ်။ အဲဒီအချိန်မှာ ကျော်ဟိန်းက သူ့ ဆရာမ စောမြသန္တာကို ချစ်မိလာပါတယ်။ တစ်နေ့မှာ စောမြသန္တာကို နှင်းဆီပန်းစည်း တစ်စည်း လာပေးပြီးတော့ ချစ်ရေးဆိုပါတယ်။ စောမြသန္တာက ဒေါသဖြစ်ပြီးတော့… အဲဒီနှင်းဆီပန်းစည်းနဲ့ပဲ ကျော်ဟိန်းရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်ပြီး ကျော်ဟိန်းကို နှင်ထုတ်လိုက်ပါတယ်။

ဒီအခန်းမှာ ကျော်ဟိန်းက … စောမြသန္တာအနေနဲ့ နှင်းဆီပန်းစည်းနဲ့ သူ့မျက်နှာကို အမှန်တကယ် ရိုက်လိုက်ပါလို့ ပြောပါတယ်။ ပိုပြီးတော့ ယုတ္တိ ရှိပြီးတော့ ပိုကောင်းအောင် ဖြစ်ပါတယ်။ ဒီတော့ .. နှင်းဆီခက်တွေမှာ ရှိတဲ့ ဆူးတွေကို ဖယ်ပစ်ကြရပါတယ်။ အဲဒီ နှင်းဆီခက်တွေနဲ့ ကျော်ဟိန်းမျက်နှာကို တကယ် ဖြတ်ရိုက်ပြီးတော့ ရုပ်ရှင်ရိုက်ခဲ့ကြပါတယ်။ အဲဒီနေရာမှာ သတိလက်လွတ် ဖြစ်သွားပါတယ်။ အဲဒီအခန်းကို ဆက်ရိုက်တဲ့အခါမှာ ကျော်ဟိန်းရဲ့မျက်နှာပေါ်မှာ ဆူးခြစ်ရာ သွေးစသွေးနတွေ မရှိဘဲ ဖြစ်နေပါတယ်။ ဒီတော့ သဘာဝလည်း ပျက်ပါတယ်။ နောက်ပြီးတော့ ဝမ်းပန်းတနည်း ပြောဆိုနေတဲ့ ကျော်ဟိန်းရဲ့ အရုပ်မှာလည်း သွေးစသွေးနတွေနဲ့ ဇာတ် အထောက်အကူပိုပြီးတော့ဖြစ်မယ့် အခွင့်ထူးကြီး လွတ်သွားပါတယ်။ နှင်းဆီဆူးခြစ်ရာ အစင်းကြီးတွေက သွေးတွေ စို့ထွက်နေတဲ့မျက်နှာနဲ့ ကျော်ဟိန်းက ဆရာမ စောမြသန္တာ ရှေ့မှာ ကြေကွဲ ကျရှုံးပြီရမှာ ဖြစ်ပါတယ်။ အဲဒီ့အခွင့်အရေးကို ကျော်ဟိန်းအနေနဲ့ သိပ်ကို နှမြောသွားပါတယ်။ ဒါ့ကြောင့်လည်း ပြန်ရိုက်ပေးဖို့ ဝင်းဖေကို ပြင်းပြင်းထန်ထန် နားပူနားဆာ လုပ်တာဖြစ်ပါတယ်။ ဝင်းဖေကလည်း ဒီလို စိတ်တိုင်းကျလိုက်ပြီးတော့ မလုပ်နိုင်တဲ့

အဖြစ်အပျက်တွေ ဖြတ်သန်းလာရတာ များလွန်းတော့ အရေထူနေပါပြီ။

မြန်မာရုပ်ရှင်မှာ မ-ဆ-လ စစ်အစိုးရက ဝေပုံကျ ချပေးတဲ့ ဖလင် အရေအတွက်ဟာ အလွန်တရာနည်းပါတယ်။ အဲဒီဖလင်အရေအတွက်လောက်နဲ့ ရုပ်ရှင်ကားတွေဖြစ်အောင် ရိုက်ဖို့ဆိုတာ ကမ္ဘာမှာတော့ မဖြစ်နိုင်ဘူးလို့ ပြောကြပါတယ်။ မြန်မာပြည်မှာ ဖလင်တန်ဖိုး၊ ဖလင်ဈေးကလည်း အလွန်ကြီးပါတယ်။ မြန်မာရုပ်ရှင်ဇာတ်ကားတွေကို စစ်အစိုးရကသိမ်းထားတဲ့ ရုပ်ရှင်ရုံတွေကတစ်ဆင့် ပြကြရပြီးတော့ စစ်အစိုးရအတွက် ဝင်ငွေတွေ အများကြီးရပါတယ်။ ဒါပေမဲ့ မြန်မာ့ရုပ်ရှင်တွေကရတဲ့ ငွေတွေဟာ မြန်မာငွေတွေသာ ဖြစ်တယ်တဲ့။ ဖလင်တွေကို နိုင်ငံခြားငွေနဲ့ ဝယ်ရ တာ ဖြစ်တယ်ဆိုပြီးတော့ စစ်အာဏာပိုင်တွေက မြန်မာရုပ်ရှင်သမားတွေကို ဆူပူကြိမ်း မောင်းလေ့ရှိပါတယ်။ မြန်မာငွေကို စော်ကားမော်ကား ပြောတတ်ကြပါတယ်။ အသိခေါက်ခက်၊ အဝင်နက်၊ ပညာမဲ့မှုတွေသာ ဖြစ်ပါတယ်။ ဆက်လက် တင်ပြပါ့မယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်က မန္တလေး မြို့အနီးအနားက ဘုန်းကြီးကျောင်းတစ်ကျောင်းကို ဝင်းဖေဟာ သူငယ်ချင်းရဲ့ ဆလွန်းကားအကောင်းစားကြီးနဲ့ လိုက်သွားဖူးပါတယ်။ ကိစ္စက ဆွမ်းကျွေးတရားနာဖို့ပါပဲ။ လမ်းမှာ နှောင့်နှေး ကြန့်ကြာ သွားလို့ ဆွမ်းကျွေးကိုတော့ မမီတော့ပါဘူး။ ဘုန်းကြီးတရားနာဖို့တော့ ၁၀ မိနစ် လောက်စောပြီးတော့ ရောက်သွားကြပါတယ်။

သူငယ်ချင်း မြင့်စိန်က သူ့ဆလွန်းကား အကောင်းစားကြီးကို ဘုန်းကြီးကျောင်းဝင်း ခြံစည်းရိုးတစ်ခုနားက သရက်ပင်ရိပ်မှာ သေသေသပ်သပ် ရပ်လိုက်ပါတယ်။ ဝင်းဖေတို့ကားရပ်တာကို ဆရာတော်ကြီးဦးပဏ္ဍိတ ကျောင်းဝရန်တာကို ထွက်လာရင်းနဲ့ ရပ်ပြီးကြည့်နေပါတယ်။ ဝင်းဖေတို့နှစ်ယောက် ကားပေါ်က ဆင်းကြ ပြီး ကားတံခါးတွေကိုလည်း သေသေချာချာပိတ်ပြီးရော ကျီးကန်းတစ်ကောင်က ကားစက်ခေါင်းပေါ်ကို ချေးပါချလိုက်ပါတယ်။ ဝင်းဖေရဲ့သူငယ်ချင်း မြင့်စိန်ဟာ ဒေါသတကြီးနဲ့ ဆဲဆိုရင်း သရက်ပင်ပေါ် မော့ကြည့်ပါတယ်။ သရက်ပင်ပေါ်က ကျီးကန်းကိုမြင်တော့ တွေ့ရာခဲတစ်လုံးကိုကောက်ပြီးတော့ ကျီးကန်းကို ဒေါသတကြီး နဲ့ ထုလိုက်ပါတယ်။ ကျီးကန်းကို မမှန်ပါဘူး။ ကျီးကန်းဟာ လန့်ပြီးတော့ ပျံသွားပါတယ်။ ဒါပေမဲ့ မြင့်စိန် ထုလိုက်တဲ့ "ခဲ"ဟာ ဘုန်းကြီးကျောင်း ခြံစည်းရိုးကိုကျော်ပြီး တော့ တစ်ဖက်က ညောင်ပင်အောက်မှာရှိတဲ့ အကြော်ဆိုင် ပေါ်ကို သွားကျပါတယ်။ အကြော်စားနေကြတဲ့ စားပွဲဝိုင်းကလေးပေါ်က လက်ဖက်ရည်ကြမ်း ပန်းကန်လုံး တစ်လုံးကို ခဲမှန်လို့ ကွဲသွားပါတယ်။ အကြော်စားနေတဲ့သူတွေက ... ဘယ်ကောင် လက်သရမ်းတာလဲ ... ဆိုပြီး ထဆဲကြ ပါတယ်။ မြင့်စိန်လည်း အသာငြိမ်ပြီးတော့ နေလိုက်ရပါတယ်။ ဝင်းဖေက မြင့်စိန်ကို ဒေါသကို ထိန်းဖို့ပြောရင်းနဲ့ တရားပွဲ နောက်ကျနေလိမ့်မယ်လို့ သတိပေးရင်း ဆွဲခေါ်ခဲ့ပါတယ်။

မြင့်စိန်ဟာ ဝင်းဖေ ခေါ်ရာကို လိုက်ခဲ့ပေမဲ့ ဒေါသအရှိန်က မသေသေးတော့ သူ့ရှေ့မှာတွေ့တဲ့ အုတ်ခဲကျိုးတစ်ခုကို ပိတ်ကန်လိုက်ပါတယ်။ အုတ်ခဲကျိုးကို သွား ကန်လိုက်တော့ အုတ်ခဲကျိုးဟာ လွင့်ထွက်သွားတာပါပဲ။ ဒါပေမဲ့ သူ့ခြေထောက် လည်း ဘယ်သက်သာပါ့မလဲ။ ဒီတော့ မြင့်စိန်ပါးစပ်က

ထပ်ပြီးဆဲရေးပြန်ပါတယ်။ ဝင်းဖေက ... ဒါဘုန်းကြီးကျောင်းထဲမှာ ဖြစ်နေတဲ့အကြောင်း၊ ဆရာတော်ကလည်း ဝရန်တာကနေ ကြည့်နေတဲ့အကြောင်း ကပျာကယာသတိပေးပြီးတော့ သူ့ပါးစပ်ကို မနည်း ပိတ်လိုက်ရပါတယ်။ မြင့်စိန်လည်း သူ့ပါးစပ်က ကျိတ်ပြီးတော့ မြည်တွန် တောက်တီးရင်းနဲ့ ဝင်းဖေခေါ်ရာ ဘုန်းကြီးကျောင်းပေါ်ကို လိုက်လာပါတယ်။ ကျောင်း ပေါ်မှာ တရားနာဖို့ လူသုံးလေးဆယ်လောက် ရောက်နေကြပါပြီ။ ဆရာတော်လည်း တရားဟောပလ္လင်ပေါ် ရောက်နေပါပြီ။ ဝင်လာကြတဲ့ ဝင်းဖေတို့ကို ဆရာတော်က ပရိသတ်ရှေ့ထိတိုးလာခဲ့ဖို့ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ... မြင့်စိန်ဟာ ဆရာတော်နဲ့ မနိုင်ရင်ကန် ဆရာရင်း တပည့်ရင်းတွေဖြစ်နေကြပါတယ်။ ဝင်းဖေတို့ ထိုင်မိကြတယ်ဆိုရင်ပဲ တရားနာပရိသတ်အားလုံး ဆရာတော့်ထံက ငါးပါးသီလ ခံယူကြရပါတယ်။ ငါးပါးသီလ ခံယူရာမှာ ထုံးစံအတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့ဖြင့် ဘာညာဆိုတဲ့ စာသားက ရွတ်ဆိုကြရပါတယ်။ ငါးပါးသီလယူပြီး ဆရာတော်က တရားချီးမြှင့်ပေးဖို့ ပဏာမစကားဆိုပါတယ်။

ဒီကနေ့ ဟောမည့်တရားကို ကံသုံးပါးတရားလို့ ခေါင်းစီးတပ်ကိုတဲ့ အကြောင်း ပေါ့ပေါ့ပါးပါးပဲ မိန့်တော်မူရင်း သူ့ဒကာရင်းမြင့်စိန် ကျီးကန်းနဲ့ ရန်ဖြစ်ရာမှာ ကံသုံးပါးစလုံး ကျူးလွန်မိသွားပုံကို ရယ်စရာ၊ မောစရာတွေနဲ့ ဖွယ်ဖွယ်ရာရာ ဖြစ်အောင် ဟောကြားတော်မူပါတယ်။ သူ့ဒကာ မြင့်စိန်အနေနဲ့ သူ့ဆလွန်းကား အကောင်းစားကြီးကို ဝယ်ပြီးလို့ ပိုင်ပြီဆိုတာနဲ့ တန်ဖိုးထားမှု၊ တပ်မက်မှု၊ နှမြော တွန့်တိုမှု၊ ဒီပစ္စည်းပေါ်မှာ ကြွားဝါမောက်မာလိုမှုတွေ ကပ်ငြိပူးတွဲပြီး ရှိလာနေတဲ့အကြောင်း၊ ဒီဆလွန်းကားကြီး မရှိခင်က ဒီစိတ်တွေမရှိခဲ့ကြောင်း ပထမ ဟောပြော ပါတယ်။ အဲဒီစိတ်အခြေခံတွေကြောင့်ပဲ သူ့ကားရဲ့စက်ဖုံးပေါ်ကို ကျီးကန်းက မစင် စွန့်လိုက်တဲ့အချိန်မှာ လိုအပ်တာထက် အများကြီး ပိုကဲတဲ့ ဒေါသစိတ်ဟာ သူ့ရဲ့ မနောကံကို ပေါက်ကွဲစေတာ ဖြစ်တဲ့အကြောင်း၊ အဲဒီ အင်အားကြီးမားတဲ့ မနောကံမှာ သတိမကပ်၊ မရပ်နိုင်၊ မထိန်းသိမ်းနိုင်တော့ဘဲ ဝစီကံမြောက် ကျီးကန်းကို ဆဲရေး အော်ဟစ်တဲ့အဆင့်ကို ရောက်သွားတဲ့အကြောင်း၊ ဘုန်းကြီးကျောင်းဝင်း၊ သာသနာ့ မြေပေါ် ရောက်နေပြီ ဆိုတဲ့ အဖြစ်ကိုတောင် မေ့လျော့သွားခဲ့တဲ့အကြောင်း၊ ဒေါသ ကြောင့်မို့ အဝိဇ္ဇာမောဟအမှောင် ပိတ်ဖုံးသွားပြန်တာ ဖြစ်တဲ့ အကြောင်း၊ အဲဒီ ဝစီကံရဲ့ နောက်ကနေပြီးတော့ ကာယကံမြောက်ကျူးလွန်မှုက ထက်ကြပ်မကွာ လိုက်လာ ပြန်တဲ့အကြောင်း၊ ကျီးကန်းကို ချက်ချင်း ခဲနဲ့ ကောက်ပေါက်လိုက်တဲ့ အကြောင်း၊ အတော်ဆိုးရွားတဲ့ ကာယကံမြောက် ကျူးလွန်မှုဖြစ်သွားတဲ့ အကြောင်း၊ ကျောင်း ခြံစည်းရိုး အပြင်ဘက်က ဆဲသံ ဆိုသံတွေ ကြားလိုက်ရကြောင်း၊ အဲဒီလို ရန်သူ ပေါ်လာတဲ့ အတွက် ဒကာမြင့်စိန်မှာ လန့်ဖျပ်ကြောက်ရွံ့သွားတာတောင်

ဒေါ်သအရှိန် က မပြေသေးတော့ အုတ်ခဲကျိုးကို ခြေထောက်နဲ့ ကန်ပြိန်ကြောင်း ... စသဖြင့် ချက် ချင်း လက်ငင်း သတိလက်လွတ်ဖြစ်သွားတဲ့ အကုသိုလ်တရားကို ဆရာတော်က လတ်လတ်ဆတ်ဆတ် ကောက်နုတ်ဟောကြားတော်မူပါတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံ ... ဆိုတဲ့ ကံသုံးပါးကို ဘုရားရှိခိုးတဲ့အခါမှာ မည်ကာမတ္တ ရွတ်သွားကြတာမျိုး မလုပ်ကြဖို့၊ ကောင်းတဲ့တရား၊ ကုသိုလ်တရားနဲ့ ပတ်သက်ရင် ကံသုံးပါးစလုံး အပြည့်ဆောင်ရွက်ကြရမယ်၊ မကောင်းတဲ့တရား၊ အကုသိုလ်တရားတွေနဲ့ ပတ်သက်လာရင် တတ်နိုင်သမျှ မနောကံလောက်မှာတင် ရပ်နိုင်အောင် သတိရှိကြဖို့ ... ဝစီကံတို့ ကာယကံတို့အထိ ရောက်မလာအောင် ထိန်းသိမ်းကျင့်ကြံနိုင်ကြစေဖို့ ဆရာတော်ဘုရားကြီးက ဟောကြားမိန့်မှာတော်မူပါတယ်။ ဒကာမြင့်စိန်ရဲ့ အကုသိုလ်ဟာလည်း အခုလို တရားဟောရာမှာ နမူနာကောင်း တစ်ခုအဖြစ် အကျိုးပြုလိုက်နိုင်တာကို ကုသိုလ်အဖြစ် ဝမ်းမြောက်နိုင်ပါကြောင်း၊ မျှဝေနိုင်ပါကြောင်း ... ရယ်ရယ်မောမောနဲ့ နှစ်သိမ့်စကားဆိုရင်း တရားနိဂုံးကို ဟောကြားတော်မူပါတယ်။ ဝင်းဖေ ကြုံခဲ့ရတဲ့ ရှားရှားပါးပါး လက်တွေ့ဘဝနဲ့ ယှဉ်တွဲ ဟောကြားတဲ့ တရားပွဲတစ်ခု ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မန္တလေး မြို့မတူရိယာအသင်းကြီးနဲ့ မန္တလေး မြို့သူမြို့သားတွေရဲ့ ဆက်ဆံ ရေးကို ဝင်းဖေက ဒုတိယကမ္ဘာစစ်ကြီးပြီးမှ မြင်ရ၊ တွေ့ရ၊ သိရတာပါ။ အရွယ်ကလေး ကလည်း သိတတ်စအရွယ် ရောက်လာလို့ပါ။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင်က မြို့မနဲ့ မန္တလေး ဘယ်လိုအနေအထားရှိခဲ့ကြတယ်ဆိုတာကတော့ ဝင်းဖေအတွက် ကြားဖူး နားဝပဲ ရှိပါတယ်။ ဝင်းဖေ သိတတ်တဲ့အရွယ်ကစပြီး တွေ့ရတာကတော့ ... အထူး သဖြင့် ထင်ရှားတာက နာမည်ကြီး မန္တလေးသင်္ကြန်ပွဲတော်ကြီးမှာ မြို့မ အသင်းကြီးဟာ အမြဲ မန္တလေးလူထုပရိသတ်အတွက် နံပါတ်(၁) ထိပ်ဆုံးကပဲ ရှိနေပါတယ်။ မြို့မ အသင်းကြီးကလည်း အစဉ်အလာကြီးခဲ့လေတော့ ဂီတအနုပညာမှာရော၊ ဝတ်စား ဆင်ယင်ပုံရော၊ အလှပြယာဉ်နဲ့ သိက္ခာရှိရှိ၊ ကျက်သရေရှိပုံရော အဆင့်မြင့်ပါတယ်။

ဒါပေမဲ့ တကယ့်အဓိကအချက်က မြို့မတူရိယာ အသင်းကြီးကို မန္တလေး မြို့သူမြို့သားတွေက ချစ်ကြတာ၊ သံယောဇဉ်ကြီးကြတာကြောင့် စေတနာထားကြတဲ့ အချက်ဖြစ်ပါတယ်။ မန္တလေးသင်္ကြန်ကာလအတွင်းမှာ မြို့မအသင်းထက် ကြီးကျယ် ခမ်းနားတဲ့၊ အနုပညာအရ သီးခြား အရည်အသွေးတွေနဲ့ ဘယ်လိုပဲကောင်းကောင်း၊ ဘယ်လိုပဲသာသာ ... မြို့ခံ မန္တလေးလူထုကြီးကတော့ မြို့မဆိုမှ မြို့မ၊ မြို့မကိုပဲ ထိပ်ဆုံးကထားပြီးတော့ ပထမပေးခဲ့ကြပါတယ်။ ဒါပေမဲ့ တစ်နှစ်မှာတော့ မန္တလေး မြို့မ ရေသဘင်အသင်းကြီးဟာ မန္တလေးသင်္ကြန်မှာ ပထမ ရာထူးက ပြုတ်ပြီးတော့ ဒုတိယ ဖြစ်သွားခဲ့ရဖူးပါတယ်။ ဘယ်နှစ်ကလဲဆိုတာကိုတော့ ဝင်းဖေ မှတ်မိတာ မသေချာလို့ အတိအကျမပြောတော့ပါဘူး။ ဖြစ်ရပုံကလေးက ထူးခြားလို့ ပြောပြချင် တာပါ ။

အဲဒီနှစ် သင်္ကြန်မတိုင်ခင် ၄ လလောက်မှာ မြို့မညိန်း (ဦးလေးညိန်း) က မြို့မတစ်ဝိုင်းလုံးအတွက် ဝိုင်းဂီတစီမံခန့်ခွဲမှု Musical Arrangement အသစ်တစ်ခု အတွက် Scores ဂီတတစ်ဝိုင်းစာ ဂီတသင်္ကေတတွေ ရေးသားပြုစုပါတယ်။ အားလုံးပြီးသွားတော့ အသင်းသားတွေ စုံစုံလင်လင်နဲ့ သီချင်းတိုက်ဖို့ လိုလာပါတယ်။ အဲဒီအချိန်မှာ မြို့မအသင်းသားတွေဟာ

ဘောလုံးပွဲရောဂါထနေကြလို့ ဦးလေးညိန်း အနေနဲ့ လူစုရခက်နေပါတယ်။ မြို့မအသင်းသားတွေ စည်းရုံးရေးပျက်၊ စည်းကမ်း ပျက်နေတဲ့ ကာလကြီးဖြစ်ပါတယ်။ အသင်းသားတွေစုပြီးတော့ သီချင်းတိုက်ဖို့ ဦးလေး ညိန်းက စိတ်ရှည်ရှည်နဲ့ ချော့ခေါ်၊ စောင့်ခေါ် အမျိုးမျိုးကြိုးစားခဲ့ပေမဲ့ လုံးဝကို လူစုလို့မရအောင် ဖြစ်နေပါတယ်။ လနဲ့ချီပြီးတော့ ကြာပါတယ်။ မြို့မညိန်း (ဦးလေး ညိန်း) ဟာ ဘယ်လောက်အထိ စိတ်ဓာတ်ကျ၊ စိတ်ပျက်သွားသလဲဆိုရင် ... မန္တလေးမှာတောင် မနေတော့ဘဲ မန္တလေးမြို့ရဲ့တောင်ဘက်မှာရှိတဲ့ တောင်မြို့လို့ ခေါ်တဲ့ အမရပူရကို ထွက်သွားပါတယ်။ အမရပူရမှာ ဦးလေးညိန်းရဲ့ သူငယ်ချင်း လည်း ဖြစ်၊ မိတ်ဆွေလည်း ဖြစ်၊ တပည့်လည်း ဖြစ်တဲ့ ဦးကိုလေးဆိုတာ ရှိပါတယ်။ သူက ရှေးက မြို့မအသင်းကြီးမှာ ကလဲနက် မှုတ်သူဖြစ်ပါတယ်။ စစ်ပြီး ခေတ်မှာတော့ အမရပူရ-မန္တလေး ပြေးဆွဲတဲ့ ဘတ်(စ်)ကားတွေ ထောင်ထား ပြီးတော့ နာမည်ကြီး AMBA လို့ခေါ်တဲ့ အမရပူရ မန္တလေးဘတ်(စ်)ကား အသင်းကြီးရဲ့ ဥက္ကဋ္ဌ လုပ်နေချိန် ဖြစ်ပါတယ်။ ဦးလေးညိန်းက အဲဒီ AMBAကားအသင်းဥက္ကဋ္ဌ ဦးကိုလေးအိမ်မှာ သွားနေ ပါတယ်။ အဲဒီလိုနေရင်း သင်္ကြန်နားနီးလာတော့ ဦးလေးညိန်းလည်း ဂီတအနုပညာ သမားပီပီ၊ သင်္ကြန်ဂီတ၊ သင်္ကြန်အနုပညာကို ဖန်တီးဖို့ လက်ယားလာပုံရပါတယ်။ သူ့သူငယ်ချင်း၊ တပည့် ဦးကိုလေးနဲ့ တိုင်ပင်ပြီးတော့ အကူအညီ ရယူခဲ့ပါတယ်။ A M B A ဘတ်(စ်)ကား အသင်းကြီးအနေနဲ့ သင်္ကြန်ရေပက်ခံအသင်းဖွဲ့ပြီးတော့ ထွက်ကြဖို့ ဖြစ်ပါတယ်။ နှစ်တိုင်း မြို့မအသင်းကြီးအတွက် အနုပညာတွေ ဖန်တီးခဲ့ပေမဲ့ လက်ရှိ ဦးလေးညိန်းမှာ တီးဝိုင်းလက်ကိုင်မရှိ ဖြစ်နေပါတယ်။ ဒါပေမဲ့ ဦးလေးညိန်းက အမရပူရမြို့ခံ နှဲဆရာကြီး၊ နှဲတွေ၊ ပလွေတွေလုပ်ရောင်းတဲ့ ဆရာထပ်ကြီးကို ချဉ်းကပ်ပြီးတော့ ခြောက်ပေါက်ပလွေတွေ အရွယ်စုံ၊ ဆိုဒ်စုံ ဖောက်ခိုင်းပါတယ်။ ဆရာထပ်ကြီးက မြန်မာ့ရိုးရာ ခုနစ်ပေါက် ပလွေတွေနဲ့ နှဲတွေသာဖောက်တတ်သူ ဖြစ်ပါတယ်။ ခြောက်ပေါက်ပလွေတွေ ဖောက်ဖို့ နည်းစနစ်ကို ဦးလေးညိန်းကိုယ်တိုင်က ပြသပေးတာဖြစ်ပါတယ်။ ဘယ်တုန်းက ဘယ်လို လေ့လာထားလိုက်တယ်ဆိုတာ ဘယ်သူမှ မသိလိုက်ပါဘူး။ ဘာ အနုပညာ၊ ဘာ ဂီတသမားမှ မဟုတ်ကြတဲ့ AMBAကားအသင်းက ဒရိုင်ဘာတွေ၊ စပယ်ယာ တွေနဲ့ အသင်းပိုင် စက်ပြင်ဆရာ မက္ကင်းနစ်တွေကို တစ်ပွဲတိုး သီချင်းတစ်ပုဒ်ကို မှုတ်တတ်အောင် ပုံသေနည်းနဲ့ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ AMBAအသင်း သားတွေက မဖြစ်နိုင်ဘူးလို့ ထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဦးလေးညိန်း (မြို့မညိန်း) က လေ့ကျင့်သင်ကြားပေးလိုက်တဲ့ အခါမှာ လူပေါင်း ၃၀ လောက်၊ သီချင်းတစ်ပုဒ်ကို သူ့နေရာနဲ့သူ ကောင်းကောင်း တီးနိုင်၊ မှုတ်နိုင်ကြတာကို တအံ့တသြနဲ့ တွေ့ကြရပါတယ်။ အဲဒီ ခြောက်ပေါက် ဝါးပလွေ အုပ်စုကို ခေါင်းဆောင်ပြီး ရှေ့ကခေါ်ပြီးတော့ မှုတ်သွားဖို့ တာဝန်ကို ကလဲနက် မှုတ်တဲ့ ဦးကိုလေးကို တာဝန်ပေးပါတယ်။

နောက်တစ်ချက်က မြို့မဝိုင်း စည်းချောင်ကိုကိုင်တဲ့ မြို့မကိုထွန်းရင်က ဦးလေးညိန်း နောက်ကိုပါလာပါတယ်။ သူက မြို့မအသင်းကြီးရဲ့ ပတ်မချောင်၊ စခွန့်၊ ခြောက်လုံးပတ်အတီး အလွန်ကျွမ်းကျင်တဲ့ နာမည်ကြီးပညာရှင်ဖြစ်ပါတယ်။ ဦးလေးညိန်း ရွေးလိုက်တဲ့ သံစဉ်က သူ့ကိုယ်ပိုင် မဟုတ်ပါဘူး။ Villia လို့ ခေါ်တဲ့ အနောက်တိုင်းတေးသွားတစ်ခုဖြစ်ပါတယ်။ ဦးလေးညိန်းသုံးတဲ့ စည်းနဲ့ဝါးပိုင်းက အလွန်ဆန်းကြယ်ပါတယ်။ ၁၉၅၀ စောစောပိုင်းနှစ်တွေမှာ မြန်မာနိုင်ငံမှာ အလွန် အသုံးနည်းသေး၊ အကြားနည်းသေးတဲ့ လက်တင်/တောင်အမေရိကဖုံသံတွေ၊ Clipso စည်းနဲ့ဝါးတွေ ဖြစ်ပါတယ်။ ဦးလေးညိန်းကိုယ်တိုင် ညွှန်ကြားပြီးတော့ ထုတ်လုပ်တဲ့ ဖုံတွေနဲ့ မြို့မကိုထွန်းရင်က ဦးစီးပြီးတော့ ကလစ်(ပ်)ဆို စည်းတွေကို တီးပါတယ်။ သကြံန်အလှပြယာဉ်ကလည်း မြန်မာစောင်းကောက်ကြီးပုံနဲ့ အလွန်ကျက်သရေ ရှိပါတယ်။ အဲဒီ စောင်းပုံ သကြံန်အလှပြဒီဇိုင်းကို ထုတ်လုပ်ရာမှာလည်း ဦးလေးညိန်း ကိုယ်တိုင်က စပ်ပညာကို တတ်တဲ့အတွက် လက်ရာဟာ အလွန်ကောင်းပါတယ်။

မန္တလေး သကြံန်ပွဲကြီးစတဲ့ အကြိုနေ့ကျမှ ဦးလေးညိန်းရဲ့ဖန်တီးချက်၊ AMBA သကြံန် ရေပက်ခံအလှပြယာဉ်ကြီးဟာ အလွန် နားဝင်ဆန်းပြားတဲ့ Clipso စည်းသံတွေနဲ့၊ ပလွေတေးသံတွေနဲ့ ထွက်လာတာကို မန္တလေး မြို့သူမြို့သားတွေ ရုတ်တရက် တအံ့တဩ စပြီးတော့ မြင်လိုက်တွေ့လိုက်ကြရတာ ဖြစ်ပါတယ်။ အဲဒါ ပါပဲခင်ဗျာ။ အဲဒီနှစ်က မန္တလေးသကြံန်မှာ မန္တလေးမြို့မအသင်းကြီးဟာ ရုတ်တရက် ဒုတိယအဆင့်ကို ကျဆင်းသွားရပါတယ်။ သကြံန်အသင်းဖွဲ့တဲ့ အစဉ်အလာ အရင်က မရှိခဲ့တဲ့ AM BAကားအသင်းက ဦးလေးညိန်းရဲ့ ခြောက်ပေါက်ပလွေဝိုင်းကြီးနဲ့ လက်တင် စည်း၊ ဝါးတွေနဲ့ မန္တလေးသကြံန်လူထုရဲ့ နှလုံးသားကို ဖမ်းစားသွားခဲ့ ပါတယ်။ မြို့မအသင်းသားတွေလည်း မျက်ရည်တောက်တောက် ကျကြရပါတယ်။ သူတို့ဆရာ ဦးလေးညိန်းကို ကန်တော့ပြီးတော့ တောင်းပန်ပြီးတော့ ပြန်ပင့်သွားကြရပါတယ်။ အဲဒါ မန္တလေးသကြံန်၊ သမိုင်းဝင် အဖြစ်အပျက်လေးတစ်ခု ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ ရုပ်ရှင်တွေ ရိုက်ကူးခဲ့စဉ်က ရုပ်ရှင်ဇာတ် လမ်းအပြင် တခြားစေတနာ အပိုကလေးတွေ၊ စမ်းသပ်မှု ကလေးတွေ လုပ်ခဲ့ပြီးတော့ မှန်းချက်နဲ့နှမ်းထွက် မကိုက် ခဲ့ဖူးတာတွေ ရှိခဲ့ဖူးပါတယ်။ ဝင်းဖေ မျှော်လင့်သလို အရာ မထင်ခဲ့တာကလေးတွေပါ။ ဝင်းဖေရဲ့ ရုပ်ရှင်သက်တမ်း နုစဉ်က နာမည်ကြီး ဒါရိုက်တာကြီးတစ်ဦးဖြစ်တဲ့ ဦးထွန်းမြင့်ထွန်းက ဇာတ်ကား တစ်ကား သူ့ကုမ္ပဏီအတွက်ရိုက်ကူးပေးဖို့ အပ်လို့ ရိုက်ခဲ့ရဖူးပါတယ်။ ဝင်းဖေရဲ့ဝတ္ထု မဟုတ်ပါဘူး၊ ဇာတ်ညွှန်းကလည်း ဝင်းဖေရဲ့ဇာတ်ညွှန်း မဟုတ်ပါဘူး။ ဝင်းဖေ တာဝန်ဖြစ်လာတဲ့အခါမှာ ဝင်းဖေက ဇာတ်ညွှန်းကို တတ်နိုင်သမျှ ပြန်ပြီးပြင်ပါတယ်။ နဂိုမူလဇာတ်ညွှန်းက မကောင်းလို့ မဟုတ်ပါဘူး၊ ဝင်းဖေမှာ ကိုယ်ပိုင်ဆန္ဒကလေးတွေ ရှိနေလို့ ဖြစ်ပါတယ်။ ဇာတ်ညွှန်းကို ပြင်တဲ့အတွက် ဇာတ်လမ်းမှာလည်း ကျောရိုး ကိုမဟုတ်ပေမဲ့ အသေးစိတ်ကလေးတွေမှာ အပြောင်းအလဲတွေ ရှိပါတယ်။ အဲဒီရုပ်ရှင် ဇာတ်လမ်းထဲမှာ အဓိကဇာတ်ရုပ်ဟာ အနုပညာသည်၊ လူငယ် ရုပ်ရှင်ဒါရိုက်တာလို့ ဆိုပါတယ်။ အဲဒီအချက်ကိုမူတည်ပြီးတော့ ဝင်းဖေက အပိုစေတနာလေးတစ်ခု ထည့်ပေးဖို့ ကြိုးစားပါတယ်။ အဲဒီလူငယ်ကလေးက ပြည်သူလူထုကြားမှာ သွား ရင်း၊ လာရင်း ဓာတ်ပုံတွေရိုက်တာကို ပြပါတယ်။ ပြည်သူ့ဘဝတွေကို စိတ်ဝင်စား တဲ့သဘော၊ လေ့လာတဲ့သဘောပါပဲ။ ဥပမာ ... လမ်းဘေးဈေးသည်တွေ၊ ကုန်တင် ကုန်ချ လုပ်သားတွေ၊ ဆော့ကစားနေတဲ့ ကလေးတွေ၊ ဥဒဟို လှုပ်ရှားသွားလာနေကြ သူတွေ၊ လက်ဖွေ့သမားတွေ၊ ကချေသည် အနုပညာသည် ဆိုတာမျိုးတွေ ဖြစ်ပါတယ်။ နောက် ဝင်းဖေက အဲဒီဓာတ်ပုံရိုက်ယူတဲ့ ... တဒင်္ဂ လျှပ်တစ်ပြက် မှတ်တမ်းတင်၊ အငြိမ်ဓာတ်ပုံတွေကို သက်သက်ပြပါတယ်။ အဲဒီနောက် ဓာတ်ပုံတွေကတစ်ဆင့် သရုပ်တူပန်းချီကို ကူးပြောင်းပြီးတော့ပြပါတယ်။ အဲဒီဓာတ်ပုံတွေကလာတဲ့ သရုပ်တူ ပန်းချီတွေကမှတစ်ဆင့် အလင်း၊ အမှောင်တွေ ပုံသဏ္ဍာန်အမျိုးမျိုးတွေကို အကျဉ်းချုပ် ထားတဲ့ Abstract Design တွေ၊ ခေတ်သစ် Modern အခြေခံ အမြင်အာရုံတွေအဖြစ် ပြပါတယ်။ သဘာဝအလင်းရောင်တွေ၊ အလင်းအမှောင်တွေ၊ မျဉ်းကြောင်းတွေကို အနှစ်ထုတ်ပြတဲ့ ခေတ်သစ်ပန်းချီ အယူအဆတစ်ခုကို ရုပ်ရှင်ကြည့်ပရိသတ်နဲ့ ကြုံတုန်း မိတ်ဆက်ပေးတဲ့သဘော ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီဇာတ်ကားကို ရုံတင်ပြသတဲ့အခါမှာ ဝင်းဖေရဲ့စေတနာတွေဟာ အရာမထင်ဘူးဆိုတာ တွေ့ရပါတယ်။ ဒီတင်ပြမှုကို သတိထားမိသူတွေဟာ ၁၀၀ မှာ ၁ ယောက်လောက်တောင် မတွေ့ရပါဘူး။ အခုလို စေတနာတွေ သဲထဲရေသွန် သလို ဖြစ်ရတာဟာ ဝင်းဖေရဲ့တင်ပြမှု လိုနေလို့ ဖြစ်ပါတယ်။ ဝင်းဖေရဲ့ အပြစ်ပါပဲ၊ ဝင်းဖေမှာ တာဝန်ရှိပါတယ်။ အချိန်မှန်၊ နေရာမှန် မဟုတ်လို့ဘဲ ဖြစ်ပါတယ်။

နောက်တစ်ကားကတော့ ... ဇာနည်၊ ခိုင်မာ၊ သွယ် ဆိုတဲ့ ဇာတ်ကား ရိုက်ကူးစဉ်က ဖြစ်ပါတယ်။ အဲဒီကားထဲမှာ ဂီတအနုပညာရှင် ဇာတ်ရုပ်တစ်ရုပ် ပါနေတာကို အကြောင်းပြုပြီးတော့ ဝင်းဖေက စေတနာအပိုကလေး ထပ်ထည့်ပြန် ပါတယ်။ ထည့်ပုံက ... ဘုရားစေတီတော်တစ်ဆူထိပ်က ထီးတော်နဲ့ ဆည်းလည်း လေးတွေကို ပြပြီးတော့ ဆည်းလည်းသံတွေကိုလည်း ထည့်ပေးပါတယ်။ နောက် ဘုရားရင်ပြင်တော်ပေါ်က ခေါင်းလောင်းကြီးကို ထိုးလိုက်ပုံနဲ့ ခေါင်းလောင်းသံကို ထည့်ပေးပါတယ်။ နောက် ... ကြေးစည်ကိုထုလိုက်ပုံနဲ့ ကြေးစည်သံ၊ နောက် အဲဒီ ... ဘုရားရင်ပြင်တော်ပေါ်မှာပဲ ကလေးတစ်ယောက်က ထုံးပေသီးတွေ ထည့်ထား တဲ့ သံပုံးကလေးတစ်ခုကို ပွေ့ပိုက်ပြီးတော့ ပြေးလာတာကို ပြပါတယ်။ သံပုံးထဲမှာ ခလောက်ဆန်ပြီးတော့ပါလာလို့ မြည်တဲ့အသံကို ထည့်ပေးပါတယ်။ နောက် ဒီကလေး ဟာ ဘုရားစောင်းတန်း အုတ်လှေကားအရောက်မှာ သူ့လက်ထဲက ပေသီးတွေ ထည့်ထားတဲ့ သံပုံး လက်ထဲကလွတ်ကျသွားပါတယ်။ သံပုံးတခြား၊ ထုံးပေသီးလေး တွေကတခြား ဘုရားစောင်းတန်း အုတ်လှေကားအတိုင်း ... တဒုန်းဒုန်း တဒေါက် ဒေါက်နဲ့ လိမ့်ကျလာတာတွေကို ပြပါတယ်။ အသံကလေးတွေကိုလည်း သဘာဝ အတိုင်း ဖမ်းပြီးတော့ထည့်ပေးပါတယ်။ အဲဒီ ဘုရားစောင်းတန်း အုတ်လှေကားခြေရင်း မှာ ကြံရည်ကြိတ်စက်ကို ပြပါတယ်။ ကြံရည်ကိုကြိတ်တဲ့အခါမှာ သံဘီးအဝိုင်းတွေမှာ ချိတ်ဆွဲထားတဲ့ ချူတွေကို ပြပါတယ်။ ပြီးတော့ ချူသံတွေကိုလည်း ထည့်ပါတယ်။ ပြီးတော့မှ နွားလှည်းတစ်စီးရဲ့လှည်းဘီးကို ပြပြီးတော့ လှည်းဝင်ရိုးမှာ ဆီမရှိလို့ တကျီကျီ၊ တအီအီ ... နဲ့သံလိုလို၊ တယောသံလိုလို ထွက်တာကိုလည်း ထည့်ပြပါတယ်။ နောက် မီးရထားဘီးတွေနဲ့ စည်းချက်လိုအသံတွေ၊ နောက် ပုံနှိပ်စက်ရိုက်နေတဲ့ ပုံနဲ့ ... နောက် နေပူထဲမှာ ဆီးယိုကိုလည်းရောင်းတဲ့ ဆီးယိုသည်ကိုပြပြီးတော့ ဆီးယို... ဆိုတဲ့ ဆွဲဆွဲငင်ငင်အသံ၊ နောက် ... ရုတ်တရက် မုန့်ဟင်းခါး အထမ်းသည်ကို ပြလိုက်ပြီးတော့ ... "မုန့်ဟင်းခါး" ... ဆိုပြီးတော့ အော်လိုက်တဲ့ မုန့်ဟင်းခါးသည်ရဲ့ အသံနဲ့ အဆုံးသတ်လိုက်ပါတယ်။ အဲဒါတွေပြီးတော့မှ ဟိုး ... ထိပ်က စပြတဲ့ ဘုရားထီးတော် ဆည်းလည်းတွေကနေပြီးတော့ ... တောက်လျှောက် ... အစဉ် အတိုင်း ... ခေါင်းလောင်း၊ ကြေးစည်၊ ပေသီးပုံးမှောက်ကျပုံ၊ နောက် အုတ်လှေကား အတိုင်း လိမ့်ကျလာကြပုံ၊ ကြံရည်ကြိတ်စက်၊ လှည်းဘီး၊ မီးရထား၊ ဆီးယိုသည်နဲ့

မုန့်ဟင်းခါးသည်အထိ ပြန်ပြီပါတယ်။ ဒါပေမဲ့ ဒုတိယအချီပြန်ပြီတဲ့အခါမှာတော့... ဆိုင်ရာဆိုင်ရာ သဘာဝအသံတွေ မဟုတ်တော့ဘဲနဲ့ သူ့ပုံနဲ့သူ လိုက်လျောမယ့် ဂီတသံ တွေကို အသီးသီး ထည့်ပေးပါတယ်။ ဒီတုန်းက စန္ဒရားဆရာ အင်ဒရူးကောင်းက အဲဒီဂီတတွေကို ရှာဖွေ ဖန်တီးပေးပါတယ်။

ဝင်းဖေ သိစေချင်တဲ့စေတနာက သဘာဝ အသံတွေနေရာမှာ ဝင်လာတဲ့ လူက ဝင်လာတဲ့ အနုပညာဂီတရဲ့ အစားထိုးမှုကို ပေါ်လွင်သွားစေချင်တာပါ။ ဒါပေမဲ့ ဝင်းဖေရဲ့တင်ပြပုံ ညံ့ဖျင်းလို့ပဲဖြစ်ပါလိမ့်မယ်၊ ရုပ်ရှင်ကြည့်သူတွေအတွက် အဲဒီပြကွက်ဟာ ဘာမှ မထိရောက်ပါဘူး။ ပြပြီးသားအရုပ်တွေကို ဘာဖြစ်လို့ နှစ်ခါ ပြန်ပြရတာလဲ လို့ မေးတဲ့လူတွေကိုတောင် တွေ့ရပါတယ်။ ဒါလည်း ဝင်းဖေရဲ့စေတနာတွေ သဲထဲရေသွန် ဖြစ်ရတာပါပဲ။ ဝင်းဖေရဲ့အမှားတွေကို ပြန်လည်ဖော်ပြဝန်ခံတဲ့ သဘောပါ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များ၏ခင်ဗျား ...

မန္တလေး၊ အနုပညာ၊ ပန်တျာနဲ့ အကကျောင်းမှာ ဝင်းဖေ ကျောင်းအုပ်လုပ်နေ တုန်း ... နှစ်တစ်နှစ်ရဲ့ ဇန်နဝါရီလ လယ်ပိုင်းလောက်မှာ ဝင်းဖေရဲ့ရုံးခန်းကို လူငယ် တစ်ယောက် ရောက်လာပြီးတော့ ပထမ သူ့ကိုယ်သူ မိတ်ဆက်ပါတယ်။ နိုင်ငံရေး သမား၊ သတင်းစာဆရာကြီးတစ်ယောက်ရဲ့ သား၊ ဝင်းဖေရဲ့ ဆရာမကြီးတစ်ယောက်ရဲ့ တူ ဖြစ်နေပါတယ်။

ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့ အခမ်းအနားတွေ ကျင်းပတဲ့အခါမှာ အဲဒီ လူငယ်ကလေးခေါင်းဆောင်တဲ့ လူငယ်တစ်စုကို ပြည်ထောင်စုနေ့ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး သရုပ်ဖော်ပြဇာတ်တစ်ပုဒ် ကပြဖို့ တာဝန်ပေး ခံရတဲ့ အကြောင်း၊ သူဟာ လူငယ်တစ်ယောက်အနေနဲ့ ရုပ်ရှင်နဲ့ပြဇာတ်တွေ တင်ဆက်ဖို့ ဝါသနာကြီးတာကို သက်ဆိုင်ရာ ပြည်ထောင်စုနေ့ကျင်းပရေး ကော်မတီဝင် လူကြီးတွေက သိနေကြတဲ့ အတွက် အခုလိုအခွင့်ထူးကြီးကို ရရှိခဲ့တာဖြစ်တဲ့ အကြောင်း ပြောပြပါတယ်။ အဲဒီ လူငယ်ဟာ ရုပ်ရှင်နဲ့ ပြဇာတ်ပညာကို အတော်ကြီးကို ဝါသနာပါနေတယ်ဆိုတာကို ဝင်းဖေ ခဏကလေးအတွင်းမှာ ရိပ်မိသွားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ... သူတင်ပြလိုတဲ့ ပြဇာတ်ပုံစံက သမားရိုးကျ မဟုတ် ပါဘူး။ ပြည်ထောင်စုတိုင်းရင်းသားဝတ်စုံတွေ ဝတ်ထားကြသူတွေက ပြည်ထောင်စု တိုင်းရင်းသား သွေးစည်းညီညွတ်ရေး သရုပ်ဖော် ကပြကြရာမှာ သီချင်းစာသား လုံးဝမသုံးဘဲ၊ ကဗျာလွတ်ပြဇာတ်၊ ဒါမှမဟုတ် ကဇာတ် ဖြစ်ချင်ပါသတဲ့ဗျာ။ ကကွက် တွေနဲ့ပဲ ပြည်ထောင်စုသွေးစည်းညီညွတ်ရေးကို ဖော်သွားချင်တာမို့ ဝင်းဖေတို့ နိုင်ငံတော်အကကျောင်းက ကကွက်တွေနဲ့ အဲဒီကကွက်တွေကို ပံ့ပိုးပေးရမည့် မြန်မာ့ ရိုးရာဆိုင်းဂီတကို အကူအညီပေးဖို့ လာပြီးတော့ မေတ္တာရပ်ခံ အကြံတောင်းတာ ဖြစ်ပါတယ်။ မန္တလေးမြို့ ဝင်းလိုက်ရုပ်ရှင်ရုံမှာ ဟောလိဝုဒ်က တင်ဆက်တဲ့ တေးသံစုံ အကပဒေသာကို အခြေခံတဲ့ဇာတ်လမ်းတွေနဲ့ ရုပ်ရှင်ကားတွေ မကြာခဏ ပြသတတ်ပါတယ်။ အဲဒီလို ရုပ်ရှင်ကားတွေထဲမှာ ကမ္ဘာကျော် နယူးယော့(ခ်)၊ ဘရော့ဒ်ဝေး ခေတ်ပေါ် ဘဲလေး၊ ခေတ်ပေါ် ကဗျာလွတ်၊ တေးသံစုံ ကဇာတ် တွေ အများအပြား ပါဝင်တတ်ပါတယ်။ ဇာတ်ရည်လည်အောင် စကားပြောတဲ့အပိုင်း တွေ ပါတတ်ပေမဲ့

ပင်မဇာတ်ဝင်ခန်းတွေကို ကဗျာလွတ် ကဇာတ်ပုံစံနဲ့ တင်ဆက် ထားတာတွေ ဖြစ်ပါတယ်။ အဲဒီလို တင်ဆက်မှုမျိုးတွေကို ဆိုလိုတာလားလို့ ဝင်းဖေ က အဲဒီလူငယ်ကို မေးကြည့်တဲ့အခါ သူက အဲဒီအတိုင်း အတိအကျပါပဲလို့ ဝမ်းသာအားရ ဖြေကြားပါတယ်။ ဝင်းဖေ ထင်တဲ့အတိုင်းပါပဲ ... အဲဒီလူငယ်ကလေး က ... ကမ္ဘာကျော် ရိုက်စပီးယားရဲ့ ရိုမီယိုနဲ့ဂျူးလီးယက် ဇာတ်လမ်းကို ဟောလိဝုဒ် ဒါရိုက်တာကြီးတစ်ဦးဖြစ်တဲ့ ရောဘတ်ဝိုက်(စ်)က ခေတ်သစ်ပြဇာတ်၊ ကဇာတ် တင်ဆက်မှုအဖြစ် ပြောင်းပြီးတော့ကာ West side Story ဆိုတဲ့ ခေါင်းစီးနဲ့ ကဗျာလွတ် ကဇာတ်တင်ဆက်မှုကို ဦးစားပေးပြီး ရုပ်ရှင်ရိုက်ကူးပါတယ်။ တေးသံစုံ ရုပ်ရှင်လောက မှာ အလွန်အောင်မြင်ကျော်ကြားတဲ့ ကားတစ်ကား ဖြစ်ပါတယ်။ အဲဒီကားကို အဲဒီ လူငယ်လေးက အလွန် နှစ်သက်စွဲလမ်း အားကျခဲ့တာဖြစ်ပါတယ်။ အဲဒီကားကို ကြည့်တဲ့သူတိုင်းလည်း ကြိုက်ကြတာပါပဲ။ အဲဒီတော့ ဝင်းဖေက အဲဒီလူငယ်ကလေးကို ရှင်းပြရပါတော့တယ်။

အဲဒီလို မော်ဒန်ဘဲလေးလို့ ဆိုကြတဲ့ခေတ်ပေါ် ကဗျာလွတ်ကဇာတ်ပဲ ဆိုကြ ပါစို့ ... အဲဒါမျိုးတွေတင်ဆက်ဖို့ အားကောင်းပီပြင်တဲ့ အကသရုပ်ဖော် ဂီတပညာ လိုအပ်တဲ့အကြောင်း၊ နောက် အဲဒီအက၊ သရုပ်ဖော်၊ ဂီတအတိုင်း သရုပ်ဖော် အက ပညာ ပီပီပြင်ပြင်ရှိဖို့ လိုအပ်တဲ့အကြောင်း၊ မြန်မာပြည်မှာ လောလောဆယ် ပီပြင်တဲ့ သရုပ်ဖော်ဂီတနဲ့ သရုပ်ဖော်အက အားနည်းနေကြောင်း ရှင်းပြရပါတယ်။ အဲဒီလူငယ် ကလေးက လွယ်လွယ်နဲ့သဘောမပေါက်၊ လွယ်လွယ်နဲ့ လက်မခံပါဘူး။ ဝင်းဖေက သိသလောက်လေးကို ဆက်ပြီးတော့ ရှင်းပြရပါတယ်။

ဂီတအလှ သက်သက်ကိုသာ ဖန်တီးထားတဲ့ ဂီတအနုပညာနဲ့ သရုပ်ဖော်ပေး ဖို့ပါ အားထုတ်တဲ့ သရုပ်ဖော်ဂီတအနုပညာဆိုတာ ကွဲကွဲပြားပြားရှိတဲ့အကြောင်း၊ အကမှာလည်း ထိုနည်းရင်းပဲ အကအလှသက်သက် အကပညာနဲ့ သရုပ်ဖော်အက အနုပညာဆိုပြီးတော့ သီးခြားရှိတဲ့အကြောင်း ရှင်းပြရပါတယ်။ အဲဒီသရုပ်ဖော်ဂီတနဲ့ သရုပ်ဖော်အက အနုပညာတွေ အားကောင်းမောင်းသန်ဖြစ်လာဖို့ဆိုတာ Audio Language၊ အသံဘာသာဗေဒနဲ့ Choreo graphic Language ၊ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများကို လှုပ်ရှားမှုဆိုင်ရာ ဘာသာဗေဒ ရှိဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံပညာရေး သင်ရိုးညွှန်းတမ်းတွေမှာ ... အဲဒီလို အာရုံနဲ့ပတ်သက်တဲ့ ဘာသာဗေဒတွေ မရှိသေးပါဘူးလို့၊ အဲဒီလိုအခက်အခဲတွေကို ဝင်းဖေက အဲဒီ ကဗျာလွတ်အကတင်ဆက်ဖို့ အလွန် စိတ်အားထက်သန်နေတဲ့ လူငယ်ကလေးကို ရှင်းပြရတာ ဖြစ်ပါတယ်။ မည်ကာမတ္တ၊ ဖြစ်ကတတ်ဆန်းလုပ်ရင်တော့ ဖြစ်နိုင်

တဲ့အကြောင်း၊ ကိုယ်ရည်မှန်းတာရဲ့ ၅ ရာခိုင်နှုန်းလောက်ပဲ ရနိုင်ကြောင်း ရှင်းပြပြီး တော့ ဆန္ဒမစောဖို့၊ လောဘကိုထိန်းသိမ်းဖို့ အကြံဉာဏ်ပေးရပါတယ်။ မြန်မာဂီတမှာ မြင်းခင်းတို့ ဆင်ခင်းတို့ လေးခင်းတို့၊ ဗိန်းဗောင်းတို့ဆိုတဲ့ သရုပ်ဖော်ဂီတ/သရုပ် 'ကူ" ဂီတတွေ ရှိပေမဲ့ အလွန်အားနည်းနေသေးတဲ့အကြောင်း၊ အကမှာ လည်း မျောက်ကတို့ ဘီလူးကတို့ ခုနှစ်ထွေအက ဘာညာနဲ့ သရုပ်ဖော်အကလို့ ပြောနိုင်တာတွေရှိပေမဲ့ အလွန်အားနည်းနေသေးတဲ့အကြောင်း၊ ခိုင်ခန့်တဲ့ ဘာသာ ဗေဒ အတိုင်းအတာ မရှိကြောင်း ဆွေးနွေးပြရပါတယ်။ အဲဒီကိစ္စကိုပြောကြရင်း ရုပ်ရှင်ပညာရဲ့အခြေခံတွေကိုပါ ချပြဆွေးနွေးဖြစ်ပါတယ်။ အဲဒီလူငယ်ကလည်း ဝင်းဖေဟာ ရုပ်ရှင်ပညာကို ဝါသနာကြီးမှန်း ရိပ်မိသဘောပေါက်သွားပါတယ်။ နောက်ပိုင်းမှာ အဲဒီ လူငယ်ကလေးဟာ ဝင်းဖေဆီက ကဗျာလွတ်ကဇာတ်ကိစ္စတွေ အကူအညီမတောင်းတော့ဘဲနဲ့ ရုပ်ရှင်ကိစ္စအကူအညီတွေပဲ လာပြီးတော့တောင်းပါ တော့တယ်။ အဲဒီလူငယ်လေးဟာ နောက်ကြတော့ ထပ်ဆင့်အကယ်ဒမီများရှင် ဒါရိုက်တာမောင်တင်ဦး ဖြစ်လာပါတယ်။ သူ့ဖခင်ဟာ စာရေးဆရာ၊ သတင်းစာ ဆရာ၊ နိုင်ငံရေးသမား တိုင်းချစ် သခင်သိန်းဖေ ဖြစ်ပါတယ်။ နောက် ဆရာမကြီး ဒေါ်လှလှ၊ ဝင်းဖေရဲ့ အင်္ဂလိပ်စာဆရာမကြီးဟာ သူ့ရဲ့အဒေါ်အရင်း ဖြစ်ပါတယ်။ ဆက်လက်ဖော်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ ရုပ်ရှင် လောကထဲ ဝင်ဖို့အစပျိုးတဲ့ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ပထမဆုံးအလုပ်က ထူးခြား ဆန်းပြားပါတယ်။ ရုပ်ရှင်ဝတ္ထု လည်း မဟုတ်ပါဘူး၊ ရုပ်ရှင်ဇာတ်ညွှန်းလည်း မဟုတ်ပါဘူး၊ ကြံကြံဖန်ဖန်ဗျာ ... ရုပ်ရှင် ခေါင်းစီးစာတန်း ရိုက်ပေးရတယ်၊ နောက်ပြီးတော့ အဲဒီ ခေါင်းစီးစာတန်း အတွက် ဂီတကို ဖန်တီးပေးရပါတယ်။ ဒီလိုပါ ... ထပ်ဆင့် အကယ်ဒမီ ဒါရိုက်တာ မောင်တင်ဦးဟာ ပထမ ဒါရိုက်တာကြီး ရွှေမဝ ဦးလေးကျော်ထံမှာ ရုပ်ရှင်ပညာ သင်ပါတယ်။ သူ့ညီဖိုးတာက သရုပ်ဆောင်သင်တန်း တက်ပါတယ်။ နောက် မောင်တင်ဦးတို့ ညီအစ်ကိုက ပိုက်ဆံထုတ်ပြီးတော့ စေလိုရာစေ ဆိုတဲ့ ဇာတ်ကားကို ရိုက်ကူးဖို့ ရွှေမဝ ဦးလေးကျော်ကိုပဲ အပ်ကြပါတယ်။ မောင်တာက ဇော်ဝမ်းဆိုပြီးတော့ စေလိုရာစေမှာ စပြီးတော့ မင်းသား လုပ်ပါတယ်။ မောင်တင်ဦးက ရွှေမဝဦးလေးကျော်ဆီမှာ ဒါရိုက်တာ ပညာ သင်ပါတယ်။ စေလိုရာစေ ဇာတ်ကားရိုက်ကူးလို့ ပြီးစီးခါနီးမှာ မောင်တင်ဦးဟာ ရုတ်တရက် အနုပညာကျောင်းအုပ်လုပ်နေတဲ့ ဝင်းဖေထံကို ရောက်လာပြီးတော့ စေလိုရာစေ ရုပ်ရှင်ကား ခေါင်းစီးစာတန်း ရိုက်ကူးပေးဖို့နဲ့ ခေါင်းစီးစာတန်းဂီတကို ဖန်တီးပေးဖို့ မေတ္တာရပ်ခံ အကူအညီတောင်းပါတယ်။ ဝင်းဖေက ချက်ချင်းပဲ မောင်တင်ဦးအနေနဲ့ ရွှေမဝဦးလေးကျော်လို ဒါရိုက်တာကြီး တစ်ယောက်ထံမှာ စေလိုရာစေကို ရိုက်ကူးဖို့ ပတ်မလုံးစုံ အပ်နှံထားပြီးတာကြောင့် အခုလို ဝင်းဖေကို တစ်စိတ်တစ်ပိုင်း လာပြီး အကူအညီတောင်းတာဟာ အလွန် မသင့်တော်တဲ့လုပ်ရပ် ဖြစ်နေပါတယ်လို့ ဝင်းဖေက လုံးဝ ငြင်းဆန်လိုက်ပါတယ်။ မောင်တင်ဦးလည်း ဘာမှမပြောဘဲ ဆုတ်ခွာ သွားပါတယ်။ နောက် နှစ်ပတ်လောက်နေတော့ ဦးလေးကျော်ဆီက စာတစ်စောင်နဲ့ ပြန်လာပါတယ်။ ဦးလေးကျော်ကို သူဘယ်လို သွားပြောလိုက်တယ် မသိပါဘူး၊ ဦးလေးကျော်က စေလိုရာစေ ခေါင်းစီးစာတန်းကို ဝင်းဖေက ရိုက်ပြီးတော့ ဂီတကိုလည်း တီးမှုတ်ပေးဖို့ ဝမ်းသာအားရ ကြိုဆိုပါကြောင်း စာမှာ အတိအကျ ရေးပေးလိုက် ပါတယ်။ ဝင်းဖေက ဦးလေးကျော်ကို ဖုန်းဆက်ပြီးတော့ သေချာအောင် မေးရင်းနဲ့ ဂါရဝပြုပါသေးတယ်။ ဦးလေးကျော်က ဝင်းဖေကို ဝမ်းပန်းတသာ ကြိုဆိုပါကြောင်း ပြောပြန်ပါတယ်။ အဲဒါပါပဲ။

ဝင်းဖေရဲ့ ရုပ်ရှင်ပညာသည် ဘဝအစဟာ ရုပ်ရှင် ဝတ္ထုတို့၊ ရုပ်ရှင်

ဓာတ်ညွှန်း တို့ ဆိုတာမျိုးတွေ မဟုတ်ပါဘူး။ စေလိုရာစေ ရုပ်ရှင်ခေါင်းစီးစာတန်းနဲ့ ခေါင်းစီး စာတန်းအတွက် ဂီတတို့ဖြစ်ပါတယ်။ စေလိုရာစေ ရုပ်ရှင်ခေါင်းစီးစာတန်းအတွက် ဝင်းဖေက လူနှစ်ယောက် သဲကြီးမဲကြီး သတ်ပုတ်နေကြပုံ ဆီဆေး ပန်းချီကားကြီး တစ်ချပ် ရေးဆွဲပါတယ်။ လူနှစ်ယောက် အနီးကပ် သဲကြီးမဲကြီး ကုတ်ဖဲ့တွန်းထိုး ရုန်းကန်သတ်ပုတ်နေကြပုံ ဖြစ်ပါတယ်။ ပြီးတော့မှ အဲဒီပန်းချီကားကြီးရဲ့ အနီးကပ် အစိတ်အပိုင်းတွေကို အပိုင်းပိုင်း ဖြတ်တောက်ပြီးတော့ ကင်မရာနဲ့ ရိုက်ယူပါတယ်။ မေးရိုးကနေ ပင့်ပြီးတော့ တွန်းလိုက်တဲ့ လက်ကြမ်းကြီးတစ်ဖက်ရဲ့ အနီးကပ်ပုံ၊ မျက်လုံး တစ်ဖက်ကို လက်တစ်ချောင်းနဲ့ ထိုးဖောက် နှိုက်ကုပ်ထားတဲ့ အနီးကပ်ပုံ၊ နောက် မီရာ ကြုံရာ မေးအောက်ကို တိရစ္ဆာန် တစ်ကောင်လို ကိုက်ထားပုံ အနီးကပ် ... စတာမျိုးတွေ ဖြစ်ပါတယ်။ ပြီးတော့မှ ဒီပုံတွေပေါ်မှာ ထပ်ပြီးတော့ ထည့်ရမယ့် ခေါင်းစီးစာတန်း စာလုံးဒီဇိုင်းကို ထုတ်ပါတယ်။ ကောင်းတာ၊ မကောင်းတာကို မပြောလိုပေမဲ့ အဲဒီစာလုံးဒီဇိုင်းမှာ မူရှိပါတယ်။ အဲဒီမူဟာ ဝင်းဖေရဲ့ ကိုယ်ပိုင်မူ ဖြစ်ပါတယ်။ ဝင်းဖေ ကိုယ်တိုင် ထုတ်ထားတဲ့မူပါ။ အဲဒါတွေ အားလုံးပြီးဟော့မှ ဂီတကို ဖန်တီးပါတယ်။

ဝင်းဖေ အနုပညာကျောင်းအုပ် မလုပ်ခင်က မန္တလေးသကြ်န်မှာ Tin Can Melody လို့ ကိုယ့်ဟာကိုယ် နာမည်ပေးထားတဲ့ ဂီတအဖွဲ့လေးတစ်ဖွဲ့ ဖွဲ့ပြီးတော့ သင်္ကြန်မှာ ပျော်ခဲ့မြူး ခဲ့ဖူးပါတယ်။ အဓိကအားဖြင့် သံစည်ပိုင်း အကြီးတစ်လုံးနဲ့ သံစည်ပိုင်း အလတ်နှစ်လုံးပါပါတယ်။ သံနန်းကြိုးပတ် ထားတဲ့ လက်ချောင်းတွေနဲ့ တီးရပါတယ်။ တုတ်တွေနဲ့လည်း တီးရပါတယ်။ စည်းတွေက တောင်အမေရိက၊ လက်တင် စည်းဝါးတွေပါ။ ပိုးသတ်ဆေး ထည့်တဲ့ သံဘူးအလုံးရှည်ထဲမှာ မာတောင့်နေတဲ့ ပဲစေ့ကလေးတွေကို ထည့်ခေါက်တော့ ဘူးခြောက်လို အသံထွက်တာလည်း ပါပါတယ်။ နောက် တေးသွား အတွက်ကတော့ မြို့မ ဦးလေးညိန်းတီထွင်ပြီးတော့ အမရပူရက နဲ့ဆရာကြီး ဆရာထပ် ထုတ်လုပ်တဲ့ ခြောက်ပေါက်ပလွေကို ဝင်းဖေက မှုတ်ပါတယ်။ ဂျက်ဇ်လိုလို၊ ဘလူး(စ်)လိုလို၊ လက်တင် Sarabandi တေးသွားလိုလို ဟာတွေကို ရောက်တတ်ရာရာ မှုတ်တာပါပဲ။ မန္တလေးသင်္ကြန်မှာ အဲဒီလို လုပ်မည့်သူက သိပ်မရှိတော့ ဘာတွေလဲဟ ဆိုပြီးတော့ စိတ်ဝင်စားတဲ့သူ တော်တော်များပါတယ်။

အဲဒီလို ပရိသတ်ထဲမှာ မောင်ပါ လို့ခေါ်တဲ့ မောင်တင်ဦးကလည်း ပါလေတော့ ... အဲဒါကိုစွဲပြီးတော့ သူ့ကိုယ်ပိုင်ကား စေလိုရာစေအတွက် ဂီတနဲ့ ခေါင်းစီး စာတန်းကို အပ်တာဖြစ်ပါတယ်။ ဝင်းဖေကလည်း စေလိုရာစေအတွက် ဂီတကို အရင် သင်္ကြန်တုန်းကလိုပဲ ... ပလွေနဲ့ သံစည်ပိုင်းတွေ၊ သံဘူးခွံ ဘူးခြောက်တွေနဲ့ အသံသွင်းပါတယ်။ ဒါပေမဲ့ မန္တလေးရုပ်ရှင်က တကယ့်

Professional အကောင်းစား အသံသွင်း စတူဒီယိုခန်းကို အခကြေးငွေ ပေးငှားပြီးတော့ ကျကျနန သွင်းယူတာဖြစ်ပါတယ်။ လက်တင် စည်း၊ ဝါး ပိုင်းကို ခေတ်ပေါ်ဂီတတွေမှာ ဝါသနာကြီးကြတဲ့ မန္တလေး ဓားတန်း လူငယ်ကလေး မောင်ညွန့်ရွှေ၊ နောက် မန္တလေးတက္ကသိုလ်က ဆရာကြီး ဦးချမ်းမြရဲ့သား ကိုစိုးဝင်း၊ နောက်ကျတော့ ... အဲဒီတုန်းကတော့ လူငယ်ကလေးပဲ ဖြစ်တဲ့ ... နောင်တစ်နေ့မှာ တေးရေး၊ ဆရာဝန်ကြီး ဖြစ်လာမည့် ... တင်ဝင်း(ဆေး/မန်း) တို့က ဝင်းဖေကို ဝိုင်းပြီးတော့ ကူကြပါတယ်။ မန္တလေးရုပ်ရှင်၊ အသံဖမ်း ဦးမြင့်ဆွေက ကျကျနန အသံဖမ်းပေးပါတယ်။ ဝင်းဖေတို့ တီးဝိုင်းဟာ သံပုံးတွေ အိုးတွေ ခွက်တွေနဲ့ ပလွေတစ်ချောင်းပဲ ပါတော့ကာ မန္တလေး ရုပ်ရှင်ခြံမှာ ရယ်စရာလို ဖြစ်နေပါတယ်။

ဒီတုန်းက မန္တလေးရုပ်ရှင်ခြံမှာ မာယာထောင်ချောက် လာရိုက်နေတဲ့ ဒါရိုက်တာ စံရွှေမောင် (ကိုအောင်လွင်ကြီး)က ပထမ အမှတ်တမဲ့ နေခဲ့ပေမဲ့ ဝင်းဖေတို့ဂီတ အတော်လေး ရုပ်လုံး ပေါ်လာတဲ့အခါမှာ အတော် သဘောကျသွားပြီးတော့ သူ့ကား မာယာထောင်ချောက်အတွက် နောက်ခံဂီတ တီးပေးမလားလို့တောင် ဝင်းဖေကို လာပြီး ကမ်းလှမ်းပါတယ်။ ဒါကတော့ အတည်ပေါက်နဲ့ နောက်သွားတာ ဖြစ်နိုင်ပါတယ်။ ထားပါတော့ ... ခေါင်းစီး၊ စာတန်း ဂီတအဖြစ်နဲ့ ၃ မိနစ်ခွဲစာလောက် ဂီတကို ဝင်းဖေတို့က ၆ ချိုး တိတိစိတ်ကြိုက် အသံသွင်းယူကြပါတယ်။ နောက်ဆုံး နံပတ် (၆) ကို အကောင်းဆုံးလို့ ရွေးချယ်လိုက်ပါတယ်။ ပြီးတော့မှ အဲဒီ မာစတာခွေကို မောင်တင်ဦး လက်ထဲအပ်လိုက်ပါတယ်။ ခေါင်းစီးစာတန်းတွေကို မန္တလေးမှာပဲ ရိုက်တယ်လို့ မှတ်မိပါတယ်။

ဒါပေမဲ့ စေလိုရာစေ ကားကြီး အားလုံးပြီးစီးသွားလို့ အစမ်း ပြသကြတဲ့အခါမှာ ရှုမဝ ဦးလေးကျော်က ဝင်းဖေကို ဖိတ်ပြီးတော့ ပြသပါတယ်။ အဲဒီအချိန်မှာ ခေါင်းစီးအရုပ်တွေနဲ့ စာတန်းတွေကတော့ အိုကေပါပဲ၊ ဒါပေမဲ့ ဂီတက ဝင်းဖေတို့ ပေးလိုက်တဲ့မူရင်းနဲ့ အများကြီး ကွာခြားနေပါတယ်။ အဓိက တေးသွား မယ်လိုဒီ ပလွေသံပျောက်သလောက် ဖြစ်နေပြီးတော့ စည်းဝါးသံ၊ ဗုံသံတွေပဲ ကဲနေပါတယ်။ ဝင်းဖေတို့ အသံသွင်းယူကြတုန်းက တကယ့် Professional Studio ထဲမှာ တကယ့် ပညာသည်နဲ့ သွင်းယူခဲ့ကြပြီးတော့ Mixing လို့ခေါ်တဲ့ အသံရောနှောမှုအပိုင်းမှာ စိတ်ကြိုက် အချိုးကျ ဖြစ်အောင် လုပ်ခဲ့ကြတာ သေချာပါတယ်။ အဲဒီ ချွတ်ယွင်းချက်ကြီးကို ဝင်းဖေက ရှုမဝ ဦးလေးကျော်ကို ရှင်းပြပြီးတော့ ဝင်းဖေ ပေးလိုက်တဲ့ မာစတာခွေကို ပြန်ဖွင့်ကြည့်ကြဖို့ ပြောပါတယ်။ မာစတာခွေကို ရှာကြတော့ ဘယ်မှာမှ ရှာမရတော့ဘဲ ပျောက်ဆုံးနေတာကို တွေ့ရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရှုမဝ ဦးလေးကျော်နဲ့ မောင်တင်ဦးမှာ တာဝန်မရှိတာ သေချာပါတယ်။ ရန်ကုန်က

ဖလင်ပေါ်ကို အသံကူးပြောင်းပေးရတဲ့ ပညာရှင်တွေက သူတို့လည်း မူရင်းကနေ အသေအချာ ကူးပြောင်း ပေးခဲ့တာပဲလို့ ပြောကြပါတယ်။ ပြန်လုပ်ဖို့ အချိန်က မရှိတော့တဲ့အတွက် ဝင်းဖေက ဒီဂီတကို လုံးဝ မသုံးတော့ဘဲ တခြား ကြိုက်ရာဂီတတစ်ခု ပြောင်းထည့်ဖို့ ရှုမဝဦးလေးကျော်ကိုရော၊ နောက် ကားပိုင်ရှင် မောင်တင်ဦးကိုရော အလေးအနက်၊ တိုက်တိုက် တွန်းတွန်း ပြောကြားပါတယ်။ ဒါပေမဲ့ အဲဒီ မှားယွင်းနေတဲ့ ဂီတကြီးနဲ့ပဲ Positive Copy ၆ ကော်ပီစလုံး ကူးပြီးနေပြီမို့ ပြန်ပြင်ဖို့ မလွယ်တော့ဘူးဆိုပြီးတော့ ဒီအတိုင်းပဲ မြန်မာပြည်အနှံ့ကို ရုံတင်ပြသခဲ့ပါတယ်။

ဒါရိုက်တာကြီး ရှုမဝဦးကျော်ရဲ့ စေလိုရာစေ ရုပ်ရှင်ကားဟာ အလွန် အောင်မြင်ပါတယ်။ အဲဒီကားမှာ ခေါင်းဆောင် ပါဝင်ခွင့်ရကြတဲ့ မင်းသားသစ် ဇော်ဝမ်း၊ မင်းသားသစ် လင်းထင်နဲ့ မင်းသမီးသစ် ဆွေဇင်ထိုက်တို့ဟာလည်း တစ်ကားတည်းနဲ့ တစ်ဟုန်ထိုး အောင်မြင် ကျော်ကြား သွားခဲ့ကြပါတယ်။ ခေါင်းစီး ဂီတကို ဖန်တီးရတဲ့ ဝင်းဖေပဲ အထစ်မရှိတဲ့ လှေကားကို ဆင်းလိုက်ရတာလို ဖြစ်ခဲ့ရ ပါတယ်။ ဝင်းဖေ လွယ်အိတ်ထဲက ခိုးလိုးခုလု ပစ္စည်းလေးတစ်ခုကို တင်ပြလိုက် တာပါ။ ဆက်လက်ပြီးတော့ တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ။ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာ့ရုပ်ရှင်ကို ရန်ကုန်မြို့မှာ စတင်ပါတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်ခင် အင်္ဂလိပ်ခေတ်ကတည်းက ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်မှာ လုပ်ရကိုင်ရတာ အစစ လွယ်ကူမှုရှိတဲ့အတွက် ရန်ကုန်မြို့တော်မှာပဲ ရုပ်ရှင်လုပ်ငန်းတွေကို အများဆုံး လုပ်ကိုင်နေကြတာ ဖြစ်ပုံရပါတယ်။ ရာသီဥတုအခြေအနေအရပြောရရင် ရန်ကုန်မြို့နဲ့ အောက်ပြည်အောက်ရွာ မြစ်ဝကျွန်းပေါ်ဒေသတွေဟာ မိုးများတဲ့နေရာတွေဖြစ်ပြီးတော့ တစ်နှစ်မှာ ၆ လလောက်ပဲ ရုပ်ရှင်ရိုက်လို့ကောင်းတဲ့ နေရောင် ကြည်ကြည်လင်လင် ရတတ်ပါတယ်။

ရှေးက ရုပ်ရှင်ဖလင်တွေဟာ အလင်းရောင်ဆွဲအား အလွန်နည်းပါတယ်။ ဒီကနေ့ခေတ်ဖလင်တွေလို အလင်းဆွဲအား မကောင်းကြသေးပါဘူး။ ဒါနဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်းရဲ့ ၉၀ ရာခိုင်နှုန်းကို အကြောင်းကြောင်းသော အကြောင်းကြောင်းများကြောင့် ရန်ကုန်မှာပဲ လုပ်ဆောင်ခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၅၀ ခုနှစ်တွေမှာတော့ မန္တလေးက ရုပ်ရှင်လုပ်ငန်း စတင်ပါတယ်။ မန္တလေးမြို့တည်ရှိရာ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသဟာ တစ်နှစ်ပတ်လုံးနီးပါး ခြောက်သွေ့နေပြီး တော့ နေရောင်လည်း အလွန်ပေါများတဲ့ဒေသ ဖြစ်ပါတယ်။ မိုးအလွန်နည်းပါတယ်။ မန္တလေးဆိုရင် ပတ်ဝန်းကျင် တောတောင်ရေမြေ ရှုခင်းအမျိုးမျိုး၊ အများအပြားအလွယ်တကူ လက်တစ်ကမ်းမှာ ရှိနေပါတယ်။ ဧရာဝတီမြစ်ကြီးနဲ့ လယ်ယာ ကိုင်း ကျွန်းတွေ၊ သာသနာအဆောက်အဦနဲ့ ဝန်းကျင် အများအပြားရှိတဲ့ စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းတောင်ရိုး၊ နောက်စပါးစိုက်ပျိုးရေးနဲ့ ပတ်သက်လို့ ရွှေဘိုကွင်းကြီး၊ မန္တလေး အရှေ့ဘက်က အောင်ပင်လယ်နဲ့ မဟာနန္ဒာ လယ်ကွင်းကြီးတွေ၊ တစ်နာရီလောက် တောင်ပေါ်တက်လိုက်တာနဲ့ ရှမ်းရိုးမကြီးနဲ့ ပြင်ဦးလွင် မေမြို့၊ တောတွေ တောင်တွေ၊ ရေတံခွန်၊ စိမ့်စမ်းတွေ အများအပြားရှိပါတယ်။ လိုရင်းကိုပြောရရင် တစ်နှစ်ပတ်လုံး ရုပ်ရှင်ရိုက်ဖို့ အကောင်းဆုံးအရပ်ဒေသကြီးပါပဲ။

မန္တလေးမှာ စလိုက်တဲ့ ရုပ်ရှင်ကို မန္တလေး ရုပ်ရှင်ကုမ္ပဏီနဲ့ပဲ စဖွင့်လိုက်တာ ပါပဲ။ မန္တလေးက ထိပ်တန်း ကုန်သည်ကြီး တချို့ အစုရှယ်ယာ

ထည့်ဝင်ကြပြီးတော့ မန္တလေး ဝင်းလိုက် ရုပ်ရှင်ရုံ လုပ်ငန်း ပိုင်ရှင်တွေ ဖြစ်ကြတဲ့ ဝင်း၊ မင်း၊ ဝင်း ညီအစ်ကို တွေနဲ့ အနုပညာနဲ့ ရုပ်ရှင် နည်းပညာဘက် ဆိုင်ရာကို ဓားတန်းဦးသန့်လို ဝါရင့် ဓာတ်ပုံပညာရှင်၊ ဂီတပညာရှင် မြို့မညိန်းလို အနုပညာရှင်၊ ပန်းချီဆရာကြီး ဦးဘသက်လို ပညာရှင်ကြီးတွေ ပါဝင်ဦးဆောင်ကြတာဖြစ်ပါတယ်။ ချက်ချင်း လက်ငင်း အကျိုးစီးပွား၊ အကျိုးအမြတ် ရနိုင်ရေးထက် မြန်မာ့ရုပ်ရှင်ပညာ အဆင့် မြင့်လာရေး၊ ရုပ်ရှင်လုပ်ငန်းပိုမိုကျယ်ပြန့်တိုးတက်လာနိုင်ရေး စတာတွေကို ပိုပြီး ရှေးရှု ကြိုးပမ်းခဲ့ကြပါတယ်။

မန္တလေးရုပ်ရှင် စတင်ထူထောင်စဉ်က ဗ ဆ ပ လ အစိုးရခေတ်၊ ဒီမိုကရေစီ ခေတ်ဖြစ်ပါတယ်။ မန္တလေးရုပ်ရှင်မှာအသုံးပြုဖို့ စက်မှု ပစ္စည်းတွေကို နိုင်ငံခြားက တိုက်ရိုက်တင်သွင်းဖို့ ခွင့်ပြုချက်လိုင်စင် ရယူပြီးတော့ လွတ်လွတ်လပ်လပ် ထူထောင် နိုင်ကြတဲ့ ခေတ်အခါဖြစ်ပါတယ်။ မန္တလေး ရုပ်ရှင်ခြံကြီးကို နှင်းဆီခြံအရပ်မှာရှိတဲ့ ဦးအေးမောင်၊ ဒေါ်လှမေ တို့ပိုင်တဲ့ ခြံကြီးထဲမှာ စတင် မ,တည်ဆောက်လုပ်ခဲ့ကြ ပါတယ်။ စတူဒီယိုကြီးအပါအဝင် ကားကူး၊ ကားဆေးခန်းတွေ၊ ကားဆက်ဌာနတွေ... အဲဒီ ခြံကြီးထဲမှာပဲ၊ တစ်နေရာတည်း မတည်ဆောက်လုပ်ထားပါတယ်။ အဲဒီခြံကြီးဟာ ဝင်းဖေတို့ငယ်စဉ်က ကစားခဲ့ကြတဲ့ ခြံကြီးပဲဖြစ်ပါတယ်။ ဒီတုန်းက မြို့မ ဦးလေးညိန်း ကလည်း မကွယ်လွန်သေးပါဘူး။ မန္တလေးရုပ်ရှင်ရဲ့ ဂီတပိုင်းကို တာဝန်ယူဖို့ စမ်းသပ် ဂီတတွေနဲ့ ဂီတသတင်းကား စမ်းသပ်၊ ရိုက်ကူးထုတ်လွှင့်မှုတွေတောင် စကင် လုပ်ဆောင်ခဲ့ပါတယ်။

မြန်မာပြည် ရုပ်ငြိမ်ဓာတ်ပုံပညာ လောကမှာ အလွန်ဩဇာကြီးနေပြီးဖြစ်တဲ့ ဓားတန်းဦးသန့်က ရုပ်ရှင်ဓာတ်ပုံပညာပိုင်းကို ဝင်း၊ မင်း၊ ဝင်း ညီအစ်ကိုတွေနဲ့ တွဲပြီးတော့ ဦးဆောင်ပါတယ်။ ရုပ်ရှင်ဆက်တင်ပိုင်းကို ပန်းချီဆရာကြီး ဦးဘသက်က ပံ့ပိုးကူညီပေးပါတယ်။ ပန်းချီဆရာကြီး ဦးဘသက်နဲ့ မြို့မဦးလေးညိန်းတို့နဲ့အတူ ဝင်းဖေနဲ့ ပန်းချီပေါ်ဦးသက်တို့လည်း မန္တလေးရုပ်ရှင်ခြံထဲကို ရောက်ကြရပါတော့ တယ်။ အဲဒီအချိန်မှာ ဝင်းဖေက အသက် ၂၀ နီးပါး ကောလိပ်ကျောင်းသားကြီး ဖြစ်နေပါပြီ။ ဝင်းဖေဟာ ရုပ်ရှင်ပညာကို အလွန်ဝါသနာကြီးပြီး ကြိုက်နှစ်သက်ခဲ့ပေမဲ့... ရုပ်ရှင်ပညာဆိုတာ အလွန်ခက်ခဲရှုပ်ထွေးတယ်၊ အနုပညာပေါင်းစုံ ပါဝင်နေတဲ့ အနုပညာဟင်းလေးအိုးကြီးဖြစ်တယ်လို့ ယုံကြည်နေတာကြောင့် ရုပ်ရှင်ဒါရိုက်တာ လုပ်ရေးစတာတွေကို အဲဒီအချိန်က အိပ်မက်တောင် မမက်ရဲခဲ့ပါဘူး။

ပေါ်ဦးသက်နဲ့ ဝင်းဖေတို့ မန္တလေး ရုပ်ရှင်ခြံထဲ ရောက်ကြရတယ်ဆိုတာ

သူတို့ဆရာကြီး ဦးဘသက်ကို အကူအညီပေးကြဖို့မျှသာ ဖြစ်ပါတယ်။ နောက် ဝင်းဖေ နှစ်ပေါင်းအစိတ်လောက် ရုပ်ရှင်တွေ ရိုက်ဖြစ်ခဲ့ပေမဲ့ ဝင်းဖေ ယုံကြည်ရင်းစွဲဖြစ်တဲ့ ရုပ်ရှင်အနုပညာဟာ အလွန် ခက်ခဲနက်နဲတယ်၊ အနုပညာပေါင်းစုံ ယှက်နွယ်ပေါင်းစပ် ထားတဲ့ အနုပညာ ဟင်းလေးအိုးကြီးပါပဲဆိုတဲ့ ယုံကြည်မှုကတော့ အခုထက်တိုင် ဒီအတိုင်းပဲ ရှိနေဆဲပဲဖြစ်ပါတယ်။ မန္တလေးရုပ်ရှင် ပေါ်ပေါက်လာပြီး နောက်ဆက်တွဲ အကျိုးဆက်တွေကို ဝင်းဖေသိသလို ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာ့ရုပ်ရှင်လောကအတွက် ၁၉၅၀ ခုနှစ်များဆီက မန္တလေးရုပ်ရှင် ထုတ်လုပ်မှု စတင်ခဲ့ခြင်းဟာ ကောင်းမြတ်တဲ့ အလားအလာကြီးတစ်ရပ် ဖြစ်ခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ကူးရေးအတွက် ကောင်းမွန်တဲ့ အခြေခံအချက်အလက်တွေ မန္တလေးဝန်းကျင်မှာ ပေါများကြွယ်ဝတဲ့အတွက် ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ မန္တလေးဝန်းကျင်ဟာ မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဖြစ်တဲ့အတွက် ရုပ်ရှင်ဓာတ်ပုံအရည် အသွေးအတွက် အထူးအရေးကြီးတဲ့ နေရောင်ခြည် တောက်ပကြည်လင်အားကောင်း ခြင်းနဲ့ ပေါများခြင်း ဖြစ်ပါတယ်။ မိုးနည်းတဲ့အတွက် ရုပ်ရှင်ရိုက်ကူးဖို့ သွားရေး၊ လာရေး၊ လှုပ်ရှားရေး အခွင့်အလမ်း သာလှပါတယ်။

မန္တလေးမြို့ဟာ ရန်ကုန်လောက် ခေတ်သစ်မြို့တော် မဆန်လှပေမဲ့ ရန်ကုန်နဲ့ ကွာဟမှုမှာ တခြားမြို့ကြီးတွေထက် နည်းပါးပါတယ်။ ရန်ကုန်ပြီးလျှင် ခေတ်အမီဆုံး မြန်မာမြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ ရန်ကုန်ထက် အခွင့်အလမ်းသာတဲ့အချက်က မန္တလေးမြို့ကြီးမှာ နောက်ဆုံးမြန်မာမင်းဆက် စိုးစံခဲ့တဲ့အတွက် မြန်မာ့ရိုးရာ၊ မြန်မာ့ ဓလေ့၊ မြန်မာ့ထုံးတမ်း၊ မြန်မာ့ယဉ်ကျေးမှုအများအပြား မန္တလေးနဲ့ မန္တလေးဝန်းကျင်မှာ အများကြီး ကျန်ရှိနေခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မန္တလေး ကျုံး၊ မြို့ရိုးကြီးတွေ၊ မန္တလေး ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးတွေဟာ အလွန်ထူးခြားတဲ့ ဝန်းကျင်တွေ ဖြစ်ပါတယ်။ ဘာသာရေး ကျောင်းကန်ဘုရားတွေ အများဆုံး စုရုံးတည်ရှိတဲ့ စစ်ကိုင်းမင်းဝံတောင်ရိုးကြီးဟာလည်း မန္တလေးရဲ့အနောက်ဘက် ဧရာဝတီမြစ်ကြီးကို ကူးလိုက်ရုံနဲ့ ရောက်သွားနိုင်တဲ့ ထူးခြားသာယာလှပတဲ့ ရုပ်ရှင်ရိုက်ကွင်းကြီး ဖြစ်ပါတယ်။ အဲဒီခေတ်က မြန်မာပြည်ရဲ့အကြီးဆုံး မြစ်ကူးတံတားကြီးဖြစ်တဲ့ အင်းဝ တံတား၊ စစ်ကိုင်းတံတားကြီးဟာလည်း မန္တလေးမြို့ရဲ့တောင်ဘက်၊ ၁၀ မိုင်လောက်ပဲ ဝေးပါတယ်။ လယ်ယာစိုက်ပျိုးရေးမျိုးစုံဟာလည်း မန္တလေးကို ဝန်းရံထား ပါတယ်။ ဧရာဝတီမြစ်ကြီးနဲ့ မြစ်တွင်း လယ်ယာကိုင်းကျွန်းတွေ၊ တံငါလုပ်ငန်းတွေ၊ မြစ်ကြောင်းကုန်သွယ်ရေး ဈေးလှေကြီးတွေ၊ သင်္ဘောတွေ၊ မော်တော်တွေဟာလည်း မန္တလေး ဂေါဝိန်ဆိပ်ကမ်းတစ်လျှောက်မှာ စည်ကားများပြားလှပါတယ်။ မန္တလေး အရှေ့ဘက် မိုင်အနည်းငယ်သွားလိုက်တာနဲ့ ရှမ်းရိုးမတောင်ခြေကို ရောက်ပါတယ်။ မိုင် ၂၀ လောက် ပြင်ဦးလွင်ကို တက်လိုက်တာနဲ့ တောကြီးမျက်မည်းရော၊ စိမ့်တွေ စမ်းတွေရော၊ လျှိုမြောင်

ချောက်ကမ်းပါးတွေရော၊ ရှမ်းရွာ၊ ခနုရွာ စတဲ့ လူမျိုးစုရွာ၊ ကျေးလက်တွေဟာ မန္တလေးရဲ့ လက်တစ်ကမ်းမှာပဲ ရှိနေကြပါတယ်။

အဲဒီလို ရုပ်ရှင်လုပ်ငန်းအတွက် ပတ်ဝန်းကျင် ပြည့်စုံကောင်းမွန်တဲ့အတွက် မန္တလေးရုပ်ရှင် ထူထောင်ပြီး မကြာခင်ခဏအတွင်းမှာပဲ ရွှေမန်း ရုပ်ရှင်ကုမ္ပဏီနဲ့ ရုပ်ရှင်ခြံ၊ နောက် ဘီသုံးလုံး ရုပ်ရှင်ခြံ၊ နောက် မဟာဒေဝီရုပ်ရှင်ခြံနဲ့ စတူ ဒီယိုကြီး ... စတာတွေ အသီးသီး မှိုလိုပေါက်လာပါတော့တယ်။ မန္တလေး ရုပ်ရှင် ကုမ္ပဏီကြီးကလည်း ထိပ်တန်း မြန်မာ့ရုပ်ရှင်ဒါရိုက်တာကြီးတွေဖြစ်ကြတဲ့ ... ဆရာ ဦးသုခနဲ့ ဆရာရွှေဒုံးဘီအောင်တို့ကို ငှားရမ်းပြီးတော့ ... ဘဝသံသရာနဲ့ ဤလူ့ဘောင်တွင် ... ဆိုတဲ့ ခိုင်ခန့်ကြီးကျယ်တဲ့ ဇာတ်အိမ်၊ ဇာတ်လမ်းတွေနဲ့ ရိုက်ကူး ထုတ်လုပ်ခဲ့ပါတယ်။ မြန်မာ့ရုပ်ရှင်လောကကြီး တစ်ခုလုံးအတွက် စံပြုစရာ ထုတ်လုပ် မှုတွေ ဖြစ်တဲ့အတွက် မြန်မာ့ရုပ်ရှင်သမိုင်းမှာ ထူးခြားတဲ့ ပြောင်းလဲတိုးတက်မှုတစ်ရပ် ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ... ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံမှာ စစ်တပ်က အာဏာသိမ်းလိုက်တာနဲ့အတူ တစ်တိုင်းပြည်လုံး ဆင်းရဲမွဲတေ ကျဆုံးသွားစေတဲ့ ပြည်သူပိုင် ဆိုရှယ်လစ်စီးပွားရေးကြောင့် ရုပ်ရှင် ဖလင်ကုန်ကြမ်းတွေ ဆုတ်ယုတ် ရှားပါးသွားပါတယ်။ စစ်အစိုးရက ချုပ်ကိုင်ပါတယ်။ ဒါ့ကြောင့် အဓိက ရုပ်ရှင်ကုန်ကြမ်းဖြစ်တဲ့ ရုပ်ရှင်ဖလင်ဝယ်ယူရေးကို စစ်အစိုးရက ချုပ်ကိုင်လိုက်ပါတယ်။ နောက် ရုပ်ရှင်စိစစ်ရေး (ဆင်ဆာ) ကြောင့် ရုပ်ရှင်ရိုက်ကူးရေးတွေ ကျပ်တည်း၊ ကျဉ်းမြောင်းလာပြီးတော့ ... ရုပ်ရှင်လုပ်ငန်းဟာ ရန်ကုန်မှာပဲ လုပ်မှဖြစ်တော့မယ်... ဆိုတဲ့အခြေအနေကို ပြန်ပြီးတော့ လျှောကျသွားခဲ့ရပါတယ်။

အဲဒီလိုနဲ့ပဲ ... စစ်အာဏာပိုင်တွေတစ်သက် မြန်မာ့ရုပ်ရှင်လုပ်ငန်းဟာ တစ်ဆင့်ပြီးတစ်ဆင့် နိမ့်ကျလာရာက နောက်ဆုံး ထုတ်လုပ်ရေးဟာ တစ်နှစ်တစ်နှစ်မှာ... လေးငါးကားပဲ ရိုက်နိုင်တော့တဲ့ အခြေအနေကို ရောက်လာရပါတော့တယ် ခင်ဗျား။ ဆက်လက်တင်ပြပါ့မယ်။

ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

၁၈၈၅ ခု မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့လက်အောက် ကျရောက်သွားချိန်က စပြီးတော့ နှစ်ပေါင်း ၄၀ ကျော် မြန်မာနိုင်ငံဟာ အိန္ဒိယနဲ့တွဲပြီးတော့ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုအဖြစ် ဗြိတိသျှတို့က မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့ကြပါတယ်။ နောက်မှ ဒုတိယကမ္ဘာစစ်မဖြစ်ခင် မြန်မာနိုင်ငံကို အိန္ဒယနဲ့တွဲပြီးတော့ အုပ်ချုပ်ရမှာလား၊ ခွဲပြီး အုပ်ချုပ်ရမှာလားဆိုပြီးတော့ တွဲရေး၊ ခွဲရေး ပြဿနာ ဖြစ်လာပါတယ်။ မြန်မာတွေ က ခွဲရေးကို တောင်းဆိုခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်း အဖြစ်ကနေ သီးခြားခွဲပြီးတော့ ဗြိတိသျှတို့က ပြောင်းလဲအုပ်ချုပ်ပါတယ်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရုပ်ရှင်များတွင် အထူးသဖြင့် အမေရိကန်ရုပ်ရှင်တွေနဲ့ အိန္ဒိယရုပ်ရှင်တွေ တင်သွင်းခဲ့ရာမှာ ... အိန္ဒိယ-မြန်မာ တွဲနေစဉ်က အိန္ဒိယရဲ့ ပြည်နယ် တစ်နယ်ဈေးကွက်အနေနဲ့ ရုပ်ရှင်ကားငှားခတွေ အလွန်သက်သာ လျော့နည်းခဲ့ပါတယ်။ အိန္ဒိယမြန်မာ ခွဲပြီးချိန်မှာလည်း နိုင်ငံခြားရုပ်ရှင်ကားငှားခတွေဟာ အပြောင်း အလဲမရှိဘဲ ဆက်လက် သက်သာနေခဲ့ပြီးတော့ ... ဒုတိယကမ္ဘာစစ်ပြီးလို့ မြန်မာပြည် လွတ်လပ်ရေးရပြီးသည့်တိုင်အောင် နိုင်ငံအနေနဲ့ ရုပ်ရှင်ကားငှားခတွေ ဆက်လက် သက်သာနေခဲ့ပါတယ်။ အဲဒီလိုသက်သာတဲ့အတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ အတွက် နိုင်ငံခြားရုပ်ရှင်ကားတွေ အများအပြား ကြည့်ရှုလေ့လာခွင့် ရရှိနေခဲ့ကြပါတယ်။ ဒီမိုကရေစီ ပါလီမန်စနစ်နဲ့အုပ်ချုပ်တဲ့ ဖ-ဆ-ပ-လ ခေတ် တစ်လျှောက်လုံး နိုင်ငံခြားရုပ်ရှင်ကားငှားခများ ဆက်လက် သက်သာနေခဲ့ပါတယ်။

ဒါပေမဲ့ ... ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် မြန်မာ နိုင်ငံ ရုပ်ရှင်ပြသမှုလုပ်ငန်းကြီးတစ်ရပ်လုံးကို ပြည်သူပိုင် သိမ်းပြီးချိန်က စပြီးတော့ စီးပွားရေးဆက်ဆံမှုအသစ်တွေ စတင်တဲ့အတွက် နိုင်ငံခြားရုပ်ရှင်ကား ငှားခ ဈေးနှုန်းများ အကြီးအကျယ် တိုးမြင့်သွားပါတော့တယ်။ ဘာ့ကြောင့်၊ ဘယ်သူ့ကြောင့်၊ ဘယ်လိုဘယ်လို ဈေးနှုန်းတွေတက်သွားတယ် ဆိုတဲ့ အသေးစိတ်တွေကို တော့ ... ထုံးစံအတိုင်း မြန်မာပြည်သူလူထုက သိခွင့်မရခဲ့ကြပါဘူး။ စစ်အစိုးရရဲ့ မကျွမ်းကျင်မှုတွေက ထိပ်တန်းအကြောင်းအရင်းတွေအဖြစ် ရှိနေမှာ သေချာ ပါတယ်။ မြန်မာရုပ်ရှင်လောက စု၊ တု၊ ပြု ဖြစ်စဉ်မှာ ... စုခွင့်၊ တုခွင့်နဲ့ ပတ်သက်

လို့ အခွင့်အလမ်းတွေ အများကြီးလျော့နည်းသွားခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အတွက် နိုင်ငံခြားရုပ်ရှင်ကားများဖြန့်ချိရေးကို ပုဂ္ဂလိကဝန်ထမ်း သုံးလေးဆယ်နဲ့ နိုင်နိုင်နင်းနင်း လုပ်ကိုင်ခဲ့ကြရာက မဆလ စစ်အစိုးရလက်ထက် နိုင်ငံခြားရုပ်ရှင် ကားများဖြန့်ချိရေးကို ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်၊ မြန်မာ့ရုပ်ရှင် ကော်ပို ရေးရှင်းက ကိုင်တွယ်ရာမှာ ဝန်ထမ်းရာချီခန့်ထား လုပ်ဆောင်ကြရပါတော့တယ်။ နောက် တစ်နိုင်ငံလုံး ဝန်ထမ်းထောင်ချီ ခန့်ထားပြီးတော့တောင် လုပ်ဆောင်ခဲ့ကြရ ပါတယ်။ စစ်အစိုးရလက်အောက် ... လူများပြီးတော့ ပွဲမစည်တဲ့လုပ်ရပ်တစ်ခုဖြစ်ပါတယ်။ စစ်အစိုးရရဲ့ ပြည်သူပိုင်စီးပွားရေးစနစ်ကြောင့် မြန်မာ့ရုပ်ရှင်အတွက် အခြေခံ ကုန်ကြမ်း ရုပ်ရှင်ဖလင်ဈေးကွက်ဟာလည်း စစ်အစိုးရချုပ်ကိုင်တဲ့ ပြည်သူပိုင်စီးပွားရေး လက်ထဲကို ကျရောက်သွားပါတယ်။

လွတ်လပ်တဲ့ စီးပွားရေး၊ ဈေးကွက်စီးပွားရေး၊ ပုဂ္ဂလိက စီးပွားရေးခေတ်က ရုပ်ရှင်ဖလင်ရိုင်းတွေကို ပုဂ္ဂလိက ကုမ္ပဏီတွေက သွင်းကုန်လိုင်စင်နဲ့ သွင်းယူပြီးတော့ ရုပ်ရှင်ထုတ်လုပ်သူတွေကို တစ်ဆင့် လက်လီ ပြန်လည်ရောင်းချပေးကြပါတယ်။ အဓိကအားဖြင့် ဓာတ်ပုံပစ္စည်းတွေကို ရောင်းချတဲ့ AHUJA ကုန်တိုက်တွေက ဝယ်ယူ ကြရပါတယ်။ ဖလင်ကုန်ကြမ်း သွားဝယ်တဲ့အခါမှာ ဆိုင်တွေက အလွန်ညှော်ဝတ်ကျေ ကြပြီးတော့ ငွေကြေးအဆင်မပြေသေးရင်တောင်မှ အကြွေးစနစ်နဲ့တောင် ဝယ်ယူ နိုင်ကြပါတယ်တဲ့။ စစ်အစိုးရလက်ထက် ပြည်သူပိုင်စီးပွားရေးခေတ် ရောက်လာတဲ့ အခါမှာ အကြီးအကျယ်စီးပွားရေးကျဆင်းတဲ့အတွက် နိုင်ငံခြားငွေကြေးတွေလည်း ပြတ်လပ်ကုန်ပါတယ်။ နိုင်ငံခြားက တင်သွင်းပေးရမယ့် ရုပ်ရှင်ဖလင်ရိုင်းတွေအတွက် နိုင်ငံခြားငွေ မရှိဘူးဆိုပြီးတော့ မြန်မာ့ရုပ်ရှင်သမားတွေကို ဖလင်ရောင်းချပေးဖို့ ငြိုငြို ငြင်ငြင်တွေ လုပ်လာပါတော့တယ်။

မြန်မာရုပ်ရှင်ကားတွေက အမြတ်ခွန်ငွေတွေ အများကြီးရပေမဲ့ အဲဒီငွေတွေ ဟာ မြန်မာငွေတွေသာ ဖြစ်တယ်လို့ တာဝန်ခံ စစ်ဗိုလ်ကြီးတွေက မဆင်မခြင် ပြောတတ်ကြပါတယ်။ မြန်မာငွေတွေကိုပဲ တန်ဖိုးမဲ့လေဟန် အသိခေါက်ခက် အဝင် နက် ပြောတတ်ကြပါတယ်။ နိုင်ငံခြားငွေမတတ်နိုင်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ မြန်မာရုပ်ရှင်လောကက လိုအပ်တဲ့ဖလင်အရေအတွက်ကို အကြီးအကျယ် ဖြတ်တောက် ပစ်ပါတယ်။ ဥပမာ ... ဖလင် ပေ ၁၀၀ လိုအပ်တဲ့ နေရာမှာ ၁၀ ပေလောက်တောင် ပြည့်အောင် မပေးနိုင်တော့တဲ့ အခြေအနေနဲ့ နှစ်ပေါင်း သုံးလေးဆယ်အချိန်တွေ အလဟဿ ဖြစ်စေခဲ့ပါတယ်။ မြန်မာ့ရုပ်ရှင်နယ်မှာ နင်းကျိုးနင်းကျဲ ဖြစ်နေရတာနဲ့

ပတ်သက်လို့ စစ်အစိုးရအဆက်ဆက် စီမံခန့်ခွဲအုပ်ချုပ်မှု ညံ့ဖျင်း ကျရှုံးရတဲ့အပေါ်မှာ အများကြီးအခြေခံပါတယ်။ မြန်မာရုပ်ရှင်အနုပညာအပါအဝင် အနုပညာအားလုံး တိုးတက်ဖွံ့ဖြိုးမှုရှိဖို့ ပထမအခြေခံအားဖြင့် ... တိုင်းပြည်မှာ ငြိမ်းချမ်းတည်ငြိမ် နေဖို့လိုပါတယ်။ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေး ဘက်စုံတည်ငြိမ်ဖို့၊ ခိုင်ခံ့ဖို့၊ တိုးတက်နေဖို့ မရှိမဖြစ်လိုအပ်ပါတယ်။ မြန်မာ့နိုင်ငံရေး နင်းကျိုးနင်းကျဲ အခြေအနေအရုပ်ရုပ်နဲ့ကိုက်ညီတဲ့ မြန်မာ့ရုပ်ရှင် နင်းကျိုးနင်းကျဲ ဖြစ်နေမှုအတွက် မြန်မာရုပ်ရှင် အနုပညာသည်များမှာ အဓိက တာဝန် မရှိတာကို တွေ့ရပါတယ်။ ဆက်လက်တင်ပြပါ့မယ်။

ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာ့ရုပ်ရှင်သက်တမ်း ဟာ စိန်ရတုသမယကို အများကြီး ကျော်လွန်ခဲ့ပြီ ဖြစ်ပါတယ်။ မြန်မာ့ ရုပ်ရှင်သက်တမ်း တစ်လျှောက်မှာ ထူးခြားတဲ့ ဝိသေသများနဲ့ ထင်ရှား တဲ့ခေတ်တွေ ရှိခဲ့ပါတယ်။ မြန်မာ့ ရုပ်ရှင် စတင်ချိန်မှာ တခြားနိုင်ငံ တိုင်းမှာလိုပဲ ရုပ်ရှင်မပေါ်ခင်က ရှိနှင့်တဲ့ ဇာတ်စင်၊ ဇာတ်သဘင်တွေနဲ့ရုပ်ရှင် မကွဲမပြား ရောထွေးယှက်တင် ဖြစ်နေခဲ့တာမျိုးတွေ ဖြစ်ပါတယ်။ စင်တင် ဇာတ်သဘင်တွေမှာ သဘင်မြင်ကွင်းဟာ ဇာတ်စင်ပုံသေမြင်ကွင်း ဖြစ်ပါတယ်။ ဇာတ်ကောင်တွေကို တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး မြင်ကြရပါတယ်။ ရုပ်ရှင်မှာလို ခေါင်းပိုင်း၊ ခါးပိုင်း၊ ခြေထောက်ပိုင်း၊ လက်ပိုင်း စသဖြင့် ဖြတ်တောက်ပြီးတော့ အနီးကပ်ပြလို့မရပါဘူး။ ရုပ်ရှင်ကားတွေ စရိုက်ကြတဲ့အခါမှာ ဇာတ်စင်မှာ ပြသလို ပြဖို့ပဲ အကျင့်ပါနေကြပါတယ်။ အနီးကပ်ပြကွက်တွေ မပြချင်ကြပါဘူး။ မပြရဲကြပါဘူး။ အနီးကပ်ပြကွက်တွေ ဖြတ်တောက်ပြရဲသူတွေ ရှိခဲ့ရင်လည်း ပရိသတ်က ပထမ လက်မခံကြပါဘူး။ ပါဝင်တဲ့ဇာတ်ကောင်တွေကို တစ်ကိုယ်လုံး ပြည့်ပြည့်စုံစုံ မြင်ကြ ရမှ ကျေနပ်ကြပါတယ်။ နောက် စင်တင်ပြဇာတ်၊ ဇာတ်သဘင်တွေမှာ သဘာဝနဲ့ အတော် ကွာဟနေတတ်ပါတယ်။ ဥပမာအားဖြင့် ... တောခန်း၊ တောင်ခန်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာ စတာတွေကို နောက်ခံ ပန်းချီကားလိပ်တွေနဲ့ အဖြစ်လောက်ပဲ ပြကြရပါတယ်။ ဒါတွေကြောင့် ဇာတ်သဘင် တင်ဆက်မှုတွေမှာ အဆို၊ အက၊ ယိမ်းတွေနဲ့ ထိုး၊ ညှပ်၊ ပူးတွဲပြီးတော့ တင်ဆက်တတ်ကြပါတယ်။

အိန္ဒိယက ထုတ်လုပ်တဲ့ရုပ်ရှင်တွေဆိုလျှင် ဒီကနေ့ထက်တိုင် အဆိုတွေ၊ အက တွေ မြိုင်မြိုင်ဆိုင်ဆိုင် ထည့်ပြီးတော့ တင်ဆက်နေကြတုန်း ဖြစ်ပါတယ်။ ဒါက အိန္ဒိယရုပ်ရှင်ကားတွေရဲ့ ဈေးကွက်ကြီးမှာရှိတဲ့ ပရိသတ်ရဲ့အရည်အသွေးနဲ့ ဆိုင်ပါတယ်။ ရှေးဦး မြန်မာရုပ်ရှင်ကားတွေမှာလည်း အဆို၊ အကတွေ၊ ယိမ်းတွေ အများကြီး ထည့်ပြီးတော့ တင်ဆက်ခဲ့ရဖူးပါတယ်။ အဲဒီခေတ်က မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ် ကလည်း အလွန်ကြိုက်နှစ်သက်ကြ၊ လက်ခံအားပေးခဲ့ကြပါတယ်။ ထူးခြားတဲ့ ဇာတ်ဝင်စကားပြောခန်းတွေကို ဇာတ်ဆောင်အချင်းချင်း သီချင်းတွေနဲ့ အချီအချ သီဆိုပြီးတော့ လှုပ်ရှားမှုတွေကလည်း ကဟန်တွေနဲ့ တင်ဆက်ခဲ့ကြတာတွေရှိပါတယ်။ စင်တင်ဇာတ်သဘင် အလေ့အကျင့်တွေကို လွယ်လွယ်နဲ့ မစွန့်နိုင်ကြတာ

ဖြစ်ပါတယ်။ အဲဒီလို ရုပ်ရှင်ဇာတ်ဝင်သီချင်း ဆိုခန်းတွေဟာ ၁၉၆၀ ခုနှစ် နောက်ပိုင်းတွေ အထိတောင် မြန်မာ့ရုပ်ရှင်မှာ အသုံးပြုခဲ့ကြပါတယ်။

အဲဒီလို ဇာတ်ဝင်သီချင်းဆိုခန်းတွေ အလွန်ခေတ်စားချိန် ၁၉၅၀ ခုနှစ်တွေက ဆိုရင် မြန်မာရုပ်ရှင်ကားတစ်ကားမှာ အနည်းဆုံး ဇာတ်ဝင်သီချင်း ၅ ခန်းလောက် ထည့်ကို ထည့်ကြရပါတယ်။ မထည့်ရင် ဇာတ်ကားဝင်ငွေ ကျဆင်းသွားနိုင်ပါတယ်။ ယိမ်းတွေထည့်တဲ့ ခေတ်ကသိပ်မကြာလှပါဘူး။ ဇာတ်ဝင်သီချင်းဆိုခန်း ခေတ်က ဒုတိယကမ္ဘာစစ်မဖြစ်ခင် အသံထွက်ကားတွေ စတင်ချိန်နဲ့ စစ်ပြီးခေတ် အနှစ် ၂၀ လောက် ... အားလုံး နှစ်ပေါင်း ၃၀ လောက်တောင် ကြာရှည်ခဲ့ပါတယ်။ နောက် ထင်ရှားသိသာတဲ့ ခေတ်တစ်ခေတ်က ထိုးခန်း၊ ကြိတ်ခန်း၊ သတ်ပုတ်ခန်းတွေနဲ့ ဒိုင်ဇင် ထိုးတဲ့ပြကွက်များခေတ် ဖြစ်ပါတယ်။ လူတွေဟာ လူအချင်းချင်း သတ်တာ၊ ပုတ်တာ၊ ရန်ဖြစ်တာ၊ ထိုးကြိတ်ကြတာတွေကို စိတ်ဝင်စားတတ်ကြပါတယ်။ ခွေးနှစ်ကောင် ကိုက်တာကိုတောင် ဝိုင်းကြည့်တတ်ကြတယ်ဆိုတဲ့ စကားနဲ့တောင် တင်စားပြောဆိုခံကြရပါတယ်။ မြန်မာရုပ်ရှင်လောကမှာ ထိုးကြိတ်သတ်ပုတ်ခန်းတွေ ခေတ်စားခဲ့တာ မဆန်းပေမဲ့ ဒိုင်ဇင်ထိုးခန်း၊ ရှေ့ကျွမ်း/နောက်ကျွမ်းပစ်တာတွေ ခေတ်စားခဲ့တာကတော့ အတော်ထူးခြားပါတယ်။

ကမ္ဘာ့ရုပ်ရှင်ကို စတင်ခဲ့တဲ့ အမေရိကန်ရုပ်ရှင်တွေ၊ အိန္ဒိယရုပ်ရှင်တွေဟာ မြန်မာ့ရုပ်ရှင်လောကကို အများဆုံးလွှမ်းမိုးရှေ့ဆောင်မှုတွေရှိခဲ့တာ သေချာပါတယ်။ အထူးသဖြင့် အမေရိကန်ကားတွေမှာ သတ်တာ၊ ပုတ်တာ၊ ပစ်ခတ်ထိုးကြိတ်တာတွေ အပြများခဲ့တာရှိပေမဲ့ ဒိုင်ဇင်ထိုးတဲ့ကိစ္စက သိပ်များများစားစားမတွေ့ခဲ့ရပါဘူး။ ဒိုင်ဇင် ထိုးတာတွေကို များများစားစား အသားပေးတဲ့ကိစ္စကတော့ မြန်မာ့ရုပ်ရှင်ရဲ့ ကိုယ်ပိုင် အကြိုက်ဖြစ်ပုံရပါတယ်။ မြန်မာ့ရုပ်ရှင်လောကမှာ မင်းသားကောင်းတစ်ယောက်ဖြစ်ဖို့ ဒိုင်ဇင်ထိုးတတ်ရမယ်ဆိုတဲ့ အခြေအနေအထိရောက်ခဲ့ဖူးပါတယ်။ စတန့်မင်းသား ကျော်ဟိုးတို့၊ ကျော်မိုးတို့က စပြီးတော့ ရဲခေါင်ချစ်ရွှေတို့၊ ကျော်အေးတို့ စသဖြင့် ... နောက်ဆုံး သဘာဝမင်းသားကြီးလို့ကျော်ကြားတဲ့ ဇေယျကြီးတို့ ခေတ် အထိ ဒိုင်ဇင်ခေတ်က ရှိနေဆဲဖြစ်ပါတယ်။ ကာယဗလသမား၊ မင်းသားကြီးဇေယျ ငယ်စဉ်က ဒိုင်ဇင်ထိုးတာကိုပါ လေ့ကျင့်ခဲ့ရတာကို ဝင်းဖေတို့ ငယ်ငယ်က မြင်တွေ့ခဲ့ရ ဖူးပါတယ်။ နောက် သဘာဝနဲ့ အချစ်မင်းသား ကျော်ရွှေ၊ နောက် ရွှေဘတို့ တင်ညွန့်တို့လည်း ဒိုင်ဇင်ထိုးခဲ့ကြရပါတယ်။ ဒိုင်ဇင်ထိုးတဲ့ ပြကွက်တွေဟာ လူကြိုက် များလွန်းတော့ အရပ်ထဲက လူငယ်တွေအကြားမှာလည်း ဒိုင်ဇင်ထိုးကြတာတွေ အလွန် ခေတ်စားခဲ့ပါတယ်။ အများအားဖြင့်ကတော့ အကျယ်ကျယ်သာတဲ့ မြစ်တွေ၊ ချောင်းတွေ ထဲမှာ ရေကူးရင်း

ကမ်းပါးတွေပေါ်က နောက် သစ်ပင်တွေပေါ်က၊ သစ်ကိုင်းတွေ ပေါ်က ဒိုင်ဗင်ထိုးကြပါတယ်။ ဒိုင်ဗင်အထိုးကောင်းလို့ ကျိုးတာ၊ ပဲ့တာ၊ အသက်ဆုံးရှုံးခဲ့ကြတာတွေလည်း မနည်းလှပါဘူး။ အဲဒီလို ဒိုင်ဗင်ခေတ်ကလည်း နှစ်ပေါင်း ၂၀ နီးနီးလောက် ရှိခဲ့ပါတယ်။ ဇာတ်ဝင်သီချင်းတွေကို ဇာတ်ဆောင် မင်းသား၊ မင်းသမီးတွေကိုယ်တိုင် သီဆိုကြတဲ့ခေတ်ကတော့ BG Back Ground လို့ခေါ်တဲ့ နောက်ခံသီချင်းပဲသုံးတဲ့ အစားထိုးမှုနဲ့ လျော့နည်းပျောက်ကွယ်သွားပါတယ်။ ဒိုင်ဗင် ထိုးတဲ့ ခေတ်ကတော့ ဂျူဒို၊ ကရာတေးတွေ၊ ကွန်ဖူးတွေ၊ တိုက်ကွမ်ဒိုတွေ အစားဝင် လာပြီးတော့ လျော့နည်းပျောက်ကွယ်သွားပါတယ်။ ဆက်လက်တင်ပြပါ့မယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာရုပ်ရှင်ပညာရှင် ဒါရိုက်တာကြီး ရွှေဒုံး(ဦး)ဘီအောင်က ... အရုပ်ကလေးတွေကို လှုပ်နေအောင်၊ ရှင်နေအောင်၊ လုပ်ထားလို့ ရုပ်ရှင်လို့ခေါ်တာပေါ့ကွာ ... လို့ ရယ်စရာပြောဖူးပါတယ်။ ရုပ်ရှင်ဖလင်နဲ့ရိုက်ကူးရတဲ့ ရုပ်ရှင်ပညာပေါ်ပေါက်ခဲ့တာ နှစ် ရာကျော်ပါပြီ။ ၁၉၅၀ ခုနှစ်တွေမှာတော့ ဖလင်နဲ့ရိုက်ကူးတာမဟုတ်ဘဲ ရှင်နေတဲ့အရုပ်တွေကို ရိုက်ယူဖို့ ဗီဒီယိုနည်းပညာ ဆိုတာပေါ်လာပါတယ်။ ၁၉၇၀ လောက်ကျတော့ အတော်ကြီးကို တွင်တွင်ကျယ်ကျယ်သုံးနိုင်လောက် တဲ့ ဗီဒီယိုတိပ်/ Video Tape တွေ ပေါ်လာပါတယ်။ ဒါပေမဲ့ ဗီဒီယိုနဲ့ရိုက်တဲ့ အရုပ်တွေရဲ့ ကျစ်လျစ်သိပ်သည်းမှုက ရုပ်ရှင်ဖလင်ကရတဲ့အရုပ်တွေကို မမီသေး ပါဘူး။ ရုပ်ရှင်လို ပိတ်ကားကြီးပေါ်မှာ ဆလိုက်နဲ့ထိုးပြလို့လည်း မရသေးပါဘူး။ TV ရုပ်မြင်သံကြား စက်လောက်နဲ့ပဲကြည့်နိုင်ကြပါတယ်။ အဲဒီဗီဒီယိုနည်းပညာနဲ့ ရုပ်ရှင်ဇာတ်လမ်းမျိုးတွေကိုလည်း ရိုက်ကူး ထုတ်လုပ်တာ မျိုးတွေလည်း မရှိသေးပါဘူး။

ရုပ်ရှင်ဖလင်နဲ့ ဗီဒီယိုက အရုပ်တွေ ကွာခြားတယ်ဆိုတာဟာ တိုးတက်တဲ့နိုင်ငံကြီးတွေမှာသာ မှန်ကန်တာပါ။ မြန်မာနိုင်ငံလို ဆင်းရဲပြီး မတိုးတက်တဲ့နိုင်ငံမှာတော့ ရုပ်ရှင်ဖလင်နဲ့ရိုက်ကူးတဲ့အရုပ်တွေကလည်း ... ရိုက်တဲ့စက်၊ ကင်မရာတွေ... အဟောင်းအမြင်းတွေကြောင့် တုန်ခြင်း၊ မှုန်ခြင်း သည်းခံပါ ... အဆင့်မှာပဲ ရှိပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံမှာ ဖလင်နဲ့ပဲရိုက်ရိုက်၊ ဗီဒီယိုနဲ့ပဲရိုက်ရိုက် ဘာမှသိပ်မထူးခြားလှပါဘူး။ ပထမပိုင်းမှာ ဖလင်နဲ့ရိုက်တဲ့ ဇာတ်ကားတွေကို ရုပ်ရှင်ရုံကြီး တွေမှာ ပြလို့ရတယ်၊ ဗီဒီယိုရုပ်ရှင်တွေကိုတော့ တီဗွီစက်တွေနဲ့ ရုပ်ကွက်တွင်း ဗီဒီယိုရုံ ကလေးတွေမှာပဲ ပရိသတ်နှစ်ဆယ် အစိတ်လောက်နဲ့ ပြကြရပါတယ်။ အဲဒီလို အခြေ အနေကြောင့် ဗီဒီယိုပေါ်လာစ ၁၉၈၉/၉၀ ခုနှစ် မြန်မာနိုင်ငံမှာ ရုပ်ရှင်လောကအတွင်း စိတ်ဝမ်းတွေ ကွဲခဲ့ကြပါတယ်။ ရုပ်ရှင်ဒါရိုက်တာကြီး တချို့ဦးဆောင်တဲ့ အုပ်စုတစ်စု က ... ရုပ်ရှင်ပညာသည်တွေအနေနဲ့ ယာယီ (ပုံကျ) ပေါ်ပေါက်လာတဲ့ ဗီဒီယိုနည်းပညာနဲ့ ရုပ်ရှင်ဇာတ်လမ်းတွေကို မရိုက်ကြဖို့၊ ဗီဒီယိုဇာတ်လမ်းလောကဟာ မြန်မာရုပ်ရှင်လောကကို အသေသတ်လိမ့်မယ်လို့ ယုံယုံကြည်ကြည်နဲ့

ပြောဆိုဟန့်တားကြ ပါတယ်။ ရုပ်ရှင်ဒါရိုက်တာတွေက ဗီဒီယိုရုပ်ရှင်ရိုက်ဖို့ ငြင်းဆန်ကြသလို၊ ရုပ်ရှင် သရုပ်ဆောင်ပညာသည် တချို့ကလည်း ဗီဒီယိုဇာတ်လမ်းအတွက် လာငှားရင် ခါးခါး သီးသီး ငြင်းဆန်ကြပါတယ်။ ရုပ်ရှင်ဖလင်နဲ့ရိုက်တဲ့ ဇာတ်ကားကို ကားကြီးလို့ ခေါ်ကြပြီးတော့ ဗီဒီယိုနဲ့ရိုက်တဲ့ ရုပ်ရှင်တွေကိုတော့ ကားလေးလို့တောင် မခေါ်ချင် ကြပါဘူး။ ယာယီ(ပျံကျ) ရေမျက်နှာထက် ခဏဘက်သည့် ရေပွက်ပမာ ဆိုတာလို ခဏပဲခံမည့်ကိစ္စတွေလို့ ယူဆခဲ့ကြပါတယ်။

ဒါပေမဲ့ မြန်မာရုပ်ရှင်လောကသားတွေအဖို့ မြန်မာအစိုးရမှာ နိုင်ငံခြားငွေ မရှိလို့၊ မွဲပြာကျနေလို့ ဖလင်တွေ ပြည်ပက မသွင်းနိုင်လို့၊ ရုပ်ရှင်ကားတွေ မရိုက်နိုင်ကြလို့ အလုပ်လက်မဲ့ဖြစ်ပြီးတော့ စားရမဲ့၊ သောက်ရမဲ့ ဖြစ်ကြရမယ့်အနေအထားကို ရင်မဆိုင်နိုင်ကြပါဘူး။ ဒါ့ကြောင့် ဗီဒီယိုထုတ်လုပ်ရေးတွေမှာ သရုပ်ဆောင်ဖို့ လာငှား ရင် အများစုကတော့ လက်ခံလိုက်ကြတာပါပဲ။ နောက်တစ်အုပ်စုက ရုပ်ရှင်ရိုက်ချင်တဲ့ ဆန္ဒ၊ ဝါသနာကြီးလွန်းလို့ ဖလင်သော၊ ဗီဒီယိုသော၊ အရိုးများသော၊ ချေးခါးသော ရွေးမနေနိုင်ကြပါဘူး။ ဗီဒီယိုနည်းပညာနဲ့လည်း ရိုက်ကြတော့တာပါပဲ။ ဗီဒီယိုတိပ် တွေနဲ့ ရိုက်တဲ့အခါမှာ အဘက်ဘက်ကနေပြီးတော့ စရိတ်စကတွေက အဆပေါင်း များစွာ ဖလင်ထက် သက်သာလွယ်ကူတဲ့အတွက် ခေတ်ဦးပိုင်းမှာဆိုရင် ဗီဒီယိုရုပ်ရှင် ထုတ်လုပ်မှုဟာ တစ်နှစ်မှာ ဇာတ်ကားပေါင်း ၆၀၀ ကျော်၊ တစ်နေ့ ၂ ကားလောက် ထုတ်လုပ်ကြပါတော့တယ်။

ရုပ်ရှင်သရုပ်ဆောင်တွေ၊ ရုပ်ရှင်စက်ဆရာတွေ၊ မီးထိုး/ မှန်ထိုး၊ အသံဖမ်း ပညာရှင်အားလုံး လက်မလည်အောင် အလုပ်တွေ လုပ်ကြရပါတော့တယ်။ ဗီဒီယိုရိုက်ကူးရေးစက်တွေကလည်း ဝယ်ယူတင်သွင်းဖို့ အလွန် လွယ်ကူပါတယ်။ ခေတ်ဦး က ဗီဒီယိုတိပ်တွေဟာ အကောင်းစားတစ်ခွေကိုမှ မြန်မာငွေ ရာဂဏန်းလောက်ပဲ ရှိပါတယ်။ အချိန်အားဖြင့် တစ်နာရီစာလောက် ရောင်စုံရိုက်ကူးနိုင်ပါတယ်။ အဲဒီခေတ် က ရုပ်ရှင်ရောင်စုံဖလင်နဲ့ ရိုက်မယ်ဆိုရင် သိန်းချီပြီးကုန်ကျမည့် စရိတ်ဟာ ထောင် ကလေးလောက်နဲ့ လုပ်ကိုင်နိုင်ကြပါတယ်။ တကယ်တမ်းကတော့ ဗီဒီယိုနည်းပညာနဲ့ ရုပ်ရှင်ရိုက်တဲ့ သိပ္ပံနည်းပညာဟာ အလွန်လျင်မြန်တဲ့နှုန်းနဲ့ တိုးတက်ဖွံ့ဖြိုးလာနေတာ ပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကတည်းက H.D.VS ... လို့ခေါ်တဲ့ High Defination Vedio System ဆိုတာကို ရှာဖွေတွေ့ရှိစ ပြုပါတယ်။ မြန်မာရုပ်ရှင်ပညာ သည် အနည်းစုကသာ သတိထားမိကြပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကြတော့ ဗီဒီယိုနည်းပညာမှာ DIGITAL လို့ ခေါ်တဲ့ ကွန်ပြူတာနည်းပညာကြောင့် တိုးတက်မှု တွေ ခုန်ကျော်ပျံသွား

ဖြစ်ပေါ်လာပြန်ပါတယ်။ အခုဆိုရင် မြန်မာပြည်ကို အသာ ထားပြီးတော့ ကမ္ဘာ့ရုပ်ရှင်လောကကို ဦးဆောင်နေတဲ့ ဟောလိဝုဒ်ကတောင်မှ ဗီဒီယိုနဲ့ ရိုက်ပြီးမှ ဖလင်ပေါ် ပြန်ပြောင်းကူးယူတာတွေ လုပ်နေပြီဖြစ်ပါတယ်။ မြန်မာရုပ်ရှင် ပညာသည်တွေလည်း ဗီဒီယိုနည်းပညာအပေါ်မှာ အမြင်ကြည်လာကြပြီဖြစ်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဗီဒီယိုနည်းပညာ ပေါ် ခါစ နှစ်ပေါင်း ၃၀ လောက် အတွင်း တိုးတက်ဖွံ့ဖြိုး ချမ်း သာတဲ့ နိုင်ငံတွေမှာ ရုပ်ရှင် ဇာတ်လမ်းတွေကို ဗီဒီယိုနည်း ပညာနဲ့ မရိုက်ကြပါဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ ဗီဒီယို နည်း ပညာကရတဲ့ ဓာတ်ပုံအရည် အသွေး၊ ကြည်လင်မှု၊ ပြတ်သားမှု၊ ကျစ်လျစ်မှု၊ အရောင်အသွေး မှန်ကန်မှု ... စတာတွေက အဆင့်မမီသေးလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ရုပ်မြင်သံကြားလုပ်ငန်းတွေမှာတော့ တော်တော်ကလေး စောစောကတည်းကပဲ စပြီးတော့ သုံးခဲ့ကြပါတယ်။ ဗီဒီယိုနည်းပညာနဲ့ လှုပ်ရှားမှု ဓာတ်ပုံတွေ ရိုက်ကူးရာမှာ ထူးခြားတဲ့ အားသာချက်တွေကတော့ ... စရိတ်စက ကုန်ကျငွေ အလွန်သက်သာခြင်းဖြစ်ပါတယ်။ နည်းပညာပေါ်ခါစမှာတောင် ဖလင်နဲ့ ရိုက်ကူးထားတဲ့ စရိတ်ထက် ၁၀ ဆလောက်မက သက်သာပါတယ်။ ဗီဒီယိုကင်မရာတွေဟာ ဖလင်ကင်မရာတွေထက် အများကြီး ဈေးသက်သာပါတယ်။ စောစောပိုင်းမှာ ဗီဒီယိုနဲ့ အရုပ်တွေကို ဗီဒီယိုပြစက်တွေနဲ့ပဲ ဖြတ်တာ၊ ဆက်တာ၊ တည်းဖြတ်တာတွေ လုပ်ကြရပါတယ်။ မကြာခင်မှာပဲ ကွန်ပြူတာနဲ့ချိတ်ဆက်ထားတဲ့ ဗီဒီယိုတိပ် တည်း ဖြတ်တဲ့စက်တွေပေါ်လာပါတယ်။ ဖလင်တည်းဖြတ်တာထက် ဗီဒီယိုတည်းဖြတ်တဲ့ နည်းတွေက အများကြီးလွယ်ကူပါတယ်။ ဖလင်တည်းဖြတ်မှုမှာ Mixingလို့ခေါ်တဲ့ မတူတဲ့ပုံချင်း ရောထပ်ပြီးတော့ ဒုတိယပုံကို ရောက်သွားဖို့ဆိုရင် လုပ်ရတဲ့နည်းက လည်း ခက်ခဲပြီး လက်ဝင်သလို အချိန်လည်း အများကြီးကြာပါတယ်။ စရိတ်လည်း ကြီးပါတယ်။ အဲဒီလို ... ပုံရောတို့၊ မှိန်ပျောက်တို့၊ လင်းဝင်တို့၊ ပုံနှေးတို့၊ ပုံမြန်တို့ဆိုတဲ့ကိစ္စတွေဟာ ဗီဒီယိုတည်းဖြတ်စက်တွေပေါ်မှာ လက်ဖျောက် တစ်ချက် တီးလိုက်ရုံနဲ့ အလွယ်တကူ ရနိုင်ပါတယ်။ ကုန်ကျစရိတ်ကလည်း ဘာမှမရှိပါဘူး။

ဖလင်တည်းဖြတ်မှုမှာ အရုပ်ကြိုးတွေ သီးခြား၊ အသံကြိုးတွေက သီးခြား၊ အရုပ်နဲ့အသံကို Synchronize ပါးစပ်ပေါက်ကိုက်အောင် လုပ်ရတာကိုက Film Editing Synchronizer ဘီးတွေဆိုတာ တခမ်းတနားနဲ့ အလွန်ရှုပ်ထွေးသလို အချိန် ရော၊ စရိတ်စကရော အတော်ကုန်ကျပါတယ်။ ဖလင်နဲ့ရိုက်ကူးပြီးတော့ တည်းဖြတ် ကြရာမှာ ဒါရိုက်တာတွေရဲ့ စိတ်ကူးစိတ်သန်းတွေဟာ အချိန်ယူရတာကြောင့် သုံးကုန် တာတွေ အများကြီးရှိပါတယ်။

တကယ့်အားနည်းချက်ကြီးတစ်ရပ် ဖြစ်ပါတယ်။ ဖလင်မှာ ဖြတ်တောက်ပစ်လိုက်ရတယ်ဆိုရင် တစ်ခါတည်း ဆုံးရှုံးသွားပါတယ်။ ဗီဒီယိုမှာ ဖလင်ကို ဖြတ်တောက်လိုက်ရတာမျိုးတွေ မရှိပါဘူး။ တစ်ပုံက နောက်တစ်ပုံ ကူးယူသုံးစွဲတာတွေသာ ရှိလေတော့ ရိုက်ထားတဲ့အရုပ်တွေကို ထပ်ပြန်တလဲလဲ သုံးလို့၊ စမ်းသပ်လို့ အလွန်အဆင်ပြေပါတယ်။ ဒါရိုက်တာတွေရဲ့ စိတ်ကူးစိတ်သန်းနဲ့ တစ်ပြေးညီနီးပါး လိုက်နိုင်ကြပါတယ်။ ဗီဒီယိုရဲ့ စောစောပိုင်းအားနည်းချက်က အရုပ် ပြတ်သားကြည်လင်မှု အရည်အသွေး လျော့နည်းနေတာသာရှိပါတယ်။ အသံ အရည် အသွေးတွေလည်း ကောင်းပါတယ်။

ဒါပေမဲ့ ဗီဒီယိုနည်းပညာရဲ့ အရုပ်အရည်အသွေး ကောင်းမွန်လာမှု အရှိန်အဟုန်ဟာ အလွန်မြန်ပါတယ်။ ဒီကနေ့ Digital Video အရုပ်တွေရဲ့ အရည်အသွေး ဟာ ဖလင်အရုပ်အရည်အသွေးရဲ့ ၉၀ ရာခိုင်နှုန်းလောက်အထိ ကောင်းမွန်နေပြီ ဖြစ်ပါတယ်။ သိပ်မကြာခင်ကာလမှာ ဗီဒီယိုနည်းပညာဟာ ဖလင်နည်းပညာကို ကျော်တက်သွားတော့မှာ သေချာနေပါပြီ။ မြန်မာနိုင်ငံ ရုပ်ရှင်လောကမှာတော့ ဗီဒီယိုနည်းပညာ ဝင်ရောက်လာတဲ့အတွက် ဘက်ပေါင်းစုံက အကျိုးအမြတ်တွေ ရရှိခဲ့တယ် လို့ပဲ အားရပါးရ သုံးသပ်ရမှာပါပဲ။ စရိတ်စကကုန်ကျမှု၊ အရင်းအနှီး အလွန်သက်သာ တဲ့အတွက် ဗီဒီယိုဇာတ်လမ်းရုပ်ရှင်ထုတ်လုပ်မှု အရေအတွက်အများကြီး တိုးတက်လာပါတယ်။ ဒါ့ကြောင့် ရုပ်ရှင်ပညာသည်တွေ အများကြီးလိုလာပါတယ်။ ဗီဒီယိုကင်မရာ တွေဟာ ဈေးပေါပေါနဲ့ လွယ်လွယ်ကူကူ ဝယ်ယူထုထောင်နိုင်ကြတဲ့အတွက် ကင်မရာ ပညာရှင်တွေ အများကြီးလိုအပ်လာပါတယ်။ အရင်က ဖလင်ကင်မရာဆရာတွေဟာ ဗီဒီယိုကင်မရာဆရာတွေ ဖြစ်လာကြပြီးတော့ နည်းပညာကလည်း ဖလင်ထက် အများကြီးလွယ်ကူပြီး လုပ်နိုင်ခွင့် စွမ်းရည်တွေကလည်းများပြားတဲ့အတွက် ကင်မရာ အယူအဆတွေ၊ အလှုပ်ရိုက်ချက် ရှုည်တွေလည်း အများကြီးရိုက်ကူးလာကြပါတယ်။ ကင်မရာ အလင်းအမှောင်အယူအဆဆုံးဖြတ်ချက်တွေကလည်း ဗီဒီယိုအရုပ်တွေဟာ ချက်ချင်း နေရာမှာတင် အရည်အသွေး စိတ်ကြိုက်စိစစ်နိုင်ကြတာ ဖြစ်တဲ့အတွက် ကင်မရာဆရာတွေရဲ့ ရိုက်ချက်အရည်အသွေးတွေဟာ ခုန်ပျံကျော်လွှားပြီး အံ့မခန်း တိုးတက်လာကြပါတယ်။ နိုင်ငံတကာရိုက်ချက်တွေကို အများကြီး တွေ့လာရပါတယ်။ ကင်မရာရိုက်ချက်တွေရဲ့ ပံ့ပိုးမှုကြောင့် မြန်မာသရုပ်ဆောင်တွေရဲ့ အမူအရာ တွေဟာလည်း တစ်ဟုန်ထိုး အဆင့်မြင့်လာပါတယ်။ ရိုက်ချက်ပေသုံးမှုဟာ ဖလင်ပေ သုံးနိုင်မှုထက် အဆပေါင်းများစွာ သက်သာတဲ့အတွက် လှုပ်ရှားမှုအမူအရာတွေကို မကြိုက်မချင်း အကြိမ်ကြိမ် ရိုက်ယူနိုင်ခွင့်ရှိကြပါတယ်။ ဒါပေမဲ့ မြန်မာဗီဒီယို ထုတ် လုပ်မှု

လုပ်ငန်းဟာ ဆင်းရဲတဲ့အတွက် ရိုက်ပေဖြိုန်းနိုင်ပေမဲ့ ရိုက်ချိန်ကိုတော့ များများ မသုံးနိုင်ရှာကြသေးပါဘူး။

ဘာပဲဖြစ်ဖြစ် ... ရုပ်ရှင်ဇာတ်ကားတွေ ရာနဲ့ချီပြီး ရိုက်ကူးထုတ်လုပ်လာကြတဲ့အတွက် ရုပ်ရှင်အလုပ်သမားမျိုးစုံ၊ အလုပ်တွေ ပေါပေါများများ ရကုန်ကြပါတယ်။ ရှိပြီး ပညာသည်တွေအပြင် ပညာသည်အသစ်တွေ အများကြီးလိုအပ်လာလို့ တရကြမ်း ရှာဖွေမွေးထုတ်နေကြရပါတယ်။ ယေဘုယျအားဖြင့် သုံးသပ်ရရင် ... မြန်မာ့ရုပ်ရှင် လောကဟာ ဗီဒီယိုနည်းပညာကြောင့် အရေအတွက်အားဖြင့် သိသိသာသာ ထင်ထင်ရှားရှားကြီး အလုပ်တွေ ပေါပေါများများ ရှိလာပါတယ်။ အရေအတွက်ပိုင်း များလာလို့ ရှိရင် အရည်အသွေးအပိုင်းကို ကူးပြောင်းသွားရမှာ သေချာပေါက်ဖြစ်တဲ့အကြောင်း မင်္ဂလာမှတ်ချက် ဖွင့်လိုက်ရပါတယ် ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

လူတွေမှာ စား၊ ဝတ်၊ နေရေး၊ ဘဝ အသက်ဆက်ပြီးတော့ ရှင်သန်နိုင်ရေး အတွက် ဝင်ငွေရှိအောင် အလုပ်လုပ်ကြရပါတယ်။ ပိုက်ဆံရှာကြရပါတယ်။ ကြွယ်ဝုံး ကြွယ်ဝချမ်းသာအောင်၊ ပိုလျှံအောင် ရှာနိုင်ဖွေနိုင်တဲ့သူဆိုတာ ၁၀၀ မှာ တစ်ယောက် တောင် မရှိပါဘူး။ အလွန်ရှားပါးတဲ့ လူနည်းစုတွေသာ ဖြစ်ပါတယ်။ နောက် နေ့စဉ် စားဝတ်နေ ရေး ဖူလုံတာထက် ပိုပြီးတော့ နည်းနည်းပါးပါး စုနိုင်ဆောင်းနိုင်လောက် အောင် ပိုပိုလျှံလျှံကလေး ရှာနိုင်ဖွေနိုင်သူတွေကလည်း ရှားပါတယ်။ ဒါပေမဲ့ ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းလောက်အထိတော့ ရှိလိမ့်မယ်လို့ ထင်ပါတယ်။ အများစုကြီးတော့ နေ့စဉ် စားဝတ်နေရေးစရိတ် အလျင်မီရုံပဲ ရှာနိုင်ဖွေနိုင်ကြတာပါ။ ငွေပိုငွေလျှံစုဆောင်းနိုင်ခြင်း မရှိကြပါဘူး။ ဒါက မြန်မာပြည်လို စီးပွားရေးအခြေအနေ မတည်မငြိမ် ချွတ်ခြုံကျနေတဲ့ နိုင်ငံအတွက်ကတော့ ဝင်ငွေ မလုံမလောက်နဲ့ စိတ်သောကရောက်နေကြရတဲ့လူတွေ ပိုပြီးတော့ များပါတယ်။ လူတစ်ရာမှာ ကိုးဆယ်လောက်က လက်ရှိဝင်ငွေအပြင် အပိုဝင်ငွေကလေးတွေ ရချင်ကြပါတယ်။ အဲဒီတော့ အမျိုးမျိုးကြံကြ စည်ကြ ရှာပါတယ်။ အဲဒီလို အပိုဝင်ငွေ ရှာချင်ကြတဲ့သူတွေထဲက တချို့နဲ့ ဝင်းဖေ ကြုံရပါတယ်။

အထူးသဖြင့် ဝင်းဖေ ဓာတ်လမ်းတွေ၊ ဓာတ်ညွှန်းတွေ ရေးတာကို သိနေကြတော့ သူတို့လည်း စမ်းပြီးတော့ ရေးချင်ကြတာပေါ့။ ဝင်းဖေကို လာပြီးတော့ ရုပ်ရှင် ဝတ္ထု၊ ဓာတ်လမ်း၊ ဓာတ်ညွှန်းရေးနည်း မေးကြ၊ မြန်းကြပါတယ်။ ဝင်းဖေကလည်း အားလုံးကိုပဲ အားပေးပါတယ်။ ဒါပေမဲ့ ဝင်းဖေ ကလည်း စနစ်တကျ ဘာသင်တန်းမှ တက်ခဲ့ရတာ မဟုတ်ပါဘူး။ ရုပ်ရှင်ကြိုက်တဲ့ကောင်ဆိုတော့ ရုပ်ရှင်တွေ အများကြီး ကြည့်ပြီးတော့ ... ပထမ မသိစိတ်ကနေပြီးတော့ အလိုလို မှတ်သားထားတာတွေ၊ အတုခိုးတာတွေ ရှိပါတယ်။ နောက်တော့ သိစိတ်နဲ့ ကိုယ့်ဟာကိုယ်ပဲ စိတ်ကူးနဲ့ လေ့လာတာတွေ၊ သုံးသပ်တာတွေ လုပ်ပါတယ်။ ရုပ်ရှင်ပညာနဲ့ပတ်သက်ပြီး လက် လှမ်းမီသလောက် စာတိုပေစတွေကို ဖတ်ပါတယ်။ ဒါပေမဲ့ အဓိကကတော့ ဝင်းဖေ ဘဝမှာ ကိုယ်ကြည့်ခဲ့တဲ့ရုပ်ရှင်တွေကို ကြိုက်ရင်ကြိုက်သလို သူများကို ပြန်ပြန်ပြောပြ တတ်တဲ့အကျင့် ရှိနေခြင်းက အခြေခံပါပဲ။ မကြိုက်တာတွေတွေ့ရင်လည်း ဘယ်လို မကြိုက်ဘူးဆိုတာကို ပြန်ပြောတတ်ပါတယ်။

ဝင်းဖေ ငယ်ငယ်က ရုပ်ရှင် သိပ်ကြိုက်တဲ့ကောင်ဆိုတော့ ကြိုက်တဲ့ဇာတ်ကား တွေပဲ များပါတယ်။ ဝင်းဖေရဲ့အကျင့်က ကိုယ် ကြည့်ကြည့်လာတဲ့ ရုပ်ရှင်တွေကို ပြန်ပြီးတော့ ပြောတတ်ပါတယ်။ ဝင်းဖေက ကံကောင်းချင်တော့ ဝင်းဖေ ပြန်ပြော တာကို နားထောင်မည့် လူတွေကလည်း ရှိနေပါတယ်။ ကြာလာတော့ … သူတို့က ဝင်းဖေကို ရိုးရိုးနားထောင်တာကို မဟုတ်ဘူး၊ ပွဲတောင်းတတ်လာကြပါတယ်။ ဝင်းဖေနဲ့ ရွယ်တူသူငယ်ချင်းတွေသာ မကပါဘူး၊ ဒေါ်လေး/ ဒေါ်ကြီး၊ ဦးလေး/ ဦးကြီး အရွယ်တွေလည်း ဝင်းဖေ ရုပ်ရှင်အကြောင်း ပြောပြတဲ့ကိစ္စမှာ ဝင်းဖေရဲ့ပရိသတ် ဖြစ်လာနေကြပါတယ်။ ဝင်းဖေဆီက ဇာတ်လမ်းကိုသိပြီးမှ ရုပ်ရှင်ကို သွားကြည့်တာ တွေလည်း ရှိပါတယ်။ ပထမပိုင်းမှာတော့ ဝင်းဖေက ကိုယ်ကြည့်လာတဲ့ ဇာတ်ကား တွေကို အရှိအရှိအတိုင်း ပြန်ပြန်ပြောတတ်ပေမဲ့ … နောက်ပိုင်းကျတော့ ဝင်းဖေက… ကိုယ်ကြည့်ခဲ့တဲ့ ဇာတ်လမ်းတွေမှာ ကိုယ်ကြိုက်သလို အပိုတွေထပ်ထည့်ပြီးတော့ ပြောလာတတ်သလို၊ မကြိုက်တာတဲ့ဟာတွေကိုလည်း ကိုယ့်သဘောနဲ့ကိုယ် ဖြုတ်ပစ်ခဲ့ တာတွေလည်း ရှိလာပါတယ်။ ဝင်းဖေက မကောင်းတဲ့စိတ်၊ ညစ်တဲ့စိတ်နဲ့ တမင် လုပ်တာ မဟုတ်ပါဘူး။ စိတ်ထဲမှာရှိတဲ့အတိုင်း လျှောက်လုပ်နေမိတာသာ ဖြစ်ပါတယ်။ အဲဒီလို နဂိုဇာတ်လမ်းတွေ ပြောင်းပြောင်းကုန်တဲ့အတွက် ဝင်းဖေကို မယုံမကြည် ဖြစ်လာကြပါတယ်။ ဝင်းဖေကို လိမ်ညာလုပ်ကြံပြီးတော့ ပြောတတ်သူအဖြစ် ဝိုင်းပြီး တော့ အပြစ်တင်ဝေဖန်ကြပါတယ်။ အဲဒါက ဝင်းဖေရဲ့ပရိသတ် ၉၉ ရာခိုင်နှုန်းလောက်ရှိပါတယ်။

ဒါပေမဲ့ ဝင်းဖေရဲ့ ဆရာအရင်း ပန်းချီဆရာကြီး ဦးဘသက် ကတော့ ဝင်းဖေကို ချီးကျူးရုံတင်မကဘဲ အားပေးအားမြှောက်တောင် လုပ်ပါတယ်။ အရှည်ကြီး မပြောပါဘူး … “လူလေး … မင်း အဲဒီလိုပြောတတ်တာ မဆိုးဘူးကွ”… တဲ့။ ဝင်းဖေကို ဘာမှ ရှည်ရှည်ဝေးဝေး ရှင်းပြနေတာ မဟုတ်ပေမဲ့ ဝင်းဖေ က ကိုယ့်ဆရာကို သိပ်အထင်ကြီးပြီးတော့ သိပ်လေးစား၊ သိပ်ချစ်တာဆိုတော့ ဝင်းဖေကို ပြစ်တင် ရှုတ်ချကြတဲ့ လူ ၁၀၀ လောက်ရဲ့စကားထက် ကိုယ့်ဆရာကို ပိုပြီးတော့ နားဝင်မိပါတယ်။ အဲဒါပါပဲ။

အရပ်စကားနဲ့ ပြောရရင် … လုပ်ကြံဖန်တီးတဲ့အကျင့်ဆိုးလို့ ပြောရမလို ဖြစ်နေပါတယ်။ နဂိုက ဖန်တီးရှင်အနုပညာသည်တွေကို ကျူးကျော်စော်ကားသလို ဖြစ်နေတဲ့ အပိုင်းတော့ရှိပါတယ်။ ဒါပေမဲ့ ဝင်းဖေမှာ အဲဒီလို စေတနာဆိုး မရှိပါဘူး။ ဒါ့ကြောင့် ဒီကနေ့အထိလည်း နောင်တ မရမိပါဘူး။ နောက်တော့ ဝင်းဖေဟာ ကိုယ့်ဟာကိုယ် ဝတ္ထုတွေဖတ်ပြီးတော့ ကြိုက်မိရင်လည်း အဲဒီဇာတ်လမ်းတွေထဲမှာ မြန်မာရုပ်ရှင် သရုပ်ဆောင်တွေ စိတ်ကူးနဲ့ထည့်ပြီးတော့

ကိုယ်ကြည့်ခဲ့ရတဲ့ ရုပ်ရှင်ကား တစ်ကားလို အကျအနပြောပြတတ်တဲ့ အကျင့်ကို တစ်ဆင့်တက်လာပြန်ပါတယ်။ နားထောင်တဲ့သူတွေက တကယ့် ရုပ်ရှင်သရုပ်ဆောင်နာမည်တွေနဲ့ ဝင်းဖေက ပြောနေ တာကြောင့် … အဲဒီဇာတ်ကား၊ ဘယ်တုန်းက၊ ဘယ်ရုံမှာပြတာလဲ၊ ဘာညာနဲ့ မေးကြ ပါတယ်။ ဝင်းဖေက ကိုယ်ဖတ်ခဲ့ရတဲ့ဝတ္ထုကိုကြိုက်လို့ သက်သက် တကယ့် ရုပ်ရှင် သရုပ်ဆောင်တွေနဲ့ စိတ်ကူးယဉ်ပြီးတော့ပြောတာပါလို့လည်း ရှင်းပြရော အားလုံးက ဝိုင်းဆဲကြတာကို ခံရပါတယ်။

ခုပြောခဲ့တာတွေဟာ ဝင်းဖေရဲ့ ရုပ်ရှင် ဝတ္ထုရေးနည်း၊ ဇာတ်ညွှန်းရေးနည်း တွေရဲ့ မြစ်ဖျားခံရာ ဇာတိအခြေအနေမှန်တွေ ဖြစ်ပါတယ်ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

၁၉၉၀ ခုနှစ်လောက်မှာ ဝင်းဖေကို ရုပ်ရှင် စာနယ်ဇင်းသမား တစ်ယောက်က ... "ဝင်းဖေဟာ ၁၉၇၃ခုနှစ်မှာ ရုပ်ရှင် စရိုက်တာနော် .." လို့ မေးပြောပြောပါတယ်။ သူ့ကို ဝင်းဖေက အလွန်ရင်းနှီးနေတာမို့ "မဟုတ်ပါဘူးဗျာ ဝင်းဖေ ရုပ်ရှင်ရိုက်နေတာ ဒီ့ထက် အများကြီးစောပါတယ်" လို့ တွေးတွေးဆဆနဲ့ ပြန်ဖြေမိပါတယ်။ စာနယ်ဇင်းဆရာက ဝင်းဖေကို တအံ့တသြ ပြန်ကြည့်နေပါတယ်။ ပြီးခဲ့တဲ့ အပတ်က ဝင်းဖေပြောခဲ့သလို ... ဝင်းဖေဟာ ကိုယ်ကြည့်ပြီးသား ရုပ်ရှင်တွေကို ချက်ချင်းဆိုသလို ကိုယ့်စိတ်ကြိုက် ပြန်ပြင်ပြီးတော့ ပါးစပ်နဲ့ ရုပ်ရှင်တွေ ပြန်ပြန် ရိုက်လာတာ ကြာပါပြီ။

မန္တလေးတက္ကသိုလ် ရောက်ပြီး ၃ နှစ်လောက်၊ ၁၉၅၄ ခုနှစ်လောက်ကတည်းက အဲဒီလို ပါးစပ်နဲ့ ရုပ်ရှင်စရိုက်နေပါပြီ။ အဲဒီလို ပါးစပ်နဲ့ရုပ်ရှင် ရိုက်တယ် ဆိုတဲ့အဖြစ်ကိုတော့ နောက်တော့မှ ပြန်စဉ်းစားပြီးတော့ သဘောပေါက်ခဲ့တာပါ။ ပထမတော့ ကိုယ်ကြည့်ခဲ့တဲ့ဇာတ်ကားတွေကို ပြန်ပြီးတော့ ကိုယ့်စိတ်ကြိုက် ရိုက်တာ မျိုးတွေပါ။ နောက်တော့ ကိုယ်ဖတ်ပြီး ကြိုက်တဲ့ဝတ္ထုတွေကိုလည်း စိတ်ကူးနဲ့ အရုပ် တွေ၊ အသံတွေ ထည့်ပြီးတော့ ရုပ်ရှင်ရိုက်ခဲ့တာပါ။ ညညအိပ်ပြီဆိုရင် ခြင်ထောင် အမိုးကိုမော့ကြည့်ပြီးတော့ အဲဒီခြင်ထောင်အမိုး ပိတ်ဖြူသားပေါ်မှာ ဝင်းဖေက ခဏခဏ စိတ်ကူးနဲ့ ရုပ်ရှင်ရိုက်တတ်ပါတယ်။ ဒီအကျင့်ဟာ ဝင်းဖေနဲ့ညီအစ်ကို မက ချစ်ကြတဲ့ ပန်းချီဆရာ ဗိသုကာ ခင်မောင်ရင်နဲ့ အကျင့်စရိုက်ချင်း တူကြပါတယ်။ သူလည်း ခြင်ထောင်အမိုးပေါ်မှာ စိတ်ကူးနဲ့ ပန်းချီကား အမြောက်အမြားရေးပြီးတော့ ရုပ်ရှင်ကားတွေလည်း ရိုက်နေတတ်ပါတယ်။

၁၉၈၀ ခုနှစ်က ဝင်းဖေ ... ကျောက်ပန်းတောင်းမြို့ အရှေ့ဘက်က ဆည်ပေါက်ရွာမှာ ရုပ်ရှင်ရိုက်ဖို့ရောက်တုန်း ဆည်ပေါက်ရွာသား ရုပ်ရှင်ဝါသနာအိုး တစ်ယောက်နဲ့ တွေ့ဖူးပါတယ်။ သူက ... သူဟာ ရုပ်ရှင်ဒါရိုက်တာအဖြစ်နဲ့ ရုပ်ရှင် သိပ်ရိုက်ချင်တာပဲတဲ့။ ဒါပေမဲ့ သူ့မှာ အသိုင်းအဝိုင်းလည်း မရှိ၊ ပိုက်ဆံလည်း မရှိ၊ ဘာအခြေအနေမှလည်း မရှိလို့ ဘယ်လိုမှ မနီးစပ်ပါဘူးလို့ ဝင်းဖေကို ပြောပါတယ်။ ဒါနဲ့ ဝင်းဖေက ရုပ်ရှင်ကို စိတ်ကူးနဲ့ရိုက်နည်း၊ ပါးစပ်နဲ့ရိုက်နည်း၊ စာရွက်ပေါ်မှာ ရေးချပြီး ရိုက်တဲ့နည်း ... စတာတွေရှိတဲ့အကြောင်း၊ အဲဒီနည်းနဲ့

ချက်ချင်း ရုပ်ရှင် ထရိုက်လို့ရတာပါပဲလို့ ရယ်ရယ်မောမောနဲ့ အတည်ပြောခဲ့ပါတယ်။ ဝင်းဖေကိုယ်တိုင် က အဲဒီလို အစောကြီးကတည်းက ရုပ်ရှင်ရိုက်ခဲ့တာ မဟုတ်လား။ ရုပ်ရှင်ကို စိတ်ကူးနဲ့ ရိုက်၊ ပါးစပ်နဲ့ရိုက်၊ စာရွက်ပေါ်မှာရိုက်ဆိုတဲ့ အဆင့်ဆင့်တွေဟာ ရုပ်ရှင်ဇာတ်ညွှန်း ရေးတတ်ဖို့အတွက် လက်တွေ့အကျဆုံး ချဉ်းကပ်နည်းတွေပဲဖြစ်ပါတယ်။ ကုန်ကျစရိတ်လည်း အလွန်သက်သာပါတယ်။ ကာလ ဒေသမရွေး၊ ရုပ်ရှင်စရိုက်လို့ ရနေတာပါပဲ။ တစ်ခုတော့ရှိပါတယ်၊ ဝင်းဖေ ဘဝတစ်လျှောက်မှာ ဒီဇာတ်ညွှန်းရေးနည်းကို သင်ချင်တဲ့ ဝါသနာရှင်အတော်များများကို ပြောခဲ့၊ ပေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဟုတ်ဟုတ်ညားညားအောင်မြင်တဲ့ ဇာတ်ညွှန်းရေးဆရာဆိုလို့ ၁၀ ယောက်၊ ၁ ယောက် လောက်ပဲ ထွက်ပါတယ်။ ဘယ်ပညာပဲဖြစ်ဖြစ် ... သင်တိုင်းတော့လည်း မတတ်ကြ ဘူးပေါ့လေ။

နောက်တစ်ခုက ... စောစောက ဝင်းဖေ ပြောတဲ့ စာနယ်ဇင်းဆရာကပဲ ဝင်းဖေကို မေးဖူးပါတယ်။ ဝင်းဖေရိုက်တဲ့ ရုပ်ရှင်ကားတွေထဲမှာ ဘယ်ကားကို အကြိုက်ဆုံး လဲတဲ့။ သူက အဲဒီမေးခွန်းကို မေးတဲ့အချိန်မှာ ဝင်းဖေရဲ့ ရုပ်ရှင်ရိုက်သက်တမ်းဟာ နှစ်ပေါင်း ၂၀ လောက်ရှိပါပြီ။ ဝင်းဖေကလည်း ဟုတ်ဟုတ်ညားညား ဘာမှ မတတ် သေးဘူးဆိုတော့ မဆိုင်းမတွပဲ ဖြေလိုက်ပါတယ် ... နောက်ရိုက်မည့်ကားကို အကြိုက် ဆုံးပါပဲလို့။ ဒီတစ်ခါလည်း စာနယ်ဇင်းဆရာ မျက်လုံးပြူးသွားပြန်ပါတယ်။ ဟုတ်ပါတယ် ... ဝင်းဖေက ရုပ်ရှင်ကားတစ်ကားကို မရိုက်ခင် စတင်စိတ်ကူးယဉ်နေတဲ့အချိန်တွေမှာအကြိုက်ဆုံးဖြစ်နေတတ်ပါတယ်။ စိတ်အလှုပ်ရှားဆုံး ဖြစ်နေတတ်ပါတယ်။ စရိုက်ပြီး အတော်အရှိန်ရလာတဲ့အထိ စိတ်ဝင်စားနေတုန်း၊ ကြိုက်နေတုန်းပါပဲ။ ဒါပေမဲ့ ရုပ်ရှင်ကားပြီးခါနီးလေ ရိုးအီလာလေဖြစ်ပြီးတော့ အားလုံးပြီးသွားတဲ့အခါမှာတော့ အတော်ကြီးကို စိတ်မဝင်စားတော့တာကို မလွဲမသွေ ခဏခဏ တွေ့ကြုံခဲ့ရပြီး ဖြစ် ပါတယ်။

ဂီတမှာလည်း အလားတူပါပဲ။ ဝင်းဖေအနေနဲ့ သီချင်းတစ်ပုဒ်ကို ကျေကျေ ညက်ညက် မရသေးခင် အသေအလဲ ကြိုးပမ်းနေရတုန်း အချိန်ကလေးမှာ အဲဒီသီချင်းကို အကြိုက်ဆုံး ဖြစ်နေတတ်ပါတယ်။ သီချင်းတစ်ပုဒ်ကို ကောင်းကောင်းလည်း ရသွားရော ... ဖွတ်ဖွတ်ညက်ညက်လည်း ကြေသွားပြီးတော့ Excitement ဆိုတဲ့ စိတ်လှုပ်ရှားတက်ကြွမှု ငြိမ်သက်သွားတတ်ပါတယ်။ ချစ်သူ ရည်းစားတစ်ယောက်ကို လက်ထပ်ပြီးတဲ့နောက် လိုချင်တဲ့ ဆန္ဒအမြောက်အမြား ထားရှိနေစရာမလိုတော့တဲ့ သဘောမျိုးပါပဲ။ အိမ်ထောင်ရှင်တွေကို စိတ်ဓာတ်ကျအောင်တော့ ပြောတာ မဟုတ် ပါဘူး။ ဥပမာလေးပြောတာပါ။ ပန်းချီကားတွေ ရေးရင်းလည်း အဲဒီလိုပဲ ဖြစ်တတ်တာ ပါပဲ။ ဒီလိုဖြစ်နေတာလည်း

တော်တော်ကြာပါပြီ။ ဒီကိစ္စမှာလည်း ဝင်းဖေရဲ့ဆရာတွေ ဖြစ်ကြတဲ့ ပန်းချီဆရာကြီး ဦးဘသက်နဲ့ ပန်းချီဆရာကြီး မန္တလေးဘဂျာ ဦးခင်မောင် တို့က ဝင်းဖေကို အဲဒီလိုဖြစ်တာကောင်းတယ်လို့ အားပေးကြပြန်ပါတယ်။ ပညာ ဆိုတာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတိုးပြီးတော့ ရှာသွားရမှာပဲတဲ့။ တစ်နေရာမှာ၊ အဆင့် တစ်ဆင့်မှာ ကျေနပ်သွားရင် … အဲဒီနေရာမှာ ပညာလမ်းဆုံးဖြစ်သွားနိုင်တယ်တဲ့။ ဒီလိုရှင်းပြနေတာက ပန်းချီဆရာကြီး မန္တလေးဘဂျာဦးခင်မောင် ဖြစ်ပါတယ်။ ဆရာ ဦးခင်မောင်က ဘာကိုမဆို … အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြချင်သူ ဖြစ်ပါတယ် ၊ ကိုယ်လုပ်ပြီးခဲ့သမျှကို ကိုယ့်ဟာကိုယ် မကျေနပ်နိုင်တာနဲ့ပတ်သက်လို့ အားနည်းချက် ကတော့ … ကိုယ်က ပြန်ပြီး အကြံပေး၊ ဆရာလုပ်ရတော့မည့် ကိစ္စတွေမှာ ကိုယ့်ကိုယ် ကိုယ် ယုံကြည်မှု အားနည်းနေတတ်ခြင်းပဲ ဖြစ်ပါတယ်။ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ့်ဟာကိုယ် ကျေနပ်နိုင်ဖို့ဆိုတာလည်း သီးခြား အရည်အသွေးတစ်ရပ်ပဲ ဖြစ်နေပုံ ရပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ရုပ်ရှင်ရိုက်တဲ့ ဝင်းဖေ ငယ်ငယ်က ရုပ်ရှင်တွေ ကြည့်တဲ့အခါမှာ ပထမတော့ ရုပ်ရှင်ဇာတ်လမ်းကောင်းရင် ကြိုက်လိုက်တာပါပဲ။ ရုပ်ရှင်ကလည်း ကြည့်ခါစဆိုတော့ ဘာကြည့်ကြည့် ကြိုက်လိုက်တာ များတာပါပဲ။ နောက်တော့ မင်းသား၊ မင်းသမီး တွေလည်း သိလာပါတယ်။ မှတ်မိလာပါတယ်။ ဒီတော့လည်း မင်းသား၊ မင်းသမီး အစွဲနဲ့လည်း ကြိုက်တတ်လာပါတယ်။ နိုင်ငံခြားကားတွေကိုတော့ ဘာသာစကားက လည်း နားလည်သေးတာ မဟုတ်တော့ ထိုးကြိတ်သတ်ပုတ်တဲ့ကားတွေကို ပိုပြီးတော့ ကြိုက်တတ်ပါတယ်။ အဲဒီတုန်းက Western လို့ခေါ်တဲ့ Cow Boy ကားတွေ များပါတယ်။ အချစ်ကားတွေ၊ လူမှုရေးကားတွေကို နားမလည်တော့ သိပ်မကြိုက်တတ်သေးပါဘူး။ တစ်ခုတော့ရှိပါတယ် ... ဒုတိယကမ္ဘာစစ်ကြီးပြီးခါစက နိုင်ငံခြားက သံစုံသွင်း အသံတိတ်ကားတွေလည်း လာပါသေးတယ်။ ဥပမာ ချာလီချက်ပလင်တို့၊ ဘာစတာ ကီတန်တို့၊ ဖက်တီး ဂါဗန်ကယ်တို့၊ နောက် မန့်(စ်)ဘရားသားစ်တို့၊ လော်ရယ်အင်(န်) ဟာဒီတို့ ... ဘာတို့ ဆိုတာမျိုးတွေပေါ့ဗျာ။ အဲဒီကားတွေက ဘာသာစကား နားမလည် စရာမလိုပါဘူး။ Slap-Stick လို့ခေါ်တဲ့ အမူအရာတွေနဲ့ပဲ နားလည်နိုင်တဲ့ ဟာသ တွေများပါတယ်။ အဲဒီကားတွေကိုတော့ သိပ်ကြိုက်ခဲ့ပါတယ်။

နောက် ဝင်းဖေ အထက်တန်းကျောင်းသား အရွယ်ရောက်လာတော့ ဝင်းဖေရဲ့ဦးလေးတွေထဲက ဦးလေးကြီးတစ်ယောက်ရဲ့ ကျေးဇူးနဲ့ ရုပ်ရှင်ရိုက်ကြတဲ့နေရာမှာ ဒါရိုက်တာဆိုတဲ့လူဟာ အလွန်အရေးကြီးတယ်၊ ရုပ်ရှင်ကားတစ်ကား ကြည့်တော့ မယ်ဆိုရင် အဲဒီကားကို ဘယ်ဒါရိုက်တာ ရိုက်တာလဲဆိုတာကို အရင်သိထားရမယ်၊ နောက်ကြည့်ပြီးတဲ့အခါမှာ ကောင်းသလား၊ မကောင်းဘူးလားဆိုတာ မှတ်ထားရမယ်။ ကြာတော့ ကိုယ့်စိတ်ကြိုက်ဒါရိုက်တာဟာ ဘယ်သူတွေလဲ ဆိုတာ မှတ်မိလာနိုင်တယ် လို့ အကြံပေးပါတယ်။ ကောင်းတဲ့ ဒါရိုက်တာ၊ တော်တဲ့ ဒါရိုက်တာတွေဟာ ဘယ်သူ တွေဆိုတာကိုလည်း လေ့လာမှတ်သား ထားသင့်တယ်လို့ ဦးလေးကြီးက ပြောပြပါတယ်။ အဲဒီကတည်းက စပြီးတော့ ဝင်းဖေဟာ ရုပ်ရှင်ကြည့်တော့မယ်ဆိုရင် ရိုက်တဲ့ ဒါရိုက်တာဘယ်သူလဲဆိုတာကို သိပ်ပြီး စိတ်ဝင်စားလာပါတော့တယ်။

တော်တဲ့ ဒါရိုက်တာတွေဟာ သူတို့ရိုက်ဖို့ ဇာတ်လမ်းရွေးကတည်းက အရွေး မှန်နေတတ်ကြပါတယ်။ ဇာတ်ကောင်တွေ နေရာချထားပြီဆိုရင်လည်း ဇာတ်နဲ့ အံဝင် ခွင်ကျ ဖြစ်နေတာများပါတယ်။ တော်တဲ့ဒါရိုက်တာတွေဟာ ရုပ်ရှင်ကားကောင်း တစ်ကားဖြစ်လာဖို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေအားလုံးကို ရွေးချယ်ဆုံးဖြတ်နိုင်စွမ်း ရှိကြတာပါပဲ။ ဒါ့ကြောင့်လည်း ရုပ်ရှင်ရိုက်ကွင်းတွေရဲ့ဘုရင်ဟာ ဒါရိုက်တာပါပဲလို့ ပြောကြတာပေါ့။ တစ်ခုတော့ရှိပါတယ် ...။ ဒါရိုက်တာစစ်စစ်တွေကသာ ရိုက်ကွင်းရဲ့ ဘုရင်တွေ ဖြစ်ကြတာပါ။ အထူးသဖြင့် မြန်မာရုပ်ရှင်လောကမှာ ရုပ်ရှင်ဒါရိုက်တာ တွေဟာ ရိုက်ကွင်းတွေရဲ့ ဘုရင်မဟုတ်ကြတော့တာ ကြာပါပြီ။ ဒါက ဈေးကွက်ရဲ့ သဘာဝကြောင့်၊ လူကြိုက်များတဲ့ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေကြောင့် ကပြောင်း ကပြန် ဖြစ်ကုန်ကြတာတွေလည်း ပါပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးခေတ်က မြန်မာရုပ်ရှင်လောကမှာ ဒါရိုက်တာတွေဟာ ရိုက်ကွင်းဘုရင်တွေ ဖြစ်ခဲ့ကြဖူးပါတယ်တဲ့။ ဝင်းဖေကိုယ်တိုင် ရုပ်ရှင်ရိုက်တော့မယ် ဆိုတော့ ... အထူးသဖြင့် နိုင်ငံတကာရုပ်ရှင်တွေကိုလေ့လာတဲ့အခါ သတိထားပြီး ရွေးရပါတော့တယ်။ ကမ္ဘာ့ရောမ ဈေးကွက်ကြီးတွေအတွက် ရိုက်ကူးထုတ်လုပ်ကြတဲ့ မဟာ့မဟာ ဒါရိုက်တာကြီးတွေကို အတုယူဖို့၊ ဆရာတင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူတို့က အလွန်ခမ်းနားကြီးကျယ်တဲ့ ရုပ်ရှင်ဇာတ်လမ်းကြီးတွေကို အကောင်းဆုံး စက်ကိရိယာတွေနဲ့၊ အကောင်းဆုံးနည်းပညာရှင်တွေကို အများဆုံးသုံးပြီးတော့ ကြီးကြီး ကျယ်ကျယ် ခမ်းခမ်းနားနားတွေ ရိုက်တတ်ကြတာ မဟုတ်လား။ ဝင်းဖေတို့ ရုပ်ရှင် ရိုက်ရမည့်ဈေးကွက်ကလေးက ဆီးရွက်လောက်လေး ရှိတာလေ။ ရင်းနှီးမြှုပ်နှံမှုကလည်း ခြောက်ပြား တစ်ပဲ မဟုတ်လား။ မြန်မာပြည်မှာရှိတဲ့ ရုပ်ရှင်စက်ပစ္စည်းဆိုတာ လေးတွေကလည်း ... ဟောင်းလည်းဟောင်း၊ သေးလည်းသေး၊ ချာလည်းမျာ ဆိုတော့.. ကမ္ဘာပေါ်မှာ ပေါ်ချောင်ကောင်းရိုက်ပြီးတော့ ရုပ်ရှင်ပညာနဲ့ သိက္ခာပိုင်း ကျတော့ ...၊ မြင့်မားတဲ့ ဒါရိုက်တာတွေ Low Budget ပေါ့ လေ ..၊ ရင်းနှီးမြှုပ်နှံမှု နည်းနည်းနဲ့ ကောင်းအောင်ရိုက်တဲ့ ဒါရိုက်တာအကောင်းစားတွေကို ရှာပြီးတော့ သီးသန့်ရွေးချယ်ခဲ့ရပါတယ်။

ဥပမာ ... အီတာလျံ ဒါရိုက်တာတွေထဲက Bicycle Thief တို့၊ The Roof တို့လို ကားတွေကို အနုပညာအရလည်း အဆင့်အတန်း ရှိအောင်ရိုက်ခဲ့တဲ့ ဒါရိုက်တာ ဗစ်တိုးရီးယိုး ဒက်စီးကားတို့လို ...၊ နောက် အိန္ဒိယက ဆိုရင်လည်း ဘုံဘေ ဒါရိုက်တာတွေမဟုတ်ဘဲနဲ့ အိန္ဒိယအရှေ့ပိုင်း ကိုးလ်ကတ္တားမှာ အခြေစိုက်တဲ့ ဘင်္ဂလီ ဒါရိုက်တာကြီး ရော်တိုဂျစ်ရှိုင်းတို့လို၊ နောက် ဂျပန်က

ဒါရိုက်တာကြီး အိုးဇုတို့၊ ကူရိုဆားဝါး တို့ပါဝင်ပါတယ်။ အမေရိကန် ဟောလိဝုဒ်ဒါရိုက်တာကြီးတွေ အနားကို မကပ်နိုင်ပါဘူး။ ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်း ခံယူချက်ကြပြန်တော့လည်း Sim-plicity perfection and the beauty လို့ဆိုတဲ့ အရိုးဆုံးကိုလုပ်ရင် အမှားအနည်း ဆုံးမို့ အလှတရား ရှိနေလိမ့်မယ် ဆိုတဲ့ခံယူချက်မျိုးကို ဆုပ်ကိုင်ခဲ့ရပါတော့တယ်။

ဒီသဘောတရားကို အရှင်းဆုံးဖြစ်အောင် ပြန်ပြီးတော့ပြောရရင် ... ပထမ ကိုယ်ရိုက်မည့်ဇာတ်လမ်းကို ကိုယ်ကိုယ်တိုင် ကျေကျေညက်ညက် နားလည်ရပါမယ်။ ရှင်းပါတယ် ... ကိုယ်တကယ် နားလည်တဲ့ အကြောင်းအရာတွေကိုရိုက်ပါမှ အမှား အနည်းဆုံးဖြစ်မှာပါ။ ချွတ်ယွင်းချက် နည်းခြင်းရဲ့အလှကို အများစုက တန်ဖိုးထားဖို့ မေ့နေတတ်ကြပါတယ်။ ဒါပေမဲ့ သူတို့ကိုယ်တိုင် သတိမထားလိုက်နိုင်ဘဲ နှစ်သက်နေ တတ်ကြပါတယ်။ အနုပညာအလှ အမျိုးမျိုးအစားစားရှိတဲ့အထဲမှာ ရိုးသားမှုနဲ့ အပြစ် ကင်းစင်နေမှုအလှဟာ လွယ်မလိုလိုနဲ့ ခက်နေတတ်ပါတယ်။ ရှားနေတတ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ကာ လူတွေဟာ ရိုးရိုးသားသား နေတတ်ထိုင်တတ်ဖို့ ခက်နေ တတ်ကြပါတယ်။ ရိုးရိုးကျင့် မြင့်မြင့်ကြံဆိုတဲ့ စကားပုံ ရှိနေပေမဲ့ မြင့်မြင့်ကြံဖို့အတွက် ဆန်းဆန်းကျင့်ရမယ်လို့ လူအများက ယုံနေတတ်ကြပါတယ်။ မြင့်မြင့်ကြံဖို့ ဆိုရာမှာ လည်း ... ပညာမြင့်ဖို့၊ သိက္ခာမြင့်ဖို့၊ အကျင့်သီလ မြင့်ဖို့ဆုံးမခဲ့တာဖြစ်ပါတယ်ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

ဝင်းဖေနဲ့ မြန်မာ့ ခေတ် သစ် ပန်းချီ ဒုတိယမျိုးဆက်ဝင် ပန်းချီပေါ်ဦးသက်တို့ဟာ မန္တလေး တစ်မြို့တည်းသားတွေ ဖြစ်ကြပြီး တော့ … ကျောင်းလည်း တစ် ကျောင်းတည်း၊ မန္တလေးအစိုးရ အထက်တန်းကျောင်း အမှတ်(၁) ထွက်တွေ ဖြစ်ကြပါတယ်။တစ် တန်းတည်း ထွက်တာတွေတော့ မဟုတ်ကြပါဘူး။ အသက်တွေကလည်း လကြီး၊ လငယ် တွေပါ။ ကျောင်းပန်းချီဆရာ ဦးထွန်းညွန့် ဆီမှာ သင်ခဲ့ ကြတာလည်း အတူတူပါပဲ။ နောက် ပန်းချီဆရာကြီး ဦးဘသက်နဲ့ ပန်းချီဆရာကြီး ဦးခင်မောင်(ဘဏ်)တို့ ဆီမှာ သင်ယူကြတာလည်း အတူတူ၊ အတွဲလိုက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ညီအစ်ကိုအရင်းတွေထက် ပိုပြီးတော့ ရင်းနှီးချစ်ခင်ကြပါတယ်။ တစ်ခုတော့ရှိပါတယ် .. ဝင်းဖေကတော့ ငယ်ပေါင်းဆိုတော့ … ပေါ်ဦးလို့ပဲ ခေါ်ပါတယ်။ အဲ ပန်းချီဆရာကြီး ဦးဘသက်ရဲ့ တပည့်တွေမို့ ပေါ်ဦးသက်တို့ ဝင်းဖေသက် တို့ ဖြစ်ခဲ့ကြပါတယ်။

နောက်တော့ ပန်းချီဆရာကြီး ဦးဘသက်ကို အကြောင်းပြုပြီးတော့ စော မောင်သက်တို့ လှမောင်သက်တို့ ဝင်းလွင်သက်၊ နိုင်ဦးသက် … ဘာသက် ညာသက်နဲ့ဆိုပြီးတော့ သက်တွေ သိပ်ဖောင်းပွလာလို့ ဝင်းဖေ ကတော့ နောက်ဆုံးက “သက်” တစ်လုံးကို ပြန်ပြီးတော့ ဖြုတ်ပစ်ရတာပါပဲ။ ဒီလိုဖြုတ်ပစ်ဖို့ ဆရာကြီး ဦးဘသက်(ဘကြီးသက်) ကိုယ်တိုင်ကပဲ အားပေးပါတယ်။ သူကလည်း သက်'တွေ မတရား ဖောင်းပွလာတာကို အမြင်ကတ်သူဖြစ်ပါတယ်။ မန္တလေးမှာ ပန်းချီရေးတဲ့ လူတွေ တော်တော်များများ … ဘာသက်၊ ညာသက် ဆိုပြီးတော့ ယိမ်းထွက် ကရတော့ မလို ဖြစ်လာလို့ ဝင်းဖေလည်း သက်တစ်လုံး ပြန်ဖြုတ်လိုက်ရတာဖြစ်ပါတယ်။ ပေါ်ဦး သက်ကတော့ ဝင်းဖေလောက် ပစိပစပ်များတတ်သူ မဟုတ်ပါဘူး။ ပေါ်ဦးငယ်စဉ်က ဝင်းဖေနဲ့ တခြားစီဖြစ်နေတာတွေ ရှိပါတယ်။

သူက အလွန်စကားနည်းပါတယ်။ အလွန် အေးဆေးတည်ငြိမ်ပါတယ်။ ဝင်းဖေက ငယ်ငယ်ကတည်းက အလွန် စကားများပါတယ်။ ရယ်စရာ၊ မောစရာတွေ လည်း အမြဲပြောနေတတ်တဲ့ အလွန်နောက်တတ်ပြောင်တတ်တဲ့သူ ဖြစ်ပါတယ်။ နောက်ပိုင်းကြတော့ ပေါ်ဦးလည်း ရယ်စရာ မောစရာ

ပြောတတ်လာပါတယ်။ ဒါက တော့ ဝင်းဖေနဲ့ပေါင်းလို့ ပျက်စီးသွားတာ ဖြစ်ပါတယ်။ ပေါ်ဦး ကာတွန်းရေးတာ တောင်မှ ဝင်းဖေကြောင့်ဖြစ်ပါတယ်။ ဝင်းဖေက ငယ်ငယ်ကတည်းက ကာတွန်း သိပ်ကြိုက်ပါတယ်။ သူရိယမဂ္ဂဇင်းမှာပါတဲ့ ဘကြီး မေတ္တာတုံး၏ အာဒါသ မုက္ခဒီပနီကိုရေးဆွဲတဲ့ ကာတွန်းဗကလေးနဲ့ ဦးဗဂျမ်း ကာတွန်းတွေနဲ့ ဖက်ပြီးကြီး လာသူ ဖြစ်ပါတယ်။ နောက်တော့ အမေရိကားက ထုတ်တဲ့ MAD ဆိုတဲ့ ကာတွန်း ဆရာတွေ ဖြစ်ကြတဲ့ ဒွန်မာတင်တို့ ဗီဂျီလ်ပ့ါ(ချ်) တို့ နောက် ဂျူးလ်(စ်)ဖီဖာ တို့ဆိုတာတွေနဲ့ ကြီးလာပြန်ပါတယ်။ ပေါ်ဦးကိုလည်း တစ်ပါတည်း ဖျက်ဆီးပါတယ်။

ပေါ်ဦးတို့ဆရာ ပန်းချီဆရာကြီး ဘဏ်ဦးခင်မောင်ကလည်း ဝင်းဖေ တို့နဲ့ အတူတူ MAD ကာတွန်းတွေကို အလွန်ကြိုက်သူ ဖြစ်နေလေတော့ ဝင်းဖေတို့ ပိုကဲ ကုန်ကြပါတယ်။ ဝင်းဖေဟာ ပန်းချီရေးတာအပြင် အငြိမ်မနေဘဲနဲ့ ဒီပြင်ဟာတွေလည်း လျှောက်လုပ်တတ်တဲ့အတွက် ပေါ်ဦးက ဝင်းဖေကို အမြဲတမ်း စိုးရိမ်ပူပန်ပြီးတော့ ဂျိတိုက်နေတတ်ပါတယ်။ ပေါ်ဦးက ဝင်းဖေထက် အများကြီးခြေငြိမ်ပါတယ်။ ပန်းချီသက်သက်ပဲ စွဲစွဲမြဲမြဲလုပ်သူဖြစ်ပါတယ်။ နောက်ပိုင်း ထရမ်းပက်မှုတ်ဖို့ ကြိုးစား တာဟာ ဝင်းဖေကြောင့်ဖြစ်ပါတယ်။ ဝင်းဖေဟာ ပင်မအားဖြင့် မဟာဂီတ၊ မြန်မာ့ ရိုးရာ ပတ္တလားတီးပြီးတော့ မြန်မာ့ရှေးသီချင်းတွေကို ဆိုနေသူဖြစ်ပေမဲ့ အမေရိကန် ရုပ်ရှင်တွေကြည့်ပြီးတော့ Jazz တွေ Blues တွေကိုလည်း အလွန်ကြိုက်သူ၊ သီဆိုသူ၊ နောက် ... ကလဲနက်တို့ ထရမ်းပက်တို့ ဆက်ဆိုဖုန်းတို့နဲ့ မှုတ်ဖို့ ကြိုးစားသူဖြစ် ပါတယ်။ အဲဒီမှာ ပေါ်ဦးလည်း တံငါနားနီးတံငါ ဆိုတာလို ဝင်းဖေနားနီးတော့ နည်းနည်းတော့ ဒရန့်ခတ်လာတာ ဖြစ်ပါတယ်။

ပေါ်ဦးရဲ့ ထရမ်းပက်သံဟာ အလွန်ချိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ခန္ဓာ ကိုယ်ဟာ ပလွေရိုးလေးလို ဖြစ်နေလေတော့ကာ သူ့အဆုတ်ဟာလည်း သေးပါတယ်။ အဲဒီတော့ သူ့ထရမ်းပက်ဟာလည်း အသံချိုချိုလေးပဲ ထွက်ပါတယ်။ အဲဒီတုန်းက သူသိပ်ကြိုက်တဲ့ Trumpet Soloist တွေက လူဝီဒယ်နီယယ်ဆက်(ချ်)မို အမ်း(စ်) ထရောင်းတို့၊ ကင်းအယ်(လ်)ဟတ်တို့ ဖြစ်ကြပါတယ်။ ထရမ်းပက်ကို ကွဲထွက် မတတ် အားကောင်းမောင်းသန် မှုတ်နိုင်ကြတဲ့ တကယ့်ထရမ်းပက် ဘီလူးကြီးတွေ ဖြစ်ပါတယ်။ နောက် အနောက်တိုင်း ဂန္ထဝင်တေးတွေကို ပေါ်ဦး ကြိုက်တတ်လာပြန် တာကတော့ ပန်းချီဆရာ၊ ဗိသုကာ ခင်မောင်ရင်ရဲ့ လက်ချက်ဖြစ်ပါတယ်။ ခင်မောင် ရင်က Western Classic လို့ခေါ်တဲ့ အနောက်တိုင်း ဂန္ထဝင်တေးတွေကို ကြိုက်လိုက်ပုံ ကတော့ မနက် အိပ်ရာကနိုးလာရင် ခြင်ထောင်ထဲက လက်တစ်ဖက်ပဲ ထွက်လာပါတယ်။ နောက် ဓာတ်စက်ခလုတ်ကို စပြီးတော့ ဖွင့်လိုက်ပါတယ်။

နောက် အဲဒီခေတ်က Classic Long Play ဓာတ်ပြားတွေကိုဖွင့်ပြီးတော့ ပန်းချီရေးတတ်ပြီးတော့ ညအိပ်ရာ ဝင်အထိ Classic တွေနဲ့ပဲ အိပ်တန်းပြန်ပြီးတော့ ဝင်ပါတယ်။ ဒီတော့ ပေါ်ဦးဟာ Musical Instrument အနေနဲ့ ထရမ်းပက်ကို မှုတ်ပေမဲ့ နားထောင်တော့ အနောက် တိုင်း ဂန္ထဝင်တေးတွေ ဖြစ်ပြီးတော့ ... သူ့ပါးစပ်ကဆိုတော့ကာ ... မြို့မညိန်းရဲ့ မန်ဒါလီတို့ နန်းမြို့တော်တို့ သခွတ်ပန်းတို့ ဆိုတာတွေကို ဆိုပါတယ်။ ဒါက တော့ သူဟာ မြို့မညိန်းရဲ့ သမီးအကြီးဆုံး မတင်ကြည်နဲ့ အိမ်ထောင်ကျတော့ ယောက္ခမ မြို့မညိန်းကို ဦးထိပ်ထားရာတာဖြစ်ပါတယ်။ မြို့မညိန်းသီချင်းကိုသာ ဆိုရမယ်ဆိုရင် ဝင်းဖေတို့နဲ့ အလွန်တရင်းတနှီးရှိခဲ့ကြတဲ့ မြန်မာနိုင်ငံက နိုင်ငံကျော်၊ အဆိုကျော် မာမာအေးမျက်နှာကို တစ်ထွာလောက် အကွာကနေပြီးတော့၊ စေ့စေ့ကြည့် ပြီးတော့ ဆိုပြတတ်သူဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဝင်းဖေက... “ဟေ့ကောင် ပေါ်ဦး...မင်းဆိုပြနေတာ နိုင်ငံကျော်၊ အဆိုကျော် မာမာအေး နော်” လို့သတိပေးပေမဲ့ သီချင်း ဆုံးတဲ့အထိ ခပ်တည်တည်နဲ့ ဆိုပြတတ်သူ ဖြစ်ပါတယ်။ ဆက်လက် တင်ပြပါ့မယ်...။

ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာ့ခေတ်ပေါ်ပန်းချီ စတင်မှုရဲ့ ဒုတိယမျိုးဆက်ဝင် ပန်းချီဆရာ ပေါ်ဦး သက်ဟာ သူနဲ့ ပန်းချီရေးဖော်ရေးဖက် ဝင်းဖေတစ်ယောက် ပန်းချီရေးနေရာကနေ သွေဖည်ပြီးတော့ တခြား စိတ်ဝင်စားမှုတွေနဲ့ ဒရန့်ခတ်မှာကို အလွန် စိုးရိမ်ပူပန်သူ ဖြစ်ပါတယ်။ ဝင်းဖေ ဟာ ပင်ကိုသဘာဝကိုက အလွန် ခြေမငြိမ်သူဖြစ်ပါတယ်။ အပေါင်းအသင်းကလည်း သိပ်များပါတယ်။ ပေါ်ဦးသက် (ဝင်းဖေအခေါ် ပေါ်ဦး) ကတော့ ... အပေါင်းအသင်းနည်းတဲ့သူ၊ ခြေငြိမ်သူ၊ အေးအေးဆေးဆေးနေတတ်သူ ဖြစ်ပါတယ်။ သူ့ရဲ့ တစ်ဦးတည်းသောအပေါင်းအသင်း ဝင်းဖေကို ဆုံးရှုံးရမှာ အလွန် ပူပန်နေတာဟာ အလွန်သဘာဝကျပါတယ်။ ဝင်းဖေနဲ့သူနဲ့ အသက်အားဖြင့် ၆ လပဲ ကွာပါတယ်။ သူက ဝင်းဖေထက် ငယ်ပါတယ်။ ဒါပေမဲ့ သူက ကျောင်းနေ နောက်ကျ ပါတယ်။ ဒုတိယ ကမ္ဘာစစ်က လက်ကျန် လက်ပစ်ဗုံးတစ်လုံးကြောင့် သူ့ညာဘက် လက် ဆုံးရှုံးသွားရတဲ့အတွက် သူ့ဖခင်ပန်းချီဆရာကြီး ဦးလှကြီးက သူ့ကို သိပ်ပြီး တော့ အလိုလိုက်ခဲ့ပါတယ်။ ကျောင်းမတက်ချင်ဘူးလို့ ကလေးက ပြောတာကို အလို လိုက်ပြီးတော့ ကျောင်းမထားခဲ့တဲ့ အတွက် ဝင်းဖေထက် ၄ တန်း နောက်ကျနေပါတယ်။

ဗီဇအားဖြင့် ပေါ်ဦးဟာ အလွန်ဉာဏ်ထက်မြက်သူ ဖြစ်ပါတယ်။ ဘာကိုပဲ ဖြစ်ဖြစ် မြန်မြန် သဘောပေါက်လွယ်သူ ဖြစ်ပါတယ်။ ပေါ်ဦးဟာ မွေးရာပါ ပင်ကိုအားဖြင့် ညာသန် ဖြစ်ပါတယ်။ သူ့ညာဘက်လက် ဆုံးရှုံးသွားပြီးမှ ဘယ်ဘက်လက်ကို သန်လာအောင် ပြန်ပြီးတော့ လေ့ကျင့် ယူခဲ့ရပါတယ်။ အဲဒီဘယ်ဘက်လက်ဟာ ညာ ဘက်လက်လို ပြန်ပြီး သန်လာတဲ့အတွက် စာတွေဘာတွေ ပြန်ပြီးရေးနိုင်လာရုံမကဘဲ အလွန် ကျွမ်းကျင် လိမ္မာတဲ့ ပန်းချီဆရာရဲ့ လက်တစ်ဖက်တောင် ဖြစ်လာပါတယ်။ ပေါ်ဦးရဲ့ ပြန်ကျင့်ယူထားရတဲ့လက်ဟာ တိကျသေချာမှု၊ သန့်ရှင်းသပ်ရပ်မှု၊ တည်ငြိမ် ခိုင်မြဲမှုတွေပတ်သက်လာရင် ဝင်းဖေရဲ့လက်ထက် အများကြီးသာပါတယ်။ ဘယ်ဘက် လက်တစ်ဖက်တည်းရှိပေမဲ့ ခဲတံချွန်စရာ ရှိလာရင်တောင် ဘယ်တော့မဆို သူ့ဟာ သူပဲ ချွန်ပါတယ်။ သူ ချွန်ထားတဲ့ ခဲတံဟာ အလွန် သပ်ရပ်လှပပါတယ်။ လက်တစ်ဖက်တည်းကို ချွတ်ယွင်းနေတဲ့ ညာဘက်လက် အကူအညီနဲ့ ကြံကြံဖန်ဖန် ချွန်ထားရ တယ်ဆိုတာကို ပြောပြရင် ဘယ်သူမှ

ယုံနိုင်စရာ မရှိပါဘူး။

ပေါ်ဦးဟာ ဒီဇိုင်းဆရာအဖြစ်နဲ့လည်း လုပ်ကိုင် စားသောက်ခဲ့ဖူးပါတယ်။ အဲဒီလို ဒီဇိုင်းတွေ ရေးတဲ့အခါမှာ ဝင်းဖေက ကူညီပေးဖို့ ကြိုးစားပါတယ်။ ဝင်းဖေရဲ့ လက်ဟာ အလွန် ပရမ်းပတာနိုင်ပါတယ်။ အဲဒါကြောင့် ကူရာမရောက်ဘဲ အနှောင့် အယှက် အများကြီးဖြစ်ပါတယ်။ ဝင်းဖေ လုပ်လို့ မသပ်မရပ်ဖြစ်ကုန်တာတွေကို ပေါ်ဦးက ပြန်ပြန်ပြင်နေရတဲ့အတွက် သူ့ဟာသူ ရေးလိုက်ရတာထက် ပိုပြီးတော့ အများကြီး ပင်ပန်းရှာပါတယ်။ ဝင်းဖေက ၁၀ တန်းအောင်ပြီး မန္တလေးတက္ကသိုလ် ဝင်တော့ ၁၆ နှစ် မပြည့်သေးပါဘူး။ အလွန်ဒရန့်ခတ်တတ်တဲ့ ဝင်းဖေတစ်ယောက် မန္တလေးတက္ကသိုလ် ရောက်သွားရင် ပန်းချီကိုပစ်ပြီးတော့ တီးတာ၊ မှုတ်တာ၊ ဆိုတာ၊ ကတာတွေ အားသန်သွားတော့မှာပဲဆိုပြီးတော့ ပေါ်ဦးက တတွတ်တွတ်မှာပါတယ်။ ပန်းချီရေးတဲ့နေရာမှာ အားနည်းသွားတော့မှာ သေချာတယ်ဆိုပြီးတော့ စွပ်စွဲတာကို ဝင်းဖေက အလွန်ခံပြင်းပါတယ်။ ဒါ့ကြောင့် တက္ကသိုလ်မှာ နံရံကပ် ပန်းချီစာစောင် သက်သက်ကိုတောင် ထုတ်ဖြစ်အောင် ထုတ်ပါတယ်။ တက္ကသိုလ်လောကမှာ နံရံကပ် စာစောင်တွေသာ ရှိတတ်ပါတယ်။ စာတွေမပါဘဲ ပန်းချီတွေချည်းသက်သက် သိပ်ရှား ပါတယ်။

ဝင်းဖေ ဆိုလိုတာက ... ပေါ်ဦးရဲ့ ပူပန်မှု သောကကြောင့် ဝင်းဖေဟာ ပန်းချီနဲ့ အဆက်မပြတ်အောင် ကြိုးစားခဲ့ရတယ်ဆိုတာကို ပေါ်လွင် စေချင်တာ ဖြစ်ပါတယ်။ နောက် မန္တလေးရဲ့မြောက်ဘက် စဉ့်ကူး ထုံးကြီးဘက်ကို ဝင်းဖေ ကျောင်းအုပ်သွားလုပ် တော့လည်း ပေါ်ဦးက ပူညံပူညံ လုပ်ပြန်ပါတယ်။ မန္တလေးပန်းချီအုပ်စုနဲ့ ကင်းကွာတဲ့အတွက် ပန်းချီရေးအားတွေ သေချာပေါက် ကျသွားတော့မှာပဲဆိုပြီးတော့ သဘော်ဆိပ် အထိ ညအိပ်လိုက်လာပြီးတော့ ဂျီတိုက်ပါတယ်။ အမှန်က သူနဲ့လက်ဖက်ရည်ဆိုင် ထိုင်ဖို့၊ စကားပြောဖို့ ဘက်ပဲ့မှာကို မလိုလားတာ ပါပါတယ်။ ဝင်းဖေကတော့ မိန်းမ ယူတော့မှာမို့ ပြင်ဆင်တာပါ။

ဒါပေမဲ့ ပန်းချီနဲ့ ပြတ်တော့မှာပဲဆိုတဲ့ ပေါ်ဦးရဲ့ ခြိမ်းခြောက်မှုဟာ ဝင်းဖေ အတွက်တော့ အလွန်ကြီးမားတဲ့ အထောက်အပံ့ကြီးကို ရခဲ့တာပါပဲ။ ကျောင်းအုပ်လုပ်ဖို့ ထွက်လာတဲ့ ဝင်းဖေဟာ ကိုယ့်အဓိကတာဝန်တွေအပြင် အကြီးအကျယ် ပန်းချီတွေ ရေးဖြစ်ခဲ့ပါတယ်။ ပန်းချီမှာ နောက်ကျကျန်နေခဲ့မှာ ကြောက်တဲ့စိတ်က တွန်းအားပေးခဲ့ ပါတယ်။ နောက်တစ်ခုက ဆရာရင်းများဖြစ်ကြတဲ့ ဘကြီးသက်နဲ့ ဆရာဦးခင်မောင်တို့ မျက်ကွယ်ရောက်သွားတော့ ကိုယ့်ကိုယ်ပိုင် စိတ်ကူးတွေနဲ့

စမ်းသပ်ချင်တဲ့ကိစ္စတွေကို ပိုပြီးတော့ လက်ရဲဇက်ရဲနဲ့ ရေးဖြစ်ကုန်ပါတယ်။ ဝင်းဖေရဲ့အတွေးအားများတဲ့ ပန်းချီ ကားတွေ စတင်တာဟာ ထုံးကြီးရှာကြီးမှာ တွဲဖက်အထက်တန်း ကျောင်းအုပ်လုပ်စဉ် က ဖြစ်ပါတယ်။ ပန်းချီကား ဒီဇိုင်းဖွဲ့ပုံဟန်တွေ၊ နောက် အရောင်သုံးပုံတွေ၊ နောက် ကောက်ကြောင်း၊ မျဉ်းကြောင်းတွေ ရေးပုံရေးနည်းတွေ၊ ရေးဆွဲမည့်အကြောင်းအရာ ရွေးပုံရွေးနည်းတွေဟာ သမားရိုးကျ ကနေပြီးတော့ သိသိသာသာ ခွဲထွက်ကုန်ပါတယ်။

ဝင်းဖေဟာ အရင်က မရောက်ဖူးသေးတဲ့ ပန်းချီနယ်မြေသစ်၊ နယ်မြေစိမ်းတွေ ထဲကို အရဲစွန့်ထွက်ခွာတတ်လာခဲ့ပါတယ်။ ဒါဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် ပေါ်ဦးရဲ့ “မင်းနော် ... ပန်းချီနဲ့ပတ်သက်လို့ သွေးအေးသွားတော့မှာပဲ” ဆိုတဲ့ ပြောစကားကို အလေးထားပြီးတော့ ကြိုးစားလှုပ်ရှားရာကနေ ရလိုက်တဲ့ စွန့်စားမှုတွေ၊ နယ်မြေ ချဲ့ထွင်မှုတွေ၊ အတွေးအရေး ကျယ်ပြန့်လာနိုင်မှုတွေ ဖြစ်ပါတယ်။ ဆက်လက် တင်ပြ ပါ့မယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

ဝင်းဖေ ပန်းချီ မရေးတော့ဘဲနဲ့ တခြား ဝါသနာတွေ ဘက်ကို သဝေထိုးသွားမည့် ကိစ္စကို သောကဖြစ် ပူပန်နေ တဲ့ ပေါ်ဦးသက်ရဲ့ ပြဿနာ ဟာ သူ ကွယ်လွန်သွားတဲ့ တိုင်အောင်ပဲ ဖြစ်ပါတယ်။ ဒီကိစ္စကို ထင်ထင်ရှားရှား သိနေသူနှစ်ဦးကတော့ ဝင်းဖေ နဲ့ ပေါ်ဦးသက်တို့ ကိုယ်တိုင်သာ ဖြစ်ကြပါတယ်။

ဝင်းဖေနဲ့ ပေါ်ဦးသက် အတူပူးပေါင်းပြီးတော့ ဂလိလို့ခေါ်တဲ့ ၁၀ ပြားတန် ရုပ်ပြစာစောင်လေးတစ်ခု ထုတ်ခဲ့ဖူးကြပါတယ်။ မန္တလေးက အလင်းရောင် ဘလောက် တိုက်ပိုင်ရှင် ဦးအေးမောင်က ဝင်းဖေတို့နှစ်ယောက်ကို အကြီးအကျယ် အားပေးကူညီ ခဲ့ပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးတို့ဟာ အပတ်စဉ် စာစောင်ကလေးမှာ ပုံမှန်ရုပ်ပြဇာတ်လမ်းတွေ၊ ကာတွန်းတွေ အလျှင်မီအောင် အပြိုင်းအထန်ရေးဆွဲကြရပါတယ်။ စာစောင်မှာ ကြော်ငြာထည့်ရင် ကြော်ငြာဒီဇိုင်းကို အလကားရေးပေးမယ်ဆိုတဲ့ မက်လုံးကြောင့် ဝင်းဖေတို့စာစောင်မှာ ကြော်ငြာအင်အား အလွန်ကောင်းပါတယ်။ ကြော်ငြာခတွေနဲ့ တင် စာစောင်စက္ကူဖိုးတွေ၊ ပုံနှိပ်ခတွေနဲ့ တခြားစရိတ်တွေ ကျေပါတယ်။ စာစောင် ထုတ်စရိတ် ငွေသားအရင်း မရှိပါဘူး။ ဝင်းဖေတို့ရဲ့ပညာနဲ့ လုပ်အားတွေကိုပဲ ရင်းနှီး ကြရတာပါ။ ဝင်းဖေရဲ့ဖခင်ကြီး ရွှေပြည်ဦးဘတင်ကိုယ်တိုင် လူကြီးတန်မဲ့ ဝင်းဖေ တို့ရဲ့ ၁၀ပြားတန် စာစောင်လေးအတွက် အပတ်စဉ် "မန္တလေးနန်းတွင်း အရေးတော်ပုံ ဇာတ်လမ်း"၊ ဇာတ်ညွှန်းတွေကို ရေးပေးပါတယ်။ နောက် ဝင်းဖေရဲ့ညီအရင်း မောင် တင်ဝင်းက ထုတ်လုပ်ရေးနဲ့ ဖြန့်ချိရေးကို နိုင်နိုင်နင်းနင်းနဲ့ လုပ်ကိုင်ကူညီပေးပါတယ်။ ဝင်းဖေတို့ရဲ့ဆရာ၊ ဘဏ်မန်နေဂျာကြီး ဦးခင်မောင် ကိုယ်တိုင်ကလည်း ဝင်းဖေ တို့ စာစောင်ရဲ့ မျက်နှာဖုံးကာတွန်းတွေကို မကြာခဏ ရေးပေးပါတယ်။

ဝင်းဖေတို့မှာ သုံးလေးလ အတွင်း ၂သောင်း၊ ၃သောင်းလောက် အမြတ်ငွေ ရပေမဲ့ အကြွေးစာရင်းသာဖြစ်နေပါတယ်။ အကြွေးတွေ ပြန်ရအောင် တောင်းတဲ့ပညာ မတတ်ကြတာကြောင့် လုပ်ငန်းရပ်ပစ်လိုက်ကြရပါတယ်။ အဲဒီကာလတစ်လျှောက်မှာ ပေါ်ဦးသက်ဟာ ဝင်းဖေနဲ့ပတ်သက်လို့ အပျော်ဆုံးဖြစ်ပါတယ်။ ဝင်းဖေဟာ သူ့မျက်စိအောက်မှာ အမြဲရှိနေလို့ဖြစ်ပါတယ်။ ဒုတိယ သူပျော်တဲ့ကာလကတော့ ... ဝင်းဖေနဲ့ ပေါ်ဦးတို့ လူထုသတင်းစာမှာ

ပန်းချီသရုပ်ဖော်နဲ့ ကာတွန်းဆရာတွေအဖြစ် လခစား ဝင်လုပ်ကြတဲ့ နှစ်တွေဖြစ်ပါတယ်။ ၁၉၅၉ ကနေ ပြီးတော့ ၆၂ အထိ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီတုန်းကလည်း ဝင်းဖေတို့ နေ့စဉ်အတူ အလုပ်ဆင်းကြရပါတယ်။ အပတ်စဉ် နားရက်တောင် မရှိကြပါဘူး။ အဲဒီကာလတွေဟာ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းလိုက်တာနဲ့အတူ နိဂုံးချုပ်သွားပါတယ်။ အဓိကအားဖြင့် ကာတွန်းဆရာ ဘဝတွေ ဖြစ်ပါတယ်။ ပေါ်ဦးကတော့ ပန်းချီသရုပ်ဖော်အလုပ်နဲ့ ဆက်လက်ပြီးတော့ ရပ်တည်ပါတယ်။ ဝင်းဖေကတော့ ဇနီးဘက်က လုပ်ငန်းဖြစ်တဲ့ ကျောက်စိမ်းတွင်း ဘက်ကို ရောက်သွားပါတယ်။ ဒီတော့လည်း ပေါ်ဦးက ဝင်းဖေ ပန်းချီလောကနဲ့ ကင်းကွာသွားတော့မည့်ကိစ္စကို တတွတ်တွတ်နဲ့ သတိပေးပြန်ပါတယ်။

ဝင်းဖေဟာ ကျောက်စိမ်းတွင်းလောက၊ နောက် ... မိုးကုတ်ပတ္တမြားး၊ နီလာ လောကတွေကို ရောက်သွားရပေမဲ့ ပေါ်ဦးတို့ ခင်မောင်ရင်တို့နဲ့ အဆက်အသွယ်မပြတ် အောင်နေပြီးတော့ ပန်းချီပြပွဲတွေမှာ ပါဝင်ဖြစ်ပါတယ်။ အဲဒီ ၁၉၆၂ ခုနောက်ပိုင်းတွေမှာ ပေါ်ဦးကလည်း ပန်းချီလုပ်ငန်းကို ရန်ကုန်ဆင်းပြီးတော့လုပ်ပါတယ်။ ခင်မောင်ရင်က လည်း အရှေ့ပါကစ္စတန် ... နောက်တော့ ဘင်္ဂလားဒေ့ရှ် ဖြစ်လာတဲ့နိုင်ငံ ဒက္ကာမြို့တော် မှာ ဗိသုကာလုပ်နေရာက ပြန်လာပြီးတော့ ပန်းချီရေးဖို့၊ ရုပ်ရှင်ရိုက်ဖို့ စတင်တဲ့အချိန် တွေဖြစ်ပါတယ်။ ဝင်းဖေ၊ ပေါ်ဦး၊ ခင်မောင်ရင်တို့ ၃ယောက်ဟာ အချိန်တိုပန်းချီပြပွဲ လေးတွေ အများကြီးလုပ်ဖြစ်ခဲ့ကြပါတယ်။ အဓိကအားဖြင့် သံရုံးတွေက လုပ်ချင်လို့ လုပ်ကြရတဲ့ပွဲတွေပါ။ အစိုးရစိစစ်ရေးက ခွင့်ပြုချက်လည်း ယူစရာမလိုပါဘူး။ ပြပွဲ အချိန်အားဖြင့်ကလည်း ညနေ ၄ နာရီကနေ ည ၈ နာရီအထိ၊ တစ်ညနေပဲ ပြကြရ ပါတယ်။ ပန်းချီကားတွေကို အာလူးကြော်ရောင်းသလို ရောင်းခဲ့ကြရတဲ့ ခေတ်ကာလ လေး တစ်ခုဖြစ်ပါတယ်။

ကျောက်ကုန်သည်အဖြစ် ခရီးသွားနေတတ်တဲ့ ဝင်းဖေဆီကို ပေါ်ဦးနဲ့ ခင်မောင်ရင်က အကြောင်းကြားတတ်ပါတယ်။ သူတို့ ပြပွဲလုပ်မည့် အကြောင်း၊ ပန်းချီကား ၅၀ လောက်လိုနေကြောင်း၊ နှစ်ယောက်ပေါင်းမှ ၃၀ လောက်ပဲ ရှိသေးတဲ့အကြောင်း... ဘာညာ စသဖြင့် ဖြစ်ပါတယ်။ ဝင်းဖေအတွက် ကင်းဗတ်(စ်) (ပေါင်) ဘောင်တွေ ကျက်ပြီးသား အဆင်သင့်နဲ့စောင့်ကြပါတယ်။ ဝင်းဖေက အချိန်လုပြီးတော့ ရန်ကုန်ကို ၂ ပတ် လောက်သွားပြီး ပန်းချီကားတွေ တရကြမ်းရေးပြီးတော့ ပြပွဲမှာ ဝင်ပြတတ်တာ ပါပဲ။ ပြီးတာနဲ့ ကျောက်ကုန်သည်လုပ်ငန်းခွင်ကို ပြန်ပြေးရပါတယ်။ အဲဒီကာလ တွေမှာလည်း ပေါ်ဦးဟာ ဝင်းဖေအတွက် တပြုံးပြုံးနဲ့ ရှိနေခဲ့တာပါပဲ။ ဒါပေမဲ့ ရက် အတော်များများကတော့ ဝင်းဖေဟာ ကုန်သည်ဘဝနဲ့ ခရီးသွားနေတာများပါတယ်။

တကယ်တမ်းကျတော့ အနုပညာတွေကိုသာ ဝါသနာပါတဲ့ ဝင်းဖေ ဟာ အံဝင်ခွင်ကျမဖြစ်ပါဘူး။ ကုန်သည်ဘာဝ ဆက်ဆံရေးတွေကို ဝင်းဖေ ဘယ်လို သင်သင် ... မတတ်ခဲ့ပါဘူး။ ကံတရားကလည်း ဝင်းဖေကို ကုန်သည်လောကမှာ သိပ်လက်ခံချင်ပုံမရပါဘူး။ ကုန်သည်တစ်ယောက်အနေနဲ့ ဝင်းဖေ ဘယ်လိုပဲကြိုးစား ကြိုးစား အကျိုးမပေးလှပါဘူး။ ရရစားစား လောက်ပါပဲ။ အဲဒါကြောင့် ၁၉၆၆ ခုနှစ်ကျတော့ ... မန္တလေး၊ အနုပညာ၊ ပန်းချီနဲ့ အကကျောင်း၊ ကျောင်းအုပ်ကြီး ရာထူးကို ဝင်ရောက်ယှဉ်ပြိုင် လျှောက်ထားခဲ့ပါတယ်။ ဒီလိုဆိုရင်တော့ ဝင်းဖေ ပန်းချီနဲ့ သိပ်ဝေးဖို့အကြောင်း မရှိတော့ဘူး ဆိုပြီးတော့ ပေါ်ဦး အတော်စိတ်သက်သာရာ ရသွားပါတယ်။ ဆက်လက်ပြီး တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၆၄]

သောတရှင်များခင်ဗျာ ...

မြန်မာ့ခေတ်သစ်ပန်းချီလောကရဲ့ ဒုတိယမျိုးဆက် ၃ ယောက်အနက်က ၂ ယောက်ဖြစ်တယ်လို့ မြန်မာ့ပန်းချီသမိုင်းသုတေသီတွေက သတ်မှတ်ခဲ့ကြတဲ့ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ မန္တလေးမြို့၊ အစိုးရ၊ အမှတ်(၁) အထက်တန်းကျောင်းမှာ စတွေ့ခဲ့ကြ စဉ်က လူချင်း မျက်နှာချင်းဆိုင်မဟုတ်ပါဘူး။ ပေါ်ဦးရဲ့ ပန်းချီလက်ရာတချို့ကို ဝင်းဖေက စတွေ့ပြီး .. ဒါ ဟိုအတန်းက ပေါ်ဦးဆိုတဲ့ကောင် ရေးတာဆိုပြီး စသိခဲ့တာ ဖြစ်ပါတယ်။

ဝင်းဖေနဲ့ ပေါ်ဦးတို့ဟာ အတန်း မတူကြပါဘူး။ အဲဒီပုံတွေကို ဝင်းဖေ ကောင်း ကောင်းမှတ်မိနေပါသေးတယ်။ အဲဒီခေတ်က အတော်ခေတ်စားတဲ့ ဆိုဗီယက်ရုရှားက မဂ္ဂဇင်းထဲက ထင်းရှူးတောပုံ ရှုခင်းတွေကို ကူးဆွဲထားတာတွေဖြစ်ပါတယ်။ လက်ရာ တွေမှာ ထူးခြားမှုရှိနေတဲ့အတွက် ကူးဆွဲထားတာတွေဆိုပေမဲ့ ဝင်းဖေက ပေါ်ဦးဆိုတဲ့ ကျောင်းသားကို စိတ်ဝင်စားသွားပါတယ်။ ဝင်းဖေထက် အတန်းငယ်တဲ့အတွက် ဝင်းဖေထက် အသက်လည်း အတော်ငယ်တယ်လို့ တထစ်ချ ယူပစ်လိုက်ပါတယ်။ ပေါ်ဦးရဲ့ကိုယ်ခန္ဓာကလည်း သေးပါတယ်။ ချက်ချင်းဆိုသလိုပဲ ဝင်းဖေနဲ့ ပေါ်ဦးတို့ဟာ အပေါင်းအသင်း သူငယ်ချင်းတွေ ဖြစ်သွားကြပါတယ်။ ပန်းချီတော်တဲ့ သူငယ်ချင်း ပေါ်ဦးကို ဝင်းဖေက ပန်းချီရေးတဲ့ စက္ကူတွေ၊ ပန်းချီရေးတဲ့ ခဲတံတွေ၊ ရေဆေးတွေပေးပြီးတော့ ကူညီခဲ့ပါတယ်။ ပေါ်ဦးရဲ့ဖခင် ပန်းချီဆရာကြီး ဦးလှကြီးကလည်း မချမ်းသာပေမဲ့ ဆင်းရဲသူ မဟုတ်တာကြောင့် သူသိပ်ချစ်ရတဲ့ သားကလေး ပေါ်ဦး အတွက် ပန်းချီရေးစရာ ခဲတံနဲ့ စက္ကူတွေ အလုံအလောက်ဝယ်ပေးတာပါပဲ။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစမှာ ပန်းချီသုံးပစ္စည်းတွေ အလွန် ရှားပါးပါတယ်။ ပိုက်ဆံ ရှိတိုင်း ဝယ်လို့မရပါဘူး။ ဝင်းဖေမှာကတော့ ပန်းချီရေးတဲ့ ဘကြီးတစ်ယောက်က ပန်းချီပစ္စည်းတွေ စစ်ကြီးမဖြစ်ခင်ကတည်းက ကြိုပြီးတော့ သိမ်းဆည်း စုဆောင်းထား လို့ ဝင်းဖေကို ထုတ်ပေးနိုင်ပါတယ်။ ဝင်းဖေက တတ်နိုင်သမျှ ပေါ်ဦးနဲ့ မျှပြီးတော့ သုံးခဲ့ပါတယ်။

အဲဒီခေတ်က မန္တလေး လွတ်လပ်ရေးအောင်ပွဲတွေမှာ နှစ်စဉ်ကျင်းပတဲ့ ကျောင်း ပေါင်းစုံ ပန်းချီပြိုင်ပွဲပါပါတယ်။ အမှတ်(၁) အစိုးရကျောင်းကို ကိုယ်စားပြုပြီးတော့ ဝင်းဖေနဲ့ ပေါ်ဦးတို့က သွားသွားပြိုင်ကြရပါတယ်။ ဝင်းဖေနဲ့

ပေါ်ဦးတို့ဟာ ကျောင်း ပန်းချီအဆင့်ကို ကျော်လွန်နေကြပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျောင်းပန်းချီပြိုင်ပွဲတွေမှာ အမြဲတမ်း ပထမနဲ့ ဒုတိယဆုကို ဝင်းဖေနဲ့ ပေါ်ဦးတို့ပဲ အလှယ်တကူရကြမြဲ ဖြစ်ပါတယ်။ သုံးလေးနှစ်လောက်နေတော့ မန္တလေး ပန်းချီဆရာကြီးတွေက ဝင်းဖေနဲ့ ပေါ်ဦး တို့ကို ကျောင်းပန်းချီပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခွင့် မပြုဖို့ ဆုံးဖြတ်လိုက်ကြရပါတယ်။ ဝင်းဖေနဲ့ပေါ်ဦးတို့ဟာ သဘာဝအားဖြင့်ကိုက ပန်းချီယှဉ်ပြိုင်ရေးဆွဲရတာမျိုးတွေကို မနှစ်သက်သူတွေ ဖြစ်ပါတယ်။ ကျောင်းကခိုင်းလို့သာ ဝင်ပြိုင်နေရသူတွေ ဖြစ်ပါတယ်။ ဝင်းဖေနဲ့ပေါ်ဦးတို့ဟာ အဲဒီခေတ်က နာမည်ကြီး U.B.A.C Upper Burma Art Club လို့ ခေါ်တဲ့ အထက်ဗမာပြည် ပန်းချီအသင်းကြီးရဲ့ အသက်အငယ်ဆုံး အသင်းဝင်တွေ ဖြစ်ကြပါတယ်။ ဒီအသင်းဝင်တွေဖြစ်ဖို့ အသက်ပိုင်း သတ်မှတ်ချက် မရှိပေမဲ့ အရည်အချင်းပိုင်းမှာ ဝါရင့်အသင်းဝင် ပန်းချီဆရာကြီးတွေက အသိအမှတ် ပြုမှ ဝင်ခွင့်ရနိုင်ပါတယ်။ ဒီတုန်းက ဝင်းဖေနဲ့ ပေါ်ဦးတို့ အလွန်ပျော်ရွှင် ဂုဏ်ယူခဲ့ကြ ရပါတယ်။

ပေါ်ဦးသက်ဟာ စစ်အစိုးရတက်ပြီး မကြာခင်မှာပဲ ရန်ကုန်ကို ဆင်းပြီးတော့ ပန်းချီရေးပါတယ်။ သရုပ်ဖော်ပန်းချီတွေ လက်ခံရေးပေမဲ့ ပန်းချီကားရေးပြီးတော့ ရောင်းတဲ့အလုပ်ကို ပိုပြီး ဦးစားပေးလုပ်ကိုင်ပါတယ်။ အဲဒီအချိန်မှာ ပေါ်ဦးသက်ရဲ့ တစ်ကိုယ်တော်ပြပွဲတစ်ခု တက္ကသိုလ် ရိပ်သာလမ်းက အမေရိကန်စင်တာမှာ လုပ်ခဲ့ပါတယ်။ ဝင်းဖေ မှတ်မိသလောက် အဲဒီတစ်ကိုယ်တော်ပြပွဲမှာ ပေါ်ဦးသက်ဟာ သူ့လက်ရာတွေကို ဈေးကွက်အတွက်မစဉ်းစားဘဲ သူ့စိတ်ကြိုက် သန့်သန့်နဲ့အများဆုံး ရေးခဲ့ပါတယ်။ ရိုးသားရဲရင့်တဲ့အလှတွေ၊ ပြတ်သားကြည်လင်တဲ့ ဆုံးဖြတ်ချက် အလှ တွေ၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင် အရွေးအလှတွေ အများဆုံးပါဝင်တဲ့ ပေါ်ဦးသက်ရဲ့ အကောင်းဆုံး တစ်ကိုယ်တော် ပန်းချီပြပွဲတစ်ခု ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ပေါ်ဦးမှာ သား ၃ ယောက်ကလည်း ရှိနေပြီမို့ မိသားစုတာဝန်က ကြီးလာပါတယ်။ ပန်းချီကားတွေ ရောင်းရတဲ့အခါမှာ လူကြိုက်များတဲ့၊ အဝယ်များတဲ့ အကြောင်းအရာ၊ ဒီဇိုင်း၊ အရောင်အသွေးတွေကို မှတ်ထားပြီးတော့ ရောင်းရအောင် ရေးမှဖြစ်မယ်ဆိုတဲ့ စိတ်တွေ ဝင်လာပါတယ်။ အဲဒီစိတ်ဟာ အနုပညာတန်ဖိုးကို လျော့ကျစေတယ်၊ ငွေမျက်နှာကိုကြည့်တဲ့ အဂတိ ဖြစ်တယ်ဆိုတာ ဝင်းဖေနဲ့ ပေါ်ဦး အကြိမ်ကြိမ် အထပ်ထပ် ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။ ဒါပေမဲ့ စီးပွားရေး လိုအပ် ချက်၊ မိသားစုတာဝန် တကယ်စင်စစ်ရှိနေတဲ့အချိန်မှာ ငွေမျက်နှာကို လျစ်လျူရှုဖို့ သိပ်ခက်ပါတယ်။ အဲဒီအချိန်က ဝင်းဖေက ငွေရဖို့ ကျောက်ကုန်သည်လုပ်နေတာမို့ ပန်းချီရေးတဲ့အခါမှာ ငွေကြောင့်ဆိုတဲ့ အဂတိ အလွန်နည်းပါတယ်။ ဒီပြင်

အဂတိတွေ ကတော့ ရှိပေမဲ့ နည်းပါတယ်။ ဝင်းဖေက ပေါ်ဦးကို ငွေမျက်နှာကိုမကြည့်ဘဲ အဂတိနည်းနည်းနဲ့ရေးနိုင်လေ ... ပိုပြီးတော့ အနုပညာမြောက်လေ ... ပိုပြီးတော့ ရောင်းရလေ ဖြစ်မယ်လို့ ဇွတ်ရော၊ အဓမ္မ ပြောပါတယ်။ ပေါ်ဦးဟာ ဝင်းဖေစကားကို အလွန် သဘောကျပေမဲ့ ငွေမျက်နှာကိုမကြည့်ဖို့ ဆိုတဲ့စကားကတော့ သူ့အတွက် အပြောလွယ် သလောက် လက်တွေ့ကျင့်ဖို့ ခက်ခဲလှပါတယ်။ သူက ငွေမျက်နှာကို အနည်းနဲ့အများ ကြည့်ပြီးရေးရတဲ့ သူ့ပန်းချီကားတွေကို ရေစာထည့်ထားတယ်လို့ မချိပြုံးကလေးနဲ့ ဟာသ ပြောတတ်ပါတယ်။ ငွေစက္ကူတွေမှာ အတုလုပ်လို့ခက်အောင် "ရေစာ" တွေ ထည့်ကြရတယ် မဟုတ်လား။

ဒါပေမဲ့ ပေါ်ဦးသက်ရဲ့ အနုပညာအတွေးနဲ့ အနုပညာလက်ဟာ ပါရမီရင့်တဲ့ အတွက် သူ့အနေနဲ့ ငွေမျက်နှာ၊ အဂတိပါနေတဲ့ကြားက ... သူ့ပန်းချီတွေဟာ အနုပညာအရည်အသွေး တင်းတင်းရင်းရင်း ရှိနေတတ်ပါတယ်။ ဆက်လက်တင်ပြ ပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေရဲ့ ဘဝတစ်သက်တာ ဖြတ်သန်းမှုတစ်လျှောက်မှာ သဘာဝအလျောက် လူပုဂ္ဂိုလ်အမြောက်အမြားနဲ့ တွေ့၊ ဆုံ၊ ကြုံ၊ ကွဲ ... ဖြစ်ခဲ့ရပါတယ်။ ဝင်းဖေဟာ အနုပညာမြတ်နိုးသူ၊ နှစ်သက်လိုက်စားသူ ဖြစ်တဲ့အတွက် ခေတ်သစ် မြန်မာအနုပညာ သမိုင်းအတွက် အရေးပါစေနိုင်တဲ့ ထူးခြားထင်ရှားတဲ့ အနုပညာသည်တချို့ရဲ့ ဘဝ အစိတ်အပိုင်းတွေကို ကိုယ်တွေ့ ဖြတ်သန်း တွေ့ကြုံခဲ့ရတာကို ပြောပြပံ့ပိုးနိုင်တာတွေ ရှိလာပါတယ်။

ဥပမာ ... ဝင်းဖေရဲ့ ဂီတဆရာရင်းဖြစ်တဲ့ ၁၉၄၅ ခု၊ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးချိန် ... ဝင်းဖေ အသက် ၁၀ နှစ်လောက်မှာ ကတည်းက အသက် ၇၀ လောက် ရှိနေပြီဖြစ်တဲ့ သမိုင်းဝင် ပတ္တလားဆရာကြီး အလက်ာကျော်စွာ ဆရာဇကလေး အကြောင်း၊ နောက် ... ဒုတိယကမ္ဘာစစ် မဖြစ်မီကတည်းက အနုပညာစုဆောင်းမှု လောကထဲကို ထိထိရောက်ရောက် ပေါက်မြောက်သွားတဲ့ ရှားပါးမြန်မာပန်းချီကျော်ကြီး တွေအနက်က တစ်ယောက်ဖြစ်တဲ့၊ ဝင်းဖေရဲ့ ဆရာရင်းတစ်ယောက်ဖြစ်တဲ့ ပန်းချီ ဆရာကြီး ဦးဘသက်၊ နောက် ... မြန်မာ့ခေတ်သစ်ပန်းချီ၊ မော်ဒန်ပန်းချီကို တိတိပပ၊ ခိုင်ခိုင်မာမာ၊ ထွင်းဖောက် ဖြေချပေးနိုင်တဲ့ ပန်းချီဆရာကြီး ဘဂျီဦးခင် မောင်၊ မြန်မာ့ခေတ်ဆန်းဂီတလောကရဲ့ ဥသျှောင်၊ ဂီတပညာရှင်ကြီးတွေထဲမှာ ထိပ်တန်းကပါဝင်တဲ့ မြို့မညိန်း(ဦးလေးညိန်း)၊ ဓားတန်းဦးသန့်(ဦးလေးသန့်) စသူတွေ နောက် ... ဝင်းဖေရဲ့ဖခင်ကြီး ရွှေပြည်ဦးဘတင်နဲ့ သူ့ရဲ့ တပည့်သားမြေးတွေအကြောင်း၊ စတာတွေကို ဝင်းဖေရဲ့ ကိုယ်တွေ့တွေအဖြစ် တင်ပြသင့်တယ်လို့ ယူဆပါတယ်။ ဖျော်ဖြေမှု မဖြစ်သည့်တိုင်အောင် သမိုင်းအတွက် အထောက် အပံ့လေးတွေ ဖြစ်လာနိုင်ပါတယ်။ အနုပညာလောကက အခြားအနုပညာသည်တွေ လည်း အများကြီး ရှိပါသေးတယ်။ ပြီးခဲ့တဲ့ သီတင်း ၃ ပတ်အတွင်း ပန်းချီဆရာ ပေါ်ဦးသက် အကြောင်းတွေ တင်ပြခဲ့ပါတယ်။ ကုန်ဆုံးပြည့်စုံသွားတယ်ရယ်လို့ မဟုတ်ပါဘူး။ အလျဉ်းသင့်သလို ဆက်ပြီးတင်ပြဖို့တွေ ရှိပါသေးတယ်။ ဒီတစ်ပတ် တော့ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ရဲ့ ပညာနို့သက်ခံ ဆရာရင်းများအကြောင်း တင်ပြချင် ပါတယ်။

ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ရဲ့ မူလလက်ရင်းဆရာတွေကတော့ ဖခင်များပဲ

ဖြစ်ပါတယ်။ ပေါ်ဦးသက်ရဲ့ဖခင်ကြီး ဦးလှကြီးဟာ ပန်းချီဆရာကြီး ဖြစ်ပါတယ်။ စီးပွားရေးပန်းချီတွေ အရေးများပါတယ်။ ပေါ်ဦးရဲ့ မူလဘူတ ပန်းချီဝါသနာအရင်းခံ ဟာ သူ့ဖခင်ထံကရခဲ့တာပါ။ ဝင်းဖေရဲ့ဖခင် ရွှေပြည်ဦးဘတင်ကတော့ ... မြန်မာ့ ရိုးရာဂီတနဲ့ ပန်းချီကို မြန်မာစာပေနဲ့ ယဉ်ကျေးမှု သမိုင်းလေ့လာရာမှာ အထောက် အကူဖြစ်အောင် သင်ကြားလေ့လာတဲ့သဘောလည်း ပါဝင်ပါတယ်။ ဝင်းဖေ ငယ်ငယ် က ကျောက်သင်ပုန်းပေါ်မှာကူးရေးဖို့ အရုပ်တွေကို ဖခင်ကြီးကပဲ ဆွဲဆွဲပြပေးတာတွေ ဖြစ်ပါတယ်။ ဝင်းဖေတို့ ငယ်စဉ်ကတည်းက မဟာဂီတနဲ့ ပန်းချီကို ကျောင်းစာများနဲ့ ထပ်တူ အလေးထားပြီးတော့ သင်ကြားကျက်မှတ်ခဲ့ကြရပါတယ်။ ဝင်းဖေတို့ခေတ်က ကျောင်းပန်းချီပညာကို ၆ တန်း၊ ဆဋ္ဌမတန်းက စပြီး သင်ရပါတယ်။ ဝင်းဖေတို့ကို သင်တဲ့ အထက်တန်းပြပန်းချီဆရာက ဦးထွန်းညွှန့် ဖြစ်ပါတယ်။ အားကစားပညာ လည်း တတ်မြောက်တဲ့အတွက် တာဝန်ကို တွဲပြီးတော့ ယူပါတယ်။

ဆရာဦးထွန်းညွှန့်ဟာ ကျောင်းပန်းချီဆရာဆိုပေမဲ့ လက်ရာ ထူးချွန်အောင်မြင် သူဖြစ်တဲ့အတွက် ဝင်းဖေနဲ့ ပေါ်ဦးတို့အတွက် အားတက်စရာ ဆရာကောင်းနဲ့ ကြုံကြိုက်ခဲ့ကြရတာဖြစ်ပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးတို့ဟာ ဆရာဦးထွန်းညွှန့်ရဲ့ နေ့စဉ် သင်တန်းတွေမှာ အများကြီး အကူအညီတွေပေးနိုင်ခဲ့ကြပါတယ်။ ဝင်းဖေတို့ နှစ် ယောက်စလုံးဟာ ပန်းချီမှာ ထူးချွန်ခဲ့ကြတဲ့အတွက် ဆရာဦးထွန်းညွှန့်ရဲ့ လက်ထောက် ဆရာများလို ဆရာက တာဝန်ပေးအသုံးချခဲ့ပါတယ်။ ဒါဟာလည်း ဆရာဦးထွန်းညွှန့်ဟာ ဝင်းဖေနဲ့ပေါ်ဦးတို့ကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကြီးမားလာအောင် စိတ်ဓာတ် အင်အားပေးပြီးတော့ အကောင်းဆုံး မြေတောင်မြှောက်ပေးခဲ့တာတွေ ဖြစ်ပါတယ်။ အဲဒီခေတ်က မန္တလေးနဲ့ အထက်ဗမာပြည်တစ်ခုလုံးအတွက် အလွန် ဂုဏ်ယူနိုင်ခဲ့ကြတဲ့ U B A C လို့ခေါ်တဲ့ Upper Burma Art Club အပတ်စဉ် လေ့ကျင့်ရေးတွေကို ဆရာဦးထွန်းညွှန့်က သူ့ရဲ့ ပင်ရင်းဌာနဖြစ်တဲ့ အစိုးရအမှတ်(၁)၊ အစိုးရအထက်တန်း ကျောင်းမှာ နေရာရအောင် ကျောင်းအုပ်ဆရာကြီးနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဝင်းဖေတို့ နှစ်ယောက်လည်း အသက်ငယ်ငယ်နဲ့ UBAC အသင်းဝင်တွေအဖြစ်နဲ့ ဝါရင့် ပန်းချီဆရာကြီးတွေနဲ့ အနီးကပ်လေ့လာသင်ကြားခွင့်တွေ ရခဲ့ကြပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ပန်းချီဆရာရင့်မကြီးတွေလို အသိအမှတ်ပြု ဆက်ဆံ၊ အရေးပေး တာတွေကို ခံခဲ့ကြရပါတယ်။

ဆရာဦးထွန်းညွှန့်ဟာ ၁၉၅၀ ခု နောက်ပိုင်းနှစ်တွေမှာ ပြင်သစ်နိုင်ငံကို ပညာတော်သင်အဖြစ် သွားရောက်ခွင့်ရခဲ့ပြီးတော့ အဲဒီကအပြန်မှာ ပန်းချီပညာဝန်

အဖြစ် တိုးမြှင့်ထမ်းဆောင်ရပါတယ်။ အထက်ဗမာပြည် ပန်းချီဆရာများအသင်းကြီး မှာ အဲဒီအချိန်က အထင်ရှားဆုံး၊ အလှမ်းမိုးဆုံး ပန်းချီဆရာကြီးတွေ ရှိပါတယ်။ ဗုဒ္ဓဝင်ပန်းချီဆရာကြီး ဦးစောမောင်၊ မန္တလေးမြို့နီစီပယ်မှာ ဗိသုကာအင်ဂျင်နီယာ အဖြစ် အမှုထမ်းနေတဲ့ အပျော်တမ်းပန်းချီဆရာကြီး ဦးသာဒွန်း၊ နောက် ပန်းချီဆရာ ကြီး ဦးဘသက်နဲ့ ဦးခင်မောင်(ဘဏ်)၊ ဦးအောင်ခင် စသူတွေ ဖြစ်ကြပါတယ်။ စီးပွားရေးပန်းချီဆရာတွေ ပါဝင်တာ နည်းပါတယ်။ စီးပွားရေး ပန်းချီဆရာကြီးတွေ ထဲက နာမည်အကြီးဆုံး ရှုမဝဦးဘငွေ၊ ဦးညိုလေးနဲ့ ဦးကြွယ်လေးတို့လောက် သာ ပါဝင်ကြပါတယ်။

အဲဒီတုန်းက UBAC အသင်းကြီးမှာ လက်ရာအားဖြင့်ရော၊ အတိတ်က အောင်မြင်မှုကြီးမားခဲ့မှုရော၊ လူမှုဆက်ဆံရေးရော အလှမ်းမိုးနိုင်ဆုံး ပညာရှင်ကြီးဟာ ပန်းချီဆရာကြီး ဦးဘသက် ဖြစ်ပါတယ်။ UBAC အသင်းကြီးရဲ့ တနင်္ဂနွေနေ့တိုင်း စုပေါင်း လေ့ကျင့်ရေးဆွဲရေး၊ အိမ်တွင်း၊ အိမ်ပြင် လှုပ်ရှားမှုတွေမှာ ပန်းချီဆရာကြီး ဦးဘသက်ရဲ့ ဆွဲပုံဆွဲနည်းတွေကို အသင်းသားအားလုံးက စောင့်မျှော်၊ ကြည့်ရှု၊ သင်ခန်းစာ ယူကြရပါတယ်။ ဆက်လက် တင်ပြပါ့မယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ရဲ့ဆရာ ပန်းချီ ဆရာကြီး ဦးဘသက်ဟာ မန္တလေးမြို့ တရုတ်တန်းက ရှေ့တော်ပြေး ဝင်းသား ဖြစ်ပါတယ်။ ဇာတိ၊ မွေးမြေ၊ မွေးရပ် ... ဟုတ်၊ မဟုတ်တော့ မသေချာပါဘူး။ ပန်းချီဆရာကြီးဦးဘသက် (ဝင်းဖေတို့အခေါ် ဘကြီးသက်)ရဲ့ မိဘများက ကျောက်စိမ်းပညာသည်တွေ၊ ကျောက်စိမ်းသွေးတဲ့ ပညာသည်တွေ၊ ကျောက်စိမ်းဖြတ်တဲ့ ပညာသည်တွေ ဖြစ်တယ်လို့ သိရပါတယ်။ ဘကြီးသက် ငယ်စဉ်က အများနည်းတူ ကျောင်းပညာတွေကို ဘယ်မှာ၊ ဘယ်လိုသင်ခဲ့ တယ်ဆိုတာကိုတော့ ဝင်းဖေတို့ မသိပါဘူး။ ဘကြီးသက်ဆီမှာ ပန်းချီပညာကိုပဲ စိုက်လိုက်မတ်တတ် သင်ကြားခဲ့ကြပြီးတော့ .. ဘကြီးသက်ရဲ့ဘဝနဲ့ပတ်သက်ပြီး စပ်စပ်စုစု မှတ်မှတ်သားသား မရှိခဲ့တာကြတော့ ဝင်းဖေနဲ့ ပေါ်ဦးရဲ့ ရောဂ အားနည်း ချက်ကြီးတွေပဲ ဖြစ်ပါတယ်။

ဘကြီးသက်ဟာ အင်္ဂလန်ကလာတဲ့ ပန်းချီဆေးရောင်တွေ၊ အရည်အသွေး တွေကို ဖတ်နိုင်၊ သိနိုင်လောက်တဲ့ အင်္ဂလိပ်စာအခြေခံ ရှိပါတယ်။ ပန်းချီနဲ့ပတ်သက် တဲ့ အခြေခံနည်းပညာ၊ အင်္ဂလိပ်ဝေါဟာရတွေကိုလည်း ပီပြင်တဲ့အသံထွက်နဲ့ ဂရုတစိုက် ပြောလေ့ရှိပါတယ်။ အနုပညာတွေနဲ့ပတ်သက်လို့ ဂီတမှာ အလွန်ထူးခြားထက်မြက်တဲ့ တယောထိုးကောင်းသူ တစ်ယောက် ဖြစ်ပါတယ်။ သူနေတဲ့ ရှေ့တော်ပြေးဝင်း၊ မြောက်ပေါက်နဲ့ မျက်နှာချင်းဆိုင်၊ ၂၈ လမ်းပေါ်မှာနေတဲ့ နိုင်ငံကျော် ဂီတဆရာကြီး မြို့မညိန်းဟာ ဘကြီးသက်ရဲ့ နောက်လိုက် တပည့်တစ်ဦး ဖြစ်ပါတယ်။ ဘကြီးသက် က အသက်ပိုကြီးပါတယ်။ ဘကြီးသက် ငယ်စဉ်က တရုတ်တန်းအရပ် တီးဝိုင်းရဲ့ ခေါင်းဆောင်ဖြစ်ခဲ့ပုံ ရပါတယ်။ ဘကြီးသက်ဟာ ပန်းပုလည်း ထုတယ်လို့ သိရ ပါတယ်။

ကျောက်စိမ်းဟာ အလွန်မာကျောတဲ့အတွက် ပန်းပုထုဖို့ သိပ်ခက်ပါတယ်တဲ့။ အဲဒီကျောက်စိမ်းကို မြို့မညိန်းနဲ့ ဘကြီးသက်တို့က ဟင်းနုနယ်ရွက်ကို ကြိတ်လို့ ရတဲ့ ဟင်းနုနယ်ရည်ကိုသုံးပြီးတော့ ကျောက်စိမ်းနဲ့ အနုအရွ၊ ပန်းပွင့်ပန်းခက်ကလေး တွေ ရအောင်တောင် ထုခဲ့ကြတယ်လို့ ဝင်းဖေတို့ ကြားရ ၊ မှတ်ရပါတယ်။ နောက် မြို့မညိန်းနဲ့ ဘကြီးသက်တို့ဟာ ရှေးက မန္တလေးပွဲလမ်းသဘင်တွေမှာ အလှပြအရုပ် ကြီးတွေကို ... ဝါးတွေ၊ စက္ကူတို့၊

ဆေးရောင်တို့ သုံးပြီးတော့ ညလုပ်ရတဲ့၊ ချိုးကြရတဲ့ စပ်ပညာမှာလည်း အတော်ထူးချွန်ကြတယ်လို့ ဆိုပါတယ်။ မဏ္ဍပ်လုပ်တဲ့ပညာကို လည်း စပ်ပညာလို့ ခေါ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ဘကြီးသက်ဟာ ပန်းချီပညာကိုပဲ အဓိကထားပြီး လိုက်စားသွားပါတယ်။ မြို့မညိန်း (ဦးလေးညိန်း) ကလည်း ဂီတပညာကိုပဲ စိုက်လိုက်မတ်တတ် ကြိုးပမ်းသွားပါတယ်။

ဘကြီးသက်တို့ မြို့မညိန်းတို့နဲ့အတူ အနုပညာကို လိုက်စားပြီးတော့ တသီး တခြား ထူးချွန်သူ မန္တလေးသား တစ်ယောက် ကတော့ ဓားတန်းရပ်မှာ ဝင်းကြီး တစ်ဝင်းလုံးကို ပိုင်တဲ့ သူဌေးသား ဓားတန်းဦးသန့် ဖြစ်ပါတယ်။ ဓားတန်းဦးသန့် ကလည်း အနုပညာလိုက်စားရာမှာ ငွေကြေး ကျောထောက်နောက်ခံ အလွန်ချမ်းသာ ကြွယ်ဝတဲ့အတွက် ငွေအတွက် လှည့်ကြည့်စရာမလိုဘဲ သူတို့တစ်ဖွဲ့လုံး အနုပညာကို နက်နက်ရှိုင်းရှိုင်း ထွင်းဖောက် လိုက်စားနိုင်ခဲ့ကြတာ ဖြစ်ပုံရပါတယ်။ ဓားတန်းဦးသန့် ကတော့ ဂီတနဲ့ ဓာတ်ပုံပညာမှာ အထူးအောင်မြင်ကျော်ကြားသူ ဖြစ်ပါတယ်။ အနုပညာတွေကို လေ့လာလိုက်စားရာမှာ ဓားတန်းဦးသန့်ဟာ ခွဲခြမ်းစိတ်ဖြာပြီးတော့ ရေကုန်ရေခန်းထွင်းဖောက်လိုက်စားဖို့ အားသန်ထက်မြက်သူ ဖြစ်ပါတယ်။

ဘကြီးသက်ဟာ ပန်းချီပညာကို ဘယ်ဆရာဆီမှာ အဓိကထားပြီးတော့ သင်ကြားခဲ့တယ်ဆိုတာ ဝင်းဖေတို့ မသိခဲ့ရပါဘူး။ မြင်ဆရာ၊ ကြားဆရာတွေလောက် ပဲရှိပြီးတော့ ကိုယ့်ဟာကိုယ် လေ့လာလိုက်စားခဲ့ပုံရပါတယ်။ ဘကြီးသက်တို့နဲ့ အသက် ရွယ်တူလောက်ပဲရှိတဲ့ မန္တလေးက ရေဆေးပန်းချီ အလွန်တော်လှပါတယ်ဆိုတဲ့ နာမည်ကြီးတဲ့ ရေမင်းသား ဆရာဆောင်ရဲ့ ရေဆေးရေးနည်းတွေကို ဘကြီးသက်ရဲ့ လက်ရာတွေထဲမှာ မတွေ့ရပါဘူး။ ရေဆေးပန်းချီရေးနည်းမှာ ရေမျှောရေးနည်း၊ Wash နဲ့ Dry Brush စုတ်ခြောက်ရေးနည်းဆိုပြီးတော့ အထင်အရှားနည်း ၂နည်း ရှိရာမှာ ဘကြီးသက်ဟာ ပုံသေမထားဘဲ သူ့နေရာနဲ့သူ ၂ မျိုးစလုံးကို အသုံးပြုတာ တွေ့ရပါတယ်။ ဘကြီးသက်တို့ နုပျိုစဉ်ကာလ ... ပထမ ကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ် အကြားကာလတွေမှာ မြန်မာ့ခေတ်ပေါ်ပန်းချီလောကကို အုပ်ချုပ်သူ အင်္ဂလိပ် နည်း စနစ်တွေက လွှမ်းမိုးကြီးစိုးထားပါတယ်။

မြန်မာအနုပညာ ဝါသနာရှင်တွေဟာ အနောက်တိုင်းနည်းစနစ်တွေကို အင်္ဂလိပ်တွေဆီကတစ်ဆင့် သင်ယူကြရပါတယ်။ အနုပညာဈေးကွက် (အထူးသဖြင့်... ပန်းချီကား ဈေးကွက်ဟာ) အဓိကအားဖြင့် အင်္ဂလိပ်သူဌေးတွေ၊ အင်္ဂလိပ်အရာရှိကြီး တွေပဲ ဖြစ်ကြပါတယ်။ ပန်းချီရေးဆွဲကြရာမှာလည်း မြန်မာ့ရှုမျှော်ခင်းတွေပဲ အရေးများ ပါတယ်။ လူပုံတွေ၊ တိရစ္ဆာန်၊ ဆင်၊ မြင်း၊ ကျွဲ၊

နွား ... စတာတွေ ရေးဆွဲကြပေမဲ့ အရေအတွက်အားဖြင့်ကတော့ ရှုမျှော်ခင်းတွေလောက် မများပါဘူး။ Out door Paint-ing... လို့ခေါ်တဲ့ တကယ့် သဘာဝဝန်းကျင်တွေမှာ ထွက်ပြီးတော့ ပန်းချီရေးကြ ပါတယ်။ အဲဒီလိုလုပ်ရာက ရလာတဲ့ ရှုမျှော်ခင်းပန်းချီတွေကို မူရင်းလက်ရာတွေ၊ original တွေ၊ original sketch တွေ ဆိုပြီးတော့ ပန်းချီဆရာတွေက လက်ရင်းမူ အဖြစ် သိမ်းဆည်းကြပါတယ်။ အဲဒီ မူရင်းပုံကြမ်း၊ original sketch တွေကမှတစ်ဆင့် တကယ့်ပုံချောတွေကို ရေးဆွဲရောင်းချကြပါတယ်။

ဘကြီးသက်ရဲ့ ပန်းချီကားတွေဟာ ဈေးကွက်မှာ အလွန် အရောင်းရ တွင်ကျယ်ခဲ့ပါတယ်။ အဲဒီခေတ်က ကားဝယ်စီးနိုင်တဲ့ ပန်းချီဆရာတစ်ယောက် ဖြစ်ခဲ့ ပါတယ်။ ကားဝယ်စီးရာမှာ ပန်းချီပစ္စည်းနဲ့ တခြားပစ္စည်းတွေတင်တဲ့ ကားတစ်စီး၊ နောက် သူကိုယ်တိုင်စီးဖို့ကားက တစ်စီး၊ ၂ စီးထားပြီးတော့ နယ်တကာ၊ တောင်ပေါ် မြေပြန့် တိုင်းပြည်အနှံ့သွားပြီးတော့ ပန်းချီရေးခဲ့တာ ဖြစ်ပါတယ်။ မြန်မာပြည်ရောက် နိုင်ငံခြားသားတွေကို ပန်းချီကား ရာနဲ့ ထောင်နဲ့ချီပြီးတော့ ... ရောင်းမလောက်အောင် ရေးဆွဲခဲ့ရပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေနဲ့ ပေါ်ဦး သက်တို့ရဲ့ ဆရာရင်းတစ်ဆူ ဖြစ်တဲ့ ပန်းချီဆရာကြီး ဦးဘသက် (ဘကြီးသက်) ဟာ အလွန်သိမ်မွေ့ပြီးတော့ ပရိယာယ်များတဲ့ ရေဆေးကို သဲကြီးမဲကြီး ရေးခဲ့တယ် လို့ ဆိုပါတယ်။ ရေဆေးကို အင်္ဂလိပ်များကလည်း အလွန်နှစ်သက်ပါတယ်။ မြန်မာ့ပန်းချီ ဝါသနာရှင်တွေဟာ အနောက်တိုင်းပန်းချီပညာကို မြန်မာပြည်ကို သိမ်းပိုက်အုပ်ချုပ်ထားတဲ့ အင်္ဂလိပ်တွေဆီက တစ်ဆင့် လေ့လာသင်ယူကြရတဲ့အတွက် အင်္ဂလိပ်တွေ ပိုပြီးတော့ နှစ်သက်တဲ့ ရေဆေးရေးနည်းကို မြန်မာတွေကလည်း ပိုပြီးတော့ အားသန်ကြပုံ ရပါတယ်။ ရေနဲ့စပ်ရေးရတဲ့ ပန်းချီဆေးက ဒုတိယကမ္ဘာစစ်မဖြစ်ခင်က အဓိကအားဖြင့်...၂ မျိုး ပဲရှိပါတယ်။ Water Colour လို့ ခေါ်တဲ့ Transparent အကြည်ရေးရတဲ့ တစ်မျိုးနဲ့ Gouache လို့ခေါ်တဲ့ ... နောက် ... Poster Colour ဒါမှမဟုတ် Body Colour လို့ခေါ်တဲ့ Opaque အထူ၊ အပိတ်ရေးရတဲ့ဆေးရယ် ဆိုပြီးတော့ နှစ်မျိုးပဲ ရှိပါတယ်။ အဲဒီတုန်းက အခုခေတ်မှာတွင်ကျယ်နေတဲ့ ရေနဲ့ပဲရေးရတဲ့ အက်ခရီးလစ်၊ Acrylic ဆေးတွေ မပေါ်သေးပါဘူး။ Egg Tempera လည်း သိပ်ပြီးတော့ ခေတ် မစားသေးပါဘူး။ Water Colour နဲ့ Gouache ပဲ အသုံးများပါတယ်။ အင်္ဂလိပ်တွေ က အကြည်ရေးရတဲ့ Water Colour ကို ပိုပြီးတော့ကြိုက်ကြတဲ့အတွက် အင်္ဂလိပ်တပည့် မြန်မာတွေကလည်း ရေဆေး Water Colour ကို အရေးများပါတယ်။ ဆေးသားအပိတ်ရေးနည်းနဲ့ ဆေးသားအကြည် Transparent ရေးနည်း ၂နည်းမှာ အကြည်ရေးနည်းက ပိုပြီးတော့ခက်ပါတယ်။ အမှား မခံပါဘူး။ မှားသွားရင် အပြင်ရခက်ပါတယ်။ အပိတ်ရေးနည်းတွေမှာတော့ မှားသွားရင် အပေါ်က ကိုယ်ကြိုက် သလို ကြိုက်တဲ့အရောင်နဲ့ ပြန်ပြီးတော့ ဖိလို့၊ ပိတ်လို့ ရပါတယ်။

ပန်းချီဆရာကြီး ဦးဘသက်(ဘကြီးသက်)ဟာ အပြင်ရခက်တဲ့ ရေဆေးပန်းချီကို အလွန်ကျွမ်းကျင်တဲ့အတွက် အပိတ်ရေးရတဲ့ ဆီဆေးပန်းချီကျတော့ ထင်သလို ခြယ်လှယ်ပြီးတော့ရေးနိုင်တဲ့အထိ စွမ်းစွမ်းတမံရှိလှပါတယ်။ ဒါ့ကြောင့် ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ကို ပန်းချီဆေးများ ကိုင်တွယ်ရာမှာ ... ရေဆေး၊ Water Colour ကို နိုင်နင်းအောင်ကိုင်တွယ်ဖို့ အထူးမှာကြား သင်ပြပေးပါတယ်။ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က ခရစ္စမတ်ကာလလက်ဆောင် ပန်းချီကတ်တွေပေးကြတဲ့နေရာမှာ ဗြိတိသျှ

နန်းတော်ကလည်း တော်ဝင်ခရစ္စမတ်ပန်းချီလက်ဆောင်ကတ်တွေ အများအပြား ပေးဝေပါတယ်။ အဲဒီလို တော်ဝင်ခရစ္စမတ်ကတ်တွေ ပုံနှိပ်ထုတ်ဝေရာမှာ ဗြိတိသျှ လက်အောက်ခံ ကိုလိုနီနိုင်ငံတွေက ပန်းချီကျော်တွေရဲ့လက်ရာတွေကို တော်ဝင် ခရစ္စမတ်ကတ်တွေအဖြစ် အလွန်အဆင့်မြင့်တဲ့ ရောင်စုံလစ်သို ပုံနှိပ်နည်းပညာနဲ့ ရိုက်နှိပ်ထုတ်ဝေပြီးတော့ တော်ဝင်လက်ဆောင်တော်များအဖြစ် ပေးဝေပါတယ်။ ပန်းချီ ဆရာကြီး ဦးဘသက်ရဲ့ ရေဆေးပန်းချီကား ... မန္တလေးကျုံး၊ မြို့ရိုးပုံတွေနဲ့ တခြား ရောဝတီမြစ်တွင်း ရှုခင်းတွေကို ဗြိတိသျှနန်းတော်က ဝယ်ယူပြီးတော့ ခရစ္စမတ်ကတ် တွေ ထုတ်ခဲ့ပါတယ်။ ဘကြီးသက်ရဲ့ပန်းချီကားတွေဟာ ဈေးကွက်မှာ အရောင်းရ သွက်လွန်းလို့ အတုအပ ကူးယူရေးဆွဲရောင်းချမှုတွေလည်း အများအပြားရှိခဲ့ပါတယ်။

ပန်းချီဆရာကြီး ဦးဘသက်ဟာ အိမ်ထောင်ဖက် ဖူးစာရှင် အတွေ့နောက်ကျပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးမှ အိမ်ထောင်ကျပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း မှာ အန္တရာယ်ကင်းစေဖို့ ပန်းချီဆရာကြီးဦးဘသက်က သူ့ရဲ့ မူရင်းပန်းချီပုံကြမ်းတွေ Original Sketch တွေ အမြောက်အမြားနဲ့ ပန်းချီဆေးပစ္စည်းတွေ အားလုံးပေါင်း သေတ္တာခုနစ်လုံးခန့်ကို ဗုံးခံ၊ မီးခံ ဗုံးခိုကျင်း အခိုင်အမာဆောက်လုပ်ပြီးတော့ ထည့်သွင်း သိမ်းဆည်းပါတယ်။ ဒါပေမဲ့ ဗုံးက အဲဒီဗုံးကာကွယ်တဲ့ ဗုံးကျင်းပေါ်ကို တိုက်ရိုက်ကျတဲ့ ဒဏ်ကိုတော့ မခံနိုင်တဲ့အတွက် ဆရာကြီး တစ်သက်လုံး ကြိုးစားပမ်းစား ရေးဆွဲ စုဆောင်းခဲ့ရတဲ့ မူရင်းပန်းချီလက်ရာတွေအားလုံးနဲ့ ပန်းချီဆေးပစ္စည်းတွေ အမြောက် အမြား တစ်ခဏချင်းအတွင်း ပျက်စီးဆုံးရှုံးသွားခဲ့ရပါတယ်။ ပန်းချီဆရာကြီး ဦးဘသက် အလွန်မြတ်နိုးတဲ့ဇနီးသည်ဟာလည်း ဒုတိယကမ္ဘာစစ်အတွင်းမှာပဲ ကျန်းမာရေးချွတ်ယွင်းရာမှာ ခေတ်အခါမကောင်းလို့ ဆေးကုသမှု မလုံလောက်တဲ့ အတွက် လက်လွှတ်ဆုံးရှုံးခဲ့ရပြန်ပါတယ်။ အလွန် စိတ်ရင်းကောင်းပြီး အမြဲ ပျော်ပျော် ရွှင်ရွှင်နဲ့နေတတ်တဲ့ ပန်းချီဆရာကြီးဦးဘသက်ဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ သူ အင်မတန် ကျွမ်းကျင်လိမ္မာခဲ့တဲ့ ပန်းချီပညာကိုတောင် မက်မက်စက်စက် မရှိလှတော့ဘဲ အနုပညာစိတ်ဓာတ် ကျဆင်းလျော့ရဲသွားပါတယ်။

ဝင်းဖေတို့ ပေါ်ဦးသက်တို့ အနုပညာရည် နို့သောက်စို့ကြရတဲ့ အချိန်မှာ ပန်းချီဆရာကြီး ဦးဘသက်(ဘကြီးသက်)ဟာ စိတ်ဓာတ်လျော့ရဲ ကျဆင်းတဲ့ကာလ ဖြစ်နေပါပြီ။ ဘကြီးသက်ရဲ့ဆီမှာ ပညာသင်နေတဲ့ မြို့မညိန်းရဲ့သားကြီး ကိုမောင် မောင်က ဝင်းဖေတို့၊ ပေါ်ဦးသက်တို့ကို အများဆုံး တာဝန်ယူပြီးသင်ကြားပေးပါတယ်။ ဘကြီးသက်က ဘေးကနေပြီးတော့ ထိန်းကျောင်းပေးရုံပဲ တာဝန်ယူပါတယ်။ ဘာပဲဖြစ်ဖြစ် ဘကြီးသက်က

ဝင်းဖေတို့ကို အလွန်ချစ်ခဲ့ပါတယ်။ ဆက်လက် တင်ပြ ပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၆၈]

သောတရှင်များခင်ဗျာ

ဝင်းဖေနဲ့ ပန်းချီဆရာ ပေါ်ဦးသက်တို့ရဲ့ဆရာ ပန်းချီဆရာကြီး ဦးဘသက် (ဘကြီးသက်)ကို ပတ်ဝန်းကျင် မိတ်ဆွေတွေရော၊ သူ့မိသားစုတွေကပါ နေတာ၊ ထိုင်တာ၊ ပြောတာ၊ ဆိုတာ၊ စားတာ၊ သောက်တာ၊ သွားတာ၊ လာတာ ထူးခြားဆန်းပြားသူအဖြစ် မြင်ကြ၊ သိကြပါတယ်။ လူတွေ မက်ကြတဲ့၊ ကြိုက်ကြတဲ့ ဓာတ်စာ... ငွေကြေးပိုက်ဆံကို လွယ်လွယ်နဲ့ များများစားစားရအောင် ရှာနိုင်ပါလျက် ... မလုပ်၊ မကိုင်၊ မရှာ၊ မဖွေတော့တဲ့ကိစ္စက ဆန်းကြယ်နေပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီးချင်း မြန်မာပြည် လွတ်လပ်ရေးရခဲ့တာ မဟုတ်ပါဘူး။ အင်္ဂလိပ်တွေ မြန်မာပြည်က ထွက်ခွာသွားကြသေးတာ မဟုတ်ပါဘူး။ အင်္ဂလိပ်တွေအပြင် အမေရိကန်စစ်တပ်တွေတောင် အပိုရောက်နေပါသေးတယ်။ ဘကြီးသက်ရဲ့ ပန်းချီလက်ရာတွေဟာ ပန်းချီအနုပညာကို အလွန်တန်ဖိုးထား မြတ်နိုး တတ်ကြတဲ့ အင်္ဂလိပ်၊ အမေရိကန်တွေ ရှိနေသ၍ ဘကြီးသက်အတွက် ငွေရှာဖို့ အလွန်လွယ်ကူနေပါတယ်။ ဒါပေမဲ့ ဘကြီးသက် ပန်းချီမရေးတော့ပါဘူး။ ငွေမရှာ တော့ပါဘူး။ ဒုတိယကမ္ဘာစစ်အတွင်း သူ့အတွက် စိတ်ဓာတ်အကြီးအကျယ် ကျဆင်း စရာ ဖြစ်ခဲ့ရပါတယ်လို့ တင်ပြပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလို စိတ်ဓာတ်ကျစရာ တွေ့ကြုံခဲ့ရလို့ဆိုပြီးတော့ ... အရက်သောက်တတ်တဲ့၊ အရက်ကြိုက်တဲ့ ဘကြီးသက်ဟာ အတိုင်းအဆမရှိ အရက်တွေသောက်ပြီးတော့ စိတ်ညစ်နေတာကို ဖြေသိမ့်နေတဲ့ အလုပ်ကိုတော့ မလုပ်ပါဘူး။

ဘကြီးသက်ရော၊ မြို့မညိန်းရော၊ ဓားတန်းဦးသန့်ရော ... အရက် သောက်တတ်သူတွေ၊ အရက်ကြိုက်တတ်သူတွေ ဖြစ်ပေမဲ့ စိတ်ဓာတ်ကျစရာတွေကို အရက်နဲ့ ဖြေသိမ့်တတ်ကြသူတွေ မဟုတ်ပါဘူး။ အရက်ကို ပျော်ဖို့သက်သက်၊ ခံစားဖို့ သက်သက် သောက်ကြသူတွေသာ ဖြစ်ပါတယ်။ အစိုးရက အနုပညာနဲ့အကကျောင်းကို မန္တလေးမှာဖွင့်တော့ အစိုးရက ဘကြီးသက်ကို ပန်းချီဆရာကြီးအဖြစ် ဇွတ်ခန့်ထား တာဝန်ပေးပါတယ်။ လစာလည်း ကောင်းပါတယ်။ သိက္ခာရှိတဲ့တာဝန်လည်း ဖြစ်ပါတယ်။ သူ့ဝါသနာနဲ့လည်း ကိုက်ပါတယ်။ ဒါပေမဲ့ တစ်နှစ် နှစ်နှစ်ပဲ လုပ်ပြီးတော့ အလုပ်က ဇွတ်ထွက်လိုက်ပါတယ်။ လခစား လုပ်နေတုန်း မှာလည်း လခထုတ်တဲ့နေ့ မှာ သူနေတဲ့ ရွှေတော်ပြေးဝင်းထဲက ကလေးတွေတစ်သိုက်နဲ့ မုန့်တွေ ဝယ်စားပစ်

လိုက်ကြတာပါပဲ။ သူ့မှာ စားစရာ၊ သုံးစရာ မရှိရင် သူ့နှမတွေရှိပါတယ်။ ဒါကလည်း သွားပေးမှသာ ယူတာပါ။ အလွန် နေနိုင်သူဖြစ်ပါတယ်။ ဒါပေမဲ့ ဘကြီးသက်ဟာ အလွန်ထူးခြားတဲ့ ပညာရှင်ကြီးတစ်ဆူ ဖြစ်တဲ့အတွက် ကြည့်ရှုစောင့်ရှောက်မည့် တပည့် တပန်း၊ အသိမိတ်ဆွေတွေ အလွန်ပေါပါတယ်။ ဘကြီးသက်ကတော့ ဘယ်သူ၊ ဘယ်ဝါကိုမှ စားရစေ၊ တောင်းရစေ ဆိုပြီးတော့ မှတ်မှတ်သားသား ထားသူ မဟုတ် ပါဘူး။ တရုတ်တန်း၊ ရွှေတော်ပြေးဝင်း၊ မြောက်ပေါက်ကထွက်ရင် တရုတ်ခေါက်ဆွဲ ဆိုင်တစ်ဆိုင်ရှိပါတယ်။ ဘကြီးသက်က အဲဒီဆိုင်မှာ သူကြိုက်တာကို မှာစားတတ် ပါတယ်။ သူ့မှာ ပေးစရာပိုက်ဆံပါရင် ပေးလိုက်တာပါပဲ။ အတူပါလာသူက ပေးလိုက် ရင်လည်း ပြီးသွားတာပါပဲ။ ဒါမှမဟုတ်၊ အကြွေးဆိုရင်လည်း အဲဒီတရုတ်ဆိုင်က အိုကေပါပဲ။ ဘာမှကို မှတ်သား မထားပါဘူး။ ပေးပေး၊ မပေးပေး ဘကြီးသက်ဆိုရင် ပြီးတာပါပဲ။ အဲဒီဆိုင်ကနေပြီး အရှေ့ဘက် ဆက်တက်သွားရင် လမ်း ၈၀ နဲ့ ၂၈ လမ်းထောင့်မှာလည်း တရုတ်လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှိပါတယ်။ အဲဒီဆိုင်က လည်း ဘကြီးသက်တဲ့ဆိုရင် အားလုံးပြီးပါတယ်။ ဘာပြဿနာမှ မရှိပါဘူး။ ထူးခြားတာက ဘကြီးသက်ကို ခင်မင်လေးစားကြတဲ့အထဲမှာ နိုင်ငံခြားသားတွေ ... အထူး သဖြင့် တရုတ်တွေ တော်တော်များပါတယ်။ ပန်းချီဝါသနာပါလို့ရယ်၊ ဘာရယ် မဟုတ်ပါဘူး။ ဘကြီးသက်ဆီကို ပျော်လို့၊ ခင်လို့၊ မင်လို့ကို လာကြတာတွေ ဖြစ်ပါတယ်။ အံ့ဩစရာ ကောင်းပါတယ်။ ဘကြီးသက်ဟာ သူ့ရဲ့တပည့်လည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်၊ သောက်ဖော်သောက်ဖက်လည်းဖြစ်တဲ့ မြို့မညိန်းအိမ်မှာ အလွန် ဝင်ခဲ၊ စားခဲပါတယ်။ မြို့မညိန်းအိမ်မှာ မိသားစုများတာကို ငဲ့တာလည်းဖြစ်နိုင်ပါတယ်။

အသက် ၁၅ နှစ်ကျော်ကျော်လေးသာ ရှိသေးတဲ့ ဝင်းဖေက အိမ်ကနေပြီးတော့ ထမင်းဘူးနဲ့ ဘကြီးသက်ဆီကို လာတတ်ပါတယ်။ မကြာခဏ ဝင်းဖေရဲ့ ထမင်းဘူး ထဲက ဘကြီးသက်က မျှဝေပြီးတော့ စားတတ်ပါတယ်။ ဝင်းဖေကလည်း ပိုပိုမိုမို ပါလာတတ်ပါတယ်။ ဘကြီးသက် ယူစားတာကို ဝင်းဖေက အလွန်သဘောကျပြီး တော့ အလွန် ဝမ်းသာပါတယ်။ ဝင်းဖေတို့ ပေါ်ဦးတို့ မုန့်ဖိုးလည်းမရှိ၊ ဆာနေတဲ့အခါ တွေမှာ ဘကြီးသက်က လက်ဖက်ရည်ဆိုင်ခေါ်သွားပြီးတော့ ကျွေးတတ်ပါတယ်။ သူ့အတွက် အဲဒီဆိုင်တွေမှာ ပိုက်ဆံပါစရာမှမလိုတာ။ အလုပ်အကိုင်ကောင်းကြတဲ့ သူ့ညီမတွေနဲ့ ရွှေတော်ပြေးဝင်းသားတွေကလည်း အဲဒီဆိုင်တွေကို ပြောပေးထား ကြတာလည်း ဖြစ်နိုင်ပါတယ်။ ရွှေတော်ပြေးဝင်းသား တစ်ဝက်လောက်ဟာလည်း ဘကြီးသက်ရဲ့အမျိုးတွေ ဖြစ်ကြပါတယ်။ အဲဒီတစ်မျိုးလုံးမှာ ဘကြီးသက်ဟာ အလွန့်ကို ထွန်းထွန်းပေါက်ပေါက် ၊ ထူးထူးခြားခြား ပန်းချီအနုပညာကို တတ်မြောက် အောင်မြင်သူ ဖြစ်ပြီးတော့ အမျိုးတွေအားလုံးအတွက်

အလွန်ဂုဏ်ယူစရာကောင်းတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဘကြီးသက်ကို ဆရာတင်ပြီးတော့ သူတို့ခေါင်းပေါ် မှာ တင်ထားကြရတာ ဖြစ်ပါတယ်။ ရှေ့တော်ပြေးဝင်းထဲက မြေနေရာ တော်တော် များများကိုလည်း ဘကြီးသက်ရဲ့ မိဘများက ပိုင်ပါတယ်။ မိဘများမရှိတော့တဲ့ နောက် ဘကြီးသက်တို့ မောင်နှမ ၃ ယောက်က အမွေရကြပါတယ်။ နောက်တော့ ရှေ့တော်ပြေးဝင်း အလည်က အတော်ကျယ်တဲ့ မြေကွက်လပ် တစ်ခုမှာ ဘကြီးသက် က တစ်ထပ်တိုက်ပုကလေး ဆောက်ပြီးတော့ နေပါတယ်။ ဘယ်လိုဘယ်လို ဆောက်တယ်၊ ဘယ်က ပိုက်ဆံရတယ်ဆိုတာကို ဝင်းဖေနဲ့ ပေါ်ဦးတို့တော့ နားမလည်ကြ ပါဘူး။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ် ပြီး ကတည်းက ပန်းချီဆရာကြီး ဦးဘာသက် (ဝင်းဖေနဲ့ ပေါ်ဦး သက်တို့ရဲ့ ဘကြီးသက်) ပန်းချီ သိပ်မရေးတော့ပါဘူး။ လုံးဝ ဖြတ်ပစ်လိုက်တာတော့ မဟုတ် ပါဘူး။ U B A C လို့ ခေါ်တဲ့ အထက်ဗမာပြည် ပန်းချီအသင်း လှုပ်ရှားမှုတွေမှာတော့ ပါဝင်ပြီးတော့ အိမ်တွင်း၊ အိမ်ပြင် လေ့ကျင့်ရေးဆွဲကြရာမှာ ရေးဆွဲပြတတ်ပါသေးတယ်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပန်းချီရေးဆွဲနှုန်းထက် ဆယ်ပုံ တစ်ပုံတောင် မရေးတော့ဘူးလို့ ဝင်းဖေရဲ့ ဘကြီး၊ မန္တလေး၊ အနုပညာနဲ့ ပန်တျာ၊ အကကျောင်း ပထမမူလကျောင်းအုပ်ကြီး ဦးစိန်ညွန့်က ဝင်းဖေတို့ကို ရှင်းပြ၊ ပြောပြ ပါတယ်။

ကျောင်းအုပ်ကြီး ဦးစိန်ညွန့်က ဘကြီးသက်ကို အလွန် ရိုသေလေးစားပါတယ်။ ဘကြီးသက် လိုအပ်တာ မှန်သမျှကို အမြဲ တတ်နိုင်သမျှ ဖြည့်ဆည်း ပေးပါတယ်။ ဒါပေမဲ့ ဘကြီးသက်က အကူအညီ တောင်းခဲလှပါတယ်။ ဘကြီးသက်က အကူအညီ တောင်းပြီတဲ့ ဆိုရင် ... ကူညီရမည့်သူတွေဟာ အလွန် ဝမ်းပန်းတသာ အကူအညီ ပေးကြပါတယ်။ အဲဒီလို သူ့ပရိသတ်တွေထဲမှာ ဘုန်းကြီးတွေနဲ့ နိုင်ငံခြားသား၊ တရုတ်၊ ကုလား မိတ်ဆွေတွေလည်း ပါကြပါတယ်။ ဘကြီးသက်ရဲ့ မျက်မှန် ကိုင်းကျိုးသွားတဲ့ အခါမှာ ... ဘကြီးသက်ဟာ သားရေပင်တွေနဲ့ ဖြစ်သလို စည်းပြီးတော့ ဆက်သုံးပါတယ်။ အဲဒါကို သူ့မိတ်ဆွေတွေ သိသွားတဲ့အခါမှာ တစ်ယောက်စီ၊ တစ်ယောက်စီ သူ့စိတ်ကူးနဲ့သူ ဝယ်လာကြပြီးတော့ ... ဘကြီးသက်ကို လာပေးကြတာ မျက်မှန်အသစ်တွေ ၈ လက်လောက် ဖြစ်နေပါတယ်။ ဘကြီးသက်က ပြုံးပြုံးနဲ့ သူ့သားရေပင်တွေ စည်းထားတဲ့ သူ့မျက်မှန်အဟောင်းကြီးကို ပြန်ပြန် တပ်နေလို့ တစ်နေ့မှာ သူ့ညီမအငယ်က တိတ်တိတ်ယူပြီးတော့ သူ မသိအောင် လွှင့်ပစ်လိုက်ရ ပါတယ်။

ဖ ဆ ပ လ အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးတွေထဲက နိုင်ငံခြားကို အရေးတကြီး လက်ဆောင် ပေးချင်ကြလို့ ဆိုပြီးတော့ ဘကြီးသက်ကို ပန်းချီကားကြီးတွေ ဆွဲခိုင်းတာ ဝင်းဖေတို့ ကြုံဖူးပါတယ်။ ဒါပေမဲ့ ခိုင်းတိုင်း ဆွဲပေးတာတော့ မဟုတ်ပါဘူး။ မန္တလေးသား၊ ဝန်ကြီး၊ ဗိုလ်ခင်မောင်ကလေးက အကူအညီတောင်းတဲ့ အခါမှာ ဘကြီးသက် က ပုဂ္ဂိုလ်စွဲကြောင့် ရေးဆွဲပေးပါတယ်။ မန္တလေးသား၊ ပြည်ထဲရေးဝန်ကြီးဟောင်း၊

ဗိုလ်ခင်မောင်ကလေးကလည်း ဘကြီးသက်ကို အလွန်ချစ်၊ အလွန်ရိုသေလေးစားသူ၊ ဘကြီးသက်ရဲ့ အနုပညာစွမ်းတွေအတွက် အလွန်ဂုဏ်ယူသူဖြစ်ပါတယ်။ ယူဂိုဆလား ဗီးယားသမ္မတ မာရှယ်တီးတိုးကို လက်ဆောင်ပေးဖို့ မန္တလေးမှန်နန်းတော်၊ Glass Palace ကို ဆီဆေးနဲ့ဆွဲပေးတာကို ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ တွေ့ဖူးကြပါတယ်။ ဘာဓာတ်ပုံကိုမှ ကိုးကားစရာ မလိုပါဘူး။ ဘကြီးသက်က မန္တလေးမြေ နန်းတော်ရော၊ ကျုံး၊ မြို့ရိုးတွေကိုရော၊ မန္တလေးတောင်နဲ့ ဘုရားပုထိုးတွေကိုရော အလွတ်ရပါတယ်။ ဘယ်အချိန်မှာပဲ ဆွဲဆွဲ၊ ဘယ်ထောင့်ကပဲဖြစ်ဖြစ်၊ လက်တန်း ကောက်ဆွဲပြပါတယ်။ တစ်ခါတလေ ဘာမှကြိုတင်ပြီးတော့ မီးသွေးနဲ့ရော၊ ခဲတံနဲ့ရော ရာမနေတော့ဘဲနဲ့ ဆေးရောင်စုံတွေနဲ့ တစ်ခါတည်း တန်းပြီး ဆွဲပြသွားတာတွေလည်း တွေ့ဖူးပါတယ်။ မြန်မာရှုမျှော်ခင်းတွေ၊ တောတောင်ရေမြေတွေ ဆိုတာကတော့ ဘကြီးသက်အဖို့ ဆေးစက်ကျရာ အရုပ်ဆိုတာလို ဘယ်လိုရေးရေး ဖြစ်နေတာပါပဲ။ တစ်ခါတလေ ရှေ့တော်ပြေးဝင်းထဲက ကလေးတွေကို ကင်းဗတ်(စ်)စ ပေါ်မှာသူတို့ကြိုက်သလို ဆေးရောင်စုံတွေ ခြယ်ခိုင်းပါတယ်။ ကလေးတွေ ဆေးခြယ်လို့ အားရကြပြီ ... နီ၊ ပြာ၊ ဝါ၊ စိမ်း အရောင်စုံတွေ ဖြစ်ချင်သလို ဖြစ်နေပြီ ဆိုတော့မှ... ဘကြီးသက်က ဟိုတို့၊ ဒီတို့နဲ့ လျှောက်လုပ်ပါတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ နေရောင်တွေ ပြိုးပြိုးပြောက်ပြောက်ကျနေတဲ့ ညောင်ပင်ရိပ်တစ်ခုက အကြော်တဲနဲ့ အကြော်သည်... နောက် လက်ဖက်ရည်ကြမ်း ဝိုင်းနဲ့ အကြော်စားနေကြသူတွေ၊ ခွေးကလေးတွေ၊ ကြက်ကလေးတွေ ဖြစ်လာပါတယ်။ အလွန်အရောင်စုံတဲ့၊ အရောင်အား အလွန်ကောင်းတဲ့ ပန်းချီကားတစ်ချပ် ဖြစ်လာတာကို တွေ့ကြရပါတယ်။ ဘကြီးသက်က သူ့ကိုယ်သူ ပုံတူတွေလည်း ရေးတတ်ပါတယ်။ Self Portrait တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ပုံမှန်၊ ပုံတူတွေမဟုတ်ပါဘူး။ သူ့ကိုယ်သူ မှန်ထဲမှာကြည့်ပြီးတော့ ဘယ်တော့မှ မဆွဲပါဘူး။ အလွတ် ဆွဲပါတယ်။ ဥပမာ သူ အလွန်အမင်း ပိန်သွားခဲ့ရင်ဆိုတဲ့ သူ့ပုံတူ၊ အရိုးပေါ် အရေတင်နေတဲ့ပုံပါပဲ။ ဒါပေမဲ့ သိပ်တူပါတယ်။ ဘကြီးသက်မှ ဘကြီးသက်ပါပဲ။ နောက် သူ မတရားစားလို့ မတရား ဝနေတဲ့ပုံတွေလည်း ဆွဲပါတယ်။ ပါးကြီးတွေ ဖောင်း၊ မျက်ခွံကြီးတွေ မို့မောက်ပြီးတော့ ... မျက်လုံးတွေမှေးပြီးတော့ ... မေးတွေကလည်း နှစ်ထပ်၊ သုံးထပ်ဖြစ် ... သိပ်ကို ဝတဲ့ လူဝကြီးပုံပါပဲ။ ဒါပေမဲ့ ဘကြီးသက်မှ ဘကြီးသက် ... သိပ်တူပါတယ်။ နောက် ... ဘကြီးသက်က သူ့ကိုယ်သူ နူသွားခဲ့ရင် ဆိုပြီးတော့ ... နူနာကြောင့် မျက်နှာတစ်ခုလုံး ထွတ်နေတာ၊ အသားတွေ နီရဲနေတာ၊ သားနံ့ရည်တွေ တစိုစိုဖြစ်နေတာ၊ ဆံပင်တွေ ကျွတ်ကုန်လို့ ကျိုးတိုးကျဲတဲပဲ ကျန်တော့ တာတွေကို ဆွဲပါတယ်။ ဒါပေမဲ့ ဘကြီးသက်မှ ဘကြီးသက် .. သိပ်တူပါတယ်။

ဒီတုန်းက ဝင်းဖေအသက်က ၁၆၊ ၁၇ နှစ် ရှိပြီဆိုပေမဲ့ အဲဒီ ဘကြီးသက် နူသွားတဲ့ပုံကိုကြည့်ပြီးတော့ ဝင်းဖေ မျက်ရည် ကျမိပါတယ်။ အဲဒီပုံကို လူတွေ အများကြီး ဝိုင်းကြည့်ကြတာကိုလည်း ဝင်းဖေတို့ မကြိုက်ပါဘူး။ ဝင်းဖေတို့က အဲဒီပုံကို တတ်နိုင်သမျှ ဖွက်ဖွက်ထားတတ်ပါတယ်။ ဘကြီးသက်ကတော့ သူ့ထုံးစံအတိုင်း ရယ်နေတာပါပဲ။ ဘကြီးသက်ဟာ လူပုံတွေကို ဆွဲတဲ့အခါမှာ အပေါ်ယံ မျက်စိ၊ မျက်နှာ အနေအထားကိုသာမကဘဲ အရေခွံအောက်မှာရှိတဲ့ အရိုးတွေ၊ ကြွက်သားတွေ၊ အကြော တွေ စတဲ့ ... Anatony အထိ မြင်တတ်၊ ကြည့်တတ်နေတာ ဖြစ်တယ်လို့ ... အနုပညာ၊ ပန်းချီကျောင်းအုပ်ကြီး၊ ဘကြီးညွန့်က ဝင်းဖေတို့ကို ရှင်းပြပါတယ် ခင်ဗျား။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေတို့ ပန်းချီဆရာ ပေါ်ဦးသက်တို့ရဲ့ ဆရာ ပန်းချီဆရာကြီး ဦးဘသက် အကြောင်းကိုပဲ ဆက်ရပါဦးမယ်။ ပြီးခဲ့တဲ့ အပတ်က ပန်းချီဆရာကြီး ဦးဘသက်ရဲ့ ကိုယ်တိုင်ရေးပုံတူပန်းချီတွေ အကြောင်းကို တင်ပြခဲ့ပါတယ်။ ဒီတစ်ပတ်လည်း ဘကြီးသက်ရဲ့ ဆန်းပြားတဲ့ပန်းချီတွေ၊ စိတ်ကူးစိတ်သန်းတွေ အကြောင်းပဲ ဆက်လက်ပြီး တင်ပြပါ့မယ်။

၁၉၅၃ ခု လောက်မှာ ဘကြီးသက်ဟာ ပန်းချီပုံကြမ်းတစ်ခု ထုတ်ပါတယ်။ ပထမအလွန်ကြီးမားတဲ့ အုတ်အဆောက်အဦကြီး တစ်ခုရဲ့ ရှေ့မျက်နှာစာ ရောမ၊ ခေါမ ဗိသုကာပုံသဏ္ဌာန် တိုင် ၆ လုံးနဲ့ ပြင်ကျယ် လှေကားထစ်တွေထိပ်မှာ ဒုတိယ ကမ္ဘာစစ်တုန်းက နိုင်ငံခေါင်းဆောင်တွေ ဖြစ်ကြတဲ့ အမေရိကန်သမ္မတ ထရူးမင်း၊ ဆိုဗီယက်၊ ဆိုရှယ်လစ်ခေါင်းဆောင် စတာလင်၊ ဗြိတိသျှနန်းရင်းဝန် ဝင်စတန် ချာချီနဲ့ ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး ဒီဂေါလ်တို့ ခါးတွေထောက်ပြီး ရပ်နေကြတဲ့ပုံကို ရေးပါတယ်။ အဲဒီ ပြင်ကျယ် လှေကားထစ်တွေရဲ့ ခြေရင်းမှာတော့ ဝတ်လစ်စားလစ် ကျား/မ လူသား ခန္ဓာကိုယ်တွေကို မုန့်လက်ဆောင်းဖတ်တွေလို အထွေးလိုက်၊ အခဲ လိုက် ပိုးလိုးပက်လက် ဖြစ်နေတာတွေကို ရေးပါတယ်။ နောက် ၄ ပေ၊ ၆ ပေ တကယ့် ဆီဆေးပန်းချီကားကြီး ရေးတော့မယ် ဆိုတော့ ... အဲဒီလှေကားခြေရင်းက အထွေးလိုက်၊ အခဲလိုက်ဖြစ်နေတဲ့ ဝတ်လစ်စားလစ် လူပုံကြီးကို ဝင်းဖေနဲ့ ပေါ်ဦးသက် တို့ကို ရေးခိုင်းပါတယ်။ အဲဒီလိုရေးခိုင်းရာမှာ လူတွေဟာ မုန့်လက်ဆောင်း ဖတ်တွေလို ဖြစ်နေရမယ်လို့ ဘကြီးသက်က လေးငါးခြောက်ခါ ထပ်ပြန်တလဲလဲ ပြောပြီး တာဝန် ပေးပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးသက်လည်း တောင်ပုံရာပုံဖြစ်နေတဲ့ ဝတ်လစ်စားလစ် ကျား/မ ပုံတွေကို လွတ်လွတ်လပ်လပ်ကြီး အကြောက်အလန့် မရှိ ရေးဆွဲကြပါတယ်။ ဘယ်လိုပဲ မှားသွားသွား၊ ဘကြီးသက်က ဆေးစက်ကျရာ အရုပ်အားလုံး ပြန်ကောင်း သွားအောင် လုပ်လိုက်နိုင်တာပဲလို့ ဝင်းဖေတို့က လုံးဝ စိတ်ချ ယုံကြည်နေကြတဲ့ အတွက် အကြောက်အလန့်မရှိ လုပ်ကြတာဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီပန်းချီကားကြီးဟာ ဆီဆေးနဲ့ မရေးခင် ဒုတိယအဆင့် ပုံကြမ်း အဖြစ် ပိုစတာကာလာနဲ့ ရေးတဲ့အဆင့်မှာပဲ ကြာမြင့်စွာ ရပ်တန့်သွားပါတယ်။ အပြီးအစီး မရေးဖြစ်တော့တဲ့ အတွက် အလွန်ဝမ်းနည်းစရာ ကောင်းပါတယ်။

တစ်ချိန်မှာ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ဟာ ၄ှက်ပျောပင်တွေကို ရေးဆွဲချင်စိတ် ပေါက်လာပြီးတော့ ငှက်ပျောပင်ပုံတွေ ရေးချင်တဲ့ အကြောင်း ဘကြီးသက်ကို ပူဆာကြပါတယ်။ ဒီတော့ ဘကြီးသက်က ... ငှက်ပျောပင်ပုံ ရေးချင်စိတ် ပေါက်လာတာကိုက လူလေးတို့ တိုးတက်လာတာ သေချာတယ်တဲ့။ ပန်းချီအစ ငှက်ပျောပင်ကလို့တောင် ပြောလို့ရနိုင် တယ်တဲ့၊ ငှက်ပျောပင်ကို ဆွဲတတ်ရင် အားလုံး ပြီးသွားမယ်တဲ့၊ မင်းတို့ စဉ်းစားကြည့် တဲ့ ... ငှက်ပျောပင်ဆိုတာ ... ငှက်ပျောရွက်ကလည်း အသုံးကြတယ်၊ ငှက်ပျောသီး ဆိုတာကလည်း လူတိုင်းကြိုက်တဲ့ အသီးပဲတဲ့ ... နောက် ငှက်ပျောအူတို့၊ ငှက်ပျောမြစ် တို့ဆိုတာ မုန့်ဟင်းခါးချက်ရင် ဓာတ်လိုက်တွေပဲ မဟုတ်လားလို့ ပြောရင်း ... ဘာမှ သိပ်မဆိုင်တာတွေကို ဆွဲစေ့လိုက်ပြီးတော့ ဝင်းဖေနဲ့ ပေါ်ဦးသက်ကို စိတ်ဓာတ် တက်သွားအောင် မြှောက်ပေးလိုက်တာပါပဲ။

ဝင်းဖေနဲ့ ပေါ်ဦးတို့ ရေးနေကြတဲ့ ပန်းချီတွေ မကောင်းရင် ဘကြီးသက်အဖို့ ကတော့ ဝင်းဖေတို့မှာ ဘယ်တော့မှ အပြစ်မရှိပါဘူး။ “လူလေးတို့ ပန်းချီကားတွေ ပျက်ကုန်မှာပေါ့၊ လူလေးတို့က ဆာနေကြတာကိုး ... ဗိုက်ထဲမှာ အစာမရှိရင်လည်း ပန်းချီကားက ပျက်တယ်ကွ” လို့ပြောရင်း ... “အဲဒါတွေ ထားခဲ့ကြ၊ လာကြ၊ လက်ဖက် ရည်ဆိုင်သွားမယ်” ဆိုပြီးတော့ တရုတ်တန်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထပ်တစ်ရာတို့၊ ပေါင်မုန့်နို့ဆီဆမ်းတို့၊ ငှက်ပျောသီးကြော်တို့ ဆိုတာတွေကို လိုက်ကျွေးတတ်ပါတယ်။ တစ်ခါတလေ ထမင်းစားပြီးမှ ရေးကြပေမဲ့ ပန်းချီကားတွေက မကောင်းပြန်ရင် ... “ဘယ်ကောင်းမှာလဲ ... လူလေးတို့ရ ... မင်းတို့ ဗိုက်တွေက သိပ်တင်းနေတာကိုး၊ ဒါမျိုးဆိုတာ ခဏလောက် ထမင်းလုံး စီလိုက်ရတယ်ကွ၊ ကဲ ... သွား သွား ခဏလောက် အိပ်လိုက်ကြဦး၊ ပြီးမှ ဆက်ရေးကြ” ... တဲ့။

နောက်တော့ ဝင်းဖေနဲ့ ပေါ်ဦးဟာ ငှက်ပျောပင်တွေ ရေးရတာ အီလာပြီးတော့ ထန်းပင်တွေ ရေးချင်ကြပြန်တယ်။ ဒီတော့လည်း ဘကြီးသက်က “ပန်းချီအစ ထန်းပင်က”လို့ ပြောပြန်ပါတယ်။ “မင်းတို့သေသေချာချာ စဉ်းစားကြည့်” တဲ့ ... “အုတ်နံရံကို သေးနဲ့ပန်းရင်တောင် ... ထန်းပင်တွေ၊ ထန်းတောတွေတော့ ဖြစ်တာပဲ မဟုတ်လား”... တဲ့။ ကန်တော့ပါရဲ့ခင်ဗျာ ... သေးစီးကြောင်းတွေကို ထန်းပင်ဖြစ်အောင် ပြောတတ်ပြန်ပါတယ်။ ဘကြီးသက်က ဝင်းဖေတို့ကို စိတ်ဓာတ်အမြဲမြင့်ပေး ထားတတ်ပါတယ်။ တစ်နေ့မှာတော့ ဝင်းဖေအိမ်က အနှစ်များများနဲ့ အမဲနှပ်ဟင်းတွေ အများကြီးနဲ့ ထမင်းချိုင့် ထည့်ပေး လိုက်ပါတယ်။ ဆန္ဒင်းမကင်းတွေလည်း အများကြီး ပေးလိုက်ပါတယ်။ အဲဒီနေ့က ဘကြီးသက်ဆီကို စာရေးဆရာကြီး ရန်ကုန် ဘဆွေ ရောက်နေလို့ အရက်နဲ့ မြည်းဖို့ တစ်ခုခု လိုတာနဲ့ ဝင်းဖေတို့က အမဲသားတုံးတွေကို သတ်သတ်

ထုတ်ပေးလိုက်ကြပါတယ်။ ဘကြီးသက်နဲ့ ဦးလေး ဦးဘဆွေတို့ နှစ်ယောက်သား အမဲသားနှပ်၊ အမဲသားတုံးတွေကို စားရင်း ခံတွင်းတွေ့ကြလို့တဲ့… စားလိုက်ကြတာ .. နောက်ဆုံး အသားတွေ ကုန်ပြီးတော့ အနှစ်တွေပဲ ကျန်ရစ်ပါတယ်။ နောက် အချိုတည်းဖို့ ဆိုပြီးတော့ ဝင်းဖေက ဘကြီးသက်တို့ကို ဆနွင်းမကင်းတွေ ချပေးပါသေးတယ်။ ဒါပေမဲ့ ဦးလေး ဦးဘဆွေက မျက်နှာကြီးရှုံ့ပြီးတော့ … အရက်နဲ့ ဆနွင်းမကင်းနဲ့ မဖြစ်ပါဘူးကွာ … ဆိုပြီး ပယ်ချလိုက်ပါတယ်။ ဒါနဲ့ ဝင်းဖေနဲ့ ပေါ်ဦး သက် ထမင်းစားကြတော့ ထမင်းတွေကို အမဲနှပ် အနှစ်တွေနဲ့ နယ်ပြီးတော့ … အမဲသားတုံးတွေက မရှိတော့ ဆနွင်းမကင်းတွေနဲ့ စားကြပါတယ်။ ပထမ အူကြောင်ကြောင် ဖြစ်နေပေမဲ့ နောက်တော့ အတော့်ကို စားလို့ကောင်းတာကို တွေ့ကြရပါတယ်။ ထမင်းသိပ်မြိန်ကြပါတယ်။ အဲဒါကို ဘကြီးသက်က ကြည့်ပြီးတော့ သဘော ကျလွန်းလို့တဲ့ … အရပ်ထဲ လျှောက်ပြောပါတယ်။ အရပ်ကတော့ ဝင်းဖေတို့ကို အရူးတွေလို့ ပြောပါတယ်တဲ့။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေရဲ့ငယ်ဘဝ ပန်းချီ ဝါသနာပါမှုဟာ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ထူးခြားမှု မရှိခဲ့ပါဘူး။ မြန်မာမဂ္ဂဇင်းတွေ၊ နိုင်ငံခြား မဂ္ဂဇင်းတွေထဲမှာပါတဲ့ သရုပ်ဖော်ပန်းချီပုံတွေကို ကြိုက်နှစ်သက်ရင်း ... အဲဒီလိုပဲ ကိုယ်လည်းရေးတတ်၊ ဆွဲတတ်ချင်တဲ့ စိတ်ပါပဲ။ နောက် ဘုရားတန်ဆောင်းတွေမှာ ရှိတတ်တဲ့ ဗုဒ္ဓဝင်ပန်းချီကားတွေကိုလည်း သိပ်သဘောကျတတ်ပါတယ်။

ဝင်းဖေတို့ငယ်စဉ်က မန္တလေး ဘုရားတန်ဆောင်းဝန်းကျင် ဗုဒ္ဓဝင် ပန်းချီဆရာ တွေထဲမှာ ဆရာကြီးဦးစောမောင်ရဲ့ လက်ရာတွေက များလည်း များပါတယ်၊ အရောင်အသွေးတွေကလည်း လှပစိုပြည်ပါတယ်။ ဗုဒ္ဓဝင် နန်းတွင်းမြင်ကွင်းတွေ၊ ထီးသုံးနန်းသုံး ပစ္စည်းပစ္စယတွေ၊ မင်းညီမင်းသားတွေရဲ့ အဝတ်အစားတွေ၊ အမှုထမ်း၊ အရာထမ်းတွေရဲ့ ဝတ်ပုံစားပုံတွေ၊ စစ်ဗိုလ်၊ စစ်သားတွေရဲ့ ချပ်ဝတ်တန်ဆာတွေ၊ ဆင်တွေ၊ မြင်းတွေ၊ ရထားတွေအတွက် ကကြိုးတန်ဆာ စတာတွေဟာ အလွန်ပီပြင် ပါတယ်။ ဝိုးတိုးဝါးတားနဲ့ ဖြီးဖြန်းထားတယ်လို့ မခံစားရပါဘူး။ နောက်မှ ဝင်းဖေ သိရတာက ... ပန်းချီဆရာကြီး ဦးစောမောင် ဆီမှာ ရှေးမြန်မာဘုရင်များရဲ့ ထီးနန်း ဆိုင်ရာ အဝတ်တန်ဆာ၊ အသုံးအဆောင်တွေနဲ့ ပတ်သက်ပြီးတော့ ပုရပိုက်တွေ အများကြီး ရှိတယ်လို့ ဆိုတာပါပဲ။

ဗုဒ္ဓဝင် ပန်းချီရိုးရာကို ဖောက်ပြီးတော့ တစ်မျိုးတစ်မည် တီထွင်ရေးဆွဲတဲ့သူ ကတော့ ပန်းချီဆရာကြီး ဦးဘကြည် ဖြစ်ပါတယ်။ ပန်းချီဆရာကြီး ဦးဘကြည်ဟာ မြန်မာ့ရိုးရာ ရေးဆွဲနည်းရော၊ အနောက်တိုင်း ရေးဆွဲနည်းရော၊ သူကိုယ်တိုင်ရဲ့ လွတ်လွတ်လပ်လပ် တီထွင်ဖော်ကျူးတာတွေရော၊ ဆန်းသစ်မှုတွေရော ... အများကြီး ဖန်တီးသွားပါတယ်။ တချို့နေရာတွေမှာ ကမ္ဘာကျော် ကာတွန်းဝိဇ္ဇာကြီး ဝေါ့ဒစ္စနေရဲ့ နည်းတွေတောင် ထည့်သုံးလို့ အဝေဖန်ခံရတာတွေလည်း ရှိပါတယ်။

ဝင်းဖေ ငယ်စဉ်က ဦးစောမောင်လိုလည်း ရေးတတ်ချင်ပါတယ်။ ဦးဘကြည် လိုလည်း ရေးတတ်ချင်ပါတယ်။ နောက် လူပျိုပေါက်အရွယ်လောက် ရောက်လာတော့ ဝင်းဖေရဲ့ ပန်းချီဝါသနာဆန္ဒဟာ အတော်ကလေး

တည်ငြိမ်လာပါတယ်။ ပန်းချီဆရာ ကြီး ဦးဘသက်(ဘကြီးသက်) ရဲ့ ရေဆေးကားတွေ၊ ဆီဆေးကားတွေကို အလွန် အားကျ နှစ်သက်လာပါတယ်။ ဒီတော့ ဝင်းဖေရဲ့ ရည်ရွယ်ချက်က ... ဒီတစ်သက်မှာ ဘကြီးသက်လောက် ရေးတတ်၊ ဆွဲတတ်ရင် သေပျော်ပါပြီလို့ ဖြစ်သွားပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ရဲ့ လူပျိုပေါက်အရွယ် ပန်းချီရည်မှန်းချက်ဟာ ဘကြီးသက် လို ရေးတတ်၊ ဆွဲတတ်ဖို့ပဲ ဖြစ်ပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့မှာ အဲဒီနှစ်ပိုင်းတွေ အထိ မော်ဒန်ဆိုတဲ့ ခေတ်သစ်အနုပညာအတွေးအခေါ်တွေ မဝင်ကြသေးပါဘူး။ ဘကြီးသက်ဆီမှာ ဝင်းဖေတို့ သင်ကြားနေတုန်း ပထမနှစ်တွေမှာ ဘကြီးသက်က ဥရောပက ခေတ်သစ်ပန်းချီကား ပုံနှိပ်ထားတာတွေတချို့ သူသိမ်းထားတာကို ထုတ်ပြ ပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့က စိတ်မဝင်စားကြပါဘူး။ ဝင်းဖေတို့က မကြိုက်ကြ၊ စိတ်မဝင်စားကြတဲ့အတွက် ဘာမှမပြောပါဘူး။ ဘာမှလည်း မဝေဖန်ပါဘူး။ သူ စုထားတဲ့ပုံတွေကို ပြန်သိမ်း သွားပါတယ်။ ဝင်းဖေအနေနဲ့ကတော့ အဲဒီပုံတွေကို ဘကြီးသက်က ဘာ့ကြောင့်များ သိမ်းထားတာပါလိမ့် ... ဆိုတဲ့ အံ့ဩမှု၊ နောက် စဉ်းစားတွေးခေါ်မှု နည်းနည်းပါးပါး ရှိခဲ့ပါတယ်။

အဲဒီလိုအချိန်မျိုးမှာ ဝင်းဖေဟာ ကိုယ့်ထက်ငယ်တဲ့ ပန်းချီဝါသနာရှင် ကျောင်းသားလေး တစ်ယောက်ကို တွေ့ရပါတယ်။ သူကတော့ ဆရာဝန်ကြီး ဒေါက်တာ စိုးသင်းရဲ့သား ဆန်နီစိုး ဆိုသူကလေး ဖြစ်ပါတယ်။ သူ့ဖခင်က သူ့သား ဆန်နီစိုးကို ကျောင်းပန်းချီ ဆရာကြီး တစ်ယောက်ဆီမှာ သေသေချာချာ၊ တလေးတစား အပ်နှံပြီး တော့ ပန်းချီပညာကို သင်ကြားစေပါတယ်။ ဒါပေမဲ့ ဆန်နီစိုးက အဲဒီပန်းချီဆရာကြီးကို မေးခွန်းတွေ သိပ်မေးတယ်လို့ ဆိုပါတယ်။ နောက်ဆုံး အဲဒီပန်းချီဆရာကြီးက ဒီကလေးဟာ ပန်းချီပညာ သင်ကြားတဲ့နေရာမှာ ဆရာပြောတဲ့အတိုင်း မလုပ်ဘဲ ကတ်သီးကတ်သတ် မေးခွန်းတွေ သိပ်ထုတ်တတ်တယ်၊ သင်လို့မရဘူးဆိုပြီး လက်လျှော့လိုက်ပါတယ်။ တိုတိုပြောရရင် အဲဒီလို ဂျစ်ကန်ကန်ကလေးဟာ ဝင်းဖေ လက်ကို ရောက်လာပါတယ်။ ဝင်းဖေ လက်ထဲမှာလည်း ဆန်နီစိုးဟာ မေးခွန်း အလွန် ထုတ်တတ်ပါတယ်။ ဝင်းဖေကကြိုးစားပြီး ဖြေပါတယ်။ တချို့မေးခွန်းတွေကို ကိုယ့်ဟာနဲ့ကိုယ်မကျေနပ်ရင် လူကြီးတွေကို မေးပြီးတော့မှ တစ်ဆင့် ... ဆန်နီစိုးကို ဖြေပေးပါတယ်။

မေးခွန်းတွေကတော့ ... အနီရောင်က ဘာကြောင့် နီးပြီးတော့၊ အပြာရောင်က ဘာကြောင့် ဝေးတာလဲ ... ဆိုတာမျိုး၊ နောက် ... ကြီးရင် နီးပြီးတော့ သေးရင်ဝေးတယ်ဆိုတာ ဘာကြောင့်လဲ ... ဆိုတာမျိုး .... မေးခွန်းတွေပါပဲ။ ပန်းချီ ဆရာ တစ်ယောက်နဲ့ တစ်ယောက် ... ဘာကြောင့်

ရေးပုံရေးနည်းချင်း မတူရ တာလဲ … ဆိုတာမျိုးလည်း ပါပါတယ်။ မေးခွန်းတွေက စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒါပေမဲ့ တစ်နေ့မှာတော့ Life မဂ္ဂဇင်းထဲမှာပါလာတဲ့ ခေတ်ပေါ် ရောင်စုံ ပန်းချီကား သုံးလေးကားကို ပြပြီးတော့ ဒီပန်းချီကားတွေကို ကြိုက်သလားလို့ မေးပါတယ်။ ဒီတုန်းက ဝင်းဖေမှာ ဘကြီးသက် လက်ရာမျိုးက လွဲပြီး ကျန်တာတွေကို သိပ်စိတ်မဝင်စားပါဘူး။ အထူးသဖြင့် ခေတ်ပေါ်ပန်းချီဆိုတာတွေကို မကြိုက်ပါဘူး။ ဒါ့ကြောင့် ဝင်းဖေက မကြိုက်ဘူးလို့ ဖြေလိုက်ပါတယ်။ ဒီတော့ ဒီပန်းချီကားတွေဟာ ကောင်းသလားတဲ့ … မေးပြန်ပါတယ်။ ဝင်းဖေက ချက်ချင်းပဲ မကောင်းဘူးလို့ ဖြေလိုက်ပါတယ်။ ဒီတော့ ဆန်နီစိုးက … ကျွန်တော်လည်း ခင်ဗျားလိုပါပဲ … တဲ့၊ ကြိုက်လည်း မကြိုက်ပါဘူး၊ ကောင်းတယ်လို့လည်း မထင်ဘူးဗျ … တဲ့။ ဒါပေမဲ့ ဒီစာအုပ်ထဲမှာပါတဲ့ သတင်းနဲ့ဆောင်းပါးကို ဖတ်ကြည့်တော့ကာ ဒီပန်းချီကားတွေဟာ သိပ်ကောင်းတဲ့ အကြောင်း၊ ပြပွဲမှာ လူကြိုက်များတဲ့ အကြောင်း၊ ဝယ်ချင်တဲ့သူတွေ သိပ်များနေလို့ လေလံတင်ပြီးတော့ ဈေးပြိုင်စနစ်နဲ့ ရောင်းရတဲ့အကြောင်း၊ နောက်ဆုံး ရောင်းလိုက်တဲ့ဈေးတွေဟာ သိန်းချီနေတဲ့အကြောင်း ပြောပြီးတော့ … လောကမှာ ကျွန်တော်တို့ မသိတာတွေ အများကြီးရှိတယ်နော် … လို့ ပြောပါတယ်။ အဲဒီအချိန်က စပြီး ဝင်းဖေခေါင်းထဲမှာ ခေတ်ပေါ် ပန်းချီကားတွေကို အမှုမဲ့ အမှတ်မဲ့ လုပ်ခဲ့တဲ့အကျင့် ပျက်စပြုလာပါတယ်။ ခေတ်ပေါ် ပန်းချီကား တွေကို ပိုပြီးတော့ ကြည့်ဖြစ်လာပါတယ်။ ခေတ်ပေါ် ပန်းချီကားနဲ့ပတ်သက်တဲ့ စာတွေကိုလည်း ဖတ်ဖြစ်လာပါတယ်။ ခေတ်ပေါ် ပန်းချီကားတွေကို ရှာဖွေကြည့် ဖြစ်တဲ့အဆင့်ကိုလည်း တက်လာပါတယ်။ ပေါ်ဦး သက်ကိုလည်း အဖော်ညှိပါတယ်။ ဒီအကြောင်းတွေကို ဘကြီးသက်လည်း သိသွား ပါတယ်။

အဲဒီမှာ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ရဲ့ ပန်းချီဘဝတစ်ဆစ်ချိုးပြောင်းဖို့ ဖြစ်လာ ပါတော့တယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဝင်းဖေရဲ့ သမားရိုးကျ ပန်းချီဝါသနာစိတ်ရင်းကနေပြီးတော့ ခေတ်ပေါ်ပန်းချီကားတွေကို စိတ်ဝင်စားမှု ပြောင်းလဲလာပုံကို တင်ပြခဲ့ပါတယ်။

ခေတ်ပေါ်အာရုံခံစားမှုတွေ၊ ခေတ်ပြိုင်အတွေးအခေါ်တွေဟာ ... တခြားတစ် နေရာ၊ တခြားပုဂ္ဂိုလ်တွေမှာလည်း ဝင်းဖေလိုပဲ ယေဘုယျအားဖြင့် ကာလ၊ ဒေသ၊ ကျိုးကြောင်းဆက်စပ်မှုတွေနဲ့ နွယ်ပြီးတော့ ကူးပြောင်းသွားကြပုံရပါတယ်။ ဝင်းဖေရဲ့ တိုးတက်ပြောင်းလဲမှု တစ်စိတ်တစ်ဒေသဟာ ... ကိုယ့်ထက်ငယ်သူ၊ ကိုယ့်ဆီမှာ ပညာသင်နေသူ၊ ကိုယ့်တပည့်ဆီက ရခဲ့ပါတယ်။ ဒီကလေးရဲ့ သိလိုစိတ်ကို ဖြည့် ဆည်းပေးဖို့ ကြိုးစားရာကနေ ရရှိခဲ့တဲ့ စိတ်ပြောင်းလဲမှုပါပဲ။ ဒီအချိန်ကလေးကို ဝင်းဖေရဲ့ဆရာအရင်း ဘကြီးသက်က အမိအရဖမ်းပြီးတော့ ဝင်းဖေနဲ့ပေါ်ဦးကို ဆရာ ဦးခင်မောင် (ဘဏ်) ဆီမှာ အလေးအနက်ထားပြီး အပ်ပေးပါတော့တယ်။

ဆရာဦးခင်မောင် (ဘဏ်) ဟာ ဘကြီးသက်ရဲ့ ပန်းချီတွေကို အလွန် နှစ်သက် သူ၊ ဘကြီးသက်ရဲ့ အစွမ်းအစ၊ ပါရမီ၊ ဗီဇကြီးမားတာတွေကို အလွန်အားကျ နှစ်ထောင်းအားရရှိပြီးတော့ ဘကြီးသက်ကို ကိုးကွယ်သူတစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာဦးခင်မောင်က အင်္ဂလိပ်စာ ကောင်းကောင်းတတ်ပါတယ်။ ကမ္ဘာ့ပန်းချီလှုပ်ရှားမှု တွေကို စာပေကတစ်ဆင့် အများကြီးဖတ်ရှုလေ့လာနိုင်သူဖြစ်ပါတယ်။ သူ ဖတ်ရ၊မှတ်ရတာတွေကိုလည်း ဘကြီးသက်ကို ပြောပြ၊ ဆွေးနွေးခဲ့ပုံရပါတယ်။ အဓိက ကတော့ ကမ္ဘာ့ပန်းချီလောက၊ အနုပညာလောကရဲ့ အတွေးအခေါ်အသစ်တွေ အကြောင်းပါပဲ။ အဲဒီခေတ်တွေတုန်းက မြန်မာပန်းချီလောကမှာ ရာခိုင်နှုန်း ၉၉ လောက်ဟာ ခေတ်ပေါ်ပန်းချီတွေကို တူးတူးခါးခါး လက်မခံကြသေးတဲ့အချိန် ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာဦးခင်မောင်ရဲ့ ပန်းချီအတွေးအခေါ်သစ်နဲ့ပတ်သက်တဲ့ ဆွေးနွေး ချက်တွေကို ဘကြီးသက်ကတော့ ကောင်းကောင်းကြီး လက်ခံခဲ့ပုံရပါတယ်။ ဒါ့ကြောင့် လည်း သူ့တပည့်ရင်းနှစ်ယောက်ဖြစ်တဲ့ ဝင်းဖေနဲ့ပေါ်ဦးကို ဆရာဦးခင်မောင်(ဘဏ်)ရဲ့ လက်ကို လွှဲပြောင်းအပ်နှံလိုက်တာ ဖြစ်ပါတယ်။ လက်လွှဲတယ်ဆိုပေမဲ့ ဘကြီးသက်က သင် မပေးတော့တာတော့

မဟုတ်ပါဘူး။ ဆက်ပြီးတော့ သင်ပေးပါတယ်။

ဆရာဦးခင်မောင်ဆီ ရောက်တော့ ခေတ်ပေါ်ပန်းချီပုံတွေ အများကြီးကို ကြည့် ကြရတဲ့အပိုင်းရယ်၊ နောက် ... ဖတ်ဖို့စာတွေပေးတာရယ်၊ နောက် ... Visual Ele-ment လို့ခေါ်တဲ့ အမြင်အာရုံနဲ့ပတ်သက်တဲ့ ပန်းချီပညာအတွက် အခြေခံ အမြင်အာရုံ လက္ခဏာတွေကို ရှင်းလင်းသင်ကြားပေးပါတယ်။ နှိုင်းယှဉ်ကြည့်ဖို့ ဥပမာပြောရရင်... စားစရာအစားအစာတွေ ချက်ပြုတ်တော့မယ်ဆိုရင် ... အခြေခံအားဖြင့် ... ချို၊ ချဉ်၊ ငန်၊ ခါး၊ ဖန်၊ စပ်၊ အီ စတဲ့ အရသာအခြေခံတွေနဲ့ ... ဆန်တွေ၊ ဂျုံတွေ၊ သား၊ ငါး၊ ပုစွန်တွေ၊ ဟင်းသီး၊ ဟင်းရွက်တွေ၊ ဒိန်တို့၊ ထောပတ်တို့၊ ဆီတို့ ဆိုတာတွေ ဟာ ... စပ်ဟပ် ရောမွှေ ချက်ပြုတ် ကြော်လှော်ဖို့ ကုန်ကြမ်းတွေဖြစ်တယ်ဆိုတာကို သိထားဖို့ လိုသလိုပါပဲ။ ရောနှောနည်း၊ စပ်နည်း၊ ချက်ပုံ၊ ပြုတ်ပုံ၊ အတွဲအဖက်တွေ ပေါ်မှာ မူတည်ပြီးတော့ ... ဗမာအစားအစာ၊ ကုလားအစားအစာ၊ တရုတ်အစားအစာ၊ အနောက်တိုင်း အစားအစာဆိုတာလို အစားအစာတွေ အမျိုးမျိုး ကွဲပြားကုန်တာ ဖြစ်ပါတယ်။ ဒီလောက်အထိ ခေတ်ပေါ်ပန်းချီရဲ့ တွေးခေါ်မှုအပိုင်းကို မရောက်သေးပါဘူး။ ချဉ်းကပ်ပုံစနစ်ကတော့ အတော်ကလေး ရှင်းရှင်းလင်းလင်း ဖြစ်လာပါတယ်။

ပန်းချီကားတစ်ကား ... လှတယ်၊ ကောင်းတယ်၊ ဆွဲဆောင်မှုရှိတယ်၊ ကြည့်ရ သူတွေရဲ့ စိတ်ကို ကိုင်လှုပ်နိုင်တယ်ဆိုတာ ဘာကြောင့်လဲဆိုတာတွေကိုလည်း ဆရာ ဦးခင်မောင်က ထောင့်အမျိုးမျိုးကနေ ပတ်ပြီးတော့ သင်ပေးပါတယ်။ အတွေးအခေါ် တွေကို သင်တဲ့နေရာမှာ တိုက်ရိုက်သင်ကြားနည်းကို မသုံးဘဲ သွယ်ဝိုက်ပြီးတော့ သင်ပါတယ်။ သညာထက် ပညာရအောင် သင်ပေးပါတယ်။ ခေတ်သစ်တွေးခေါ်မှုမှာ အပေါ်ယံထက် အခြေခံ အနှစ်သာရကို ပိုပြီးတော့ အဓိကထားပါတယ်။ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် အခြေခံကို ပိုင်းခြား ခွဲစိတ်ချဉ်းကပ်ပါတယ်။ အကြောင်း တရား၊ အကျိုးတရားတွေကို မခွဲစိတ်ဘဲ တစ်စစီ ကွဲသွားစေတဲ့ ပညာသိ ချဉ်းကပ်နည်း တွေ ဖြစ်ပါတယ်။ အနုပညာပစ္စည်းတွေရဲ့ကောင်းခြင်း၊ မကောင်းခြင်းဟာ အဓိက အားဖြင့် အကြောင်းအရာနဲ့ မဆိုင်တဲ့အကြောင်း၊ အနုပညာ ချဉ်းကပ်ပုံ၊ ချဉ်းကပ်နည်း ဝါဒတွေနဲ့လည်း မဆိုင်တဲ့အကြောင်း၊ ရှေးကျခြင်း၊ ခေတ်မီခြင်း ဆိုတာတွေနဲ့လည်း မဆိုင်တဲ့အကြောင်း၊ အဓိကအားဖြင့် ... အနုပညာရှင်ရဲ့ ခံစားချက်၊ စူးစိုက်မှု၊ ရှုမြင်မှု၊ တွေးခေါ်မှု၊ သတ္တိ ပြတ်သားမှု၊ ရိုးသားမှု ... စတာတွေနဲ့သာ ဆိုင်တဲ့ အကြောင်း၊ အနုပညာတွေရဲ့အပေါ်ယံအလှဟာ အကြောင်းအရာပေါ်မှာ တည်နေ တတ်ပြီးတော့ ... အဓိကအနှစ်သာရအလှဟာ ... အနုပညာရှင်ရဲ့ စိတ်အခြေအနေ၊ ပညာအမြင်၊ အဆုံးအဖြတ် ... စတာတွေရဲ့ အလှဖြစ်တယ်ဆိုတာကို အဓိက

သင်ကြား ပို့ချပေးပါတယ်။

ဝင်းဖေနဲ့ ပေါ်ဦးတို့ရဲ့ အနုပညာခံစားမှုနယ်ကို အတိုင်းအဆမရှိ၊ အကန့်အသတ်မရှိ ချဲ့ထွင်ပေးပါတယ်။ အနုပညာဖန်တီးပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တွေကိုလည်း အတိုင်းအဆမရှိ၊ အကန့်အသတ်မရှိ ချဲ့ထွင်ပေးပါတယ်။ ဝင်းဖေတို့အတွက် နှစ်သက် စရာ၊ ခံစားစရာ အနုပညာ ပင်လယ်သမုဒ္ဒရာကြီးတွေ ဖြစ်ထွန်းလာပါတော့တယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ခရစ္စမတ်အခါတော်နဲ့ ခရစ်နှစ်သစ်အချိန်အခါ ရောက် လာပြန်တော့ ဝင်းဖေ ငယ်ငယ် က ဝမ်းသာအားရ၊ ပျော်ပျော် ပါးပါး ဖြစ်ခဲ့ရတာတွေကို ပြန် ပြောင်း သတိရမိပါတယ်။ ဒါ့ကြောင့် ဝင်းဖေတို့ဆရာ ပန်းချီဆရာကြီး ဦးခင်မောင် (ဘဏ်) အကြောင်း ပြန်ပြောပြနေရာက ဖောက်ပြီးတော့ ဝင်းဖေလွယ်အိတ်ကို နှိုက်ကြည့်မိပါတယ်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တွေက နှစ်ပေါင်းအတော်ကြာအောင် သိမ်းပိုက်အုပ်ချုပ် ထားခဲ့လေတော့ မြန်မာနိုင်ငံအနှံ့ ခရစ်ယာန်ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ အလေ့အထ ပွဲလမ်းသဘင်တွေလည်း ပျံ့နှံ့ခဲ့ပါတယ်။ ယဉ်ကျေးမှုမျိုးစုံကို အလွယ်တကူ ကြည်ဖြူ လက်ခံလေ့ရှိတဲ့၊ သဘောမနော ဖြူစင်ပျော့ပျောင်းတဲ့ မြန်မာတွေကလည်း ခရစ်တော် မွေးဖွားတော်မူတဲ့ ခရစ္စမတ်နေ့တို့၊ ခရစ်နှစ် နှစ်သစ်မင်္ဂလာပွဲတို့ ဆိုတာတွေကို ပါဝင်ပျော်ရွှင်ဆင်နွှဲလေ့ရှိကြပါတယ်။ ဝင်းဖေအတွက်ကတော့ အဲဒီလိုပွဲသဘင်ကြောင့် ပျော်ရွှင်တာထက် ပိုကဲပါတယ်။

ဝင်းဖေတို့ငယ်စဉ်က ခရစ္စမတ်နဲ့ နှစ်သစ်ကူးအခါသမယတွေမှာ လက်ဆောင် မွန်တွေ တစ်ယောက်ကို တစ်ယောက် ဝမ်းသာအားရ ပေးကြတဲ့နေရာမှာ ခရစ္စမတ် လက်ဆောင်ကတ်၊ နှစ်သစ်ကူးလက်ဆောင်ကတ် ဆိုတာတွေကိုလည်း ပေးကြတဲ့ ဓလေ့ကလည်း အလွန်ခေတ်စားပါတယ်။ အဲဒီခေတ်တုန်းက လှပတဲ့ ရှုခင်းပန်းချီကား တွေကို ပုံနှိပ်ထားတဲ့ ရောင်စုံလက်ဆောင်ကတ်ကလေးတွေ အပြန်အလှန် လက်ဆောင် ပေးကြတာပါ။ ခရစ္စမတ်နဲ့ နှစ်သစ်ကူးကာလ မတိုင်ခင် ၂ လလောက်ကတည်းက အဲဒီလို ပုံနှိပ်ခရစ္စမတ်ကတ်၊ နှစ်သစ်ကူးကတ်တွေကို အင်္ဂလန်နဲ့ အမေရိကန်က မြန်မာနိုင်ငံအတွင်း တင်သွင်းခဲ့ကြပါတယ်။ အဲဒီလို လက်ဆောင်ကတ်တွေ ခေတ်စား ချိန်မှာ တန်ဖိုးကြီးကြီးပေးရတဲ့ စပါယ်ရှယ် အထူးလက်ဆောင်ကတ်တွေကတော့ ပန်းချီဆရာတွေ ကိုယ်တိုင်ရေး မူရင်းလက်ဆောင်ကတ်တွေပဲ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာပြည်ကို ပြန်လည်ထူထောင်စအချိန်မှာ

ပုံနှိပ် လက်ဆောင်ကဒ်တွေ့ရဲ့ တန်ဖိုးက ငါးမူးကနေ လွန်ရောကျွံရော ၁ ကျပ်ခွဲ၊ ၂ ကျပ်လောက်ပဲရှိပါတယ်။ တကယ့်လက်ရေး၊ မူရင်းပန်းချီ လက်ဆောင်ကတ်တွေ ကတော့ ... ၂ ကျပ်ကနေပြီးတော့ ၈ကျပ်၊ ၁၀ အထိ တန်ဖိုးကြီးကြီး ပေးကြရပါတယ်။ နာမည်ကြီး ပန်းချီဆရာကြီးတွေရဲ့ လက်ရာတွေဆိုရင် သီးသန့် ကြိုတင်၊ အော်ဒါပေး၊ မှာကြား ဝယ်ယူကြရပါတယ်။ ပန်းချီဆရာကြီးတိုင်းကတော့ အဲဒီလို လက်ဆောင်ကတ်တွေ မရေးပါဘူး။ ဝင်းဖေတို့လို ကျောင်းသား၊ ပန်းချီ၊ ဝါသနာရှင် တွေ အတွက်ကလည်း တကယ့်ပွဲတော်ကြီးပါပဲ။ အဲဒီပွဲတော်ကာလမရောက်ခင် ၆ လလောက် ကတည်းက ကြိုပြီးတော့ ... အများအားဖြင့် ၃ လက်မ× ၆ လက်မ အရွယ်ရှိတဲ့ လက်ဆောင်ကတ် ... ရှုမျှော်ခင်းပုံတွေ၊ ပန်းပုံတွေ၊ ကျေးငှက်၊ တိရစ္ဆာန် ပုံလေးတွေကို ရေးဆွဲစုဆောင်းကြရပါတယ်။ ရေဆေးကို သုံးတာ များပါတယ်။ ကတ်တစ်ကတ်ကို ... အနည်းဆုံး ၁ ကျပ်ခွဲ၊ ၂ ကျပ် ကနေပြီးတော့ ၃ ကျပ်၊ ၄ ကျပ်အထိ ရောင်းလို့ရပါတယ်။ အဲဒီတုန်းက ဝက်သား တစ်ပိဿာမှ ၂ ကျပ်ခွဲပဲ ရှိပါတယ်။ ကြက်သားတစ်ပိဿာ ၃ ကျပ်၊ ဆီ တစ်ပိဿာ ၂ကျပ်၊ ၂ ကျပ်ခွဲပဲ ရှိတာဆိုတော့ ... ဝင်းဖေတို့ လက်ဆောင်ကတ် ရောင်းရတဲ့ ငွေဟာ ပျော်စရာကြီးပေါ့ခင်ဗျာ။

၁၉၅၆-၅၇ ဝင်းဖေ ရန်ကုန်တက္ကသိုလ်မှာ ရှိနေစဉ်ကဆိုရင် ... အဲဒီလို ခရစ္စမတ်နှစ်သစ်ကူး လက်ဆောင်ကတ်တွေ ဆွဲပြီးတော့ ရန်ကုန်တက္ကသိုလ် ကျောင်း သား သမဂ္ဂအဆောက်အဦမှာ ဖွင့်ထားတဲ့ ထမင်းဆိုင်မှာ တင်ပြီး ရောင်းပါတယ်။ ကတ်တစ်ကတ်ကို ၃ကျပ်နဲ့ တွင်တွင်ရောင်းရပါတယ်။ အဲဒီလိုနေ့တွေမှာ ဝင်းဖေတို့က အဆောင်ထမင်း၊ အဆောင်ဟင်းတောင် မစားဘဲ အဲဒီသမဂ္ဂထမင်းဆိုင်မှာပဲ ဆိုင် ထမင်း၊ ဆိုင်ဟင်းတွေ ဝယ်စားကြပါတယ်။ ဒီတုန်းက အစိမ်းကြော်တို့၊ တောက် တောက်ကြော်တို့၊ ကုန်းဘောင်ကြီးတို့ဆိုတာ တစ်ပွဲမှ ၃ မတ်ပဲ ပေးရတာပါ။ ထမင်း ကြော်တို့၊ ခေါက်ဆွဲကြော်တို့က တစ်ပွဲ ၁ ကျပ်ပါပဲ။

ကမ္ဘာ့နိုင်ငံ အသီးသီး၊ ဒေသပေါင်းစုံမှာ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးစံ အမျိုးမျိုး ရှိကြတဲ့အနက် ခရစ်ယာန်ယဉ်ကျေးမှု၊ ခရစ္စမတ်ပွဲတော်နဲ့ ခရစ်နှစ်သစ်ပွဲတော် တွေဟာ နယ်မြေအကျယ်ဝန်းဆုံး၊ အပျံ့နှံ့ဆုံးပွဲတော်တွေ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ယုံကြည်ကိုးကွယ်မှု၊ ဘာသာယဉ်ကျေးမှုအမျိုးမျိုး ကွဲပြားခြားနားကြပေမဲ့ ယဉ်ကျေး သိမ်မွေ့တဲ့ လူသားတွေဟာ မတူတာတွေကို သီးခြားထား၊ တူညီတာတွေကို ရွေးချယ်၊ တန်ဖိုးထားကြခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်ကြပါတယ်။ စုပေါင်းနေထိုင်ကြပါတယ်။ ဒီကနေ့ ကမ္ဘာကြီးမှာလည်း သဘောထားမတူကြတာတွေကို ညှိနှိုင်းကြရာ မှာ ... မတူတာတွေကို ဘေးဖယ်ပြီးတော့ တူတာတွေကို ရှာဖွေညှိနှိုင်းတဲ့နည်းကို

သုံးကြရပါတယ်။

ခရစ္စမတ်နဲ့ နှစ်သစ်ကူးအခါသမယမှာ ... မိသားစုချင်း၊ မိတ်ဆွေများ အချင်း ချင်း ... စုစည်းစားသောက်ပျော်ရွှင်ကြတာ၊ မေတ္တာလက်ဆောင်တွေ လဲလှယ်ပေးဝေ ကြတာ ... စတဲ့ ဖြိုးတွစ်ရိုးရာတရား ထားကြတာကတော့ လူသားတိုင်းအတွက် တန်ဖိုး ထားနိုင်ကြတာတွေချည်း ဖြစ်တဲ့အတွက် လူသားတွေအားလုံး ဒီအချိန် ဒီအခါသမယ မှာ ပျော်ပျော်ရွှင်ရွှင်၊ ကြည်ကြည်နူးနူးနဲ့ ပွဲလမ်းသဘင်တွေကို လက်တွဲဆင်နွှဲနိုင်ကြတာ ဖြစ်ပါတယ်ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာပန်းချီလောကရဲ့ ခေတ်သစ်ပန်းချီ မော်ဒန်အတ် Modern Art ဖြစ်ပေါ် တိုးတက်လာမှုရဲ့ ပထမမျိုးဆက်ကို ပန်းချီဆရာကြီး ပန်းချီဦးခင်မောင်(ဘဏ်)နဲ့ ပန်းချီဦးအောင်စိုးတို့ကို အများက သတ်မှတ်ပြောဆိုကြပါတယ်။

ပန်းချီဆရာကြီး ဦးခင်မောင်(ဘဏ်)ကို ရွှေဘိုမြို့အနီးက တန့်ဆည်မြို့မှာ မွေးပြီးတော့ မန္တလေးမြို့မှာ ကြီးပြင်းပါတယ်။ ပန်းချီပညာနဲ့ အသက်မွေးဝမ်းကျောင်းမှု မပြုပါဘူး။ ဘဏ်အမှုထမ်းအဖြစ် လုပ်ကိုင်ခဲ့ပြီးတော့ ...၊ နောက် "မြန်မာနိုင်ငံ ကုန်သည်ကြီးများဘဏ်" ရဲ့ မန်နေဂျာအဆင့်အထိ အမှုထမ်းခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ် မဖြစ်ခင်ကတည်းက ၁၀ တန်း အောင်ပြီးတော့ တက္ကသိုလ် ပညာသင်ကြားရင်း အင်္ဂလန်က စာပေးစာယူ ပန်းချီသင်တန်းကို တက်ရောက် သင်ကြားခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ် မတိုင်ခင်က မြန်မာပန်းချီလောကကို အင်္ဂလိပ်အရာရှိကြီးများက ဦးဆောင် လွှမ်းမိုးထားတဲ့အတွက် ဥရောပက ခေတ်သစ်ပန်းချီနဲ့ တခြားအနုပညာတွေရဲ့ ဖြစ်ပေါ် တိုးတက်မှုကို မြန်မာပန်းချီဆရာတွေ စိတ်ဝင်စားမှု နည်းခဲ့ကြပါတယ်။

မြန်မာပန်းချီဆရာ အများစုက ကမ္ဘာ့ခေတ်သစ်ပန်းချီနဲ့ အတွေးအခေါ်တွေကို မနှစ်သက်ရုံသာမကဘဲ ခါးခါးသီးသီး မုန်းတီး ကြသလို ရှိခဲ့ကြပါတယ်။ ကမ္ဘာ့ခေတ်သစ် ပန်းချီတွေးခေါ်မှုမှာ သဘာဝနဲ့ တတ်နိုင်သမျှတူအောင် ရေးဆွဲနိုင်စွမ်း စုံပြုံမှု ပြောင်းလဲသွားခြင်းကို အဓိကအားဖြင့် လူတွေ လက်မခံနိုင်ကြခြင်း ဖြစ်ပါတယ်။ သဘာဝအလှကို တတ်နိုင်သမျှ တုပနိုင်စွမ်းရှိမှု စံဟာ အလွန် ရှင်းလင်းလွယ်ကူ ပြီး ... လွယ်လွယ်နဲ့ ငြင်းဆန်၊ ဆန့်ကျင်ဖို့ ခက်ခဲတဲ့ အခြေခံအယူအဆဖြစ်ပါတယ်။ ကမ္ဘာ့ခေတ်ပေါ် ပန်းချီက သဘာဝနဲ့တတ်နိုင်သမျှ တူအောင် စွမ်းဆောင်နိုင်မှုစံကို ပစ်ပယ်ခြင်း မရှိပါဘူး။ ဒါပေမဲ့ အဲဒီသဘာဝစံထက် အများကြီး ပိုပြီးတော့ ကျယ်ဝန်းတဲ့ လွတ်လပ်ခွင့်များကို တွေ့လာကြရတဲ့အခါ ... သဘာဝစံအပြင် တခြား စံတွေကို တိုးဖြည့် လိုက်ကြခြင်း ဖြစ်ပါတယ်။

ဆရာ ဦးခင်မောင်(ဘဏ်)ဟာ စာဖတ်အားကောင်းသူ ဖြစ်ပြီးတော့

လွတ်လွတ် လပ်လပ်၊ ပေါ့ပေါ့ပါးပါးနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်တတ်သူ ဖြစ်တဲ့အတွက် မန္တလေးမြို့ မှာ မြန်မာ့ခေတ်သစ် ဂီတသမားတွေဖြစ်ကြတဲ့ မြို့မညိန်း၊ စားတန်းဦးသန့်၊ နန်းတော်ရှေ့ ဆရာတင် ... စတဲ့ ပုဂ္ဂိုလ်တွေလို ခေတ်သစ်ပန်းချီကို စူးစမ်းသူတစ်ဦး ဖြစ်လာရ တာဟာ သဘာဝကျလှပါတယ်။ ခေတ်သစ် တွေးခေါ် မြော်မြင်မှုတွေကို သဘောပေါက် တဲ့ ဆရာဇော်ဂျီက ပန်းချီအောင်စိုးကို မြန်မာ့ခေတ်သစ် ပန်းချီလူငယ်တစ်ဦး ဖြစ်လာလေအောင် ရာဘင်ဒြာ နာ့သ်တဂိုးရဲ့ ဆန်တီနိကေတန် ကျောင်းကို ပို့လွှတ်လိုက်တာဟာလည်း သဘာဝကျလှပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးချိန် မန္တလေးပန်းချီလောကမှာ ဆရာဦးခင်မောင်ကို လူချစ် လူခင် များလှပါတယ်။ ဆရာက သဘောကောင်းပြီးတော့ စေတနာထက်သန်သူ ဖြစ်လို့ပါပဲ။ ဒါပေမဲ့ ဆရာဦးခင်မောင်က ပြောဟော ဖြန့်ဖြူးတဲ့ ခေတ်သစ်ပန်းချီ အကြောင်းတွေကိုတော့ ... မြည်းကြည့်ဖို့၊ မျိုချကြည့်ကြဖို့ အလွန်ခက်ခဲနေကြပါတယ်။ ဆရာ ဦးခင်မောင်က ... ကမ္ဘာ့ခေတ်သစ် ပန်းချီရဲ့ အခြေခံတွေးခေါ်မှုတွေကို ငွေကုန် ကြေးကျ အများကြီးခံပြီးတော့ မိတ္တူတွေ အများကြီးဖြန့်ချီပေးပါတယ်။ ခေတ်သစ် ပန်းချီနဲ့ ပတ်သက်တဲ့ အနောက်တိုင်းရုပ်ရှင်တွေကို သူကိုယ်တိုင် စရိတ်ခံပြီးတော့... ရုပ်ရှင်ရုံကို အချိန်ပိုင်းငှားပြီးတော့ ပန်းချီဆရာတွေကို ပြသတတ်ပါတယ်။

ဗင်းဆင့်ဗင်ဂိုးနဲ့ ပေါလ်ဂေါဂင်တို့ အကြောင်းတွေ အများကြီးပါတဲ့ Lust for Life လိုကားမျိုး ... နောက်အဓိကအားဖြင့် အော်နရီ တူးလုစ် လုထရက် အကြောင်းဖြစ်ပြီးတော့ Paris Colour Impressionists အကြောင်း အများကြီးပါတဲ့ ရဟတ်နီ မိုးလင်းန်ရုဂျ် ... လို ရုပ်ရှင်ကားမျိုးတွေကို ငွေကုန် လူပန်းခံပြီးတော့ ပြသပါတယ်။ မမောနိုင် မပန်းနိုင်လည်း ရှင်းလင်း ပြောပြပါတယ်။ ဒါပေမဲ့ ဆရာဦးခင်မောင်အနေနဲ့ သပိတ်ဝင် အိတ်ဝင် စည်းရုံးလိုက်နိုင်တာကတော့ ဝင်းဖေ နဲ့ ပေါ်ဦးသက် နှစ်ယောက်ပဲ ဖြစ်ပါတယ်။ ဆရာဦးခင်မောင်ကိုယ်တိုင် ခေါင်းဆောင် ပြီးတော့ ဝင်းဖေနဲ့ပေါ်ဦးတို့ဟာ ဂျာမနီပန်းချီဆေးတွေကို သွင်းကုန် လိုင်စင်နဲ့ လျှောက် ပြီး မှာယူတင်သွင်းပြီးတော့ ရေးနိုင်ခဲ့ကြပါတယ်။

ဆရာဦးခင်မောင်ဟာ ကမ္ဘာ့ခေတ်သစ် ပန်းချီဝါဒတွေဖြစ်တဲ့ Impression-ismo Expressionism Absract Expressionismo Cubicism o Surrealism တို့ စတာတွေကို မြန်မာ့ ရေခံမြေခံပစ္စည်းတွေ၊ ဝန်းကျင်တွေ၊ ဓလေ့ ထုံးတမ်းတွေနဲ့ ရောမွှေပြီးတော့ စမ်းသပ်ဖန်တီးပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးတို့ကို လေ့ကျင့်သင်ကြားပေးရာမှာ ... “ငါပြောသလိုပဲလုပ်ကြ၊ ငါ လုပ်သလို

လိုက် မလုပ်ကြနဲ့၊ ခေတ်သစ်ပန်းချီ တွေးခေါ်မှုဟာ ကြက်တူရွေးကျက် ကျက် သလို ... Drill ပြသလို လုပ်လို့မရဘူး” လို့ တွင်တွင်ပြောတတ်ပါတယ်။ တတ်နိုင် သမျှ လွတ်လွတ်လပ်လပ်တွေးဖို့၊ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့၊ ရဲရဲရင့်ရင့် လုပ်ကြဖို့၊ ပြတ်ပြတ်သားသား ရှိနိုင်ကြဖို့၊ ဥာဏ်ကို ထက်နိုင်သမျှ ထက်အောင်သွေးကြဖို့ ဘက်ပေါင်းစုံက အားပေးအားမြှောက် လုပ်ခဲ့ပါတယ်။

ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ နှစ်ယောက်စလုံးရဲ့ လက်ရာတွေဟာ ဆရာကြီး ဦးဘသက်နဲ့ လည်းကောင်း၊ ဦးခင်မောင် (ဘဏ်)ရဲ့ လက်ရာတွေနဲ့လည်းကောင်း မတူကြတော့တာကို တွေ့ကြရတဲ့အခါမှာ ဆရာကြီးနှစ်ပါးစလုံးဟာ တပြုံးပြုံးနဲ့ ကျေနပ်နေကြတာကို တွေ့ကြရပါတယ်ခင်ဗျား။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မြန်မာ့ ခေတ်သစ် ပန်းချီကဏ္ဍမှာ ပထမမျိုးဆက် ဟာ ဦးခင်မောင်(ဘဏ်) နဲ့ ဦးအောင်စိုး ဖြစ်တယ်လို့ ... အများက ပြောဆိုရေးသားကြ တယ်လို့ ဝင်းဖေ ဖော်ပြခဲ့ပါတယ်။ ဒီနေရာမှာ အများက ပြောကြတာ ဆိုကြတာကိုတသီးတခြားထားပြီးတော့ ဝင်းဖေရဲ့ အတွေ့အကြုံတချို့ကို တင်ပြချင်ပါတယ်။ မြန်မာ့ ပန်းချီသမိုင်းမှာ အနည်းနဲ့အများ အထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပန်းချီဦးခင်မောင်ထက်စာရင် ပန်းချီဦးအောင်စိုးကို ပိုပြီး လူသိများပါတယ်။ ပန်းချီဦးအောင်စိုးဟာ မြန်မာ့ ခေတ်သစ် ပန်းချီတွေကို ရေးဆွဲပုံဖော်ရာမှာ အဓိကအားဖြင့် မဂ္ဂဇင်းသရုပ်ဖော်ကဏ္ဍကတစ်ဆင့် ဝင်ရောက်တဲ့အတွက် ဖြစ်ပါတယ်။ မဂ္ဂဇင်းဝတ္ထု၊ ဆောင်းပါး၊ ကဗျာတွေကို သရုပ်ဖော်ရာမှာလည်း ကဗျာသရုပ်ဖော်ပုံ တွေက အများစုဖြစ်ပါတယ်။ ပန်းချီဦးအောင်စိုးဟာ မြန်မာ့ခေတ်သစ်ပန်းချီတွေ ရေးဆွဲရာမှာ အများအားဖြင့် စက္ကူဖြူပေါ်မှာ မင်နဲ့ တိုက်ရိုက် စိတ်အလျှင်နဲ့အတူ ရေးဆွဲရတာ တွေကို နှစ်သက်မက်မောသူ ဖြစ်ပါတယ်။ ဦးအောင်စိုးမဂ္ဂဇင်းလောကကို မဝင်ခင်က မဂ္ဂဇင်း ကဗျာ သရုပ်ဖော်ပုံတွေကို ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဦးအုန်းလွင်တို့က စပြီးတော့ သရုပ်ဖော် ပန်းချီဆရာပေါင်း မြောက်မြားစွာ အားလုံးနီးပါး ပါဝင်ရေးဆွဲကြ ပါတယ်။ ဒါပေမဲ့ ဦးအောင်စိုးရဲ့ ကဗျာသရုပ်ဖော်ပုံတွေ စတင်ပေါ်ပေါက်လာပြီး နှစ်နှစ်လောက်ကြာတဲ့အခါမှာ မဂ္ဂဇင်း ကဗျာ သရုပ်ဖော်ပုံတွေရဲ့ ၈၀ ရာခိုင်နှုန်းလောက် ဟာ ဦးအောင်စိုးလက်ရာတွေနဲ့ပဲ တွေ့ကြရပါတော့တယ်။ အဲဒီခေတ်က ဦးအောင်စိုးနဲ့ နာမည်ချင်းဆင်တဲ့ ဦးလှစိုးလည်း ရှိနေပါတယ်။ ဦးလှစိုးကလည်း ဦးအောင်စိုးလို ရေးနည်းရေးဟန်တွေကို ရေးပါတယ်။ ကိုယ်ပိုင်ဟန် ဟုတ်၊ မဟုတ်တော့ မသေချာပါဘူး။

ပန်းချီရေးဆွဲသူတချို့က ဦးအောင်စိုးကို မြန်မာ့ခေတ်သစ်ပန်းချီလို့ သတ်မှတ် ကြရင် ... ဦးလှစိုးကိုလည်း သတ်မှတ် သင့်တယ်လို့ ပြောကြပါတယ်။ နောက် ပန်းချီ ဦးအောင်စိုးနဲ့ ရှေ့ဆင့်နောက်ဆင့်လောက် ရန်ကုန်တက္ကသိုလ်က ပန်းချီ ဦးနန်းဝေ လည်း ပေါ်ပေါက်ခဲ့ပါတယ်။ အထူးသဖြင့် ဦးနန်းဝေရဲ့ ခေတ်ဦးပန်းချီလက်ရာတွေဟာ သမားရိုးကျ၊ သရုပ်မှန်ရေးနည်း၊ ဆွဲနည်း တွေက ခွဲထွက်ပြီးတော့ ခေတ်သစ်ဟန်တွေ သိသိသာသာ တွေ့ကြရပါတယ်။

ဆရာဦးနန်းဝေရဲ့ ခေတ်ဦးလက်ရာ အများအပြားကို ၁၉၅၀ ခုနှစ်များ စောစောပိုင်းက ရန်ကုန်တက္ကသိုလ်က မြန်မာ့နိုင်ငံရေး သမိုင်းဝင် တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ အဆောက်အဦထဲမှာ တွေ့ကြရပါတယ်။ နောက် ၁၉၆၂ ခုနှစ်တပ်က အာဏာသိမ်းပြီးတော့ သမဂ္ဂအဆောက်အဦကို စစ်တပ်က ဖုံးခွဲဖျက်ဆီးရာမှာ ဦးနန်းဝေရဲ့ ပန်းချီလက်ရာ အမြောက်အမြား ပျက်စီးဆုံးရှုံးသွားခဲ့ရပါတယ်။ အဲဒီခေတ်က ပန်းချီဦးနန်းဝေကိုလည်း မြန်မာ့ခေတ်သစ် ပန်းချီဆရာအဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဆရာဦးနန်းဝေဟာ နောက်ပိုင်းမှာ Hyper Realism လို့တောင် ခေါ်ကြတဲ့ သဘာဝသရုပ်မှန်လွန် ပန်းချီတွေကို ကူးပြောင်းရေးဆွဲခဲ့ ပါတယ်။ အဲဒီလို ကူးပြောင်းရေးဆွဲလိုက်တာကြောင့်ပဲ ဦးနန်းဝေကို မြန်မာ့ခေတ်သစ် ပန်းချီစာရင်းက ထုတ်နုတ်လိုက်ကြလေသလားလို့ ထင်ရပါတယ်။ နောက်ပိုင်း ဦးနန်းဝေကို ခေတ်သစ် ပန်းချီဆရာအဖြစ် မမြင်ကြ၊ မပြောကြတော့ပါဘူး။

နောက် မြန်မာ့မဂ္ဂဇင်းလောကထဲက သရုပ်ဖော် ပန်းချီဆရာတစ်ဦး ဖြစ်တဲ့ မောင်ငွေထွန်းကိုလည်း ကိုယ်ပိုင်ဟန် တသီးတခြားနဲ့ လိုင်းခွဲထွက်သူ၊ ခေတ်ကို စမ်းသပ်သူအဖြစ် သူ့လက်ရာတွေက သက်သေပြခဲ့ကြပါတယ်။ ဒါပေမဲ့ ပန်းချီ မောင်ငွေထွန်း ကိုယ်တိုင်ကလည်း လက်ဝဲ နိုင်ငံရေးသမားတွေနဲ့ အပေါင်းအသင်းများ တာကြောင့် ... အဲဒီခေတ်က အလွန် ရေပန်းစားခဲ့တဲ့ ဆိုရှယ်လစ်သရုပ်မှန် Socialist Realism ကို ပိုမိုမက်မောနှစ်သက်သူဖြစ်ပါတယ်။ မြန်မာ့ခေတ်သစ်ပန်းချီ ဖန်တီးသူ တွေထဲမှာ အလားတူ ထိပ်တန်းက ပါဝင်နေသူ ပန်းချီဆရာကြီးနှစ်ဦးလည်း အထင် အရှား ရှိပါတယ်။ မြန်မာ့ပန်းချီလောကရဲ့ အဓိက အကျော်ဇေယျ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်နှစ်ဦးကတော့ ပန်းချီဆရာကြီး ဘရင်လေးနဲ့ မန္တလေးက ပန်းချီဆရာကြီး ဦးအောင်ခင် တို့ဖြစ်ကြပါတယ်။ ဒီပန်းချီဆရာကြီးနှစ်ယောက် စလုံးဟာ စွန့်ဦးတီထွင်လိုတဲ့ စိတ်ဆန္ဒ ကြီးမားတဲ့သူတွေ ဖြစ်ကြပါတယ်။ ဆရာ ဦးဘရင်လေးက အလွန်အားကောင်းပြီးတော့ ရဲရင့်တဲ့စုတ်ချက်ကြီးတွေနဲ့ အရောင်ပရိယာယ်တွေကို ပိုင်ဆိုင်သူ ဖြစ်ပါတယ်။ အမြဲတမ်း ထူးခြားကွဲပြားတဲ့ သက်ရောက်မှု တွေအတွက် ကြံစည်အားထုတ်နေသူဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာကြီး ဦးဘရင်လေး လည်း လက်ဝဲအတွေးအခေါ်ကို နှစ်သက်မြတ်နိုးသူဖြစ်ပြီးတော့ ဆိုဗီယက်၊ ရုရှား နိုင်ငံအထိ သွားရောက်ခဲ့သူ ဖြစ်ပါတယ်။ ဆရာဦးဘရင်လေးလည်း Social Real-ism လို့ခေါ်တဲ့ ဆိုရှယ်လစ်သရုပ်မှန်ဝါဒကို မလွဲမသွေ လက်ခံနာယူရမယ်လို့ ပြတ်ပြတ်သားသား ယုံကြည်သွားတဲ့အတွက် တခြားဆန္ဒနဲ့ ရည်မှန်းချက်တွေကို စွန့်လွှတ်လိုက်ပုံ ရပါတယ်။ တစ်နည်းအားဖြင့် ဆရာကြီးရဲ့ ကြီးမားခိုင်ခံ့တဲ့ ကိုယ်ပိုင် ယုံကြည်တဲ့ ဆုံးဖြတ်ချက်ပဲ ဖြစ်ပါလိမ့်မယ်။

နောက် ဆရာကြီးတစ်ဆူဖြစ်တဲ့ ဦးအောင်ခင်ဟာ ဆရာကြီး ဦးဘဥ ဂျက်ရဲ့ တပည့်အရင်းဖြစ်ပေမဲ့ ဆရာကြီးဦးဘဥ ဂျက်ရဲ့ လက်ရာတွေက ခွဲထွက်ပြီးတော့ အတွေးကို ပိုပြီးတော့ အသားပေးတဲ့ ပန်းချီတွေကို ရေးဆွဲဖို့ ဆန္ဒပြင်းပြသူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာဦးအောင်ခင်လည်း ဆရာ ဦးဘရင်လေးနဲ့ အလွန်ရင်းနှီး ခင်မင်ကြသူတွေ ဖြစ်တဲ့အတွက် ဆိုရှယ်လစ် သရုပ်မှန်ဝါဒဆိုတာကို လက်ခံလိုက်ပြီး တော့ သူ့ရဲ့ ပြင်းပြတဲ့ဆန္ဒတွေကို ချုပ်တည်းလိုက်သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာ ဦးအောင်ခင် မကွယ်လွန်မီ သုံးလေးနှစ်မှာတော့ သူ နှစ်ပေါင်းများစွာ ထိန်းသိမ်း ချုပ်တည်းထားခဲ့တဲ့ ဆိုရှယ်လစ်သရုပ်မှန်ဝါဒကို လက်လျှော့လိုက်ပုံရပါတယ်။ အတွေးကို အသားပေးတဲ့ သူ့ကိုယ်ပိုင် ခံစားမှုနဲ့ဆန္ဒကို ဦးဆောင်စေတဲ့ ပန်းချီကားတွေ အတော်များများ ရေးဆွဲထားခဲ့ပါတယ်။ ဒီဆရာကြီး နှစ်ဆူကြောင့် မြန်မာ့လူငယ် ပန်းချီလောကမှာ အားကျမှုတွေ၊သတ္တိနဲ့ခွန်အားတွေ အများအပြား တိုးပွား များပြားစေခဲ့တာ ကတော့ အမှန်ပဲ ဖြစ်ပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ လွယ်အိတ်ထဲက အခုတစ်လော ပန်းချီကိစ္စတွေ ဆွဲဆွဲထုတ်မိတာ အတော်များသွားပါတယ်။ ဝင်းဖေဟာ မြန်မာပန်းချီလောက အတွက် သမိုင်းသုတေသီ လည်း မဟုတ်ပါဘူး။ ပန်းချီပညာကို ခွဲခြမ်းစိတ်ဖြာတဲ့ ပညာရှင်လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဝင်းဖေဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေဟာ ရာစုနှစ်ထက်ဝက်ကောင် ကျော် လာပြီဖြစ်တဲ့အတွက် သမိုင်းသုတေသီတွေနဲ့ တခြားသုတေသီတွေအတွက် အထောက် အကူဖြစ်နိုင်လိမ့်မယ်လို့ ယုံကြည်ပြီးတော့ ပြန်ပြောင်းပြောပြနေရတာဖြစ်ပါတယ်။ နောက်တစ်ချက်က ... ဝင်းဖေ ပြောပြတာတွေဟာ ဝင်းဖေ အကောင်းဆုံး မှတ်မိတာ တွေကို တတ်နိုင်သမျှ စိစစ်ပြီးတော့ တင်ပြနေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ချွတ်ချော်မှု၊ မတိကျမှု၊ လွဲမှားမှုတွေ အနည်းငယ် ရှိနိုင်ပါတယ်။ ထောက်ပြ ပြင်ဆင်ပေးနိုင်သူ တွေကို ဖိတ်ခေါ်ပါတယ်။ အဲဒီလို ထောက်ပြ ပြင်ဆင် ပေးကြမယ် ဆိုရင်လည်း ကျေးဇူး တင်ရမှာ ဖြစ်ပါတယ်။

မြန်မာ့ခေတ်သစ် ပန်းချီလောက Modern Art နဲ့ ပတ်သက်ပြီးတော့ ပထမ မျိုးဆက်၊ ဒုတိယမျိုးဆက်တွေကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီသတ်မှတ်ချက်တွေဟာ ဝင်းဖေ သတ်မှတ်တာ မဟုတ်ပါဘူး။ မြန်မာ့ခေတ်သစ် ပန်းချီအကြောင်း အခါ အားလျော်စွာ ရေးသားနေကြသူ ပညာရှင် စာရေးသူတွေရဲ့ အယူအဆ မှတ်တမ်းပြုမှုတွေသာဖြစ်ပါတယ်။ ဝင်းဖေရဲ့အမြင်နဲ့ ကွဲပြားနေတာတွေကိုလည်း တချို့တစ်ဝက် မှတ်မိသလောက်၊ တွေ့ရသလောက်ကို တင်ပြပြီးဖြစ်ပါတယ်။ အခု ဆက်လက်ပြီး တော့ မြန်မာ့ခေတ်သစ်ပန်းချီ သမိုင်းကဏ္ဍရဲ့ တတိယမျိုးဆက်ကို ဝင်းဖေ ဖြတ်သန်း တွေ့ကြုံခဲ့ရသလို တင်ပြပါမယ်။

တတိယ မြန်မာ့ခေတ်သစ်ပန်းချီ မျိုးဆက်မှာတော့ အရေအတွက် အားဖြင့်ရော၊ အရည်အသွေး အားဖြင့်ရော အတော်ကြီး အားကောင်းလာတာကို တွေ့ရပါတယ်။ တတိယမျိုးဆက်စတင်တာဟာ ၁၉၆၀ ခုနှစ် နောက်ပိုင်းနှစ်များကနေပြီးတော့ ၁၉၇၀ ခုနှစ် နှစ်များအတွင်း ဖြစ်မယ်လို့ ယူဆပါတယ်။ မြန်မာ့ခေတ်သစ် ပန်းချီလောကမှာ အများဆုံးလှုပ်ရှားခဲ့တဲ့ ပန်းချီပေါ်သိမ်းဟာ တတိယ မျိုးဆက်ရဲ့ ထိပ်ပိုင်းမှာ ရှိနေပါတယ်။ ၁၉၆၀

ခုနှစ်များရဲ့ အလယ်ပိုင်းလောက်မှာ ပန်းချီပေါ်သိမ်းဟာ မန္တလေး တက္ကသိုလ်မှာ ကျောင်းတက်နေပါတယ်။ ဝါသနာအလျောက် မန္တလေးတက္ကသိုလ် နံရံကပ်စာစောင်တွေမှာ သရုပ်ဖော်ပန်းချီတွေ ရေးဆွဲပါတယ်။ အဲဒီ သရုပ်ဖော်ပုံတွေကို ဒီတုန်းက အနုပညာကျောင်းအုပ် လုပ်နေပြီ ဖြစ်တဲ့ ဝင်းဖေက တွေ့ရှိရပြီးတော့ ကိုပေါ်သိမ်းကို ဆီဆေး ပန်းချီကားတွေ ရေးဆွဲဖို့ အားပေးကူညီခဲ့ပါတယ်။ အဲဒီကမှ တစ်ဆင့် ကိုပေါ်သိမ်းဟာ မြန်မာ့ ခေတ်သစ် ပန်းချီလောကရဲ့ ပထမ မျိုးဆက် ဦးခင်မောင်(ဘဏ်) နဲ့ ဆက်လက် လေ့လာ သင်ကြားခွင့် ရသွားပါတယ်။ ကိုပေါ်သိမ်းဟာ တက္ကသိုလ်ပညာကို ပြီးဆုံးအောင် သင်ကြားခဲ့ပေမဲ့ နောက်ပိုင်း သူ့ဘဝတစ်ခုလုံးကို ပန်းချီပညာနဲ့သာ ဆက်လက် ရှင်သန်ပါတော့တယ်။ ပန်းချီပေါ်ဦးသက်နဲ့အတူ လောကနတ်ပန်းချီပြခန်း အသင်းဝင်အဖြစ် ရှိနေစဉ် ကိုပေါ်သိမ်းက ပန်းချီသင်တန်း တစ်ခုကို စတင် ဖွင့်လှစ်ခဲ့ပါတယ်။ ထူးထူးခြားခြား အောင်မြင်ခဲ့ပါတယ်။ နောက်နှစ် အတန်ကြာသည်အထိ ပန်းချီသင်တန်းတွေ ဆက်ဖွင့်ပြီးတော့ ပန်းချီဝါသနာရှင် လူငယ်အများအပြားကို မွေးထုတ်နိုင်ခဲ့ပါတယ်။ Peacock Gallery လို့ခေါ်တဲ့ ဥဒေါင်းပန်းချီပြခန်းကို ဖွင့်ခဲ့ပြီးတော့ သူ့သင်တန်းသားတွေနဲ့အတူ ပန်းချီကား အမြောက်အမြား ရောင်းချပါတယ်။

ကိုပေါ်သိမ်းရဲ့ အထူးခြားဆုံး၊ အအောင်မြင်ဆုံး စွမ်းဆောင်ချက်တွေကတော့ သူ့သင်တန်းတွေကတစ်ဆင့် ပန်းချီလူငယ် ဝါသနာရှင်တွေကို ခေတ်သစ် ပန်းချီ အတွေးအခေါ်တွေ ဖြန့်ဝေပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ခေတ်သစ်ပန်းချီ အတွေး အခေါ်ရဲ့ အနှစ်သာရဟာ လွတ်လပ်ခြင်းနဲ့ တွေးခေါ်ခြင်းနယ်ပယ်ကို အကျယ်ပြန့်ဆုံး ဖြန့်ကြက်နိုင်ကြဖို့ ဖြစ်ပါတယ်။ ကိုပေါ်သိမ်း ကိုယ်တိုင်ကလည်း ပန်းချီရေးရာမှာ အတွေးအမြင်အားဖြင့် လည်းကောင်း၊ ကျွမ်းကျင်မှုအရ လည်းကောင်း၊ ရေးဆွဲထုတ်လုပ်မှုအရ လည်းကောင်း အင်အားကြီးမားသူဖြစ်ပါတယ်။ အဲဒီ အရည် အသွေးတွေကြောင့် သူ့သင်တန်းတွေမှာ သဘာဝကို တတ်နိုင်သမျှ တူအောင် ရေးဆွဲ နိုင်စွမ်းကို စံပြုထားတဲ့ Realism လို့ခေါ်တဲ့ သရုပ်မှန်ဝါဒကို နှစ်သက်ကြတဲ့ သင်တန်းသားတွေအတွက်လည်း ကိုပေါ်သိမ်းဟာ ဆရာကောင်းတစ်ယောက် ဖြစ်ခဲ့ ပါတယ်။

ကိုပေါ်သိမ်းနဲ့ တစ်ချိန်တည်းလောက်မှာ ဝင်းဖေရဲ့ မန္တလေးအနုပညာ ကျောင်းထွက်တွေဖြစ်ကြတဲ့ ... အောင်ဝင်းတို့၊ ရဲမြင့်တို့၊ မြင့်ဆွေတို့၊ စစ်ငြိမ်း အေးတို့ ဆိုတာတွေဟာ မြန်မာ့ခေတ်သစ်ပန်းချီလောကရဲ့ တတိယမျိုးဆက်တွေ ဖြစ်လာကြပါတယ်။ ဒုတိယမျိုးဆက်ဖြစ်တဲ့ ခင်မောင်ရင်တို့ ပေါ်ဦးသက်တို့ ဝင်းဖေတို့ စုရုံးရာ A.I လို့ခေါ်တဲ့ Architch In Cooporative ရုံးခန်းမှတစ်ဆင့်

ဝင်ထွက်သွားလာရင်း မြန်မာ့ခေတ်သစ်ပန်းချီလောကရဲ့ တတိယမျိုးဆက်တွေကတော့ အာသာလို့ခေါ်တဲ့ ပန်းချီစန်းမြင့် (ယခု အင်္ဂလန်နိုင်ငံရောက် ကင်ဆာရောဂါ ပါရဂူကြီး)၊ နောက် နေးရှင်းဦးလောရုံရဲ့ သားလတ် ဗာရှန်လောရုံ၊ နောက် မောင်မောင်လှမြင့်၊ ပန်းချီ မောင်ဒီ၊ နောက် ပန်းချီခင်ဝမ်း စတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်။ အဲဒီတုန်းက ပန်းချီရွှေအောင်သိန်းဟာလည်း ရေးအား ကောင်း ကောင်းနဲ့လှုပ်ရှားခဲ့တဲ့ ဘဏ်အရာရှိတစ်ယောက်ဖြစ်ပါတယ်။ နောက် ခင်မောင်ရင် နဲ့ပတ်သက်ပြီးတော့ အင်ဂျင်နီယာ လောကမှာ အနုပညာအများဆုံး နှီးနွယ်ပါဝင်တဲ့ ဗိသုကာပညာရှင်တွေဟာလည်း မြန်မာ့ခေတ်သစ်ပန်းချီလောကရဲ့ တတိယ မျိုးဆက် တွေ ဖြစ်လာကြပါတယ်။

ဗိသုကာ ဦးကြည်တွဲဟာ ထူးခြားထွန်းပေါက်တဲ့ ပန်းချီဝါသနာရှင်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ဒီတုန်းက စတင်ပါဝင်ခဲ့တဲ့ ပန်းချီအောင်မြင့်ဟာ နောက်ပိုင်းမှာ အလွန်အားကောင်းတဲ့ Abstract Expressionist တစ်ယောက် ဖြစ်လာပြီးတော့ အင်းလျားပန်းချီပြခန်းနဲ့အတူ ခေတ်သစ် ပန်းချီလှုပ်ယှဉ်ပေါင်းများစွာကို ဦးဆောင် ပါတယ်။ ပန်းချီနယ်ပယ်ကို နယ်လွန်တိုးချဲ့မှုအဖြစ် Installation တွေ Performance Art တွေအထိ ဦးအောင်မြင့်က ခေါင်းဆောင်ပြီးတော့ လှုပ်ရှားကြပါတယ်။ မန္တလေး တင်မောင်ဦးတို့၊ ရန်ကုန်တင်မောင်ဦးတို့၊ ဘိုကြည်တို့၊ အေးကိုတို့၊ မန္တလေးကချမ်းအေးတို့၊ ပန်းပု၊ ပန်းချီ ဆန်နီညိမ်းတို့၊ မသိင်္ဂီတို့၊ နောက် ဒေါက်တာစန်းမြင့် ရဲ့ အစ်မများဖြစ်ကြတဲ့ တင်တင်စန်းတို့ ၊ ခင်မြင့်မြင့်တို့ ဆိုတာတွေ အများကြီး ထွန်းပေါက်လာခဲ့ပါတယ်။ စာပေမဂ္ဂဇင်းလောက သရုပ်ဖော်ပန်းချီတွေမှာလည်း ခေတ်သစ် ပန်းချီလွတ်လပ်ခွင့်တွေကို ယူပြီးတော့ သရုပ်ဖော်မှု တစ်ဟုန်ထိုး ခေတ်စား လာပြီးတော့ … ရေးဆွဲသူတွေက ရေးဆွဲဖို့ဆိုတာထက် စာပေပရိသတ်တွေ ကိုယ်တိုင် က လက်ခံအားပေးတဲ့ အဆင့်ကို သိသိသာသာကြီး ရောက်ရှိလာပါတယ်။ တခြား အတွေ့အကြုံတွေကိုလည်း ဆက်လက်တင်ပြပါဦးမယ်။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

[၁၇၇]

သောတရှင်များခင်ဗျာ ...

ဒီသီတင်းပတ်က စပြီးတော့ ဝင်းဖေ ငယ်ငယ်ကဖြတ်သန်းခဲ့ရတဲ့ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်း အခြေအနေတွေကို တင်ပြဦးမှာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၄၂ ခုနှစ်မှာ ဝင်းဖေဟာ ပထမတန်းကို တက်ရောက် ပညာသင်ကြားနေပါပြီ။ ဒါပေမဲ့ ၁၉၄၂ ခုမှာ ဒုတိယကမ္ဘာစစ်က မြန်မာပြည်ကို ရောက်လာတဲ့အတွက် ဝင်းဖေရဲ့ ပုံမှန်ကျောင်းပညာရေးဟာ ရုတ်တရက် ရပ်တန့် သွားပါတယ်။ ဝင်းဖေတို့ မန္တလေးမြို့ကနေပြီးတော့ စစ်အန္တရာယ် နည်းပါးနိုင်တယ်လို့ ယူဆရတဲ့ ရောဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ စစ်ကိုင်းတောင်ရိုးကို စစ်ပြေးတိမ်းရှောင်ခဲ့ကြရပါတယ်။ မြန်မာပြည်ကနေ အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်၊ နောက် အင်္ဂလိပ်နဲ့ အမေရိကန်တွေ ပြန်အဝင်၊ ဂျပန်တွေ ထွက်ပြေး ... စတာတွေ ဖြစ်ဖို့ ၃ နှစ် ကြာပါတယ်။ ၁၉၄၂ ခုနှစ်ကနေ ၁၉၄၅ ခုနှစ်အထိ ဖြစ်ပါတယ်။ ဝင်းဖေတို့ဟာ စစ်ပြေးရင်း ဘုန်းကြီးကျောင်းမှာပဲ ဖြစ်သလို စာသင်ကြရပါတယ်။ ဝင်းဖေရဲ့ဦးလေးတွေက တက္ကသိုလ်ပညာတတ်ကြလေတော့ ဝင်းဖေတို့မှာ ပုံမှန်ကျောင်းပညာရေးရဲ့ တစ်စိတ်တစ်ပိုင်းကိုလည်း အနည်းအပါး ဒီ ၃ နှစ် အတွင်းမှာ သင်ကြားခွင့်ရခဲ့ကြပါတယ်။ နောက် ဂျပန်စစ်တပ်တွေ ဝင်လာတော့ ... ဂျပန်စာသင်ရမယ်ဆိုပြီးတော့ အရေးပေါ်ဂျပန်စာနဲ့ ဂျပန်စကားကို ၆ လ သင်ကြားကြရပါတယ်။

ဂျပန်စကားဟာ အမှတ်တမဲ့ဆိုရင် တရုတ်စကားနဲ့တူမှာပဲလို့ ထင်ရပေမဲ့ တရုတ်စကားထက် အသံထွက်တွေဟာ အများကြီး ပိုပြီးတော့ လွယ်ပါတယ်။ ဗမာတွေရဲ့ လျှာ၊ အသံထွက်ကလည်း စုံလင်ကြွယ်ဝတယ်ဆိုတော့ ဂျပန်စာသင်ကြရတာ မြန်မာတွေအဖို့ အတော်ကလေးလွယ်ကူတာကို တွေ့ကြရပါတယ်။ ဂျပန်စာမှာ ဝါကျ ဖွဲ့ပုံကလည်း အခြေခံ ကံ၊ ကတ္တား ထားပုံသိုပုံတွေဟာ မြန်မာတွေလိုပဲ ဖြစ်ပါတယ်။ ဂျပန်တွေမှာက မြန်မာတွေလိုပဲ အက္ခရာတွေ ရှိပါတယ်။ နောက် ... တရုတ်စာလုံး တွေကိုလည်း ညှပ်ပြီးတော့ သုံးပါတယ်။ တရုတ်စာလုံးတွေကို ခန်းဂျိလို့ ခေါ်ပါတယ်။ ပုံသဏ္ဍာန်နဲ့အဓိပ္ပာယ်သာတူပြီးတော့ အသံထွက် မတူပါဘူး။ အဲဒီ ခန်းဂျိလို့ခေါ်တဲ့ တရုတ်စာလုံးတွေကို ဂျပန်အက္ခရာတွေကြားမှာ ညှပ်ပြီးတော့သုံးပါတယ်။ ဝင်းဖေ

တို့က ငယ်သေးတာဆိုတော့ ဂျပန်စာနဲ့စကားကို ၆ လ သင်တန်းအကွင်းမှာ အတော် ကြီးကို တတ်သွားကြပါတယ်။ တရုတ်စာလုံး ခန်းဂျိကိုလည်း ၃၀၀ လောက်အထိတတ်သွားကြပါတယ်။ တော်ရုံတန်ရုံ ထမင်းစား၊ ရေသောက်လောက်ကတော့ ပြောနိုင် ဖတ်နိုင်ကြပါတယ်။

နောက် ဂျပန်တွေမှာက သီချင်းတွေလည်း အများကြီး ပါလာကြပါတယ်။ ဝင်းဖေဆိုရင် ငယ်ငယ်ကတည်းက သီချင်းဆိုတာ ဝါသနာပါလေတော့ ဂျပန်သီချင်း အပုဒ်သုံးလေးဆယ်လောက်တောင် ဆိုနိုင်ခဲ့ပါတယ်။ ဂျပန်စစ်သားတွေကို ဝင်းဖေတို့ မြန်မာကလေးတွေက မပီကလာ ပီကလာနဲ့ ဂျပန်သီချင်းတွေ ဆိုပြတဲ့အခါမှာ သူတို့ က သိပ်သဘောကျကြပါတယ်။ ဂျပန်စစ်တပ်က ရိက္ခာဟာ တော်တော်မွဲရှာပါတယ်။ အကောင်းဆုံးဟာ သကြားခဲကလေးတွေနဲ့ ပြောင်းဖူးလှော်ပြီးသားကို ကြိတ်ပြီး အခဲ ကလေးတွေ လုပ်ထားတာတွေ ဖြစ်ပါတယ်။ ဂျပန်စစ်သားတွေက ဂျပန်သီချင်းဆိုပြတဲ့ ကလေးတွေကို ချစ်တော့ ... အဲဒီ သကြားခဲတို့ ပြောင်းဖူးလှော် ကြိတ်ဖတ်အခဲကလေး တွေတို့ ပေးပြီးတော့ ကျွေးတတ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ အစာရေစာ သိပ်ရှားတာဆိုတော့ အဲဒီသကြားခဲတွေ၊ ပြောင်းဖူးခဲတွေကလည်း စားလို့ကောင်းတာ ပါပဲ။ မြန်မာနိုင်ငံထဲကို ဂျပန်စစ်တပ်တွေ ဝင်မလာနိုင်ခင်ကလေးမှာပဲ အင်္ဂလိပ်တွေရဲ့ စင်ကာပူခံတပ်ကြီးကို ဂျပန်တွေက အောင်နိုင်လိုက်ကြပါတယ်။ ဒါပေမဲ့ အဲဒီတိုက်ပွဲ တွေမှာ ဂျပန်တွေဘက်က အသေအပျောက်၊ အကျအဆုံးလည်း တော်တော်များပါ သတဲ့ခင်ဗျာ။ အဲဒါကြောင့်မို့ စင်ကာပူခံတပ်ကျဆုံးခန်းကို စပ်ဆိုထားတဲ့သီချင်းဟာအားတက်စရာကောင်းသလို ကြေကွဲစရာ ကောင်းတာတွေလည်း ပါပါတယ်။ ဝင်းဖေ က အဲဒီစင်ကာပူခံတပ် ကျဆုံးခန်းသီချင်းကို ကောင်းကောင်းကြီး ဆိုပြတတ်ပါတယ်။ ဒီသီချင်းကို ဆိုနေတဲ့အခါမှာ ... ကြားကြားသမျှ ဂျပန်စစ်သား၊ ဂျပန်စစ်ဗိုလ် အားလုံး မတ်တတ်ရပ်ပြီးတော့ အလေးပြုတဲ့အနေအထားနဲ့ နားထောင်ကြရပါတယ်။ ပြီးတော့ တချို့ဆိုရင် မတ်တတ်ရပ် အလေးပြုနားထောင်ကြရင်း မျက်ရည်တွေတွေ စီးကျပြီးတော့ ရှိုက်ကြီးတငင် ငိုကြပါတယ်ခင်ဗျာ။ သူတို့ကတော့ စင်ကာပူခံတပ် တိုက်ပွဲမှာ ကိုယ်တိုင်ပါဝင်တိုက်ခဲ့ကြရ။ ပြီးတော့ မိတ်ဆွေသူငယ်ချင်းတွေ ဆုံးရှုံးခဲ့ကြ ဟန် တူပါတယ်။ အဲဒီလို ဂျပန်တွေငိုယိုတာကိုကြည့်ပြီး ... သီချင်းဆိုနေတဲ့ ဝင်းဖေ လည်း မျက်ရည်တွေစီးကျပြီးတော့ ငိုရင်းဆိုတတ်ပါတယ်။ အဲဒီမှာ ဇာတ်က ပိုနာကုန် ပြီးတော့ ဂျပန်တွေ ပိုငိုကြပါတယ်။ ဝင်းဖေတို့လည်း မုန့်တွေအများကြီး စားကြရ ပါတယ်။ စစ်အတွင်း ဂျပန်ခေတ် ပညာရေးကတော့ ဒီလောက်ပါပဲ။

၁၉၄၅ ခု ဒုတိယ ကမ္ဘာစစ်ကြီးအပြီး စစ်ပြေးဒုက္ခသည်တွေ စစ်ကိုင်းချောင်

ကနေ မန္တလေးကို ပြန်ကြရပါတယ်။ မန္တလေးနဲ့ စစ်ကိုင်းတောင်ရိုးအကြား ဧရာဝတီ မြစ်ထဲမှာ ... အဲဒီတုန်းက ... ပြည်တော်ပြန် အိမ်ထောင်စုတွေကို သယ်ယူပို့ဆောင် ပေးကြရတဲ့ လှေတွေ၊ နောက် "ငှက်" လို့ခေါ်တဲ့ သမ္ဗန်တွေ၊ ကုန်တင်လှေကြီးတွေ... မြစ်ပြင်ပေါ်မှာ ဖွေးဖွေးလှုပ်နေပါတယ်။ လူတစ်အုပ်နဲ့တစ်အုပ်၊ လှေတစ်စင်းနဲ့ တစ် စင်း ... အော်ကြ၊ ဟစ်ကြ၊ နှုတ်ဆက်ကြ၊ မေးကြ၊ မြန်းကြသံတွေကလည်း ဆူညံနေ ပါတယ်။ အဲဒီအချိန်မှာ လူတွေဟာ စစ်ကာလ ၃ နှစ်အတွင်း စီးပွားပျက်၊ မွဲတေ၊ ဆင်းရဲနေကြပါပြီ။ ဒီကြားထဲက ပြောင်းကြ၊ ရွှေ့ကြရတာဆိုတော့ ... အတော်ကြီးကို စိတ်ညစ်စရာ ပင်ပန်းခြင်းကြီးလှပါတယ်။ ဒါပေမဲ့ စစ်ကြီးပြီးပြီ ... ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်ကြတော့မယ်ဆိုတော့ တစ်မျိုး တက်ကြွ ပျော်ရွှင်မြူးထူးနေကြပြန်ပါတယ် ခင်ဗျာ။ ဝင်းဖေတို့လို ကလေးတွေကတော့ ပိုဆိုးတာပေါ့။ မြစ်ပြင်ကျယ်ကြီးထဲမှာ လှေကြီး၊ လှေငယ်၊ လှေလတ်၊ ရွက်တွေဖွင့်ကြ၊ လှော်ကြ၊ ခတ်ကြဆိုတော့ ... ပွဲတော် ကြီးလို ဖြစ်နေတာလေ။ ပျော်လိုက်၊ အော်လိုက်ကြတဲ့ ဖြစ်ခြင်း။ မန္တလေးဘက်ကမ်း ရောက်ကြတော့ မြင်းလှည်း၊ နွားလှည်း၊ လက်တွန်းလှည်း၊ အထမ်းအကူအမျိုးမျိုးနဲ့ ပါလာတတ်သမျှ အိုး၊ ခွက်၊ ပန်းကန်၊ ပစ္စည်းပစ္စယတွေကို သူ့အရပ်၊ ကိုယ့်အရပ် သယ်ပြီးတော့ ပြန်ကြရပါတယ်။ ပြန်မယ့်သာ ပြန်လာကြရတယ် ... မိသားစုပေါင်း ရာနှုန်း ၆၀ ကျော်မှာ ကိုယ့်အိမ်၊ ကိုယ့်ရာရယ်လို့ မရှိတော့ပါဘူး။ မီးလောင်ပြင်တွေ၊ ဗုံးကျင်းကြီးတွေ၊ တိုက်ပြို၊ တိုက်ပျက်တွေ၊ အုတ်ပုံကြီးတွေဖြစ်နေပါပြီ။ အဲဒါတွေကို ရှင်းကြ၊ လင်းကြ၊ ဖယ်ကြ၊ ရှားကြနဲ့ ... ယာယီအမိုး၊ အကာလေးတွေ ဖြစ်ကတတ် ဆန်း ဆောက်ပြီးတော့ နေကြ၊ ထိုင်ကြရပါတယ်။ ကမ္ဘာစစ်ကြီးရဲ့ ဒဏ်ဆိုတာ အလွန်ကြီးမားလှပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်က ဝင်းဖေရဲ့ငယ်ဘဝ ပညာသင်ခဲ့ရတာတွေကို ပြောပြဖို့စခဲ့ပေမဲ့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်၊ ဂျပန်စကား သင်ခဲ့ရတာလေးတွေလောက်ပဲ ပြောလိုက်ရပြီးတော့ စစ်ပြီးအခြေအနေတချို့ကို မပြောမဖြစ်လို့ ပြောနေရပြန်ပါတယ်။ မန္တလေးသူ၊ မန္တလေးသား စစ်ပြေးတွေ ပြည်တော်ပြန်ခရီးဟာ ဒုက္ခသည်တွေ နေရပ် ပြန်လာတာနဲ့ မတူဘဲ ဆူဆူညံညံ အော်ကြီးဟစ်ကျယ်နဲ့ လှုပ်လှုပ်ရှားရှား ဖြစ်နေတာ တွေ သိသာနေလွန်းလို့ ပြန်ပြီးပြောပြမိပါတယ်။

စစ်ပြေးတွေ မန္တလေးမြို့ပျက်ကြီးထဲ ပြန်ရောက်လာကြတော့ ဘာမှ တွေးနေ၊ ငေးနေ၊ ဆွေးနေစရာ အချိန် မရှိရှာကြပါဘူး။ ရှိတတ်သမျှ၊ ရတတ်သမျှ ပစ္စည်းကလေး တွေနဲ့ ဖြစ်ကတတ်ဆန်း အမိုးအကာလေးတွေဆောက်ပြီးတော့ နေရေးထိုင်ရေးကို ကြံဖန်လုပ်ကြကိုင်ကြရပါတယ်။ မန္တလေးမြို့ရဲ့ အဓိကနန်းတော်ကြီးနဲ့ မှန်နန်းပြာသာဒ်ကို ဝန်းရံထားတဲ့ တစ်မိုင်ခွဲပတ်လည်လောက်ရှိတဲ့ မန္တလေး ကျုံးမြို့ရိုးကြီးပေါ်က၊ ဝင်ပေါက်ထွက်ပေါက်တွေပေါ်က ... ပြာသာဒ်ကြီးတွေ၊ ပြအိုး၊ ပြာသာဒ်ငယ်တွေရဲ့ ရာနှုန်း ၅၀ လောက်ဟာ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်ကြောင့် ပျက်စီးဆုံးပါးရပါတယ်။ မြေနန်းပြာသာဒ်တော်ကြီးနဲ့၊ မှန်နန်းပြာသာဒ်ဟာလည်း မီးလောင်ဗုံးဒဏ်ကြောင့် လုံးဝ ပျောက်ကွယ်ဆုံးရှုံးရပါတယ်။ ထီးကျိုး၊ စည်ပေါက်၊ ထီးပျောက်၊ နန်းပျောက်၊ထီးသုဉ်း၊ နန်းသုဉ်းဆိုတဲ့စကားတွေနဲ့ ကိုက်ညီသွားလောက်အောင် ဆုံးရှုံးကြရပါတယ်။ ဒါပေမဲ့ ကြံဖန်ပြီး စိတ်ဖြေနိုင်စရာတွေ တွေ့ကြရပါတယ်။

မန္တလေးမြို့က အဓိကရ ဘုရားပုထိုးတွေ စစ်ဘေးစစ်ဒဏ် အနည်းအပါး ခံကြရပေမဲ့ ၉၀ ရာနှုန်းလောက် အန္တရာယ်ကင်း၊ ဘေးရှင်းခဲ့ပါတယ်။ အလွန် အံ့သြ ဝမ်းသာစရာဖြစ်ပါတယ်။ မန္တလေးမှာ ရှေးအကျဆုံးဘုရားဟာ ရွှေကြီးမြင့် ဖြစ်ပါတယ်။ ရွှေကြီးမြင့်ဘုရားအပါအဝင် ... မဟာမြတ်မုနိ၊ အိမ်တော်ရာ၊ စကြာသိဟ အစရှိတဲ့ နာမည်ကြီး မန္တလေးစေတီပုထိုး ရာနှုန်း ၉၀ လောက်ဟာ စစ်ဘေး၊ စစ်ဒဏ်၊ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်၊ မီးလောင်ဗုံးဒဏ်တွေက လွတ်ကင်းခဲ့ကြပါတယ်။ ရသေ့ ကြီး ဦးခန္တီရဲ့ ကုသိုလ်အများစုဖြစ်တဲ့

မန္တလေးတောင်ပေါ်က စေတီပုထိုးတွေ တောင် မီးလောင်ဗုံးဒဏ်တွေဘေးက လွတ်ကင်းခဲ့ပါတယ်။ စက်သေနတ်မှန်ထားတဲ့ ကျည်ဆန်ရာတွေတော့ စစ်ပြီးခေတ်အတော်ကြာတဲ့အထိ ကျန်နေသေးတာကို တွေ့ရပါတယ်။ သွပ်မိုးစောင်းတန်းတွေမှာလည်း စက်သေနတ် မှန်ထားတဲ့အရာတွေ တွေ့ရပါတယ်။ ဗုဒ္ဓဘာသာ စေတီပုထိုး ကျောင်းကန်ဇရပ်တွေ ထူပြောလှတဲ့ မင်းဝံတောင်ရိုး၊ စစ်ကိုင်းတောင်ရိုးမှာလည်း စစ်ဘေး၊ စစ်ဒဏ် ထိခိုက်မှု နည်းပါးခဲ့ပါတယ်။

ဂျပန်စစ်တပ်တွေ ဝင်လာတော့ ... စစ်ကိုင်းတောင်ရိုးကြီးတစ်ခုလုံးရဲ့ တောင် ဘက် ထိပ်ဆုံးမှာရှိတဲ့ စစ်ကိုင်းမြို့စွန်မှာ စစ်တပ်တွေကို နေရာချတပ်စွဲကြပါတယ်။ စစ်ကိုင်းတောင်ရိုးကြီးတစ်ခုလုံးပေါ်မှာတော့ မန္တလေးမြို့သူ၊ မြို့သား စစ်ပြေးဒုက္ခသည် အများစုဖြစ်တဲ့ ဒုက္ခသည်ပေါင်း သိန်းနဲ့ချီပြီး ရှိနေပါတယ်။ စစ်ကိုင်းတောင်ရဲ့ တောင် ဘက်အစွန် တောင်ခြေမှာ မရှိခဏ သင်္ချိုင်းနဲ့ မရှိခဏ စေတီတော်ကြီး ရှိပါတယ်။ အဲဒီနေရာမှာပဲ ဂျပန်တွေက စစ်ကိုင်းဝန်းကျင် ဂျပန်တပ်တွေကို လေကြောင်း တိုက် ခိုက်မှုဒဏ်က ကာကွယ်ဖို့ လေယာဉ်ပစ်အမြောက်ကို ချထားတပ်စွဲပါတယ်။ အဲဒီတပ်ကို မရှိခဏ အမြောက်တပ်လို့ခေါ်ပါတယ်။ ဂျပန်ခေတ်တစ်လျှောက်လုံး အင်္ဂလိပ်နဲ့ အမေရိကန် ဗုံးကြဲလေယာဉ်တွေ၊ တိုက်လေယာဉ်တွေက စစ်ကိုင်း ဂျပန်စစ်တပ် စစ်ရုံးတွေ၊ မရှိခဏ အမြောက်တပ်နဲ့ စစ်ကိုင်း၊ ရွှေဘို၊ ကောလင်း၊ ဝန်းသို၊ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားတစ်လျှောက် အကြိမ်ကြိမ် တိုက်ခိုက်ပါတယ်။ စစ်ပြေး ဒုက္ခ သည်တွေနဲ့ ထူထပ်ကျပ်သိပ်နေတဲ့ စစ်ကိုင်းတောင်ရိုးကြီးတစ်ခုလုံးဟာ အင်္ဂလိပ်၊ အမေရိကန်လေတပ်တွေရဲ့ ပစ်မှတ်နဲ့ အလွန် နီးကပ်ဆက်စပ်နေပါတယ်။ ဒါပေမဲ့ စစ်ကိုင်းတောင်တစ်ခုလုံးပေါ်မှာရှိတဲ့ အလွန်များပြားလှတဲ့ စေတီပုထိုးတွေ၊ ကျောင်းကန်ဇရပ်တွေရော၊ ရဟန်းရှင်လူ၊ လူသူသတ္တဝါတွေရော ထိခိုက်ဒဏ်ရာရမှုရာနှုန်း အတော်ကြီးကို နည်းလှတာကို တွေ့ရပါတယ်။

မန္တလေးက နိုင်ငံကျော် ဂီတစာဆိုကြီး မြို့မညိန်းရဲ့ "ထိုသုံးပါး" ဆိုတဲ့ သီချင်းထဲမှာ ... အဲဒီလို သိသိသာသာ အန္တရာယ်ကင်းရတာတွေဟာ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးရဲ့တန်ခိုးတော်ကြောင့်ပါလို့ တည့်သွင်းရေးစပ်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီဟဲ့ဆိုတာနဲ့ ... စစ်ပြေးဒုက္ခသည်တွေအားလုံး အခြေခံ စား၊ ဝတ်၊ နေရေးအတွက် ချက်ချင်းပဲ စတင်လှုပ်ရှား ရုန်းကန်ကြရပါတယ်။ ပုံမှန် စီးပွားရေးရဲ့အခြေခံတွေ အားလုံးမရှိတော့တဲ့အတွက် မီးလောင်ပြင်ကြားက ပြန်ပြီး နိုးထကြရတဲ့ မြန်မာတွေရဲ့စီးပွားရေးဟာ သနားစရာလည်းကောင်း၊ ရယ်စရာလည်း ကောင်း၊ အံ့သြစရာလည်းကောင်း၊ အားတက်စရာလည်း ကောင်းလှပါတယ်။ အဓိက

ရောင်းဝယ်၊ လဲလှယ်ကြရတဲ့ ပစ္စည်းတွေကတော့ ... စားကုန် သောက်ကုန်တွေပါပဲ။ သားစိမ်း၊ ငါးစိမ်းနဲ့ အသီးအနှံတွေက ထိပ်ဆုံးမှာရှိပါတယ်။ တစ်နေရာမှာ မရှိတဲ့ ပစ္စည်းကို ရှိတဲ့နေရာက ယူလာပြီးတော့ လိုတဲ့ပစ္စည်းနဲ့လဲလှယ်ပြီး လိုအပ်သလို ချက်ပြုတ်စားသောက်ရင်း နိစ္စဓူဝ ဖြေရှင်းကြရပါတယ်။

ဂျပန့်ခေတ်မှာ အင်္ဂလိပ်ငွေ ရူပီးတွေ၊ မူး၊ မတ်၊ ပဲ၊ ပြား ဆိုတာတွေ၊ ပျောက်ကွယ်ကုန်ပြီးတော့ ဂျပန်ငွေဆင့်ငွေ၊ ဆယ်လီစိတ်နဲ့ ငွေစက္ကူတွေပြောင်းလဲ သုံးစွဲကြရပါတယ်။ ဂျပန့်ခေတ်မှာ သတ္တုနဲ့လုပ်တဲ့ အကြွေစေ့ဆိုတာမျိုးတွေ မရှိခဲ့ပါ ဘူး။ ပုံနှိပ်ထားတဲ့ ငွေစက္ကူတွေမှာတောင် အတုလုပ်ဖို့ ခက်အောင် ထည့်ထားတဲ့ ရေစာဆိုတာမျိုးတွေမပါပါဘူး။ ဂျပန်အစိုးရက ငွေစက္ကူတွေကို လိုရင်လိုသလောက် ရိုက်နှိပ်ထုတ်ဝေပြီး သုံးစွဲခဲ့တဲ့အတွက် အချိန်ကာလတိုလေးအတွင်းမှာပဲ ငွေကြေး ဖောင်းပွမှုနှုန်းဟာ အလွန်ကြီးမားပါတယ်။ ဂျပန်တွေ ရောက်စက ခေါက်ဆွဲကြော် တစ်ပွဲကို ဂျပန်၊ ဗမာငွေ ၅ ကျပ်လောက်ပေးရပေမဲ့ ဂျပန်တွေ ပြန်ပြီးတော့ ဆုတ်ခွာ ရတော့မည့် ၂ နှစ်လောက်အတွင်း ၄၀၀၊ ၅၀၀ လောက် ဖြစ်သွားပါတယ်။ ဒါတောင် ပေးတဲ့ငွေဟာ ... ထောင်မလဲ၊ သဲကော်ဖြစ်ရပါမယ်တဲ့။ ပိုက်ဆံ(ငွေစက္ကူ)ဟာ ဟောင်းနွမ်းကြေမွဖို့ နေနေသာသာ ခေါက်ရိုးပါရင်တောင် လက်မခံကြတော့ပါဘူး။ ငွေစက္ကူကိုထောင်လိုက်ရင်ညွတ်ကျ၊ လဲကျသွားတာမျိုးမရှိအောင် သစ်လွင်တောင့်တင်း တဲ့ ငွေစက္ကူဖြစ်ရပါမယ်။ ငွေစက္ကူနဲ့ သဲကိုကော်လိုက်ရင် ငွေစက္ကူဟာ ခွေပျော့မသွား ဘဲ သဲကို ကော်လို့ရရပါမယ်။ အဲဒီလိုသစ်လွင်တဲ့ ငွေကို ဂျပန်ခေတ်နှောင်းပိုင်းမှာ...ထောင်မလဲ၊ သဲကော် လို့ ခေါ်ပါတယ်။ အဲဒီလို အချိန်ကာလမျိုးမှာ မြန်မာတွေ အကြား ဂျပန်တော်လှန်ရေးစဖို့ ရုတ်ရုတ်သဲသဲ ဖြစ်နေပါပြီ။ တော်လှန်ရေးအတွက် ရန်ပုံငွေထည့်ဝင်ကြတာကို ဂုန်နီအိတ်တွေနဲ့ထည့်ပြီးတော့ ညအချိန် ပြင်ဆင်ကြတာကို ဝင်းဖေတို့ကလေးတွေ ချောင်းကြည့်လို့ မြင်တွေ့ခဲ့ရပါသေးတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ်ကြီး ပြီး တာနဲ့တစ်ပြိုင်နက် မြန်မာတွေ အခြေခံ စား၊ ဝတ်၊ နေရေးအတွက် အပြေးအလွှားရှာကြ၊ ဖွေကြရပါတယ်။ တွေးနေ၊ ငေးနေချိန်၊ ငိုင်နေ၊ မှိုင်နေချိန် မရပါဘူး။ အစား အစာ၊ အဝတ်အထည်၊ နေစရာ အိမ် ... ဘယ်လို၊ ဘယ်နည်းနဲ့ရမလဲ၊ အလုပ်လုပ်ကြဖို့ လိုတယ်၊ ရောင်းကြ၊ ဝယ်ကြဖို့လိုတယ် ... ရုံးပြင်ကနားတွေ၊ ဆေးရုံတွေ၊ ကျောင်းတွေ ဘယ်မှာလဲ ... လခစားအလုပ်တွေ ဘယ်မှာလဲ... လူတွေ အားလုံး ပျာယာခတ်နေကြပါတယ်။

ကိုယ့်ရှိတာ၊ သူ့ ရှိတာ၊ သူ ရှာလို့ရတာ၊ ကိုယ်ရှာလို့ ရတာတွေကို ရောင်းဖို့ ဝယ်ဖို့ ဘယ်မှာလဲ ... ပိုက်ဆံတွေ ...။ အင်္ဂလိပ်ပိုက်ဆံတွေ အမြောက်အမြားဟာ ဂျပန်တွေဝင်လာတော့ ဘာမှ သုံးမရတော့ဘူးဆိုပြီးတော့ ... ဖျက်ဆီးပစ်တာ၊ လွှင့်ပစ် တာ၊ ပျက်စီးကုန်တာတွေ အများကြီး ... ဂျပန်ခေတ်က ဂျပန်ပိုက်ဆံတွေဟာ ဂျပန်တွေ ထွက်ပြေးတာနဲ့အတူ ဘာမှ သုံးလို့ မရတော့ပါဘူး။ အင်္ဂလိပ်တွေ ပြန်ဝင်လာတယ်... အရင်က အင်္ဂလိပ်ငွေစက္ကူအဟောင်းတွေ ပြန်သုံးလို့ရပြီတဲ့။ ဒါပေမဲ့ ပိုက်ဆံတွေက မရှိကြတော့ဘူး ... အထူးသဖြင့် အများစုဖြစ်တဲ့ လူဆင်းရဲ ၊ လူမွဲတွေနဲ့ လူလတ်တန်းစားတွေရဲ့လက်မှာ မရှိကြတော့ဘူး။ အဲဒီတော့ ကြားခံပစ္စည်းဖြစ်တဲ့ ... ပိုက်ဆံဆိုတဲ့ ပစ္စည်း၊ ငွေဆိုတဲ့ ပစ္စည်းတွေ လုံလုံလောက်လောက် လူတွေကြားမှာ မရှိဘဲ ရောင်းရေးဝယ်တာအတော်ကြီးကို ခက်ခဲကုန်ပါတယ်။ နောက် ... သိမ်းထား၊ ဖွက်ထား မိတဲ့ ရှေးက အင်္ဂလိပ်ငွေတွေ တဖြည်းဖြည်း ထွက်လာတယ်လို့ ထင်ရတာပဲ။ တဖြည်း ဖြည်းတော့ လည်ပတ်လာပါတယ်။

အင်္ဂလိပ်တွေက ဂျပန်တွေနဲ့ မတူပါဘူး။ ငွေစက္ကူတွေကို ဖြစ်ကတတ်ဆန်း ပုံနှိပ်ရိုက်နှိပ်ထုတ်ပြီးတော့ ဖြန့်ဝေသုံးစွဲတာမျိုး မရှိခဲ့ပါဘူး။ ဒါဟာ ကျေးဇူးတင်စရာ အချက်တစ်ချက်ပါပဲ။ အင်္ဂလိပ်-မြန်မာ ငွေဆိုတာ ကျပ်ငွေ မဟုတ်သေးပါဘူး။ မြန်မာကို အင်္ဂလိပ်တွေက အတော်ကြာအောင် အိန္ဒိယနိုင်ငံနဲ့ ပူးတွဲထားပြီး မြန်မာ နိုင်ငံကို အိန္ဒိယနိုင်ငံရဲ့ ပြည်နယ်တစ်ခုလို အုပ်ချုပ်ခဲ့တာဆိုတော့ အိန္ဒိယမှာသုံးတဲ့ ရူပီးငွေကိုပဲ မြန်မာတွေက မြန်မာငွေအဖြစ် သုံးခဲ့ကြရတာပါ။ ၁ ရူပီးငွေမှာ ၆၄ပြား ရှိပါတယ်။ သူ့ထက်ဝက် ၃၂ ပြားကို ၅ မူးလို့ခေါ်ပါတယ်။ ၅ မူးရဲ့ထက်ဝက် ၁၆ ပြားကို ၁ မတ် လို့

ခေါ်ပါတယ်။ ၁ မတ်ရဲ့ထက်ဝက် ၈ ပြားကို ၁မူး လို့ ခေါ် ပါတယ်။ အဲဒီ ၁ မူးရဲ့ တစ်ဝက်ကို ၁ ပဲ လို့ ခေါ်ပါတယ်။ ၁ ပဲ မှာ ၄ ပြား ရှိပါတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးမှာ ဝင်းဖေက ပထမတန်းတောင် ရောက်နေပါပြီ။ မုန့်ဖိုးက တစ်ပြားပဲ ရပါတယ်။ ၁ ပြားအတွက် အကြော်တစ်ခု ရပါတယ်။ အတော် ကြီးပါတယ်။ ၁ ရူပီး … ၁ကျပ်အတွက် အကြော် ၆၄ခု ရနိုင်တဲ့ခေတ် ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးသွားတော့ တစ်ပြားနဲ့ ဘာမှ ဝယ်လို့ မရတော့ပါဘူး။ အကြော် တစ်ခုကို ၄ပြား၊ တစ်ပဲ ပေးရပါတယ်။ ၁ ကျပ်နဲ့ညီတဲ့ ၁ ရူပီးအတွက် အကြော် ၁၆ ခုပဲ ဝယ်လို့ ရပါတော့တယ်။ ဝင်းဖေတို့ အညာဒေသက ပဲမုန့်ဟင်းခါး တစ်ပန်းကန်ကို စစချင်း ၄ ပြား ၁ ပဲ နဲ့ ရပါသေးတယ်။ ပဲမုန့်ဟင်းခါးတစ်ပန်းကန် အကြော်နဲ့ဆိုရင် ၈ ပြား၊ တစ်မူး ပေးရပါတယ်။ အဲဒါပါပဲ။ မြန်မာငွေအဖြစ် အင်္ဂလိပ်တွေက အိန္ဒိယငွေ ရူပီးကိုပဲ ဆက်ချပေးထားတာပါ။ ဒီကနေ့သုံးနေတဲ့ မြန်မာ ငွေလို ဆယ်လီစိတ်စနစ် တွက်တာမျိုး မဟုတ်ပါဘူး။ ၁၊၂၊ ၄၊ ၈၊ ၁၆၊ ၃၂၊ ၆၄ … အဲလို အဆင့်ဆင့် ရှိပါတယ်။ ဆယ်လီစိတ်စနစ်ထက် တွက်ရချက်ရတာ ခက်ပါတယ်။ ပေ၊ ပေါင်၊ စက္ကန့် စနစ်နဲ့ မီတာ၊ ကီလို၊ စက္ကန့် စနစ်တွေ ကွာသလိုပါပဲ။

အင်္ဂလိပ်ယူနစ်တွေက တွက်ရတာ ပိုခက်ပါတယ်။ ၁၉၄၈ ခုနှစ် မြန်မာလွတ်လပ်ရေး ရပြီးတော့မှ မြန်မာကျပ်ငွေကို ထုတ်နိုင်၊ သုံးနိုင်ခဲ့ကြတာပါ။ ဘယ်နှစ်က စတယ် ဆိုတာကိုတော့ ဝင်းဖေ မမှတ်မိတော့ပါဘူး။ ငွေကြေးထုတ်ဝေမှုကို ဦးကောင်းတို့ ဦးစံလင်း ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေက တာဝန်ယူပြီးတော့ ထုတ်လုပ်ခဲ့ကြတာကိုတော့ ငွေစက္ကူတွေပေါ်က လက်မှတ်တွေကြောင့် မှတ်မိနေပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ မြန်မာ့စီးပွားရေးလောကမှာ စစ်လက်ကျန်ပစ္စည်း များ ဈေးကွက်ကြီးဟာ နှစ်အတန်ကြာအောင် ကြီးမားလွှမ်းမိုးခဲ့ပါတယ်။ စစ်သုံးယာဉ် လက်ကျန်ပေါင်းများစွာ … အသေးဆုံးက စစ်သုံးမော်တော်ဆိုင်ကယ်၊ ဆိုဒ်တွဲ ဆိုင်ကယ်၊ နောက် … ဂျစ်ကား၊ မာစတာဂျစ်၊ ဒေါ့(ချ်)ဂျစ်၊ နောက် … ဂျီအမ်စီ … ကုန်တင်ထရပ်ကားကြီးတွေ အဆုံး … အများကြီးအရောင်းအဝယ်ဖြစ်၊ အကြီးအကျယ် အသုံးဝင်ခဲ့ပါတယ်။ နောက် စစ်ကားတွေမှာသုံးတဲ့ မိုးကာကြီးတွေကလည်း ဈေးကွက် ကြီးပါတယ်။ ယုတ်စွအဆုံး လေယာဉ်ပျက်က အလူမီနီယံ ဒန်သတ္တုတွေ၊ နောက်… ကျည်ဆန်အမျိုးမျိုး၊ နောက် … ကျည်ဆန်ထဲကထွက်တဲ့ ယမ်းမှုန့်၊ ယမ်းချောင်းတွေ၊ နောက် … ကျည်ဆန်ခွံ ကြေးသတ္တုတွေ အများကြီး အရောင်းအဝယ်ဖြစ်ပါတယ်။ စစ်သုံးလေထီးပိတ်စတွေ၊

လေထီးကြိုးတွေဟာလည်း ပစ္စည်းရှားပါးခဲ့တဲ့ စစ်ပြီးစမှာ တော့ တကယ့်ရတနာတွေပါပဲ။ နောက် ... စစ်သားတွေအတွက် ယူလာကြတဲ့ရိက္ခာ တွေ အထူးသဖြင့် အမေရိကန်စစ်ရိက္ခာတွေလည်း ဈေးကွက်ကြီးပါတယ်။ K ရာရှင်၊ B ရာရှင်၊ A ရာရှင် စတာတွေ သိပ်စုံပါတယ်။ အစားအစာ အလွန် ခေါင်းပါးခဲ့ကြတဲ့ မြန်မာစစ်ပြေး ဒုက္ခသည်တွေအတွက်ကတော့ နတ်သုဓာတွေလိုပါပဲ။

ရယ်စရာကောင်းတာကတော့ ... အင်္ဂလိပ်၊ အမေရိကန်တွေအတွက် အခြေခံ အစားအသောက်ဖြစ်တဲ့ ထောပတ်အစစ်နဲ့ ဟင်းသီးဟင်းရွက်ကထုတ်တဲ့ မာဂျရင်း ထောပတ်တွေပါပဲ။ မြို့တွေပေါ်မှာတော့ မြို့သားတွေနဲ့ အနည်းနဲ့အများ စားတတ် ကြပေမဲ့ အများစုဖြစ်တဲ့ မြန်မာတောသူတောင်သား တွေအတွက်ကတော့ ဘယ်လိုမှ မစားတတ်ကြလေတော့ လှည်းဝင်ရိုးတွေထဲမှာ အသံမမြည်အောင် ထည့်ကြတယ်၊ ဝက်စာထဲ ထည့်ကျွေးကြပါတယ်။ မသုံးတတ်၊ မစားတတ်ကြတော့ ရောင်းလို့ဝယ်လို့ ကလည်း အလုပ်မဖြစ်ကြဘူးမဟုတ်လား။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့နှစ်ပတ်က ဒုတိယကမ္ဘာစစ်ကြီး ပြီးပြီးချင်း ဝင်းဖေတို့ မန္တလေးဝန်းကျင် မြန်မာ့စီးပွားရေး ဝရုန်းသုန်းကား အခြေအနေတွေကို ဝင်းဖေ သိမီနားလည်သလို တင်ပြခဲ့ပါတယ်။

မန္တလေးစီးပွားရေးအကြောင်း ပြောပြီဆိုရင် မန္တလေးဈေးချို ဆိုတာကြီးကို ဗဟိုထားပြီး ပြောရမှာဖြစ်ပါတယ်။ မြန်မာပြည်မှာ ရန်ကုန်က သိမ်ကြီးဈေးကြီးဟာ အကြီးဆုံး၊ အကျယ်ဆုံး ဖြစ်ပါတယ်။ မန္တလေးဈေးချိုကြီးဟာ သိမ်ကြီးဈေးထက် မကြီးရင်သာရှိမယ် ... မငယ်လှကြောင်း ရောက်ဖူးကြုံဖူးသူတွေ သိကြပါတယ်။ မန္တလေးဈေးချိုဟာ မြန်မာမင်းများဖြစ်ကြတဲ့ မင်းတုန်းမင်းနဲ့ သီပေါမင်းလက်ထက် ကတည်းက ရှိခဲ့တာပါ။ အဲဒီခေတ်က ဈေးချိုတော်ကြီးရဲ့ တောင်ဘက်ကပ်လျက်မှာ ထီဖွင့်တဲ့ ထီရုံတော်ကြီး ရှိပါတယ်။ ဒါ့ကြောင့် အဲဒီရပ်ကွက်ကို ရုံတော်ကြီးလို့ ခေါ်ပါတယ်။ မန္တလေးဈေးချိုတော်ကြီးနဲ့ အိမ်တော်ရာ ဘုရားကြီးရဲ့ ကြားမှာ ဖြတ်ပြီး တော့ ရွှေတချောင်း ဆိုတာ စီးဆင်းပါတယ်။ အဲဒီခေတ်က ရွှေတချောင်းဟာ အတော်ကျယ်ပါတယ်။ ဈေးချိုတော်နဲ့ အိမ်တော်ရာ အကြားမှာ လှေဆိပ်ကြီး ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီလှေဆိပ်ကြီးဟာ အဓိကအားဖြင့် မန္တလေး မြောက်ဘက် မတ္တရာတို့၊ ကပိုင်တို့၊ တောင်ပြုံးတို့၊ တံငါ ၁၄ ရွာကထွက်တဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ သား၊ ငါးတွေကို မန္တလေး ဈေးချိုကို လာရောင်းကြတာ ဖြစ်ပါတယ်။

ရွှေတချောင်းဟာ တက်သေးအင်းကြီး (တချို့ကလည်း လှေတက်များ သိမ်းရာ နေရာဖြစ်သဖြင့် တက်သိမ်းအင်း ဟုလည်း ခေါ်ဆိုကြကြောင်း သိရသည်။ ဤကားစကားချပ်) ကတစ်ဆင့် ဧရာဝတီမြစ်ကြီးထဲအထိ ပေါက်ပါတယ်။ ဧရာဝတီ မြစ်ကြီးထဲက နေပြီးတော့ တက်သေးအင်းက တစ်ဆင့် ရွှေတချောင်း အတိုင်း မန္တလေး ဈေးချိုကို တိုက်ရိုက်ဝင်လာတဲ့ ကုန်လှေတွေလည်း ရှိပါတယ်။ မန္တလေး၊ ပိုက်ကျုံး၊ ဂေါဝိန် ဆိုတဲ့ ဧရာဝတီ ဆိပ်ကမ်းကြီးဟာ မန္တလေးကို ဝင်ထွက်နေကြတဲ့ ကုန်လှေကြီး တွေရဲ့ ဆိပ်ကမ်းကြီး ဖြစ်ပါတယ်။ မန္တလေးကို အင်္ဂလိပ်တို့ သိမ်းပြီးချိန် နောက်ပိုင်း ကျတော့မှ အင်္ဂလိပ်တွေက ရွှေတချောင်းကို ကျဉ်းပစ်လိုက်ပြီးတော့ မြောင်းအသွင် ပြောင်းပစ်လိုက်ပါတယ်။ အဲဒီမှာ မန္တလေး ဈေးချိုတော်ကြီးရဲ့ လှေဆိပ်ဈေးကြီး ပျောက်ကွယ် သွားခဲ့ရတာပါ။ ပြီးတော့

အင်္ဂလိပ်တို့က ရှေးက ဈေးချိုတော်ကြီးနေရာမှာ အုတ်ကာ သွပ်မိုး ဈေးရုံကြီးတွေ ၁၂ လုံး ဆောက်ပါတယ်။ A,B,C,D,E,F,GH,I,J,K,L ဆိုပြီးတော့ကာ A ကနေ L အထိ ၁၂ လုံးရှိပါတယ်။ ပြီးတော့မှ ဈေးရုံအလိုက် ရောင်းချရမည့် ကုန်စည် အမျိုးအစား တွေလည်း ခွဲထားပါတယ်။ ဥပမာ Aရုံကြီးမှာ ဆန်အမျိုးမျိုး ရောင်းပါတယ်။ B ရုံမှာ ပဲအမျိုးမျိုး ရောင်းပါတယ်။ C ရုံမှာ စာရေး စက္ကူ၊ စာအုပ်နဲ့ ရုံးသုံးပစ္စည်းတွေ၊ ပိဋကတ်နဲ့ ဘာသာရေးစာပေတွေ ရောင်းပါတယ်။ D ရုံက လက်ဖက်နဲ့ပဲကြော် အစရှိတဲ့ အရန်ပစ္စည်းတွေ ဖြစ်ပါတယ်။ E ရုံက ရွှေ၊ ငွေ၊ ရတနာပစ္စည်းတွေ စသဖြင့် ဖြစ်ပါတယ်။ ဈေးရုံကြီးတစ်ရုံမှာ ဆိုင်ခန်းပေါင်း ၆၀ လောက် ဖြစ်ပါတယ်။ ရုံကြီးတွေရဲ့ ကြားတွေမှာလည်း ကြားလမ်းတွေ ကျယ်ကျယ် ဝန်းဝန်းထားပြီးတော့ ဝဲ၊ ယာမှာ ဈေးဆိုင်တွေ ရှိပါတယ်။ ဈေးချိုဈေးရုံကြီးတွေ ၁၆ ရုံရဲ့ အရှေ့ဘက်မှာ တိုက်တန်းဆိုတာကြီးကို ၈၄ လမ်းရဲ့ တစ်ဖက်မှာ ထားရှိပြန် ပါတယ်။ ခေတ်ပေါ် ပစ္စည်း အမျိုးမျိုးကို အဲဒီတိုက်တန်းကြီးပေါ်မှာ ရောင်းချကြပါတယ်။

ဈေးချိုရုံကြီးတွေရဲ့ မြောက်ဘက် C လမ်းခြားပြီးတော့ ဂိုဒေါင်တန်းဆိုတာ လည်း ရှိပါတယ်။ မူလကတော့ ဈေးချိုတော် ဈေးရုံကြီးတွေက ဆိုင်ခန်းတွေအတွက် ပစ္စည်းသိုလှောင်ဖို့ ဂိုဒေါင်တွေ ဆောက်ပုံရပါတယ်။ ဒါပေမဲ့ နောက်ပိုင်းကြတော့ အဲဒီ ဂိုဒေါင်တန်းမှာလည်း ဈေးဆိုင်ခန်းတွေ ဖြစ်ကုန်တာပါပဲ။ အရှေ့ဘက်တစ်ခြမ်းမှာ ပိုးထည်တွေ ရောင်းတဲ့ ဆိုင်တွေ ရှိပြီးတော့ ... အနောက်ဘက် အခြမ်းမှာတော့ ပန်းကန်၊ ခွက်ယောက်တွေ၊ အိုးတွေ၊ ဒယ်တွေ၊ နောက် ... အောက်လင်းမီး စတာတွေ ရောင်းတဲ့ ဆိုင်တွေ ရှိပါတယ်။ မန္တလေးဈေးရုံကြီး ၁၂ ရုံအပြင် ... ဝက်သား ရုံတို့၊ ဆိတ်သားနဲ့ အမဲသားရုံတို့၊ ဟင်းသီးဟင်းရွက်နဲ့ မြန်မာ့ရိုးရာ မုန့်ပဲသရေစာ တွေရောင်းတဲ့ ကိုင်းတန်းဈေးနဲ့ ငါးတွေရောင်းတဲ့ ငါးတန်း ဆိုတာက သီးခြားရှိပါတယ်။ အဲဒါတွေရဲ့အနောက်ဘက်မှာမှ သံဖြူလုပ်ငန်းတွေလုပ်တဲ့ သံဖြူတန်း ကလေးဆိုတာ ရှိပါတယ်။ သံဖြူတန်းကလေးမှာ မီးခွက်တို့ ... ဘူးကလေးတွေ၊ ခွက်ကလေးတွေ ... စသဖြင့် အသေးစား သံဖြူပစ္စည်းတွေ ထုတ်လုပ်ကြတဲ့အတွက် သံဖြူတန်းကလေးလို့ ခေါ်တာပါ။ ဈေးချိုရုံတွေရဲ့ တောင်ဘက်မှာတော့ ရှေးတုန်း က အလွန်လူသုံးများတဲ့ သံသေတ္တာတွေလုပ်တဲ့ သံဖြူတန်းကြီး ဆိုတာ ရှိပါတယ်။ နောက်တော့ အဲဒီသံဖြူတန်းကြီးမှာ ပွဲရုံတွေ လက်ကြားထိုး ပေါ်ပေါက်လာပြီးတော့ မန္တလေးဈေးချိုကြီးရဲ့ အနောက်တောင်ဘက် ကပ်လျက်ကတော့ ရှေးက ဝါးတွေ ရောင်းတဲ့ ဝါးတန်း ဆိုတာဖြစ်ပြီးတော့ ... နောက် မန္တလေးရဲ့ အဓိက လက်ကားပွဲရုံ ကြီးတွေရှိတဲ့ ရပ်ကွက်ကြီးဖြစ်လာပါတယ်။ အဲဒါပါပဲ။

မန္တလေး ဈေးချိုတော်ကြီးဆိုတာ ခုပြောခဲ့တဲ့ ရောင်းရေးဝယ်တာ အစိတ်အပိုင်းတွေ အားလုံးပေါင်းပြီးတော့ သုံးနှုန်း ခေါ်ဝေါ်တာပါပဲ။ ဒါက မန္တလေးရဲ့အဓိက ပင်မ ဇဟိုဈေးကြီးပါ။ မန္တလေးဈေးချိုမှာ မန္တလေးသူ၊ မန္တလေးသားတွေရဲ့ ဖွယ်ဖွယ်ရာရာ အပြောချိုတာပဲ ရှိပြီးတော့ ဈေးကတော့ မချိုပါဘူးလို့ ... မန္တလေးဇာတိ မဟုတ်သူ တွေက ဟာသပြောကြပါတယ်။ မန္တလေးမှာ အဲဒီ ပင်မ ဈေးချိုတော်ကြီးအပြင် ဈေးကလေးတွေလည်း အများအပြား ရှိနေပါသေးတယ်။ ဦးတာရဲဈေးတဲ့၊ ရွှာဟိုင်း ဈေးတဲ့၊ ညောင်ပင်ဈေးတဲ့၊ မင်္ဂလာဈေးတဲ့၊ ယိုးဒယားဈေးတဲ့၊ အရှေ့ပြင်ဈေး တဲ့ ... စသည်ဖြင့် အများကြီးရှိပါတယ်။ နောက် တန်ခိုးကြီး ဘုရားတွေမှာလည်း ကြီးမားတဲ့ ဘုရားတန်ဆောင်းကြီးတွေ၊ စောင်းတန်းကြီးတွေ ရှိတာဆိုတော့ ... ဘုရား ဈေးတွေလည်း အများကြီး ရှိပါသေးတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ တစ်နှစ်၊ နှစ်နှစ် အတွင်း အဲဒီဈေးတွေအကုန်လုံး စည်ကား ဖြစ်ထွန်းလာပြီးတော့ အရှိန်ပြန်ရလာကြ တာပါပဲ။ မန္တလေး စီးပွားရေးလောက အတော်ကလေး အရှိန်ပြန်ရလာပြီဆိုတော့မှ... တခြား ပညာရေးတို့၊ ကျန်းမာရေးတို့၊ စိုက်ပျိုးရေးတို့၊ လူမှုရေး၊ နိုင်ငံရေးတွေလည်း ပြန်ပြီးတော့ သက်ဝင် လှုပ်ရှား လာနိုင်ကြတာ ဖြစ်ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယ ကမ္ဘာစစ်ကြီး အပြီး မန္တလေးက လူနေအိမ် ခြေ၊ တိုက်တာ အဆောက် အအုံတွေ၊ ဈေးတွေ၊ ရုံးတွေ၊ ကျောင်းတွေ၊ ဘုရားပုထိုး တွေ၊ စစ်ဒဏ်ကြောင့် ပျက်စီး ရတာတွေ၊ ဗုံးထိတာတွေ၊ မီးလောင် ပြာကျကုန်ရတာ တွေဟာ နဂိုက ရှိတာရဲ့ ၅၀ ရာခိုင်နှုန်းနဲ့ အထက်ရှိကြောင်း အကြမ်းဖျင်း တင်ပြခဲ့ပါတယ်။

မန္တလေးက စစ်ပြေးဒုက္ခသည်တွေဟာ အဓိကအားဖြင့် စစ်ကိုင်းတောင်ရိုး၊ မင်းကွန်း၊ အင်းဝ၊ တံတားဦး၊ ကျောက်ဆည်၊ မေမြို့၊ နောက် အရှေ့တော... ကပိုင်၊ မတ္တရာ ... စတဲ့ ခိုလှုံရာ ဒေသတွေကနေပြီးတော့ ၁၉၄၅ ခုနှစ်၊ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးပြီတဲ့ ... ဆိုတဲ့အချိန်၊ ဂျပန်တွေ၊ ဂျာမန်တွေ လက်နက်ချလိုက်ပြီ ဆိုတာနဲ့ မန္တလေးမြို့ကို တဖွဲဖွဲ ပြန်လည်ဝင်ရောက်လာကြပါတယ်။ စား၊ ဝတ်၊ နေရေးအတွက် ချက်ချင်းပဲ ရှန်းကန်လှုပ်ရှားကြသလို ကျောင်းသားတွေအတွက်လည်း ကျောင်းတွေအားလုံး ပြန်ဖွင့်ဖို့ ကြိုးစား ကြပါတယ်။ မန္တလေးမြို့က မြန်မာ့ လွတ်မြောက် ရေး နိုင်ငံရေးသမိုင်းကြောင်းအတွက် အလွန်အရေးကြီးတဲ့ အမျိုးသား အထက်တန်း ကျောင်းကြီးဟာ ဗုံးဒဏ်ထိသွားတဲ့အတွက် ဘာအဆောက်အဦမှ မကျန်တော့ပါ ဘူး။ ဝင်းဖေရဲ့ဖခင်ကြီး ရွှေပြည်ဦးဘတင်ဟာ မန္တလေးက ဆရာကြီး ဦးရာဇတ်နဲ့ အတူ၊ ဆရာကြီး ဦးဘခင်တို့နဲ့ တွဲပြီးတော့ မန္တလေးအမျိုးသားကျောင်းကို ထူထောင်ခဲ့ကြပါတယ်။ ငွေအား၊ လူအားစိုက်ပြီးတော့ ကိုယ်တိုင် ဆရာတွေ လုပ်ပြီးတော့ ထူထောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဝင်းဖေတို့ဟာ အဲဒီခေတ်က မန္တလေးမှာ အလွန်ခေတ်စားတဲ့ ခရစ်ယာန် သာသနာပြု ကျောင်းတွေမှာ မတက်ရဘဲ အမျိုးသားကျောင်းမှာပဲ တက်ကြရပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှာ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က အမျိုးသား ကျောင်းတွေ ထူထောင်ကြတယ်ဆိုတာ အင်္ဂလိပ် ကျွန်ပညာရေးကို အာခံပြီးတော့ အမျိုးသား နိုင်ငံရေးရည်ရွယ်ချက်နဲ့ လွတ်မြောက်ရေးကြိုးပမ်းမှုရဲ့ တစ်စိတ်တစ်ဒေသအဖြစ် ထူထောင် ခဲ့ကြတာပါ။ ဒါပေမဲ့ ဆရာကြီး ဦးရာဇတ်နဲ့ ဝင်းဖေတို့ ဖခင်များရဲ့ ခံယူချက်ထဲမှာ ... အင်္ဂလိပ်ကို တော်လှန်ရာမှာ အင်္ဂလိပ်စာကို တတ်မှ မြန်မြန် အောင်မြင်မယ်လို့ ယုံကြည် ဆုံးဖြတ်

လုပ်ဆောင်ခဲ့ကြပါတယ်။ ဒါဟာ မှတ်သားစရာ အရေးကြီးတဲ့ အချက် တစ်ချက် ဖြစ်ပါတယ်။ အဲဒီခေတ်က အင်္ဂလိပ် ဆန့်ကျင်ရေးစိတ် သိပ်ပြင်းထန်ကြတာကြောင့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို ကျွန်စာ၊ ကျွန်စကား ဆိုပြီး မသင်ကြ၊ မပြောကြဖို့ ဟောပြောတဲ့ ဝံသာနုစိတ်ဓာတ် ပြင်းထန်မှုတွေရှိပါတယ်။ ဒါပေမဲ့ အမြော်အမြင် ကြီးတဲ့ မြန်မာနိုင်ငံရေး ခေါင်းဆောင်ကြီးတွေကတော့ ... အင်္ဂလိပ် လက်အောက်က လွတ်မြောက်ချင်ရင် အင်္ဂလိပ်စာကို ကျွမ်းကျွမ်း ကျင်ကျင် တတ်ထားဖို့ လိုတယ်လို့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီတုန်းက ကမ္ဘာတစ်ပတ်လုံး အင်္ဂလိပ်တို့ နယ်ချဲ့ထားလို့ အင်္ဂလိပ် လက်အောက်ခံ နိုင်ငံတွေဟာ အလွန်များပြားတဲ့ အတွက် ဗြိတိသျှအင်ပါယာကြီးကို နေမဝင် အင်ပါယာကြီးလို့ ခေါ်ဝေါ် သုံးနှုန်းပါတယ်။ အင်္ဂလိပ်ပိုင် နယ်မြေတွေ၊ နိုင်ငံတွေပေါ်မှာ ၂၄ နာရီပတ်လုံး ဘယ်တော့မှ နေမဝင်ဘူး ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒါကြောင့် ... အင်္ဂလိပ်ကို အန်တုရာမှာ သာမညောင်ညတွေးပြီး လုပ်လို့ မရပါဘူး။ နောက်တစ်ခု အရေးကြီးတဲ့ စိတ်ဓာတ်ရေးရာ တစ်ခုကို ဝင်းဖေ မှတ်မိနေတာ ရှိပါသေးတယ်။ အဲဒီခေတ်က အင်္ဂလိပ် မုန်းတီးရေး စိတ်တွေဟာ ငယ်ထိပ် တက်နေတဲ့ အတွက် စိတ်ဓာတ် ပြင်းထန်တဲ့ မြန်မာ လူငယ် နိုင်ငံရေးသမားတွေဟာ ... အင်္ဂလိပ်နန်းရင်းဝန်တွေ၊ အင်္ဂလိပ် ဘုရင်ခံတွေ၊ အင်္ဂလိပ် အရာရှိကြီးတွေကို နင်တွေ၊ ငါတွေနဲ့ ပြောဆိုရေးသားကြတာတွေ အနည်းနဲ့ အများ ရှိပါတယ်။ ဒါကို အမြော်အမြင် ကြီးမားပြီးတော့ သီလ၊ သမာဓိ ရှိတဲ့ မြန်မာ လူကြီး နိုင်ငံရေးသမားကြီးတွေက ထိန်းသိမ်း ဆုံးမကြပါတယ်။ မြန်မာတို့ရဲ့ယဉ်ကျေးမှု အရ ရန်သူဆိုပေမဲ့ ပြောဆို၊ ဆက်ဆံ၊ သုံးနှုန်းရာမှာ ဝယဝုမို ဂုဏဝုခို ... အသက် အရွယ်ကိုလိုက်ပြီးတော့ ပညာအရည်အချင်း၊ ဝါအနုအရင့်ကို လိုက်ပြီးတော့ အသုံး အနှုန်း ဆင်ခြင်ကြစေဖို့ ဖြစ်ပါတယ်။ စိတ်ဓာတ်အားဖြင့်၊ ယဉ်ကျေးမှု အားဖြင့်၊ သီလ သမာဓိအားဖြင့် ... ယှဉ်တွဲနေလျှင် အင်္ဂလိပ် လက်အောက်က လွတ်မြောက်နိုင်မှာ မဟုတ်တဲ့အကြောင်း ဆုံးမသြဝါဒတွေ ပေးခဲ့ကြပါတယ်။ ဒါဟာ မိမိတို့ရဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုမှာ သိက္ခာရှိဖို့၊ လူမျိုးသိက္ခာ ထိန်းသိမ်းဖို့ အဆုံးအမတွေပဲ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကြောင့် မန္တလေး အမျိုးသား အထက်တန်း ကျောင်းကြီး ပြိုပျက်ဆုံးရှုံးခဲ့ရပေမဲ့ ရနိုင်သလောက် တိုက်ပြို၊ တိုက်ပျက်တွေထဲမှာ ရတတ်သမျှ မိုးလုံလေလုံ နေရာကလေးတွေကို ရယူပြီးတော့ စစ်ပြီးခေတ် အမျိုးသားကျောင်းကို ပြန်လည် ထူထောင်ပါတယ်။ ဝင်းဖေတို့ ညီအစ်ကိုတွေလည်း အဲဒီစစ်ပြီးခေတ် ဖြစ်ကတတ်ဆန်း အမျိုးသား အထက်တန်း ကျောင်းကြီးမှာပဲ ပြန်ပြီးတော့ ကျောင်းတက် ကြရပါတယ်။ အဲဒီလိုကာလမှာ ကျောင်းသားတွေ အတွက် စာအုပ်၊ ခဲတံ၊ ကျောက် သင်ပုန်း၊ ကျောက်တံ၊ ဖတ်စာအုပ်၊ မြေဖြူ၊ သင်ပုန်းကအစ အားလုံးအားလုံး အလွန် ရှားပါးပါတယ်။

ဒါပေမဲ့ ဆရာတွေ၊ ဆရာမတွေရော၊ ကျောင်းသား၊ ကျောင်းသူတွေ ရော၊ ကျောင်းသားမိဘတွေရော ... စစ်ကြီး ၃ နှစ်အတွင်း နောက်ကျနေးကွေးနေရတဲ့ ပညာရေးကို ပြန်ပြီးတော့ အစားထိုး ထူထောင်ဖို့ ဆိုတဲ့စိတ်နဲ့ ပြင်းပြင်းထန်ထန် ကြိုးပမ်း ခဲ့ကြပါတယ်။ မြန်မာတွေဟာ အဲဒီခေတ်က အနောက်တိုင်း ဒဏ္ဍာရီထဲက Phoenix ငှက်လိုပါပဲ။ မီးပုံထဲက တစ်ခါ ပြန်ပြီးတော့ ထထပျံတိုင်း အားအင်နှစ်ဆတိုးလာတယ် ဆိုတာလို မြန်မာနိုင်ငံ ပြန်လည် ထူထောင်ရေးမှာ ဘက်ပေါင်းစုံက အလွန်လျင်မြန် တက်ကြွတဲ့အတွက် အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံဟာ ထိပ်ဆုံးမှာ ရှိခဲ့ပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ မြန်မာတွေ ပြန်လည်ထူထောင်ကြတာကို ပြီးခဲ့တဲ့ အပတ်က Phoenix ငှက်နဲ့ နှိုင်းယှဉ်ပြီးတော့ ဝင်းဖေတင်ပြခဲ့ပါတယ်။ ဝင်းဖေ ကိုယ်တိုင် ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေတာ များလားလို့ တွေးမိပါတယ်။

အဲဒီခေတ်က မြန်မာတွေပြန်လည်ထူထောင်ကြတာနဲ့ ပတ်သက်ပြီးတော့ မြန်မာတွေထဲက ပြန်လည်သုံးသပ်ကြတဲ့ ဝင်းဖေရဲ့မိတ်ဆွေ အတော်များများ ရှိပါတယ်။ စာတွေပေတွေထဲမှာလည်း အဲဒီခေတ်ကအခြေအနေကို သုံးသပ်ကြတာတွေ အများကြီးပါပဲ။ စစ်ကြီးပြီးသွားတော့ မြန်မာတွေ စစ်လျော်ကြေးတွေရတာ နည်းမှ မနည်းပဲကိုးတဲ့။ နောက်တစ်ချက်က ... ကိုရီးယားစစ်ပွဲကြောင့် ဆန်ဈေးတွေ အကြီးအကျယ်တက်သွားပြီးတော့ အဲဒီတုန်းက ဆန်ထုတ်လုပ်မှုမှာ ထိပ်တန်းမှာ ရှိနေသေးတဲ့ မြန်မာတွေ နိုင်ငံခြားဝင်ငွေကောင်းခဲ့တာကိုးတဲ့။ အဲဒီအချက်တွေကို အဓိကထားပြီး ပြောကြတာ များပါတယ်။

အဲဒီခေတ်က မြန်မာတွေဟာ အရှေ့တောင်အာရှ ဒေသမှာ ထိပ်ဆုံးမှာ ရှိခဲ့ပါတယ်။ အရှေ့တောင်အာရှ ဒေသနိုင်ငံများ ဖြစ်ကြတဲ့ ထိုင်း၊ ကမ္ဘောဒီးယား၊ လော၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား ဆိုတာတွေထက် မြန်မာတွေက ဘာကြောင့် ရှေ့ရောက်သွားခဲ့ရတာလဲ ... ဒါဟာ သမိုင်း သင်ခန်းစာအတွက် ပြန်တွေးဖို့၊ သုံးသပ်ဖို့ကောင်းတဲ့ အချက်တွေပါ။ မြန်မာတွေဟာ ၁၉၄၈ ခုနှစ်မှာ အင်္ဂလိပ် လက်အောက်က လွတ်မြောက်တာနဲ့ တစ်ပြိုင်နက် ပြည်တွင်းစစ်ကြီးနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ ခဏတာလေး မဟုတ်ပါဘူး၊ ဒီကနေ့အထိ ပြဿနာဟာ ရှိနေဆဲပါ။ မြန်မာတွေ အရှေ့တောင်အာရှဒေသရဲ့ အတိုးတက်ဆုံး ဖြစ်နေခဲ့တဲ့ အချိန်တွေဟာ ၁၉၄၈ ကနေ ၁၉၆၂ အထိ အကြမ်းဖျင်း ပြောလို့ ရပါတယ်။ ဒီလို ပြောလိုက်တဲ့အတွက် ဖ-ဆ-ပ-လ တွေ အများဆုံး ကြီးစိုးတဲ့ ကာလမို့ ဖ-ဆ-ပ-လ အစိုးရတွေ တော်လှချည့်၊ ကောင်းလှချည့်လို့ ပြောချင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီမိုကရေစီခေတ် ဆိုတာနဲ့၊ လွတ်လပ်တဲ့ စီးပွားရေးခေတ် ဖြစ်တယ်ဆိုတာကိုတော့ ရာနှုန်းပြည့် မဟုတ်ပေမဲ့ စကားအားဖြင့် ပြောလောက်အောင်တော့ မှန်ကန်နေပါတယ်။ ဒီတုန်းက စက်မှုကုန်ထုတ် လုပ်ငန်းတွေမှာ မြန်မာတွေဟာ

သူ့ခေတ်နဲ့သူ ဒေသတွင်း ထိပ်တန်းမှာရှိပါတယ်။ ဗြိတိသျှတွေ ထားခဲ့တဲ့ ပညာရေးကို ပြုရင်းပြင်ရင်းနဲ့ ခေတ်သစ်ပညာရေးမှာလည်း ဒေသတွင်းထိပ်တန်းမှာ ရှိပါတယ်။ ရန်ကုန်၊ မန္တလေး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေ၊ ဆေးတက္ကသိုလ်တွေ၊ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်တွေကို ဒေသတွင်းနိုင်ငံတွေက မော့ကြည့်ခဲ့ရပါတယ်။ အားကစားမှာလည်း မြန်မာပြည်ကို ဒေသတွင်း၊ အိမ်နီးချင်းနိုင်ငံတွေက ကျော့ကျော့ နပ်နပ်ကြီး ခံ့ညား လေးစား ခဲ့ကြရတာပါပဲ။ ဒီနေ့ ဒေသတွင်း ထိပ်တန်းနိုင်ငံဖြစ်တဲ့ စင်ကာပူတို့ မလေးရှားတို့ဟာ မြန်မာရဲ့ ရန်ကုန်မြို့ကြီးကို စံထား၊ အားကျ၊ အတုယူခဲ့ကြရတာပါ။

ကမ္ဘာ့နိုင်ငံရေးသမိုင်းမှာလည်း ... ဒီတုန်းက ရုရှားခေါင်းဆောင်တဲ့ အရှေ့ အုပ်စုနဲ့ အင်္ဂလိပ်၊ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စု အကြား ဘက်မလိုက် နိုင်ငံများ အုပ်စုထူထောင်ရာမှာ မြန်မာဟာ ထိပ်တန်း ၅ နိုင်ငံ စာရင်းဝင်အဖြစ် အလွန် မျက်နှာပွင့်ခဲ့ပါတယ်။ မြန်မာနိုင်ငံက “ဦးနု”၊ အိန္ဒိယနိုင်ငံက “ဂျဝါဟလာ နေရူး”၊ အင်ဒိုနီးရှားနိုင်ငံက “ဆူကာနို”၊ တရုတ်နိုင်ငံက “ချူအင်လိုင်း”၊ အီဂျစ်က “နာဆာ”တို့ဟာ ကမ္ဘာ့တတိယအုပ်စုရဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးတွေ အဖြစ် ကျော်ကြားပါတယ်။ အင်အားကြီး အရှေ့၊ အနောက်အုပ်စုကြီးနှစ်ခုရဲ့ လေးစား တန်ဖိုးထားမှုကို ရရှိခဲ့ကြပါတယ်။ မြန်မာတွေရဲ့ အဲဒီကာလတန်ဖိုးတွေကို ပေါ့ပေါ့ ဆဆ သဘောမထားသင့်သလို မေ့ပျောက်ပစ်ဖို့လည်း မသင့်ပါဘူး။ ပြန်ပြီးတော့ သင်ခန်းစာယူကြရမှာပါ။

မြန်မာတွေဟာ လွတ်လပ်မှုကို ကြိုက်တယ်။ ဒီမိုကရေစီကိုလည်း ကြိုက်တယ်။ လွတ်လပ်တဲ့ စီးပွားရေးစနစ်ကို ကြိုက်တယ်။ ကျယ်ကျယ် ပြန့်ပြန့် ဆက်ဆံရေးတွေ လိုချင်တယ်။ အထီးကျန် နေရတာမျိုးကို မကြိုက်ဘူး။ ကိုယ်နဲ့ မတူတာတွေကို လက်ခံလေ့လာလိုတဲ့ အကျင့်စရိုက်ကြီးမား တယ်။ မြန်မာတွေဟာ နိုင်ငံတကာက အစားအစာမျိုးစုံကို လက်ခံစားသုံးနိုင် သလို ကမ္ဘာ့အရပ်ရပ်က အတွေးအခေါ်၊ အယူအဆတွေကိုလည်း အလေး အနက် လေ့လာ လက်ခံနိုင်တယ်။ နိုင်ငံတကာ စကားမျိုးစုံကို ပီသအောင် ပြောနိုင်စွမ်းရှိတဲ့ အသံထွက်ကြွယ်ဝမှုတွေလည်း ရှိကြတယ်။ မြန်မာတွေရဲ့ လွတ်လပ်ပေါ့ပါးမှုကို ပေါ်လွင်အောင်လို့ ကြိုးစားပြီး တင်ပြနေတာပါ။ ဒါတွေဟာ မြန်မာတွေကြီးပွားတိုးတက်မှု လျင်မြန်တာနဲ့ပတ်သက်ပြီးတော့ အကြောင်းအရင်း တွေအဖြစ် အကြမ်းဖျင်း အရပ်တွေး တွေးကြည့်နေတာပါ။

မြန်မာပြည်မှာ ပြည်သူပိုင် စီးပွားရေး ထူထောင်ကြည့်ပါတယ်။အလျင် အမြန် ကျဆုံးမွဲတေသွားတာကို တွေ့ကြရပါတယ်။ ပြည်သူပိုင်စနစ် ဆိုတာမျိုးဟာ

မြန်မာတွေနဲ့ အနည်းဆုံး ... လောလောဆယ်တော့ မကိုက်ညီတာ သေချာပါတယ်။ ပြည်သူပိုင် စီးပွားရေး ကျဆုံးတော့ ... ဒါဟာ မူကြောင့် မဟုတ်ဘူး၊ လူကြောင့် ဖြစ်တယ်လို့ ပြောကြတဲ့သူတွေလည်း ရှိပါတယ်။ ဝင်းဖေတို့ မျက်မြင် ကိုယ်တွေ့ ကြုံခဲ့ကြရတာတွေကတော့ ... မြန်မာလူမျိုးတွေရဲ့ အခြေခံမှာကိုက ပြည်သူပိုင် ဆိုတဲ့ သဘောတရားကို မနှစ်သက်ကြပါဘူး။ ပြည်သူပိုင်စနစ်ရဲ့ အနှစ်သာရကို နားမလည်ကြတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မြန်မာတွေရဲ့ ဓလေ့၊ စရိုက်၊ အစဉ်အလာမှာကိုက ပုဂ္ဂလိက တစ်ဦးချင်းစီရဲ့ ကိုယ်ပိုင် လုပ်ပိုင်ခွင့်တွေကို ပိုပြီးတော့ နှစ်သက်ကြတာကို တွေ့ရပါတယ်။ မြန်မာပြည်ကို အထီးကျန် ကျင့်ကြံတာကိုလည်း မြန်မာတွေ မနှစ်သက်ကြပါဘူး။ မြန်မာတွေမှာ လွတ်လပ်တဲ့ ပေါင်းသင်း ဆက်ဆံရေးကို အလွန်တန်ဖိုးထားတဲ့ အစဉ်အလာတွေ အထင်အရှားရှိပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးကို ကန့်သတ်ထားတဲ့ အခါမှာ မြန်မာတွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းအားတွေကို အများကြီး ထိခိုက် နစ်နာစေတာ တွေ့ကြရပါတယ်။

မြန်မာတွေမှာ အလွယ်တကူတွေ့နိုင်တဲ့ အားနည်းချက်တွေကတော့ အလေး အနက်ထားဖို့ စိတ်မရှည်တတ်ခြင်း၊ အလွယ်တကူ စိတ်ဝမ်းကွဲတတ်ခြင်း၊ စည်းကမ်းကလနား အားနည်းခြင်း၊ ရေရှည်ထိန်းသိမ်းမှု အားနည်းခြင်း စတဲ့ အချက်တွေ ဖြစ်ပါတယ်။ ဒါတွေဟာ အပူပိုင်းနိုင်ငံတွေမှာ ဖြစ်တတ်တဲ့ သဘာဝ တွေပါပဲ။ ဒါ့ကြောင့် အနာရှိရင် ဆေးရှိရပါမယ်။ အကျိုးတစ်ခု အတွက် အကြောင်း တရားတွေကိုသိရင် ပြုပြင်ဖို့ နည်းလမ်းဟာ ရှိတာပါပဲ။ ကမ္ဘာစစ်ကြီးအပြီး ဆယ်နှစ် ကျော်ကျော်လောက် အတွင်း မြန်မာတွေရဲ့ လှုပ်ရှားမှုတွေကို သတိရသလောက် ပြန်ပြီး တော့ တင်ပြမိတာပါ။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေ ပါ။

သောတရှင်များခင်ဗျာ ...

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားတော့ မြန်မာနိုင်ငံကို ဗြိတိသျှတို့က ပြန်ပြီးတော့ အုပ်ချုပ်ပါတယ်။ အလားတူပဲ တခြား ဗြိတိသျှကိုလိုနီနိုင်ငံတွေကိုလည်း စစ်ထဲပါတဲ့ နိုင်ငံရော၊ မပါတဲ့ နိုင်ငံတွေကိုရော ဗြိတိသျှတို့က ပိုနေမြဲကျားနေမြဲ ဆက်လက်အုပ်ချုပ်ပါတယ်။

ဒါပေမဲ့ ဗြိတိသျှတို့ဟာ ဒုတိယကမ္ဘာစစ်ကြီးကို ဥရောပစစ်မြေပြင်၊ မြောက်ပိုင်း အာဖရိက စစ်မြေပြင်၊ အာရှအရှေ့အလယ်ပိုင်းနဲ့ အာရှအရှေ့တောင်ပိုင်းတွေမှာ ပင်ပင်ပန်းပန်း တိုက်ခိုက်လိုက်ရတဲ့အတွက် နေမဝင်အင်ပါယာကြီးမှာ အများကြီး အားအင်ချည့်နဲ့သွားပါတယ်။ ဥရောပစစ်မြေပြင်မှာ ဂျာမန်တွေက စစ်ဦးကာလနဲ့ စစ်လယ်ကာလတွေအတွင်း ဥရောပနိုင်ငံ အားလုံးလောက်နီးနီးကို အောင်နိုင်သိမ်းပိုက် လိုက်ပါတယ်။ အင်္ဂလန်ကျွန်းပေါ်တက်ပြီးတော့ အင်္ဂလန်နိုင်ငံကို သိမ်းပိုက်လိုက်ဖို့ သာ ကျန်ပါတော့တယ်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်ကြီးကို ဂျာမန်တို့ရဲ့ V1 V2 ဒုံးကျည်တွေနဲ့ ပစ်ခတ်ချေမှုန်းတာကို အပြင်းအထန်ခံလိုက်ကြရပါတယ်။ အမေရိကန် ကသာ ဥရောပစစ်မြေပြင်ကို ဝင်မလာဘူးဆိုရင် အင်္ဂလန်ဟာ ဂျာမန်တို့လက်ကို ကျရောက်သွားဖို့သာ ရှိပါတော့တယ်။ ဒါ့ကြောင့် ဗြိတိသျှနေမဝင်အင်ပါယာကြီးဟာ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ အများကြီး အင်အားချည့်နဲ့သွားပါတယ်။ ဒါ့ကြောင့် ဗြိတိသျှကိုလိုနီနိုင်ငံတွေအားလုံး လွတ်လပ်ရေးရဖို့ အပြင်းအထန် ကြိုးစားကြပါတော့ တယ်။ မြန်မာနိုင်ငံကလည်း အင်္ဂလိပ်အခက် မြန်မာ့အချက်ဆိုပြီးတော့ စစ်ပြီး ခေတ် မြန်မာ့လူငယ်နိုင်ငံရေးသမားတွေဦးဆောင်တဲ့ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး(ဖ-ဆ-ပ-လ) နိုင်ငံရေးအဖွဲ့ကြီးမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ သခင်သန်းထွန်း၊ သခင်စိုး၊ ဦးသိန်းဖေမြင့်၊ ဦးကျော်ငြိမ်း၊ ဦးဘဆွေ၊ ဦးရာဇတ်၊ ဦးရာရှစ် စတဲ့ နိုင်ငံရေးသမားတွေ ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းကြပါတယ်။

အဲဒီအချိန် ၁၉၄၅ မှာ ဝင်းဖေဟာ ၉ နှစ်သားပဲ ရှိပါသေးတယ်။ ဗုံးဒဏ်တစ်စိတ်တစ်ဒေသခံရလို့ စုတ်ပြတ်နေတဲ့ တိုက်ကြီးထဲမှာ ပြန်ဖွင့်တဲ့ မန္တလေးအမျိုးသား ကျောင်းကို ပြန်တက်ရပါတယ်။ ဗြိတိသျှအစိုးရကလည်း

အစိုးရကျောင်းတွေကို ပြန်ဖွင့်ပေးပါတယ်။ မန္တလေးအမှတ် (၁) အစိုးရအထက်တန်းကျောင်းကို မန္တလေးကျုံး အနောက်ဘက်၊ သူဌေးတန်း၊ ဈေးက စိန်မေရီကျောင်းမှာ ပြန်ဖွင့်ပါတယ်။ ဝင်းဖေတို့ လည်း အမျိုးသားကျောင်း ပြန်လည်ထူထောင်ရေး အင်အားချည့်နဲ့နေတာကြောင့် အမှတ် (၁) အစိုးရကျောင်းကို ပြောင်းရပါတယ်။ ဝင်းဖေတို့ရဲ့ ကမ္ဘာစစ်ကြီးအပြီး ခေတ်ပျက်ပညာရေးမှာ ကံဆိုးတာတွေရှိသလို ကံကောင်းတာတွေလည်း ရှိပါတယ်။ ကံဆိုးတာကတော့ ကျောင်းသုံးပစ္စည်းမှန်သမျှ အားလုံး ရှားပါးနေခြင်း ဖြစ်ပါတယ်။ ကံကောင်းတာက ကျောင်းသားဦးရေ နည်းနေခြင်း ဖြစ်ပါတယ်။

ဒီတုန်းက ဝင်းဖေတို့ မန္တလေး အမှတ်(၁) အစိုးရကျောင်းမှာ မူလတန်းရော၊ အလယ်တန်းရော၊ အထက်တန်းရော အားလုံး ပေါင်းတာတောင်မှ ကျောင်းသားဦးရေ ၃၀၀ လောက်ပဲ ရှိပါတယ်။ ဆရာ၊ ဆရာမတွေက စစ်ကြီးပြီးတော့ အလုပ်ပြန်ဝင်မှ လခရ၊ ဝင်ငွေရှိကြမှာမို့ လိုအပ်တဲ့အရေအတွက်ထက် ပိုပြီးတော့ရှိနေပါတယ်။ ဝင်းဖေ တို့ သင်တန်းတွေမှာ အတန်းပိုင်ဆရာ၊ ဆရာမ တစ်ယောက်တစ်ယောက်ဟာ ကျောင်းသား ၂၀ ထက် ပိုပြီး တာဝန်မယူရပါဘူး။ များသောအားဖြင့် အတန်းတွေမှာ ကျောင်းသား ဦးရေ ၂၀ ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ဆရာ၊ ဆရာမတွေက ကျောင်းသား တွေကို ပိုပြီးတော့ ထိထိရောက်ရောက် စီမံအုပ်ချုပ် သင်ပြနိုင်ကြပါတယ်။ ဝင်းဖေတို့ ငယ်စဉ်က အစိုးရကျောင်းတွေမှာ အပိုသင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ ဆိုတဲ့ သင်တန်းတွေ မရှိပါဘူး။ အင်္ဂလိပ်စာ၊ မြန်မာစာ၊ အခြေခံ ဂဏန်းသင်္ချာ၊ အခြေခံ ဂျီသြမေတြီ၊ အခြေခံအက္ခရာသင်္ချာ၊ နောက် ... ပထဝီ၊ သမိုင်း၊ နောက် .. အထွေထွေသိပ္ပံနဲ့ အပိုဘာသာတွေကတော့ ... လောကနီတိတို့၊ ကျန်းမာရေးလေ့ကျင့်မှု ဆိုတာတွေ ရှိပါတယ်။ ပန်းချီသင်တန်းတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ဆရာ၊ ဆရာမ မလုံလောက်တဲ့အတွက် အထက်တန်း ကျောင်းတိုင်းမှာ ပန်းချီသင်တန်းတွေ မရှိပါဘူး။ ဝင်းဖေ ငယ်စဉ်ကတော့ အလွန်ကံကောင်းတဲ့အတွက် ဝင်းဖေတို့ကျောင်းမှာ ပန်းချီ သင်တန်း ရှိပါတယ်။ ပန်းချီအတန်းပိုင်ဆရာက ဦးထွန်းညွှန့် ဖြစ်ပါတယ်။ ဆရာ ဦးထွန်းညွှန့် ကိုယ်တိုင်က မည်ကာမတ္တ ဆရာတစ်ယောက် မဟုတ်ဘဲ ပန်းချီပညာမှာ ကိုယ်ပိုင်ဟန်နဲ့တကွ ထူးချွန်သူ ဖြစ်ပါတယ်။ ဝင်းဖေတို့ ပေါ်ဦးသက်တို့အတွက် အလွန်ခိုင်မာတဲ့ ပန်းချီ အခြေခံတွေကို သင်ယူခွင့်ရခဲ့ကြပါတယ်။

ဆရာဦးထွန်းညွှန့်က ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ရဲ့ နောက်ပိုင်း ဆရာကြီးတွေ ဖြစ်ကြတဲ့ ပန်းချီဆရာကြီး ဦးဘသက်နဲ့ ပန်းချီဆရာကြီး ဦးခင်မောင်တို့ကို သူကိုယ်တိုင် လေးစားယုံကြည်တဲ့အတွက် ဝင်းဖေတို့ကို

ကျော်ကျော်နပ်နပ်ကြီး ဆရာ ပြောင်းခွင့် ပြုခဲ့ပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ဟာ အထွေထွေကျောင်းပညာရေးမှာ သင်ကြားတဲ့ ပန်းချီ သင်ရိုး ညွှန်းတမ်းလောက်နဲ့ မလုံလောက်တော့ဘူး၊ ဒီ့ထက် အဆင့်မြှင့်ပြီး သင်ယူကြရတော့မယ်ဆိုတာကို ဆရာဦးထွန်းညွှန့်ကိုယ်တိုင်က တွေးဆ သိမြင် ခဲ့တာ ဖြစ်ပါတယ်။ ဆရာကြီး ဦးဘသက်၊ ဦးခင်မောင်တို့နဲ့ ဆရာဦးထွန်းညွှန့်ဟာ တနင်္ဂနွေနေ့တိုင်း အပတ်စဉ် UBAC အထက် ဗမာပြည် ပန်းချီအသင်း လေ့ကျင့်ရေး အစီအစဉ်တွေမှာ တွေ့ဆုံနေကြ ဖြစ်တဲ့အတွက် ဆရာဦးထွန်းညွှန့်က သူ့တပည့် နှစ် ယောက်ကို ဆရာကြီးများထံ အကြိမ်ကြိမ် ကိုယ်တိုင် အပ်နှံပေးပါတယ်။ ဒါ့ကြောင့် ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ဟာ ဆရာအရင်း ၃ ယောက်စလုံးရဲ့ တပည့်အရင်းတွေ ဖြစ်ခဲ့ကြပါတယ်။ ကျောင်းပညာရေးအဆင့် ပန်းချီပြိုင်ပွဲတွေမှာ တခြားကျောင်းက ကျောင်းသားတွေဟာ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ကို လုံးဝ မကျော်လွှန်နိုင်ခဲ့ကြပါဘူး။ ဝင်းဖေတို့ကလည်း ကျောင်းက လွှတ်လို့သာ ပြိုင်ပွဲတွေ ဝင်နေကြရပေမဲ့ အလွယ်တကူ အနိုင်ရကြတာ များလာ၊ ကြာလာတော့ ပြိုင်ပွဲတွေကို စိတ်မဝင်စားတော့ဘဲ ဖြစ်လာ ကြပါတယ်။ ပြိုင်ပွဲကော်မတီကလည်း နောက်ပိုင်းမှာ ဝင်းဖေနဲ့ ပေါ်ဦးသက်ကို ကျောင်း ပညာရေး ပန်းချီပြိုင်ပွဲတွေမှာ ဝင်ခွင့် ပိတ်လိုက် ကြပါတော့တယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

ဝင်းဖေရဲ့ အထက်တန်းကျောင်းသားဘဝမှာ ပင်မကျောင်းပညာရေးအပြင် ပန်းချီနဲ့ ဂီတလှုပ်ရှားမှုတွေလည်း ရှိခဲ့ပါတယ်။ ပန်းချီကတော့ ဝင်းဖေတို့ကျောင်းရဲ့ အပိုသင်ရိုးညွှန်းတမ်းမှာ ပါနေတဲ့အတွက် ဝင်းဖေအဖို့ အလွန်ကံကောင်းခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာ့ပညာရေးလောကမှာ ပညာတတ် အရေအတွက် လိုအပ်မှု ၃ နှစ်လောက် ခါးပြတ် သွားတယ်လို့ ယူဆကြလေသလား မပြော တတ်ပါဘူး။ ဝင်းဖေဆိုရင် တစ်နှစ်တည်းမှာတောင် ၃ တန်း တက်ခဲ့ရဖူးပါတယ်။ ဝင်းဖေ ၂ တန်းအောင်ပြီး ၃ တန်းကို ရောက်တဲ့အခါမှာ ကိုင်တဲ့ အတန်းပိုင်ဆရာမကြီး က ဝင်းဖေရဲ့ ဂဏန်းသင်္ချာကိုစစ်ပြီး အောင်လို့ရှိရင် ၄ တန်းကို တင်ပေးဖို့ စီစဉ်ပါတယ်။ ၃ တန်းကို ဝင်းဖေက တစ်လပဲ တက်ရပါသေးတယ်။ ဂဏန်းသင်္ချာ အထူး စစ်ဆေးတာကို ဖြေရပါတယ်။ အလွယ်တကူပဲ အောင်မြင်တဲ့အတွက် ၄ တန်းကို တက်ခဲ့ရပါတယ်။ ၄ တန်း ဒုတိယလကမေးပွဲမှာ ဝင်းဖေဟာ အဆင့် ၉ လောက် ရပါတယ်။ တစ်ခါ ၄ တန်း၊ ပထမ ၃ လပတ်စာမေးပွဲမှာ အဆင့် ၁၊ ၂၊ ၃ နဲ့ အောင် မြင်တဲ့ ကျောင်းသားတွေကို ၅ တန်းကို တင်ပေးမယ်လို့ ဖြစ်ပြန်ပါတယ်။ ဝင်းဖေဟာ ၃ တန်းကို တစ်လပဲတက်ပြီး ၄ တန်းကို ရောက်လာရသူဖြစ်တဲ့အတွက် ၅ တန်းကို တက်ရေး ၄ တန်းမှာ ပထမ၊ ဒုတိယ၊ တတိယ အဆင့်တွေရအောင် ကြိုးစားဖို့စိတ်မကူးပါဘူး။ ဒါပေမဲ့ ၄ တန်း ၃ လ ပတ်စာမေးပွဲ အမှတ်စဉ်ထွက်လာတဲ့အခါမှာ ဝင်းဖေဟာ တတိယ ရနေပြန်ပါတယ်။ ဒါနဲ့ပဲ ၄ တန်းမှာ ၂ လပဲ နေရပြီးတော့ ၅ တန်းကို တက်ရောက်သွားပြန်ပါတယ်။

နောက်ထပ် ၆ လလောက်ကြာတော့ ၅ တန်း အစိုးရစစ်စာမေးပွဲကြီး ကျင်းပ ပါတယ်။ ဝင်းဖေဟာ အဲဒီစာမေးပွဲကိုလည်း အောင်မြင်တဲ့အတွက် တစ်နှစ်အတွင်း ၃ တန်းကနေ ၆ တန်းကို ရောက်သွားပါတယ်။ မြန်မာပညာတတ်တွေ ထုတ်လုပ်ဖို့ လောနေတဲ့ခေတ်ကာလကြီးမှာ ဝင်းဖေလို ကံကောင်းပြီးတော့ ခုန်ပျံကျော်လွှား တက်ခွင့်ရသူတွေ ဘယ်လောက်များများ ရှိမယ်ဆိုတာတော့ ဝင်းဖေ သတိမထားမိပါဘူး။ ဝင်းဖေဟာ ၆ တန်း၊ ၇ တန်း၊ ၈ တန်းနဲ့ ၉ တန်းကို အမှန်အတိုင်း တက်ရ ပါတယ်။ ဒါပေမဲ့ ဝင်းဖေ ၉ တန်းမရောက်ခင် ၁၉၄၉-၅၀ ပညာသင်နှစ်အထိအထက်တန်းပညာရေးမှာ

တက္ကသိုလ်ကိုသွားနိုင်ဖို့ (ဒါမှမဟုတ်) အထက်တန်း ကျောင်းထွက်လက်မှတ် School Leaving Certificate ရနိုင်ဖို့ ၁၀ နှစ်၊ ၁၀ တန်း အထိနေကြရပါတယ်။ ဒါ့ကြောင့် ဝင်းဖေဟာ ဒုတိယကမ္ဘာစစ် ကာလကြီးကြောင့် ပညာရေးနှောင့်နှေးရမည့်အစား အသက်မပြည့်သေးဘဲ Metriculation စာမေးပွဲ အောင်ပြီးတော့ တက္ကသိုလ်ရောက်ခဲ့ပါတယ်။ နောက်တစ်ချက်က အဲဒီကာလတွေမှာ Matriculation စာမေးပွဲတွေကို အချိန်မရွေး ဝင်ရောက်ဖြေဆိုခွင့်ရှိနေပြန်ပါတယ်။ ဆိုလိုတာက ပညာရေးကို ဖြတ်လမ်းကကြိုးစားပြီးတော့ Matriculation စာမေးပွဲ အောင်အောင် ဖြေဆိုပြီးတော့ တက္ကသိုလ်ကို တက်လှမ်းနိုင်ကြခြင်းပဲ ဖြစ်ပါတယ်။

အဲဒီတုန်းက သာသနာပြု မစ်ရှင်ကျောင်းက ကျောင်းသားတွေဟာ အခြေခံ အင်္ဂလိပ်စာသင်ယူအား ကောင်းကြတာကြောင့် ၇ တန်း၊ ၈ တန်း ကျောင်းသားတွေက အထူးကျူရှင်တွေ ယူပြီးတော့ ဖြတ်လမ်းကနေ Metriculation စာမေးပွဲတွေ ဖြေဆို ကုန်ကြပါတယ်။ မြေကြော ရှုံ့ပြီးတော့ တက္ကသိုလ်ကို ရောက်ကုန်ကြပါတယ်။ အဲဒီလိုနဲ့ မြန်မာ့ပညာရေး အထက်တန်းမှာ ၁၀ တန်း မဟုတ်၊ ၉ တန်း ၁၀ စုနှစ်တစ်ခု ကျော် ကျော်လောက် မြေကြောရှုံ့ထားခဲ့ပါတယ်။ ဘယ်နှခုနှစ်ကြတော့မှ ၁၀ တန်းကို ပြန်လည် ထည့်သွင်းတယ် ဆိုတာကိုတော့ ဝင်းဖေ မမှတ်မိတော့ပါဘူး။ ဝင်းဖေတို့ Matriculation စာမေးပွဲ ဖြေနေချိန်တွေအထိ မြန်မာ တစ်နိုင်ငံလုံးက မက်ထရစ် စာမေးပွဲတွေမှာ ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူတွေအတွက် ဓာတ်ပုံနဲ့ ပူးတွဲထားတဲ့ စာမေးပွဲဝင်မှတ်ပုံတင်စနစ် မရှိသေးပါဘူး။ ကျောင်းသားအများစုဟာ စာမေးပွဲဒေသတွေ ပြောင်းပြီးတော့ ဖြေဆိုကြတာတွေ အတော်များပါတယ်။ စနစ်တကျ စာမေးပွဲမှတ်ပုံတင်ကတ် မရှိတဲ့အတွက် လူစားထိုးပြီး စာမေးပွဲဝင်ဖြေလို့ရတဲ့ ခေတ်ကြီး ဖြစ်နေပါတယ်။ တစ်ခုတော့ရှိပါတယ် ...၊ ဝင်းဖေတို့ ငယ်စဉ် ခေတ်ကာလမှာ မသမာတဲ့နည်းနဲ့ စာမေးပွဲအောင်ချင်ကြသူတွေ အလွန်နည်းပါတယ်။ ရှားပါတယ်။ ဝင်းဖေ အကြားအမြင် ကျဉ်းမြောင်းတာလည်း ဖြစ်နိုင်ပါတယ်။ ဝင်းဖေသိတဲ့ မသမာတဲ့ နည်းနဲ့ တက္ကသိုလ်ရောက်လာသူတွေဟာ ၅ ယောက်တောင် မပြည့်ပါဘူး။

၁၉၅၁-၅၂ ပညာသင်နှစ်အတွင်း ဝင်းဖေ မန္တလေးတက္ကသိုလ်ကို စပြီး ရောက် ပါတယ်။ ဝင်းဖေတို့ခေတ်က တက္ကသိုလ် မောင်မယ်သစ်လွင် နေ့တွေမှာ တက္ကသိုလ် ကျောင်းအုပ်ကြီးတွေ ပြောတတ်တဲ့ မိန့်ခွန်းတွေကတော့ ... တက္ကသိုလ်ရောက်လာပြီ ဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားတွေဟာ အထက်တန်းကျောင်းတွေမှာလို စာပေသင်ကြားနည်းတွေ သုံးတော့မှာ မဟုတ်ကြောင်း၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေဟာ

ကိုယ့်ပညာရေးအတွက် ကိုယ့်ဟာကိုယ် လေ့လာကြိုးပမ်းကြရမှာ ဖြစ်ကြောင်း၊ တက္ကသိုလ် ဆရာ၊ ဆရာမတွေဟာ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ တွေရဲ့ ကိုယ်တိုင်လေ့လာသင်ကြားရေးမှာ အထောက်အကူ၊ အထိန်းအကျောင်းပဲ ပြုပေးကြတော့မှာဖြစ်ကြောင်း၊ လွတ်လပ်တဲ့ ပညာသင်ကြားရေးကို ထိပ်တန်းမှာ ထားပြီးတော့ အမှာစကား ပြောကြားလေ့ ရှိပါတယ်။ မောင်မယ်သစ်လွင်တွေကို စတင် နှုတ်ဆက်ရာမှာတောင် ... Ladies & Gentleman ဂုဏ်သရေရှိ အမျိုးသမီး၊ အမျိုးသားများ ... ဆိုတာမျိုး သိသိသာသာကြီး စိတ်ဓာတ်မြှင့်တင်ပေးတတ် ပါတယ်။ အဲဒီခေတ်က ကျောင်းသားအရေအတွက်ကလည်း နည်းတဲ့အတွက် တက္ကသိုလ် စာကြည့်တိုက်တွေမှာ ရှိတဲ့ ဘာသာရပ်ဆိုင်ရာ စာအုပ်၊ စာတမ်းတွေ ကလည်း အလုံအလောက် ဖြစ်နေပါတယ်။ ဘာသာရပ်ဆိုင်ရာ ကိုးကားဖို့ စာအုပ်တွေ အလုံအလောက် ရှိတဲ့အတွက် ဝင်းဖေတို့ခေတ် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား တွေဟာ တက္ကသိုလ်စာကြည့်တိုက်တွေကို အဝင်အထွက် ပိုများပါတယ်။ ဆရာ၊ ဆရာမတွေနဲ့ တိုက်ရိုက် သင်ကြားမှုထက် ကိုယ့်ဟာကိုယ် ကြိုးစားမှု ပိုပြီးများခဲ့ကြ ပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒုတိယကမ္ဘာစစ်ကြီး ပြီးစ ၁၉၄၀ ခုနှစ် နောက်ပိုင်းနှစ်တွေဟာ ဝင်းဖေရဲ့ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်း ကျောင်းသားဘဝ နှစ်တွေ ဖြစ်ပါတယ်။ ဝင်းဖေ အရင့်အရင်က ပြောခဲ့ဖူးသလို .... ဝင်းဖေဟာ ကျောင်းစပြီး မနေရသေးခင် ကတည်းက ဖခင်ကြီး ရွှေပြည် ဦးဘတင်ရဲ့မူ၊ ဆန္ဒအရ ဂီတနဲ့ပန်းချီကို စပြီးတော့ သင်ကြားရပါတယ်။ ဖခင်ကြီးရဲ့မူ ယုံကြည်မှုအရကတော့ အခြေခံပညာရေးမှာ ပန်းချီနဲ့ဂီတဟာ မပါမဖြစ် ရှိကို ရှိနေရမယ်လို့ ယုံကြည်သူဖြစ်ပါတယ်။ အခြေခံအနုပညာ သင်ကြားမှုဟာ အထွေထွေ ပညာရေးအတွက် အများကြီး အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည်တာဖြစ်ပါတယ်။ ကျောင်းသားမိဘအများစုကြီးကတော့ အနုပညာတွေဟာ အခြေခံ ပညာ သင်ကြားရေးမှာ အချိန်တွေကိုပြုန်းတီးစေတယ်၊ အာရုံကို သွေဖီစေတယ်၊ စိတ်ကို လေလွင့်စေတယ်လို့ ယုံကြည်တတ်ကြပါတယ်။ တချို့မိဘများကျတော့လည်း အနုပညာလိုက်စားဖို့ဆိုတာ မွေးရာပါပညာ ဗီဇ၊ ပါရမီ အလွန် ထူးချွန်ဖို့လိုတယ်.. ဒါ့ကြောင့် အနုပညာဟာ လူတိုင်းနဲ့ မသက်ဆိုင်ဘူးလို့ ယုံကြည်တတ်ကြပါတယ်။ ခေတ်သစ်ပညာရေး လေ့လာမှုတွေမှာတော့ ... အနုပညာလေ့လာသင်ကြားမှုတွေ ဟာ အနုပညာသည်တွေ ဖြစ်လာကြဖို့ ဆိုတာထက် လူသားတွေရဲ့ ဦးနှောက် စိတ်အာရုံကို ဩဇာဓာတ် ဖြည့်ဆည်းပေးဖို့က အခြေခံအရေးကြီးတဲ့ ရည်ရွယ်ချက် ဖြစ်တယ်လို့ ယုံကြည်သူတွေ များလာပါတယ်။

ဝင်းဖေတို့ ဖခင်ကြီး ရွှေပြည်ဦးဘတင်ကလည်း သူ့ရင်သွေးတွေကို အနုပညာ အခြေခံတော့ ရှိကိုရှိနေရမယ်၊ ဒါမှသာလျှင် သူ့ရင်သွေးတွေရဲ့ဉာဏ်မှာ အခြေခံ ဩဇာဓာတ်တွေ ရှိနေလိမ့်မယ်လို့ ယုံကြည်သူဖြစ်ပါတယ်။ ကမ္ဘာ့ခေတ်မီနိုင်ငံကြီး တွေရဲ့ အထွေထွေပညာရေးမှာ အနုပညာအပါအဝင် အရန်ဘာသာရပ်တွေဟာ ဉာဏ်ရည်ဉာဏ်သွေးအတွက် ဩဇာဓာတ်အဖြစ် လိုအပ်တယ်ဆိုပြီးတော့ ကျောင်း သားတွေအတွက် ပြင်ဆင်မှုတွေ လုပ်ပေးထားတတ်ကြပါတယ်။ အားကစား လိုက်စား မှုတွေဟာလည်း အပါအဝင် ဖြစ်ပါတယ်။ ဝင်းဖေတို့ဖခင်ကြီး ရွှေပြည်ဦးဘတင်ဟာ သူကိုယ်တိုင်လည်း ငယ်ရွယ်စဉ်က ဂီတနဲ့ပန်းချီကို လေ့လာလိုက်စားခဲ့သူဖြစ်ပါတယ်။ အရှေ့တိုင်း ရှေးရိုးရာ ဓလေ့တွေမှာပါတဲ့

အဌာရသ ၁၈ ရပ်ဆိုတဲ့အထဲမှာ အနုပညာ တွေပါနေတာကို နှစ်သက်ပြီးတော့ လုပ်ဆောင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဘာပဲ ပြောပြော … ဝင်းဖေတို့ငယ်ငယ်ကတော့ မြန်မာ့ရိုးရာ မဟာဂီတကို အလင်္ကာ ကျော်စွာ ဆရာဇကလေးနဲ့ အပ်ပြီးတော့ကာ အပတ်စဉ် စနေနေ့တိုင်း တစ်နေကုန် စနစ်တကျ သင်ကြားကြရပါတယ်။ ဆရာကြီး အလင်္ကာကျော်စွာ ဆရာဇကလေးကို လခ သတ်သတ်မှတ်မှတ် ချီးမြှင့်ပြီးတော့ စနေနေ့တိုင်း စနစ်တကျ သင်ကြားစေတာ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ ဝင်းဖေကို အလင်္ကာကျော်စွာ ဆရာကြီး မြန်မာညွန့်ဦးချစ်မောင်နဲ့ အမေဦး တို့ထံမှာလည်း အပ်နှံပြီးတော့ ဆက်လက်လေ့လာစေပါတယ်။ ဆရာကြီး မြန်မာညွန့်ဦးချစ်မောင်နဲ့ အမေဦးတို့ဟာ ဒုတိယကမ္ဘာစစ်အပြီး မန္တလေးမှာဆက်ပြီး နေနေကြပါသေးတယ်။ မန္တလေး၊ အနောက်ပြင်၊ ပိုက်ကျုံး၊ ဂေါဝိန် ဆိပ်အနီး ချမ်းသာရပ်ထုံးကုန်းမှာရှိတဲ့ အောင်ချမ်းသာ သစ်စက်ပိုင်ရှင် ဦးအေး မောင်က ဆရာကြီး မြန်မာညွန့်ဦးချစ်မောင်တို့ ဇနီးမောင်နှံကို အိမ်တစ်ဆောင် မီးတပြောင်နဲ့ ပူဇော်ထားပြီးတော့ ပညာရည်နို့သောက်စို့သူဖြစ်ပါတယ်။ ဝင်းဖေဟာ ဆရာအရင်း ဆရာဇကလေး (ဝင်းဖေတို့အခေါ်ဘိုးလေးဇ) နဲ့အတူ အပတ်စဉ် တနင်္ဂနွေ နေ့တွေမှာ ဦးအေးမောင်ရဲ့အိမ်ကို လိုက်သွားပြီးတော့ မြန်မာညွန့် ဦးချစ်မောင်တို့ ဇနီးမောင်နှံနဲ့အတူ ဆိုတီးစားပြိန်မှာ ပါဝင်တီးမှုတ် ပညာယူခဲ့ရပါတယ်။ ဝင်းဖေက ဆယ်ကျော်သက်အရွယ် … အဲဒီ ဆိုတီးစားပြိန်ဝိုင်းမှာ မဟာဂီတ အဆိုဆရာမကြီး ဂီတမယ်ဒေါ်လှကလေးစိန် ရဲ့ ညီမအငယ်ဆုံးနဲ့အတူ ကလေးတွေအဖြစ် ပါဝင်ကြရပါတယ်။ အဲဒီတုန်းက ဆိုတီးစားပြိန် ဂီတတွေ့ဆုံတီးမှုတ်မှုတွေဟာ မနက် ၁၀ နာရီလောက်ကတည်းက သစ်စက်ပိုင် ဦးအေးမောင်အိမ်မှာ ရောက်ရှိကြရပြီးတော့… ပထမ … ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ သံရိုး တွေနဲ့ စပါတယ်။ အဲဒီအပိုင်းကို ဝင်းဖေတို့ ကလေးနှစ်ယောက်က အများစုကို ဆိုကြတီးကြရပါတယ်။ အဲဒီသံရိုးပိုင်းတွေအပြီး ၁၂ နာရီ၊ ၁ ချက်လောက်မှာ မနက်စာ စားကြရပါတယ်။ သံရိုးပိုင်းလည်း ပြီးသ လောက် ဖြစ်ပါတယ်။ မနက်စာ စားပြီးချိန်က စပြီးတော့ သံဆန်းပိုင်းကို ဝင်ပါတယ်။ ဝင်းဖေတို့ကလေးနှစ်ယောက်ကတော့ မျက်စိရည်ဝဖို့အတွက် ဆက်ပြီးတော့ နေကြ၊ သင်ကြ၊ လေ့လာကြရပါတယ်။ ညနေ ၄ နာရီကျော် လာတာနဲ့ မသောက်တတ်သူ တွေအတွက် လက်ဖက်ရည်နဲ့ ပေါက်စီ … စတာတွေ ရောက်ရှိလာပြီးတော့ သောက် တတ်သူတွေအတွက်ကတော့ အရက်ဝိုင်းစပါတယ်။ လူကြီးပိုင်းတွေဟာ ညပိုင်း သန်းခေါင်သန်းလွဲအထိ တီးကြ၊ မှုတ်ကြ၊ ဆိုကြတော့တာပါပဲ။ နောက်ပိုင်းရောက်လေ ပဒေသာ အမျိုးမျိုးနဲ့ အသော့တွေ၊ အယိုင်တွေ များလာလေပါပဲ။ ဝင်းဖေတို့ ကလေး ပိုင်းကတော့ ညနေ

လက်ဖက်ရည်နဲ့ မုန့်ဝိုင်းအပြီးမှာ အိမ်ကို ပြန်ကြရပါတယ်။ ညပိုင်းအထိ နွဲ့ကြတဲ့ကိစ္စတွေကိုတော့ ဝင်းဖေလည်း တစ်ခါနှစ်ခါပဲ ကုတ်ကတ်ပြီး တော့ ကြိုးစားနားထောင် ကြည့်မိဖူးပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မန္တလေးမြို့၊ အနောက်ပြင်၊ ချမ်းသာရ၊ ထုံးကုန်း သစ်စက်ပိုင်ဦးအေးမောင် အိမ်မှာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆုံကြတဲ့ ဆို တီး စား ပြန် ဝိုင်းဟာ ၁၉၄၇ခု ကနေပြီး ၁၉၅၀ အထိ ၃ နှစ်လောက်ပဲ ကြာပါတယ်။ အဲဒီနောက်ပိုင်းကျတော့ မြန်မာညွန့် ဦးချစ်မောင်တို့ ဇနီးမောင်နှံက ရန်ကုန်မြို့ကို ပြောင်းရွှေ့ကြရတဲ့ အတွက် ဦးအေးမောင်အိမ် ပုံမှန် ဆို တီး စား ပြန် ဝိုင်းကြီးဟာ ၁၉၅၀ ခုနှစ်လောက်မှာ ရပ်ဆိုင်းသွားပါတယ်။ နောက်တော့ ပုံမှန် မဟုတ်တော့တဲ့ ဝိုင်းတွေကတော့ ဆက်ပြီး ရှိနေခဲ့ပါတယ်။

မြန်မာညွန့် ဦးချစ်မောင် ဇနီးမောင်နှံ ဦးဆောင်တဲ့ မန္တလေး ဆို တီး စား ပြန် ဝိုင်းမှာ လာရောက်ကြသူတွေကတော့ ... မန္တလေး ဂီတ တက္ကသိုလ်၊ ကျောင်းအုပ်ကြီး ဦးဘသင်၊ စောင်းဆရာများဖြစ်ကြတဲ့ ဦးသန်၊ ဦးထွန်းအောင်၊ နောက်ပိုင်း မန္တလေး ပန်တျာကျောင်း အဆိုပိုင်း ကထိကဆရာထူး၊ အမျိုးသမီး အဆို ကထိက ဂီတမယ် ဒေါ်လှကလေးစိန်၊ နောက်ပိုင်း မန္တလေး ပန်တျာကျောင်း၊ စန္ဒရားသင်တန်း ကထိက၊ ဆရာ ဦးအုန်းမောင်၊ နောက် ကြိုးကြားကြိုးကြား လာတတ်တဲ့ စန္ဒရားဘသိန်း၊ အလင်္ကာကျော်စွာ ဆရာဇကလေးနဲ့ တပည့် ဝင်းဖေ၊ နောက် ကလေးတစ်ယောက်ကတော့ ဆရာမကြီး ဒေါ်လှကလေးစိန်ရဲ့ ညီမ အငယ်ဆုံး၊ ပတ္တလား တီးသူ ကျောင်းသူကလေး စတာတွေ ဖြစ်ပါတယ်။

စန္ဒရားဆရာကြီး ဦးအုန်းမောင်ဟာ စစ်ပြီးခေတ် မန္တလေး ဆိုင်းတန်းရပ်က ဆိုင်းတန်း ရုပ်ရှင်ရုံ၊ အသံတိတ် ရုပ်ရှင်တီးဝိုင်းက စန္ဒရားဆရာ ဖြစ်ပါတယ်။ အဲဒီတုန်းက မြန်မာရုပ်ရှင် အသံတိတ်ကားတွေဟာ တစ်နေ့ကို ၄ ပွဲ ပြသပါတယ်။ မနက် ၉ နာရီကနေ ၁၂ နာရီ တစ်ပွဲ၊ ၁၂ နာရီက ၃ နာရီတစ်ပွဲ၊ ၃ နာရီကနေ ၆နာရီ တစ်ပွဲ၊ နောက် ည ၉နာရီကနေ ၁၂နာရီ တစ်ပွဲ ဖြစ်ပါတယ်။ ဆရာဦးအုန်းမောင်ဟာ နေ့စဉ် စန္ဒရားခုံမှာ အလုပ်ချိန် ၁၂ နာရီရှိနေရသလို ဖြစ်နေပြီးတော့ စန္ဒရားတီးချိန်ဟာ လည်း ၉ နာရီလောက် ရှိနေပါတယ်။ ဆရာဦးအုန်းမောင် အသံတိတ်ရုပ်ရှင်မှာ တီးနေတာကို ဝင်းဖေတို့ငယ်ငယ်က ဆိုင်းတန်းရုပ်ရှင်ရုံထဲမှာ အကြံအဖန်လုပ်ပြီးတော့ အနီးကပ်ကြည့်ဖူးပါတယ်။ ဆရာဦးအုန်းမောင်ဟာ ရုပ်ရှင် ဇာတ်ပို့သီချင်းတွေကို ခကြိမ်ကြိမ်တီးနေရတာကြောင့် သူ့လက်တွေဟာ စက်ခလုတ်တွေလို

ဖြစ်နေပါတယ်။ စန္ဒရားခုံမှာ မီးလုံးမှိန်မှိန်ကလေး တပ်ထားပြီးတော့ ဝတ္ထုဖတ်ရင်း ဇာတ်ပို့တီးလုံးတွေကို တီးခတ်နေတာ တွေ့ရပါတယ်။ အခန်းပြောင်းလို့ တီးလုံးပြောင်းဖို့ရှိလာရင် ဘေးမှာ ရှိတဲ့ အဆိုတော်တို့ ဘာတို့ထဲက တစ်ယောက်ယောက်က ဝတ္ထုဖတ်နေတဲ့ ဆရာ ဦးအုန်းမောင်ကို လက်တို့ပြီးတော့ အချက်ပေးကြရပါတယ်။ ဆရာကလည်း အလွန် ကျွမ်းကျွမ်းကျင်ကျင်နဲ့ တီးလုံးတွေကို ပြောင်းပေးသွားပါတယ်။

အဲဒီလို မြန်မာ အသံတိတ်ရုပ်ရှင်အတွက် နေ့စဉ် နာရီပေါင်းများစွာ စန္ဒရား တီးနေရာကတစ်ဆင့် သူ့ရဲ့ စန္ဒရားပညာမှာ ခြေခြေမြစ်မြစ် ရှိလာရလေအောင် ဝင်းဖေရဲ့ ဆရာ ဆရာဗကလေးနဲ့ နောက် မြန်မာညွှန့် ဦးချစ်မောင်တို့ဆီမှာ မဟာဂီတကို ကျကျနနသင်ယူပါတယ်။ စန္ဒရားတီးလက်က သိပ်ရနေပြီးတော့ ဂီတဉာဏ်ကလည်း သိပ်ထက်မြက်၊ မှတ်ဉာဏ်ကလည်း သိပ်ကောင်းလေတော့ စန္ဒရားဆရာ ဦးအုန်းမောင် ဟာ မြန်မာ့ မဟာဂီတ လောကမှာ အချိန်တိုအတွင်း အထင်အရှား နာမည်ကြီးလာ ပါတယ်။ စန္ဒရားဦးအုန်းမောင် ဆိုပေမဲ့ ပတ္တလားတီးလည်း အလွန်ကောင်းလှသူ၊ အကွက်အလက် ခံ့ညားသူ၊ စနစ်တကျ လှပတိကျသူအဖြစ် မြန်မာတစ်ပြည်လုံးက မဟာဂီတလောကမှာ ကျော်ကြားပါတယ်။ ပတ္တလားနဲ့ပတ်သက်ပြီး ဆရာဦးအုန်းမောင် ကိုယ်တိုင်က လေးစားရိုသေသူဟာ စန္ဒရားဘသိန်း ဖြစ်ပါတယ်။ စန္ဒရားဘသိန်း ဆိုပေမဲ့ ကျွန်တော်ကတော့ သူ့ ပတ္တလားလက်ကို ပိုပြီးတော့ ကြောက်တယ်ဗျာလို့ ဆရာ ဦးအုန်းမောင်က ပြောဖူးပါတယ်။

စန္ဒရားဆရာ ဘသိန်းဟာ အငြိမ့်ထောင် ဆရာတစ်ယောက် ဖြစ်ပေမဲ့ မဟာ ဂီတမှာလည်း အလွန်သဘောပေါက်သူ၊ အကွက်အလက်များ ခိုင်ခံ့သူ ဖြစ်ပါတယ်။ မြန်မာညွှန့်ဦးချစ်မောင်ရဲ့ လက်ရင်းတပည့်တွေထဲမှာ ဂီတလုလင် မောင်ကိုကို၊ စန္ဒရားဦးအုန်းမောင်နဲ့ စန္ဒရားကိုရည်နွယ်တို့ဟာ တကယ့်ထွန်းတောက်အောင်မြင် ထင်ရှားတဲ့ ဂီတသူရဲကောင်းတွေ ဖြစ်ကြပါတယ်။ ဝင်းဖေတို့ငယ်စဉ် ၁၉၄၀ ခုနှစ် နောက်ပိုင်းတွေနဲ့ ၁၉၅၀ ခုနှစ်တွေမှာ မြန်မာ့မဟာဂီတနဲ့ ပတ်သက်ပြီးတော့ အရပ်ဝိုင်း၊ ဖျာဝိုင်းကလေးတွေဟာ မန္တလေးမှာ အမြောက်အမြားရှိတဲ့အပြင် ... အထူးသဖြင့် ဆံပင်ညှပ်ဆိုင်တွေမှာလည်း မယ်ဒိုလင်တို့၊ ဟာဝေယံ ဂီတာ၊ ဘိနဲ့တီးရတဲ့ ဂီတာတို့၊ ဒုံမင်းတို့၊ တယောတို့၊ ဟွန်းတယောတို့ ဆိုတာတွေနဲ့ မဟာဂီတလိုက်စားသူတွေ ရှိကြပါတယ်။ အသုံးများတဲ့ သီချင်းတွေကတော့ ... ပန်းဟေဝန်၊ စိန်ကြောင် နီလာ၊ ပပဝင်း၊ စိန်ခြူးကြာညောင်၊ ဝေဇယန္တာ၊ မြမန်းဂီရိတို့နဲ့ သံရိုးထဲက အတိုင်းမသိတို့၊ ဂန္ဓမာတောင်တို့ ဆိုတာတွေ ဖြစ်ကြပါတယ်။ များသောအားဖြင့်၊ အခြေခံမှုအားဖြင့်၊ ခိုင်ခံ့မှု

အားနည်းနေတတ်ကြပါတယ်။ ဝင်းဖေတို့ ဆရာကြီးတွေက ဆိုရင် ဝင်းဖေတို့ကို ဆံပင်ညှပ်ဆိုင်က ရှေးသီချင်း ဆိုပေါက်၊ တီးဟန်တွေ နားယောင် သွားမှာ အလွန် စိုးရိမ်ပါတယ်။ ဝင်းဖေတို့ငယ်ငယ်က ဆရာကြီးတွေက ဆံပင်ညှပ် ဆိုင်သုံး၊ မဟာဂီတထဲက သီချင်းတွေကို တော်တော်နဲ့ သင်မပေးပါဘူး။ အစဉ်အလာ မှုတွေကို ယိမ်းယိုင်သွားမှာ သိပ် စိုးရိမ်ခဲ့ကြပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ အထက်တန်း ကျောင်းသားဘဝက ထူးခြားတဲ့ အဖြစ်အပျက်တချို့ကို ဆက်ပြီး တော့ တင်ပြချင်ပါတယ်။

အစိုးရ အမှတ်(၁)အထက် တန်းကျောင်း၊ မန္တလေးမှာ ဝင်းဖေ ရှိနေစဉ်က ကျောင်းအုပ် ကြီး ၃ ယောက်နဲ့ ကြုံဆုံခဲ့ရပါတယ်။ ပထမဆုံး ကြုံဆုံရတဲ့ ကျောင်းအုပ်ကြီးက အင်္ဂလန်နိုင်ငံသားစစ်စစ် မစ္စတာ ဖိလစ် ဖြစ်ပါတယ်။ တယောထိုး အလွန်ကောင်းသူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို လည်းကောင်း၊ မြန်မာတွေကိုလည်းကောင်း အလွန် သံယောဇဉ်ကြီးမားသူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရအပြီး အင်္ဂလိပ်စစ်စစ်တွေ အင်္ဂလန် ပြန်ကြတဲ့အချိန်မှာ ဆရာကြီး ဖိလစ်က အင်္ဂလန်မပြန်တော့ဘဲ မြန်မာနိုင်ငံမှာပဲ ခေါင်းချသူ ဖြစ်ပါတယ်။ ဝင်းဖေ ဆုံခဲ့ရတဲ့ ဒုတိယကျောင်းအုပ်ကြီးကတော့ ဦးဘဗိုး (လို့) ခေါ်တဲ့ ဦးဘဝင်း ဖြစ်ပါတယ်။ သူကလည်း တရုတ်သွေး များများပါတဲ့ မြန်မာပြည်ပေါက် တရုတ်ကပြားပဲ ဖြစ်ပုံရပါတယ်။ ဒါ့ကြောင့်လည်း သူ့နာမည်ရင်းက ဦးဘဗိုး ဖြစ်ပါတယ်။ နောက်မှ မြန်မာ ပိုဆန်အောင်ဆိုပြီးတော့ ဦးဘဝင်းလို့ ပြောင်းလိုက်တာ ဖြစ်ပုံရပါတယ်။ ဆရာကြီး ဦးဘဝင်းကလည်း တရုတ်သွေးများတယ်ဆိုပေမဲ့ မြန်မာ့ ရိုးရာဂီတ၊ မဟာဂီတကို အလွန်ဝါသနာကြီးသူ ဖြစ်ပါတယ်။ သူကိုယ်တိုင်ကလည်း တယောသမား ဖြစ်ပြီးတော့ မြန်မာမဟာဂီတ ရှေးသီချင်းတွေကို တီးသူဆိုသူ ဖြစ်ပါတယ်။ အဲဒီလို သူကိုယ်တိုင်က မဟာဂီတကို ဝါသနာကြီးသူ ဖြစ်တဲ့အတွက် ယယ် ရွယ်ရွယ်နဲ့ မြန်မာသီချင်းကြီး သီချင်းခန့်တွေကို တီးဆိုနေတဲ့ ဝင်းဖေကို ချစ်ပါတယ်။ နောက် အဲဒီခေတ်တုန်းက ခုခေတ်လို အသံနဲ့ပတ်သက်တဲ့ စက်မှုပစ္စည်းတွေ သိပ် များများစားစား မရှိပါဘူး။ အသံဖမ်းတဲ့ ရက်ကော်ဒါဆိုတာ မျိုးတွေ၊ ကက်ဆက်တွေ မရှိပါဘူး။ အမ်မလီဖိုင်ယာလို့ ခေါ်တဲ့ အသံချဲ့စက်လည်း အတော်ရှားပါတယ်။ ရေဒီယိုဆိုတဲ့ ပစ္စည်းတွေလည်း ရှားရှားပါးပါးပဲ တွေ့ကြရပါသေးတယ်။ လွတ်လပ် ပြီးစ မြန်မာအစိုးရကတော့ ရေဒီယိုကို စတင်ထူထောင်ပြီးတော့ အသံလွှင့်နေပြီ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ် မဖြစ်ခင်က မြန်မာနိုင်ငံမှာ အသံလွှင့်တဲ့ ရေဒီယိုဌာန မရှိသေးဘူးလို့ ဝင်းဖေ မှတ်မိနေပါတယ်။ ဟုတ်၊ မဟုတ်တော့ မသေချာပါဘူး။

ရေဒီယို အသံလွှင့်ဌာနတွေ ကမ္ဘာပေါ်မှာ စတင် ပေါ်ပေါက်နေပြီ ဖြစ်ပေမဲ့ ဗြိတိသျှအစိုးရက မြန်မာပြည်မှာ မစသေးတာ ဖြစ်ပါလိမ့်မယ်။ ဝင်းဖေတို့ ကျောင်းအုပ်ကြီး ဦးဘဝိုးခေါ် ဦးဘဝင်းက အဲဒီခေတ်က ရှားရှားပါးပါး အမ်မလီဖိုင်ယာလို့ ခေါ်တဲ့ အသံချဲ့စက်ကို ကျောင်းသုံးအဖြစ် ဝယ်ယူခွင့်ရလို့ ဝယ်ပါတယ်။ ကျောင်းအခမ်းအနားတွေမှာ အဲဒီ အသံချဲ့စက်ကို သုံးပါတယ်။ ဒါ့အပြင် ဆရာကြီး ဦးဘဝင်းမှာ တခြား ထူးဆန်းတဲ့ အကြံတစ်ခု ရလာပါတယ်။ အဲဒါကတော့ ဒီအသံချဲ့စက်ကြီးကို ကျောင်းဖျော်ဖြေရေး အတွက် ပိုပြီးအသုံးချဖို့ စိတ်ကူးဖြစ်ပါတယ်။ မနက် ကျောင်းတက်ချိန် ၁၁ နာရီမှာ ဝင်းဖေတို့ ခေတ်က မုန့်စားကျောင်းဆင်းချိန် ၁၅ မိနစ် ရပါတယ်။ အဲဒီအချိန် ကျောင်းသားတွေ မုန့်ဆိုင်တွေမှာ မုန့်ဝယ်စားနေကြတဲ့ အတွင်း ကျောင်းကြီးပေါ်က နေပြီးတော့ အမ်မလီဖိုင်ယာ အသံချဲ့စက်ကြီးနဲ့ ဂီတသံ ဖျော်ဖြေပေးဖို့ ဖြစ်ပါတယ်။ ဆရာကြီးက မြန်မာ့ရိုးရာ မဟာဂီတကို သိပ်ပြီးတော့ နှစ်သက်သူဖြစ်တဲ့အတွက် အဲဒီ မုန့်စားဆင်းချိန် ၁၅ မိနစ်မှာ ဝင်းဖေကို သံပတ္တလားနဲ့ သီချင်းကြီးတွေ တီးစေပါတယ်။ သူကိုယ်တိုင်လည်း ဝင်ပြီးတော့ တယောထိုးချင်စိတ်၊ သီချင်းဆိုချင်စိတ် ပေါက်ပုံ ရပါတယ်။ ဒါပေမဲ့ ကျောင်းအုပ်ကြီး သိက္ခာကို ထိန်းပြီး သူကိုယ်တိုင်တော့ ဝင်မပါတော့ပါဘူး။ ဝင်းဖေပဲ ဘွဲ့တွေ၊ ကြိုးတွေ၊ သီချင်းခံတွေနဲ့ သံဆန်းထဲက အငယ်စားကလေးတွေကို တီးရပါတယ်။ များသောအားဖြင့် ဂန္ဓမာတောင်တို့၊ ကျွန်း ကျွန်းပိုင်သတို့၊ နောက် စံရာတောင်ကျွန်း၊ ရွှေပင်ရွှေဘုန်း … ယိုးဒယားထဲက ဆိုလျှင် ထုံးစံအတိုင်း မြမန်းဂီရိတို့ ပန်းဟေဝန်တို့ ဆိုတာမျိုးတွေပါပဲ။

ဝင်းဖေတို့ခေတ်က မြန်မာကျောင်းသားလောကမှာ ရှေးသီချင်းကြီးတွေ သိပ်ပြီးတော့ မစိမ်းသေးပါဘူး။ ခေတ်ပေါ် ဓာတ်ပြား သီချင်းတွေနဲ့ ရေဒီယိုသီချင်းတွေကလည်း သိပ်အားကောင်း မလာသေးပါဘူး။ ဒါပေမဲ့ မုန့်စားဆင်းချိန်မှာ ကျောင်းသူ၊ ကျောင်းသားတွေက အသံချဲ့စက်က ကြားနေရတဲ့ ရှေးသီချင်း သံပတ္တလားသံကို သိပ်စိတ်မဝင်စားကြပါဘူး။ ဒါပေမဲ့ ကျောင်းအုပ်ကြီး ဦးဘဝင်းကတော့ သူ့အစီအစဉ်ကို အလွန် သဘောကျနေပါတယ်။ ကျောင်းသားတွေ ရှေးသီချင်းတွေကို နေ့စဉ် ကြားနေရပြီးတော့ နားရည် ဝလာမှာ ဖြစ်တဲ့အတွက် နောက်ကျရင် အရသာခံတတ် လာကြလိမ့်မယ်တဲ့။ ကိုယ့်ရိုးရာ ဂီတ အနုပညာကို တန်ဖိုးထား လေးစားတတ်လာ ကြလိမ့်မယ်လို့ ပြောပါတယ်။ ဒီတုန်းက ကျောင်းမှာ မယ်ဒိုလင်တီးသူ သုံးလေး ယောက်ရှိပါတယ်။ သူတို့ကလည်း ဆရာကြီးဦးဘဝင်းရဲ့ ကျောင်းတွင်း ဖျော်ဖြေရေး အစီအစဉ်မှာ ပါချင်ကြပါတယ်။ ဒါပေမဲ့ သူတို့က ရှေးသီချင်း မတီးတတ်ကြလို့ ဆရာကြီးက ပါဝင်ခွင့် မပေးပါဘူး။ ဆရာကြီး ဦးဘဝင်းက အဲသည်လောက် မဟာဂီတ အစွဲကြီးသူဖြစ်ပါတယ်။ ပြဿနာက ဝင်းဖေအနေနဲ့ သူများ မုန့်စားဆင်းချိန်မှာ

သူများနည်းတူ ကျောင်းဈေးသည်တွေဆီမှာ တိုးဝှေ့ဆူညံပြီးတော့ အလုအယက် စားခွင့် မရတော့ခြင်း ဖြစ်ပါတယ်။ ဝင်းဖေက အဲဒီအချိန်မှာ ကျောင်းကြီးရဲ့အပေါ်ထပ်၊ ဆရာကြီးရဲ့ ရုံးခန်းထဲမှာ သံပတ္တလား တီးနေရတာ မဟုတ်လား။ အဲဒီပြဿနာကို အစီအစဉ်စပြီး တစ်ရက် နှစ်ရက် နေမှ ဆရာကြီးက သဘောပေါက်သွားပါတယ်။ ဒီတော့ တစ်နေ့ တစ်နေ့ ဝင်းဖေ စားမည့်မုန့်ကို သက်ဆိုင်ရာ မုန့်ဆိုင်မှာ ကြိုပြီးတော့ မှာထားရတဲ့ အလုပ်တစ်ခု ပိုလာပါတယ်။ ဝင်းဖေက မုန့်စား ဆင်းချိန်မှာ ပတ္တလား တီးနေရပြီးတော့ မုန့်စားဆင်းချိန် ပြီးသွားတော့မှ စပါယ်ရှယ် တစ်ယောက်တည်း မုန့်သွားစားရပါတယ်။ ပထမတော့ စပါယ်ရှယ် အထူး အခွင့်အရေးကြီးဆိုပြီးတော့ ဝင်းဖေက အတော်အရသာ တွေ့ပါတယ်။ ဘဝင်တွေ ဘာတွေလည်း မြင့်သွားပါတယ်။ ဒါပေမဲ့ တစ်ရက် နှစ်ရက် အတောအတွင်းမှာပဲ မုန့်စားဆင်းချိန်မှာ အများနဲ့အတူ ဆူပူ တိုးဝှေ့ ငြင်းခုံ အော်ဟစ် မှာယူ စားသောက်ကြရတာ ဘယ်လောက် ပျော်စရာ ကောင်းတယ်ဆိုတာကို သဘောပေါက်မိပါတယ်။

ဒါပေမဲ့ ကံကောင်းချင်တော့ ... ဆရာကြီး ဦးဘဝင်းရဲ့ ကျောင်းတွင်း ဖျော်ဖြေရေး အစီအစဉ်ကို မန္တလေးတိုင်း ပညာဝန်က မကြိုက်ဘူးလို့ ဆိုပါတယ်။ ဒါနဲ့ တစ်လတောင် မပြည့်လိုက်ဘဲ အဲဒီအစီအစဉ် ရပ်နားလိုက်ရပါတယ်ခင်ဗျား။ ဆက်လက် တင်ပြပါမယ်။

ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

အထက်တန်း ကျောင်းသားဘဝ ဝင်းဖေနဲ့ ရုပ်ရှင်ဒါရိုက်တာဖြစ်လာဖို့ ပဌာန်းဆက် ရှိလာပုံကိုလည်း တင်ပြချင်ပါသေး တယ်။ ဝင်းဖေတို့ ကျောင်းမှာ နှစ်စဉ် ကျောင်းအားကစားပွဲ ရှိသလို ကျောင်း သီတင်းကျွတ် မီးထွန်းပွဲနဲ့ ကျောင်းကပွဲလည်း ရှိပါတယ်။ ဝင်းဖေ ၇ တန်း ကျောင်းသားဘဝမှာ ဝင်းဖေတို့ကျောင်းက မီးထွန်းပွဲ ပြဇာတ်ကကြဖို့ ရှိလာပါတယ်။ ဝင်းဖေက အလွန် ငယ်ပါသေးတယ်။ အသက် ၁၃ နှစ် ပျော့ပျော့ပဲ ရှိပါသေးတယ်။ ဝင်းဖေငယ်ငယ်က အရုပ်မထွက်ဘဲ ခန္ဓာကိုယ်က သေးလည်း သေးပါတယ်။ ဝင်းဖေ ၇ တန်းမှာ ၈ တန်း၊ ၉ တန်းနဲ့ ၁၀ တန်းတွေမှာ ဒုတိယ ကမ္ဘာစစ်ကြောင့် ကျောင်းအတန်း နောက်ကျနေတဲ့ ကျောင်းသားကြီး၊ ကျောင်းသူကြီးတွေ အတော်များများ ရှိနေပါတယ်။ ပုံမှန်အားဖြင့် ... ၁၄ နှစ် ၈ တန်း၊ ၁၅ နှစ် ၉ တန်း၊ ၁၆ နှစ် ၁၀ တန်း ဆိုတာမျိုး ဖြစ်ရမည့်အစား ကမ္ဘာစစ်ကြီးကြောင့် ၁၇ နှစ် ၈ တန်း၊ ၁၈ နှစ် ၉ တန်းနဲ့ ၁၉ နှစ် ၁၀ တန်း ဆိုတာမျိုးတွေ ဖြစ်နေပါတယ်။ ဒီ့ထက် ကြီးတာတွေတောင် ရှိပါသေးတယ်။ ကျောင်းသားကြီးတွေရော၊ ကျောင်းသူ ကြီးတွေရော ရှိနေတာပါ။ အဲဒီခေတ်က ဗမာပြည် တစ်နံတစ်လျားမှာ ဒီလိုပဲ ဖြစ်နေ မှာပါ။ ဒီတော့ ကျောင်းပြဇာတ် ကဖို့ ကိစ္စမှာ တကယ့် ပီဘိဇာတ်လိုက်၊ ဇာတ်လိုက် မင်းသမီးတွေ ရှိနေသလိုပါပဲ။

ပြင်ပ ဖျော်ဖြေရေးလောကမှာ မြန်မာအသံတိတ် ရုပ်ရှင်တွေနဲ့ ဒိုင်ဇင်၊ ဖိုက်တင် ခေတ်လည်း ဖြစ်နေပါတယ်။ မြန်မာ ရုပ်ရှင်ကား ၁၀ ကားမှာ ၇ ကား၊ ၈ ကားလောက် က ဖိုက်တင်၊ ဒိုင်ဇင် ဇာတ်ကြမ်းကားတွေ ဖြစ်ပါတယ်။ ရိုးရိုး ဖိုက်တင်ကားတွေ မဟုတ်ပါဘူး။ ဒီတုန်းက ကရာတေးတွေ၊ ဂျူဒိုတွေ၊ ကွန်ဖူးတွေ၊ တိုက်ကွမ်ဒိုတွေ ခေတ်မစား သေးပါဘူး။ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က မြန်မာရုပ်ရှင် ရေစီးကြောင်း လက်ကျန် ရဲခေါင်ချစ်ဆွေတို့၊ ကျော်အေးတို့၊ နောက် ဒီ့ပြင် ဒိုင်ဇင်မင်းသားတွေရဲ့ အရှိန်မကုန် သေးတဲ့ ခေတ်ဖြစ်ပါတယ်။ စစ်ပြီးတော့ ဒိုင်ဇင်တင်လှတို့၊ ရွှေဘတို့၊ တင်ညွန့်တို့၊ ကျော်ဆွေတို့လည်း ဒိုင်ဇင် ထိုးကြရပါသေးတယ်။ သဘာဝ မင်းသားကြီးလို့ ကျော်ကြားတဲ့ မင်းသားကြီး ဇေယျာတောင် ရုပ်ရှင်မင်းသား မဖြစ်ခင် အရည်အသွေး ပြည့်မီအောင် မန္တလေးမှာ ဒိုင်ဇင်ထိုး ကျင့်ရပါသေးတယ်။ မြန်မာရုပ်ရှင်မှာ ဒိုင်ဇင် မထိုးတတ်ရင် ရုပ်ရှင်မင်းသားကို မဖြစ်နိုင်ဘူးလို့ ပြောရလောက်အောင် ဒိုင်ဇင်ဟာ

ခေတ်စားခဲ့ပါတယ်။

ပြောချင်တာက ဝင်းဖေတို့ ကျောင်းပြဇာတ်ကဖို့ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း ကျောင်းသားကြီးတွေဆီက ဘာဇာတ် ကကြမှာလဲလို့ တောင်းတော့ ... အဲဒီ ဒိုင်ဗင်တွေပါတဲ့ ဖိုက်တင်ဇာတ်လမ်းတွေ ဖြစ်နေပါတော့တယ်။ ကျောင်းအုပ်ကြီး မစ္စတာဖိလစ်နဲ့ ဆရာ၊ ဆရာမတွေက အဲဒီဖိုက်တင်၊ အဲဒီဒိုင်ဗင် ဇာတ်လမ်းတွေကို လုံးဝ မကြိုက်ကြပါဘူး။ အဲဒီမှာတင် ဘာဇာတ် ကရမှန်း မသိ ဖြစ်နေကြပါတယ်။ အဲဒီအချိန်မှာ စာဖတ်အား အတော်ကလေးရနေပြီ ဖြစ်တဲ့ ၇ တန်း ကျောင်းသားကလေး ဝင်းဖေက ရှုမဝမဂ္ဂဇင်းထဲမှာပါတဲ့ မြန်မာစာပါမောက္ခ ဦးတိုးအောင် စာရေးဆရာ ကလောင်နာမည် ကုသရဲ့ မုန့်လုံးပြဇာတ်ကို သွားပြီးတော့ သတိရပါတယ်။

တစ်ရံရောအခါက ဘုရင်ကြီးတစ်ပါးမှာ စက်စက်ယို ဆိုတဲ့ သမီးတော် တစ်ပါး ရှိတဲ့ အကြောင်း၊ အဲဒီသမီးတော်နဲ့ စုံဖက်ပေးဖို့ ကြင်ရာတော်ရှာတဲ့ ဇာတ်လမ်း ဖြစ်ပါတယ်။ အဆုံးအစ အစအဆုံး ချာလပတ်လည်နေတဲ့ ... မုန့်လုံး စက္ကူကပ် သီချင်းကို ဆုံးအောင် ဆိုနိုင်တဲ့သူကို သမီးတော် စက်စက်ယိုနဲ့ ထိမ်းမြားလက်ထပ်ပေးပြီး အိမ်ရှေ့ ဥပရာဇာခန့်မယ်၊ ထီးမွေနန်းမွေ ပေးမယ် ဆိုပြီးတော့ မောင်းကြေးနင်း ခတ်စေ ပါတယ်။ အဲဒီမှာ ၁၀၁ ပါးသော မင်းသားတွေ ပြိုင်ပွဲဝင်ကြပါတယ်။ “မုန့်လုံးစက္ကူကပ်” သီချင်းကိုဆိုရင်း ချာလပတ်လည်နေကြတဲ့ မင်းသားတွေကို လမ်းကြိတ်စက်နဲ့ ကြိတ်သတ်ဖို့ ပြစ်ဒဏ် ပေးတဲ့အခါမှာ ငိုချင်းချကြတဲ့ အခန်းတွေ ဘာတွေနဲ့ ရယ်စရာ၊မောစရာ ပြဇာတ်လေး ဖြစ်ပါတယ်။

ဝင်းဖေက ကလေးဆိုတော့ ကြောက်ကြောက်နဲ့ပဲ အဲဒီအိုင်ဒီယာကို တင်လိုက် ပါတယ်။ ကျောင်းသားကြီးတွေကတော့ ဝင်းဖေကို ငုံ့ကြည့်ကြပြီး ဒီချာတိတ်က ဘာလာရှုပ်တာလဲ ဆိုတဲ့ အပေါက်နဲ့ ကြည့်ကြပါတယ်။ ဒါပေမဲ့ ဝင်းဖေရဲ့ အိုင်ဒီယာ ကလည်း နှယ်နှယ်ရရမှ မဟုတ်တာဘဲ၊ စာရေးဆရာကြီး ကုသရဲ့ လက်ရာဥစ္စာ။ ဆရာ၊ ဆရာမတွေအားလုံး တညီတညွတ်တည်း အဲဒီ ဟာသပြဇာတ်ကို ကသင့်တယ် ဆိုပြီးတော့ ဆုံးဖြတ် လိုက်ကြပါတယ်။ ဝင်းဖေလည်း ငါကွဆိုပြီးတော့ အတော် ကလေး ဘဝင် မြင့်သွားပါတယ်။ ဒါပေမဲ့ ဒီအိုင်ဒီယာ ပေးပြီးတာနဲ့ ဝင်းဖေလည်း ကျောင်းဝင်းထဲ ဆင်းပြီးတော့ ပေသီး ပစ်နေရတာပါပဲ။ ပြဇာတ်ကို ကျောင်းသားကြီး တွေက ဆက်လုပ်ကြမှာလေ။ ဝင်းဖေနဲ့မှ မဆိုင်တော့တာ။

ဒါပေမဲ့ ကျောင်းသားကြီးတွေ ပြဇာတ်ကို စဖို့ ဝန်ကြီးတစ်ပါး

ထွက်ပြီးတော့ "မုန့်လုံးစက္ကူကပ်" သီချင်းဆိုနိုင်သူ အရှာ ထွက်တဲ့ မောင်းကြေးနင်းခတ်တာကို ဇာတ် စတိုက်ကြပါတယ်။ အဲဒီမှာ ဝန်ကြီးက အမိန့်တော် ပြန်တမ်း ဇာတ်စာကို စရွတ်ပါတယ်။ ကျောင်းသားကြီးတွေ ဆိုပေမဲ့ မြန်မာ ဇာတ်သံ၊ ဇာတ်ဟန်နဲ့ မနီးစပ်ကြဘူး မဟုတ်လား။ အမိန့်စာကို ရိုးရိုး စာဖတ်သလို ဖတ်နေကြတယ်၊ အဲဒီတော့ ကြီးကြပ်တဲ့ ဆရာ၊ ဆရာမတွေက အမိန့်တော်ကို ကြေညာတဲ့ အသံထွက်က မဟုတ်ကြောင်း ဝိုင်းပြောကြပါတယ်။ ဒါပေမဲ့ သူတို့ကိုယ်တိုင်လည်း ဇာတ်ဟန် ဇာတ်သံနဲ့ ရွတ်မပြ တတ်ကြဘူး ဖြစ်နေပါတယ်။ ဒီတော့ ကျောင်းအုပ်ကြီးက ပေသီးပစ်နေတဲ့ ဝင်းဖေကို လှမ်းခေါ်ခိုင်းပါတယ်။ ဝင်းဖေကတော့ မဟာဂီတကို မသင်မနေရ သင်နေရတာ မဟုတ်လား။ ဝင်းဖေက အမိန့်စာကို ဇာတ်သံနဲ့ ဖတ်ပြရပါတယ်။ သိပ်မနိပ်လှပေမဲ့ ကျောင်းသားကြီးတွေထက်တော့ အများကြီး ဇာတ်ဟန် ပါနေပါတယ်။ "အမိန့်တော် နီလာ မြသား ပတ္တမြား ဂေါ်မုတ် အဟုတ်ထိန်လင်း ရွှေတွင်း ငွေတွင်း ပယင်းဒုတ္တာ မဆလာ ကျောက်ချဉ် တစ်ရံမပြတ် ဆားတွင်း ရွှံ့တွင်း ကျီးကန်းတွင်း တောက်တဲ့တွင်း" ဘာညာနဲ့ ရယ်စရာ မောစရာတွေ ရေးထားတာပါပဲ။ အဲဒီမှာ ဝန်ကြီးလုပ်မည့် ကျောင်းသားကြီးကို ဝင်းဖေက သင်ပေးရပါတယ်။ အတော် ကြိုးစားပြီးတော့ သင်တာ ကိုပဲ ဇာတ်သံ မပေါက်ဘဲနဲ့ ဟာသစာတွေက တင်းခံနေပါတယ်။ လူပြောင်းပြီး ကြိုးစား ပြန်တော့လည်း မရပြန်ပါဘူး။

ဒီမှာတင် ကျောင်းအုပ်ကြီးက ဒီပြဇာတ်ဟာ ဟာသပြဇာတ် ဖြစ်နေတဲ့အတွက် အရပ်ပုပုသေးသေးနဲ့ ဝင်းဖေကိုပဲ သူနဲ့ မတော်တဲ့ ဝန်ကြီးအဝတ်အစား ဖားဖားကြီးတွေနဲ့ ဝန်ကြီး လုပ်ခိုင်းလိုက်ရင် ပိုပြီးတော့တောင် ရယ်ရမယ်လို့ ပြောပါတယ်။ ဝင်းဖေက ရုတ်တရက် ပြဇာတ်ထဲမှာ အခန်း အများဆုံးရတဲ့ ဝန်ကြီးဇာတ်ရုပ် ဖြစ်သွားပါတယ်။ ဒါ့အပြင် မုန့်လုံးစက္ကူကပ် သီချင်း ပြိုင်ပွဲဝင်ကြတဲ့ မင်းသားတွေရဲ့ သီချင်းဆိုပေါက်နဲ့ စကားပြောတွေမှာလည်း ဇာတ်သံပေါက်လာအောင် ဝင်းဖေပဲ ဒါရိုက်တာ လုပ်ရပါ တော့တယ်။ ဝင်းဖေကြီးလာလို့ မမျှော်လင့်ဘဲ ရုပ်ရှင်ဒါရိုက်တာ ဖြစ်လာတဲ့အခါမှာ အဲဒီ ပဋ္ဌာန်းဆက် ရှိခဲ့တာကို ပြန်လည် သတိရမိပါတယ်ခင်ဗျာ။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာ ကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၈၉]

သောတရှင်များခင်ဗျာ ...

၁၉၄၀ ခုနှစ်များ နောက်ပိုင်းနှစ်တွေခေတ်၊ ဝင်းဖေတို့ ကျောင်းနေစဉ် အခြေ အနေတွေကို ဒီကနေ့ ကျောင်းလောကနဲ့ ယှဉ်ထိုးကြည့်နိုင်အောင် တင်ပြချင်ပါတယ်။

ဒီကနေ့ရဲ့ အခြားနားဆုံး အခြေအနေတစ်ရပ်ကတော့ ဝင်းဖေတို့ခေတ်က ကျူရှင်လောက အလွန့်အလွန် ရှားပါးနေခြင်း ဖြစ်ပါတယ်။ အဓိက ဆိုလိုတာက ကျောင်းတွေမှာ ဆရာ/ဆရာမ ဦးရေနဲ့ ကျောင်းသားဦးရေ မျှတနေတဲ့အတွက် ကျောင်းစာတွေကို အလျှင်မီအောင် သင်ကြားပေးနိုင်တဲ့ သဘောရှိခြင်းပဲလို့ ဝင်းဖေ ထင်ပါတယ်။ ဝင်းဖေတို့ခေတ်က .. ဒီ့ပြင် မြို့တွေမှာတော့ မပြောတတ်ဘူး၊ မန္တလေး မှာတော့ကျူရှင်ဆရာဆိုတာ မရှိသလောက် ရှားပါတယ်။ ကျူရှင်သင်တန်း ဆိုတာ မျိုးကတော့ လုံးဝကို မရှိပါဘူး။ ခုခေတ်မှာ ကျူရှင်တွေက အဓိက ဖြစ်လာနေပါတယ်။ ပုံမှန် ကျောင်းစာသင်ခန်းတွေက အပရိကအခြေအနေကို ရောက်ကုန်ပါတယ်။ ဒါဟာ အမျိုးသားပညာရေးအတိုင်းအတာနဲ့ တုန်လှုပ်ချောက်ချားစရာ ကောင်းလှပါတယ်။ တိုးတက်တဲ့ နိုင်ငံကြီး တွေမှာလည်း ကျူရှင်ဆိုတဲ့ အပိုသင်တန်း၊ ထပ်ဖြည့်သင်တန်း ဆိုတာမျိုးတွေ ခေတ်မစားပါဘူး။ ကျောင်းကောင်း၊ ကျောင်းညံ့ဆိုတာ မျိုးတွေပဲ ရှိပါတယ်။ ကျောင်းစာသင်ခန်းတွေထဲမှာပဲ ပြီးပြည့်စုံအောင် သင်ကြားပေးနေကြပါတယ်။ ဝင်းဖေတို့ ငယ်ငယ် ပညာသင်ကျောင်းတွေရဲ့ အခြေအနေဟာ ကျူရှင်တွေမလိုတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဝင်းဖေ အထက်တန်းကျောင်းသား ဘဝတုန်းက ကျောင်း အလွန် ပျော်ပါတယ်။ ကျောင်းကို အစောကြီးသွားပြီးတော့ ကျောင်းဆင်းပြန်ရင်လည်း ကျောင်းမှာဆက်နေပြီး ညနေစောင်းမှ အိမ်ပြန်ပါတယ်။ ကျောင်းကို စောသွားပြီး အတန်းတက်ချိန် မရောက်မချင်း ကျောင်းဝင်းထဲမှာ ကစားနေရတာကို ဝင်းဖေ အလွန် မက်မောပါတယ်။ ကျောင်းစာသင်ချိန် ပြီးသွားရင်လည်း အများနည်းတူ အိမ်မပြန်ဘဲ ကျောင်းဝင်းထဲမှာ ဆက်ပြီး ကစားနေရတာကို ပျော်ပါတယ်။ ဝင်းဖေတို့ ကျောင်းက မနက် ၉ နာရီမှာ စ တက်ပြီး ညနေ ၄ နာရီမှာ ကျောင်းဆင်းပါတယ်။ ဝင်းဖေက မနက် ၇ နာရီခွဲလောက်တည်းက ကျောင်းကိုထွက်သွားပြီးတော့ ညနေ ၅ နာရီခွဲ ၆ နာရီ လောက်မှ အိမ်ပြန်လာ တတ်ပါတယ်။ ကျောင်းကပေးတဲ့ အိမ်စာတွေကို အိမ်ပြန် ယူမလာဘဲ ကျောင်းမှာ

အပြီး လုပ်ပစ်ပါတယ်။ စာသင်ခန်းထဲမှာတင် တစ်နေ့ တစ်နေ့စာသင်ခန်းစာတွေကို ပြီးအောင် ကျက်မှတ် တတ်ပါတယ်။ ညဘက် အိမ်မှာ ဝင်းဖေ စာကျက်တာ ရှားပါတယ်။ များသော အားဖြင့် တခြားညီအစ်ကိုတွေ စာကျက် နေချိန်မှာ ဝင်းဖေက အရုပ်တွေ ရေးနေတတ်ပါတယ်။ အဲဒီလို အရုပ်တွေ ရေးနေတာကို မိခင်ကြီးနဲ့ အဒေါ်တွေက တွေ့သွားရင် စာမကျက်ဘဲ ဘာတွေ လုပ်နေတာလဲဆိုပြီး ဆူပူတတ်ကြပါတယ်။ ဖခင်ကြီး သိသွားရင် ... ဆော့ နေတာလား၊ အရုပ်ရေးနေတာလားလို့ မေးတတ်ပါတယ်။ အရုပ် ရေးနေတာဆိုရင် ... အရုပ်တွေရေးနေတာဟာ စာကျက်နေတာနဲ့ အတူတူပဲ ... ဆက်လုပ်လို့ ပြောတတ်ပါတယ်။

ဝင်းဖေတို့အတွက် ပန်းချီနဲ့ ဂီတဟာ ပညာရေးမှာ ပါဝင်တယ်လို့ ဖခင်ကြီးက သတ်မှတ်ပါတယ်။ အဲဒီ သတ်မှတ်ချက်ကို ကျန်မိသားစုက နားမလည်ကြပါဘူး။ လက်လည်း မခံကြပါဘူး။ ဝင်းဖေ ဆော့နေတာဆိုရင်တော့ ဖခင်ကြီးက ခွင့်မပြုပါဘူး။ အများ စာကျက်နေချိန်မှာ ဝင်းဖေ ပတ္တလား ထတီးနေလို့တော့ မရပါဘူး။ နောက်တစ်ခုက ဝင်းဖေဟာ ၆ တန်း ၃ လပတ်စာမေးပွဲက စပြီးတော့ ၉ တန်း Matriculation နှစ်ချင်းပေါက်စာမေးပွဲအောင်တဲ့အထိ အတန်းထဲမှာ ပထမ၊ ဒုတိယ၊ တတိယ နေရာတွေက အောက်ကိုမဆင်းပါဘူး။ ပထမအဆင့် အများဆုံးရပါတယ်။ လစဉ်နဲ့ ၃ လပတ်စာမေးပွဲတွေအားလုံး အောင်ပါတယ်။ စာတွေကို ကျောင်းမှာပဲ အပြီးအစီးလုပ်တတ်တဲ့ အကျင့်ရှိတာကို ဖခင်ကြီးက ကောင်းကောင်းသိပါတယ်။ ဒါ့ကြောင့် ညဘက် စာကျက်ချိန်မှာ ဝင်းဖေ စာမကျက်ဘဲ အရုပ်တွေရေးနေရင် ဖခင်ကြီးက ပူပင်သောက မရှိပါဘူး။ ဝင်းဖေကို အားပေး အားမြှောက်တောင် လုပ်ပါတယ်။

ဖခင်ကြီးအနေနဲ့ ဝင်းဖေကို ပန်းချီရေးဖို့ အားပေးပုံဟာ အလွန်လွယ်ကူပြီးတော့ အလွန် ထိရောက်ပါတယ်။ ဖခင်ကြီးရဲ့ နည်းက ဝင်းဖေရေးထားတဲ့ ပန်းချီတွေကို သူ့မိတ်ဆွေတွေကို တကူးတက ထုတ်ပြပြီးတော့ ဒါ ဖိုးညို ရေးတာလေ ဆိုပြီးတော့ ကြွားတတ်ခြင်းပါပဲ။ များသောအားဖြင့် ဝင်းဖေ အိမ်မှာ ရှိတာ၊ မရှိတာကို ဂရုစိုက်မနေဘဲ ဖခင်ကြီးက သူ့မိတ်ဆွေတွေကို ဝင်းဖေရဲ့ အရုပ်တွေ ပြပြီးတော့ ကြွားတတ်ပါတယ်။ အိမ်မှာ ဝင်းဖေမရှိလည်း ဖခင်ကြီးရဲ့ မိတ်ဆွေတွေက ဝင်းဖေကို တွေ့ရင် ... မင်းအဖေက မင်းရေးထားတဲ့ပုံတွေကိုထုတ်ပြပြီး ငါတို့ကိုကြွားလိုက်တယ် ကွ ... ဆိုပြီးတော့ ပြန်ပြောကြတာပါပဲ။ ဝင်းဖေအိမ်မှာ ရှိနေလို့ ဖခင်ကြီး ဝင်းဖေ အရုပ်တွေနဲ့ ထုတ်ကြွားနေတာတွေ့ရင်လည်း ဝင်းဖေ အလွန်ပီတိဖြစ်ရပါတယ်။

ဖခင်ကြီးက ဝင်းဖေရဲ့အရုပ်တွေကောင်းကြောင်း ဝင်းဖေကို တိုက်ရိုက် ပေါ်တင်ကြီးပြောခဲပါတယ်။ သူ့နည်းက သူ့သားရဲ့လက်ရာတွေကို

လေးလေးနက်နက် အချိန်ယူပြီး ကောက်ကြည့်နေတတ်တယ်။ မိတ်ဆွေတွေကို ပြပြီးတော့ ဘယ်လို ဘယ်လို ကောင်းကြောင်း ပြောပြတတ်ပါတယ်။ ဒါပါပဲ။ ဒါပေမဲ့ ဝင်းဖေအတွက်က တော့ အလွန်ကြီးမားတဲ့ အားဆေးကြီးတွေပဲ ဖြစ်နေတယ်ဆိုတာ ဝင်းဖေ ကြီးလာ တော့မှ အများကြီး နားလည်သဘောပေါက်ခဲ့ပါတယ်။ သား၊ သမီးတွေရဲ့ စွမ်းဆောင် ချက်အားလုံးကို ဘာမဆို မိဘတွေက အလေးအနက်ထားပြီး ဂရုတစိုက် အရေးတယူ ရှိကြတာဟာ သားသမီးတွေအတွက် အလွန်ကြီးမားတဲ့ အားဆေးတွေ ဖြစ်ပါတယ် ခင်ဗျာ။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဒီကနေ့ခေတ် ကမ္ဘာ့ပညာရေး လောကမှာ ဆရာ၊ ဆရာမတွေက ကျောင်းသား တွေကို ရိုက်နှက်ဆုံးမတာမျိုး လက်မခံကြတော့ပါဘူး။ အနောက်နိုင်ငံတွေမှာဆိုရင် ကျောင်းသူ၊ ကျောင်းသားတွေကို ဆရာ၊ ဆရာမတွေက ရိုက်နှက်ဆုံးမရင် အကြီး အကျယ် ပြဿနာတက်နိုင်ပါတယ်။ ရိုက်နှက်ဆုံးမတဲ့ ဆရာ၊ ဆရာမတွေက အလုပ် တောင် ပြုတ်သွားနိုင်ပါတယ်။ ဆရာ၊ ဆရာမ မပြောနဲ့ ... ကလေးတွေရဲ့ မိဘကိုယ်မှာ ကိုပဲ သား၊ သမီးတွေကို ရိုက်နှက်ဆုံးမခွင့် မရှိပါဘူး။ ရဲ အရေးပိုင်တယ်။ အဲဒီလို... မိဘ ဆရာသမားတွေက ကလေးတွေကို ရိုက်နှက်ဆုံးမတတ်တဲ့ ဓလေ့ကို ကမ္ဘာမှာ ဘယ်တုန်းက၊ ဘယ်တိုင်းပြည်မှာ၊ ဘယ်သူက၊ ဘယ်လို စလိုက်သလဲ ဆိုတာတော့ မပြောတတ်ပါဘူး။ ဒီစရိုက်ကိုတိုက်ဖျက်ဖို့ ဒီကနေ့ အလွန်အရေးတကြီး ဖြစ်လာပါတယ်။ ဒီကိစ္စရဲ့သမိုင်းကို သုတေသနပြုထားတဲ့ ကျမ်းတွေဘာတွေတော့ ရှိနေ လောက်ပြီ ထင်ပါတယ်။ အရှေ့တိုင်းနိုင်ငံတွေမှာတော့ ရိုက်နှက်ဆုံးမမှု ဆန့်ကျင်ရေး အယူအဆတွေ သိပ်ပြီးတော့ မတွင်ကျယ်သေးတာကို တွေ့ရပါတယ်။

ဝင်းဖေတို့ငယ်ငယ်က ကလေးတွေကို ကျောင်းအပ်ပြီဆိုရင် လိုအပ်သလို ရိုက်နှက်ဆုံးမဖို့ တကူးတက ပြောပြီးတော့ မိဘတွေက သူတို့ရင်သွေးတွေကို ကျောင်း အပ်ကြပါတယ်။ မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေမှာလည်း ကြိမ်နဲ့ဆော် ပြီးတော့ အုပ်ချုပ်တာတွေဟာ အစဉ်အလာတွေပါပဲ။ ဝင်းဖေတို့ အထက်တန်းကျောင်း တက်တဲ့ ခေတ်ကလည်း ဝင်းဖေတို့ရဲ့ ဆရာ၊ ဆရာမတွေ အားလုံးမဟုတ်ပေမဲ့ ရိုက်နှက်ထိုးကြိတ်တဲ့ ဆရာ၊ ဆရာမတွေကတော့ ရှိဆဲပဲဖြစ်ပါတယ်။ ဝင်းဖေတို့ကို ပထဝီသင်တဲ့ ဆရာကြီး ဦးဘခင် ဆိုရင် ဝင်းဖေတို့ရဲ့အရှိုက်ကို လက်သီးနဲ့ထိုးတာ အလွန် ဝါသနာပါပါတယ်။ ပထဝီဘာသာ အသင်အပြကောင်းသလောက် အရှိုက်ကို လက်သီးနဲ့ထိုးဖို့လည်း အလွန်ဝါသနာကြီးပါတယ်။ ဆရာကြီးဦးဘခင်ဆိုတာ ကာယ ဗလကလည်း အတော်တောင့်ပါတယ်။ သူ့လက်သီးကြီးတွေကလည်း အတော်ကြီးပါတယ်။ အရှိုက်ကို ထိုးတော့မယ်ဆိုရင် ... ဟန်တွေ၊ မာန်တွေကလည်း အလွန်ပါပါတယ်။

ဝင်းဖေ ငယ်ငယ်ကဆို ဆရာကြီး ဦးဘခင်ကို သိပ်ကြောက်ပါတယ်။

ဒါပေမဲ့ ဆရာကြီး ဦးဘခင်ရဲ့ လက်သီးကြီးဟာ အရှိက်ကို ထိတဲ့အခါမှာတော့ အရှိန် မရှိတော့ ပါဘူး။ ဒါက ဆရာကြီးဦးဘခင်ရဲ့ ကျွမ်းကျင်မှုပါပဲ။ သူ့ ထိုးပုံထိုးဟန်ကိုကြည့်ပြီး ကျောင်းသားတွေက လန့်ကြရတာဖြစ်ပါတယ်။ သူ့လက်သီးကြီး၊ သူ့ခွန်အားကြီးနဲ့ ဆိုတော့ တကယ် အထိုးခံကြရမယ်ဆိုရင် ဘယ်လွယ်ပါ့မလဲ။ နေရာတင် ပုံကျသွားဖို့ ရှိပါတယ်။ ဒါပေမဲ့ ဝင်းဖေတို့မှာ သူ ဟန်ထိုး ထိုးတာကိုပဲ အလွန်ကြောက်ကြရပါတယ်။ ဒါပေမဲ့ ဝင်းဖေတို့ ကျောင်းကထွက်ပြီး နှစ်တွေအများကြီး ကြာလာတဲ့တိုင် အောင် ဆရာကြီးဦးဘခင် (ပထဝီဆရာကြီး ဦးဘခင်)ကို မမေ့နိုင်အောင်ဖြစ်ပြီးတော့ သတိတရ ဖြစ်နေကြပါတယ်။ ဆရာကြီးဦးဘခင်ရဲ့ အရှိက်ကို လက်သီးနဲ့ထိုးတဲ့ အကျင့်ဟာ ကျောင်းသူတွေကိုတော့ မသင့်တော်ဘူးဖြစ်နေလို့ စာမရတဲ့ ကျောင်းသူ တွေကတော့ ထိပ်ခေါက်ခံရပါတယ်။

နောက် ဆရာမကြီးတစ်ယောက်ကတော့ သင်္ချာဆရာမကြီး ဒေါ်ကျင်မြိုင် ဖြစ်ပါတယ်။ သူကတော့ မြန်မာရှေးရိုး အမျိုးသမီးကြီးများရဲ့ အကျင့်ဖြစ်တဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်တဲ့နည်း ဖြစ်ပါတယ်။ ဝင်းဖေဟာ ဂဏန်းသင်္ချာမှာတော်လို့ ဆရာမကြီး ဒေါ်ကျင်မြိုင်ရဲ့ မျက်နှာသာပေးတာကို ခံရသူဖြစ်ပေမဲ့ အတန်းတွင်းရော၊ အတန်းအပြင် မှာပါ ... အလွန်ဆော့၊ အလွန်ကမြင်းတဲ့ အတွက် ဆရာမကြီး ဒေါ်ကျင်မြိုင်ရဲ့ ချစ်စနိုး ဗိုက်ခေါက်ဆွဲလိမ်တာကို ခဏခဏခံရပါတယ်။

ဝင်းဖေ ကြီးလာတော့ အသက် ၃၁ နှစ်မှာ အလွန့် အလွန် ကံကောင်းပြီးတော့ မန္တလေး၊ အစိုးရ၊ အနုပညာနဲ့ပန်းချီကျောင်း၊ ကျောင်းအုပ်ကြီး ဖြစ်လာပါတယ်။ ဆရာမကြီး ဒေါ်ကျင်မြိုင်ကလည်း အထက်တန်းပြ၊ သင်္ချာဆရာမကြီး အဆင့်ကနေ အစိုးရအထက်တန်းကျောင်းကြီးတစ်ကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီး ဖြစ်လာ ပါတယ်။ နှစ်စဉ် မန္တလေးတိုင်း ကျောင်းအုပ်ကြီးတွေရဲ့ ညီလာခံအစည်းအဝေးတွေလုပ်တတ်ပါတယ်။ ဝင်းဖေ ကျောင်းအုပ်ကြီး စဖြစ်တဲ့နှစ်မှာပဲ အဲဒီကျောင်းအုပ်ကြီးများ ညီလာခံနဲ့ တိုးပါတယ်။ ဝင်းဖေဟာ ကျောင်းအုပ်ကြီးတွေအကြားမှာ မျက်နှာပွင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကျောင်းတွေက ပွဲလမ်းသဘင်တွေ လုပ်စရာ ရှိခဲ့ရင် ဝင်းဖေတို့ကျောင်းက အကူအညီတွေပေးရလေ့ ရှိပါတယ်။ ဇာတ်ဝင် အဝတ်အစားတွေ၊ မင်းသမီး၊ မင်းသား အဝတ်အစားတွေ၊ ကတ္တီပါကားလိပ်တွေ၊ ဇာတ်စင်ပစ္စည်းတွေ၊ ကုလားထိုင်တွေ ငှားပေးရလေ့ရှိပါတယ်။ အကတွေ၊ အဆိုတွေ၊ အတီးတွေလည်း တိုက်ပေး၊ သင်ပေးရလေ့ရှိပါတယ်။ ဒီတော့ ကျောင်းအုပ်ဆရာကြီးတွေ၊ ဆရာမကြီး တွေနဲ့ ရင်းနှီးပါတယ်။ သူတို့ကလည်း ဝင်းဖေကို ခင်ခင်မင်မင်၊

လေးလေးစားစား ရှိကြပါတယ်။

ဒီကျောင်းအုပ်ကြီးများ ညီလာခံမှာ ဝင်းဖေဟာ အတော်မျက်နှာပွင့်နေချိန်မှာပဲ ဆရာမကြီး ဒေါ်ကျင်မြိုင် ရောက်လာပါတယ်။ ဝင်းဖေကိုမြင်တာနဲ့ ... “အံမယ် ဝင်းဖေ ... ဟိုအကောင် ..... နင်က တိုက်ပုံတွေ ဘာတွေနဲ့ တယ်သားနားနေပါလား၊ လာစမ်းပါဦး ဒီနားကို” ... ဆိုပြီးတော့ ခေါ်ပါတယ်။ ဝင်းဖေကလည်း ဆရာမကြီး ဒေါ်ကျင်မြိုင်ကို ပြန်တွေ့ရတော့ အလွန်လည်း ဝမ်းသာတယ်၊ ယယ်ယယ်တုန်းကလိုပဲ အလွန်လည်း ကြောက်ပါတယ်။ “ဟဲ့ ဘာငေးနေတာလဲ၊ ဒီလာစမ်းလို့ ပြောနေတာကို” လို့ အရင်က သူ့အကျင့်အတိုင်း ငေါက်လိုက်တော့ ဝင်းဖေလည်း သူ့အနားကို ရောက် သွားပါတယ်။ သူ့အနားလည်းရောက်ရော “ဘာလို့ ချက်ချင်း မလာရတာလဲ” ဆိုပြီး တော့ ဖျတ်ခနဲ ဝင်းဖေ ဗိုက်ခေါက်ကို သူ့အကျင့်အတိုင်း ဆွဲလိမ်ပါတယ်။ “နင် အခုတော့ လူကြီးဂိုက်ဖမ်းနေပြီပေါ့လေ၊ ဟုတ်ရဲ့လား” ဆိုပြီး ဗိုက်ခေါက်ကို ဆက်ပြီး လိမ်ပါတယ်။ ဝင်းဖေအနေနဲ့ ကိုယ့်ဆရာမ အရင်းခေါက်ခေါက်ကြီးနဲ့ ပြန်တွေ့နေရလို့ အလွန်ဝမ်းသာမိပါတယ်။ ဒါပေမဲ့ ဝင်းဖေရဲ့ ကျေးဇူးမကင်းကြတဲ့ တခြား ကျောင်းအုပ် ဆရာမကြီးတွေက ဒေါ်ကျင်မြိုင်ကို ... “အစ်မကြီး အစ်မကြီး သတိထားပါဦး ... ဦးဝင်းဖေက သူလည်း အခု ကျောင်းအုပ်ကြီး ဖြစ်နေပြီလေ .. အစ်မကြီး တပည့် မဟုတ်တော့ဘူး” လို့ ဝင်ပြောကြပါတယ်။ ဝင်းဖေကတော့ ဆရာမကြီး ဒေါ်ကျင်မြိုင် ရဲ့ ဗိုက်ခေါက်လိမ်တာကို အမှန်တကယ်ပဲ အလွန်ကျေနပ်မိပါကြောင်း ပြောဆိုရှင်းပြ ရပါတယ်။ အခုလို ပြန်ပြီးပြောပြနေချိန်အထိ ပြန်လည်ကြည်နူးကျေနပ်နေဆဲပဲ ဖြစ်ပါတယ် ခင်ဗျာ။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ပြီးခဲ့တဲ့အပတ်တုန်းက ဝင်းဖေ အထက်တန်း ကျောင်းတုန်းက ပထဝီဆရာကြီး ဦးဘခင်နဲ့ သင်္ချာဆရာမကြီး ဒေါ် ကျင်မြိုင်တို့ အကြောင်း တင်ပြခဲ့ပါတယ်။ ဒီအတွေ့အကြုံမျိုး တွေက ကျောင်းသားတိုင်းမှာ ရှိနေတတ်တာမျိုးတွေပါပဲ။ ဆင်တူကြောင်းကွဲကလေးတွေ ပဲ ဖြစ်ပါလိမ့်မယ်။ ခေတ်ကာလကွာလို့ သဘောသဘာဝ ကွာခြားတာတွေပဲ ရှိပါလိမ့်မယ်။

ဆရာမကြီး ဒေါ်ကျင်မြိုင်နဲ့ ကြုံရတဲ့ အဖြစ်အပျက်မျိုးတစ်ခု ဝင်းဖေ ကြုံရ တာလည်း နောက်တစ်မျိုး ရှိပါသေးတယ်။ ဝင်းဖေတို့ငယ်ငယ်က မန္တလေးမြို့ နာရီစင် ကြီး မြောက်ဘက် ဈေးတန်းအရပ်မှာ ကြီးပြင်းခဲ့ကြရတာပါ။ ဈေးတန်းအရပ်ထဲမှာ မြန်မာ-မူဆလင်တွေ အများကြီးရှိပါတယ်။ ဝင်းဖေမှာ ပန်ချာပီ၊ ဘင်္ဂါလီ၊ခိုဂျာရတီ၊ စူရတီ ... အစရှိတဲ့ သူငယ်ချင်းတွေ အများကြီးရှိဖူးပါတယ်။ ချမ်းသာသူ တွေများသလို ဆင်းရဲသူတွေလည်း ပါပါတယ်။ တချို့ကျတော့ ဘာမျိုးနွယ်တွေမှန်း မသိတာတွေလည်း ရှိပါတယ်။ ဥပမာ ဝင်းဖေနဲ့ တစ်ရပ်ကွက်တည်းမှာကြီးတဲ့ ပီတာ ဆိုရင် ဝင်းဖေနဲ့ ကျောင်းနေဘက်၊ တစ်ကျောင်းတည်းတက်ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အမျိုးအနွယ်ကို ဝင်းဖေ ငယ်ငယ်ကတည်းက မသိခဲ့ပါဘူး။ ပီတာရဲ့ အဖေ၊ အမေ များက ဆင်းရဲကြပါတယ်။ ပီတာ့အဖေက ဘာဘူကုန်တိုက်တစ်ခုမှာ အလုပ်ကြမ်းလုပ်ပြီးတော့ကာ ပီတာ့အမေ ကတော့ ဝင်းဖေတို့ ဈေးတန်းရပ်ကွက်က လမ်းဘေးမှာ မနက်တိုင်း အာပုံ ဆိုတဲ့ ကုလားမုန့်တစ်မျိုးကို လုပ်ပြီးတော့ ရောင်းပါတယ်။ အဲဒီ ပီတာ့မိခင်ကြီးရဲ့ နာမည်က ဒေါ်အမီနာ တဲ့။ သူ့မုန့်ကလည်း လမ်းဘေး မှာ ရောင်းတာဆိုပေမဲ့ အတော်လူကြိုက်များပါတယ်။ ပီတာဟာ ဝင်းဖေအိမ်မှာ စားအိမ်သောက်အိမ် ဖြစ်သလို ဝင်းဖေကလည်း ပီတာတို့အိမ်ကို ဝင်ထွက်သွားလာ နေတာပါပဲ။ မနက်ဘက်တွေမှာ ဝင်းဖေဟာ ဒေါ်အမီနာ့ဆီမှာ အာပုံ သွားသွားဝယ်ရ ပါတယ်။

ဒေါ်အမီနာက သူ့သား ပီတာရဲ့သူငယ်ချင်းဖြစ်တဲ့ ဝင်းဖေကို အညို လို့ပဲ ငယ်နာမည်နဲ့ ခေါ်ပါတယ်။ သူ့ဆီမှာ အာပုံသွားဝယ်ရင် ပိုပြီးတော့ ပေးတတ်တာတွေ ရှိသလို တခြား ဈေးဝယ်အသစ်တွေနဲ့ကြုံနေရင် လူရင်းဖြစ်တဲ့ ဝင်းဖေကို နောက်ဆုတ် ပြီးတော့ စောင့်ခိုင်းလေ့ရှိပါတယ်။ ဒေါ်အမီနာအနေနဲ့

ဝင်းဖေကို ပြောမနာဆိုမနာ ရှိတာကို ပြောလိုတာပါ။ သူ့သားရဲ့ သူငယ်ချင်းဆိုတော့ သူ့သားလိုပဲ တရင်းတနှီး နွေးနွေးထွေးထွေးရှိပါတယ်။ အဲဒီလို တရင်းတနှီး နေခဲ့ကြတာဟာ ဝင်းဖေ ဆယ့်သုံး ဆယ့်လေးနှစ်လောက် အထိပါပဲ။ နောက် ဝင်းဖေ တက္ကသိုလ် စတက်တော့ ဝင်းဖေ ပီတာတို့မိသားစုနဲ့ အနေဝေးပြီးတော့ အဆက်အသွယ်တွေ ပြတ်သွားပါတယ်။

ဝင်းဖေ အသက် ၃၁ နှစ်မှာ အရင်က ဝင်းဖေ ပြောခဲ့သလို ဝင်းဖေက မန္တလေး မှာရှိတဲ့ အစိုးရ အနုပညာ ပန်းချီနဲ့ အကကျောင်းအုပ်ကြီး ဖြစ်နေပါပြီ။ ပီတာတို့ သားအမိနဲ့ မတွေ့ကြရတာလည်း ၁၅ နှစ်လောက် ကြာသွားပါတယ်။ အနုပညာနဲ့ ပန်းချီကျောင်းအုပ်ကြီး ဝင်းဖေဟာ အဲဒီတုန်းက နိုင်ငံတော်အကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း မန္တလေးကိုလာရင် ညွှန့်ခံရတဲ့တာဝန်ရှိပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်းဟာ မန္တလေးပန်းချီကျောင်းက အကသင်တန်း ကျောင်းသား၊ ကျောင်းသူ ကလေးတွေရဲ့ အဆို၊ အကတွေကို အလွန်နှစ်သက်ပါတယ်။ ဗိုလ်ချုပ်ကြီး မန္တလေးကို ၅ ခါ ရောက်ရင် ၄ ခေါက်လောက်ကတော့ ပန်းချီအက ကျောင်းသူ၊ ကျောင်းသား လေးတွေကို မန္တလေးနန်းတော်ထဲက ရတနာပုံတည်းခိုရိပ်သာထဲ ခေါ်ပြီးတော့ ကခိုင်း ဆိုခိုင်း တီးခိုင်းတတ်ပါတယ်။ ဒီတော့ အုပ်ချုပ်သူ ဝင်းဖေကလည်း ကလေး တွေနဲ့အတူ ပါပါသွားရပါတယ်။ ဗိုလ်ချုပ်ကြီးမေးတဲ့ မေးခွန်းတွေကိုလည်း ဖြေကြားရ ပါတယ်။ တစ်နှစ်မှာတော့ … ၁၉၆၉ ခုနှစ်လို့ ထင်ပါတယ် … မန္တလေးကို ဗိုလ်ချုပ်ကြီး နေဝင်းနဲ့ ဇနီး ဒေါ်ခင်မေသန်း ရောက်နေလို့ ဆိုပြီးတော့ မန္တလေးတိုင်းမှူးက ဝင်းဖေကို လှမ်းခေါ်ပါတယ်။ ဝင်းဖေလည်း ရတနာပုံညွှန့်ရိပ်သာကို ရောက်ရော … စစ်ထရပ်ကား ကြီးတစ်စီးလည်း ထိုးဆိုက်လာပါတယ်။ အဲဒီစစ်ကားပေါ်က ဒယ်အိုးနှစ်လုံးနဲ့ မီးသွေး အိတ်ကို ချလာပါတယ်။ နောက် ပီတာ့အမေကြီး ဒေါ်အမီနာလည်း ဆင်းလာပါတယ်။ ဝင်းဖေကိုလည်းမြင်ရော … “အောင်မလေး … အညိုရယ် .. ငါ့ကို ကယ်ပါဦး” ဆိုပြီး ပြေးလာပါတယ်။ ဝင်းဖေလည်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရပါတယ်။ “ဘာဖြစ်တာလဲ … ”လို့ မေးတော့ … သူမနက်ပိုင်း အာပုံရောင်းနေတုန်း သူ့ကိုရော ပစ္စည်းတွေကိုရော စစ်ကားနဲ့တင်ပြီး ဖမ်းလာကြတာပါပဲတဲ့။ သူ့ကို ကယ်ပါဦး ဆိုပြီး တော့ ငိုတော့တာပါပဲ။

ဒါနဲ့ဒေါ်အမီနာကို ကားနဲ့တင်ခေါ်လာတဲ့ တပ်ကြပ်ကြီးဘသိန်းကို အကျိုး အကြောင်းမေးပါတယ်။ အဲဒီတော့မှ ငိုအားထက်ရယ်အားသန် ဆိုသလို ဖြစ်ကြရပါတယ်။ ဗိုလ်ချုပ်ကြီးနဲ့ ဇနီးဒေါ်ခင်မေသန်းတို့က မနက်စာအဖြစ် အာပုံစားချင်ကြတယ် ဆိုလို့ မန္တလေး၊ ဓားတန်းရပ်က နာမည်ကြီး အာပုံသည်ကို သွားပြီးတော့ ပင့်လာကြ တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေါ်အမီနာကလည်း သိပ်ကြောက်နေတော့ ဘာမှန်း ညာမှန်းမသိဖြစ်၊ သွားခေါ်ကြတဲ့

စစ်သားတွေကလည်း အပြောအဆို မတတ်တော့ လမ်းဘေးမှာ ဈေးရောင်းလို့ အဖမ်းခံရပြီလို့ ထင်တာပါ။ အကျိုးအကြောင်း အားလုံး သိတော့မှ ဒေါ်အမိနာကို ရှင်းပြရပါတယ်။ "ခင်ဗျား ဘာမှ မပူနဲ့ ... အာပုံတွေကိုသာ အကောင်းဆုံးလုပ်ပေတော့ ... ခင်ဗျား ဒီနေ့ စပါယ်ရှယ်ဆုတွေ ဘာတွေရမှာ ခင်ဗျားတော့ ပွပြီ ..." လို့ မနည်းပြောရပါတယ်။

အဲဒီနေ့က ဒေါ်အမိနာရဲ့ အာပုံကို အားလုံးက ကြိုက်ကြပါတယ်။ ဒေါ်အမိနာ ကိုလည်း တိုင်းမှူးက ငွေ ၃၀၀ ပေးပြီး ကားနဲ့ အိမ်တိုင်ရာရောက် ပြန်ပို့ပေးကြပါတယ်။ အဲဒီ နောက်တစ်နေ့လည်းရောက်ရော ဝင်းဖေရဲ့ ကျောင်းရုံးခန်းကို ဒေါ်အမိနာ ပေါက်ချလာပါတယ်။ သူ့အနေနဲ့ စစ်ဗိုလ်ကြီးတွေရှေ့မှာ ဝင်းဖေကို ... "အညို ...ငါ့ကို ကယ်ပါဦး" လို့ ပြောမိပါကြောင်း၊ အဲဒါကို စိတ်မဆိုးဖို့၊ သူ့ကိုခွင့်လွှတ်ဖို့ တောင်းပန်ရှာတာပါ။ ဝင်းဖေကလည်း ... ငယ်ငယ်ကတည်းက အညိုလို့ခေါ်လာတာ၊ အခုလည်း 'အညို" လို့ခေါ်တော့ ဘာဖြစ်သလဲ၊ စိတ်မဆိုးတဲ့အပြင် ဝင်းဖေက ဝမ်းတောင်သာရပါကြောင်း၊ ဝင်းဖေကို "ဟဲ့ အညို ..." လို့ တရင်းတနှီးခေါ်မည့်သူ သိပ်မရှိတော့ကြောင်း၊ မနည်း ဖျောင်းဖျပြောပြရပါတယ်။ နောက်ဘယ်မှာပဲတွေ့ တွေ့.. အညိုလို့ပဲခေါ်ပါလို့ ပြောပြရပါတယ်။ ဒီတော့မှ ဒေါ်အမိနာလည်း စိတ်သက်သာရာ ရသွားပါတယ်။ ခဏနေတော့ ပြန်ဦးမှဆိုပြီး တော့ ... "ကဲ ကျောင်းအုပ်ကြီး ဦးဝင်းဖေ ... ဒါဆိုငါပြန်ဦးမယ်" လို့ နှုတ်ဆက်ပြီး ထွက်သွားပါတယ်။ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ မန္တလေးတက္ကသိုလ်ကို စတက်တော့ ၁၉၅၁-၁၉၅၂ ပညာသင်နှစ်ထဲက ၁၉၅၁ ခုနှစ်ထဲမှာပါ။ ဝင်းဖေ Matriculation ဖြေရတော့မယ်ဆိုတော့ ဝင်းဖေ ဟာ အသက်မပြည့်သေးဘဲ ဖြစ်နေလို့ ဝင်းဖေတို့ ကျောင်းရုံးကပဲ ဝင်းဖေရဲ့မွေးနေ့ကို ပြင်ပေးလိုက်ပါတယ်။ ဒါ့ကြောင့် ဝင်းဖေရဲ့ တရားဝင်မွေးနေ့ဟာ တစ်နှစ်ကြီးနေ ပါတယ်။

အဲဒီ ၁၉၅၁-၅၂ ပညာသင်နှစ်မှာ တက္ကသိုလ်စာမေးပွဲစနစ်တွေ ပြောင်းပါတယ်။ ၁၉၅၁ ခုနှစ်အထိ တက္ကသိုလ် စာမေးပွဲတွေကို Compact System ဆိုတာနဲ့ ပြုလုပ်ပါတယ်။ Compact System ဆိုတာ အတန်းတစ်တန်းကို မတ်လမှာ စာမေးပွဲ ဖြေရင် ၅ ဘာသာရှိတဲ့အနက် ၃ ဘာသာ အောင်ရင် ရပြီ၊ ကျန်တဲ့ ၂ ဘာသာကို ဇွန်လ စာမေးပွဲမှာ ဆက်ဖြေ၊ အဲဒီလိုမှ မအောင်တဲ့ ဘာသာ ကျန်နေသေးတယ်ဆိုရင်... နောက်လာမည့် မတ်လမှာ ပြန်ဖြေ၊ အားလုံးအောင်သွားရင် နောက်တစ်တန်း တက်တော့ ဆိုတဲ့ စနစ် ဖြစ်ပါတယ်။ အဲဒီစနစ်ကို ၁၉၅၁ ခုနှစ်မှာ ရပ်ဆိုင်းပစ်လိုက်ပါတယ်။ အဲဒီနှစ်မှာပဲ A B စနစ်ဆိုတာ စတင် ပေါ်ပေါက် လာပါတယ်။ A B စနစ်ဆိုတာ Intermediate ဥပစာတန်း A နဲ့ B နောက် Bachelor ဝိဇ္ဇာတန်း A နဲ့ B ကို ဆိုလိုတာပါ။ ကျောင်းသား တစ်ယောက်ဟာ ဥပစာတန်း A ကိုပဲ ဖြစ်ဖြစ်၊ ဝိဇ္ဇာတန်း A ကိုပဲ ဖြစ်ဖြစ် တက်ပြီးလို့ မဖြေလို့ပဲ ဖြစ်ဖြစ်၊ စာမေးပွဲကျလို့ပဲ ဖြစ်ဖြစ်...A အတန်းကို ပြန်မတက်ချင်ရင်B တန်းကို ဆက်တက်သွားနိုင်ပါတယ်။ နှစ်ကုန်တော့ မတ်လ စာမေးပွဲမှာ A တန်းကို ဖြေ၊ အောင်ခဲ့ရင် ဇွန်လမှာ B တန်းကို ဖြေနိုင်ပါတယ်။ အောင်သွားရင် ၂ နှစ်မှာ ၂ တန်း အောင်သွားတော့တာပါပဲ။ စာတော်ပေမဲ့ ခြေချော်လက်ချော် ဖြစ်နိုင်တဲ့ ကျောင်းသားတွေကို ညှာထားတဲ့ စနစ်ပါ။ ဒီစနစ်သစ်ကြောင့် အကျိုး ခံစားကြရတဲ့ ကျောင်းသားတွေ ရှိသလို ပိုပြီးတော့ ဒုက္ခ ရောက်သွားတဲ့ ကျောင်းသားတွေလည်း ရှိပါတယ်။ အစကတည်းက စာတော်တဲ့ ကျောင်းသားတွေဟာ အကျိုးခံစားရ တာပါပဲ။ အလေးအနက် မထားဘဲ ပေါ့ဆတဲ့ ကျောင်းသားတွေ အတွက်ကတော့ ခံရတာပါပဲ။ အနီးကပ်ဆုံး ဥပမာပေးရရင် ... ဝင်းဖေ ကိုယ်တိုင်ကိုပဲ ဖြစ်ပါတယ်။ ဝင်းဖေက အထက်တန်းကျောင်းမှာ Triple Promotion တောင် ရခဲ့ဖူးတဲ့ အတွက် တက္ကသိုလ်ကို အသက် မပြည့်သေးဘဲ ရောက်ခဲ့တာဆိုတော့ ... ဘဝင်မြင့်၊ အောက်ခြေ လွတ်သွားပြီးတော့ ဘဝမှာ

အလွန်ကြီးမားတဲ့ အမှားကြီး တစ်ခုကို လုပ်မိပါ တော့တယ်။ ဝင်းဖေက Matriculation ကို နှစ်ချင်းပေါက်လည်း အောင်ရော မိဘတွေကို အခွင့်အရေးတစ်ခု တောင်းလိုက်ပါတယ်။ "ဒီနှစ် ဥပစာတန်း စာမေးပွဲ မဖြေဘူး၊ ပန်းချီကိုပဲ အဓိကထားမယ်၊ ဘာညာ"ပေါ့။ ကျောင်းမှာ A B စာမေးပွဲ စနစ်ကလည်း ပေါ်နေပြီ မဟုတ်လား။ မလောက်လေး မလောက်စား ဝင်းဖေဆိုတဲ့ကောင်က လူလည် လုပ်လာတာ ဖြစ်ပါတယ်။ မိဘတွေကလည်း အထက်တန်းကျောင်းမှာ တောက်လျှောက် စာတော်လာခဲ့တဲ့ ဝင်းဖေကို ဘာမှ စဉ်းစားမနေတော့ဘဲ "လူလေး ကြိုက် သလိုသာ လုပ်" ဆိုပြီး လွှတ်ပေးလိုက်ပါတယ်။ ဝင်းဖေဟာ ၁၉၅၂ ခုနှစ် စာသင်နှစ် တစ်ခုလုံး မန္တလေး တက္ကသိုလ်ကို တက်တော့ တက်ပါလျက် အလေးအနက် မဟုတ် တော့ဘူး။ မည်ကာမတ္တပဲ ဖြစ်သွားပြီးတော့ အချိန်ပေါင်း များစွာ ပန်းချီဆရာကြီး ဦးဘသက်ထံမှာ ပန်းချီပေါ်ဦးသက်နဲ့အတူ ပန်းချီတွေပဲ အများကြီးရေးခဲ့ပါတယ်။

နှစ်ကုန်တော့ ဝင်းဖေရဲ့ ပထမနှစ် ဥပစာတန်း မတ်လ စာမေးပွဲကို မဖြေတော့ပါဘူး။ နောက် ဇွန်လ စာမေးပွဲကိုလည်း မဖြေပါဘူး။ ဆက်ပြီးတော့ ပေါ့ပေါ့ဆဆနဲ့ ဘဝင်မြင့် အောက်ခြေလွတ်နေတာ ဖြစ်ပါတယ်။ နောက်တစ်နှစ်ကျတော့ သူငယ်ချင်း တွေနဲ့အတူ ခပ်တည်တည် ဥပစာတန်း B ကို တက်သွားပါတယ်။ ဥပစာတန်း A ကိုလည်း ကောင်းကောင်း မတက်ခဲ့တဲ့အတွက် ဥပစာတန်း B ကို တက်ခဲ့တာဆိုတော့ စာတွေအားလုံး သပွတ်အူလိုက်ကုန်ပြီပေါ့။ နှစ်ကုန်လို့ မတ်လ စာမေးပွဲကျတော့ ဥပစာတန်း A ကို ဘယ်ကောင်းကောင်း ဖြေနိုင်ပါတော့မှာလဲ ... စာမေးပွဲ ကျတော့ တာပေါ့။ ဇွန်လ စာမေးပွဲမှာ ဥပစာတန်း B ဖြေဖို့ နေနေ သာသာ A ကို ပြန်ဖြေတာတောင် မအောင်တော့ပါဘူး။ ဝင်းဖေရဲ့ အခြေခံပညာရေးမှာ ခါးပြတ်သွားတာ ဖြစ်ပါတယ်။ တစ်သက်လုံး ကျောင်းပျော်ခဲ့တဲ့ ဝင်းဖေ ... အတန်း စာသင်ခန်းတွေထဲမှာ အလွန်ပျော်ခဲ့တဲ့ ဝင်းဖေဟာ တက္ကသိုလ်ရောက်ခါမှ စာသင်ခန်းတွေမှာ မပျော်တော့ ပါဘူး။ တက္ကသိုလ်ကျောင်း လက်ဖက်ရည်ဆိုင်တွေ၊ ကော်ရစ်ဒါတွေ၊ ဘော်ဒါဆောင်တွေ .. ဘာတွေ ညာတွေမှာပဲ ပေးလား ဝါးလားနဲ့ ပျော်ပါတော့တယ်။ အချိန်မီ ပြန်ပြီး ပြုပြင်ဖို့ ကြတော့ ဝင်းဖေက ပန်းချီနဲ့ ဂီတဘက်မှာ အရှိန်တွေ လွန်ကုန်ပါတယ်။ အဲဒီအချိန်က စပြီးတော့ ဝင်းဖေနဲ့ စာသင်ခန်းတွေနဲ့ ကွာသည်ထက်ကွာ၊ ဝေးသည်ထက် ဝေးကုန်ပါတော့တယ်။

ဝင်းဖေကို နည်းနည်းပါးပါး ကယ်နိုင်တာလေးတစ်ခုက ဝင်းဖေဟာ တွေ့ကရာ ရှစ်သောင်း စာတွေကိုတော့ တွေ့ရင် တွေ့သလို အများကြီးဖတ်တဲ့ အကျင့် ရှိပါတယ်။ အဲဒါကလေးက ဝင်းဖေကို စာပေနဲ့ပတ်သက်လို့ နည်းနည်းပါးပါး ဖာထေး ပေးနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ နှစ်နှစ်နဲ့ အောင်ရမည့်

ဥပစာတန်း ၂ တန်းကို ဝင်းဖေဟာ... ၅ နှစ်နေမှ အောင်ပါတယ်။ ဝင်းဖေဟာ မန္တလေး တက္ကသိုလ်မှာ ၉ နှစ်၊ ရန်ကုန် တက္ကသိုလ်မှာ ၁နှစ်၊ အားလုံးပေါင်း တက္ကသိုလ်သက် ၁၀ နှစ်၊ ကျောင်းဆွေး၊ လူဆွေး နေခဲ့ပေမဲ့ ဝိဇ္ဇာ ပထမနှစ်ကိုသာ အောင်ခဲ့ပြီးတော့ ... ဘာဘွဲ့၊ ဘာဒီဂရီမှ မရခဲ့တော့ပါ ခင်ဗျား။ ဝင်းဖေ ဘဝတစ်လျှောက်လုံးအတွက် ပြန်ပြင်လို့ မရတော့တဲ့ ဆုံးရှုံးမှုကြီးပါပဲ။ ဘာပဲလုပ်လုပ် ... စဉ်ဆက်မပြတ်ရှိမှုနဲ့ အရှိန်အဟုန်ဆိုတာတွေ ရှိနေတတ်ပါတယ်။ အဲဒီ အရှိန်အဟုန်တွေကို ပြတ်တောက်၊ ထစ်ငေါ့စေတဲ့ ကိစ္စတွေဟာ ပြုရ၊ ပြင်ရ ခက်ခဲတတ်ပါတယ်။ နောက်ပိုင်း ဝင်းဖေရဲ့ဘဝတွေကို ကြည့်ပြီးတော့ ဝင်းဖေရဲ့ အပေါင်းအသင်းတွေက ... “မင်းဟာ ... တက္ကသိုလ်က ဘွဲ့တွေဘာတွေ ရခဲ့ရင် ... အခုလို ရုပ်ရှင် ဒါရိုက်တာတို့၊ ပန်းချီရေးတဲ့ ကောင်တို့၊ စာတိုပေစ ရေးတဲ့ကောင်... ဘယ်လာဖြစ်မှာလဲကွ” ဆိုပြီးတော့ ကြံဖန် နှစ်သိမ့် အားပေးကြပါတယ်။

ဝင်းဖေအတွက်တော့ ... အထက်တန်း ပညာရေးမှာ ခါးပြတ်သွားတာဟာ... ခါးပြတ်သွားတာပါပဲ။ ဆင်ခြေဆင်လက်တွေ ဘာမှ ပေးမနေချင်ပါဘူး။ တစ်ခုတော့ ရှိပါတယ် ... ဝင်းဖေက ဆုံးရှုံးရတာတွေကို အချိန်အကြာကြီး ... တွေးနေ၊ ဆွေးနေ၊ ငေးနေလေ့ မရှိပါဘူး။ ရှေ့ဆက်ပြီးတော့ အကောင်းဆုံး၊ ဘာဆက်လုပ်မလဲ ဆိုတာကိုသာ စိတ်ဝင်စားတတ်ပါတယ်။ အကောင်းမြင်စိတ်ဓာတ် တတ်နိုင်သမျှ ထားတဲ့ အကျင့်ကို တကူးတက ကျင့်ယူပါတယ်။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေတို့ တက္ကသိုလ် တက်ကြတဲ့ ၁၉၅၀ စောစော ပိုင်း နှစ်တွေဟာ ဖ-ဆ-ပ-လ ခေတ်ဖြစ်ပါတယ်။ နိုင်ငံ ရေး အခြေအနေကို ပြောရ မယ်ဆိုရင် ... အာဏာရ ဖ-ဆ-ပ-လ ပါတီမှာ လက်ယာ ဆိုရှယ်လစ်တွေ ကြီးစိုးနေ တယ်လို့ ပြောရပါမယ်။

မြေအောက်ကနေ တိုက်ခိုက်နေတာက ဗမာပြည် ကွန်မြူနစ်ပါတီ၊ အလံနီကွန်မြူနစ်ပါတီ၊ ရဲဘော်ဖြူ ၊ ရဲဘော်ဝါ ဆိုတာတွေလည်း ရှိပါသေးတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေထဲက အင်အားအကြီးဆုံးက KNDO လို့ ခေါ်တဲ့ ကရင်လက်နက်ကိုင်အဖွဲ့ဖြစ်ပါတယ်။ ပြည်တွင်းစစ်ကြီးဟာ မြန်မာ့လွတ်လပ်ရေးနဲ့ အတူ စခဲ့ပေမဲ့ ၁၉၅၀ခု စော စောပိုင်းနှစ်တွေက စပြီးတော့ ဖ-ဆ-ပ-လ အစိုးရက အတော်ကလေး ပြန်ပြီးတော့ ထိန်းသိမ်းနိုင်တဲ့အခြေအနေကို ပြန်ရောက်ပါတယ်။

ကျောင်းသားလောက (အထူးသဖြင့် တက္ကသိုလ်လောက)မှာ အာဏာရပါတီ အစိုးရဆန့်ကျင်ရေး၊ ကွန်မြူနစ်ပါတီကို ထောက်ခံတဲ့ ကျောင်းသား၊ ကျောင်းသူ အင်အား တစ်စထက်တစ်စ တိုးတက်နေခဲ့တဲ့ အချိန်အခါတွေ ဖြစ်ပါတယ်။ ပြည်တွင်းစစ် အားပျော့သွားချိန် ပထမပိုင်းမှာ U S O လို့ ခေါ်တဲ့ University Student Organization တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ နောက် D.S.O လို့ ခေါ်တဲ့ Democratic Student Organization ဒီမိုကရေစီ ကျောင်းသားများ သမဂ္ဂတို့ ဆိုတာတွေ ခဏရှိခဲ့ကြသေးပေမဲ့ နောက်နှစ်တွေမှာတော့S U F လို့ ခေါ်တဲ့ Stu-dent United Front ကျောင်းသား ညီညွတ်ရေးတပ်ဦးတို့၊ တပ်ဦးသစ်တို့ဆိုတဲ့ အလံနီ၊ အလံဖြူ ကွန်မြူနစ် ကျောင်းသားအဖွဲ့တွေ အလွန်အမင်း ရေပန်းစား လူကြိုက်များလာပါတယ်။ အဓိကကတော့ လက်ရှိ အာဏာရ အစိုးရကို ကျောင်းသား လူငယ်တွေက ဝေဖန်ဆန့်ကျင် လိုကြတဲ့ အရင်းခံ စိတ်ဓာတ်တွေကြောင့် ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံရေး မှာကလည်း လက်ဝဲဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံတွေ ဟိုးလေးတကျော် နာမည်ကြီးနေချိန် ဖြစ်လို့ပါပဲ။ မြေပေါ်နိုင်ငံရေးနဲ့ ကျောင်းသားလောက နိုင်ငံရေး လုပ်ပိုင်ခွင့်၊ လှုပ်ရှားပိုင်ခွင့်တွေမှာ စစ်အစိုးရနဲ့ ခေတ်နှင့်နှိုင်းစာလျှင် အလွန် လွတ်လပ်ခွင့်ရှိတဲ့ ခေတ်ကြီး ဖြစ်ပါတယ်။ အစိုးရဆန့်ကျင်တဲ့ စာအုပ်၊စာပေ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ

အများကြီး ထုတ်ဝေခွင့်ရပြီးတော့ အစိုးရဝါဒဖြန့် စာပေတွေထက် အင်အားအများကြီး ကြီးမားပါတယ်။ ဟောပြော စည်းရုံးပိုင်ခွင့် တွေကလည်း စစ်အစိုးရခေတ်နဲ့ နှိုင်းစာ ကြည့်မယ် ဆိုလျှင် မိုးနဲ့ မြေကြီးလောက် ကွာပါတယ်။

အာဏာရ အစိုးရပါတီက အာဏာအလွဲသုံးစားလုပ်ပြီးတော့ အတိုက်အခံ တွေကို ဖမ်းတာဆီးတာ၊ ထောင်ချတာတွေရှိပေမဲ့ စစ်အစိုးရ လက်ထက် ဖမ်းဆီးနှိပ်ကွပ် မှုတွေနဲ့ယှဉ်ကြည့်မယ်ဆိုရင် မိုးနဲ့မြေကြီးလောက် ကွာနေပြန်ပါတယ်။ ဒါပေမဲ့ လူ့ အလို နတ်မလိုက်နိုင်ဆိုတာလို အဲဒီတုန်းက အတိုက်အခံ နိုင်ငံရေးပါတီတွေက အာဏာရ ဖ-ဆ-ပ-လ ပါတီရဲ့ အုပ်ချုပ်မှုကို အလွန် ကြမ်းတမ်းယုတ်မာ ရက်စက် တယ်လို့ ဝေဖန်တိုက်ခိုက်ကြပါတယ်။ သူ့ခေတ်နဲ့သူတော့ မှန်ကန်နေတာပါပဲ။ နှိုင်းယှဉ်ကြည့်စရာ စစ်အစိုးရကမှ မပေါ်သေးတာကိုး။ ဖ-ဆ-ပ-လခေတ် နိုင်ငံရေး ပဋိပက္ခကြောင့် ငါးလောင်းပြိုင် လူသတ်မှု၊ ဆယ်လောင်းပြိုင် လူသတ်မှုဆိုတာ တွေဟာ စစ်အစိုးရခေတ် ရာချီ၊ ထောင်ချီ သတ်ဖြတ်မှုတွေနဲ့ စာလိုက်ရင် မိုးနဲ့မြေကြီး လောက် မကွာပေဖူးလား။ ဖ-ဆ-ပ-လခေတ် နိုင်ငံရေးသမား ထောင်ကျရင် A Class, B Class တွေ ရှိပါတယ်။ ညှဉ်းပန်းနှိပ်စက်တယ်ဆိုတာ အဲဒီခေတ်က ထောင်ချထားတာကို ပြောတာပါ။ ထောင်ထဲ နေထိုင်စားသောက်ရေးဟာ ဆင်းရဲတဲ့နိုင်ငံရေးသမား တွေအဖို့ဆိုရင် ကိုယ့်အိမ် ကိုယ့်ရာ မှာထက်တောင် ထောင်ထဲက B Class က အများကြီး သာသေးတယ်လို့ ထောင်ထွက် နိုင်ငံရေးသမား ဟောင်းကြီးတွေက ပြောပြကြပါတယ်။

ကျောင်းသား နိုင်ငံရေးခေါင်းဆောင်တွေ ထောင်ကျသွားပြီဆိုရင် ထောင်ထဲမှာ စာမေးပွဲဖြေခွင့်ကို ကျကျနန လုပ်ပေးကြရပါတယ်။ တက္ကသိုလ်က တာဝန်ကျဆရာတွေ သွားပြီးတော့ အထူးကြပ်မတ်စီစဉ်ပေးကြရတာပါ။ စစ်အစိုးရခေတ် ထစ်ခနဲဆို စစ်ခွေး တိုက်ထဲ သွင်းပြီးတော့ ရိုက်တော့တာပဲ ဆိုတာတွေနဲ့တော့ မိုးနဲ့မြေကြီး ကွာပါတယ်။ တက္ကသိုလ် ကျောင်းတွေထဲက ကျောင်းသားသမဂ္ဂ ရွေးကောက်ပွဲတွေအတွက် လှုပ်ရှား ခွင့်တွေဆိုရင် အလွန် လွတ်လွတ်လပ်လပ်ရှိခဲ့ပါတယ်။ ကျောင်းသားလောက ရွေးကောက်ပွဲတွေဟာ လွတ်လပ်တယ်၊ တရားမျှတမှု ရှိတယ်၊ ပွင့်လင်းမြင်သာမှု ရှိတယ်၊ အလွန်ပျော်စရာ ကောင်းတဲ့ အချိန်ကာလတွေ ဖြစ်ပါတယ်။ ကျောင်းသားနိုင်ငံ ရေးလောကမှာတော့ .. အဲဒီခေတ်က လက်ဝဲ ထောက်ခံတဲ့ အင်အားက အဆမတန် ကြီးမားခဲ့ပါတယ်။ လက်ဝဲနိုင်ငံရေးကို တကယ်နားလည်လို့ဆိုတာထက် ကျောင်းသား လူငယ်တွေပီပီ လက်ရှိ အာဏာရ ပါတီကို ဆန့်ကျင်လိုကြတဲ့ စိတ်ဓာတ်တွေကြောင့် ဖြစ်ပါတယ်။

စစ်အစိုးရခေတ်မှာ အတော်ကြီး တွင်ကျယ်ခဲ့ဖူးတဲ့

ဒေါက်တာညီညီဆိုရင်.... ဝင်းဖေတို့ ကျောင်းသားခေတ်က ဘူမိဗေဒ ထူးချွန်ကျောင်းသားဖြစ်ပေမဲ့ လက်ဝဲ ကျောင်းသား တစ်ယောက်၊ မာက်စ်တစ်ယောက်လည်း ဖြစ်ပါတယ်။ အဲဒီတုန်းက ဘူမိဗေဒ ပါမောက္ခက လက်ဝဲဝါဒကို မကြိုက်တဲ့ ဒေါက်တာသာလှ ဖြစ်ပါတယ်။ လက်ဝဲကျောင်းသား မောင်ညီညီကို နိုင်ငံခြားလွှတ်ပြီး ပါရဂူဘွဲ့ ယူခွင့်ပေးရတော့မည့် အချိန်မှာ နိုင်ငံရေးယုံကြည်မှု မတူတာတွေကို ဘေးဖယ်ပြီးတော့ စာတော်တဲ့ ကျောင်းသား မောင်ညီညီကို ပါမောက္ခကြီးက ကျေကျေနပ်နပ် လွှတ်ပေးလိုက်တာပါပဲ။ မန္တလေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကိုလေး ဆိုရင်လည်း လက်ဝဲဝါဒကို မကြိုက်သူဖြစ်ပေမဲ့ လက်ဝဲ ကျောင်းသားတွေ အောင်မြင်မှုရတာကို ဘာအနှောင့်အယှက်မှ မပေးရုံ သာမကဘဲ ရှုံးနိမ့်တဲ့ အဖွဲ့အစည်းတွေကိုလည်း လူကြီးလူကောင်းစိတ်ဓာတ် ထားတတ်အောင် ဆုံးမတိုက်တွန်းသူဖြစ်ပါတယ်။ ဝင်းဖေ ဖြတ်သန်းခဲ့ရတာတွေ တတ်နိုင်သမျှ အရှိအရှိအတိုင်း၊ အရင်းအတိုင်း ဆက်လက် တင်ပြပါ့မယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

[၁၉၄]

သောတရှင်များခင်ဗျာ ...

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးလို့ လေးငါးနှစ်လောက် ကြာတဲ့အခါမှာ မန္တလေးနဲ့ ရန်ကုန် တက္ကသိုလ်ကျောင်းတွေမှာ ကျောင်းသားတွေ တစ်နှစ်ထက် တစ်နှစ် ပိုပိုများလာ ပြီးတော့ နေရာအခက်အခဲတွေ၊ ဆရာ၊ ဆရာမ အခက်အခဲတွေ၊ ပစ္စည်းပစ္စယ အခက် အခဲတွေ အများကြီးရှိလာနေပါတယ်။

စစ်ပြီးခေတ် မန္တလေးတက္ကသိုလ်မှာ မြန်မာ ဆရာ၊ ဆရာမတွေ ရှားပါးနေသေး လို့ နိုင်ငံခြားက အများကြီး ငှားရပါတယ်။ ဝင်းဖေတို့ စတက်တဲ့ ၁၉၅၁ ခုနှစ်မှာကိုပဲ မန္တလေးတက္ကသိုလ်မှာ ... ဓာတုဗေဒဌာန၊ ရူပဗေဒဌာန၊ ဇီဝဗေဒဌာန၊ တက္ကဗေဒ၊ အင်္ဂလိပ်စာဌာနနဲ့ သမိုင်းဌာန စတာတွေမှာ အင်္ဂလန်က၊ အမေရိကန် ပြည်ထောင်စု ကနဲ့ အိန္ဒိယကငှားရတဲ့ ဆရာ၊ ဆရာမတွေ အများကြီးရှိပါတယ်။ အိန္ဒိယက ဆရာ၊ ဆရာမတွေမှာ အင်္ဂလိပ်စကားပြော အသံထွက်ကွာဟမှု ကြီးမားတဲ့အတွက် ဝင်းဖေ တို့မှာ အလွန် ဒုက္ခရောက်ကြရပါတယ်။

အိန္ဒိယဆရာတချို့က Ao ကို ရေအိုးလို့ အသံထွက်ကြပါတယ်။ Yellow ကိုကျတော့ အဲလို့ ထွက်ပါတယ်။ everything ကိုလည်း ယဲဗရီးသင်း လို့ထွက်ပြန်ပါတယ်။ မီးသွေး၊ Charcoal ကို ကျားလ်ကို ထွက်ပါတယ်။ အတန်းတွေထဲမှာ အိန္ဒိယက ဆရာ၊ ဆရာမတွေရဲ့ အသံထွက်တွေကို မနည်းနားလည်အောင် ကြိုးစားကြရပါတယ်။ အဲဒီ အိန္ဒိယက ဆရာတွေရဲ့ အသံထွက်တွေနဲ့ နီးစပ်အောင်၊ နားယဉ်အောင် လုပ်ပြန်တော့ ကိုယ့်အသံထွက်တွေက ပျက်စီးကုန်ပြန်ပါတယ်။ မြန်မာပြည် ဟာ ပြန်လည် ထူထောင်ရေးနဲ့ ကြီးပွားတိုးတက်လာနေတာ မှန်ပေမဲ့ ပြည်တွင်းစစ်ကြောင့် ကာကွယ်ရေးစရိတ် (စစ်စရိတ်)က တရိပ်ရိပ် တက်လာနေလို့ နိုင်ငံတော် ဘတ်ဂျက်ရဲ့ ၄၀% ကျော်လာတဲ့အထိ ဆိုးရွားလာပါတယ်။ ဒါ့ကြောင့် ပညာရေးတို့ ကျန်းမာရေးတို့ ဆိုတာတွေအတွက် ဘတ်ဂျက်တွေ ဖြတ်တောက်ခံနေရပါတယ်။ ဒီတုန်းက စောစောပိုင်း နှစ်တွေအတွင်း တက္ကသိုလ်မှာ ကျောင်းသားတွေရဲ့ ကျောင်းမှာ ကျောင်းတက်နေခွင့် အချိန်ကာလ သတ်မှတ်ထားတာ မရှိပါဘူး။ ကျောင်းလခတို့၊ အဆောင်ကြေးတို့ ဘာညာတွေကို ပေးနေနိုင်လို့ကတော့ နေချင်သလောက်နေ၊ နေခွင့် ရှိပါတယ်။ နေနိုင်ပါတယ်။ နေလည်း နေနေကြတာပါပဲ။ ဒီလိုနဲ့ ... ကျောင်းမှာ အများကြီး

လိုအပ်တာထက်ကြာအောင် နေနေကြတဲ့ ကျောင်းသားတွေ၊ ကျောင်းသူ တွေ အဓိကအားဖြင့် နှစ်မျိုး၊ နှစ်စားရှိလာပါတယ်။

ပထမတစ်မျိုးက မိဘက ပိုက်ဆံ ချမ်းသာပြီးတော့ သား၊ သမီးတွေက တေတေ ပေပေနဲ့ ပျော်သလိုသာနေ ကိုယ့်လူရေ ... ဆိုတဲ့ ကျောင်းသား၊ ကျောင်းသူမျိုးတွေ၊ စာမေးပွဲတွေကို ဖြေချင်ဖြေမယ်၊ မဖြေချင်ရင်လည်း မဖြေဘူး၊ စာမေးပွဲ တစ်နှစ် တစ်တန်း အောင်တာ၊ ကျတာ သူတို့အတွက် ဘာမှ အရေးမကြီးဘူးဆိုတဲ့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်ပါတယ်။ ဒီအထဲမှာ ဝင်းဖေလည်း ပါပါတယ်။ ကျောင်းသူတွေက ကျောင်းသား တွေလောက်တော့ မများဘူးပေါ့လေ။ ရှိတော့ ရှိပါတယ်။ အဲ နောက်တစ်မျိုးကတော့ ... ကျောင်းသား နိုင်ငံရေးလောကက ကျောင်းသား၊ ကျောင်းသူတွေပါပဲ။ အဓိကကတော့ ကျောင်းသား နိုင်ငံရေး ခေါင်းဆောင်တွေ ဖြစ်ပါတယ်။ ပိုပြီးတိကျအောင်ပြောရရင် ... တောတွင်းက အလံဖြူ၊ အလံနီ လက်နက်ကိုင် တွေရဲ့ မြေပေါ်ကိုယ်စားလှယ် ပါတီဝင်တွေ ဖြစ်ကြပါတယ်။ သူတို့ဟာ များသော အားဖြင့် မြေပေါ်၊ မြေအောက် လက်ဝဲအုပ်စုတွေရဲ့ အထောက်အပံ့တွေ ရကြပါတယ်။ များများစားစားမဟုတ်ပေမဲ့ လုံလောက်အောင်တော့ ရကြပါတယ်။ တောထဲရောက် လက်ဝဲ လက်နက်ကိုင် အင်အားစု တွေဟာ တောတွင်း စစ်မျက်နှာတွေမှာ တစ်ဆင့်ပြီး တစ်ဆင့် ကျရှုံး နောက်ဆုတ်ပေးနေရပေမဲ့ အထက်တန်းကျောင်းတွေအပါအဝင် တက္ကသိုလ် လောကမှာတော့ လက်ဝဲနိုင်ငံရေးဟာ အကြီးအကျယ် ရေပန်းစား အောင်ပွဲ ဆင်နေကြပါတယ်။

ကမ္ဘာ့လက်ဝဲနိုင်ငံ သံရုံးကြီးတွေကလည်း တက္ကသိုလ်ကျောင်းသား နိုင်ငံရေး လောကကို အနည်းနဲ့အများ ဝင်ရောက် လာကြပြီးတော့ ငွေကြေးအကူအညီတွေ ပေးကြ ပါတယ်။ ဥပမာ ... လက်ဝဲနိုင်ငံ သံရုံးတွေမှာ လက်ဝဲကျောင်းသားတွေကို ဝန်ထမ်း ခန့်ပြီးတော့ ထောက်ပံ့တာကအစ နည်းပေါင်းစုံနဲ့ ပါဝင်ကူညီကြပါတယ်။ လက်ယာနိုင်ငံ (အရင်းရှင်) နိုင်ငံတွေကလည်း လက်ဝဲ ဆန့်ကျင်ရေးကျောင်းသားတွေကို ထောက်ပံ့ကြတာပါပဲ။ ဒါပေမဲ့ အဲဒီခေတ်က လက်ဝဲ ဆန့်ကျင်ရေးကျောင်းသားတွေဟာ ရေပန်း မစားတဲ့အတွက် အောင်မြင်မှုသိပ်မရှိလို့ လက်ယာနိုင်ငံတွေရဲ့ထောက်ပံ့မှုတွေ ဟာ အရာမထင်ပါဘူး။

ဝင်းဖေ ဒီနေရာမှာ အဓိကထားပြီးပြောချင်တာက ဖ.ဆ.ပ.လ အစိုးရ အနေနဲ့ တက္ကသိုလ်ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူတစ်ဦးစီရဲ့ ကျောင်းနေပိုင်ခွင့် ကန့်သတ်လိုက်ဖို့ မလွဲမသွေ လိုအပ်လာတာကို ပြောချင်တာပါ။ တက္ကသိုလ်ကို ရောက်လာကြတဲ့ ကျောင်းသား၊ ကျောင်းသူ အသစ်အသစ်တွေကို

နေရာပေးနိုင်ကြ ရမယ် မဟုတ်လား။ အဲဒီတော့ ... ပိုက်ဆံတတ်နိုင်လို့ လိုအပ်တာထက် ပိုနေသူတွေ ကိုရော၊ နိုင်ငံရေးအတွက် ပညာရေးကိုဘေးချိတ်ပြီး ကျောင်းဆွေးအောင်နေနေတဲ့ သူတွေကိုရော ... စာမေးပွဲ ၃ ခါ ဆက်တိုက်ကျရင် ခေတ္တကျောင်းက ထွက်ကြရမယ်၊ အပြင်က ဆက်ဖြေပြီးအောင်မှ ပြန်ဝင်ရမယ်ဆိုတဲ့ 3F System ဆိုတာကို ဗ.ဆ.ပ.လ အစိုးရက ချမှတ်ပြဌာန်းလိုက်ပါတယ်။ အစိုးရလုပ်သမျှ ဘာပဲဖြစ်ဖြစ် ဆန့်ကျင်ဝေဖန် လိုက်မယ်ဟေ့ဆိုပြီး အစိုးရဆန့်ကျင်ရေးစိတ်တွေ သဲသဲလှုပ်နေတဲ့ တက္ကသိုလ် ကျောင်းသားခေတ်ကာလကြီးမှာ ပဒုအုံကို တုတ်နဲ့ထိုးလိုက်သလို တက္ကသိုလ် ကျောင်းသားလောကကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ပြီးတော့ ပြောင်းဆန်ကုန် ပါတော့တယ်။ သပိတ်မှောက်တာတွေ၊ ဆန္ဒပြတာတွေ အများကြီးအများကြီး အုံကြွထ လာပါတယ်။ ဒီတော့ စစ်တပ်က ဝင်လာပါတယ်။

စစ်တပ်ဟာ တောတွင်း လက်ဝဲလက်နက်ကိုင်တွေကို တိုက်ခိုက်ရာမှာ အောင် နိုင်နေသလောက် မြို့ကြီးတွေပေါ်က တက္ကသိုလ်နယ်မြေတွေမှာ လက်ဝဲအင်အားစုတွေ အကြီးအကျယ် အောင်ပွဲဆင်နေတာကို အလွန် မခံမရပ်နိုင်အောင်ဖြစ်နေချိန်နဲ့ သွားတိုး ပါတယ်။ ကိုယ့်နိုင်ငံသားအချင်းချင်း ဖြစ်တယ်၊ ကိုယ့်ညီငယ်၊ ညီမငယ်ကလေးတွေပဲ ဖြစ်တယ် ... မြန်မာ့ကျောင်းသားသမိုင်းဟာ ဒီလိုပဲ အထင်အရှားရှိခဲ့တာပဲ .. ဆိုတာ တွေကို မေ့သွားပြီးတော့ စစ်တပ်ဟာ ကျောင်းသား၊ ကျောင်းသူတွေအပေါ် ခြေလွန်၊ လက်လွန် အကြမ်ကြမ်း ဆင်ခြင်တုံတရား ကင်းမဲ့ခဲ့ပါတော့တယ်။ ဒီတော့ တစ်ခေတ်၊ တစ်ခါ၊ တစ်ကာလက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်ခဲ့ဖူးတဲ့ စစ်တပ်ဟာ တစ်မု ဟုတ်ချင်း တိုင်းပြည်ရဲ့ချဉ်ဖတ် ဘဝကို သက်ဆင်းသွားပါတယ်။ နှစ်တွေ ဘယ်လောက်များတောင် ကြာခဲ့ပြီလဲ။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေ မန္တလေးတက္ကသိုလ်ကို စ မတက်ခင် တစ်နှစ် ... ၁၉၅၀ ခုနှစ်အထိနိုင်ငံကျော် အဆိုတော် မိုးဒေဝါ ဒေါ်လှရွှေဟာ မန္တလေးတက္ကသိုလ် အင်္ဂလိပ်စာဌာန မှာ ဆရာမလုပ်နေတုန်း ဖြစ်ပါတယ်။ ၉ တန်း ဒီတုန်းက Matriculation Class မှာ ဝင်းဖေ တက်နေရတုန်း တက္ကသိုလ်ရှူး ရှူးနေတာဆိုတော့ ညနေပိုင်းတွေမှာ မန္တလေး တက္ကသိုလ် စာသင်တန်းတစ်ခုတည်းမှာပဲ သင်ကြားပေးတဲ့ ဆရာကြီး ဦးမောင်မောင် တင်ရဲ့ စေတနာ့ဝန်ထမ်း အင်္ဂလိပ်စာသင်တန်းကို အဝေးကြီး စက်ဘီးနဲ့သွားတတ် ပါတယ်။ ဒီတော့ တက္ကသိုလ်မရောက်ခင်ကတည်းက ဝင်းဖေဟာ မန္တလေးတက္ကသိုလ် အသိုင်းအဝိုင်းနဲ့ နီးစပ်နေပြီး ဖြစ်ပါတယ်။

ဒီတုန်းက မန္တလေး စိုက်ပျိုးရေးသိပ္ပံမှာကလည်း စောင်းတီးတဲ့ ဆရာ ကြီး ဦးဘမြင့်က ရှိနေပါတယ်။ ဝင်းဖေရဲ့ဖခင်ကြီး ရွှေပြည်ဦးဘတင်ကလည်း ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကတည်းက မိုးဒေဝါ ဒေါ်လှရွှေတို့ ဖခင်ကြီးနဲ့ မန္တလေး မဟာဂီတအသင်း လူကြီးတွေချင်းဆိုတော့ ဒေါ်လှရွှေကိုလည်း ကောင်းကောင်းသိနေ ပါတယ်။ ဒီတော့ မကြာခဏဆိုတာလို မန္တလေးတက္ကသိုလ်မှာ ဆိုကြ၊ တီးကြတာတွေ လုပ်ပါတယ်။ ဝင်းဖေက အဲဒီတုန်းက ၁၄ နှစ်သားပဲ ရှိပါသေးတယ်။ မိုးဒေဝါ ဒေါ်လှရွှေနဲ့ ချစ်သမျှကိုတို့၊ ဖော်ကွာဝေးတို့၊ နောက် မှတ်မှတ်ရရ ... အောင်မြေသာစံ ပတ်ပျိုးလတ်ရယ် ရွှေပန်းပန်ချီလေးထွေသံကပ်ရယ် တွဲပြီးတော့ မြိုင်းခင်းနဲ့ပိတ်တဲ့ ဥပုဒ်တွဲကိုလည်း ပတ္တလားနဲ့ တီးပေးရဖူးပါတယ်။ ဒီတုန်းက ရှေး မြန်မာ့ရိုးရာ မဟာဂီတ သီချင်းတွေရဲ့ခေတ်က အများကြီး ကျန်နေပါသေးတယ်။ ကိုယ်တိုင် သင်တာ၊ တီးတာမျိုးတွေ နည်းလာပေမဲ့ ရှေးသီချင်းကြီးတွေကို ကြိုက် နှစ်သက်တဲ့လူတွေကတော့ အများကြီး ရှိနေပါသေးတယ်။ နောက်တော့ ခေတ်ပေါ် ရေဒီယို သံဆန်းသီချင်းတွေ အများကြီးထွက်လာပါတယ်။ အဲဒီကမှတစ်ဆင့် ရှေးရိုးရာ သီချင်းတွေကို လူတွေက သိပ်ပြီးတော့ မကြိုက်ကြတော့ပါဘူး။ ခေတ်လူငယ်တွေ အတွက် မြန်မာ့ ရှေးရိုးရာသီချင်းတွေက အကြောင်းအရာတွေရော၊ သံစဉ်အလိုက်တွေ ရော ခေတ်မမီတော့ပါဘူး။ သီချင်းကြီး၊ သီချင်းခံတို့၊ ဘွဲ့တို့ဆိုတဲ့ သံရိုးတွေဆိုရင် ခေတ်လူငယ်တွေအတွက် ပျင်းစရာကြီးတွေ ဖြစ်ကုန်ပါတယ်။ ဒါကတော့ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမှာမဆို

ဖြစ်ရိုးဖြစ်စဉ်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖွံ့ဖြိုးတိုးတက်ချမ်းသာတဲ့ နိုင်ငံတွေမှာတော့ ခေတ်အလျောက် တိမ်ကောတာက တခြား၊ ယဉ်ကျေးမှုအမွေအနှစ် အဖြစ် ထိန်းသိမ်းရမည့်တာဝန်က တခြား ... ကွဲကွဲပြားပြား သတိရှိကြပြီးတော့ သီးခြားထိန်းသိမ်းကာကွယ်မှုသက်သက် ဆောင်ရွက်ကြပါတယ်။

ထားပါတော့ ... ဝင်းဖေ အဓိကပြောချင်တာက .. ဝင်းဖေကို ...မန္တလေး တက္ကသိုလ် ကျောင်းအုပ်ကြီး ဆရာကြီး ဦးကိုလေးက မြန်မာ့ရိုးရာဂီတ လိုက်စားမှု အပိုင်းမှာ အလေးအနက်ရှိပြီးတော့ မျိုးရိုးပါရှိတာကို သတိပြုမိနေတာကို ပြောချင်တာပါ။ ဒီတော့ မန္တလေးမြို့က နိုင်ငံကျော် ဂီတအနုပညာရှင်ကြီး မြို့မညိန်း ကွယ်လွန်ပြီး နောက်တစ်နှစ် ၁၉၅၄ ခုနှစ် ... ဝင်းဖေရဲ့ တက္ကသိုလ်သက် တတိယနှစ်မှာ ဝင်းဖေကို ဆရာကြီးဦးကိုလေးက ခေါ်ပြီးတာဝန်ပေးပါတယ်။ “ဆရာကြီး မြို့မညိန်း တော့ ကွယ်လွန်သွားပြီ”... တဲ့။ “ဒါပေမဲ့ သူ့ပညာအမွေခံ ဆရာကြီး ဦးဘသိန်း တော့ ရှိနေသေးတယ် ... ဒီတော့ မန္တလေးတက္ကသိုလ်ပိုင် ကျောင်းသီချင်းတစ်ပုဒ် စပ်ဆိုပေးဖို့၊ ဆရာကြီး ဦးဘသိန်းဆီမှာ သွားအပ်ပေးဖို့”... ဝင်းဖေကို တာဝန်ပေးပါတယ်။ ဒီတုန်းက ဝင်းဖေရဲ့အသက်ဟာ ... တကယ်တမ်း ၁၈ နှစ်ပဲ ရှိပါသေးတယ်။ ဝင်းဖေ အလွန်ဝမ်းမြောက်အံ့သြဂုဏ်ယူမိပါတယ်။ ဆရာကြီး အထူးမှာကြားတာတွေ က သီချင်းစပ်ရာမှာ ဆရာကြီးဦးဘသိန်း လိုအပ်တဲ့ မန္တလေးတက္ကသိုလ်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေရှိရင် ပြည့်စုံအောင် ဝင်းဖေက မော်ကွန်းထိန်းဌာနနဲ့ ညှိပြီးတော့ ဆောင်ရွက်ပေးဖို့နဲ့ နောက် ... သီချင်းစပ်တဲ့နေရာမှာ သီချင်းကို ဘယ်သူမှ ဖျက်ပြီး ဆိုလို့မရအောင် စပ်ပေးဖို့ဆိုတာလည်း ပါပါတယ်။ ကျန်တာတွေကို သီချင်း စပ်မည့် ဆရာကြီးဦးဘသိန်းကို လွတ်လပ်ခွင့် အပြည့်ပေးထားပါတယ်။

ဝင်းဖေ ... ဆရာကြီးဦးဘသိန်း (ဦးလေးသိန်း) ဆီကို ချက်ချင်းပြေးပါတယ်။ ဦးလေးသိန်းနဲ့က အစကတည်းက ရင်းနှီးပြီးသားပါ။ ဦးလေးသိန်းက တစ်ခုပဲ ပြောပါတယ် ... လောကမှာ ဖျက်ဆိုလို့ မရဘူးဆိုတဲ့ သီချင်းဆိုတာ မရှိနိုင် ဘူး ... တဲ့။ ဖျက်ချင်လို့ကတော့ ... အလွန် ကျက်သရေရှိတဲ့ “စုံနံ့သာမြိုင် လယ်” ကိုလည်း ... ကြံ့ရာ ချိုင်မယ်” လို့ ဖျက်ကြတာပါပဲ ... တဲ့။ ကြီးပေ့ ဆိုတဲ့ သီချင်းခံ ပဂေးကြီး “ဇေယျာရွှေမြေ” ကိုလည်း “သေရာခွေနေ”လို့ ဖျက်ပစ်ကြတာပဲ ... တဲ့။ ဒါနဲ့ ဝင်းဖေက ဆရာကြီး ဦးကိုလေးထံ ပြန်ပြေးပြောရ ပြန်ပါတယ်။ ဦးကိုလေးလည်း ဒီတော့မှ ဟုတ်သားပဲဆိုပြီး လက်လျှော့လိုက်ပါတယ်။ ဦးလေးသိန်းကလည်း ဒီတာဝန်ကိုအပေးခံရတာ အလွန်ဝမ်းမြောက် ဂုဏ်ယူ ဖြစ်ရတာဆိုတော့ ... တစ်ပတ်လောက်အတွင်း ပြီးအောင် စပ်ဆိုပါတယ်။ ဦးလေးသိန်း ကလည်း သီချင်းကြီးတွေထဲက သံရိုးတွေကို နှစ်သက်တာဆိုတော့ သီချင်းအလိုက်က ဘွဲ့သီချင်းနဲ့တူနေပါတယ်။

ခေတ်ဆန်ဆန် အသံတွေ မဟုတ်ပါဘူး။ အားလုံး စပ်ဆိုလို့ပြီးပြီဆိုတော့ ဝင်းဖေက ဦးလေးသိန်းဆီမှာ ပတ္တလားနဲ့သွားတက်ပြီး ယူခဲ့ရ ပါတယ်။ ဝမ်းနည်းစရာကောင်းတာက ... အဲဒီသီချင်းကို အခု ဝင်းဖေ မရတော့ပါဘူး။ ရှေ့က အထွက်နည်းနည်းကလေးပဲ မှတ်မိပါတော့တယ်။ ဘာပဲဖြစ်ဖြစ် ... မှတ်မိသလောက် စာသားနဲ့ အလိုက်ကို ဆိုပြပါမယ်။

ဒီလိုပါ ... ထူးကဲဘိ× × × သီရိကျက်သရေ× × × စိန်ရွှေလျှံပြောင်× × မန်းတောင်မြေလက်ယာ× × × ဇမ္ဗူကျွန်း× × × အဲ ... အဲလိုပါပဲ။ ဝင်းဖေ ဒီသီချင်းကို ဦးလေးသိန်းဆီက ယူခဲ့ပြီးတော့ ဆရာကြီးဦးကိုလေးနဲ့တကွ မြန်မာစာပါမောက္ခ ဦးချမ်းမြ ... စတဲ့ ဌာနမှူးကြီးတွေရှေ့မှာ တီးပြဆိုပြရပါတယ်။ လူကြီးတွေအားလုံး က နှစ်သက်တယ်၊ ကောင်းတယ် ဆိုပြီးတော့ ဝမ်းမြောက် ဝမ်းသာရှိကြပါတယ်။ အဲဒီသီချင်းကို တစ်ကျောင်းလုံးက ဆိုနိုင်လာအောင် လုပ်ပေးဖို့ကိစ္စကျတော့ ဒီတုန်းက မန္တလေးတက္ကသိုလ်မှာပဲ ရှိနေသေးတဲ့ ဓားတန်းဦးသန့်ရဲ့ သားကြီး၊ စန္ဒရားတီးတဲ့ ဝေါလ်တာသန့်ကို ဝင်းဖေက သီချင်းတက်ပေးရပြန်ပါတယ်။ သူနဲ့ ဝင်းဖေ နှစ်ယောက်က ဦးဆောင်ပြီးတော့ တစ်ကျောင်းလုံးကို သီချင်း တိုက်ပေးထား ကြဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ တက္ကသိုလ်နယ်မြေအတွင်း ကျောင်းသားနိုင်ငံရေးလှုပ်ရှားမှုတွေ အလွန်များနေပြီးတော့ ဘာမှ ထိရောက်အောင် မလုပ်နိုင်ခဲ့ကြ တော့ပါဘူး။

မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်းတွေထဲကပဲ ဖြစ်ဖြစ်၊ ဘယ်သူပဲ ဖြစ်ဖြစ် ... အဲဒီ မန္တလေးတက္ကသိုလ်ကျောင်း သီချင်းကို အစအဆုံး ရသေးတဲ့သူ ရှိရင် သမိုင်းပစ္စည်းအဖြစ် ဆက်လက်ထိန်းသိမ်းနိုင်ကြဖို့အတွက် ဖြစ်တဲ့နည်းနဲ့ ပေးပို့ ကူညီကြဖို့ မေတ္တာရပ်ခံ အကူအညီတောင်းခံအပ်ပါတယ် ခင်ဗျား။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

မန္တလေးတက္ကသိုလ်ရဲ့ Main Building လို့ခေါ်တဲ့ အဓိက ဗဟိုအဆောက်အဦ ကြီးဟာ အတော်ကြီးကို ခံ့ညားလှပပါတယ်။ နေရာက ပြန့်ပြူးကျယ်ပြန့်ပြီးတော့ အဆောက်အဦကြီးက ကြီးမားပါတယ်။ အရှေ့အနောက် အလျားပေ ၄၀၀ လောက် ရှိပါလိမ့်မယ်။ မြောက်ဘက် မျက်နှာပြုဖြစ်ပါတယ်။ ထုထည်ကြီးမားတဲ့ ၃ ထပ် အုတ်အဆောက်အဦကြီးရဲ့ အလယ်ပိုင်း၊ အလယ်ထပ်ကိုဝင်တဲ့ အဓိကဝင်ပေါက်ကြီး ရှိတဲ့နေရာမှာ ရောမ ရောမခေတ်ကျောက်တိုင်ကြီး ၆ လုံး ... တစ်ဖက် ၃ လုံး စီ ရှိပါတယ်။ အလယ်ဝင်လမ်းမဟာ ပေ ၄၀ လောက် ကျယ်ဝန်းပါတယ်။ တစ်ဖက် တစ်ချက်က တိုင်ကြီး ၃ တိုင်ရဲ့ တစ်တိုင်နဲ့ တစ်တိုင်ရဲ့အကြားမှာ ၁၀ ပေစီလောက် အကွာအဝေးထားရှိပါတယ်။ အဆောက်အဦကြီးရဲ့ အောက်ဆုံးထပ်ကို မြေမျက်နှာပြင် ရဲ့အောက်ကိုနှိမ့်ထားပြီး ပြီးတော့ ဒုတိယထပ်အခြေကနေ တတိယထပ် နဖူးစည်းအထိခံ့ညားတဲ့ ရောမတိုင်လုံးကြီးတွေ ထိုးတက်သွားပါတယ်။ အဲဒီ တိုင်လုံးကြီးတွေရှိတဲ့ မျက်နှာစာရင်ပြင်ဟာ ဘတ်စကက်ဘောကစားကွင်း ၂ ကွင်းစာလောက် ကျယ်ဝန်းပါတယ်။ အဲဒီနေရာကနေပြီး မြေပြင်ဆီကို အလွန်ကျယ်ဝန်းတဲ့၊ ပြေပြစ်တဲ့ အုတ်လှေကား ပြင်ကြီး ခပ်ပြေပြေ လျှောဆင်း ထားပါတယ်။ အဲဒီ တိုင်လုံးကြီးတွေရှိတဲ့ နေရာကြီးရဲ့ တစ်ဖက်တစ်ချက်ကို ၃ ထပ် အုတ်တိုက်ခန်းတွေ ဆက်သွားပါတယ်။ အဲဒီ တည် ဆောက်မှုကလည်း ထူထူထဲထဲနဲ့ ထုကောင်းတဲ့၊ ခံ့ညားမှုရှိတဲ့ အလှပါပဲ။

အဆောက်အဦရဲ့ တောင်ဘက် (ကျောဘက်) မှာတော့ အလယ် ဝင်ပေါက် အတွက် လှေကားပြင်ကျယ်ပါပေမဲ့ တိုင်လုံးကြီးတွေ မရှိပါဘူး။ အဲဒီနောက်ဘက်ကလည်း ခံ့ညားလှပပါတယ်။ ဒီလို ကြီးမားခံ့ညားတဲ့ အဆောက်အဦ ကြီးဟာ မူလက မန္တလေး စိုက်ပျိုးရေးသိပ္ပံ အဆောက်အဦကြီးအဖြစ် ဒုတိယကမ္ဘာစစ် မဖြစ်ခင်ကတည်း က ဗြိတိသျှ အစိုးရက တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ နောက် အဲဒီအဆောက်အဦကြီး မှာပဲ ကပ်ပြီးတော့ ဒုတိယကမ္ဘာစစ်မတိုင်ခင် မန္တလေး ဥပစာ ကောလိပ်ကို စတင်ဖွင့် ခဲ့တာပါ။ အဲဒီတုန်းက ကဗျာဆရာကြီး ဆရာဇော်ဂျီတောင် အဲဒီ မန္တလေး ဥပစာ ကောလိပ်မှာ ဆရာလုပ်ခဲ့တာပါ။

ဒုတိယ ကမ္ဘာစစ်ကြီးပြီးတော့ မန္တလေးဥပစာကောလိပ်ကို အဆင့်မြှင့်ပြီးတော့ ဒီဂရီကောလိပ်အဖြစ် ဆက်ဖွင့်ခဲ့ပါတယ်။ ဒါပေမဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ လက် အောက်မှာပါပဲ။ ဒါပေမဲ့ ဆရာကြီးဦးကိုလေးရဲ့ စွမ်းဆောင်ချက်နဲ့ မန္တလေးတက္ကသိုလ် ဟာ တစ်ဟုန်ထိုး တိုးတက်လာခဲ့လို့ သီးခြားတက္ကသိုလ်ကြီးအဖြစ် ထူထောင်နိုင်တဲ့ အနေအထားကို ရောက်လာတဲ့အတွက် ၁၉၅၆-၁၉၅၇ ပညာသင်နှစ်ကစပြီး မန္တလေး တက္ကသိုလ်ဟာ သီးခြားတက္ကသိုလ်ကြီးတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ မန္တလေးတက္ကသိုလ် ဟာ ရန်ကုန်တက္ကသိုလ်လက်အောက်မှာ ရှိနေစဉ်က ကျောင်းတံဆိပ်ရယ်လို့ သီးခြား မရှိခဲ့ပါဘူး။ ကျောင်းရဲ့ကိုယ်ပိုင် ဒိုင်းပုံသဏ္ဌာန် ရင်ထိုးတံဆိပ်လေးတွေလည်း မရှိခဲ့ ပါဘူး။ ကိုယ်ပိုင် ရုံးတံဆိပ် Official Seal Design လည်း မရှိပါဘူး။ ၁၉၅၅ခုနှစ် ရောက်တော့မှ သီးခြားတက္ကသိုလ် ဖြစ်လာနိုင်ဖို့ အခြေအနေတွေကလည်း ကောင်းလာတဲ့အတွက် မန္တလေးတက္ကသိုလ် အုပ်ချုပ်ရေးကောင်စီက ဆရာကြီးဦးကိုလေး ဦးဆောင်ပြီးတော့ ... မန်းတက္ကသိုလ် တံဆိပ်၊ ဒီဇိုင်းလုပ်ဖို့ ဆုံးဖြတ်ကြိုးပမ်းခဲ့ပါတယ်။ တစ်ပြည်လုံးက မန်းတက္ကသိုလ်တံဆိပ် ဒီဇိုင်းတွေ ပေးပို့၊ ပြိုင်ပွဲဝင်ကြဖို့ ကြော်ငြာ ခေါ်ယူပါတယ်။ ဝင်းဖေလည်း ပန်းချီရေးတာဆိုတော့ ဝင်ပြိုင်ပါတယ်။ အရွေးခံရလိမ့် မယ်လို့တော့ မမျှော်လင့်ပါဘူး။ တစ်ပြည်လုံးမှာ ကိုယ့်ထက် ဝါရင့်တဲ့ ပန်းချီဆရာကြီး တွေက အများကြီးမဟုတ်လား။ ဒါပေမဲ့ အဲဒီ မန်းတက္ကသိုလ် တံဆိပ်၊ ဒီဇိုင်းပြိုင်ပွဲမှာ ဝင်းဖေရဲ့ ဒီဇိုင်းက ပထမ ရပြီးတော့ အရွေးချယ်ခံရပါတယ်။ ဆုကြေးငွေက မများလှပါဘူး ... ဝင်းဖေ မှတ်မိတာက ၅၀၀ ကျပ်ပဲဖြစ်ပါတယ်။ ဒီတုန်းက ငွေ ၅၀၀ ရဲ့တန်ဖိုးဟာ အတော်ကလေးတော့ များပါတယ်။ ဒါပေမဲ့ တကယ့်တန်ဖိုးအစစ် က ဂုဏ်သိက္ခာဖြစ်ပါတယ်။

ဒီကနေ့အထိ မန္တလေးတက္ကသိုလ်ရဲ့ တရားဝင် တံဆိပ်၊ ဒီဇိုင်းဟာ ဝင်းဖေရဲ့ဒီဇိုင်းဖြစ်ပါတယ်။ ဒီတုန်းက မန္တလေးတက္ကသိုလ်လောကမှာ ဝင်းဖေရဲ့ဒီဇိုင်း အရွေးချယ်ခံရတာနဲ့ပတ်သက်ပြီးတော့ သိပ်တော့ မအံ့သြကြပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ... မန္တလေးတက္ကသိုလ်ရဲ့ နှစ်ပတ်လည် မဂ္ဂဇင်းအဖုံးဒီဇိုင်း တော်တော်များများကို ... ဝင်းဖေပဲဆွဲပါတယ်။ ကျောင်းတွေမှာ နံရံကပ်စာစောင်တွေ ရှိတတ်ကြပေမဲ့ နံရံကပ် ပန်းချီစာစောင်ဆိုတာကတော့ ရှားပါလိမ့်မယ်။ ဝင်းဖေက ... ပန်းချီကားတွေ ချည်း ပြထားတဲ့ နံရံကပ်စာစောင်ကို ထုတ်တဲ့သူဖြစ်ပါတယ်။ နောက် ... ဆရာကြီး ဦးမောင်မောင်တင်တို့ ဆရာကြီး ဒေါက်တာစိန်တူတို့ ... စတဲ့ .. ပုဂ္ဂိုလ်ကြီးတွေ ရေးသားကြတဲ့ ကျမ်းစာအုပ်အဖုံးဒီဇိုင်းတွေကိုလည်း ဝင်းဖေပဲ အများဆုံး ရေးဆွဲနေ တာတွေ အတွေ့များနေကြလို့ပါပဲ။ ပြိုင်ပွဲဝင်ကြတဲ့ တစ်ပြည်လုံးက ဒီဇိုင်းတွေ အများစု ဟာ အတော်ကြီးကို ကောင်းကြတယ်လို့ ... မန္တလေးတက္ကသိုလ် အုပ်ချုပ်ရေးကောင်စီ

ဝင်တစ်ဦးဖြစ်တဲ့ လူထုဦးလေးလှက ဝင်းဖေကို ပြောပြပါတယ်။ ဒါပေမဲ့ ဝင်းဖေရဲ့ တံဆိပ်၊ ဒိုင်းပုံဒီဇိုင်းက မန္တလေး မြို့တံခါးတွေမှာ စိုက်ထူထားတဲ့ မော်ကွန်းရှက်တွေရဲ့ ဒီဇိုင်းကိုအခြေခံပြီးတော့ ခေတ်မီအောင် ပြုပြင်ထားတယ်ဆိုတဲ့အချက်က အသာစီးရသွားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။ မန္တလေးနန်းတော် ကျုံးပတ်ပတ်လည်က မြို့ရိုးမှာ ပြအိုး၊ ပြာသာဒ်တွေနဲ့ မြို့ဝင်တံခါး ပြာသာဒ်ကြီးတွေ ၄၈ ရပ် ရှိပါတယ်။ မြို့ဝင်ပေါက် ပြာသာဒ်တွေရှေ့မှာ မြို့တံခါးကို အလွယ်တကူ အမြောက်နဲ့ ပစ်ပြီး မဖွင့်နိုင်အောင် ကာကွယ်ထားတဲ့ မီးကာလို့ဆိုတဲ့ ခိုင်ခံ့တဲ့ လေးထောင့်အုတ် အကာအရံကြီးတစ်ခု ရှိပါတယ်။ အဲဒီ မီးကာကြီးရဲ့ လက်ဝဲဘက်ဘေးမှာ မော်ကွန်း တိုင် ဆိုတာ တစ်တိုင်စီရှိပါတယ်။ အဲဒီမော်ကွန်းတိုင်မှာ မော်ကွန်းရှက်ဆိုတာ ရှိပါတယ်။ မြို့တံခါးနဲ့ပတ်သက်ပြီးတော့ မော်ကွန်းထိုးထားတာပါပဲ။ ဝင်းဖေရဲ့ဒီဇိုင်းက… အဲဒီမော်ကွန်းရှက်ရဲ့ဒီဇိုင်းကို ယူထားတာပါဆိုတာကို ဝင်းဖေက အတိအလင်း ဝန်ခံ ဖော်ပြပြီးတော့ ပြိုင်ပွဲဝင်ခဲ့တာ ဖြစ်ပါတယ်။ ဝင်းဖေ တော်လို့ မဟုတ်ပါဘူး။ အခြေခံ လိုက်တဲ့အကြောင်းအရင်းက သိပ်ကောင်းသွားပါတယ်။ ဝင်းဖေဟာ မန္တလေး တက္ကသိုလ် ကျောင်းတော်ကြီးမှာ ကျောင်းဆွေ၊ လူဆွေး အကြာကြီးနေခဲ့ပြီးတော့ ပညာအရာမှာ ဘာထူးချွန်မှုမှ မပြနိုင်ခဲ့ပေမဲ့ ကျောင်းတော်ကြီးကို တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးနိုင်ခဲ့ပါတယ်။ ကျောင်းတော်ကြီးရဲ့ သမိုင်းဝင်ကိစ္စရပ်တချို့မှာ ပါဝင်နိုင်ခဲ့ပါတယ်။ ကြံဖန်ကြွားရတာပါ။

ကျန်းမာ ချမ်းသာကြပါစေ … ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေလွယ်အိတ်ထဲက စီကာပတ်ကုံး နှိုက်နှိုက်ထုတ်ပြ နေခဲ့တာ အတော်ကလေး ကြာခဲ့ ပါပြီ။ ဒီတစ်ပတ်တော့ ကြုံသလို ဖောက်ပြီးတော့ နှိုက်လိုက်ရပါဦး မယ်။ ဘာဖြစ်လို့လည်းဆိုတော့... ပန်းချီဝါသနာရှင် တစ်ယောက်က ဝင်းဖေတို့၊ ပေါ်ဦးသက်တို့ကို မန္တလေးက ပန်းချီဆရာကြီးတွေဖြစ်ကြတဲ့ ဦးဘသက်နဲ့ ဦးခင်မောင်(ဘဏ်)တို့က ဘယ်လိုတွေများ သင်ကြားပေးခဲ့ကြသလဲဆိုတာတွေလည်း ပြောပြပေးပါဦးလို့ တကူး တကတောင်းဆိုလာပါတယ်။ ဝင်းဖေရဲ့ အလုပ်ကလည်း ... ကိုယ်တွေ့ ကြုံခဲ့ရတာ တွေကို လွယ်အိတ်ထဲပါလာသမျှ ထုတ်ပြရမှာဆိုတော့ အတော်ပါပဲ။

အရင်က ဝင်းဖေတို့ကို ... ဘယ်လိုဘယ်လို သင်ကြားပေးခဲ့တာပါရယ် လို့ တသီးတသန့် မပြောခဲ့မိသေးတာကို မှတ်မိပါတယ်။ ဆရာကြီး ဦးဘသက် (ဝင်းဖေ တို့အခေါ် ... ဘကြီးသက်ကတော့) တိုက်ရိုက် ပုံမှန် မသင်ပါဘူး။ သူ အလွန်ချစ်၊ အလွန်အားထားခဲ့တဲ့ သူ့တပည့်အရင်း၊ မြို့မညိန်းရဲ့သားကြီး ကိုမောင်မောင် သက်ခေါ် ကိုမောင်မောင်ကို သင်ကြားစေခဲ့ပါတယ်။ မြို့မညိန်းဟာလည်း ဘကြီးသက်ရဲ့ အပေါင်းအသင်း မိတ်ဆွေဖြစ်သလို တပည့်လည်းဖြစ်ပါတယ်။ ဂီတရော ပန်းချီ၊ ပန်းပုကိုပါ ဘကြီးသက်က မြို့မညိန်းကို သင်ပေးခဲ့တယ်လို့ ... ဝင်းဖေတို့ ကောင်းကောင်းမီလိုက်တဲ့ ဘကြီးသက်ရဲ့ ဇာတိ၊ မန္တလေး မြို့၊ တရုတ်တန်း၊ ရွှေတော် ပြေးဝင်းထဲက လူကြီးသူမတွေ အားလုံးက မကြာခဏ ပြောပြကြပါတယ်။ မြို့မညိန်း ဟာ ဘကြီးသက်ထက် ကြီးပါတယ်။ ဘကြီးသက်ဟာ ဂီတနဲ့ပန်းပုကို နောက်မှ လျှော့လိုက်တာပါ။

ဘကြီးသက်ဟာ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က ပန်းချီရေးအား အလွန်ကောင်း ခဲ့ပေမဲ့ ကမ္ဘာစစ်ကြီးပြီးတဲ့အခါမှာစစ်အတွင်း သူ့အတွက် အလွန်ကြီးမားတဲ့ ဆုံးရှုံးမှုကြီး ၂ ခုနဲ့ ကြုံခဲ့ရတဲ့အတွက် စိတ်ဓာတ်ကျပြီးတော့ ပန်းချီအရေး အလွန်နည်းသွားခဲ့ပြီလို့ ဝင်းဖေ တင်ပြထားခဲ့ဖူးပါတယ်။ ဒါကြောင့်လည်း ဝင်းဖေနဲ့ ပေါ်ဦးသက်ကို သူ ကိုယ်တိုင် မသင်တော့ပါဘူး။ ဒါပေမဲ့ ... တစ်တုံတစ်တုံ ဘကြီးသက်က အိမ်မှာပဲ ဖြစ်စေ၊ အောက်ဒိုး အပြင်ထွက်ပြီးတော့ပဲဖြစ်စေ ရေးပြတတ်ပါတယ်။ အဲဒီလို ကြည့် ကြရတဲ့ဟာ ... ဝင်းဖေတို့အနေနဲ့ အနုပညာလိုက်စားရာမှာ အလွန် အဓိကကျတဲ့

စိတ်အားတက်ကြွမှု၊ အားကျမှု Inspiration တွေ သိပ်ပြီးတော့ ရတတ်ပါတယ်။ အဲဒါကတော့ … ဘကြီးသက်ရဲ့ရေးဟန်က အလွန်ရဲရင့်တယ်၊ သူ့ကိုယ်သူ ယုံကြည်မှု ကြီးမားတယ်၊ အတွေ့အကြုံ သိပ်များ သွက်တဲ့အတွက် သွက်လက်၊ မြန်ဆန်၊ သေချာ တဲ့ လက္ခဏာ စတာတွေကို အများကြီးတွေ့ကြရလို့ ဖြစ်ပါတယ်။

နောက် အရေးကြီးတဲ့အချက်က ဘကြီးသက်က ဆေးစက်ကျရာ အရုပ်ဖြစ်ရ မယ် ဆိုတဲ့အယူအဆကို ယုံကြည်ကျင့်ကြံသူ ဖြစ်လို့ပါပဲ။ နောက် ဘကြီးသက်က ပြောရင်းဆိုရင်း သင်တာတွေ ရှိပါတယ်။ အဲဒါတွေက ပန်းချီရေးတဲ့အခါမှာ တတ်နိုင် သမျှ စိတ်ကို ပေါ့ပေါ့ပါးပါး၊ ပျော်ပျော်ရွှင်ရွှင် ထားနိုင်ရမယ်တဲ့။ ဝင်းဖေတို့ ပန်းချီကားတွေ မကောင်းတဲ့အခါ ဝင်းဖေတို့စိတ်တွေ ပျော်ပျော်ရွှင်ရွှင်မရှိကြလို့ပဲ … လို့ ကောက် ချက် ဆွဲတတ်ပါတယ်။ ဘကြီးသက်က အကောင်းမြင်ဝါဒကို နှစ်သက်သူ ဖြစ်ပါတယ်။ ဝင်းဖေတို့ကိုလည်း ထောင့်မျိုးစုံကနေ အကောင်းမြင်တတ်အောင် မကြာခဏ သွန်သင်ပါတယ်။ ဘကြီးက ဘယ်နေရာမှာပဲဖြစ်ဖြစ် … တီထွင်ကြံဆ ထုတ်လုပ်တာကို နှစ်သက်သူ ဖြစ်ပါတယ်။ အသေးစား လက်မှုပညာတွေကို အမြဲလိုလို လုပ်နေလေ့ရှိပါတယ်။ သူ့တပည့် မိတ်ဆွေတစ်ယောက်က အတော်ကောင်းတဲ့ အီတလီလုပ် တယောတစ်လက်ကို ဝယ်လို့ ရလာခဲ့ပါတယ်။ ထည့်ဖို့သေတ္တာတော့ ပါမလာခဲ့ပါ ဘူး။ တယောထည့်တဲ့သေတ္တာကို ဘကြီးသက်က ချက်ချင်းပဲ သူ့ဟာသူ အစအဆုံး အတော်ကြီး ကောင်းအောင်လုပ်ပြီးတော့ သူ့မိတ်ဆွေကိုပေးလိုက်ပါတယ်။ ဘကြီးသက် အတွက်တော့ ဘာမှ မဟုတ်လိုက်သလိုပါပဲ။ ဘကြီးသက်ဟာ သိပ္ပံပညာရှင် သာ ဖြစ်လာခဲ့ရင် တီထွင်စမ်းသပ်မှုအသစ်တွေ အများကြီး လျှောက်လုပ်မှာပဲလို့ ဝင်းဖေ ငယ်ငယ်က ခဏခဏ စဉ်းစားမိပါတယ်။ ဘကြီးသက်ရဲ့ နိစ္စဓူဝ နေထိုင် စားသောက် ပြောဆိုတွေးခေါ်မှုတွေဟာ … ဝင်းဖေတို့ ပေါ်ဦးသက်တို့ကို လွတ်လွတ် လပ်လပ် ပေါ့ပေါ့ပါးပါး ရှိစေပါတယ်။ လုပ်ရဲကိုင်ရဲ၊ ပြောရဲဆိုရဲ၊ တွေးရဲခေါ်ရဲ ဖြစ်စေပါတယ်။ ကျက်စားရာ နယ်မြေကိုလည်း ကျယ်ပြန့် နှံ့စပ်စေတယ်လို့ ဝင်းဖေ… ကြီးလာလေ တွေးမိလေ ဖြစ်ပါတယ်။

ဝင်းဖေတို့ငယ်ငယ်က ကိစ္စတော်တော်များများမှာ ဘကြီးသက်က မသင်ခဲ့ ပေမဲ့ သင်ပေးခဲ့သလိုပါပဲ။ နေရာတော်တော်များများမှာ တိုက်ရိုက် သင်ကြားပေးတာ ထက်တောင် အရာရောက်တယ်လို့ ထင်မိပါတယ်။ မြို့မညိန်းဟာ မြို့မအသင်း အတွက် တယော အသစ်စက်စက်ဝယ်ရင် အလွန်အရေးကြီးတဲ့ Bridge အသစ်တပ်ရ မည့်ကိစ္စကို သူ့ဟာသူမလုပ်ဘဲ ဘကြီးသက်ဆီ လာပြီးတော့ ဘကြီးသက်ကို တပ်ခိုင်း လေ့ရှိပါတယ်။ ဘေးကကြည့်နေရတဲ့ ဝင်းဖေတို့က နားမလည်ပါဘူး။ ဘကြီးသက်က Bridge

တပ်တဲ့ နေရာမှာ အတော်ကလေး စိတ်ရှည်လက်ရှည်နဲ့ နေရာမှန်ကို ရွေးပါတယ်။ Bridge နေရာကို ရွေး၊ ကြိုးတွေ တင်၊ အသံညှိ၊ ထိုးကြည့်၊ အသံထွက် စိတ်တိုင်းမကျရင် ပြန်ဖြုတ်၊ ပြန်ပြီး နေရာရွေ့ ... စသည်ဖြင့် အချိန်ယူပြီး လုပ်ရတဲ့ ကိစ္စဖြစ်ပါတယ်။

နောက်ဆုံး အသံထွက်ကို ကျေနပ်သွားတဲ့အခါ အဲဒီတယောကို အစမ်းထိုးပြီး တော့ မြည်းကြည့်ပါတယ်။ အဲဒီအခါမှာ တယောသံစဉ်တွေက မြန်မာသံပါတယ် ဆိုရင်လည်း နည်းနည်းပါပဲ။ အများစုကတော့ ... မြန်မာသံတွေလည်း မဟုတ်၊ ဘိုသံတွေလည်း မဟုတ်၊ အသံအနိမ့်အမြင့်တွေ၊ အတိုးအကျယ်တွေ၊ အနည်းအများ တွေ ၊ အနှေးအမြန် ဆိုတာတွေပါပဲ။ အဲဒီလို တွေ့ကရာရှစ်သောင်း လျှောက်ထိုးတာ တွေကို မြို့မညိန်းဆိုတဲ့ ဂီတဂုရုတစ်ယောက်က သေသေချာချာ မျက်စိမှိတ်၊ ခေါင်းငုံ့၊ အာရုံစိုက်ပြီးတော့ နားထောင်နေတတ်ပါတယ်။ ဘေးက နှောင့်ယှက်ရင်လည်း အလျင်စလို ဟန့်တားသတိပေးတတ်ပါတယ်။ ဘကြီးသက်ကလည်း အသံတွေကို ဆေးစက်ကျရာ အရုပ်ဆိုတာလို လျှောက်ထိုးတော့တာပါပဲ။ အဲဒီလို အနည်းဆုံး ၁၀ မိနစ်၊ ၁၅ မိနစ်လောက် စိတ်ကြိုက်မြည်းစမ်းလေ့ရှိပါတယ်။ စိတ်ကျေနပ်လို့ ရပ်လိုက်ရင် ... မြို့မညိန်းက ဆက်ထိုးခိုင်းတတ်ပါတယ်။ ဝင်းဖေတို့လည်း ဘာတွေ မှန်းမသိ၊ ဘာမှ နားမလည်ပေမဲ့ ဆက်ပြီး နားထောင်ချင်ကြတာပါပဲ။ နောက် လေးငါး ဆယ်နှစ်အကြာ ဝင်းဖေတို့ အသက်ကလေးရလာတော့ ဒီအကြောင်းတွေကို ပန်းချီ ခင်မောင်ရင်ကို ပြောပြတော့ ခင်မောင်ရင်က အလွန်သဘောကျပြီးတော့ တဟားဟားနဲ့ ရယ်ပါတယ်။ ခင်မောင်ရင်ဟာလည်း တိုက်ရိုက်မသင်ဘဲ ပညာ အမြောက်အမြားကို သွယ်ဝိုက်ပြီး သင်လာခဲ့ဖူးသူ ဖြစ်ပါတယ်။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေတို့ ပေါ်ဦးသက်တို့ရဲ့ ဘကြီးသက်၊ ပန်းချီဆရာကြီး ဦးဘသက်ကို ဝင်းဖေတို့က ဝတ်ကြီးဝတ်ငယ် ပြုစုပေးကြရပါတယ်။ ဒါပေမဲ့ ဘကြီးက နေရာတကာ လိုက်လုပ်ပေးနေတာမျိုးကို မကြိုက်ပါဘူး။ တတ်နိုင်သမျှ သူ့ဟာသူ လုပ်ချင် ကိုင်ချင် သူ ဖြစ်ပါတယ်။ ဘကြီးသက်မှာ ဝင်းဖေတို့လို တပည့်တွေအပြင် ရွှေတော်ပြေး ဝင်းထဲက ၄ ပုံ ၁ပုံလောက်ဟာ သူ့အမျိုးတွေ ဖြစ်ပါတယ်။

ဝင်းဖေတို့ မီလိုက်တဲ့အထဲမှာ ဘကြီးသက်ရဲ့ အစ်မအရင်း နှစ်ယောက်ကို မီပါသေးတယ်။ အဲဒီအစ်မကြီးတွေကလည်း ထောင်ထောင်မောင်းမောင်းနဲ့ အပျိုကြီး တွေပါပဲ။ အရောင်းအဝယ်နဲ့ မရှိမရှားတွေပါပဲ။ သူတို့မောင်လေး ဘကြီးသက်ကို ချက်ပြုတ်ကျွေးမွေး ကူညီချင်ကြပါတယ်။ ဒါပေမဲ့ ဘကြီးက မကြိုက်ပါဘူး။ စားရေး၊ သောက်ရေးကို သူ့ဟာသူ ရှင်းတာပါပဲ။ ခက်ခက်ခဲခဲတော့ မဟုတ်ပါဘူး။ အနီးအနား မှာရှိတဲ့ ထမင်းဆိုင်တွေ၊ ခေါက်ဆွဲဆိုင်တွေမှာ ဝယ်ခြမ်းစားလိုက်တာပါပဲ။ မန္တလေး၊ အစိုးရ၊ အနုပညာနဲ့အကကျောင်းမှာ ဆရာလုပ်နေတုန်း ကတော့ ဘကြီးသက်မှာ ပုံမှန် ဝင်ငွေရှိပါတယ်။ အဲဒီကျောင်းမှာ အဝတ်အစား သပ်သပ်ရပ်ရပ် တကူးတကဝတ်ပြီး တော့ တစ်နေ့လုံး စတိုင်ကြီးတစ်ခွဲသားနဲ့ နေနေရတာကို မခံနိုင်ပါဘူးတဲ့။

ဘကြီးသက်ဟာ လွတ်လွတ်လပ်လပ်နေရတာကို အလွန်နှစ်သက်သူ ဖြစ်ပါတယ်။ အဲဒီတုန်းက အနုပညာကျောင်းအုပ်ကြီး ဦးစိန်ညွှန့် ဆိုတာကလည်း သူကိုယ် တိုင်က ပန်းချီရေးသူဖြစ်တဲ့အတွက် ဘကြီးသက်ကို အလွန်လေးစား၊ ချစ်ခင်၊ ရိုသေသူဖြစ်ပါတယ်။ ဘကြီးကို လူရိုသေ၊ ရှင်ရိုသေ ရှိအောင် နေစေချင်ပါတယ်။ ဘကြီးက လည်း အဲဒီလို မလွတ်မလပ်နေရထိုင်ရမှာကို စိတ်ကျဉ်းကျပ်သူ ဖြစ်ပါတယ်။ သူနေတဲ့ ရွှေတော်ပြေးဝင်းကြီးကို ရွာကြီးလို့ ခေါ်ဝေါ်သုံးနှုန်းပြီးတော့ ရွှေတော်ပြေးဝင်းထဲက လူတွေကိုလည်း ရွာသားတွေလို့ ခေါ်ဝေါ်ဆက်ဆံတာပါပဲ။ ဘေးကနေပြီး ဝေဖန်တဲ့သူ တွေက “ဘကြီးသက်ဟာ ဘာကိုမှ အလေးအနက် မရှိဘူး”တဲ့။ “စည်းကမ်း မရှိဘူး” တဲ့။ နေတာထိုင်တာကလည်း လပေါ်သရေနဲ့ လူရာမဝင်ဘူး . ဘာညာနဲ့ စုံနေတာပါပဲ။ အဲဒီလူတွေပြောတာလည်း မမှားပါဘူး။ ဒါပေမဲ့ ဘကြီးသက်ရဲ့ နောက်လိုက်တစ်ဦးဖြစ်တဲ့ ပန်းချီဆရာကြီး ဦးခင်မောင်(ဘဏ်)၊ သူကိုယ်တိုင်က

အလွန်စည်းကမ်းကြီးသူ၊ စနစ်ဇယားကြီးသူ၊ သပ်သပ်ရပ်ရပ် ဝတ်စား၊ နေထိုင်၊ သွားလာတတ်သူ ဖြစ်ပေမဲ့ ဘကြီးသက်ရဲ့ လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါး၊ နေထိုင်တဲ့စရိုက်တွေကို ဖယ်ပစ်လိုက်မယ်ဆိုရင် ... ဘကြီးသက်ဟာ ... အခုလို ဆေးစက်ကျရာ အရုပ်ဖြစ်အောင် ရေးနိုင်စွမ်းရှိတဲ့ ပန်းချီဆရာကြီး ဖြစ်လာမှာ မဟုတ် တော့ဘူးလို့ ပြောပါတယ်။ ဒါ့ကြောင့် ဘကြီးသက်ကို ... ဘယ်လိုနေပါ၊ ဘယ်လို ထိုင်ပါလို့ ဘယ်တော့မှ မပြောပါဘူး။ သူကိုယ်တိုင်တောင် ရံဖန်ရံခါ ဘကြီးသက်လို လာလာပြီး နေတတ်၊ ထိုင်တတ်၊ စားသောက်ပါတယ်။

ဥပမာ ... ဦးခင်မောင်က သူ့ကားနဲ့ ဘကြီးသက်ကိုလာခေါ်ပြီးတော့ မန္တလေး ဝန်းကျင်မှာရှိတဲ့ ... ယာဉ်ပျံတို့၊ သုံးအိမ်တန်းတို့ အိမ်ရှေ့မင်းထန်းတောတို့ဆိုတဲ့ နာမည်ကြီးထန်းတောတွေကို သွားသွားပြီးတော့ ထန်းရည်သောက်ရင်း၊ ပန်းချီရေးရင်း၊ စကားတွေအများကြီးပြောရင်း၊ တဝါးဝါးတဟားဟားနဲ့ စိတ်လွတ်လက်လွတ်နေကြ တာမျိုးတွေ အများကြီးရှိပါတယ်။ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့ဟာ ဝေယျာဝစ္စ လုပ်ကိုင် ပေးဖို့ အမြဲ ပါကြရပါတယ်။ ဝင်းဖေက ဒီအကြောင်းတွေကို ပြောပြရင် ... “မင်းတို့ကို ဆရာကြီးတွေက ဒီလိုအတတ်ကောင်းတွေ သင်ပေးခဲ့တာပဲလား” လို့ မေးကြပါတယ်။ မေးမယ်ဆိုလည်း မေးစရာပါပဲ။ ဝင်းဖေကတော့ ကိုယ် အရက်သောက်တတ်ခဲ့တာ ဟာ ... ကိုယ့်ဟာကိုယ် တက္ကသိုလ်မှာ ကျောင်းသားဘဝကတည်းက တတ်ခဲ့တာပဲ၊ ဆရာကြီးတွေနဲ့ အတူနေတဲ့အခါမှာ ဘာမဆို ပညာသင်နေတာပဲလို့ပဲ ယုံကြည်နေခဲ့ တာပါပဲ။ ရန်ကုန်က မကြာခဏ တက်တက်လာတတ်တဲ့ စာရေးဆရာကြီး ရန်ကုန် ဘဆွေရယ်၊ ဘကြီးသက်ရယ် တွေ့ကြပြီဆိုရင် ... အရက်သောက်ကြမယ်၊ ဝင်းဖေနဲ့ ပေါ်ဦးသက်တို့က အရက်ဝယ်ပေးရမယ်၊ တရုတ်တန်းဈေးထဲက ကန်စွန်းရွက်တွေဝယ်ပြီးတော့ မန်ကျည်းမှည့်နဲ့ ပြုတ်ရမယ်။ ပြီးတော့မှ ... နှမ်းရယ်၊ ဆားရယ်၊ အချိုမှုန့်နည်းနည်း ထည့်ပြီးတော့ နယ်ရမယ်။ အဲဒါဟာ ဦးလေး ဦးဘဆွေနဲ့ ဘကြီးသက်တို့အတွက် အမြည်းပါပဲ။ တစ်ခါမှာတော့ ဝင်းဖေရဲ့ ပန်းချီကားတစ်ချပ်ကို ၆၀၀ နဲ့ ရောင်းရပါတယ်။ ဒီတုန်းက ၆၀၀ ဟာ အတော်များပါတယ်။ တိုက်တိုက် ဆိုင်ဆိုင် ... ဦးလေး ဦးဘဆွေလည်း ရောက်လာတာနဲ့ ဘကြီးသက်နဲ့အတူ ဝင်းဖေ တို့က မန္တလေးဟိုတယ်ကို ခေါ်သွားပြီးတော့ အရက်အကောင်းစားနဲ့ အမြည်း အကောင်းစားတွေကို ပြုစုပါတယ်။ ဆရာကြီး ဦးခင်မောင် (ဘဏ်)ကိုလည်း သီးခြား သွားပြီး ပင့်ခဲ့ရပါတယ်။ မန္တလေးဟိုတယ်က နာမည်ကြီး ဘဲကင်တို့ နံကင်တို့ကို ခဏပဲ မြည်းကြပါတယ်။ ဘကြီးနဲ့ ဦးလေး ဦးဘဆွေတို့က ဟိုတယ်ဝန်ထမ်းကို ခေါ်ပြီးတော့ ကန်စွန်းရွက်ပြုတ်သုပ်ကို နှမ်းနဲ့ဆီနဲ့အချိုမှုန့်နဲ့ လုပ်ပေးဖို့ မှာကြပါတော့ တယ်။ ဟိုတယ်ဝန်ထမ်းကလည်း သူတို့ဆိုင်မှာ အဲဒီလို မှာလို့မရပါဘူးလို့ ပြော တော့တာပေါ့။ အဲဒီမှာတင် ... ဒီဆိုင်မှာ

ဆက်မစားတော့ဘူး၊ ချက်ချင်း အိမ်ပြန်ကြ တော့မယ် ... လို့ ဖြစ်ကုန်ပါတယ်။ ဆရာ ဦးခင်မောင်ကို လှမ်းကြည့်လိုက်တော့... "ဟုတ်တယ် .. ပြန်တာကောင်းတယ်" လို့ အပီပြောပါတယ်။ ဝင်းဖေလည်း အတော် ခက်သွားပါတယ်။ ဒါပေမဲ့ ဆိုင်ထိုင်နေတဲ့ ဟိုတယ်ပိုင်ရှင်ရဲ့သား ပေါ်ကြည် ဆိုတာ က ... ဝင်းဖေရဲ့သူငယ်ချင်း၊ တက္ကသိုလ်ကျောင်းသားပါ။ သူက ရောက်ချလာပြီးတော့ အကျိုးအကြောင်းလည်း သိသွားပါတယ်။ ဒါနဲ့ တိုတိုပဲပြောကြပါစို့ ... ဝင်းဖေ ကိုယ်တိုင် မီးဖိုထဲဝင်သွားပြီးတော့ ကန်စွန်းရွက်တွေဖြတ်၊ မန်ကျည်းမှည့်က မရှိတော့... ဆီရယ်၊ နှမ်းရယ်၊ အချိုမှုန့်ရယ်နဲ့ နယ်ပြီးတော့ ရှာလကာရည်နဲ့ သုပ်ပြီးတော့ ဘကြီး တို့ကို ပေးရပါတယ်။ ဒါတောင် ရှာလကာရည်ဟာ မန်ကျည်းသီးလောက်တော့ မလေးဘူး ... ဘာညာနဲ့ လုပ်နေကြပါသေးတယ်။ အဲဒီညက ဆရာဦးခင်မောင်ကို ဝင်းဖေ ပြန်ပို့တော့ အဲဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ... "မောင်ဝင်းဖေ ... မင့် ဘကြီးသက်တို့က မူးလို့ သက်သက်မဲ့ရစ်နေကြတာ မဟုတ်ဘူးကွ၊ မင်း ကြီးလာတဲ့ တစ်နေ့မှာ မင်း နားလည်လာမှာပါ" လို့ ပြောပါတယ်။ ဝင်းဖေ အတော်လေး အသက်ရလာတော့ ... အဲဒီ ကန်စွန်းရွက်ပြုတ်ကိစ္စကို နားလည် သွားတာ အမှန်ပါပဲ။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ ...

ဝင်းဖေတို့ငယ်ငယ် ၁၉၅၀ ခု ဝန်းကျင်က အလျား ၁ ပေ၊ ဗျက် ၈ လက်မလောက် ရှိတဲ့ ချည်ထည်မွေးပွ မျက်နှာသုတ် ပဝါလေးတွေ ရှိပါတယ်။ ဝင်းဖေတို့ဆရာ ဘကြီးသက်ကလည်း ရွှေတော်ပြေးဝင်း၊ အရှေ့ဘက် ပေါက်မှာတင် ကပ်လျက်ရှိတဲ့ တရုတ်တန်း ဈေးထဲက အလွယ်တကူဝယ်လို့ရတဲ့ အဲဒီမျက်နှာသုတ် ပဝါလေးတွေကို အတော် သုံးပါတယ်။

တစ်နေ့တော့ အဲဒီမျက်နှာသုတ်ပဝါ အဟောင်းလေးတစ်ထည်ကို ဘကြီးသက်က ခါးလယ်ကနေပြီးတော့ ကတ်ကြေးနဲ့ ဖြတ်လိုက်တယ်။ ပြီးတော့မှ တရုတ်ဆိုင်က တောင်းလာတဲ့ ခေါက်ဆွဲစားတဲ့ ဝါးတူတစ်ချောင်းရဲ့ထိပ်မှာ ခုနက ချည်ထည်အမွေးပွ မျက်နှာသုတ်ပဝါ ဖြတ်စကလေးကို ခပ်လုံးလုံးလေးဖြစ်အောင်လုပ်ပြီးတော့ကာ သားရေကြိုးနဲ့ ချည်လိုက်ပါတယ်။ စုတ်တံကလေးလို ဖြစ်သွားတာပေါ့။ ဒါပေမဲ့ စုတ်တံထိပ်မှာတော့ မွေးပွအဝတ်လုံးကလေးနဲ့ပေါ့။

အဲဒီမွေးပွအဝတ်လုံးကလေးကို ဘကြီးသက်က စုတ်တံတစ်ချောင်းလိုကိုင်ပြီးတော့ကာ အဝတ်လုံးကလေးကို ကျကျနန ရေဆွတ်လိုက်ပါတယ်။ ပြီးတော့မှ အလောတော် ရေပြန်ညှစ်ထုတ်လိုက်ပြီးတော့ Water Colour ၊ ရေဆေး ရောင်စုံ အနီ၊ အပြာ၊ အဝါ၊ အညို၊ အစိမ်း...စတာတွေကို တစ်နေရာဆီ တို့ပြီးတော့ ယူလိုက်ပါတယ်။ အရောင်တွေဟာ တစ်ခုနဲ့တစ်ခုနဲ့ ရောမနေ ပါဘူး။ အဝတ်လုံးကလေးပတ်လည်မှာ သူ့နေရာနဲ့သူ ရှိနေကြပါတယ်။ အဲဒီလို ရပြီဆိုတော့မှ ဘကြီးသက်က အဲဒီစုတ်တံထိပ်ကို Water Colour Paper ၊ ရေဆေး ရေးတဲ့ စက္ကူပေါ်မှာ ဖတ်ခနဲကပ်လိုက်ပါတယ်။ ပြီးတော့မှ စုတ်တံရိုးကို စက္ကူ မျက်နှာ ပြင်ပေါ် နေရာအနှံ့ လျှောက်ပြီးတော့လှိမ့်လိုက်ပါတယ်။ ဆေးအရောင်စုံဟာ စက္ကူ မျက်နှာပြင်ပေါ်မှာ ကွက်တိကွက်ကြားနဲ့ စွန်းထင်းပေကုန်ပါတယ်။ ရေကလေး စပ်စပ် ကလည်းပါလေတော့ အရောင်ချင်း ရောတဲ့နေရာတွေမှာလည်း ရောကုန်ပါတယ်။ အဲဒီစက္ကူပေါ်မှာ နဂိုက ဘာပုံမှကြိုပြီးတော့ ရေးထားတာ ... ကောက်ကြောင်းဆွဲထား တာမျိုး လုံးဝမရှိပါဘူး။ ဆေးရောင်စုံစွန်းထင်းကုန်တဲ့ စက္ကူပေါ်မှာ ဘကြီးသက်က

ရေထဲနှစ်ပြီးတော့မှ ... ရေကုန်အောင် ပြန်ညှစ်ထားတဲ့ ပင်လယ်ရေမြှုပ်နဲ့ ဟိုတို့ဒီတို့ လုပ်ပြီးတော့ သူ သိပ်မကြိုက်တဲ့ အရောင်တချို့ကို စုပ်ထုတ် ဖယ်ရှားပစ်ပါတယ်။ ပြီးတော့မှ ရိုးရိုးစုတ်ကြီးတစ်ချောင်းနဲ့ သူလိုချင်တဲ့ အရောင်တချို့ကို သူ့နေရာနဲ့သူ ဖျတ်ခနဲဖျတ်ခနဲတို့ထိပြီး ထည့်သွားပါတယ်။ ခုထိလည်း ဘာပုံမှ မမြင်ကြရသေးပါဘူး။

ဒုတိယအဆင့်ကျတော့ စုတ်အလတ်စားလေး တစ်ခုကို ကောက်ကိုင်ပါတယ်။ ဒီတစ်ခါတော့ အတော် အသေးစိတ်ကလေးတွေ ရေးလာတာကို တွေ့ရပါတယ်။ တိမ်ပြာပြာလို နေရာကလေးတွေ...၊ သစ်ရွက်ဝါဝါတွေလို ဟာတွေ ...၊ မရန်းရောင် အရိပ်လိုနေရာတွေ ...၊ အတော်ကလေး စိတ်ပြီးတော့ ပေါ်လာပါတယ်။ အဲဒီအချိန်မှာ စုတ်ကြီးကို ပြန်ကိုင်ပါတယ်။ ဒီတစ်ခါတော့ ပုံကအတော်ကြီးကို ပေါ်လာပါတော့ တယ်။ အလွန်ကြီးတဲ့ ညောင်ပင်ကြီးရဲ့အောက်၊ နေရောင်နဲ့အရိပ်တွေ ပြောက်ပြောက် ကျားကျား ကျနေပြီးတော့ ညောင်ပင်ကြီးရဲ့အခြေမှာ အကြော်တဲကလေးပေါ်လာ ပါတယ်။ ကျိုးတိုးကျဲတဲနဲ့ ချခင်းထားတဲ့ စားပွဲအပုကလေး ၂ လုံးနဲ့ အကြော် ထိုင် စားနေတဲ့ လူ ၃ ယောက်၊ အကြော်သည် မိန်းမကြီး၊ အကြော်တွေ လိုက်ချပေးနေတဲ့ ကလေးတစ်ယောက် ခပ်ကြိမ်းကြိမ်း ပေါ်လာပါတယ်။ ပြီးတော့မှ စုတ်သေးတစ်ချောင်းကို ပြန်ကိုင်ပြီးတော့ နောက်ဆုံး အသေးစိတ်ကလေးတွေကို လိုက်ဖြတ် ပါတယ်။ အဲဒီအချိန်မှာတော့ အားလုံး ပီပီပြင်ပြင် ပေါ်လာပါပြီ။ နောက်ဆုံး အကြော် စားနေတဲ့လူတွေ အနားမှာ ခွေးကလေးတစ်ကောင်ကို ထည့်လိုက်တာများ မြန်လိုက် တာ။ အရောင်ကလည်း သုံးလေးရောင် ပါတယ်။ ခွေးကလေးကလည်း နောက်ခြေ တစ်ချောင်းနဲ့ ရှေ့လက်ပြင်ကို ကုပ်နေလိုက်တာများ သိပ်အသက်ဝင်ပါတယ်။

ဘကြီးသက်ရဲ့ ဆေးစက်ကျရာ အရုပ်ဖြစ်အောင် ရေးနိုင်စွမ်းကို မြင်ကြရတာ ပါပဲ။ ဝင်းဖေ တစ်သက်မှာ ဘကြီးသက် အဲဒီလိုရေးပြတာကို ၄ခါပဲ မြင်ဖူးပါတယ်။ ဆေးစက်ကျရာအရုပ်ရေးနည်းမှာ အဓိကကျတဲ့အချက်ကတော့ ... မရေးခင်မှာ ဘာပုံ ရေးမယ်ဆိုတာမျိုး လုံးဝမရှိရဘူးတဲ့။ ဆေးရောင်တွေကို အရင်တင်လိုက်၊ အတော် ကလေး ပြည့်လာပြီ ဆိုတဲ့အချိန်မှာ ဘာပုံလုပ်လိုက်ရင် ကောင်းမလဲဆိုတာကို ... စိတ်မြင် မြင်တတ်ရပါမယ်တဲ့။ ကောင်းကင်က တိမ်တွေ သူ့အလိုလို ဖြစ်ချင်တာ ဖြစ်နေတာကို ကြည့်ပြီးတော့ ... ဘယ်နေရာကတော့ ဆင်နဲ့တူတယ်၊ ဘယ်နေရာက တော့...ကျားနဲ့တူတယ် .. စသည်ဖြင့် စိတ်ကူးနဲ့ပုံဖော်ကြည့်တာမျိုး လုပ် တတ်ရပါမယ်တဲ့။ ခပ်ဆင်ဆင်တူနေတာတွေကို အပီတူသွားအောင် လုပ်နိုင်တာတွေ ကတော့ ... စိတ်ကူးစိတ်သန်းကောင်းဖို့နဲ့၊ အတွေ့အကြုံများပြီးတော့ ကျွမ်းကျင်မှုရှိဖို့ လိုတာပါပဲ။ ဘကြီးသက်ရဲ့ အဲဒီလို

ဆေးစက်ကျရာ အရုပ်ဖြစ်အောင်ရေးနည်းကို ဝင်းဖေတို့ဆရာ ဦးခင်မောင်(ဘဏ်)ဆီ ရောက်ကြတဲ့အခါမှာ ... စနစ်တကျ တစ်ဆင့် ချင်း ရှင်းပြတာကို နာယူသင်ကြားခွင့် ရခဲ့ပါတယ်။

ဆရာဦးခင်မောင်ရဲ့ အဆိုအရ Dirting the canvas first approach လို့ ခေါ်ပါသတဲ့ဗျာ။ ဆရာ ဦးခင်မောင်ကတော့ ... အဲဒီ ဆေးစက်ကျရာ အရုပ်ဖြစ်အောင်ရေးနည်းကို ပိုပြီးတော့လွယ်အောင် ဆီဆေးနဲ့ သင်ပေးပါတယ်။ ရေဆေးဆိုတာ Transperent ၊ အကြည်ဖောက်မြင်ရတဲ့အရောင် သဘာဝရှိပြီးတော့ ဆီဆေးက တော့ Opaque ၊ အပိတ် (ဖောက် မမြင်ရတဲ့) အရောင်သဘာဝတွေ ရှိပါတယ်။ ရေဆေးမှာ အဲဒီ အကြည်ဖောက်မြင်ရမှု သဘာဝကြောင့် အမှားသိပ်မခံပါဘူး။ အလွန် ပျက်လွယ်ပါတယ်။ ရေးရတာ ပိုပြီးတော့ခက်ပါတယ်။ ဆီဆေးကတော့ အပိတ် အရောင်သဘာဝရှိတဲ့အတွက် အရောင်တစ်ရောင်ကို မကြိုက်ရင် ကိုယ်လိုချင်တဲ့ အရောင်နဲ့ အပေါ်က ပြန်ပြီးတော့ဖိတင်ရင် ရပါတယ်။ ဒါ့ကြောင့် ရေဆေးထက် အများကြီး အမှားခံပါတယ်။ စိတ်ရှည်ဖို့ပဲ လိုပါတယ်။ ဆေးစက်ကျရာ အရုပ်ဖြစ်အောင် ရေးနည်းဟာ ... ရေးသူရဲ့ဉာဏ်စွမ်း၊ လက်စွမ်းကို လွတ်လွတ်လပ်လပ် စမ်းသပ်ခွင့်ပေးတဲ့ ပန်းချီရေးဟန်တစ်မျိုး ဖြစ်ပါတယ်။ အလွန်အဆင့်မြင့်တဲ့ အနုပညာ အမျိုးအစားလည်း ဖြစ်ပါတယ် ခင်ဗျား။ ဆက်လက်တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

သောတရှင်များခင်ဗျာ

၁၉၅၀ ခုနှစ်တွေတုန်းက မြန်မာပြည် ဖ.ဆ.ပ.လ အစိုးရထဲမှာ မန္တလေးက ဆရာဗိုလ်ခင်မောင်ကလေး ဆိုတာက ပြည်ထဲရေးဝန်ကြီးဖြစ်နေပါတယ်။ ဝန်ကြီးဗိုလ်ခင်မောင်ကလေးက မန္တလေးသား၊ မန္တလေး အမျိုးသား ကျောင်းထွက် ဖြစ်တဲ့ အတွက် မန္တလေးသား ပန်းချီဆရာကြီး ဦးဘသက်တို့၊ ဂီတဆရာကြီး မြို့မညိမ်းတို့ကို အလွန် ရိုသေ၊ လေးစား၊ တန်ဖိုးထားသူ ဖြစ်ပါတယ်။ လိုအပ်တဲ့အကူအညီတွေကို တလေးတစားပေးသလို ဝန်ကြီးကလည်း ပညာရှင်ကြီးတွေကို မကြာခဏ ဟိုဟာဒီဟာ ပူဆာတတ်ပါတယ်။

ဝန်ကြီး ဗိုလ်ခင်မောင်ကလေးဟာ ဘကြီးသက်တို့ မြို့မညိမ်းတို့ထက် အသက် နည်းနည်းငယ်ပြီးတော့ကာ မန္တလေး တရုတ်တန်း ဝန်းကျင်တစ်ဝိုက်မှာ ကြီးပြင်းရသူ ဖြစ်တဲ့အတွက် သူငယ်ငယ်ကတည်းက ဘကြီးသက်တို့၊ မြို့မညိမ်းတို့ရဲ့ အမာခံ ပရိသတ်ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ခြောက်ဆယ်ကနေ ဒီကနေ့ထိ အောင်မြင် ကျော်ကြားနေတဲ့ မြန်မာ့ခေတ်သစ်ဂန္ထဝင်၊ နိုင်ငံရေးသီချင်းတစ်ပုဒ် ဖြစ်တဲ့ “လူချွန်လူကောင်း” သီချင်းဟာ ‘ပြည်တော်သာ” စီမံကိန်းအတွက် နိုင်ငံတော်တာဝန်အဖြစ် ဝန်ကြီးဗိုလ်ခင်မောင်ကလေးရဲ့ နားပူနားဆာလုပ်မှုနဲ့ ဆရာကြီးမြို့မညိမ်းက ရေးစပ်ပေးခဲ့တာဖြစ်ပါတယ်။

နိုင်ငံရေးစာလုံးတွေ အတုံးလိုက်၊ အတစ်လိုက်မသုံးဘဲ ကာလ၊ ဒေသ မရွေး သိက္ခာရှိနေတဲ့ နိုင်ငံရေး သီချင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။ တစ်ခါမှာတော့ ဝန်ကြီး ဗိုလ် ခင်မောင်ကလေးက နိုင်ငံတော်အနေနဲ့ အစိုးရချင်း လက်ဆောင်ပေးစရာ ရှိလာပါတယ်။ ဝန်ကြီးဟာ မန္တလေးကို ကိုယ်တိုင်တက်လာပြီးတော့ ဘကြီးသက်ဆီမှာ မြန်မာ ပြည်က ပန်းချီလက်ဆောင်မို့ ဆန်စပါးထုတ်လုပ်မှုပန်းချီကား ၄ ပေ× ၃ပေ ဆိုဒ် လောက် ရှိမယ်လို့ထင်ပါတယ် … ဆီဆေးကား ၅ ကား ရေးပေးဖို့ နားပူနားဆာ လုပ်ပြန်ပါတယ်။ စပါး စစိုက်တဲ့ပုံ(ကောက်စိုက်တဲ့ ပုံပေါ့ဗျာ)၊ ရိတ်သိမ်းတဲ့ ပုံတွေ၊ နောက် စပါးတင် ကုန်တင်လှေကြီးတွေနဲ့ သယ်ယူပုံ၊ နောက်ဆန်စက်မှာ ကြိတ်ခွဲတဲ့ ပုံ၊ နောက်ဆုံးပုံက … ပင်လယ်ကူးသင်္ဘောဆိပ်၊ နိုင်ငံခြား တင်ပို့ပုံ … စပြီးတော့မှ ၅ ကားဖြစ်ပါတယ်။ ဒီကားတွေ ဖြစ်ရမယ်ဆိုပြီးတော့ ဝန်ကြီးက

ပြောဆိုအပ်နှံနေတဲ့ ပွဲမှာ ... တချို့ပန်းချီဆရာတွေက ...ဘကြီးသက်လို ပန်းချီဆရာဆီမှာ ပန်းချီကားရေးဖို့ အပ်တယ်ဆိုရာမှာ ဘကြီးသက်ရဲ့ပညာကို လေးစား၊ တန်ဖိုးထားသောအားဖြင့် ရေးရ မည့် "စပါး" ကိစ္စမှာပဲ Subject ရွေးဖို့ လွတ်လပ်ခွင့်ပေးထားသင့်တယ်လို့ တင်ပြကြ ပါတယ်။ ကာယကံရှင် ဘကြီးသက်ကတော့ ဘာမှမပြောဘဲ ရယ်နေပါတယ်။ ဘယ် လိုပဲ ဖြစ်ဖြစ်၊ ရပါတယ်လို့ပဲ ရယ်ရယ်မောမောနဲ့ ပြောပါတယ်။ ဗိုလ်ခင်မောင်ကလေး ဆိုတာက ပြောမနာ၊ ဆိုမနာ လူရင်းတွေ ဆိုတဲ့ သဘောပါပဲ။

အဲဒီကားကြီး ၅ ကားကို ရေးတဲ့အခါမှာလည်း အတော်မြန်ပါတယ်။ ကား ၅ ကားကို တစ်ပြိုင်တည်း စရေးပါတယ်။ တစ်လမပြည့်ခင်မှာ အားလုံး ပြီးသွားပါတယ်။ စရေးလို့ နှစ်ပတ်လောက်နေတော့ ဝန်ကြီးကို မပြီးခင် ပြဦးမယ်လို့ ပြောပါတယ်။ မှတ်မှတ်ရရ အဲဒီအချိန်မှာ ဝင်းဖေတို့ အတော်ကြီးကို စိတ်ပျက်လက်ပျက်နဲ့ စိုးရိမ်သောက ရောက်ကြရပါတယ်။ ဘကြီးသက်က ကား ၅ ကားစလုံးက မြင်ကွင်း တွေအားလုံးကို အရိပ်တွေအောက်မှာပဲထားပြီး ရေးထားတာမို့ ကားတွေဟာ မှောင်ပြီး တော့ မဲသဲနေပါတယ်။ ဗိုလ်ခင်မောင်လေး လာကြည့်တော့လည်း အတော်ကြီးကို စိတ်ဓာတ်ကျသွားပုံ ရပါတယ်။ ဒါပေမဲ့ ... ဘကြီးသက်ကိုတော့ ဘာမှ ပြောရဲပဟန် မတူပါဘူး။ ဘကြီးကတော့ ပြုံးစိစိနဲ့ နောက် ၂ ရက်လောက်နေမှ အပြီးသတ်မှာလို့ ပြောပါတယ်။ ကားတွေဟာ ဆီဆေးကားတွေမို့လို့ ဘကြီးက နောက်ဆုံး ၂ ရက် ကျတော့မှ သူ အဓိက လိုချင်တဲ့နေရာတွေ၊ လူတွေ၊ ပစ္စည်းတွေကို အလင်းတွေ တင်ပြီးတော့ ဖွင့်ထုတ်လိုက်ပါတယ်။ အဲဒီတော့မှ ပန်းချီကားတွေအားလုံးဟာ အမှောင်အား ကောင်းကောင်း၊ အလင်းအား ကောင်းကောင်းတွေနဲ့ ပွင့်ထွက်လာပါတယ်။

ဝင်းဖေတို့ဆိုတာ ... ဘကြီးသက်အနေနဲ့ အလင်းတွေ ဖွင့်ထုတ်တဲ့ တစ်ချိန်လုံး ထမင်းမေ့၊ ဟင်းမေ့ပါပဲ။ စိတ်ထဲမှာလည်း ... အံ့သြတာရော၊ ကျေနပ်အားရတာရော၊ အားတက်ဝမ်းသာတာရော ဗလောင်ဆူနေအောင်ကို ခံစားကြရပါတယ်။ နောက်ဆုံး ဝန်ကြီး ဗိုလ်ခင်မောင်ကလေး ကိုယ်တိုင် လာယူတဲ့အခါမှာလည်း အလွန်ကို အံ့သြ တကြီးနဲ့ ... ဘကြီးသက်က သူ့ကို ကောင်းကောင်းပညာပြပြီးတော့၊ ကြံကြံဖန်ဖန် ကျီစားခဲ့တာပဲလို့ သိသွားပါတယ်။ Opaque ဖြစ်တဲ့ ဆီဆေးနဲ့ဖြစ်နေတဲ့အတွက် ဘကြီးက သူထင်သလို လုပ်နိုင်တာဖြစ်ပါတယ်။ ဒါ့ကြောင့် ဘကြီးသက်က ဝင်းဖေ တို့ကို ... "မင်းတို့ ပထမဦးဆုံး သိပ်ပြီးတော့ အမှားမခံနဲ့၊ Transprent ရေဆေးကို ပိုင်ပိုင်နိုင်နိုင် ဖြစ်အောင် လုပ်ကြ၊ အမှားမခံနဲ့၊ Transprent ရေဆေးကို ပိုင်ပြီဆိုရင် Opaque ဖြစ်တဲ့ ဆီဆေးမှာ ထင်သလိုလုပ်ပေတော့ .. ကြိုက်သလို ကစားလို့ရပြီ" လို့ ပြောလေ့ရှိပါတယ်။

အနောက်တိုင်း ပန်းချီနည်းတွေ မြန်မာပြည်ကို ဝင်လာတဲ့နေရာမှာ မြန်မာပြည်ကို သိမ်းယူခဲ့တဲ့ အင်္ဂလိပ်တွေကတစ်ဆင့် လက်ဆင့်ကမ်းယူခဲ့ရတာ ဖြစ်ပါတယ်။ အင်္ဂလိပ်တွေက ရေဆေးကို သိပ်ကြိုက်ပါတယ်။ ဒီတော့ မြန်မာတွေဟာ ပန်းချီရေးရာ မှာ ရေဆေးနဲ့ပဲ စတင်လေ့ရှိကြပါတယ်။ ဒါဟာ တစ်နည်းအားဖြင့် ကံကောင်းတာပါပဲ။

နောက်တစ်ခါကတော့ မြန်မာအစိုးရက ယူဂိုဆလားဗီးယား သမ္မတ မာရှယ် တီးတိုးကို လက်ဆောင်ပေးဖို့ ဝန်ကြီး ဗိုလ်ခင်မောင်ကလေးကပဲ မန္တလေးနန်းတော် ထဲက မှန်နန်းဆောင်ရဲ့ ဓာတ်ပုံတစ်ပုံကို ယူလာပါတယ်။ Glass Palace လို့ခေါ်တဲ့ မှန်နန်းဆောင်အစစ်ကတော့ မရှိတော့ပါဘူး။ ဒုတိယကမ္ဘာစစ်အတွင်းက မန္တလေး မြေနန်းပြာသာဒ်ကြီးနဲ့အတူ မီးလောင်ဗုံးဒဏ်သင့်သွားပြီ ဖြစ်ပါတယ်။ အဲဒီဓာတ်ပုံကို ကြည့်ပြီးတော့ ဝင်းဖေတို့လည်း အတော်ကြီး စိတ်ပျက်မိပါတယ်။ ဓာတ်ပုံရိုက်စဉ်က အလင်း၊ အမှောင်ပြတ်ပြတ်သားသားမရှိပါဘူး။ အလင်းအမှောင် ပြတ်သားမှု မရှိတော့ ထုထည်သဘောတွေကလည်း မပေါ်ဘူးပေါ့။ ဘကြီးကတော့ တစ်ပတ်အတွင်းပြီးမယ် လို့ ပြောပြီးတော့ လက်ခံလိုက်ပါတယ်။ အဲဒီကားရေးတာကိုလည်း ဝင်းဖေတို့ ဘေးက နေပြီးတော့ လက်တိုလက်တောင်း လုပ်ကိုင်ပေးကြရင်းနဲ့ ... ကြည့်ကြ၊ လေ့လာကြရ တာပါပဲ။ ဘကြီးသက်ဟာ ဒုတိယကမ္ဘာစစ် မဖြစ်ခင်က မန္တလေး နန်းတွင်း၊ နန်းပြင် တွေကို ထုံးလိုချေ ရေလိုနှောက်ထားတာဆိုတော့ အတော်မကောင်းတဲ့ ဓာတ်ပုံထဲမှာမပါတဲ့ အလင်းရောင်တွေကို သူ့ဟာသူထည့်ပြီးတော့ အရိပ်တွေ၊ အလင်းတွေကို ကြိုက်သလို လုပ်လိုက်တာ မှန်နန်းဆောင်ဟာ အမြင်အာရုံအတွက် အလွန် ဆွဲဆောင် အားကောင်းတဲ့ ပန်းချီကားတစ်ကား ဖြစ်သွားပါတော့တယ် ခင်ဗျား။ ဆက်လက် တင်ပြပါမယ်။

ကျန်းမာ ချမ်းသာကြပါစေ ... ကျွန်တော် ဝင်းဖေပါ။

ပြီးပါပြီ။

ထထထ

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whisper Of Words